
http://www.dhammadownload.com

ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့၏
ဖြစ်တော်စဉ်များ ဖော်ပြထားသော
ပုံတော်စုံ
နိပါတ်တော်လာဇာတ်တော်

# ငါးရာ့ငါးဆယ်
# အနှစ်ချုပ်

ဦးအောင်ညွန့်ဝင်း



ခင်ချိုထွန်းစာပေ
အမှတ် (၈၆)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

ငါးရာ့ငါးဆယ်အနှစ်ချုပ်

http://www.dhammadownload.com

## ဗုဒ္ဓလောင်းလျာ၏ ဘဝအဖုံဖုံနှင့် ဇာတ်တော် ငါးရာ့ငါးဆယ်

ဇာတ်တော် ငါးရာ့ငါးဆယ်ကို ဗုဒ္ဓဝါဒီတို့က ဗုဒ္ဓလောင်းလျာ၏ ဘဝအဖုံဖုံကို ဖော်ပြသည့် 'ကျမ်းစာ' ဟု သိမှတ်ထားကြပါသည်။ မှန်ပါသည်။ နှမှာ ငါးရာ၊ ရင့်မှာ တစ်ကျိပ်ဟူသော အလောင်းအလျာဘဝ အဖြစ်တော်စဉ်များသည် ဤဇာတ်တော်တို့၌ အများစု ပါရှိနေပါသည်။

သို့သော် ဘဝသံသရာတစ်လျှောက်မှ အဖြစ်တော်စဉ်အားလုံးကို ဤဇာတ်တော်တို့၌ ဖော်ပြထားပါသလော၊ မဖြစ်နိုင်ပါ။ အံ့ဘယ့်ကြောင့်ဆိုသော် ဇာတ်တော်မှတစ်ပါးသော ကျမ်းစာတို့၌ ဗုဒ္ဓလောင်းလျာ၏ ဘဝ အဖြစ်တော်စဉ်အချို့ တွေ့ရှိနေရသောကြောင့် ဖြစ်ပါသည်။ ဥပမာအားဖြင့် သုတ်ပါထေယျအဋ္ဌကထာ လက္ခဏာသုတ် အဖွင့်တွင် ရှဉ့်မင်း၊ ဗုဒ္ဓဝင်တွင် ခြင်္သေ့နှင့် နဂါး အဖြစ်တော်စဉ်များ ရှိနေကြပါသည်။

သို့ဖြစ်လျှင် ဇာတ်တော်တို့၌ အဖြစ်တော်စဉ် မည်မျှပါရှိပါသနည်း။ လေ့လာသူတို့ သိရှိနိုင်စေရန် ဤစာအုပ်၏ နောက်ဆုံးအပိုင်း၌ အက္ခရာစဉ်ဖြင့် ဖော်ပြထားပါသည်။ တိရစ္ဆာန်၊ လူ၊ နတ်၊ ရသေ့၊ ရဟန်း၊ ဗြဟ္မာ စသည့် အဖြစ်တော်စဉ်များ ပါဝင်ပါသည်။ ။

http://www.dhammadownload.com

ဗုဒ္ဓနှင့်ဗုဒ္ဓသာဝကတို့၏
ဖြစ်တော်စဉ်များ ဖော်ပြထားသော
ပုံတော်စုံ
နိပါတ်တော်လာဇာတ်တော်

# ငါးရာငါးဆယ်

## အနှစ်ချုပ်

ဦးအောင်ညွှန့်ဝင်း

ခင်ချိုထွန်း စာပေ
အမှတ် ၈၆၊ ၃၇ လမ်း၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# ခင်ချိုထွန်းစာပေ၏စေတနာ

ခင်ချိုထွန်းစာပေသည် မိမိစာပေမှ ထုတ်ဝေဖြန့်ချိသည့် စာအုပ်စာပေများကို သပ်သပ်ရပ်ရပ်ဖြစ်စေရန် အထူးသဖြင့် စေတနာထား၍ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ဤသည်မှာ ခင်ချိုထွန်းစာပေ၏ "မူ"ဖြစ်သကဲ့သို့ စာဖတ်ပရိသတ်အပေါ် အစဉ်ထားရှိသည့် "စေတနာ"လည်း ဖြစ်ပါသည်။

ယခုဖြန့်ချိမည့် ပုံတော်စုံ နိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ် အနှစ်ချုပ်ကိုလည်း ခင်ချိုထွန်းစာပေ၏ အစဉ်အလာအတိုင်း သပ်သပ်ရပ်ရပ်ပင် စီစဉ်ထားပါသည်။

ဤစာအုပ်ပါ ဇာတ်တော်များ၏ အမည်များကို ဆဋ္ဌသင်္ဂါယနာတင်ထားသည့် ဆဋ္ဌမူများနှင့်အညီဖြစ်စေရန် တိုက်ဆိုင်ညှိနှိုင်းထားပါသည်။

ဇာတ်တော်လာ ဗုဒ္ဓလောင်းလျာ၏ ဘဝဖြစ်စဉ်ကို တိတိကျကျ ပီပီပြင်ပြင် သိရှိနိုင်စေရန် စာအုပ်နောက်ပိုင်း၌ အက္ခရာစဉ်ဖြင့် ဖော်ပြထားပါသည်။

ဇာတ်တော်ပါ ဝတ္ထုကြောင်းများတွင် တစ်ဇာတ်နှင့်တစ်ဇာတ် ပစ္စုပ္ပန်ဝတ္ထု၌ တူညီနေသည်များ၊ ဇာတ်တော်တစ်ခုလုံးပါ တူညီနေသည်များလည်း ရှိတတ်ပါသည်။ ဤသို့ တူညီနေ၍ အခြားဇာတ်ကို ညွှန်းရာ၌ တိတိကျကျ မှန်မှန်ကန်ကန် ဖြစ်စေရန် ဇာတ်အမည်ရော ဇာတ်နံပါတ်ပါ ညွှန်းပြထားပါသည်။

ဇာတ်တော်လာ အကြောင်းအရာများကို မျက်စိ၌ ကွင်းကွင်းကွက်ကွက် မြင်သိမှတ်မိလွယ်စေရန် ကာလာစုံ သရုပ်ဖော်ပုံများလည်း ထည့်သွင်းပေးထားပါသည်။

စာဖတ်သူများအနေဖြင့် ဇာတ်တော်လာဝတ္ထုကြောင်းများကို အနုစိတ်ကာ အသေးစိတ် သိရှိလိုလျှင် ကျွန်ုပ်တို့ စာပေမှ ထုတ်ဝေထားသော မင်္ဂလာဘုံကျော် ဆရာတော် ဘာသာပြန် ရေးသားတော်မူထားသည့် ပုံတော်စုံ ငါးရာ့ငါးဆယ်ဇာတ် ဝတ္ထုများ ရှိပါသည်။ အတွဲလိုက် အတွဲငါးတွဲဖြင့် ဖြန့်ချိထားပါသည်။

http://www.dhammadownload.com



## ခင်ချိုထွန်းစာပေ၏စေတနာ

ခေတ်စကားပြေဖြင့် မကျဉ်းမကျယ် သိလွယ်စေရန် အရှင်ဓမ္မသာမိဘိဝံသက ခေတ်မီငါးရာ့ငါးဆယ်နိပါတ်တော်လာ စကားပြေ အမည်ဖြင့် ရေးသား၍ ခင်ချိုထွန်းစာပေမှပင် ဖြန့်ချိထားသော စာအုပ်များလည်း ရှိပါသည်။ အတွဲငါးတွဲ ဖြစ်ပါသည်။

ဇာတ်တော်အားလုံးကို တစ်အုပ်တည်းဖြင့် အနှစ်ချုပ် ဖတ်လို၊ သိလိုလျှင်မူ ဤပုံတော်စုံနိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ်အနှစ်ချုပ်ကို ဖတ်ရှုတော်မူကြပါဟု စေတနာဖြင့် တိုက်တွန်းအပ်ပါသည်။

ခင်ချိုထွန်းစာပေ

http://www.dhammadownload.com

# နိဒါန်း

"နိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ်အနှစ်ချုပ်" ဟူသော အမည်ဖြင့် စာတစ်အုပ် ပြုစုနိုင်ရန် လိုအပ်သော စာအုပ်စာတမ်းများကို ကျွန်တော် လိုက်လံစုဆောင်းပါသည်။ ပထမဖတ်ရှုရမည့်စာအုပ်စာရင်းကို အရင် ဦးစားပေး ပြုစုထားသည်။ တစ်အုပ်ပြီး တစ်အုပ် ရှာဖွေပြီး စာရင်းထဲ၌ ထပ်၍ထပ်၍ ဖြည့်လိုက်ရာ ဖတ်ရှုလေ့လာသင့်သည့် စာအုပ်စာရင်းမှာ ဖြည့်မဆုံးနိုင် ဖြစ်သွားပါသည်။

## ပညာရှင်များ၏ စာပေများ

သို့ဖြင့် မပြီးမဆုံး မကုန်နိုင်ဖြစ်နေသောကြောင့် စုဆောင်းမှုကို ရပ်ထားလိုက်ပါသည်။ စုပြီးဆောင်းပြီးစာအုပ်များကို အကြမ်းဖျင်း လေ့လာဖတ်ရှုပါသည်။ ခေတ်အဆက်ဆက်၌ ပြုစုထားခဲ့သော ကျမ်းတတ်အကျော်ဆရာတော်ကြီးများမှသည် စာပေပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုစုထားသော ပညာရှင်များစွာ၏ စာအုပ်စာပေများစွာကို လေးစားဖွယ်၊ အတုယူဖွယ်၊ ကိုးစားဖွယ်အဖြစ် တွေ့ရှိရပါသည်။

## အနှစ်ချုပ်ဟူသော အမည်

ထို့နောက် အနှစ်ချုပ်ဟူသော အမည်နှင့် လိုက်လျောညီထွေရှိစေရန် ပုံစံတစ်ခု ချမှတ်ကာ ပြုစုရေးသားပါသည်။ ဤသို့ ပြုစုရေးသားရာ၌ ဇာတ်တော်များ၏ အမည်များကို ဆဋ္ဌမူဖြင့် ပထမဦးဆုံး တိုက်ဆိုင်ပြင်ဆင်ပါသည်။ ဇာတ်တော်နှင့် ပတ်သက်သော စာအုပ်စာပေအချို့တွင် ဇာတ်တော်အမည်အချို့ ကွဲပြားနေသည်ကို တွေ့ရပါသည်။ ဇာတ်တော်အမည် မတူညီရာမှ မြစ်ဖျားခံလာသော အခြားသော ထပ်ဆင့်မတူညီမှုမှာ ဇာတ်ကောင်အမည်ဖြစ်ပါသည်။ ဤအနှစ်ချုပ်၌မူ ဆဋ္ဌမူပါ အမည်များကို အဓိကထားကာ ပြုစုထားပါသည်။

http://www.dhammadownload.com



# နိဒါန်း

ဇာတ်တော်ငါးရာ့ငါးဆယ် ဟူသော အမည်မှာ ရှေးပညာရှင်များက ခေါ်ဝေါ် သုံးစွဲရလွယ်ကူစေရန် သတ်မှတ်ထားခဲ့သော အမည်ဖြစ်ပါသည်။ အမှန်တကယ် ရှိသည့် ဇာတ်တော်အရေအတွက်မှာ ၅၄၇ ဇာတ်သာ ဖြစ်ပါသည်။ ပညာရှင်အချို့က ငါးရာ့ငါးဆယ်ပြည့်စေရန် ဇာတ်တော်အချို့ ထပ်တိုးခဲ့ကြဖူးပါသည်။ သို့သော် အကြောင်းကြောင်းတို့ကြောင့် အတည်မဖြစ်ခဲ့ပါ။ ဇာတ်တော်၌ ကဏ္ဍဟု ခေါ်နိုင်သည့် နိပါတ်ပေါင်း ၂၂ ခုရှိပြီး နိပါတ်တစ်ခုတစ်ခုတွင် ဇာတ်တော်များ အသီးသီး ပါရှိပါသည်။ နိပါတ်တစ်ခုနှင့်တစ်ခုတွင် ပါရှိသောဇာတ်တော်များ၏ အရေအတွက်တို့မှာ မတူညီကြပါ။

## လိုတရပတ္တမြား

ဇာတ်တော်ငါးရာ့ငါးဆယ်သည် မြန်မာ့လူမှုအသိုင်းအဝိုင်းအတွက် မည်မျှ အကျိုးပြုသည်၊ မည်သို့ အကျိုးပြုသည်ဟု ခွဲခြားရေးပြနေလျှင် ပြည့်စုံလုံလောက်နိုင်မည် မဟုတ်ပါ။ ဘက်စုံထောင်စုံမှ အမျိုးမျိုးအကျိုးပြုပါသည်ဟုသာ ခြုံငုံမိအောင် ရေးပြဖြေကြားနိုင်ပါမည်။ အတိအကျ အပြည့်အစုံ သို့မဟုတ် နီးစပ်သော အဖြေပေးရလျှင် "လိုတရပတ္တမြား၊ သို့မဟုတ် ဘက်စုံရပဒေသာပင်ကြီး"သဖွယ်ဖြစ်သည်ဟု ဖြေရမည် ဖြစ်ပါသည်။

## ဇာတ်တော်များ၏ သြဇာ

မြန်မာ့ယဉ်ကျေးမှု နယ်ပယ်၊ တရားဘာဝနာ နယ်ပယ်၊ ဒါနသီလ စသော နယ်ပယ်၊ သဘင်၊ ဂီတ အနုပညာ နယ်ပယ် စသည် စသည်ဖြင့် မည်သည့် နယ်ပယ်၌ မဆို ဇာတ်တော်ငါးရာ့ငါးဆယ်၏ သြဇာသည် နက်နက်ရှိုင်းရှိုင်း သက်ဝင်နေပါသည်။ ပန်းချီ၊ ပန်းပု စသော 'ပန်း'တို့၏ နယ်ပယ်သည် ဇာတ်တော်များနှင့် မကင်းသကဲ့သို့ စာပေ၊သဘင်၊ဂီတ အနုပညာနယ်ပယ်သည်လည်း ဇာတ်တော်များ၏ သြဇာအောက်၌ ရှိနေပါသည်။

လူတို့၏ အသက်အရွယ်အားဖြင့် ဖော်ပြရလျှင် ကလေးသူငယ် အရွယ်မှာပင် ဇာတ်နိပါတ်လာ အဖြစ်တော်စဉ် ပုံဝတ္ထုအချို့ကို ကြားဖူး သိဖူးနေကြပြီ ဖြစ်သကဲ့သို့ သက်ကြီးရွယ်အို အရွယ်များသည်လည်း ဇာတ်နိပါတ်တော်လာအတိုင်း နေထိုင်ပြောဆို ကျင့်ကြံနေကြဆဲပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ဤသို့ဆိုလျှင် ကြွယ်ဝလှသော အကောင်းမျိုးစုံတို့ တည်ရှိရာ၊ ပေါက်ဖွားရာ၊ ရှင်သန်ရာ၊ မျိုးစေ့ချရာဖြစ်သော ဇာတ်တော်ငါးရာ့ငါးဆယ်ကို မည်သို့သော စာပေ အနုပညာပုံစံဖြင့်ပင် ဖော်ထုတ်ပါစေ ကုန်နိုင်ဖွယ်ရာ မရှိပါ။ သုံးလေ မကုန်နိုင်လေ၊ မကုန်နိုင်လေ ပို၍တိုးပွားလာလေသာ ဖြစ်နေပါသည်။

သို့ဖြင့် ဤစာရေးသူက နိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ် အနှစ်ချုပ် အမည်ဖြင့် ဇာတ်တော်များကို ခြယ်မှုန်းသကဲ့သို့ အခြားသော စာရေးဆရာ၊ အနုပညာ သည်တို့ကလည်း အခြားသော ပုံစံအသီးသီးဖြင့် ထပ်မံ၍ ဖော်ထုတ်ချင်လျှင် ဖော်ထုတ် ပါ။ သို့သော် ကုန်သွားပြီ။ ခြယ်မှုန်းစရာ မရှိတော့ပြီဟု မပြောနိုင်ပါ။ ထပ်၍ထပ်၍ တိုး၍တိုး၍ အသစ်အသစ်သော ပုံသဏ္ဌာန်များဖြင့် ခြယ်မှုန်းအသုံးပြုကြသော်လည်း ကုန်ခန်းမသွားနိုင်ပါ။ အပိုဖြစ်မသွားနိုင်ပါ။

## ဇာတ်တော်များကို ဖတ်ပါ၊ မှတ်ပါ၊ လေ့လာပါ

ယဉ်ကျေးသူ လူတော်လူကောင်းများ ဖြစ်စေလိုလျှင်၊ ဖြစ်လိုလျှင် ဇာတ်နိပါတ် တော်များကို ဖတ်မှတ် လေ့လာပါ။ လုံ့လဝီရိယရှိသူ၊ ဇွဲရှိသူဖြစ်လိုလျှင် ဇာတ်နိပါတ် တော်လာ ဇာတ်ဝတ္ထုများကို အတုယူကြိုးစားပါ၊ မကောင်းသူနှင့် ပေါင်းမိ၍ မကောင်း ကျိုးခံစားရသည်ကို သင်ခန်းစာယူလိုလျှင် သို့မဟုတ် ကောင်းသူ၊ အကျိုးပြုသူ၊ မိတ်ကောင်း ဆွေကောင်းနှင့် ပေါင်းဖော်မိ၍အကျိုးခံစားရသည့်သာဓက ရှာဖွေသိရှိ လိုလျှင် ဇာတ်နိပါတ်တော်ထဲမှာ ရှာဖွေလေ့လာပါ။ သူတော်စင် သူတော်ကောင်းတို့ လိုက်နာပြုကျင့်နေထိုင်ရမည့် နည်းနာနယများကို အတုခိုးကာ လိုက်နာ ပြုကျင့် နေထိုင်လိုလျှင် ဇာတ်နိပါတ်တော်များ၌ ပါရှိသည့် သူတော်စင် သူတော်ကောင်းတို့ နေထိုင်နည်းများကို မှတ်သားနာယူ လေ့ကျင့်ပါ။ ဇာတ်တော်များသည် မြန်မာ့လူမှု အသိုက်အအုံကို ဤသို့လျှင် ဘက်စုံ၊ထောင့်စုံ ကဏ္ဍစုံမှအကျိုးပြုနေကြပါသည်။

ဇာတ်နိပါတ်တော်များကို ခေတ်အခါအလိုက် စာပေပုံသဏ္ဌာန် အမျိုးမျိုးဖြင့် ပြုစုခဲ့ကြရာတွင် ရှေးဦးပိုင်းကာလများ၌ နိဿယများ၊ ကဗျာ၊ လင်္ကာ၊ ပျို့များဖြင့် ပြုစုခဲ့ကြသည်။ အသေးစိတ် အချက်အလက်များ ပါဝင်သည့် ဇာတ်နိပါတ်ဝတ္ထုများ၊ ခေတ်စကားပြေဖြင့်ရေးသားကြသည့် မကျဉ်းမကျယ် စကားပြေများ၊ အကျဉ်းချုပ်များ ဟူသော အမည်တို့ဖြင့် ပညာရှင်တို့သည် အမျိုးမျိုးပြုစုခဲ့ကြဖူးသည်။

http://www.dhammadownload.com



# နိဒါန်း

## မြိုင်ငုံမိစေအောင် ပြုစုထား

ဤစာရေးသူကမူ အနှစ်ချုပ်ဟူသော စကားလုံးကို အသုံးပြုကာ ပြုစုထားပါသည်။ အနှစ်ချုပ်ဟူသော အသုံးအနှုန်းနှင့်အညီ ဇာတကဝတ္ထုလာ ဇာတ်ကြောင်းကို မြိုင်ငုံမိစေရန်၊ ဇာတ်တော်၏ အနှစ်သာရပေါ်လွင်စေရန် ပဓာနထား ပြုစုပါသည်။ ဇာတ်သွား ဇာတ်လာများ အချိတ်အဆက်ရှိရှိဖြင့် ဖတ်မှတ်ရ လွယ်ကူစေရန် ပြုစုထားသကဲ့သို့ ဇာတ်မျောများ မဖြစ်စေရန်၊ ဇာတ်တော်၏ အနှစ်သာရ လိုရင်းအကြောင်းအရာများ ပါရှိစေရန်လည်း အထူးဂရုပြုရေးသားပါသည်။

## ဆောင်ဖွယ် ရှောင်ဖွယ်များ

ဇာတ်တော်များထဲတွင် သူတော်စင် အမည်ခံထားသူများ ဖြစ်ကြပါလျက် စစ်မှန်သော သူတော်စင်၊ မစစ်မမှန်သော အယောင်ဆောင်သူတော်စင်၊ ရသေ့ချင်းတူပါလျက် တရားရှိသောရသေ့နှင့် တရားမဲ့သောရသေ့၊ မင်းချင်းတူပါလျက် မင်းကျင့်တရားနှင့်အညီ အုပ်ချုပ်သောမင်းနှင့် မင်းကျင့်တရားနှင့် မညီညွတ်သူ၊ အမတ်ချင်းတူပါလျက် ပညာရှိ၊ ပညာမဲ့၊ အမျိုးသမီးချင်းတူပါလျက် အကျင့်စာရိတ္တကောင်းသူ၊ မကောင်းသူ၊ တိရစ္ဆာန်ချင်းတူပါလျက် ယဉ်ကျေးသောတိရစ္ဆာန်နှင့် ရိုင်းစိုင်းသော တိရစ္ဆာန်၊ သက်မဲ့သစ်ပင်များပင်ဖြစ်သော်လည်း ပတ်ဝန်းကျင်ကြောင့် မျိုးကောင်းမျိုးသန့်ဘဝမှ မျိုးယုတ်မျိုးညံ့ဘဝသို့ ပြောင်းရွှေ့ရောက်သွားရသောသစ်ပင် စသည် စသည်ဖြင့် ဆောင်ဖွယ်ရှောင်ဖွယ်များ ပြည့်နေအောင် ပါရှိပါသည်။

ဘုရားရှင်သည် သတ္တဝါ ဝေနေယျတို့တွင်ရှိနေသော စိတ်နေစိတ်ထား စရိုက်ဝါသီတို့ကိုသိတော်မူသည့်အတိုင်း တရားဟောတော်မူရာ၌ သူနေရာနှင့်သူ လိုက်ဖက်စွာ ရှိသည့် ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထုများကို ထုတ်ပြသလျက် ဟောကြားတော်မူခဲ့ပါသည်။

## စာဖတ်သူ၏ တာဝန်

စာအုပ်စာပေ ဖတ်ရှုရာ၌ စာသည် အဓိကမဟုတ်၊ ဖတ်ရှုသူ လူသည်သာ ပဓာနဖြစ်သည် ဟူသော ကောက်ချက်တစ်ခုရှိပါသည်။ ဆိုလိုသည့် အဓိပ္ပာယ်မှာ စာထဲမှ အကောင်းကိုရွေးချယ်တတ်ရန် ဖြစ်ပါသည်။ အတုယူသင့်သည်ကို အတုယူ

http://www.dhammadownload.com



လိုက်နာပြုကျင့်၍ ရှောင်သင့်သည် တို့ကို ရှောင်ကြဉ်ဖယ်ရှားရန်မှာ စာဖတ်သူ လူသား၏ တာဝန်သာ ဖြစ်ပါသည်။

ဇာတ်တော်ပါ အချက်အလက် အပြည့်အစုံ ရေးသားထားသည်ကို ဖတ်ရှု လိုလျှင် အတွဲလိုက် အပိုင်းများခွဲကာ လေးတွဲ ငါးတွဲ စသည်ဖြင့် ထုတ်ဝေထားသည်ကို ဖတ်ရှုနိုင်ပါသည်။ ဇာတ်တော်ပါ အဖြစ်တော်တို့၏ အနှစ်ချုပ်ကို သိလို ဖတ်ရှုလိုလျှင်မူ ယခု ဤစာအုပ်ကဲ့သို့သော စာပေများကို ဖတ်ရှုပါ၊ တစ်အုပ်တည်းဖြင့် အပြည့်အစုံ သိရှိခံစားရစေနိုင်ပါသည်။ စာအုပ်စာပေအားလုံးတို့၌ပင် ပတ္တမြားကောင်း ကျောက် ကောင်းများကဲ့သို့ သူ့အရည်အသွေးနှင့်သူ ပါရှိကြပြီး ဖြစ်ပါသည်။ မိမိနှစ်သက် လိုလားသော ကျောက်ကောင်းတစ်ပွင့်ကို ဝယ်ယူအသုံးပြုနိုင်သကဲ့သို့ များပြားသော စာပေပုံသဏ္ဌာန် တို့ဖြင့် ဖော်ပြထားသော ဇာတ်တော်ငါးရာငါးဆယ်တို့တွင် မိမိ ကြိုက်နှစ်သက်ရာစာပေပုံသဏ္ဌာန်ဖြင့်ထုတ်ဝေထားသော စာအုပ်စာပေတို့ကို ရွေးချယ် အသုံးပြုနိုင်ပါသည်။

ဤစာအုပ်ကို ပြုစုသည့် စာရေးသူ၏ ရည်ရွယ်ချက်မှာ စိန်ကောင်း ကျောက် ကောင်းများ ပြည့်နှက်နေသော ငါးရာငါးဆယ်ဇာတ်တော်ဆိုင်ရာစာပေများထဲတွင် နောက်ထပ် အသစ်တစ်ခု တိုးပွားလာသည့် စိန်ကောင်း ကျောက်ကောင်း တစ်ပွင့် အဖြစ် စာပေမြတ်နိုးသူတို့အား အကျိုးပြုနိုင်စေရန်သာ ဖြစ်ပါသည်။

ဦးအောင်ညွန့်ဝင်း

http://www.dhammadownload.com

# ကျေးဇူးတော်ရှင်ကြီးများအား ဂါရဝပြု ပူဇော်ပါ၏

အရာတော်မြို့နယ်၊ ဝါးတောမအုပ်စု၊ ဥသျှစ်ကုန်းရွာနေ မွေးကျေးဇူးရှင် အဖ ဦးဆုရ (ကွယ်လွန်) နှင့် အမိ ဒေါ်သောင်းတင် (ခ) ဒေါ်မုန်း၊ ကျွေးကျေးဇူးရှင်၊ ပဲခူးမြို့၊ ဇိုင်းဂနိုင်း၊ ထုံးတန်းလမ်းနေ (ဦးလှသိန်း) – ဒေါ်တင်ညွန့် မိသားစုတို့အားလည်းကောင်း။

## ပညာသင်ကြားပေးသူများ

အထက်တန်းပညာရပ်များအထိ ပညာသင်ကြားပေးခဲ့ကြသော လှ အလွတ်ပညာသင်ကျောင်း၊ ကမာရွတ်နှင့် Essential High School ကြည့်မြင်တိုင်တို့မှ ကျောင်းအုပ်ကြီးများနှင့် ဆရာ၊ ဆရာမများအားလည်းကောင်း။

## လောကုတ္တရာပညာ သင်ပေးသူများ

လောကုတ္တရာပညာများကို မွှာစရိယတန်းအထိ သင်ကြားပေးခဲ့ကြသော မွေးရပ်မြေ ဥသျှစ်ကုန်းရွာကျောင်းမှ ဆရာတော် ဦးတိက္ခဉာဏ၊ မြောင်းမြ ပဋ္ဌာတာရုံမှ ဦးဉာဏိက (လန်ဒန်)၊ ဦးကုမာရ၊ ဦးဣန္ဒဝံသ၊ တောင်ဥက္ကလာပ၊ ဝိဇ္ဇောတာရုံစာသင်တိုက်မှ ဆရာတော် ဦးဝိဇ္ဇောတ၊ ပဲခူး သာသနာ့မဏ္ဍိုင်မှ ကျောင်းတိုက်တည် ဆရာတော်ကြီး ဦးပညာဇောတ (အဂ္ဂမဟာပဏ္ဍိတ)၊ ဦးသံဝရ (အဂ္ဂမဟာပဏ္ဍိတ)၊ ဒုတိယနာယက ဦးပညာသီဟ (အဂ္ဂမဟာပဏ္ဍိတ)၊ မုံရွာ ပဋ္ဌာတာရုံ ဆရာတော် ဦးနာဂဝံသ နှင့် ကျမ်းပြုအကျော် အရှင်မွေ့သာမိဘိဝံသ တို့အားလည်းကောင်း။

## စာနယ်ဇင်းပညာ သင်ကြားပေးသူများ

သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းပညာများ သင်ကြားပေးပြီး အယ်ဒီတာ တာဝန် ထမ်းဆောင်ရသည်အထိ ချီးမြှောက်ခဲ့ကြသော ထွန်းနေ့စဉ်သတင်းစာ ပိုင်ရှင်နှင့် အယ်ဒီတာချုပ် ဦးထွန်းဖေ၊ ဦးလှမြိုင် လုပ်သားပြည်သူ့နေ့စဉ် အယ်ဒီတာချုပ် (ငြိမ်း)၊ ဦးကျော်မြင့်၊ ဦးကြည်ညွန့် (မြန်မာ့အလင်း အယ်ဒီတာချုပ်များ) အားလည်းကောင်း၊

စာပေများ ရေးသားပြုစု မြတ်ကောင်းမှုဖြင့် ကျေးဇူးဆပ်လျက် အထူးဂါရဝပြု ဦးညွတ်ပူဇော်ပါ၏။ ။

ဦးအောင်ညွန့်ဝင်း

http://www.dhammadownload.com



# မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | **ဧကကနိပါတ်** | | |
| | **၁။ အပဏ္ဏကဝဂ်** | | |
| ၁။ | အပဏ္ဏကဇာတ် | လှည်းကုန်သည်နှစ်ဦး | ... ၁ |
| ၂။ | ဝဏ္ဏုပထဇာတ် | စိတ်ဓာတ်မကျသော လှည်းကုန်သည် | ... ၃ |
| ၃။ | သေရိဝဝါဏိဇဇာတ် | ရွှဲကုန်သည် | ... ၅ |
| ၄။ | စူလသေဋ္ဌိဇာတ် | အကြံကောင်းသောသူဌေး | ... ၆ |
| ၅။ | တဏ္ဍုလနာဠိဇာတ် | မင်းနှင့် ရာပြတ်အမတ် | ... ၈ |
| ၆။ | ဒေဝဓမ္မဇာတ် | ဒေဝဓမ္မတရားနှစ်ပါး | ... ၁၀ |
| ၇။ | ကဋ္ဌဟာရိဇာတ် | ထိးနန်းရသူထင်းခွေသမား | ... ၁၂ |
| ၈။ | ဂါမဏိဇာတ် | ဆုံးမစကားနားထောင်သူ | ... ၁၄ |
| ၉။ | မဃဒေဝဇာတ် | တောထွက်သွားသူမင်းကြီး | ... ၁၄ |
| ၁၀။ | သုခဝိဟာရိဇာတ် | ချမ်းသာအစစ် ခံစားရသူ | ... ၁၅ |
| | **၂။ သီလဝဂ်** | | |
| ၁၁။ | လက္ခဏမိဂဇာတ် | မတူညီသော သမင်နှစ်ကောင် | ... ၁၇ |
| ၁၂။ | နိဂြောဓမိဂဇာတ် | တိရစ္ဆာန်မိခင်၏မေတ္တာ | ... ၁၈ |
| ၁၃။ | ကဏ္ဍိဇာတ် | မ,၏ ဖြားယောင်းမှု | ... ၂၁ |
| ၁၄။ | ဝါတမိဂဇာတ် | မ,နှင့်တွေ့လျှင် ပျော့ညံ့သူ | ... ၂၃ |
| ၁၅။ | ခရာဒိယဇာတ် | ဆုံးမမှုမနာခံသူ | ... ၂၄ |
| ၁၆။ | တိပလ္လတ္ထမိဂဇာတ် | ဆုံးမမှုကိုနာခံသူ | ... ၂၅ |
| ၁၇။ | မာလုတဇာတ် | အငြင်းအခုံဖြစ်သူ ခြင်္သေ့နှင့်ကျား | ... ၂၆ |
| ၁၈။ | မတကဘတ္တဇာတ် | ရယ်လည်းရယ်၍ ငိုလည်းငိုသူ | ... ၂၇ |
| ၁၉။ | အာယာစိတဘတ္တဇာတ် | မကောင်းမှုပြုလျှင် မကောင်းကျိုးခံစားရမည် | ... ၂၈ |
| ၂၀။ | နဠပါနဇာတ် | သစ္စာစကား၏ အစွမ်း | ... ၂၉ |
| | **၃။ ကုရုင်္ဂဝဂ်** | | |
| ၂၁။ | ကုရုင်္ဂမိဂဇာတ် | မုဆိုးနှင့် ဆတ်မင်း | ... ၃၁ |
| ၂၂။ | ကုက္ကုရဇာတ် | အမျိုးသားအကျိုးဆောင်ရှောက်သူ ခွေး | ... ၃၂ |
| ၂၃။ | ဘောဇာဇာနီယဇာတ် | မြင်းအာဇာနည် | ... ၃၃ |
| ၂၄။ | အာဇညဇာတ် | အသက်ထက် တာဝန်ကိုအလေးထားသူ | ... ၃၅ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၅။ | တိတ္ထဇာတ် | သိန္ဓောမြင်းတို့၏သဘော ... | ၃၆ |
| ၂၆။ | မဟိဠာမုခဇာတ် | ပတ်ဝန်းကျင်ကြောင့် ပြောင်းလဲတတ်ပုံ ... | ၃၇ |
| ၂၇။ | အဘိဏှဇာတ် | အကောင်းသို့ပြောင်းလဲလာသော ဆင် ... | ၃၈ |
| ၂၈။ | နန္ဒိဝိသာလဇာတ် | မမှန်မကန်ပြော၍ ဆိုးကျိုးခံရသူ ... | ၄၀ |
| ၂၉။ | ကဏှဇာတ် | ကျေးဇူးသိသော တိရစ္ဆာန် ... | ၄၁ |
| ၃၀။ | မုနိကဇာတ် | ဘေးကို မမြင်သူ ... | ၄၂ |
| | ၄။ ကုလာဝကဝဂ် | | |
| ၃၁။ | ကုလာဝကဇာတ် | မာဃလုလင်နှင့် အပေါင်းပါများ ... | ၄၄ |
| ၃၂။ | နစ္စဇာတ် | အရှက်အကြောက်ကင်းမှု၏ ဆိုးကျိုး ... | ၄၇ |
| ၃၃။ | သမ္မောဒမာနဇာတ် | ညီညွတ်ခြင်း၏အကျိုး ... | ၄၈ |
| ၃၄။ | မစ္ဆဇာတ် | ကာမတဏှာ ... | ၅၀ |
| ၃၅။ | ဝဋ္ဋကဇာတ် | သစ္စာ၏တန်ဖိုး ... | ၅၁ |
| ၃၆။ | သကုဏဇာတ် | ငှက်အုပ်စု နှစ်စု ... | ၅၂ |
| ၃၇။ | တိတ္တိရဇာတ် | ဆင်၊ မျောက်၊ ခါ သတ္တဝါ သုံးဦး ... | ၅၃ |
| ၃၈။ | ဗကဇာတ် | ဗျိုင်းနှင့် ပုစွန် ... | ၅၄ |
| ၃၉။ | နန္ဒဇာတ် | စိတ်ပြောင်းသောကျွန် ... | ၅၆ |
| ၄၀။ | ခဒိရင်္ဂါရဇာတ် | မီးကျီးတွင်းကိုမကြောက်သော သူဌေး ... | ၅၇ |
| | ၅။ အတ္ထကာမဝဂ် | | |
| ၄၁။ | လောသကဇာတ် | ဝန်တိုမှု၏ဆိုးကျိုး ... | ၅၉ |
| ၄၂။ | ကပေါတဇာတ် | ရသတဏှာကြောင့် အသက်သေရသူ ... | ၆၃ |
| ၄၃။ | ဝေဠုကဇာတ် | မြွေဟောက်ကို မွေးထားသူ ... | ၆၅ |
| ၄၄။ | မကသဇာတ် | ကြောင်းကျိုး မသိသူ ... | ၆၆ |
| ၄၅။ | ရောဟိဏီဇာတ် | ပညာရှိသောရန်သူသာ မြတ်၏ ... | ၆၇ |
| ၄၆။ | အာရာမဒူသကဇာတ် | မျောက်ဥယျာဉ်မှူး ... | ၆၇ |
| ၄၇။ | ဝါရုဏိဒူသကဇာတ် | အရက်ထဲဆားထည့်သူ ... | ၆၈ |
| ၄၈။ | ဝေဒဗ္ဗဇာတ် | ဆရာမိုက် ... | ၆၉ |
| ၄၉။ | နက္ခတ္တဇာတ် | နက္ခတ်ရွေးနေ၍ မင်္ဂလာလက်ထပ်ပွဲပျက်ရသူများ ... | ၇၁ |
| ၅၀။ | ဒုမ္မေဓဇာတ် | ယဇ်ပူဇော်သည့်ဓလေ့ကို ပယ်ရှားသူများ ... | ၇၃ |
| | ၆။ အာသီသဝဂ် | | |
| ၅၁။ | မဟာသီလဝဇာတ် | အောင်ပွဲခံ မဟာသီလဝမင်း ... | ၇၄ |
| ၅၂။ | စူဠဇနကဇာတ် | အခက်အခဲကို ဝီရိယဖြင့်ကျော်လွှားသူ ... | ၇၇ |

| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၃။ | ပုဏ္ဏပါတိဇာတ် | ပညာရှိကို လိမ်ညာ၍မရ ... | ၇၇ |
| ၅၄။ | ကိံဖလဇာတ် | ပညာရှိစကားနားထောင်လျှင်ချမ်းသာမြဲ ... | ၇၈ |
| ၅၅။ | ပဉ္စာဝုဓဇာတ် | လက်နက်ငါးမျိုးပိုင်ရှင် မင်းသား ... | ၇၉ |
| ၅၆။ | ကဥ္စနက္ခန္ဓဇာတ် | ရွှေတုံးရသော လယ်သမား ... | ၈၁ |
| ၅၇။ | ဝါနရိန္ဒ ဇာတ် | ပညာရှင်မျောက်မင်း ... | ၈၂ |
| ၅၈။ | တယောဓမ္မ ဇာတ် | မျောက်သားအဖ ... | ၈၃ |
| ၅၉။ | ဘေရိဝါဒကဇာတ် | မဆင်မခြင်စည်တီး၍ ဒုက္ခရောက်ရသူ ... | ၈၅ |
| ၆၀။ | သင်္ခဓမ္မဇာတ် | ခရုသင်းမှုတ်၍ ဒုက္ခရောက်သူ ... | ၈၆ |
| | ၇။ ဣတ္ထိဝဂ် | | |
| ၆၁။ | အသာတမန္တဇာတ် | သားကိုလောကီ၌မမွေ့လျော်စေသော မိခင်လိမ္မာ ... | ၈၇ |
| ၆၂။ | အဏ္ဍဘူတဇာတ် | မင်းနှင့်ပုဏ္ဏား ... | ၈၉ |
| ၆၃။ | တက္ကပဏ္ဍိတဇာတ် | ရသေ့လူထွက်နှင့် မိန်းမယုတ် ... | ၉၂ |
| ၆၄။ | ဒုရာဇာနဇာတ် | သိရန်ခက်သည့် မ,တို့သဘော ... | ၉၄ |
| ၆၅။ | အနဘိရတိဇာတ် | သဘောထားကြီးသော ဆရာကောင်းတပည့် ... | ၉၆ |
| ၆၆။ | မုဒုလက္ခဏဇာတ် | မိဖုရားကြီးကြောင့် ဈာန်လျှောရသောရသေ့ ... | ၉၆ |
| ၆၇။ | ဥစ္ဆင်္ဂဇာတ် | ဖြတ်ထိုးဉာဏ်ကောင်းသူ ... | ၉၉ |
| ၆၈။ | သာကေတဇာတ် | ဘုရားရှင်အား သားဟုခေါ်သော ပုဏ္ဏားလင်မယား ... | ၁၀၀ |
| ၆၉။ | ဝိသဝန္တဇာတ် | အဆိပ်ပြန်မမျိုလိုသူ ... | ၁၀၁ |
| ၇၀။ | ကုဒ္ဒါလဇာတ် | အောင်သူနှစ်ဦး ... | ၁၀၂ |
| | ၈။ ဝရုဏဝဂ် | | |
| ၇၁။ | ဝရုဏဇာတ် | ပျင်းလွန်းသူ ... | ၁၀၄ |
| ၇၂။ | သီလဝနာဂရာဇာတ် | သီလဝဆင်မင်း၏ အစွယ်အလှူ ... | ၁၀၅ |
| ၇၃။ | သစ္စံကိရဇာတ် | တိရစ္ဆာန်ထက်မိုက်သူ ... | ၁၀၇ |
| ၇၄။ | ရုက္ခဓမ္မဇာတ် | ညီညွတ်မှု၏တန်ဖိုး ... | ၁၁၀ |
| ၇၅။ | မစ္ဆဇာတ် | ငါးမင်း၏သစ္စာစွမ်းရည် ... | ၁၁၁ |
| ၇၆။ | အသင်္ကိယဇာတ် | ရဲရင့်သူ ရသေ့ကြီး ... | ၁၁၂ |
| ၇၇။ | မဟာသုပိနဇာတ် | ကောသလမင်း၏အိပ်မက်များ ... | ၁၁၃ |
| ၇၈။ | ဣလ္လီသဇာတ် | သိကြားမင်းဆုံးမရသူ ... | ၁၂၁ |
| ၇၉။ | ခရဿရဇာတ် | ဖောက်ပြန်သောနယ်ခြားစောင့်အမတ် ... | ၁၂၄ |
| ၈၀။ | ဘီမသေနဇာတ် | ဟန်ဆောင်မကောင်းသူ ... | ၁၂၅ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၉။ အပါယိမ္ဘဝဂ် | | |
| ၈၁။ | သုရာပါနဇာတ် | အရက်မူးသော ရသေ့များ ... | ၁၂၇ |
| ၈၂။ | မိတ္တဝိန္ဒကဇာတ် | သားမိုက်မိတ္တဝိန္ဒက ... | ၁၂၉ |
| ၈၃။ | ကာလကဏ္ဏိဇာတ် | စိတ်လှသော မိတ်ဆွေ ... | ၁၂၉ |
| ၈၄။ | အတ္ထဿဒွါရဇာတ် | ကြီးပွားချမ်းသာကြောင်းတရား မေးသူ ... | ၁၃၁ |
| ၈၅။ | ကိံပက္ကဇာတ် | သရက်သီးနှင့်တူသော အဆိပ်သီး ... | ၁၃၁ |
| ၈၆။ | သီလဝီမံသကဇာတ် | သူကောင်းမြောက်စံရသည်ကို စူးစမ်းသော ပုဏ္ဏား ... | ၁၃၂ |
| ၈၇။ | မင်္ဂလဇာတ် | အယူသည်းသောပုဏ္ဏား ... | ၁၃၄ |
| ၈၈။ | သာရမ္ဘဇာတ် | ပုဏ္ဏားနှင့်နွားလားအကြောင်း ... | ၁၃၅ |
| ၈၉။ | ကုဟကဇာတ် | သူတော်ယောင်ရသေ့ ... | ၁၃၅ |
| ၉၀။ | အကတညုဇာတ် | ကျေးဇူးကန်းသော မိတ်ဆွေတု ... | ၁၃၇ |
| | ၁၀။ လိတ္တဝဂ် | | |
| ၉၁။ | လိတ္တဇာတ် | အဆိပ်လူးအန်စာတုံး ငုံမိသူ ... | ၁၃၈ |
| ၉၂။ | မဟာသာရဇာတ် | ပုလဲသွယ်ခိုးမှု ... | ၁၃၉ |
| ၉၃။ | ဝိဿာသဘောဇနဇာတ် | ပြောင်မကိုစွဲလမ်းသော ခြင်္သေ့ ... | ၁၄၁ |
| ၉၄။ | လောမဟံသဇာတ် | အကျိုးမဲ့အကျင့် ကျင့်သူ ... | ၁၄၂ |
| ၉၅။ | မဟာသုဒဿနဇာတ် | မဟာသုဒဿနမြို့တော် ... | ၁၄၃ |
| ၉၆။ | တေလပတ္တဇာတ် | မင်းသားနှင့်ဘီလူးမများ ... | ၁၄၄ |
| ၉၇။ | နာမသိဒ္ဓိဇာတ် | နာမည်ပြောင်းလိုသူ ... | ၁၄၆ |
| ၉၈။ | ကူဋဝါဏိဇဇာတ် | အကောက်ကြံသော ကုန်သည် ... | ၁၄၇ |
| ၉၉။ | ပရောသဟဿဇာတ် | ပညာရှိရသေ့ကြီး ... | ၁၄၈ |
| ၁၀၀။ | အသာတရူပဇာတ် | လာဘ်ပေါ်များသော ရှင်သီဝလိ ... | ၁၄၉ |
| | ၁၁။ ပရောသတဝဂ် | | |
| ၁၀၁။ | ပရောသတဇာတ် | ပညာရှိရသေ့ကြီး ... | ၁၅၁ |
| ၁၀၂။ | ပဏ္ဏိကဇာတ် | သမီး၏စာရိတ္တ စုံစမ်းသူ ... | ၁၅၁ |
| ၁၀၃။ | ဝေရိဇာတ် | အနာထပိဏ်သူဌေးနှင့် သူခိုးများ ... | ၁၅၂ |
| ၁၀၄။ | မိတ္တဝိန္ဒကဇာတ် | ဆုံးမမှုမနာယူသူ ... | ၁၅၃ |
| ၁၀၅။ | ဒုဗ္ဗလကဋ္ဌဇာတ် | ကြောက်တတ်သူ ... | ၁၅၃ |
| ၁၀၆။ | ဥဒဉ္စနီဇာတ် | ဖခင်ထံပြန်လာသူ ... | ၁၅၄ |
| ၁၀၇။ | သာလိတ္တကဇာတ် | ခဲပစ်ကျွမ်းကျင်သူ ... | ၁၅၅ |

http://www.dhammadownload.com

# မာတိကာ




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၁၀၈။ | ဗာဟိရဇာတ် | အရှက်အကြောက်ကြီးသူ | ... | ၁၅၆ |
| ၁၀၉။ | ကုဏ္ဍပူဝဇာတ် | မုန့်လှူရကျိုးခံစားရသူ | ... | ၁၅၇ |
| ၁၁၀။ | သဗ္ဗသံဟာရကပဉှဇာတ် | (ဇာတ်အမှတ် ၅၄၂ နှင့်တူ) | ... | ၁၅၈ |
| | ၁၂။ ဟံစိဝဂ် | | | |
| ၁၁၁။ | ဂဒြဘပဉှဇာတ် | (ဇာတ်အမှတ် ၅၄၂ နှင့်တူ) | ... | ၁၅၉ |
| ၁၁၂။ | အမရာဒေဝီပဉှဇာတ် | (ဇာတ်အမှတ် ၅၄၂ နှင့်တူ) | ... | ၁၅၉ |
| ၁၁၃။ | သိင်္ဂါလဇာတ် | မြေခွေးစကားယုံကြည်သူ | ... | ၁၅၉ |
| ၁၁၄။ | မိတစိန္တိဇာတ် | အကြံဉာဏ်ကောင်းသော ငါး | ... | ၁၆၀ |
| ၁၁၅။ | အနုသာသိကဇာတ် | မမှန်မကန် ဆုံးမတတ်သူ | . | ၁၆၁ |
| ၁၁၆။ | ဒုဗ္ဗစဇာတ် | အပြောခက်သူ | ... | ၁၆၂ |
| ၁၁၇။ | တိတ္တိရဇာတ် | ကိုယ့်အသံကြောင့် သေရသူ | ... | ၁၆၃ |
| ၁၁၈။ | ဝဋ္ဋကဇာတ် | ငုံး၏ပရိယာယ် | ... | ၁၆၄ |
| ၁၁၉။ | အကာလရာဝိဇာတ် | စည်းကမ်းမဲ့တွန်သော ကြက် | ... | ၁၆၅ |
| ၁၂၀။ | ဗန္ဓနမောက္ခဇာတ် | လွတ်မြောက်စေသူ | ... | ၁၆၆ |
| | ၁၃။ ကုသနာဠိဝဂ် | | | |
| ၁၂၁။ | ကုသနာဠိဇာတ် | အကြံကောင်းသူ နတ်ကလေး | ... | ၁၆၉ |
| ၁၂၂။ | ဒုမ္မေဓဇာတ် | မင်းယုတ်မာ | ... | ၁၇၀ |
| ၁၂၃။ | နင်္ဂလီသဇာတ် | တုံးလွန်း 'အ'လွန်းသူ | ... | ၁၇၁ |
| ၁၂၄။ | အမ္ဗဇာတ် | ကျေးဇူးသိသောတိရစ္ဆာန်များ | ... | ၁၇၃ |
| ၁၂၅။ | ကဋာဟကဇာတ် | သူဌေးသားအယောင်ဆောင်သူ | ... | ၁၇၄ |
| ၁၂၆။ | အသိလက္ခဏဇာတ် | သန်လျက်လက္ခဏာဖတ်သူ | ... | ၁၇၆ |
| ၁၂၇။ | ကလဏ္ဍုကဇာတ် | ကလဏ္ဍုကမည်သောကျွန် | ... | ၁၇၈ |
| ၁၂၈။ | ဗိဠာရဝတဇာတ် | သီလကြောင် မြေခွေး | ... | ၁၇၉ |
| ၁၂၉။ | အဂ္ဂိကဘာရဒွါဇဇာတ် | လိမ်ညာသူ မြေခွေး | ... | ၁၈၀ |
| ၁၃၀။ | ကောသိယဇာတ် | လင်မြှောင်ထားသူ | ... | ၁၈၁ |
| | ၁၄။ အသမ္ပဒါနဝဂ် | | | |
| ၁၃၁။ | အသမ္ပဒါနဇာတ် | ကျေးဇူးမဲ့သူ သူငယ်ချင်း | ... | ၁၈၃ |
| ၁၃၂။ | ဘီရုကဇာတ် | ကြောက်လန့်ခြင်းကင်း၍ မင်းဖြစ်သူ | ... | ၁၈၄ |
| ၁၃၃။ | ဃတာသနဇာတ် | ဘေးရန်ကိုသိသူ ငှက်မင်း | ... | ၁၈၅ |
| ၁၃၄။ | ဈာနသောဓနဇာတ် | တပည့်ကောင်း | ... | ၁၈၆ |

http://www.dhammadownload.com



## မာတိကာ

| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၁၃၅။ | စန္ဒာဘာဇာတ် | (ဇာတ်အမှတ်–၉၉ နှင့် တူ) | ... | ၁၈၇ |
| ၁၃၆။ | သုဝဏ္ဏဟံသဇာတ် | လောဘကြီးသူ မယားဟောင်း | ... | ၁၈၇ |
| ၁၃၇။ | ဗဗ္ဗုဇာတ် | ကြွက်မနှင့် ကြောင်လေးကောင် | ... | ၁၈၉ |
| ၁၃၈။ | ဂေါဓဇာတ် | ဖွတ်မင်းနှင့် ရသေ့ယုတ်မာ | ... | ၁၉၁ |
| ၁၃၉။ | ဥဘတောဘဋ္ဌဇာတ် | အကျိုးနှစ်ဖက်ဆုံးရှုံးရသူ ကိုတံငါ | ... | ၁၉၂ |
| ၁၄၀။ | ကာကဇာတ် | ကျီးမင်းနှင့် ပုရောဟိတ် | ... | ၁၉၃ |
| | ၁၅။ ကကဏ္ဍကဝဂ် | | | |
| ၁၄၁။ | ဂေါဓဇာတ် | ပုတ်သင်နှင့် ဖွတ်ကလေး | ... | ၁၉၅ |
| ၁၄၂။ | သိင်္ဂါလဇာတ် | မြေခွေးမင်း | ... | ၁၉၆ |
| ၁၄၃။ | ဝိရောစနဇာတ် | ခြင်္သေ့ကိုတုပသူ မြေခွေး | ... | ၁၉၇ |
| ၁၄၄။ | နင်္ဂုဋ္ဌဇာတ် | မီးကိုအထင်ကြီးသူ ရသေ့ | ... | ၁၉၉ |
| ၁၄၅။ | ရာဓဇာတ် | ရာဓကျေးသားနှင့် ပုဏ္ဏေးမ | ... | ၂၀၀ |
| ၁၄၆။ | သမုဒ္ဒကာကဇာတ် | သမုဒ္ဒရာရေကို နှုတ်သီးဖြင့်ဆောင်သူ ကျီးများ | ... | ၂၀၁ |
| ၁၄၇။ | ပုပ္ဖရတ္တဇာတ် | မယားကြောင့် သူခိုးဘဝရောက်ရသူ | ... | ၂၀၂ |
| ၁၄၈။ | သိင်္ဂါလဇာတ် | ဆင်သေ၏ဝမ်းထဲဝင်သူ မြေခွေး | ... | ၂၀၃ |
| ၁၄၉။ | ဧကပဏ္ဏဇာတ် | မင်းသားနှင့် တမာပင် | ... | ၂၀၄ |
| ၁၅၀။ | သဉ္ဇီဝဇာတ် | ကျားသေကို အသက်သွင်းသူ | ... | ၂၀၆ |

## ဒုကနိပါတ်

### ၁။ ဒဠှဝဂ်

| | | | | |
|---|---|---|---|---|
| ၁၅၁။ | ရာဇောဝါဒဇာတ် | မင်းကောင်းမင်းမြတ် နှစ်ပါး | ... | ၂၀၈ |
| ၁၅၂။ | သိင်္ဂါလဇာတ် | ခြင်္သေ့မကိုမှုချစ်မိသူ မြေခွေး | ... | ၂၁၀ |
| ၁၅၃။ | သူကရဇာတ် | ခြင်္သေ့ကိုအန်တုသော ဝက် | ... | ၂၁၁ |
| ၁၅၄။ | ဥရဂဇာတ် | နဂါးနှင့်ဂဠုန် သင့်မြတ်ကြပုံ | ... | ၂၁၃ |
| ၁၅၅။ | ဘဂ္ဂဇာတ် | ယဉ်ကျေးမှုလိုက်နာသူ သားအဖ | ... | ၂၁၄ |
| ၁၅၆။ | အလီနစိတ္တဇာတ် | အာဇာနည်ဆင်ဖြူတော်နှင့် မင်းသားငယ် | ... | ၂၁၅ |
| ၁၅၇။ | ဂုဏဇာတ် | ကျေးဇူးရှင်မြေခွေး၏ ဂုဏ် | ... | ၂၁၇ |
| ၁၅၈။ | သုဟနုဇာတ် | အကြမ်းချင်းတွေ့တော့ အနုဖြစ် | ... | ၂၁၈ |
| ၁၅၉။ | မောရဇာတ် | မနှင့် အမျှားခံရသူ ဥဒေါင်းမင်း | ... | ၂၂၀ |
| ၁၆၀။ | ဝိနီလကဇာတ် | ဘုရားအတုပြု ပျက်စီးမှုနှင့်ကြုံ | ... | ၂၂၁ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၂။ သန္ထဝဝဂ် | | |
| ၁၆၁။ | ဣန္ဒသမာနဂေါတ္တဇာတ် | ဆင်ကိုမွေးစားသူ ရသေ့ … | ၂၂၃ |
| ၁၆၂။ | သန္ထဝဇာတ် | မီးပူဇော်ရာမှ မီးလောင်ခံရသူ ရသေ့ … | ၂၂၄ |
| ၁၆၃။ | သုသီမဇာတ် | ဆင်မင်္ဂလာမြှောက်ပွဲတော်ကြီး … | ၂၂၅ |
| ၁၆၄။ | ဂိဇ္ဈဇာတ် | ကျေးဇူးသိသော လင်းတများ … | ၂၂၆ |
| ၁၆၅။ | နကုလဇာတ် | ရန်အေးသွားကြသည့် မြွေနှင့် မြွေပါ … | ၂၂၈ |
| ၁၆၆။ | ဥပသာဠ္ဟကဇာတ် | သင်္ချိုင်းမြေနေရာရှာသူ ပုဏ္ဏား … | ၂၂၉ |
| ၁၆၇။ | သမိဒ္ဓိဇာတ် | ရသေ့ကို တပ်မက်သော နတ်သမီး … | ၂၃၀ |
| ၁၆၈။ | သကုဏဂ္ဃိဇာတ် | သိန်းငှက်ကို အနိုင်ရသူ ဘီလုံးငှက် … | ၂၃၁ |
| ၁၆၉။ | အရကဇာတ် | မေတ္တာရှင် ရသေ့ကြီး … | ၂၃၂ |
| ၁၇၀။ | ကကဏ္ဋကဇာတ် | (ဇာတ်အမှတ်–၅၄၂ နှင့် တူ) … | ၂၃၂ |
| | ၃။ ကလျာဏဝဂ် | | |
| ၁၇၁။ | ကလျာဏဓမ္မဇာတ် | ကောင်းမြတ်သောသတင်း … | ၂၃၃ |
| ၁၇၂။ | ဒဒ္ဒရဇာတ် | ခြင်္သေ့ကိုတုပသူ မြေခွေး … | ၂၃၄ |
| ၁၇၃။ | မက္ကဋဇာတ် | ရသေ့ယောင်ဆောင်သူ မျောက် … | ၂၃၅ |
| ၁၇၄။ | ဒုဗ္ဘိယမက္ကဋဇာတ် | ကျေးဇူးကန်းသော ဒေဝဒတ်လောင်း မျောက် … | ၂၃၆ |
| ၁၇၅။ | အာဒိစ္စုပဋ္ဌာနဇာတ် | နေကို ရှိခိုးပြီးကျင့်သူ မျောက် … | ၂၃၇ |
| ၁၇၆။ | ကဠာယမုဋ္ဌိဇာတ် | စဉ်းစားဉာဏ်နည်းသော မျောက် … | ၂၃၈ |
| ၁၇၇။ | တိန္ဒုကဇာတ် | တည်သီးစားလို၍ အန္တရာယ်ကြုံရသောမျောက်များ… | ၂၃၉ |
| ၁၇၈။ | ကစ္ဆပဇာတ် | ဇာတိနေရာမှမခွာနိုင်သော လိပ် … | ၂၄၀ |
| ၁၇၉။ | သတဓမ္မဇာတ် | ဒွန်းစဏ္ဍား၏ ထမင်းကိုစားသူ … | ၂၄၁ |
| ၁၈၀။ | ဒုဒ္ဒဒဇာတ် | အလှူအကျိုး အညီအမျှပေးဝေသူ … | ၂၄၂ |
| | ၄။ အသဒိသဝဂ် | | |
| ၁၈၁။ | အသဒိသဇာတ် | သူမတူအောင် လေးစွမ်းပြသူ မင်းသား … | ၂၄၃ |
| ၁၈၂။ | သင်္ဂါမာဝစရဇာတ် | တိုက်ပွဲဝင်သော မင်္ဂလာဆင်တော် … | ၂၄၅ |
| ၁၈၃။ | ဝါလောဒကဇာတ် | မုဒရက်ရည်အကျန်ကိုသောက်ရသည့် မြည်းများ … | ၂၄၆ |
| ၁၈၄။ | ဂိရိဒတ္တဇာတ် | မြင်းထိန်းခြေခွင်၍ မြင်းပါခြေခွင် … | ၂၄၇ |
| ၁၈၅။ | အနဘိရတိဇာတ် | စိတ်မကြည်လင်၍ ပညာမေ့ပျောက်သူ … | ၂၄၈ |
| ၁၈၆။ | ဒဓိဝါဟနဇာတ် | အခါးပင်ဖျက်၍ အချိုပျက်သော သရက်ပင် … | ၂၄၉ |
| ၁၈၇။ | စတုမဋ္ဌဇာတ် | ပွဲဖျက်သူ မြေခွေး … | ၂၅၁ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁၈၈။ | သီဟကောတ္ထုဇာတ် | ခွေးခြင်္သေ့၏အသံ ... | ၂၅၂ |
| ၁၈၉။ | သီဟစမ္မဇာတ် | ခြင်္သေ့အရေခြုံ မြည်း ... | ၂၅၃ |
| ၁၉၀။ | သီလာနိသံသဇာတ် | ဂုဏ်တော်တန်ခိုး ... | ၂၅၄ |
| | ၅။ ရုဟကဝဂ် | | |
| ၁၉၁။ | ရုဟကဇာတ် | အချီးမွမ်းခံချင်သူ ပုဏ္ဏား ... | ၂၅၅ |
| ၁၉၂။ | သိရိကာဠကဏ္ဏိဇာတ် | (၅၄၂-မဟာဥမဂ်ဇာတ်နှင့်တူ) ... | ၂၅၆ |
| ၁၉၃။ | စူဠပဒုမဇာတ် | မိန်းမယုတ်ကိုမယားပြုမိသော ပဒုမမင်းသား ... | ၂၅၆ |
| ၁၉၄။ | မဏိစောရဇာတ် | မယားကိုယူလို၍ လင်ကိုပတ္တမြားသူခိုးစွပ်စွဲသူ ... | ၂၅၉ |
| ၁၉၅။ | ပဗ္ဗတူပတ္ထရဇာတ် | ပညာရှိသော မင်းနှင့်အမတ် ... | ၂၆၀ |
| ၁၉၆။ | ဝလာဟကဿဇာတ် | ဘီလူးဖမ်းထားသူကိုကယ်တင်သော မြင်းပျံ ... | ၂၆၁ |
| ၁၉၇။ | မိတ္တာမိတ္တဇာတ် | မိတ်ဆွေနှင့်ရန်သူ ခွဲခြားနည်း ... | ၂၆၂ |
| ၁၉၈။ | ရာဓဇာတ် | ကျေးညီနောင်နှင့် ပုဏ္ဏေးမ ... | ၂၆၃ |
| ၁၉၉။ | ဂဟပတိဇာတ် | ဖောက်ပြန်သော သူကြွယ်ဇနီး ... | ၂၆၄ |
| ၂၀၀။ | သာဓုသီလဇာတ် | စာရိတ္တကောင်းသူ သမက်လောင်း ... | ၂၆၅ |
| | ၆။ နတံဒဠှဝဂ် | | |
| ၂၀၁။ | ဗန္ဓနာဂါရဇာတ် | အခြားနှောင်အိမ်တို့ထက်ခိုင်မြဲသော ကာမနှောင်အိမ် ... | ၂၆၆ |
| ၂၀၂။ | ကေဠိသီလဇာတ် | အသက်ကြီးသူများကို လှောင့်ပြောင်သူ ... | ၂၆၇ |
| ၂၀၃။ | ခန္ဓဇာတ် | မြွေဆိပ်ဖြေ ဆေးတော်ကြီး ... | ၂၆၉ |
| ၂၀၄။ | ဝီရကဇာတ် | ဝီရကကိုအတုပသော ကျီးငှက် ... | ၂၇၀ |
| ၂၀၅။ | ဂင်္ဂေယျဇာတ် | ဂင်္ဂါမြစ်ကမ်းမှ လိပ် ... | ၂၇၁ |
| ၂၀၆။ | ကုရုင်္ဂမိဂဇာတ် | အတုယူဖွယ် မိတ်ဆွေများ ... | ၂၇၁ |
| ၂၀၇။ | အဿကဇာတ် | နွားချေးပိုးကောင်ဖြစ်နေသော မိဖုရား ... | ၂၇၃ |
| ၂၀၈။ | သုသုမာရဇာတ် | ကိုယ်သာကြီး၍ ပညာမဲ့သူ ... | ၂၇၅ |
| ၂၀၉။ | ကုက္ကုဋဇာတ် | မုဆိုးနှင့် ကြက်အို ... | ၂၇၆ |
| ၂၁၀။ | ကန္ဒဂလကဇာတ် | အရည်အချင်းမတူသောသစ်တောက်ငှက်နှစ်ကောင် ... | ၂၇၇ |
| | ၇။ ဗီရဏထမ္ဘဝဂ် | | |
| ၂၁၁။ | သောမဒတ္တဇာတ် | စကားမှားသော ပုဏ္ဏား ... | ၂၇၈ |
| ၂၁၂။ | ဥစ္ဆိဋ္ဌဘတ္တဇာတ် | လင်ငယ်ကိုထမင်းဦးကျွေးသော ပုဏ္ဏေးမ ... | ၂၇၉ |
| ၂၁၃။ | ဘရုဇာတ် | တိတ္ထိတို့ထံမှ လာဘ်စားသောမင်း ... | ၂၈၀ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၂၁၄။ | ပုဏ္ဏနဒီဇာတ် | ပညာရှိသောအမတ်နှင့်မင်း ... | ၂၈၂ |
| ၂၁၅။ | ကစ္ဆပဇာတ် | လေဟုန်စီးရာမှ ပြုတ်ကျသော လိပ် ... | ၂၈၃ |
| ၂၁၆။ | မစ္ဆဇာတ် | မိမိသေဘေးထက် မယားအတွက် စိုးရိမ်သော ငါး ... | ၂၈၄ |
| ၂၁၇။ | သေဂ္ဂုဇာတ် | သမီး၏အလိုစမ်းသော ဟင်းရွက်သည်ဖခင် ... | ၂၈၅ |
| ၂၁၈။ | ကူဋဝါဏိဇဇာတ် | သံကို ကြွက်စား၊ သားကို စွန်ချီ ... | ၂၈၅ |
| ၂၁၉။ | ဂရဟိတဇာတ် | လူတို့စရိုက်ကို ကဲ့ရဲ့သော မျောက်များ ... | ၂၈၇ |
| ၂၂၀။ | ဓမ္မဒ္ဓဇဇာတ် | ဓမ္မဒ္ဓဇအမတ် ... | ၂၈၈ |
| | ၈။ ကာသာဝဝဂ် | | |
| ၂၂၁။ | ကာသာဝဇာတ် | သင်္ကန်းဝတ်ထားသော လူယုတ်မာ ... | ၂၉၀ |
| ၂၂၂။ | စူဠနန္ဒိယဇာတ် | အမိအတွက် အသက်ပေးသူ မျောက်များ ... | ၂၉၁ |
| ၂၂၃။ | ပုဋဘတ္တဇာတ် | တစ်ကိုယ်ကောင်းသမား ... | ၂၉၂ |
| ၂၂၄။ | ကုမ္ဘီလဇာတ် | (၂၀၈-သုသုမာရဇာတ်နှင့်တူ) ... | ၂၉၃ |
| ၂၂၅။ | ခန္တိဝဏ္ဏဇာတ် | သည်းခံထိုက်သူ ကျေးဇူးရှင် ... | ၂၉၄ |
| ၂၂၆။ | ကောသိယဇာတ် | နေ့မှာထွက်သွားမိ၍ သေရသော ခင်ပုတ်ငှက် ... | ၂၉၄ |
| ၂၂၇။ | ဂူထပါဏဇာတ် | ဆင်ကိုအန်တုသူ ... | ၂၉၅ |
| ၂၂၈။ | ကာမနီတဇာတ် | လေးပြည်ထောင်ကို ပိုင်လိုသော မင်း ... | ၂၉၆ |
| ၂၂၉။ | ပလာယိတဇာတ် | အကြောက်လွန်၍ ပြေးသော မင်း ... | ၂၉၈ |
| ၂၃၀။ | ဒုတိယပလာယိတဇာတ် | မျက်နှာချင်းဆိုင်ရုံဖြင့် ပြေးသည့် မင်း ... | ၂၉၉ |
| | ၉။ ဥပါဟနဝဂ် | | |
| ၂၃၁။ | ဥပါဟနဇာတ် | ဆရာကို အန်တုသော တပည့်မိုက် ... | ၃၀၀ |
| ၂၃၂။ | ဝီဏာဂုဏဇာတ် | ကျောက်ကုန်းကို လူစွမ်းကောင်းထင်သော သမီးမိုက် ... | ၃၀၁ |
| ၂၃၃။ | ဝိကဏ္ဏဇာတ် | အလိုရမ္မက်ကြီး၍ ဒုက္ခရောက်ပုံ ... | ၃၀၂ |
| ၂၃၄။ | အသိတာဘူဇာတ် | လင်၏အယုအယ မခံရသော အသိတာဘူ မိဖုရား ... | ၃၀၃ |
| ၂၃၅။ | ဝစ္ဆနခဇာတ် | သူဌေးစည်းစိမ်ကိုလက်မခံသော ရသေ့ ... | ၃၀၄ |
| ၂၃၆။ | ဗကဇာတ် | အကြံသမား ဗျိုင်း ... | ၃၀၅ |
| ၂၃၇။ | သာကေတဇာတ် | (၆၈-သာကေတဇာတ်နှင့်တူ) ... | ၃၀၆ |
| ၂၃၈။ | ကေပဒဇာတ် | ကြီးပွားကြောင်းမေးသူ သားငယ် ... | ၃၀၆ |
| ၂၃၉။ | ဟရိတမဏ္ဍူကဇာတ် | မြွေကိုနိုင်သည့်ငါးများ ... | ၃၀၆ |
| ၂၄၀။ | မဟာပိင်္ဂလဇာတ် | ရှိက်၍ ရှိက်၍ငိုသူ တံခါးမှူး ... | ၃၀၇ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၁၀။ သိဂါလဝဂ် | | |
| ၂၄၁။ | သဗ္ဗဒါဌဇာတ် | ပညာကို မှန်ကန်စွာ အသုံးမချတတ်သူ မြေခွေး ... | ၁၀၉ |
| ၂၄၂။ | သုနခဇာတ် | ခွေးလိမ္မာ ... | ၁၁၀ |
| ၂၄၃။ | ဂုတ္တိလဇာတ် | ဆရာနှင့် ပညာပြိုင်သူ ... | ၁၁၁ |
| ၂၄၄။ | ဝီဂတိစ္ဆဇာတ် | အမြင်မတူဘဲ ဝါဒပြိုင်သူ ... | ၁၁၃ |
| ၂၄၅။ | မူလပရိယာယဇာတ် | ဆရာကို အန်တုသော တပည့်များ ... | ၁၁၄ |
| ၂၄၆။ | ဗာလောဝါဒဇာတ် | ရသေ့ကို ကဲ့ရဲ့လိုသူ သူကြွယ် ... | ၁၁၅ |
| ၂၄၇။ | ပါဒဉ္ဇလီဇာတ် | ပညာမဲ့သူ၏အမှုအရာ ... | ၁၁၆ |
| ၂၄၈။ | ကိံသုကောပမဇာတ် | ပေါက်ပင်နှင့်မင်းသားလေးယောက် ... | ၁၁၇ |
| ၂၄၉။ | သာလကဇာတ် | မျောက်လိမ္မာကို ရိုက်သူ ... | ၁၁၈ |
| ၂၅၀။ | ကပိဇာတ် | (၁၇၃–မက္ကဋဇာတ်နှင့်တူ) ... | ၁၁၉ |
| | **တိကနိပါတ်** | | |
| | ၁။ သင်္ကပ္ပဝဂ် | | |
| ၂၅၁။ | သင်္ကပ္ပရာဂဇာတ် | ကိလေသာတိုးကျင့်ခံရသော ရသေ့ ... | ၁၂၀ |
| ၂၅၂။ | တိလမုဋ္ဌိဇာတ် | နှမ်းတစ်ဆုပ်တစ်ဆုပ် ယူစားသူ ... | ၁၂၁ |
| ၂၅၃။ | မဏိကဏ္ဌဇာတ် | ပတ္တမြားတောင်းခံရ၍ မလာသော နဂါးမင်း ... | ၁၂၃ |
| ၂၅၄။ | ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ် | ဆင်းရဲမှလွတ်သော အဘွားအို ... | ၁၂၄ |
| ၂၅၅။ | သုကဇာတ် | အစားလွန်သော ကျေးသား ... | ၁၂၅ |
| ၂၅၆။ | ဇရူဒပါနဇာတ် | ရေရှာ ရတနာတွေ့သူ ... | ၁၂၆ |
| ၂၅၇။ | ဂါမဏိစန္ဒဇာတ် | တရားခံဂါမဏိစန္ဒ ... | ၁၂၇ |
| ၂၅၈။ | မန္ဓာတုဇာတ် | စည်းစိမ်ခံစား၍ အားမရသူ ... | ၁၃၂ |
| ၂၅၉။ | တိရီဋဝစ္ဆဇာတ် | ရေတွင်းထဲ ရေဆင်းသောက်သူ မင်း ... | ၁၃၃ |
| ၂၆၀။ | ဒူတဇာတ် | တဏှာ၏ တမန် ... | ၁၃၄ |
| | ၂။ ပဒုမဝဂ် | | |
| ၂၆၁။ | ပဒုမဇာတ် | မှန်မှန်ကန်ကန် ပြော၍ ကြာပန်းရသူ ... | ၁၃၅ |
| ၂၆၂။ | မုဒုပါဏိဇာတ် | ဖခင်ကိုယ်တိုင်စောင့်ရှောက်သော မင်းသမီး ... | ၁၃၆ |
| ၂၆၃။ | စူဠပလောဘနဇာတ် | ယောက်ျားမြင်သမျှ လိုက်သတ်နေသူ ... | ၁၃၇ |
| ၂၆၄။ | မဟာပနာဒဇာတ် | ဘဒ္ဒဇိထေရ်၏ မဟာပနာဒမင်းသားဘဝ ... | ၁၃၉ |
| ၂၆၅။ | ခုရပ္ပဇာတ် | အသက်ပေး၍ တာဝန်ထမ်းဆောင်သူ ... | ၁၄၀ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၂၆၆။ | ဝါတဂ္ဂသိန္ဓဝဇာတ် | မှုနိုင်လွန်းသူ | ... | ၃၄၁ |
| ၂၆၇။ | ကက္ကဋကဇာတ် | သေပွဲဝင်ရသော ပုစွန် | ... | ၃၄၂ |
| ၂၆၈။ | အာရာမဒူသကဇာတ် | မျောက်ဥယျာဉ်မှူး | ... | ၃၄၃ |
| ၂၆၉။ | သုဇာတဇာတ် | နှုတ်ကြမ်းသူ | ... | ၃၄၃ |
| ၂၇၀။ | ဥလူကဇာတ် | ကမ္ဘာ့ရန်ဖြစ်နေကြသူများ | ... | ၃၄၄ |
| | ၃။ ဥဒပါနဝဂ် | | | |
| ၂၇၁။ | ဥဒပါနဒူသကဇာတ် | ရေတွင်းဖျက်သူ | ... | ၃၄၅ |
| ၂၇၂။ | ဗျဂ္ဃဇာတ် | ကျိုးကြောင်းမသိတတ်သူ နတ်မိုက် | ... | ၃၄၆ |
| ၂၇၃။ | ကစ္ဆပဇာတ် | မျောက်ကိုဆုံးမသော လိပ် | ... | ၃၄၇ |
| ၂၇၄။ | လောလဇာတ် | ကျီးလော်မာ | ... | ၃၄၈ |
| ၂၇၅။ | ရုစိရဇာတ် | ကျီးလော်မာ | ... | ၃၄၉ |
| ၂၇၆။ | ကုရုဓမ္မဇာတ် | ငါးပါးသီလနှင့်ပြည့်စုံသူများ | ... | ၃၄၉ |
| ၂၇၇။ | ရောမကဇာတ် | ခိုများကို သတ်လိုသူ | ... | ၃၅၄ |
| ၂၇၈။ | မဟိံသရာဇဇာတ် | ကျွဲဆိုးခတ်ခံရသူ မျောက် | ... | ၃၅၅ |
| ၂၇၉။ | သတပတ္တဇာတ် | မိတ်ဆွေကို ရန်သူထင်သူ | ... | ၃၅၆ |
| ၂၈၀။ | ပုဋဒူသကဇာတ် | ဖျက်ဆီးတတ်သော မျောက်တို့၏ သဘာဝ | ... | ၃၅၇ |
| | ၄။ အဗ္ဘန္တရဝဂ် | | | |
| ၂၈၁။ | အဗ္ဘန္တရဇာတ် | တာဝန်ကျေပွန်သော ကျေးငယ် | ... | ၃၅၈ |
| ၂၈၂။ | သေယျဇာတ် | မေတ္တာ၏အစွမ်း | ... | ၃၆၀ |
| ၂၈၃။ | ဝဍ္ဎကီသူကရဇာတ် | ကျားကိုအောင်နိုင်သော ဝက်များ | ... | ၃၆၁ |
| ၂၈၄။ | သိရိဇာတ် | ကြက်အသည်းအမြစ် စားရ၍ မင်းဖြစ်သူ | ... | ၃၆၃ |
| ၂၈၅။ | မဏိသူကရဇာတ် | ပတ္တမြားရောင်ဖျောက်လိုသူ ဝက်များ | ... | ၃၆၅ |
| ၂၈၆။ | သာလူကဇာတ် | ဘေးကိုမမြင်သူ | ... | ၃၆၆ |
| ၂၈၇။ | လာဘဂရဟဇာတ် | လာဘ်ရအောင် လုပ်နည်းကို ကဲ့ရဲ့သူ | ... | ၃၆၆ |
| ၂၈၈။ | မစ္ဆုဒ္ဒါနဇာတ် | မြစ်စောင့်နတ်ကို အမျှပေးဝေခြင်း၏ အကျိုး | ... | ၃၆၇ |
| ၂၈၉။ | နာနာဆန္ဒဇာတ် | ပြည်သူ့ဆန္ဒထောက်လှမ်းသည့် မင်း | ... | ၃၆၉ |
| ၂၉၀။ | သီလဝီမံသကဇာတ် | သူကောင်းမြှောက်ခံရသည့်ကိုစူးစမ်းသောပုဏ္ဏား | ... | ၃၇၀ |
| | ၅။ ကုမ္ဘဝဂ် | | | |
| ၂၉၁။ | သုရာဃဋဇာတ် | ကယ်ဆယ်ကူညီမှုနှင့်မထိုက်တန်သူ | ... | ၃၇၀ |
| ၂၉၂။ | သုပတ္တဇာတ် | အရှင်သခင်အတွက် တာဝန်ကျေသူ | ... | ၃၇၀ |

http://www.dhammadownload.com



(ပ)

## မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၁၉၃။ | ကာယနိဗ္ဗိန္ဒဇာတ် | ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်သူ | ... | ၃၇၃ |
| ၁၉၄။ | ဇမ္ဗုခါဒကဇာတ် | မသူတော်ချင်း ပေါင်းဖက်တွေ့မှု | ... | ၃၇၄ |
| ၁၉၅။ | အန္တဇာတ် | 'လောက၏' အယုတ်သုံးမျိုး | ... | ၃၇၅ |
| ၁၉၆။ | သမုဒ္ဒဇာတ် | သမုဒ္ဒရာရေကုန်မှာ ကြောက်သူ | ... | ၃၇၆ |
| ၁၉၇။ | ကာမဝိလာပဇာတ် | အယုတ်သုံးမျိုး | ... | ၃၇၇ |
| ၁၉၈။ | ဥဒုမ္ဗရဇာတ် | ဘဝတူချင်း လှည့်စားသူ | ... | ၃၇၇ |
| ၁၉၉။ | ကောမာရပုတ္တဇာတ် | ဆရာကောင်းတပည့် မျောက် | ... | ၃၇၈ |
| ၂၀၀။ | ဝကဇာတ် | သစ်ကျုတ်၏ ဥပုသ်စောင့်နည်း | ... | ၃၇၉ |


### စတုက္ကနိပါတ်

### ၁။ ကာလိင်္ဂဝဂ်


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၂၀၁။ | စူဠကာလိင်္ဂဇာတ် | လုံ့လဝီရိယကြောင့် စစ်နိုင်သူ | ... | ၃၈၀ |
| ၂၀၂။ | မဟာအဿာရောဟဇာတ် | ကျေးဇူးရှင်ရှာသား | ... | ၃၈၃ |
| ၂၀၃။ | ဧကရာဇဇာတ် | မင်းကောင်းနှင့် မင်းယုတ်မာ | ... | ၃၈၅ |
| ၂၀၄။ | ဒဒ္ဒရဇာတ် | အမျက်ထွက်သော နဂါးလေး | ... | ၃၈၆ |
| ၂၀၅။ | သီလဝီမံသနဇာတ် | အကျင့်သီလကို စမ်းသင်ခြင်း | ... | ၃၈၇ |
| ၂၀၆။ | သုဇာတာဇာတ် | ဘဝမေ့ကာ ဘဝင်မြင့်သူ | ... | ၃၈၈ |
| ၂၀၇။ | ပလာသဇာတ် | ပေါက်ပင်နှင့်စကားပြောသူ | ... | ၃၈၉ |
| ၂၀၈။ | သကုဏဇာတ် | ခြင်္သေ့ကို ကူညီသူငှက် | ... | ၃၉၀ |
| ၂၀၉။ | ဆဝကဇာတ် | တရားမစောင့်သူများ | ... | ၃၉၁ |
| ၂၁၀။ | သေယျဇာတ် | သာသနာတော်၌ မပျော်မွေ့သူ | ... | ၃၉၂ |


### ၂။ ပုစိမန္ဒဝဂ်


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၂၁၁။ | ပုစိမန္ဒ ဇာတ် | တမာပင်စောင့်နတ် | ... | ၃၉၃ |
| ၂၁၂။ | ကဿပမန္ဒိယဇာတ် | စိတ်တိုသော ရဟန်းအို | ... | ၃၉၄ |
| ၂၁၃။ | ခန္တီဝါဒီဇာတ် | သည်းခံသော ရှင်ရသေ့ | ... | ၃၉၆ |
| ၂၁၄။ | လောဟကုမ္ဘီဇာတ် | ကာမေသုမိစ္ဆာစာရ ကျူးလွန်သူများ | ... | ၃၉၇ |
| ၂၁၅။ | သဗ္ဗမံသလာဘဇာတ် | အချိုသာဆုံးပြောသူ အမဲသားအားလုံးရ | ... | ၃၉၉ |
| ၂၁၆။ | သသပဏ္ဍိတဇာတ် | မျောက်၊ ခွေး၊ ဖျံနှင့် ယုန် မိတ်ဆွေ လေးဦး | ... | ၄၀၀ |
| ၂၁၇။ | မတရောဒနဇာတ် | အစ်ကိုသေသော်လည်း မငိုသောညီ | ... | ၄၀၂ |

http://www.dhammadownload.com



| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၃၁၈။ | ကဏဝေရဇာတ် | သေဘောလွတ်သော ခိုးသူကြီး ... | ၄၀၃ |
| ၃၁၉။ | တိတ္တိရဇာတ် | ခွါငှက်၏ စိတ်နေသဘောထား ... | ၄၀၆ |
| ၃၂၀။ | သုစ္စဇာတ် | မယားကိုယုယမှုမပြုသော မင်း ... | ၄၀၇ |
| | ၃။ ကုဋိဒူသကဝဂ် | | |
| ၃၂၁။ | ကုဋိဒူသကဇာတ် | အကြံကောင်းကို မလိုက်နာသူ ... | ၄၀၈ |
| ၃၂၂။ | ဒုဒ္ဒုဘဇာတ် | မြေပြိုပြီဆို၍ ပြေးသော တိရစ္ဆာန်များ ... | ၄၀၉ |
| ၃၂၃။ | ဗြဟ္မဒတ္တဇာတ် | လိုချင်သော်လည်း မတောင်းလိုသူ ... | ၄၁၀ |
| ၃၂၄။ | စမ္မသာဋကဇာတ် | သိုးဖို့ခံရ၍ ပေါင်ကျိုးသူ ... | ၄၁၂ |
| ၃၂၅။ | ဂေါဓရာဇဇာတ် | ဖွတ်နှင့်ရသေ့ကောက်အကြောင်း ... | ၄၁၃ |
| ၃၂၆။ | ကက္ကာရုဇာတ် | ကိုယ်နှင့်မတန်သည်ကို လိုချင်သူ ... | ၄၁၃ |
| ၃၂၇။ | ကာကဝတီဇာတ် | ဂဠုန်ချီခံရသူမိဖုရား ... | ၄၁၅ |
| ၃၂၈။ | အနနုသောစိယဇာတ် | မြင့်မြတ်သူ ပါရမီရှင်များ ... | ၄၁၆ |
| ၃၂၉။ | ကာဠဗာဟုဇာတ် | မင်းသားများ ကြောက်လန့်နေရသည့် မျောက်ညိုကြီး ... | ၄၁၈ |
| ၃၃၀။ | သီလဝီမံသဇာတ် | တွယ်တာမှုကင်းသော ပုဏ္ဏား ... | ၄၁၉ |
| | ၄။ ကောကိလဝဂ် | | |
| ၃၃၁။ | ကောကိလဇာတ် | ကျီးမ၏ဖွန့်ပစ်ခံရသူ ဥဩငှက် ... | ၄၂၀ |
| ၃၃၂။ | ရထလဋ္ဌိဇာတ် | တရားဆုံးဖြတ်သူ ... | ၄၂၁ |
| ၃၃၃။ | ပက္ကဂေါဓဇာတ် | တစ်ကိုယ်ကောင်းသမား ... | ၄၂၂ |
| ၃၃၄။ | ရာဇောဝါဒဇာတ် | ရုပ်ဖျက်၍စုံစမ်းသော မင်း ... | ၄၂၃ |
| ၃၃၅။ | ဇမ္ဗုကဇာတ် | မာန်တက်သော မြေခွေး ... | ၄၂၄ |
| ၃၃၆။ | ဗြဟာဆတ္တဇာတ် | ဖွဲ့သတ္တိ၏အကျိုး ခံစားသူ ... | ၄၂၅ |
| ၃၃၇။ | ပီဌဇာတ် | အလှူရေစက် လက်နှင့်မကွာသူ ... | ၄၂၇ |
| ၃၃၈။ | ထုသဇာတ် | အသက်ကယ်ဂါထာများ ရွတ်ဆိုခြင်း ... | ၄၂၈ |
| ၃၃၉။ | ဗာဝေရုဇာတ် | ငှက်မမြင်ဖူးသူများ ... | ၄၃၀ |
| ၃၄၀။ | ဝိသယှဇာတ် | လှူစရာရရန် မြက်ထမ်းရောင်းသူ သူဌေးကြီး ... | ၄၃၁ |
| | ၅။ စူဠကုဏာလဝဂ် | | |
| ၃၄၁။ | ကဏ္ဍရီဇာတ် | မိန်းမတို့ယုတ်မာပုံဟောသည့်ငှက်မင်း ... | ၄၃၃ |
| ၃၄၂။ | ဝါနရဇာတ် | မိကျောင်းနှင့်မျောက်မင်းအကြောင်း ... | ၄၃၃ |
| ၃၄၃။ | ကုန္တိနီဇာတ် | ကလဲ့စားချေသူ ... | ၄၃၃ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၃၄၄။ | အမ္ဗဇာတ် | အမျိုးသမီးလေးဦး၏ ကျိန်စာ | ... | ၄၃၄ |
| ၃၄၅။ | ဂဇကုမ္ဘဇာတ် | အပျင်းတကာ့ အပျင်းဗိုလ် | ... | ၄၃၆ |
| ၃၄၆။ | ကေသဝဇာတ် | ရသေ့နှစ်ပါး၏ သံယောဇဉ် | ... | ၄၃၇ |
| ၃၄၇။ | အယကူဋဇာတ် | လောကအကျိုးကျင့်သော မင်း | ... | ၄၃၉ |
| ၃၄၈။ | အရညဇာတ် | မိန်းမ၏ဖြားယောင်းရာသို့ မလိုက်သူ | ... | ၄၄၀ |
| ၃၄၉။ | သန္ဓိဘေဒဇာတ် | ကြားစကားယုံမိ၍ မိတ်ပျက်သူများ | ... | ၄၄၁ |
| ၃၅၀။ | ဒေဝတာပဥှာဇာတ် | (ဇာတ်အမှတ်-၅၄၂ နှင့် တူ) | ... | ၄၄၃ |

## ပဥ္စကနိပါတ်

### ၁။ မဏိကုဏ္ဍလဝဂ်

| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၃၅၁။ | မဏိကုဏ္ဍလဇာတ် | ရန်အောင်သည့်မေတ္တာတရားအကြောင်း | ... | ၄၄၄ |
| ၃၅၂။ | သုဇာတဇာတ် | သောကဖြေဖျောက်နည်း | ... | ၄၄၄ |
| ၃၅၃။ | ဝေနသာခဇာတ် | မကောင်းသူကြောင့် မကောင်းကျိုးရ | ... | ၄၄၅ |
| ၃၅၄။ | ဥရဂဇာတ် | သေသူအတွက်မပူဆွေးသောမိသားစုများ | ... | ၄၄၇ |
| ၃၅၅။ | ဃဋဇာတ် | ရန်အောင်သည့်မေတ္တာတရားအကြောင်း | ... | ၄၄၉ |
| ၃၅၆။ | ကောရဏ္ဍိယဇာတ် | တပည့်ကြောင့် အသိပြောင်းသွားသူဆရာကြီး | ... | ၄၅၀ |
| ၃၅၇။ | လဋုကိကဇာတ် | ကိုယ့်မိုက်ပြစ်ကိုကိုယ်ခံရသူ | ... | ၄၅၁ |
| ၃၅၈။ | စူဠဓမ္မပါလဇာတ် | သားငယ်ကိုသတ်၍ မြေမျိုခံရသူ | ... | ၄၅၃ |
| ၃၅၉။ | သုဝဏ္ဏမိဂဇာတ် | သမင်မင်း၏ မယားလိမ္မာ | ... | ၄၅၅ |
| ၃၆၀။ | သုယောနန္ဒီဇာတ် | အကျင့်ပျက်သူမိဖုရား | ... | ၄၅၆ |

### ၂။ ဝဏ္ဏာရောဟဝဂ်

| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၃၆၁။ | ဝဏ္ဏာရောဟဇာတ် | ကုန်းတိုက်သူမြေခွေးယုတ် | ... | ၄၅၈ |
| ၃၆၂။ | သီလဝီမံသဇာတ် | သီလကိုစုံစမ်းသူအကြောင်း | ... | ၄၅၉ |
| ၃၆၃။ | ဟိရီဇာတ် | ကျေးဇူးကန်းသည့်သူဌေးအကြောင်း | ... | ၄၆၀ |
| ၃၆၄။ | ခဇ္ဇောပနကဇာတ် | သုခမိန်မဟောသဓအကြောင်း | ... | ၄၆၀ |
| ၃၆၅။ | အဟိတုဏ္ဍိကဇာတ် | မျောက်နှင့်အလမ္ပာယ်အကြောင်း | ... | ၄၆၀ |
| ၃၆၆။ | ဂုမ္ဗိယဇာတ် | ပြောစကားနားမထောင်သူများ | ... | ၄၆၀ |
| ၃၆၇။ | သာဠိယဇာတ် | မြွေကို ငှက်ဟုပြော၍ အဖမ်းခိုင်းသူ | ... | ၄၆၁ |
| ၃၆၈။ | တစသာရဇာတ် | စကားလိုက်နာသော သူငယ်ချင်းများ | ... | ၄၆၂ |
| ၃၆၉။ | မိတ္တဝိန္ဒကဇာတ် | ရသေ့နှင့် မရောင့်ရဲသူ | ... | ၄၆၃ |
| ၃၇၀။ | ပလာသဇာတ် | အကြံကောင်းပေးပါလျက် လက်မခံသူ | ... | ၄၆၄ |

http://www.dhammadownload.com



| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | ကမျှတ်နှာ |
|---|---|---|---|---|
| | ၃။ အဇ္ဈဝဂ် | | | |
| ၃၇၁။ | ဒီဃိတိကောသလဇာတ် | မိဘစကားနားထောင်သူ | ... | ၄၆၆ |
| ၃၇၂။ | မိဂပေါတကဇာတ် | မွေးစားသောသမင်သေ၍ ငိုကြွေးသူ | ... | ၄၆၇ |
| ၃၇၃။ | မူသိကဇာတ် | ဆရာ့စကား လိုက်နာသူ | ... | ၄၆၈ |
| ၃၇၄။ | စူဠဓနုဂ္ဂဟဇာတ် | အဟောင်းပစ်၍ အသစ်ရှာသူ | ... | ၄၇၀ |
| ၃၇၅။ | ကပေါတဇာတ် | ခိုနှင့်အတူလာနေသူ အကျင့်ပျက်ကျီး | ... | ၄၇၃ |

ဆက္ကနိပါတ်

| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | ကမျှတ်နှာ |
|---|---|---|---|---|
| | ၁။ အဝါရိယဝဂ် | | | |
| ၃၇၆။ | အဝါရိယဇာတ် | ရဖို့သာကြည့်တတ်၍ မင်းဒဏ်သင့်သူ | ... | ၄၇၅ |
| ၃၇၇။ | သေတကေတုဇာတ် | တတ်ယောင်ဆောင်သောရသေ့များ | ... | ၄၇၇ |
| ၃၇၈။ | ဒရီမုခဇာတ် | ငြိမ်းချမ်းမှု ရသွားသူ | ... | ၄၇၉ |
| ၃၇၉။ | နေရုဇာတ် | နေရုတောင်၌မနေလိုသူ ဟင်္သာညီနောင် | ... | ၄၈၂ |
| ၃၈၀။ | အာသင်္ကဇာတ် | ရသေ့သမီးကိုမှ လိုချင်သူ | ... | ၄၈၃ |
| ၃၈၁။ | မိဂါလောပဇာတ် | စကားနားမထောင်သော လင်းတ | ... | ၄၈၅ |
| ၃၈၂။ | သိရီကာဠကဏ္ဏိဇာတ် | ကာဠကဏ္ဏိနတ်သမီးနှင့် သိရီနတ်သမီး | ... | ၄၈၆ |
| ၃၈၃။ | ကုက္ကုဋဇာတ် | လှည့်စားတတ်သော ကြောင်မ | ... | ၄၈၈ |
| ၃၈၄။ | ဓမ္မဓဇဇာတ် | သူတော်ယောင်ဆောင်သော ကျီး | ... | ၄၈၉ |
| ၃၈၅။ | နန္ဒိယမိဂရာဇ ဇာတ် | မိဘကျေးဇူးသိသော သမင် | ... | ၄၉၁ |
| | ၂။ ခရပုတ္တဝဂ် | | | |
| ၃၈၆။ | ခရပုတ္တဇာတ် | ကျေးဇူးသိတတ်သော နဂါးမင်း | ... | ၄၉၂ |
| ၃၈၇။ | သုစိဇာတ် | ပန်းပဲပညာရှင် | ... | ၄၉၆ |
| ၃၈၈။ | တုဏ္ဍိလဇာတ် | ဝက်ညီနောင် | ... | ၄၉၈ |
| ၃၈၉။ | သုဝဏ္ဏကက္ကဋဇာတ် | ရွှေပုစွန်လုံး | ... | ၄၉၉ |
| ၃၉၀။ | မယှကဇာတ် | မယှကငှက်နှင့် တူသူ | ... | ၅၀၁ |
| ၃၉၁။ | ဝိဇ္ဇာဓရဇာတ် | ယုတ်မာသူ ဝိဇ္ဇာဓိုရ် | ... | ၅၀၃ |
| ၃၉၂။ | သိင်္ဃပုပ္ဖဇာတ် | ဆုံးမစကားနာယူလွယ်သူ | ... | ၅၀၅ |
| ၃၉၃။ | ဝိဃာသာဒဇာတ် | စစ်မှန်သော စားကြွင်းစားများ | ... | ၅၀၆ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၃၉၄။ | ဝဋ္ဋကဇာတ် | အာဟာရကြောင့် ပူပန်မှုမရှိသူ | ... | ၅၀၈ |
| ၃၉၅။ | ပါရာဝတဇာတ် | နို့နှင့်ကျီးပျက်အကြောင်း | ... | ၅၀၉ |

### သတ္တကနိပါတ်

### ၁။ ကုက္ကုဝဂ်

| | | | | |
|---|---|---|---|---|
| ၃၉၆။ | ကုက္ကုဇာတ် | မင်းလိုမလိုက်သော အမတ်ပညာရှိ | ... | ၅၁၀ |
| ၃၉၇။ | မနောဇဇာတ် | အဖစကားနားမထောင်၍ ပျက်စီးသူ | ... | ၅၁၂ |
| ၃၉၈။ | သုတနုဇာတ် | ဘီလူးကို အနိုင်ရသူ | ... | ၅၁၃ |
| ၃၉၉။ | ဂိဇ္ဈဇာတ် | မိဘကို လုပ်ကျွေးသော လင်းတ | ... | ၅၁၅ |
| ၄၀၀။ | ဒဗ္ဗပုပ္ဖဇာတ် | ငို့ဘာသမား မြေခွေး | ... | ၅၁၆ |
| ၄၀၁။ | ပဏ္ဏကဇာတ် | အခက်ခဲဆုံးလုပ်ငန်း | ... | ၅၁၇ |
| ၄၀၂။ | သတ္တုဘသ္တဇာတ် | ပုဏ္ဏားအကျိုးဆောင်သူ ပညာရှိ | ... | ၅၁၉ |
| ၄၀၃။ | အဋ္ဌိသေနဇာတ် | ရက်ရက်ရောရော လှူလိုသူ | ... | ၅၂၂ |
| ၄၀၄။ | ကပိဇာတ် | မျောက်တစ်ကောင်ကြောင့်<br>မျောက်အများ ပျက်စီးရ | ... | ၅၂၄ |
| ၄၀၅။ | ဗကဇာတ် | အသက်ကယ်ခဲ့၍ အသက်ရှည်ရသူ | ... | ၅၂၅ |

### ၂။ ဂန္ဓာရဝဂ်

| | | | | |
|---|---|---|---|---|
| ၄၀၆။ | ဂန္ဓာရဇာတ် | အမြင်တူသွားသူမင်းများ | ... | ၅၂၇ |
| ၄၀၇။ | မဟာကပိဇာတ် | အများအတွက် အသက်စွန့်သူ မျောက်မင်း | ... | ၅၂၉ |
| ၄၀၈။ | ကုမ္ဘကာရဇာတ် | ကောင်းကျိုးမဖက် ကာမဝိတက် | ... | ၅၃၁ |
| ၄၀၉။ | ဒဠ္ဟဓမ္မဇာတ် | ကျေးဇူးဟောင်းကို မမေ့သူ | ... | ၅၃၃ |
| ၄၁၀။ | သောမဒတ္တဇာတ် | သမင်ငယ်နှင့်ရသေ့အကြောင်း | ... | ၅၃၄ |
| ၄၁၁။ | သုသီမဇာတ် | ပစ်မှတ်ကို လွဲချော်သူ | ... | ၅၃၅ |
| ၄၁၂။ | ကောဋသိမ္ဗလိဇာတ် | ကြိုတင်သိမြင်သူ | ... | ၅၃၆ |
| ၄၁၃။ | ဓူမကာရိဇာတ် | အဟောင်းနှင့် အသစ်တို့၏ ဝိရောဓိ | ... | ၅၃၇ |
| ၄၁၄။ | ဇာဂရဇာတ် | အိပ်လည်း အိပ်ပျော်၍ နိုးလည်း နိုးကြားသူ | ... | ၅၃၈ |
| ၄၁၅။ | ကုမ္မာသပိဏ္ဍိဇာတ် | ဒါနအကျိုး ခံစားရသူ | ... | ၅၃၉ |
| ၄၁၆။ | ပရန္တပဇာတ် | တူသောအကျိုး ခံစားရသူ | ... | ၅၄၀ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| | **အဋ္ဌကနိပါတ်** | | | |
| | **၁။ ကစ္စာနိဝဂ်** | | | |
| ၄၁၇။ | ကစ္စာနိဇာတ် | သားလိမ္မာ | ... | ၅၄၃ |
| ၄၁၈။ | အဋ္ဌသဒ္ဒဇာတ် | အသံရှစ်မျိုးကြား၍ တုန်လှုပ်သောမင်း | ... | ၅၄၄ |
| ၄၁၉။ | သုလသာဇာတ် | အကြံကောင်းသူ | ... | ၅၄၆ |
| ၄၂၀။ | သုမင်္ဂလဇာတ် | မင်းနှင့်ဥယျာဉ်မှူးအကြောင်း | ... | ၅၄၇ |
| ၄၂၁။ | ဂင်္ဂမာလဇာတ် | တရားရသွားသော ဆတ္တာသည် | ... | ၅၄၉ |
| ၄၂၂။ | စေတိယဇာတ် | မုသားပြောသူမင်း | ... | ၅၅၁ |
| ၄၂၃။ | ဣန္ဒြိယဇာတ် | ညွှန်နှင့်တူသောကိလေသာ | ... | ၅၅၃ |
| ၄၂၄။ | အာဒိတ္တဇာတ် | ရွေးချယ်၍ လှူဒါန်းသူ | ... | ၅၅၄ |
| ၄၂၅။ | အဋ္ဌာနဇာတ် | မိန်းမတို့ဖွဲ့ | ... | ၅၅၅ |
| ၄၂၆။ | ဒီပိဇာတ် | အပြစ်မရှိ အပြစ်ရှာသူ | ... | ၅၅၇ |
| | **နဝကနိပါတ်** | | | |
| ၄၂၇။ | ဂိဇ္ဈဇာတ် | မိဘစကားနားမထောင်သူ | ... | ၅၅၉ |
| ၄၂၈။ | ကောသမ္ဗိယဇာတ် | ဒီဃာဝုမင်းသားအကြောင်း | ... | ၅၆၀ |
| ၄၂၉။ | မဟာသုဝဇာတ် | အဆွေခင်ပွန်းကောင်းတို့၏သဘော | ... | ၅၆၀ |
| ၄၃၀။ | စူဠသုဝဇာတ် | ကျေးမင်းနှင့်သစ်ပင်ငုတ်တိုအကြောင်း | ... | ၅၆၁ |
| ၄၃၁။ | ဟရိတစဇာတ် | ဝိသဘာဂ အာရုံကြောင့် ချာန်လျှောသူ | ... | ၅၆၁ |
| ၄၃၂။ | ပဒကုသလမာဏဝဇာတ် | ဘီလူးမ၏မေတ္တာ | ... | ၅၆၃ |
| ၄၃၃။ | လောမသကဿပဇာတ် | မ၏မာယာမှလွတ်သွားသူ | ... | ၅၆၅ |
| ၄၃၄။ | စက္ကဝါကဇာတ် | အစားအသောက်မက်သူ | ... | ၅၆၇ |
| ၄၃၅။ | ဟလိဒ္ဒိရာဂဇာတ် | ချစ်၍ခေါ်ရာ မလိုက်သူ | ... | ၅၆၈ |
| ၄၃၆။ | သမုဂ္ဂ ဇာတ် | သန်လျက်ကိုင်ထားသူ ဝိဇ္ဇာမိုရ် | ... | ၅၆၉ |
| ၄၃၇။ | ပူတိမံသဇာတ် | ဉာဏ်များသူ မြေခွေး | ... | ၅၇၁ |
| ၄၃၈။ | ဒဒ္ဒရဇာတ် | ယုတ်မာသောရသေ့ | ... | ၅၇၂ |
| | **ဒသကနိပါတ်** | | | |
| ၄၃၉။ | စတုဒွါရဇာတ် | သင်ဓုန်းစက်ကို ကြာပန်းထင်သူ | ... | ၅၇၅ |
| ၄၄၀။ | ကဏှဇာတ် | အသားမည်းသော်လည်း အကျင့်ဖြူစင်သူ | ... | ၅၇၇ |

http://www.dhammadownload.com



## မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၄၄၁။ | စတုပေါသထိကဇာတ် | ဥပုသ်သည်လေးဦးအကြောင်း | ... | ၅၇၈ |
| ၄၄၂။ | သခ်ဇာတ် | ဒါနအကျိုး လက်ငင်းခံစားရသူ | ... | ၅၇၈ |
| ၄၄၃။ | စူဠဗောဓိဇာတ် | ဒေါသကို ထိန်းချုပ်သူ | ... | ၅၈၀ |
| ၄၄၄။ | ကဏှဒီပါယနဇာတ် | မိတ်ကောင်းနှင့် ပြည့်စုံသူ | ... | ၅၈၂ |
| ၄၄၅။ | နိဂြောဓဇာတ် | ကျေးဇူးတရားသိသူ | ... | ၅၈၂ |
| ၄၄၆။ | တက္ကလဇာတ် | အဖကို လုပ်ကျွေးသူ | ... | ၅၈၅ |
| ၄၄၇။ | မဟာဓမ္မပါလဇာတ် | အသက်ရှည်ဆေးသုံးသူများ | ... | ၅၈၇ |
| ၄၄၈။ | ကုက္ကုဋဇာတ် | ယုတ်မာသော အကြံသမား | ... | ၅၈၈ |
| ၄၄၉။ | မဋ္ဌကုဏ္ဍလီဇာတ် | မရနိုင်သည်ကို တမ်းတသူ | ... | ၅၈၉ |
| ၄၅၀။ | ဗိဠာရကောသိယဇာတ် | ဒါနအကျိုးသိသွားသူ | ... | ၅၉၀ |
| ၄၅၁။ | စက္ကဝါကဇာတ် | စက္ကဝါငှက်နှင့်ကျီးကန်းအကြောင်း | ... | ၅၉၃ |
| ၄၅၂။ | ဘူရိပညဇာတ် | သုခမိန်မဟောသဓအကြောင်း | ... | ၅၉၃ |
| ၄၅၃။ | မဟာမင်္ဂလဇာတ် | မင်္ဂလာတရားရှာကြသူများ | ... | ၅၉၃ |
| ၄၅၄။ | ဃဋပဏ္ဍိတဇာတ် | လပေါ်မှ ယုန်ကိုလိုချင်သူ | ... | ၅၉၃ |


### ဧကာဒသကနိပါတ်


| | | | | |
|---|---|---|---|---|
| ၄၅၅။ | မာတုပေါသကဇာတ် | မိဘကျေးဇူးကိုသိတတ်သော ဆင်ဖြူတော် | ... | ၅၉၈ |
| ၄၅၆။ | ဇုဏှဇာတ် | ကတိကို တန်ဖိုးထားသူ | ... | ၅၉၉ |
| ၄၅၇။ | ဓမ္မဒေဝပုတ္တဇာတ် | တရားသူနှင့် မတရားသူ | ... | ၆၀၀ |
| ၄၅၈။ | ဥဒယဇာတ် | ကတိတည်သူစုံတွဲ | ... | ၆၀၁ |
| ၄၅၉။ | ပါနီယဇာတ် | မကောင်းမှုရှောင် ကောင်းမှုဆောင်သူများ | ... | ၆၀၃ |
| ၄၆၀။ | ယုဓဉ္စယဇာတ် | ရဟန်းပြုခွင့်တောင်းသူများ | ... | ၆၀၅ |
| ၄၆၀။ | ဒသရထဇာတ် | ဖခင်စကား နားထောင်သူ | ... | ၆၀၆ |
| ၄၆၂။ | သံဝရဇာတ် | ဆရာ့စကား လိုက်နာသူ | ... | ၆၀၇ |
| ၄၆၃။ | သုပ္ပာရကဇာတ် | သီလ၏အစွမ်း | ... | ၆၀၈ |


### ဒွါဒသကနိပါတ်


| | | | | |
|---|---|---|---|---|
| ၄၆၄။ | စူဠကုဏာလဇာတ် | မိန်းမယုတ်မာပုံဟောသည့်ငှက်မင်း | ... | ၆၁၁ |
| ၄၆၅။ | ဘဒ္ဒသာလဇာတ် | အများအကျိုးဆောင်သူ | ... | ၆၁၁ |
| ၄၆၆။ | သမုဒ္ဒဝါဏိဇဇာတ် | ခေါင်းဆောင်နှစ်ယောက်၏ ခြားနားချက် | ... | ၆၁၂ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၄၆၇။ | ကာမဇာတ် | အလိုကြီးလွန်းသူ | ... | ၆၁၃ |
| ၄၆၈။ | ဇနသန္ဓဇာတ် | ဦးဆောင်မှု ကောင်းမှု | ... | ၆၁၄ |
| ၄၆၉။ | မဟာကဏှဇာတ် | လောကကို အလှဆင်ခြင်း | ... | ၆၁၅ |
| ၄၇၀။ | ကောသိယဇာတ် | ဟိရိနှတ်သမီးနှင့်ကောသိယရသေ့အကြောင်း | ... | ၆၁၆ |
| ၄၇၁။ | မေဏ္ဍကပဉှဇာတ် | မဟောသဓပညာရှိ | ... | ၆၁၆ |
| ၄၇၂။ | မဟာပဒုမဇာတ် | ဘယ်သူမပြု မိမိ၏အမှုသာ | ... | ၆၁၆ |
| ၄၇၃။ | မိတ္တာမိတ္တဇာတ် | မိတ်ဆွေနှင့်ရန်သူ ခွဲခြားနိုင်ရန် | ... | ၆၁၈ |


## တေရသကနိပါတ်


| | | | | |
|---|---|---|---|---|
| ၄၇၄။ | အမ္ဗဇာတ် | မရှက်သင့်သည်၌ ရှက်သူ | ... | ၆၂၀ |
| ၄၇၅။ | ဖန္ဒနဇာတ် | ရန်ကို ရန်နှင့်တုံ့ပြန်သူ | ... | ၆၂၁ |
| ၄၇၆။ | ဇဝနဟံသဇာတ် | မပြိုင်သင့်သည်၌ ပြိုင်သူများ | ... | ၆၂၂ |
| ၄၇၇။ | စူဠနာရဒဇာတ် | လမ်းမှားသို့မရောက်မီ ပြင်နိုင်သူ | ... | ၆၂၄ |
| ၄၇၈။ | ဒူတဇာတ် | အကြံကောင်း၍ ပညာသင်စရိတ်ရသူ | ... | ၆၂၅ |
| ၄၇၉။ | ကာလိင်္ဂဗောဓိဇာတ် | ဗောဓိမဏ္ဍိုင်၏ဂုဏ်တော် | ... | ၆၂၆ |
| ၄၈၀။ | အကိတ္တိဇာတ် | ငြိုးငြင်စွာကျင့်သူ အကိတ္တိရသေ့ | ... | ၆၂၇ |
| ၄၈၁။ | တက္ကာရိယဇာတ် | နှုတ်မစောင့်သူ ပုရောဟိတ် | ... | ၆၂၈ |
| ၄၈၂။ | ရုရုမိဂဇာတ် | ကျေးဇူးကန်းသူ ဒေဝဒတ်လောင်း | ... | ၆၃၀ |
| ၄၈၃။ | သရဘမိဂဇာတ် | ဘုရင်တာမှ ထွက်ပြေးသူ သမင်မင်း | ... | ၆၃၁ |


## ပကိဏ္ဏကနိပါတ်


| | | | | |
|---|---|---|---|---|
| ၄၈၄။ | သာလိကေဒါရဇာတ် | မိဘကိုလုပ်ကျွေးသူ ကျေးမင်း | ... | ၆၃၄ |
| ၄၈၅။ | စန္ဒကိန္နရီဇာတ် | လင်ယောကျ်ားအပေါ်သစ္စာထားလွန်းသူ | ... | ၆၃၅ |
| ၄၈၆။ | မဟာဥက္ကုသဇာတ် | အတုယူဖွယ်မိတ်ဆွေများ | ... | ၆၃၇ |
| ၄၈၇။ | ဥဒ္ဒါလကဇာတ် | အဆန်းတကြယ် လုပ်ပြသူ | ... | ၆၃၈ |
| ၄၈၈။ | ဘိသဇာတ် | တရားရှင် မောင်နှမများ | ... | ၆၄၀ |
| ၄၈၉။ | သုရုစိဇာတ် | သားဆုပန်ရသူ | ... | ၆၄၁ |
| ၄၉၀။ | ပဉ္စုပေါသထိကဇာတ် | ဥပုသ်သီလဖြင့် မိမိကိုယ်ကိုပြုပြင်သူများ | ... | ၆၄၃ |
| ၄၉၁။ | မဟာမောရဇာတ် | မအသံကြောင့် ကျော့ကွင်း၌မိရသူ | ... | ၆၄၅ |
| ၄၉၂။ | တစ္ဆကသူကရဇာတ် | ကျားနှင့်ဝက်စစ်မိုလ်ကြီးအကြောင်း | ... | ၆၄၆ |

# မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၄၉၃။ | မဟာဝါဏိဇဇာတ် | လောဘကြီးသူ လှည်းကုန်သည်များ | ... | ၆၄၆ |
| ၄၉၄။ | သာဓိနဇာတ် | သာဓိနမင်း၏ သီလစွမ်းအား | ... | ၆၄၇ |
| ၄၉၅။ | ဒသဗြာဟ္မဏဇာတ် | သီလရှိသူကိုသာ လှူချင်သူ | ... | ၆၄၈ |
| ၄၉၆။ | ဘိက္ခာပရမ္ဘရဇာတ် | အမြတ်ဆုံးပုဂ္ဂိုလ်ကို လှူသူ | ... | ၆၄၉ |


## ဝီသတိနိပါတ်


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၄၉၇။ | မာတင်္ဂဇာတ် | ဒွန်းစဏ္ဍားနှင့် သူဌေးသမီး | ... | ၆၅၁ |
| ၄၉၈။ | စိတ္တသမ္ဘူတဇာတ် | အသိဇာတ်ခံတူသူ နှစ်ဦး | ... | ၆၅၄ |
| ၄၉၉။ | သိဝိဇာတ် | မျက်စိနှစ်ဖက်လုံး လှူသူ | ... | ၆၅၅ |
| ၅၀၀။ | သိရိမန္တဇာတ် | မဟောသဓသုခမိန်အကြောင်း | ... | ၆၅၆ |
| ၅၀၁။ | ရောဟဏမိဂဇာတ် | မိဘကို လုပ်ကျွေးသူများ | ... | ၆၅၇ |
| ၅၀၂။ | ဟံသဇာတ် | ရွှေဟသာ၏ တရားနာလိုသူ | ... | ၆၅၈ |
| ၅၀၃။ | သတ္တိဂုမ္ဘဇာတ် | စရိုက်မတူသူ ကျေးညီနောင် | ... | ၆၅၉ |
| ၅၀၄။ | ဘလ္လာတိယဇာတ် | အချစ်ကြီးသူ ကိန္နရာလင်မယား | ... | ၆၆၁ |
| ၅၀၅။ | သောမနဿဇာတ် | မလုပ်သင့်သည်ကို လုပ်နေသူ | ... | ၆၆၂ |
| ၅၀၆။ | စမ္ပေယျဇာတ် | ခန္တီပါရမီပြည့်သူနဂါးမင်း | ... | ၆၆၄ |
| ၅၀၇။ | မဟာပလောဘနဇာတ် | မိန်းမနံ့မခံနိုင်သည့်မင်းသား | ... | ၆၆၆ |
| ၅၀၈။ | ပဉ္စပဏ္ဍိတဇာတ် | မဟောသဓသုခမိန်အကြောင်း | ... | ၆၆၆ |
| ၅၀၉။ | ဟတ္ထိပါလဇာတ် | ကာမညွှန်မှ ရုန်းထွက်သူများ | ... | ၆၆၆ |
| ၅၁၀။ | အယောဃရဇာတ် | သံလှောင်အိမ်၌နေရသူ | ... | ၆၆၈ |


## တိံသနိပါတ်


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| ၅၁၁။ | ကိံဆန္ဒဇာတ် | လာဘ်စားခြင်း၏ ဆိုးကျိုး | ... | ၆၇၀ |
| ၅၁၂။ | ကုမ္ဘဇာတ် | သေရည်ဖြစ်ပေါ်လာရာမှ ပျက်စီးကြရပုံ | ... | ၆၇၁ |
| ၅၁၃။ | ဇယဒ္ဒိသဇာတ် | ဘီလူးဖြစ်နေသူလူသား | ... | ၆၇၃ |
| ၅၁၄။ | ဆဒ္ဒန္တဇာတ် | အငြိုးကြီးသူမိဖုရား | ... | ၆၇၅ |
| ၅၁၅။ | သမ္ဘဝဇာတ် | တရားရှင်များ | ... | ၆၇၈ |
| ၅၁၆။ | မဟာကပိဇာတ် | ကျေးဇူးကန်းသူ | ... | ၆၈၀ |
| ၅၁၇။ | ဒကရက္ခသဇာတ် | မဟောသဓပညာရှိ | ... | ၆၈၁ |
| ၅၁၈။ | ပဏ္ဍရကနာဂရာဇဇာတ် | ကိုယ့်ရှူးကိုယ်ပတ်သူ | ... | ၆၈၁ |

http://www.dhammadownload.com




| စဉ် | ဇာတ်အမည် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၅၁၉။ | သမ္ဗုလာဇာတ် | သစ္စာ၏ အစွမ်း | ... ၆၈၂ |
| ၅၂၀။ | ဂဏ္ဍတိန္ဒုကဇာတ် | ပြည်သူ့အသံ နားထောင်သောမင်း | ... ၆၈၄ |
| | **စတ္တာလီသနိပါတ်** | | |
| ၅၂၁။ | တေသကုဏဇာတ် | အသိဉာဏ်ကြွယ်ဝသူ ငှက်များ | ... ၆၈၆ |
| ၅၂၂။ | သရဘင်္ဂဇာတ် | သရဘင်္ဂရသေ့၏တရားနာသူများ | ... ၆၈၇ |
| ၅၂၃။ | အလမ္ဗုသာဇာတ် | အတွေ့ထူး၍ မျောပါသွားသူ | ... ၆၉၀ |
| ၅၂၄။ | သင်္ခပါလဇာတ် | ဥပုသ်သည် နဂါးမင်း | ... ၆၉၁ |
| ၅၂၅။ | စူဠသုတသောမဇာတ် | ဆံဖြူတစ်ပင်ကို အရင်းပြုသူ | ... ၆၉၂ |
| | **ပဏ္ဏာသနိပါတ်** | | |
| ၅၂၆။ | နိဠိနိကာဇာတ် | သွေးဆောင်မှုကို မခံနိုင်သူ | ... ၆၉၄ |
| ၅၂၇။ | ဥမ္မာဒန္တီဇာတ် | အလှဖြင့် ယစ်မူးစေနိုင်သူ | ... ၆၉၅ |
| ၅၂၈။ | မဟာဗောဓိပရိဗ္ဗာဇကဇာတ် | ကုန်းတိုက်သူ၏ သွားရာလမ်း | ... ၆၉၈ |
| | **သဋ္ဌိနိပါတ်** | | |
| ၅၂၉။ | သောဏကဇာတ် | စံနမူနာအပြကောင်းသူ | ... ၇၀၁ |
| ၅၃၀။ | သံကိစ္စဇာတ် | တရားရှင်၏ အကူအညီ | ... ၇၀၃ |
| | **သတ္တတိနိပါတ်** | | |
| ၅၃၁။ | ကုသဇာတ် | ကုသမင်းနှင့် ပဘာဝတီ | ... ၇၀၅ |
| ၅၃၂။ | သောဏနန္ဒဇာတ် | ညီနောင်နှစ်ဖော် | ... ၇၀၈ |
| | **အသီတိနိပါတ်** | | |
| ၅၃၃။ | စူဠဟံသဇာတ် | မိမိအသက်နှင့်ထပ်တူလေးစားသူ | ... ၇၁၁ |
| ၅၃၄။ | မဟာဟံသဇာတ် | မိတ်ဆွေကောင်းတို့၏ စိတ်ထား | ... ၇၁၂ |
| ၅၃၅။ | သုဓာဘောဇနဇာတ် | ဒါန၏ အစွမ်း | ... ၇၁၃ |
| ၅၃၆။ | မဟာကုဏာလဇာတ် | တရားရှင် ငှက်မင်း | ... ၇၁၅ |
| ၅၃၇။ | မဟာသုတသောမဇာတ် | လူဆိုးကို လူကောင်းဖြစ်စေသူ | ... ၇၁၈ |

http://www.dhammadownload.com



# မာတိကာ


| စဉ် | ဇာတ်အမည် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|---|
| | **မဟာနိပါတ်** | | | |
| ၅၃၈။ | တေမိယဇာတ် | စကားမပြောသူမင်းသား | ... | ၇၂၃ |
| ၅၃၉။ | မဟာဇနကဇာတ် | လုံ့လဝီရိယ အကျိုးခံစားရသူ | ... | ၇၂၄ |
| ၅၄၀။ | သုဝဏ္ဏသာမဇာတ် | သစ္စာတရား၏အကျိုးကြီးမားပုံ | ... | ၇၂၆ |
| ၅၄၁။ | နေမိဇာတ် | ငရဲခန်းနှင့်နတ်ဘုံများကို မြင်တွေ့ခဲ့ရသူ | ... | ၇၂၇ |
| ၅၄၂။ | မဟာဥမင်္ဂ(မဟောသဓာ)ဇာတ် | ပညာဖြင့်အောင်စေနိုင်သူ | ... | ၇၂၈ |
| ၅၄၃။ | ဘူရိဒတ္တဇာတ် | သီလဆောက်တည်သူ နဂါးမင်း | ... | ၇၃၀ |
| ၅၄၄။ | စန္ဒကုမာရဇာတ် | အမှန်တရားကိုသာ စီရင်သူ | ... | ၇၃၁ |
| ၅၄၅။ | နာရဒဇာတ် | အမြင်မှန်ရသွားသူ | ... | ၇၃၃ |
| ၅၄၆။ | ဝိဓုရဇာတ် | နဂါးပြည်၌တရားဟောသော ဝိဓုရသုခမိန် | ... | ၇၃၄ |
| ၅၄၇။ | ဝေဿန္တရာဇာတ် | သားမယားကိုပင်လှူသောမင်း | ... | ၇၃၆ |


နိပါတ်တော်လာဇာတ်တော် ငါးရာ့ငါးဆယ်အနှစ်ချုပ် မာတိကာပြီးပြီ။

http://www.dhammadownload.com

# ဧကကနိပါတ်

ဝဂ်စုစုပေါင်း-၁၅

ဇာတ်စုစုပေါင်း-၁၅၀

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁။ အပဏ္ဏကဝဂ်

### ၁။ အပဏ္ဏကဇာတ်

#### လှည်းကုန်သည်နှစ်ဦး

**ပစ္စုပ္ပန်ဝတ္ထု၊**

မြတ်စွာဘုရားသခင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် တိတ္ထိတို့၏ ယုံကြည်လိုက်နာမှု နိုင်မာခြင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု၊**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မျိုး၌ ဖြစ်လေသည်။ သူသည် လိမ္မာရေးခြားရှိ၍ ကျိုးကြောင်းသင့်အောင် ဆင်ခြင်ဝေဖန်တတ်သည်။ လှည်းငါးရာဖြင့် အနယ်နယ် အရပ်ရပ်သို့အရောင်းအဝယ်ထွက်သည်။ ထိုဗာရာဏသီမြို့တော်၌ပင် ဆင်ခြင်တုံတရားမရှိ၊ အရာရာတိုင်းကို ယုံလွယ်တတ်သူ အခြားလှည်းကုန်သည်တစ်ဦးရှိသည်။ တစ်နေ့သော အခါ ဘုရားအလောင်းကုန်သည်သည် လှည်းငါးရာတို့ဖြင့် ဝန်အပြည့်တင်ဆောင်ကာ ကုန်ရောင်းထွက်ရန် စီစဉ်နေစဉ် လှည်းကုန်သည်မိုက်လည်း ဘုရားလောင်းသွားမည့် ခရီးစဉ်အတိုင်း လှည်းစီးရေ ငါးရာတို့ဖြင့် ကုန်ရောင်းထွက်မည်ဆိုသည့်သတင်း ရောက် လာသည်။

ဘုရားလောင်းက 'လူတစ်ထောင်နှင့် နွားနှစ်ထောင် တစ်ချိန်တည်းတစ်ခရီးတည်း သွားရန် မလွယ်ကူ။ လမ်းခရီးတွင် ထင်းမီးကစ၍ စခန်းချရေးအထိ အခက်အခဲရှိမည်'ဟု

http://www.dhammadownload.com



စဉ်းစားမိသဖြင့် လှည်းကုန်သည်သူမိုက်ကိုခေါ်၍ 'သင် ရှေ့ကသွားလိုက သွားပါ၊ သို့မဟုတ် နောက်မှာ ချန်ကာ လိုက်လိုကလည်း လိုက်ပါ'ဟု ပြောဆိုဆွေးနွေး၏။ လှည်းကုန်သည်မိုက်က "ရှေးဦးစွာသွားလျှင် မိမိ၏ ကုန်ပစ္စည်းများကို ရောင်းချရာ၌ ဈေးကောင်းကို ရမည်။ နောက်မှ လိုက်ပါက ဈေးကောင်းကို မရနိုင်"ဟု စဉ်းစားပြီး ရှေးဦးစွာသွားမည်ဖြစ်ကြောင်း ပြောပြသည်။

လှည်းကုန်သည်မိုက် ဦးဆောင်သောအဖွဲ့သည် ခရီးထွက်ခွာသွား၍ မကြာမီ ခရီးကြမ်းအလယ်သို့ ရောက်၏။ ကန္တာရတောထဲ၌ ဘီလူးတို့သည် လူ့အသွင် ဖန်ဆင်းကြပြီး နွားဖြူပျိုတစ်ရှဉ်းကသော လှည်းယာဉ်ငယ်ကလေးဖြင့် မျက်နှာချင်းဆိုင်အရပ်မှ မောင်းနှင်လာကြသည်။ ခေါင်းဆောင်လုပ်သူက လှည်းစီးကာ အခြွေအရံများက ခြေကျင် လိုက်ပါကြသည်။ သူတို့၏ကိုယ်နှင့် အဝတ်အစား၊ လက်နက်တို့မှာ ရွှံ့ညွန်တို့ဖြင့် ပေကျံနေကာ ရေစက်ရေပေါက်တို့ဖြင့် ရွှဲရွှဲစိုနေသည်။ ကုန်သည်မိုက်အဖွဲ့နှင့် ဆုံမိကြသောအခါ လမ်းခရီးအခြေအနေကို စူးစမ်းမေးမြန်းကြသည်။ ဘီလူးများက 'ရှေ့တွင် မိုးကြီးသည်းထန်စွာ ရွာသွန်းနေသည်။ တောလမ်းခရီးတစ်လျှောက်ရှိ အင်းအိုင်ချိုင့်ဝှမ်းများဖြင့် ရေပြည့်လျက်ရှိပြီး ကြာပန်းစုံတို့ ဖူးပွင့်နေသည်'ဟု ပြောပြကြသည်။

ထိုသတင်းကို ကြားရသောအခါ လှည်းကုန်သည်မိုက်သည် ဝန်ပေါ့စေရန် ပါလာသောရေများကို သွန်ပစ်ခိုင်းကာ ရှေ့ခရီးသို့ ဆက်လာခဲ့ကြသည်။ ညနေ နေဝင်၍ စခန်းချရပ်နားသောအခါ ရေမရှိသဖြင့် မချက်ပြုတ်နိုင်ကြ။ နွားများလည်း ရေငတ်၊ လူများလည်း အာဟာရပြတ်ကုန်ကြ၏။ လူများရော၊ နွားများပါ ခွန်အားယုတ်လျော့ကုန်ကြသည်။ ညဥ့်ယုန်ကိုမြင်၍ ညဉ့်ချုံကိုထွင်ခဲ့သော ဘီလူးများသည် ညဥ့်သန်းခေါင်ချိန်ရောက်သည်နှင့် လှည်းစခန်းကိုဝိုင်းရံလာကြကာ လှည်းကုန်သည်မိုက် ဦးဆောင်သည့်အဖွဲ့အား သတ်ဖြတ်စားသောက်ကြလေသည်။

ဘုရားလောင်းလှည်းကုန်သည်တို့သည် ကုန်သည်မိုက်အဖွဲ့ ထွက်သွားပြီးနောက် လဝက်ပြည့်သည့်နေ့တွင်မှ ခရီးစထွက်သည်။ ကန္တာရအဝင်သို့ရောက်သော် ရေကို လုံလောက်အောင် ဖြည့်သည်။ 'မိမိခွင့်ပြုချက်မရဘဲ ကန္တာရထဲတွင် ရေလက်တစ်ခုပ်သော်မျှ မဖြုန်းတီးရ၊ မည်သည့်သစ်သီးသစ်ရွက်ကိုမျှ ခူးဆွတ်မစားရ' ဟု တင်းကြပ်သည့် စည်းကမ်းများ ချမှတ်သည်။ အဆိပ်သီး၊ အဆိပ်ရွက်များကို စားသောက်မိကြမည်စိုး၍ ဤသို့ စည်းကမ်းချမှတ်ပေးခြင်းဖြစ်သည်။

ဘုရားလောင်းနှင့် လှည်းကုန်သည်အဖွဲ့တို့ ကန္တာရအလယ်သို့ ရောက်သောအခါ ဘီလူးများက လှည့်စားကြပြန်သည်။ ရေများကို စွန့်ပစ်လေအောင် ကြံဆောင်အားထုတ်

http://www.dhammadownload.com



ကြသည်။ သို့ရာတွင် ဘုရားလောင်းကိုကား လှည်းစား၍ မရ။ 'ကန္တာရထဲတွင် မိုးရွာနေသည်' ဟု ဘီလူးတို့ကဆိုသော်လည်း မိုးရိပ်လေရိပ်ကို မမြင်သဖြင့် မယုံကြည်။ ထို့အပြင် 'ဤသူများသည် မျက်လုံးများ နီသည်၊ ကိုယ်အရိပ်လည်း မထွက်၊ ဇကန်စင်စစ် လူသားမဖြစ်နိုင်၊ ဘီလူးများသာဖြစ်မည်' ဟု ဆင်ခြင်မိသည်။

သို့ဖြင့် ရေများကို မစွန့်ပစ်စေဘဲ သယ်ဆောင်စေခဲ့သည်။ နေဝင်စပြုလာချိန်တွင် စခန်းထောက်နေရာသို့ ရောက်သောအခါ လှည်းကုန်သည်မိုက်နှင့်အဖွဲ့အား ဘီလူးတို့ စားထားသည့်အရိုးစုတို့ကို လည်းကောင်း၊ လှည်းများကို လည်းကောင်း တွေ့ကြရသည်။

ဘုရားလောင်းနှင့်အဖွဲ့သည် ထိုညအဖို့ ထိုနေရာတွင်ပင် ညစာ ချက်ပြုတ်စားသောက်ကာ ညအိပ်ရပ်နားကြသည်။ ဘုရားလောင်းကမူ မအိပ်ဘဲ သန်လျက်ကို စွဲကိုင်၍ ညဥ့်သုံးယံပတ်လုံး သူ့ပရိသတ်ကို စောင့်ရှောက်နေသည်။ နံနက်မိုးလင်းချိန်တွင် ဘုရားလောင်းသည် မိမိ၏ လှည်းများထဲမှ ဟောင်းအိုသော လှည်းများကို ဖယ်ထုတ်ကာ လှည်းသစ်များဖြင့် အစားထိုးသည်။ ပါလာသည့် ရောင်းကုန်များထဲမှ တန်ဖိုးနည်းကုန်များကို ချထားခဲ့ပြီး ပိုင်ရှင်မဲ့ ပစ္စည်းများထဲမှ တန်ဖိုးကြီး ရောင်းကုန်များကို ပြောင်းတင်သည်။ ထို့နောက် မိမိတို့လိုရာခရီးသို့ ဆက်လက်သွားရောက် ရောင်းချရာ အမြတ်ငွေ နှစ်ဆ ရရှိခဲ့လေသည်။

ဇာတ်ပေါင်း။ ။ လှည်းကုန်သည်မိုက်-ဒေဝဒတ်၊
လှည်းသားများ-ဒေဝဒတ်ပရိသတ်၊ ပညာရှိလှည်းကုန်သည်-ဗုဒ္ဓ၊
သူ၏လှည်းသားများ-ဗုဒ္ဓပရိသတ်။

အနှစ်ချုပ်။ ။ မစဉ်းစား၊ မဆင်ခြင်သူ ပျက်စီးတတ်ပြီး စဉ်းစားဆင်ခြင်၍ပြုသူ အကျိုးရတတ်သည်။

---

## ၂။ ဝဏ္ဏုပထဇာတ်

### စိတ်ဓာတ်မကျသော လှည်းကုန်သည်

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းတစ်ပါးသည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းယူ၍ ဝါတွင်းသုံးလပတ်လုံး တရားအားထုတ်သော်လည်း အကျိုးထူးများ မဖြစ်ထွန်းသဖြင့် လုံ့လဝီရိယအားလျော့ကာ စိတ်ဓာတ်ကျနေသည်။ ထိုရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မျိုး၌ ဖြစ်၍ ဝန်ပြည့်ပါသော လှည်းအစီး ငါးရာဖြင့် ၆၀ ယူဇနာကျယ်သော သဲကန္တာရတစ်ခုကိုဖြတ်ကာ ကုန်ရောင်းထွက်ခဲ့သည်။ ကန္တာရ၏ ပူပြင်းမှုကြောင့် ညပိုင်းတွင်သာ ခရီးသွားနိုင်ပြီး မိုးလင်းသည်နှင့် ရောက်ရာ အရပ်တွင် လှည်းဖြုတ်၍ တဲဆောက်နားနေကြရသည်။ သဲကန္တာရ၏ ကျယ်ပြန့်မှုကြောင့် နက္ခတ်တာရာ နားလည်သူကို လမ်းပြအဖြစ်ခေါ်ယူကာ ခရီးထွက်ခဲ့ရ၏။ ငါးဆယ့်ကိုး ယူဇနာခရီးသို့ ရောက်သောအခါ 'ယခုတစ်ည မောင်းလိုက်လျှင် သဲကန္တာရမှ လွတ်တော့မည်'ဟု လမ်းပြက ပြောပြသည်။ သူ့စကားကြောင့် လှည်းသားများသည် လက်ကျန် ရိက္ခာအားလုံးကို သုံးစွဲပစ်လိုက်ကြရာ သောက်ရေပင် မကျန်တော့။ သူတို့အဖွဲ့သည် ညနေစာ စားပြီးသည်နှင့် ထိုစခန်းထောက်မှ ထွက်ခဲ့ကြသည်။ လမ်းပြသည် လှည်းပေါ်တွင် ထိုင်လိုက်လာရင်း ဝဲဘက်ကို ကွေ့၊ ယာဘက်ကို လိုက်၊ ရှေ့တည့်တည့်မောင်း စသည်ဖြင့် ညွှန်ကြားပေးသည်။ သူသည် အိပ်ရေးပျက်ခဲ့ရသည့် ညပေါင်းများသောကြောင့် လမ်းညွှန်နေရင်းက အိပ်ပျော်သွားခဲ့သည်။

လမ်းညွှန်သူမရှိသဖြင့် နွားတို့သည် မောင်းလာခဲ့ရာ လာရာလမ်းသို့ ပြန်ရောက် သွားကြပြီး မိုးလင်းချိန်တွင် စခန်းဟောင်းသို့ ပြန်ရောက်နေကြောင်း သိလိုက်ကြသည်။ လှည်းမှူးကြီးသည် စောစီးစွာ ရေရှာထွက်ခဲ့ရာ ရေကိုကား မတွေ့၊ နေစာမြက်ဖုတ်ကလေး တစ်ခုကိုသာ တွေ့ရ၏။ ဤမြက်ဖုတ်အောက်တွင် ရေရှိနိုင်ကြောင်း ခန့်မှန်းမိသဖြင့် လှည်းသားများအား ထိုနေရာကို တူးဖော်စေသည်။ အတောင်ခြောက်ဆယ်အနက်အထိ တူးမိကြသည့်တိုင် ရေမရသေးဘဲ ကျောက်ဖျာကြီးတစ်ခု ခံနေသဖြင့် လှည်းမှူးကြီးသည် ခွန်အားဗလနှင့် ပြည့်စုံ၍ ဖွံ့ လုံ့လလည်း ကြီးမားသော လက်စွဲတော် လူငယ်တစ်ယောက် အား ကျောက်ဖျာကို ထုခွဲရန် တာဝန်ပေးလိုက်သည်။ လူငယ်သည် သံတူကြီးဖြင့် ကျောက်ဖျာကို ထုခွဲရာ ကျောက်ဖျာကြီး ကွဲသွား၍ ထန်းလုံးပမာဏမျှရှိသော ရေလုံးကြီး ပန်းထွက်လာသည်။ ရေရလာ၍ လူများ နွားများ အသက်ဘေးမှ ချမ်းသာရာရသွားကြပြီး ချက်ပြုတ်စားသောက်ကြကာ ညနေ နေဝင်ချိန်တွင် လိုရာခရီးသို့ ဆက်နိုင်ခဲ့ကြတော့သည်။

ဇာတ်ပေါင်း။ ။ လက်စွဲတော်လူငယ်နှင့် ဝီရိယလျှော့သောလှည်းသားများ-ဗုဒ္ဓ၏ ပရိသတ်။ လှည်းမှူးကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဇွဲတွေနောက်မှာ သုခရှိတတ်သည်။

http://www.dhammadownload.com



# ၃။ သေရိဝဝါဏိဇဇာတ်

## ရွှဲကုန်သည်

**ပစ္စုပ္ပန်ဝတ္ထု**

ဝီရိယလျော့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ အတိုင်းမသိတန်ဖိုးထိုက်သောတရားမှ သွေဖည်လွဲချော်နိုင်ကြောင်းကို ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် ငါးခုမြောက်ကမ္ဘာတွင် ဘုရားလောင်းသည် 'သေရိဝတိုင်း'၌ ရွှဲကုန်သည် ဖြစ်ခဲ့သည်။ သူ့တွင် လောဘကြီးသော အဖော်ရွှဲကုန်သည် တစ်ယောက်လည်း ရှိသေးသည်။ သူတို့နှစ်ယောက်သည် နီလဝါဟမြစ် တစ်ဖက်ကမ်းရှိ အရိဋ္ဌပူရမြို့တွင် ရွှဲများ ရောင်းချလေ့ရှိကြသည်။ သူ့ရပ်ကွက်၊ ကိုယ့်ရပ်ကွက်၊ သူရောင်းရမည့်လမ်း၊ ကိုယ်ရောင်းရမည့်လမ်းဟူ၍ ဈေးကွက်ကို ခွဲခြားထားကာ ရောင်းကြသည်။ တစ်ဦးဈေးကွက်တွင် အခြားတစ်ဦးက အလျင်ဦးစွာ ဝင်မရောင်းရ။ ရောင်းလိုသော် ဈေးကွက်ပိုင်သူ ရောင်းချပြီးနောက်မှသာ ဝင်ရောင်းနိုင်သည်။

ထိုအရိဋ္ဌပူရမြို့တွင် အထည်ကြီးပျက် မြေးအဘွားနှစ်ယောက် ရှိသည်။ သူတို့တွင် သူဌေးကြီး သုံးစွဲခဲ့ကြသည့် ရွှေခွက်ဟောင်းကြီးတစ်ခု ကျန်နေသည်။ ချေးတို့ဖြင့် မည်းညစ်နေသည်။ တစ်နေ့တွင် မြေးမငယ်သည် လောဘသား ရွှဲကုန်သည်ထံမှ ရွှဲတန်ဆာ ကိုဝယ်ရန် တန်ဖိုးအဖြစ် ထိုခွက်ကိုပေးသည်။ လောဘသား ရွှဲကုန်သည်သည် ခွက်ဖင်ကို အပ်များဖြင့် ခြစ်ကြည့်ရာ ရွှေခွက်ဖြစ်ကြောင်းသိ၍ အခမဲ့သာ ရယူလိုသဖြင့် 'ဒီခွက်ကြီး ဘာမှ အသုံးမတည့်ဘူး'ဟုဆိုကာ ခွက်ကို လွှင့်ပစ်ခဲ့ပြီး ထွက်သွားခဲ့လေသည်။

ထိုလမ်းသို့ ဘုရားလောင်း ရွှဲကုန်သည် ဝင်လာသောအခါ မြေးမလေးသည် ထိုခွက်ဖြင့်ပင် ရွှဲဝယ်ပြန်သည်။ ဘုရားလောင်းသည် ရွှေခွက်ဖြစ်ကြောင်းသိ၍ 'ညီမ၊ ဤခွက်သည် ရွှေခွက်ဖြစ်၍ အဖိုးတစ်သိန်း ထိုက်တန်သည်။ ကျုန်ုပ်တွင် အဖိုးတစ်သိန်း ထိုက်တန်သည့်ရွှဲများ မပါပါ'ဟု ရိုးသားစွာဆိုသည်။ သို့သော် မြေးအဘွားနှစ်ယောက်က ရွှဲတန်ဆာကိုရလျှင် ကျေနပ်ပြီဟုဆိုသည်။ သို့ဖြင့် ဘုရားလောင်းသည် ပါလာသည့် ငွေသားငါးရာနှင့် ငါးရာပင် တန်ဖိုးရှိသည့် လက်ကျန်ရွှဲများကိုပေးခဲ့ပြီး ရွှေခွက်ကို ယူလာခဲ့သည်။

http://www.dhammadownload.com



လောဘသား ရွှဲကုန်သည်သည် နောက်တစ်ခေါက် ပြန်လာကာ 'စောစောက ခွက်စုတ်ကိုပေး၊ ရွှဲတစ်လုံးပေးမည်'ဟု ပြောသည်။ မြေးအဘွားတို့က ရွှေခွက်ကို အခြားရွှဲကုန်သည်တစ်ယောက်အား ရောင်းလိုက်ပြီဟု ပြောလိုက်ကြသည်။ လောဘသား ရွှဲကုန်သည်သည် တစ်သိန်းတန်ရွှေခွက်ကြီးနှင့် လွဲရလေပြီ ဟူသော သောကကြောင့် သတိမေ့မြောသွားသည်။ သတိပြန်ရလာချိန်တွင် ပါလာသည့် ငွေနှင့်ရွှဲများကို အိမ်ရှေ့တွင်ပင် လွှင့်ပစ်သည်။ ထို့နောက် ဘုရားလောင်းရွှဲကုန်သည်အား ရိုက်သတ်၍ ရွှေခွက်ကို လုယူရန် ချိန်ခွင်ရိုးကိုကိုင်လျက် အပြေးလိုက်သွားသည်။

သို့ရာတွင် သူမြစ်ဆိပ်ရောက်ချိန်၌ ဘုရားလောင်း ရွှဲကုန်သည်သည် ကူးတို့လှေစီး၍သွားရာ မြစ်လယ်ကိုကျော်လျက် ဟိုဘက်ကမ်းနှင့် နီးကပ်သောနေရာသို့ ရောက်နေပြီ။ ထို့ကြောင့် လောဘသားသည် တစ်သိန်းတန်သည့် ရွှေခွက်ကို လက်လွတ်ဆုံးရှုံးရပြီဟု သိလိုက်ရတော့သည်။ ယင်းအသိဝင်လာသည့် ခဏတွင်ပင် သူသည် သွေးပွက်ပွက်အန်၍ အသက်ကုန်ခြင်းသို့ ရောက်ခဲ့ရတော့သည်။

**ဇာတ်ပေါင်း။** ။ လောဘကြီးသူရွှဲကုန်သည်-ဒေဝဒတ်။ ရိုးသားသူရွှဲကုန်သည်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လောဘကြီးလျှင် အရှုနည်းတတ်သည်။

---

# ၄။ စူဠသေဋ္ဌိဇာတ်

## အကြံကောင်းသောသူဌေး

**ပစ္စုပ္ပန်ဝတ္ထု**

တစ်ဝါတွင်းလုံး ဂါထာတစ်ပုဒ်ကိုမျှ ရအောင်မကျက်နိုင်သည့် အရှင်စူဠပန်ကို၏နောင်တော်ဖြစ်သူ အရှင်မဟာပန်က နှင်ထုတ်လိုက်ရာ မြတ်စွာဘုရားသည် ကျောင်းတော်ဝမှ ဆီးကြို ခေါ်ယူတော်မူလျက် 'ရဇောဟရဏံ၊ ရဇောဟရဏံ' မြုမှုန့်တို့ဖြင့် အဝတ်ဖြူစ နွမ်းရလေပြီ'ဟု ရွတ်၍ ပွတ်သပ်ရင်း ကမ္မဋ္ဌာန်းတရားပွားများရန် နည်းပေးတော်မူလိုက်သည်။ အရှင်စူဠပန်သည် ထိုနည်းအတိုင်း ပွားများရာ ထိုနံနက်မှာပင် အရဟတ္တဖိုလ်ကို ဆိုက်ရောက်ရလေသည်။ အရှင်စူဠပန်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်တော်ကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်းသည် စူဠသေဋ္ဌိအမည်ရှိသော သူဌေးကြီး ဖြစ်လေသည်။ သူဌေးကြီးသည်

http://www.dhammadownload.com



ဗြဟ္မဒတ်မင်းအား ခစားရန် အိမ်မှထွက်လာခဲ့ရာ လမ်းတွင် ကြွက်သေတစ်ကောင်ကို တွေ့၍ 'ဉာဏ်ပညာနှင့် ပြည့်စုံသူသည် ဤကြွက်သေကိုအရင်းပြုကာ ကြီးပွားချမ်းသာနိုင်သည်'ဟု ဆိုလိုက်သည်။

ထိုစကားကို ဆင်းရဲသားတစ်ယောက်က ကြားသဖြင့် ယင်းကြွက်သေကို ကောက်ယူပြီး ဈေးတွင် ကြောင်စာအဖြစ် ရောင်းရာ အသပြာတစ်ခြင်ရွေးရသည်။ ထိုအသပြာဖြင့် တင်လဲဝယ်ယူကာ ပန်းသည်များအား တင်လဲအနည်းငယ်စီကျွေး၍ သောက်ရေပေးသည်။ ပန်းသည်များက ပန်းတစ်ဆုပ်စီပေးသဖြင့် ထိုပန်းများကို ရောင်းရသည့် အသပြာဖြင့် တင်လဲများထပ်ဝယ်ပြန်သည်။ နောက်နေ့တွင် ပန်းခြံသို့လိုက်သွားကာ ပန်းသည်များအား တင်လဲကျွေး၍ ရေတိုက်ပြန်သည်။ ပန်းသည်များက မိမိတို့ ပန်းများထဲမှ တစ်ဝက်စီ ခွဲပေးခဲ့ကြသဖြင့် ယင်းပန်းများကို ရောင်းချရာ အသပြာ ရှစ်ပြားရလာသည်။

တစ်နေ့တွင် မိုးသက်လေပြင်း ကျရောက်သောကြောင့် မင်းဥယျာဉ်ရှိ သစ်ကိုင်းများ ကျိုးကြွေကုန်သည်။ သူက ကလေးများအား တင်လဲကျွေးပြီး ယင်းတို့ကို သယ်ထုတ်၍ ဘုရင့်အိုးတော်လုပ်အား ရောင်းချသည်။ အသပြာ တစ်ဆယ့်ခြောက်ပြားနှင့် အိုးငါးလုံး ရလိုက်သည်။ စုစုပေါင်း နှစ်ဆယ့်လေး အသပြာ ပိုင်ဆိုင်လာသည်။ တစ်ဖန် မြက်ရိပ်သမားတို့အား သောက်ရေများ ပေးဝေပြန်သည်။ မြက်ရိပ်သမားများက 'အကူအညီလိုက ပြောပါ၊ ကူညီမည်'ဟု ဆိုကြသည်။ ထို့နောက် မိတ်ဆွေသစ်ထပ်ရှာရာ ဆိပ်ကမ်းအရာရှိနှင့် ကုန်းလမ်းဘက်ဆိုင်ရာဝန်ထမ်းတို့ကို တွေ့သည်။ တစ်နေ့တွင် ကုန်းလမ်းဘက်ဆိုင်ရာဝန်ထမ်းက 'မနက်ဖြန်တွင် ဤမြို့သို့ မြင်းကုန်သည်တစ်ယောက်လာမည်၊ မြင်းကောင်ရေငါးရာ ပါလာမည်'ဟု သတင်းပေးသည်။ သူသည် မြက်ရိတ်သမား ငါးရာထံ သွားကာ မြက်တစ်စည်းစီတောင်းယူသည်။ မြင်းကုန်သည်ရောက်လာသောအခါ သူသည် မြက်အားလုံးရောင်းလိုက်သည်။ အသပြာတစ်ထောင်ရလိုက်သည်။

နောက် သုံးလေးရက်အကြာတွင် ဆိပ်ကမ်းအရာရှိက 'ဆိပ်ကမ်းတွင် ကုန်တင်လှေကြီး ဆိုက်လာမည်'ဟု သတင်းပေးသည်။ ဤတွင် သူသည် ရထားတစ်စီးနှင့် လူအချို့ကို ငှားကာ အခြေအရံ ပရိသတ်အဖြစ်တင်ပြီး ရထားစီး၍ ကုန်သည်ကြီးဟန်ဖြင့် ဆိပ်ကမ်းသို့ ဆင်းလာခဲ့သည်။ လှေပါ ကုန်အားလုံးကို အရောင်းအဝယ် ပြုလုပ်ရန် လှေသူကြီးနှင့် ကတိပြုကြပြီး လှေသူကြီးအား သစ္စာပြုစေသည့်အနေဖြင့် လက်ဆောင် လက်စွပ်တစ်ကွင်း ပေးသည်။ ထို့နောက် သူသည် ကန့်လန့်ကာသုံးထပ်ကာ၍ အထဲတွင် ခမ်းနားစွာနေထိုင်လေသည်။

http://www.dhammadownload.com



ကုန်သည်လှေကြီး ဆိုက်ရောက်သည့် သတင်းကြောင့် ဗာရာဏသီမှ ကုန်သည် တစ်ရာတို့သည် ဆိပ်ကမ်းသို့ ကုန်ဝယ်ဆင်းလာကြသည်။ သို့သော် လှေသူကြီးနှင့် ရောင်းဝယ်၍ မရတော့ပေ။ ထိုအမျိုးသားနှင့်တွေ့ရန် ကန့်လန့်ကာ တစ်ကန့်စီတွင် စောင့်ကြပ်နေကြသော အစောင့်အရှောက်များထံမှ သုံးကြိမ် သုံးတန် ခွင့်တောင်းပြီး အသပြာ တစ်ထောင်စီပေးမှ တွေ့ခွင့်ရကြသည်။ နောက်ဆုံးတွင် လှေပါကုန်အားလုံး တန်ဖိုးနှင့်တကွ ထိုအမျိုးသားအတွက် အသပြာတစ်သိန်းပေးသဖြင့် အရောင်းအဝယ် တည့်သွားကြသည်။

သူသည် သူ့အား ကူညီထားသူများ၏ ကျေးဇူးကို မမေ့ချေ။ စူဠသေဋ္ဌိ သူဌေးထံသွား၍ အသပြာတစ်သိန်း ကန်တော့သည်။ သူဌေးက အကျိုးအကြောင်း မေးမြန်းရာ ကြွက်သေတစ်ခု အရင်းပြုရာမှ လေးလအတွင်း နှစ်သိန်းကြွယ်ဝလာပုံကို ပြောပြသည်။ စူဠသေဋ္ဌိသူဌေးသည် ထိုသူ၏ ကြံရည်ဖန်ရည်ကို သဘောကျ၍ မိမိ၏ သမီးပျိုနှင့် ထိမ်းမြားလက်ထပ် ပေးလိုက်လေသည်။

ဇာတ်ပေါင်း။ ။ စူဠပန်-ကြွက်သေအရင်းပြုသူအမျိုးသား၊
စူဠသေဋ္ဌိသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကူညီသူကောင်းလျှင် တစ်သက်ချမ်းသာနိုင်သည်။

---

# ၅။ တဏ္ဍုလနာဠိဇာတ်

## မင်းနှင့် ရာပြတ်အမတ်

### ပစ္စုပ္ပန်ဝတ္ထု

ဆွမ်းညွှန်ရဟန်းဖြစ်သည့် မလ္လအမျိုးသား အရှင်ဒဗ္ဗ၏ ဆောင်ရွက်ချက်ကို မကျေနပ်သော အရှင်လာဠုဒါယီသည် ထိုတာဝန်ကို ဝင်ယူ၍ ဆောင်ရွက်ရာ မကျွမ်းကျင်ခြင်း၊ စေတနာမမှန်ခြင်း တို့ကြောင့် အလွဲလွဲအချော်ချော် ဖြစ်ရသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓမြတ်စွာက ဤအတိတ် ဇာတ်တော်ကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ရာပြတ်အမတ်ကြီး တစ်ယောက်ရှိသည်။ သူသည် ပစ္စည်းများကို တရားသဖြင့်သာ

http://www.dhammadownload.com



ရာပြတ်ပေးလေ့ရှိသည်။ ဤသည်ကို လောဘလွှန်ကဲသော မင်းကြီးက မကျေနပ်ပေ။ တစ်နေ့တွင် နန်းတော်ရှေ့မှ ဖြတ်လာသူတစ်ယောက်ကို မင်းကြီးက ခေါ်၍ ရာပြတ်အမတ်ခန့်ကာ မူလအမတ်အား ရာထူးမှ ဖယ်ရှားလိုက်သည်။ ထိုအခါမှစ၍ ရာပြတ်သစ်သည် ပစ္စည်းတန်ဖိုးဖြတ်ရာတွင် မင်းအလိုကျ တန်ဖိုးဖြတ်ပေးရာ မည်သည့်ပစ္စည်းမျှ ဈေးမှန်မရကြပေ။ ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်တစ်ယောက် ရောက်လာရာ သူ့တွင် မြင်းကောင်ရေငါးရာ ပါလာသည်။ မြင်းများကို မင်းကဝယ်ယူမည်ဖြစ်၍ ရာပြတ်သစ်ကို တန်ဖိုးဖြတ်စေသည်။ သူက ဆန်တစ်ကွမ်းစား(တစ်စလယ်)ဖြင့် တန်ဖိုးဖြတ်လိုက်သည်။

မကျေနပ်နိုင်သော မြင်းကုန်သည်သည် ရာပြတ်အမတ်ဟောင်းထံသွား၍ အကူအညီ တောင်းသည်။ ရာပြတ်အမတ်ဟောင်းက မတရား ဈေးနှိမ်တန်ဖိုးဖြတ်သည်မှာ မင်းထံမှ လာဘ်ရထား၍ ဖြစ်သည်။ သင့်ထံမှ လာဘ်ရလျှင်လည်း သင့်အလိုကျအောင် ဆုံးဖြတ်ပေးမည်။ သူ့ကို လာဘ်ပေး၍ ဆန်တစ်ကွမ်းစား၏ တန်ဖိုးကို မင်းရှေ့တော်မှောက်တွင်ပင် ဖြတ်ခိုင်းပါဟု အကြံပြုသည်။

နောက်တစ်နေ့တွင် မြင်းကုန်သည်သည် ရာပြတ်အမတ်သစ်နှင့်အတူ မင်းရှေ့တော်မှောက်သို့ ဝင်လာပြီး မြင်းငါးရာ၏ တန်ဖိုးသည် ဆန်တစ်ကွမ်းစား ထိုက်တန်ပါကြောင်း သိရပါပြီ။ သို့သော် ဆန်တစ်ကွမ်းစား၏တန်ဖိုး မည်မျှထိုက်တန်ကြောင်း သိလိုပါသဖြင့် ရာပြတ်အား ဆုံးဖြတ်စေတော်မူပါဟု လျှောက်သည်။ ရာပြတ်မိုက်က ဆန်တစ်ကွမ်းစားသည် မြို့တွင်း တစ်ဆယ့်နှစ်ယူဇနာ၊ မြို့ပြင် ယူဇနာသုံးရာရှိသော ဗာရာဏသီပြည်ကြီးနှင့် ထိုက်တန်ပါသည်ဟု ဆုံးဖြတ်ပေးလိုက်လေသည်။

မင်းကြီးသည် ရှက်လွန်းသဖြင့် သူခန့်လိုက်သော ရာပြတ်အသစ်ကို ဖယ်ရှားကာ ယခင် ရာပြတ်ဟောင်းကို ပြန်လည်ခန့်ထားတော်မူသည်။

**ဇာတ်ပေါင်း။ ။ ရာပြတ်အမတ်မိုက်-လာဠုဒါယီမထေရ်။**

**ပညာရှိရာပြတ်အမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ လောဘလွှန်ကဲလွန်းလျှင် အမှားတွေ့တတ်သည်။**

http://www.dhammadownload.com



# ၆။ ဒေဝဓမ္မဇာတ်

## ဒေဝဓမ္မတရားနှစ်ပါး

### ပစ္စုပ္ပန်ဝတ္ထု

သူကြွယ်မျိုးမှ မယားသေသဖြင့် ရဟန်းဘဝ ရောက်လာသော ရဟန်းတစ်ပါးသည် နေ့ဝတ်စရာ၊ ညဝတ်စရာ ခွဲခြား၍ သင်္ကန်းများစွာထားသည်။ သူ့ကို ဘုရားရှင်က ဆုံးမတော်မူသောအခါ 'သို့ဖြစ်လျှင် ဤသို့ပင် နေတော့မည်' ဟုဆိုကာ ပရိသတ်အလယ်တွင် ဧကသီကို ချွတ်၍ရပ်ပြသည်။ မြတ်စွာဘုရားက 'ရဟန်း၊ သင်သည် ရှေးအခါ ရေအိုင်စောင့်ဘီလူးဖြစ်စဉ်က ဟီရိဩတ္တပ္ပ အရှက်အကြောက်တရားကို တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ရှာဖွေခဲ့ပါလျက် ယခု ရဟန်းဖြစ်ခါမှ အဘယ့်ကြောင့် ဟီရိဩတ္တပ္ပ ကင်းမဲ့ရဘိသနည်း' ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်တော်ကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မိဖုရားခေါင်ကြီးတွင် မဟိံသနှင့် စန္ဒကုမာရ ဟူသော သားတော်နှစ်ပါး ထွန်းကားသည်။ သားတော်နှစ်ပါးကို ဖွားမြင်ပြီးနောက် နှစ်များစွာ မကြာမြင့်မီ မိဖုရားခေါင်ကြီး နတ်ရွာစံသည်။ မင်းကြီးသည် အခြားမိန်းမတစ်ယောက်ကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်လေရာ နှစ်ကာလမကြာမီတွင် ဒုတိယမြှောက် မိဖုရားခေါင်ကြီးမှ သူရိယအမည်ရှိသော သားတော်တစ်ပါး ထွန်းကားသည်။ မင်းကြီးသည် သူရိယမင်းသားအား ချစ်မြတ်နိုးတော်မူလွန်း၍ မိဖုရားခေါင်ကြီးအား လိုချင်သည့်ဆုကို ပေးမည်၊ တောင်းလိုရာဆုကို တောင်းလော့ဟု ဆိုသည်။ မိဖုရားခေါင်ကြီးက ယခု ဆုမလိုသေးပါ၊ နောင်အခါမှ တောင်းပါမည်ဟု လျှောက်တင်ခဲ့သည်။

မိဖုရားကြီးသည် သားတော်မင်းသား အရွယ်ရောက်ချိန်တွင် မင်းကြီးထံသွားကာ မင်းသားအား ထီးနန်းကို လွှဲအပ်ပေးပါရန် တောင်းသည်။ မင်းကြီးက ငါ့တွင် မီးပုံကြီးကဲ့သို့ ထင်ရှားသော သားတော်နှစ်ပါး ရှိသေးသည်ဟုဆိုကာ ငြင်းပယ်သည်။ မိဖုရားက ထပ်တလဲလဲ တောင်းဆိုသည်။ မင်းကြီးသည် သားတော်နှစ်ပါးအတွက် စိုးရွံ့လာမိသဖြင့် သားတော်နှစ်ပါးကိုခေါ်ကာ ယခုအချိန်၌ တောထဲတွင်သွားနေကြ၊ ငါလွန်ပြီးခါမှ မြို့သို့ပြန်၍ မင်းပြုကြဟု မှာကြားကာ သားတော်တို့ကို တောသို့သွားနေစေလိုက်သည်။

သားတော်ကြီးနှစ်ပါး နန်းဆောင်ပေါ်မှ ဆင်းလာကြသည်ကို နန်းဆောင်ရှေ့တွင် ကစားနေသော သူရိယမင်းသားငယ်က မြင်တွေ့မိသည်။ ဤတွင် 'နောင်ဘုရားတို့

http://www.dhammadownload.com



မည်သည့်အရပ်သို့ ထွက်ကြွတော်မူကြပါမည်နည်း'ဟု မေးလိုက်သည်။ နောင်တော်နှစ်ပါးက 'ငါတို့ တောထဲသို့သွားနေရန် ထွက်လာကြသည်'ဟု ပြန်ကြားရာ သူရိယမင်းသားကလည်း သူပါလိုက်မည်ဟုဆိုကာ အတူလိုက်ပါလာခဲ့သည်။ ညီနောင်သုံးပါးတို့သည် ဟိမဝန္တာသို့ ရောက်လာခဲ့ကြလေသည်။

ခရီးပန်းလာခဲ့ကြ၍ လမ်းဘေးသစ်ပင်ရိပ်တွင် အမောပြေ ဝင်နားကြရင်း နောင်တော်ကြီး မဟိံသမင်းသားက ညီလေးသူရိယမင်းသားကို ရေရှာရန် စေခိုင်းလိုက်သည်။ သူရိယမင်းသားသည် မနီးမဝေးတွင် ရေအိုင်တစ်ခုတွေ့သဖြင့် ထွေထွေထူးထူး စဉ်းစားမနေဘဲ ရေအိုင်ထဲသို့ ဆင်းလိုက်ရာ ရေအိုင်စောင့်ဘီလူးတစ်ကောင်သည် သူ့ကို ဖမ်းယူလျက် သင်သည် ဒေဝဓမ္မတရားတို့ကို သိသလောဟု မေး၏။ သူက သိပါသည်၊ နေနှင့်လတို့သည် ဒေဝဓမ္မတရားနှစ်ပါးဖြစ်ကြသည်ဟုဆိုသည်။ ရေအိုင်စောင့်ဘီလူးသည် မင်းသားကို ရေအောက်ကို ခေါ်သွားကာ သူ့နေရာတွင် ထားလိုက်သည်။

သူရိယမင်းသား ပြန်မလာ၍ စန္ဒကုမာရမင်းသားကို ထပ်၍ လွှတ်ပြန်ရာ သူလည်း ရေအိုင်စောင့်ဘီလူး၏ ဖမ်းယူခြင်း ခံရပြန်သည်။ သူ့ကိုလည်း ဒေဝဓမ္မတရားတို့ကို သိ-မသိမေးရာ သူက သိပါသည်၊ အရပ်လေးမျက်နှာသည် ဒေဝဓမ္မတရားတို့ ဖြစ်ပါသည်ဟု ဖြေဆိုသည်။ ရေအိုင်စောင့်ဘီလူးက သင့်အဖြေ မမှန်၊ ဒေဝဓမ္မတရားတို့ကို သင်မသိဟုဆို၍ စန္ဒကုမာရမင်းသားကိုလည်း ရေအောက်ရှိတစ်နေရာတွင် ခေါ်ထားလိုက်ပြန်သည်။

ညီတော်တို့ ပြန်ရောက်မလာ၍ မဟိံသသည် ကိုယ်တိုင်လိုက်လာခဲ့ရာ ရေစပ်ရွှံ့ညွန်ပေါ်တွင် ညီနောက်နှစ်ပါးတို့ ဆင်းသက်သော ခြေရာများကိုသာ တွေ့ရ၏။ ကေန္တ ရေအိုင်စောင့်ဘီလူး အပိုင်စားရသော ရေကန်ဖြစ်ရမည်ဟု စဉ်းစားမိသဖြင့် ရေကန်ထဲသို့ မဆင်းပေ။ ရေအိုင်စောင့်ဘီလူးသည် တောလိုက်မုဆိုးအသွင်ဖြင့် သူ့ထံသို့ရောက်လာပြီး ရေအိုင်ထဲဆင်းရန် သူ့ကို တိုက်တွန်းသည်။ မင်းသားက 'သင် ရေအိုင်စောင့်ဘီလူး မဟုတ်သော'ဟု မေးရာ 'ဟုတ်ပါသည်၊ မင်းသားညီနောင် နှစ်ပါးကိုလည်း ကျွန်ုပ်ပင် ဖမ်းယူထားသည်'ဟု ဝန်ခံသည်။

မဟိံသမင်းသားက ဖမ်းရသည့်အကြောင်းကိုမေးရာ ဘီလူးက–'ဝေဿဝဏ် နတ်မင်းကြီးသည် ဤရေအိုင်ထဲသို့ ဆင်းသူများအား ကျွန်ုပ်ကိုစားခွင့်ပေးထားပါသည်။ ဒေဝဓမ္မတရားတို့ကို သိသူများကိုမူ စားခွင့်မရပါ'ဟု ပြောသည်။ မဟိံသမင်းသားက 'ဟိရိ' (မကောင်းမှုပြုရမည်ကို ရှက်ခြင်း)၊ 'ဩတ္တပ္ပ' (မကောင်းမှုကျူးလွန်ရမည်ကို ကြောက်ရွံ့ခြင်း) တရားနှစ်ပါးသည် ဒေဝဓမ္မပင် ဖြစ်သည်' ဟုပြောကာ ထိုတရားနှစ်ပါးကို

http://www.dhammadownload.com



မှူရင်းထား၍ ကျယ်ဝန်းစွာ ဆက်၍ဟောသည်။ ရေအိုင်စောင့် ဘီလူးက 'သင်သည် ဒေဝဓမ္မကို သိသူအမှန်ဖြစ်သည်။ မင်းသားနှစ်ပါးတို့အနက် နှစ်သက်ရာတစ်ပါးကို ယူပါလော့'ဟု ဆိုသည်။ ထိုအခါ မဟိံသမင်းသားက 'ညီငယ်ထွေး သူရိယမင်းသားကို ပေးပါ'ဟု တောင်းသည်။ ထိုအခါ ညီနောင်နှစ်ပါးရှိပါလျက် အကြီးကို ကျော်လွန်၍ ညီထွေးကို တောင်းချေသည်။ 'ဒေဝဓမ္မကိုသိသော်လည်း မကျင့်ချေတကား'ဟု ဘီလူးက ဆိုပြန်သည်။ မင်းသားက 'ကျွန်ုပ် ဤတောထဲသို့ လာခဲ့ကြရသည်မှာ ဤညီထွေးကြောင့်ပင် ဖြစ်ပါသည်၊ ညီထွေးမပါလျှင် ကျွန်ုပ်တို့ နေပြည်တော်သို့ မပြန်ဝံ့ပါ။ ညီထွေး သူရိယမင်းသားကို တောမှာ ဘီလူးတစ်ကောင်စားလိုက်သည်ဟု ဆိုလျှင် ဘယ်သူမှ ယုံမှာမဟုတ်။ အများက ကဲ့ရဲ့ကြလိမ့်မည်'ဟု အကျိုးအကြောင်း ပြောပြရာ ရေအိုင်စောင့် ဘီလူးသည် မင်းသားနှစ်ပါးလုံးကို လွှတ်ပေးလိုက်တော့သည်။

ညီနောင်မင်းသားတို့သည် တောထဲ၌ ချမ်းသာစွာ နေထိုင်ကြပြီးလျှင် ခမည်းတော် နတ်ရွာစံသောအခါ နောင်တော်ကြီး မဟိံသသည် ထီးနန်းဆက်ခံ၍ ညီတော်လတ် စန္ဒကုမာရ မင်းသားသည် အိမ်ရှေ့စံအရာ၊ ညီတော်ထွေး သူရိယမင်းသားသည် စစ်သူကြီး အရာကို ရရှိကြသည်။ ရေအိုင်စောင့်ဘီလူးကိုမူ မွေ့လျော်ရာအရပ်တွင် နတ်ကွန်း ဆောက်ပေး၍ ကျွေးမွေးပြုစုထားကြလေသည်။

ဇာတ်ပေါင်း။ ။ ရေအိုင်စောင့်ဘီလူး-ဥစ္စာများသောရဟန်း၊
သူရိယမင်းသား-အရှင်အာနန္ဒာ၊
စန္ဒကုမာရမင်းသား-အရှင်သာရိပုတ္တရာ၊ မဟိံသမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လောကပါလတရားနှင့်အညီ ကျင့်ကြံနေထိုင်လျှင် လောကတွင် အထွတ်အမြတ်သို့ ရောက်နိုင်သည်။

---

# ၇။ ကဋ္ဌဟာရိဇာတ်

## ထီးနန်းရသူထင်းခွေသမား

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီးသည် ဝါသဘခတ္တိယာ မည်သော အမျိုးသမီးတစ်ယောက်ကို သကျ မင်းသမီးဟု ယုံကြည်၍ မိဖုရားမြှောက်ခဲ့သည်။ သားတော် ဝိဋူဘကို ဖွားမြင်၍ သကျမင်းသမီးအစစ် မဟုတ်ကြောင်း သိလာရာ သားအမိနှစ်ယောက်လုံးကို စွန့်ပစ်လေသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာသည်

http://www.dharmadownload.com



နန်းတော်သို့ ကြွတော်မူကာ 'မင်းကြီး၊ အမိအဖ နှစ်ဦးရှိကြသည်တွင် အဖအမျိုးသည်သာ ပဓာန ဖြစ်သည်။ ရှေးမင်းတို့သည် ဓေတ္တဓဏမျှ ပေါင်းသင်းရသော ထင်းခွေသမ၏သားကိုပင် ထီးနန်း စည်းစိမ်ကို လွှဲအပ်ကြဖူးပြီ' ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်တော်ကိုဆောင်၍ ဟောတော် မူသည်။

အတိတ်ဝတ္ထု

ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် တစ်နေ့သ၌ မင်းကြီး သည် ဥယျာဉ်တော်သို့ ထွက်ကာ သစ်သီးပန်းမန်များ လှည့်လည် ကြည့်ရှုသည်။ ဥယျာဉ်တစ်နေရာဆီမှ သာယာသော တေးသံကိုကြား၍ လိုက်ကြည့်ရာ ရုပ်ဆင်းအင်္ဂါနှင့် ပြည့်စုံသည့် မိန်းမပျိုတစ်ယောက်တည်း ထင်းခွေနေသည်ကို တွေ့ရသည်။ မင်းကြီးသည် မိန်းမပျိုအပေါ် တပ်မက်စွဲလမ်း၍ ပေါင်းသင်းလေရာ မိန်းမပျို၌ သန္ဓေသား စွဲကပ် ခဲ့သည်။ မင်းကြီးက သူ့လက်စွပ်ကို ချွတ်၍ပေးကာ 'သမီးဖွားခဲ့သော် ဤလက်စွပ်ကို ရောင်းချ၍ စောင့်ရှောက်ပါ၊ သားတော် ဖွားမြင်ခဲ့လျှင် ဤလက်စွပ်နှင့်အတူ ငါ့ထံသို့ လိုက်လာခဲ့' ဟု မှာကြားခဲ့သည်။

မိန်းမပျိုသည် သားယောကျ်ားလေး ဖွားမြင်ရာ ထိုလူငယ်ကလေးအား ကစားဖော် များက အဖမဲ့သားဟု စကြသည်။ ကလေးက 'အမေ၊ သားအဖေ ဘယ်သူလဲ' ဟု မေးသဖြင့် 'ဗြဟ္မဒတ်မင်းသည် သား၏ခမည်းတော်ဖြစ်သည်' ဟု မိခင်က ပြောပြသည်။ ဤတွင် ကလေးက 'ခမည်းတော်ထံလိုက်ပို့ရန်' ပြောရာ မိခင်က လိုက်ပို့ပေးသည်။ မင်းကြီးက ရှက်တော်မူ၍ သိသော်လည်း ပရိသတ်အလယ်၌ သူ့သားမဟုတ်ဟု ငြင်းနေသည်။ လက်စွပ်ကို ပြသော်လည်း သူ့သားမဟုတ်ဟု ငြင်းမြဲငြင်းနေသည်။

အမျိုးသမီးက အရှင်မင်းကြီး၊ ဘုရားကျွန်မတွင် သစ္စာတရားကလွဲ၍ အခြား သက်သေပြစရာ မရှိတော့ပါ။ ဤသူငယ်သည် အရှင်မင်းကြီး၏သား မှန်ပါက ကောင်းကင်၌ တည်ပါစေ၊ မမှန်ပါက မြေသို့ကျ၍ သေပါစေဟုဆိုကာ ကလေးကို အပေါ်သို့ ပစ်တင်လိုက်သည်။ ကလေးသည် ကောင်းကင်၌သာ တည်နေသဖြင့် မင်းကြီးက သားအဖြစ် အသိအမှတ်ပြုကာ ထိုသားအား ထီးနန်းအမွေ လွှဲအပ်ပေးသည်။ ထိုမင်းသားသည် 'ကဋ္ဌဝါဟနမင်း' ဟု အမည်တွင်သည်။

ဇာတ်ပေါင်း။ ။ သူငယ်၏မိခင်-မယ်တော်မာယာ၊ ဗြဟ္မဒတ်မင်းကြီး-သုဒ္ဓေါဒန၊ ကဋ္ဌဝါဟနမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သစ္စာတရား၏အကျိုးကြီးမားပုံသာဓကဖြစ်သည်။

http://www.dhammadownload.com



## ၈။ ဂါမဏိဇာတ်

### ဆုံးမစကားနားထောင်သူ

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထုတို့သည် ကောဒသကနိပါတ် ဇာတ်အမှတ် (၄၆၂) သံဝရဇာတ်နှင့် အားလုံးတူသည်။ ဂါထာမျှသာ ထူးသည်။

---

## ၉။ မဃဒေဝဇာတ်

### တောထွက်သွားသူမင်းကြီး

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရား၏ တောထွက်တော်မူခြင်းကို ချီးမွမ်းပြောဆိုကြသော ရဟန်းများအား နိက္ခမပါရမီတော်နှင့်စပ်၍ ဗုဒ္ဓက ဤအတိတ်ဇာတ်တော်ကိုဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ မိထိလာပြည်၌ မဃဒေဝမင်းကြီး ထီးနန်းစိုးစံသည်။ ထိုအခါက လူတို့၏သက်တမ်းသည် လွန်စွာပင်ရှည်သည်။ မင်းကြီးသည် တစ်နေ့တွင် ဆတ္တာသည်(ဆံပင်ရိတ်သူ)အား သူ့ဦးခေါင်းပေါ်တွင် ဆံပင်ဖြူတို့ကိုတွေ့က ပြောရန် မှာထားလေ၏။ နှစ်ကြာသောအခါ ဆတ္တာသည်က ဆံပင်ဖြူတွေ့၍ နုတ်ယူကာ မင်းကြီးအား ဆက်သလိုက်သည်။ ယင်းအချိန်၌ မင်းကြီး၏သက်တမ်းသည် လူ့ဘဝတွင် နေရန် ကျန်ရှိနေသေးသည်။ သို့သော်မင်းကြီးသည် 'အို၊ မိုက်မဲလှစွာသော မဃဒေဝမင်း၊ သင်သည် ဆံဖြူသည့်တိုင်အောင် ဤကိလေသာကာမတို့ကို မစွန့်နိုင်သေးပါတကား' ဟု ရေရွတ်ကာ ထိုနေ့ပင် ရဟန်းပြု၍ တောထွက်အံ့ဟု ဆုံးဖြတ်လိုက်သည်။

ထို့နောက် မင်းကြီးသည် သားတော်အား ထီးနန်းကိုလွှဲအပ်သည်။ မင်းကြီးသည် ရဟန်းပြု၍ မဃဒေဝသရက်ဥယျာဉ်သို့ဝင်ကာ နှစ်ပေါင်း ရှစ်သောင်းလေးထောင်တိုင်တိုင်

http://www.dhammadownload.com



ဗြဟ္မဝိဟာရတရားတို့ကို ပွားများအားထုတ်လျက် ဈာန်ချမ်းသာကို ခံစားသည်။ ထိုဘဝမှ စုတေသော် ဗြဟ္မာ့ပြည်၊ ဗြဟ္မာ့ပြည်မှ စုတေသော် မိထိလာပြည်၌ပင်လျှင် နေမိမင်းကြီး ဖြစ်လာသည်။ ထိုဘဝတွင်လည်း ရဟန်းပြု၍ သရက်ဥယျာဉ်၌ပင် ဗြဟ္မဝိဟာရတရား တို့ကို အားထုတ်ပြန်ရာ စုတေသောအခါ ဗြဟ္မာ့ပြည်သို့ ပြန်ရောက်ခဲ့ရသည်။

ဇာတ်ပေါင်း။ ။ ဆတ္တာသည်-အရှင်အာနန္ဒာ၊ သားတော်ကြီး-ရာဟုလာ၊ မဃဒေဝမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကာမဂုဏ်ခံစားနေရသော်လည်း တရားဓမ္မကိုမမေ့ရာ။

---

## ၁၀။ သုခဝိဟာရိဇာတ်

### ချမ်းသာအစစ် ခံစားရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘဒ္ဒိယမထေရ်သည် လူ့ဘဝ၌ မင်းဖြစ်ခဲ့စဉ်က အစောင့်အကြပ် ထူထပ်စွာချ၍ နေခဲ့၊ စားခဲ့၊ အိပ်ခဲ့ရသော်လည်း အမြဲစိုးရိမ်ထိတ်လန့် ကြောက်စိတ်ဝင်နေခဲ့ရသည်။ ရဟန်းဝတ်ပြီးဆုံး၍ အရဟတ္တဖိုလ် ရပြီးသည်တွင် စိုးရိမ်သောကများ အလျှင်းမရှိတော့။ စောင့်ကြပ်သူမရှိဘဲ တောကြီး မျက်မည်းထဲတွင်ပင် ကြောင့်ကြမဲ့ နေနိုင် အိပ်နိုင်သဖြင့် 'သြော် ချမ်းသာစွ၊ ချမ်းသာစွ' ဟု ကျူးရင့် မိသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓမြတ်စွာက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူ သည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံ သည်။ ထိုအခါက ဘုရားလောင်းသည် ဥဒိစ္စပုဏ္ဏားသူကြွယ်ဖြစ်၏။ ကာမဂုဏ်၏ အပြစ်ကိုသိသဖြင့် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုသည်။ ဈာန်သမာပတ်တို့နှင့်ပြည့်စုံ၍ အခြံအရံအဖြစ် ရသေ့ငါးရာတို့သည်လည်း ရှိ၏။ မိုးကာလ၌ ဟိမဝန္တာမှ ထွက်ခဲ့၍ ရွာနိဂုံးမှသည် မင်းစံရာ ဗာရာဏသီမြို့သို့ ရောက်လာသည်။ မိုးလေးလပတ်လုံး မင်းကြီး၏ ဥယျာဉ်တော်တွင် သီတင်းသုံးနေထိုင်ကြသည်။ မင်းကြီးသည် ရသေ့များကို အလွန်ရိုသေ ကြည်ညိုလေးစားသည်။ ရသေ့များ ဟိမဝန္တာသို့ ပြန်မည်ပြုသောအခါ ရသေ့ကြီးအား

http://www.dhammadownload.com



'အရှင်ဘုရား၊ အိမ်မင်းပါပြီ၊ တပည့်များကိုသာ လွှတ်လိုက်ပါ'ဟု လျှောက်ထားသည်။ ရသေ့ကြီးသည် တပည့်ကြီးအား ရသေ့ငါးရာကိုအပ်ပြီး ဟိမဝန္တာသို့ ပြန်စေသည်။ ရသေ့ကြီးမူကား မင်းကြီး ဥယျာဉ်တော်တွင်ပင် ဆက်၍နေရသည်။ ကာလ အတန်ကြာသောအခါ ပြန်ကြွသွားကြသည့် ရှသေ့များကို အုပ်ချုပ်သည့် တပည့်ကြီးသည် ဆရာရသေ့ကို ဖူးမြင်လို၍ ဟိမဝန္တာမှသည် ဆရာရသေ့ကြီးရှိရာ ဥယျာဉ်သို့လာခဲ့သည်။ ဆရာ့ကို ဖူးမြင်ပြီးနောက် ဆရာရသေ့၏ အနီးအပါးတွင် ဖျာတစ်ချပ်ခင်း၍ လဲလျောင်းနေသည်။ မင်းကြီးသည် ရသေ့ကြီးကို ဖူးမြင်ရန် ရောက်လာလေသည်။ သို့တိုင် တပည့်ရသေ့သည် လဲလျောင်းနေရာမှမထပေ၊ 'သြော် ချမ်းသာစွ၊ ချမ်းသာစွ'ဟု နှုတ်မှလည်း ကျူးရင့်နေသည်။

ဤတွင် မင်းကြီးက 'ရသေ့ကြီးဘုရား၊ ဤရသေ့သည် စိတ်ရှိတိုင်း စားသောက်ထားပုံရသည်။ ထို့ကြောင့် ဥဒါန်းပင် ကျူးရင့်လျက် ချမ်းသာစွာ အိပ်နေခြင်းကိုပြု၏'ဟု ရသေ့ကြီးကို လျှောက်သည်။ ထိုအခါ ရသေ့ကြီးက 'မင်းကြီး၊ ဤရသေ့သည် လူ့ဘဝမှာ နေခဲ့စဉ်က သင်ကဲ့သို့ပင် မင်းအဖြစ်ကို ရခဲ့သည်။ လက်နက်ကိုင်အစောင့်များ၏ အစောင့်အရှောက်ဖြင့် နေခဲ့ရသော်လည်း ဤကဲ့သို့ ချမ်းသာမှုကို မခံစားရစဖူး၊ ယခု ရသေ့အဖြစ်ဖြင့် နေရသောအခါ လက်နက်ကိုင်အစောင့်များ မရှိသော်လည်း ရသေ့ဘဝချမ်းသာနှင့် ဈာန်ချမ်းသာအပေါ် နှစ်သက်မိလွန်း၍ ဥဒါန်းကျူးရင့်ခြင်းဖြစ်သည်'ဟု မိန့်ကြားကာ ဝတ္ထုကာမ၊ ကိလေသာကာမ နှိပ်စက်မှုမှ လွတ်မြောက်သူတို့၏ ချမ်းသာသုခအကြောင်းကို ဆက်၍ ဟောကြားသည်။ မင်းကြီးသည် တရားမေ့ နာကြားရသဖြင့် ပီတိသောမနဿဖြစ်သွားသည်။ တပည့်ကြီးဖြစ်သူ ရသေ့သည်လည်း ဆရာကိုကန်တော့၍ ဟိမဝန္တာသို့ ပြန်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ တပည့်ကြီးရသေ့-ဘဒ္ဒိယမထေရ်၊ ဆရာရသေ့ကြီး-ဗုဒ္ဓ။

**အံနှစ်ချုပ်။** ။ ချမ်းသာမှုနှစ်မျိုး၏ ကွာခြားပုံကိုခွဲခြားသိပါ။

**အပဏ္ဏကဝဂ် ပြီးပြီ။**

http://www.dhammadownload.com



# ၂။ သီလဝဂ်

## ၁၁။ လက္ခဏမိဂဇာတ်

### မတူညီသော သမင်နှစ်ကောင်

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဒေဝဒတ်၏ တောင်းဆို လျှောက်ထားချက်ကို ငြင်းပယ်တော်မူခဲ့သဖြင့် မကျေနပ်သော ဒေဝဒတ်သည် သံဃာထုကို သင်းခွဲပြီး သူ့နောက်လိုက် ရဟန်းသံဃာငါးရာနှင့်အတူ ဂယာသီသ အရပ်သို့ သွားနေသည်။ ဘုရားရှင်သည် ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန် မထေရ်တို့ကို 'သင်တို့၏ တပည့်ရဟန်းငါးရာတို့သည် ဒေဝဒတ်၏ အယူဝါဒကို နှစ်သက်လက်ခံနေကြ၏။ ထိုရဟန်းတော်များ အားလုံးကို အရဟတ္တဖိုလ်ကို ရောက်စေ၍ ပြန်ခေါ်လာလှည့်ကြ'ဟု မိန့်တော်မူသည်။ အဂ္ဂသာဝကက နှစ်ပါးသည် ဂယာသီသသို့ ကြွတော်မူကြ၍ ရဟန်းငါးရာတို့အား အရဟတ္တဖိုလ်၌ တည်စေကြပြီးလျှင် ရဟန်းငါးရာနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ ပြန်ကြွခဲ့ကြသည်။ ယင်းအကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓက ဤအတိတ် ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သမင်မျိုး၌ ဖြစ်သည်။ သူ့တွင် နောက်လိုက် အခြွေအရံ သမင်ပေါင်း တစ်ထောင်ရှိသည်။ သူ အရွယ်ကြီးရင့်ချိန်တွင် သားများဖြစ်ကြသည့် လက္ခဏနှင့်ကာဠ တို့ကို ခေါ်၍ 'အမောင်တို့၊ ငါ အိုပြီ၊ ဤသမင် တစ်ထောင်တို့ကို တစ်ယောက် ငါးရာစီ ခွဲဝေ၍ စောင့်ရှောက်ကြ'ဟု ဆိုကာ သားနှစ်ယောက်အား လွှဲပြောင်းပေးလိုက်သည်။

လက္ခဏနှင့် ကာဠတို့သည် မိမိနောက်လိုက် သမင်များကို အသီးသီး ဦးဆောင်၍ ထိုနေရာမှ ထွက်ခဲ့ကြသည်။ သို့ရာတွင် ကာဠသမင်သည် အခွင့်အခါကို မရွေးတတ်။ သွားလိုသည့် အချိန်တွင် လမ်းမရွေးဘဲ လူနေသော ဝန်းကျင်မှ သွားသည်။ ထို့ကြောင့် သမင်များသည် လူတို့၏ ပစ်ခတ်ဖမ်းယူခြင်း ခံကြရသည်။ နောက်ဆုံးတွင် နောက်ပါ သမင်အရေအတွက် အနည်းငယ်မျှနှင့်သာ တောထဲသို့ ဝင်ရောက်ခဲ့ရသည်။ လက္ခဏ သမင်မူကား အချိန်ကာလကို ရွေးတတ်သည်။ သန်းခေါင်ယံ တစ်ချိန်တည်းတွင်သာ သွား၍ လူနေရပ်ကွက်နှင့် အလှမ်းဝေးရာ လမ်းခရီးကိုသာ အသုံးပြုသည်။ ထို့ကြောင့် သူ့အခြံအရံ သမင်များသည် ပျက်စီးခြင်း အလျှင်းမရှိဘဲ အခြံအရံ ပြည့်စုံစွာဖြင့်ပင် တောထဲသို့ ဝင်နိုင်ခဲ့သည်။

http://www.dhammadownload.com



သမင်များသည် တောထဲ၌ လေးလပတ်လုံး ခိုအောင်းနေခဲ့ကြကာ ကောက်စပါးများ သိမ်းဆည်းချိန်တွင်မှ ပြန်ထွက်လာခဲ့ကြသည်။ ကာဠသမင်၏ ဆင်ခြင်တုံတရားကင်းမဲ့မှုကြောင့် သူ့နောက်လိုက် သမင်အားလုံး ဆုံးပါးခဲ့ရသည်။ ဖခင်သမင်အိုကြီး၏ မျက်မှောက်သို့ တစ်ကောင်တည်းသာလျှင် ပြန်လာခဲ့ရသည်။ လက္ခဏကမူ နောက်လိုက်တစ်ကောင်မျှ မပျက်စီးသေးဘဲ သမင်ပေါင်းငါးရာ အပြည့်ဖြင့်ပင်လျှင် ပြန်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ ကာလသမင်-ဒေဝဒတ်၊ လက္ခဏသမင်-အရှင်သာရိပုတ္တရာ၊
လက္ခဏသမင်၏ပရိသတ်-ဗုဒ္ဓ၏တပည့်များ၊
လက္ခဏနှင့်ကာဠတို့၏မယ်တော်-ရာဟုလာမယ်တော်၊
လက္ခဏနှင့်ကာဠတို့၏အဖ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သွားလာနေထိုင်မှု၌ သတိရှိသူနှင့် မရှိသူ ကွာခြားပုံကို
သတိထားပါ။

---

# ၁၂။ နိဂြောဓမိဂဇာတ်

## ထိရဲ့ရွှေနဲ့မိခင်၏မေတ္တာ

### ပစ္စုပ္ပန်ဝတ္ထု၊

ကျွန်ုပ်တို့ မြတ်စွာဘုရားလက်ထက်တော်က ရာဇဂြိုဟ်ပြည်၌ စည်းစိမ်ချမ်းသာနှင့် ပြည့်စုံသော သူဌေးသမီးတစ်ဦးရှိ၏။ သူဌေးသမီးသည် ဒါနစသော ကုသိုလ်ကောင်းမှုတို့၌ မွေ့လျော်၏။ ကမ္မဋ္ဌာန်းဝိပဿနာတရားနှင့်လည်း ပြည့်စုံ၏။ လူ့ဘောင်လောက၏ စက်ဆုပ်ဖွယ်ကို သိမြင်ရကာ ရဟန်းပြုရန် အမိအဖတို့ထံ ခွင့်ပန်သည်။ မိဘတို့က အခွင့်မပြုချေ။ အမျိုးသမီးသည် အရွယ်ရောက်၍ အိမ်ထောင်ပြုရ၏။ လင့်အိမ်သို့ရောက်သည့်ကာလ လင်ယောကျ်ားအား ဝတ်ကြီးဝတ်ငယ်ပြုသည်။ မကြာမီ အမျိုးသမီး၌ ကိုယ်ဝန်စွဲကပ်လာသည်။ အမျိုးသမီးသည် သူ၌ကိုယ်ဝန်စွဲကပ်သည်ကို မသိချေ။

အခါတစ်ပါး ရာဇဂြိုဟ်ပြည်၌ နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပသည်။ အမျိုးသမီးသည် မပြင်မဆင် မဖီးမလိမ်းဘဲ လင်ယောကျ်ားနှင့်အတူ ပွဲတော်သို့သွားသည်။ လင်ယောကျ်ားက 'ဘာ့ကြောင့် မဖီးမလိမ်း မပြင်မဆင်ဘဲ နေဘိသနည်း' ဟုမေးသည်။ အမျိုးသမီးက 'အပုပ်တို့ဖြင့် ပြည့်လျက်ရှိသော ဤကိုယ်ကောင်ကို ပြုပြင်ခြင်းသည် အဘယ်အကျိုးရှိအံ့နည်း' ဟု ပြောသည်။ လင်ယောကျ်ားက 'ဤကိုယ်၏အပြစ်ကို သိမြင်လျက် ဘာ့ကြောင့် ရဟန်းမပြုဘဲနေသနည်း' ဟု မေး၏။ အမျိုးသမီးက 'ရဟန်းပြုခွင့်ရလျှင် ယခုပင် ရဟန်းပြုအံ့' ဟု ဆို၏။ ထို့နောက် ကြီးစွာသော အလှူပေး၍ ရဟန်းပြုပြီး

http://www.dhammadownload.com



ဒေဝဒတ်၏ တပည့် ရဟန်းမများနေထိုင်ရာသို့ ရောက်၏။ ရဟန်းမိန်းမ၏ကိုယ်ဝန်သည် ရင့်လာသော အခါ ဒေဝဒတ်၏တပည့်များက ဒေဝဒတ်ထံသို့ ရဟန်းမိန်းမကို ပို့ဆောင်ကြသည်။ ဒေဝဒတ်က သူ့အား လူအများက ကဲ့ရဲ့မည်ကိုစိုးသဖြင့် ရဟန်းမိန်းမကို လူထွက်ခိုင်းသည်။

ရဟန်းမိန်းမသည် ရှင်ဒေဝဒတ်ထံမှ ဖဲခွာ၍ ရာဇဂြိုဟ်မှ လေးဆယ့်ငါးယူဇနာဝေးသော မြတ်စွာဘုရားရှိရာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာသည်။ အရှင်ဉပါလိ အမှူးပြုသော ပသေနဒီ ကောသလမင်းကြီး၊ မဟာအနာထပိဏ်၊ စူဠအနာထပိဏ်၊ ဝိသာခါကျောင်းအမကြီး စသည့် ပရိသတ် စည်းဝေးကြပြီး ဝိသာခါဒါယိကာမကြီးအား ရဟန်းမိန်းမငယ်၏ ကိုယ်ဝန်ရသည့်အဖြစ်ကို စစ်ဆေး မေးမြန်းစေသည့်အခါ လူဖြစ်စဉ်ကပင် ကိုယ်ဝန်ရသည့်အဖြစ်ကို သိကြရသည်။ ရဟန်းမိန်းမ၏ သီလသည် သန့်ရှင်းစင်ကြယ်ကြောင်း အတည်ပြုပြီး ရဟန်းမိန်းမတို့နှင့်အတူလိုက်သွားသည်။ မကြာမီ ကလေးမွေးဖွားလာသည်။ ထိုကလေးကို ကောသလမင်းကြီးက ခေါ်ယူစောင့်ရှောက်ထားသည်။ သူငယ် ခုနစ်နှစ်အရွယ်သို့ ရောက်သောအခါ မြတ်စွာဘုရားထံတွင် သာမဏေပြုသည်။ အသက်နှစ်ဆယ်တွင် ရဟန်းဖြစ်သည်။ 'ကုမာရကဿပ'ဟု အမည်တွင်သည်။ မထေရ်သည် တရားဟောရာ၌ အဆန်း တကြယ်ဖြစ်အောင် ဟောပြောနိုင်သဖြင့် မြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ကို ချီးမြှင့်တော်မူသည်။

တစ်နေ့တွင် ရဟန်းတော်များသည် တရားသဘင်၌ ဒေဝဒတ်သည် ဉာဏ်ပညာ နည်းပါး၍ ကုမာရကဿပမထေရ် သားအမိကို ပျက်စီးစေခဲ့သည်။ ဗုဒ္ဓမြတ်စွာသည် ခန္တီ မေတ္တာ ကရုဏာနှင့် ပြည့်စုံတော်မူသောကြောင့် မယ်တော်နှင့်သား နှစ်ပါးလုံး၏ အထောက်အပံ့ ဖြစ်တော်မူခဲ့ရသည်'ဟု ပြောဆိုကြသည်။ ယင်းအကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

## အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သမင် မျိုး၌ ဖြစ်သည်။ အဆင်းမှာ ရွှေအဆင်းကဲ့သို့ရှိပြီး 'နိဂြောဓ' သမင်ဟု အမည်တွင်သည်။ အခြွေအရံ သမင်ပေါင်း ငါးရာရှိသည်။ ထိုနိဂြောဓ သမင်မင်း၏ အနားတွင် သမင်ပေါင်း ငါးရာ အခြံအရံရှိသော 'သာခ'သမင်လည်း နေသည်။ သူသည်လည်း ရွှေအဆင်းရှိ သည်ပင်။ ထိုအချိန်က ဗာရာဏသီမင်းသည် သမင်သားကို အလွန်ကြိုက်သဖြင့် ကျေးလက်လူထုကပါ သမင်လိုက်ပေးကြရသည်။ ကျေးလက်သားများသည် နေ့စဉ် သမင် လိုက်ပေးကြရ၍ လုပ်ငန်းများပျက်စီးကြသဖြင့် ငြီးငြင်ကြသည်။

တစ်နေ့တွင် သူတို့သည် စုဝေးညှိနှိုင်း၍ တောထဲသို့ဝင်ကာ သမင်များကို ခြောက်လှန့်မောင်းထုတ်ကြရာ နိဂြောဓ သမင်မင်းအုပ်စုနှင့် သာခ သမင်မင်းအုပ်စုတို့ ခိုအောင်းရာ တောကွက်ကို ခြောက်လှန့်မိလျက်သား ဖြစ်နေကြသည်။ ယင်းတို့ကို မင်းကြီး ဉယျာဉ်တော် အရောက် မောင်းနှင်ယူလာခဲ့ကြသည်။ ထို့နောက် မင်းကြီးထံသို့ သွားကြပြီးလျှင် 'အရှင်မင်းကြီး၊ သမင်သားကို အလိုရှိတော်မူပါက ဉယျာဉ်တော်သို့

http://www.dhammadownload.com



ထွက်၍ ဖမ်းယူတော်မူပါ၊ ဥယျာဉ်တော်ထဲတွင် သမင်များ သွင်းထားခဲ့ပါသည်'ဟု လျှောက်ထားကြသည်။

မင်းကြီးသည် ဥယျာဉ်သို့လာ၍ သမင်များကို ရှုစားလေရာ ရွှေအဆင်းရှိသည့် 'နိဂြောဓ' သမင်နှင့် 'သာခ'သမင်တို့ကို နှစ်သက်၍ ထိုသမင်နှစ်ကောင်အား ဘေးမဲ့ပေးလေသည်။ ထိုရက်မှစ၍ နေ့စဉ် သမင်တစ်ကောင်စီကို လေးဖြင့် ပစ်ခတ်ဖမ်းယူလေ့ရှိသည်။

နေ့စဉ် လေးဖြင့်ပစ်ခတ်ဖမ်းဆီးသဖြင့် သမင်များသည် လေးညှို့သံကိုကြားလျှင် တိုးဝှေ့ပြေးလွှားရှောင်ရှားကြသည်။ သမင်များ ဒဏ်ရာအနာတရဖြစ်၍ ဒုက္ခရောက်ကြရသည်။ သေကြရ၏။

တစ်နေ့တွင် နိဂြောဓသမင်သည် သာခသမင်ကို ခေါ်၍ 'အဆွေ၊ သမင်များ အကျိုးမဲ့ ပျက်စီးနေရသည်၊ ယနေ့မှစ၍ သမင်များကို မြားဖြင့် မပစ်ပါစေလင့်၊ ဥယျာဉ်အတွင်း၌စဉ်းတီတုံးတစ်ခု ချထားပါမည်၊ အလှည့်ရောက်သော သမင်သည် စဉ်းတီတုံးပေါ်တွင် ခေါင်းတင်၍ သွားအိပ်နေရပါမည်၊ သင့် အုပ်စုနှင့် ကျွန်ုပ်အုပ်စု တစ်နေ့စီ အလှည့်ယူကြပါစို့'ဟု သဘောတူ တိုင်ပင်ထားကြသည်။

၎င်းသဘောတူထားချက်အရ စဉ်းတီတုံးပေါ်၌ ခေါင်းတင်၍ပေးရမည့်အလှည့်သည် သာခသမင်အုပ်စုထဲမှ ကိုယ်ဝန်ရှိနေသည့် သမင်မငယ်၏ အလှည့်သို့ ရောက်လာသည်။ ယင်းသမင်မငယ်သည် သာခသမင်ထံသွား၍ 'အရှင်၊ ကျွန်ုပ်တွင် ကိုယ်ဝန်ရှိနေသည်၊ ကျွန်ုပ်အား အလှည့်ပြောင်းပေးပါ၊ သားဖွားပြီးလျှင် ကျွန်ုပ်တို့ သားအမိနှစ်ယောက်လုံး အလှည့်ယူပါမည်'ဟု ပြောသည်။ သာခသမင်က မလိုက်လျောသောကြောင့် ကိုယ်ဝန်ရှင် သမင်မငယ်သည် နိဂြောဓ သမင်မင်းထံလာ၍ အကျိုးအကြောင်းပြောပြသည်။ နိဂြောဓသမင်က 'သမင်မငယ်၊ သင့်ဆန္ဒပြည့်ဝစေရမည်၊ ကျွန်ုပ်ပင်လျှင် သင့်အလှည့်ကို ယူလိုက်ပါမည်'ဟု ကတိပေးလိုက်သည်။

စားတော်ချက်သည် သမင်သတ်ရန်လာခဲ့ရာ စဉ်းတီတုံးပေါ်တွင် ခေါင်းတင်၍ အိပ်နေသော နိဂြောဓ ရွှေသမင်ကို တွေ့လိုက်ရ၍ အံ့အားသင့်ကာ မင်းကြီးထံပြန်၍ သံတော်ဦးတင်သည်။ 'သင့်ကို ဘေးမဲ့ပေးထားသည်၊ အဘယ်ကြောင့် ၎င်းစဉ်းတီတုံးပေါ်သို့ လာ၍ ခေါင်းတင်ကာ လှဲအိပ်ရသနည်း'ဟု မေးလေရာ သမင်မင်းက ကိုယ်ဝန်ရှင် သမင်မငယ်၏ အကူအညီတောင်းခံပုံကို ပြန်လည်လျှောက်တင်သည်။ သတ္တဝါတစ်ဦး သေဘေးမှ လွတ်မြောက်စေရန် အခြားသတ္တဝါတစ်ဦးကို အစားထိုး၍ စေစရာ

http://www.dhammadownload.com



သေစေခြင်းသည် မလျော်ကန်ပါ၊ ထို့ကြောင့် ကိုယ်ဝန်ရှင် သမင်မယယ်၏ အလှည့်ကို ကျွန်ုပ်ကိုယ်တိုင်ပင် ယူလိုက်ခြင်း ဖြစ်ပါသည်'ဟု လျှောက်တင်သည်။

မင်းကြီးက 'ကျွန်ုပ်သည် သင် သမင်မင်းကဲ့သို့ ခန္တီမေတ္တာ ကရုဏာနှင့် ပြည့်စုံသူကို လူများထဲတွင်ပင် မတွေ့ရစဖူး၊ ထို့ကြောင့် သင့်အား လည်းကောင်း၊ ကိုယ်ဝန်ရှင် သမင်မယယ်အား လည်းကောင်း ဘေးမဲ့ပေးပါ၏'ဟု မိန့်ဆိုသည်။ နိဂြောဓ သမင်မင်းက သူ့အတွက်သာမက အခြား ကုန်းနေ ရေနေ သတ္တဝါများပါ ဘေးမဲ့ပေးရန် တောင်းဆို၍ ဘုရင်ကလည်း သဘောတူသည်။

မကြာမီ ကိုယ်ဝန်ရှင် သမင်မယယ်သည် သားတစ်ကောင်ကို မွေးဖွားရာ ထိုသားငယ်သည် အရွယ်ရောက်၍ သာခသမင်ထံ စားရန် သွားမည်ပြုရာ မိခင်သခင်မက 'ချစ်သား၊ သင်သည် မိမိ၏အကျိုးစီးပွား ဖြစ်ထွန်းလိုလျှင် နိဂြောဓ သမင်မင်းထံ ချဉ်းကပ်ပါလော့၊ နိဂြောဓ သမင်မင်း၏ ခြေရင်း၌ သေရခြင်းသည် မြတ်၏၊ သာခသမင်ကိုမှီ၍ အသက်ရှည်ရခြင်းသည် မမြတ်ချေ'ဟု သူ့ဘဝ အဖြစ်အပျက်အကြောင်းကို ပြည့်ပြည့်စုံစုံ ပြန်ပြောပြီး ဆုံးမသည်။

ဇာတ်ပေါင်း။ ။ သာခသမင်-ဒေဝဒတ်၊
သာခသမင်၏အခြံအရံသမင်များ-ဒေဝဒတ်ပရိသတ်၊
ကိုယ်ဝန်ရှင်သမင်မ-ကုမာရကဿပမထေရ်၏မယ်တော်၊
သမင်မ၏သားသမင်ငယ်-ကုမာရကဿပမထေရ်၊
ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊ နိဂြောဓသမင်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ သူကောင်းနှင့် သူယုတ်မာကို ခွဲခြား၍သိနိုင်ပါစေ။

---

## ၁၃။ ကဏ္ဍိဇာတ်

### မ,၏ ဖြားယောင်းမှု

**ပစ္စုပ္ပန်ဝတ္ထု**

မယားယောင်း၏ ဖြားယောင်းမှုကြောင့် သာသနာတော်၌ ငြီးငွေ့နေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤဇာတ်တော်ကိုဆောင်၍ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် တော၌ ရုက္ခစိုးနတ် ဖြစ်နေသည်။ တောင်ခြေရင်းနေ သမင်ဖို တစ်ကောင်သည် လူနေဝန်းကျင်မှ သမင်မငယ် တစ်ကောင်နှင့် ချစ်ကျွမ်းဝင်နေသည်။ သူ့ကို သမင်မငယ်က 'အရှင်၊ သင်ကား တောတောင်နေ သမင်ဖြစ်သည်၊ ငါတို့နှင့် အတူ ရွာနီးဝန်းကျင်သို့ မလိုက်လင့်'ဟု တားမြစ်သည်။ သို့တိုင် ထိုသမင်ဖိုကား မလိုက်နာချေ။ သမင်မငယ်၌ တပ်စွန်းမိသောကြောင့် အတူလိုက်နေသည်။

တစ်နေ့တွင် သမင်ဖိုသည် သမင်မငယ်နှင့်အတူ လမ်းကြောင်းအတိုင်း လာခဲ့ကြရာ လမ်းနံဘေးမှ ချုံဖုတ်တစ်ခုထဲတွင် မုဆိုးတစ်ယောက် စောင့်နေသည်ကိုမူ သူတို့ နှစ်ယောက်လုံး မသိကြချေ။ သို့ရာတွင် သမင်မငယ်က လူနံ့ကို သိသည်။ သို့ဖြင့် အန္တရာယ်နီးနေကြောင်းကို သိလိုက်၍ သမင်ဖိုကို ရှေ့မှသွားစေသည်။ သမင်များ အနီးသို့ ရောက်လာသည်နှင့် ခြုံထဲမှ မုဆိုးသည် ရှေ့ဆုံးမှ သမင်ဖိုကို မြားဖြင့်ပစ်လိုက်ရာ သမင်ဖိုသည် ထိုနေရာတွင်ပင် အသက်ကုန်ခြင်းသို့ ရောက်သွားသည်။

သမင်မငယ်ကား လျင်မြန်သော အဟုန်ဖြင့် ထိုနေရာမှ ပြေးထွက်သွားသည်။ မုဆိုးသည် တောချုံထဲမှ ထွက်လာပြီး သမင်သေကို ဖျက်ကာ အသားကောင်းများကို မီးကင်၍ စားသောက်သည်။ ကျန်သော အသားများကို သားမယားအတွက် ယူဆောင်သွားခဲ့သည်။

ဘုရားလောင်း ရုက္ခစိုးနတ်က ဤသမင်မိုက်သည် မိဘကို အမှီပြု၍ သေရသည် မဟုတ်။ ကာမဂုဏ်ကို အမှီပြု၍ သေရခြင်းသာ ဖြစ်သည်။ ဤလောက၌ သူတစ်ပါး သတ်ခြင်းကိုလည်း ကဲ့ရဲ့အပ်သည်။ မိန်းမများကြီးမှူး ဦးစီးသော ဒေသကိုလည်း ကဲ့ရဲ့ အပ်သည်။ မိန်းမတို့၏ အလိုဆန္ဒသို့ လိုက်ပါသူကိုလည်း ကဲ့ရဲ့အပ်သည်ဟု ကဲ့ရဲ့ထိုက်သည့် တရားသုံးပါးတို့ကို ပြဆိုရာ တောစောင့်နတ်တို့သည် ကောင်းချီးပေးကြကာ ဘုရားလောင်း ရုက္ခစိုးအား နံ့သာပန်း အစရှိသည်တို့ဖြင့် ပူဇော်ကြသည်။

**ဇာတ်ပေါင်း။** ။ တောင်ခြေသမင်ဖို-မယားဟောင်းဖြားယောင်းခံရသူရဟန်း၊ သမင်မငယ်-ရဟန်း၏မယားဟောင်း၊ ရုက္ခစိုးနတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကဲ့ရဲ့ထိုက်သောတရားသုံးပါးမှ ရှောင်ကြဉ်ပါ။

http://www.dhammadownload.com



# ၁၄။ ဝါတမိဂဇာတ်

## မ, နှင့်တွေ့လျှင် ပျောညှသူ

### ပစ္စုပ္ပန်ဝတ္ထု

ရှင်ဥပိဏ္ဍပါတိက တိဿမထေရ်၏ မိဘများသည် သားဖြစ်သူ အိမ်ပြန်လာအောင် စွမ်းဆောင်နိုင်လျှင် အိမ်ရှိပစ္စည်းအားလုံးကို လွှဲအပ်ပါမည်ဟူသော ကတိဖြင့် ပြည့်တန်ဆာမ တစ်ယောက်ကို သာဝတ္ထိမြို့တော်သို့ စေလွှတ်ကြသည်။ ပြည့်တန်ဆာမသည် တိဿမထေရ် ဆွမ်းခံနေကျ လမ်း၌ အခြေချနေထိုင်ကာ ထိုမထေရ် ကြိုက်နှစ်သက်သော ဟင်းလျာများကို ချက်၍ လောင်းလှူ၏။ ကျွမ်းဝင်ရင်းနှီးလာသောအခါ ပြည့်တန်ဆာမက နေမကောင်းဟန်ဆောင် ပင့်ဖိတ်သဖြင့် အခန်းထဲထိ ကြွမိရာမှ အရှင်တိဿသည် ပြည့်တန်ဆာမ၏ လက်တွင်းသို့ သက်ဆင်းမိကာ လူ့ဘဝဖြင့် မိဘရပ်ထံ ပြန်ခဲ့ရသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဘုရားလောင်းသည် ဗြဟ္မဒတ်မင်းကြီး အဖြစ်ဖြင့် ထီးနန်းစိုးစံစဉ် သဉ္စယသည် ဗြဟ္မဒတ်မင်းကြီး၏ ဥယျာဉ်မှူး ဖြစ်လေသည်။ တစ်နေ့တွင် ဥယျာဉ်ထွက် သီးနှံများ လာဆက်သသူ သဉ္စယအား မင်းကြီးက 'ဥယျာဉ်၌ ထူးခြားဆန်းကြယ်သော အရာဝတ္ထုများ တွေ့ရသလော'ဟု မေးတော်မူသည်။ သဉ္စယက 'သမင်ပျိုတစ်ကောင် မကြာခဏ လာရောက်ကျက်စားလေ့ ရှိပါသည် ဘုရား' ဟု လျှောက်ထားရာ ထိုသမင်ပျိုကို ဖမ်းပေးနိုင်စွမ်း ရှိ–မရှိ မင်းကြီးက ဆက်မေးတော်မူသည်။ ပျားရည် အတန်အသင့်ရက ဖမ်းပေးနိုင်ကြောင်း သဉ္စယက လျှောက်ထားသဖြင့် မင်းကြီးသည် သဉ္စယအား ပျားရည်များ ပေးသနားတော်မူစေလိုက်သည်။

ဥယျာဉ်မှူး သဉ္စယသည် ပျားရည်များဖြင့် သမင်ပျို ကျက်စားရာ အရပ်မှ မြက်များကို လူးကျံထားသည်။ ပျားလူးမြက်များကို စားရသော သမင်ပျိုသည် ဥယျာဉ်မှူး၏ လက်ထဲမှ ပျားလူးမြက်များကို ယူစားသည်အထိ ယဉ်ပါးလာသည်။ ဥယျာဉ်မှူးသည် ဥယျာဉ်တော်မှ မင်းကြီး နန်းဆောင်အဝင် တံခါးဝအထိ ဖျာတို့ဖြင့် ကာရံစေကာ လမ်းတစ်လျှောက်တွင် ပျားလူး သစ်ကိုင်း သစ်ခက်များကို ချထားစေသည်။ သမင်ပျိုက ထိုအရာတို့ကို လိုက်စားသည်။ ဤနည်းဖြင့် နောက်ဆုတ် ခေါ်လာခဲ့ရာ နောက်ဆုံးတွင် မင်းကြီးနန်းဆောင် တံခါးဝထဲသို့ သမင်ပျို ဝင်မိသည်။ ထိုအခါ တံခါးရွက်ကို ဆွဲပိတ်ထားလိုက်ကြသည်။

http://www.dhammadownload.com



လူများကို တွေ့လိုက်ရသောအခါ သမင်ပျိုသည် ကြောက်ကြောက်လန့်လန့်ဖြင့် ဟိုဟိုသည်သည် ပြေးသည်။ မင်းကြီးသည် သမင်ပျိုကို လာရောက် ရှုစားတော်မူရာ 'ဤသမင်ပျိုသည် ရသတဏှာအပေါ် စွဲလမ်းမိ၍ ဤနေရာသို့ ရောက်လာရသည်၊ လောကတွင် ရသတဏှာထက် ယုတ်နိမ့်သော သဘောမည်သည် မရှိပါချေတကား' ဟု နှလုံးသွင်း၍ သမင်ပျိုကို ပြန်လွှတ်စေတော်မူလေသည်။

ဇာတ်ပေါင်း။ ။ ဥယျာဉ်မှူး-ပြည့်တန်ဆာမ၊ သမင်ပျို-စူဠပိဏ္ဍပါတိကမထေရ်၊ ဗာရာဏသီမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရသတဏှာကြောင့် အသက်ဘေးကြုံရတတ်သည်။

---

# ၁၅။ ခရာဒိယဇာတ်

## ဆုံးမမှုမနာခံသူ

### ပစ္စုပ္ပန်ဝတ္ထု

ဆုံးမခက်သော ရဟန်းတစ်ပါးကို မြတ်စွာဘုရားက 'ချစ်သား၊ သင်သည် ရှေးအခါကလည်း ဆုံးမရ ခက်ခဲ့ဖူးသည်၊ ဆုံးမမှုကို မနာယူ၍ ကျော့ကွင်းမိပြီးလျှင် အသက်ဆုံးရှုံးခဲ့ရဖူးသည်' ဟု မိန့်ဆိုတော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်တော်ကိုဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်တွင် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သမင်မျိုး၌ ဖြစ်ခဲ့ရာ သမင်အပေါင်းခြံရံလျက် တောထဲတွင် နေသည်။ တစ်နေ့တွင် နှမဖြစ်သူ သမင်မသည် သူ့သားငယ်ကို ဘုရားလောင်းထံ ခေါ်လာခဲ့ပြီး 'ဤသမင်ငယ်သည် မောင်ကြီး၏တူ ဖြစ်ပါသည်၊ သူ့ကို 'မိဂမာယာ' များ သင်ပေးပါ' ဟု ဆိုကာ အပ်နှံသည်။ ဘုရားလောင်း သမင်က သင်ပေးရန် တာဝန်ယူကာ လာရောက် သင်ယူရမည့် နေ့ရက်နှင့် အချိန်တို့ကိုလည်း သတ်မှတ်ပေးလိုက်သည်။

သို့ရာတွင် ခုနစ်ရက် လွန်သွားသော်လည်း တူသမင်သည် မလာရောက်ချေ။ သမင်ငယ်သည် 'မိဂမာယာ' ကို မတတ်ကျွမ်းဘဲ တောထဲ၌ လှည့်လှည်ကျက်စားရာ မုဆိုးတစ်ယောက် ထောင်ထားခဲ့သော ကျော့ကွင်းတွင် မိ၍ အသက်ဆုံးရှုံးရတော့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ သမင်ငယ်-ဆိုဆုံးမခက်သောရဟန်း။
နှမသမင်-ဥပ္ပလဝဏ်ထေရီမ၊ သမင်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သင်သင့်သည့်ပညာကိုမသင်မိလျှင် အရေးကြုံသောအခါ ဘေးတွေ့တတ်သည်။

---

# ၁၆။ တိပလ္လတ္ထမိဂဇာတ်

## ဆုံးမမှုကိုနာခံသူ

### ပစ္စုပ္ပန်ဝတ္ထု

ရဟန်းတော်များသည် ရှင်ရာဟုလာ၏ သိက္ခာပုဒ် ရိုသေပုံများကို ချီးကျူးမကုန် ရှိနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူ၍ 'ရဟန်းတို့၊ ရာဟုလာသည် ရှေးအခါကလည်း ငါဘုရား၏ ဆုံးမစကားကို ရိုသေစွာ လိုက်နာခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သမင်မျိုး၌ဖြစ်၍ သမင်အပေါင်းခြံရံလျက် တောထဲတွင် နေသည်။ တစ်နေ့တွင် ဘုရားလောင်း၏နှမ သမင်မသည် သူ့သားသမင်ငယ်ကို ခေါ်လာပြီးလျှင် 'မောင်ကြီး၏ တူကို 'မိဂမာယာ'များ သင်ပေးပါ'ဆိုကာ အပ်နှံသည်။ ဘုရားလောင်းသည် တူသမင်ငယ်အား မိဂမာယာများ သင်ပေးလိုက်သည်။ ထိုသမင်ငယ်သည် မိဂမာယာများ တတ်ကျွမ်းပြီးချိန်တွင် တောထဲ၌ လှည့်လည်ကျက်စားရာ ကျော့ကွင်းတစ်ခု၌ မိသည်။ မိခင်သမင်မသည် ဘုရားလောင်းထံ လာရောက်၍ အကြောင်းကြားရာ ဘုရားလောင်း သမင်က 'နှမ မစိုးရိမ်လင့်၊ သင့်သားသည် ဘေးမသီ ရန်မခဘဲ ပြန်လာလိမ့်မည်'ဟု ဆိုလိုက်သည်။

မိဂမာယာ တတ်ကျွမ်းပြီးသော သမင်ငယ်သည် ကျော့ကွင်း၌ မိသည်ကို သိလိုက်သည်နှင့် ရုန်းကန် လှုပ်ရှားခြင်းမပြုဘဲ လက်, ခြေ တို့ကို ဆန့်တန်း၍ မြေပြင်တွင် လှဲအိပ်သည်။ အနီးအနားမှ မြက်များကို ခွာဖြင့် ကျွတ်ထွက်အောင် ပြုပစ်သည်။ လျှာကို

http://www.dhammadownload.com



ထွက်စေသည်။ ဝမ်းဗိုက်ကို ဖောင်းလာအောင်၊ ကိုယ်ကို မာတောင့်လာအောင်ပြု၍ သေဟန်ဆောင်နေလိုက်သည်။

မကြာမီ မုဆိုးရောက်လာကာ သမင်သေနေပြီ ထင်မှတ်သဖြင့် ကျော့ကွင်းကို ဖြုတ်ပေးသည်။ သမင်သေကို သစ်ရွက် သစ်ခက်များအပေါ်၌ တင်၍ အမဲဖျက်ရန် သစ်ခက်များ သွားရှာသည်။ ယင်းအခိုက် သေဟန်ဆောင်နေခဲ့သော သမင်ငယ်သည် ရုတ်တရက် မိခင်ရှိရာ တောထဲသို့ ပြေးဝင်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ တူသမင်-ရာဟုလာ၊ နှမသမင်-ဥပ္ပလဝဏ်ထေရီ၊ ဦးရီးသမင်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သင်သင့်သည့်ပညာကိုသင်ထားလျှင် အရေးကြုံသောအခါ ကြီးမားစွာအကျိုးပြုသည်။

---

## ၁၇။ မာလုတဇာတ်

### အငြင်းအခုံဖြစ်သူ ခြင်္သေ့နှင့်ကျား

**ပစ္စုပ္ပန်ဝတ္ထု**

တစ်ကျောင်းတည်း အတူနေကြသော မထေရ်နှစ်ပါးရှိရာတွင် ကာဠမထေရ်က လဆုတ်ရက်ပိုင်း၌ ပို၍အေးသည်ဟုဆိုသည်။ ဇုဏှမထေရ်က လဆန်းရက်ပိုင်း၌ ပိုအေးသည်ဟု ဆိုသည်။ နောက်ဆုံး၌ ထိုပြဿနာကို ဘုရားရှင်ထံ လာရောက်၍ လျှောက်ထားကြသည်။ ဘုရားရှင်က 'ရဟန်းတို့ ဤပြဿနာကို ရှေးကလည်း သင်တို့ မေးသဖြင့် ငါဖြေကြားခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ် ဇာတ်တော်ကိုဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့ပြု၍ တော၌နေလေသည်။ ထိုတောအုပ်မှာပင် ခြင်္သေ့နှင့် ကျားတို့သည် မိတ်ဆွေအဖြစ်ဖြင့် လိုဏ်ဂူတစ်ခုထဲတွင် အတူနေထိုင်ကြသည်။ တစ်နေ့၌ ချမ်းအေးမှုနှင့် ပတ်သက်၍ အငြင်းအခုန်ဖြစ်ကြသည်။ ကျားက လဆုတ်ရက်တွင် ချမ်းသည်ဟုဆို၏။ ခြင်္သေ့က လဆန်းရက်ပိုင်း၌သာ ချမ်းသည်ဟု ငြင်းသည်။ သူတို့

http://www.dhammadownload.com



နှစ်ကောင်သည် အဆုံးအဖြတ်ခံယူရန် ထိုတောင်ခြေရင်းရှိ ရသေ့ကြီးထံ အဆုံးအဖြတ်ခံရန် လာခဲ့ကြသည်။

ရသေ့ကြီးက ချမ်းအေးမှုဆိုသည်မှာ လေတိုက်ခတ်မှုကြောင့် ဖြစ်ရသည်။ လဆုတ်ပိုင်း၌ လေလာလျှင် လဆုတ်ပိုင်း၌ ချမ်းအေး၍ လဆန်းရက်များ၌ လေလာလျှင်လည်း လဆန်းပိုင်း၌ ချမ်းအေးသည်။ သင်တို့ နှစ်ယောက်လုံး မည်သူမျှ မရှုံးကြဟု ဆုံးဖြတ်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ကျား-ကာဠုမထေရ်၊ ခြင်္သေ့-ဝုဏ္ဏမထေရ်၊ ရသေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ မသိလျှင် သူတစ်ပါးအဆုံးအဖြတ်ခံရစမြဲ။

---

# ၁၈။ မတကဘတ္တဇာတ်

## ရယ်လည်းရယ်၍ ငိုလည်းငိုသူ

### ပစ္စုပ္ပန်ဝတ္ထု

သေသူများကို ရည်စူး၍ 'မတကဘတ်' ကျွေးမွေးကြရာတွင် ဆိတ်၊ သိုး စသည်ကို သတ်ဖြတ်ခြင်းသည် အကျိုးစီးပွား ဖြစ်-မဖြစ် ရဟန်းတို့က မြတ်စွာဘုရားအား လျှောက်ထားကြသဖြင့် မြတ်စွာဘုရားက ဤအတိတ်ဇာတ်တော်ကို ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဒိသာပါမောက္ခ ဆရာပုဏ္ဏားတစ်ယောက်သည် ဆိတ်တစ်ကောင်ကို သတ်၍ မတကဘတ်ပေးလှူရန် စီစဉ်သည်။ ယင်းဆိတ်ကို သန့်ရှင်းစေရန် တပည့်တို့အား မြစ်ကမ်းဆိပ်တွင် ရေချိုးပေးရန် စေလွှတ်လိုက်သည်။ ရေချိုးပေးပြီး ဆိပ်ကမ်း၌ ခေတ္တ ချည်နှောင်ထားစဉ် ဆိတ်သည် ဟက်ဟက်ပက်ပက်ရယ်မောကာ တစ်ဖန် ချုံးပွဲချ၍ ငိုပြန်သည်။

ဤအကြောင်းကို တပည့်များက ဆိတ်ကို မေးကြရာ ဆိတ်က 'ဤကိစ္စကို သင်တို့ ဆရာထံမှောက် မေးကြကုန်လော့'ဟု ဆို၏။ ဆရာထံမှောက်ရောက်သောအခါ ဆိတ်၏ ရယ်မှု၊ ငိုမှုတို့ကို ပြောပြသည်။ ဆရာကြီးက ဆိတ်ကို အဘယ်ကြောင့် ဤသို့ ငိုရ၊ ရယ်ရကြောင်း မေးသည်။ ဤဆိတ်ကား ဇာတိဿရဉာဏ် (မိမိဖြစ်ခဲ့ဖူးသော ဘဝကို သိသောဉာဏ်)ကြောင့် ဒိသာပါမောက္ခအား 'ပုဏ္ဏား၊ ငါသည် ရှေးအခါက သင်ကဲ့သို့ပင်

http://www.dhammadownload.com



ဆိတ်တစ်ကောင်ကို သတ်၍ မတကာဘတ် လှူခဲ့ဖူးသည်။ ထို့ကြောင့် လေးရာကိုးဆယ့်ကိုး ဘဝလုံး ခေါင်းဖြတ်ခံလာခဲ့ရပြီးပြီ။ ဤဘဝသည်ကား နောက်ဆုံး ငါးရာမြောက် ဘဝ တည်း၊ ယနေ့ ထိုဝဋ်ဆင်းရဲမှ လွတ်မြောက်တော့မည်ဖြစ်၍ ရယ်သည်။ သင်ပုဏ္ဏားမူကား ငါ့ကိုသတ်၍ ငါကဲ့သို့ပင် ဘဝငါးရာပတ်လုံး ဝဋ်ဆင်းရဲသို့ ရောက်ရတော့မည်ကို တွေးမြင်၍ သင့်အားသနားမိသောကြောင့် ငိုခြင်း ဖြစ်သည်'ဟု ဆိုသည်။

ထိုအခါ ပုဏ္ဏားက 'အချင်းဆိတ်၊ မကြောက်လင့်၊ သင့်ကို ငါ မသတ်တော့'ဟု ဆိုလျှင် 'သင်မသတ်သော်လည်း ယနေ့ ငါသည် သေခြင်းမှ မလွတ်နိုင်'ဟု ဆိတ်က ပြန်ကြားသည်။ ထို့နောက် ပုဏ္ဏားသည် ဆိတ်ကို လွှတ်ပေးလိုက်ရာ ဆိတ်သည် ကျောက်ဖျာကြီးပေါ်တွင် ကပ်၍ပေါက်သော ချုံဖုတ်မှ သစ်ရွက်များကို စားရန် လည်ပင်း ဆန့်၍ လှမ်းဆွဲလိုက်သည်။ ယင်းအခိုက် ရုတ်တရက် ပစ်ချလိုက်သော မိုးကြိုးသည် ကျောက်ဖျာကြီးကို လာထိရာမှ ကျောက်လွှာတစ်ခုသည် အရှိန်ဖြင့် ကွာထွက်ပြီး ဆန့်တန်းထားသော ဆိတ်ငယ်၏ လည်ပင်းကို ဖြတ်သွားသည်။ လူများသည် ဆန်းကြယ် လွန်းသော ထိုဖြစ်ရပ်ကို တစ်စုတစ်ဝေးကြီး လာရောက်ကြည့်ရှုကြလေသည်။

ထိုအချိန်က ဘုရားလောင်းသည် ထိုအရပ်၌ ရုက္ခစိုး ဖြစ်လျက်ရှိရာ လူများအား သူတစ်ပါးအသက် သတ်ခြင်း၏ အပြစ်များကို ဟောကြားသည်။ လူတို့သည် ထိုတရားကို နာကြားကြရ၍ သူတစ်ပါးအသက် သတ်ခြင်းမှ သက်ဆုံးတိုင် ရှောင်ကြဉ်ကြလေသည်။

ဇာတ်ပေါင်း။ ။ ရုက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူ့အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ပါ၊ တစ်ခါသတ်မိလျှင် ဘဝပေါင်းများစွာ အသတ်ခံရတတ်သည်။

---

# ၁၉။ အာယာစိတဘတ္တဇာတ်

## မကောင်းမှုပြုလျှင် မကောင်းကျိုးခံစားရမည်

**ပစ္စုပ္ပန်ဝတ္ထု**

ကုန်သွယ်ရာမှ အေးရန်ကင်းစွာ ပြန်ရောက်လာသော ကုန်သည်က အရှင်နတ်များကြောင့် အေးရန်ကင်းစွာ သူ ပြန်ရောက်လာရပေသည်ဟု အယူရှိကာ ဆိတ်များ၊ သိုးများ သတ်ဖြတ်ခြင်း၊ ပူဇော်ခြင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဤဇာတ်တော်ကို ဆောင်၍ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ကာသိတိုင်း ရွာကလေးတစ်ရွာ၏ အနီးရှိ ညောင်ပင်၌ ဘုရားလောင်းသည် ရုက္ခစိုးနတ်ဖြစ်နေသည်။ ထိုရွာရှိ ကုန်သည်တစ်ယောက်သည် ညောင်ပင်စောင့် နတ်အား 'အကျိုးဖြစ်ထွန်း၍ အန္တရာယ်ကင်းစွာ ပြန်ရောက်လာပါက သင်နတ်မင်းအား ပူဇော်ပါမည်'ဟူ၍ ကတိကဝတ်ပြု၍ ခရီးထွက်ခဲ့ရာ အစစ အဆင်ပြေလာသဖြင့် ပြန်ရောက်သည့်အခါ သတ္တဝါများကို သတ်၍ နတ် ပူဇော်ရန် ညောင်ပင်ရင်းသို့ လာခဲ့သည်။

ရုက္ခစိုးနတ်သည် ညောင်ပင်ခွ၌ရပ်၍ 'အို–အချင်းယောကျာ်း၊ သင်သည် ကတိပြုထားခြင်းမှ လွတ်လိုလျှင် တမလွန်ဘဝအတွက်လည်း အပြစ်ကင်းအောင် ပြုတတ်ရမည်။ သူတစ်ပါးအသက် သတ်ခြင်းကိုပြု၍ ကတိစကားမှ လွတ်အောင် ပြုသူကို မကောင်းမှုက မကောင်းရာသို့ ပို့ဆောင်လိမ့်မည်' စသည်ဖြင့် ဟောကြားသည်။ ထိုအခါမှစ၍ လူတို့သည် သူတစ်ပါးအသက် သတ်ခြင်းမှ ရှောင်ကြဉ်ကြလေသည်။

ဇာတ်ပေါင်း။ ။ ရုက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိမိကတိတည်စေရေးအတွက် သူ့အသက်ကိုမသတ်ပါနှင့်။

---

## ၂၀။ နဠပါနဇာတ်

### သစ္စာစကား၏ အစွမ်း

**ပစ္စုပ္ပန်ဝတ္ထု**

ကျူတောင်၌ ရေချိုးနေကြသော ရဟန်းများသည် အပ်ကျည်ပြုလုပ်ရန် သာမဏေများအား ကျူရိုးများ အယူခိုင်းကြရာ ကျူရိုးအားလုံး အဆစ်မရှိဘဲ တောက်လျှောက် ခေါင်းပေါက်ဖြစ်နေသည်ကို တွေ့ကြရသဖြင့် မြတ်စွာဘုရားအား လျှောက်ကြရာ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ကျူတောတစ်ခုသည် တောကြီးမျက်မည်းဖြစ်၍ လူသားတို့နှင့် နီးစပ်မှုမရှိချေ။ ထိုကျူတောရှိ ရေကန်ကို

http://www.dhammadownload.com



ရေစောင့်ဘီလူး စောင့်ကြပ်နေသည်။ သူသည် ရေကန်ထဲသို့ ဆင်းသက်မိသူ သတ္တဝါတိုင်းကို စားခွင့်ရသည်။

ထိုအခါက ဘုရားလောင်းသည် အခြေအရံ မျောက်ပရိသတ် ရှစ်သောင်းရှိသော မျောက်မင်းဖြစ်လေသည်။ တစ်နေ့တွင် ယခင်က မရောက်ဖူးခဲ့သော တောအရပ်တစ်ခုသို့ ရောက်သွားခဲ့ရာ ရေငတ်၍ ရေရှာကြသောအခါ ရေကန်တစ်ခုကို တွေ့ကြရသည်။

ဘုရားလောင်း မျောက်မင်းသည် ရေကန်ကို ဂရုတစိုက် ကြည့်ရှုရာ ရေကန်ထဲသို့ ဆင်းသော ခြေရာများသာ တွေ့ရပြီး ပြန်တက်လာသော ခြေရာများကို မတွေ့ရသဖြင့် ဤရေကန်၌ ဘီလူးစောင့်ကြောင်း သိလိုက်သည်။

မျောက်များ ရေကန်ထဲသို့ မဆင်းသဖြင့် ရေစောင့်ဘီလူးသည် ရေထဲမှ ပေါ်ထွက်လာကာ ရေဆင်းသောက်ကြရန် တိုက်တွန်းသည်။ မျောက်မင်းက သူ့အား ရေစောင့်ဘီလူး ဟုတ်-မဟုတ် မေးမြန်းရာ သူက ဟုတ်မှန်ကြောင်း ဝန်ခံသဖြင့် ဘုရားလောင်းက 'ငါတို့အားလုံး ဤရေကန်မှ ရေကို သောက်ကြမည်။ သို့ရာတွင် သင်သည် ငါတို့အား စားခွင့်ရလိမ့်မည် မဟုတ်'ဟုဆိုကာ ကျူးရိုးတစ်ခုကို ယူစေသည်။ ဤ ရေကန်ကို ဝိုင်းရံ၍ ပေါက်နေကုန်ကြသော ကျူပင်အားလုံးသည် တစ်ပေါက်တည်း ဖြစ်စေကုန်သတည်း'ဟု အဓိဋ္ဌာန်လိုက်ရာ ကျူပင်အားလုံးတို့သည် အဆစ်များပွင့်၍ တစ်ပေါက်တည်း ဖြစ်သွားကြသည်။

မျောက်တို့သည် ထိုကျူရိုးဖြင့် ကန်ထဲမှရေကို စုပ်ယူ၍ သောက်ကြသည်။ မျှော်လင့်ချက်များ ကုန်ဆုံးခဲ့ရသော ရေစောင့်ဘီလူးသည် စိတ်နှလုံး မသာမယာဖြင့် သူ့နေရာသို့ ပြန်သွားခဲ့ရတော့သည်။

**ဇာတ်ပေါင်း။ ။ ရေကန်စောင့်ဘီလူး-ဒေဝဒတ်၊**
**အခြေအရံမျောက်များ-ဗုဒ္ဓ၏ပရိသတ်၊ မျောက်မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ တစ်ဦးတစ်ယောက်၏အသိဉာဏ်ရှိမှုသည်**
**အများကိုချမ်းသာစေနိုင်သည်။**

**သီလဝဂ် ပြီးပြီ။**

http://www.dhammadownload.com



# ၃။ ကုရုင်္ဂဝဂ်

## ၂၁။ ကုရုင်္ဂမိဂဇာတ်

### မုဆိုးနှင့် ဆတ်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား သတ်ဖြတ်ရန် ဒေဝဒတ်၏ ကြိုးစားမှုနှင့် စပ်လျဉ်း၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဆတ်သတ္တဝါမျိုး ဖြစ်နေသည်။ တစ်နေ့တွင် မုဆိုးတစ်ယောက်သည် တောထဲ၌ သားကောင်များရှာရင်း ယမနေပင်ရင်းသို့ ဝင်ကြည့်ရာဘုရားလောင်းဆတ်၏ ခြေရာကို တွေ့သွားသည်။ သို့ဖြင့် ထိုယမနေပင်ပေါ်သို့ တက်ကာ ခွကြားတွင် လင့်စင်ဆောက်၍ လှံကိုကိုင်လျက် ဘုရားလောင်းဆတ် အလာကို လင့်စင်ပေါ်မှ စောင့်နေလိုက်သည်။

ဘုရားလောင်းဆတ်မင်းသည် လာနေကျအတိုင်း ယမနေပင်သို့လာရာ မုဆိုးက ယမနေသီးများကို ရူးဆွတ်ပြီး ဘုရားလောင်းဆတ်မင်းရှိရာသို့ လှမ်းပစ်ပေးလိုက်သည်။ ဤတွင် ဘုရားလောင်းဆတ်မင်းသည် အပင်ပေါ်သို့ ဂရုတစိုက် ထပ်ကြည့်ရာ မုဆိုးကို မြင်သော်လည်း မမြင်ဟန်ဆောင်၍ 'အို...ယမနေပင်၊ သင်သည် ခါတိုင်းရက်များက အသီးများကို အောက်သို့ တည့်တည့်မတ်မတ်သာ ကြွေကျစေသည်။ ယနေ့ ကြွေစေပုံကား သစ်ပင်တို့၏ သဘာဝနှင့် ဆန့်ကျင်နေသည်။ သင်သည် သစ်ပင်တို့၏ သဘာဝကို စွန့်လွှတ်သည်ရှိသော် ငါလည်း သင့်ကို စွန့်လွှတ်၍ အခြားသစ်ပင်များတွင် အစာရှာဖွေအံ့' ဟုဆိုကာ ထွက်ခွာသွားလေသည်။

ထိုအခါ မုဆိုးသည် လင့်စင်ပေါ်မှနေ၍ ဆတ်မင်းကို လှံဖြင့်ပစ်လိုက်ရာ လှံသည် ဘုရားလောင်း ဆတ်မင်းကို မထိမှန်ဘဲ လွဲချော်သွားသည်။ ဤတွင် ဘုရားလောင်း ဆတ်မင်းသည် ရပ်တန့်လျက် 'အို...ယောကျ်ား၊ ယခု သင်သည် ငါ့ကိုကား လွဲချော်၏၊ သို့ရာတွင် ငရဲကြီး ရှစ်ထပ်တို့တွင် နစ်မွန်းရခြင်း အစရှိသော အကုသိုလ်တရားတို့၏

http://www.dhammadownload.com



နှိပ်စက်ခြင်းမှကား သင်သည် လွဲချော်လိမ့်မည် မဟုတ်'ဟုဆိုကာ ဝေးရာသို့ ပြေးထွက်သွားခဲ့လေသည်။

ဇာတ်ပေါင်း။ ။ မူဆိုး-ဒေဝဒတ်၊ ဆတ်သတ္တဝါ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လှည့်စားခြင်းဖြင့် နေရာတိုင်း၌ မအောင်မြင်နိုင်။

---

## ၂၂။ ကုက္ကုရဇာတ်

### အမျိုးသားအကျိုးဆောင်ခွေးခေါင်းဆောင်သူ ခွေး

**ပစ္စုပ္ပန်ဝတ္ထု**

ဝိဋူဘ မင်းသားသည် သာကီဝင် အားလုံးကို သတ်ဖြတ်ရန် စစ်တပ်ကြီးချီလာရာ ဘုရားရှင်က 'မင်းကြီး၊ ဆွေမျိုးများ အရိပ်သည် အေးမြလှပေသည်'ဟူ၍ မိန့်ကြားတော်မူသဖြင့် ဝိဋူဘ မင်းသည် စစ်တပ်ကြီး ပြန်ဆုတ်သွားခဲ့သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဘုရားရှင်က ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည် ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ခွေးမျိုး၌ဖြစ်၍ သုသာန်တွင် နေသည်။ သူ့တွင် အခြွေအရံ နောက်လိုက်ခွေးများလည်း ရှိသည်။ တစ်နေ့တွင် မင်းကြီးသည် ဥယျာဉ်ကစားပွဲတော်မှ ပြန်အလာ ရထားတစ်စီးလုံး မိုးရေတို့ဖြင့် စိုရွှဲကုန်သည်။ ရထားတွင် ကာရံထားသော သားရေပြားနှင့် သားရေလွန်ကြိုးများသည် မိုးရေထိ၍ ပွန့်ကုန်သည်။ ယင်းတို့ကို နန်းတွင်းမှခွေးများ ထွက်စားကြ၍ ရထားတစ်စီးလုံး ပျက်စီးရသည်။

နန်းတွင်းသားများက ထိုအကြောင်းများကို အမှန်အတိုင်း မလျှောက်ဘဲ 'ပြင်ပက ခွေးများ ပြွန်ပေါက်မှဝင်၍ စားသောက်ကြသဖြင့် ရထားပျက်စီးရသည်'ဟု မင်းကြီးအား မမှန်မကန် လျှောက်ကြသည်။ မင်းကြီးက ပြင်ပမှ ခွေးအားလုံးကို သတ်စေရန် အမိန့်ပေးသောကြောင့် ခွေးများမှာ ဘုရားလောင်းခွေးရှိရာ သုသာန်၌ လာရောက်စုဝေးကြသည်။

ဘုရားလောင်းသည် အကျိုးအကြောင်းကို သိရသည်နှင့် တစ်ပြိုင်နက် 'ငါသည် မင်းကြီး၏ရထားမှ သားရေကိုစားသည့် ခွေးတို့ကို ဖော်ထုတ်၍ ဆွေမျိုးအပေါင်းအား အသက်ကို ပေးလှူအံ့'ဟု ကြံပြီးလျှင် ခွေးအပေါင်းအား 'ငါပြန်မရောက်မီ ဤအရပ်၌သာ

http://www.dhammadownload.com



နေကြကုန်'ဟု မှာထားကာ ပထမဦးစွာ သူ၏ ဖြည့်ကျင့်ခဲ့ပြီးသော ပါရမီတော်တို့ကို ဆင်ခြင်သည်။ တစ်ဖန် 'ငါ့အား တစ်စုံ တစ်ယောက်က ခဲဖြင့်ဖြစ်စေ၊ တုတ်ဖြင့်ဖြစ်စေ ပစ်ခတ်ခြင်းငှာ မဝံ့စေသတည်း'ဟု မိန့်ှာန်၍ တစ်ကောင်တည်းပင် မြို့တွင်းသို့ ဝင်လာခဲ့သည်။

ဘုရားလောင်းသည် နန်းတော်သို့ ရောက်သောအခါ မင်းကြီးကို ရှိခိုးပြီးလျှင် 'အရှင်မင်းကြီး၊ အရှင်မင်းကြီးသည် နန်းတော်ပြင်ပမှ ခွေးများကို သတ်စေဟု အမိန့်ပေးထားပါသလား'ဟု မေးသည်။ မင်းကြီးက ဝန်ခံသည်။ ဤတွင် ဘုရားလောင်းက အကြောင်းရင်းကိုမေးရာ ရထားမှ သားရေများကို ပြင်ပမှခွေးများက စား၍ ဖြစ်ကြောင်း ပြန်ကြားသည်။ ထိုအခါ ဘုရားလောင်းက သားရေစားသော ခွေးများကို ဖော်ထုတ်ပြမည်ဟု ဆိုပြီးလျှင် ရက်တက်ရည်နှင့် နေစာမြက်တို့ကို ယူခိုင်းကာ နေစာမြက်တို့ကို ထုထောင်း၍ ရက်တက်ရည်နှင့် ဖျော်စပ်စေသည်။ ထို့နောက် နန်းတွင်းမှ ခွေးများကို တိုက်စေရာ ခွေးများသည် စားထားသော သားရေစများကို ပြန်၍ အန်ထုတ်ကြသည်။

ထိုအခါ မင်းကြီးသည် မိမိ၏အမှားကိုမြင်၍ သတ္တဝါအားလုံးတို့အား ဘေးမဲ့ပေးလေသည်။ ခွေးတို့အားလည်း မိမိပွဲတော်စာကဲ့သို့ မွန်မြတ်သော ဘောဇဉ် အာဟာရတို့ဖြင့် နေ့စဉ်မပြတ် ကျွေးမွေးစောင့်ရှောက်လေသည်။

ဇာတ်ပေါင်း။ ။ ဗြဟ္မဒတ်မင်း-အရှင်အာနန္ဒာ၊
ဘုရားလောင်း၏အခြွေအရံခွေးများ- ဗုဒ္ဓပရိသတ်၊
ပညာရှိခွေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ခေါင်းဆောင်ကောင်းတို့သည် အမျိုးသားအန္တရာယ်ကာကွယ်မြဲ။

---

## ၂၃။ ဘောဇာဇာနိယဇာတ်

### မြင်းအာဇာနည်

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာက ဇွဲ၊ လုံ့လ လျော့သော ရဟန်းကို ခေါ်တော်မူ၍ 'ရဟန်း၊ ရှေးအခါက ပညာရှိတို့သည် မြားဒဏ်သင့်ခြင်း ခံရသော်လည်း ဇွဲ၊ လုံ့လ၊ ဝီရိယကို မလျော့ကြကုန်'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒန်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် 'သောဓာဓာနီယသိန္ဓော' မြင်းမျိုး၌ ဖြစ်နေသည်။ တစ်နေ့သောအခါ ခုနစ်ပြည်ထောင်မင်းတို့သည် ဗာရာဏသီပြည်ကို ဝိုင်းဆို့ထားပြီးလျှင် ငါတို့အား ထီးနန်းစည်းစိမ်ကိုပင် အပ်မည်လော၊ သို့မဟုတ် စစ်မက်ပြိုင်ခြင်းပင် ပြုမည်လော'ဟု ရာဇသံပေးကာ ချီတက်လာကြသည်။ မင်းကြီးသည် အမတ်များ၏ အကြံပြုချက်အရ ဦးစွာ မြင်းစီးသူရဲကောင်း တစ်ယောက်ကို ထိုးဖောက်တိုက်ခိုက်ရန် တာဝန်ပေးအပ် လိုက်ရာ မြင်းစီးသူရဲက 'သောဓာဓာနီယ' မြင်းကို အသုံးပြုလိုကြောင်း တောင်းခံသဖြင့် မင်းကြီး ကလည်း ခွင့်ပြုသည်။

မြင်းစီးသူရဲသည် 'သောဓာဓာနီယ' မြင်းကိုစီးပြီး ရန်သူများကို တိုက်ခိုက်ရာ ပထမဗိုလ်ထုကို ပြိုကွဲစေ၍ မင်းတစ်ပါးကို လက်ရဖမ်းယူလာသည်။ နောက်တစ်ကြိမ် တိုက်ခိုက်ရာတွင် ဒုတိယဗိုလ်ထု တပ်ပျက်သွားပြန်ပြီး ဒုတိယမြောက်မင်းကို အရှင် ဖမ်းယူလာနိုင်ခဲ့ပြန်သည်။ နောက်ဆက်၍ တတိယမြောက် မင်း၊ စတုတ္ထမြောက် မင်း၊ ပဉ္စမမြောက် မင်းတို့ကိုလည်း လက်ရဖမ်းယူပြန်သည်။ ဆဋ္ဌမမြောက် ဗိုလ်ထုထဲ ထိုးဖောက်၍ ဆဋ္ဌမမြောက်မင်းကို ပင်ဖမ်းယူရာ၌မူ 'သောဓာဓာနီယသိန္ဓော'မြင်း၌ မြားဒဏ် ပြင်းထန်စွာရသည်။

ထို့ကြောင့် မြင်းစီးသူရဲသည် သောဓာဓာနီယမှ ချပ်ဝတ်တန်ဆာများကို ဖြုတ်ကာ အခြားမြင်းတစ်စီးတွင် ဝတ်ပေးပြီး အခြားမြင်းဖြင့် တိုက်ရန် ပြင်ဆင်ရာ သောဓာဓာနီယ သိန္ဓောမြင်းက 'အချင်းမြင်းစီးသူရဲ၊ သတ္တမမြောက်မင်းကို ဖမ်းယူရန် ငါသာစွမ်းဆောင် နိုင်သည်။ ငါ့ကို ချပ်ဝန်တန်ဆာ ပြန်ဝတ်ပေးလော့'ဟု ဆိုသည်။ ထို့ကြောင့် သောဓာဓာ နီယကိုပင်စီး၍ သတ္တမမြောက်ဗိုလ်ထုကို ထိုးဖောက် မင်းကို လက်ရဖမ်းယူလာနိုင်ခဲ့ သည်။

သောဓာဓာနီယမြင်း မြားဒဏ်သင့်သည့် သတင်းကို ကြားရ၍ မင်းကြီးသည် သောဓာဓာနီယကို လာရောက်ကြည့်သည်။ ထိုစဉ် သောဓာဓာနီယက 'အရှင် မင်းကြီး၊ ခုနစ်ပြည်ထောင်မင်းတို့၏ အသက်ကို မသတ်ပါနှင့်၊ သစ္စာရေတိုက်၍ လွှတ်တော်မူပါ' ဟု မင်းကြီးအား တောင်းပန်သည်။ ထို့နောက် သောဓာဓာနီယ၏ ကိုယ်မှ ချပ်ဝတ်တန်ဆာ များကို ဖြုတ်လိုက်ရာ သောဓာဓာနီယသည် ထိုခဏတွင်ပင် အသက်ကုန်ခြင်းသို့ ရောက် သွားရလေသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗြဟ္မဒတ်မင်း-အရှင်အာနန္ဒာ၊ မြင်းစီးသူရဲ-အရှင်သာရိပုတ္တရာ၊ ဘောဇာဇာနီယသိန္ဓောမြင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အာဇာနည်တို့၏သဘောသည် အသက်ထက် တာဝန်ကို တန်ဖိုးထားသည်။

---

## ၂၄။ အာဇညဇာတ်

### အသက်ထက် တာဝန်ကိုအလေးထားသူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဖွဲလုံ့လဝီရိယလျှော့သော ရဟန်းကို ခေါ်တော်မူပြီးလျှင် 'ရဟန်း၊ ရှေးအခါက ပညာရှိတို့သည် မိမိကိုယ်တိုင် ဒဏ်ရာဒဏ်ချက် ရနေသော်ငြားလည်း ဖွဲလုံ့လဝီရိယ ပြုကုန်၏'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် အထက်ပါ ဇာတ်မှာကဲ့သို့ ခုနစ်ပြည်ထောင်မင်းတို့သည် ဝိုင်းရံလာကြလေသည်။ ထိုအခါ ရထားစီး သူရဲတစ်ယောက်သည် သိန္ဓောမြင်း ညီနောင်ကသော ရထားဖြင့် မြို့မှထွက်၍ ခြောက်စုသော ဗိုလ်ထုကို ဖြိုခွဲ၍ ခြောက်ယောက်သော မင်းတို့ကို ဖမ်းယူသည်။ ယင်းခဏ၌ နောင်တော်မြင်းတွင် ဒဏ်ရာရသည်။ ထို့ကြောင့် ရထားစီးသူရဲသည် နောင်တော်မြင်းမှ ချပ်ဝတ်တန်ဆာများကို ဖြုတ်ယူ၍ အခြားမြင်းတစ်စီးတွင် ဝတ်ဆင်ပေးမည် ပြုသည်။

ထိုအခါ နောင်တော်မြင်းက ရထားစီးသူရဲကို 'ရထားစီးသူရဲ၊ သင့်စိတ် အလိုကို သိန္ဓောမြင်းသာ သိနိုင်သည်။ အခြားမြင်းသည် မစွမ်းဆောင်နိုင်ချေ။ ထို့ကြောင့် ဤရထား၌ ငါ့ကိုပင်လျှင် ပြန်၍ ကပါလော့'ဟု ဆိုသည်။

ရထားစီးသူရဲသည် နောင်တော်မြင်းကိုပင် ရထား၌ကပြီးလျှင် သတ္တမမြောက် ဗိုလ်ထုကို ထိုးဖောက်၍ မင်းကို ဖမ်းယူသည်။ ထို့နောက် ရထားမှ ဖြုတ်သည့် ခဏ တွင်ပင် နောင်တော်သိန္ဓောမြင်းသည် အသက်ကုန်ခြင်းသို့ ရောက်သွားလေသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ပြဟ္မဒတ်မင်း-အရှင်အာနန္ဒာ၊ နောင်တော်သိန္ဓောမြင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အသက်ထက် တာဝန်ကို ဦးစားပေးသည်မှာ အာဇာနည်တို့၏ သဘော။

## ၂၅။ တိတ္ထဇာတ်

### သိန္ဓောမြင်းတို့၏သဘော

### ပစ္စုပ္ပန်ဝတ္ထု

အရှင်သာရိပုတ္တရာ မထေရ်သည် တပည့်ဖြစ်သူ ရွှေပန်းထိမ်သည်၏သား ရဟန်းအား အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းစေရာ လေးလတိုင်သော်လည်း နိမိတ်မျှပင် မထင်ချေ။ မြတ်စွာဘုရား ထံတော်မှောက်သို့ ခေါ်ဆောင်သွားပြီး လျှောက်ထားသည်။ ဘုရားရှင်က ရဟန်းအား သရက်ဥယျာဉ် လေးထောင့်ရေကန် တစ်ခုဋ္ဌ ပဒုမ္မာကြာပန်းတစ်ပွင့်ကို ကြည့်ရှုနေရစ်ခဲ့လော့ဟု မှာကြားတော်မူပြီးလျှင် ဂန္ဓကုဋိတိုက်တော်သို့ ပြန်ကြွ သွားတော်မူသည်။ ထိုရဟန်းသည် ထိုကြာပွင့်ကို စူးစိုက်ကြည့်နေဆဲမှာပင် ကြပန်းသည် ရင့်ရော်ကာ ပွင့်ချပ်များ ကြွေကျကုန်၏။ ပဒုမ္မာကြာပွင့်၏ ဖောက်ပြန်ပျက်စီးပုံကို မိမိခန္ဓာကိုယ်နှင့် နှိုင်းယှဉ်ကာ သင်္ခါရတရားတို့၏ ခိုင်မြဲမှု မရှိပုံကို ဝိပဿနာဉာဏ်ဖြင့် ရှုကြည့်၏။ ထိုရဟန်း၏ စိတ်သည် ဝိပဿနာသို့ တက်ပြီဟု သိတော်မူလျှင် 'ရဟန်း၊ တန်ဆောင်မုန်းလ၌ ပွင့်သော ကုမုဒြာကြာကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းကို ဖြတ်လော့၊ သင်သည် ငြိမ်းအေးရာ နိဗ္ဗာန်ခရီးကိုသာလျှင် ပွားပါစေလော့'ဟု ဟောတော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ ပညာရှိအမတ် ဖြစ်နေသည်။ တစ်နေ့တွင် မြင်းထိန်းတို့သည် မင်းကြီး၏ မင်္ဂလာမြင်းကို ရေချိုးစေရန် ရေချိုးဆိပ်သို့ ယူသွားကြရာ မင်္ဂလာမြင်းသည် ခါတိုင်း ရေချိုးနေကျ ရေထဲသို့ မဆင်းချေ။ ထိုအကြောင်းကို မင်းကြီးထံ လာရောက်၍ သံတော်ဦး တင်ကြရာ မင်းကြီးက ပညာရှိအမတ်အား 'ပညာရှိ၊ မင်္ဂလာမြင်း ရေဆိပ်သို့ မဆင်းရခြင်း အကြောင်းကို စူးစမ်းချေ'ဟု တာဝန်ပေးတော်မူသည်။

ပညာရှိအမတ်သည် ရေချိုးဆိပ်သို့ လိုက်ပါသွားကာ မြင်းထိန်းတို့အား 'အချင်းတို့၊ ဤရေဆိပ်၌ တစ်ပါးသော မြင်းများ ရေချိုးသွားခဲ့သလော'ဟု မေးသည်။ 'အရှင်

http://www.dhammadownload.com



မှန်ပါသည်၊ မြင်းယုတ်မြင်းညံ့များ ရေချိုးသွားခဲ့ပါသည်'ဟု မြင်းထိန်းများက ဖြေကြသည်။ သို့ဖြစ်လျှင် အခြားရေချိုးဆိပ်တစ်ခုတွင် သွား၍ချိုးပေးသင့်သည်'ဟု မြင်း၏အလိုဆန္ဒကို သိသဖြင့် မြင်းထိန်းတို့အား ပြောကြားသည်။

မြင်းထိန်းတို့သည် ပညာရှိအမတ် ညွှန်ကြားချက်အတိုင်း လိုက်နာဆောင်ရွက်ကြရာ မင်္ဂလာမြင်းသည် ရေချိုး၍ ရေသောက်လေတော့သည်။

ဇာတ်ပေါင်း။ ။ မင်္ဂလာမြင်း-ရွှေပန်းထိမ်သည်၏သားရဟန်း၊ မင်း-အာနန္ဒာ၊ ပညာရှိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူယုတ်နှင့်သူတော်ကောင်းတို့သဘော ခြားနားပုံကိုသိပါ။

---

# ၂၆။ မဟိဠာမုခဇာတ်

## ဝတ်ဝန်းကျင်ကြောင့် ပြောင်းလဲတတ်ပုံ

### ပစ္စုပ္ပန်ဝတ္ထု

ရာဇဂြိုဟ်မြို့တော်၌ ဒေဝဒတ်၏တပည့် ရဟန်းတစ်ပါးရှိသည်။ ထိုရဟန်းသည် ဘုရားထံတော်မှာနေသော မိတ်ဆွေရဟန်းအား မိမိတို့မှာ ဆွမ်းမခံဘဲ နေ့စဉ် တစ်ဆယ့်ရှစ်မျိုးသော ဟင်းလျာများ စားနေကြရကြောင်း ပြောပြသည်။ ပြောဖန်များသောအခါ ဘုရားထံမှာနေသော ရဟန်းသည် ဒေဝဒတ်၏ တပည့်တို့ထံသို့သွား၍ ဆွမ်းစားလေသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုမင်းတွင် မဟိဠာမုခမည်သော နူးညံ့သိမ်မွေ့သည့် မင်္ဂလာဆင်တော် တစ်စီးရှိသည်။ တစ်ညသ၌ သူခိုးတို့သည် ဆင်တင်းကုပ်အနီးသို့ လာရောက်၍ ဥမင်လိုဏ်ခေါင်းကို မည်ကဲ့သို့ တူးရမည်၊ ခိုးယူရာတွင် လူကို သတ်ပြီးမှ ခိုးသင့်သည်၊ ကြမ်းတမ်းစွာ ပြုမူနိုင်ရမည် စသည်ဖြင့် ပြောဆိုကြသည်။ ခိုးသူတို့သည် နောက်ညဉ့်များတွင်လည်း မကြာခဏ လာရောက်တိုင်ပင်ကြသည်။

http://www.dhammadownload.com



ထိုအခါ မင်္ဂလာဆင်တော်သည် သူ့ကို လာရောက် သင်ပေးနေသည်ဟု ထင်မှားသွားကာ တစ်မနက်တွင် ဆင်တင်းကုပ်သို့ စောစီးစွာ ရောက်လာသော ဆင်ထိန်းကို နှာမောင်းဖြင့် ဖမ်းယူ၍ ရိုက်သတ်ပစ်သည်။ နောက်တစ်ယောက်ဝင်လာရာ ထိုသူကိုလည်း သတ်လိုက်ပြန်သည်။ နောက် ရောက်လာသူတိုင်းကိုလည်း ရန်မူ၍ချည်း နေသည်။

ဆင်ထိန်းများသည် ထိုအကြောင်းကို မင်းကြီးထံ သံတော်ဦးတင်ကြရာ ဘုရင်ကြီးက ဘုရားလောင်းအား 'ဆင်တော်သည် အဘယ်ကြောင့် ဖောက်ပြန်ရသည်ကို စူးစမ်းချေလော့'ဟု စေခိုင်းလေသည်။ ဤတွင် ပညာရှိအမတ်က ညဦးချိန် ဆင်တင်းကုပ်အနီး၌ စကားပြောနေသူများ ရှိ မရှိကို ဆင်ထိန်းထံ စူးစမ်းသည်။ ဆင်ထိန်းများက ခိုးသူများ လာ၍ စကားပြောဆိုကြကြောင်း ပြန်ကြားသည်။

အမတ်သည် 'ဆင်တော်၌ ရောဂါဝေဒနာများ ကင်းရှင်းပါသည်။ သို့ရာတွင် သူခိုးတို့စကားကို ကြားရဖန်များ၍ ဆင်တော် ပျက်စီးရခြင်း ဖြစ်ပါသည်'ဟု တင်လျှောက်သည်။ ထိုအခါ မင်းကြီးသည် ဆင်တော် ပြန်လည် ကောင်းမွန်လာစေရန် ပညာရှိအမတ်အား တာဝန်လွှဲပေးလိုက်သည်။ ပညာရှိအမတ်သည် ရဟန်း၊ ပုဏ္ဏားတို့ကို ပင့်ဖိတ်၍ ဆင်တင်းကုပ်တွင် တရားဓမ္မများ ဆွေးနွေးစေသည်။ ဆင်တော်သည် သူတော်ကောင်းစကားသံများကို ကြားရဖန်များလာသောအခါ ပြန်လည်၍ ယဉ်ကျေးသိမ်မွေ့လာသည်။

**ဇာတ်ပေါင်း။ ။ မဟိဠာမုခဆင်တော်-ဒေဝဒတ်၏ဆွမ်းကိုသွား၍စားသောရဟန်း၊ မင်း-အရှင်အာနန္ဒာ၊ ပညာရှိ-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ အတုမြင် အတတ်သင်တတ်သည်။**

---

## ၂၇။ အဘိဏှဇာတ်

### အကောင်းသို့ပြောင်းလဲလာသော ဆင်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိပြည်တွင် သူငယ်ချင်းနှစ်ယောက် ရှိကြသည်။ တစ်ယောက်က ရဟန်းပြုသွားသော်လည်း ကျန်တစ်ယောက်က လူအဖြစ်ဖြင့် နေသည်။ ရဟန်းသည် သူငယ်ချင်း ဒါယကာအိမ်သို့

http://www.dhammadownload.com



နေ့မပျက် သွားသည်။ ဒါယကာ ရဟန်းကလည်း ဆွမ်းကစ်လှူပြီး အပြန်တွင် ရဟန်းအား ကျောင်းအရောက် လိုက်ပို့သည်။ ကျောင်းတွင် ထိုရဟန်းနှင့် တစ်နေကုန်စကားပြောသည်။ နေဝင်ချိန်တွင်မှ ပြန်တတ်သဖြင့် ရဟန်းက ဒါယကာအား မြို့တံခါးဝအထိ လိုက်ပို့ပေးလေ့ရှိသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကိုဆောင်၍ ဟောတော်မူလေသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုမင်း၏ မင်္ဂလာဆင်တော်သည် ခွေးတစ်ကောင်နှင့် အလွန်ပင် ချစ်ကျွမ်းဝင်နေသည်။ ခွေးသည် အစာစားသောအခါ မင်္ဂလာဆင်တော်ထံတွင်သာ စားသည်။ တစ်နေ့တွင် ရွာသားတစ်ယောက်သည် ခွေးကို ဆင်ထိန်းထံမှ ဝယ်ယူသွားခဲ့လေရာ ထိုနေ့မှစ၍ မင်္ဂလာဆင်တော်သည် အစာလည်း မစား၊ ရေလည်း မသောက်၊ ရေချိုးခြင်းလည်း မပြုတော့ပေ။

ထိုအကြောင်းကို မင်းကြီး သိတော်မူရာ ပညာရှိ အမတ်အား စူးစမ်းရန် တာဝန်ပေးလိုက်သည်။ အမတ်က ဆင်ထိန်းများကို 'ဤဆင်တော်နှင့် ချစ်ကျွမ်းဝင်သူ တစ်စုံတစ်ယောက် ရှိသလော'ဟု မေးရာ ဆင်ထိန်းများက ခွေးတစ်ကောင်ရှိကြောင်း ပြောပြသည်။ 'ထိုခွေးဘယ်မှာနည်း'ဟု ဆက်မေးရာ 'ခွေးကို ရွာသားတစ်ယောက် ယူသွားပါသည်၊ ထိုသူနေသည့် ရွာကိုလည်း မသိပါ'ဟု ဆင်ထိန်းများက ပြောကြသည်။

ပညာရှိအမတ်သည် ထိုအကြောင်းစုံကို မင်းကြီးအား တင်လျှောက်သဖြင့် မင်းကြီးသည် မင်္ဂလာဆင်တော်၏ အဖော်ဖြစ်သော ခွေးကို ယူသွားသူအား အပြစ်ပေးမည်ဖြစ်ကြောင်း စည်လည်စေသည်။ ခွေးကို ယူသွားသူ ရွာသားသည် ခွေးကို အိမ်မှာ မမွေးဝံ့တော့၍ ပြန်လွှတ်ပေးလိုက်ရာ ခွေးပြန်ရောက်လာသည့်အခါမှစ၍ မင်္ဂလာဆင်တော်သည် အစာပြန်စားသည်။ ရေလည်း ပြန်သောက်သည်။ ရေချိုးခြင်းလည်း ပြုလေတော့သည်။

ဇာတ်ပေါင်း။ ။ ခွေး-ဒါယကာ၊ မင်္ဂလာဆင်တော်-ရဟန်း၊ မင်း-အရှင်အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ချစ်ခင်သူနှင့်တွေကွင်းရလျှင် စိတ်ဆင်းရဲရစမြဲ။

http://www.dhammadownload.com



# ၂၈။ နန္ဒိဝိသာလဇာတ်

## မမှန်မကန်ပြော၍ ဆိုးကျိုးခံရသူ

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ကြမ်းတမ်းစွာ ပြောဆို၍ ခိုက်ရန်ဖြစ်တတ်သည့် ဆဗ္ဗဂ္ဂီ ရဟန်းတို့ကို ခေါ်တော်မူကာ 'ရဟန်းတို့၊ ရန့်ရင်းကြမ်းတမ်းသော စကားကို လူကိုမဆိုထားဘိ၊ တိရစ္ဆာန်များပင် မနှစ်သက်ကြ။ ရှေးအခါတုန်းကလည်း နွားတစ်ကောင်ကို ကြမ်းတမ်းစွာ ဆဲဆိုမိ၍ပုဏ္ဏားတစ်ယောက်သည် အသပြာတစ်ထောင် ဆုံးရှုံးခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

### အတိတ်ဝတ္ထု

တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် နွားမျိုး၌ ဖြစ်နေသည်။ ဘုရားလောင်း၏ သခင်သည် ဘုရားလောင်းနွားကို ပုဏ္ဏားတစ်ယောက်အား လှူလိုက်လေ၏။ ပုဏ္ဏားသည် နွားငယ်ကို 'နန္ဒိဝိသာလ'ဟု အမည်ပေးသည်။ ယာဂု၊ ထမင်း စသည်တို့ကို ကျွေး၍ မွေးသဖြင့် နန္ဒိဝိသာလသည် ခွန်အားဗလနှင့် ပြည့်စုံသည်။

နန္ဒိဝိသာလသည် ပုဏ္ဏားကြီးအား မွေးကျေးဇူးကို ဆပ်လိုသည်ဖြစ်၍ 'သခင်ပုဏ္ဏား သွားချေ၊ ဂေါဝိတ္တက သူဌေးကို ငါ့နွားသည် လှည်းတစ်ရာကို ရုန်းနိုင်သည်ဟု ပြောပါ။ အသပြာတစ်ထောင်ဖြင့်လည်း အလောင်းအစားပြုပါ'ဟု ပြောသည်။ ပုဏ္ဏားကြီးသည် ဂေါဝိတ္တက သူဌေးထံသွားကာ ဘုရားလောင်းမှာသည့်အတိုင်း ပြော၍ အလောင်းအစား ပြုသည်။

ပုဏ္ဏားသည် လှည်းစီးရေ တစ်ရာတို့ကို သဲ၊ ကျောက်စရစ်တို့ဖြင့် ပြည့်နေစေလျက် လှည်းဦး၌ထိုင်ကာ နှင်တံကို ကိုင်လျက် 'ကောက်ကျစ်သောနွား သွားလော့၊ ကောက်ကျစ်သောနွား ဝန်ကိုဆောင်လော့'ဟုဆို၍ မောင်းနှင်သည်။ နွားသည် နေရာမှ မရွေ့ဘဲ စုံရပ်နေသည်။ ထို့ကြောင့် ပုဏ္ဏားသည် ရှုံးကာ ဂေါဝိတ္တက သူဌေးအား ငွေတစ်ထောင် လျော်လိုက်ရ၏။

ပုဏ္ဏားကြီးသည် ငွေတစ်ထောင် ရှုံးလိုက်ရသဖြင့် စိတ်မချမ်းမသာ ရှိနေစဉ် နန္ဒိဝိသာလ ရောက်လာပြီးလျှင် 'အရှင်ပုဏ္ဏား၊ ငါသည် သင့်အိမ်တွင် နေလာခဲ့သည်မှာ ကြာခဲ့ပြီ။ ငါနင်းချေ၍ ပျက်စီးဆုံးပါးရသော ဥစ္စာပစ္စည်းများ ရှိဖူးပါသလော'ဟု ပုဏ္ဏားကို မေး၏။ ပုဏ္ဏားက 'ချစ်သား၊ မရှိဖူးပါ'ဟု ဆိုသည်။ ဤတွင် နွားက 'သို့ဖြစ်လျက်

http://www.dhammadownload.com



အဘယ့်ကြောင့် ငါ့ကို ကောက်ကျစ်သည် ဆိုရသနည်း'ဟု မေးကာ 'သွားချေ၊ ဝေါဝိတ္တက သူဌေးနှင့် အသပြာနှစ်ထောင် လောင်းခြင်းကို ပြုချေလော့၊ ငါ့ကိုလည်း ကောက်ကျစ်သည်ဟူသော စကားဖြင့် မခေါ်ဝေါ်လင့်'ဟု မှာသည်။

ပုဏ္ဏားသည် သူဌေးနှင့် ဒုတိယအကြိမ် နှစ်ထောင်ကြေး လောင်းပြန်ပြီး 'လိမ္မာသော နွား သွားပါလော့၊ လိမ္မာသောနွား ဝန်ကို ဆောင်ပါလော့'ဟု ပြော၍ မောင်းနှင်ရာ လှည်းတန်းကြီးကို ဆွဲယူလျက် ရှေ့ဆုံးလှည်း ရှိနေခဲ့ရာသို့ နောက်ဆုံးလှည်း အရောက် တွင်မှ ရပ်တန့်လိုက်သည်။ ပုဏ္ဏားအနိုင်ရသဖြင့် ဝေါဝိတ္တသူဌေးထံမှ ငွေနှစ်ထောင် အလျော်ရလေသည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏား-အရှင်အာနန္ဒာ၊ နန္ဒိဝိသာလ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဆဲဆိုသံများကို တိရစ္ဆာန်သော်မှ မနှစ်သက်ပေ။

---

# ၂၉။ ကဏှဇာတ်

## ကျေးဇူးသိသော တိရစ္ဆာန်

### ပစ္စုပ္ပန်ဝတ္ထု

ရဟန်းတော်များသည် မြတ်စွာဘုရားက တန်ခိုးပြာဋိဟာ ပြခြင်းနှင့် စပ်လျဉ်း၍ 'ဘုရား ရွက်ဆောင်သော ဝန်ကို တစ်ပါးသူတို့ မရွက်ဆောင်နိုင်' စသည်ဖြင့် ပြောဆိုနေကြစဉ် မြတ်စွာဘုရား ကြွလာတော်မူ၏။ ထိုအခါ မြတ်စွာဘုရားက 'ရဟန်းတို့၊ ယခုအခါ ငါဘုရား ရွက်ဆောင်သော ဝန်ကို ဘယ်သူမှ မရွက်ဆောင်နိုင်။ ရှေးအခါက တိရစ္ဆာန်အမျိုး၌ ဖြစ်ခဲ့စဉ်ကလည်း ငါနှင့်ထပ်တူ ဆောင်ရွက်နိုင်သူ တစ်စုံတစ်ယောက်မျှ မရှိစဖူး'ဟု မိန့်တော်မူကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်းသည် နွားမျိုး၌ ဖြစ်နေသည်။ ထိုနွားကို နွားပိုင်ရှင်များက အိမ်ရှင် အဘွားအိုအား အိမ်နေခအဖြစ် ပေးလိုက်သည်။ အဘွားအိုသည် နွားငယ်ကို ယာဂု၊ ထမင်း စသည်ကို ကျွေးမွေး၍ 'အယျိကကာဠက' ဟူ၍လည်း အမည်ပေးထားသည်။ ရွာမှ ကလေးသူငယ်များသည် အယျိကကာဠကအား ချို၊ နားရွက်တို့ကို ဆွဲ၍ ကျောကုန်းပေါ်တက်၍ စီးကြသည်။ သို့တိုင် အယျိကကာဠကသည် ရန်မမူပေ။

http://www.dhammadownload.com



တစ်နေ့တွင် 'ငါ့အမိသည် ဆင်းရဲလွန်းသည်။ ငါ့ကိုလည်း သားကဲ့သို့ မွေးမြူလာခဲ့သည်။ ငါ့လုပ်အားဖြင့် အမိကို ဆင်းရဲခြင်းမှ လွတ်မြောက်စေရလျှင် ကောင်းမည်' ဟူ၍ အယျိကကာဠကစဉ်းစားမိသည်။

တစ်ခါသော် လှည်းကုန်သည်သား တစ်ယောက်၏ လှည်းငါးရာတို့သည် ရွံ့ညွန်တောထဲတွင် ကျွံနစ်သွားလေရာ မည်သို့ပင် ရုန်းထွက်သော်လည်း မလွတ်မြောက်နိုင်ဖြစ်နေချိန်တွင် အယျိကကာဠကသည် ရွာထဲမှ နွားများနှင့်အတူ ၎င်းလှည်းများရှိရာသို့ ရောက်လာသည်။ လှည်းကုန်သည်များသည် အယျိကကာဠကကို တွေ့လိုက်ရသည်နှင့် ဥသဘ အာဇာနည် နွားဖြစ်ကြောင်း သိလိုက်သည်ဖြစ်ရာ 'လှည်းတစ်စီးလျှင် အသပြာငွေနှစ်ကျပ်နှုန်းဖြင့် လှည်းစီးရေ ငါးရာအတွက် အသပြာတစ်ထောင်ပေးပါမည်'ဟု ပြောဆိုကာ အယျိကကာဠကကို ဆောင်ယူစေ၍ လှည်းများကို ဆွဲထုတ်ယူကြသည်။ လှည်းငါးရာလုံး ကုန်းမြေပေါ်သို့ ရောက်သွားခဲ့ကြသည်။

သို့ရာတွင် လှည်းကုန်သည်သားသည် ငွေအသပြာ ငါးရာမျှကိုသာ အဝတ်ဖြင့် ထုပ်စည်း၍ အယျိကကာဠက၏ လည်ပင်းတွင် ချည်ဆွဲပေးလေသည်။ ယင်းကို အယျိကကာဠကက သိသောကြောင့် သူသည် ထိုနေရာမှ ထွက်မသွားသေးဘဲ လှည်းများ၏ ရှေ့မှ လှည်းသွားလမ်းကို ပိတ်ထားလိုက်သည်။ ထိုအခါ လှည်းကုန်သည် သားက နောက်ထပ် ငွေငါးရာကို နွား၏ လည်ပင်းတွင် ဆွဲပေးလျက် ဤဥစ္စာထုပ်သည် သင်၏ လုပ်အားခ ဖြစ်သည်ဟု ပြောလိုက်မှ အယျိကကာဠကသည် လမ်းဖွင့်ပေးကာ အဘွားအိုရှိရာ အရပ်သို့ အလျင်စလို ပြေးသွားလေတော့သည်။

**ဇာတ်ပေါင်း။** ။ အဘွားအို-ဥပ္ပလဝဏ်၊ နွားလားဥသဘ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ တိရစ္ဆာန်သော်မှ ကျေးဇူးဆပ်တတ်သည်ကို သိပါ။

---

# ၃၀။ မုနိကဇာတ်

## ဘေးကို မမြင်သူ

**မဇ္ဈပွန်ဝဏ္ဏ။**

မြတ်စွာဘုရားသည် အမျိုးကြီး ဖြားယောင်းခံရ၍ သာသနာတော်၌ မမွေ့လျော်သော ရဟန်းကို ခေါ်တော်မူကာ 'ရဟန်း၊ သင်သည် သာသနာ၌ငြီးငွေ့သည်မှာ မှန်သလော'ဟု မေး၏။ ရဟန်းက

http://www.dhammadownload.com



ဝန်ခံ၏။ 'သင်သည် ရှေးအခါက ထိုအပျိုကြီး၏ လက်ထပ် မင်္ဂလာပွဲ၌ အသက်ဆုံး၍ လူအများ၏ လက်သုပ်ဟင်းလျာ ဖြစ်ခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရွာငယ်တစ်ရွာရှိ သူကြွယ်တစ်ဦး၏ နေအိမ်တွင် မဟာလောဟိတ၊ သူ့ညီငယ်သည် စူဠလောဟိတ အမည်ဖြင့် နွားမျိုး၌ ဖြစ်နေသည်။ သူတို့၏ သခင်တွင် စေစပ်ထားသော သမီးပျိုတစ်ယောက်လည်း ရှိလေသည်။ ထို့ပြင် ထိုသူကြွယ်အိမ်တွင် 'မုနိက'ဟု အမည်ပေးထားသော ဝက်တစ်ကောင်လည်း ရှိသေးသည်။ သူတို့၏ သခင်က မုနိကအား ယာဂုနှင့်ထမင်းကို ကျွေးကြသည်။ ဤသည်ကို ညီဖြစ်သူ စူဠလောဟိတက မကျေနပ်။

ထိုအခါ မဟာလောဟိတက 'ညီထွေး၊ မုနိက၏ အစားအစာကို မတောင့်တလင့်၊ သူသည် သေရမည့်အစာကို စားနေရသည်။ မိန်းမပျို လက်ထပ်သောနေ့၌ ဟင်းလျာပြုလုပ်ရန် ရည်ရွယ်၍ မွေးထားခြင်းဖြစ်သည်'ဟု ရှင်းပြသည်။ ရက်များ မကြာမီတွင် လက်ထပ်ပွဲ ကျင်းပသောအခါ မုနိကကိုသတ်၍ ဟင်းလျာအဖြစ် ချက်ပြုတ်ကြသည်။ ထိုအခါမှ စူဠလောဟိတသည် 'နောင်တော် ငါသည် မုနိကရသည့် အစာကောင်း၏ အကျိုးကို မြင်ရပြီ၊ ထိုအစာကို စားရခြင်းထက် မြက်သစ်ရွက်တို့ကို စားနေရခြင်းက အရာထောင်မက မြတ်၏။ အသက်ရှည်ခြင်းလည်း ဖြစ်၏'ဟု နောင်တော် မဟာလောဟိတကို ပြောသည်။

ဇာတ်ပေါင်း။ ။ မုနိကဝက်-အပျိုကြီးဖြားယောင်းခြင်းခံရသောရဟန်း၊ ရှေ့ကမိန်းမပျို-အပျိုကြီး၊ စူဠလောဟိတ-အရှင်အာနန္ဒာ၊ မဟာလောဟိတ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာမဲ့သူသည် ဘေးကိုမမြင်၊ အစာကိုသာ မြင်သည်။

ကရဏ္ဍိဝဂ် ပြီးပြီ။

http://www.dhammadownload.com



# ၄။ ကုလာဝကဝဂ်

## ၃၁။ ကုလာဝကဇာတ်

### မာဃလူငယ်နှင့် အပေါင်းပါများ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းနှစ်ပါးတို့သည် ခရီးသွားစဉ် အဖော်ဖြစ်သူရဟန်းက ရေစစ်မပေးသဖြင့် ပိုးမွှားများ ပါသောရေကို သောက်ခဲ့ရသည်။ ယင်းဖြစ်ပုံကို အကြောင်းပြု၍ သပ္ပာဏက သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် 'ရဟန်း၊ ရှေးပညာရှိတို့သည် နတ်ပြည်မှာ မင်းပြုစေရသော်လည်း မိမိအသက်ကို စွန့်လွှတ်ကြသည်။ ပါဏာတိကကံကို မကျူးလွန်ကြ' ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် မဂဓတိုင်း မစလရွာငယ်၌ အမျိုးမြတ်သူ၏ သားဖြစ်ကာ မာဃအမည် တွင်နေသည်။ ထိုမာဃလူငယ်နှင့် အဖော်သုံးကျိပ် သုံးယောက်တို့သည် ကိစ္စတိုင်းတွင် တစ်စိတ်တစ်ဝမ်းတည်း ရှိကြသည်။

သူတို့သည် မာဃလူငယ်၏ ဦးဆောင်မှုအရ ငါးပါးသီလ စောင့်ထိန်းခြင်း၊ လမ်းပြင်ခြင်း၊ တံတားဆောက်ခြင်း၊ ရေတွင်း ရေကန်များ တူးဖော်ခြင်း စသော လုပ်ငန်းများကို နေ့စဉ် ဆောင်ရွက်ကြသည်။ အခြားလူများအားလည်း သူတို့ကဲ့သို့ ပြုလုပ်ရန် နှိုးဆော်တိုက်တွန်းပေးကြသည်။ ထို့ကြောင့် မစလ ရွာသားများသည် သုစရိုက် တရားတို့၌ အလေ့အထုံ များလာကြသည်။

ဤသို့ ဖြစ်နေကြသည်ကို မလိုလားသူမှာ မစလရွာသူကြီးပင်။ ဒုစရိုက်မှု ကျူးလွန်သူမရှိ၍ လာဘ်သပ်ပကာများ သူ့မှာရှားပါးနေသည်။ ထို့ကြောင့် မင်းကြီး ရှေ့တော်မှောက်သို့ ဝင်၍ 'အရှင်မင်းကြီး၊ များစွာသော သူခိုးတို့သည် ရွာကို လာရောက်ဖျက်ဆီးနေကြပါသည်' ဟု သံတော်ဦးတင်ရာ မင်းကြီးက ထိုသူခိုးများကို လက်ရဖမ်းဆီးရန် အမိန့်တော်ပေး၏။ ရွာသူကြီးသည် မာဃတို့ အဖွဲ့သားများကို ဖမ်းယူ၍ မင်းကြီး ရှေ့တော်သို့ သွင်းယူလာသည်။ မင်းကြီးသည် ကြားနာစိစစ်ခြင်း မပြုဘဲ 'ထိုသူတို့ကို ဆင်ဖြင့် နင်းသတ်စေ' ဟု အမိန့်ပေးသည်။

http://www.dhammadownload.com



မင်းမှုထမ်းတို့သည် မာဃအဖွဲ့သားများအား မင်းရင်ပြင်တွင် အိပ်နေကြစေကာ နင်းသတ်မည့် ဆင်ကို ထုတ်ယူလာခဲ့ကြသည်။ ထိုအချိန်တွင် မာဃလူငယ်သည် မိမိအဖွဲ့သားများကို 'သင်တို့သည် သီလကို ဆင်ခြင်ကြကုန်၊ ရွာလူကြီး၊ မင်းနှင့် ဆင်တို့ကို မိမိကိုယ်နှင့်ထပ်တူ မေတ္တာပွားကြကုန်'ဟု အဆုံးအမ ပေးသည်။ နင်းသတ်စေရန် လွှတ်လိုက်သော ဆင်တို့သည် သူတို့အနီးသို့ပင် မလာဝံ့ဘဲ ထွက်ပြေးသွားကြသည်။ ဤတွင် မင်းကြီးသည် မာဃတို့ကိုယ်တွင် ရှာဖွေရာ တစ်စုံတစ်ရာမျှ မတွေ့ရပေ။

ထိုအခါ 'ဂါထာမန္တရား တစ်စုံတစ်ရာရှိမည်'ဟု တွေးကာ မင်းမှုထမ်းတို့အား မေးစေပြန်သည်။ မာဃတို့က ဂါထာမန္တရား ရှိကြောင်း ပြန်ကြားလိုက်ရာ မင်းကြီးက ထိုမန္တရားကို ရွတ်ဆိုပြရန် အမိန့်ပေးသည်။ မာဃလူငယ်သည် မင်းကြီးကို လက်အုပ်ချီ၍ 'အရှင်မင်းကြီး၊ အကျွန်ုပ်တို့တွင် တစ်ပါးသော မန္တရားသည်ကား မရှိ၊ ကျွန်ုပ်တို့သည် ငါးပါးသီလ စောင့်ထိန်းကြပါသည်၊ မေတ္တာပွားခြင်း၊ ဒါနပြုခြင်း၊ လမ်းပြင်ခြင်း ပြုကြပါသည်။ ဤသည်တို့သာ ကျွန်ုပ်တို့ မန္တရားများ ဖြစ်ပါသည်'ဟု တင်လျှောက်သည်။

ထိုအခါ မင်းကြီးသည် ထိုသူများတွင် အပြစ်ကင်းစင်ကြောင်း နားလည်သဖြင့် ကုန်းချောသူ ရွာသူကြီးကို သူပိုင်ဆိုင်သည့် ဥစ္စာပစ္စည်းနှင့်တကွ ကျွန်အဖြစ်အသုံးပြုရန် မာဃတို့သို့ ပေးအပ်သည်။ ဆင်ကိုလည်း မာဃတို့အား ပေးလှူသည်။ မာဃနှင့် အဖော်များသည် လက်သမားဆရာ ငှားရမ်း၍ လမ်းလေးခွဆုံ၌ ကြီးစွာသော ဇရပ်ကို ဆောက်လုပ်လှူဒါန်းကြသည်။ မာဃလုလင်၏ အိမ်၌ရှိသော 'သုဓမ္မာ၊ သုစိတ္တာ၊ သုနန္ဒာနှင့် သုဇာတာ' ဟူသော အမျိုးသမီးတို့အနက် 'သုဓမ္မာ'သည် လက်သမားဆရာ၏ အကူအညီဖြင့် ဆောက်လုပ်ဆဲ ဇရပ်ကြီးတွင် ထုပိကာတစ်လုံး ကုသိုလ်ပါဝင်ခွင့်ရသည်။ 'သုစိတ္တာ'သည် ယင်းဇရပ်အနီးတွင် ဥယျာဉ်တစ်ခု စိုက်ပျိုးလှူဒါန်းသည်။ 'သုနန္ဒာ'က ရေကန်တူးလှူသည်။ 'သုဇာတာ' တစ်ယောက်သည်ကား မိမိလင်ပြုသော ကုသိုလ်သည် မိမိ၏ကုသိုလ်လည်းဖြစ်သည်ဟုယူဆကာ မည်သည့်ကောင်းမှုမျိုးကိုမျှ မပြုဘဲနေသည်။

မာဃလူငယ်သည် ထိုဘဝမှသေသည်ရှိသော် တာဝတိံသာနတ်ပြည်၌ သိကြားမင်း ဖြစ်သည်။ သုံးကျိပ်သုံးယောက်သော အဖော်များလည်း တာဝတိံသာ၌ပင် လာ၍ ဖြစ်ကြသည်။ ထိုအခါက အသုရာတို့လည်း တာဝတိံသာ၌နေသည်။ သိကြားမင်းသည် အသုရာတို့နှင့် မဆက်ဆံလို။ ထို့ကြောင့် အသုရာတို့အား နတ်အဖျော်ယမကာများ သောက်စေ၍ မူးယစ်နေကြချိန်တွင် မြင်းမိုရ်တောင်ခြေရင်းကို ပစ်ချစေသည်။ ထိုနေရာကား သခွပ်ပွင့် ပွင့်သော အသုရာပြည်ဖြစ်၏။ သခွပ်ပွင့် ပွင့်သောအခါ အသုရာတို့က သူတို့၏နေရာ နတ်ပြည်မဟုတ်ကြောင်းသိ၏။ ထိုအခါ အသုရာတို့သည် သိကြားမင်းလက်မှ နတ်ပြည်ကို

http://www.dhammadownload.com



ပြန်လည်တိုက်ခိုက်ယူရန် သိကြားမင်းနှင့် စစ်မက် ဖက်ပြိုင်ကြသည်။ ထိုသို့တိုက်ရာ သိကြားမင်းသည် ရှုံးနိမ့်ခဲ့ရသည်။ ထို့ကြောင့် ဝေဇယန္တာရထားဖြင့် တောင်သမုဒ္ဒရာ ရေပြင်ပေါ်ဖြတ်၍ ထွက်ပြေးရသည်။

သိကြားမင်း၏ ရထားသည် လက်ပံတောသို့ ရောက်၏။ လက်ပံပင်များသည် ရထားနှင့်တိုက်မိသဖြင့် အပိုင်းပိုင်းပြတ်၍ သမုဒ္ဒရာရေပြင်ထဲ ကျသွားကြသည်။ ထို လက်ပံပင်များအပေါ်၌ ဂဠုန်သိုက်များရှိသည်။ အသိုက်ထဲမှ ဂဠုန်ငယ်များသည် သည်းစွာ အော်မြည်ကြသည်။ ယင်းအသံကိုကြားသဖြင့် သိကြားမင်းသည် ရထားမှူး မာတလိကို မေးသည်။ မာတလိက ရထားနှင့်တိုက်မိ၍ လက်ပံပင်များ ကျိုးကြေကုန်ရာ အသိုက်ထဲမှ ဂဠုန်ငယ်များသည် သေဘေးမှကြောက်သောကြောင့် တစ်ပြိုင်နက် အော်မြည်ကြခြင်း ဖြစ်သည်ဟု လျှောက်ကြားလေသည်။ သိကြားမင်းက ငါတို့သည် ဂဠုန်ငယ်များ အသက် ရှင်နိုင်ရေးအတွက် မိမိတို့အသက်ကို အသုရာတို့အား ပေးကြကုန်စို့၊ ရထားကို ပြန်၍ လှည့်လော့ဟု ဆိုသဖြင့် ရထားကို ပြန်လှည့်၍ တာဝတိံသာနတ်ပြည်ရှိရာသို့ ဦးတည် မောင်းနှင်လာခဲ့၏။ အသုရာတို့က 'ကေန္တ အခြားစကြာဝဠာမှ သိကြားမင်းများ စစ်ကူ လာကြခြင်း ဖြစ်ရမည်'ဟု အထွေးမှားပြီး အသုရာပြည်သို့ ပြန်ပြေးကြသည်။ ထိုအခါမှ စ၍ 'ဝေဇယန္တာပြာသာဒ်'မြေမှ ပေါက်လာလေသည်။ ရန်ကိုအောင်မြင်သည့်အဆုံး၌ ပေါက်လာသောကြောင့် ဝေဇယန္တာဟူသောအမည်ကို ပေးကြသည်။

ထို့နောက် သိကြားမင်းသည် မြင်းမိုရ်တောင်၏ ပထမအာလိန်တွင် နဂါး၊ ဒုတိယ အာလိန်တွင် ဂဠုန်၊ တတိယအာလိန်တွင် ကုမ္ဘာန်၊ စတုတ္ထအာလိန်တွင် ဘီလူးနှင့် ပဉ္စမ အာလိန်တွင် စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ကို အစောင့်ချထား၏။ ထိုကာလမှ အစပြု၍ တာဝတိံသာနှင့် အသုရာပြည်တို့ကို စစ်တိုက်၍ ယူခြင်းငှာ မတတ်နိုင်သော ကြောင့် 'အယုဇ္ဈပုရ'ဟု ခေါ်ကြသည်။

သုဓမ္မာ၊ သုစိတ္တာနှင့် သုနန္ဒာတို့သည် လူ့ပြည်မှ စုတေခဲ့ကြရာ တာဝတိံသာတွင် သိကြားမင်း၏ ခြေရင်း အလုပ်အကျွေးများ ဖြစ်လာကြသည်။ သုဇာတာကမူ မည်သည့် ကောင်းကျိုးကိုမျှ မပြုခဲ့၍ လူ့ပြည်မှ သေသောအခါ နတ်ပြည်သို့ ရောက်မလာရချေ။ သိကြားမင်းသည် တာဝတိံသာတွင် သုဇာတာကို မမြင်သဖြင့် ဆင်ခြင်ကြည့်သည့်အခါ ဗျိုင်းမ ဖြစ်နေသည်ကို တွေ့ရသည်။ သိကြားမင်းသည် သုဇာတာ ဗျိုင်းမ ဖြစ်နေရာ အရပ်သို့လာကာ ယနေ့မှစ၍ သီလဆောက်တည်လော့ဟု ဗျိုင်းမကို ဆုံးမသည်။

သုဇာတာ ဗျိုင်းမသည် ပဉ္စသီလကို သက်ဆုံးတိုင် စောင့်ထိန်းသဖြင့် ထိုဘဝမှ သေသောအခါ ဗာရာဏသီမြို့တော်တွင် အိုးထိန်းသည်၏ သမီးဖြစ်လာသည်။ ထို

http://www.dhammadownload.com



ဘဝတွင်လည်း သီလမြဲသဖြင့် စုတေသော် ဝေပစိတ္တအသုရာမင်း၏ သမီးတော် ဖြစ်လာသည်။ စောင့်ထိန်းခဲ့ဖူးသည့် သီလ၏အကျိုးဆက်ကြောင့် တစ်ပါးသူတို့ မယှဉ်သာသော ကိုယ်နေဟန်ထားနှင့် ပြည့်စုံသည်။

သုဇာတာ ကြင်ဖော်ရွေးမည့်နေ့တွင် ခမည်းတော် အသုရာမင်းက မိမိ နှစ်သက်သူကို ပန်းကုံးစွပ်၍ ရွေးချယ်ရန် ပန်းကုံးတစ်ခု ပေးသည်။ ထိုအကြောင်းကို သိမြင်သော သိကြားမင်းသည် အဘိုးအိုအသွင်ဖြင့် ပရိသတ်ထဲသို့ ဝင်လာသည်။ ရှေးက ဆုံစည်းခဲ့ဖူးသော မေတ္တာကြောင့် သုဇာတာသည် အဘိုးအိုအသွင် ယူထားသော သိကြားမင်းကို တွေ့မြင်လိုက်ရသည်နှင့် မေတ္တာစိတ်များ ယိုဖိတ်လာရသည်။ ထို့ကြောင့် သူ့လက်ထဲမှ ပန်းကုံးကို အဘိုးအိုအသွင်ဆောင်ထားသော သိကြားမင်း၏ လည်ပင်းတွင် စွပ်လိုက်သည်။ သိကြားမင်းသည် သုဇာတာကို နတ်ပြည်သို့ ယူဆောင်သွားပြီး ကချေသည်တို့၏ အကြီးအမှူးအဖြစ် နေရာပေး မြှောက်စားသည်။

ဇာတ်ပေါင်း။ ။ မာတလိနတ်သား-အရှင်အာနန္ဒာ၊ သိကြားမင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ကောင်းမှုပြုလျှင် ကောင်းကျိုးရသည်။

---

## ၃၂။ နစ္စဇာတ်

### အရှက်အကြောက်ကင်းမှု၏ ဆိုးကျိုး

**ပစ္စုပ္ပန်ဝတ္ထု**

သက်န်းတို့ကို စွာချပြီး ပရိသတ်များ အလယ်တွင် ကိုယ်ချည်းထရပ်ခဲ့၍ သူများက ကဲ့ရဲ့ကြသဖြင့် နေရာမှ ထွက်ပြေးကာ လူထွက်သွားသည့် ရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။ (ဧကကနိပါတ်၊ ဒေဝဓမ္မဇာတ်နှင့်ဝတ္ထုတူသည်။)

**အတိတ်ဝတ္ထု**

ကမ္ဘာဦးအခါက ငှက်များသည် ရွှေဟင်္သာကို ငှက်တို့၏ မင်းအဖြစ် တင်မြှောက်ကြသည်။ ရွှေဟင်္သာမင်းတွင် သမီးဟင်္သာပျို့မ တစ်ကောင်ရှိရာ ကြင်ဖော်ရွေးချိန်၌ မိမိစိတ်ကြိုက် ကြင်ဖော်ရွေးချယ်ခွင့်ကို ဆုအဖြစ်ဖြင့် ပေးအပ်သည်။ ဟင်္သာမင်းသည် ငှက်အပေါင်းတို့ကို ဟိမဝန္တာရှိ ကျောက်ဖျာပြင်ကြီးပေါ်တွင် စည်းဝေးစေသည်။ ဟင်္သာပျို့မ

http://www.dhammadownload.com



သည် ရောက်လာကြသည့် ငှက်များထဲမှ ပတ္တမြားအဆင်းနှင့်တူသော လည်တိုင်နှင့် လှပဆန်းကြယ်သော အတောင်ရှိသည့် ဥဒေါင်းကို ကြင်ဖော်အဖြစ် ရွေးကောက်လိုက်သည်။

ငှက်များသည် ဥဒေါင်းကို ချီးကျူးစကားဆိုကြရာ ဥဒေါင်းသည် ဘဝင်မြင့်လာပြီးလျှင် ငှက်များအလယ်၌ အတောင်ကိုဖြန့်ပြီး အမြီးကို ကော့ထောင်လျက် က,လေတော့သည်။ ထို့ကြောင့် မမြင်အပ်သည့် ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ပေါ်လာရသည်။ ရွှေဟင်္သာမင်းသည် ဤဥဒေါင်းသည် အရှက်တရားမရှိ၊ ယင်းသို့ အရှက်အကြောက် ကင်းမဲ့သူအား ငါ့သမီးကို မပေးနိုင်ဟု ဆိုပြီးလျှင် ရွေးချယ်ထားခြင်းကို ဖျက်သိမ်းလိုက်သည်။ ထို့နောက် မိမိအမျိုးဇာတ်တူသော ဟင်္သာငယ်တစ်ကောင်နှင့် သမီးကို လက်ထပ်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ဥဒေါင်း-ပစ္စည်းဘဏ္ဍာပေါများသောရဟန်း၊ ဟင်္သာမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အရှက်အကြောက်ရှိမှ တန်ဖိုးရှိသည်။

---

## ၃၃။ သမ္မောဒမာနဇာတ်

### ညီညွတ်ခြင်း၏အကျိုး

**ပစ္စုပ္ပန်ဝတ္ထု၊**

ကပိလတိုင်းနှင့် ကောလိယတိုင်းမှ လယ်သမားများသည် ရောဟိဏီမြစ်ရေကို သူရလိုမှု၊ ငါရလိုမှု ငြင်းခုန်ကြရာမှ မင်းအပေါင်းသည် စစ်တပ်ကြီးများချီကာ တိုက်ခိုက်ရန် ရောဟိဏီမြစ်သို့ ဆိုက်ရောက်လာကြသည်။ ထိုအခါ မြတ်စွာဘုရားက နှစ်ဖက်သော ဆွေတော် မျိုးတော်များကို 'အိုမင်းအပေါင်းတို့၊ ဆွေမျိုးအချင်းချင်း ခိုက်ရန်ဖြစ်ခြင်းသည် မသင့်လျော်၊ တိရစ္ဆာန်များသည်ပင် ညီညွတ်သောအခါ ရန်သူတို့ကို အောင်နိုင်၍ ခိုက်ရန်ဖြစ်ပွားသောအခါ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကြဖူးပြီ'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု၊**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်း ငုံးမင်းသည် ငုံးထောင်ပေါင်းများစွာ ခြံရံလျက် တောအရပ်၌ နေသည်။ မုဆိုးတစ်ယောက်သည် ထိုနေရာသို့ လာပြီးလျှင် ငုံးသံကဲ့သို့ မြည်တွန်၍ ငုံးများကို စုဝေးစေသည်။ ငုံးများ စုဝေးချိန်တွင် ပိုက်ကွန်ဖြင့်ပစ်၍ ငုံးများကို ဖမ်းယူသည်။

http://www.dhammadownload.com



တစ်နေ့သောအခါ ဘုရားလောင်း ငုံးမင်းသည် ငုံးများကို စည်းဝေးစေ၍ ဤမုဆိုးကြောင့် ငါတို့၏ ဆွေမျိုးသားချင်းများ ပျက်စီးလာခဲ့ရသည်မှာ များပြီ။ မုဆိုးသည် သင်တို့အား ပိုက်ကွန်ဖြင့် ပစ်သောအခါ သင်တို့အားလုံးသည် တစ်ပြိုင်တည်း ညီညီညွတ်ညွတ် ကွန်ကိုချီ၍ ပျံတက်ကြပြီးလျှင် သင့်လျော်ရာ ဆူးချုံတစ်ခုပေါ်တွင် သက်ဆင်းကြရမည်။ ကွန်ကို ဆူးချုံတစ်ခုပေါ်တွင် တင်ထားခဲ့ပြီးလျှင် သင်တို့အားလုံးသည် ချုံအောက်မှ ထွက်၍ ကိုယ်လွတ်ရာသို့ ပြေးကြရမည်ဟု ဆုံးမသည်။

သို့ဖြင့် နှစ်ရက်မြောက်သောနေ့မှစ၍ ငုံးများသည် ထိုနည်းအတိုင်း ကျင့်သုံးကြရာ မုဆိုးသည် ငုံးတစ်ကောင်မှ မရတော့ချေ။ ကြာသော် သူ့ဇနီးက ငြိုငြင်လာသည်။ ဤတွင် မုဆိုးက ငုံးများညီညွတ်နေကြပုံ၊ ပိုက်ကွန်ကို ဆူးချုံပေါ် လိုက်ယူနေရ၍ အိမ်ပြန်ချိန်နှောင်းရပုံများကို မယားဖြစ်သူအား ရှင်းပြသည်။ တစ်နေ့နေ့တွင် အချင်းချင်း ခိုက်ရန်ဖြစ်၍ ငုံးများ စိတ်ဝမ်းကွဲကြလိမ့်မည်။ ထိုအခါ ငုံးအားလုံး ဖမ်းယူလာ၍ သင့်အား ပြုံးရွှင်စေမည်ဟူ၍နှစ်သိမ့်စကား ပြောသည်။

ရက်များမကြာမီ ငုံးများသည် စားကျက်သို့ ဆင်းကြရာ ငုံးတစ်ကောင်သည် အခြားငုံးတစ်ကောင်၏ ခေါင်းကို မတော်တဆ နင်းမိသည်။ အနင်းခံရသည့် ငုံးက 'ဘယ်သူလဲ'ဟု ဒေါသဖြင့် ဆိုသည်။ နင်းမိသည့် ငုံးက မတော်၍ နင်းမိရခြင်းဖြစ်ကြောင်း ပြောပြလျက် တောင်းပန်သော်လည်း အနင်းခံရသည့် ငုံးက မကျေနပ်ပေ။ ခွန်းကြီးခွန်းငယ် ဆက်ပြောကြသည်။ နောက်ဆုံးတွင် ပိုက်ကွန်ကို ချီယူသည့် ကိစ္စအထိ ပြောဆို၍ အချင်းချင်း ခိုက်ရန်ဖြစ်ကြသည်။ ဘုရားလောင်းသည် ခိုက်ရန်ဖြစ်ပွားရာ အရပ်၌ ချမ်းသာမှု မရှိနိုင်။ ငုံးအားလုံးသည် ကြီးမားသော ပျက်စီးခြင်းသို့ ရောက်ရချေတော့မည်ဟု နှလုံးသွင်းကာ သူ့ပရိသတ်ကို ခေါ်၍ နေရာသစ်တစ်ခုသို့ ပြောင်းရွှေ့သွားသည်။

နောက်နှစ်ရက် သုံးရက်အကြာတွင် မုဆိုးရောက်လာပြီး ငုံးများကို ပိုက်ကွန်ဖြင့် ဖမ်းသည်။ ငုံးများသည် တညီတညွတ်တည်းချီ၍ ပျံတက်ခြင်းမရှိကြ။ အချင်းချင်း တွက်ကတ်ကာ 'သင်ချီလော့'၊ 'သင်က ဦးစွာချီလော့'စသည်ဖြင့် ပြောဆိုနေကြစဉ်မှာပင် မုဆိုးသည် ငုံးအားလုံးကို ဖမ်းယူကာ တောင်းဖြင့်ထည့်လျက် မယားကို ရွှင်ပြုံးစေရန် အိမ်ရှိရာသို့ ပြန်သွားလေတော့သည်။

**ဇာတ်ပေါင်း။** ။ မလိမ္မာသောငုံး-ဒေဝဒတ်၊ ပညာရှိငုံး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ညီညွတ်လျှင် ဘေးကင်းသည်။ မညီညွတ်လျှင် ဘေးသင့်သည်။

http://www.dhammadownload.com



# ၃၄။ မစ္ဆဇာတ်

## ကာမတဏှာ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း ဖြားယောင်းခံရ၍ သာသနာ့ဘောင်၌ မပျော်မွေ့သော ရဟန်းကို အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် အမတ်ပညာရှိ ဖြစ်နေသည်။ တစ်နေ့သ၌ တံငါသည်တို့ မြစ်ထဲ၌ ကွန်ပစ်နေကြချိန်တွင် ငါးကြီးတစ်ကောင်းသည် ကာမဂုဏ်၌ စွဲလမ်းသည့်စိတ်ဖြင့် သူ၏ ငါးမနှင့်အတူ လှည့်လည်ကျက်စားနေသည်။ ငါးမသည် ကွန်နံ့ကိုရသဖြင့် ရှေ့တည့်တည့်သို့ မသွားဘဲ ကွေ့ရှောင်သွား၍ ကွန်နှင့်လွဲသွားသည်။ ကာမဂုဏ်စိတ် လွှမ်းမိုးနေသော ငါးကြီးမှာမူ ကွန်နံ့ကို သတိပြုမိခြင်း မရှိသဖြင့် ကွန်ထဲသို့ ရောက်သွားသည်။

တံငါသည်တို့သည် ငါးကြီးကို သဲသောင်ပြင်ပေါ်တွင် ချထားကြသည်။ ငါးကြီးသည် မိမိတွေ့ကြုံရတော့မည့် ဆင်းရဲဒုက္ခအတွက် ပူပန်စိတ်မဝင်မိ။ ငါးမက သူ့ကိုပစ်ပြီး အခြားငါးမတစ်ကောင်နောက် လိုက်သွားသည်ဟု ထင်မှာစိုးရိမ်သည်။ ဒီအခါမှာ 'ငါးမ ခမျာ ငါ့အတွက် စိတ်သောက များနေရချေတော့မည်'ဟု ငါးမအတွက် ပူပန်နေသည်။ ရင်တွင်းမှာ ပူပန်နေရုံမက အသံထွက်၍ပင် ပြောဆိုငိုကြွေးနေမိသည်။

ထိုအခိုက် ပုရောဟိတ်ပညာရှိသည် ရေချိုးရန် မြစ်ဆိပ်သို့ ဆင်းလာသည်။ သူသည် သတ္တဝါအားလုံးတို့၏ စကားကိုလည်း နားလည်သောကြောင့် 'ဤငါးသည် ကိလေသာ ကာမဇောဖြင့် ငိုကြွေးနေသည်။ ကာမစိတ်ဖြင့်သေလျှင် ငရဲသို့ရောက်ရချေတော့မည်'ဟု တွေးကာ ငါးကို ကယ်တင်လိုသဖြင့် တံငါသည်များထံမှ တောင်းယူသည်။ ထို့နောက် 'အို-ငါး၊ သင်သည် ငါနှင့်သာ မတွေ့ရလျှင် သင်သည် အသက်ကုန်ခြင်းသို့ ရောက်ရှိလိမ့်မည်။ ယနေ့မှစ၍ သင်သည် ကိလေသာ ကာမနောက် မလိုက်လေလင့်'ဟု ဆိုပြီးလျှင် မြစ်ရေထဲသို့ ပြန်လွှတ်ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ ငါးမ-မယားဟောင်း၊ ငါးကြီး-ငြီးငွေ့သောရဟန်း၊ ပုရောဟိတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကာမမှောင်ထဲကျနေလျှင် အခြားဘာကိုမျှမမြင်တတ်ကြ။

http://www.dhammadownload.com



# ၃၅။ ဝဋ္ဋကဇာတ်

## သစ္စာဖါတန်ခိုး

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် မဂဓတိုင်း၌ ရဟန်းအပေါင်းခြံရံလျက် ဒေသစာရီ ကြွချီ လှည့်လည်တော်မူနေစဉ် ကြောက်မက်ဖွယ်ရာ တဟုန်းဟုန်း တောက်လောင်နေသော တောမီးသည် မြတ်စွာဘုရားနှင့် တစ်ဆယ့်ခြောက်ပယ်မျှ ကွာလှမ်းသောနေရာသို့ အရောက်တွင် ငြိမ်းသွားခဲ့သည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ မဂဓတိုင်း၌ ယခု တောမီးငြိမ်းရာ အရပ်တွင် ဘုရားလောင်းသည် ငုံးငှက်မျိုး၌ ဖြစ်နေသည်။ ထိုအရပ်သည် နှစ်စဉ် တောမီးလောင်နေကျ အရပ်ဖြစ်၏။ ဤနှစ်တွင်လည်း ဘုရားလောင်း ငုံးငယ်အရွယ်မရောက်မီ တောမီးလောင်သဖြင့် သားငှက်အပေါင်းတို့သည် ထိုနေရာမှ ထွက်ပြေးကြသည်။ ဘုရားလောင်း၏ မိဘနှစ်ပါးပါ ထွက်ပြေးကြသဖြင့် ပျံနိုင် ပြေးနိုင်ခြင်းမရှိသော ဘုရားလောင်း ငုံးငှက်ငယ် တစ်ကောင်တည်းသာ အသိုက်ထဲတွင် ကျန်ရစ်သည်။

ထိုအခါ ဘုရားလောင်းငုံးငယ်သည် 'ငါ့အား တစ်ပါးသော အားထားမှီခို ကိုးကွယ်ရာသည် မရှိပြီ၊ ဤလောက၌ သီလ၏ ကျေးဇူးသည် ရှိသကဲ့သို့ သစ္စာတရား၏ ကျေးဇူး၊ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတော်သည်လည်း ရှိ၏' ဟု တွေးကာ ၎င်းတို့ကို အာရုံပြုလျက် ငါ့အား အတောင်များရှိသော်လည်း ထိုအတောင်များဖြင့် မပျံနိုင်သေး။ ခြေထောက်များ ရှိသော်လည်း ထိုခြေထောက်များဖြင့် မသွားနိုင်သေး။ မိဘတို့သည် ငါ့ကို အသိုက်ထဲ၌ စွန့်၍ ပြေးကြလေပြီ၊ ဤစကားသည် ငါ၏ သစ္စာစကား ဖြစ်ပါ၏။ အို တောမီး၊ ဤသစ္စာစကားကြောင့် သင်သည် ဤအရပ်မှ ကွင်းရှောင်လေလော့ဟု သစ္စာဆိုသည်။ သစ္စာဆိုစဉ်ပင် တစ်ဆယ့်ခြောက်ပယ်မျှ ကျယ်သောအရပ်၌ တောမီးသည် ငြိမ်းလေသည်။

ဇာတ်ပေါင်း။ ။ ထိုအခါကမိဘာ-ယခုဘဝမိဘာ၊ ငုံးငယ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သစ္စာ၏စွမ်းအားကြီးပုံ သာဓကဖြစ်သည်။

http://www.dhammadownload.com



# ၃၆။ သကုဏဇာတ်

## ငှက်အုပ်စု နှစ်စု

**ပစ္စုပ္ပန်ဝတ္ထု**

တောမီးလောင်ထားသော ကျောင်းနေရာတွင် ဒါယကာများ ကျောင်းပြန်၍ ဆောက်မပေးကြသဖြင့် တစ်ဝါတွင်းလုံး ကမ္မဋ္ဌာန်းမစီးဖြန်းနိုင်သော ရဟန်းအား မြတ်စွာဘုရားက 'ရဟန်း၊ သင်သည် အဘယ်ကြောင့် မိမိနှင့် လျော်ကပ်သော နေရာကို မသိသနည်း၊ ရှေးအခါက တိရစ္ဆာန်များသည်ပင် မိမိနှင့် သင့်လျော်သော နေရာကို သိရှိပေသည်'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ငှက်မျိုး၌ ဖြစ်နေသည်။ ငှက်မင်းသည် ငှက်အပေါင်း ခြံရံလျက် သစ်ပင်ကြီးတစ်ပင်တွင် နေသည်။ တစ်နေ့သောအခါ ထိုသစ်ပင်ကြီးရှိ အကိုင်းများသည် လေတိုက်သဖြင့် အကိုင်းချင်း ကြိတ်ရာမှ မီးခိုးများ ထွက်လာသည်။ ထိုအချင်းအရာကို ဘုရားလောင်းမြင်၍ 'ဤသို့ အကိုင်းချင်း ကြိတ်သည်ရှိသော် မီးများစွဲလာမည်၊ မီးပွားသည် အောက်သို့ကျ၍ သစ်ရွက်ခြောက်များကို လောင်မည်။ ယင်းမှ ကူးစက်၍ ဤသစ်ပင်ကြီးကိုလည်း လောင်လိမ့်မည်။ ငါတို့သည် ဤနေရာ၌ ဆက်၍မနေသင့်။ အခြားသို့ ပြောင်းနေသင့်ကြသည်'ဟု ငှက်များကို ဆုံးမသည်။

ဘုရားလောင်း၏ စကားကို နာယူကြသော ငှက်များသည် ဘုရားလောင်းနှင့်အတူ ထိုအပင်မှ ပျံထွက်ပြောင်းရွှေ့သွားကြသည်။ သို့ရာတွင် ဘုရားလောင်း၏ အဆုံးအမကို လက်မခံကြသော ငှက်များမှာမူ ထိုအပင်တွင် ဆက်၍နေကြသည်။ မကြာမီ အကိုင်းချင်း ထိပွတ်ရာမှ မီးပွင့်၍ သစ်ပင်ကြီးကို စွဲလောင်တော့သည်။ အချို့ငှက်များသည် မီးခိုးသင့်၍ ဝေးရာသို့ ပျံမတက်နိုင်ကြဘဲ မီးတောက်မီးလျှံပေါ်သို့ကျ၍ သေဆုံးကြရလေသည်။

| | |
|---|---|
| **ဇာတ်ပေါင်း။** | ။ ဘုရားလောင်းစကားကိုနာယူကြသောငှက်များ-ဗုဒ္ဓပရိသတ်၊<br>ပညာရှိငှက်-ဗုဒ္ဓ။ |
| **အနှစ်ချုပ်။** | ။ ဘေးကိုကြိုတင်၍မြင်တတ်သည်မှာ ပညာရှိသာ။ |

http://www.dhammadownload.com



# ၃၇။ တိတ္တိရဇာတ်

## ဆင်၊ မျောက်၊ ခါ သတ္တဝါ သုံးဦး

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် အနာထပိဏ်သူဌေးဆောက်လုပ်လှူဒါန်းသော ဇေတဝန်ကျောင်းတော်ကို အလှူခံတော်မူရန် ရာဇဂြိုဟ်မှ သာဝတ္ထိသို့ ကြွတော်မူ၏။ ရှေ့မှ ကြိုသွားနှင့်ကြသော ဆဗ္ဗဂ္ဂီရဟန်းများ၏ တပည့်ဖြစ်သူ ရဟန်းများသည် အိပ်ရာနေရာများကို ဦးယူထားကြသည်။ နောက်မှ ရောက်လာခဲ့ကြသည့် အရှင်သာရိပုတ္တရာနှင့် အခြားမထေရ်များသည် အိပ်ရာနေရာများ မရရှိကြ။ မြတ်စွာဘုရားက 'ယခု ငါဘုရားရှိနေဆဲကာလမှာပင် ရဟန်းများသည် အချင်းချင်း ရိုသေမှု မရှိကြ။ ငါပရိနိဗ္ဗာန်ပြုပြီးသည့် နောက်ပိုင်းတွင် ဘယ်သို့ ရှိကြလိမ့်မည်နည်း'ဟု ဆင်ခြင်တော်မူပြီးလျှင် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော် မူလေသည်။

**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဟိမဝန္တာအရပ်ရှိ ညောင်ပင်ကြီးတစ်ပင်တွင် ခါ၊ မျောက်၊ ဆင် တိရစ္ဆာန် သုံးကောင်တို့ အတူနေထိုင်ကြသည်။ တစ်နေ့သောအခါ သူတို့သုံးကောင်သည် ငါတို့အထဲတွင် အကြီးအမှူး တစ်ယောက်ရှိသင့်သည်။ ထိုသူကို ရိုသေလေးစား၍ နေထိုင်ကြရလျှင် ကောင်းမည်ဟု တိုင်ပင်ကာ သူတို့သုံးယောက်သည် မည်သူ အသက်အကြီးဆုံး ဖြစ်သည်ကို စိစစ်ကြသည်။ ခါနှင့် မျောက်က 'အဆွေဆင်၊ သင်သည် ဤညောင်ပင်ကို အဘယ်ကာလမှစ၍ သိသနည်း'ဟု မေးကြသည်။ 'ငါငယ်စဉ်ကာလက ဤညောင်ပင်ကို ငါ၏ ပေါင်ကြားအောက်တွင်ထား၍ သွားလာဖူးသည်'ဟု ဆင်ဆိုသည်။ တစ်ဖန် ခါနှင့်ဆင်က မျောက်ကို စိစစ်ကြရာ မျောက်က 'အဆွေတို့၊ ငါသည် ငယ်စဉ်ကာလက ဤမြေပြင်တွင် ထိုင်၍ ဤညောင်ပင်၏ အညွန့်အဖူးများကို စားလာခဲ့သည်'ဟု ပြောသည်။ နောက် ဆင်နှင့် မျောက်က ခါကို မေးကြပြန်ရာ ခါက 'အဆွေတို့၊ ငါငယ်စဉ်က ဤနေရာတွင် ဤညောင်ပင် မရှိသေး၊ ငါသည် အခြားတစ်နေရာမှ ညောင်သီးကို စားခဲ့၍ ဤနေရာ၌ ကျင်ကြီးစွန့်ချသဖြင့် ဤညောင်ပင် ပေါက်လာခဲ့ရခြင်း ဖြစ်သည်'ဟု ဆိုသည်။

ထိုအခါ သူတို့သုံးဦးထဲတွင် အကြီးဆုံးဖြစ်သူမှာ ခါဖြစ်ကြောင်း သိကြရသဖြင့် ထိုနေ့မှစ၍ ဆင်နှင့် မျောက်တို့သည် ခါကို အရိုအသေ ပေးကြသည်။ ခါ၏ အဆုံးအမကို နာယူကြသည်။ ခါသည် မိတ်ဆွေနှစ်ဦးတို့ကို သီလမြဲစေသည်။ မိမိလည်း သီလမြဲစေသည်။ သူတို့ အသက်ဆုံးသောအခါ နတ်ပြည်သို့ ရောက်ကြသည်။

http://www.dhammadownload.com



ရဟန်းတို့ တိရစ္ဆာန်ပင်ဖြစ်သော်လည်း အချင်းချင်းကြီးသူကို ငယ်သူက ရိုသေ တုပ်ဝပ် လေးစားကြ၏။ ငါဘုရား ဆုံးမထားသော သာသနာတော်၌ ရဟန်းပြုကြကုန် သော်လည်း အဘယ်ကြောင့် သင်တို့သည် မရိုမသေနေကြသနည်း။ ယနေ့မှစ၍ သီတင်း ငယ်သူ သင်တို့သည် သီတင်းကြီးသူ၊ သိက္ခာဝါကြီးသူကို ရှိခိုးခြင်း၊ ခရီးဦးကြိုပြုခြင်း၊ လက်အုပ်ချီခြင်း၊ နေရာပေးခြင်းကို ပြုရမည်။ ထိုသို့ မပြုလျှင် သင်တို့၌ ဒုက္ကဋ်အာပတ် သင့်၏ဟု မိန့်တော်မူသည်။

**ဇာတ်ပေါင်း။ ။ ဆင်-အရှင်မောဂ္ဂလာန်၊ မျောက်-အရှင်သာရိပုတ္တရာ၊ ခါ-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ အသက်အရွယ်ကြီးသူကို လေးစားပါ။**

---

# ၃၈။ ဗကဇာတ်

## မျိုင်းနှင့် ပုစွန်

### ပစ္စုပ္ပန်ဝတ္ထု

အဝတ်အဟောင်းများကို သက်န်းချုပ်၍ အသစ်နှင့် တူအောင်ပြုလုပ်ကာ အခြားရဟန်းများ၏ သင်္ကန်းစ အသစ်များနှင့် လဲလှယ်၍ ယူတတ်သော ဇေတဝန်ကျောင်းတော်နေ ရဟန်းတစ်ပါးသည် သူ့လိုပြုတတ်သော တောကျေးလက်မှ ရဟန်းငယ်တစ်ပါး၏ လှည့်စားမှုကို ခံလိုက်ရသည်။ ထို အကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ ထိုရဟန်းနှစ်ပါးတို့သည် ရှေးအခါလည်း အပြန်အလှန် လှည့်စားခဲ့ကြဖူးပြီ'ဟု မိန့်တော်မူကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

### အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ တောအရပ်တစ်နေရာတွင် ပဒုမ္မာကြာပေါက်သော ရေအိုင်ကြီးအနီးရှိ ခံတက်ပင်၌ ဘုရားလောင်းသည် ရုက္ခစိုးနတ် ဖြစ်နေသည်။ ထိုတော တွင်ပင် အခြားရေအိုင်တစ်အိုင်လည်း ရှိသေးသည်။ ထိုအိုင်သည် မကြီးလွန်းသော်လည်း ငါးမျိုးစုံတို့ မှီခိုနေထိုင်ရာ ဖြစ်သည်။ နွေရာသီရောက်သည်နှင့် ထိုရေအိုင်တွင် ရေခန်း လေရာ မျိုင်းတစ်ကောင်သည် ယင်းငါးများကို လှည့်စား၍ စားမည်ဟု ကြံစည်တွေးတော လျက် ရေစပ်နားသွားပြီး ရပ်နေသည်။ ထိုအခါ ငါးတို့က 'အဆွေမျိုင်း၊ ဘာကို တွေးတော နေပါသနည်း'ဟု မေးကြရာ မျိုင်းက 'ဤရေအိုင်၌ ရေနည်းနေသည်၊ အစာလည်း ရှားပါး

http://www.dhammadownload.com



လှသည်၊ နေ့ရာသီသည် များစွာ ကျန်နေသေးသည်၊ သင်တို့ကို တစ်ကောင်စီ နှုတ်သီးဖြင့် ကိုက်ချီ၍ အခြားရေအိုင်ကြီး တစ်ခုသို့ ရွှေ့ပြောင်းပေးလိုသည်၊ သင်တို့ ယုံကြည်မှု မရှိလျှင် ကျွန်ုပ်ပြောသည့် ထိုရေအိုင်ကို လိုက်ကြည့်ရန် သင်တို့အထဲမှ ငါးတစ်ကောင် ထည့်ပေးလိုက်ပါ' ဟု ပြောပြလေသည်။

ထိုအခါ ငါးများသည် ကုန်းရေနှစ်ထွေလုံးတွင် နေထိုင်သည့် ငါးမည်းနက် တစ်ကောင်ကို ထည့်ပေးလိုက်ကြရာ ဗျိုင်းသည် ထိုငါးမည်းနက်ကို ကိုက်ချီ၍ ရေအိုင်ကို ပြသည်။ ထို့နောက် ပြန်ခေါ်လာခဲ့ပြီးလျှင် မူလရေအိုင်တွင် ပြန်လွှတ်ပေးသည်။ အိုင်ထဲမှ ငါးများသည် ငါးမည်းနက်၏ ပြောပြချက်အရ ဗျိုင်းအပေါ် ယုံကြည်မိကာ သူတို့အားလုံးကို ထိုရေအိုင်ကြီးသို့ ပို့ပေးရန် သဘောတူကြသည်။

ထိုအချိန်မှစ၍ ဗျိုင်းသည် ငါးတစ်ကောင်စီကို ကိုက်ချီ၍ ရေအိုင်ကြီးအနီးမှ ရေခံတက်ပင် ခွကြား၌ချကာ နှုတ်သီးဖြင့် ထိုးဆိတ်စားသောက်သည်။ ဤနည်းဖြင့် မကြာမီ ငါးများအားလုံး ကုန်သွားကာ ပုစွန်တစ်ကောင်သာ ကျန်တော့၏။

ထိုပုစွန်လုံးကား ဗျိုင်းကို မယုံပေ။ ဗျိုင်းကကိုက်ချီ၍ သယ်ဆောင်ခြင်းထက် သူက ဗျိုင်း၏လည်ပင်းကို လက်မနှင့်ညှပ်၍ လိုက်ရခြင်းက ပို၍ စိတ်ချရကြောင်း၊ ထိုသို့ လုပ်ခွင့်ပြုစေလိုကြောင်း ခွင့်တောင်းသည်။ ဗျိုင်းသည် ပုစွန်လုံး၏ အကြံအစည်ကို မရိပ်စားမိသဖြင့် သဘောတူခွင့်ပြုသည်။ ဗျိုင်းသည် ပုစွန်လုံးကို သယ်ယူ၍ ရေအိုင်ကို ပြရုံသာပြကာ ရေခံတက်ပင်ပေါ်သို့ ခေါ်သွားသည်။

ဤတွင် 'အဆွေဗျိုင်း၊ အဘယ်ကြောင့် ဤနေရာသို့ ခေါ်ဆောင်လာသနည်း' ဟု ပုစွန်လုံးက မေးသည်။ ရေခံတက်ပင်ရင်း၌ရှိသော ငါးရိုးများကို သင်ကြည့်လော့၊ ငါသည် ငါးများကို စားခဲ့သကဲ့သို့ သင့်ကိုလည်း စားအံ့ဟု ဗျိုင်းက ပြန်ပြောသည်။ ပုစွန်လုံးက ငါးများသည် မလိမ္မာကြ၍ သင်၏အစားခံခဲ့ရသည်။ ငါ့ကိုကား စားခွင့်ရလိမ့်မည် မဟုတ်။ သင့်ကိုပင်လျှင် ပျက်စီးခြင်းသို့ ရောက်စေအံ့ဟုဆို၍ ပုစွန်လုံးသည် ဗျိုင်း၏ လည်ပင်းကို လက်မဖြင့် တင်းတင်းညှပ်သည်။ ဗျိုင်းသည် နာကျင်လွန်းသဖြင့် အရှင်၊ သင့်ကို မစားတော့ပါ၊ ငါ့အား အသက်ချမ်းသာခွင့်ပေးပါဟု ဆိုသည်။ ထိုအခါ ပုစွန်လုံးက ငါ့အား အိုင်ထဲတွင် ပြန်လွှတ်ပေးလော့ဟု ပြောသဖြင့် ဗျိုင်းသည် ပုစွန်လုံးကို ရေအိုင်သို့ ပြန်ယူလာပြီး နွံပြင်ပေါ်တွင် ချပေးလိုက်ရာ ပုစွန်လုံးသည် ဗျိုင်း၏ လည်ပင်းကို တိခနဲ ညှပ်လိုက်သည်။ ဗျိုင်းနှင့် ပုစွန်လုံးတို့၏ ဖြစ်ပုံအခြင်းအရာကို မြင်သော ရုက္ခစိုးနတ်သည် သာခု ခေါ်သဖြင့် တစ်တောလုံးကို ပဲ့တင်ထပ်စေသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗျိုင်း-ဇေတဝန်နေရဟန်း၊ ပုစွန်လုံး-တောကျောင်းနေရဟန်း၊ ရှက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းသော အလုပ်သည် ကောင်းကျိုးမပေး။

---

# ၃၉။ နန္ဒဇာတ်

## စိတ်ပြောင်းသောကျွန်

### ပစ္စုပ္ပန်ဝတ္ထု

အရှင်သာရိပုတ္တရာမထေရ်သည် မြတ်စွာဘုရားထံခွင့်ပန်၍ ခရီးဒေသစာရီကြွသွားသည်။ သူနှင့်အတူ ရိုသေကျိုးနွံစွာ ဆည်းကပ်လာခဲ့သော ရဟန်းတစ်ပါးကိုလည်း ခေါ်ဆောင်သွားသည်။ ဒက္ခဏာဂီရိဇနပုဒ်သို့ ရောက်သောအခါ တပည့် ရဟန်းတို့သည် ဆရာကို မလေးမခန့်ပြုသည်။ တစ်ဖန် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်သွားသောအခါ ရိုသေကျိုးနွံစွာ ဆည်းကပ်ပြန်သည်။ ဤအကြောင်းကို ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်နေသည်။ သူ့တွင် မိတ်ဆွေ သူကြွယ်အိုတစ်ယောက်ရှိသည်။ သူ့မိတ်ဆွေသည် အိုမင်းပြီးဖြစ်သော်လည်း သူ့ဇနီးက ပျိုရွယ်သေးသည်။ သူကြွယ်အိုတွင် ဤဇနီးနှင့် ရသော သားတစ်ယောက်ရှိသည်။ သူကြွယ်အိုသည် သူကွယ်လွန်ပြီးသည့်နောက်တွင် သူ့ဇနီးသည် အိမ်ထောင်သစ် ထူနိုင်သည်၊ အိမ်ထောင်ဖက်သစ် ယောက်ျားသည် သူ့ပစ္စည်းဥစ္စာများကို သုံးဖြုန်းပစ်မည်၊ သူ့သားသည် တစ်စုံတစ်ရာကိုမျှ အကျိုးခံစားရတော့မည် မဟုတ်ဟု ပူပန်သည်။

ထို့ကြောင့် သူကြွယ်အိုသည် ကျွန်နန္ဒကို ခေါ်ယူ၍ တောထဲတွင် ဥစ္စာများ မြှုပ်နှံသည်။ ဤဥစ္စာများကို ငါသေလွန်ပြီးနောက် ငါ့သားအား ပြပါလေ၊ ငါ့သားကို မစွန့်ပစ်လေနှင့်ဟု မှာထားခဲ့ပြီးလျှင် ကွယ်လွန်သွားခဲ့သည်။

သူကြွယ်အို၏သား အရွယ်ရောက်ချိန်တွင် မိခင်က သင့်ဖခင်သည် နန္ဒကို ခေါ်၍ တောထဲ၌ ဥစ္စာများ မြှုပ်နှံထားခဲ့ကြောင်းကို ပြောပြသည်။ ထို့ကြောင့် သူကြွယ်အို

http://www.dhammadownload.com



သားသည် ဥစ္စာများ တူးဖော်ရန် ကျွန်နန္ဒနှင့်အတူ တောထဲသို့ လာခဲ့ကြသည်။ တောထဲသို့ ရောက်သောအခါ သူကြွယ်အိုသားက ဥစ္စာကို အဘယ်နေရာမှာ မြှုပ်ပါသနည်းဟု မေးသည်။ ကျွန်နန္ဒသည် ဥစ္စာမြှုပ်ထားသော မြေပေါ်၌ ရပ်နေပြီး ဥစ္စာမာန်တက်ကာ ဟယ်…ကျွန်မသား၊ ဤအရပ်၌ သင်၏ဥစ္စာ အဘယ်မှာရှိသနည်းဟု ဆဲသည်။ ထို့ကြောင့် သူကြွယ်အိုသားသည် ကျွန်နန္ဒကို ခေါ်၍ အိမ်သို့ ပြန်လာခဲ့သည်။

နောက်သုံးရက်ခန့်အကြာတွင် ဒုတိယအကြိမ် ထပ်မံ၍ သွားကြပြန်သည်။ ဤတစ်ကြိမ်တွင်လည်း ရှေးအခါကကဲ့သို့ပင် ကျွန်နန္ဒက ဆဲရေးသည်။ ထို့ကြောင့် သူကြွယ်အိုသားသည် ဖခင်၏ မိတ်ဆွေဖြစ်သူ ဘုရားလောင်း သူကြွယ်ထံ အကူအညီ တောင်းသည်။ ဘုရားလောင်းသူကြွယ်က နန္ဒကို မြေပြာပြသည်မှာ အကြင်အရပ်၌ရပ်၍ သင့်အားဆဲ၏။ ထိုအရပ်၌ပင်လျှင် သင့်ဖခင်ဥစ္စာ ရှိသည်။ နန္ဒ ဆဲရေးနေစဉ်မှာပင် 'ဟယ်… ကျွန်လာလော့'ဟု ဆွဲခေါ်၍ သူ့ကိုတူးခိုင်း၊ သင့်ဖခင်၏ ဥစ္စာများကို ရလိမ့်မည်ဟု ညွှန်ကြားပေးလိုက်သည်။

သူကြွယ်သားသည် နန္ဒကိုခေါ်၍ တောထဲသို့သွားပြန်သည်။ ယခင်အကြိမ်များကကဲ့သို့ပင် နန္ဒသည် ဆဲရေးသည်။ သူကြွယ်အို သားက ဘုရားလောင်း သူကြွယ်၏ ညွှန်ကြားမှုအတိုင်း ကျင့်သုံးလိုက်နာရာ ဖခင်၏ မြေမြှုပ်ဥစ္စာ အားလုံးကို ရရှိလိုက်သည်။

ဇာတ်ပေါင်း။ ။ နန္ဒ-ရှင်သာရိပုတ္တရာ၏ တပည့်ရဟန်း၊ ပညာရှိသူကြွယ်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အားကိုးရှိလျှင် မာနထောင်တတ်သည်မှာသဘာဝ။

---

# ၄၀။ ခဒိရင်္ဂါရဇာတ်

## မီးကျီးတွင်းကိုမကြောက်သော သူဌေး

### ပစ္စုပ္ပန်ဝတ္ထု

အနာထပိဏ်သူဌေး၏ စတုတ္ထတံခါးမုခ်၌ နေသော မိစ္ဆာနတ်သည် သူဌေးအိမ်တွင် ဘုရားရှင်နှင့် ရဟန္တာကြီးများ ကြွလာချိန်တွင် ဘုံဗိမာန်မှ ဆင်းဆင်းပေးနေရသဖြင့် ဘုရားရှင်နှင့် တပည့်များ ဤအိမ်သို့ မဝင်မထွက်ရအောင် သူဌေးကြီးထံ တိုက်ရိုက်ဝင်၍ တားမြစ်၏။ သူဌေးကြီးသည် မိစ္ဆာနတ်ကို တံခါးမုခ်မှ နှင်ထုတ်လိုက်ရာ မိမိနေရာတွင် ပြန်၍နေထိုင်ခွင့်ရရန် ဝန်ချတောင်းပန်မှ တံခါးစောင့်နတ်မှာ နေရာဟောင်းတွင် ပြန်၍ နေထိုင်ခွင့်ရသည်။ ဤအကြောင်းနှင့် ပတ်သက်၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီပြည် သူဌေးမျိုးနွယ်၌ ဖြစ်နေသည်။ အရွယ်ရောက်၍ မကြာမြင့်မီမှာပင် သူ့ဖခင် ကွယ်လွန်ခဲ့သဖြင့် သူဌေးအရာကို ဆက်ခံရသည်။ သူဌေးသားသည် သူဌေးအဖြစ်သို့ ရောက်လာသည်ဆိုလျှင်ပင် အလှူပေးရန် မဏ္ဍပ်ကြီး ခြောက်ခုတို့ကို ဆောက်လုပ်စေသည်။ မဏ္ဍပ်ကြီး ခြောက်ခုတို့၌ နေ့ရက်မပြတ် အလှူကြီး ပေးသည်။ ဥပုသ်လည်း ဆောက်တည်သည်။ တစ်နေ့သောအခါ သူဌေးသည် မွန်မြတ်သော ဘောဇဉ်များဖြင့် နံနက်စာ တည်ခင်းမည်ပြုစဉ် ပစ္စေကဗုဒ္ဓ တစ်ပါးသည် အိမ်ရှေ့၌ ဆွမ်းရပ်လာသည်။

သူဌေးသည် ပစ္စေကဗုဒ္ဓကို မြင်လိုက်ရသည်ဆိုလျှင် အနီးရှိ လူတစ်ယောက် အား ပစ္စေကဗုဒ္ဓ၏ လက်တော်မှ သပိတ်ကို သွား၍ ယူစေရာ မာရ်နတ်က ငါသည် ဤပစ္စေကဗုဒ္ဓကိုလည်း ဖျက်ဆီးမည်။ သူဌေး၏ အလှူကိုလည်း နှောက်ယှက်မည်ဟု နှလုံးသွင်း၍ အိမ်နှင့် ပစ္စေကဗုဒ္ဓအကြားတွင် အတောင်ရှစ်ဆယ်ရှိ မီးကျီးတွင်းကြီး တစ်ခုကို ဖန်ဆင်းကာ သူက ကောင်းကင်မှနေ၍ ရပ်ပြလိုက်သည်။

သပိတ်ယူရန် ထွက်လာသူသည် မီးကျီးတွင်းကို တွေ့လိုက်ရသည်နှင့် သူဌေးထံ ပြန်ပြေးလာရာ ချစ်သား အဘယ့်ကြောင့် ပြန်လာခဲ့ရသနည်းဟု သူဌေးက မေးသည်။ ဤတွင် သူက မီးကျီးတွင်းအကြောင်းကို ပြောပြသည်။ သို့ဖြင့် နောက်တစ်ယောက်ကို ထပ်၍လွှတ်ပြန်သည်။ ထိုသူလည်း မယူနိုင်ခဲ့ပြန်။ သူဌေးသည် မကျေနပ်၍ နောက် တစ်ယောက် ထပ်ပြီး လွှတ်ပြန်သည်။ မည်သူ့လက်တွင်မှ သပိတ်ပါမလာခဲ့။ ထိုအခါ သူဌေးသည် သူကိုယ်တိုင် ဆွမ်းခွက်ကိုယူကာ အိမ်ထဲမှထွက်ပြီး မီးကျီးတွင်း နှုတ်ခမ်းတွင် ရပ်၍ ကောင်းကင်သို့ မော့ကြည့်လျက် ဤမီးကျီးတွင်းကို သင်ဖန်ဆင်းသလောဟု မာရ်နတ်ကို မေးသည်။ မာရ်နတ်က သင်၏အလှူနှင့် ပစ္စေကဗုဒ္ဓ၏ အသက်ကို ဖျက်ဆီး လို၍ ဖန်ဆင်းသည်ဟု ပြန်ပြောသည်။

ထိုအခါ သူဌေးက ငါသည် မိမိ၏အလှူကို လည်းကောင်း၊ ပစ္စေကဗုဒ္ဓ၏ အသက်ကို လည်းကောင်း သင့်အား ဖျက်ဆီးခွင့်မပေး၊ သင်နှင့်ငါတွင် မည်သူက စွမ်းအား ပို၍ရှိသည်ကို ယခုပင်သိရမည်ဟု ပြောသည်။ တစ်ဖန် ပစ္စေကဗုဒ္ဓအား အရှင်ဘုရား၊ တပည့်တော်သည် ဤမီးကျီးတွင်း၌ ဦးစောက်ကျသော်လည်း မပြန်ပါ။ အရှင်ဘုရားသည် တပည့်တော်လှူသော ဘောဇဉ်ကို ခံယူတော်မူပါဟု လျှောက်ထားပြီးလျှင် မီးကျီးတွင်း ပေါ်သို့ နင်းလိုက်သည်။

http://www.dhammadownload.com



ထိုခဏတွင်ပင် ပွင့်ချပ်တစ်ရာပါသော ပဒုမ္မာကြာပွင့်ကြီးသည် မီးကျီးတွင်းထဲမှ ပေါ်ပေါက်လာလေရာ သူဌေးသည် ကြာပွင့်ပေါ်တွင် နင်းလျက် ပစ္စေကဗုဒ္ဓအား ဆွမ်းလောင်းလှူသည်။ ပစ္စေကဗုဒ္ဓသည် ဆွမ်းအနုမောဒနာ ပြုပြီးနောက် လူအများ ဖူးမြော်နေစဉ်မှာပင်လျှင် ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ကြွတော်မူသည်။ မာရ်နတ်လည်း ရှုံး၍ နှလုံးမသာမယာဖြင့် သူ့နေရာသို့ ပြန်ပြေးသွားတော့သည်။

ဇာတ်ပေါင်း။ ။ ပစ္စေကဗုဒ္ဓသည် ထိုအခါတွင်ပရိနိဗ္ဗာန်ပြုသည်။
ဗာရာဏသီသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အသိပညာ နိုင်မြဲလျှင် ခြောက်တိုင်းမကြောက်။

ကုလာဝကဝဂ် ပြီးပြီ။

---

# ၅။ အတ္ထကာမဝဂ်

## ၄၁၊ လောသကဇာတ်

### ဝန်တိုမှုအဆိုးကျိုး

ပစ္စုပ္ပန်ဝတ္ထု၊

ကောသလတိုင်းအတွင်း အိမ်ခြေတစ်ထောင်ရှိသော တံငါရွာကြီး တစ်ရွာရှိ တံငါသည်မကြီး တစ်ဦးတွင် 'လောသကတိဿ' ဖြစ်လာမည့် သူငယ်သည် ပဋိသန္ဓေယူသည်။ သူပဋိသန္ဓေယူနေချိန်မှစ၍ တံငါသည်တို့သည် ငါးများဖမ်း၍ မရကြ။ ရွာကို မီးလောင်ခံရသည်မှာလည်း ခုနစ်ကြိမ်တိုင်ခဲ့ပြီ။ ရွာလုံးကျွတ် မင်းဒဏ်သင့်သည်မှာ လည်း ခုနစ်ကြိမ်ရှိခဲ့ပြီ။ ထိုအခါ ရွာသားများက 'ငါတို့ရွာသို့ သူယုတ်မာ ရောက်လာ၍ ဖြစ်ရမည်'ဟု တွေးတောကာ သူယုတ်မာကို ဖော်ထုတ်ရန် ရွာကို နှစ်စုခွဲလိုက်ကြသည်။ လောသကတိဿ ပါဝင်နေ သော အစုသည် ဆင်းရဲခေါင်းပါး၍ အခြားတစ်စုသည် စီးပွားရှာဖွေဖြစ်ထွန်းလာသည်။ အဆင့်ဆင့် ခွဲသွားရာ နောက်ဆုံးတွင် လောသကတိဿလောင်းကို ကိုယ်ဝန်ဆောင်ထားသော မိခင်၏ အိမ်သည် သူယုတ်မာဖြစ်ကြောင်း သိလိုက်ကြရသဖြင့် ရွာမှ နှင်ထုတ်လိုက်ကြသည်။ လောသကတိဿ မတ်တတ်သွားတတ်သည့် အရွယ်သို့ရောက်သည်တွင် မိခင်သည် သူ့အား ခွက်တစ်ခုပေးပြီး အိမ်တစ်အိမ်သို့ ဝင်တောင်းနိုင်သည်။ သူဝင်၍ တောင်းရမ်းနေစဉ် မိခင်က သူ့အားထားပစ်ခဲ့ကာ ဝေးရာသို့ ပြေးသွားသည်။ ထိုအချိန်မှစ၍ လောသက တိဿသည် ရောက်ရာအရပ်တွင် တောင်းရမ်းစားသောက်၍ နေရသည်။

http://www.dhammadownload.com



တစ်နေ့တွင် အရှင်သာရိပုတ္တရာမထေရ်သည် လောသကတိဿကလေးနှင့် လမ်းပေါ်တွင် တွေ့ရာ သနားကြင်နာ၍ ကျောင်းတော်သို့ ခေါ်ယူပြီး ရှင်သာမဏေ ပြုပေးသည်။ ထို့နောက် အရွယ် ရောက်သည့်အခါ ပဉ္စင်းတက်ပေးသည် လောသကတိဿသည် ဘုန်းကံနည်းသည်။ သူ့သပိတ် အတွင်းသို့ ယာဂုတစ်ဇွန်းမျှ လောင်းလှူမိလျှင် ယာဂုများ သပိတ်နှုတ်ခမ်းဝအထိ ပြည့်လျှံသွားသည်ဟု လောင်းလှူသူတို့၏ စိတ်၌ ထင်ရမြင်ရသည်။ ထို့ကြောင့် သူ့ကို ဆက်၍ မလောင်းလှူကြတော့။ အသက်ရှင်နေရုံကလေးမျှသာ စားရတတ်သည်။ ယင်းသို့ ဆင်းရဲပင်ပန်းစွာ နေလာခဲ့ရရာ နောက်ဆုံး တွင် ပရိနိဗ္ဗာန်ပြုရတော့မည့်ရက်သို့ ရောက်ခဲ့ရသည်။

အရှင်သာရိပုတ္တရာ မထေရ်သည် အရှင်လောသကတိဿကို ခေါ်၍ သာဝတ္ထိမြို့တွင်းသို့ ဆွမ်းခံဝင်သည်။ အရှင်လောသကတိဿ ပါနေ၍ အရှင်သာရိပုတ္တရာကိုယ်တော်ကြီးအား ရှိခိုးသူပင် မရှိ။ အရှင်လောသကတိဿအား ပြန်လွှတ်၍ ဆွမ်းခံသည့်အခါတွင်မှ ဆွမ်းများရ၍ အရှင်လောသက တိဿထံ ပို့နိုင်းစေရသည်။ ဆွမ်းပို့သွားသူများသည် ဘုန်းကံနည်းသူ အရှင်လောသကတိဿကို မတွေ့ကြ။ ထို့ကြောင့် မိမိတို့ပင်လျှင်စား၍ ပြန်ခဲ့ကြရသည်။

အရှင်သာရိပုတ္တရာ ပြန်ကြွလာသည့်အခါ အရှင်လောသကတိဿ ဆွမ်းမစားရသေးကြောင်း သိရသည်။ သို့ရာတွင် ဆွမ်းအချိန် မဟုတ်တော့ပေ။ ထို့ကြောင့် ကောသလမင်းထံမှ စတုမဓု အလှူခံ၍ ပေးသည်။ စတုမဓု ပျောက်ကွယ်မသွားအောင် သပိတ်ကို မိမိလက်ဖြင့် ကိုင်ထားလျက် အရှင်လောသက တိဿအား ဝမ်းပြည့်အောင် စားစေသည်။ ထို့နေ့၌ပင် လောသကတိဿသည် ပရိနိဗ္ဗာန် ပြုသွားခဲ့ သည်။

အရှင်လောသကတိဿမထေရ်၏ ဘုန်းကံနည်းပါးပုံ၊ လာဘ်လာဘ ခေါင်းပါးပုံများနှင့် ယင်းသို့ ဘုန်း၊ လာဘ် နည်းသူဖြစ်လျက် အရိယာတို့၏ တရားမြတ်ကို ရခဲ့ပုံတို့ကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူလေသည်။

## အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ကဿပမြတ်စွာဘုရား ပွင့်တော်မူစဉ်က ရဟန်း တစ်ပါးသည် သူကြွယ်တစ်ယောက်ကို မှီ၍ ကျောင်းတစ်ကျောင်းတွင် နေသည်။ တစ်နေ့တွင် ရဟန္တာတစ်ပါးသည် ထိုရဟန်း၏ ဒါယကာဖြစ်သူ သူကြွယ်အိမ်တို့ ရောက် လာရာ သူကြွယ်သည် ကြည်ညိုသဖြင့် ဆွမ်းကျွေးလှူဒါန်းပြီးနောက် မိမိတို့ကိုးကွယ်သော ကျောင်းသို့ ကြွရန် လျှောက်ထားသည်။ ကျောင်းထိုင် မထေရ်သည် အာဂန္တု ပုဂ္ဂိုလ်အား ယနေ့ဆွမ်းကို မည်သည့်အရပ်က စားလာခဲ့ကြောင်း မေးစမ်းသည်။ ထိုအခါ အာဂန္တုပုဂ္ဂိုလ် က ဤရွာမှ သူကြွယ်အိမ်တွင် စားလာခဲ့ကြောင်း ပြန်လည်မိန့်ကြားသည်။

ညနေချမ်းသို့ ရောက်သည့်အခါ သူကြွယ်သည် ကျောင်းသို့ ရောက်လာကာ မနက်ဖြန် နံနက်တွင် သူ့အိမ်၌ ဆွမ်းဘုဉ်းပေးကြပါရန် ပင့်လျှောက်သည်။ ထိုအခါ ကျောင်းထိုင်မထေရ်က ဤအာဂန္တုရဟန်းသည် ဤကျောင်းတွင် ကြာကြာနေလျှင်

http://www.dhammadownload.com



သူကြွယ်သည် ငါ့ကို အရေအတွက်ထဲ ထည့်တော့မည်မဟုတ်။ ဤရဟန်း ဤကျောင်းမှာ ကြာကြာမနေနိုင်အောင် တစ်စုံတစ်ရာ ဖန်တီးမှုပြုရမည်ဟုလည်း နှလုံးသွင်းထားလိုက်သည်။

နောက်တစ်နေ့နံနက်၌ ကျောင်းထိုင်မထေရ်သည် အာဂန္တုရဟန်းအား မနိုးခဲ့ဘဲ တစ်ပါးတည်းပင် ဆွမ်းစားရန် သူကြွယ်အိမ်သို့ ကြွသွားသည်။ သူကြွယ်က မေးရာ ငါသည် ကျောက်စည်ကိုလည်း ထိုးခဲ့သည်။ တံခါးကိုလည်း ခေါက်ခဲ့သည်။ သို့ပါလျက် ထိုရဟန်းသည် အိပ်ရာမှ မနိုးဟု ကျောင်းနေရဟန်းက ဆိုသည်။ ထိုအချိန်တွင် ကျောင်း၌ ကျန်နေခဲ့သော အာဂန္တုပုဂ္ဂိုလ်သည် ဆွမ်းခံချိန် ရောက်ပြီဖြစ်ကြောင်းသိ၍ အခြား တစ်နေရာသို့ ဆွမ်းခံရန် ဈာန်ဖြင့် ကြွသွားခဲ့သည်။

သူကြွယ်သည် ကျောင်းထိုင်မထေရ်အား ထောပတ်၊ ပျား၊ သကာတို့ဖြင့် ပေါင်းစပ်ထားသည့် 'ဃနာ'ဆွမ်းကိုကပ်ကာ အာဂန္တုရဟန်းအတွက်လည်း သပိတ်နှင့်အပြည့် လောင်းထည့်ပေးလှူလိုက်သည်။ ကျောင်းထိုင်ရဟန်းက အာဂန္တုရဟန်းသည် ဤဃနာ ဂိုသာ သောက်လိုက်ရလျှင် ဆွဲထုတ်သော်လည်း ဤကျောင်းမှသွားတော့မည်မဟုတ် ဟု တွေးကာ ဃနာဆွမ်းကို မီးလောင် ယာပြင်၌ သွန်ပစ်ခဲ့သည်။ ကျောင်းထိုင်ရဟန်း ကျောင်းသို့ ပြန်ရောက်သောအခါ အာဂန္တုရဟန်းကို မတွေ့ရတော့ချေ။ ဤတွင်မှ အာဂန္တု ရဟန်းသည် ဈာန်ရဟန္တာ ဖြစ်ရမည်။ ထို့ကြောင့်သာ ငါ့အကြံအစည်ကို သိ၍ အခြားသို့ ထွက်သွားခြင်း ဖြစ်မည်။ ငါသည် ဝမ်းတစ်ထွာကြောင့် မပြုသင့်သည်တို့ကို ပြုမိခဲ့ချေပြီ ဟု နောင်တရ၍ မဆုံးနိုင်တော့။ ထိုကျောင်းထိုင်မထေရ်သည် ထိုဘဝမှ လွန်သောအခါ ငရဲသို့ ရောက်ရသည်။

ငရဲတွင် နှစ်သိန်းပေါင်းများစွာ ခံခဲ့ရပြီးနောက် ငရဲမှ လွတ်မြောက်လာချိန်တွင် ဘဝပေါင်းငါးရာ ဘီလူးဖြစ်ရ၏။ တစ်နေ့မျှ ဝမ်းပြည့်အောင် မစားခဲ့ရ။ ကိုယ်ဝန် အညစ် အကျေးကို တစ်ကြိမ်သာ စားရဖူး၏။ ထို့နောက် ဘဝပေါင်းငါးရာ ခွေးဖြစ်ရပြန်သည်။ ခွေးဘဝတွင်လည်း အန်ဖတ်ထမင်းကို တစ်ကြိမ်သာ ဝမ်းဝအောင် စားရဖူးသည်။ ခွေး ဘဝမှ လွတ်မြောက်လာပြီးချိန်တွင် သူသည် မိတ္တဝိန္ဒကဟူသော အမည်ဖြင့် သူဆင်းရဲမျိုး၌ ဖြစ်လာသည်။ မိတ္တဝိန္ဒကကို မွေးဖွားလာခဲ့သည့် အချိန်မှစ၍ သူ့မိဘတို့သည် လွန်စွာပင် ဆင်းရဲကြသောကြောင့် သူ့ကို အိမ်မှနှင်ထုတ်လိုက်ကြသည်။ သူသည် ဗာရာဏသီသို့ ရောက်လာသည်။ ယင်းအချိန်က ဘုရားလောင်းသည် ဗာရာဏသီတွင် ဒိသာပါမောက္ခ ဆရာကြီး ဖြစ်လျက်ရှိ၏။ မိတ္တဝိန္ဒကသည် ဘုရားလောင်းထံတွင် ပညာသင်သည်။ နောက် ကျောင်းမှထွက်ပြီး နယ်စွန်နယ်ဖျားမှ ရွာငယ်ရှိ ဆင်းရဲသူမတစ်ယောက်နှင့် ဖူးစာ

http://www.dhammadownload.com



ဖက်၍ သားနှစ်ယောက် ထွန်းကားသည်။ သည်ရွာသည်လည်း မိတ္တဝိန္ဒက ရောက်လာပြီး ခါမှ မင်းဒဏ် ခုနစ်ကြိမ် သင့်ရသည်။ မီးခုနစ်ကြိမ် လောင်သည်။ တစ်ဖက်ဆည်ကန်ကြီး သည်လည်း ထူးခြားစွာ ခုနစ်ကြိမ် ကျိုးပေါက်သည်။ ထိုအကြောင်းများကြောင့် သူ့ကို ရွာမှ နှင်ထုတ်လိုက်ကြသည်။

မိတ္တဝိန္ဒကသည် သားမယားတို့ကို ခေါ်၍ ထွက်လာခဲ့ရာ တောအုပ်တစ်ခုသို့ အရောက်တွင် သားနှင့်မယားကို ဘီလူးများ ဖမ်းယူစားသောက်ခြင်း ခံရသည်။ ထို တောအုပ်မှ တစ်ယောက်တည်း ထွက်ပြေးလာခဲ့ရာ ဂမ္ဘီရ ခေါ်သော သင်္ဘောဆိပ်ရွာသို့ ရောက်လာသည်။ ထိုရွာမှ သင်္ဘောကြီးကို စီး၍ လိုက်လာခဲ့ရာ ခုနစ်ရက်မြောက်နေ့တွင် သင်္ဘောသည် တုံ့ခနဲ ရပ်သွားသည်။ ဤတွင် သင်္ဘောသားများသည် 'လူယုတ်'ကို မဲချ၍ ရှာဖွေကြရာ မိတ္တဝိန္ဒက အပေါ်တွင် ခုနစ်ကြိမ်တိတိ ကျသည်။ ထို့ကြောင့် သူ့ကို ဝါးစည်းတစ်ခုပေး၍ သမုဒ္ဒရာထဲ ချထားခဲ့ကြသည်။ ထိုအခါတွင်မှ သင်္ဘောလည်း ရွေ့လျားတော့သည်။

မိတ္တဝိန္ဒကသည် တရွေ့ရွေ့မျောလာရာ သမုဒ္ဒရာရေပြင်ပေါ်၌ ဖန်ဗိမာန်တွင် ပြိတ္တာနတ်သမီး လေးယောက်၊ ငွေဗိမာန်တွင် ပြိတ္တာနတ်သမီး ရှစ်ယောက်၊ ပတ္တမြားဗိမာန် တွင် ပြိတ္တာနတ်သမီး တစ်ဆယ့်ခြောက်ယောက်၊ ရွှေဗိမာန်တွင် သုံးဆယ့်နှစ်ယောက်သော နတ်မိမယ်တို့နှင့် ပျော်စံခဲ့ရသည်။ ဤသို့ ခံစားရခြင်းသည် ကဿပဘုရားရှင် ပွင့်တော် မူစဉ်က စောင့်ထိန်းခဲ့ဖူးသော သီလ၏ အကျိုးဆက်များကြောင့် ဖြစ်သည်။

ပြိတ္တာနတ်သမီးများသည် သူ့ကို အခြားသို့ မသွားရန် တားမြစ်ကြသော်လည်း ကျောခိုင်းစွန့်ခွာခဲ့ရာ ဘီလူးများနေသော ကျွန်းတစ်ကျွန်းသို့ ရောက်လာသည်။ ဘီလူးမ တစ်ယောက်သည် ဆိတ်မအသွင်ဖြင့် ကျွန်းပေါ်တွင် သွားလာနေသည်။ သူသည် ဆိတ်သား စားလို၍ ဆိတ်မ ခြေထောက်ကို ဖမ်းကိုင်သည်။ ဤတွင် ဘီလူးမသည် သူ့ကို မြှောက်ချီ၍ လွှင့်ပစ်လိုက်ရာ ဗာရာဏသီမြို့ ကျုံးပြင်ဘက်မှ ဆူးချုံတစ်ခုပေါ် ကျလာသည်။

မိတ္တဝိန္ဒကသည် သူ့ပတ်ဝန်းကျင်တွင် အစာစားနေကြသော မင်းကြီး၏ ဆိတ်မ များကို မြင်လေရာ ငါသည် ဆိတ်မပစ်ချလိုက်၍ သမုဒ္ဒရာကျွန်းမှ သည်နေရာသို့ ရောက်လာရသည်။ ယခုလည်း ဆိတ်မခြေကို ဖမ်းကိုင်လိုက်လျှင် ဆိတ်မသည် ငါ့ကို သမုဒ္ဒရာထဲမှ ဗိမာန်ရှင်များထံ အရောက်လွှင့်ပစ်လိမ့်မည်ဟု တွေးကာ ဆိတ်မ၏ ခြေထောက်ကို ဖမ်းကိုင်သည်။ ဆိတ်မသည် လန့်၍အော်ရာ ဆိတ်ကျောင်းသားများ

http://www.dhammadownload.com



ရောက်လာကြပြီး ဆိတ်သူခိုးအဖြစ် ဖမ်းဆီးခြင်းကို ခံရကာ ရိုက်နှက်၍ မင်းကြီးထံ ခေါ်ဆောင်သွားကြသည်။

ထိုအချိန်တွင် ဘုရားလောင်းသည် တပည့်ငါးရာတို့နှင့်အတူ ရေချိုးရန် ထွက်လာရာ မိတ္တဝိန္ဒကနှင့် ဆုံမိကြ၍ ဆရာက မှတ်မိလေသည်။ ထို့ကြောင့် 'အမောင်တို့၊ ဤသူငယ်သည် ငါ့တပည့်ဖြစ်သည်။ အဘယ့်ကြောင့် ဖမ်းယူလာရသနည်း'ဟု မေးရာ ဆိတ်ကျောင်းသားများက ကျိုးကြောင်းစုံလင်စွာ ပြောပြကြသည်။ ထိုအခါ ဆရာကြီးက သူ့ကို ငါ ကျွန်ပြုထားမည်။ သူ့ကို ငါ့အား ပေးခဲ့ကြလော့'ဟု ဆိုသဖြင့် ဆရာကြီးထံ လွှဲအပ်ပေးခဲ့ကြသည်။

ဆရာကြီးသည် မိတ္တဝိန္ဒကအား နှစ်ရှည်လများ ပျောက်နေခဲ့ခြင်း အကြောင်းကို မေးမြန်းသည်။ မိတ္တဝိန္ဒကက သူ ကြုံခဲ့ရသည့် ဘဝအဖုံဖုံကို ပြောပြသည်။ ထိုအခါ ဆရာကြီးက အကျိုးစီးပွားကို လိုလားသူတို့၏ ဆိုဆုံးမမှုကို မနာခံသူသည် ဤကဲ့သို့သော ဆင်းရဲဒုက္ခမျိုးနှင့် ကြုံတွေ့ရမြဲတည်းဟု ဆုံးမလေသည်။

ဇာတ်ပေါင်း။ ။ မိတ္တဝိန္ဒက-လောသကတိဿမထေရ်၊
ဒိသာပါမောက္ခဆရာကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဝန်တိုမှု၏ ဆိုးကျိုးကြီးမားပုံကို သတိရှိပါ။

---

# ၄၂။ ကပေါတဇာတ်

## ရသတဏှာကြောင့် အသက်သေရသူ

### ပစ္စုပ္ပန်ဝတ္ထု

လျှပ်ပေါ်လော်လည်၍ အစားမက်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ခိုမျိုး၌ ဖြစ်နေသည်။ ဗာရာဏသီသူဌေး၏ စားတော်ချက်သည် မီးဖိုဆောင်၌ တောင်းတစ်လုံး ချိတ်ဆွဲထားရာ ယင်းတောင်းတွင် ဘုရားလောင်းခိုသည် လာရောက်နေထိုင်သည်။

http://www.dhammadownload.com



တစ်နေ့တွင် ကျီးတစ်ကောင်သည် မီးဖိုဆောင်ပေါ်မှ ဖြတ်၍ ပျံသန်းရာ ငါး၊ အမဲဟင်းလျာများ၏ အနံ့ထူးကို ရှူရှိုက်မိသဖြင့် စားလိုသည့် လောဘစိတ်ကြောင့် ဘုရားလောင်းခိုနှင့် မိတ်ဖွဲ့သည်။ ဘုရားလောင်းနေသည့် မီးဖိုဆောင်မှ တောင်းထဲသို့ပင် အတူလိုက်ဝင်သည်။ သို့ဖြင့် နောက်နေ့မှစ၍ စားတော်ချက်သည် ကျီးအတွက် သီးသန့် တောင်းတစ်လုံး ချိတ်ဆွဲထားပေးလိုက်သည်။

ရက်များမကြာမြင့်မီ တစ်နေ့တွင် စားတော်ချက်သည် ငါး၊ အမဲများကို မီးဖိုဆောင်တွင် ချိတ်ဆွဲထားရာ ကျီးသည် ငါး၊ အမဲများကို မြင်နေရ၍ ထိုညဌ် အိပ်၍မျှပင် မပျော်နိုင်ချေ။ နံနက် မိုးလင်းချိန်၌ ခိုက အစာရှာထွက်ရန် ခေါ်ရာ ကျွန်ုပ် ဝမ်းနာနေ၍ မလိုက်နိုင်ပါဟု ဆိုကာ ချန်နေခဲ့သည်။ 'သင်သည် ငါး၊ အမဲများကို စားလိုဟန်ရှိသည်။ လူတို့၏ အသုံးအဆောင်ကို စားသုံးရန်မှာ မလွယ်ကူ၊ သင် မစားလေနှင့်၊ ငါနှင့်အတူ အစာရှာရန်သာ လိုက်ခဲ့ပါ'ဟု ဘုရားလောင်းခိုက ခေါ်သော်လည်း ကျီးက အကြောင်း တစ်ခုခုပြကာ နေခဲ့သည်။ ခိုသည် အစာရှာရန် တစ်ကောင်တည်း ထွက်ခွာသွားခဲ့သည်။

ယင်းအချိန်တွင် စားတော်ချက်သည် အိုးထဲမှ အငွေ့များ ထွက်လာစေရန် အိုးဖုံးကို ဖွင့်ထားပြီးနောက် အပြင်သို့ ထွက်၍ ချွေးသုတ်နေသည်။ ထိုခဏတွင်ပင် ကျီးသည် တောင်းထဲမှ ဆင်းလာကာ မီးဖိုပေါ်တွင် နား၍ 'ကရိ၊ ကရိ'ဟု အော်မြည်သည်။ စားတော်ချက်က အသံကိုကြား၍ လှမ်းကြည့်လိုက်ရာ ကျီးကို တွေ့လိုက်ရသည်။ ဤတွင် သူသည် တံခါးကို ရုတ်ခနဲ ပိတ်ကာ ကျီးကို ဖမ်းယူ၍ အမွေးအတောင်များကို ပြောင် သွားအောင် နုတ်သည်။ ချင်းစိမ်း၊ ဆား၊ ဇီရာတို့ကို ရောထောင်း၍ ရက်တက်ရည်ဖြင့် ပေါင်းစပ်လျက် ကိုယ်လုံးအနှံ့ လိမ်းကျံသည်။ ထို့နောက် သူ့နေရာ တောင်းထဲတွင် သွားထားလိုက်သည်။ ကျီးသည် ပြင်းထန်သည့် ဝေဒနာကို ခံစားရ၍ မကြာမီ သေဆုံး သွားခဲ့သည်။

ညနေချမ်းတွင် ဘုရားလောင်းခိုသည် အစာရှာရာမှ ပြန်ရောက်လာရာ သေဆုံး နေသော ကျီးကို တွေ့လိုက်ရသည်။ ဤတွင် 'သင်သည် ငါ့စကားကို မနာယူဘဲ လောဘစေ နောက်သို့ လိုက်ပါမိသောကြောင့် ဤကဲ့သို့ ပျက်စီးရခြင်း ဖြစ်သည်'ဟု ဆိုပြီးလျှင် သူလည်း သည်နေရာတွင် ဆက်၍ မနေသင့်တော့ကြောင်း သိသဖြင့် အခြားသို့ ပြောင်းရွှေ့သွားခဲ့လေတော့သည်။

**ဇာတ်ပေါင်း။** ။ ကျီး-ယခုလျှပ်ပေါ်သောရဟန်း၊ ခို-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရသတဏှာကို မသိမ်းဆည်းနိုင်လျှင် ဘေးသင့်တတ်သည်။

http://www.dhammadownload.com



# ၄၃။ ဝေဠုကဇာတ်

## မြွေဟောက်ကို မွေးထားသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆုံးမစကား မနာယူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်း၌ ကြေးရတတ် မျိုးနွယ်တွင်ဖြစ်သည်။ အရွယ်သို့ ရောက်လာသည့်အခါ ရသေ့ရဟန်းပြု၍ ဟိမဝန္တာသို့ ဝင်ပြီးလျှင် ကသိုဏ်းပရိကံကို စီးဖြန်းအားထုတ်ရာ ဈာန်သမာပတ်များ ရရှိလာသည်။ ထို့နောက် ကာလကြာသောအခါ ရသေ့ငါးရာတို့၏ ဂိုဏ်းဆရာကြီး ဖြစ်လာပြန်သည်။ တစ်နေ့တွင် တပည့်များထဲမှ ရသေ့တစ်ပါးသည် မြွေဟောက်တစ်ကောင်ကို ဖမ်းယူကာ 'ဝေဠုက'ဟူ၍ အမည်ပေးပြီး ဝါးဆစ်ပိုင်းတွင် ထည့်၍ မွေးထားသည်။ ထို့ကြောင့် သူ့ကိုလည်း 'ဝေဠုကအဖ'ဟု ခေါ်ဝေါ်ကြသည်။ ဂိုဏ်းဆရာ ရသေ့ကြီးသည် သူ့သတင်းကို ကြားရ၍ ဝေဠုကအဖကို ခေါ်ကာ မြွေဟောက်ကို မမွေးသင့်ကြောင်း ဆုံးမသည်။ သို့သော် ရသေ့က မလိုက်နာ။

နောက်သုံးရက်ခန့်အလွန်တွင် ရသေ့သည် သစ်သီးပေါသည့် အရပ်သို့ သွားရောက်ကြ၍ သုံးရက်ခန့်ကြာပြီးမှ ပြန်လာကြရာ ဝေဠုကအဖသည် မြွေဟောက်ကို အစာကျွေးရန် ဝါးဆစ်ပိုင်းကို ဖွင့်ကာ 'ချစ်သား၊ လာလှည့်၊ ဆာမွတ်နေသလော'ဟု ဆို၍ လက်ဝါးကို ဖြန့်သည်။ သုံးရက်တိုင် အစာပြတ်၍ ဒေါသထွက်နေသော မြွေဟောက် သည် ရသေ့၏ လက်ဝါးပြင်ကို ပေါက်လိုက်ရာ ရသေ့သည် ထိုနေရာတွင်ပင် အသက်ကုန် သွားခဲ့သည်။ မြွေဟောက်လည်း တောထဲသို့ ဝင်သွားတော့သည်။

**ဇာတ်ပေါင်း။** ။ ဝေဠုကအဖ-ဆိုဆုံးမရခက်သောရဟန်း၊
ရသေ့များ-ဗုဒ္ဓ၏ပရိသတ်၊ ဂိုဏ်းဆရာကြီး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပညာရှိစကားနားမထောင်လျှင် ဘေးတွေ့တတ်သည်။

http://www.dhammadownload.com



# ၄၄။ မကသဇာတ်

## ကြောင်းကျိုး မသိသူ

**ပစ္စုပ္ပန်ဝတ္ထု**

မှက်၊ ခြင်များနှင့် စစ်ခင်းရာမှ အချင်းချင်း ထိမိခိုက်မိ၍ ဒဏ်ရာအနာတရ ရလာကြသော ရွာသားများကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကုန်သည် ဖြစ်နေသည်။ ထိုအချိန်က ကာသိတိုင်း၏ နယ်စွန်နယ်ဖျားတွင် လက်သမားရွာ တစ်ရွာ ရှိ၏။ ထိုရွာမှ လက်သမားဆရာ တစ်ယောက်သည် သစ်ရွေနေစဉ် ခြင်တစ်ကောင် သည် သူ့ဦးခေါင်းကို လာ၍ကိုက်လေသသည်။ ဤတွင် အနီး၌ရှိနေသော သားကို 'ချစ်သား၊ ခြင်ကို မောင်းပါ'ဟု ဆိုသည်။ သားဖြစ်သူက 'ဖခင်၊ ခဏသည်းခံနေပါဦး'ဟု ဆိုလျက် တစ်စုံတစ်ခုကို လိုက်လံရှာဖွေသည်။ ထိုအချိန်တွင် ဘုရားလောင်း ကုန်သည် သည် ထိုရွာသို့ရောက်နေသည်။ ထိုရွာ၏ဇရပ်မှာနေ၍ ထိုသားအဖ၏ ဖြစ်ပျက်နေပုံ များကို မြင်ကြားနေရသည်။

ခြင်ကို မောင်းရန် တစ်စုံတစ်ခု လိုက်ရှာနေသော သားသည် ပုဆိန်ကြီး တစ်လက် ကို ရသွားကာ ထိုပုဆိန်ဖြင့် ဖခင်ဦးခေါင်းတည့်တည့်တွင် ကိုက်နေသော ခြင်ကို ခုတ်သတ် လိုက်ရာ ခေါင်းနှစ်ခြမ်းကွဲ၍ ဖခင်မှာ ထိုနေရာတွင်ပင် ပွဲချင်းပြီး သေဆုံးသွားရသည်။

ဘုရားလောင်းကုန်သည်သည် လက်သမားဆရာနှင့် သားမိုက်၏ အပြုအမူကို မြင်ရ၍ ရန်သူဖြစ်သော်လည်း ပညာရှိသည်သာလျှင် မြတ်၏။ ရန်သူ ပညာရှိသည့် အပြစ်ဒဏ်ကို ကြောက်၍ လူကို မသတ်ဟု ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ အဖကိုသေစေသူ-မှက်၊ခြင်တို့နှင့်စစ်ခင်းသူ၊
ပညာရှိကုန်သည်-ဘုရားလောင်း။

**အနှစ်ချုပ်။** ။ ပညာမဲ့လျှင် လုပ်သမျှဆိုးကျိုးရတတ်သည်။

http://www.dhammadownload.com



# ၄၅။ ရောဟိဏီဇာတ်

## ပညာရှိသောရန်သူသာ မြတ်၏

**ပစ္စုပ္ပန်ဝတ္ထု**

အနာထပိဏ်သူဌေးတွင် ရောဟိဏီမည်သော ကျွန်မ တစ်ယောက်ရှိသည်။ သူမသည် အမိ၏ ကိုယ်ပေါ်မှာ နားနေသော ယင်ကောင်များကို ကျည်ပွေ့ဖြင့် ရိုက်ရာ ကျည်ပွေ့ဒဏ်ကြောင့် အမိ သေခဲ့ရသည်။ ထိုအကြောင်းနှင့်စပ်၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေး ဖြစ်နေသည်။ သူဌေးတွင် ရောဟိဏီမည်သော ကျွန်မတစ်ယောက်ရှိရာ ထိုကျွန်မသည် ကောက်နယ်တလင်း၌ ကောက်ကိုနယ်၍နေရာ သူ၏အမိသည် သူ၏အနီးမှာ အိပ်နေ သည်။ ကိုယ်ပေါ်မှာ ယင်ကောင်များ နားလာသဖြင့် တားဆီးပေးရန် အမိကပြောရာ ရောဟိဏီသည် ယင်ကောင်များကို ကျည်ပွေ့ဖြင့် ရိုက်လိုက်သည်။ ကျည်ပွေ့ဒဏ်ကြောင့် အမိသေသဖြင့် ရောဟိဏီ ငိုကြွေးလေသည်။ ဘုရားလောင်း သူဌေးသည် ဤလောကမှာ ရန်သူပင် ဖြစ်သော်လည်း ပညာရှိသော ရန်သူသာ မြတ်၏ဟု ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ ရောဟိဏီ၏အမိ-ရောဟိဏီအမိ၊ ရောဟိဏီ-ရောဟိဏီ၊ သူဌေး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပညာမရှိလျှင် လုပ်သမျှဆိုးကျိုးရတတ်သည်။

---

# ၄၆။ အာရာမဒူသကဇာတ်

## မျောက်ဥယျာဉ်မှူး

**ပစ္စုပ္ပန်ဝတ္ထု**

သစ်ပင်၏အမြစ်ကိုနုတ်ကြည့်ကာအမြစ်၏အတိုအရှည်အလိုက်ရေလောင်းသော ရွာသားလူငယ် တစ်ယောက်ကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း ထီးနန်းစိုးစံစဉ် တစ်နေ့သောအခါ နက္ခတ်ပွဲသဘင် ဆင်နွှဲချိန် ရောက်သဖြင့် မင်းကြီး၏ ဥယျာဉ်မှူးသည်လည်း နက္ခတ်ပွဲတွင် ပါဝင်ဆင်နွှဲလိုသည်။ သို့ဖြင့် ဥယျာဉ်ထဲမှ မျောက်ကြီးထံသွား၍ ဤဥယျာဉ်သည် သင်တို့အတွက် ကျေးဇူးများသည်။ အသီး၊ အပင်၊ အရွက်များကို သင်တို့ စားကြရသည်။ ငါပြန်မရောက်မချင်း သစ်ပင်များကို ရေလောင်းရစ်ကြဟု မှာထားခဲ့ကာ နက္ခတ်ပွဲသဘင်ကျင်းပရာနေရာသို့ ထွက်ခွာသွားခဲ့သည်။

ဥယျာဉ်ထဲမှ မျောက်များသည် မျောက်ကြီး၏ ညွှန်ကြားချက်အရ သစ်ပင်ငယ်များကို ရေလောင်းကြသည်။ သည့်တွင် မျောက်ကြီးက "အို-မျောက်အပေါင်းတို့၊ ရေကိုဆင်ခြင်၍ သုံးတတ်ရမည်။ ရေမလောင်းမီ သစ်ပင်ငယ်များကို ဦးစွာ နုတ်၍ ကြည့်ကြ၊ အမြစ်ရှည်သည့်အပင်ကို တွေ့လျှင် ရေများများလောင်းကာ အမြစ်တိုလျှင် သင့်ရုံသာလောင်းကြ၊ နောင်တစ်ချိန်တွင် ရေအခက်အခဲ ရှိနိုင်သည်"ဟု ဆိုသည်။ မျောက်ငယ်များသည် မျောက်ကြီးဆိုသည့်အတိုင်း ဆောင်ရွက်ကြသည်။ ထိုအချိန်တွင် ပညာရှိယောကျ်ားတစ်ယောက်သည် ဥယျာဉ်ထဲသို့ ရောက်လာကာ အဘယ်ကြောင့် ဤကဲ့သို့ဆောင်ရွက်နေကြခြင်း ဖြစ်ကြောင်းကို မျောက်များထံ စူးစမ်းသည်။ မျောက်ကြီး၏ညွှန်ကြားချက်အရ ဖြစ်ကြောင်း သိရှိရသဖြင့် မိုက်မဲသူတို့၏ အကျိုးရှိအောင်ဆောင်ရွက်မှုသည် အကျိုးမဲ့ကိုသာ ဖြစ်စေတတ်သည်ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။ မျောက်ကြီး-ဥယျာဉ်ကိုဖျက်ဆီးသူသူငယ်၊
ပညာရှိသောယောကျ်ား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမိုက်လုပ်သမျှ ကောင်းကျိုးမဖြစ်။

---

## ၄၇။ ဝါရုဏိဒူသကဇာတ်

### အရက်ထဲဆားထည့်သူ

ပစ္စုပ္ပန်ဝတ္ထု

အနာထပိဏ်သူဌေး၏ မိတ်ဆွေ အရက်ကုန်သည်၏ တပည့်သည် အရက်ထဲတွင် ဆားတစ်စလယ် ထည့်ရောင်းသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမြို့၌ သူဌေးဖြစ်နေသည်။ အရက်ကုန်သည် တစ်ယောက်သည် ဘုရားလောင်းကို မှီခို၍ အသက် မွေးလေသည်။

တစ်နေ့သောအခါ အရက်သမားများ စုဝေး၍ ရောက်လာချိန်၌ ကုန်သည်သည် တပည့်ဖြစ်သူအား အရက်များ ရောင်းချပေးရန် မှာထားကာ ရေချိုးရန် ထွက်သွားခဲ့သည်။ အရက်သမားများသည် အရက်သောက်ကြရာတွင် အရက်ချည်းသက်သက် မသောက်ပေ။ ဆားကိုတို့လိုက်၊ အရက်သောက်လိုက်ဖြင့် ရှိနေကြသည်။ သို့ဖြင့် တပည့်သည် အရက် အိုးထဲတွင် ဆားတစ်စလယ် ခတ်ပေးလိုက်သည်။ အရက်သမားများအား ထိုအရက်ကို ပေးရာ မည်သူမျှ မသောက်နိုင်ကြတော့။ 'လူမိုက်၊ သင်သည် အလွန်နှစ်မြိုက်ဖွယ်ရှိသော အရက်ကို ဖျက်ဆီးခဲ့ပေပြီ' ဟု ဆို၍ ပြန်သွားခဲ့ကြသည်။ ထိုအကြောင်းကို အရက်ကုန်သည် က သူဌေးအား ပြောပြသောအခါ သူဌေးက လူမိုက်သည် အကျိုးဆောင်လိုစိတ်ရှိသော် လည်း အကျိုးမဲ့ကိုသာ ပြုလေသည်ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။ အရက်ကိုဖျက်ဆီးသူတပည့်-အရက်ကိုဖျက်ဆီးသောတပည့်၊ ဗာရာဏသီသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာမဲ့သူ ကျိုးကြောင်းမဆင်ခြင်တတ်။

---

# ၄၈။ ဝေဒဗ္ဗဇာတ်

## ဆရာမိုက်

**ပစ္စုပ္ပန်ဝတ္ထု**

ဆုံးမစကား နားမထောင်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ရွာငယ်တစ်ရွာ၌ ဝေဒဗ္ဗ မည်သော မန္တရားကို တတ်မြောက်သည့် ပုဏ္ဏားတစ်ယောက်ရှိသည်။ ထိုမန္တရားကို ရွတ်ဆို

http://www.dhammadownload.com



ပါက ရတနာခုနစ်ပါးပါသော မိုးကို ရွာစေတတ်သည်။ ဘုရားလောင်းသည် ထိုပုဏ္ဏား ထံ၌ ပညာသင်ကြားနေသည်။

တစ်နေ့သောအခါ ဆရာတပည့် နှစ်ယောက်တို့သည် မိမိတို့ရွာမှ 'စေတတိုင်း' သို့ ထွက်လာခဲ့ကြရာ လမ်းတွင် အဖွဲ့ဝင် လူဦးရေ ငါးရာပါသော ပေသနကစောရ ပြန်ပေးဓားပြတို့၏ ဖမ်းဆီးခြင်းခံခဲ့ရသည်။ လူဆိုးများသည် ဆရာပုဏ္ဏားအား ဖမ်းထား ကြပြီးလျှင် တပည့်အား ဥစ္စာများ ပြန်ယူရန် လွှတ်ပေးလိုက်ကြသည်။

တပည့်သည် ဆရာကို ရှိခိုးလျက် 'ဆရာ၊ မကြောက်ပါလင့်၊ ကျွန်ုပ် စကားကို နားထောင်ပါ။ ယနေ့သည် ဥစ္စာမိုးကို ရွာစေတတ်သော နက္ခတ်နှင့် ယှဉ်လိမ့်မည်၊ မန္တရားကို မန်းမှုတ်၍ ဥစ္စာမိုးကို မရွာစေပါလင့်။ အကယ်၍ ရွာစေခဲ့လျှင် ဆရာ ပျက်စီး ရလိမ့်မည်'ဟု ဆရာကို မှာထားခဲ့ပြီးလျှင် ဥစ္စာများယူရန် ထွက်သွားခဲ့သည်။

ညလထွက်လာချိန်တွင် ပုဏ္ဏားသည် နက္ခတ်ကိုကြည့်သည်။ ဤတွင် ဥစ္စာမိုးကို ရွာစေတတ်သော နက္ခတ်နှင့် ယှဉ်နေကြောင်း သိလိုက်ရသည်။ သို့ဖြင့် လူဆိုးများအား 'ငါ့ကို အဘယ်ကြောင့် ဖမ်းဆီးပါသနည်း'ဟု မေးသည်။ လူဆိုးများက ဥစ္စာပစ္စည်းများ ရလို၍ ဖြစ်သည်ဟု ပြန်ကြားကြသည်။ ထိုအခါ ပုဏ္ဏားက ဥစ္စာပစ္စည်းများ အလိုရှိကြလျှင် 'ငါ့ကို အနှောင်အဖွဲ့မှ အမြန်လွှတ်ပေးကြလော့'ဟု ဆိုသည်။ လူဆိုးများသည် သူ့ဆန္ဒ အတိုင်း ဖြေလွှတ်ပေးကြသည်။ ပုဏ္ဏားသည် ကိုယ်လက် သန့်စင် သုတ်သင်ပြီးနောက် ကောင်းကင်သို့ ကြည့်၍ မန္တရားကို မန်းမှုတ်သည်။ ထိုခဏတွင်ပင် ရတနာမိုးများ ရွာချ လာသည်။ လူဆိုးများသည် ရတနာများကို ထုပ်ပိုး၍ ပုဏ္ဏားကိုပါခေါ်လျက် ထိုနေရာမှ ထွက်ခွာသွားကြသည်။

လူဆိုးများ လမ်းခရီးတစ်နေရာ အရောက်တွင် အဖွဲ့ဝင် လူဦးရေငါးရာရှိသော အခြားလူဆိုးတစ်ဖွဲ့နှင့်ဆုံမိကြပြီး ဖမ်းဆီးခြင်းခံကြရသည်။ 'ငါတို့အား အဘယ်ကြောင့် ဖမ်းဆီးရသနည်း'ဟု ပထမလူဆိုးအုပ်စုက မေးကြသည်။ ဒုတိယ လူဆိုးအုပ်စုက ပါလာ သည့် ဥစ္စာပစ္စည်းများ ရယူလို၍ ဖြစ်သည်'ဟု ပြန်ပြောကြသည်။ ဤတွင် အဖမ်းခံ ပထမလူဆိုးအုပ်စုက ဥစ္စာပစ္စည်းများ ရယူလို၍ဆိုလျှင် ငါတို့အား မဖမ်းသင့်ပါ၊ ငါတို့ နောက်မှ လိုက်ပါလာသော ပုဏ္ဏားကိုသာ ဖမ်းကြပါ။ ထိုပုဏ္ဏားက မန္တာန်ရွတ်ပေးသဖြင့် ဤဥစ္စာများကို ငါတို့ ရရှိကြပါသည်ဟု ပြောပြသည်။ ထိုကြောင့် ဒုတိယလူဆိုးအုပ်စုသည်



ဇာတ်အမှတ်-၄၈ နိုးသားကြီးသည် ဝေဒဗ္ဗပုဏ္ဏားအားဖမ်းကုန်၍ ဘုရားအလောင်းလုလင်အားလွှတ်ပြီးအသပြာဖြင့်ရွေးယူရန်စေလွှတ်လေ၏။



http://www.dhammadownload.com

http://www.dhammadownload.com



ဇာတ်အမှတ်-၄၈ ခိုးသားကြီးသည် ဝေဒဗ္ဗပုဏ္ဏားအားဖမ်းကုန်၍ ဘုရားအလောင်းလုလင်အားလွှတ်ပြီးအသပြာဖြင့်ရွေးယူရန်စေလွှတ်လေ၏။

http://www.dhammadownload.com



ပုဏ္ဏားကိုဖမ်း၍ ရတနာမိုးများရွာစေရန် မန္တာန်ရွတ်နိုင်းကြသည်။ နက္ခတ် မယှဉ်တော့သဖြင့် ပုဏ္ဏားကြီးရွတ်မပေးနိုင်တော့ချေ။ သို့ဖြစ်၍ နက္ခတ်ယှဉ်လာသည့် နောက်တစ်နှစ်ဤအချိန်အထိ စောင့်ဆိုင်းကြပါ'ဟု တောင်းပန် ပြောဆိုသည်။ သို့ရာတွင် လူဆိုးများက မကျေနပ်ကြဘဲ သန်လျက်နှင့်ခုတ်ပိုင်း၍ သတ်လိုက်ကြသည်။

ထို့နောက် ပထမလူဆိုးအုပ်စုနောက်သို့ လိုက်လံတိုက်ခိုက်ကြရာ နောက်ဆုံးနှစ်ယောက်သာ ကျန်တော့သည်။ ထိုနှစ်ယောက်သည်လည်း တစ်ဦးအပေါ်တစ်ဦး အကောက်ကြံကာ သတ်ဖြတ်ကြရာ အားလုံးသေဆုံးကုန်တော့သည်။

တပည့်သည် နှစ်ရက်ခန့်ကြာပြီးမှ ဥစ္စာများကို ယူဆောင်၍ ရောက်လာသည်။ သို့ရာတွင် တပည့်သည် ဆရာ့အသက်ကို ရွေးမယူနိုင်တော့ပေ။ မိမိ စကားကို မနာယူသော ဆရာပုဏ္ဏား၏ အလောင်းကို သင်္ဂြိုဟ်ကာ ရတနာများကို ထုပ်ပိုးယူငင်၍ ပြန်ခဲ့ရလေတော့သည်။

ဇာတ်ပေါင်း။ ။ ဝေဒဗ္ဗပုဏ္ဏား-ဆိုဆုံးမခက်သောရဟန်း၊
ထိုပုဏ္ဏား၏တပည့်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တတ်ထားပညာ အကျိုးရှိရာမှာသာသုံး။

---

# ၄၉။ နက္ခတ္တဇာတ်

## နက္ခတ်ရွေးနေ၍ မင်္ဂလာလက်ထပ်ပွဲပျက်ရသူများ

### ပစ္စုပ္ပန်ဝတ္ထု

အာဇီဝက တစ်ယောက်က နက္ခတ်မသင့်သေးဟုဆိုကာ တားမြစ်သဖြင့် ပျက်စီးခဲ့ရသော လက်ထပ်ပွဲတစ်ခုကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကိုဆောင်ကာ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမြို့၌ ပညာရှိပုဂ္ဂိုလ် ဖြစ်နေသည်။ ဗာရာဏသီမြို့တော်မှ သူဌေးတစ်ယောက်သည် မိမိသားနှင့် လက်ထပ်ထိမ်းမြားရန် တောရွာတစ်ရွာမှ သတို့သမီး တစ်ယောက်ကို လာရောက်၍

http://www.dhammadownload.com



ကြောင်းလမ်းသည်။ သမီးရှင်ဘက်မှ လက်ခံကျေနပ်သဖြင့် သတို့သမီးအား လာရောက်ဆောင်ယူမည့် နေ့ရက်ကို ချိန်းဆိုသတ်မှတ်ထားခဲ့သည်။

ချိန်းဆိုသတ်မှတ်ခဲ့သော ရက်ကို ရောက်သည့်တွင် ထိုသူဌေးသည် ဆရာဖြစ်သူ အာဇီဝကထံသို့သွား၍ မင်္ဂလာရက်ကိစ္စ ဆောင်ရွက်ရန် နက္ခတ်ကောင်းနှင့် ကြုံမကြုံ ကြည့်ရှုပေးရန် လျှောက်ထားသည်။ အာဇီဝကသည် သူဌေးကို မကျေနပ်၍ ငါ့ကိုဦးစွာ လာရောက်၍ တိုင်ပင်ခြင်းပြုဘဲ နေ့ရက်ကို သတ်မှတ်ထားခဲ့သည်။ ယခုမှ ငါ့ကို လာ၍ မေးမြန်းနေသည်။ ဤမင်္ဂလာကို ပျက်အောင် ဖျက်လိုက်မည်ဟု နှလုံးသွင်းကာ ယနေ့ မင်္ဂလာကိစ္စမှန်သမျှ မပြုသင့်၊ ပြုမိသူမှာ ကြီးစွာသော ပျက်စီးခြင်းနှင့် ကြုံတွေ့ရမည်ဟု ဟောချက်ထုတ်လိုက်သည်။

သတို့သား၏ မိဘဆွေမျိုးတို့သည် ထိုဟောပြောချက်ကို ယုံကြည်ကြသဖြင့် ထိုနေ့တွင် သတို့သမီးကို ဆောင်ယူရန် မသွားကြတော့ချေ။ နောက်တစ်နေ့မှ သွားကြရာ သတို့သမီး၏ မိဘဆွေမျိုးများက ချိန်းဆိုသတ်မှတ်ထားသော ရက်ကို သတို့သားဘက်မှ လာရောက်ဆောင်ယူခြင်း မရှိသဖြင့် သမီးကို အခြားတစ်ယောက်နှင့် လက်ထပ်ပေးစားလိုက်ပြီ'ဟု ပြောဆိုကြသည်။ ထို့ကြောင့် သတို့သမီးကို မရတော့ချေ။

နှစ်ဖက်ခိုက်ရန် ဖြစ်ပွားနေကြစဉ် ဘုရားလောင်းသည် ထိုနေရာသို့ ရောက်လာသည်။ သူသည် နှစ်ဖက်စလုံးမှ ပြောစကားများကို ကြားနေရ၍ ခိုက်ရန်ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကိုလည်း သိလေရာ 'နက္ခတ်သည် အဘယ်အကျိုးရှိအံ့နည်း၊ လိုချင်သော သတို့သမီးကို ရခြင်းသာလျှင် နက္ခတ်မဟုတ်သလော၊ ကောင်းကင်ပေါ်ရှိ ကြယ်တာရာတို့သည် လူသားတို့၏ ကောင်းကျိုး ဆိုးကျိုးကို ဘယ်သို့လျှင် ဖန်တီးအံ့နည်း'ဟု ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ ထိုအခါကအာဇီဝက-ယခုအာဇီဝက၊
ထိုအခါကနက္ခတ်ကို စောင့်သူများ-ယခုနက္ခတ်ကိုစောင့်သူများ၊
ပညာရှိမြို့သား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အကြောင်းမခိုင်လုံဘဲအချိန်ဆွဲလျှင် အကျိုးယုတ်တတ်သည်။

http://www.dhammadownload.com



# ၅၀။ ဒုမ္မေဓဇာတ်

## ယဇ်ပူဇော်သည့်စလေ့ကို ဖယ်ရှားသူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်၏ လောကအကျိုး ကျင့်တော်မူခြင်းကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကိုဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ မိဖုရား၏ဝမ်း၌ ပဋိသန္ဓေယူသည်။ ဖွားမြင်ချိန်၌ 'ဗြဟ္မဒတ်မင်းသား'ဟု အမည်မှည့်ကြသည်။ အရွယ်ရောက်သောအခါ ခမည်းတော်သည် သားအား အိမ်ရှေ့စံအရာကို အပ်နှင်းလိုက်သည်။

တစ်နေ့သောအခါ ဗြဟ္မဒတ်မင်းသားသည် ရထားစီး၍ မြို့မှ ထွက်လာခဲ့ရာ ညောင်ပင်ကြီး တစ်ပင်၌ လူအများစုဝေး၍ ညောင်စောင့်နတ်ထံ ဆုတောင်းနေကြသည်ကို တွေ့ရသည်။ ဤတွင် သူသည်လည်း အများပြည်သူများကဲ့သို့ပင် ပန်း၊ နံ့သာ၊ ဆီမီးတို့ဖြင့် ပူဇော်၍ တစ်စုံတစ်ရာကို ဆုတောင်းဟန်ပြုသည်။ ထို့နောက်ပိုင်းတွင် ဗြဟ္မဒတ်မင်းသားသည် ထိုညောင်ပင်အောက်သို့ မကြာခဏ သွားရောက်သည်။

ခမည်းတော် နတ်ရွာလားသောအခါ ဗြဟ္မဒတ်မင်းသားသည် အမတ် ပုဏ္ဏား၊ သူကြွယ် အစရှိသည်တို့ကို စည်းဝေးစေ၍ 'အချင်းတို့၊ ငါ အဘယ်ကြောင့် မင်းအဖြစ်သို့ ရောက်လာရသည်ကို သိကြပါသလော'ဟု မေးသည်။ အမတ်များက မသိကြောင်း တင်လျှောက်ကြသည်တွင် မြို့ပြင်ဘက်မှ ညောင်ပင်အား ငါရှိခိုးသည်ကို မြင်ဖူးကြသလော'ဟု ဆက်၍ မေးသည်။ မြင်ဖူးကြောင်း အမတ်များက တင်လျှောက်ကြသောအခါ မင်းသားက အမတ်များအား 'ငါသည် အကယ်၍ မင်းအဖြစ်သို့ ရောက်ခဲ့လျှင် ငါ၏ တိုင်းနိုင်ငံအတွင်းမှ ပါဏာတိပါတ အစရှိသော ငါးပါးသောကံကို ဖောက်ဖျက်သူများနှင့် အကုသလကမ္မပထတရား ဆယ်ပါးတို့ကို ကျူးလွန်သူတို့အား သတ်၍ ထိုသူတို့၏ အသား၊ အသွေး အူသိမ်တို့ဖြင့် သင်ညောင်စောင့်နတ်မင်းအား ပူဇော်ပါမည်ဟု ကတိပြုထားခဲ့သည်။ ယင်းကတိအတိုင်း ဆောင်ရွက်ရန် တာဝန်ကျရောက်လာပြီဖြစ်ပြီး။ သင်တို့သည် အဆိုပါအမှုများကို ကျူးလွန်သူ လူပေါင်းတစ်ထောင်ကို ရှာဖွေပြီး ယဇ်နတ်ပူဇော်ရန် ဆက်သွင်းကြရမည်'ဟု မိန့်ဆိုသည်။

http://www.dhammadownload.com



အမတ်များသည် ကောင်းပါပြီဟု ဝန်ခံကာ ဗာရာဏသီမြို့ပေါ်၌ စည်လည်၍ ယမ်ကောင်များ ရှာကြသည်။ သို့ရာတွင် ပြည်သူများသည် ယမ်ပူဇော်ခြင်းခံရမည်ကို ကြောက်၍ ငါးပါးသီလကို ချိုးဖောက်မှုနှင့် အကုသလကမ္မပထတရားများ ကျူးလွန်ခြင်းမှ ရှောင်ကြဉ်နေကြပြီး ဖြစ်သဖြင့် ယမ်ပူဇော်ရန် လူတစ်ယောက်မျှ ရှာမရတော့ချေ။

**ဇာတ်ပေါင်း။** ။ ဗာရာဏသီမင်း၏ပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊
ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အစဉ်အလာဆိုးကို ရဲရဲဝံ့ဝံ့ပြုပြင်ပါ။

**အတ္ထကာမဝဂ် ပြီးပြီ။**

---

# ၆။ အာသီသဝဂ်

## ၅၁။ မဟာသီလဝဇာတ်

### အောင်ပွဲခံ မဟာသီလဝမင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဖွဲ၊ လုံ့လ၊ ဝီရိယလျော့သော ရဟန်းကို ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံခဲ့ပြီး ၎င်းမင်းကြီးနတ်ရွာစံသည့်အခါ သားတော် မဟာသီလဝမင်းသားသည် မင်းဖြစ်သည်။ ထိုမဟာသီလဝမင်းသည် တရားစောင့်ကာ တရားတော်နှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်သည်။ အလှူမဏ္ဍပ် ခြောက်ခု ဆောက်လုပ်၍ နေ့စဉ်မပြတ် အလှူပေးသည်။ သူ၏ အမတ်တစ်ယောက်သည် နန်းတွင်း၌ ပုန်ကန်သဖြင့် မဟာသီလဝမင်းသည် သူ့ကို ပြည်နှင်ဒဏ်ပေးလိုက်ရာ ထိုအမတ်သည် ကောသလမင်းထံ ရောက်သွားသည်။

http://www.dhammadownload.com



တစ်နေ့တွင် ထိုအမတ်သည် ကောသလမင်းအား စည်းရုံးသိမ်းသွင်းပြီး ဗာရာဏသီကို တိုက်ခိုက်သိမ်းပိုက်ရန် လျှောက်ထားသည်။ သို့ရာတွင် ကောသလမင်းကြီးသည် သူ့လျှောက်ဆိုချက်ကို ယုံကြည်ခြင်းမရှိပေ။ ထိုအမတ်ကို 'သူလျှိုများလား'ဟု တွေးမိသည့်အတွက် သူ့ကိုမေးစစ်သည်တွင် အမတ်က မိမိသူလျှိုမဟုတ်ပါ။ ယုံကြည်တော်မမူပါက လူစေလွှတ်၍ မဟာသီလဝမင်း၏ နယ်စွန်ကျေးရွာရှိ ရွာငယ်ကို ဝင်ရောက်တိုက်ခိုက်ရန် စေလွှတ်ပါ။ ထိုသူများကို ဖမ်းပြီး၍ မင်းထံ ခေါ်ဆောင်သွားလျှင် မဟာသီလဝမင်းသည် ထိုသူများအား ဥစ္စာများ ပေးကမ်း၍ ပြန်လွှတ်လိုက်မည်မှာ မချွတ်ပင် ဖြစ်ပါသည်ဟု ဆက်၍ တင်လျှောက်သည်။

ဤတွင် ကောသလမင်းသည် ဗာရာဏသီ၏ နယ်စွန်များကို တိုက်ခိုက်စေသည်။ ရွာသားများသည် ထိုသူတို့ကို ဖမ်း၍ မင်းကြီးထံ ခေါ်သွားကြရာ 'အမောင်တို့၊ အဘယ်ကြောင့် ရွာကို တိုက်ခိုက်ဖျက်ဆီးကြသနည်း'ဟု မင်းကြီးက မေးသောအခါ 'အရှင်မင်းကြီး၊ အသက်မွေး ဝမ်းကျောင်းမှု ခက်ခဲ၍ တိုက်ခိုက်ကြရပါသည်'ဟု လျှောက်တင်ကြသည်။ ထိုအခါ မင်းကြီးက ယင်းသို့ဖြစ်လျှင် အဘယ်ကြောင့် ငါ့ထံသို့ မလာခဲ့ကြသနည်း၊ ယနေ့မှစ၍ ဤအမှုမျိုးကို မပြုကုန်သင့်ဟု ဆိုကာ ဥစ္စာများ ပေးကမ်း၍ ထိုဖျက်ဆီးလုယက်သူများကို ပြန်လွှတ်လိုက်သည်။

ကောသလမင်းသည် ဒုတိယ၊ တတိယအကြိမ်အဖြစ် တိုက်ခိုင်းပြန်သည်။ မဟာသီလဝမင်းသည် ထိုတိုက်ခိုက်သူများကို ဥစ္စာပေး၍ ပြန်လွှတ်မြဲ လွှတ်သည်။ နောက်ဆုံးအကြိမ်တွင်မူ ကောသလမင်းသည် ဗာရာဏသီကို သိမ်းယူရန် စစ်အင်အားအပြည့်အစုံဖြင့် ချီတက်သည်။

မဟာသီလဝမင်းသည် လက်ရွေးစင် သူရဲကြီး တစ်ထောင်ရှိသည်။ ယင်းသူရဲကြီးများသည် ကောသလမင်း၏ သတင်းကို ကြားရလျှင် နယ်စပ်ကို မဖြတ်ကျော်မီ ကောသလ တပ်ဖွဲ့ကို ဖျက်ဆီးခွင့်ပြုရန် တောင်းဆိုကြသည်။ မင်းကြီးက ခွင့်မပြုချေ။ 'ငါ့ကြောင့် တစ်ပါးသူကို မပင်ပန်းစေသင့်၊ တိုင်းပြည်ကို အလိုရှိသူသည် တိုင်းပြည်ကို ယူပါစေ'ဟု ဆိုသည်။

နောက်ဆုံးတွင် ကောသလမင်းသည် မဟာသီလဝမင်းနှင့်အတူ အမတ်တစ်ထောင်တို့ကို သုသာန်မြေတွင် တွင်းနက်ကြီးများ တူးစေကာ ထိုကျင်းများထဲတွင် ချ၍ လည်ပင်းပေါ်ရုံမျှ ချန်ထားပြီး မြေဖို့မြှုပ်နှံထားလေသည်။ ညအချိန်များတွင် လာရောက်လေ့ရှိကြသော မြေခွေးများသည် မင်းနှင့်အမတ်များကို အရှင်လတ်လတ် ကိုက်ဖြတ်စားသောက်ကြစေရန် ဖြစ်သည်။

http://www.dhammadownload.com



သန်းခေါင်ချိန်ရောက်လျှင် မြေခွေးများသည် အုပ်စုဖွဲ့၍ ရောက်လာကြသည်။ မြေခွေးကြီးသည် မင်းကြီးထံသို့ လည်းကောင်း၊ မြေခွေးငယ်များသည် အမတ်များထံသို့ လည်းကောင်း ချဉ်းကပ်ကြသည်။ မင်းကြီးသည် မိမိထံသို့ လာသော မြေခွေးကြီးအား လည်ကိုမော့၍ ပေးလိုက်သည်။ မြေခွေးက ဝင်၍ကိုက်ရာ မင်းကြီးသည် မြေခွေး၏ ခေါင်းကို မေးရိုးဖြင့် ဖိညှပ်၍ ဖမ်းထားလိုက်သည်။ မြေခွေးသည် နာကျင်လွန်းသဖြင့် သည်းစွာအော်သည်။ သူ့အော်သံကြောင့် အခြားသော မြေခွေးများ ထွက်ပြေးသွားကြသည်။

အဖမ်းခံထားရသော မြေခွေးကြီးသည် အားစိုက်၍ ရုန်းကန်သည်။ ယက်သည်။ ထို့ကြောင့် ဖြည့်ဖို့ထားခဲ့သော မြေစာများ လျှော့ကျသွားရသည်။ မင်းကြီးသည် ယင်း အဖြစ်ကို သိသည်နှင့် မြေခွေးကို လွှတ်ပေးလိုက်ကာ လက်နှစ်ဖက်ဖြင့် တွင်းနှုတ်ခမ်းကို ထောက်၍ အပေါ်သို့ တက်သည်။ အမတ်များ အားလုံးကိုလည်း သူကပင် လွတ်မြောက်စေသည်။ ထိုအချိန်တွင် ဤသုသာန်၌ လူသေအလောင်းကို လာပစ်ရာ အလောင်းသည် ဘီလူးနှစ်ကောင်တို့၏ နယ်စပ်၌ လာ၍ကျသည်။ ဘီလူးတို့သည် ယင်းကို တရားသဖြင့် ဖြစ်အောင် ဝေခြမ်းယူခြင်းငှာ အလောင်းကိုယူ၍ မဟာသီလဝမင်းထံ လာခဲ့ကြပြီး ဝေခြမ်း ပေးရန် တောင်းပန်ကြသည်။

မဟာသီလဝမင်းက 'ငါဝေခြမ်းပေးမည်၊ သို့ရာတွင် ယခုအချိန်၌ ငါ့ကိုယ်သည် မစင်ကြယ်၊ ဦးစွာရေချိုးရမည်'ဟု ဆိုသဖြင့် ဘီလူးတို့သည် တိုင်းပြည်ကို သိမ်းပိုက်ထား သော မဟာသီလဝမင်း၏ ရန်သူကောသလမင်း၏ ချိုးရေတို့ကို လည်းကောင်း၊ အဝတ် ပုဆိုး၊ နံ့သာကြုတ်၊ ပန်း၊ စားဖွယ်ဘောဇဉ်၊ သောက်တော်ရေ၊ ရွှေကရားနှင့် ရွှေခွက်ငယ် တို့ကို လည်းကောင်း ဘီလူးတို့၏ အာနုဘော်ဖြင့် ဆောင်ယူ၍ ပေးကြသည်။ ထို့နောက် ဘီလူးများသည် မဟာသီလဝမင်း၏ ခိုင်းစေချက်ကြောင့် ရန်သူကောသလမင်း၏ ခေါင်းရင်းဘက်တွင်ထားသော မင်္ဂလာသန်လျက်တော်ကို ယူပေးကြသည်။ မဟာသီလဝ မင်းသည် ထိုသန်လျက်ဖြင့် လူသေ၏ဦးခေါင်းအလယ်တည့်တည့်မှ အောက်ပိုင်းသို့တိုင် နှစ်ခြမ်းခွဲ၍ ဘီလူးတို့ကို အညီအမျှ ဝေပေးလိုက်သည်။

မဟာသီလဝမင်းက မိမိကို ရန်သူမင်း စက်တော်ခေါ်ရာ ကျက်သရေ တိုက်ခန်းသို့ လည်းကောင်း၊ အမတ်မင်းများအား သူတို့၏ အိမ်အသီးသီးသို့ လည်းကောင်း ဘီလူးတို့၏ အာနုဘော်ဖြင့် ပို့ပေးရန်စေခိုင်းသည်။ ဘီလူးတို့သည် မင်းကြီး၏ ဆန္ဒအတိုင်း ဆောင်ရွက် ပေးကြလေသည်။ ကျက်သရေတိုက်ခန်းထဲသို့ ရောက်သွားကြသောအခါ မဟာသီလဝမင်း က အိပ်ပျော်နေသော ကောသလမင်းကြီး၏ ဝမ်းဗိုက်ကို သန်လျက်ဖျားနှင့် ပုတ်၍ နှိုးသည်။ ကောသလမင်းသည် မဟာသီလဝမင်းကို တွေ့လိုက်ရသဖြင့် ထိတ်လန့်သွားကာ

http://www.dhammadownload.com



မည်သို့မည်ပုံ သည်တိုက်ခန်းထဲသို့ ဝင်လာနိုင်ခဲ့ပုံကို မေးလျှောက်သည်။ ဤတွင် မဟာသီလဝမင်းက အကြောင်းစုံကို အကျယ်ချဲ့၍ ပြောပြသည်။

ထိုအခါ ကောသလမင်းကြီးက 'မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် လူသားစစ်စစ်ဖြစ်ငြားသော်လည်း အရှင်မင်းကြီး၏ ကျေးဇူးကို မသိ၊ ဘီလူးတို့သည်ကား အရှင်မင်းကြီး၏ ကျေးဇူးကို သိကြပါသည်။ အကျွန်ုပ်သည် သီလနှင့် ပြည့်စုံသော အရှင်မင်းကြီးအား မပြစ်မှားတော့ပါ' ဟု ဆို၍ မဟာသီလဝမင်းကို ကန်တော့သည်။ နံနက်မိုးလင်းချိန်တွင်လည်း မင်းပရိသတ်တို့အလယ်၌ ထပ်မံ၍ ကန်တော့သေးသည်။ ထို့နောက် တိုင်းပြည်အား ပြန်၍အပ်နှင်းကာ သူ့နိုင်ငံသို့ ပြန်ခဲ့သည်။ မဟာသီလဝမင်းကြီးသည် 'မိမိ လုံ့လဝီရိယစိုက်၍ ပြုလုပ်သဖြင့် မိမိ၏ မင်းစည်းစိမ်၊ အမတ်တို့၏ အသက်ကို ရပေသည်' ဟု ဥဒါန်းကျူးရင့်လိုက်သည်။

**ဇာတ်ပေါင်း။** ။ **ပြစ်မှားမိသော အမတ်-ဒေဝဒတ်၊**
**အမတ်တစ်ထောင်-ဗုဒ္ဓ၏ပရိသတ်၊ မဟာသီလဝမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ခွဲသတ္တိကို ပညာနှင့်ယှဉ်၍အသုံးပြုပါ။**

---

## ၅၂။ စူဠဇနကဇာတ်

### အခက်အခဲကို ဝီရိယဖြင့်ကျော်လွှားသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဖွဲ့လုံ့လလျှော့သော ရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

ဤဇာတ်သည် ဇာတ်အမှတ်(၅၃၉) 'မဟာဇနကဇာတ်'၌ အကျုံးဝင်သည်။

---

## ၅၃။ ပုဏ္ဏပါတိဇာတ်

### ပညာရှိကိုလိမ်ညာ၍မရ

**ပစ္စုပ္ပန်ဝတ္ထု၊**

အနာထပိဏ်သူဌေးအား အရက်သမားများက အဆိပ်ခတ်ထားသောသေရည်ကို သောက်ရန်တိုက်တွန်းကြခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကိုဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမြို့၌ သူဌေးဖြစ်လေသည်။ တစ်နေ့သ၌ အရက်ဖိုးမရှိကြသော အရက်သမား တစ်စုသည် သူဌေးကြီးအလာကို စောင့်နေကြကာ သူဌေးကြီးလာလျှင် ဆေးခတ်ထားသော အရက်ကို တိုက်ကြမည်။ သူဌေးကြီး သတိမေ့မျောနေချိန်တွင် လက်စွပ်နှင့် ပုဆိုးကိုယူပြီး ထုခွဲရောင်းချ၍ အရက်ဖိုးရှာကြမည်ဟု ကြံစည်နေကြသည်။

မကြာမီ သူဌေးကြီး ရောက်လာရာ အရက်သမားတို့က တစ်နေရာသို့ ဖိတ်ခေါ်သည်။ အလွန်ကောင်းသော ဤအရက်ကို အနည်းငယ် သောက်သွားပါဦးဟု လောကဝတ်ပြုကြသည်။ သူဌေးက 'ငါ ယခု မင်းထံသွားရန် ရှိနေသည်။ မင်းထံမှ ပြန်လာချိန်ကို စောင့်ကြပါ'ဟု မှာထားခဲ့သည်။ အပြန်တွင် သေသောက်ကြူးတို့၏အကြောင်းကို သိလို၍ သူတို့ဖိတ်ခေါ်ရာသို့ လိုက်ပါသွားခဲ့သည်။ သူဌေးကြီးသည် အရက်ခွက်ကို တွေ့လိုက်ရသည်နှင့် ဤအရက်သည် မရိုးကြောင်း ရိပ်စားမိသည်။ သို့ဖြင့် 'ဟယ်– အကျင့်ပျက် အရက်သမားတို့၊ သင်တို့သည် အရက်ခွက်၌ ဆေးခတ်၍ လုယက်ရန် ကြံစည်နေသည် မဟုတ်လော။ အကယ်၍ ဤအရက်၌ ဆေးမပါလျှင် သင်တို့သောက်၍ ကုန်ကြမည်မှာ မချွတ်တည်း'ဟု ဆိုသည်။ ထို့နောက် အရက်သမားတို့အား ခြိမ်းခြောက်ရာ အရက်သမားတို့သည် ထိုနေရာမှ ထွက်ပြေးကြတော့သည်။

**ဇာတ်ပေါင်း။** ။ **အတိတ်ကအရက်သမားများ-ယခုလည်းအရက်သမားများ၊ ဗာရာဏသီသူဌေး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ဆင်ခြင်စဉ်းစားသတိထားလျှင် အမှားနည်းမည်။**

# ၅၄။ ကိံပလဇာတ်

## ပညာရှိတေားနားထောင်လျှင်ချမ်းသာမြဲ

**ပစ္စုပ္ပန်ဝတ္ထု၊**

သစ်သီး၌ ကျွမ်းကျင်လိမ္မာသော ဥယျာဉ်မှူး တစ်ယောက်ကို အကြောင်းပြု၍ ဗုဒ္ဓသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မျိုး၌ ဖြစ်၍ အရွယ်ရောက်ချိန်တွင် လှည်းငါးရာတို့ဖြင့် ကုန်သွယ်ခြင်းကို ပြု

http://www.dhammadownload.com



သည်။ တစ်ခါသော် သူတို့လှည်းအဖွဲ့သည် တောအုပ်ကြီးတစ်ခုသို့ ရောက်လာကြသည်။ ထိုတောအုပ်အဝင်ဝနားတွင် ရွာငယ်တစ်ရွာကို တွေ့ရသည်။ ထိုရွာ၏ တံခါးဝ၌ ထူးဆန်းသည့် ကိံဖလအမည်ရှိ အပင်တစ်ပင် ရှိသည်။ ထိုအပင်သည် သရက်ပင်နှင့် သွင်ပြင်သာလျှင် တူသည်မဟုတ်သေး။ ထိုအသီး၏ အနံ့နှင့် အရသာသည်လည်း သရက်သီးအတိုင်းပင် ဖြစ်သည်။ ထူးခြားသည်မှာ စားမိသူတို့အား လတ်တလောသေစေတတ်သည့် ဂုဏ်သတ္တိ ရှိခြင်းပင် ဖြစ်သည်။

တောအုပ်ကြီးအဝရှိ ရွာငယ်မှ ရွာသားများသည် ထိုအပင်ကိုမှီ၍ စီးပွားဖြစ်နေကြသည်။ ယခင်က အချို့သော ခရီးသွားများသည် ထိုအပင်မှအသီးကို သရက်သီးအမှတ်ဖြင့် စားမိပြီး သေဆုံးခဲ့ကြဖူးသည်။ ကျန်ရှိသည့် လှည်း၊ နွား၊ ကုန် စသော ဥစ္စာပစ္စည်းများကို ရွာသားများ ရရှိနေကျဖြစ်သည်။ ယခု လှည်းအဖွဲ့ ရောက်လာသည့်တွင်လည်း ထိုနည်းအတိုင်းပင် တွက်ဆကြသည်။ နံနက်အရုဏ်တက်သည်နှင့် ဥစ္စာပစ္စည်းများကို ကောက်ယူရန် ရောက်လာကြသည်။ သို့ရာတွင် ဤတစ်ခါ သူတို့ထင်သည့်အတိုင်းမဖြစ်ဘဲ အားလုံးကျန်းကျန်းမာမာ ရှိနေကြသည်ကို တွေ့နေကြရသည်။ ဤတွင် ရွာသားများသည် လှည်းမှူးကြီးအား 'ဤအပင်သည် အဆိပ်ပင် ဖြစ်ကြောင်းကို အဘယ်ကြောင့် သိပါသနည်း' ဟု မေးကြသည်။ ထိုအခါ လှည်းမှူးကြီးက 'ငါသည် အဆိပ်ပင်ဖြစ်ကြောင်းကို အကြောင်းနှစ်ခုကြောင့် သိသည်။ ပထမအကြောင်းမှာ ဤအပင်သည် နိမ့်သော်လည်း ခူးဆွတ်သူ မရှိ။ ဒုတိယအကြောင်းမှာ ရွာနှင့်နီးသော်လည်း အသီးများ ပြွတ်သိပ်နေသည်' ဟု အဖြေပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ လှည်းသမားများ-ဗုဒ္ဓ၏ပရိသတ်၊ လှည်းမှူးကြီး-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ပညာရှိတို့သည် အမှန်ကိုမြင်သိနိုင်ကြသည်။

---

## ၅၅။ ပဉ္စာဝုဓဇာတ်

### လက်နက်ငါးမျိုးပိုင်ရှင် မင်းသား

ပစ္စုပ္ပန်ဝတ္ထု

ဝီရိယလျှော့သော ရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ထိုမင်း၏မိဖုရားခေါင်ကြီးသည် သားတော်တစ်ပါးကို မွေးဖွားသည်။ ထိုမင်းသားသည် လက်နက်ငါးမျိုးဖြင့် ထင်ရှားသဖြင့် 'ပဉ္စာဝုဓ'ဟု အမည်ပေးလေသည်။ မင်းသား တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ ဒိသာပါမောက္ခဆရာကြီးထံ ပညာသင်ရန် စေလွှတ်လိုက်သည်။ ပညာစုံ၍ နေပြည်တော်သို့ ပြန်ခါနီးတွင် ဆရာသည် ပဉ္စာဝုဓအား လက်နက်ငါးမျိုးတို့ကို ပေးအပ်လိုက်သည်။ ပဉ္စာဝုဓသည် ယင်းလက်နက်ငါးမျိုးတို့ကိုယူ၍ ပြန်လာခဲ့ရာ မကြာမီတွင် 'မွေးစေးကပ်သော ဘီလူး'စောင့်သည့် တောအုပ်တစ်အုပ်သို့ ရောက်လာခဲ့သည်။ တောအုပ်အလယ်သို့ရောက်လျှင် 'အဘယ်သို့သွားမည်နည်း၊ ရပ်လော့၊ သင်သည် ငါ့အစာဖြစ်ပြီ'ဟု ဆိုသော ဘီလူး၏ အသံကြီးတစ်ခုကို ကြားလိုက်ရသည်။

ပဉ္စာဝုဓသည် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိဘဲ ဘီလူးကို မြားဖြင့်ပစ်သည်။ မြားအားလုံးတို့သည် ဘီလူး၏ အမွေးတွင်သာ သွား၍ ကပ်ငြိနေကြသည်။ ထို့နောက် မင်းသားက သန်လျက်ဖြင့် ခုတ်သည်။ သန်လျက်လည်း အမွေး၌ပင် ကပ်နေပြန်သည်။ တစ်ဖန် တောင့်ဖြင့် ရိုက်လိုက်ရာ တောင့်သည်လည်း ကပ်နေမြဲဖြစ်သည်။ နောက်ဆုံးတွင် ဆောက်ပုတ်ဖြင့် ရိုက်လိုက်သည်။ ဤတစ်ခါလည်း ပြန်ဆွဲခွာ၍ မရ။ သို့ဖြင့် ဘီလူးကို လက်ယာလက်ဖြင့် ဝင်ရောက်ထိုးသတ်ရာ လက်ယာလက်သည် အမွေး၌ ကပ်နေပြန်သည်။ လက်ဝဲလက်ဖြင့် ထပ်၍ ထိုးသည်။ ပြန်ခွာ၍ မရ။ နောက် ဒူးနှစ်ဖက်ဖြင့် တိုက်သည်။ ဦးခေါင်းနှင့် တအားဆောင့်သည်။ ထိုလက်၊ ခြေ၊ ဦးခေါင်းတို့သည်လည်း ပြန်၍ ကွာထွက်မလာ။

ဘီလူးသည် သည်မျှရဲစွမ်းသတ္တိနှင့် ပြည့်ဝသူကို တစ်ကြိမ်တစ်ခါမှ မတွေ့ရစဖူးသဖြင့် ဘီလူးက 'လုလင်၊ သင်သည် သေရမည်ကို အဘယ်ကြောင့် မကြောက်သနည်း' ဟု မင်းသားကိုမေးရာ မင်းသားက 'ငါ့ဝမ်းထဲတွင် ဝရဇိန်လက်နက် ရှိသည်။ ငါ့ကို စားသူသည် ဝရဇိန်လက်နက်ကို မကြေညက်စေနိုင်။ ဝရဇိန်လက်နက်သည် စားသူ၏ အူ၊ အသည်းတို့ကို အပိုင်းပိုင်း ဖြတ်တောက်ပစ်လိမ့်မည်။ ထိုအခါ ငါ့အား စားသူသည် သေရလိမ့်မည်။ ထို့ကြောင့် ငါသည် မကြောက်'ဟု ဆိုသည်။ သည်တွင် ဘီလူးသည် မင်းသားကို မစားရဲတော့သဖြင့် ပြန်လွှတ်ပေးလိုက်သည်။

ထိုအခါ မင်းသားသည် ဘီလူးကို တရားဟောသည်။ ပါဏာတိပါတ အပါအဝင် ကံငါးပါးလုံးကို မစောင့်သူထံ ရောက်အပ်သည့် အပြစ်တရားများ၊ စောင့်ထိန်းသူများ ရအပ်သော အကျိုးတရားများကို ဟောပြသည်။ နောက်ဆုံး ဘီလူးအား ငါးပါးသီလ၌

http://www.dhammadownload.com



တည်စေခဲ့သည်။ ထို့နောက် ဗာရာဏသီသို့ ပြန်ခဲ့ရာ ခမည်းတော် ကွယ်လွန်ချိန်၌ မင်းအဖြစ်ကို ရလေသည်။

ဇာတ်ပေါင်း။ ။ ဘီလူး-အင်္ဂုလိမာလ၊ ပဉ္စာဝုဓမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဇွဲသတ္တိနှင့်ပညာသည် အရာရာကိုအောင်စေနိုင်သည်။

---

# ၅၆။ ကဉ္စနက္ခန္ဓဇာတ်

## ရွှေတုံးရသော လယ်သမား

### ပစ္စုပ္ပန်ဝတ္ထု

အမျိုးသားတစ်ယောက်သည် ဘုရားသာသနာတော်၌ ရဟန်းပြုသောအခါ ဥပဇ္ဈာယ်ဆရာက သီလအမျိုးအစား အမျိုးမျိုးကို ပြောပြလေသည်။ 'ငါသည် ဤမျှ များသောသီလများကို မစောင့်နိုင်။ လူထွက်၍ ဒါနစသော ကုသိုလ်ကောင်းမှုများကို ပြုလျက် လူ့ဘဝမှာသာ နေတော့မည်' ဟု ဆရာအား လျှောက်ထားရာ မြတ်စွာဘုရားထံသို့ ထိုအမျိုးသားကို ခေါ်သွားသည်။ ဘုရားရှင်က 'သင်သည် များစွာသော သီလကို မစောင့်နိုင်လျှင် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးကိုသာ လုံအောင်စောင့်ထိန်းလော့' ဟု မိန့်တော်မူသည်။ ထိုရဟန်းသည် ကိုယ်၊ နှုတ်၊ နှလုံး သုံးပါးသော‌ဒွါရတို့၌ သီလကို စောင့်ပြီး ဝိပဿနာကိုပွားရာ မကြာမီ အရဟတ္တဖိုလ်သို့ ဆိုက်၏။ ထိုရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် လယ်ယာလုပ်သား ဖြစ်နေသည်။ တစ်နေ့သောအခါ ဘုရားလောင်းသည် လယ်ထွန်ရာ ထွန်သွား၌ တစ်စုံတစ်ခု ငြိနေသည်။ သစ်မြစ်တွင် ငြိနေသည်ထင်၍ မြေကို ယက်ကြည့်သောအခါ ငြိနေသောအရာသည် သစ်မြစ်မဟုတ်ဘဲ လုံးပတ်ပမာဏ ပေါင်လုံးခန့်ရှိ၍ အလျား လေးတောင်ခန့်ရှည်သော ရွှေတုံးတစ်ခု ဖြစ်နေကြောင်း တွေ့ရသည်။

ဘုရားလောင်း လယ်သမားသည် ဤမျှ ကြီးမားသော ရွှေတုံးကြီးကို မ,ချီ၍ ယူခြင်းငှာ မတတ်နိုင်။ လှံဖြင့် ရွှေတုံးအနီးတွင် ထိုင်၍ အစွန်ဘက်မှ ဤနေရာအထိသည် စားဝတ်နေရေးအတွက်၊ ဤနေရာမှ ဤနေရာအထိ မြှုပ်နှံထားရန်၊ ဤဘက်အပိုင်းသည် ရောင်းဝယ် ဖောက်ကားရာ၌ ရင်းနှီးမ,တည်ရန်၊ ဤမှာဘက်မှ အစွန်ဆုံးအပိုင်းသည် ဒါနအစရှိသော ကောင်းမှုများ ပြုလုပ်ရန်ဟု လေးစု ဝေပုံချသည်။ ထိုခဏ၌ ဘုရားလောင်း

http://www.dhammadownload.com



သည် ရွှေတုံးကို မချီလိုက်ရာ ရွှေတုံးသည် ပေါ့ပါးလာပြီး ဘုရားလောင်း သယ်ဆောင်ရာသို့ ပါလာခဲ့သည်။

**ဇာတ်ပေါင်း။** ။ ရွှေတုံးရသောလယ်သမား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရှာဖွေရရှိသော စီးပွားဥစ္စာကို စားရန်၊ မြှုပ်နှံရန်၊ ရင်းနှီးရန်နှင့် ကောင်းမှုကုသိုလ်ပြုရန်ဟု လေးစုခွဲခြားကာ သုံးသင့်သည်။

---

# ၅၇။ ဝါနရိန္ဒ ဇာတ်

## ပညာရှင်မျောက်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်က ဘုရားရှင်ကို သတ်ဖြတ်ရန် ကြိုးစားခြင်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် မျောက်မျိုး၌ ဖြစ်နေသည်။ သူသည် မြစ်ကမ်းနား တစ်ခုတွင်နေ၍ အစာစားချိန်၌ မြစ်လယ်မှ ကျွန်းတစ်ကျွန်းသို့ ခုန်ကူးကာ ကျွန်းပေါ်ရှိ သရက်၊ ပိန္နဲ စသော သစ်သီးကြီးငယ်များကို စားသည်။ မြစ်ကမ်းစပ်နှင့် ကျွန်း၏အကြားတွင် ကျောက်ဖျာတစ်ခု ရှိလေရာ သူသည် ထိုကျောက်ဖျာသို့ ဦးစွာခုန်၍ကူးသည်။

ထိုမြစ်ထဲတွင် မိကျောင်းမောင်နှံနှစ်ကောင်လည်း နေကြသည်။ မိကျောင်းမသည် မျောက်မင်း၏ နှလုံးသားကို စားသုံးလိုစိတ် ပြင်းပြနေသဖြင့် မိကျောင်းဖိုကို ပူဆာရာ မိကျောင်းဖိုက ဖမ်းပေးရန် ကတိပြုလျက် ကျောက်ဖျာပေါ်မှ မျောက်မင်းအလာကို စောင့်နေသည်။

ညနေချမ်းသို့ ရောက်သည်တွင် မျောက်မင်းသည် ကျောက်ဖျာကို လှမ်း၍ စူးစမ်းကြည့်ရာ ကျောက်ဖျာသည် ခါတိုင်းထက် ပို၍မြင့်နေသည်ဟု ထင်မိသည်။ ထို့ကြောင့် သူသည် ကျွန်းပေါ်မှနေ၍ 'အို ကျောက်ဖျာ၊ အို-ကျောက်ဖျာ' ဟု သုံးကြိမ်တိုင် လှမ်း၍

http://www.dhammadownload.com



ခေါ်သည်။ ထိုအခါ မိကျောင်းက 'ကျောက်ဖျာသည် မျောက်မင်းနှင့် စကားပြောနေကျ ဖြစ်မည်'ဟု တွေးမိသည်။ သူက ကျောက်ဖျာဟန်ဆောင်၍ 'အို-မျောက်မင်း အသို့နည်း' ဟု ပြန်ထူးလိုက်သည်။

ဤတွင် မိကျောင်းဖြစ်ကြောင်း သိရသဖြင့် 'အဘယ့်ကြောင့် ဤနေရာမှ လာစောင့်ရသနည်း'ဟု မျောက်မင်းက မေးသောအခါ မိကျောင်းက အဖြစ်မှန်ကို ပြောပြသည်။ ထိုအခါ မျောက်မင်းက 'အဆွေမိကျောင်း၊ ငါသည် ငါ့ခန္ဓာကိုယ်ကို သင့်အား စွန့်လှူပါမည်၊ သင့်ခံတွင်းကို ဖွင့်ဟထားပါ'ဟု ဆိုသည်။ မိကျောင်းတို့သည် ခံတွင်းကို ဖွင့်ဟထားလျှင် မျက်လုံးမှိတ်သွားရမြဲ ဖြစ်သည်ကို မိကျောင်းက အမှတ်မပြုမိချေ။ ခံတွင်းကို ဖွင့်ဟ၍ ခံထားလိုက်သည်။ မျောက်မင်းသည် ကျွန်းပေါ်မှ လွှားခနဲ ခုန်ကာ မိကျောင်း၏ ထိပ်ကိုနင်း၍ မြစ်ကမ်းဘက်သို့ ခုန်ကူးလာနိုင်ခဲ့သည်။

မိကျောင်းသည် လွန်စွာ အံ့ဩမိကာ 'အို-မျောက်မင်း၊ ဤလောက၌ သစ္စာ၊ ပညာ၊ စာဂ၊ လုံ့လ ဤတရားလေးပါးနှင့် ပြည့်စုံသောသူသည် ရန်သူတို့အပေါ်၌ အောင်ပွဲခံနိုင်၏။ ထိုတရားလေးပါးလုံးသည် သင်၏ ကိုယ်တွင်း၌ ရှိယောင်တကား'ဟု ဆို၍ မိမိနေရာသို့ ပြန်သွားသည်။

**ဇာတ်ပေါင်း။** ။ မိကျောင်းမ-ဒေဝဒတ်၊ မိကျောင်း၏မယား-စိဉ္စမာန၊ မျောက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သစ္စာ၊ ပညာ၊ စာဂ၊ လုံ့လ ဤလေးဝရှိသူ ဘဝတစ်လျှောက်၌ အောင်မြင်မည်။

---

## ၅၈။ တယောဓမ္မ ဇာတ်

### မျောက်သားအဖ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်က ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးစားခြင်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကိုဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဒေဝဒတ်သည် မျောက် သတ္တဝါမျိုး၌ဖြစ်၍ မျောက်အပေါင်း ခြံရံကာ ဟိမဝန္တာတော တစ်နေရာတွင် နေသည်။ သူသည် အကြီးအမှူးဖြစ်သော်လည်း ကြီးမြင့်သူတို့၌ ရှိရမည့် ဂုဏ်အင်္ဂါများ မရှိချေ။ ထိုမျောက်ကြီးသည် မွေးဖွားလာသော မျောက်ထီးလေးများကို နောင်တွင် သူ့ကို တော်လှန်မည် ကြောက်သဖြင့် ဝှေးစေ့များကို ကိုက်ဖြတ်လေ့ရှိ၏။

ထိုအခါ ဘုရားလောင်းသည်လည်း ဒေဝဒတ်မျောက်ကို စွဲ၍ မျောက်မတစ်ကောင် ဝမ်း၌ ပဋိသန္ဓေနေလာရာ အခြားသောတောင်ခြေသို့သွား၍ ဘုရားလောင်း မျောက်ငယ်ကို မွေးဖွားသည်။ ဘုရားလောင်းသည် ခွန်အားဗလနှင့် ပြည့်စုံသည်။ အရွယ်သို့ ရောက်လာ သည်တွင် ဖခင်ထံပို့ပေးရန် တောင်းဆိုရာ မိခင်က ဖခင်၏ ရက်စက်ကြမ်းကြုတ်ပုံကို ပြောပြသည်။ သို့သော်လည်း သားဖြစ်သူက ဖခင်ထံပို့ပေးရန် တွင်တွင်တောင်းဆိုနေသဖြင့် နောက်ဆုံးတွင် မိခင်က ပို့ပေးလိုက်သည်။

ဒေဝဒတ်လောင်း မျောက်သည် သားဖြစ်သူကို 'အမောင်လာလော့၊ ဤမျှလောက် သော ကာလပတ်လုံး အဘယ်မှာ သွားနေသနည်း' ဟု ဆို၍ ဘုရားလောင်း၏ လည်ပင်း ကို ဖက်ဟန်ပြုပြီး ဖျစ်ညှစ်သည်။ သို့ရာတွင် ဘုရားလောင်းကား နာကျင်ခြင်းမရှိ၊ မျောက်မင်းသည် ဤမျောက်ငယ်ကို မိမိကိုယ်တိုင် မသတ်နိုင်ကြောင်း သိလိုက်သည်။ ထို့ကြောင့် 'အမောင်၊ ငါအိုမင်းချေပြီ၊ ယနေ့ပင်လျှင် သင့်ကို မင်းပြုစေအံ့၊ ဤမည်သော အရပ်၌ ရေကန်တစ်ခုရှိ၏။ ထိုကန်မှ ကုမုဒြာကြာနှစ်ပွင့်၊ ဥပ္ပလကြာသုံးပွင့်၊ ပဒုမ္မာကြာ ငါးပွင့်၊ ဤကြာပန်းတို့ကို ဆောင်ချေပါလော့' ဟု ဆိုသည်။

စင်စစ် ရေကန်ထဲသို့ဆင်းသော ဘုရားလောင်းအား ဘီလူးဖမ်းစားစေရန် ဖန်တီး ပေးလိုက်ခြင်း ဖြစ်သည်။ ဘုရားလောင်းသည် ရေကန်သို့ ရောက်လာခဲ့သည့်အခါ ရေကန်ကို အကဲခတ်ကြည့်ရာ ဘီလူးစောင့်သော ရေကန်ဖြစ်ကြောင်း သိလိုက်ရသည်။ သို့ဖြင့် ဘုရားလောင်းမျောက်သည် ဤမှာဘက်ကမ်းစပ်မှ ဟိုမှာဘက်ကမ်းစပ်သို့ လှမ်းခုန် ရင်း ကြာပန်းများကို ခူးယူသည်။ ဤနည်းဖြင့် အကြိမ်ကြိမ်အဖန်ဖန် ခူးယူရာ မကြာမီ လိုအပ်သော ကြာပန်း အရေအတွက်ကို ရရှိသွားသည်။

ရေကန်စောင့်ဘီလူးသည် ဘုရားလောင်းထံသွား၍ 'ဤလောက၌ အကြင်သူ၏ ကိုယ်တွင် လုံ့လပြုခြင်း၊ ရဲရင့်ခြင်းနှင့် ပညာဉာဏ်အမြော်အမြင်ရှိခြင်းဟု ဆိုအပ်သော သုံးပါးသော တရားတို့သည် ရှိကုန်၏။ ထိုသူသည် ရန်သူများအပေါ် တွင် အောင်ပွဲခံမြဲ တည်း၊ ထိုတရားသုံးပါးသည် သင်၏ ကိုယ်တွင်း၌ ရှိနေယောင်တကား' ဟု ဆိုသည်။

http://www.dhammadownload.com



ထို့နောက် ဘီလူးသည် ကြာပန်းများကို ထမ်း၍ ဘုရားလောင်းအား လိုက်ပို့ပေးသည်။ ထိုအခြင်းအရာကို အဝေးကပင် လှမ်းမြင်နေရသော ဒေဝဒတ်လောင်း မျောက်မင်းသည် မြင်ရာခဏ၌ပင်လျှင် နှလုံးသားခုနစ်စိတ်ကွဲ၍ သေသွားသဖြင့် မျောက်အပေါင်းတို့သည် ဘုရားလောင်းအား မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

**ဇာတ်ပေါင်း။ ။ မျောက်မင်း-ဒေဝဒတ်၊ မျောက်မင်း၏သား-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ သတ္တိ၊ဝီရိယနှင့်ပညာရှိက ရန်စာကာအောင်နိုင်သည်။**

---

# ၅၉။ ဘေရိဝါဒကဇာတ်

## မဆင်မခြင်စည်တီး၍ ဒုက္ခရောက်ရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆုံးမစကား မနာယူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ် ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် စည်တီးသမားမျိုး၌ဖြစ်၍ ရွာငယ်လေးတစ်ရွာ၌ နေလေသည်။ တစ်နေ့သောအခါ ဗာရာဏသီမြို့ပေါ်၌ နက္ခတ်ပွဲသဘင်ကျင်းပရာ ဘုရားလောင်းသည် သားကိုခေါ်၍ ထိုပွဲတော်သို့ သွားသည်။ ရွှေပွဲလာပရိသတ်တို့အား စည်းတီးအတတ်ဖြင့် ငွေကြေးရှာဖွေကာ ရလာသော ငွေကြေးများကိုယူ၍ သားအဖနှစ်ယောက် ရွာသို့ ပြန်ခဲ့ကြရာ ခိုးသားဓားပြရှိသော တောလမ်းတစ်ခုကို ဖြတ်သန်းကြရသည်။

ထိုအခါ ဖခင်က သားအား စည်ကိုအဆက်မပြတ် မတီးရန်နှင့် ခရီးသွားသော မင်းများကဲ့သို့ ရံဖန်ရံခါသာ တီးရန် ပြောသည်။ သို့ရာတွင် သားဖြစ်သူက 'စည်သံပေး၍ ခိုးသားများဓားပြများကို ပြေးစေမည်' ဟု ဆိုကာ စည်ကို အဆက်မပြတ်တီးသည်။ စောစောပိုင်းတွင်မူ မင်းစည်သံထင်၍ ခိုးသားဓားပြများ ပြေးခဲ့ကြသော်လည်း နောက်ပိုင်း အဆက်မပြတ် ကြားလာရသောအခါ စည်တီးသူကို ကွယ်ရာမှ တစေ့တစောင့် ချောင်းကြည့်ကြသည်။ ထိုအခါ သားအဖနှစ်ယောက်တည်းသာ ဖြစ်ကြောင်းကို မြင်ကြရသဖြင့် ဓားပြ

http://www.dhammadownload.com



များသည် သားအဖနှစ်ယောက်စလုံးကို ဖမ်းဆီးရိုက်ပုတ်၍ ဥစ္စာများကိုလုယူသွားကြသည်။

ဇာတ်ပေါင်း။ ။ သား-ဆိုဆုံးမရခက်သောရဟန်း၊ အဖ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိစကားနားမထောင်က ဒုက္ခတွေ့တတ်သည်။

---

## ၆၀။ သန်ဓမ္မဇာတ်

### ခရုသင်းမှုတ်၍ ဒုက္ခရောက်သူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဆုံးမစကားကို မနာယူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ခရုသင်းမှုတ်သမားမျိုး၌ ဖြစ်နေသည်။ ဗာရာဏသီပြည်၌ နက္ခတ်ပွဲသဘင် ကျင်းပသောအခါ ဘုရားလောင်းသည် ဖခင်ကိုခေါ်၍ ထိုပွဲတော်သို့ သွားပြီး ခရုသင်းမှုတ် အတတ်ဖြင့် ငွေကြေးရှာဖွေသည်။

အပြန်တွင် ခိုးသားဓားပြများနေသော တောလမ်း၌ ခရုသင်းကို အဆက်မပြတ် မမှုတ်ရန် သားက ဖခင်အား တားသည်။ ဖခင်က မနာခံဘဲ 'ခရုသင်းသံဖြင့် ခိုးသားဓားပြများကို ပြေးစေမည်'ဟုဆို၍ အဆက်မပြတ် မှုတ်သည်။ ဤတွင် ရှေ့ဝတ္ထုမှာ ကဲ့သို့ ခိုးသားဓားပြများ၏ နှိပ်စက်တိုက်ခိုက်ခြင်းခံရကာ ပစ္စည်းများ ပေးလိုက်ရလေသည်။

ဇာတ်ပေါင်း။ ။ အဖ-ဆိုဆုံးမခက်သောရဟန်း၊ သား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိစကား အလေးထားပါ။

**အာသီသဝဂ် ပြီးပြီ။**

---

http://www.dhammadownload.com



# ၇။ ဧကာဒသကနိပါတ်

## ၆၁။ အသာတမန္တဇာတ်

### သားကိုတောကြီး၌မမွေ့လျော်စေသော မိခင်လိမ္မာ

**ပစ္စုပ္ပန်ဝတ္ထု**

ကာမဂုဏ်နိုင်စက်၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကိုဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်း စိုးစံစဉ် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခ ဆရာကြီးဖြစ်နေသည်။ တစ်နေ့သောအခါ ဗာရာဏသီပြည်သား ပုဏ္ဏားလုလင်ပျို တစ်ယောက်သည် ဆရာကြီးထံ ပညာလာသင်ကာ ပညာရပ်များ စုံလင်သောအခါ ဗာရာဏသီသို့ ပြန်သွားခဲ့သည်။

ဗာရာဏသီမှ မိဘများသည် သားအား တောသို့ဝင်၍ မီးကို လုပ်ကျွေးနေခြင်းဖြင့် ဗြဟ္မာပြည်သို့ ရောက်စေနိုင်သည့် အကျင့်မျိုးကို ကျင့်စေလိုကြသည်။ ထိုသို့ ကျင့်ရန်မှာ မိန်းမတို့၏အပြစ်ကို မြင်တတ်ရန် ဦးစွာလိုအပ်သည်ဟူ၍ မိခင်က တွေးမိသည်။ သို့ဖြင့် 'သားချစ်၊ အတတ်ပညာများ သင်ယူခဲ့ပြီလော'ဟု မိခင်က မေးသည်။ သားက သင်ယူခဲ့ပြီးဖြစ်ကြောင်း ပြန်ကြားသည်။ ထိုအခါ မိခင်က အသာတမန္တန်ကို သင်ခဲ့ပြီလော'ဟု ဆက်၍မေးရာ မသင်ခဲ့ရကြောင်းဖြင့် ဖြေဆိုသည်။ 'အသာတမန္တန်ကိုမှ မသင်ခဲ့ရလျှင် သားချစ်သည် အတတ်ပညာ သင်ယူပြီးသည် မမည်သေး။ အသာတမန္တန်ကို ပြန်သင်ချေဦး'ဟု မိခင်က ဆိုသဖြင့် ပုဏ္ဏားလူငယ်သည် တက္ကသိုလ်ဆရာကြီးထံ ပြန်လာခဲ့သည်။

ဆရာကြီးတွင် အသက် ၁၂၀ ရှိ မိခင်အိုကြီး တစ်ယောက်ရှိသည်။ ထိုမိခင်အိုကို ကိုယ်တိုင်ရေချိုးပေး၍ ကိုယ်တိုင်ပင် လုပ်ကျွေးပြုစုပေးသော ဆရာကြီးသည် လူများနှင့် ဝေးရာ တောတွင်းတစ်နေရာသို့ မိခင်အိုကို ခေါ်သွားပြီး ထိုမှာပင် သစ်ရွက်မိုးအိမ်ကလေး ဆောက်လုပ်၍ မိခင်အိုကို လုပ်ကျွေးနေသည်။ ပုဏ္ဏားလူငယ်သည် ဆရာကြီး ရှေ့မှောက်သို့ ရောက်သည့်အခါ မိခင်က အသာတမန္တန် သင်ယူရန် စေလွှတ်လိုက်သဖြင့် ပြန်လာခဲ့ရကြောင်း ပြောပြသည်။ ဤတွင် ဆရာကြီးက 'သင့်အား အသာတမန္တန်ကို သင်ပေးမည်။

http://www.dhammadownload.com



ယနေ့မှစ၍ ငါ့မိခင်ကို သင့်လက်ဖြင့် ရေချိုးကာ အစာအာဟာရကို ခွဲ့ကျွေးပေးလော့၊ ခြေဆုပ်လက်နယ်လည်း ပြုလော့၊ ယင်းသို့ပြုစုဉ် အဘွားသည် အသက်ကြီး၍ အိုမင်းပြီ ဖြစ်သော်လည်း အဘွား၏ ရုပ်ရည်ကား အလွန်လှပ တင့်တယ်သေး၏။ အဖိုးတုန်းက ဆိုလျှင် ဘယ်လောက်လှမည်နည်းဟု ဆိုလော့၊ ငါ၏ မိခင်အိုသည် သင့်အား တစ်စုံတစ်ရာ ပြန်ဆိုအံ့၊ ထိုဆိုသော စကားကို ငါ့အား အသိပေးလော့။ ဤသို့ ငါ့အား အသိပေးသည် ရှိသော် သင်သည် အသာတမန္တန်ကို ရလိမ့်မည်'ဟု ဆိုသည်။

ပုဏ္ဏားလုလင်သည် ဆရာမှာထားသည့်အတိုင်း ဆောင်ရွက်ရာ အဘွားက လုလင်အား 'သင်သည် ငါနှင့် မွေ့လျော်လိုသလော'ဟု မေးသည်။ လုလင်က 'မွေ့လျော်လို သည်တော့ မှန်ပါသည်။ သို့ရာတွင် ဆရာရှိနေ၍ မမွေ့လျော်ဝံ့ပါ'ဟု ဆိုသည်တွင် 'ငါ့သားကို သတ်လော့'ဟု မိန်းမအိုကြီးက စေခိုင်းသည်။ 'ကျေးဇူးရှင်ဖြစ်၍ ဆရာကို မသတ်ဝံ့ပါ'ဟု ပုဏ္ဏားလုလင်က ဆိုသည်။ 'သင်သည် ငါ့ကို စွန့်ပစ်၍ မသွားပါက ငါကိုယ်တိုင် ငါ့သားကို သတ်မည်'ဟု မိန်းမအိုကြီးက ဆက်၍ ဆိုသည်။

လုလင်သည် ထိုအကြောင်းစုံကို ဆရာအား ပြန်၍ အသိပေးသည်။ ထိုအခါ နက္ခတ္တကျွမ်းကျင်သော ဆရာသည် မိခင်အို၏ အသက်အပိုင်းအခြားကို တွက်ချက် ကြည့်ရာ မိခင်အိုသည် ယနေ့ပင် သေနေ့စေ့ကြောင်း တွေ့လိုက်ရသဖြင့် လုလင်နှင့် အတူ ရေသဖန်းသား တစ်ခုကို မိမိ၏ ကိုယ်ပမာဏအတိုင်း လူရုပ် ထုလုပ်ကြသည်။ ထိုအရုပ်ကို စောင်ဖြင့် ခေါင်းမြီးခြုံ၍ အိမ်ပေါ်တွင် ပက်လက်အနေအထားမျိုး ထားပေး ကြသည်။ ထို့နောက် ကြိုးရှည်တစ်ချောင်းကိုယူ၍ အစတစ်ဖက်ကို ဆရာ့အိပ်ရာပေါ်၌ လည်းကောင်း၊ ကျန်အစတစ်ဖက်ကို မိခင်အို၏အိပ်ရာအထိယူ၍ လည်းကောင်း၊ တင်းနေ အောင် သွယ်တန်းကြသည်။ ကိစ္စများပြီးဆုံးသည့်အခါ ဆရာသည် လူရွယ်အား ပုဆိန် တစ်ခုပေး၍ 'ငါ့အမိအား အချက်ပေးလိုက်လော့'ဟု ဆိုသည်။

လုလင်သည် 'ယခု ဆရာသည် အိပ်ပျော်နေသည်။ ဤပုဆိန်ကိုယူ၍ ကြိုးတန်း အတိုင်း လျှောက်သွားပြီးလျှင် ဆရာ့ကို ခုတ်သတ်လော့'ဟု ပြောသည်။ ထိုအခါ မိခင်အို ကြီးက 'သင်သည် ငါ့ကို စွန့်ခွာသွားမည်လော'ဟု မေးရာ လုလင်က မစွန့်ခွာကြောင်း ကတိပြု၏။ မိခင်အိုသည် ပုဆိန်ကိုကိုင်လျက် တုန်တုန်ယင်ယင်ဖြင့်ထကာ ကြိုးတန်း ကို ကိုင်၍ လျှောက်သွားသည်။ သားအိပ်ရာသို့ ရောက်သောအခါ တစ်ချက်တည်းဖြင့် သေစေရန် သား၏လည်ပင်းကို ခုတ်ဖြတ်လိုက်သည်။ ဒုန်းကနဲ မြည်သံ ထွက်လာသည့် အခါ မိခင်အိုသည် သူခုတ်လိုက်သောအရာမှာ သူ့သားအစစ် မဟုတ်ဘဲ သစ်သားရုပ် ဖြစ်ကြောင်း သိလိုက်ရသည်။ ထိုအချိန်တွင် အနီး၌ရှိသော ဆရာက 'မိခင်၊ ဘာလုပ်နေ

http://www.dhammadownload.com



သနည်း'ဟု မေးသည်။ ထိုအခါတွင်မှ မိခင်အိုကြီးသည် 'ငါသည် လှည့်စားခံရပြီ'ဟု သိလိုက်ရသဖြင့် ကြေကွဲကာ ထိုနေရာတွင်ပင် လဲကျသေဆုံးသွားသည်။

ဆရာသည် မိခင်၏အလောင်းကို သင်္ဂြိုဟ်ပြီးနောက် ပုဏ္ဏားလုလင်အား 'တပည့်၊ သင်သည် သင်၏ မျက်မှောက်၌ပင်လျှင် ငါ့မိခင်အိုကြီး၏အဖြစ်ကို မြင်ရပြီ၊ ဤအကြောင်းများကြောင့် မိန်းမမည်သည် ဆင်းရဲဒုက္ခကိုသာ ပေးတတ်ကုန်၏'ဟု ဆိုသည်။ ပုဏ္ဏားလုလင်သည် ဆရာကိုကန်တော့ခဲ့ပြီး မိဘများထံ ပြန်လာကာ 'အမေ၊ သားမျက်စိအောက်မှာပင် မိန်းမတို့၏အပြစ်ကို မြင်တွေ့ခဲ့ရပါပြီ၊ လောကီ လူ့ဘဝတွင်နေခြင်းဖြင့် သားအား အကျိုးမများပါ၊ ရဟန်းပြုပါတော့မည်'ဟုဆိုကာ ရဟန်းပြုသွားသည်။

ဇာတ်ပေါင်း။ ။ လုလင်၏အမိ-ဘဒ္ဒကာပိလာနီထေရီမ၊
လုလင်၏အဖ-အရှင်မဟာကဿပ၊ လုလင်-အရှင်အာနန္ဒာ၊
ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကာမဂုဏ်စိတ်ဝင်လာလျှင် ပို၍မိုက်မှားတတ်သည်။

---

## ၆၂။ အဏ္ဍဘူတဇာတ်

### မင်းနှင့်ပုဏ္ဏား

**ပစ္စုပ္ပန်ဝတ္ထု**

ကာမဂုဏ်နှိပ်စက်၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကိုပင် အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဘုရားလောင်းဗြဟ္မဒတ်မင်းကြီးသည် ထီးနန်းစိုးစံစဉ် သူသည် ပုရောဟိတ်ပုဏ္ဏားကြီးနှင့် ကြွေအန်ကစားလေ့ရှိသည်။ မင်းကြီးသည် ကြွေအန်ကစားပြီးလျှင် "မြစ်ဟူသမျှလည်း ကောက်ကွေ့သည်။ တောဟူသမျှလည်း ထင်းဖြစ်သည်။ မိန်းမဟူသမျှလည်း ဆိတ်ကွယ်ရာကိုရလျှင် မကောင်းမှု ပြုမြဲဖြစ်သည်"ဟု အဓိပ္ပာယ်ရသောသီချင်းကို သီဆိုလေ့ရှိသည်။ ဤသီချင်းကြောင့်ပင် မင်းကြီးသည် အမြဲနိုင်သည်။ ထိုအခါ ပုရောဟိတ်သည် "ယောကျ်ားမြင်ဖူးသည့် မိန်းမကို စောင့်ရှောက်ရန်မှာ မဖြစ်နိုင်။ အမိဝမ်းမှ မမွေးမီအချိန်မှစ၍ စောင့်ရှောက်ထားမှ ဖြစ်မည်။ အရွယ်ရောက်ချိန်တွင်

http://www.dhammadownload.com



ငါတစ်ယောက်တည်းသာ ဆက်ဆံ၍ အခြားယောက်ျားများကို မမြင်တွေ့နိုင်အောင် လုံခြုံစွာ စောင့်ရှောက်ထားရမည်။ သို့မှသာ မင်းကြီးကို နိုင်မည်။ ဥစ္စာပစ္စည်းများလည်း ရမည်'ဟုလည်း တွေးတောကာ ပုရောဟိတ်သည် မိန်းကလေး မွေးဖွားမည့် ကိုယ်ဝန်ဆောင် ဆင်းရဲသူ အမျိုးသမီးတစ်ယောက်ကို မိမိအိမ်သို့ ခေါ်ယူထားသည်။ ကလေးမွေးဖွားပြီးသောအခါ မိခင်အား ငွေကြေးပေး၍ အခြားသို့ လွှတ်လိုက်ပြီး ထိုမိန်းကလေးငယ်ကိုမူ သူ့အိမ်တွင်ရှိ မိန်းမများနှင့်သာ ထားသည်။ အရွယ်ရောက်၍ မိမိနှင့် ဆက်ဆံပြီးခါမှ ပုရောဟိတ်သည် မင်းကြီးထံသို့သွားပြီး 'မြတ်သော မင်းကြီး၊ ကြွေအန်ကစားကြပါစို့'ဟု ဆိုသည်။

ပွဲစသည်ဆိုလျှင် မင်းကြီးသည် သီဆိုနေကျ ကြွေအန်သီချင်းကို စ၍ သီဆိုရာ ပုရောဟိတ်က 'ငါ့အမျိုးသမီးငယ်တော့ မပါဝင်ပေ'ဟု အဓိပ္ပာယ်ရသော သီချင်းဖြင့် တုံ့ပြန်သီဆိုသည်။ ထိုအခါ ပုရောဟိတ်က အနိုင်ရပြီး မင်းကြီးရှုံးနိမ့်ရသည်။ ပွဲတိုင်း ဆက်တိုက်ရှုံးနိမ့်ရသောအခါ မင်းကြီးသည် ဤပုဏ္ဏားအိမ်၌ ယောကျ်ားတစ်ယောက်တည်းနှင့်သာ ဆက်ဆံသော မိန်းမရှိရမည်ဟု တွေးမိသည်။ မိမိအတွေး မှန်–မမှန်ကို သိနိုင်စေရန်စုံစမ်းရာ အတွေးမှန်ကန်ကြောင်း သိလာရသဖြင့် မင်းကြီးသည် အရက်သမားတစ်ယောက်ကို ခေါ်၍ ပုရောဟိတ်ပုဏ္ဏား မွေးစားထားသော မိန်းမ၏ ကိုယ်ကျင့်သီလကို ဖျက်ဆီးနိုင် မဖျက်ဆီးနိုင်ကို မေးသည်။ အရက်သမားက တာဝန်ယူသဖြင့် မင်းကြီးသည် အရက်သမားအား ဥစ္စာများပေး၍ လျင်မြန်စွာ ဖျက်ဆီးပေးရန် မှာလိုက်သည်။

အရက်သမားသည် ဦးစွာ အလုပ်ကျွေးမိန်းမတို့ကို စည်းရုံးသိမ်းသွင်းသည်။ ထို့နောက် သူသည် နာဖျားဟန်ပြုနေရာ သူ့ထံသို့ အလုပ်အကျွေးမိန်းမ ရောက်လာပြီး ခံစားနေရသည့် ရောဂါဝေဒနာ အမျိုးအမည်ကို မေးသည်။ ထိုအခါ ယခုခံစားနေရသည်မှာ မိခင်ထံမှ ပုရောဟိတ်မွေးစားထားသောမိန်းမ၏ အလှသတင်းကို ကြားရသဖြင့် သူ့ကို တမ်းတစွဲလမ်းမိသည်။ သူ့ကိုရပါမှ မိမိအသက်ဆက်ရှင်နိုင်မည်။ မရခဲ့လျှင် ယခုပင် သေရပါတော့မည်ဟု သနားအောင်ပြောသည်။

ထိုအခါ အလုပ်အကျွေးမိန်းမကြီးက 'သား၊ မစိုးရိမ်လင့်၊ ဤတာဝန်သည် အမေ့တာဝန် ဖြစ်သည်'ဟု ဆိုကာ ပုရောဟိတ်မိန်းမထံသို့ ရောက်သွားသောအခါ ဖျောင်းဖျသည်။ ဖျောင်းဖျ၍ သူ့ဘက်သို့ ပါလာသောအခါ အလုပ်အကျွေးမိန်းမကြီးသည် အရက်သမားကို ပန်းတောင်းထဲတွင် အိပ်စေကာ အပေါ်မှ ပန်းများဖြင့် ဖုံးဖိလျက် ပန်းများကို သယ်ဆောင်ဟန်ပြု၍ အရက်သမားကို အိမ်ပေါ်သို့ တင်ယူသည်။ ဤနည်းဖြင့်

http://www.dhammadownload.com



အရက်သမားသည် ပုရောဟိတ်မွေးစားသမီးမိန်းမ၏ ကိုယ်ကျင့်သီလကို ဖျက်ဆီးနိုင်ခဲ့သည်။ အရက်သမားသည် ထိုအကြောင်းကို မင်းကြီးထံသို့ လျှောက်၏။

ရက်အတန်ကြာသောအခါ ပုဏ္ဏားကြီးသည် မင်းကြီးအား ခစားရန် ရောက်လာရာ 'ပုဏ္ဏား၊ ယနေ့ ကြွေအန်ကစားကြပါစို့'ဟု မင်းကြီးက ပွဲတောင်းသည်။ နိုင်နေကျဖြစ်၍ ပုဏ္ဏားကလည်း ပွဲစကစားရာ မင်းကြီးသည် သူ့လက်သုံး ကြွေအန်သီချင်းကို သီဆို၍ ကြွေပစ်သည်။ ပုဏ္ဏားကလည်း ယခင်အတိုင်းပင် 'ငါ့အမျိုးသမီးတော့ မပါဝင်ပေ'ဟူသော သီချင်းဖြင့် ထောက်ကွက်ပြုသည်။ သို့ရာတွင် ပုရောဟိတ်သည် ရှုံးကာ မင်းကြီးက အောင်ပွဲရနေလေတော့သည်။ ထိုအခါ မင်းကြီးက သင်၏ အမျိုးသမီးငယ်သည် ကိုယ်ကျင့်သီလပျက်ခဲ့ပြီ။ သင်သည် မိန်းမများကို အမိဝမ်းခေါင်းတွင်း မမွေးမီအခါမှစ၍ စောင့်ရှောက်သည်ရှိသော် လုံခြုံနိုင်သည်ဟု ထင်သည်။ မိန်းမတို့မည်သည် ဝမ်းတွင်း၌ ထည့်၍ စောင့်ရှောက်ထားသော်ငြားလည်း မလုံခြုံနိုင်။ ဤလောက၌ ယောကျ်ား တစ်ယောက်တည်းနှင့်သာ ဆက်ဆံသော မိန်းမဟူ၍မရှိ။ သင်၏ အမျိုးသမီးငယ်သည် က,လို၏ဆို၍ စောင်းတီးပေးသော သင့်မျက်နှာကို ပုဆိုးဖြင့် ဖုံးအုပ်၍ထားသည်။ ထိုအချိန် သူ့လင်ငယ်အား သင့်ဦးခေါင်းကို ထောင်းစေခဲ့သည်။ ယခုအခါ သင့်အမျိုးသမီးငယ်ကို အသို့လျှင် လုံအောင် ထားနိုင်သေးသနည်းဟု ဆိုသည်။

ပုဏ္ဏားသည် အိမ်သို့ပြန်၍ အမျိုးသမီးငယ်ကို စစ်ဆေးရာ အမျိုးသမီးငယ်က ဝန်မခံချေ။ ခေါင်းကိုထောင်းသည့်သူမှာ မိမိသာဖြစ်ကြောင်း ရဲရဲပင်ဆိုသည်။ 'သင့်ကိုထား၍ တစ်ပါးသော ယောကျ်ားတို့၏ လက်အတွေ့ကိုမျှလည်း မတွေ့စဖူး'ဟု ပြောသည်။ 'မယုံကြည်လျှင် သစ္စာပြု၍ မီးပုံထဲသို့ ဝင်ပြမည်'ဟုလည်း ကြေညာသည်။ ပုဏ္ဏားသည် သည်အချက်ကို သဘောတူသည်။ မီးပုံထဲသို့ ဝင်ပြနိုင်လျှင် ယုံကြည်မည် ဖြစ်ကြောင်း ပြန်ကြားလိုက်သည်။ ဤတွင် အမျိုးသမီးငယ်သည် အလုပ်အကျွေးမိန်းမနှင့် တစ်စုံတစ်ရာ တီးတိုးတိုင်ပင်ပြီးနောက် အလုပ်အကျွေးမိန်းမသည် အရက်သမားထံ သွားသည်။ နှစ်ကိုယ်ချင်း တွေ့ဆုံ၍ တီးတိုးပြောဆိုသည်။ ပုဏ္ဏားကြီးသည် မီးပုံကြီး တစ်ပုံဖိုထားသည်။ ကြည့်ရှုကြမည့် ပရိသတ်များလည်း ရောက်နေကြသည်။ သူတို့ထဲတွင် အရက်သမားလည်း ပါသည်။ အမျိုးသမီးသည် 'ပုဏ္ဏား၊ ငါသည် သင့်ကိုထား၍ တစ်ပါးသော ယောကျ်ားတို့၏ လက်အတွေ့အထိကိုမျှလည်း မထိတွေ့စဖူး၊ ဤသစ္စာစကားကြောင့် မီးသည် ငါ့ကို မလောင်ကျွမ်းနိုင်ပါစေသတည်း'ဟုဆို၍ မီးပုံကြီးဆီသို့ လျှောက်သွားသည်။ ထိုအခိုက်တွင် ပရိသတ်ထဲမှ အရက်သမားသည် ရုတ်တရက် ပြေးထွက်လာကာ အမျိုးသမီးလက်ကို ဖမ်းဆွဲထားလိုက်သည်။ ထို့နောက် 'အို...အချင်းတို့၊ ပုရောဟိတ်၏

http://www.dhammadownload.com



အပြုအမူကို ရှုကြပါကုန်လော့၊ ဤမျှလှပသော မိန်းမပျိုကို မီးပုံထဲသို့ ဝင်စေ၏'ဟု ဆိုသည်။

ထိုအခါ အမျိုးသမီးငယ်က 'ငါသည် တစ်ပါးသော ယောကျ်ားတို့၏ လက်အတွေ့အထိကိုမျှလည်း မထိတွေ့စဖူး'ဟု သစ္စာပြုခဲ့သည်။ ယခု ဤယောကျ်ားသည် ငါ့လက်ကို ဆွဲကိုင်ခဲ့သဖြင့် ငါ့သစ္စာပျက်ခဲ့ရပြီ။ ထို့ကြောင့် မီးထဲသို့ မဝင်ရဲတော့ပါဟု ဆိုသည်။ ပုဏ္ဏားက ဤမိန်းမသည် ငါ့အား လှည့်စားပြီဟု သိသည်နှင့် တစ်ပြိုင်နက် ရိုက်ပုတ်၍ နှင်ထုတ်လိုက်လေတော့သည်။

**ဇာတ်ပေါင်း။** ။ **ဗာရာဏသီမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ထိန်းသိမ်းစောင့်ရှောက်ရခက်သူထဲတွင် မိန်းမပါဝင်သည်။**

---

# ၆၃။ တက္ကပဏ္ဍိတဇာတ်

## ရသေ့လူထွက်နှင့် မိန်းမယုတ်

**ပစ္စုပ္ပန်ဝတ္ထု**

ကိလေသာအပူနှိပ်စက်၍ သာသနာတော်၌ မပျော်သော ရဟန်းတစ်ပါးကိုပင် အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့ဝတ်ဖြင့် ဂင်္ဂါမြစ်ကမ်းခြေတစ်နေရာရှိ တောရကျောင်းကလေး၌ ဈာန်သမာပတ်နှင့် ပြည့်စုံစွာနေသည်။

ထိုအချိန်က ဗာရာဏသီသူဌေးတွင် သမီးပျိုတစ်ယောက်ရှိရာ သူမသည် ကြမ်းတမ်းသည်။ ထို့ကြောင့် 'ဒုဋ္ဌကုမာရီ' မိန်းမကြမ်းကလေးဟူ၍ အမည်တွင်နေသည်။ တစ်နေ့သောအခါ မိန်းမကြမ်းကလေးသည် အိမ်အမှုထမ်းများကို ခေါ်၍ ဂင်္ဂါမြစ်သို့ သွားသည်။ ထိုအချိန်တွင် မိုးကြီးသည်းထန်စွာရွာချသည်။ အိမ်အမှုထမ်းများက 'ငါတို့

http://www.dhammadownload.com



အပေါ် ကြမ်းတမ်းခက်ထန်လွန်းသော ဤသူဌေးသမီးသည် ရေနစ်၍ သေဆုံးပါစေ' ဟု နှလုံးသွင်း၍ မိန်းမကြမ်းကလေးကို ရေထဲတွင်ထားကာ ပြေးကြသည်။

မိန်းမကြမ်းကလေးသည် ရေထဲတွင် မျောပါသွားရင်းက သန်းခေါင်အချိန်လောက်တွင် ဘုရားလောင်းရသေ့နေသော တောရကျောင်းကလေးအနီးသို့ ရောက်သွားသည်။ ဘုရားလောင်းသည် မြစ်လယ်သို့ကူး၍ မိန်းမကြမ်းကလေးအား ဆယ်ယူကယ်တင်လိုက်သည်။ သုံးရက်တာမျှကြာသွားချိန်တွင် ရသေ့သည် မိန်းမကြမ်းကလေးအား သွားလိုရာခရီးသို့ ဆက်နိုင်ပြီ ဖြစ်ကြောင်း ပြောသည်။ သို့ရာတွင် သူမကမသွားဘဲ ဆက်လက်နေထိုင်ကာ ရသေ့ကိုဖြားယောင်း၍ မိမိအလိုသို့ပါစေသည်။

ဘုရားလောင်းရသေ့သည် မိန်းမကြမ်းကလေးကို ခေါ်ဆောင်၍ ထိုနေရာမှ ထွက်ခွာသွားခဲ့ပြီး ရွာကလေးတစ်ရွာတွင် ရက်ကန်းရည်ကိုရောင်း၍ အသက်မွေးသည်။ ထို့ကြောင့် သူ့ကို တက္ကပဏ္ဍိတဟူ၍ ခေါ်ကြသည်။ တစ်နေ့သောအခါ ထိုရွာကလေးကို လူဆိုးများ ဝင်ရောက်၍ တိုက်ခိုက်လုယက်ကြရာ ပြန်အထွက်တွင် ရွာသူ၊ ရွာသားများအား ပစ္စည်းများကို ထမ်းပိုး၍ လိုက်ပါပို့ဆောင်စေသည်။ တက္ကပဏ္ဍိတ၏ ဇနီးဖြစ်သူ မိန်းမကြမ်းကလေးလည်း ပါသွားခဲ့သည်။ လူဆိုးကြီးသည် စခန်းသို့အရောက်တွင် အခြားရွာသူရွာသားများကို ပြန်ခွင့်ပြုသော်လည်း မိန်းမကြမ်းကလေးကိုမူ ပြန်ခွင့်မပေးဘဲ မယားအဖြစ် သိမ်းပိုက်ထားလိုက်သည်။

မိန်းမကြမ်းကလေးသည် လူဆိုးကြီးထံ၌ မတောင့်မတ နေထိုင်ရသဖြင့် တက္ကပဏ္ဍိတ လာခေါ်မည်ကို စိုးရိမ်နေသည်။ ထို့ကြောင့်ပင် တက္ကပဏ္ဍိတကို ချစ်ဟန်ဆောင်လျက်ခေါ်ယူပြီး လူဆိုးကြီးအား တက္ကပဏ္ဍိတကို အသတ်ခိုင်းရန် ဆုံးဖြတ်လိုက်သည်။

သို့ဖြင့် တက္ကပဏ္ဍိတထံသို့ လူတစ်ယောက်ကို စေလွှတ်ပြီး လူဆိုးကြီးထံ၌ မနေလိုသဖြင့် သူ့ကိုလာခေါ်ရန် သတင်းစကား ပါးလိုက်သည်။ ထိုသတင်းကိုရသော တက္ကပဏ္ဍိတသည် မိန်းမကြမ်းကလေးနှင့် တိတ်တဆိတ် လာတွေ့သည်။ သို့ရာတွင် မိန်းမကြမ်းကလေးက ယခုနေ့ဘက်၌ ထွက်ပြေး၍ မဖြစ်နိုင်သေး။ နှစ်ယောက်စလုံး အသတ်ခံကြရမည်။ ညဘက်တွင် ပြေးကြမည်။ တံခါးကြား၌ ပုန်း၍နေပါဦးဟု ဆိုသဖြင့် တက္ကပဏ္ဍိတသည် တံခါးကြားတွင် ပုန်းအောင်းနေသည်။

ညဦးပိုင်းတွင် လူဆိုးကြီးသည် အရက်သောက်၍ မူးယစ်နေချိန်တွင် မိန်းမကြမ်းကလေးက လူဆိုးကြီးအား 'ဤအချိန်မျိုး၌ သင့်ရန်သူကို တွေ့ရလျှင် မည်သို့ပြုမည်နည်း' ဟု မေးသည်။ ရိုက်ပုတ်ထိုးနှက်မည်ဖြစ်ကြောင်း လူဆိုးကြီးက ပြောသည်။ မိန်းမကြမ်း

http://www.dhammadownload.com



ကလေးက 'ထိုရန်သူသည် အဝေး၌မရှိ၊ တံခါးကြား၌ရှိ၏' ဟု ဆိုလိုက်ရာ လူဆိုးကြီးက တံခါးကြားသို့သွားပြီး ရန်သူကိုရှာရာ တက္ကပဏ္ဍိတကိုတွေ့၍ ဖမ်းယူလာခဲ့ကာ ရိုက်နှက်သည်။ သို့တိုင် တက္ကပဏ္ဍိတသည် 'အမျက်လည်း ထွက်တတ်ကုန်၏။ သူ့ကျေးဇူးကိုလည်း မသိတတ်ကုန်။ ကုန်းတိုက်ခြင်းကိုလည်း ပြုတတ်ကုန်၏။ အဆွေခင်ပွန်းကိုလည်း ပြစ်မှားတတ်ကုန်၏' ဟူသော ဤစကား လေးခွန်းကိုသာ ဆိုသည်။ လူဆိုးကြီးသည် တက္ကပဏ္ဍိတကို ကျေနပ်အောင် ရိုက်ပုတ်ပြီးနောက် ချုပ်နှောင်၍ထားသည်။

လူဆိုးကြီးသည် တရေးနိုးလာချိန်တွင် တက္ကပဏ္ဍိတထံသို့ သွားကာ ထပ်မံ၍ ရိုက်ပုတ်မည်ပြုသည်။ ဤတွင် တက္ကပဏ္ဍိတသည် ညဦးပိုင်းက ပြောခဲ့သော စကားလေးခွန်းကိုပင်ပြောသည်။ အဘယ့်ကြောင့် ဒီစကားကို ထပ်တလဲလဲ ဆိုနေသနည်းဟု လူဆိုးကြီးက မေးသည်။

တက္ကပဏ္ဍိတသည် သူနှင့် မိန်းမကြမ်းကလေးတို့၏ ဇာတ်လမ်းအစုံကို ပြောပြသည်။ သို့ဖြင့် လူဆိုးကြီးသည် အိပ်ပျော်နေသော မိန်းမကြမ်းကလေးကို နှိုးကာ တက္ကပဏ္ဍိတကို သတ်ရန် သွားကြမည်ဟုပြောလျက် ရွာပြင်သို့ ခေါ်ထုတ်လာခဲ့သည်။ ရွာပြင်သို့အရောက်တွင် တက္ကပဏ္ဍိတကို ဓားဖြင့်ခုတ်ဟန် ပြု၍ မိန်းမကြမ်းကို ခုတ်ဖြတ်လိုက်သည်။ ထို့နောက် လူဆိုးကြီးသည် တက္ကပဏ္ဍိတနှင့်အတူ လိုက်သွား၍ နှစ်ယောက်လုံး ရသေ့ရဟန်းပြုသွားကြသည်။

**ဇာတ်ပေါင်း။** ။ **လူဆိုးကြီး-အရှင်အာနန္ဒာ၊ တက္ကပဏ္ဍိတ-ဗုဒ္ဓ။**
**အနှစ်ချုပ်။** ။ **ယုတ်မာသူသည် ကျေးဇူးရှင်ကိုပင်ပြစ်မှားတတ်သည်။**

---

## ၆၄။ ဒုရာဇာနဇာတ်

### သိရန်ခက်သည့် မ,တို့သဘော

ပဉ္စုပ္ပန်ဝတ္ထု

သာဝတ္ထိမြို့တော်မှ သီတင်းသည် တစ်ယောက်၏ ဇနီးသည် လင်ငယ်နှင့် ဖောက်ပြန်သောနေ့တွင် လင်ကို ကျွန်မတစ်ယောက်ကဲ့သို့ ရိုသေကျိုးနွံစွာ ပြုစုယုယသည်။ မဖောက်ပြန်သောနေ့တွင်ကား သခင်ကဲ့သို့ ခက်ထန်ကြမ်းတမ်းသည်။ ထိုအကြောင်းကို သီတင်းသည်က မြတ်စွာဘုရားအား လျှောက်ထားသောအခါ မြတ်စွာဘုရားက 'ဒါယကာ၊ မိန်းမတို့၏ စိတ်နေသဘောထားသည် အသိရ

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ တစ်နေ့သောအခါ တိုင်းတစ်ပါးမှ ပုဏ္ဏားလုလင်တစ်ယောက် ဆရာကြီးထံ ပညာသင်ယူရန် ရောက်လာသည်။ ပညာသင်နေဆဲ အချိန်မှာပင် အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ကျ၍ ဗာရာဏသီပြည်တွင် အခြေချနေထိုင်သည်။ အိမ်ထောင်ကျပြီးသည့် နောက်ပိုင်းတွင် ဆရာကြီးထံသို့ နှစ်ကြိမ်သုံးကြိမ်ခန့် ရောက်လာပြီးနောက် တစ်ပတ်ကျော်ကျော်ခန့် ပျောက်နေပြီးမှ ပြန်ပေါ်လာသည်။ ထိုအခါ ဆရာကြီးက 'တစ်ပတ်ကျော်ခန့် မလာရောက်ဘဲ ကြာနေခဲ့သည်မှာ အဘယ်ကြောင့်နည်း' ဟု သူ့ကို မေးသည်။

ထိုအခါ တပည့်က 'ဆရာကြီး၊ အကျွန်ုပ်၏ မယားသည် တစ်ခါတစ်ရံ ကျွန်မကဲ့သို့ နှိမ့်ချသော မာနရှိ၍ တစ်ခါတစ်ရံတွင်မူ သခင်မကဲ့သို့ ခက်ထန်ပါ၏။ ကျွန်ုပ်သည် ထိုမိန်းမ၏အတွင်းသဘောကို နားမလည်နိုင်ပါ။ သူ့အပြုအမူများကြောင့် စိတ်မချမ်းမသာရှိရ၍ ဆရာကြီးထံ နည်းခံရန် မရောက်နိုင်ခြင်း ဖြစ်ပါသည်'ဟု ဆိုသည်။ ဤတွင် ဆရာကြီးက 'တပည့်၊ မိန်းမတို့မည်သည် ယုတ်မာသောအကျင့်ကို ကျင့်သည့်နေ့၌ လင်၏အလိုသို့ လိုက်ကုန်၏။ ယုတ်မာသောအကျင့်ကို မကျင့်သောနေ့၌ကား လင်ကိုမရိုသေ။ ထို့ကြောင့် မိန်းမတို့၏ အတွင်းသဘောကို သိနိုင်ရန် ခက်ခဲသည်။ ထိုမိန်းမတို့ အလိုဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ လျစ်လျူရှု၍နေခြင်းသည်သာ ချမ်းသာသည်'ဟု တပည့်အား ဆုံးမသည်။

ပုဏ္ဏားလုလင်သည် ဆရာကြီး ဆုံးမပြီးချိန်မှစ၍ မယားအပေါ်တွင် လျစ်လျူရှုနေတော့သည်။ လုလင်၏ မယားသည်လည်း မိမိဖောက်ပြန်မှုကို ဆရာကြီး သိနေကြောင်း ရိပ်မိသဖြင့် ယုတ်မာသောအကျင့်ကို မကျင့်တော့ဘဲ ကောင်းစွာ နေထိုင်တော့သည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏားလုလင်လင်မယား-ဒါယကာလင်မယား၊
ဒိသာပါမောက္ခဆရာကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရေထဲ၌ငါးသွားလာသည်ကို မြင်နိုင်ခဲသကဲ့သို့
မိန်းမတို့၏စိတ်သဘောသည်လည်း သိရန်ခက်သည်။

http://www.dhammadownload.com



# ၆၅။ အနဘိရတိဇာတ်

## သဘောထားကြီးသော ဆရာတောင်းတပည့်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့တော်မှ အကျင့်ဖောက်ပြန်သော ဇနီးသည်ရှိသော သီတင်းသည်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်အကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီမြို့တော်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်လေသည်။ ရှေ့ဒုရာဇာန ဇာတ်မှာကဲ့သို့ တပည့်တစ်ယောက်သည် မယား၏ဖောက်ပြန်မှုကိုသိ၍ စိတ်အနှောင်အယှက်ဖြစ်ကာ ဆရာ့ထံသို့ နှစ်ရက်သုံးရက်မျှ မလာရောက်နိုင်ဘဲ ရှိခဲ့သည်။ နောက်တစ်နေ့တွင် ရောက်လာခဲ့ရာ ဆရာက အကျိုးအကြောင်းကို မေးမြန်းသည်။ ဤတွင် တပည့်က မယားအကြောင်းကို ပြောပြသည်။ ထိုအခါ ဆရာက တပည့်အား 'တပည့်၊ မြစ်၊ လမ်း၊ သေတင်းကုတ်၊ ဇရပ်နှင့် ရေအိုးစင်တို့သည် လူအားလုံးနှင့် ဆက်ဆံဘိသကဲ့သို့ မိန်းမတို့သည်လည်း လူအားလုံးတို့နှင့် ဆက်ဆံတတ်ကြသည်။ မိန်းမတို့သည် အကျင့်သီလ မရှိကုန်။ ဤသို့ နှလုံးသွင်း၍ ပညာရှိတို့သည် မိန်းမများအပေါ်၌ အမျက်ထွက်ခြင်း မရှိကြချေ'ဟု ဆုံးမသည်။

တပည့်သည် ဆရာ၏အဆုံးအမကို ရသည့်နေ့မှစ၍ မယားအပေါ်၌ လျစ်လျူရှုလိုက်တော့သည်။ တပည့်၏ မယားသည်လည်း သူ့အကျင့်ဆိုးကို ဆရာကြီး သိကြောင်း သိသဖြင့် ဖောက်ပြန်မှုကို ရှောင်ကြဉ်လေသည်။

**ဇာတ်ပေါင်း။** ။ တပည့်လင်မယား-ဒါယကာလင်မယား။ ဒိသာပါမောက္ခ-ဗုဒ္ဓ။
**အနှစ်ချုပ်။** ။ မိန်းမတို့အပေါ်မှာ သဘောထားကြီးပါ။

---

# ၆၆ ။ မုဒုလက္ခဏာဇာတ်

## မိဖုရားကြီးကြောင့် ချွန်လျှောရသောရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

အမျိုးသမီးတစ်ဦးကို စွဲလမ်းမိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းကိုအကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ် သမာပတ်နှင့် ပြည့်စုံသော ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေလေသည်။ တစ်နေ့သောအခါ ဘုရားလောင်းရသေ့သည်။ ချဉ်၊ ဆား မှီဝဲလို၍ ဗာရာဏသီ မြို့တွင်းသို့ ဆွမ်းခံထွက်ရာ မင်းကြီးနန်းတော်တံခါးဝသို့ ရောက်လာသည်။ ဤအခါ မင်းကြီးသည် ရသေ့ကြီးကို တွေ့မြင်မိရာမှ ကြည်ညိုပြီး နန်းတွင်းသို့ပင့်ဆောင်ကာ ဥယျာဉ်တော်တွင် အမြဲသီတင်းသုံးနေထိုင်ပါရန်လည်း လျှောက်ထားသည်။

တစ်နေ့တွင် နယ်ခြားဒေသ၌ သူပုန်သူကန်များ သွားရောက်နှိမ်နင်းရမည့်ကိစ္စ ပေါ်ပေါက်လာသဖြင့် မင်းကြီးသည် မုဒုလက္ခဏာမိဖုရားကြီးအား ရသေ့ကြီးကို ဆွမ်းမပြတ် ကျွေးမွေးလှူဒါန်းရန် မှာထားခဲ့ပြီး ရှေ့တန်းသို့ ထွက်သွားသည်။ တစ်နေ့ ရသေ့ကြီး ဆွမ်းစားကြွရန် နောက်ကျနေသောကြောင့် မိဖုရားကြီးသည် နံ့သာရေဖြင့် ရေချိုးကာ မိမိကိုယ်ကို အလှပြုပြင်ပြီးလျှင် အိပ်ရာပေါ်တွင် ခဏတဖြုတ်လဲလျောင်းနေသည်။ ရှာန်ဖြင့် ကြွလာသော ရသေ့ကြီး၏ သက်န်းသံကိုကြား၍ မိဖုရားကြီးအိပ်နေခဲ့ရာမှ ရုတ်ခြည်းထ လိုက်ရာ ထဘီသည် ပြေလျှော၍ ကျွတ်ကျသွားသည်။ လေသာပြတင်းပေါက်မှ ဝင်လာ သော ရသေ့ကြီးသည် မိဖုရား၏ ဝတ်လဲတော်ကျွတ်ကျနေသော မြင်ကွင်းကို မြင်တွေ့ လိုက်ရ၍ "တင့်တယ်လှပါဘိ"ဟု နှလုံးသွင်းမိသည်။

ထိုအခါ ရသေ့ကြီး၏ကိုယ်တွင်းဝယ် ငြိမ်ဝပ်ငုပ်ကွယ်နေသော ကိလေသာတို့သည် နိုးထလာကာ ဈာန်တရားတို့သည်လည်း ကွယ်ပသွားသည်။ ရသေ့ကြီးသည် ထိုနေ့အဖို့ နန်းတွင်း၌ ဆွမ်းမစားတော့ဘဲ ဆွမ်းကိုသပိတ်နှင့်ယူ၍ ခြေကျင်ပြန်ခဲ့သည်။ နေရာဥယျာဉ် ကျောင်းသို့ ပြန်ရောက်သောအခါ ဆွမ်းသပိတ်ကို ကြမ်းပြင်တွင် ချထား၍ အိပ်ပစ်လိုက် သည်။ မျက်စိထဲတွင် မုဒုလက္ခဏာ မိဖုရားကြီး၏ အလှအာရုံများကသာ တစ်ရစ်ဝဲဝဲ စွဲထင်နေသဖြင့် ခုနစ်ရက်တာမျှကြာသည့်တိုင် အစာမစားနိုင်တော့ပေ။

မင်းကြီးသည် နယ်ခြားဒေသမှ ပြန်ရောက်လာရာ နန်းဆောင်တော်သို့ ဦးစွာမဝင် သေးဘဲ ရသေ့ကြီးထံ အလျှင်ဝင်လာခဲ့သည်။ ကြုံလှီခြောက်ကပ်၍ အိပ်ရာပေါ်တွင် လူမမာဘဝသို့ ရောက်နေသော ရသေ့ကြီးကို တွေ့လိုက်ရလျှင် မင်းကြီးကမေးရာ ရသေ့ကြီး က ဖုံးကွယ်မထားနိုင်ဘဲ "မုဒုလက္ခဏာ မိဖုရားကို စွဲလမ်းမိသဖြင့် စိတ်ဝေဒနာဖြစ်ရပါ သည်"ဟု ပွင့်ပွင့်လင်းလင်းပင် အဖြေပေးလိုက်သည်။ ထိုအခါ မင်းကြီးက ရသေ့ကြီးကို နန်းတော်သို့ ပင့်ဆောင်သွားပြီး နန်းတော်သို့ ရောက်သောအခါ မင်းကြီးသည် မိဖုရားကြီး ကို ဝတ်စားတန်ဆာဆင်ယင်စေ၍ 'အရှင်မြတ်အား မိဘုရားကြီးကို ပေးလှူပါ၏။

http://www.dhammadownload.com



စောင့်ရှောက်ပါ’ဟု မှာကြားကာ မုဒုလက္ခဏာ မိဖုရားကြီးအား ရသေ့လက်သို့ ပေးအပ်လိုက်သည်။

ရသေ့ကြီးသည် မိဖုရားကြီးကို ခေါ်လာခဲ့ရာ နန်းဆောင်မှ ထွက်မိသည်ဆိုလျှင်ပင် မိဖုရားကြီးက ‘အရှင် ငါတို့တွင် အိမ်မရှိသေး၊ မင်းကြီးထံတွင် အိမ်တောင်းချေလော့’ ဟု နိုင်းသဖြင့် ရသေ့သည် မင်းကြီးထံပြန်၍ တောင်းသည်။ မင်းကြီးသည် အိမ်သာဟောင်း တစ်ခုကို အိမ်အဖြစ် အသုံးပြုရန် ပေးအပ်လိုက်သည်။ တစ်ဖန် သန့်ရှင်းရေးဆောင်ရွက်ရန်အတွက် ပေါက်တူး တောင်းခိုင်းသည်။ နောက် တောင်းကို အယူခိုင်းပြန်သည်။ သန့်ရှင်းရေးကိစ္စပြီးစီးသည့်အခါ နွားချေးသယ်ဆောင်စေ၍ အိမ်ကို နွားချေးဖြင့် လိမ်းကျံမွမ်းမံစေပြန်သည်။ ပြီးလျှင် ညောင်စောင်း၊ အင်းပျဉ်၊ အခင်း၊ သောက်ရေအိုးနှင့် ရေခပ်အိုးတို့ကို တစ်ခုစီ တစ်ခုစီ ယူခိုင်းလိုက်သည်။ ထိုပစ္စည်းများ ပြည့်စုံသွားချိန်တွင် မိဖုရားကြီးသည် ရသေ့ကြီးအား သောက်ရေနှင့် ချိုးရေ ခပ်ခိုင်းသည်။ မိဖုရားကြီးထံမှ ခိုင်းစေသံများ စဲသွားတော့မှ ရသေ့ကြီးသည် အိပ်ရာခင်းသည်။ အိပ်ရာပေါ်တွင် နှစ်ယောက်အတူတူ ထိုင်ကြသည်။ ဤအခါ မိဖုရားကြီးသည် ‘သင်သည် ရသေ့ဘဝ၏ ငြိမ်းချမ်းမှုနှင့် မကောင်းမှုများမှ ကင်းဝေးသော မိမိ၏ဘဝကိုမသိ’ဟု ဆိုပြီးလျှင် ရသေ့၏မုတ်ဆိတ်ကို ရုတ်တရက် ဖမ်းကိုင်၍ အားကုန်ဆွဲဆောင့်လိုက်ရာ ရသေ့သည် ရှေ့သို့ကိုင်းညွတ်၍ ကျသွားသည်။

ထိုအခါ ရသေ့ကြီးသည် ကိလေသာ ကာမတို့၏ အပြစ်များကို သဘောပေါက်သွားသည်။ တဏှာကြောင့် အပါယ်တွင် နစ်မြုပ်ရမည်ကိုလည်း နားလည်လာသည်။ ထို့ကြောင့် မုဒုလက္ခဏာ မိဖုရားကို မင်းကြီးထံ ပြန်အပ်လိုက်သည်။

ထိုခဏတွင်ပင် ရသေ့ကြီးသည် ဆုံးရှုံးခဲ့ပြီးသော ဈာန်တရားကို ပြန်လည်ဖြစ်စေလိုက်ပြီး ကောင်းကင်တွင်ရပ်လျက် မင်းကြီးအား တရားဟော၍ ဟိမဝန္တာသို့ ပြန်ကြွသွားလေသည်။

ဇာတ်ပေါင်း။ ။ ဖြဟ္မဒတ်မင်း-အရှင်အာနန္ဒာ၊
မုဒုလက္ခဏာမိဖုရား-ဥပ္ပလဝဏ်ထေရီမ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အမှောင်တကာ့အမှောင်တို့တွင် ကာမအမှောင်သည် အမိုက်ဆုံးဖြစ်ကြောင်း သတိထားပါ။

http://www.dhammadownload.com



# ၆၇။ ဥစ္ဆင်္ဂဇာတ်

## ဖြတ်ထိုးဉာဏ်ကောင်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

လယ်ထွန်နေစဉ် ခိုးသူအဖြစ် အထင်မှားကာ အဖမ်းခံရပြီး ဒုက္ခရောက်နေသော ယောကျ်ား သုံးယောက်ကို အသက်ချမ်းသာရအောင် ကယ်တင်သော အမြော်အမြင်ကြီးမားသည့် မိန်းမ တစ်ယောက်ကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော် မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် တောလမ်းခရီးတစ်ခုတွင် လူဆိုးတစ်စုသည် ခိုးဆိုးလုယက် လူသတ်နေကြသဖြင့် မင်းမှုထမ်းတို့က လူဆိုးများကို ဖမ်းရန် လိုက်သွားကြရာ အဖမ်းမခံကြဘဲ တောထဲသို့ဝင်ပြေး၍ ပုန်းရှောင်သွားခဲ့ကြ သည်။ မင်းမှုထမ်းတို့သည် တောထဲမှ ပြန်ထွက်လာခဲ့ကြရာ တောစပ်တွင် လယ်ထွန်နေသူ ယောကျ်ားသုံးယောက်ကို လူဆိုးများထင်မှတ်၍ ဖမ်းဆီးပြီး ခေါ်ဆောင်လာခဲ့ကြသည်။

ထိုအခါ အမျိုးသမီးကြီးတစ်ယောက်သည် နန်းတော်သို့ရောက်လာပြီး ငိုကြွေးရင်း 'အရှင်မင်းကြီး ကျွန်ုပ်အား အဝတ်ကိုပေးတော်မူပါ'ဟု ဆို၍ နန်းဆောင်ကို အကြိမ်ကြိမ် လှည့်ပတ်သည်။ မင်းကြီးသည် ထိုမိန်းမ၏ တောင်းဆိုသံကိုကြား၍ မင်းမှုထမ်းများအား အဝတ်ပေးရန် စေခိုင်းလိုက်သည်။ သို့ရာတွင် အမျိုးသမီးကြီးက လက်မခံဘဲ 'အကျွန်ုပ် သည် ဤအဝတ်ကို မတောင်း၊ လင်ဟူသော အဝတ်ကိုသာ တောင်းခြင်းဖြစ်သည်'ဟု ဆိုသည်။ မင်းမှုထမ်းများသည် ထိုအကြောင်းကို မင်းကြီးအား ပြန်၍လျှောက်ထားလျှင် မင်းကြီးသည် ထိုအမျိုးသမီးကိုခေါ်၍ 'သင်သည် လင်နှင့်တူသော အဝတ်ကို တောင်း သလော'ဟု မေးတော်မူရာ အမျိုးသမီးက 'လင်သည် မိန်းမ၏အဝတ် မည်ပါသည်။ မိန်းမတစ်ယောက်သည် အဖိုးတစ်ထောင်ထိုက်တန်သောအဝတ်ကို ဝတ်နေရစေကာမူ လင်နှင့်ကင်းသော မိန်းမသည် အချည်းနီးသာ ဖြစ်ပါသည်'ဟု လျှောက်တင်သည်။

မင်းကြီးသည် ထိုအမျိုးသမီးလျှောက်တင်မှုကို သဘောကျသွားသဖြင့် ဖမ်းထား ခြင်းခံရသူ သုံးဦးတို့နှင့် မည်သို့တော်စပ်ကြောင်းကို မေးတော်မူရာ တစ်ယောက်သည် လင်ဖြစ်၍ နှစ်ယောက်အနက် တစ်ယောက်မှာ သားဖြစ်၍ တစ်ယောက်မှာ မောင် ဖြစ်ကြောင်း တင်လျှောက်သည်။ မင်းကြီးက 'ထိုသုံးယောက်တို့တွင် တစ်ယောက်ကိုသာ လွှတ်ပေးမည်။ အလိုရှိသူကို တောင်းလော့'ဟု မိန့်တော်မူသည်။ အမျိုးသမီးကြီးက

http://www.dhammadownload.com



'အရှင်မင်းကြီး အကျွန်ုပ် အသက်ရှင်နေလျှင် လင်တစ်ယောက်ကို ရနိုင်ပါသည်။ သားကိုလည်း ရနိုင်ပါသည်။ အကျွန်ုပ်၏ မိဘနှစ်ပါးသည် ကွယ်လွန်ခဲ့ကြပြီးဖြစ်၍ မောင်ကိုမူ မရနိုင်တော့ပါ။ ထို့ကြောင့် အကျွန်ုပ်အား မောင်ကိုသာ ပေးတော်မူပါ'ဟု တောင်းဆိုသည်။ မင်းကြီးသည် အမျိုးသမီးတင်လျှောက်ပုံကို နှစ်သက်လွန်း၍ သုံးယောက်လုံးကို လွှတ်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ယခင်က လေးယောက်-ယခုလေးယောက်၊
ဗြဟ္မဒတ်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အရေးကြုံလျှင် ဖြတ်ထိုးဉာဏ်ကိုသုံးပါ။

---

## ၆၈။ သာကေတဇာတ်

### ဘုရားရှင်အား သားဟုခေါ်သော ပုဏ္ဏားလင်မယား

ပစ္စုပ္ပန်ဝတ္ထု

သာကေတမြို့မှ နကုလပိတာအဘိုးအိုနှင့် နကုလာမာတာ အဘွားအိုတို့သည် ဘုရားရှင်နှင့် တွေ့လျှင်တွေ့ချင်း 'သား'ဟူ၍ ခေါ်ဝေါ်လျက် ကြည်ညိုစွာ ဆည်းကပ်ကြလေရာ မြတ်စွာဘုရားက 'ရဟန်းတို့၊ ဤပုဏ္ဏားနှင့် ပုဏ္ဏေးမတို့သည် မိမိတို့၏သားကိုသာလျှင် သားဟူ၍ ဆိုကုန်၏'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

အတိတ်ဝတ္ထု

ရှေးလွန်လေပြီးသောအခါက ဤပုဏ္ဏားသည် ဘဝငါးရာပတ်လုံးဆက်၍ ငါ၏ အဖ ဖြစ်ဖူးသည်။ ဘထွေး၊ ဘကြီးများအဖြစ်ဖြင့်လည်း ဘဝငါးရာစီပင် တစ်ဆက်တည်း ဖြစ်ခဲ့ဖူးသည်။ ပုဏ္ဏေးမသည်လည်း အမိ၊ မိထွေး၊ မိကြီးများအဖြစ်ဖြင့် ဘဝငါးရာစီပင် တစ်ဆက်တည်း ဖြစ်ခဲ့ဖူးသည်။ ဤသို့လျှင် ငါဘုရားသည် ဘဝပေါင်းတစ်ထောင့်ငါးရာတို့ပတ်လုံး ဤပုဏ္ဏားပုဏ္ဏေးမတို့၏ လက်ထဲ၌ ကြီးပြင်းခဲ့ရသည်ဟု ဟောတော်မူသည်။

ဇာတ်ပေါင်း။ ။ ထိုအခါကပုဏ္ဏားအိုလင်မယား- ယခုပုဏ္ဏားအိုလင်မယား။
သား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဘဝများစွာကရှိနေသောပဋ္ဌာန်းဆက်၏အကျိုးတရားကို
ဘုရားရှင်တို့သာ သိနိုင်သည်။

---

http://www.dhammadownload.com



# ၆၉။ ဝိသဝန္တဇာတ်

## အဆိပ်ပြန်မစုပ်လိုသူ

### ပစ္စုပ္ပန်ဝတ္ထု

လူတို့သည် သံဃာတော်များအတွက်လှူဒါန်းရန် မုန့်အများအပြားယူဆောင်ကာ ကျောင်းသို့ ရောက်လာကြသည်။ သံဃာတော်များ ယူဆောင်ပြီးသော်လည်း မုန့်များကျန်ရှိနေသေးသည်။ ထို့ကြောင့် ကျန်မုန့်များကို မြို့တွင်း၌ရောက်နေသော ရဟန်းသံဃာတော်များအတွက် လှူဒါန်းခဲ့ပြန်သည်။ ထိုအခါ အရှင်သာရိပုတ္တရာ၏ အတူနေတပည့်တစ်ဦးသည် မြို့တွင်း၌ ရောက်နေ၏။ မွန်းတည့်ချိန်နီးသည့်တိုင် ပြန်မရောက်သဖြင့် အရှင်သာရိပုတ္တရာမထေရ်က ထိုပဉ္စင်းငယ်၏ အစုကို ဘုဉ်းပေးလိုက်သည်။ ထို ပဉ္စင်းငယ် ရောက်လာသောအခါ အရှင်သာရိပုတ္တရာမထေရ်က 'ငါ့ရှင်၊ သင့်အတွက် ဖယ်ချန်ထား ခဲ့သော မုန့်ကို ငါဘုဉ်းပေးလိုက်ပြီ'ဟု မိန့်ကြားရာ 'အရှင်ဘုရား၊ ကောင်းမြတ်သော ခဲဖွယ်ဘောဇဉ်ကို အဘယ်သူသည် မနှစ်သက်ဘဲ ရှိအံ့နည်း'ဟု ပဉ္စင်းငယ်လျှောက်ထားသည့်စကားကြောင့် သံဝေဂ ဖြစ်တော်မူသည့် အရှင်သာရိပုတ္တရာမထေရ်သည် ထိုနေ့မှစ၍ မုန့်၊ ခဲဖွယ်များကို အလျှင်းပင် သုံးဆောင်ခြင်းမပြုတော့၊ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် အဆိပ်ဖြေဆရာဖြစ်နေသည်။ တစ်နေ့သောအခါ တောရွာမှလူတစ်ယောက် မြွေကိုက်ခံရ၍ ဆွေမျိုးများက ဆေးဆရာကို ပင့်ခေါ်ကြသည်။ ဆေးဆရာက ဆေးဖြင့်လိမ်းကျံ၍ အဆိပ်ဖြေဖျောက်ရမည်လော၊ သို့မဟုတ် ကိုက်သောမြွေကို ခေါ်ယူ၍ ကိုက်သည့်ဒဏ်ရာ ပေါက်မှ အဆိပ်ကိုပြန်၍ စုပ်ယူနိုင်းရမည်လော'ဟု မေးသည်။ လူမမာရှင်က မြွေကို ခေါ်ယူ၍ အဆိပ်ကိုပြန်စုပ်စေသောနည်းဖြင့် ကုသပေးစေလိုကြောင်း ပြန်ကြားသည်။ ထို့ကြောင့် ဆရာသည် မြွေကိုခေါ်ယူ၍ အဆိပ်ကို ပြန်လည်စုပ်ပေးရန် အမိန့်ပေးသည်။ မြွေက မလိုက်နာဘဲ 'ငါသည် တစ်ကြိမ်စွန့်ပြီးသောဝတ္ထုကို တစ်ဖန်ထပ်၍ မယူစဖူး'ဟု ဆိုသည်။ ဤတွင် ဆေးဆရာသည် မီးဖိုတစ်ဖို ဖိုပေး၍ မိမိ၏အဆိပ်ကို ပြန်၍မစုပ် ယူလိုလျှင် ဤမီးဖိုထဲသို့ ဝင်လော့ဟု အမိန့်ပေးသည်။ မြွေသည် မီးထဲသို့ဝင်ရန် လျှောက် သွားသည်။

http://www.dhammadownload.com



ထိုအခါ ဆေးဆရာသည် မြွေကိုဟန့်တား၍ လူမမာကိုလည်း ဆေးမန္တရားတို့ဖြင့် ကုသကာ ပျောက်ကင်းစေသည်။ ထို့နောက် မြွေကို သီလစောင့်စေကာ ယနေ့မှစ၍ တစ်စုံတစ်ယောက်ကိုမျှ မညှဉ်းဆဲလင့်ဟု ဆုံးမ၍ ပြန်လွှတ်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ မြွေ-အရှင်သာရိပုတ္တရာ။ ဆေးဆရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိသည် ချမှတ်ထားပြီးသောဆုံးဖြတ်ချက်ကိုမဖျက်ပေ။

---

# ၇၀။ ကုဒ္ဒါလဇာတ်

## အောင်သူနှစ်ဦး

### ပစ္စုပ္ပန်ဝတ္ထု

သူဆင်းရဲ လယ်သမားဘဝမှ ရဟန်းပြုသော စိတ္တဟတ္ထမထေရ်သည် သာသနာတော်မှာ ကြာကြာမနေနိုင်ဘဲ လူထွက်သွားသည်။ တစ်ဖန် သာသနာတွင်းသို့ ဝင်လာပြန်သည်။ ခြောက်ကြိမ် မြောက် လူထွက်၍ ခုနစ်ကြိမ်မြောက် ရဟန်းပြုလာခါမှ အဘိဓမ္မာတရားများ ပို့ချနိုင်သော စာချ ပုဂ္ဂိုလ်တစ်ဦးဖြစ်ကာ ဝိပဿနာတရားပွားများပြီး ရဟန္တာဖြစ်လေသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ်က ဘုရားလောင်းသည် ဟင်းရွက်ရောင်းဝယ်စားသောက်သော အမျိုး၌ ဖြစ်နေသည်။ သူသည် ပစ္စည်းဆို၍ ပေါက်တူးတစ်လက်သာ ပိုင်ဆိုင်သဖြင့် ကုဒ္ဒါလပဏ္ဍိတဟု အမည်တွင်သည်။ ဘူး၊ ဖရုံ၊ သခွား၊ ချဉ်ပေါင် စသော စားသောက်ပင်များ စိုက်ပျိုး၍ ထွက်လာသော အသီးအရွက်များကို ရောင်းချကာ သူ့ဘဝကို ထိန်းကျောင်းသည်။ တစ်နေ့သောအခါ လူဝတ်ကြောင်ဘဝ၏ အကျိုးမများပုံကို မြင်မိ၍ ရသေ့ဘဝသို့ စိတ်ညွတ်လာသည်။ ထို့ကြောင့် မိမိပိုင် ပေါက်တူးကို တစ်နေရာတွင် လုံခြုံစွာ ဝှက်ထားခဲ့ပြီး ရသေ့ပြုလိုက်သည်။ သို့ရာတွင် ပေါက်တူးကို သတိရသဖြင့် ပြန်လည်၍ လူထွက်သည်။ ဤသို့ဖြင့် သူသည် ခြောက်ကြိမ်တိုင် ရသေ့ပြုသည်။ ခြောက်ကြိမ်တိုင် ပြန်၍လူထွက်သည်။

ခုနစ်ကြိမ်မြောက် ရသေ့ပြုမည်ကြံသောအခါ ငါအကြိမ်ကြိမ် လူထွက်နေရသည်မှာ တုံးနေပြီဖြစ်သော ဤပေါက်တူးအပေါ် သံယောဇဉ်မပြတ်နိုင်ခဲ့၍ ဖြစ်နေသည်ဟု

http://www.dhammadownload.com



သတိရလာသည်။ ထို့ကြောင့် ဤအကြိမ်တွင်မူ ပေါက်တူးကို မြစ်ကမ်းနားသို့ ယူလာသည်။ ကမ်းစပ်တွင်ရပ်၍ မျက်လုံးအစုံကိုမှိတ်ထားလိုက်ပြီး ပေါက်တူးကို အရိုးမှကိုင်၍ ခေါင်းပေါ်တွင် သုံးကြိမ်လှည့်ဝှေ့ယမ်းလျက် မြစ်လယ်သို့ ပစ်ချလိုက်သည်။ ဝုန်းကနဲ ပေါက်တူးကျသွားသံနှင့်အတူ 'ငါအောင်ပြီ၊ ငါအောင်ပြီ' ဟူ၍ သုံးကြိမ်ကျယ်လောင်စွာ ကြွေးကြော်လိုက်သည်။ ထိုအသံသည် ပတ်ဝန်းကျင်တွင် မြည်ဟည်းသွားလေသည်။

ထိုအချိန်က နယ်ခြားစစ်ပွဲတွင် အောင်ပွဲခံ၍ပြန်လာသော ဗာရာဏသီမင်းသည် အနီးအနားမှ ဖြတ်သွားရင်း ထိုသူ၏ ကြွေးကြော်သံကို ကြားမိလိုက်သည်။ ထိုအခါ ကုဒ္ဒါလပဏ္ဍိတ်ကို ခေါ်ယူပြီး 'အချင်းယောကျ်ား၊ ငါသည် စစ်မြေပြင်၌ အောင်ပွဲရခဲ့သည်။ သင်သည် အဘယ်ကို အောင်သနည်း' ဟု မေးသည်။ ထိုအခါ ကုဒ္ဒါလပဏ္ဍိတက 'မြတ်သော မင်းကြီး၊ မင်းကြီးသည် စစ်ပွဲပေါင်း ရာထောင်ချီ၍ အောင်မြင်သော်လည်း ကိလေသာတို့ကို မအောင်မြင်သေး၊ မင်းကြီး၏ အောင်ပွဲသည် ကောင်းသောအောင်ခြင်း မဟုတ်။ အကျွန်ုပ်သည်ကား မိမိ၏ကိုယ်တွင်းမှ ကိလေသာတို့ကို အောင်ပွဲခံခဲ့ပြီ' ဟု လျှောက်တင်သည်။ ထို့နောက် မြစ်ရေပြင်ကိုကြည့်လျက် အာပေါကသိုဏ်းရှုရာ ထိုခဏတွင်ပင် ဈာန်အဘိညာဉ်ရရှိပြီး ကောင်းကင်တွင်ရပ်၍ မင်းကြီးကို တရားဟောသည်။

မင်းကြီးသည် ကုဒ္ဒါလပဏ္ဍိတဟောသော တရားကို သဘောကျ၍ ကုဒ္ဒါလပဏ္ဍိတနှင့်အတူလိုက်၍ ရသေ့ဝတ်သည်။ ထို့အတူ မင်းမှုထမ်းများလည်း လိုက်၍ ရသေ့ဝတ်ကြသည်။

နောက်ပိုင်းတွင် ဗာရာဏသီမင်းကြီးကို အားကျကုန်သော ခုနစ်ပြည်ထောင်သော မင်းတို့သည် မိမိတို့ တိုင်းပြည်ကို စွန့်၍ တောထွက်လာခဲ့ကြသည်။ ထိုအခါ ယူဇနာ သုံးဆယ်ရှိသော မြေပြင်သည် ရသေ့တို့ဖြင့် ဖုံးလွှမ်း၍ သွားလေသည်။ ကုဒ္ဒါလပဏ္ဍိတ အမှူးရှိသော ရသေ့တို့သည် ဈာန်သမာပတ်တို့ကို ရကြ၍ သေလွန်သောအခါ နတ်ပြည်၊ ဗြဟ္မာ့ပြည်တို့၌ ဖြစ်ကြကုန်သည်။

| | |
|---|---|
| ဇာတ်ပေါင်း။ | ။ ကုဒ္ဒါလပဏ္ဍိတရသေ့၏ပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊<br>ကုဒ္ဒါလပဏ္ဍိတ-ဗုဒ္ဓ။ |
| အနှစ်ချုပ်။ | ။ အတွင်းရန်ကိုအောင်မြင်ခြင်းသည်<br>အပြင်ရန်ကိုအောင်ခြင်းထက် မွန်မြတ်သည်။ |

ဏ္ဏာဇ္ဇိဝဂ် ပြီးပြီ။

http://www.dhammadownload.com



# ၈။ ဝရုဏဝဂ်

## ၇၁။ ဝရုဏဇာတ်

### ပျင်းလွန်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းပျင်း ကုဋုမ္ဗိယတိဿသည် သူငယ်ချင်းရဟန်းများ အရဟတ္တဖိုလ်ရရှိ၍ ဘုရားရှင်၏ ချီးမွမ်းမှု ခံရသည်ကို အားကျစိတ်ဝင်လာပြီး ဘုရားရှင်ထံ ကမ္မဋ္ဌာန်းတောင်းကာ တောရဆောက်တည် တရားအားထုတ်ရန် ပန်ကြားသည်။ အရဟတ္တဖိုလ်ကို နေ့ချင်းညချင်း ရချင်လွန်းသဖြင့် ထိုညတွင်ပင် အပြင်းအထန်အားထုတ်ရာ အလေ့အကျင့် မရှိသေးသဖြင့် သန်းခေါင်ကျော်လျှင် အိပ်ငိုက်၍ လဲကျသဖြင့် ပေါင်ကျိုးသွားသည်။ တောရကျောင်းသို့ အတူသွားရန် ပြင်ဆင်ထားပြီးသော ရဟန်းများမှာ သူ့ကိုပြုစုနေရ၍ မသွားနိုင်ကြတော့ပေ။ ဤရဟန်းကို အကြောင်းပြုလျက် ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ကန္ဒာရတိုင်း တက္ကသိုလ်ပြည်တွင် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ ထိုစဉ်က ဆရာကြီးထံတွင် တပည့်ငါးရာ ရှိသည်။ တစ်နေ့သောအခါ ထင်းခွေရန် တောထဲသို့သွားကြသည့် တပည့်များထဲတွင် လူငယ်တစ်ယောက်သည် အလွန် အပျင်းကြီးသည်။ သူသည် ရေတံခက်ပင် တစ်ပင်ကိုတွေ့ရာ သစ်ခြောက်ပင်ဟု ထင်မိကာ သစ်ပင်ရင်းတွင် ခေါင်းပေါင်း ပုဆိုးကို ဖြန့်ခင်း၍ လဲလျောင်းနေရာမှ မကြာမီ အိပ်ပျော် သွားသည်။

အခြားလူငယ်များသည် ထင်းစည်းများကိုထမ်း၍ ပြန်လာကြရာတွင် လူပျင်းမှာ အိပ်ပျော်နေသည်။ အိပ်ပျော်ရာမှ နိုးလာလျှင်ပင် ရေခံတက်ပင်ပေါ်သို့တက်ကာ အိပ်ချင် မူးတူးဖြင့် ရေခံတက်ပင် အစိုကိုင်းကို အခြောက်ထင်၍ ချိုးသည်။ ထိုအခါ ချိုးရာမှ ကျိုး၍ထွက်လာသော သစ်ကိုင်းစွန်းသည် သူ့မျက်လုံးကို ထိုးဖောက်မိသဖြင့် သူသည် သစ်ပင်ပေါ်မှ ပြန်ဆင်းလာကာ လက်တစ်ဖက်ဖြင့် မျက်လုံးကို ပိတ်သည်။ ကျန်လက် တစ်ဖက်ဖြင့် ထင်းစိုများကို ထမ်း၍ယူသွားသည်။ ကျောင်းသို့ရောက်သောအခါ သူ့ထင်းစို များကို ထင်းပုံတွင် အပေါ်ဆုံးမှတင်ထားလိုက်သည်။

ထိုနေ့တွင် ဆရာကြီးထံသို့ ရွာသားတစ်ယောက် ရောက်လာပြီး မနက်ဖြန်တွင် ပုဏ္ဏားတို့အား ဗေဒင်ရွတ်ဖတ်သဇ္ဈာယ်ရန် ပင့်ထား၍ ဆရာကြီးလည်း ကြွပါဟု ဖိတ်ကြား

http://www.dhammadownload.com



သည်။ ဆရာကြီးသည် ကိုယ်တိုင်မသွားအား၍ တပည့်လူငယ်တို့အား သွားကြရန် ညွှန်ကြားသဖြင့် တပည့်တို့သည် မသွားမီ စားသောက်သွားလိုကြ၍ ကျွန်မကို ခါတိုင်းရက်များကထက် စောစွာနိုးလျက် ယာဂု ကျိုချက်စေကြသည်။ ကျွန်မသည် ယာဂုကျိုရန် ထင်းသွားယူရာ အပေါ်ဆုံးမှတွေ့ရသော ရေခံတက်သား အစိုများကို ယူလာမိသဖြင့် မီးမွေးသည်စွင် နေထွက်ချိန်သာ ရောက်လာသည်။ မီးကား မွေး၍မရသေး။ နေထွက်လာပြီဖြစ်သဖြင့် အချိန်မမီတော့ကြောင်းကို သိကြ၍ လူငယ်များသည် အစီအစဉ်ကို ဖျက်သိမ်းလိုက်ကြရသည်။

ထို့နောက် ဆရာကြီးထံသို့ ပြန်ဝင်လာခဲ့ကြရာ 'အမောင်တို့၊ အဘယ့်ကြောင့် မသွားကြသနည်း' ဟု ဆီးကြို၍မေးလျှင် တပည့်များက မသွားဖြစ်ရခြင်း အကြောင်းကို ပြောပြကြသည်။ ထိုအခါ ဆရာက 'လူမိုက်တစ်ယောက်၏ လုပ်ရပ်တစ်ခုကြောင့် လူအများ၏ အကျိုးစီးပွားများ ဆုတ်ယုတ်ပျက်စီးခဲ့ရပြီ' ဟု မိန့်ကြားလေသည်။

ဇာတ်ပေါင်း။ ။ မျက်စိပျက်သောလူငယ်-ပေါင်ကျိုးသောရဟန်း၊
ကျောင်းသားလူငယ်များ-ဗုဒ္ဓ၏ပရိသတ်များ၊ ဆရာကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပျင်းလျှင်ဖျင်း၍ ဖျင်းလျှင်လူညံ့။

---

# ၇၂။ သီလဝနာဂရာဇဇာတ်

## သီလဝဆင်မင်း၏ အစွယ်အလှူ

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ ကျေးဇူးကို မသိတတ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာဝယ် ဆင်မျိုး၌ ဖြစ်နေသည်။ နောက်လိုက်ဆင်အရေအတွက် ရှစ်သောင်းရှိသည်။ ဆင်မင်းသည် နောက်ပိုင်းတွင် ပရိသတ်များပြားခြင်း၏ အပြစ်ကို သိမြင်လာခြင်းကြောင့် ကိုယ်စိတ် ငြိမ်းအေးမှု ရရှိစေရန် ပရိသတ်များကို စွန့်ခွာကာ တစ်ဦးတည်းပင် ဟိမဝန္တာ၌ နေသည်။ သီလနှင့် ပြည့်စုံသောကြောင့် 'သီလဝနာဂရာဇာ' ဟု ခေါ်ကြသည်။

http://www.dhammadownload.com



တစ်နေ့သောအခါ တောထဲ၌ မျက်စိလည် လမ်းမှားပြီး အကြောက်ကြောက် အလန့်လန့်ဖြင့် လက်နှစ်ဖက်ကို မြှောက်၍ ငိုကြွေးလျက် သွားလာနေသော မုဆိုးကို ဆင်မင်း တွေ့ရသည်။ ဆင်မင်းသည် မုဆိုးထံသို့ သွားလျှင် မုဆိုးက အနီးကပ်မခံဘဲ ကြောက်လန့်၍ ထွက်ပြေးသည်။ မုဆိုးပြေးသည်ကို မြင်လျှင် ဆင်မင်းက ရပ်နေလိုက်သည်။ ဤတွင်မုဆိုးက 'ဤဆင်မင်းသည် ငါပြေးလျှင် ရပ်၏။ ငါရပ်လျှင် လာ၏။ စေကန္တ ငါ့အား ကူညီလို၍သာ ဖြစ်တန်ရာသည်'ဟု စဉ်းစားကာ မပြေးတော့ဘဲ ရပ်နေလိုက်သည်။ ဆင်မင်းက 'သင်သည် အဘယ်ကြောင့် ငိုကြွေးလျက် သွားလာနေဘိသနည်း'ဟုမေးရာ မျက်စိလည် လမ်းမှားနေ၍ ဖြစ်ကြောင်း မုဆိုးက ပြောပြသည်။

ဆင်မင်းသည် မုဆိုးကို မိမိကျောကုန်းပေါ်တွင်တင်၍ ဗာရာဏသီသို့ သွားသော လမ်းမရောက်သည်အထိ ပို့ဆောင်ကာ 'ယောကျ်ား၊ ဤလမ်းအတိုင်း သွားလော့၊ ငါ၏ နေရာဌာနကို တစ်စုံတစ်ယောက်သောသူအား မပြောလေလင့်' ဟု မှာ၍ လွှတ်လိုက်သည်။ မုဆိုးသည် ဗာရာဏသီသို့ ရောက်ချိန်တွင် ဆင်စွယ်ပွတ်သမားနှင့် တွေ့ဆုံ၍ အသက်ရှင်နေဆဲ ဆင်မှ အစွယ်ကိုရသော် ယူ,မယူ မေးသည်။ ဆင်စွယ်ပွတ်သမားများက ယူလိုကြောင်း၊ သက်ရှိဆင်မှ အစွယ်သည် ပို၍တန်ဖိုးရှိကြောင်း ပြောလိုက်ကြသည်။ သို့ဖြင့် မုဆိုးသည် တောထဲသို့ ပြန်ဝင်လာကာ ဆင်မင်းထံမှ အစွယ်များ တောင်းခံသည်။ ဆင်မင်းက 'အချင်းယောကျ်ား၊ ငါသည် ဤအစွယ်တို့ကို မချစ်ခင် မနှစ်သက်၍မဟုတ်။ ဤအစွယ်ထက် အဆအရာအထောင်မက တန်သော သဗ္ဗညုတဉာဏ်ကို ရလိုသဖြင့် လှူ၏'ဟု ပြောကာ အစွယ်၏အဖျားပိုင်းကို ဖြတ်ယူခွင့် ပြုသည်။

မုဆိုးသည် ဆင်မင်းထံမှ အစွယ်များကို ဖြတ်ယူလာကာ ရောင်းချ၍ စားသောက်နေထိုင်သည်။ ရောင်းချ၍ ရငွေများကုန်သောအခါ ဆင်မင်းထံသို့ ပြန်လာပြန်သည်။

'အရှင်၏အစွယ်များကို ရောင်းချ၍ရသောငွေကြေးသည် ကြွေးမြီဆပ်၍ပြေရုံသာ ရှိသည်။ ကျန်သောအစွယ်ကို အကျွန်ုပ်အား ပေးပါဦးလော့'ဟု ဆို၍ တောင်းပြန်သည်။ ဆင်မင်းသည် ကျန်နေသေးသော အစွယ်ကို လှူလိုက်ပြန်သည်။ မကြာမီ တတိယ အကြိမ် မြောက် ရောက်လာခဲ့ပြန်သည်။ 'အရှင် အကျွန်ုပ်အား အသက်မွေးခြင်းငှာ မတတ်နိုင်ပါ၊ အစွယ်ရင်းတို့ကို ပေးပါဦးလော့'ဟုဆို၍ တောင်းခံပြန်သည်။ ဆင်မင်းကလည်း တွန့်တိုခြင်း မရှိဘဲ ရှေးနည်းအတိုင်းပင် ပေးလှူလိုက်ပြန်သည်။

မုဆိုးသည် အစွယ်များကိုယူ၍ ပြန်ထွက်လာခဲ့ရာ ဆင်မင်း၏မြင်ကွင်းမှ လွတ်သွားသည်ဆိုလျှင်ပင် မဟာပထဝီမြေထုကြီးသည် ထိုယောကျ်ားယုတ်၏ ကျေးဇူးမဲ့မှုကို ရွက်ဆောင်ထားခြင်းငှာ မစွမ်းသာတော့သည်အလား နှစ်ခြမ်းကွဲအက်၍ ဟင်းလင်းပြင်

http://www.dhammadownload.com



ကြီး ဖြစ်လာသည်။ ယင်းခဏ၌ပင်လျှင် အဝိစိမီးလျှံသည် ပေါ်ထွက်လာပြီး အဆွေခင်ပွန်းကို ပြစ်မှားတတ်သော ထိုယောကျ်ားယုတ်အား ရစ်ပတ်၍ ဆွဲချယူသွားလေတော့သည်။

ထိုမှဆိုး ယောကျ်ားယုတ်ကို မြေမျိုချိန်၌ တောအုပ်စောင့် ရုက္ခစိုးသည် ထိုယောကျ်ားယုတ်၏ ဖြစ်ရပ်များကို မြင်တွေ့လိုက်ရ၍ 'သူ့ကျေးဇူးကိုလည်း မသိတတ်သည့်အပြင် အဆွေခင်ပွန်းကိုလည်း ပြစ်မှားတတ်သော ယောကျ်ားယုတ်ကို စကြဝတေးမင်းအဖြစ်ကို ပေးသော်လည်း နှစ်သက်ကျေနပ်မှုရှိအောင် မည်သူမျှ မတတ်နိုင်'ဟု ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ အဆွေခင်ပွန်းကိုပြစ်မှားတတ်သောယောကျ်ား-ဒေဝဒတ်၊ ရုက္ခစိုးနတ်-အရှင်သာရိပုတ္တရာ၊ သီလဝဆင်မင်း-ဗုဒ္ဓ၊

**အနှစ်ချုပ်။** ။ ကျေးဇူးရှင်ကိုပြစ်မှားလျှင် ချက်ချင်းဘေးတွေ့တတ်သည်။

---

# ၇၃။ သစ္စံကိရဇာတ်

## ထိရှ္မုနိုင်ထက်မိုက်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား သတ်ဖြတ်ရန် ဒေဝဒတ်၏ ကြိုးစားမှုကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားလေသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မင်းကြီးတွင် သားတော်တစ်ပါးရှိသည်။ သူသည် မည်သူ့ကိုမျှ မဆဲ၊ မပုတ်ခတ်ဘဲ စကားမပြောတတ်။ ထို့ကြောင့် သူ့အား ဒုဋ္ဌကုမာရဟု ခေါ်ကြသည်။ တစ်နေ့သောအခါ သူသည် အခြံအရံများကို ခေါ်၍ ရေကစားရန် မြစ်နားသို့ သွားသည်။ သူတို့ မြစ်ဆိပ်သို့ ရောက်သည့်ခဏမှာပင်လျှင် မိုးမည်းကြီး တက်လာသည်။ ထိုအချိန်တွင် ဒုဋ္ဌကုမာရမင်းသားသည် ကျွန်အစေအပါးများအား သူ့ကို မြစ်လယ်သို့ ယူဆောင်၍ ရေချိုးပေးကြရန် အမိန့်ပေးသည်။ အစေအပါးများသည် မြစ်လယ်သို့ ယူဆောင်လာကြပြီး 'လူယုတ်မာ သွားလေလော့'ဟု ဆို၍ မင်းသားကို မြစ်ရေကြောထဲ မျှောချလိုက်ကြသည်။

http://www.dhammadownload.com



ထိုအချိန်က ဘုရားလောင်းရသေ့သည် မြစ်ကွေ့တစ်နေရာတွင် သစ်ရွက်မိုးကျောင်းငယ်ကလေးဖြင့် နေနေသည်။ ရသေ့ကြီးသည် မင်းသား၏ ဟစ်အော်ငိုကြွေးသံကို စကြံလျှောက်နေရင်းမှ ကြားမိသဖြင့် 'ဤယောကျ်ားသည် မသေသင့်၊ ရေထဲမှ ထုတ်ဆယ်၍ ထိုသူအား အသက်အလှူကို ပေးအံ့'ဟု ဆုံးဖြတ်ကာ မြစ်လယ်သို့ ကူးခတ်သွားပြီး ထင်းတုံးကို အစွန်းတစ်ဖက်မှ ဖမ်းကိုင်၍ ကမ်းစပ်ဆီသို့ ဆွဲယူလာခဲ့သည်။ ကမ်းနားသို့ ရောက်ပြီးချိန်တွင် မင်းသားကိုချီ၍ ကမ်းနား၌ချပေးသည်။ ထင်းတုံးပေါ်၌ အတူမျောလာသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကိုလည်း ချီ၍ပင် ချသည်။ ကျောင်းသို့ ရောက်သွားချိန်တွင် ရသေ့ကြီးသည် အားနည်းသော မြွေ၊ ကြွက်နှင့် ကျေးသားတို့ကို ဦးစွာ မီးလှုံစေသည်။ မင်းသားကိုမူ သူတို့နောက်မှ လှုံစေသည်။ အစာ ကျွေးမွေးသော အခါတွင်လည်း အားနည်းသော မြွေ၊ ကြွက် စသည်တို့ကို ဦးစားပေးပြီးမှ မင်းသားကို ကျွေးသည်။

ဤသို့ ပြုလုပ်သည်ကို မင်းသားက မကျေနပ်ချေ။ 'ဤ ရသေ့ကောက်သည် ငါ မင်းသားတစ်ယောက်လုံးကို အရေးမစိုက်၊ တိရစ္ဆာန်များကိုသာ ဦးစားပေး အလေးထားသည်'ဟု ရန်ငြိုးဖွဲ့သည်။

မြွေ၊ ကြွက်တို့သည် လူ့ဘဝတွင် ဖြစ်ခဲ့ကြစဉ်က သူဌေးကြီးများ ဖြစ်ကြပြီး သူတို့ ကွယ်လွန်ခါနီးတွင် မြေ၌ မြှုပ်နှံထားသော မိမိတို့ပိုင် ဥစ္စာပစ္စည်းများ အပေါ်၌ စွဲလမ်းစိတ်ဖြင့် ကွယ်လွန်ခဲ့ကြရာ ဥစ္စာပုံများပေါ်တွင် မြွေနှင့် ကြွက်များ ဖြစ်လာခဲ့ကြသည်။ ယင်းသို့ မြေ၌ မြှုပ်နှံထားသော ပစ္စည်းများကို ရသေ့ကြီး အလိုရှိသောအခါ လှူပါမည်ဟု ကတိပြုကာ မြွေ၊ ကြွက်နှင့် ကျေးတို့ ရသေ့ထံမှ ပြန်လာခဲ့ကြသည်။

နောက်ဆုံးကျန်နေသူ မင်းသားသည် လောကဝတ် စကားမျှ မပြောဘဲ ပြန်သွား၍ မသင့်ဟု တွေးမိပြီး 'အရှင်ဘုရား၊ အကျွန်ုပ် မင်းဖြစ်သောအခါ ကြွလာတော်မူခဲ့ပါ။ ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ကိုးကွယ်ပါမည်'ဟု ပင့်ဖိတ်စကား ဆိုထားခဲ့ပြီး ပြန်လာခဲ့သည်။ မင်းသားသည် နေပြည်တော်သို့ ပြန်ရောက်ပြီးနောက် မကြာမီမှာပင် မင်းဖြစ်လေသည်။

တစ်နေ့တွင် ရသေ့ကြီးသည် ထိုသူများကို စမ်းသပ်လို၍ သင်္ခမ်းကျောင်းမှ ထွက်လာခဲ့သည်။ မြွေ၊ ကြွက်နှင့် ကျေးသားများထံသို့ အစဉ်အတိုင်း ဝင်သည်။ အားလုံးကပင် ကတိစကားအတိုင်း ကျေးဇူးဆပ်မည်ဟုဆိုသည်။ ရသေ့ကြီးက 'လိုအပ်သည့်အခါတွင် လာယူမည်'ဟု ပြောထားခဲ့ပြီး ဗာရာဏသီသို့ ဆက်၍လာခဲ့သည်။

http://www.dhammadownload.com



ရသေ့ကြီးသည် မင်းကြီး၏ ဥယျာဉ်တော်တွင် စခန်းချတည်းခိုနေပြီး နောက်တစ်နေ့နံနက်တွင် မင်းစိတ်ကို စူးစမ်းရန် မြို့ကို ဆွမ်းခံဝင်သည်။ ထိုအချိန်တွင် မင်းသည် ဆင်စီး၍ မြို့တွင်းသို့ လက်ယာရစ် လှည့်လည်လျက်ရှိသည်။ မင်းသည် ခပ်လှမ်းလှမ်းမှ ရသေ့ကြီးလာနေသည်ကို မြင်လိုက်ရလျှင်ပင် ရုတ်ခြည်း မှတ်မိလိုက်သည်။ 'ရသေ့ကောက်သည် ငါ့ထံသို့ စားသောက်နေလို၍ လာချေပြီ။ ငါ့အပေါ် သူပြုခဲ့ဖူးသော ကျေးဇူးတရားကို အခြားသူများအား မပြောပြမီ ထိုရသေ့ဦးခေါင်းကို ဖြတ်စေအံ့'ဟု မင်းက စိတ်ကူးကာ ချက်ချင်းပင် မင်းမှုထမ်းများအား 'ထိုရသေ့ယုတ်ကို ဖမ်းကာ သုသာန်သို့ ထုတ်၍ ကိုယ်ကို တံကျင်လျှိုပြီးလျှင် ရသေ့၏ခေါင်းကို ဖြတ်ကြလော့'ဟု အမိန့်ပေးလိုက်သည်။

မင်းမှုထမ်းတို့သည် မင်းကြီး အမိန့်အတိုင်း ဆောင်ရွက်ကြရာ ရသေ့ကြီးသည် မည်မျှပင် ရိုက်ပုတ်ခြင်း ခံရခံရ၊ အမိအဖတို့ကို တမ်းတခြင်းမရှိ၊ ငိုကြွေး မည်တမ်းခြင်းလည်း မပြု၊ 'မြစ်ရေကြောထဲမှ မျောလာသော ထင်းတုံးကို ဆယ်တင်ခြင်းသည် မြတ်၏။ သူ့ကျေးဇူးကို မသိတတ်သော ယောကျ်ားယုတ်ကို ဆယ်တင်ခြင်းသည် မမြတ်။ ဤသို့ ပညာရှိများ ဆိုခဲ့သောစကားသည် မှန်၏'ဟု အဓိပ္ပာယ်ရှိသော ဓမ္မဂီတကိုသာ ဆိုနေသည်။ ရိုက်ပုတ်တိုင်း ထပ်၍ဆိုနေသည်။ ရိုက်ပုတ်တိုင်း ထပ်၍ ရွတ်ဆိုသည်။ သည်တွင် တွေးခေါ်မြော်မြင်တတ်သူများက 'ရသေ့...သင်သည် ငါတို့ မင်းကြီးအား တစ်စုံတစ်ရာ ကျေးဇူးပြုဖူးပါသလော'ဟု မေးကြသည်။ ရသေ့ကြီးက ဖြစ်ကြောင်း ကုန်စင်ကို ပြောပြလိုက်သည်။ ထိုအခါ ပြည်သူများသည် 'ငါတို့ မင်းသည် မိမိ၏ အသက်ကို ကယ်တင်ပေးခဲ့ဖူးသူ၏ ကျေးဇူးတရားကိုမျှ မသိ၊ ထိုမင်းယုတ်၏ လက်အောက်တွင် နေရခြင်းဖြင့် ငါတို့အား အဘယ်မှာလျှင် စီးပွားချမ်းသာတို့ တိုးတက်ဖြစ်ထွန်းအံ့နည်း၊ ထိုမင်းယုတ်ကို ဖမ်းကြလော့'ဟု ဆိုပြီးလျှင် မင်းကို ဆင်ပေါ်မှဆွဲချ၍ ရိုက်ပုတ်သတ်ဖြတ်ကြသည်။ ထို့နောက် ရသေ့ကြီးအား ဘိသိက်သွန်း၍ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

ဇာတ်ပေါင်း။ ။ ဒုဋ္ဌကုမာရမင်း-ဒေဝဒတ်၊ မြွေ-အရှင်သာရိပုတ္တရာ၊
ကြွက်-အရှင်မောဂ္ဂလာန်၊ ကျေးသား-အရှင်အာနန္ဒာ၊
တရားမင်းရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကျေးဇူးသိတတ်လျှင် ချမ်းသာမည်။

http://www.dhammadownload.com



# ၇၄။ ရုက္ခဓမ္မဇာတ်

## ညီညွတ်မှု၏တန်ဖိုး

### ပစ္စုပ္ပန်ဝတ္ထု

ရောဟိဏီမြစ်ရေကို ပိုင်ဆိုင်လိုမှုဖြင့် ခိုက်ရန်ဒေါသ ဖြစ်နေကြသည့် ဆွေတော် မျိုးတော်တို့အား 'ဆွေမျိုးတို့သည် ညီညွတ်သင့်သည်။ အချင်းချင်း ဝမ်းမြောက်ဝမ်းသာ ရှိသင့်ကြသည်။ ဆွေမျိုးများ ညီညွတ်နေခဲ့သော် ရန်သူများသည်လည်း ကြားဝင် ဖျက်ဆီးခွင့် မရကုန်။ သက်ရှိဖြစ်သော လူများကို ထားဘိဦး။ စိတ်စေတနာ မရှိသော သစ်ပင်တို့သည်ပင်လျှင် အချင်းချင်း ယှက်နွယ်ဆက်စပ်၍ တည်ရှိပါက လေပြင်းမုန်တိုင်းတို့သည် မဖျက်ဆီးနိုင်'ဟု မိန့်တော်မူကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် လက်ရှိ ဖြစ်ပေါ်နေသော ဝေဿဝဏ် နတ်မင်းကြီးစုတေ၍ သိကြားမင်းသည် ဝေဿဝဏ်နတ်သား အသစ်တစ်ပါး ခန့်အပ်ပေးသည်။ ဤဝေဿဝဏ် နတ်မင်းသစ်သည် ဝေဿဝဏ်ရာထူးကို ရလာသည် ဆိုလျှင်ပင် လက်အောက်ခံ နတ်ငယ်များအား မိမိနှစ်သက်ရာ သစ်ပင်ကြီးငယ် ချုံနွယ်များကို ဘုံဗိမာန်အဖြစ် အသုံးပြုရန် မိမိတို့ဆန္ဒအရ ရွေးချယ်ကြရန် အမိန့်ထုတ်ပြန်သည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ဟိမဝန္တာမှ အင်ကြင်းတောတစ်ခုတွင် ရုက္ခစိုးနတ် ဖြစ်နေသည်။ သူသည် ဆွေမျိုးများ ဖြစ်ကြသည့် နတ်များအား လွင်ပြင်၌ ပေါက်ရောက်နေသည့် သစ်ပင်များကို ဗိမာန်အဖြစ် မရွေးချယ်ကြရန်နှင့် အင်ကြင်းတောရှိ သူ့ဗိမာန်ဝန်းကျင်မှ သစ်ပင်များကိုသာ ရွေးချယ်ကြရန် နိုးဆော်သည်။ သို့ရာတွင် အချို့သော နတ်များကသာ လိုက်နာ၍ မလိုက်နာသော နတ်များကမူ 'ငါတို့သည် တောထဲမှ ဗိမာန်ကို အလိုမရှိ၊ လူတို့နှင့် နီးစပ်မှ လာဘ်လာဘ ပေါများသည်။ ထို့ကြောင့် ငါတို့သည် ရွာ၊ နိဂုံး၊ မင်းနေပြည် အနီးအနားတွင် ဗိမာန်ရွေးချယ်နေကြကုန်အံ့'ဟု ဆိုကာ လူနေဝန်းကျင်ရှိ လွင်တီးခေါင်မှ သစ်ပင်ကြီးများကို ရွေးချယ်၍ နေထိုင်ကြသည်။

တစ်နေ့သောအခါ မိုးသက်လေပြင်းကြီး ကျရောက်ရာ လွင်ပြင်၌ အထီးတည်းသာ ရှိသော သစ်ပင်ကြီးတို့သည် အမြစ်ပါမကျန် ပြိုလဲပျက်စီးကြသည်။ အကိုင်းအခက်ချင်း ဆက်နွယ်စပ်ယှက်နေကြသည့် အင်ကြင်းတောမှ ဗိမာန်တို့ကမူ တစ်စုံတစ်ရာ ထိခိုက် နစ်နာမှု မရှိကြချေ။ ဗိမာန်များ ပျက်စီးသွားခဲ့ရသော လူတို့ ပတ်ဝန်းကျင်နေ နတ်များသည်

http://www.dhammadownload.com



ကလေးငယ်များကို လက်ဆွဲ၍ အင်ကြင်းတောသို့ ရောက်လာကြသည်။ သူတို့ ကြုံတွေ့လာခဲ့ကြရသော ဆင်းရဲဒုက္ခကို ပြောပြသည့်အခါ ဘုရားလောင်း ရုက္ခစိုးနတ်က 'ဆွေမျိုးများခြင်းသည် ကောင်း၏၊ သစ်ပင်တို့များခြင်းသည်လည်း ကောင်း၏။ တစ်ပင်တည်း အထီးတည်းပေါက်နေသော တောစိုးသစ်ပင်ကြီးကို လေသည် လှဲဖျက်နိုင်၏' ဟူ၍ ဆိုလေသည်။

ဇာတ်ပေါင်း။ ။ ယခင်ကနတ်များ-ဗုဒ္ဓ၏ပရိသတ်၊ ပညာရှိရုက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ညီညွတ်ခြင်း၏ တန်ဖိုးကိုနားလည်ပါ။

---

# ၇၅။ မစ္ဆဇာတ်

## ငါးမင်း၏သစ္စာစွမ်းရည်

### ပစ္စုပ္ပန်ဝတ္ထု

ကောသလတိုင်းတွင် မိုးခေါင်၍ ကောက်စပါးများ ညှိုးရော်ကုန်ပြီး ရေကန်ကြီးငယ်တို့လည်း ခန်းခြောက်ကြသည်။ ဇေတဝန်ကန်တွင်လည်း ရေလက်ကျန်ဟူ၍ အလျှင်းမရှိတော့ဘဲ ညွန်ပျောင်းများထဲတွင် တိုးဝင်နိအောင်း၍ နေကြသည့် ငါး၊ လိပ် စသည်တို့ကို ကျီး၊ စွန် စသည်တို့က လာရောက်၍ ထိုးယူစားသောက်ကြသည်ကို ဘုရားရှင် မြင်တော်မူလျှင် 'ယနေ့ ငါသည် မိုးရွာစေခြင်းငှာသင့်၏' ဟု နှလုံးသွင်းတော်မူရာမှ မိုးရွာလာသဖြင့် ကောသလတစ်တိုင်းလုံး မိုးရေတို့ဖြင့် ဖုံးလွှမ်းသွားသည်။ ဇေတဝန် ရေကန်သည်လည်း တစ်ခဏချင်းမှာပင် မိုးရေတို့ဖြင့် ပြည့်လျှံလာသည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ရှေးရှေးအခါက ကောသလတိုင်း သာဝတ္ထိပြည် ဇေတဝန်ရေကန်နေရာ၌ပင်လျှင် ရေအိုင်တစ်ခု ရှိခဲ့ဖူးသည်။ ယင်းကို ချုံနွယ်တို့ ဝိုင်းရံပေါက်ရောက်နေကြသည်။ ဘုရားလောင်း ငါးမင်းသည် ငါးအပေါင်းခြံရံလျက် ထိုရေအိုင်တွင်နေခဲ့ဖူးသည်။ တစ်ချိန်တွင် ဤကောသလတိုင်း၌ မိုးခေါင်ရာ ကောက်စပါးများ ညှိုးကုန်ပြီး ရေကန်၊ ရေအိုင် စသည်တို့တွင်လည်း ရေများခန်းခြောက်ကုန်သဖြင့် ငါး၊ လိပ်တို့သည် ညွန်ပျောင်းထဲတွင် တိုးဝင်၍ နေကြသည်။ ကျီး အစရှိသော သားစားငှက်များသည် ညွန်ပျောင်းထဲမှ ငါး၊ လိပ်တို့ကို နှုတ်သီးဖြင့် ထိုးယူလျက်စားသောက်ကြသည်။

http://www.dhammadownload.com



ထိုအခါ ငါးမင်းသည် ဆွေးမျိုးတို့အား သစ္စာပြု၍ ကယ်တင်ရန် ဆုံးဖြတ်လိုက်ကာ ကောင်းကင်ကို မော့ကြည့်လျက် 'အို... ပဇ္ဇုန်နတ်မင်း၊ ငါတို့ဆွေမျိုးအပေါင်းသည် မိုးခေါင်သဖြင့် ဆင်းရဲလှ၏။ သင်သည် သီလရှိသော ငါ့အား ပင်ပန်းစေလျက် အဘယ့်ကြောင့် မိုးကို မရွာစေသနည်း။ ငါသည် ဇာတ်တူဖြစ်သော သတ္တဝါတို့ကို စားတတ်သော မျိုးဇာတ်၌ဖြစ်သော်လည်း ဆန်လုံးပမာဏခန့်ရှိသော ငါးကလေးမျှကိုပင် စားဖူးသည် မရှိ။ ငါသည် တစ်ပါးသောသတ္တဝါကိုလည်း မသတ်စဖူး။ ဤမှန်သော သစ္စာစကားကြောင့် မိုးကို ရွာစေ၍ ငါနှင့်တကွ ငါ့ဆွေမျိုးအပေါင်းအား ဆင်းရဲမှလွတ်စေလော့'ဟု သစ္စာပြုလိုက်ရာ ကောသလတိုင်းအနှံ့တွင် မိုးကြီးသည်းထန်စွာ ရွာချလေသည်။ သတ္တဝါများသည်လည်း မိုးခေါင်ခြင်းဆင်းရဲအမျိုးမျိုးမှ လွတ်မြောက်သွားကြရသည်။

**ဇာတ်ပေါင်း။ ။ငါးများ-ဗုဒ္ဓ၏ပရိသတ်။ ပဇ္ဇုန်နတ်-အရှင်အာနန္ဒာ။ ငါးမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။သစ္စာတရား၏စွမ်းအားကြီးပုံကို သိမှတ်ပါ။**

---

# ၇၆။ အသင်္ကိယဇာတ်

## ရဲရင့်သူ ရသေ့ကြီး

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့သား သောတာပန်ဥပါသကာတစ်ယောက်သည် လှည်းကုန်သည်အုပ်စုတစ်စုနှင့် လှည်းကြိုးစီးကာ လိုက်ပါလာသည်။ ညအချိန်ရောက်၍ လှည်းများ စခန်းချရပ်နားချိန်တွင် သူက တစ်ညလုံးမအိပ်။ တိုက်ခိုက်လုယက်ရန် အခါအခွင့်ကို ချောင်းနေကြသော မိုးသားစားပြများသည် ဥပါသကာ မအိပ်၍ အခွင့်မသာဖြစ်နေကြသည်။ နောက်ဆုံးတွင် ကိုင်ဆောင်လာခဲ့ကြသော လက်နက်များကို စွန့်ပစ်၍ ထွက်ခွာသွားကြရသည်။ ထိုဥပါသကာကို အကြောင်းပြု၍ ဗုဒ္ဓ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့ပြု၍ ဟိမဝန္တာ၌ နေနေသည်။ တစ်ချိန်တွင် ဘုရားလောင်းရသေ့သည် ချဉ်၊ ဆား မှီဝဲလို၍ လူနေရပ်ကွက်ဖြစ်သော ကျေးလက်တောရွာသို့ ခရီးထွက်လာခဲ့ရာ လမ်းခရီးတစ်ဝက်တွင် လှည်းကုန်သည်တစ်ဦးနှင့် ဆုံတွေ့ရသည်။ သို့ဖြင့် ရသေ့ကြီးသည်

http://www.dhammadownload.com



လှည်းကြုံစီး၍ လိုက်သွားခဲ့ရာ ညနေပိုင်းသို့ ရောက်သောအခါ တောတွင်းတစ်နေရာ၌ စခန်းချ ရပ်နားကြသည်။ စခန်းချမိသည်ဆိုလျှင်ပင် ရသေ့ကြီးသည် လှည်းပေါ်မှ ဆင်း၍ အနီးအနားရှိ သစ်ပင်တစ်ပင်အောက်တွင် စင်္ကြံလျှောက်၍ နေလိုက်သည်။

ထိုအချိန်တွင် ခိုးသားငါးရာတို့သည် လှည်းသားများ ညနေစာ စားသောက်နေကြချိန်၌ ဝင်ရောက်လုယက်ကြရန် ကြံစည်ပြင်ဆင်နေကြသည်။ သို့ရာတွင် သူတို့သည် ရသေ့ကြီးမြင်သွားလျှင် လှည်းကုန်သည်များကို အချက်ပေးမည်စိုး၍ လုံခြုံရာတွင် ပုန်းကွယ်ကာ ရသေ့ကြီး အိပ်ပျော်သွားချိန်ကို စောင့်နေကြသည်။

ရသေ့ကြီးသည် ထိုညက တစ်ညလုံး မအိပ်ဘဲ မိုးလင်းချိန်အထိ စင်္ကြံလျှောက်နေခဲ့သည်။ ထိုကြောင့် ခိုးသားများသည် လုယက်ခွင့် မရခဲ့ကြ။ ထို့ကြောင့် ပါလာခဲ့ကြသည့် ကျောက်ခဲ၊ ဆောက်ပုတ် စသည်တို့ကို စွန့်ပစ်ခဲ့ကြ၍ 'အို… လှည်းကုန်သည်တို့၊ ယနေ့ ရသေ့ကြီးသည် အကယ်၍ စင်္ကြံသွားမနေခဲ့လျှင် သင်တို့အားလုံးသည် လုယက်ခြင်းခံရသဖြင့် ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကြရမည်။ ရသေ့ကြီးအား ကြီးစွာသော ပူဇော်သက္ကာရကို ပြုကြလေလော့'ဟု အော်ဟစ်ပြောဆိုပြီး ထွက်ခွာသွားကြသည်။

လှည်းကုန်သည်များသည် နံနက်မိုးလင်းချိန်တွင် အကြောင်းစုံကို သိကြရ၍ ထိတ်လန့်တုန်လှုပ်ကြပြီး ရသေ့ကြီးထံသွားကာ ခိုးသူများအား မြင်တွေ့လိုက်ခြင်း ရှိ-မရှိ မေးမြန်းရာ ရသေ့ကြီးက မြင်တွေ့လိုက်ရကြောင်း ပြန်ကြားသည်။ ရသေ့ကြီး အနေနှင့် ကြောက်ရွံ့ခြင်း ဖြစ်-မဖြစ် ဆက်၍မေးရာ ရသေ့ကြီးက 'ဒါယကာတို့၊ ခိုးသူ တို့ကို မြင်၍ ကြောက်ရွံ့မှုဖြစ်ခြင်းသည် ဥစ္စာရှိသောသူများသာ ဖြစ်၏။ ငါသည်ကား ဥစ္စာမရှိ၊ အဘယ်ကြောင့် ကြောက်အံ့နည်း'ဟု မိန့်ကြားလေသည်။

**ဇာတ်ပေါင်း။** ။ လှည်းကုန်သည်များ-ဗုဒ္ဓ၏ပရိသတ်၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ နိုးနိုးကြားကြားနေထိုင်မှု၏အကျိုးကို သိမြင်ပါ။

---

## ၇၇။ မဟာသုပိနဇာတ်

### ကောသလမင်း၏အိပ်မက်များ

**ပစ္စုပ္ပန်ဝတ္ထု**

တစ်နေ့သောညဥ့်၏ မိုးသောက်ယံတွင် ကောသလမင်းကြီးသည် အိပ်၍ မပျော် တပျော်ဖြစ်နေစဉ် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်ပြီး ထိတ်လန့်

http://www.dhammadownload.com



ခြင်း ကြီးစွာဖြစ်ကာ ပြန်အိပ်၍ မရတော့ချေ။ နံနက်မိုးလင်းချိန်တွင် ပုဏ္ဏားတို့အား ထိုအိပ်မက်၏ အကြောင်းအကျိုးကို ဖတ်စေရာ ပုဏ္ဏားများက 'မြတ်သောမင်းကြီး၊ ဤအိပ်မက်သည် အလွန်ပင် ကြမ်းပါသည်။ နိုင်ငံတော်၏ အန္တရာယ်သော်လည်းကောင်း၊ မိဖုရားကြီး၏ အန္တရာယ်သော်လည်းကောင်း၊ မင်းကြီး၏ အသက်အန္တရာယ်သော်လည်းကောင်း ဤသုံးပါးသော အန္တရာယ်တို့တွင် တစ်ပါးပါးသော အန္တရာယ်သည် ဖြစ်လိမ့်မည်'ဟု ဖတ်ကြားကြသည်။

မင်းကြီးသည် ထိုအိပ်မက်များ၏ ဆိုးကျိုးများကို ဆီးတားဟန့်တားကြစေရန် ပုဏ္ဏားများအား တာဝန်ပေးလိုက်သည်။ ပုဏ္ဏားများသည် ဝမ်းမြောက်ဝမ်းသာဖြစ်သွားကြကုန်၏။ ငါတို့သည် များစွာသော ဥစ္စာပစ္စည်းများကို ရတော့မည်။ များစွာသော ခဲဖွယ်ဘောဇဉ်တို့ကို ရတော့မည်ဟု တွေးမိပျော်ရွှင်နေကြသည်။ သူတို့သည် မင်းကြီးအား စိုးရိမ်ကြောင့်ကြတော် မမူရန် လျှောက်ထားပြီး မြို့ပြင်သို့ ထွက်၍ ယဇ်ပူဇော်ရန် ပြင်ဆင်ကြသည်။

ခါတိုင်းရက်များနှင့်မတူ ထူးခြားစွာ ယောက်ယက်ခတ်နေကြသော ပုဏ္ဏားများကို သတိပြုမိ၍ မလ္လိကာမိဖုရားကြီးသည် မင်းကြီးအား အကျိုးအကြောင်းကို မေးလျှောက်ရာ မင်းကြီးက မိမိမြင်မက်သော အိပ်မက်အကြောင်းကိုလည်းကောင်း၊ ထိုအိပ်မက်များ၏ ဆိုးကျိုးများ ပ,ပျောက်စေရန် ဆောင်ရွက်နေကြခြင်းဖြစ်သည့်အကြောင်းကိုလည်းကောင်း မိဖုရားကြီးအား ပြောပြသည်။ ထိုအခါ မိဖုရားကြီးက မြတ်စွာဘုရားအား မေးလျှောက်ထားရန် တိုက်တွန်းသဖြင့် မင်းကြီးသည် မြတ်စွာဘုရားထံတော်မှောက်သို့ ဝင်ရောက်ကာ အကျိုးအပြစ်တို့ကို ဟောမိန့်တော်မူပါရန် လျှောက်ထားတောင်းပန်သည်။

ထိုအခါ မြတ်စွာဘုရားက မြင်မက်သောအိပ်မက်များကို တစ်ခုစီ လျှောက်ထားစေတော်မူသည်။

ထိုအခါ မင်းကြီးက...

၁။ အရှင်ဘုရား၊ တပည့်တော် ရှေးဦးစွာ မြင်မက်သော အိပ်မက်မှာ နွားနက် ဥသဘလေးကောင်တို့သည် ဖွဲ့ကုန်အံ့ဟု အရပ်လေးမျက်နှာတို့မှ မင်းရင်ပြင်သို့ လာခဲ့ကြကုန်လျက် ဖွဲ့ကြတော့မယောင် ပြုပြီးကာမှ မဖွဲ့ကြဘဲ ရှောင်ထွက်သွားကြသည်ဟုမြင်မက်ပါသည်။ ဤအိပ်မက်၏ အကျိုးသည် အသို့ရှိပါသနည်း ဟု လျှောက်သည်။

http://www.dhammadownload.com



ဇာတ်အမှတ်-၇၇ ကောသလမင်းကြီးညအခါမျောက်မျဉ်းအိပ်ပျော်နေစဉ်တစ်ဆယ့်ခြောက်ချက်သောအိပ်မက်ကြီးတို့ကို မြင်မက်တော်မူလေသည်။

http://www.dhammadownload.com



ဇာတ်အမှတ်-၇၇ ကောသလမင်းကြီးညအခါမျောက်မျဉ်းအိပ်ပျော်နေစဉ်တစ်ဆယ့်ခြောက်ချက်သောအိပ်မက်ကြီးတို့ကို မြင်မက်တော်မူလေသည်။

http://www.dhammadownload.com



ဗုဒ္ဓက မင်းကြီး၊ ဤအိပ်မက်၏အကျိုးသည် သင်နှင့် ငါဘုရား၏ လက်ထက်၌ မဖြစ်၊ နောင်အနာဂတ်ကာလ တရားမစောင့်ကြသောမင်းနှင့် ပြည်သူတို့၏ လက်ထက်၌သာ ဖြစ်ပေါ်လိမ့်မည်၊ ထိုအချိန်၌ မိုးခေါင်သဖြင့် ကောက်ပဲသီးနှံများ ညှိုးနွမ်း ပျက်စီးကြလိမ့်မည်။ မိုးသားတိမ်မည်း တို့သည် ရွာအံ့ဘိသကဲ့သို့ အရပ်လေးမျက်နှာတို့မှ တက်လာခဲ့သော်လည်း မိုးမရွာဘဲ ပြန်လည်၍ လွင့်ပျယ်သွားကြမည့် နိမိတ်သာ ဖြစ်သည်။

၂။ အရှင်ဘုရား၊ မြေမှပေါက်ခါစ တစ်ထွာ၊တစ်တောင်မျှမြင့်သော သစ်ပင်ချုံနွယ်တို့ ပွင့်သီးနေကြသည်ဟု မြင်မက်ပါသည်။

ဤအိပ်မက်၏ အကျိုးသည်လည်း လူများသက်တမ်းတိုသော ဆုတ်ကပ်ကာလ၌သာ ဖြစ်ပေါ်လိမ့်မည်၊ ထိုအခါ လူတို့သည် ရာဂစိတ် ထက်သန်ကြသဖြင့် ငယ်ရွယ်စဉ်ကပင် အိမ်ထောင်ပြု၍ သားသမီးများ မွေးဖွားကြမည့် နိမိတ်လက္ခဏာသာ ဖြစ်သည်။

၃။ အရှင်ဘုရား၊ နွားမကြီးတို့သည် မွေးဖွားစဖြစ်သော နွားမငယ်တို့၏ နို့ကို စို့ကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ ဤအိပ်မက်၏ အကျိုးသည်လည်း ကြီးသူကိုငယ်သူက ရိုသေလေးစားမှု ပျောက်ကွယ်သော နောင်ကာလတွင်သာ ဖြစ်ပေါ်လိမ့်မည်။ နောင်အခါ၌ သားသမီးစသည်တို့သည် မိဘစသော ကြီးမြင့်သူတို့အား စားရုံ၊ ဝတ်ရုံမျှ ပေးကမ်းကြပြီး အချို့က မပေးကမ်းဘဲ နေကြလိမ့်မည်။ ထိုအခါ လူကြီးမိဘတို့သည် မိမိတို့ သားသမီးများ၏ အလိုဆန္ဒအတိုင်း ပြုမူနေထိုင်ကြရ၍ အသက်မွေးဝမ်းကျောင်းမှု ခက်ခဲကြရမည့် နိမိတ်သာ ဖြစ်သည်။

၄။ အရှင်ဘုရား၊ ဝန်ကိုဆောင်ရွက်နိုင်သော နွားကြီးများကို ထမ်းပိုးမတင်ဘဲ နို့စို့နို့ခွာဖြစ်သော နွားငယ်တို့ကို လှည်း၌ က,စေကာ ထိုနွားငယ်တို့သည် ဝန်ကိုလည်း စွန့်ကြသည်။ လှည်းတို့လည်း မလည်ပတ်ကြဟု မြင်မက်ပါသည်။

မင်းကြီး၊ ဤအိပ်မက်၏ အကျိုးသည်လည်း နောင်သောအခါ တရားမစောင့်သော မင်းတို့၏ လက်ထက်၌သာ ဖြစ်ပေါ်လိမ့်မည်။ ထိုကာလ၌ တရားမစောင့်သော မင်းတို့သည် မင်းမှုထမ်းနိုင်စွမ်းရှိသော ပညာရှိတို့ကို အမှုထမ်းခွင့်မပြု၊ တရားဆုံးဖြတ်ရာဌာနတို့၌လည်း လိမ္မာကျွမ်းကျင်သူများအား နေရာချထားမပေးကြဘဲ ထိုပညာရှင်များအောက် အလွန်ငယ်ရွယ်၍ အသိပညာနုံ့သူတို့အားသာလျှင် လခရိက္ခာပေး၍ နေရာ

http://www.dhammadownload.com



ချထားပေးကြလိမ့်မည်။ ထိုအခါ အုပ်ချုပ်ရေး အာဏာစက်တို့သည် မလည်ပတ်နိုင်ဘဲ တရားမဲ့မင်းတို့၏ အကျိုးစီးပွားကိုသာ ဆုတ်ယုတ်စေလိမ့်မည်။ ဤအိပ်မက်သည်လည်း သင်မင်းကြီးအား ဘေးမရှိနိုင်။

၅။ အရှင်ဘုရား၊ မျက်နှာနှစ်ဖက်၊ ခံတွင်းနှစ်ဖက်ရှိသော မြင်းသည် နံဘေးနှစ်ဖက်တို့မှ ပေးလာသော မုယောနှမ်းတို့ကို နှစ်ဖက်သော ခံတွင်းဖြင့် စားကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ ဤအိပ်မက်၏ အကျိုးသည်လည်း နောင်သောအခါ တရားမဲ့သောမင်းတို့၏ လက်ထက်၌သာလျှင် ဖြစ်ပေါ်လိမ့်မည်။ ထိုအချိန်၌ မင်းတို့သည် လျှပ်ပေါ်လော်လည်၍ ကောင်းမှု–မကောင်းမှုတို့ကို မသိတတ်သော လူမိုက်တို့ကို တရားသူကြီးအရာ၌ ထားကြလိမ့်မည်။ မြင်းသည် ခံတွင်းနှစ်ဖက်ဖြင့် မုယောနှမ်းကို စားသကဲ့ ထိုတရားသူကြီးမိုက်တို့သည်လည်း တရားလို၊ တရားခံ နှစ်ဖက်စလုံးမှလာသော လာဘ်လက်ဆောင်များကို စားသောက်ကြလိမ့်မည့် အတိတ်နိမိတ်သာဖြစ်သည်။


၆။ အရှင်ဘုရား၊ လူတို့သည် အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်ကို ကျင်ငယ်စွန့်ရန် မြေခွေးအိုအား ပေးရာ မြေခွေးအိုသည် ထိုရွှေခွက်၌ ကျင်ငယ်စွန့်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်သောအခါ တရားမဲ့သော မင်းတို့သည် အမျိုးကောင်းသူ၊ မျိုးရိုးမြတ်သူတို့အား ရာထူးဌာနန္တရကို မပေးကြဘဲ အမျိုးယုတ်သူတို့အားသာလျှင် ပေးကြလိမ့်မည်။ အခွင့်အာဏာတို့သည်လည်း အမျိုးယုတ်သူတို့၏ လက်ဝယ်၌သာ ရှိကြလိမ့်မည်။ ထိုအခါ အမျိုးမြတ်သူတို့သည် ဆင်းရဲနွမ်းပါးကြသဖြင့် အမှီအခိုရစေရန် အမျိုးယုတ်သူတို့အား သမီးပျိုကို ပေးကာ အသက်မွေးကြရလိမ့်မည့် အတိတ်နိမိတ်သာ ဖြစ်သည်။

၇။ အရှင်ဘုရား၊ ယောက်ျားတစ်ယောက်သည် လွန်ကြိုးကိုကျစ်၍ခြေရင်း၌ ချထားရာ ထိုယောက်ျားနေထိုင်သော အင်းပျဉ်အောက်တွင် ရှိနေသည့် မြေခွေးမသည် လွန်ကြိုးကို တိတ်တဆိတ် ခိုးယူစားသောက်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောက်ကာလတွင် မိန်းမတို့သည် ကိုယ်ကျင့်သီလပျက်စီးကာ မိမိ၏ လင်ယောက်ျားများ ပင်ပန်းကြီးစွာ ရှာဖွေထားကြရသည့် ပစ္စည်းဥစ္စာများကို လင်ယောက်ျား၏ကွယ်ရာ၌ လင်ငယ်နှင့် ခိုးယူစားသောက်ကြမည့် နိမိတ်သာ ဖြစ်သည်။

၈။ အရှင်ဘုရား၊ ကြီးစွာသော ရေပြည့်အိုးကြီးတစ်လုံးကို ရေမရှိသော အိုးများစွာတို့က ဝိုင်းရံ၍နေသည်။ လူတို့သည် အရပ်ရှစ်မျက်နှာတို့မှ ရေပြည့်



အဖြေ (၁) နွားကြီး လေးကောင် ဝေ့မည်ဟန် မြင်ကြပုံ။



အဖြေ (၁) မိုးရွာမည့်ဟန် ဆင်ပြီးမှ မရွာဘဲ ပပျောက်သွားပုံ။

ဖတ်အမှတ် - ၇၇

၁။ နွားလားလေးကောင်၊ ဝေ့မယောင်၊ ဟန်ဆောင်လွှဲသွေရှာ။
၂။ မိုးရိပ်တိမ်တောင်၊ မှိုင်းညို့မှောင်၊ လျှပ်ရောင် တစ်ချုန်းကာ။
၃။ ရွာမည့်ဟန်ပြ၊ ဆင်ပြီးမှ၊ ပျောက်ပလျှင်းမရွာ။
၄။ ကောက်နှံစပါး၊ မအောင်ပြား၊ အများငတ်မွတ်ရာ။

http://www.dhammadownload.com



အဖြေ (၂) အရွယ်နှင့်မမျှ သစ်ပင်ငယ်တို့ သီးပွင့်ပုံ။




အဖြေ (၂) အရွယ်မရောက်ခင် အိမ်ထောင်ကျပုံ။

ဖာတ်အမှတ် – ၇၇

၁။ အချိန်မကျ၊ သေးငယ်လှ၊ ရုက္ခသစ်ပင်ငယ်။
၂။ ဖူးတံငုံရင့်၊ အဆင့်ဆင့်၊ သီးပွင့်အသွယ်သွယ်။
၃။ ယောက်ျားမိန်းမ၊ ချစ်ကြိုက်ကြ၊ ငယ်လှချိန်အရွယ်။
၄။ ချင့်ထောက်မရှု၊ အိမ်ထောင်မှုပြု၍ သန္တေလွယ်။
၅။ သမီးနှင့်သား၊ မွေးပေါက်ဖွား၊ ထင်ရှားလူပြည်နယ်။

http://www.dhammadownload.com



အဖြေ (၃) နွားမကြီးက နွားကလေးနို့ကို စို့ပုံ။



အဖြေ (၃) မိဘက သားသမီးထံ ကပ်ရပ်နေရပုံ။

ဇာတ်အမှတ် - ၇၇

၁။ ထိုနေ့အံ့ဖွယ်၊ ဘွားတုံ့ခဲ့၊ နွားငယ်နို့ကိုသာ။
၂။ နွားမမိခင်၊ သောက်စို့အင်၊ ကြည့်မြင်မက်သည့်တာ။
၃။ ကျေးဖူးကြွယ်လှ၊ မိနှင့်ဖ၊ ဒုက္ခလွန်ပိုစွာ။
၄။ သားသမီးထံ၊ အောက်ကျခံ၊ စားရန်ကပ်ခိုကာ။



အဖြေ (၇) ကြိုးလွန်များကို မြေခွေးမက ခိုးစားနေပုံ။



အဖြေ (၇) အိမ်သူပျော်ပါး ကစားနေပုံ။

ဇာတ်အမှတ် - ၇၇

၁။ ယောက်ျားစင်စစ်၊ ကြိုးလွန်ကျစ်၊ ထိုင်လစ် အင်းပျဉ်မှာ။
၂။ အင်ပျဉ်အောက်က၊ မြေခွေးမ၊ ကျသည့်ကြိုးကိုသာ။
၃။ မသိရှာပြား၊ ကြိုးခွန်ဖျား၊ ခိုးစားကုန်သည့်တာ။
၄။ ကြင်သူမယား၊ လင်ငယ်ထား၊ သုံးစားကုန်ခန်းရာ



အဖြေ (၁၁) တသိန်းတန် စန္ဒကူးကို ရက်တက်ပုပ်ရည်နှင့် လဲစားပုံ။



အဖြေ (၁၁) နိဗ္ဗာန်ရရန် ဟောကြားအပ်သော တရားတော်ကို ပစ္စည်းရရန် ဟောကြားပုံ။

ဇာတ်အမှတ် – ၇၇

၁။ စန္ဒကူးမျိုး၊ လွန်မြတ်နိုး၊ အဘိုးတစ်သိန်းတန်။

၂။ ရက်တက်ကြာမြင့်၊ ပုပ်ရေနှင့်၊ မသင့်ရောင်းကြဟန်။

၃။ နိဗ္ဗာန်တိုးထား၊ မြတ်ဘုရား၊ ဟောကြားခမ္ဘန်။

၄။ အကျင့်ညစ်တည်း၊ ရှင်ဦးပြည်း၊ ပစ္စည်းရဖို့ရန်။

၅။ အလဇ္ဇီများ၊ ဟောမြွက်ကြား၊ တရားအဖန်ဖန်။

http://www.dhammadownload.com




အဖြေ (၁၃) ကျောက်ဖျာကြီး ရေပေါ်တွင်ပေါ်ပုံ။



အဖြေ (၁၃) သူတော်ကောင်းတို့စကားကို ပရိသတ်များ မနှစ်သက်ဘဲ ရှောင်လွှဲပယ်စွန့်ကြပုံ။

၁။ ကျောက်ဝဲုံးကြီးပင်၊ လှေအသွင်၊ ရေတွင်ပေါ်မျောလာ။
၂။ သူတော်ကောင်းများ၊ ဆိုစကား၊ အများပြောင်လှောင်ကာ။
၃။ အပေါ်ယံပင်၊ သုံးမဝင်၊ ထင်မြင်မလိုက်နာ။
၄။ လူယုတ်စကား၊ ပြောဆိုငြား၊ လေးစားအရာရာ။
၅။ ကျနသက်ဝင်၊ သဘောတွင်၊ ကြည်လက်လေးမြတ်စွာ



အဖြေ (၁၄) မြွေကြီးကို ဖားမယ်က ကိုက်စားပုံ။



အဖြေ (၁၄) မိန်းမငယ်ကလေးက လင်ယောကျ်ားကြီးကို အနိုင်ကျင့်ပုံ။

ဇာတ်အမှတ် - ၇၇

၁။ သေးလှအရွယ်၊ ဖားမငယ်၊ ကြောက်ဖွယ်မြွေကြီးကို။
၂။ ကြာစွယ်ပမာ၊ ကိုက်ဖြတ်ကာ၊ မကြာစားလို့မျို။
၃။ ညစ်ညမ်းဆိုးကျယ်၊ မိန်းမငယ်၊ သွယ်သွယ်မာနပို။
၄။ အနိုင်ကျင့်ပြား၊ ကျွန်အလား၊ စော်ကားကိုယ့်လင်ကို။



အဖြေ (၁၅) ကျီးကို ရွှေဟင်္သာများက ခြံရံနေပုံ။




အဖြေ (၁၅)သူတော်ကောင်းများက သူယုတ်မာကို မှီခိုခြံရံနေကြရပုံ။

ဇာတ်အမှတ် – ၇၇

၁။ ရွှေရောင်အလား၊ တင့်တယ်ပြား၊ ငှက်များရွှေဟင်္သာ။
၂။ သူယုတ်မှန်ပင်၊ ကျီးနက်တွင်၊ ဝန်းကျင်ခြံရံကာ။
၃။ မျိုးမမြတ်သူ၊ တံခွန်ထူ၊ မင်းမူထိုခေတ်မှာ။
၄။ အမျိုးမြတ်များ၊ ဆင်းရဲပွား၊ ခစားဝပ်ညှောင်းရှာ။



အဖြေ (၁) နွားကြီး လေးကောင် ဝှေ့မည်ဟန် ပြင်ကြပုံ။



အဖြေ (၁) မိုးရွာမည့်ဟန် ဆင်ပြီးမှ မရွာဘဲ ပျောက်သွားပုံ။

ဇာတ်အမှတ် – ၇၇

၁။ နွားလားလေးကောင်၊ ဝှေ့မယောင်၊ ဟန်ဆောင်လွှဲသွေခွာ။

၂။ မိုးရိပ်တိမ်တောင်၊ မှိုင်းညို့မှောင်၊ လျှပ်ရောင် တစ်ချျန်းကာ။

၃။ ရွာမည့်ဟန်ပြ၊ ဆင်ပြီးမှ၊ ပျောက်ပလျှင်းမရွာ။

၄။ ကောက်နှံစပါး၊ မအောင်ပြား၊ အများငတ်မွတ်ရာ။

http://www.dhammadownload.com



အဖြေ (၂) အချိန်ကျမှ သစ်ပင်ပေါက်တို့ သီးပွင့်ပုံ။



အဖြေ (၂) အချိန်စောစွာ အိမ်ထောင်ကျပုံ။

ဓာတ်အမှတ် – ၇၇

၁။ အချိန်မကျ၊ သေးငယ်လှ၊ ရုက္ခသစ်ပင်ငယ်။

၂။ ဖူးတံငုံရင့်၊ အဆင့်ဆင့်၊ သီးပွင့်အသွယ်သွယ်။

၃။ ဇယာကျားမိန်းမ၊ ချစ်ကြိုက်ကြ၊ ငယ်လှချိန်အရွယ်။

၄။ ချင့်ထောက်မရှု၊ အိမ်ထောင်မှုပြု၍ သနွေလွယ်။

၅။ သမီးနှင့်သား၊ မွေးပေါက်ပွား၊ ထင်ရှားလှုပြည်နယ်။



အဖြေ (၃) နွားမကြီးက နွားကလေးနို့ကို စို့ပုံ။



အဖြေ (၃) မိဘက သားသမီးထံ ကပ်ရပ်နေရပုံ။

ဖတ်အမှတ် - ၇၇

၁။ ထိုနေ့အံ့ဖွယ်၊ ဘွားတုံ့ခဲ့၊ နွားငယ်နို့ကိုသာ။

၂။ နွားမမိခင်၊ သောက်စို့အင်၊ ကြည့်မြင်မက်သည်တာ။

၃။ ကျေးဖူးကြွယ်လှ၊ မိနှင့်ဖ၊ ဒုက္ခလွန်ပိုစွာ။

၄။ သားသမီးထံ၊ အောက်ကျခံ၊ စားရန်ကပ်ခိုကာ။

http://www.dhammadownload.com

http://www.dhammadownload.com



အဖြေ (၇) ကြိုးလွှန်များကို မြေခွေးမက ခိုးစားနေပုံ။



အဖြေ (၇) အိမ်သူပျော်ပါး ကစားနေပုံ။

ဇာတ်အမှတ် – ၇၇

၁။ ယောက်ျားစင်စစ်၊ ကြိုးလွှန်ကျစ်၊ ထိုင်လစ် အင်းပျဉ်မှာ။

၂။ အင်းပျဉ်အောက်က၊ မြေခွေးမ၊ ကျသည့်ကြိုးကိုသာ။

၃။ မသိရှာပြား၊ ကြိုးခွန်ဖျား၊ ခိုးစားကုန်သည့်တာ။

၄။ ကြင်သူမယား၊ လင်ငယ်ထား၊ သုံးစားကုန်ခန်းရာ

http://www.dhammadownload.com



အဖြေ (၁၁) တသိန်းတန် စန္ဒကူးကို ရက်တက်ပုပ်ရည်နှင့် လဲစားပုံ။




အဖြေ (၁၁) နိဗ္ဗာန်ရရန် ဟောကြားအပ်သော တရားတော်ကို ပစ္စည်းရရန် ဟောကြားပုံ။

ဇာတ်အမှတ် - ၇၇

၁။ စန္ဒကူးမျိုး၊ လွန်မြတ်နိုး၊ အဘိုးတစ်သိန်းတန်။
၂။ ရက်တက်ကြာမြင့်၊ ပုပ်ရေနှင့်၊ မသင့်ရောင်းကြဟန်။
၃။ နိဗ္ဗာန်တိုးထား၊ မြတ်ဘုရား၊ ဟောကြားဓမ္မခန်။
၄။ အကျင့်ညစ်တည်း၊ ရှင်ဦးပြည်း၊ ပစ္စည်းရဖို့ရန်။
၅။ အလဇ္ဇီများ၊ ဟောမြွက်ကြား၊ တရားအဖန်ဖန်။

http://www.dhammadownload.com






အဖြေ (၁၃) ကျောက်ဖျာကြီး ရေပေါ်တွင်ပေါ်ပုံ။



အဖြေ (၁၃) သူတော်ကောင်းတို့စကားကို ပရိသတ်များ မနှစ်သက်ဘဲ ရှောင်လွှဲပယ်စွန့်ကြပုံ။

၁။ ကျောက်တုံးကြီးပင်၊ လှေအသွင်၊ ရေတွင်ပေါ်မျောလာ။
၂။ သူတော်ကောင်းများ၊ ဆိုစကား၊ အများပြောင်လှောင်ကာ။
၃။ အပေါ်ယံပင်၊ သုံးမဝင်၊ ထင်မြင်မလိုက်နာ။
၄။ လူယုတ်စကား၊ ပြောဆိုငြား၊ လေးစားအရာရာ။
၅။ ကျနသက်ဝင်၊ သဘောတွင်၊ ကြည်လက်လေးမြတ်စွာ

http://www.dhammadownload.com



အဖြေ (၁၄) မြွေကြီးကို ဖားမငယ်က ကိုက်စားပုံ။



အဖြေ (၁၄) မိန်းမငယ်ကလေးက လင်ယောက်ျားကြီးကို အနိုင်ကျင့်ပုံ။

ဇာတ်အမှတ် - ၇၇


၁။ သေးလှအရွယ်၊ ဖားမငယ်၊ ကြောက်ဖွယ်မြွေကြီးကို။

၂။ ကြာစွယ်ပမာ၊ ကိုက်ဖြတ်ကာ၊ မကြာစားလို့မျို။

၃။ ညစ်ညမ်းဆိုးကျယ်၊ မိန်းမငယ်၊ သွယ်သွယ်မာနပို။

၄။ အနိုင်ကျင့်ပြား၊ ကျွန်အလား၊ စော်ကားကိုယ့်လင်ကို။

http://www.dhammadownload.com



အဖြေ (၁၅) ကျီးကို ရွှေဟသာများက ခြံရံနေပုံ။



အဖြေ (၁၅)သူတော်ကောင်းများက သူယုတ်မာကို မှီခိုခြံရံနေကြရပုံ။

ဇာတ်အမှတ် – ၇၇

၁။ ရွှေရောင်အလား၊ တင့်တယ်ပြား၊ ငှက်များရွှေဟသာ။
၂။ သူယုတ်မှန်ပင်၊ ကျီးနက်တွင်၊ ဝန်းကျင်ခြံရံကာ။
၃။ မျိုးမမြတ်သူ၊ တံခွန်ထူ၊ မင်းမှုထိုခေတ်မှာ။
၄။ အမျိုးမြတ်များ၊ ဆင်းရဲပွား၊ ခစားဝပ်ညောင်းရှာ။

http://www.dhammadownload.com



အိုး ကိုယ်စီဖြင့် ရောက်လာကြပြီးလျှင် ရေပြည့်အိုးကြီး၌ ရေများလောင်း ထည့်ကြပါသည်။ ဗိုင်းရံထားသော ရေမဲ့အိုးများကိုမူ ကြည့်ရှုသူမျှပင် မရှိပါ။ ဤသို့မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမဲ့သောမင်းများလက်ထက်၌ မင်းတို့သည် ပြည်သူများကို မင်းတို့အကျိုးစီးပွားအတွက်သာ ကောက်၊ ပဲ၊ ကြံ၊ တင်လဲ၊ ပန်းအမျိုးမျိုးနှင့် သစ်သီးစုံတို့ကို စိုက်ပျိုးစေပြီး မင်း၏ ကျီ(ဂိုဒေါင်)၌သာလျှင် ဖြည့်သွင်းပေးကြလိမ့်မည်။ ပြည်သူတို့၏ အိမ်များမှ အချည်းနှီးဘာမျှမရှိဖြစ်နေသော ကျီများကိုမူ ဖြည့်ပေးသူ မရှိ၍ တိုင်းသူပြည်သားတို့ ဆင်းရဲကြလိမ့်မည့် အတိတ်နိမိတ် ဖြစ်သည်။

၉။ အရှင်ဘုရား၊ ကြာမျိုးငါးပါးတို့ဖြင့် ဖုံးလွှမ်းအပ်သော ရေကန်ကြီးတွင် ကန်လည်မှရေသည် နောက်၍ ကမ်းစပ်နားမှရေသည် ကြည်လင်နေသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါမင်းတို့သည် တရားပျက်ကြသဖြင့် ပြည်သူတို့ထံမှ နည်းမျိုးစုံဖြင့် အခွန်အတုတ်များ ကောက်ခံကြလိမ့်မည်။ ကောက်ခံဖနိပ်မှုလတ်သော် ပြည်သူတို့သည် ပေးရန်မတတ်နိုင်ကြတော့သဖြင့် မြို့၊ ရွာကြီး၊ ရပ်ကြီးများကို စွန့်ခွာ၍ ပြေးကြကာ နယ်စွန်နယ်ဖျားများတွင် သွားရောက်နေထိုင်ကြလိမ့်မည်။ ထို့ကြောင့် မြို့ပြများသည် ဆိတ်သုဉ်း၍ နယ်စွန်နယ်ဖျားများတွင် စည်ကားလိမ့်မည့် အတိတ်နိမိတ် ဖြစ်သည်။

၁၀။ အရှင်ဘုရား၊ အိုးတစ်လုံးတည်းဖြင့်ချက်သော ထမင်းသည် တစ်ခြမ်းက ပျော့၍ တစ်ခြမ်းက မနပ်ဘဲ၊ ကျန်တစ်ခြမ်းသည် ကောင်းစွာကျက်၍ ထမင်းကောင်း ဖြစ်နေသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမစောင့်သောမင်းများ၏လက်ထက်တွင် မိုးသည် ညီမျှစွာ မရွာသဖြင့် အချို့အရပ်တွင် မိုးခေါင်၍ အချို့အရပ်တွင် မိုးလွန်ပြီး အချို့အရပ်တွင် မိုးမှန်ပေလိမ့်မည်။ မိုးခေါင်ရာဒေသ၌ ကောက်ပင်တို့သည် ညှိုးနွမ်းကြပြီး မိုးလွန်ရာဒေသ၌ ကောက်ပင်တို့သည် ပျက်စီးကြလိမ့်မည်။ မိုးမှန်ရာ ဒေသ၌သာလျှင် ကောက်စပါးစသည်တို့ ဖြစ်ထွန်းလိမ့်မည့် အတိတ်နိမိတ်ဖြစ်သည်။

၁၁။ အရှင်ဘုရား၊ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုပ်ရည်ဖြင့် ရောင်းစားသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ ငါဘုရား၏သာသနာတော် ဆုတ်ယုတ်ချိန်တွင် ပစ္စည်းလော်လည်ကြသည့် အလဇ္ဇီရဟန်းတို့သည် သက်န်းအစရှိသော ပစ္စည်းလာဘ်လာဘများကို မျှော်လင့်၍ ငါဘုရား၏ တရားဒေသနာတော်များကို ဟောကြားကြလိမ့်မည်။

http://www.dhammadownload.com



အသပြာမက် ရဟန်းပျက်အချို့တို့သည်လည်း လမ်းဆုံ လမ်းမ အစရှိသည်တို့၌နေ၍ ကျပ်၊ ပြား၊ မူး၊ မတ် စသော အသပြာများကို လိုလားသဖြင့် တရားဟောကြားကြလိမ့်မည်။ အဖိုးတစ်သိန်းထိုက်သော စန္ဒကူးနှစ်ကို ရက်တက်ပုပ်ရည်ဖြင့် ရောင်းစားသကဲ့သို့ နိဗ္ဗာန်မဂ်ဖိုလ်ကိုပေးနိုင်သော တန်ဖိုးရှိသော ငါဘုရား၏ တရားဒေသနာတော်များကိုလည်း ပစ္စည်းလေးပါး လာဘ်လာဘကိုမျှော်၍ ဟောကြားကြမည့် အတိတ်နိမိတ်သာဖြစ်သည်။

၁၂။ အရှင်ဘုရား၊ ဘူးတောင်းတို့သည် ရေထဲတွင် မြုပ်နေကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါ တရားမစောင့်သော မင်းများ၏လက်ထက်၌ ဘူးတောင်းနှင့်တူသည့် လူယုတ်လူဖျင်း၏စကားသည်လည်းကောင်း၊ သီလမရှိသည့် ရဟန်းယုတ်တို့၏စကားသည်လည်းကောင်း အရာရာတိုင်းတွင် အောင်မြင်၍ လူလိမ္မာ ပညာရှိတို့၏စကားသည် တန်ဖိုးမရှိဖြစ်လိမ့်မည့်အတိတ်နိမိတ်ဖြစ်သည်။

၁၃။ အရှင်ဘုရား၊ အိမ်လုံးမျှပမာဏရှိသော ကျောက်ဖျာကြီးသည် ရေ၌ပေါ်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ တရားမစောင့်သောမင်းများ၏လက်ထက်သို့ရောက်သောအခါ အမျိုးယုတ်သူများသာလျှင် အရာဌာနတိုင်းတွင် ထင်ရှားလူသိများကာ အရိုအသေပြုခြင်းကို ခံကြရလိမ့်မည်။ ပညာရှိ လူလိမ္မာ၊ ရဟန်းလိမ္မာများ၏ ပြောစကားများသည်ကား ဩဇာသက်ရောက်မှု ရှိလိမ့်မည်မဟုတ်။ ထိုပုဂ္ဂိုလ်များ စကားပြောဆိုလေလျှင် "ဤသူတို့သည် အဘယ်စကားကို ပြောဆိုနေကြသနည်း"ဟု လူယုတ်တို့၏ ပြက်ရယ်ပြုခြင်းကို ခံကြရလိမ့်မည့် အတိတ်နိမိတ်ဖြစ်သည်။

၁၄။ အရှင်ဘုရား၊ ဖားမငယ်သည် မြွေဟောက်များကို ဖမ်းယူ၍ စားသောက်သည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ လူတို့သက်တမ်းဆုတ်ယုတ်သော နောင်အခါ၌ လူတို့သည် ရာဂစိတ်ပြင်းထန်သဖြင့် မိမိတို့အောက် အလွန့်အလွန်ငယ်သောမယားများကိုယူ၍ လွန်စွာ အလိုလိုက်ကြလိမ့်မည်။ မယားများသည် မိမိတို့၏ လင်ယောကျ်ားအပေါ်၌ ရှိသေခန့်ညားမှု မရှိကြဘဲ ဆဲရေးတိုင်းထွာခြင်း ပြုကြလိမ့်မည်။ လင်ယောကျ်ားများကို ကျွန်အစေအပါးသဖွယ် ဆက်ဆံကြလိမ့်မည့် အတိတ်နိမိတ်ဖြစ်သည်။

http://www.dhammadownload.com



၁၅။ အရှင်ဘုရား၊ ကျီးငှက်များကို ရွှေဟင်္သာများက ဝိုင်းရံ၍ ခစားနေကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်အခါတွင် မင်းများသည် အမျိုးကောင်းသားတို့အား ရာထူးဌာနန္တရများ မပေးကြဘဲ ဆတ္တာသည်(ဆံပင်ရိတ်သမား) အစရှိသောသူတို့အားသာလျှင် ပေးကြပေလိမ့်မည်။ ထို့ကြောင့် အမျိုးမြတ်သူတို့သည် အာဏာရှိသူ အမျိုးယုတ်တို့အား ဝိုင်းရံ၍ ခစားကြရမည့် အတိတ်နိမိတ်ဖြစ်သည်။

၁၆။ အရှင်ဘုရား၊ ဆိတ်တို့သည် သစ်ကျားတို့ကိုသတ်စားကြသဖြင့် သစ်ကျားတို့သည် ဆိတ်တို့ကိုမြင်လျှင် ကြောက်၍ အဝေးသို့ ပြေးကြသည်ဟု မြင်မက်ပါသည်။

မင်းကြီး၊ နောင်သောအခါ တရားမစောင့်သော မင်းတို့၏လက်ထက်၌ အမျိုးယုတ်သူတို့သည် မင်းနှင့် ချစ်ကျွမ်းဝင်ကြကာ မင်းနှင့်ပေါင်း၍ အမျိုးမြတ်သူများကို နှိပ်စက်ကြလိမ့်မည်။ ထို့ကြောင့် အမျိုးယုတ်သောသူတို့သည် လည်းကောင်း၊ အကျင့်ယုတ်သော ရဟန်းများသည်လည်းကောင်း၊ နှိပ်စက်ကြသဖြင့် အမျိုးမြတ်သူ၊ သီလရှိသူတို့သည် ဝေးရာသို့ ပြေးရှောင်ကြလိမ့်မည်။ တောချုံများသို့ဝင်၍ ပုန်းနေကြလိမ့်မည့် အတိတ်နိမိတ်သာ ဖြစ်သည်။

'မင်းကြီး၊ ဤအိပ်မက်ဟူသော အကြောင်းကြောင့် သင်မင်းကြီးတွင် ဘေးမရှိ။ ဤအိပ်မက်များအားလုံးသည် နောင်အနာဂတ်ကာလကိုစွဲ၍ မြင်မက်သော အိပ်မက်များချည်း ဖြစ်သည်။ ပုဏ္ဏားတို့သည် များစွာသော ဥစ္စာတို့ကို ရလိုကြ၍ မဟုတ်မမှန် ပြောဆိုကြခြင်းသာ ဖြစ်သည်။

မြတ်စွာဘုရားသည် ကောသလမင်း၏ တစ်ဆယ့်ခြောက်ချက်သော အိပ်မက်များကို ဤသို့ဟောကြားတော်မူပြီးလျှင် 'မင်းကြီး ယခုဘဝ၌ သင်မင်းကြီးသာလျှင် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်သည်မဟုတ်သေး၊ ရှေးမင်းတို့သည်လည်း မြင်မက်ဖူးကြကုန်ပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေထိုင်သည်။ ထိုအခါ ဗြဟ္မဒတ်မင်းကြီးသည် ကောသလမင်းကဲ့သို့ပင် တစ်ဆယ့်ခြောက်ချက်သော အိပ်မက်တို့ကို မြင်မက်ခဲ့ရာ ပုဏ္ဏားများသည်

http://www.dhammadownload.com



ယဇ်ပူဇော်ရန် ပြင်ဆင်ကြသည်။ ပုရောဟိတ်၏ ပညာရှိ လူလိမ္မာ တပည့်ထုစ်ယောက်က ထိုယဇ်ပူဇော်ခြင်းကို မနှစ်သက်၍ 'ဆရာ၊ ဗေဒင်ကျမ်းတို့၌ တစ်ယောက်သောသူကို သတ်၍ တစ်ယောက်သောသူအား ချမ်းသာစေခြင်းကို ခွင့်ပြုပါ၏လော' ဟု ဆရာအား မေးသည်။ သို့ရာတွင် ဆရာသည် သူ့စကားကို လက်မခံဘဲ မင်းထံမှ ဥစ္စာများစွာတို့ကို သာ ရယူလိုသည်။ ထို့ကြောင့် တပည့်လူငယ်သည် ဆရာ့ထံမှ ထွက်ခွာကာ မင်းဥယျာဉ် တော်သို့ ရောက်လာခဲ့သည်။

ထိုအချိန်တွင် ဟိမဝန္တာ၌နေသော ဘုရားလောင်းရသေ့သည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူ၍ မင်းဥယျာဉ်အတွင်း မင်္ဂလာကျောက်ဖျာပေါ်၌ ထိုင်နေသည်။ နန်းတွင်းမှ ထွက်ခွာလာခဲ့သော ပုရောဟိတ်၏တပည့် လူငယ်သည် ဥယျာဉ်အတွင်း၌ ရသေ့ကြီးနှင့် တွေ့ဆုံသည်။ ရသေ့ကြီးက 'မင်းသည် တရားသဖြင့် မင်းပြုပါ၏လော' ဟု မေးရာ လူငယ်က 'မင်းသည် တရားစောင့်ပါသည်။ သို့ရာတွင် မင်းသည် တစ်ဆယ့်ခြောက်ချက် သော အိပ်မက်များကို မြင်မက်၍ ပုဏ္ဏားများက ယဇ်ပူဇော်ရန် ပြင်ဆင်နေကြပါသည်။ အိပ်မက်များ၏ အကျိုးသွားများကို အရှင်ဘုရားသည် မင်းအားသိစေ၍ သတ္တဝါများအား ဆင်းရဲမှလွတ်မြောက်အောင် ကယ်တော်မူပါ' ဟု လျှောက်ထားသည်။ ရသေ့ကြီးက 'မင်းသည် ငါ့ကို လာရောက်မေးမြန်းခဲ့လျှင် ငါသည် ထိုအိပ်မက်များ၏ အကျိုးများကို ဟောကြားမည်'ဟု ဆိုသည်။

ထို့ကြောင့် လူငယ်သည် နန်းတွင်းသို့ ပြန်သွားပြီး မင်းကြီးကို ခေါ်ဆောင်၍ ပြန်ရောက်လာသည်။ ရသေ့ကြီးက မင်းကြီးအား အိပ်မက်များကို လျှောက်ထားစေခိုင်းရာ မင်းကြီးသည် ကောသလမင်းကြီးမြင်မက်သည့် အိပ်မက်များအတိုင်းပင် လျှောက်ဆို သည်။ ထိုအခါ ရသေ့ကလည်း အိပ်မက်၏အကျိုးများကို မြတ်စွာဘုရား ဖြေဆိုသည်နှင့် အတူ ဖြေဆိုတော်မူသည်။ ထိုအဖြေများကြောင့်ပင် များစွာသော ယဇ်ကောင်များသည် လည်း အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊
တပည့်လုလင်-အရှင်သာရိပုတ္တရာ၊ ရသေ့-ဗုဒ္ဓ၊

အနှစ်ချုပ်။ ။ ပညာရှိတစ်ဦးရှိလျှင် သတ္တဝါအများချမ်းသာနိုင်သည်။

http://www.dhammadownload.com



# ၇၈။ ကုဏ္ဍလိသဇာတ်

## သိကြားမင်းဆုံးမရသူ

### ပစ္စုပ္ပန်ဝတ္ထု

ရာဇဂြိုဟ်မြို့အနီး သက္ကာရနိဂုံး၌ 'မစ္ဆရိယ'မည်သော ကုဋေရှစ်ဆယ်ကြွယ်သည့် သူဌေးကြီးသည် ရှိ၏။ သူသည်တစ်ပါးသူတို့အား မြက်ဖျားနှင်းပမာဏရှိသည့် ဆီတစ်ပေါက်ကိုမျှ မပေးဘူးချေ။ အလွန်စေးနဲ၏။ တစ်နေ့မင်းကြီးထံစေခစားရန်လာသော သူဌေးကြီးသည် ဇနပုဒ်သားတို့ အိုးကင်းဖြင့် ကြော်သော မုယောမုန့်ကို စားသည်ကို မြင်သဖြင့် အလွန်ချင်ခြင်းဖြစ်၏။ လူအများအား ပေးဝေမစားနိုင်သဖြင့် ဘုံခုနစ်ဆင့်ရှိသည့် ပြာသဒ်ထက်၌ မယားနှင့်အတူတက်၍ မုန့်ကိုကြော်ရန် စီစဉ်သည်။ ထိုစဉ် မြတ်စွာဘုရား၏ မိန့်မှာချက်ကြောင့် ကြွရောက်လာသော အရှင်မဟာမောဂ္ဂလာန်ကို လေသာပြတင်းတံခါးအနီး၌ ရပ်လျက်ရှိသည်ကို တွေ့ရ၏။ သူဌေးက မလှူလိုသဖြင့် အရှင်မဟာမောဂ္ဂလာန်အား အမျိုးမျိုးပြောကာ နေနိုင်းသည်။ အရှင်မဟာမောဂ္ဂလာန်ကလည်း သူဌေးပြောတိုင်းနေသည်။ အခိုးလွှတ်သော်လည်း မလှူနိုင်ဟု ပြောသဖြင့် အရှင်က အခိုးလွှတ်တော်မူ၏။ ဤရဟန်းသည် အလွန်တစ်စွမ်းနိုင်၏။ မုန့်ကို မရလျှင် သွားမှာမဟုတ်ဟု တွေးပြီး မယားအား အသေးဆုံးမုန့်တစ်ခုကို လုပ်ခိုင်းသည်။ မုန့်သည် အိုးကင်းတစ်ခုလုံး ပြည့်လျှံသွားသည်။ မယားလုပ်သူထံမှ ယောက်မကို ယူပြီး ကိုယ်တိုင်ကြော်၏။ မုန့်သည် ရှေးကထက် ပိုကြီးလာသည်။ မတတ်နိုင်သဖြင့် မုန့်တစ်ခုယူ၍ ပေးရန် မယားအား ပြောသည်။ မုန့်တစ်ခုကိုယူ၍မရ၊ အကုန်လုံးကပ်ပါလာသည်။ နောက်ဆုံး တစ်တောင်းလုံးကို လှူသည်။ အရှင်မဟာမောဂ္ဂလာန်က သာဓုအနုမောဒနာတရားဟောကြားအပြီး၌ မြတ်စွာဘုရားကိုယ်တော်တိုင် ဤမုန့်ကို ဘုဉ်းပေးရန် ရဟန်းငါးရာနှင့်အတူ ဇေတဝန်ကျောင်းတော်၌ စောင့်နေသည် ပြောဆို၍ မထေရ်၏တန်ခိုးဖြင့် မြတ်စွာဘုရားထံမှောက် ရောက်သွားပြီး မုန့်ကို ဆက်ကပ်သည်။ မြတ်စွာဘုရားနှင့်တကွ ရဟန်းငါးရာတို့ ဘုဉ်းပေးသော်လည်း မုန့်သည် မကုန်ချေ။ ထိုနောက် မြတ်စွာဘုရားက တရားဟောတော်မူရာ သူဌေးလင်မယားနှစ်ဦးစလုံးသောတာပန်တည်လေသည်။ ဤအကြောင်းနှင့် ပတ်သက်၍ အတိတ်ကို ဆောင်တော်မူကာ ဇာတက ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဆက္ကာသည် (ဆံပင်ရိတ်သမား)မျိုး၌ ဖြစ်နေသည်။ ထိုမြို့၌ 'ဣလ္လိသ'မည်သော ကုဋေရှစ်ဆယ်ကြွယ်ဝသူ သူဌေးကြီးတစ်ယောက်ရှိသည်။ သူသည် ခြေခွင်သည်၊ လက်ကောက်သည်၊ မျက်လုံးစွေသည်၊ သဒ္ဓါတရားမရှိ၊ ဝန်တိုတတ်သည်။ သူပိုင်ပစ္စည်းဥစ္စာများကို ကိုယ်တိုင်လည်းမသုံး၊ သူတစ်ပါးကိုလည်း ပေးကမ်းလှူမရှိချေ။ သို့ရာတွင် သူ့မိဘများသည် မျိုးရိုး ခုနစ်ဆက်တိုင်အောင် အလှူရှင်များ ဖြစ်ခဲ့ကြသည်။ သူ သူဌေးအရာကို

http://www.dhammadownload.com



ရလာသည်ဆိုလျှင်ပင် မိဘများလက်ထက်က ဆောက်လုပ်ထားခဲ့သော အလှူမဏ္ဍပ်ကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။

တစ်နေ့သောအခါ ဗ္ဗလ္လိသသူဌေးသည် မင်းကိုခစားရာမှ ပြန်အလာ လမ်းတွင် လူတစ်ယောက် အရက်သောက်နေသည်ကို မြင်ခဲ့ရာမှ သူလည်း အရက်သောက်ချင်လာသည်။ သို့ရာတွင် အိမ်မှာသောက်လျှင် သူတစ်ပါးအား ပေးရမည်ကို စိုးရိမ်၍ အခိုင်းအစေများအား အသပြာတစ်ပဲပေး၍ အရက်ဝယ်ခိုင်းသည်။ ထိုအရက်ကို မြို့အပြင်ရှိ ချုံတစ်ခုထဲ၌သွား၍ ထားစေသည်။ ထိုနောက် သူတစ်ယောက်တည်း သွား၍ သောက်သည်။

ထိုအချိန်တွင် ဗ္ဗလ္လိသ၏အဖသည် နတ်ပြည်၌သိကြားမင်းဖြစ်လျက်ရှိ၏။ 'ငါသည် ဗ္ဗလ္လိသအား ကံ-ကံ၏အကျိုးတရားများကို သိစေ၍ အလှူဒါနများ ပြုစေမည်' ဟု နှလုံးသွင်းလျက် လူ့ပြည်သို့ ဆင်းလာခဲ့သည်။ ထို့နောက် ဗ္ဗလ္လိသနှင့်တူစွာ ဖန်ဆင်း၍ နန်းတော်ထဲသို့ဝင်ကာ မင်းအား ရှိခိုးဦးချသည်။

မင်းက 'သူဌေးကြီး အချိန်အခါမဟုတ် အဘယ့်ကြောင့် လာခဲ့ရသနည်း' ဟု မေးရာ မိမိပိုင်ဆိုင်သည့် ကုဋေရှစ်ဆယ် တန်ဖိုးရှိသော ဥစ္စာများကို အရှင်မင်းကြီးအား ဆက်သလို၍ လာခဲ့ရပါသည်ဟု လျှောက်တင်သည်။ မင်းက လက်မခံသဖြင့် သိကြားမင်းက အရှင်မင်းကြီး လက်မခံလျှင် စိတ်ရှိတိုင်း အလှူပေးမည်ဟုဆို၍ ဗ္ဗလ္လိသသူဌေး အိမ်သို့ လာခဲ့သည်။ အိမ်ပေါ်သို့တက်မိသည်ဆိုလျှင်ပင် တံခါးမှူးကိုခေါ်၍ 'အကယ်၍ ငါနှင့် ရုပ်ချင်းတူသူ တစ်ဦးဦးလာ၍ ဤအိမ်သည် ငါ့အိမ်ဖြစ်သည်ဟုဆိုပြီး အိမ်ထဲဝင်ရန် ကြိုးစားလျှင် ထိုသူအား ကျောကုန်းကို ကြိမ်ဖြင့်ရိုက်၍ နှင်ထုတ်လော့' ဟု မှာထားခဲ့သည်။

ထို့နောက် သူဌေးကတော်ကိုခေါ်၍ 'ရှင်မ၊ အလှူပေးကြစို့' ဟု ဆိုသည်။ သူဌေးကတော်က သဘောတူသည်။ သိကြားမင်းသည် စည်တီးသမားတစ်ယောက်ကိုခေါ်ပြီး ရွှေ၊ ငွေ စသော ရတနာပစ္စည်းများကို အလိုရှိသူတို့သည် ဗ္ဗလ္လိသသူဌေးအိမ်သို့ လာရောက်၍ ယူဆောင်ကြကုန်' ဟု စည်လည်စေရန် ညွှန်ကြားလိုက်သည်။ စည်လည်သံကြောင့် ပြည်သူများသည် ဗ္ဗလ္လိသသူဌေးအိမ်သို့ ရောက်လာကြသဖြင့် သိကြားမင်းက ထိုသူတို့အား ရတနာတိုက်ကိုဖွင့်ကာ အလိုရှိသမျှ ယူစေသည်။

သူတို့အထဲမှ ကျေးလက်သားတစ်ယောက်သည် ဗ္ဗလ္လိသသူဌေး၏ နွားနှင့် ရထားကို ရသွားသည်။ ရထားပေါ်သို့ ရတနာများတင်ပြီး မြို့မှမောင်းထွက်လာရာ ဗ္ဗလ္လိသသူဌေး အရက်သောက်နေသော ချုံအနီးသို့အရောက်တွင် 'ဗ္ဗလ္လိသသူဌေး၊ ငါသည်

http://www.dhammadownload.com



သင့်ကိုမှီ၍ အသက်ထက်ဆုံး ချမ်းသာခဲ့ပြီ၊ ဤနွားနှင့်ရထားသည်လည်းကောင်း၊ ရတနာ ခုနစ်ပါး သည်လည်းကောင်း သင်၏ဥစ္စာတည်း၊ ငါ့မိဘတို့ပေးသောဥစ္စာမဟုတ်၊ သင့်ကို မှီ၍ ရအပ်သော ဥစ္စာများ ဖြစ်သည်။ အရှင်သူဌေးကြီး၊ သင်သည် သက်တော်ရာကျော် ရှည်ပါစေသတည်း'ဟု ကျေးဇူးတင်စကား ကြွေးကြော်၍ သွားသည်။

တုလ္လိသသည် ထိုအသံကြားရလျှင် ဤပစ္စည်းများသည် ငါ့နွားနှင့် ငါ့ရထားတို့ တည်းဟု နှုတ်မှဆိုသည်။ ထိုအခါ ကျေးလက်သားက ရထားပေါ်မှ ခုန်ဆင်းကာ 'ဟယ်... ကျွန်ယုတ်၊ တုလ္လိသသူဌေးကြီးသည် မြို့သူမြို့သားများကို အလှူပေးနေသည်။ သင်သည် အဘယ်သို့ ဖြစ်နေရသနည်း'ဟု ပြောပြီးလျှင် တုလ္လိသကို တွန်းထိုးရိုက်ပုတ်ပစ်ခဲ့သည်။ တုလ္လိသလည်း အမူးပျောက်သွားပြီး အိမ်သို့ အလျင်စလို ပြန်လာခဲ့ရာ ဥစ္စာယူလာသူများကို လိုက်လံဆွဲ၏။ ထိုသူတို့က သူ့ကို ရိုက်ပုတ်တွန်းကန်ပစ်ခဲ့ကြပြန်သည်။ သူသည် အိမ်သို့ ဆက်၍လာခဲ့ရာ တံခါးမှူးသည် သူ့အား အိမ်တွင်းသို့ ဝင်ခွင့်မပေး။ သို့ဖြင့် သူသည် နောက်ဆုံး မင်းထံသို့ သွားလျက် အလှူပေးသူမှာ သူမဟုတ်၊ အလှူပေးသူကို ခေါ်ယူ စစ်ဆေးမှုပြုရန် လျှောက်တင်သည်။

ထို့ကြောင့် မင်းသည် တုလ္လိသယောင်ဆောင်ထားသော သိကြားမင်းကို ခေါ်စေ၍ သူတို့နှစ်ယောက် တွေ့ဆုံပေးသည်။ သို့ရာတွင် မည်သူက တုလ္လိသအစစ်ဖြစ်၍ မည်သူက အတုဖြစ်သည်ကို တစ်စုံတစ်ယောက်မျှ မသိနိုင်ကြ။ တုလ္လိသ၏ဇနီး၊ သားသမီးများကမူ သိကြားမင်းကိုသာ တုလ္လိသအစစ်ဖြစ်ကြောင်း ထောက်ခံကြသည်။ ထိုအခါ တုလ္လိသသည် သူ့ခေါင်းပေါ်တွင် မှဲ့တစ်လုံးရှိပါသည်။ ယင်းမှဲ့ကို ဆံပင်ရိတ်သမား သိပါသည်။ ဆံပင် ရိတ်သမားကို ခေါ်၍ စစ်ဆေးတော်မူပါဟု မင်းအား လျှောက်သည်။ မင်းသည် ဆံပင် ရိတ်သမားကိုခေါ်၍ တုလ္လိသအစစ်ကို ရွေးစေခိုင်းရာ နှစ်ယောက်စလုံး၏ ခေါင်းပေါ်တွင် နေရာတူ၊ အရွယ်တူ၊ မှဲ့တစ်လုံးစီ တွေ့ရသဖြင့် ဆံပင်ရိတ်သမားလည်း မရွေးတတ်ဖြစ် နေသည်။ တုလ္လိသအစစ်သည် ဆောက်တည်ရာမရဖြစ်ပြီး ဥစ္စာဓနကြောင့် သတိမေ့၍ လဲကျသွားတော့သည်။

ထိုအခါ သိကြားမင်းက မိမိသည် တုလ္လိသအစစ်မဟုတ်၊ သိကြားမင်းဖြစ်ကြောင်း ကို မင်းအားသိစေသည်။ ထို့နောက် တုလ္လိသအား သတိရအောင် ပြုစုစေသည်။ သတိ ရလာချိန်တွင် သိကြားမင်းက တုလ္လိသ၊ ဤဥစ္စာပစ္စည်းများသည် သင့်ဥစ္စာပစ္စည်းများ မဟုတ်၊ ငါ၏ ဥစ္စာပစ္စည်းများသာတည်း။ သင်သည် ငါ၏ မျိုးရိုးကို ဖျက်၍ အလှူ မဏ္ဍပ်ကို ဖျက်ဆီးခဲ့သည်။ အလှူခံများကို နှင်ထုတ်ခဲ့သည်။ ဥစ္စာများကိုသာ စောင့်နေ သည်။ သင်သည် ငါ၏အလှူမဏ္ဍပ်ကို ပြန်လည်တည်ဆောက်၍ အလှူဒါနပေးလျှင်

http://www.dhammadownload.com



ငါ သာစုခေါ်မည်။ အကယ်၍ မလှူမပေးပါက အားလုံးသော ဤဥစ္စာများကို ကွယ်စေ၍ သင့်ဦးခေါင်းကို ဓရဇိန်လက်နက်ဖြင့် ပစ်ခွဲမည်'ဟု ပြောသည်။

ကုလ္လိသအစစ်သည် လွန်စွာပင် ကြောက်ရွံ့လျက် 'ယနေ့မှစ၍ အလှူဒါန ပြုပါတော့မည်'ဟု ဝန်ခံစကားဆိုသည်။ ဝန်ခံသည့်အတိုင်းလည်း အသက်ထက်ဆုံး အလှူဒါနပြုလုပ်ရာ သူကွယ်လွန်သောအခါ နတ်ပြည်သို့ ရောက်ရသည်။

ဇာတ်ပေါင်း။ ။ ကုလ္လိသသူဌေး-မစ္ဆရိယသူဌေး၊
သိကြားမင်း-အရှင်မောဂ္ဂလာန်၊ ဗာရာဏသီမင်း-အာနန္ဒာ၊
ဆတ္တာသည်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အစဉ်အလာကောင်းကို မဖျက်ဆီးပါနဲ့။

---

## ၇၉။ ခရဿရဇာတ်

### ဓားပြနှိုးသောနယ်ခြားစောင့်အမတ်

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီး၏ အကြိုက်ကိုလိုက်၍ ရွာသူရွာသားများအား အခွန်အတုတ်ဖြင့် ဆင်းရဲစေသော နယ်ခြားစောင့်အမတ်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကုန်သည်မျိုး၌ ဖြစ်လေသည်။ ဗြဟ္မဒတ်မင်းကြီးသည် အမတ်တစ်ယောက်အား နယ်စွန်နယ်ဖျားရှိ ကျေးရွာတစ်ရွာကို အုပ်ချုပ်ရန် တာဝန်ပေးအပ်ထားရာ ထိုအမတ်သည် ခိုးသားဓားပြများနှင့် တိုင်ပင်ကာ ရွာသူ၊ ရွာသားများကို တောထဲသို့ ခေါ်ယူသည်။ ထိုအခိုက်တွင် ခိုးသားဓားပြများသည် ရွာထဲသို့ဝင်ကာ အိမ်စေ့ လုယက်တိုက်ခိုက်ကာ နွားများကို သတ်ဖြတ်ပြီး ချက်၍ စားသွားကြသည်။

ထိုအချိန်တွင် ဘုရားလောင်းသည် ရောင်းဝယ်ရေးကိစ္စဖြင့် ထိုရွာသို့ရောက်နေချိန် ဖြစ်သည်။ အမတ်သည် ညနေချမ်းတွင် ရွာသားများနှင့်အတူ စည်တီး၍ တောထဲမှ ပြန်လာသည်။ ဤတွင် ဘုရားလောင်းကုန်သည်က 'ဤအမတ်ယုတ်သည် ဓားပြများအား

http://www.dhammadownload.com



ရှာကို လုယက်စေသည်။ ဓားပြများ ပြန်ထွက်သွားချိန်တွင် စည်ကြီးကို တီး၍ ပြန်လာခဲ့သည်'ဟု ဆိုလေသည်။ ဤစကားကြောင့် ရွာသားများက အကြောင်းစုံကို သိသွားပြီး မင်းထံ တိုင်ကြားသည်။ မင်းက ဖောက်ပြန်သော နယ်ခြားစောင့်အမတ်အား မင်းပြစ်မင်းဒဏ်ပေးသဖြင့် အမတ်ယုတ်မှာ မင်းပြစ်မင်းဒဏ် ခံသွားရသည်။

ဇာတ်ပေါင်း။ ။ ယခင်အမတ်-ယခုအမတ်။ ပညာရှိတုန်သည်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းမှုပြုလျှင် မကောင်းဒဏ်ခံရစမြဲ။

---

# ၈၀။ ဘီမသေနဇာတ်

## တန်ဆောင်မကောင်းသူ

### ပစ္စုပ္ပန်ဝတ္ထု

ကြွားဝါပလွှား၍ သူတစ်ပါးကို ကဲ့ရဲ့တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် 'စူဠဓနုဂ္ဂဟ'ဟူသော အမည်ဖြင့် ဥဒိစ္စပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ ကိုယ်သည် အတန်ငယ်ပု၍ သိသိသာသာလည်း ကုန်းသည်။ အရွယ်ရောက်ချိန်တွင် တက္ကသိုလ်ပြည်၌ ပညာစုံသင်ယူခဲ့ပြီးနောက် 'မဟိံသကတိုင်း'သို့ ထွက်လာခဲ့သည်။

စူဠဓနုဂ္ဂဟသည် ကိုယ်ခန္ဓာပုကွသဖြင့် သူ့အား လူအများက ယုံကြည်အားထားမှု မပြုနိုင်သည်ကို သိသည်။ ထို့ကြောင့် အလုံးအရပ်ကောင်းသည့် လူချောလူလှတစ်ယောက်ကို မှီနို၍ ဘဝရပ်တည်မှုပြုရန် ကြံရွယ်သည်။ သို့ဖြင့် သူလိုချင်သည့် လူပုံစံရှိသူများကို လိုက်ရှာရာ 'ဘီမသေန'အမည်ရှိသော ရက်ကန်းသမားတစ်ယောက်ကို တွေ့သည်။ စူဠဓနုဂ္ဂဟသည် ထိုလူနှင့် မိတ်ဖွဲ့ပြီးနောက် 'မိတ်ဆွေ၊ ဇမ္ဗူဒိပ်ကျွန်း၌ ငါနှင့်တူသော လေးသမားသည် မရှိ။ ငါသည် မင်းတစ်ပါးပါးထံတွင် ခစားရန် ကြံရွယ်သည်။ သို့သော် ငါ၏ ကိုယ်ခန္ဓာ ပုနေသဖြင့် ငါ့စွမ်းအားကို ယုံကြည်မည်မဟုတ်။ ထို့ကြောင့် သင်သည် မင်းတစ်ပါးပါးထံဝင်၍ အကျွန်ုပ်သည် လေးသမားဖြစ်သည်။ အရှင်မင်းကြီးသည် အကျွန်ုပ်အားထောက်ပံ့ခြင်း ပြုတော်မူပါဟု လျှောက်ထားလော့။ ငါသည် သင့်အပေါ်

http://www.dhammadownload.com



တွင် ကျရောက်လာသော တာဝန်အားလုံးကို ထမ်းဆောင်ပေးမည်။ ဤသို့ဆိုလျှင် ငါတို့နှစ်ယောက်စလုံး ချမ်းသာစွာ နေနိုင်ကြရလိမ့်မည်ဟု ပြောရာ ဘီမသေနလည်း သဘောတူလေသည်။

သို့ဖြင့် သူတို့နှစ်ယောက်သည် ဗြဟ္မဒတ်မင်းကြီးထံဝင်ရောက်ကာ 'အရှင်မင်းကြီး၊ အကျွန်ုပ်သည် လေးသမားဖြစ်ပါသည်။ ဇမ္ဗူဒိပ်ကျွန်း၌ အကျွန်ုပ်နှင့်တူသော လေးသမား မရှိပါ'ဟု ဘီမသေနက လျှောက်ထားသည်။ မင်းကြီးက 'လခရိက္ခာမည်မျှရလျှင် ခစားနိုင်အံ့နည်း'ဟုမေးရာ 'လဝက်တွင် အသပြာတစ်ထောင်ရလျှင် ခစားနိုင်ပါသည်'ဟု ဘီမသေနက လျှောက်ထားသည်။ ထို့နောက် နောက်နားတွင် ကပ်၍နေသော စူဠဓနုဂ္ဂဟနှင့် မည်သို့တော်စပ်သနည်းဟု မေးသောအခါ အကျွန်ုပ်၏ အစေအပါးဖြစ်ပါသည်ဟု တင်လျှောက်သည်။ ထိုအချိန်မှစ၍ ဘီမသေနသည် မင်းမှုထမ်းဖြစ်သွားသည်။

အခါတစ်ပါး တောအရပ်၌ ကျားသည် သောင်းကျန်းလျက်ရှိ၏။ မင်းကြီးသိသော် ဘီမသေနအား ကျားဖမ်းရန်လွှတ်သည်။ ဘီမသေနက ထိုအကြောင်းကို စူဠ ဓနုဂ္ဂဟကို ပြောသည်။ စူဠဓနုဂ္ဂဟက 'အကျွန်ုပ်လိုက်ပါရန်မလိုပါ၊ ကျားကို ဖမ်းယူရမည့်နည်းကိုသာ ညွှန်ကြားပေးလိုက်မည်။ လူတစ်ထောင်နှစ်ထောင်ခန့်ရအောင် စုခေါ်၍ ကျားရှိရာသို့ သွားရမည်။ ရွာသားများသည် ကျားကိုရိုက်ပုတ်ထိုးခုတ်၍ ဖမ်းယူကြလိမ့်မည်။ ကျားသေပြီးချိန်တွင်မှ သင်က နွယ်ကြိုးတစ်ချောင်းကိုယူ၍ ကျားသေရှိရာသို့ ပြေးသွားပြီးလျှင် အဘယ်သူသည် ကျားကို သတ်သနည်း၊ ငါ ဤကျားကို နွားကဲ့သို့ နွယ်ကြိုးဖြင့် ချည်၍ ဖမ်းယူရန် နွယ်ရှာသွားနေသည်၊ ငါမရောက်မီ အဘယ်သူက သတ်သနည်းဟု ဆိုလော့။ ထိုအခါ ရွာသားများသည် ကြောက်လန့်သွားကြလိမ့်မည်။ ကျားကိုသတ်သူတို့မှာ သူတို့ဖြစ်ကြောင်းကို မင်းအား မလျှောက်ပါရန် သင့်အား ဥစ္စာပေး၍ နှုတ်ပိတ်လိမ့်မည်။ ဤတွင် ကျားကိုဖမ်းသူမှာ သင်သာလျှင် ဖြစ်လာလိမ့်မည်ဟု သင်ကြားပေးလိုက်သည်။

ဘီမသေနသည် စူဠဓနုဂ္ဂဟ မှာကြားလိုက်သည့်နည်းဖြင့်ပင် ကျားကိုဖမ်း၍ ပြန်လာသည်။ မင်းကြီးသည် သူ့ကို လွန်စွာပင် သဘောကျသွားသည်။ ထိုကြောင့် စည်းစိမ်ဥစ္စာများကို တိုး၍ချီးမြှင့်လိုက်သည်။ မကြာမီ လမ်းတစ်လမ်း၌ ကျွဲရိုင်းကြီးတစ်ကောင် ထကြွပြန်ရာ ကျွဲရိုင်းကြီးကိုလည်း ဘီမသေနသည် စူဠဓနုဂ္ဂဟပေးသည့်နည်းဖြင့် ကျားကိုကဲ့သို့ နှိမ်နင်း၍ အောင်မြင်ခဲ့သည်။ ဤတစ်ကြိမ်တွင် မင်းကြီးသည် ဘီမသေနကို ရှေးကထက်ပို၍ ချီးမြှောက်သည်။ စည်းစိမ်ဥစ္စာများအပ်နှင်းသည်။ ထိုအခါဘီမသေနသည် စည်းစိမ်ရစ်မူးလာပြီး စူဠဓနုဂ္ဂဟကို မထီမဲ့မြင်ပြုလာသည်။ 'ငါသည် သင့်ကို မှီ၍ ဘဝရပ်တည်မှုမပြု၊ သင်သည်သာလျှင် ယောကျ်ားလော'စသည်ဖြင့် ဆန့်ကျင်မှု

http://www.dhammadownload.com



ပြုလာသည်။ နောက်ရက်များမကြာမီ အိမ်နီးချင်းမင်းတစ်ပါးသည် ဗာရာဏသီကိုလာ၍ ဝိုင်းရံလျက် 'ပြည်ကိုပင် အပ်မည်လော့၊ စစ်မက်ဖက်ပြိုင်ခြင်းကို ပြုမည်လော'ဟု ရာဇသံ ပို့သည်။ မင်းက ပြည်ကိုမအပ်ဘဲ ဘီမသေနကို စစ်တိုက်စေခိုင်းသည်။ ဘီမသေနသည် ချပ်ဝတ်တန်ဆာဆင်၍ ဆင်ကျောကုန်းပေါ်တက်သည်။ စူဠဓနုဂ္ဂဟလည်း ချပ်ဝတ် တန်ဆာများ ဝတ်ဆင်၍ ဆင်ပေါ်တွင် ဘီမသေန၏ နောက်နားမှ ကပ်ထိုင်လျက် စစ်မြေသို့ လိုက်ပါလာခဲ့သည်။

စစ်မြေသို့ရောက်သည်ဆိုလျှင် ဘီမသေနသည် တုန်လှုပ်ချောက်ချားလာသည်။ ထို့ကြောင့် စူဠဓနုဂ္ဂဟသည် ဆင်ပေါ်မှကျမသွားစေရန် သူ့ကို ကြိုးဖြင့် တုပ်နှောင်ထား လိုက်သည်။ စစ်မြေကို လှမ်းမြင်ရချိန်တွင် ဘီမသေနအား စူဠဓနုဂ္ဂဟက မကြောက်ရန် အားပေးသည်။ သို့သော် မရ၊ နောက်ဆုံးတွင် ဆင်ပေါ်မှ ချပေးကာ အိမ်သို့ပြန်ရန် စေခိုင်းလိုက်ရသည်။ စူဠဓနုဂ္ဂဟကား ဆက်၍စစ်တိုက်ရာ ရန်သူမင်းကို အရှင်ဖမ်း၍ ဗာရာဏသီမင်းထံ အပ်နှံလိုက်သည်။

ထိုအခါ မင်းသည် စူဠဓနုဂ္ဂဟကို ကြီးမားစွာသော စည်းစိမ်များပေးအပ်သော ကြောင့် စူဠဓနုဂ္ဂဟပဏ္ဍိတမှာ ထင်ရှားကျော်ကြားသွားလေသည်။

**ဇာတ်ပေါင်း။** ။ **ဘီမသေန-သူတစ်ပါးကိုကဲ့ရဲ့တတ်သောရဟန်း။**
**စူဠဓနုဂ္ဂဟပဏ္ဍိတ-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အယောင်ဆောင်သူသည် ခဏသာအောင်မြင်မည်။**

**ဝရုဏဝဂ် ပြီးပြီ။**

---

# ၉။ အပါယိမ္ဘဝဂ်

## ၈၁။ သုရာပါနဇာတ်

### အရက်မူးသော ရသေ့များ

**ပစ္စုပ္ပန်ဝတ္ထု၊**

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ ဝါဆိုတော်မူပြီး ဒေသစာရီခရီး ကြွချီရာ ဘဒ္ဒဝတီမည်သော - ရွာနိဂုံးသို့ရောက်၏ ။ ထိုနေရာ၌ လူအများဆို့က ဘုရားရှင်အား အမ္ဗတိတ္ထသို့ မသွားရန် လျှောက်၏ ။|

http://www.dhammadownload.com



အမွှတ်တွရသေ့ကျောင်း၌ ကြမ်းတမ်း၌အဆိပ်ပြင်းသော နဂါးသည် နေ၏။ ထိုအခါ မြတ်စွာဘုရား၏ အလုပ်အကြွေးဖြစ်သော သာဂတမထေရ်အား နဂါးမင်းအား ဆုံးမရန် ခွင့်ပြု၏။ သာဂတမထေရ်သည် နဂါးနေရာအနီး၌ မြက်အခင်းကိုခင်းကာ ထက်ဝယ်ဖွဲ့နေ၏။ နဂါးက ထိုသို့နေသည်ကို ခွင့်မလွှတ်နိုင်။ ထို့ကြောင့် အခိုးအလျှံလွှတ်၏။ မထေရ်ကလည်း အခိုးအလျှံလွှတ်၏။ နဂါးမင်း မခံနိုင်တော့ချေ။ ထိုအခါ မထေရ်က နဂါးမင်းအား သရဏဂုံတည်စေပြီး သီလဆောက်တည်ရန် ဟောကြားသည်။

ထိုအကြောင်းကို လူအများတို့ကြားသဖြင့် မြတ်စွာဘုရားထံသို့လည်းကောင်း၊ သာဂတမထေရ်ထံသို့လည်းကောင်း ရှိခိုးဦးတိုက်ကြသည်။ လူအများတို့က ရခဲလှသော အလှူဝတ္ထုကိုပြုအံ့ဟု တိုင်ပင်ကြရာ ဆဗ္ဗဂ္ဂီရဟန်းတို့က နို့ခြေနှင့်တူသော သုရာသည် ရဟန်းတို့အဖို့ ရခဲ၏ဟု ပြောသည်။ ထိုအခါ လူတို့သည် နို့ခြေအဆင်းနှင့်တူသော သုရာကို လှူကုန်၏။ မထေရ်လည်း သုရာယစ်သဖြင့် မြို့အထွက် တံခါးကြား၌ လဲလေ၏။ မြတ်စွာဘုရားကြွချီလာသောအခါ သာဂတမထေရ်ကို ကျောင်းသို့ ဆောင်ယူစေ၏။ မြတ်စွာဘုရား၏ ခြေတော်ရင်းတွင် သာဂတမထေရ်ကို ထားသည်။ သို့သော် သုရာ၏အရှိန်ကြောင့်လည်း၍ မထေရ်၏ခြေသည် မြတ်စွာဘုရားကို ဦးတည်၍ အိပ်သည်။

မြတ်စွာဘုရားက 'သာဂတမထေရ်သည် ငါဘုရားအား အလွန်လျှင် ရိုသေ၏။ ထို ရိုသေခြင်း ယခုအခါ ရှိသလော'ဟု မေးသော် 'မရှိပါဘုရား'ဟု လျှောက်၏။ 'ယခုအခါ သာဂတမထေရ်သည် အမွှတ်တွမည်သော နဂါးကို မဆိုနှင့် ရေမြွေကိုပင် မဆုံးမနိုင်တော့'ဟု မိန့်၏။ ထို့ကြောင့် 'ယနေ့မှစ၍ သုရာမေရယကို သောက်ခြင်းသည် ပါစိတ်အာပတ်သင့်၏'ဟု မိန့်တော်မူသည်။

ရဟန်းတော်များသည် သာဂတမထေရ်၏အကြောင်းနှင့် ပတ်သက်၍ လည်းကောင်း၊ အရက်သောက်ခြင်း၏အပြစ်နှင့်စပ်လျဉ်း၍ လည်းကောင်း ပြောဆိုကြခြင်းနှင့် ပတ်သက်၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

## အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းလည်း ရှာန်ရရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင်နေသည်။ သူ့တွင် တပည့်ရသေ့ငါးရာတို့လည်း ရှိရာ တစ်ခုသောမိုးရာသီ၌ တပည့်ရသေ့များက 'ဆရာ၊ အကျွန်ုပ်တို့သည် ချဉ်၊ ဆား မှီဝဲရန် လူနေရပ်ရွာများသို့ သွားလိုပါသည်'ဟု ခွင့်ပန်ကြသည်။ ခွင့်ရသဖြင့် ရသေ့ငါးရာတို့သည် ဗာရာဏသီမြို့သို့ လာခဲ့ကြပြီး မင်းဥယျာဉ်တွင် စခန်းချတည်းခိုကြသည်။ ရသေ့များသည် ရောက်ခါစ နှစ်ရက်သုံးရက်တွင်သာ မြို့တွင်းသို့ ဆွမ်းခံကြသော်လည်း နောက်ပိုင်းတွင်မူ မင်းကြီး၏ ပင့်ဖိတ်ချက်ကြောင့် နန်းတွင်း၌ပင် နေ့စဉ် ဆွမ်းစားကြရသည်။

တစ်နေ့သောအခါ မြို့သူမြို့သားတို့သည် အရက်သောက်ပွဲကျင်းပကြသဖြင့် မင်းသည် 'အရက်မည်သည် ရသေ့တို့အားရခဲ၏'ဟု နှလုံးသွင်း၍ ရသေ့တို့အား အရက်များပေးလှူစေသည်။ ရသေ့တို့သည် ထိုအရက်ကို သောက်၍ မူးယစ်ကြသဖြင့် အချို့က

http://www.dhammadownload.com



ထ၍ က,ကြသည်။ အချို့က သီချင်းဆိုကြသည်။ စားသောက်ကြမည့် ခဲဖွယ်၊ ဘောဇဉ်များအပေါ်တွင် ဖိ၍အိပ်သူများက အိပ်ကြသည်။ သူတို့သည် အမူးပြေပျောက်သွားချိန်တွင် မိမိတို့၏ ဖောက်ပြန်မှုများကို သတိရမိကြသည်။

ဤတွင် 'ငါတို့သည် မလျောက်ပတ်သည်ကို ပြုမိခဲ့ကြချေပြီ'ဟု နောင်တရ၍ ဝမ်းနည်းမဆုံး ဖြစ်ကြသည်။ အုပ်ထိန်းသူ ဆရာသမားနှင့် ဝေးကွာခဲ့ရသဖြင့် ဤသို့သော မကောင်းမှုမျိုးကို ကျူးလွန်မိခြင်းဖြစ်သည်ကိုလည်း သဘောပေါက်ကြသည်။ ထို့ကြောင့် ရသေ့များသည် ထိုခဏတွင်ပင် မင်းဥယျာဉ်ကို စွန့်ခွာ၍ ဆရာသမားရှိရာ ဟိမဝန္တာသို့ ပြန်ကြသည်။

တပည့်ရသေ့များ၏ အဖြစ်အပျက်ကို ကြားသိရသောအခါ ဆရာရသေ့က ဆရာသမားနှင့် ကင်းကွာလျှင် ဤသို့ပင် ဖြစ်တတ်သည်။ နောင်တွင် ဤသို့သော မကောင်းမှုများ မပြုကြနှင့်'ဟု ဆုံးမလေသည်။

**ဇာတ်ပေါင်း။ ။ တပည့်ရသေ့များ-ဗုဒ္ဓ၏ပရိသတ်။ ဆရာရသေ့-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ အရက်သည် မကောင်းမှုမျိုးစုံတို့၏မြစ်ဖျားခံရာဖြစ်သည်။**

---

## ၈၂။ မိတ္တဝိန္ဒကဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထုတို့သည် ဒသကနိပါတ် ဇာတ်အမှတ်(၄၃၉) စတုဒွါရဇာတ်(မဟာမိတ္တဝိန္ဒက)ဇာတ်နှင့်တူသည်။

---

## ၈၃။ ကာဠကဏ္ဏိဇာတ်

### စိတ်လှသော မိတ်ဆွေ

**ပစ္စုပ္ပန်ဝတ္ထု**

အနာထပိဏ်သူဌေး၏ သစ္စာရှိအရပ်ဆိုးသောမိတ်ဆွေကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေးကြီးဖြစ်လေသည်။ သူ့တွင် ကစားဖက်လည်းဖြစ်၊ ကျောင်းနေဖက်လည်းဖြစ်သော သူငယ်ချင်းတစ်ယောက် ရှိသည်။ အရုပ်ဆိုး အကျည်းတန်လှသဖြင့် သူ့သူငယ်ချင်းကို 'ကာဠကဏ္ဏီ' ဟု အများက ခေါ်ကြသည်။ သူသည် ဆင်းရဲပြီး မိမိဘဝကိုပင် မထိန်းကျောင်းနိုင်သဖြင့် သူဌေးကြီးထံသို့ ရောက်လာသည်။ သူဌေးကြီးသည် သူ့ကို အားပေးစကား ပြောကြားပြီးလျှင် ဘဏ္ဍာစိုးခန့်ထားလိုက်သည်။

ဤသည်ကို သူဌေးကြီး၏ ဆွေမျိုးမိတ်သင်္ဂဟများက သဘောမတူကြ။ 'ဤသူယုတ်ကို သင့်ထံတွင် မနေစေလင့်၊ ကာဠကဏ္ဏီ၊ ကာဠကဏ္ဏီဟု ခေါ်ရခြင်းသည် မင်္ဂလာမရှိ၊ သူသည် သင်နှင့်အတူ မရှိသင့်ဟု ပြောကြလေသည်။ မည်သို့ပင်ပြောစေကာမူ သူဌေးကြီးသည် ကာဠကဏ္ဏီကို စွန့်လွှတ်ခြင်းမပြုဘဲ လူတစ်ယောက်မှာ အမည်သည် ပဓာနမဟုတ်ဟု ဆိုသည်။ တစ်နေ့သောအခါ သူဌေးကြီးသည် ကာဠကဏ္ဏီကို အိမ်စောင့်အဖြစ် ထားပစ်ခဲ့ပြီး မိမိအပိုင်စားရသော ကျေးရွာကလေးသို့ ခရီးထွက်သွားသည်။ အိမ်၌ သူဌေးကြီးမရှိကြောင်းသိကြသော လူဆိုးများသည် သူဌေးကြီးအိမ်ကို လုယက်ရန် ဝိုင်းရံလာကြသည်။ ဤသည်ကို နိုးနိုးကြားကြားရှိနေသော ကာဠကဏ္ဏီက ရိပ်စားမိသည်။ သို့ဖြင့် သူသည် အိပ်ပျော်နေသူများနိုးလာစေရန် လက်လှမ်းမီရာလူများကို နှိုး၍ အချို့ကို ခရုသင်းမှုတ်စေသည်။ အချို့ကို စည်တီးစေသည်။ ထိုအသံများကြောင့် လူဆိုးများသည် အိမ်တွင်သူဌေးကြီးရှိနေသည်ထင်မှတ်၍ ထွက်ပြေးသွားကြသည်။

သူဌေးကြီး ပြန်ရောက်လာ၍ ထိုအကြောင်းကိုသိလျှင် ဆွေမျိုးများအား 'သင်တို့သည် ငါ၏မိတ်ဆွေ ကာဠကဏ္ဏီကို နှင်ထုတ်စေချင်ကြသည်။ သင်တို့စကားအတိုင်း ငါနှင်ထုတ်မိခဲ့လျှင် ယနေ့ငါ့မှာ ပစ္စည်းဥစ္စာ တစ်စုံတစ်ရာ ရှိတော့မည်မဟုတ်။ လူတစ်ယောက်မှာ အမည်သည်ပဓာနမဟုတ်၊ အကျိုးစီးပွားကို လိုလားသည့်စိတ်သည်သာလျှင် အဓိကဖြစ်သည်' ဟု ပြောဆိုလျက် ကာဠကဏ္ဏီအား ရှေးကထက် တိုးမြှင့်၍ မြှောက်စားလေသည်။

ဇာတ်ပေါင်း။ ။ ယခင်ကာဠကဏ္ဏီ-အရှင်အာနန္ဒာ။
ဗာရာဏသီသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူသည် ရုပ်လှဖို့ထက် စိတ်လှဖို့လိုသည်။

http://www.dhammadownload.com



## ၈၄။ အတ္ထဿဒွါရဇာတ်

### ကြီးပွားချမ်းသာကြောင်းတရား မေးသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

သာဝတ္ထိမြို့တော်မှ ခုနစ်နှစ်သားကလေးသည် အလွန်ပညာဉာဏ်ကြီး၏။ တစ်နေ့သ၌ ဖခင်အား အကျိုးစီးပွား၏အကြောင်းကို မေးမြန်းသည်။ ဤအမေးပြဿနာကိုအကြောင်း ပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေးကြီးဖြစ်နေသည်။ သူ့တွင် ခုနစ်နှစ်အရွယ် သားတစ်ယောက်ရှိရာ တစ်နေ့တွင် သားက 'ဖခင် အကျိုးစီးပွား၏အကြောင်းသည် အဘယ်နည်း'ဟု မေး၏။

ထိုအခါဖခင်က 'ချစ်သား၊ ကျန်းမာခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ပညာရှိသူတို့၏ အဆုံးအမကို ခံယူခြင်း၊ အကြားအမြင်များခြင်း၊ သူတရိုက်တရားသုံးပါးတို့ကို ကျင့်သုံးခြင်း၊ မပျင်းမရိခြင်း၊ ဤတရားခြောက်ပါးတို့သည် အကျိုးစီးပွား၏ အကြောင်းတရားများ ဖြစ်သည်'ဟု ဖြေဆိုရာ သားသည် ထိုအခါမှစ၍ ထိုတရားခြောက်ပါးတို့ကို အသက်ထက်ဆုံး ကျင့်သုံးသွားလေသည်။

**ဇာတ်ပေါင်း။** ။ ယခင်ကသူဌေးသား-ယခုသူဌေးသား။
ယခင်ကဗာရာဏသီသူဌေး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကြီးပွားချမ်းသာလိုသူသည် ဤကြီးပွားကြောင်းတရားခြောက်ပါး ကို ဆောင်ပါ။

---

## ၈၅။ ကိံပက္ကဇာတ်

### သရက်သီးနှင့်တူသော အဆိပ်သီး

**ပစ္စုပ္ပန်ဝတ္ထု၊**

လုပစ္စွာ ဝတ်ဆင်ထားသော အမျိုးသမီးကိုစွဲလမ်းကာ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို ကာမဂုဏ်သည် အဆိပ်သီးနှင့်တူကြောင်း အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်း ကို ဆောင်ကာ ဟောတော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မှူးကြီး ဖြစ်နေသည်။ တစ်နေ့တွင် လှည်းစီးရေ ငါးရာတို့ဖြင့် ကုန်ရောင်းထွက်လာရာ တောအုပ်တစ်ခုသို့ရောက်လျှင် လှည်းမှူးကြီးသည် လှည်းသားများကို စည်းဝေးစေ၍ ဤတောအုပ်၌ အဆိပ်ပင်များရှိသည်။ ရှေးက မစားဖူးသော သစ်သီးကြီးငယ်များကို ငါ့အား မပန်ကြားဘဲ မစားကြကုန်လင့်'ဟု တားမြစ်သည်။ လှည်းသားငါးရာပါဝင်သောအဖွဲ့သည် ခရီးဆက်ခဲ့ကြရာ အသီးတို့ဖြင့် ပြွတ်သိပ်နေသော အဆိပ်ပင်တစ်ပင်ကို တွေ့ကြရသည်။ ထိုအဆိပ်ပင်၏ ပင်စည်၊ အခက်၊ အရွက်၊ အသီးနှင့် အဆင်း၊ အနံ့၊ အရသာတို့သည် သရက်သီးနှင့် အားလုံးတူသည်။ ထို့ကြောင့် အဆင်း၊ အနံ့၊ အရသာတို့၌ တပ်မက်သော လှည်းသားအချို့သည် သရက်သီးထင်၍ စားကြသည်။ အချို့က မစားကြသေးဘဲ လှည်းမှူးကြီးကို မေး၍စားရန် စောင့်နေကြလေသည်။

လှည်းမှူးကြီးသည် ထိုအသီးများကိုမြင်လိုက်ရသည်ဆိုလျှင်ပင် အဆိပ်သီးဖြစ်ကြောင်း သိလိုက်သည်။ ထိုကြောင့် စားမိသူအား အန်ဆေးကို တိုက်ကျွေးသဖြင့် အချို့ချမ်းသာခွင့် ရကြသည်။ သို့ရာတွင် ဦးစွာစားမိသူတို့ကား အသက်ဆုံးရှုံးကြရသည်။

**ဇာတ်ပေါင်း။** ။ လှည်းသားများ-ဗုဒ္ဓ၏ပရိသတ်။ လှည်းမှူးကြီး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အရာရာ၌ ဆင်ခြင်တုံတရားရှိလျှင် ဒုက္ခမရောက်နိုင်။

---

# ၈၆။ သီလဝီမံသကဇာတ်

## သူတောင်းမြှောက်ခံရသည်ကို စူးစမ်းသော ပုဏ္ဏား

**ပစ္စုပ္ပန်ဝတ္ထု**


ကောသလမင်းကြီးက မိမိအားချီးမြှောက်သည်မှာ သီလကြောင့်ဖြစ်ကြောင်းကို စုံစမ်းသိရှိရ၍ ရဟန်းပြုကာ ရဟန္တာဖြစ်လာသော ပညာရှိပုဏ္ဏားတစ်ယောက်ကို အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



ဘုရားအလောင်းပရောဟိတ်အားနှောင်ဖွဲ့၍ဆောင်လာစဉ်လမ်း၌အလမ္မာယ်သမားတို့အားမြွေတို့ကို
လည်၌လည်းကောင်း လက်၌လည်းကောင်း မထားကြရန် တားမြစ်နေစဉ်

http://www.dhammadownload.com





ဘုရားအလောင်းပရောဟိတ်အားနှောင်ဖွဲ့၍ဆောင်လာစဉ်လမ်း၌အလမ္ပာယ်သမားတို့အားမြွေတို့ကို
လည်၌လည်းကောင်း လက်၌လည်းကောင်း မထားကြရန် တားမြစ်နေစဉ်

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ်ပုဏ္ဏား ဖြစ်နေသည်။ ထိုပုရောဟိတ်သည် ကိုယ်ကျင့်သီလ ကောင်းမွန်ပြီး ဗေဒင်သုံးပုံကိုလည်း တတ်မြောက်သည်။ မင်းသည် အခြားသူများထက် သူ့ကို လွန်စွာကြည်ညိုလေးစားသည်။ တစ်နေ့တွင် ပုဏ္ဏားကြီးက 'မင်းသည် အခြားသူများထက် ငါ့အား ပို၍လေးစားခြင်းရှိသည်မှာ အဘယ်ကြောင့်နည်း၊ အတတ်ပညာကြောင့်လော၊ ကိုယ်ကျင့်သီလကြောင့်လော စုံစမ်းကြည့်မှဖြစ်မည်ဟု စဉ်းစားမိသည်။

သို့ဖြင့် တစ်နေ့သောအခါ ပုဏ္ဏားကြီးသည် နန်းတွင်းမှအပြန်တွင် မင်းကြီး ပန်းထိမ်တော်အိမ်သို့ဝင်ကာ အပြန်တွင် ငွေအသပြာတစ်ကျပ်ကို တိတ်တဆိတ်ယူလာခဲ့သည်။ မင်းကြီး၏ ပန်းထိမ်တော်ဝန်သည် ပုဏ္ဏားကြီးလုပ်ရပ်ကို သိသော်လည်း ပုဏ္ဏား၏ ဂုဏ်သိက္ခာကို ရိုသေလေးစားသောအားဖြင့် မသိဟန်ဆောင်၍ နေသည်။ ပုဏ္ဏားသည် နောက်တစ်နေ့တွင်လည်း အသပြာနှစ်ကျပ်ကို ထပ်ယူပြန်သည်။ ပန်းထိမ်တော်ဝန်ကလည်း သည်းခံမြဲပင်။ တတိယနေ့တွင်မူ ပုဏ္ဏားသည် လက်တစ်ဆုပ်စာမျှရှိသော အသပြာကို ကောက်ယူလေသည်။

ထိုအခါတွင်မူ ပန်းထိမ်တော်ဝန်သည် သည်းမခံနိုင်တော့ချေ။ ပုရောဟိတ်ပုဏ္ဏားကြီးအား သူခိုးအဖြစ် ဖမ်းဆီးကာ ကြိုးဖြင့်တုပ်နှောင်၍ မင်းထံသို့ ခေါ်ဆောင်လာခဲ့သည်။ လမ်းတွင် အလမ္ပာယ်ဆရာတစ်စုကို တွေ့ရသည်။ ပုရောဟိတ်ပုဏ္ဏားက သူတို့အား 'အမောင်တို့၊ ဤမြွေကို မကစားလင့်၊ ဤမြွေသည် သင်တို့ကိုကိုက်လျှင် သင်တို့သည် အသက်ကုန်ခြင်းသို့ ရောက်ကြရလေမည်'ဟု ဆိုသည်။ ထိုအခါ အလမ္ပာယ်ဆရာတို့က 'ပုဏ္ဏား၊ ဤမြွေသည် ငါ့ကိုမကိုက်၊ ဤမြွေသည် သီလရှိသည်ဟူသော အမည်ကို ခံယူထား၏။ လူတို့တွင် သီလရှိသောသူ ဖြစ်ပါမူ ဆိုဖွယ်မရှိချေ။ ဤလောက၌ သီလသည် သည်လျှင် မြတ်၏။ သီလထက်မြတ်သော တရားသည် မရှိ'ဟု ပြန်၍ ပြောပြကြသည်။

ပုဏ္ဏားကြီး မင်းရှေ့တော်မှောက် ရောက်သွားသောအခါ သူ့အား သူခိုးအဖြစ် လျှောက်ထားကြလေသည်။ ထို့ကြောင့် မင်းသည် သူ့အား အပြစ်ပေးရန် အမိန့်ပေးလိုက်သည်။ ထိုအခါ ပုရောဟိတ်ပုဏ္ဏားကြီးက 'မိမိသည် ခိုးသူမဟုတ်ပါ၊ ဥစ္စာ၊ အမျိုးအနွယ်နှင့် သီလတို့တွင် မည်သည့်အရာက မြင့်မြတ်သည်ကို သိလို၍ ဤသို့ပြုလုပ်စုံစမ်းခြင်းသာ ဖြစ်ပါသည်။ ဤလောကတွင် သီလသည်သာ အမြတ်ဆုံးဖြစ်ပါသည်'ဟု တင်လျှောက်သည်။

http://www.dhammadownload.com



ထို့နောက် သူသည် မင်းထံတွင် ခွင့်တောင်း၍ ရသေ့ရဟန်းပြုပြီးလျှင် ဟိမဝန္တာသို့ ဝင်သွားလေသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊
မင်း၏ပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊ ပုရောဟိတ်ပုဏ္ဏား-ဗုဒ္ဓ၊

အနှစ်ချုပ်။ ။ အရာရာတွင် အကျင့်သီလမရှိလျှင် အချည်းနှီးသာ။

---

## ၈၇။ မင်္ဂလဇာတ်

### အယူသည်းသောပုဏ္ဏား

**ပစ္စုပ္ပန်ဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ လောကီမင်္ဂလာကို ယုံကြည်၍ ကြွက်ကိုက်ထားသောအဝတ်ကို သုသာန်၌ စွန့်ပစ်သော ပုဏ္ဏားသားအဖကို အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလျက် ဟောကြားသည်။

**အတိတ်ဝတ္ထု**

မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ ဓမ္မိကမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဗြာဟ်ရရသေ့ဖြစ်၍ ဟိမဝန္တာ၌ နေသည်။ တစ်နေ့သောအခါ ရသေ့သည် ရာဇဂြိုဟ်မြို့တော်သို့လာရာ မင်းကြီးက ကြည်ညိုသဖြင့် ဥယျာဉ်တော်တွင် သီတင်းသုံးရန် လျှောက်ထားသည်။

ထိုမြို့၌ လောကီမင်္ဂလာတရားကိုသာ ယုံကြည်သော ပုဏ္ဏားတစ်ယောက်ရှိသည်။ တစ်နေ့တွင် သေတ္တာထဲရှိ သူ့ပုဆိုးကို ယူခိုင်းရာ ကြွက်ကိုက်ထားကြောင်း တွေ့ရသည်။ ထိုအခါ ပုဏ္ဏားက ဤပုဆိုးသည် မင်္ဂလာမရှိ၊ သူယုတ်မာနှင့်တူသည်။ အိမ်တွင် ထားသော် ကြီးစွာသော ပျက်စီးခြင်းရှိနိုင်သည်ဟု ယုံကြည်သဖြင့် သားအားခေါ်၍ 'ချစ်သား၊ သင်သည် ဤပုဆိုးကို လက်ဖြင့်မထိစေဘဲ တုတ်ဖြင့်ထိုးယူ၍ သုသာန်၌ သွား၍ စွန့်ပစ်ချေ။ ပြီးလျှင် ဦးခေါင်းလျှော်၍ ပြန်လာခဲ့လော့'ဟု စေခိုင်းလိုက်သည်။

ပုဏ္ဏားငယ်သည် ကြွက်ကိုက်ပုဆိုးကို တုတ်ဖြင့်ထိုးကော်၍ ယူလာပြီး သုသာန်၌ စွန့်ပစ်၏။ ဘုရားလောင်းရသေ့သည် သုသာန်မှစောင့်၍ 'လူငယ်၊ အဘယ်ကို ပြုသနည်း'ဟု မေးသည်။ လူငယ်က ကြွက်ကိုက်ပုဆိုးကို လာရောက်စွန့်ပစ်ခြင်း ဖြစ်

http://www.dhammadownload.com



ကြောင်းနှင့် ယင်းကို မသုံးစွဲသင့်ကြောင်းကို အကျယ်တဝင့် ပြောကြားသည်။ ထိုအခါ ထိုပုဆိုးကို ရသေ့သည် လူငယ်ရှေ့၌ပင် ရောက်ယူသည်။ လူငယ်က မယူသင့်ကြောင်း၊ ဤပုဆိုးသည် မင်္ဂလာမရှိကြောင်း ပြောဆို၍ တားမြစ်သည်။ သို့တိုင် ရသေ့သည် သူ့စကားကို နာယူခြင်းမရှိဘဲ ပုဆိုးကိုယူ၍ ဥယျာဉ်တော်သို့ ကြွသွားသည်။

ပုဏ္ဏားလူငယ်သည် အိမ်သို့ ပြန်ရောက်သောအခါ အကြောင်းစုံကို ဖခင်ပုဏ္ဏားကြီးအား ပြောပြသည်။ ပုဏ္ဏားကြီးသည် အထိတ်တလန့်ဖြစ်သွားပြီး များစွာသော ပုဆိုးကောင်းတို့ကိုယူ၍ သားနှင့်အတူ ဥယျာဉ်တော်သို့ လိုက်လာသည်။ ရသေ့ကြီးထံသို့ ရောက်သောအခါ ပုဏ္ဏားသားအဖအား ရသေ့ကြီးက 'ငါတို့သည် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်းသော မင်္ဂလာကို မယုံကြည်။ မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်းသော မင်္ဂလာမည်သည်ကို ဘုရားပစ္စေကဗုဒ္ဓတို့ မချီးမွမ်း။ ထို့ကြောင့် ပညာရှိတို့မည်သည် မြင်တိုင်း၊ ကြားတိုင်း၊ တွေ့တိုင်းသော မင်္ဂလာကို ယုံကြည်ကြသည် မဖြစ်ရာ'ဟု တရားဟောရာ ပုဏ္ဏားလည်း မိမိအမှားကို မြင်သွားသည်။ ထို့ကြောင့် ထိုအချိန်မှစ၍ မှားယွင်းသော အယူကို စွန့်ပယ်လျက် ဘုရားလောင်းရသေ့ကို ကိုးကွယ်ဆည်းကပ်လေသည်။

ဇာတ်ပေါင်း။ ။ ယခင်ကသားအဖ-ယခုသားအဖ။ ရသေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အယူသည်းလျှင် ဆိုးကျိုးကိုရစေတတ်၏။

---

## ၈၈။ သာရမ္ဘဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်ဝတ္ထု၊ အတိတ်ဝတ္ထုတို့သည် ရှေ့ဧကနိပါတ် ဇာတ်အမှတ်(၂၈) နန္ဒိဝိသာလဇာတ်နှင့် တူသည်။

---

## ၈၉။ ကုဟကဇာတ်

### သူတော်ယောင်ရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

လူအထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကုန်သည်မျိုး၌ ဖြစ်နေသည်။ ထိုအချိန်တွင် ရသေ့တစ်ပါးသည် ရွာငယ်တစ်ရွာကို အမှီပြု နေသည်။ ကျောင်းဒါယကာ သူကြွယ်သည် ရွှေစင်နိက္ခတစ်ရာကို ရသေ့ကျောင်းအောက် တွင် မြှုပ်နှံထားကာ သူ့ပစ္စည်းများကိုလည်း စောင့်ရှောက်ပေးပါရန် ရသေ့ကို လျှောက် ထားလျှင် ရသေ့က 'ဒါယကာ၊ ရဟန်းတို့အား ဤစကားဆိုခြင်းသည် မသင့်လျော်၊ ငါတို့သည် သူတစ်ပါးတို့၏ ဥစ္စာ၌ တပ်မက်မှုမရှိ'ဟု ဆိုသည်။

သုံးရက်ခန့်အကြာတွင် ရသေ့သည် ဤရွှေများဖြင့် ငါအသက်မွေးဝမ်းကျောင်း နိုင်ပြီဟု တွေးကာ ထိုရွှေများကို ဖော်ယူ၍ လမ်းခရီးတစ်ဝက်တွင် ရွှေ့ပြောင်းမြှုပ်နှံထား သည်။ ထိုနောက် ကျောင်းသို့ပြန်လာပြီးလျှင် ဒါယကာသူကြွယ်အား ဤကျောင်းမှ ပြောင်းရွှေ့တော့မည့်အကြောင်းကို ပြောဆိုသည်။ သူကြွယ်သည် အတန်တန်တောင်းပန် သော်လည်း မရသဖြင့် ရသေ့အား ရွာတံခါးဝတိုင်အောင် လိုက်ပို့ပေးသည်။ များမကြာမီ ရသေ့သည် သူကြွယ်အိမ်သို့ တစ်ခေါက်ပြန်လာရာ သူကြွယ်က အကျိုးအကြောင်းကို မေးသည်။ ရသေ့က ဆံကျစ်ကြားတွင် ထိုးယူလာခဲ့သော မြက်တစ်ပင်ကို ပြလျက် 'ဒါယကာ၊ သင့်အိမ်ခေါင်းမိုးမှ မြက်တစ်ပင်သည် ငါ၏ဆံကျစ်ကြားတွင် ငြိကပ်၍ ပါလာသည်။ အဒိန္နာဒါန်မည်သည် ရသေ့တို့အား မအပ်၊ ထို့ကြောင့် မြက်ပင်ကို ပြန်ပေးရန် လာခဲ့ခြင်း ဖြစ်သည်'ဟု ဆိုသည်။ သူကြွယ်သည် ရသေ့အား ရှေးကထက် လွန်စွာ ကြည်ညိုသွားလေသည်။

ထိုအခါ ငွေကြေးရှာဖွေရန် ထိုရွာသို့ ရောက်နေခဲ့သော ဘုရားလောင်းသည် သူကြွယ်အိမ်၌ တည်းခိုနေသည်။ ရသေ့၏စကားကို ကြားလိုက်ရကတည်းက ရသေ့တွင် တစ်စုံတစ်ရာသော လျှို့ဝှက်မှုများ ရှိနေရမည်ဟု တွေးမိသည်။ သို့ဖြင့် ရသေ့ထံတွင် ပစ္စည်းတစ်စုံတစ်ရာ အပ်နှံထားခြင်း ရှိ-မရှိကို သူကြွယ်အားမေးရာ ရွှေစင်နိက္ခတစ်ရာ အပ်ထားကြောင်း သိရသည်။ ဤတွင် ဘုရားလောင်းက ယင်းရွှေများကို သွားကြည့် ရန် အကြံပြုသဖြင့် သူကြွယ်သည် သွား၍ ကြည့်ရာ သူ့ရွှေများကို မတွေ့ရတော့ချေ။ မူလကပင် သံသယရှိနေသော ဘုရားလောင်းက ရွှေကို ယူသွားသူမှာ အခြားသူမဟုတ်၊ ရသေ့ပင်ဖြစ်ကြောင်းကို ပြောပြသည်။ ထို့ကြောင့် သူကြွယ်သည် ရသေ့နောက်သို့ အလျင် အမြန် လိုက်လာသည်။ လမ်းခရီးတစ်ဝက်တွင်ပင် ရသေ့ကို ဖမ်းမိသည်။ ရိုက်ပုတ်၍ ရွှေများကို ပြန်တောင်းရာ ရသေ့က ရွှေအားလုံးကို ပြန်ပေးလိုက်သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ကောက်ကျစ်သောရသေ့-အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း။
ပညာရှိယောက်ျား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အယောင်ဆောင်တတ်သူသည် အထူးသဖြင့်
ဟိတ်ဟန်ကောင်းတတ်သည်။

---

# ၉၀။ အကတညုဇာတ်

## ကျေးဇူးကန်းသော မိတ်ဆွေဇာတ်

**ပစ္စုပ္ပန်ဝတ္ထု**

အနာထပိဏ်သူဌေး၏ ကျေးဇူးမသိတတ်သော နယ်ခြားသူဌေး မိတ်ဆွေတစ်ယောက်ကို အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမြို့၌ သူဌေး ဖြစ်နေသည်။ ဘုရားလောင်းသူဌေးသည် နယ်ခြားဒေသမှ သူဌေးတစ်ဦးနှင့် မိတ်ဆွေဖြစ်သည်မှာ ကြာပြီဖြစ်သော်လည်း သူတို့သည် အချင်းချင်း တွေ့ဆုံဖူးခြင်း မရှိခဲ့ကြ။ သတင်းစကားပါး၍လည်းကောင်း၊ လက်ဆောင်ပဏ္ဏာပေးပို့၍ လည်းကောင်း မိတ်ဆွေ ဖြစ်နေခဲ့ကြခြင်းဖြစ်သည်။ တစ်နေ့သောအခါ နယ်ခြားသူဌေးသည် သူ့အမှုထမ်းများကို လှည်းငါးရာတို့တွင် ဝန်အပြည့်တင်၍ ဗာရာဏသီသူဌေးထံသို့ စေလွှတ်လိုက်သည်။ 'ဤဝန်များကို ဗာရာဏသီသူဌေး၏ ရှေ့မှောက်တွင် ရောင်းချ၍ ရလာသော ငွေကြေးများကို ယူဆောင်လျက် ပြန်လာခဲ့ကြ'ဟု လည်း မှာကြားလိုက်သည်။

အမှုထမ်းများသည် ဗာရာဏသီသူဌေးထံ ရောက်လျှင် လက်ဆောင်ပဏ္ဏာများ ဆက်သွင်းကြသည်။ ထို့နောက် မိမိတို့ သူဌေးက မှာကြားလိုက်သော စကားများကို လည်း ပြောကြားကြသည်။ ဗာရာဏသီသူဌေးသည် ထိုသူများကိုကောင်းစွာ လက်ခံ စောင့်ရှောက်၍ သူ့မိတ်ဆွေသူဌေးကြီး မှာကြားလိုက်သည့်အတိုင်းပင် ပစ္စည်းများကို ရောင်းချပေးလိုက်သည်။

http://www.dhammadownload.com



နောက်များမကြာမီ ဗာရာဏသီသူဌေးသည် လှည်းငါးရာတို့၌ ရောင်းချရန် ပစ္စည်းများတင်ဆောင်ကာ နယ်ခြားဒေသ မိတ်ဆွေသူဌေးထံသို့ စေလွှတ်လိုက်သည်။ နယ်ခြားသူဌေးသည် ဗာရာဏသီသူဌေး၏လူများကို ဂရုတစိုက် နေရာထိုင်ခင်းမပေး၊ ဧည့်ခံကျွေးမွေးခြင်းလည်း မပြု၊ ပေးလိုက်သော လက်ဆောင်ပဏ္ဏာများကိုသာ ယူထားလိုက်ပြီး လူများကို ပြန်လွှတ်လိုက်သည်။ ထို့ကြောင့် ဗာရာဏသီသူဌေး၏လူများသည် မိမိတို့၏ဝန်များကို မိမိတို့သာ ရောင်းချ၍ ပြန်ခဲ့ရသည်။

နောက်မကြာမီ တစ်နေ့တွင် နယ်ခြားသူဌေးထံမှလူများသည် ရှေ့ကကဲ့သို့ပင် လှည်းငါးရာတို့နှင့် ဗာရာဏသီသူဌေးထံ ရောက်လာကြပြန်သည်။ ဤအခါ ဗာရာဏသီသူဌေး၏ လူများသည် ထိုသူများကို မြို့ပြင်ဘက်တွင်သာ နေရာချထားပေးလိုက်ကြသည်။ ညဥ့်သန်းခေါင်ယံသို့ ရောက်သောအခါ ဗာရာဏသီသူဌေး၏ လူများသည် ထိုသူများကို သွားရောက်၍ လုယက်တိုက်ခိုက်ကြသည်။ နယ်စွန်နယ်ဖျားရွာသားများသည် ခုခံတုံ့ပြန်မှုတစ်စုံတစ်ရာ မပြုနိုင်ကြဘဲ နယ်ခြားဒေသအရောက် လက်လွတ်ထွက်ပြေးသွားကြရသည်။

ဇာတ်ပေါင်း။ ။ ယခင်နယ်ခြားသူဌေး-ယခုနယ်ခြားသူဌေး။
ဗာရာဏသီသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကျေးဇူးကို မသိတတ်သူသည် ကိုယ့်ကိစ္စကြုံလျှင် အကူအညီမရ။

အပါယိမှဝဂ် ပြီးပြီ။

---

# ၁၀။ လိတ္တဝဂ်

## ၉၁။ လိတ္တဇာတ်

### အဆိပ်လူးအန်စာထုံး ငုံမိသူ

ပစ္စုပ္ပန်ဝတ္ထု

ဆွမ်းသင်္ကန်း အစရှိသော ပစ္စည်းလေးပါးတို့ကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ကြသော ရဟန်းများကို အဆိပ်ကို သုံးဆောင်ခြင်းနှင့်တူကြောင်း အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ပဉ္စင်းဥစ္စာကြွယ်ဝချမ်းသာသောအမျိုး၌ဖြစ်၏။ အရွယ်ရောက်ချိန်တွင် ကြွေအန်ကစား လေ့ရှိသည်။ သူ၏ ကစားဘက်သည် ရိုးသားသူ မဟုတ်ဘဲ မိမိနိုင်လျှင် ဆက်၍ကစားပြီး ရှုံးသည့်အလှည့်တွင် ပွဲပျက်စေရန် အမြဲကြိုးပမ်းလေ့ရှိသည်။ ကြွေအန်တုံးကို ခံတွင်းတွင် ငုံထား၍ 'ကြွေအန်ပျောက်သွားပြီ' ဟုဆိုပြီး ပွဲကို ဖျက်သိမ်းသွားတတ်သေးသည်။

ထိုအကြောင်းကိုသိသော ဘုရားလောင်းသည် တစ်ခါသော် ကြွေအန်တုံးတွင် အဆိပ်များ လိမ်းကျံထားလိုက်သည်။ ထိုကြွေအန်ဖြင့် ကစားကြရာ ကောက်ကျစ်သော ကြွေအန်ကစားဖော်သည် သူရှုံးသည်နှင့် ခါတိုင်းကဲ့သို့ပင် ကြွေအန်ကို ခံတွင်းငုံ၍ ဖျောက်လိုက်သည်။

ထိုအခါ ဘုရားလောင်းက ငုံလေဦး... ငုံလေဦး၊ ကြွေအန်ကို ငုံလျှင် မည်သို့ ဖြစ်တတ်သည်ကို သိရလိမ့်မည်ဟု ဆိုသည်။ ဘုရားလောင်း၏စကား မဆုံးမီပင် ကောက်ကျစ်သော ကစားဖော်သည် အဆိပ်၏အနိုးကြောင့် မျက်စိများလန်လာကာ ဇက်လည်း ကျိုးကျလာသည်။ ထိုအခါမှ သူ့ကို အန်ဆေးတိုက်၍ 'နောင်တွင် ဤသို့ မရိုးဖြောင့်သည့် အကျင့်မျိုးကို မကျင့်လင့်' ဟု ဆုံးမစကားဆိုလေသည်။

**ဇာတ်ပေါင်း။** ။ ပညာရှိကြွေအန်သမား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အကောက်ကြံလျှင် ဒဏ်သင့်တတ်သည်။

---

# ၉၂။ မဟာသာရဇာတ်

## ပုလဲသွယ်ခိုးမှု

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီး၏ ပတ္တမြားဦးသျှောင် ပျောက်ဆုံးသွားသဖြင့် အရှင်အာနန္ဒာသည် နန်းရင်ပြင်၌ ရေပြည့်အိုးကြီး တစ်လုံးကို ချထားစေကာ တင်းတိမ်များ ကာရံထားစေသည်။ ထို့နောက် နန်းတွင်းသူ နန်းတွင်းသားအားလုံးအား အပေါ်ရုံပုဆိုးကိုယ်စီဖြင့် တင်းတိမ်တွင်းသို့ ဝင်စေသည်။ ပြန်ထွက်အလာတွင် အပေါ်ရုံပုဆိုးကို ဖွင့်လှစ်၍လာကြရန် အကြံပေးသည်။ အကြံပေးသည့်အတိုင်း ပြုလုပ်ကြရာ ပျောက်ဆုံးသွားသော ပတ္တမြားဉသျှောင်ကို ရေပြည့်အိုးထဲမှ ပြန်ရလေသည်။ ထိုအကြောင်း နှင့်စပ်၍ ဗုဒ္ဓမြတ်စွာက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏အမတ်ဖြစ်နေသည်။ တစ်နေ့သောအခါ မင်းသည် မောင်းမများနှင့်တကွ မင်္ဂလာရေကန်တွင် ရေကစားတော်မူရာ မောင်းမများသည် မိမိတို့၏လည်ဆွဲတန်ဆာများကို ချွတ်၍ စုလျား၌ထည့်ပြီးလျှင် ကျွန်မတစ်ယောက်အား စောင့်နေစေခိုင်းကြသည်။ ကျွန်မသည် လည်ဆွဲများကို စောင့်ရှောက်နေစဉ် မှေးခနဲ တစ်ချက်အိပ်ပျော်သွားခဲ့ရာ အလစ်ကို စောင့်နေခဲ့သော မျောက်မတစ်ကောင်သည် မိဖုရားကြီး၏ 'မဟာသာရ' မည်သော ပုလဲသွယ်ကို ကောက်ယူ၍ သစ်ပင်ပေါ်သို့ ပြေးတက်သွားပြီး သစ်ခေါင်းထဲတွင် ဝှက်ထားလိုက်သည်။

ကျွန်မနိုးလာချိန်တွင် ပုလဲသွယ်ကို မတွေ့ရ၍ 'ခိုးသူတစ်ယောက်သည် ပုလဲသွယ်ကို ခိုးပြေးသည်'ဟု ကျယ်လောင်စွာ ဟစ်အော်သော အသံကြောင့် မင်းမှုထမ်းယောကျ်ား တို့သည် ဥယျာဉ်အပြင်ဘက်သို့ထွက်၍ လိုက်ကြသည်။ လမ်းတွင် တွေ့ရသည့် ကျေးတောသားတစ်ယောက်ကို ခိုးသူဟုထင်၍ ဖမ်းဆီးကာ စစ်ဆေးသောအခါ ပုလဲသွယ်ကို ခိုးပြီး သူဌေးကြီးထံသို့ ပေးအပ်လိုက်သည်ဟု ဆိုသည်။ သူဌေးကြီးကတစ်ဆင့် ပုရောဟိတ်၊ စောင်းသမား၊ ပြည့်တန်ဆာမ အပါအဝင် ငါးဦးတို့သည် အဆင့်ဆင့် တစ်ယောက်မှ တစ်ယောက် လွှဲအပ်ပေးလိုက်ကြောင်း အသီးသီး ထွက်ဆိုကြသည်။ ယင်းသို့ မေးစစ်နေချိန်တွင် နေဝင်သွားသဖြင့် သူခိုးငါးဦးကို အမတ်ကြီးထံတွင် အပ်နှံထားလိုက်သည်။

အမတ်ကြီးက 'ယင်းတန်ဆာသည် လူတစ်ဦးဦးခိုးထားသည် မဟုတ်ဘဲ မျောက်တစ်ကောင်၏ လက်ထဲတွင် ရှိနေရမည်'ဟု စဉ်းစားမိသဖြင့် အမတ်ကြီးသည် သည်အမှုကို သူကိုယ်တိုင် ကိုင်တွယ်ဖြေရှင်းလိုကြောင်း မင်းထံသွား၍ ခွင့်တောင်းသည်။ မင်းကလည်း ခွင့်ပြုသည်။

ရှေးဦးစွာ အမတ်ကြီးသည် တစ်နေရာတည်းတွင် ချုပ်နှောင်ထားခဲ့သော တရားခံငါးဦး အချင်းချင်းပြောဆိုကြသည့် စကားများကို ချောင်းမြောင်းနားထောင်စေရန် စုံထောက်များ ချထားသည်။ တရားခံအချင်းချင်း ပြောစကားအရ သူတို့သည် ခိုးသူများ မဟုတ်ကြောင်း စုံထောက်များ သိရသဖြင့် အမတ်ကြီးထံ ထိုအကြောင်း ပြန်လည်၍ အစီရင်ခံကြသည်။

http://www.dhammadownload.com



အမတ်ကြီးသည် သူ့အတွေးမှန်ကန်ဖွယ်ရှိကြောင်း တွေးသိလာသဖြင့် မင်းမှုထမ်းများအား ဥယျာဉ်ထဲမှ မျောက်မများကို ဖမ်းဆီးစေကာ ချည်ထုံးတို့ဖြင့် ပြုလုပ်ထားသော တန်ဆာတို့ကို မျောက်မတို့၏ လက်၊ ခြေ၊ လည်ပင်းတို့၌ ဆင်ယင်၍ ပြန်လွှတ်ပေးလိုက်သည်။ ထိုအခါ ပုလဲသွယ်ကို ခိုးယူထားသော မျောက်မသည် 'ချည်ထုံးဖြင့် ပြုလုပ်သော တန်ဆာကို ဝတ်ဆင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း'ဟု ဆိုပြီးလျှင် သူဝှက်ထားသော မဟာသာရပုလဲသွယ်ကို ဝတ်ဆင်၍ သစ်ခေါင်းထဲမှ ထွက်လာခဲ့သည်။

သည်တွင် စောင့်ကြည့်နေခဲ့ကြသော မင်းမှုထမ်းများသည် မျောက်မကို ခြိမ်းခြောက်ပြီးလျှင် မဟာသာရပုလဲသွယ်ကို ပြန်လည်၍ရယူနိုင်ခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ။ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ခက်ခဲသောပြဿနာဖြေရှင်းနိုင်ရန် ပညာဉာဏ်ရှိဖို့လိုအပ်သည်။

---

# ၉၃။ ဝိဿာသဘောဇနဇာတ်

## ပြောင်မကိုစွဲလမ်းသော ခြင်္သေ့

### ပစ္စုပ္ပန်ဝတ္ထု

ဆွေးမျိုးများပေးလှူသည့် ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ သုံးဆောင်ကြသည့် ရဟန်းများကို ထိုသို့သုံးဆောင်ပါက သေသည်၏နောက်၌ ဘီလူး၊ ပြိတ္တာအဖြစ် မလွတ်ကြောင်းနှင့် အဆိပ်ကို သုံးဆောင်သည်နှင့်တူကြောင်း ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရှေးဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်နေသည်။ သူဌေး၏နွားကျောင်းသားသည် တောထဲတွင် စခန်းချ၍ နွားများကို ထိန်းကျောင်းနေရာမှ တစ်ခါတစ်ရံ သူဌေးထံ နွားနို့များလာရောက်ပို့တတ်သည်။ သူ့နွားခြံအနီးတွင် ခြင်္သေ့ကြီးတစ်ကောင်ရှိရာ နွားမများသည် ခြင်္သေ့ကြီးကို ကြောက်၍ နွားနို့များ အထွက်နည်းလာသည်။

တစ်နေ့တွင် နွားကျောင်းသားသည် သူဌေးကြီးထံသို့ ထောပတ်များ လာ၍ပို့ရာ ထောပတ်သည် ခါတိုင်းနှင့်စာလျှင် လျော့နည်းနေသည်။ သူဌေးက အကြောင်းကို

http://www.dhammadownload.com



မေးသည်တွင် နွားမများသည် ခြင်္သေ့ကြီးကို ကြောက်ရွံ့သဖြင့် နို့ရည်နည်းနေရပါသည်ဟု ပြန်ပြောသည်။ ဤတွင်သူဌေးက ခြင်္သေ့ကြီးတပ်စွန်းသော သတ္တဝါများ ရှိသလောဟု မေးရာ ပြောင်မတစ်ကောင်နှင့် ပေါင်းဖော်နေပါသည်ဟု နွားကျောင်းသားက ပြောပြသည်။

ထိုအခါ သူဌေးသည် နွားကျောင်းသားအား အဆိပ်များကို ပေးလိုက်ပြီး ပြောင်မကို ဖမ်း၍ အဆိပ်များဖြင့် တစ်ကိုယ်လုံး လိမ်းကျံပေးရန် မှာကြားလိုက်သည်။ နွားကျောင်းသားသည် နွားခြံသို့ပြန်ရောက်သောအခါ ပြောင်မကို ဖမ်းပြီး သူဌေးကြီး မှာကြားသည့်အတိုင်း အဆိပ်များလူး၍ ပြန်လွှတ်ပေးလိုက်သည်။ ခြင်္သေ့ကြီးသည် ပြန်လွှတ်လာသော ပြောင်မကြီး၏ကိုယ်ကို ချစ်ခြင်းမေတ္တာကြီးစွာဖြင့် လျက်ရာ အဆိပ်မိ၍ သေဆုံးခဲ့ရသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီသူဌေး-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ချစ်ကျွမ်းဝင်ရာမှ ဘေးတွေ့တတ်သည်၊ သတိရှိပါ။

---

## ၉၄။ လောမဟံသဇာတ်

### အကျိုးမဲ့အကျင့် ကျင့်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မိစ္ဆာဒိဋ္ဌိအယူရှိသော ကောရခတ္တိယသည် ဝေသာလီမြို့တွင်း၌ လှည့်လည်ကာ မြတ်စွာဘုရားအား ကဲ့ရဲ့ရှုပ်ချစကားများကို ပြောနေသည်။ ထိုကောရခတ္တိယ၏ စကားကို ကြားနာ၍ သုနက္ခတ်ရဟန်းသည် သပိတ်သင်္ကန်းတို့ကို မြတ်စွာဘုရားထံ ပေးအပ်ပြီး ကောရခတ္တိယနောက်သို့ လိုက်သွားသည်။ ဗုဒ္ဓက ဤအကြောင်းနှင့်စပ်လျဉ်း၍ အတိတ်ကိုဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဤဘဒ္ဒကမ္ဘာမှ ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဘုရားလောင်းသည် မိစ္ဆာအကျင့်ကို စုံစမ်းရန် အာဇီဝကရဟန်းပြုလျက် အဝတ်မဝတ်၊ အညစ်အကြေးများကပ်လိမ်းသော ကိုယ်ရှိကာ ဆိတ်ငြိမ်ရာတွင် တစ်ယောက်တည်းသာ နေသည်။ လူများနှင့် အတွေ့မခံ၊ လူမြင်လျှင် သမင်ကဲ့သို့ ပြေးသည်။ နွားငယ်ချေးအစရှိသည်ကိုသာ စားသည်။ ညဉ့်အခါ

http://www.dhammadownload.com



ဆီးနှင်းများကျချိန်တွင် လွင်ပြင်၌နေသည်။ နေထွက်လျှင် တောအုပ်သို့ပြန်၍ဝင်သည်။ ပူပြင်းသော နွေလ၌ နေ့အခါ၌ လွင်ပြင်တွင်နေပြီး ညဉ့်အခါ၌ တောအုပ်သို့ဝင်သည်။

ယင်းသို့သော အကျင့်များကို ကျင့်လာခဲ့ရာ သေခါနီးတွင် ငရဲ၌ဖြစ်စေတတ်သော အတိတ်နိမိတ်များ ထင်မြင်လာသဖြင့် အကျိုးမရှိသောအယူကို ကျင့်နေပါသည်ဟု သိရှိသတိရကာ ထိုခဏ၌ပင် အာဇီဝကအကျင့်တို့ကို စွန့်လိုက်ပြီး သမ္မာအယူကို ပြောင်းယူလိုက်သည်။ သို့ဖြင့်ကွယ်လွန်သောအခါ နတ်ပြည်သို့ရောက်ခဲ့ရလေသည်။

**ဇာတ်ပေါင်း။ ။ အာဇီဝကရဟန်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ မှားမှန်းသိလျှင် ထိုအမှားကိုပယ်စွန့်ရသည်။**

---

# ၉၅။ မဟာသုဒဿနဇာတ်

## မဟာသုဒဿနမြို့တော်

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ကုသိနာရုံပြည်တွင် ပရိနိဗ္ဗာန်ပြုတော်မူရန် ညောင်စောင်းပေါ်၌ ကျိန်းစက်တော်မူစဉ် အရှင်အာနန္ဒာမထေရ်သည် ဗုဒ္ဓမြတ်စွာအား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤကုသိနာရုံမြို့ငယ်သည် အခက်အလက်နှင့်တူပါသည်။ မြေမှာလည်းမညီညွတ်ပါ။ ထို့ကြောင့် ဤကုသိနာရုံမြို့ငယ်၌ ပရိနိဗ္ဗာန်ပြုတော်မမူပါလင့်။ စမ္ပာနဂိုရ်၊ ရာဇဂြိုဟ်၊ သာဝတ္ထိစသော မြို့ကြီးများတွင်သာ ပရိနိဗ္ဗာန်ပြုတော်မူပါဟု လျှောက်ထားတောင်းပန်သည်။ ထိုအခါ မြတ်စွာဘုရားက ဤမြို့၏ တစ်ချိန်တစ်ခါက ကြီးကျယ်ခဲ့ပုံကို သိတော်မူလေသဖြင့် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ဘုရားလောင်းသည် မြို့ပေါင်း ရှစ်သောင်းလေးထောင်တို့ဖြင့် ခြံရံကာ ကြီးကျယ်စည်ကားလှသော ကုသဝတီပြည်ဝယ် မဟာသုဒဿနစကြာမင်းဖြစ်စဉ်ကာလက နန်းတော်မှ ဆင်း၍ ထန်းတောထဲတွင် ခင်းထားသော ရတနာခုနစ်ပါးဖြင့် ပြီးသော ညောင်စောင်းပေါ်၌ မထသောအိပ်ခြင်းဖြင့် အိပ်နေသည်။ ယင်းအချိန်တွင် 'သုဘဒ္ဒါ'မိဖုရားကြီးသည် ရောက်လာ၍ 'အရှင်မင်းကြီး၊ ကုသဝတီ ရာဇဌာနီ အမှူးရှိသော ရှစ်သောင်းလေးထောင်သော မြို့တို့သည် အရှင်မင်းကြီး၏ ဥစ္စာများပင်တည်း။ ယင်းမြို့တို့၌ ချစ်ခင်တွယ်တာ

http://www.dhammadownload.com



စိတ် ထားတော်မူပါလော’ဟု လျှောက်ထားသည်။ ထိုအခါ မင်းကြီးက ‘ရှင်မိဖုရား၊ ဤသို့ မဆိုလင့်၊ ထိုမြို့များပေါ်၌ ငြိတွယ်စိတ်မထားရန် ငါ့ကို ဆုံးမလော့၊ ငါသည် ယနေ့ စုတေခြင်း ပြုတော့အံ့’ဟု ဆိုသည်။

ထိုစကားကြောင့် မိဖုရားနှင့်တကွ ပရိသတ်အားလုံးတို့သည် သည်းထန်စွာ ငိုကြွေးကြသည်။ သည်တွင် မင်းကြီးက ‘သင်တို့ မငိုလင့်၊ နှမ်းစေ့ ပမာဏမျှရှိသော သင်္ခါရတရားမှအစ ခပ်သိမ်းသော သင်္ခါရတို့သည် ပျက်စီးတတ်သောသဘော ရှိသည်။ ထို့ကြောင့် သင်တို့သည် အလှူပေးကြ၊ သီလဆောက်တည်ကြ၊ ဥပုသ်စောင့်သုံးကြ’ဟု ဆုံးမတော်မူပြီး စုတေကာ နတ်ပြည်သို့ ရောက်လေသည်။

ဇာတ်ပေါင်း။ ။ သုဘဒ္ဒါမိဖုရား-ရာဟုလာမယ်တော်။ သားရတနာ-ရာဟုလာ။
စကြာမင်း၏ပရိသတ်-ဗုဒ္ဓ၏ပရိသတ်။
မဟာသုဒဿနစကြာမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကြီးကျယ်ခမ်းနားသော်လည်း တစ်နေ့တွင်ပျက်သုဉ်းရသည်သာ။

---

# ၉၆။ တေလပတ္တဇာတ်

## မင်းသားနှင့်ဘီလူးမများ

### ပစ္စုပ္ပန်ဝတ္ထု

ဆီတစ်စက်ဖိတ်က လည်ကိုဖြတ်အံ့ဟု ဓားမိုးလျက်အလိုက်ခံရသော ယောကျ်ားသည် အလှအယဉ်စုံသည့် ဇနပဒကလျာဏီကို မကြည့်ဘဲ ဆီခွက်ကိုသာ ဂရုတစိုက်ကြည့်ရှု၍ သွားရဘိသကဲ့သို့ ထို့အတူ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း စသည်ကို ဂရုတစိုက်ကြည့်ရှုပွားများနေရန် ဘုရားရှင်က ရဟန်းများကို မိန့်ကြားတော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ သားတော်ပေါင်းတစ်ထောင်တို့တွင် ညီအငယ်ဆုံးဖြစ်နေသည်။ ထိုအချိန်က ပစ္စေကဗုဒ္ဓါများသည် နန်းတော်တွင် နေ့စဉ်ပင် ဆွမ်းဘုဉ်းပေးလေ့ရှိကြရာ တစ်နေ့သောအခါ ဘုရားလောင်းသည် သူ့အနေနှင့် အဖအမွေဖြစ်သော ဗာရာဏသီထီးနန်းကို ဆက်ခံနိုင်ခွင့် ရှိ-မရှိ ပစ္စေကဗုဒ္ဓါများအား မေးလျှောက်သည်။ ထိုအခါ ပစ္စေကဗုဒ္ဓါများက

http://www.dhammadownload.com



'ဆက်ဆံနိုင်ခွင့်မရှိ၊ ဤမှ ယူဇနာတစ်ရာ့ရှစ်ဆယ် ကွာလှမ်းသော တက္ကသိုလ်သို့ သွားနိုင်လျှင်မူ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့တွင် မင်းအဖြစ်သို့ ရောက်နိုင်သည်။ သို့ရာတွင် ခရီးအကြားရှိ တောအုပ်ထဲမှ ဘီလူးမများသည် ရောက်လာသူများကို အာရုံငါးပါးဖြင့် ညှို့ငင်၍ ဖမ်းယူစားသောက်ကြသဖြင့် အန္တရာယ်ရှိသည်'ဟု မိန့်ကြားသည်။

ထိုအခါ ဘုရားလောင်းက 'အရှင်ဘုရားတို့၊ အကျွန်ုပ်သည် ဘီလူးမများကို မကြည့်ဘဲ သွားပါအံ့'ဟု ဆို၍ ပစ္စေကဗုဒ္ဓါများထံမှ ပရိတ်ချည်၊ ပရိတ်သဲ၊ ပရိတ်ရေများကို ယူပြီးလျှင် တက္ကသိုလ်ပြည်သို့ ထွက်လာခဲ့သည်။ သူနှင့်အတူ အခြားသူငယ်ချင်းငါးယောက်တို့လည်း လိုက်ပါလာခဲ့ကြသည်။ သူတို့ တောအုပ်ထဲသို့ ဝင်မိကြသည်ဆိုလျှင်ပင် နတ်မိမယ်တမျှ လှပအောင် ဖန်ဆင်းထားသော ဘီလူးမတစ်သိုက်နှင့် တွေ့ကြရာ ရူပါရုံကို တက်မက်သူတစ်ယောက်သည် နောက်ချန်၍ နေရစ်ခဲ့သည်။ သည်နည်းတူပင် သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် ဖြားယောင်းသော အခါများတွင်လည်း အာရုံအလိုက် တပ်မက်သူများ တစ်ယောက်စီ တစ်ယောက်စီ နောက်ချန်၍ နေရစ်ခဲ့ကြသဖြင့် လိုက်ပါလာကြသူ ငါးယောက်လုံးသည် ဘီလူးမတို့၏အစာ ဖြစ်ခဲ့ကြသည်။ ဘုရားလောင်းတစ်ဦးသာ အသက်ရှင်၍ ကျန်နေသည်။

ထိုအခါ ဘီလူးမတစ်ယောက်က 'ဤယောကျ်ားသည် အလွန်ထက်မြက်သော ပညာရှိ၏။ ငါသည် ဤယောကျ်ားကို စားရမှသာလျှင် ပြန်မည်'ဟု နှလုံးသွင်း၍ ဘုရားလောင်း၏ နောက်မှ လိုက်လာသည်။

တက္ကသိုလ်ပြည်သို့ ရောက်သောအခါ ဘုရားလောင်းသည် မြို့အဝင်ဇရပ်ပေါ်တွင် တည်းခိုသည်။ ဘီလူးမကလည်း မိမိကိုယ်ကို နတ်မိမယ်တမျှ လှပအောင်ဖန်ဆင်း၍ ဇရပ်တံခါးဝတွင် နေသည်။ တက္ကသိုလ်ပြည်မှ မင်းကြီးသည် ဥယျာဉ်သို့ ထွက်တော်မူလာရာ ထိုမိန်းမကိုမြင်တွေ့၍ တပ်မက်စွဲလန်းမိပြီး လင် ရှိ–မရှိ စုံစမ်းစေသည်။ ဘီလူးမက ဇရပ်ပေါ်က ယောကျ်ားသည် သူ့လင်ဖြစ်သည်ဟု ပြောသည်။ ဘုရားလောင်းက မဟုတ်ရကြောင်း၊ သူမသည် ဘီလူးမဖြစ်သည်ဟု ပြောကာ ငြင်းပယ်သည်။ မင်းကြီးသည် ဘီလူးမကို လူမိန်းမဟု ယူဆပြီး ကောက်ယူ၍ မိဖုရားအရာ၌ ထားသည်။ ညဉ့်သန်းခေါင်ယံသို့ရောက်သည်တွင် ဘီလူးမထံမှ တရှုပ်ရှုပ်ရှိုက်ငိုသံ ထွက်လာသည်။

မင်းကြီးက အကြောင်းကိုမေးရာ 'အရှင်မင်းကြီးသည် မိမိကို လမ်းပေါ်မှ ကောက်တော်မူလာခဲ့သည်။ မိဘ၊ အမျိုးအနွယ်ကို မသိသဖြင့် အခြားသော မိဖုရားများက ချိုးနှိမ်၍ ပြောမည်ကို စိုးရွံ့မိပါသည်။ အကျွန်ုပ်တွင် အာဏာရှိခဲ့လျှင် ပြောဝံ့သူရှိမည် မဟုတ်ပါ။ ထို့ကြောင့် အကျွန်ုပ်အား တိုင်းပြည်ကို အပ်နှင်းစေလိုပါသည်'ဟု လျှောက်သည်။ မင်းကြီး

http://www.dhammadownload.com



က မအပ်ချေ။ ဤတွင် နန်းတွင်းမှလူများအပေါ် စိုးပိုင်ခွင့်အာဏာကို ထပ်မံ၍တောင်းဆိုပြန်သည်။ မင်းကြီးသည် နတ်တို့၏ ဖောင်ဗွာရုံကဲ့သို့သော အတွေ့ထူးကို တွေ့ထိခဲ့ရပြီးဖြစ်၍ ဘီလူးမ၏စကားကို မလွန်ဆန်နိုင်ရကား နန်းတော်၌ စိုးပိုင်ခွင့်အာဏာကို အပ်နှင်းလိုက်သည်။

အာဏာကို ရရှိသွားခဲ့သော ဘီလူးမသည် မင်းကြီးအိပ်ပျော်သွားသည်ဆိုလျှင်ပင် ဘီလူးမြို့သို့ ပြန်သွားကာ ဘီလူးများကို ခေါ်လာပြီး မင်းကြီးနှင့်တကွ နန်းတွင်းရှိ လူအားလုံးကို စားကြတော့သည်။ နံနက်မိုးလင်းချိန်တွင် နန်းတော်တံခါးမပွင့်နေသည်ကို တွေ့သဖြင့် ပြည်သူများသည် တံခါးကို ရိုက်ချိုးလျက် နန်းတွင်းသို့ ဝင်ကြသည်။ ထိုအခါ နန်းတွင်းတစ်ခုလုံး အရိုးတို့ဖြင့် ပြန့်ကျဲလျက် ရှိသည်ကို တွေ့ကြရသည်။ ဤတွင် ပြည်သူများသည် မင်းကြီးကောက်ယူတော်မူခဲ့သော မိန်းမသည် လူသားမဟုတ်၊ ဘီလူးမဖြစ်သည်ဟု ဆိုသော ယောက်ျားသည် ပညာရှိဖြစ်သည်။ ထိုသူ့ကို မင်းအဖြစ် တင်မြှောက်ကြစို့ဟု ဆိုပြီးလျှင် ဘုရားလောင်းအား မင်းအဖြစ် တင်မြှောက်လိုက်ကြတော့သည်။

**ဇာတ်ပေါင်း။ ။ တက္ကသိုလ်မင်း၏ပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊ ညီထွေးမင်းသား-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ ကာမဂုဏ်ငါးပါးလိုက်စားလျှင် ဘေးတွေ့မည်။**

---

# ၉၇။ နာမသိဒ္ဓိဇာတ်

## နာမည်ပြောင်းလိုသူ

**ပစ္စုပ္ပန်ဝတ္ထု**

နာမည်မကောင်းသဖြင့် နာမည်ပြောင်းလိုသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီးဖြစ်၍ တပည့်ငါးရာတို့ကို ပညာသင်ပေးနေသည်။ တပည့်များထဲတွင် 'ယုတ်မာ'ဟူသော တပည့်တစ်ယောက် ရှိခဲ့သည်။ ယုတ်မာသည် မိမိအမည်ကို သဘောမကျ။ ထို့ကြောင့် မင်္ဂလာရှိသည့်အမည်သစ်တစ်ခု ပြောင်းပေးစေလိုကြောင်း ဆရာကြီးကို လျှောက်ထားသည်။

http://www.dhammadownload.com



ဤတွင် ဆရာကြီးက 'အမောင်၊ နှစ်သက်သော အမည်ကောင်းကောင်း ရရှိစေရန် နယ်လှည့်၍ စနည်းနာချေ'ဟု စေလွှတ်လိုက်သည်။

သူသည် တစ်ရွာဝင် တစ်ရွာထွက် အမည်ကောင်းရှာပုံတော်ခရီးထွက်လာခဲ့ရာ မြို့တစ်မြို့သို့ ရောက်သည်တွင် အသုဘတစ်ခုချလာသည်ကို တွေ့ရ၍ သေသူ၏ အမည်ကို မေးကြည့်သောအခါ 'ဖိုးသက်ရှည်'ဖြစ်ကြောင်း သူ သိရသည်။ ထို့နောက် ရှေ့သို့ဆက်လာခဲ့ရာ တစ်နေရာသို့ အရောက်တွင် ကြွေးမြီမပေးအပ်သော ကျွန်မ တစ်ယောက်ကို အိမ်ရှင်များက ရိုက်နှက်နေကြသည်ကို တွေ့ရသည်။ သူမ၏ အမည်ကို မေးကြည့်သောအခါ 'သူဌေးမ'ဟု သိရသည်။ သူသည် ထိုမြို့မှ ထွက်လာခဲ့ပြီး မြို့ပြင် ဘက်သို့ ရောက်သောအခါ မျက်စိလည် လမ်းမှားနေသည့်သူတစ်ယောက်နှင့်တွေ့ရ၍ ထိုလူ၏အမည်ကို မေးကြည့်ရာ 'မောင်လမ်းသိ'ဟု ပြောသွားခဲ့သည်။

ထိုအခါ သူသည် ဖိုးသက်ရှည်လည်း တကယ်တော့ အသက်မရှည်၊ သူဌေးမ လည်း ကြွေးထူနေသည်။ မောင်လမ်းသိလည်း လမ်းမှားနေသည်။ အမည်ဆိုသည်မှာ အခေါ်အဝေါ်မျှသာ ဖြစ်သည်။ ငါသည် အမည်မပြောင်းလိုတော့။ 'ငယုတ်မာ'ဟူသော အမည်ဖြင့်ပင် နေတော့မည်ဟု စဉ်းစားကာ ဆရာ့ထံ ပြန်လာတော့သည်။

**ဇာတ်ပေါင်း။ ။ အမည်ကောင်းကောင်းလိုလားခဲ့သူလူငယ်-အမည်ကောင်းကောင်း လိုလားသူရဟန်း။ ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ အမည်ကိုကြည့်ပြီး အကောင်းအဆိုးခွဲ၍မရနိုင်။**

---

## ၉၈။ ကူဋဝါဏိဇဇာတ်

## အကောက်ကြံသော ကုန်သည်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့တော်မှ မရိုးဖြောင့်သောကုန်သည်တစ်ယောက်ကို အကြောင်းပြုကာ ဗုဒ္ဓက ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် 'ပဏ္ဍိတ'ဆိုသူနှင့် 'အတိ ပဏ္ဍိတ'ဆိုသူတို့သည် အရင်းတူပူးပေါင်း၍ အရောင်းအဝယ်ပြုကြသည်။ တစ်ခါတွင်

http://www.dhammadownload.com



သူတို့နှစ်ယောက်သည် ကျေးလက်ဘက်မှ ရောင်းဝယ်၍ပြန်အလာ အမြတ်ခွဲဝေမည်ပြုကြရာ အတိ ပဏ္ဍိတက 'ငါသည် နှစ်စုရထိုက်သည်၊ သင်ကား တစ်စုသာ ရထိုက်သည်'ဟု ဆိုသည်။ ပဏ္ဍိတက အကျိုးအကြောင်းမေးသောအခါ သူက 'သင်သည် ပဏ္ဍိတမျှသာဖြစ်သည်။ ငါကား အတိပဏ္ဍိတဖြစ်သောကြောင့် နှစ်စုရထိုက်သည်'ဟု ဆိုသည်။ ပဏ္ဍိတက မပေးနိုင်ဟု ငြင်းသည်။ နောက်ဆုံးတွင် အတိပဏ္ဍိတသည် ဖခင်ဖြစ်သူနှင့် တီးတိုးတိုင်ပင်၍ ဖခင်ဖြစ်သူအား သစ်ခေါင်းတစ်ခုထဲတွင် ရုက္ခစိုးနတ်အဖြစ်ဟန်ဆောင်ရန် သွင်းပေးထား ခဲ့သည်။ ထို့နောက် မည်သူသည် ဝေစုများများရထိုက်သည်ကို ရုက္ခစိုးနတ်မင်းထံ အဆုံးအဖြတ် ခံရန် သဘောတူပြီး နတ်မင်းရှိရာသစ်ပင်ဆီသို့ လာရောက်မေးကြရာ သစ်ခေါင်းထဲမှ အတိပဏ္ဍိတ၏ဖခင်က အသံဖျက်၍ ပဏ္ဍိတသည် တစ်စုသာ ရထိုက်သည်။ အတိပဏ္ဍိတကား နှစ်စုရထိုက်သည်ဟု ရုက္ခစိုးနတ်ဟန်ဖြင့် ဆုံးဖြတ်ချက်ပြုသည်။ ယင်းအသံကို သံသယရှိသော ပဏ္ဍိတသည် နတ်ဟုတ်မဟုတ်ကို သိစေရမည်ဟု ဆို၍ သစ်ခေါင်းထဲသို့ ကောက်ရိုးများသွင်းပြီး မီးရှို့သည်။ ထိုအခါ အတိပဏ္ဍိတ၏ဖခင်သည် ကိုယ်တစ်ဝက်မီးလောင်ဒဏ်ရာဖြင့် အပေါ်ဘက်အပေါက်မှ ထွက်၍ သစ်ကိုင်းကို ခိုတွဲလျက် ဆင်းလာခဲ့သည်။ ထို့နောက် ပဏ္ဍိတကား ပညာရှိ၏။ အတိပဏ္ဍိတကား မရိုးဖြောင့်သူဖြစ်သည်ဟု သူ့သားကို ဆုံးမသည်။

**ဇာတ်ပေါင်း။** ။ ယခင်ကစဉ်းလဲသောကုန်သည်-ယခုစဉ်းလဲသောကုန်သည်။ ပညာရှိကုန်သည်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မရိုးသားလျှင် မကောင်းကျိုးခံရတတ်သည်။

---

# ၉၉။ ပစ္စရောသမာသဇာတ်

## ပညာရှိရသေ့ကြီး

**ပစ္စုပ္ပန်ဝတ္ထု၊**

တာဝတိံသာမှဆင်း၍ သင်္ကဿနဂိုရ်မြို့တံခါးသို့အရောက်တွင် အကျဉ်းအားဖြင့် ဘုရားရှင်ဟောကြားထားသော ဒေသနာတော်ကို အကျယ်ချဲ့၍ ဟောကြားနိုင်သော အရှင်သာရိပုတ္တရာ၏ ဉာဏ်ပညာကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကိုဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရှာန်ရရသေ့ကြီးအဖြစ်ဖြင့် တပည့်ရသေ့ငါးရာတို့နှင့်အတူ ဟိမဝန္တာတွင်နေသည်။ တစ်နေ့သောအခါ တပည့်ကြီးဖြစ်သော ရသေ့သည် ရသေ့တစ်ဝက်ကို ခေါ်ယူ၍ ချဉ်၊ ဆားမှီဝဲရန် လူနေရပ်ရွာသို့ ထွက်သွားစဉ် ဆရာရသေ့ကြီး စုတေလေ၏။ စုတေခါနီးတွင် တပည့်ရသေ့များက ဆရာသည် အဘယ်တရားထူးများရခဲ့ပါသနည်းဟု မေးကြသည်။ ဆရာရသေ့ကြီးသည် 'နတ္ထိကိဉ္စိ'ဟု ပြောခဲ့ပြီးနောက် သေဆုံးသွားခဲ့သည်။ တပည့်ရသေ့များသည် ဆရာရသေ့၏စကားကို နားမလည်ကြ၍ 'ဆရာသည် တရားထူးမရခဲ့'ဟု ထင်မှတ်ကြသည်။ ထို့ကြောင့် အလောင်းကို တစ်စုံတစ်ရာ ပူဇော်သက္ကာရမပြုဘဲ နေကြသည်။

တပည့်ရသေ့ကြီး ပြန်ရောက်လာသောအခါ ဆရာပြောသွားခဲ့သောစကားကို တစ်ဆင့်ကြားသိရသည်တွင် တပည့်ကြီးက 'ဆရာပြောသွားခဲ့သော နတ္ထိကိဉ္စိ ဆိုသည်မှာ အခြားမဟုတ်၊ အာကိဉ္စညာယတနသမာပတ်ကိုရကြောင်း ပြောသွားခဲ့ခြင်းဖြစ်သည်'ဟု ရှင်းပြသည်။ သို့သော် အခြားတပည့်များက မယုံကြည်၊ ထိုအကြောင်းကို သိသော အာဘဿရဗြဟ္မာ့ပြည်ရောက် ဘုရားလောင်းသည် ဗြဟ္မာ့ဘုံမှဆင်းလာပြီး ရသေ့တို့၏ ကျောင်းခေါင်မိုးပေါ် ကောင်းကင်ပြင်တွင်ရပ်၍ တပည့်ကြီး၏ပညာအကြောင်းကို ချီးမွမ်းစကားဆိုကာ အခြားရသေ့တို့ထက် တပည့်ကြီးသာ သာလွန်ကြောင်း ချီးမွမ်းသည်။ ထိုအခါတွင်မှ တပည့်ရသေ့များသည် တပည့်ကြီးစကား မှန်ကန်ကြောင်းကို လက်ခံနားလည် ကြရလေတော့သည်။

**ဇာတ်ပေါင်း။** ။ တပည့်ရသေ့-အရှင်သာရိပုတ္တရာ၊ မဟာဗြဟ္မာ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပညာရှိစကားကို ပညာရှိသာ နားလည်သည်။

---

## ၁၀၀။ အသာတရူပဇာတ်

### ထာဝရပေါ်များသော ရှင်သီဝလိ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာသည် ကုဏ္ဍလိယမြို့အနီး တောအုပ်တစ်ခု၌သီတင်းသုံးတော်မူစဉ် ခုနစ်နှစ် ကိုယ်ဝန်လွယ်၍ ခုနစ်ရက်မွေးဖွားခြင်းဒုက္ခ ခံစားခဲ့ရသော ရှင်သီဝလိ၏မယ်တော် သုပ္ပဝါသာနှင့်လာဘ်အရာတွင်

http://www.dhammadownload.com



တေဒဂ်ဘွဲ့ထူး ချီးမြှင့်ခံရသူ ရှင်သီဝလိ၏ အကြောင်းကို ဖော်ပြတော်မူလိုသဖြင့် ဤအတိတ်ဖာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး အမည်ဖြင့် ဘုရားလောင်း ထီးနန်းစိုးစံစဉ် ကောသလမင်းသည် ဗာရာဏသီကိုလာ၍ တိုက်ခိုက်သည်။ မင်းကိုသတ်၍ ထီးနန်းနှင့် တကွ မိဖုရားကိုပါ သိမ်းပိုက်သွားခဲ့သည်။ သားတော်မှုကား ရေပြွန်ပေါက်မှ ထွက်ပြေးနိုင်ခဲ့သဖြင့် လွတ်မြောက်သွားခဲ့ရသည်။ မင်းသားသည် နောက်ပိုင်းတွင် စစ်သည်အင်အားစုရုံး၍ ခမည်းတော်၏အရိုက်အရာဖြစ်သော ထီးနန်းကို ပြန်လည်သိမ်းပိုက်ရန် ဗာရာဏသီသို့ ပြန်လာသည်။ သူသည် မြို့ပြင်ဘက်တွင် တပ်စခန်းချ၍ စစ်မက်ဖက်ပြိုင်ခြင်း ပြုမည်လော၊ ပြည်ကို ပြန်အပ်မည်လော ဆိုသည့် ရာဇသံကို ကောသလမင်းကြီးထံ ပို့လိုက်သည်။ ကောသလမင်းက စစ်မက်ဖက်ပြိုင်မည်ဖြစ်ကြောင်း တုံ့ပြန်သောသတင်းကို ကြားသော် မင်းသား၏မယ်တော်သည် 'စစ်မက်ဖက်ပြိုင်စရာမလို၊ မြို့တွင်းရှိရိက္ခာများ ကုန်ခန်းသွားသည်အထိ မြို့ကို ပိတ်ဆို့ထားက စစ်မပြုရဘဲ မြို့ကို ရလိမ့်မည်'ဟု သားတော်ထံ အမှာစာပို့လိုက်သည်။

သားတော်သည် မယ်တော်၏ ညွှန်ကြားချက်အတိုင်း ဗာရာဏသီမြို့ကို ပိတ်ဆို့ထားလိုက်ရာ ပြည်သူတို့သည် အကျပ်အတည်းမျိုးစုံဖြင့် ကြုံတွေ့ကြရတော့သည်။ ဤတွင် သည်းမခံနိုင်သော ပြည်သူများသည် ကောသလမင်း၏ဦးခေါင်းကိုဖြတ်၍ မင်းသားထံ ပေးအပ်လိုက်ကြတော့သည်။ ဤကံ၏ သတ္တိကြောင့် သီဝလိမင်းသားသည် ခုနစ်နှစ်တိုင် အမိဝမ်းထဲ၌ နေခဲ့ရ၍ ခုနစ်ရက်ပတ်လုံး ယောနိဝ(မွေးလမ်းကြောင်း)၌ ဆင်းရဲခံခဲ့ရခြင်း ဖြစ်သည်။

ထိုသီဝလိသည် ပဒုမုတ္တရာဘုရားရှင်၏ ခြေတော်ရင်း၌ အလှူကြီးပေးလှူ၍ လာဘ်လာဘ ပေါများကုန်သော သာဝကတို့တွင် မြတ်သောသာဝက ဖြစ်ပါစေသတည်းဟု ပန်ဖူးခဲ့သောဆုထူးကြောင့် လည်းကောင်း၊ ဝိပဿီဘုရားရှင်လက်ထက်၌ အဖိုးတစ်သိန်းထိုက်တန်သော နို့ဓမ်းခဲကို လှူဒါန်း၍ ဆုတောင်းခဲ့ဖူးသောကြောင့် လည်းကောင်း၊ လာဘ်လာဘ ပေါများသူတို့တွင် တေဒဂ်ရ သာဝက ဖြစ်လာသည်။

သုပ္ပဝါသာမင်းသမီးသည် သားတော်အား မြို့ကို ပိတ်ဆို့ထားရန် အကြံပြုခဲ့ခြင်းကြောင့် ခုနစ်နှစ်ပတ်လုံး သန္ဓေသားကို လွယ်ပိုးထားခဲ့ရသည်။ ခုနစ်ရက်တိုင်လည်း ပင်ပန်းကြီးစွာ မွေးဖွားခဲ့ရသည်။




ဇာတ်အမှတ်-၁၀၀ သီဝလိမင်းသားငယ်သည်အရှင်သာရိပုတ္တရာမထေရ်နှင့်စကားပြောသဖြင့်မယ်တော်သုပ္ပဝါသာမင်းသမီးသည်ဝမ်းသာကြည်နူးဖြစ်နေစဉ်



http://www.dhammadownload.com

http://www.dhammadownload.com



ဇာတ်အမှတ်-၁၀၀ သီဝလိမင်းသားငယ်သည်အရှင်သာရိပုတ္တရာမထေရ်နှင့်စကားပြောသဖြင့်မယ်တော်သုပ္ပဝါသာမင်းသမီးသည်ဝမ်းသာကြည်နူးဖြစ်နေစဉ်

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗာရာဏသီကိုပိုင်ဆိုင်ခဲ့သောမင်းသား-ရှင်သီဝလိ။
မင်းသား၏မယ်တော်-သုပ္ပဝါသာမင်းသမီး။
ခမည်းတော်ဘုရင်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းကံသည် မကောင်းကျိုးသာ ရစေသည်။

လိတ္တဝဂ် ပြီးပြီ။

---

# ၁၁။ ပရောသတဝဂ်

## ၁၀၁။ ပရောသတဇာတ်

ဤဇာတ်သည် ဇာတ်နံပါတ်(၉၉) ပရောသဟဿဇာတ်နှင့်အလုံးစုံတူသည်။

---

## ၁၀၂။ ပဏ္ဏိကဇာတ်

### သမီး၏စာရိတ္တ စုံစမ်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

သမီး၌ သီလရှိ-မရှိ စမ်းသပ်သော ဟင်းရွက်သည်ဒါယကာတစ်ယောက်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် တောအုပ်၌ ရုက္ခစိုးနတ် ဖြစ်နေသည်။ ဗာရာဏသီမြို့တော်ရှိ ဟင်းရွက်သည်တစ်ဦးတွင် သမီးပျိုတစ်ယောက်ရှိရာ ရုပ်ဆင်းအင်္ဂါမှာ လွန်စွာပင်လှပသည်။ အရုက်အကြောက်လည်းကြီးသည်။ ရွှင်ပြုံးနေသော မျက်နှာပေးလည်းရှိသည်။ ထို့ကြောင့် သူမအား မျိုးနွယ်တူလူငယ်များက လက်ထပ်လိုကြသည်။ သို့ရာတွင် ဖခင်သည် သမီး၏မျက်နှာ အမူအရာ ရွှင်လွန်းအားကြီး၍ မိန်းကလေးသိက္ခာမရှိသေးဟုထင်မှတ်ကာ လက်ထပ်ခွင့်မပြုလိုသေး။

http://www.dhammadownload.com



ထို့ကြောင့် ဖခင်သည် သမီးအား စမ်းသပ်ကြည့်ရန် ဟင်းရွက်ခူးဖို့အကြောင်း ပြလျက် တောထဲသို့ ခေါ်သွားခဲ့သည်။ တောထဲသို့ရောက်လျှင် ဖခင်သည် ကိလေသာ စိတ် ထကြွဟန်ဖြင့် သမီး၏လက်ကို ဆွဲကိုင်လိုက်သည်။ ဤတွင် သမီးဖြစ်သူသည် ချုံးပွဲချငိုလေတော့သည်။ နှုတ်မှလည်း မသင့်လျော်ကြောင်း တောင်းပန်စကားဆိုသည်။ ထိုအခါ ဖခင်က ချစ်သမီး၊ မငိုလင့်၊ ငါသည် သင့်အား မိန်းကလေးသိက္ခာ ရှိ–မရှိ စမ်းသပ်ကြည့်ရုံမျှသာ ဖြစ်သည်ဟု ဆို၍ ပြန်ခေါ်လာခဲ့သည်။ ထို့နောက် လူငယ်တစ်ဦး နှင့် ထိမ်းမြားလက်ထပ်ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ **ယခင်အခါကဖခင်-ယခုဖခင်။ ယခင်ကသမီး-ယခုသမီး။ ရှက္ခစိုးနတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အကျင့်သီလ ရှိ-မရှိ လက်တွေ့စမ်းသပ်၍ သိနိုင်သည်။**

---

# ၁၀၃။ ဝေရိဇာတ်

## အနာထပိဏ်သူဌေးနှင့် သူခိုးများ

**ပစ္စုပ္ပန်ဝတ္ထု**

နိုးသားများလက်မှ အလွတ်ပြေးလာခဲ့သော အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေးကြီးဖြစ်နေသည်။ တစ်နေ့သောအခါ သူသည် ရွာငယ်တစ်ရွာတွင် ကျင်းပသော ထမင်းစားပွဲမှ လှည်းယဉ်ကလေးဖြင့် ပြန်လာခဲ့ရာ လမ်းတွင် သူခိုးများနှင့် ဆုံတွေ့ရသည်။ ဤတွင် သူသည် နွားများကို အမြန်မောင်း၍ ထွက်လာခဲ့သည်။ ထို့ကြောင့် ဘေးရန် ကင်းစွာဖြင့် မိမိအိမ်သို့ ပြန်ရောက်လာခဲ့လေသည်။

**ဇာတ်ပေါင်း။** ။ **ဗာရာဏသီသူဌေး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အန္တရာယ်နှင့်ကြုံတွေ့လျှင် လျင်မြန်စွာ ရှောင်ကြဉ်ရာ၏။**

---

http://www.dhammadownload.com



## ၁၀၄။ မိတ္တဝိန္ဒကဇာတ်

### ဆုံးမမှုမနာယူသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဤဇာတ်သည် 'ဒသကနိပါတ် ဇာတ်နံပါတ် ၈၂ မဟာမိတ္တဝိန္ဒကဇာတ်'နှင့် တူသည်။

**အတိတ်ဝတ္ထု**

သင်တုန်းစက်ကိုချွတ်၍ ငရဲခံနေရသော ငရဲသားတစ်ယောက်က 'အရှင်၊အကျွန်ုပ်သည် အဘယ်မကောင်းမှုကို ပြုခဲ့၍ ဤငရဲ၌ခံနေရပါသနည်း'ဟု ဘုရားလောင်းနတ်သားကို မေးရာ 'သုံးဆယ့်နှစ်ဦးသော ဝေမာနိကပြိတ္တာမတို့ကို ရခဲ့ပါလျက် ရောင့်ရဲတင်းတိမ်မှု မရှိဘဲ အလိုရမ္မက်ကြီးခဲ့သောကြောင့် ဤသင်တုန်းစက် ငရဲသို့ ရောက်ခဲ့ခြင်းဖြစ်သည်' ဟု ဘုရားလောင်းနတ်သားက ဖြေဆိုလေသည်။ ဤမျှသာ ထူးသည်။

---

## ၁၀၅။ ဒုဗ္ဗလကဋ္ဌဇာတ်

### ကြောက်ထိတ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

**အလွန်ကြောက်ရွံ့တတ်သော သာဝတ္ထိမြို့သား ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။**

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတောဝ၌ ရက္ခစိုးနတ်ဖြစ်နေသည်။ ထိုအချိန်က ဗာရာဏသီမင်းသည် သူ၏စီးတော်မင်္ဂလာဆင် စစ်မြေပြင်၌ အသုံးပြုလျှင် ကြောက်ရွံ့ထိတ်လန့်ခြင်း မရှိစေရန် ဆင်ဆရာများအား လေ့ကျင့်စေခိုင်းထားသည်။ ဆင်ဆရာတို့သည် ဆင်ကို ဆင်ချည်တိုင်၌ ချည်၍ လေ့ကျင့်ပေးကြသည်။ ဆင်သည် နာကျင်နေသည့် ဝေဒနာကို မခံနိုင်သဖြင့် ချည်တိုင်ကို ချိုး၍ ဟိမဝန္တာသို့ ဝင်ပြေးသွားသည်။

http://www.dhammadownload.com



သို့သော် ဟိမဝန္တာရောက်သော်လည်း ဆင်သည် ကိုယ်စိတ်နှစ်ပါးလုံး ချမ်းမြေ့ခြင်းမရှိဘဲ အမြဲတမ်း ကြောက်ရွံ့တုန်လှုပ်နေလေသည်။ ဤသည်ကို မြင်သော ရုက္ခစိုးနတ်က 'ဤတောဌ် သင့်အား ဘေးမရှိ၊ မကြောက်လင့်'ဟု ဆို၍ ဆင်ကို အဆုံးအမ ရဲဆေးတင်ပေးသောအခါ ဆင်သည် အကြောက်ပြေသွားသည်။

ဇာတ်ပေါင်း။ ။ ဆင်-ထိတ်လန့်တတ်သောရဟန်း။ ရုက္ခစိုး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကြောက်တတ်သူအား နှစ်သိမ့်ပေးရာ၏။

---

## ၁၀၆။ ဥဒဉ္စနီဇာတ်

### ဖခင်ထံပြန်လာသူ

**ပစ္စုပ္ပန်ဝတ္ထု**

အမျိုးကြီး ဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သောရဟန်းတစ်ပါးကို အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူပြီး ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရှာန်အဘိညာဉ်ရ ရသေ့ဖြစ်နေသည်။ ရသေ့ကြီး မွေးစားထားသော ရသေ့ငယ်သည် နေ့တိုင်းဆိုလျှင် ထင်းခွေ၊ ရေခပ်၊ မီးမွေး စသော အလုပ်များကို ဆောင်ရွက်သော်လည်း သည်ကနေ့၌မူ မည်သည့်အမှုကိုမျှ ထမ်းဆောင်ခြင်းမပြုဘဲ မျက်နှာမကြည်မသာနှင့် အိပ်နေသည်။ သစ်သီးကြီးငယ် ရှာဖွေရာမှ ပြန်လာခဲ့သော ဖခင်ရသေ့ကြီးက အကျိုးအကြောင်းကို မေးကြည့်သောအခါ မိန်းမတစ်ယောက်သည် သူ့ကို လာ၍ခေါ်ကြောင်း၊ ဖခင်က လွှတ်မှသူသွားလိုကြောင်း၊ ထိုမိန်းမသည် ယခုတစ်နေရာမှ စောင့်လျက်ရှိနေကြောင်းနှင့် ထိုမိန်းမထံသို့ ယခုပင်လျှင် သူသွားလိုကြောင်းများကို ပြောပြသည်။

ဖခင်ရသေ့ကြီးသည် သားအားတားမြစ်၍ မရနိုင်သည်ကို သိသဖြင့် သွားခွင့်ပြုလိုက်ရာ ရသေ့ငယ်သည် ထိုမိန်းမနှင့်အတူ ပေါင်းသင်းနေထိုင်သည်။ မိန်းမသည် ရသေ့ငယ်အား ကျွန်သဖွယ် အလုပ်အမျိုးမျိုးခိုင်းစေသဖြင့် ရသေ့လူထွက်မှာ မခံနိုင်လွန်း၍ ဖခင်ထံသို့ ပြန်ပြေးလာလေသည်။

http://www.dhammadownload.com



ထိုအခါ ဖခင်သည် သားအား နှစ်သိမ့်မှုပေး၍ ပြဟ္မစိုရ်တရားလေးပါးနှင့် ကသိုဏ်း ပရိကံတို့ကို ပွားစေရာ မကြာမီ အဘိညာဉ်သမာပတ်နှင့် ပြည့်စုံ၍ သေလွန်သောအခါ သားအဖနှစ်ဦး ဗြဟ္မာ့ပြည်သို့ ရောက်ကြလေသည်။

ဇာတ်ပေါင်း။ ။ ယခင်အခါကအပျိုကြီး-ယခုအပျိုကြီး။ ရသေ့ငယ်-အပျိုကြီး ဖြားယောင်းခံရသောရဟန်း။ အဖရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လင်ကိုကျွန်ကဲ့သို့ခိုင်းတတ်သောမိန်းမကို စွန့်ပစ်ရာ၏။

---

# ၁၀၈။ သာလိတ္တကဇာတ်

## ခဲဝစ်ကျွမ်းကျင်သူ

### ပစ္စုပ္ပန်ဝတ္ထု

ကျောက်စရစ်ခဲပစ်ရာတွင် ကျွမ်းကျင်သောအမျိုးသားတစ်ယောက်သည် ရဟန်းဖြစ်လာသော အခါ အစိရဝတီမြစ်ကမ်း၌ ပျံနေသောဟင်္သာ၏ မျက်လုံးတစ်ဖက်ကို ထိမှန်အောင် ပစ်ခတ်သဖြင့် ဟင်္သာသေစေခဲ့သည်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ်ဖြစ်နေသည်။ ထိုမင်းတွင် အလွန်စကားများသော ပုရောဟိတ် တစ်ယောက်ရှိရာ စကားများခြင်းကို မကြိုက်သော မင်းကြီးသည် သူ၏ စကားများလွန်းမှု ကို တားဆီးနိုင်မည့် အတတ်ပညာရှင်တစ်ယောက်ကို ရှာဖွေနေသည်။

တစ်နေ့တွင် မင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်လာရာ မြို့တံခါးဝ ညောင်ပင် ကြီးအောက်သို့ ရောက်သောအခါ ညောင်ပင်၌ ညောင်ရွက်များ အကောင်းပကတိအတိုင်း မရှိဘဲ အရွက်တိုင်းသည် အပေါက်ရာများနှင့်ချည်း ပြည့်နေသည်ကို တွေ့ရသည်။ အမတ် များအား အကြောင်းကိုမေးကြည့်လျှင် 'ဆွံ့၏လက်ချက်ဖြစ်ကြောင်း၊ ဆွံ့သည် ကလေး များထံမှ' ရွှေ၊ ငွေ အစရှိသော အဖိုးလက်ခများယူလျက် ကလေးငယ်များ အလိုရှိရာ ဆင်ရုပ်၊ မြင်းရုပ် စသည်တို့ကို ပေါ်အောင် ညောင်ရွက်များကို လေးခွနှင့်ပစ်ထားခြင်း

http://www.dhammadownload.com



ဖြစ်ကြောင်း၊ ဆွံ့နှင့်ကလေးများသည် မင်းကြီးထွက်တော်မူလာသည်ကို မြင်၍ ထွက်ပြေးသွားခဲ့ကြပါသည်'ဟု အမတ်များက လျှောက်တင်ကြသည်။

ဤတွင် မင်းကြီးသည် ဆွံ့ကို ရှာဖွေခေါ်ယူ၍ နစ်ကိုယ်ကြား တိုင်ပင်သည်တွင် 'အရှင်မင်းကြီး၊ ဆိတ်ချေးတစ်ကွမ်းစား(တစ်စလယ်)ရလျှင် တတ်နိုင်ပါသည်ဘုရား'ဟု ဆွံ့က ဆိုသည်။ ထိုကြောင့် ဆွံ့အား နန်းတော်သို့ ခေါ်ဆောင်ခဲ့ပြီးလျှင် အပေါက်ဖောက်ထားသော ကန့်လန့်ကာတစ်ခုအတွင်း၌ နေစေကာ စကားများသည့် ပုရောဟိတ်ကို တားမြစ်ရန် စီစဉ်ထားသည်။ ပုရောဟိတ်သည် အခစားရောက်သည့်အချိန်မှစ၍ စကားကို မဆုံးအောင်ပြောနေသည်။ ထိုအချိန်တွင် ကန့်လန့်ကာနောက်ကွယ်မှ ဆွံ့က ကန့်လန့်ကာပေါက်ထဲမှ ပုရောဟိတ်၏ ပါးစပ်ထဲသို့ ဆိတ်ချေးများဖြင့် ပစ်သွင်းပေးသည်။ ပုရောဟိတ်သည် ဆိတ်ချေးတစ်ကွမ်းစား ဝမ်းထဲသို့ ရောက်သွားသည့်တိုင် မိမိ၏ အဖြစ်ကို မသိ။ ငရုတ်ကိုသောက်၍ ဝမ်းနုတ်လိုက်ရန် မင်းက ပြောသောအခါမှသာလျှင် မိမိအဖြစ်ကို သိလာသည်။ ထိုအခါမှစ၍ ပုရောဟိတ်သည် နောက်ပိုင်းတွင် စကားများခြင်း မပြုတော့ချေ။

**ဇာတ်ပေါင်း။** ။ ဆွံ့-ကျောက်စရစ်ခဲပစ်သောရဟန်း။ မင်း-အရှင်အာနန္ဒာ။ ပညာရှိအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လူတိုင်းသည် အသက်မွေးမှု တစ်ခုပညာ ရှိစေရာ၏။

---

# ၁၀၈။ ဗာဟိရဇာတ်

## အရှက်အကြောက်ကြီးသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဝဖြိုးလွန်းသောမိန်းမကိုယူထားသော လိစ္ဆဝီမင်းသားတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ်ဖြစ်နေသည်။ တစ်နေ့သောအခါ ဆူဖြိုးသောကျေးတောသူ တစ်ယောက်သည် မင်းရင်ပြင်မှ ဖြတ်သန်းသွားစဉ် အခင်းကြီးသွားလိုမှုကို အောင့်အည်း

http://www.dhammadownload.com



သည်းခံ၍ မရနိုင်တော့သည့်အဆုံး၌ ကိုယ်ကို အဝတ်ဖြင့်ခြုံ၍ ထိုနေရာတွင်ပင် ကိုယ်လက် သန့်စင်လိုက်သည်။

ထိုအခြင်းအရာကို လေသာပြတင်းပေါက်တွင်ရှိနေသော မင်းကြီး မြင်လေရာ 'ဤမိန်းမသည် အရှက်အကြောက်ကြီးသည်။ အဝတ်ဖြင့် ကိုယ်ကိုခြုံ၍ ကိုယ်လက် အညစ်အကြေးတို့ကို သုတ်သင်သည်။ ဤမိန်းမသည် ရောဂါမရှိသည်ဖြစ်ရာ၏။ ရောဂါ ကင်းသူ၏ သားအိမ်သည်လည်း သန့်ရှင်းရမည်။ ငါသည် ဤမိန်းမကို မိဖုရားကြီးပြုမှ သင့်တော်မည်'ဟု တွေးကာ ထိုမိန်းမကို ကောက်ယူ၍ မိဖုရားကြီးအရာ၌ ထားသည်။

မကြာမီ ထိုမိန်းမမှ သားတစ်ယောက်မွေးရာ ထိုသားသည် စကြဝတေးမင်း ဖြစ်လာသည်။ ထိုအခါ ပညာရှိအမတ်က 'အရှင်မင်းကြီး လူမှန်လျှင် သင့်တင့်သော အတတ်ပညာကို သင်ရမည်။ ဘုန်းရှိသော ဤမိန်းမသည် ကျေးလက်သူပင်ဖြစ်သော်လည်း အရှက်အကြောက်ကြီးပြီး အရှက်အကြောက်ကို စနစ်တကျထိန်းသိမ်းတတ်သောပညာ တတ်သဖြင့် သင်မင်းကြီးက မြတ်နိုးတော်မူကာ မိဖုရားမြှောက်ခြင်းခံရပြီး ကြီးကျယ် မြင့်မြတ်သူဘဝသို့ ရောက်ခဲ့ရသည်'ဟု ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ **ယခင်အခါကလင်မယား-ယခုအခါလင်မယား။**
**ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အရှက်အကြောက်သည် မိန်းမတို့၏တန်ဖိုး။**

---

## ၁၀၉။ ကုဏ္ဍကပူဝဇာတ်

### မုန့်ညှာလှူ၍ကျိုးခံစားရသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဘုရားရှင်အား ဆန်ကွဲဖြင့်ပြုလုပ်သော မုန့်ခဲဖွယ်ကိုလှူရသဖြင့် နေ့ချင်းသူဌေးကြီးဖြစ်သွား သော ဆင်းရဲသားတစ်ယောက်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကြက်ဆူပင်စောင့် ရုက္ခစိုးနတ်ဖြစ်နေသည်။ အနီးရှိရွာသူရွာသားများသည် မိမိတို့၏

http://www.dhammadownload.com



ရုက္ခစိုးနတ်များကို အသီးသီး ပူဇော်ပွဲကျင်းပကြရာ ဆင်းရဲသားတစ်ယောက်သည် ကြက်ဆူပင်ကိုလာ၍ ပူဇော်ပသခြင်းပြုသည်။ သို့ရာတွင် အခြားသူများမှာကဲ့သို့ ဖွယ်ဖွယ်ရာရာများမပါဘဲ ရေတစ်မှုတ်နှင့်ဆန်ကွဲမုန့်အနည်းငယ်မျှသာ ယူလာနိုင်ခဲ့သည်။ သူသည် ကြက်ဆူပင်အနီးသို့ ရောက်လာပြီးခါမှ နတ်တို့မည်သည် နတ်တို့၏ ခဲဖွယ်ကိုသာ စားသည်။ ငါ၏ နတ်သည် ဆန်ကွဲမုန့်ကိုစားမည်မဟုတ်။ ငါသည်ပင်လျှင် စားလိုက်တော့မည်'ဟုဆို၍ မုန့်ကိုပြန်ယူသွားသည်။

ထိုအခါ ရုက္ခစိုးနတ်သည် ကြက်ဆူပင်ခွ၌ရပ်၍ 'အို–ယောကျ်ား၊ သင်သည် စည်းစိမ်ရှင် ဖြစ်ခဲ့လျှင် ငါ့အား မွန်မြတ်သော ခဲဖွယ်ကို ပေးလိမ့်မည်။ ယခု သင်သည် ဆင်းရဲ၏။ ငါသည် သင့်မုန့်ကို စားမည်'ဟု ဆိုလျှင် ဆင်းရဲသားသည် ဆန်ကွဲမုန့်ဖြင့် ပြန်လည်၍ ပူဇော်သည်။ ရုက္ခစိုးနတ်သည် သူ့အား ကျေးဇူးဆပ်သည့်အနေဖြင့် 'ဤကြက်ဆူပင်ကို ဝိုင်းရံ၍ ရွှေအိုးတို့သည် လည်ချင်းထိကာ ရှိကြသည်။ သင်သည် မင်းအား အသိပေး၍ လာရောက်တူးယူပါလော့'ဟု မှာလိုက်သည်။ သူသည် ရုက္ခစိုးနတ်မှာသည့်အတိုင်း မင်းကို အသိပေး၍ သွားရောက်တူးယူရာ ရွှေအိုးများ ရလာခဲ့သဖြင့် မင်းသည် သူ့အား သူဌေးအရာကို အပ်နှင်းလိုက်သည်။

**ဇာတ်ပေါင်း။ ။ ယခင်ကသူဆင်းရဲ-ယခုသူဆင်းရဲ၊ ကြက်ဆူပင်စောင့်နတ်-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ ကျေးဇူးရှိမှုကို တန်ဖိုးထားပါ။**

---

## ၁၁၀။ သဗ္ဗသံဟာရကပဉှဇာတ်

ဤဇာတ်သည် မဟာနိပါတ်၊ (ဇာတ်အမှတ်–၅၄၂) မဟာဥမင်္ဂဇာတ်၌ အကျုံးဝင်သည်။

**ပဌမသတက ပြီးပြီ။**

---

http://www.dhammadownload.com



# ၁၂။ ယာံခ်ဝဂ်

## ၁၁၁။ ဂဒြဘပဥ္စဇာတ်

ဤဇာတ်သည် (ဇာတ်အမှတ်-၅၄၂) 'မဟာဥမင်္ဂဇာတ်'၌ အကျုံးဝင်သည်။

---

## ၁၁၂။ အမရာဒေဝီပဥ္စဇာတ်

ဤဇာတ်သည် (ဇာတ်အမှတ်-၅၄၂) မဟာဥမင်္ဂဇာတ်၌ပင် အကျုံးဝင်သည်။

---

## ၁၁၃။ သိင်္ဂါလဇာတ်

### မြေခွေးစကားယုံကြည်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ရှင်ဂေါတမ၏အကျင့်သည် တရားနှင့်မညီ၊ မိမိအကျင့်သည်သာ တရားနှင့်ညီညွတ်သည် စသည်ဖြင့် နောက်လိုက်များအား ဟောကြားကာ ဂယာသီသ၌ ရဟန်းငါးရာတို့ကို ခွဲယူ၍ တစ်စင်ထောင်နေသော ဒေဝဒတ်ကို အကြောင်းပြုကာ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလျက် ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သုသာန်တောထဲ၌ ရုက္ခစိုးနတ်ဖြစ်နေသည်။ ထိုအချိန်က ဗာရာဏသီပြည်သူတို့သည် နက္ခတ်ပွဲသဘင် ကျင်းပကြရာ လမ်းဆုံလမ်းခွတို့၌ ငါး၊ အမဲ အစရှိသည်တို့ကို ဖြန့်ကျဲ၍ ထားကြသည်။ အရက်အိုးများကိုလည်း အနှံ့အပြားချထားပေးကြသည်။ ညသန်းခေါင်ယံ အချိန်တွင် ပြွန်ပေါက်ဝမှ ဝင်ရောက်လာခဲ့သော မြေခွေးတစ်ကောင်သည် ငါး၊ အမဲများကို စားသည်။ အရက်ကိုလည်း ဝအောင်သောက်ပြီး ချုံတစ်ချုံထဲ ဝင်၍ အိပ်နေလိုက်သည်။ သူသည် နံနက်မိုးလင်း၍ နိုးသောအခါ အနီးတွင် ပုဏ္ဏားတစ်ယောက် ရောက်လာသည်ကို

http://www.dhammadownload.com



တွေ့ရသည်။ 'ပုဏ္ဏားမည်သည် ဥစ္စာ၌တပ်မက်လေ့ရှိကြသည်။ ဤပုဏ္ဏားကို ဥစ္စာဖြင့် ဖြားယောင်း၍ ငါ့အား မြို့ပြင်သို့ ထုတ်ဆောင်စေမည်'ဟု မြွေခွေးက တွေးမိလိုက်သည်။

သို့ဖြင့် မြွေခွေးသည် ပုဏ္ဏားကိုခေါ်၍ 'ပုဏ္ဏား၊ ငါ့တွင် ငွေအသပြာနှစ်ရာရှိသည်။ သင်သည် ငါ့အား မြို့ပြင်ဘက်သို့ ပို့ဆောင်ပေးနိုင်လျှင် ထိုငွေအသပြာနှစ်ရာကို သင့်အား ပေးမည်'ဟု ပြောသည်။ မြွေခွေး၏စကားကို ပုဏ္ဏားက ယုံလေသည်။ ထို့ကြောင့် မြွေခွေးကို ကိုယ်ရုံပုဆိုးဖြင့် ဖုံးအုပ်၍ ချိုင်းကြား၌ညှပ်ပြီးလျှင် မြို့ပြင်သို့ထုတ်လာသည်။ သုသာန်သို့ ရောက်သောအခါ ပုဏ္ဏားက မြွေခွေးကို ချပေးသည်။ ထို့နောက် မြွေခွေးသည် ပုဏ္ဏားအား ကိုယ်ရုံဖြူကို ဖြန့်ခင်းခိုင်းသည်။ ပုဏ္ဏားက ဥစ္စာရမည်ထင်၍ ဖြန့်ခင်းပေးသည်။ ထိုအခါ မြွေခွေးက ထိုသစ်ပင်ရင်း၌တူးလေလော့ဟုပြောသဖြင့် ပုဏ္ဏားက သွား၍ တူးသည်။ ယင်းအချိန်တွင် မြွေခွေးသည် ဖြန့်ခင်းထားသော ပုဏ္ဏား၏ကိုယ်ရုံပေါ်သို့ တက်ပြီးလျှင် ထောင့်လေးထောင့်နှင့် အလယ်တည့်တည့်နေရာတို့တွင် ကျင်ကြီးကျင်ငယ် တို့ကိုစွန့်၍ သုသာန်ထဲသို့ ပြေးဝင်သွားခဲ့လေတော့သည်။

**ဇာတ်ပေါင်း။** ။ **မြွေခွေး-ဒေဝဒတ်။ ရုက္ခစိုး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **လောဘကြီးလျှင် ကောင်းကျိုးမရနိုင်။**

---

# ၁၁၆။ မိတစိန္တီဇာတ်

## အကြံဉာဏ်ကောင်းသော ငါး

### ပစ္စုပ္ပန်ဝတ္ထု

မိမိနေရာကို ခင်တွယ်နေသဖြင့် ဇေတဝန်ကျောင်းတော်သို့လာရန် ဖင့်နွှေးနေခဲ့ကြသော ရဟန်းအိုကြီးနှစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မိတစိန္တီ၊ ဗဟုစိန္တီ၊ အပ္ပစိန္တီ မည်သော ငါးသုံးကောင်တို့သည် ဗာရာဏသီမြစ်ထဲသို့ ရောက်လာခဲ့ကြသည်။ တစ်နေ့သောအခါ မိတစိန္တီငါးက 'လူနေဒေသတွင် နေထိုင်ရခြင်းသည် အန္တရာယ်များသည်၊

http://www.dhammadownload.com



တောရပ်သို့သာ ပြန်ကြပါစို့ ဟု ဗဟုစိန္တိနှင့် အပ္ပစိန္တိငါးတို့ကို ပြောသည်။ ထိုငါးနှစ်ကောင်တို့သည် ပေါများလွန်းသည့် အစာအာဟာရများအပေါ်တွင် တပ်မက်စိတ်ကြောင့် နေ့ရွှေ့ညရွှေ့နှင့် သုံးလတိုင်တိုင် အချိန်ကြာသည်။

ပြန်သည့်နေ့တွင် ဗဟုစိန္တိနှင့် အပ္ပစိန္တိငါးတို့သည် ရှေ့မှထွက်လာကြရာ တံငါသည်တစ်ဦး ဖစ်ချထားသော ပိုက်ကွန်အတွင်းသို့ ရောက်သွားခဲ့ရသည်။ ဤတွင် နောက်မှလိုက်လာခဲ့သော မိတစိန္တိငါးသည် ပျင်းရိသောငါးနှစ်ကောင်အား ကယ်တင်အံ့ဟု ဆုံးဖြတ်ကာ သူသည် ကွန်၏အပြင်ဘက်မှနေ၍ ကွန်ဝမ်းအတွင်းသို့ရောက်အောင် တိုးဝင်လိုက်သည်။ ရေကိုလည်း နှောက်နယ်ပစ်လိုက်သည်။ တစ်ဖန် ကွန်၏ရှေ့ဘက်မှ သွား၍လည်း ဤအတိုင်းပြုမူပြန်သည်။ တံငါသည်သည် မိတစိန္တိငါး၏ လှည့်ကွက်ကြောင့် ငါးများသည် ကွန်ကိုဖောက်ခွဲ၍ ထွက်သွားခဲ့ကြပြီဟု မှတ်ယူပြီး ကွန်စွန်းကိုကိုင်လျက် မ,ချီလိုက်ရာ ဗဟုစိန္တိနှင့် အပ္ပစိန္တိငါးနှစ်ကောင်တို့သည် ကွန်ထဲမှ လွတ်မြောက်သွားခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ ဗဟုစိန္တိနှင့်အပ္ပစိန္တိငါး-အသက်ကြီးရဟန်းနှစ်ပါး၊ မိတစိန္တိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အကြံကောင်းလျှင် အသက်ပေါင်းများစွာ ကယ်နိုင်သည်။

---

## ၁၁၅။ အနုသာသိကဇာတ်

### မမှန်မကန် ဆုံးမတတ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့သူ ရဟန်းမတစ်ပါးသည် အခြားရဟန်းမိန်းမများ ဆွမ်းခံမရောက်သည့်လမ်း၊ ရပ်ကွက် စသည်တို့တွင်သာ ဆွမ်းခံရာ ဒါယကာများသည် ရှားရှားပါးပါး ရောက်လာသော ထိုရဟန်းမိန်းမအား မွန်မြတ်သော ဆွမ်းများကို လောင်းလှူကြသည်။ ရသတဏှာတပ်စွန်းလှသည့် ထိုရဟန်းမသည် သူ့ဆွမ်းခံသည့်လမ်း၊ ရပ်ကွက် စသည်တို့ကို ဆွမ်းခံသူများ များလာလျှင် သူ့အတွက် လာဘ်လာဘများ လျော့နည်းသွားနိုင်သည်ကို စိုးရိမ်စိတ် ဝင်လာသည်။ ထို့ကြောင့် အခြားသော ရဟန်းမိန်းမတို့ကို ထိုအရပ်၌ ကြမ်းတမ်းသောဆင်ရှိသည်။ မြင်းရှိသည်။ ဆိတ်ရှိသည်ဟု ပြောဆိုဆုံးမ၏။ တစ်နေ့တွင် အိမ်စဉ်လှည့်လည်ဆွမ်းခံနေသော ထိုရဟန်းမကို ဆိတ်သိုးကြီး တစ်ကောင်က ခတ်လိုက်ရာ ပေါင်နှစ်ချောင်း ကျိုးသွားသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ငှက်မင်း ဖြစ်နေခဲ့သည်။ သူသည် တစ်ထောင်မကသော ငှက်ပရိသတ်များနှင့်အတူ ဟိမဝန္တာ၌နေသည်။ သူ့ပရိသတ်ထဲမှ ငှက်မတစ်ကောင်သည် လမ်းမရှိရာသို့ သွား၍ အစာရှာလေ့ရှိသည်။ လှည်းများမှ ကျနေခဲ့သော စပါးစေ့၊ ပဲစေ့ စသည်တို့ကို အစာ အဖြစ် ရရှိနေသည်။ သူသည် အခြားသောငှက်များအား ထိုနေရာသို့ မသွားစေလိုသော ကြောင့် လမ်းမ,တို့မည်သည် အန္တရာယ်များသည်။ ဆင်၊ မြင်းနှင့် လှည်းယာဉ်များ သွားလာ နေကြသည်။ သင်တို့သည် ထိုနေရာသို့ မသွားကြလင့်ဟု အခြားငှက်များအား အဆုံး အမ ပေးသည်။ ယင်းသို့ ဆုံးမစကားဆိုတတ်သောကြောင့် ငှက်များသည် သူ့အား 'အနုသာသိကာ'ဟု ခေါ်ဝေါ်ကြသည်။

တစ်နေ့တွင် ငှက်မင်းသည် 'အနုသာသိကာ'တစ်ကောင် ပျောက်နေသည်ကို သတိ ပြုမိ၍ ငှက်များကို လိုက်ရှာစေရာ လမ်းမကြီးပေါ်တွင် လှည်းဘီးကြိတ်၍ ကိုယ်နှစ်ပိုင်း ပြတ်လျက် သေဆုံးနေသော အနုသာသိကာကို တွေ့ကြလေသည်။

**ဇာတ်ပေါင်း။** ။ ဆုံးမတတ်သောငှက်-ဆုံးမတတ်သောရဟန်းမ။ ငှက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကိုယ်ပြောသလို ကိုယ်တိုင်ကျင့်သုံးပါ။

---

## ၁၁၆။ ဒုဗ္ဗစဇာတ်

### အပြောခက်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆုံးမစကားကို မနာယူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် လှံခုန်ဆရာတစ်ယောက်ထံတွင် လှံခုန်အတတ်ကို သင်ယူနေသည်။ ထိုဆရာသည် လေးစင်းသော လှံကိုသာ ခုန်နိုင်သူဖြစ်သည်။ တစ်နေ့သောအခါ ဆရာတပည့်နှစ်ယောက် တို့သည် ရွာငယ်တစ်ရွာ၌ လှံခုန်အတတ်ပညာပြသသင်ကြားရန် စီစဉ်ကြသည်။

http://www.dhammadownload.com



ထိုအခါအရက်မူးနေသောဆရာသည် လှံငါးစင်းတို့ကို ခုန်ရန်စီတန်း၍ စိုက်လေရာ တပည့်က 'ဆရာ၊ ဆရာသည် လှံငါးစင်းခုန်သောအတတ်ကိုမတတ်၊ တစ်စင်းကို ပယ်လိုက်ပါ၊ အကယ်၍ ငါးစင်းလုံးကို ခုန်ခဲ့လျှင် ငါးစင်းမြောက်သောလှံ၌ စူး၍ သေလိမ့်မည်'ဟု ဆိုသည်။ ဆရာသည် တပည့်၏စကားကို မနာယူ၊ အရက်မူးလျက် လှံငါးစင်းလုံးကို ခုန်လိုက်ရာ လေးစင်းကို ကျော်လွှန်နိုင်ခဲ့သော်လည်း ငါးစင်းမြောက်လှံကိုမူ မလွှန်မြောက်နိုင်ခဲ့။ သီတံဖြင့် ထိုးသီလိုက်ဘိသို့ လှံသည် သူ့ကို စူးဝင်ဖောက်ထွက်သွားသဖြင့် ဆရာသည် ထိုနေရာတွင် မွဲချင်းပြီးသေဆုံးသွားသည်။

ဇာတ်ပေါင်း။ ။ ဆရာ-ဆိုဆုံးမရခက်သောရဟန်း။ တပည့်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မှန်သောစကားနားမထောင်လျှင် ဘေးတွေ့ရတတ်သည်။

---

# ၁၁၇။ တိတ္တိရဇာတ်

## ကိုယ့်အသံကြောင့် သေရသူ

**ပစ္စုပ္ပန်ဝတ္ထု**

အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့အား ပြစ်မှားသောစကားဆိုမိ၍ အသေဆိုးနှင့် သေခဲ့ရသော ကောကာလိကရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရှာန်ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေသည်။ သူ့တွင် တပည့်ရသေ့ငါးရာရှိသည့်အနက် ရသေ့တစ်ပါးသည် ဖျော့တော့သော ရောဂါစွဲကပ်နေသည်။ တစ်နေ့သောအခါ ထိုရသေ့ ပုဆိန်ဖြင့် ထင်းခွဲနေစဉ် ရသေ့တစ်ပါး သူ့ထံသို့ ရောက်လာသည်။ ထိုရသေ့သည် ထင်းခွဲသောရသေ့အား 'ဤနေရာ၌ပေါက်လော့၊ ထိုနေရာ၌ပေါက်လော့'ဟု ဆရာလုပ်သည်။ ထိုအခါထင်းပေါက်နေသောရသေ့သည် အမျက်ထွက်၍ ထိုရသေ့အား ပုဆိန်ဖြင့် ခုတ်သတ်လိုက်သည်။

ထိုအချိန်က ရသေ့ကျောင်းအနီးရှိတောင်ပို့တစ်ခု၏ ခြေရင်းတွင် ခါတစ်ကောင် နေသည်။ ခါသည် နံနက်တိုင်း တောင်ပို့ထိပ်၌နား၍ ကျယ်လောင်စွာတွန်လေ့ရှိသည်။

http://www.dhammadownload.com



မုဆိုးတစ်ယောက်သည် ခါတွန်သံကို ကြားသဖြင့် ခါရှိကြောင်းကို သိရှိကာ တစ်နေ့တွင် လာ၍ ထိုခါကို သတ်ယူသွားသည်။ ထိုအခါ ဘုရားလောင်းရသေ့သည် ထိုအဖြစ်အပျက်နှစ်ခုတို့ကို ဆက်စပ်၍ 'ခါသည် လွန်စွာ တွန်သောကြောင့် မိမိကိုယ်ကို သတ်သကဲ့သို့ ဖြစ်ရသည်။ ပညာမဲ့သူ၌ ထပ်ပြန်တလဲလဲ ဆိုသောစကားသည်လည်း မိမိကိုယ်ကို သတ်သကဲ့သို့ ဖြစ်ရသည်'ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။ ဆိုနိုင်ခက်ခဲသောရသေ့-ကောကာလိက။
ရသေ့များ-ဗုဒ္ဓ၏ပရိသတ်။ ဆရာရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အလုပ်ပိုလျှင် အန္တရာယ်ပိုသည်။

---

## ၁၁၈။ ဝဋ္ဋကဇာတ်

### ငုံး၏ဝဋ်ရိယာယ်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိပြည်၌ ဥတ္တရသူဌေးသားသည် ဗြဟ္မာ့ပြည်မှဆင်းသက်လာသူဖြစ်၍ ကာမရာဂစိတ်များ မပေါ်လာပေ။ နက္ခတ်ပွဲသဘင်ကျင်းပစဉ် သူငယ်ချင်းများက ပြည့်တန်ဆာမတစ်ယောက်ကို လွှတ်ပေးရာတွင်လည်း တပ်မက်မှုမရှိ။ ပြည့်တန်ဆာမက ပြုံး၍မြူဆွယ်သည်ကို ကြည့်ရင်း 'အရိုးစုသာပါတကား'ဟု သတိသံဝေဂပွားလေသည်။ ပြည့်တန်ဆာမသည် သူ့ထံမှတစ်ဆင့် မင်းအရာရှိတစ်ဦးနောက်သို့ပါသွားသည်။ နက္ခတ်ပွဲပြီးသည့်တိုင်အောင် ထိုအမျိုးသမီးမှာ အိမ်ပြန်မရောက်။ ထို့ကြောင့် သူ၏မိဘများက သမီးပျောက်မှုဖွင့်၍ သူဌေးသားကို တရားစွဲကြသည်။ သူဌေးသားမှာ မင်းမှုထမ်းများ၏ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံရကာ အပြစ်ဒဏ်ခံရအံ့ဆဲဆဲတွင် ပြည့်တန်ဆာမက အဖြစ်မှန်ကို ထုတ်ဖော်လိုက်သဖြင့် အသက်ချမ်းသာရလေသည်။

သူဌေးသားမှာ လူ့ဘောင်လောက၏ဒုက္ခများကိုမြင်၍ ရဟန်းပြုရာ မကြာမီ ရဟန္တာဖြစ်သွားသည်။ ဘုရားရှင်က ထိုရဟန်းနှင့်စပ်၍ 'ရဟန်းတို့၊ ထိုရဟန်းသည် ရှေးကလည်း အကြောင်းမှန်ကို တွေးတောကြံစည်၍ သေဘေးမှ လွတ်ခဲ့ဖူးလေပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလျက် ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ငုံးမျိုး၌ ဖြစ်နေသည်။ ထိုအခါ မုဆိုးတစ်ယောက်သည် တောထဲမှငုံးများကို အရှင်ဖမ်းယူ၍

http://www.dhammadownload.com



အိမ်၌မွေးထားသည်။ အလိုရှိ၍ လာရောက်ဝယ်သူတို့အား ရောင်းချ၍ အသက်မွေးဝမ်းကျောင်းမှုပြုသည်။ ထိုမုဆိုးဖမ်းထားသော ငုံးများထဲ၌ ဘုရားလောင်းငုံးလည်း ပါဝင်သည်။ ဤတွင် ဘုရားလောင်းငုံးသည် 'မုဆိုးပေးသည့်အစာနှင့်ရေကို မစားသောက်ဘဲနေလျှင် ငါသည် ညှိုးပိန်လာမည်။ သို့မှ ငုံးဝယ်သူတို့သည် ငါ့အား မဝယ်ဘဲ ဖယ်ချန်ထားကြလိမ့်မည်'ဟု တွေးတောကာ မစားသောက်ဘဲ နေခဲ့သည်။ ထို့ကြောင့် ဘုရားလောင်း ငုံးသည် အရိုးပေါ်အရေတင်ဖြစ်လာသည်။

ငုံးဝယ်သူတို့သည် ပိန်လွန်းသော ဘုရားလောင်းငုံးကို မကြိုက်ကြဘဲ ဖယ်ချန်၍ ချည်း ထားခဲ့ကြသည်။ ငုံးအားလုံး ကုန်သွားချိန်တွင် မုဆိုးသည် ဘုရားလောင်းငုံးကို တောင်းထဲမှထုတ်ယူ၍ လက်ဖဝါးပေါ်တွင်တင်ကာ စစ်ဆေးသည်။ ယင်းအခိုက် ဘုရားလောင်းသည် ရုတ်ခနဲ အတောင်ဖြန့်၍ ပျံထွက်သွားသဖြင့် မုဆိုးလက်မှ လွတ်မြောက်သွားလေသည်။ ထို့နောက် 'ကြံစည်အားထုတ်မှု မရှိသောသူသည် ဆင်းရဲမှမလွတ်နိုင်၊ ကြံစည်အားထုတ်မှုရှိသော ငါသည်ကား သေဘေးမှ လွတ်မြောက်ခဲ့ရသည်'ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။ သေဘေးမှလွတ်သောငုံး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အခက်အခဲနှင့်ကြုံတိုင်း၊ အကြံဉာဏ်ကိုအသုံးချပါ။

---

## ၁၁၉။ အကာလရာဝိဇာတ်

### စည်းကမ်းမဲ့လွန်းသော ကြက်

**ပစ္စုပ္ပန်ဝတ္ထု**

ညအခါအိပ်ရာမှ နိုးလာတိုင်း အသံကျယ်ကြီးဖြင့် စာပေကျမ်းဂန် ရွတ်ဖတ်သရဇ္ဈာယ်လေ့ရှိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဗုဒ္ဓက ဟောကြားတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ ထိုစဉ်က ဆရာကြီးတွင် တပည့်ငါးရာရှိသည်။ သူတို့သည် အရဏ်တက်ကြက်တွန်ပြီဆိုလျှင် အိပ်ရာမှထကြကာ သင်ယူထားပြီးသော

http://www.dhammadownload.com



စာပေများကို ရွတ်အံလေ့ရှိကြသည်။ ထိုကြက်သေဆုံးသွားသောအခါ ထင်းခွေသွားရင်း သုသာန်ထဲမှ ရလာခဲ့သော ကြက်တစ်ကောင်ကို ဆက်၍မွေးထားကြသည်။

ဤကြက်သည် သုသာန်ထဲ၌ ကြီးပြင်းခဲ့ရသည့်ကြက်ပီပီ အချိန်မှန် မတွန်တတ်။ စော၍ တွန်ချင်လည်းတွန်သည်။ မိုးလင်းပြီးမှ တွန်သည့်အခါလည်းတွန်သည်။ မိုးလင်းမှ တွန်သည့်နေ့များဆိုလျှင်လည်း စာပေရွတ်အံချိန် မရှိပြန်တော့။ ထို့ကြောင့် လူငယ်များသည် 'ဤကြက်ကို အားကိုးနေလျှင် ငါတို့သည် ပညာတတ်တော့မည် မဟုတ်'ဟု ဆိုလျက် ကြက်ကိုဖမ်းယူပြီးလျှင် လည်ကို လိမ်ချိုး၍ သတ်လိုက်လေသည်။

ဇာတ်ပေါင်း။ ။ စည်းကမ်းမဲ့တွန်သောကြက်-စည်းကမ်းမဲ့အသံပြုသောရဟန်း။ တပည့်လုလင်ငယ်များ-ဗုဒ္ဓ၏ပရိသတ်။ ဆရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လုပ်သင့်သည့်အလုပ်ကို သူ့အချိန်နှင့်သူလုပ်ရာ၏။

---

## ၁၂၀။ ဗန္ဓနမောက္ခဇာတ်

### လွတ်မြောက်စေသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဤဇာတ်၌ ပစ္စုပ္ပန်ဝတ္ထုဖြစ်သော စိဉ္စမာနဝိကာ လုပ်ကြံစွပ်စွဲမှုသည် ဒွါဒသနိပါတ်၊ (ဇာတ်တော်အမှတ်-၄၇၂) မဟာပဒုမဇာတ်၌ ထင်ရှားပါလိမ့်မည်။

မြတ်စွာဘုရားအား မဟုတ်မမှန်စွပ်စွဲသော စိဉ္စမာနကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဗုဒ္ဓက ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ်ပညာရှိ ဖြစ်နေသည်။ ထိုအခါ နေပြည်တော်မှ သုံးဆယ့်နှစ်ယူဇနာ ကွာဝေးသော နယ်စွန်နယ်ဖျားတွင် သူပုန်သူကန်များ ထကြွသဖြင့် မင်းကြီးကိုယ်တိုင် ထွက်တော်မူ၍ သွားရောက်နှိမ်နင်းရန် အရေးအခင်းပေါ်လာခဲ့သည်။ ထိုအကြောင်းကို မိဖုရားအား ပြောပြသည်တွင် မိဖုရားကလည်း သူလည်းလိုက်ပါလိုကြောင်း အကြိမ်ကြိမ် ခွင့်တောင်းသည်။ မင်းကလည်း စစ်မြေပြင်သည် အမျိုးသမီးများနှင့် မအပ်စပ်သည့်

http://www.dhammadownload.com



အကြောင်းကို ပြောပြ၍ အထပ်ထပ် ငြင်းပယ်သည်။ မိဖုရားကြီးက သို့ဖြစ်လျှင် တစ်ယူဇနာ တစ်ယူဇနာသို့ရောက်တိုင်း ကျွန်မ၏ ချမ်းသာ ဆင်းရဲကို သိနိုင်စေရန် လူတစ်ယောက်စီ၊ တစ်ယောက်စီ စေလွှတ်တော်မူပါ ဟူ၍ တောင်းဆိုသဖြင့် မင်းက လိုက်လျောခဲ့သည်။

မင်းကြီးသည် ပုရောဟိတ်ကို မြို့စောင့်အဖြစ်နေစေခဲ့ပြီး စစ်မြေပြင်သို့ ထွက်ခဲ့သည်။ ခရီးတစ်ယူဇနာ ရောက်တိုင်း 'ငါ ကျန်းမာကြောင်းကို မိဖုရားကြီးအား လျှောက်၍ မိဖုရားကြီး၏ ချမ်းသာဆင်းရဲကို မေးလျှောက်ပြီး ပြန်လာခဲ့'ဟု မှာကြားကာ လူတစ်ယောက်စီ စေလွှတ်သည်။ မိဖုရားကြီးသည် ရောက်လာတိုင်းသော မင်းမှုထမ်းယောကျ်ားနှင့် ဖောက်ပြန်လေတော့သည်။ မင်းကြီးသည် အသွားခရီးနှင့် အပြန်ခရီးတို့တွင် သုံးဆယ့်နှစ်ယောက်စီ စေလွှတ်ခဲ့ရာ မိဖုရားကြီးသည် ထိုခြောက်ဆယ့်လေးယောက်သော မင်းမှုထမ်း ယောကျ်ားတို့နှင့် ဖောက်ပြန်လေသည်။

မင်းကြီးသည် နေပြည်တော်သို့ ပြန်လည်၍ ရောက်လာသောအခါ မြို့ပြင်ဘက်မှ 'အောင်တပ်'တွင် စခန်းချနေ၍ ပုရောဟိတ်အား နန်းနှင့်တကွ မြို့တွင်းသို့ သန့်ရှင်းရေး ဆောင်ရွက်ထားရန် အမှာစာပို့လိုက်သည်။ ပုရောဟိတ်သည် နန်းတွင်း၌ သန့်ရှင်းရေး ဆောင်ရွက်ရင်း မိဖုရားကြီး အဆောင်တော်ဘက်သို့ ရောက်သွားခဲ့သည်။ ပုရောဟိတ်၏ တင့်တယ်မှုကို မြင်ရသော မိဖုရားသည် စိတ်ကို မထိန်းနိုင်။ ပုရောဟိတ်အား အိပ်ရာပေါ်သို့ လာရန် ခေါ်သည်။

ပုရောဟိတ်သည် သူမ၏အလိုသို့မလိုက်ဘဲ ငြင်းပယ်ခဲ့သဖြင့် မိဖုရားက 'ငါ့စကားကို နားမထောင်လျှင် သင့်ခေါင်းကို ဖြတ်စေမည်'ဟု ဆိုသည်။ ထို့နောက် မိဖုရားသည် အဆောင်ထဲသို့ဝင်၍ သူ့ကိုယ်ကို လက်သည်းဖြင့် ကုတ်ခြစ်သည်။ ဒဏ်ရာကို ဆီဖြင့် လိမ်းကျံသည်။ မကျန်းမာဟန်ဖြင့် အဆောင်ထဲတွင်ပင် နေလိုက်သည်။

မင်းကြီးရောက်လာသောအခါ မိဖုရားကြီးအား အဆောင်ထဲတွင်ပင် သွား၍ တွေ့ဆုံသည်။ ထိုအခါ မိဖုရားကြီးက 'အရှင်မင်းကြီး၊ မြို့စောင့်အဖြစ်ထားခဲ့သော ပုရောဟိတ်သည် မိမိအား နိုင်ထက်စီးနင်းပြုကျင့်ပါသည်။ သူ့အလိုသို့ မလိုက်ပါခဲ့သဖြင့် ရိုက်နှက်သတ်ပုတ်၍ သူ့အလိုဆန္ဒကို ပြည့်ဝသွားစေခဲ့ပါပြီ'ဟု တိုင်တန်းသည်။ ဤတွင် မင်းကြီးသည် ယမ်းပုံမီးကျဖြစ်ကာ ပုရောဟိတ်ကို ခေါင်းဖြတ်၍သတ်ရန် အမိန့်ပေးလိုက်သည်။

ပုရောဟိတ်သည် မိမိကို လာရောက်ဖမ်းဆီးကြသော မင်းမှုထမ်းများအား မသတ်မီ မိမိကို မင်းရှေ့တော်မှောက်သို့ခေါ်သွားရန် ပြောကြားသည်။ ထို့ကြောင့် မင်းမှုထမ်းများသည် ပုရောဟိတ်အား မင်းရှေ့တော်မှောက်သို့ ခေါ်သွားကြရာ မင်းကြီးက 'ပုဏ္ဏား၊

http://www.dhammadownload.com



သင်သည် အဘယ့်ကြောင့် ယုတ်မာသော အကျင့်ကို ကျင့်ရသနည်း'ဟုမေးသည်။ ပုရောဟိတ်က 'မြတ်သောမင်းကြီး၊ ကျွန်ုပ်ကား ပုဏ္ဏားမျိုးဖြစ်သည်။ ယနေ့အထိ ကငါးပါး တို့တွင် ကျိုးပေါက်ဖူးသောကံမည်သည် မရှိပါ။ အပြစ်ရှိသူတို့မှာ အမှာစေပါးသည့် ခြောက်ဆယ့်လေးယောက်သောသူများသာ ဖြစ်ပါသည်။ မိဖုရားကြီးသည် ထိုသူများနှင့်သာ ဖောက်ပြန်ခဲ့ခြင်း ဖြစ်ပါသည်။ ထိုသူများကို ခေါ်၍ မေးစစ်တော်မူပါ'ဟု လျှောက်တင်သည်။

မင်းကြီးသည် ထိုသူများနှင့်တကွ မိဖုရားကြီးကိုပါ စစ်ဆေးရာ နှစ်ဘက်လုံးက ကျူးလွန်မိကြောင်း ဝန်ခံကြလေသည်။ ထိုအခါ မင်းကြီးသည် ခြောက်ဆယ့်လေးယောက်သော သူတို့အား ခေါင်းဖြတ်သတ်ရန် အမိန့်ပေးပြန်သည်။ ပုရောဟိတ်က 'မြတ်သော မင်းကြီး၊ ထိုသူတို့သည် အပြစ်မရှိကြပါ။ မိဖုရားကြီး၏ အလိုဆန္ဒသို့ လိုက်ပါခဲ့ရသူများသာ ဖြစ်ကြပါသည်။ ထိုသူတို့အား သည်းခံခွင့်လွှတ်တော်မူပါ။ မိဖုရားကြီးသည် လည်း မိန်းမတို့ သဘာဝအတိုင်း မေထုန်မှု၌ ရောင့်ရဲလွယ်မရှိခြင်းသာ ဖြစ်သဖြင့် မိဖုရား ကြီးကိုလည်း သည်းခံခွင့်လွှတ်တော်မူပါ'ဟု လျှောက်ထားရာ မင်းကြီးသည် အားလုံးကို အပြစ်မှ ချမ်းသာခွင့် ပေးသည်။

ထို့နောက် ပုရောဟိတ်သည် 'မြတ်သောမင်းကြီး၊ လူမိုက်တို့၏စကားကြောင့် မနှောင်ဖွဲ့အပ်သော ပညာရှိတို့သည် နှောင်ဖွဲ့ခြင်း ခံကြရသည်။ ပညာရှိ၏ လုံလောက်သော အကြောင်းပြစကားကြောင့် နှောင်ဖွဲ့ခံရပြီးသောသူများသည်လည်း လွတ်မြောက်ကြရသည်' ဟု မင်းကြီးအားတရားဟောပြီးလျှင် ရဟန်းပြု၍ ဟိမဝန္တာသို့ ဝင်သွားလေတော့သည်။

**ဇာတ်ပေါင်း။ ။ မိဖုရား-စိဉ္စာမာန။ မင်း-အရှင်အာနန္ဒာ။ ပုရောဟိတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ မကောင်းသူကို ကောင်းမှုဖြင့်အောင်နိုင်ရာ၏။**

**ဇာတ်စိတ်ဝင် ပြီးပြီ။**

http://www.dhammadownload.com



# ၁၃။ ကုသနာဠိဝဂ်

## ၁၂၁။ ကုသနာဠိဇာတ်

### အကြံကောင်းသူ နွယ်ကလေး

**ပစ္စုပ္ပန်ဝတ္ထု**

အနာထပိဏ်သူဌေး၏ သစ္စာရှိအရပ်ဆိုးသော မိတ်ဆွေကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် မင်းဥယျာဉ်အတွင်း သမန်းမြက်ချုံ၌ နတ်ဖြစ်နေသည်။ ထိုဥယျာဉ်ထဲတွင်ပင် ဖြောင့်တန်းသော ပင်စည်ရှိသည့် 'ရုစာ'မည်သော မင်္ဂလာသစ်ပင်ကြီးတစ်ပင်လည်း ရှိသည်။ ထိုမင်္ဂလာသစ်ပင်တွင် နေရသည့် ရုက္ခစိုးနတ်ကား ဘုန်းတန်ခိုးကြီးမားလှသည်။ သို့ရာတွင် ထိုနတ်သည် သမန်းမြက်ချုံစောင့်နတ်နှင့် မိတ်ဆွေဖွဲ့ထားခဲ့သည်။

တစ်နေ့သောအခါ နန်းတွင်းရှိ နန်းပြာသာဒ်တိုင် ယိုင်နဲ့လာခဲ့သောကြောင့် မင်းသည် ခိုင်ခံ့အောင်ပြုရန် အနှစ်ရှိသော သစ်ပင်တစ်ပင်ကို လက်သမားအား ရှာဖွေစေရာ လက်သမားများသည် ဥယျာဉ်တော်ထဲမှ မင်္ဂလာသစ်ပင်ကို တွေ့မြင်ကြသည်။ သူတို့သည် မနက်ဖြန် ခုတ်လှဲမည်ဆို၍ သစ်ပင်စောင့်နတ်အား ပူဇော်ပသထားခဲ့ကြပြီး ဥယျာဉ်ထဲမှ ထွက်ခွာလာခဲ့သည်။ ထိုသစ်ပင်တွင်နေသော တန်ခိုးကြီးသည့် ရုက္ခစိုးနတ်သည် သူ့ဗိမာန်ပျက်စီးရတော့မည်ကို သိ၍ သောကမီး တောက်လောင်နေသည်။ ထိုရုက္ခစိုးနတ်ကို သမန်းမြက်ချုံစောင့်နတ်က တွေ့၍မေးရာ ရုက္ခစိုးနတ်က အကျိုးအကြောင်းကို ပြောပြသည်။ ထိုအခါ သမန်းမြက်ချုံစောင့်နတ်က 'မစိုးရိမ်လင့်၊ သင့်ဗိမာန်မပျက်စီးစေရ'ဟု ဆို၍ ပြန်သွားခဲ့သည်။

နောက်နေ့တွင် လက်သမားများသည် ထိုသစ်ပင်ကို ခုတ်လှဲရန် ရောက်လာကြသောအခါ သမန်းမြက်ချုံစောင့်နတ်သည် ပုတ်သင်အသွင်ဖြင့် မင်္ဂလာသစ်ပင်၏သစ်မြစ်ကြားသို့ ဝင်သွားသည်။ ပင်စည်၏ခွကြားမှ ပြန်ထွက်၍ ခေါင်းကို လှုပ်ပြသည်။ ဤသည်ကို မြင်မိသော လက်သမားဆရာကြီးက 'ဤသစ်ပင်သည် အနှစ်မရှိ၊ အထဲတွင်

http://www.dhammadownload.com



အခေါင်းရှိသည်'ဟု ဆို၍ ပြန်သွားခဲ့ကြသည်။ ဤသို့ဖြင့် တန်ခိုးကြီးသော ရုက္ခစိုးနတ်သည် မိမိအောက် ယုတ်နိမ့်သော နတ်နှင့် မိတ်ဆွေဖြစ်ခဲ့ရသဖြင့် မိမိဗိမာန်ပျက်စီးခြင်းမှ ကင်းဝေးခဲ့ရလေတော့သည်။

ဇာတ်ပေါင်း။ ။ မင်္ဂလာသစ်ပင်စောင့်နတ်-အရှင်အာနန္ဒာ။
သမန်းမြက်ချုံစောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိတ်ဆွေဟူသည် အယုတ်အလတ်အမြတ်မရွေး ဆက်ဆံရာ၏။

---

## ၁၂၂။ ဒုမ္မေဓဇာတ်

### မင်းယုတ်မာ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား ချီးကျူးသည့်စကားကို မကြားလိုသော ဒေဝဒတ်ကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ မင်္ဂလာဆင်ဖြူတော် ဖြစ်နေသည်။ တစ်နေ့သောအခါ မြို့တော်၌ ပွဲလမ်းသဘင်ကြီးကျင်းပရာ မင်းသည် တန်ဆာ ဆင်အပ်သော မင်္ဂလာဆင်ဖြူတော်ကို စီး၍ လက်ယာရစ်လှည့်လည်သည်တွင် လူအများက မင်္ဂလာဆင်တော်၏ တင့်တယ်ပုံ၊ ဆင်လက္ခဏာနှင့်ပြည့်စုံပုံ၊ စကြဝတေးမင်းနှင့်သာ သင့်တော်ပုံတို့ကို ပြောဆို၍ မင်္ဂလာဆင်တော်ကို ချီးမွမ်းပြောဆိုကြသည်။ ဤသည်ကို မင်းကြီးက မကျေနပ်။

ထို့ကြောင့် မင်းသည် ဆင်ဦးစီးဆရာအား ဆင်တော်ကို စီးစေပြီး ဝေပုလ္လတောင်ထိပ်ပေါ်သို့ တက်စေကာ တောင်ကမ်းပါးပြတ်နားတွင် ရပ်စေလျက် 'ဆင်ကို ခြေသုံးချောင်းဖြင့် ရပ်စေလော့'ဟု ဆင်ဦးစီးအား မင်းက အမိန့်ပေးစေသည်။ ဆင်ဦးစီးသည် ဆင်ကို ဖနောင့်ဖြင့်တို့၍ အမိန့်ပေးလိုက်ရာ ဆင်သည် ခြေထောက် သုံးချောင်းဖြင့် ရပ်ပြသည်။ တစ်ဖန် ရှေ့ခြေထောက်နှစ်ချောင်းဖြင့်လည်းကောင်း၊ နောက် ခြေထောက်နှစ်ချောင်းဖြင့်

http://www.dhammadownload.com



လည်းကောင်း၊ ခြေထောက်တစ်ချောင်းတည်းဖြင့်လည်းကောင်း ရပ်ပြရန် စေခိုင်းခဲ့ရာတွင်လည်း ခိုင်းသည့်အတိုင်း ရပ်ပြသည်။ ထိုအချိန်အထိ ဆင်သည် ကမ်းပါးပြတ်ထဲသို့ မကျဘဲရှိနေရာ မင်းသည်ဆင်ကို ကောင်းကင်၌ ရပ်ပြရန် အမိန့်ပေး ခိုင်းစေလိုက်သည်။

ထိုအခါ ဆင်ဦးစီးသည် မင်းကြီးအကြံအစည်ကို ရိပ်စားမိလိုက်၍ ဆင်၏နားရင်းအနီးကပ်၍ 'အမောင်၊ မင်းသည် အမောင့်ကို ဤတောင်ထိပ်မှကျ၍ သေစေလိုဟန်ရှိသည်။ အမောင် စွမ်းအားရှိလျှင် ကောင်းကင်သို့ ပျံတက်၍ အကျွန်ုပ်နှင့်အတူ ဗာရာဏသီသို့ သွားပါလော'ဟု ဆိုလိုက်ရာ ဆင်သည် ကောင်းကင်ပေါ်သို့ ပျံတက်ကာ ဗာရာဏသီမင်း၏ နန်းရင်ပြင်၌ သက်ဆင်းခဲ့သည်။ ဗာရာဏသီမင်းသည် ဆင်တော်ကို မင်္ဂလာဆင်တော် အရာ၌ထားပြီးနောက် မြို့တော်ကို သုံးစုခွဲ၍ တစ်စုကို မိမိအတွက် ချန်ထားပြီးလျှင် ကျန်နှစ်စုကို မင်္ဂလာဆင်တော်နှင့် ဆင်ဦးစီးတို့အား တစ်စုစီခွဲဝေ၍ ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ မာဂဓမင်း-ဒေဝဒတ်။ ဗာရာဏသီမင်း-အရှင်သာရိပုတ္တရာ။ ဆင်ဆရာ-အရှင်အာနန္ဒာ။ မင်္ဂလာဆင်တော်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရတနာပဟူသည် လူတိုင်းနှင့်မထိုက်တန်။

---

# ၁၂၃။ နင်္ဂလီသဇာတ်

## ထုံးလွန်း 'အ' လွန်းသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

အသုဘ၌ မင်္ဂလာတရားဟော၍ မင်္ဂလာအခမ်းအနား၌ အသုဘတရားဟောသော လာဠုဒါယီ ရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့တွင် ဒိသာပါမောက္ခဆရာ ဖြစ်နေသည်။ ဆရာကြီး၏လက်အောက်တွင် တပည့်လူငယ်ငါးရာရှိရာ လာဠုကတစ်ယောက်လည်း ပါဝင်သည်။ သူသည် ဉာဏ်ထိုင်းလွန်းသည်။ သို့ရာတွင် သူကား ဆရာကြီးအပေါ်၌ ကျေးဇူးများသူတစ်ယောက်ဖြစ်သည်။

http://www.dhammadownload.com



တစ်နေ့ ဆရာသည် သူ့အား ဘောင်းဘီကို ခြေထောက်ထောက်ထားရန် ပြောသည်။ လာဠုကသည် ဘောင်းဘီခြေထောက်နှစ်ခုရှိသည့်အနက် တစ်ခုကိုသာ ရှာတွေ့သဖြင့် ဘောင်းဘီတစ်နေရာကို ထောက်ပေးလိုက်ပြီး လိုနေသည့် အခြားတစ်နေရာတွင် မိမိ၏ပေါင်ဖြင့် ညလုံးပေါက် ထောက်ပေးထားပြီး အိပ်နေလိုက်သည်။ ဆရာသည် နံနက်မိုးလင်းချိန်၌ သူ့အဖြစ်ကိုတွေ့မြင်လိုက်ရ၍ ဤမျှအသိဉာဏ်နည်းသော လာဠုကအား ငါသည် ဥပမာအားဖြင့် မှတ်စေ၍ ပညာရှိဖြစ်အောင်ပြုမည်ဟု ဆုံးဖြတ်ချက်ချပြီးလျှင် လာဠုကကိုခေါ်၍ 'သင်သည် ယနေ့မှစ၍ မြင်ခဲ့၊ ကြားခဲ့၊ စားခဲ့၊ သောက်ခဲ့ရသည်ကို ငါ့အားပြန်၍ လျှောက်လော့'ဟု မှာထားသည်။

တစ်နေ့ လာဠုကသည် ထင်းခွေရာမှ ပြန်ရောက်လာသော် တောထဲ၌ မြွေကိုတွေ့ခဲ့ရကြောင်း ဆရာအား လာ၍လျှောက်သည်။ 'မြွေသည် မည်သည့်အရာနှင့် တူသနည်း'ဟု မေးသောအခါ ထွန်တုံး၊ ထွန်တံနှင့်တူကြောင်း အဖြေပေးသည်။ သည်အတိုင်းဆိုလျှင် ဤလူငယ်ကို ဥပမာဖြင့်ပင် ပညာရှိဘဝရောက်အောင် ပို့ဆောင်နိုင်လိမ့်မည်'ဟုလည်း ဆရာက မှတ်ယူခဲ့သည်။ နောက်တစ်နေ့တွင် ဆင်ကိုမြင်ခဲ့ရကြောင်း လျှောက်ထားပြန်သဖြင့် 'ဆင်သည် ဘယ်အရာနှင့်တူသနည်း'ဟုမေးရာတွင် ထွန်တုံး ထွန်တံနှင့်ပင်တူကြောင်း ပြန်ကြားပြန်သည်။

နောက်များမကြာမီ လာဠုကသည် ဆွမ်းကျွေးတစ်ခုတွင်ကြံစုပ်ခဲ့ရကြောင်း လျှောက်ပြန်သဖြင့် 'ကြံသည် မည်သည့်အရာနှင့် တူသနည်း'ဟု မေးမြန်းရာ ရှေးနည်းအတိုင်းပင် အဖြေပေးပြန်လေသည်။ ထို့နောက် ဆွမ်းကျွေးတစ်ခု၌ နို့ဓမ်းနို့ရည်ကို စားခဲ့ရသည်ဟု လျှောက်၏။ 'နို့ဓမ်းနို့ရည်သည် ဘယ်အရာနှင့်တူသနည်း'ဟု မေးရာ ရှေးနည်းအတိုင်းပင် ဖြေသည်။

ဤအခါ ဆရာသည် ခွင့်မလွှတ်နိုင်တော့သဖြင့် 'ဤလာဠုကကို ပညာသင်ရန်မှာ မဖြစ်နိုင်'ဟု ဆို၍ ရိက္ခာပေးပြီး မိဘရပ်ထံသို့ ပြန်လွှတ်လိုက်လေသည်။ —

**ဇာတ်ပေါင်း။** ။ လာဠုက-လာဠုဒါယီ။ ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ တုံးလွန်း အလွန်းသူအား သင်ကြား၍ အကျိုးမထူးနိုင်။

http://www.dhammadownload.com



# ၁၂၄။ အမ္ဗဇာတ်

## ကျေးဇူးသိသောတိရစ္ဆာန်များ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းတို့၏ တာဝန်ဝတ္တရားကို ကျေပွန်အောင် ထမ်းဆောင်သော ရဟန်းတစ်ပါးသည် လူတို့အတွက်လည်း သောက်ရေအိုး တည်ထားသဖြင့် ဒါယကာ၊ ဒါယိကာမများ၏ ကြည်ညိုဆည်းကပ်ခြင်းကို ခံယူရသည်။ ထိုရဟန်းကို အကြောင်းပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရသေ့ပြု၍ တပည့်ငါးရာတို့နှင့်အတူ ဟိမဝန္တာတောင်ခြေရင်း၌ နေသည်။ ထိုအချိန်က ဟိမဝန္တာ၌ အပူချိန်လွန်ကဲသဖြင့် သောက်ရေများ ခန်းခြောက်ကုန်သည်။ ထို့ကြောင့် တိရစ္ဆာန်များ သောက်ရေမရရှိကြ။ ထိုအကြောင်းကိုသိသော ရသေ့တစ်ပါးသည် သစ်ပင်ကိုဖြတ်ထွင်းလျက် စားကျင်းပြုလုပ်ကာ ရေများထည့်ပြီး တိရစ္ဆာန်များအတွက် သောက်ရေပေးထားသည်။ များစွာသော တိရစ္ဆာန်တို့သည် ထိုစားကျင်းသို့ လာ၍ ရေသောက်ကြသည်။ ရသေ့သည် ရေလျော့နည်းသွားတိုင်း ထပ်ဖြည့်ပေးနေရသဖြင့် သစ်သီးကြီးငယ် ရှာဖွေရန်ပင် အချိန်မရတော့။

ထိုအကြောင်းကိုသိသော တိရစ္ဆာန်များသည် စဝေညှိနှိုင်းတိုင်ပင်၍ ရေသောက်ရန်သွားသော တိရစ္ဆာန်တိုင်းသည် မိမိတို့၏ စွမ်းအားအလျောက် သစ်သီးကြီးငယ်များ ယူဆောင်သွားကြရန် ကတိကဝတ်တစ်ခု ပြုကြသည်။ ထိုကတိအရ တိရစ္ဆာန်များသည် သစ်သီးကြီးငယ်များကို ယူဆောင်လာခဲ့ကြရာ နေ့စဉ်လှည်းနှစ်ဆယ့်တစ်စီးခွဲတိုက် ပမာဏမျှ ရှိသည်။ ရသေ့ငါးရာတို့သည် ထိုသစ်သီးများကို စားသောက်သော်လည်း နေ့စဉ်ပင် ပိုလျှံ၍နေသည်။ ဘုရားလောင်းရသေ့ကြီးသည် ထိုသစ်သီးများကိုကြည့်၍ 'ဝတ်နှင့်ပြည့်စုံသော ရသေ့တစ်ပါးကြောင့် ရသေ့အားလုံးတို့ သစ်သီးများဖြင့် မျှတခြင်း ရှိကြရသည်။ ထို့ကြောင့် ဝီရိယမည်သည်ကို ပြုရမည်သာတည်း'ဟု ဆုံးမစကား ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ ဝတ်နှင့်ပြည့်စုံသော ရသေ့-ဝတ်နှင့်ပြည့်စုံသောရဟန်း။
ဆရာရသေ့-ဗုဒ္ဓ

**အနှစ်ချုပ်။** ။ အများအကျိုးဆောင်လျှင် ကိုယ်ကျိုးအောင်နိုင်သည်။

http://www.dhammadownload.com



# ၁၂၅။ ကဋ္ဌာဟာကဇာတ်

## သူဌေးသားအယောင်ဆောင်သူ

### ပစ္စုပ္ပန်ဝတ္ထု

ကဲ့ရဲ့စကားဆိုတတ်သော ရဟန်းတစ်ပါးကို ဗုဒ္ဓကအကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေးကြီးဖြစ်သည်။ သူ့အိမ်မှ ကျွန်မတွင် သားတစ်ယောက်ရှိလေရာ အမည်မှာ 'ကဋ္ဌာဟာက'ဟူ၍ ခေါ်သည်။ သူသည် သူဌေးသားနှင့် ဖွားဖက်သာ ဖြစ်သည်မဟုတ်၊ ကျောင်းနေဖက်လည်း ဖြစ်သည်။ ကျွန်မသားဆိုသော်လည်း စာပေတတ်မြောက်သည်။ ဂဏန်းသချ်ာတို့ကိုလည်း နားလည်သည်။ ထို့ကြောင့် သူဌေးကြီးသည် သူ့အား ဘဏ္ဍာစိုးနေရာတွင် ခန့်ထားသည်။

သို့ရာတွင် ကဋ္ဌာဟာကသည် ထိုရာထူး ရထားသော်လည်း သူ့ကိုယ်သူ စိတ်မချချေ။ တစ်နေ့နေ့တွင် လက်ရှိနေရာမှ ရွေ့လျားသွားနိုင်သည်ဟု မြင်နေခြင်းကြောင့် သူ့သူဌေးကြီး၏ မိတ်ဆွေဖြစ်သူ နယ်ခြားဒေမှ သူဌေးထံသွား၍ သူ့အတွက် တစ်မျိုးမျိုး စီစဉ်ရန် ကြံရွယ်လိုက်သည်။ ကြံရွယ်သည့်အတိုင်းပင် သူသည် စာအတုတစ်စောင်ရေးပြီး စာကိုလုံခြုံစွာ စာအိတ်ထဲထည့်၍ အပြင်မှ သူ့သူဌေးကြီးသုံးစွဲနေကျ တံဆိပ်ရိုက်နှိပ်သည်။ ထို့နောက် စာကို သူကိုယ်တိုင်ယူဆောင်၍ နယ်ခြားဒေသ သူဌေးထံသို့ ထွက်လာခဲ့ကာ စာကို သူဌေး၏လက်ထဲသို့ ပေးအပ်သည်။

နယ်ခြားဒေသမှသူဌေးသည် စာကိုဖောက်ဖတ်လိုက်သောအခါ 'ယခု ဤစာနှင့် အတူလာသူမှာ ဗာရာဏသီသူဌေးကြီး၏ သားဖြစ်ကြောင်း၊ သူ့ကို မိတ်ဆွေ၏သမီးနှင့် ထိမ်းမြားလက်ထပ်ပေးစေလိုကြောင်း'စသည်ဖြင့် ရေးသားထားသည်ကို တွေ့ရသည်။ ထို့ကြောင့် နယ်ခြားသူဌေးသည် သံသယတစ်စုံတစ်ရာမဝင်ဘဲ ကဋ္ဌာဟာကအား သမီးဖြစ်သူနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်သည်။

ဗာရာဏသီသူဌေးကြီးသည် မကြာမီပင် 'ကဋ္ဌာဟာက'၏သတင်းကို ကြားသိရလျှင် ကဋ္ဌာဟာကကို ပြန်ခေါ်ရန် နယ်ခြားဒေသဘက်သို့ ထွက်လာခဲ့သည်။ သူဌေးကြီးထွက်လာ

http://www.dhammadownload.com



သည့်သတင်းကို ကဋ္ဌာဟက ကြားရသောအခါ သူသည် ထွက်ပြေး၍ မသင့်လျော်ကြောင်း စဉ်းစားပြီး သူဌေးကြီးအား ခရီးဦးကြိုပြု၍ ကျွန်ရင်းသဖွယ် အမှုထမ်းရွက်ပေးရန်သာ ဆုံးဖြတ်လိုက်သည်။ ထို့ကြောင့် သူဌေးကြီး သူတို့အနီးသို့ ရောက်လာလျှင် ကဋ္ဌာဟက သည် များစွာသော လက်ဆောင်ပစ္စည်းတို့ကို ယူဆောင်၍ ဗာရာဏသီ သူဌေးကြီးအား ဆက်သသည်။ ကဋ္ဌာဟကသည် ထိုအချိန်မှစ၍ သူဌေးကြီး၏ အမှုကိစ္စ မှန်သမျှကို ကျွန်တစ်ယောက်နှင့်မခြား ဆောင်ရွက်ပေးသည်။ နှစ်ဦးချင်း ဆုံတွေ့ရသော အချိန်တွင် ကဋ္ဌာဟကသည် သူဌေးကြီး၏ ခြေရင်းတွင် ဝပ်စင်း၍ 'အရှင်သည် ဥစ္စာ ပစ္စည်းများဖြင့် အလိုရှိလျှင် အရှင်တောင်းဆိုသမျှကို အကျွန်ုပ် ပေးပါမည်။ အကျွန်ုပ်အား အခြေအရံများ လက်လွတ်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ပေးတော်မူပါ' ဟု ဆိုသည်။ သူဌေးကြီးကလည်း မိမိအပေါ်တွင် တာဝန်များ ကျေပွန်ခဲ့သူ ဖြစ်သောကြောင့် 'မကြောက် လင့်၊ သင့်ကို ငါအပြစ်မယူ' ဟု ဆို၍ မြို့ထဲသို့ ဝင်လာသည်။

တစ်နေ့သောအခါ ဗာရာဏသီသူဌေးကြီးသည် ကဋ္ဌာဟက၏ ဇနီးဖြစ်သူ သူဌေးသမီးကိုခေါ်၍ 'ချစ်သမီး၊ ငါ့သားသည် သင့်အား ဂရုတစိုက် ရှိပါ၏လော၊ နှစ်ဦး တို့သည် ချစ်ခင်ညီညွတ်စွာ ရှိကြပါ၏လော' ဟု မေးရာ သူဌေးသမီးက 'ဖခင်၊ သင်၏ သားတွင် အခြားဆိုစရာမရှိပါ၊ အစားအသောက်ကို ကဲ့ရဲ့တတ်သည့် အကျင့်တစ်ခုတော့ ရှိပါသည်' ဟု ပြန်ကြားသည်။

ဤတွင် သူဌေးကြီးက 'ငါသည် သင့်အား ငါ့သား၏ နှုတ်ကို ပိတ်သွား စေမည့် နှုတ်ပိတ်မန္တန်ကို သင်ပေးခဲ့မည်၊ ငါ့သား စားသောက်နေစဉ် ရှေ့မှနေ၍ ရွတ်ဆိုလော့' ဟု ဆိုလျက် မန္တန်သင်ပေးပြီး သူဌေးကြီးသည် ဗာရာဏသီမြို့သို့ ပြန်သွားသည်။

သူဌေးသမီးသည် ထိုမန္တန်ကို ရသည့်အခါမှစ၍ ကဋ္ဌာဟက စားသောက်နေစဉ် ရှေ့မှနေ၍ ရွတ်ဆိုသည်။ သို့သော် အနက်အဓိပ္ပာယ်ကိုကား သူ နားမလည်။ ကဋ္ဌာဟက ကသာ နားလည်၍ အထိတ်တလန့်ဖြစ်ကာ ဗာရာဏသီသူဌေးကြီးသည် သူ၏ လျှို့ဝှက် ချက်များကို သူမအား ဖွင့်ဟခဲ့ချေပြီဟု တွေးမိကာ ထိုအချိန်မှစ၍ သက်ဆုံးတိုင် ကဲ့ရဲ့သော စကားများ မပြောဆိုတော့ပေ။

ဇာတ်ပေါင်း။ ။ကဋ္ဌာဟက-ရှုတ်ချတတ်သော ရဟန်း၊ ဗာရာဏသီသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။လူမိုက်ကြီးပွားသော် မာန်တက်တတ်သည်။

http://www.dhammadownload.com



# ၁၂၆။ အသိလက္ခဏဇာတ်

## သန်လျက်လက္ခဏာဖတ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်း၏ 'လာဘ်စားတတ်သော' သန်လျက်လက္ခဏာဖတ် ပုဏ္ဏားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဘုရားရှင်က ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ တူဖြစ်နေသည်။ ထိုမင်း၏ သန်လျက်လက္ခဏာဖတ် ပုဏ္ဏားသည် လာဘ်ပေးသည့် ပန်းပဲဆရာ၏ သန်လျက်ဖြစ်လျှင် ကောင်းသည်။ မင်္ဂလာရှိသည်ဟုဆို၏။ လာဘ်မပေးသူ၏ သန်လျက်ဖြစ်လျှင်မူ အပြစ်ပြလေ့ရှိသည်။ သူသည် သန်လျက်လက္ခဏာ ဖတ်ရာတွင် သန်လျက်ကိုကြည့်၍ မဖတ်ဘဲ နမ်း၍သာ ဖတ်သည်။ တစ်နေ့သောအခါ အကြောင်းသိ ပန်းပဲဆရာ တစ်ယောက်က သန်လျက်ကို ငရုတ်မှုန့်ပါသော သန်လျက်အိမ်တွင် ထည့်၍ လာဆက်သည်။ ဘုရင်သည် ထိုပုဏ္ဏားကိုခေါ်၍ သန်လျက်လက္ခဏာကို ဖတ်စေသည်။ ပုဏ္ဏားသည် သန်လျက်ကို နမ်းမိသည်နှင့် ငရုတ်မှုန့် မွှန်၍ ချေတော့သည်။

ထိုအခါ သူ့နှာခေါင်းနှင့် သန်လျက် ထိမိပြီး နှစ်ပိုင်းပြတ်သွားသည်။ မင်းကြီးသည် ထိုပုဏ္ဏားအား ဆေးဆရာဖြင့် ကုသစေကာ ချိပ်ဖြင့်ပြုလုပ်သော နှာခေါင်းတုတစ်ခုကို တပ်ဆင်ပေးသည်။

ထိုဗြဟ္မဒတ်မင်းကြီးတွင် သမီးတော်တစ်ပါးနှင့်တူတို့ရှိရာ အရွယ်ရောက်လာချိန်တွင် တူတော်ကို မင်းတစ်ပါး၏ သမီးတော်နှင့် ထိမ်းမြားလျက် သမီးတော်ကို အခြားမင်းတစ်ပါး၏ သားတော်နှင့် လက်ဆက်စေလိုသည်။ ရည်ရွယ်ချက်မှာ ဆွေမျိုးများ၍ နှစ်ပြည်ထောင်၏ အရှင်သခင်ဖြစ်လာရန် ဖြစ်သည်။ ထို့ကြောင့် မင်းကြီးသည် တူနှင့် သမီးတို့ သံယောဇဉ် မငြိတွယ်မိကြစေရန် တစ်ယောက်တစ်အိမ်စီ ခွဲခြားထားလိုက်သည်။ သို့ရာတွင် တူနှင့် သမီးတို့ သံယောဇဉ် နွယ်ယှက်လျက် ရှိနေကြပြီကို မင်းကြီး မသိချေ။

တူတော်မင်းသားသည် ဦးရီးတော်၏ သမီးကို နန်းတော်တွင်းမှ ထုတ်ဆောင်ယူရန် ကြံရွယ်သည်။ ထိုကိစ္စဆောင်ရွက်ပေးနိုင်စွမ်းရှိမည့်သူကို ရှာဖွေရာတွင် နတ်ကတော်

http://www.dhammadownload.com



ကို မြင်မိသည်။ နတ်ကတော်ကို ခေါ်၍ အကျိုးအကြောင်း ပြောပြကာ ဆောင်ရွက်နိုင်စွမ်း ရှိ–မရှိ မေးသည်။ နတ်ကတော်က တာဝန်ယူသဖြင့် အသပြာတစ်ထောင် ပေးလိုက်သည်။ နတ်ကတော်သည် သူ့ဘက်မှ ဆောင်ရွက်မည့် အစီအစဉ်နှင့် မင်းသားဘက်က ပြင်ဆင်ရမည့် အစီအစဉ်များကို မှာကြားထားခဲ့ပြီး မင်းကြီးရှေ့တော်မှောက်သို့ လာခဲ့သည်။ မင်းကြီးနှင့်တွေ့သောအခါ နတ်ကတော်က 'မင်းသမီးတွင် အစွဲအမှောင့်များ ရှိနေပါသည်၊ သုသာန်မြေတွင် မင်းသမီးကို ညောင်စောင်းပေါ်၌ ထား၍ နံ့သာရေ တစ်ရာ့ရှစ်လုံးတို့ဖြင့် သွန်းချိုးလျက် အစွဲအမှောင့်တို့ကို မျှောချရပါမည်'ဟု လျှောက်ထားရာ မင်းကြီးက သဘောတူလေသည်။

သို့ဖြင့် နတ်ကတော်သည် မင်းသမီးကို လက်နက်ကိုင် တပ်ဖွဲ့ဝင်များ ခြံရံ၍ သုသာန်မြေသို့ ခေါ်ဆောင်လာခဲ့ရာ လမ်းခရီးတွင် နတ်ကတော်က တပ်ဖွဲ့ဝင်များအား 'မင်းသမီးကို ညောင်စောင်းပေါ်၌ တင်ထားချိန်တွင် ညောင်စောင်းအောက်မှ လူသေယောကျ်ားသည် ချေလိမ့်မည်၊ ထို့နောက် အပြင်သို့ ထွက်လာ၍ အရင်ဆုံးတွေ့သူကို ဖမ်းလိမ့်မည်၊ သင်တို့အားလုံး သတိကြီးစွာနှင့် နေကြ'ဟု စိတ်ခတ်ချောက်ချားစေရန် ကြိုတင်၍ ပြောဆိုထားခဲ့သည်။ ထိုအချိန်တွင် မင်းသားသည် ကြိုတင် ညှိနှိုင်းထားခဲ့သည့်အတိုင်း သူသေဟန်ဖြင့် ဝမ်းလျားမှောက်လျက် အိပ်နေသည်။

မင်းသမီး သုသာန်သို့ ရောက်ချိန်တွင် နတ်ကတော်သည် အင်းပျဉ်ဝန်းကို သူသေဟန်ဆောင်နေသော မင်းသားပေါ်သို့ တင်သည်။ ထိုအပေါ်မှ ညောင်စောင်းကို ခင်းလျက် မင်းသမီးကို ပွေ့ချီပြီး ညောင်စောင်းပေါ် တင်ထားပေးသည်။ ထိုအခါ မင်းသားသည် ပါလာသည့် ငရုတ်မှုန့်ကို နှာခေါင်းထဲသို့ ရှူသွင်းလိုက်ရာ အဆက်မပြတ် ချေတော့သည်။ ဤတွင် နတ်ကတော်သည် မင်းသမီးကို ကျောခိုင်းကာ ငယ်သံပါအောင် အော်၍ ဦးဆုံး ထွက်ပြေးသည်။ တပ်ဖွဲ့ဝင်များလည်း လက်နက်များကို စွန့်၍ ထွက်ပြေးကြတော့သည်။ ထို့နောက် မင်းသားသည် မင်းသမီးကို အိမ်သို့ ဆောင်ယူသွားခဲ့သည်။

မင်းကြီးသည် တူတော်မင်းသားအား ထီးနန်းကို လွှဲအပ်ပေးကာ သမီးတော်အားလည်း မိဖုရားကြီးအရာ၌ ထားပေးသည်။ နှာခေါင်းပြတ်သော ပုဏ္ဏားသည်လည်း ထိုမင်းကို ဆက်၍ ခစားရသည်။

တစ်နေ့သောအခါ ထိုပုဏ္ဏားသည် နေဘက်သို့ မျက်နှာမူ၍ မင်းအား ခစားနေရာ ချိပ်မှာ အရည်ပျော်၍ နှာခေါင်းတုသည် ပြုတ်ကျသွားသည်။ ထိုအခါ မင်းသည် ပြက်ရယ်ပြုလိုသည်ဖြစ်၍ 'ဆရာ၊ သင်သည် ချေသဖြင့် နှာခေါင်းပြတ်ခဲ့ရသည်။ ငါ

http://www.dhammadownload.com



မှုကား ချေသောကြောင့် ဦးရီး၏သမီးကိုရ၍ မင်းအဖြစ်သို့ ရောက်ခဲ့ရသည်'ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။ ယခင်က သန်လျက်လက္ခဏာဖတ်တတ်သော ပုဏ္ဏား-ယခု သန်လျက်လက္ခဏာ ဖတ်တတ်သော ပုဏ္ဏား၊ တူတော်မောင်မင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အယောင်ဆောင်လျှင် အရှက်ရတတ်သည်။

---

# ၁၂၇။ ကလဏ္ဍုကဇာတ်

## ကလဏ္ဍုကမည်သောကျွန်

**ပစ္စုပ္ပန်ဝတ္ထု**

ကဲ့ရဲ့တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်သည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်၍ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူဌေးကြီး ဖြစ်နေသည်။ သူဌေးသည် အိမ်မှ ထွက်ပြေးသူ မိမိ၏ကျွန် ကလဏ္ဍုကကို ရှာဖွေရန် သားအဖြစ်မွေးထားသော ကျေးသားကို စေလွှတ်သည်။ ကျေးသားသည် ကလဏ္ဍုကကို လိုက်လံရှာဖွေရာ တစ်နေ့တွင် နယ်ခြားသူဌေး၏ သမီးနှင့်အတူ မြစ်ထဲ၌ လှေစီး၍ ရေကစားနေသည်ကို တွေ့သွားသည်။

ထို့ကြောင့် ရေသဖန်းပင်ထက်၌ နား၍ အခြေအနေကို စောင့်ကြည့်ရာ ကလဏ္ဍုကသည် နို့ရည်ကို ခံတွင်းဖြင့်ငုံ၍ သူဌေးသမီး၏ ခေါင်းပေါ်သို့ ထွေးချသည်ကို မြင်လိုက်ရသည်။

ထိုအခါ ကျေးသားသည် 'ဟယ်-ကျွန်မသား ကလဏ္ဍုက၊ သင်သည် မိမိ အမျိုးကို သတိရလော့၊ အမျိုးနှင့် ပြည့်စုံသော သူဌေးသမီး၏ ခေါင်းပေါ်သို့ နို့ရည်ဖြင့် မထွေးပါနှင့်' ဟု ဆိုသည်။ ကလဏ္ဍုကလည်း ကျေးသားကို မှတ်မိသည်ဖြစ်၍ သူ၏အကြောင်း ပေါ်ပေါက်မည်ကို စိုးရိမ်သောကြောင့် ကျေးသားအား သူ့ထံသို့လာခဲ့ရန် ချော့၍ခေါ်သည်။ ကျေးသားက မလာ။ လည်ကိုလိမ်၍ အသတ်ခံရမည်ကို သိသည်။

http://www.dhammadownload.com



ထို့ကြောင့် ဗာရာဏသီပြည်သို့ သွားကာ သူဌေးကြီးအား အကြောင်းစုံကို ပြောပြသည်။ သူဌေးသည် ကလဏ္ဍုကကို အာဏာဖြင့် ပြန်ခေါ်ပြီးလျှင် ကျွန်အဖြစ် ပြန်ထားလေသည်။

**ဇာတ်ပေါင်း။** ။ကလဏ္ဍုက-ရှုတ်ချတတ်သောရဟန်း၊ ဗာရာဏသီသူဌေး-ဗုဒ္ဓ။
**အနှစ်ချုပ်။** ။အယောင်ဆောင်ခြင်းဖြင့် ထာဝရအောင်ပွဲမရနိုင်။

---

# ၁၂၈။ မိဠာရဝတဇာတ်

## သီလကြောင် မြွေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

လူအထင်ကြီးအောင် ကျင့်ကြံနေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောကြားသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး နန်းစံစဉ် ဘုရားလောင်းသည် ကြွက်မျိုး၌ ဖြစ်နေသည်။ သူ့ခန္ဓာကိုယ်မှာ ဝက်ငယ်ပမာဏမျှရှိသည်။ များစွာသော ကြွက်ငယ်များ ခြံရံ၍ တောထဲတွင်နေ၏။ တစ်နေ့သ၌ ကြွက်တို့သည် ခြေထောက်တစ်ချောင်းတည်း ဖြင့်သာရပ်လျက် နေရှိရာဘက်ကိုသာ မျက်နှာမူပြီး ခံတွင်းကို အမြဲဖွင့်ထားသည့် 'ခမ္ဘိက' အမည်ရှိ မြေခွေးကို တွေ့မြင်ကြသည်။

ဘုရားလောင်းကြွက်မင်းက မြေခွေးသည် သီလရှိသည်ဟု ယုံမှတ်၍ ခစားသည်။ အဘယ့်ကြောင့် ထိုသို့နေသနည်း မေး၏။ ခမ္ဘိကက ခြေလေးချောင်းလုံးကို ချလိုက်လျှင် မြေပြင်သည် မခံနိုင်၍ ခြေထောက်တစ်ချောင်းတည်းဖြင့်သာ ရပ်နေရခြင်းဖြစ်သည်။ ခံတွင်းကို ဖွင့်ထားရခြင်းမှာ လေကိုသာ ဖမ်းယူစားသောက်နေ၍ ဖြစ်သည်။ နေကို ရှိခိုးသူ ဖြစ်၍ နေဘက်သို့ အမြဲမျက်နှာမူနေရခြင်းဖြစ်သည် ဟု သူတို့ကို ပြောပြသည်။ ကြွက်များသည် ပိုမိုလေးစားကြသဖြင့် ထိုနေ့မှစ၍ မြေခွေးကို ဝိုင်းရံခစားကြတော့သည်။

အကြံသမား မြေခွေးသည် သူ့ကို ခစားကြပြီး၍ ကြွက်များ ပြန်အထွက်တွင် နောက်ဆုံးကြွက်ကို အမြဲဖမ်းစားသည်။ ကြာသော် ကြွက်များ လျော့ပါးလာသည်။ သတိ

http://www.dhammadownload.com



ပြုမိသောကြွက်မင်းသည် မြေခွေးယုတ်အပေါ် သံသယဝင်လာသည်။ တစ်နေ့ မြေခွေးကို ခစားပြီး ပြန်အထွက်၌ ကြွက်မင်းသည် နောက်ဆုံးချန်၍ လိုက်ပါလာခဲ့သည်။

ထိုအခါ စားနေကျ မြေခွေးယုတ်သည် ကြွက်မင်းကို လှမ်းခုန်၍ အုပ်လိုက်ရာ အမြဲသတိရှိသော ကြွက်မင်းက ပြန်လှည့်၍ 'အို...မြေခွေး၊ သင်သည် တရားကို အရောင်ပြ၍ လူယုတ်မာတို့၏ အကျင့်ကို ကျင့်နေသူဖြစ်သည်'ဟု ဆိုလျက် မြေခွေး၏ လည်မျိုကို ဖမ်းကိုက်လိုက်ရာ မြေခွေးသည် ထိုနေရာ၌ပင် သေဆုံးသွားလေသည်။

ဇာတ်ပေါင်း။ ။ မြေခွေး-အုံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း၊
ကြွက်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အယောင်ဆောင်ခြင်းသည် သေခြင်းသို့သွားရာလမ်းဖြစ်သည်။

---

## ၁၂၉။ အဂ္ဂိကဘာရဒွါဇဇာတ်

### လိမ်ညာသူ မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

လူအထင်ကြီးအောင် ကျင့်ကြံနေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောတစ်ခု၌ ကြွက်မင်းဖြစ်နေသည်။ ထိုအချိန်က တောမီးလောင်လေရာ မြေခွေးတစ်ကောင်သည် ပြေးလမ်းရှာမရ၍ သစ်ပင်တစ်ပင်၌ ခေါင်းစိုက်နေရသည်။ သို့သော်တစ်ကိုယ်လုံးရှိ အမွေးများသည် မီးဟပ်ခံရသဖြင့် ကျွမ်းသွားခဲ့သည်။ သစ်ပင်၌ ခေါင်းစိုက်ထားသော နေရာတည့်တည့်တွင်သာ အမွေးအနည်းငယ် ကျန်နေခဲ့ပြီး ခေါင်းသည် ဦးစွန်းဖုတ်သဖွယ် ဖြစ်နေရသည်။ တစ်နေ့တွင် သူသည် ရေအိုင်၌ ရေသောက်နေစဉ် ကိုယ့်အရိပ် ကိုယ်ကြည့်မိရာ ဦးစွန်းဖုတ်ကို မြင်သွားသဖြင့် သူသည် ဝမ်းမြောက်သွားပြီး ဘဝရပ်တည်နိုင်မှုအတွက် တစ်စုံတစ်ရာ အထောက်အကူ ဖြစ်နိုင်ကြောင်း တွေးမိလိုက်သည်။

သူသည် တောထဲ၌ လှည့်လည်ခဲ့ရာ ဘုရားလောင်း ကြွက်မင်း၏ ကြွက်အုပ်စုနှင့် ဆုံမိကြ၍ မြေခွေးက 'အဂ္ဂိကဘာရဒွါဇ'ဆိုသူမှာ ငါပင် ဖြစ်သည်။ သင်တို့ကို စောင့်ရှောက်ရန် လာရခြင်းဖြစ်သည်။ ငါသည် အမြီးရေတွက်သည့် ပညာကို တတ်မြောက်

http://www.dhammadownload.com



သည်ဟု ပြောပြသည်။ အမြီးရေတွက်ခြင်းဆိုသည်မှာ ကြွက်များ အစာရှာထွက်ချိန်တွင် မည်မျှ ထွက်သွား၍ မည်မျှ ပြန်ဝင်လာသည်ကို စိစစ်ရေတွက်ခြင်း ဖြစ်သည်ဟု သူက ဆက်၍ ရှင်းပြသည်။

ကြွက်မင်းက သဘောကျ၍ သူ့ပရိသတ်ကို စောင့်ရှောက်ရန် တာဝန်ပေးလိုက်ရာ ထိုအခါမှစ၍ ကြွက်များကို ဖမ်းစားတော့သည်။ နောက်ဆုံး ကြွက်မင်း ကိုယ်တိုင် စူးစမ်းသည့်အလှည့်တွင် 'အို…အဂ္ဂိကဘာရဒွါဇ၊ အကျင့်သီလကောင်းမွန်သည့် အထိမ်းအမှတ်အဖြစ်ဖြင့် သင့်ခေါင်းပေါ်၌ ဦးစွန်းဖုတ်ကိုမထားသင့်၊ ဝမ်းရေးအတွက် ထားသည်ကိုမူ တစ်စုံတစ်ရာ မပြောလို'ဟု ဆို၍ မြေခွေး၏ လည်မျိုကို ဖမ်းကိုက်လိုက်သည်။ မြေခွေးသည် ထိုနေရာတွင်ပင် သေဆုံးသွားသည်။

ဇာတ်ပေါင်း။ ။မြေခွေး-အုံ့ဖွယ်သရဲ ဖြစ်စေတတ်သော် ရဟာန်း၊ ကြွက်မင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ဟန်ဆောင်ထားသော်လည်း အဖြစ်မှန်သည်ပေါ်မြဲ။

---

## ၁၃၀။ ကောသိယဇာတ်

### လင်ဖြောင်ထားသူ

**ပစ္စုပ္ပန်ဝတ္ထု**

အကျင့်ဖောက်ပြန်သော ပုဏ္ဏေးမတစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ သူ့ထံ ပညာသင်ကြားသူများမှာ မင်းသားနှင့် ပုဏ္ဏားသားတို့သာ များသည်။ ကျေးလက်မှ ပုဏ္ဏားသား တစ်ယောက်လည်း ပါဝင်ရာ သူသည် ပညာပြည့်စုံပြီဖြစ်သဖြင့် ဗာရာဏသီ၌ပင် အခြေချနေထိုင်သည်။ ဆရာကြီးထံသို့လည်း နေ့စဉ် တစ်နေ့သုံးကြိမ်မျှ လာရောက်လည်ပတ်တတ်သည်။

ထိုပုဏ္ဏား၏ဇနီး ပုဏ္ဏေးမသည် ဖောက်ပြန်၍ လင်ငယ်ထားသည်။ ဤသည်ကို ထိုပုဏ္ဏားက မရိပ်စားမိချေ။ ပုဏ္ဏေးမသည် ညအချိန်များတွင် လင်ငယ်နှင့် ဖောက်ပြန်ကာ နေ့ဘက်တွင် မကျန်းမမာဟန်ဖြင့် အိပ်ရာထဲ လှဲနေသည်။ ပုဏ္ဏားက မေးသောအခါ

http://www.dhammadownload.com



လေထိုးလေအောင့်နာဟု ဆိုသည်။ ယာဂု၊ ထမင်း၊ ဆီ အစရှိသော မွန်မြတ်သော အစား အစာများကို ကျွေးမှ ပျောက်ကင်းမည်ဟု ပြော၍ နေ့မအား ညမနား ပုဏ္ဏားက ရှာဖွေ ပေးနေရသည်။

တစ်နေ့တွင် မရောက်သည်မှာ အတန်ကြာခဲ့ပြီဖြစ်သော ဆရာကြီးထံ ပုဏ္ဏား ရောက်သွားသည်။ ထိုအခါ ဆရာကြီးက မရောက်လာဘဲ ရှိနေခဲ့ခြင်း၏ အကြောင်းကို မေးရာ ပုဏ္ဏေးမ၏ ဖြစ်ကြောင်းကို အကျယ်အားဖြင့် ပြောပြသည်။

ဆရာကြီးသည် ပုဏ္ဏေးမ၏ ဖြစ်ပျက်ပုံများကို ကြားလိုက်ရသည် ဆိုလျှင်ပင် ပုဏ္ဏေးမ၏ အကျင့်ဖောက်ပြန်မှုကို တပ်အပ်သေချာ သိလိုက်ရသောကြောင့် ပုဏ္ဏားအား 'အမောင်၊ ယနေ့မှစ၍ ထောပတ်၊ နွားနို့ စသည်တို့ကို မပေးလင့်၊ နွားကျင်ငယ်ရေတွင် ရွက်မျိုးငါးပါးနှင့် သစ်သီးစိမ်းများ ထောင်းထည့်ပြီး ကြေးနီခွက်နှင့် ထည့်၍ပေး၊ မသောက် လျှင် ရိုက်ပုတ်၍ သောက်ခိုင်း၊ သင့်မယားသည် ရောဂါပျောက်၍ ချက်ချင်းပင် အိမ်မှု ကိစ္စများကို ဆောင်ရွက်လိမ့်မည်'ဟု သင်ပေးလိုက်သည်။

ပုဏ္ဏားသည် အိမ်သို့ ပြန်ရောက်သွားသည်နှင့် ဆရာ မှာသည့်အတိုင်း ဆေး ဖော်စပ်၍ ပုဏ္ဏေးမကို ပေးလျှင် ပုဏ္ဏေးမက 'ဤဆေးနည်းကို မည်သူက ပြောပြသနည်း' ဟု မေးရာ ဆရာကြီးက ပြောကြောင်း ပြန်ပြော၏။ ပုဏ္ဏေးမက 'မသောက်'ဟု ငြင်းနေ သည်။ ထိုအခါ ပုဏ္ဏားက ကြိုးနှင့်တုတ်ကိုကိုင်၍ 'သင်သည် ရောဂါကို ပျောက်ကင်း စေနိုင်သည့် ဆေးကိုလည်းသောက်။ ယာဂုထမင်းကို စားနေသည်နှင့် သင့်လျော်သော အလုပ်ကိုလည်း လုပ်'ဟု ကြိမ်းမောင်းလိုက်သည်။

ထိုအခါ ဇနီးဖြစ်သူ ပုဏ္ဏေးမသည် ဆရာသိသွားပြီးဖြစ်၍ ပုဏ္ဏားကို လှည့်စား မရနိုင်ပြီဟု သဘောပေါက်ကာ အိမ်ရှင်မအလုပ်ကို လုပ်သူ၊ ကိုယ်ကျင့်တရားကောင်းသူ ဇနီး ဖြစ်သွားသည်။

ဇာတ်ပေါင်း။ ။ယခင်ကလင်မယား-ယခုလင်မယား၊ ဆရာ-ဗုဒ္ဓ။
အနှစ်ချုပ်။ ။မကောင်းတာကိုမြင်နိုင်မှ လူလိမ္မာ။

**ကုသနာဠိဇာတ် ပြီးပြီ။**

http://www.dhammadownload.com



# ၁၄။ အသမ္ပဒါနဝဂ်

## ၁၃၁။ အသမ္ပဒါနဇာတ်

### ကျေးဇူးမဲ့သူ သူငယ်ချင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်၏ ကျေးဇူးမသိတတ်ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဘုရားရှင် ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

မာဂဓတိုင်း ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုပြည်၌ပင် ကုဋေရှစ်ဆယ်ကြွယ်ဝသော သင်္ခအမည်ရှိသော သူဌေးကြီး ဖြစ်နေသည်။ ဗာရာဏသီ၌လည်း ကုဋေရှစ်ဆယ်ကြွယ်ဝသော ပီဠိယ အမည်ရှိသော သူဌေးကြီး တစ်ယောက်ရှိသည်။ သူတို့နှစ်ယောက်သည် သူငယ်ချင်း မိတ်ဆွေများ ဖြစ်ကြသည်။ တစ်ချိန်တွင် ပီဠိယသူဌေးသည် ဘေးသင့်၍ ဥစ္စာအားလုံး ကုန်ခန်းသွားသဖြင့် မယားကို ခေါ်ပြီး ရာဇဂြိုဟ်ရှိ သင်္ခသူဌေးကြီးထံသို့ လာခဲ့သည်။ ရာဇဂြိုဟ်သူဌေးက လာရသည့် အကြောင်းရင်းကို မေးရာ သူ့တွင် ဥစ္စာများ ကုန်ခန်းသွားရခြင်းအကြောင်းနှင့် သူ့အား တတ်နိုင်သမျှ ကူညီရန် ပြောပြသည်။ ထိုအခါ သင်္ခသူဌေးက 'အဆွေ၊ မစိုးရိမ်လင့်'ဟု ဆို၍ မိမိပိုင် ကုဋေရှစ်ဆယ်ထဲမှ ကုဋေလေးဆယ်ကို ခွဲဝေ၍ သူ့အား ပေးလိုက်သည်။ နောက်မကြာမီ သင်္ခသူဌေးသည်လည်း ဥစ္စာအားလုံး ကုန်ခန်းသွားသော်လည်း စိုးရိမ်ပူပန်မှု မရှိပေ။ ပီဠိယသူဌေး ဆင်းရဲခဲ့စဉ်က ကူညီ ထောက်ပံ့ထားခဲ့သဖြင့် မိမိဆင်းရဲသည့် အလှည့်တွင်လည်း ပီဠိယသူဌေးက ကူညီလိမ့်မည်ဟု မျှော်လင့်သည်။

ထို့ကြောင့် အများနှင့်အတူ ပီဠိယသူဌေးရှိရာ ဗာရာဏသီသို့ ထွက်လာခဲ့သည်။ မြို့အဝင်သို့ ရောက်သည်တွင် 'ပီဠိယသူဌေးအိမ်ကို ငါ သွားနှင့်မည်၊ အိမ်သို့ ရောက်ပြီးခါမှ သင့်အား ကြိုရန် ရထားလွှတ်လိုက်မည်'ဟု မယားကိုမှာထားခဲ့ပြီး ပီဠိယသူဌေးအိမ်သို့ လာခဲ့သည်။ ပီဠိယသည် သူ့ကိုမြင်သော်လည်း နေရာမပေး၊ လောကဝတ်လည်း မပြု၊ မျက်နှာထားတင်းတင်းနှင့် လာသည့်အကြောင်းရင်းကို ရိပ်မိပြီး ဖြစ်၍ 'ဤအိမ်တွင် သင်တို့အတွက် နေရာမရှိ၊ ရိက္ခာကိုယူ၍ သင့်လျော်သည့်နေရာတွင် ချက်ပြုတ်စားသောက်ကြပါ၊ နောက်နောင် ဤအိမ်သို့ မလာပါနှင့်'ဟု ပြော၍ ဖွဲတစ်ဆုပ်ကိုသာ ပေးလိုက်

http://www.dhammadownload.com



သည်။ သခ်သူဌေးဇရပ်ကို ပြန်ရောက်သောအခါ မယားအား အကျိုးအကြောင်းပြောပြရာ မယားက 'ဖွဲကိုအဘယ်ကြောင့်ယူလာရသနည်း၊ ဤဖွဲသည် ကုဋေလေးဆယ် တန်သလော'ဟု ဆို၍ ငိုရှိုက်မည်ပြုရာ 'ရှင်မ မငိုလင့်၊ ပီဠိယနှင့် မိတ်ပျက်မည်စိုး၍ ယူလာခဲ့သည်'ဟု ဆိုသည်။

သို့တိုင် မယားဖြစ်သူက ငိုရှိုက်နေသည်။ ထိုအချိန်တွင် ပီဠိယသူဌေး ဆင်းရဲစဉ်က သခ်သူဌေးပေးအပ်လိုက်သော ကျွန်တစ်ယောက်သည် ဇရပ်အနီးသို့ ရောက်လာသည်။ သူဌေးမ၏ ငိုရှိုက်သံကို ကြားသဖြင့် ဇရပ်ထဲသို့ဝင်၍ ကြည့်သောအခါ မိမိတို့၏ အရှင်သခင်များ ဖြစ်နေကြောင်းကို တွေ့သွားသည်။ သို့ဖြင့် သူသည် အခြားကျေးကျွန်များနှင့် ညှိနှိုင်းတိုင်ပင်၍ မိမိတို့၏ အရှင်သခင်များကို အိမ်သို့ဆောင်ယူပြီး ကောင်းမွန်စွာ ပြုစုကျွေးမွေးထားကြသည်။ သုံးရက်မျှ လွန်သွားချိန်တွင် ကျေးကျွန်အားလုံး စုရုံး၍ မင်းရင်ပြင်သို့ သွားကြပြီး မင်းကြီးကြားသိတော်မူစေရန် ဟစ်အော်ကြွေးကြော်ကြသည်။

မင်းကြီးသည် ထိုသူတို့ကို ခေါ်၍ မေးတော်မူရာ သူတို့က သခ်သူဌေးနှင့် ပီဠိယသူဌေးတို့၏ အကြောင်းကို အစအဆုံး လျှောက်တင်ကြသည်။

ထိုအခါ ဘုရင်သည် သူဌေးနှစ်ယောက်လုံးကို ခေါ်ကာ စစ်မေးပြီးလျှင် ပီဠိယသူဌေးပိုင် ပစ္စည်းအားလုံးကို သခ်သူဌေးအား ပေးလိုက်သည်။ သို့ရာတွင် သခ်သူဌေးသည် ကုဋေလေးဆယ်မျှကိုသာ ယူ၍ ပြန်သွားသည်။

**ဇာတ်ပေါင်း။** ။ပီဠိယသူဌေး-ဒေဝဒတ်၊ သခ်သူဌေး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ကျေးဇူးကန်းသူရှိသော်လည်း မိမိကမေတ္တာမပျက်ရာ။

---

## ၁၃၂။ ဘီရဏဇာတ်

### ကြောက်လန့်ခြင်းကင်း၍ မင်းဖြစ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

အဇပါလ ညောင်ပင်အောက်၌ စံတော်မူနေစဉ် မာရ်နတ်မင်း၏ သမီးများလာ၍ ဖြားယောင်းမြူဆွယ်ခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်က ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် နောင်တော် ပေါင်း တစ်ထောင်တို့တွင် ညီအထွေးဆုံး ဖြစ်နေသည်။ (ဤမှစ၍ ဇာတ်နံပါတ် ၉၆ 'တေလပတ္တဇာတ်'နှင့် တူသည်။ ထူးခြားသည်မှာ) တက္ကသိုလ်ပြည်သူတို့သည် မြို့ပြင် ဘက် ဇရပ်၌ တည်းခိုနေသော ဘုရားလောင်းအား မင်းပြုရန် တောင်းပန်သည်။ အဘိသိက် သွန်း၍ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။ မြတ်သော ရတနာပလ္လင်ထက်၌ သိကြား မင်း၏ တင့်တယ်ခြင်းကဲ့သို့ တင့်တယ်ခြင်းရှိနေသော ဘုရားလောင်းသည် မိမိ၏ တင့်တယ်ပုံကိုကြည့်၍ 'ငါသည် ဘီလူးမများ ဖန်ဆင်းပြသည့် ကြောက်မက်ဖွယ်အဆင်း နှင့် နှစ်သက်ဖွယ် နတ်အဆင်းကို အကယ်၍ ကြည့်မိခဲ့လျှင် အသက်ကုန်ခြင်းသို့ ရောက် ခဲ့ရပြီး ဖြစ်မည်။ ဤတင့်တယ်ခြင်းမျိုးကို မြင်ရမည်မဟုတ်။ ပစ္စေက ဗုဒ္ဓါ၏ အဆုံးအမကို နာခံခဲ့သောကြောင့် ဤသို့မင်းအဖြစ်ကို ရခဲ့သည်'ဟု တွေးမိလိုက်လေသည်။

**ဇာတ်ပေါင်း။** ။ တက္ကသိုလ်၌ မင်းဖြစ်သူ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကြောက်ရွံ့ခြင်း၊ မက်မောခြင်းကင်းသူ အထွတ်အထိပ်သို့ ရောက်၏။

---

# ၁၃၃။ ယဝါသနဇာတ်

## ဘေးရန်ကိုသိသူ ငှက်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဇာတ်နံပါတ် ၃၆ သကုဏဇာတ်မှာကဲ့သို့ ကျောင်းကို မီးလောင်းခံရ၍ ကမ္မဋ္ဌာန်းတရား အားမထုတ်နိုင်သော ရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်ကာ ဟောတော်မူလေသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ငှက်မင်း ဖြစ်နေသည်။ သူသည် 'ဇာတဿရအိုင်' အနီးရှိ သစ်ပင်ကြီး တစ်ပင်တွင် နောက်လိုက် ငှက်များနှင့်အတူ နေခဲ့ရာ သူတို့နေကြသော သစ်ပင်ကြီးမှ အကိုင်းတစ်ကိုင်းသည်

http://www.dhammadownload.com



ဓာတသာရ အိုင်ပေါ်တွင် အုပ်မိုးနေသည်။ ငှက်များသည် ထိုအကိုင်းမှနေ၍ အညစ်အကြေးများကို ရေထဲသို့ စွန့်ချသဖြင့် နေအိုင်ထဲတွင် နေသည့် ဒေါသပြင်းထန်သော နဂါးကြီးတစ်ကောင်းသည် သူ့နေရာပေါ် အညစ်အကြေးများ စွန့်ချနေခြင်းကို သည်းမခံနိုင်ပေ။

တစ်နေ့တွင် 'ငါသည် ရေထဲမှ မီးထလောင်စေလျက် သစ်ပင်ကို မီးကူးလောင်စေပြီး ငှက်များကို ပြေးအောင် ပြုလုပ်ရလျှင် ကောင်းမည်'ဟု နဂါးကြီး တွေးမိသည်။ ထိုအတွေးကြောင့်ပင် နဂါးသည် ငှက်များ အိပ်ပျော်နေသော တစ်ညဥ့်တွင် ရေကို ကျိုက်ကျိုက်ဆူစေလျက် အခိုးအငွေ့များ ထစေသည်။ ထိုအခါ တက်လာသော မီးအလျှံကို မြင်၍ ငှက်မင်းသည် 'အို-ငှက်အပေါင်းတို့၊ မီးကို ရေဖြင့်သာလျှင် ငြိမ်းသတ်၍ ရမြဲဖြစ်သည်။ ယခု ရေကိုပင်လျှင် မီးလောင်၍ နေချေပြီ။ ငါတို့သည် ဤသစ်ပင်တွင် နေ၍ မသင့်လျော်တော့၊ တစ်ပါးသော သစ်ပင်သို့ သွားကြစို့'ဟု ဆို၍ အခြားနေရာသို့ ပြောင်းရွှေ့သွားကြသည်။

ဘုရားလောင်း၏စကားကို လိုက်နာ၍ ဘုရားလောင်းနှင့် တစ်ပါးသောအရပ်သို့ ပြောင်းရွှေ့သွားသော ငှက်များ အသက်ချမ်းသာရာ ရကြ၏။ ဘုရားလောင်းစကားကို နားမထောင်ဘဲ နေရာဟောင်းကို မစွန့်ချင်သော ငှက်အများ သေဆုံးကုန်ကြ၏။

ဇာတ်ပေါင်း။ ။ ဘုရားအလောင်းစကားကိုလိုက်နာသောငှက်များ-ဗုဒ္ဓ၏ပရိသတ်၊ ငှက်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လာမည့်ဘေး ဝေးဝေးကရှောင်ပါ။

---

# ၁၃၄။ ဈာနသောဓနဇာတ်

## တပည့်ကောင်း

ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် သင်္ကဿနဂိုရ်ပြည် တံခါးဝ၌ အကျဉ်းအားဖြင့် မေးတော်မူအပ်သော ပြဿနာကို အရှင်သာရိပုတ္တရာသည် အကျယ်အားဖြင့် ဖြေဆိုတော်မူခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူလေသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် တော ကျောင်း၌နေ၏။ စုတေခါနီးတွင် တပည့်တို့က သူ့အား မေးကြသဖြင့် 'နေဝသညီ နာသညီ'ဟု ဖြေခဲ့ သည်။ ယင်းကို တပည့် ရသေ့ကြီးက အကျယ်အားဖြင့် ဖြေဆိုပြသည်။ သူ့အဖြေကို တပည့်ငယ် ရသေ့များက မယုံကြည်နိုင်ကြ။ ထိုအခါ ဘုရားလောင်းသည် အာဘဿရ ဗြဟ္မာ့ဘုံမှ ဆင်းလာကာ ကောင်းကင်၌ရပ်လျက် တပည့်ကြီး၏ ဂုဏ်ကျေးဇူး ကို ဟောကြားမှ ရသေ့များက တပည့်ကြီး၏ စကားကိုပင် ယုံကြည်သွားကြသည်။

**ဇာတ်ပေါင်း။** ။ တပည့်ကြီး-အရှင်သာရိပုတ္တရာ၊ မဟာဗြဟ္မာကြီး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ယုံကြည်မှုရှိမှ လုပ်ငန်းအောင်မြင်နိုင်သည်။ ။

---

# ၁၃၅။ စန္ဒာဘဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်အကြောင်းအရာတို့သည် ဇာတ်အမှတ်(၉၉) ပရောသဟဿ ဇာတ်နှင့် တူသည်။ 'စန္ဒာဘ သူရိယာဘ'ဟု ဖြေဆိုပုံသာ ထူးသည်။

---

# ၁၃၆။ သုဝဏ္ဏဟံသဇာတ်

## လောဘကြီးသူ မယားတောင်း

**ပစ္စုပ္ပန်ဝတ္ထု**

ထုလ္လနန္ဒာ အမည်ရှိသော ရဟန်းမိန်းမသည် အခြံအရံများနှင့်တကွ ပစ္စည်းလေးပါးဖြင့် ဖိတ်ထားသော ဒါယကာအိမ်၌ ကြက်သွန်အလှူခံရာ ကုန်နေသဖြင့် ယာခင်းထဲ သွားရောက်အလှူခံရန် ပြောသည်။ ယာခင်းထဲမှ ကြက်သွန်များကို အတိုင်းအရှည်မသိ နုတ်ယူခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်က ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်တွင် အမျိုးနွယ်တူ အမျိုးသမီးတစ်ယောက်နှင့် ထိမ်းမြား

http://www.dhammadownload.com



လက်ထပ်ခဲ့သည်။ ပုဏ္ဏားသည် နန္ဒာ၊ နန္ဒာဝတီနှင့် သုန္ဒရီနန္ဒာ ဟူ၍ သမီးသုံးယောက် ရရှိခဲ့ပြီးနောက် ကွယ်လွန်သွားပြီး ရွှေဟင်္သာမျိုး၌ ဖြစ်နေသည်။ ရွှေဟင်္သာဘဝတွင် ဘဝဟောင်းကိုသိသော 'ဇာတိဿရဉာဏ်'ရ၍ မိမိလာခဲ့သည့်ဘဝကို ပြန်ကြည့်သော အခါ အလုံးစုံကို သိမြင်လေသည်။ ထိုအချိန်တွင် ဇနီးနှင့် သမီး တို့သည် သူတစ်ပါး အိမ်တွင် လက်ခစားလုပ်၍ ဆင်းရဲပင်ပန်းစွာ အသက်မွေးဝမ်းကျောင်း ပြုနေသည်ကို မြင်တွေ့လိုက်ရသည်။

ရွှေဟင်္သာမင်းသည် ဇနီးနှင့် သမီးတို့ရှိရာသို့ လာခဲ့ကာ အကျိုးအကြောင်းကို ပြောပြပြီးနောက် သူ့ကိုယ်မှ ရွှေတောင်များကို တစ်ယောက်လျှင် တစ်တောင်ကျစီ နုတ်ယူစေသည်။ '၎င်းအတောင်များကို ရောင်းချ၍ ချမ်းသာစွာ အသက်မွေးရစ်'ဟု မှာခဲ့သည်။ သူသည် နောက်ပိုင်းတွင်လည်း မကြာခဏ လာ၍ ပေးတတ်သည်။ ထို့ကြောင့် သူ့ဇနီးနှင့် သမီးတို့သည် မကြာမီ ချမ်းသာကြွယ်ဝလာကြသည်။

လောဘကြီးသော ဇနီးသည် တစ်နေ့တွင် သူ့သမီးများအား 'ချစ်သမီးတို့၊ တိရစ္ဆာန် တို့၏ စိတ်သည် ပြောင်းလဲသွားတတ်သည်။ သင်တို့၏ ဖခင်သည် နောက်ပိုင်းတွင် ပုံမှန် လာချင်မှလာမည်၊ သည်တစ်ခါလာလျှင် သူ့အတောင်များ အားလုံးကို နုတ်ယူကြ မည်'ဟူ၍ တိုင်ပင်သည်။ သမီးများက ယင်းသို့ နုတ်ယူလျှင် ငါတို့၏ဖခင်သည် အခံရ ခက်ရှာလိမ့်မည်ဟု ဆိုကာ ကန့်ကွက်ကြသည်။ သို့တိုင် မိခင်က ရွှေဟင်္သာမင်း ရောက်လာ သောအခါ လက်နှစ်ဖက်ဖြင့်ဖမ်းကာ အတောင်အားလုံးကို နုတ်ယူသည်။ ထိုအခါ သူမ၏ လက်၌ ပါလာသော အတောင်များမှာ ရွှေတောင်များ မဟုတ်ကြတော့ဘဲ ဗျိုင်းတောင်များ ဖြစ်ကုန်ကြသည်။ ရွှေဟင်္သာသည်လည်း အတောင်များ မရှိတော့သဖြင့် ပြန်မသွားနိုင် တော့ချေ။

ထို့ကြောင့် ဇနီးဟောင်းသည် ရွှေဟင်္သာကို အိုးစရည်းကြီးထဲ ထည့်ပြီး မွေးထား သည်။ နောက်ထပ် ပေါက်လာသည့် အမွေးအတောင်များသည်လည်း အဖြူရောင်များသာ ဖြစ်၍ အတောင်များ စုံလင်ချိန်တွင် ရွှေဟင်္သာသည် သူ့နေရာဌာနသို့ ပြန်သွားကာ သူ့မိသားစုထံ ပြန်မလာတော့ချေ။

အလိုကြီးသည်၏အဖြစ်ကြောင့် ရွှေမှယုတ်ခဲ့ရ၏။ ယခုအခါ၌လည်း မိမိတို့၏ အလိုကြီးမှုကြောင့် ထုလ္လနန္ဒာသည် ကြက်သွန်ကို မရကုန်။ ထို့ကြောင့် ယနေ့မှစ၍ 'ရဟန်းမိန်းမတို့သည် ကြက်သွန်ကိုစားလျှင် ပါစိတ်အာပတ်သင့်၏'ဟု မြတ်စွာဘုရားက တားမြစ်တော်မူသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဇနီးယောင်းပုဏ္ဏားမ-ထုလ္လနန္ဒာ၊ ယခင်က သမီးသုံးယောက်-ယခု ညီအစ်မသုံးယောက်၊ ရွှေဟင်္သာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အလိုကြီးလျှင် အရနည်းတတ်သည်။

---

# ၁၃၇။ ဗဗ္ဗုဇာတ်

## ကြွက်မနှင့် ကြောင်လေးကောင်

### ပစ္စုပ္ပန်ဝတ္ထု

သူ၏ ခင်ပွန်းထံသို့ ပြန်သွားမည့် သမီးအတွက် မိခင်ဖြစ်သူ ကာဏမာတာ မုန့်ကြော်နေစဉ် ရဟန်းလေးပါးက သုံးကြိမ်တိုင်တိုင် ခံယူစားသောက်ကြ၍ ခရီးစဉ်ဖျက်လိုက်ရသဖြင့် ခင်ပွန်းဖြစ်သူ နောက်အိမ်ထောင် ပြုသွားခြင်းကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ကျောက်သွေးသမား ဖြစ်နေသည်။ ကာသိတိုင်းရှိ ရွာတစ်ရွာမှ သူဌေးကြီး တစ်ယောက်သည် ကုဋေလေးဆယ်တန်ဖိုးရှိသော ရွှေများကို မြေ၌မြှုပ်နှံထားခဲ့ရာ သူ့ဇနီး ကွယ်လွန်သောအခါ ထိုရွှေများ၌ တပ်မက်သည့်စိတ်ကြောင့် ရွှေရှိရာနေရာ၌ ဥစ္စာစောင့် ကြွက်မ ဖြစ်နေသည်။ နှစ်အတန်ကြာသော် ထိုရွာတွင် လူမနေတော့သဖြင့် ရွာဟောင်းအဖြစ်သို့ ရောက်၏။ ဘုရားလောင်း ကျောက်သွေးသမားသည် ကျောက်များကိုဖော်ထုတ်၍ ထိုရွာဟောင်းနေရာတွင်ပင် သွားရောက်သွေးလေ့ရှိသည်။

ကြွက်မသည် အစာရှာသွားတိုင်း ကျောက်သွေးသမားကို မြင်၍ ကြာသော် ကျောက်သွေးသမားအပေါ် မေတ္တာစိတ် ဝင်လာပြီး 'ဤလူကို ဥစ္စာများပေး၍ အမဲသား ဝယ်ယူစေပြီး စားရသော် ကောင်းအံ့'ဟု တွေးသည်။

တစ်နေ့တွင် ကြွက်မသည် တစ်အသပြာကို နှုတ်သီးဖြင့် ကိုက်ချီယူလာပြီး ကျောက်သွေးသမားအား 'ဤအသပြာကို ယူ၍ သင်လည်းသုံး၊ ငါ့အတွက်လည်း အမဲသားများ ဝယ်ပေးပါ'ဟု ဆို၍ပေးသည်။ ကျောက်သွေးသမားသည် သူ့အတွက် တစ်ပဲ့ဖိုး အမဲသားများ ဝယ်ပေးလိုက်သည်။ နောက်ရက်များတွင်လည်း ကြွက်မသည် နေ့စဉ်

http://www.dhammadownload.com



တစ်အသပြာစီ လာ၍ပေးသဖြင့် ကျောက်သွေးသမားကလည်း တစ်ပဲဖိုး အမဲသားများ ဝယ်ပေးမြဲပေးသည်။

တစ်နေ့တွင် ကြွက်မသည် အခြားကြောင်တစ်ကောင်၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ ထိုအခါ ကြွက်မက သူ့အား လွှတ်ပေးခဲ့လျှင် နေ့စဉ်စားသောက်ရန် အမဲသားများ ပေးမည်ဆိုသဖြင့် ကြောင်က ကြွက်မကို လွှတ်ပေးသည်။

ထိုအချိန်မှစ၍ ကြွက်မသည် ရလာသည့် အမဲသားများကို နှစ်စု စု၍ တစ်စုကို မိမိစားသည်။ ကျန်တစ်စုကို ကြောင်မအား ပေးရသည်။ နောက်ရက်များမကြာမီ အခြားကြောင်တို့၏ ဖမ်းဆီးခြင်း ခံရပြန်ရာ ငါးကြိမ်တိုင်သောအခါ ရှေ့ကြောင်များကဲ့သို့ပင် အမဲသား ပေးမည်ဆိုသည့် ကတိဖြင့် ပြန်၍ လွှတ်ပေးစေခဲ့ရပြန်သည်။ ကြွက်မသည် ထိုအခါမှစ၍ အမဲသားကို ငါးစု စု၍ စားရသောကြောင့် ကိုယ်မှာ ညှိုးပိန်လာသည်။ ဘုရားအလောင်း ကျောက်သွေးသမားက မေးစမ်းကြည့်သော် ကြွက်မက ဖြစ်ကြောင်း ကုန်စင် ပြောပြလိုက်သည်။

ဤတွင် ဘုရားအလောင်းသည် ဖန်ပေါင်းချောင်တစ်ခု ပြုလုပ်၍ ကြွက်မကို ပေးလျက် 'မိခင်၊ သင်သည် ဤဖန်ပေါင်းချောင်ထဲ၌ ဝင်နေပြီးလျှင် ကြောင်များ လာသောအခါ ခက်ထန်မာကျောသည့် စကားများကို ပြောဆိုပါ'ဟု မှာထားသည်။ ကြွက်မသည် ဘုရားအလောင်းမှာထားသည့်အတိုင်း ဖန်ပေါင်းချောင်ထဲတွင် ဝင်နေခဲ့ပြီး ကြောင်များ အသားတောင်းရန် လာကြသောအခါ 'ဟယ်...ကြောင်ပျက်၊ အမဲသား စားလိုလျှင် သင့်သားသမီးများ၏ အသားကို စားလော့'ဟု ဆိုသည်။ ကြောင်များက ဒေါသတကြီးဖြင့် ကြွက်မကို ခုတ်ဖမ်းကြရာ ကြောင်များသည် ဖန်ပေါင်းချောင်နှင့် အရှိန်ပြင်းစွာ တိုက်မိသဖြင့် ရင်ကွဲ၍ သေကြသည်။ ထိုအခါမှစ၍ ကြွက်မလည်း ဘေးကင်းသွားသည်။ ဘုရားလောင်းအားလည်း နေ့တိုင်း အသပြာနှစ်ပြား၊ သုံးပြားစီ တိုးမြှင့်ပေးလာခဲ့ရာ နောက်ဆုံးတွင် သူ့ဥစ္စာအားလုံး ဘုရားအလောင်း၏ လက်ဝယ်သို့ ရောက်သွားသည်။

ဇာတ်ပေါင်း။ ။ ကြောင်လေးကောင်-ယခုရဟန်းလေးပါး၊ ကြွက်မ-ကာဏမာတာ၊ ကျောက်သွေးသမား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကိုယ်က ကောင်းလျှင် သူကလည်း ပြန်ကောင်းမြဲသာ။

http://www.dhammadownload.com



# ၁၃၈။ ဝေါဓဇာတ်

## ဖွတ်မင်းနှင့် ရသေ့ယုတ်မာ

**ပစ္စုပ္ပန်ဝတ္ထု**

သူတစ်ဖက်သား အထင်ကြီးအောင် ကျင့်ကြံနေထိုင်သော ရဟန်းတစ်ပါးကို အကြောင်း ပြု၍ ဗုဒ္ဓက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ဖွတ်မျိုး၌ ဖြစ်နေသည်။ အဘိညာဉ်နှင့် ပြည့်စုံသော ရသေ့တစ်ပါးသည်လည်း နယ်စွန်ရွာကလေး တစ်ရွာအနီး တောကျောင်းတွင် နေသည်။ ဘုရားအလောင်း ဖွတ်မင်းသည် ထိုရသေ့၏ စင်္ကြံဦးရှိ တောင်ပို့ထဲတွင်နေ၍ ရသေ့ကြီးထံသို့ နေ့စဉ်ပင် နှစ်ကြိမ်သုံးကြိမ် အဖူးအမြော် ရောက်တတ်သည်။ ကာလအတန်ကြာသော် ရသေ့ကြီးသည် ထိုနေရာမှ ပြောင်းရွှေ့သွား ပြီး နောက်ထပ် ရသေ့အသစ်တစ်ပါး ထိုနေရာသို့ ရောက်လာသည်။ ထိုရသေ့ကား သီလကြောင်ဖြစ်ပြီး ကောက်ကျစ်သည်။ ဘုရားအလောင်း ဖွတ်မင်းသည် ထိုရသေ့ကို သီလရှိသည် ထင်မှတ်ကာ ပထမ ရသေ့ကြီးကို ဖူးမြော်သကဲ့သို့ပင် ဆက်၍ အဖူးအမြော် ပြုသည်။

တစ်နေ့တွင် ရသေ့သည် ရွာသားများ လှူဒါန်းသော ဖွတ်သားဟင်းကို စားရ သဖြင့် 'ရသတဏှာ'ဖြစ်ပေါ်ကာ 'ငါ့ထံသို့ လာနေသော ဖွတ်ကြီးကို သတ်၍စားမည်'ဟု ကြံကာ သင်္ကန်းခြုံထဲတွင် လက်ရိုက်ကို ဝှက်ကိုင်၍ ကျောက်တံခါးတွင် ထိုင်ကာ ဖွတ်မင်းအလာကို စောင့်နေသည်။

ညနေပိုင်းတွင် အဖူးအမြော်ဝင်လာသော ဖွတ်မင်းက ရသေ့ကြီး တူ့ရွှေပျက်နေ သည်ကို သတိပြုမိသဖြင့် ရသေ့ကြီး၏ လေအောက်ဘက်သို့ သွားကာ အနံ့ခံကြည့်သည်။ ဖွတ်သားနံ့ရ၍ 'ဤရသေ့ ယနေ့ ဖွတ်သားဟင်း စားခဲ့ဟန်ရှိသည်။ ငါ့ကိုလည်း သတ်၍ ချက်စားလိုပုံ ရသည်'ဟု တွေးမိသောကြောင့် ရသေ့ထံသို့ မလာဘဲ ပြန်လှည့်သည်။ ရသေ့က သူ့အား လက်ရိုက်ဖြင့် လှမ်း၍ပစ်သည်။ ဖွတ်မင်းသည် ရုတ်ခြည်းပင် တောင်ပို့ ဘက်သို့ ပြေးခဲ့ပြီး 'အို...သီလကြောင်ရသေ့၊ ငါသည် သင့်ကို သီလရှိသည်ဟု ထင်ခဲ့ သည်။ ယခု သင့်အကြောင်းကို ငါသိပြီ၊ သင်သည် ဤအရပ်မှ အမြန်ဆုံး ထွက်သွား

http://www.dhammadownload.com



လော့၊ အကယ်၍ မသွားခဲ့လျှင် ရွာသားတို့အား သင့်အကြောင်းကို ပြောပြ၍ သင့်အား ဒဏ်ခတ်စေမည်'ဟု ဆိုပြီးလျှင် တောင်ပို့ထဲသို့ ဝင်သွားခဲ့သည်။ ရသေ့သည် ထိုနေရာ၌ ဆက်၍မနေရဲဘဲ အခြားသို့ ပြောင်းရွှေ့သွားသည်။

**ဇာတ်ပေါင်း။** ။ ကောက်ကျစ်သောရသေ့-အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း၊ ရှေးဦးစွာနေခဲ့သောသီလရှိသည့်ရသေ့-အရှင်သာရိပုတ္တရာ၊ ဖွတ်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သီလကြောင်သည် မိမိဇာတိရုပ်အမှန်ကို ဖုံးထားနိုင်ခဲ့သည်။

---

## ၁၃၉။ ဥဘတောဘဋ္ဌဇာတ်

### အကျိုးနှစ်ဖက်ဆုံးရှုံးရသူ ကိုတံငါ

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ရဟန်းပြုပါလျက် ရဟန်း၏ကိစ္စကို မပြုသဖြင့် ရဟန်းတရား၏ အကျိုးစီးပွားနှင့် လူတို့၏အကျိုးစီးပွား နှစ်ပါးစလုံးမှ ဆုံးရှုံးရသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်က ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ရုက္ခစိုးနတ်ဖြစ်နေသည်။ တံငါသည် တစ်ယောက်သည် သားငယ်နှင့်အတူ ရေအိုင်တစ်ခု သို့ သွား၍ ငါးများရာ ငါးမျှားချိတ်က ရေအောက်ရှိ သစ်ငုတ်နှင့် ချိတ်နေသည်။ တံငါသည်က ငါးကြီးမိနေသည်ဟု အပိုင်တွက်လျက် အိမ်နီးချင်းများအား ပေးဝေရမည်ကို စိုးရိမ်သောကြောင့် သားငယ်အား အိမ်သို့ ပြန်လွှတ်လိုက်ကာ ဇနီးကို အိမ်နီးချင်းများနှင့် ရန်ဖြစ်ထားရန် မှာကြားလိုက်သည်။

သားငယ် ရွာသို့ ပြန်သွားသောအခါ တံငါသည်က ရေထဲသို့ဆင်း၍ ငါးကို စမ်းရာ သူ့မျက်လုံးနှစ်ဖက် ရေထဲမှ သစ်ငုတ်နှင့် ထိုးမိ၍ ပေါက်ထွက်သွားသည်။ ထိုအချိန်တွင် ဇနီးက နားနှစ်ဖက်၌ ထမ်းရွက်နားတောင်း ဝတ်ဆင်၊ မျက်လုံးတစ်ဖက်ကို အိုးမည်းဖြင့် ကွက်ပြီး ခွေးငယ်တစ်ကောင်ကို ရင်ဝယ်ပိုက်လျက် ရန်ရှာရန် အိမ်စဉ်

http://www.dhammadownload.com



လှည့်လည်သွားလာသည်။ သူ့သူငယ်ချင်းမ တစ်ယောက်က 'သင် ရှုးနေသလော'ဟု ပြောဆို၍ တံငါသည်မယားသည် ရေးကြီးခွင်ကျယ်လုပ်၍ ရန်တွေ့သည်။ နောက်ဆုံးတွင် အမှုဖြစ်၍ သူကြီးထံ ရောက်သောကြောင့် တံငါသည်မယားသည်ပင် ဒဏ်ငွေလည်း ဆောင်ရ၊ ကြိမ်ဒဏ်လည်း သင့်ရသည်။

ထိုအခါ ဘုရားအလောင်းဖြစ်သော ရုက္ခစိုးနတ်သည် သစ်ပင်ခွကြား၌ရပ်၍ တံငါသည်အား 'အို...ယောကျ်ား၊ သင်၏ အပြုအမူသည် ရေဆိုင်ထဲ၌လည်း ပျက်စီး၊ ကုန်းပေါ်၌လည်း ပျက်စီးသဖြင့် အကျိုးနှစ်ပါး ဆုံးရှုံးခဲ့ရ၏'ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။တံငါသည်-ဒေဝဒတ်၊ ရုက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ဘယ်သူမပြု မိမိအမှုသာဖြစ်သည်။

---

## ၁၄၀။ ကာကဇာတ်

### ကျီးမင်းနှင့် ပုရောဟိတ်

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်၏ ဆွေတော် မျိုးတော်များ အကျိုး ကျင့်တော်မူခြင်းကို အကြောင်းပြု၍ ဤ အတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ကျီးငှက် ဖြစ်နေသည်။ တစ်နေ့တွင် မင်း၏ ပုရောဟိတ်ကြီးသည် မြို့ပြင်ဘက်ရှိ မြစ်ထဲ၌ ရေချိုး ရာမှ ပြန်လာစဉ် မြို့တံခါးဝ တိုင်ထိပ်ဖျားပေါ် နားနေကြသော ကျီးနှစ်ကောင်တို့တွင် တစ်ကောင်က ပုဏ္ဏားအပေါ် မစင်စွန့်ချလိုကြောင်း ပြောသည်။ အဖော်ကျီးက သဘော မတူဘဲ အာဏာရှိသူနှင့် ရန်ဖက်မပြုရန် တားသည်။ တားနေသည့်ကြားကပင် ထိုကျီးသည် ပုဏ္ဏား၏ ခေါင်းပေါ်သို့ မစင်စွန့်ချလိုက်သည်။ ထိုအခါမှစ၍ ပုဏ္ဏားသည် ကျီးများအပေါ် အငြိုးထားတော့သည်။

တစ်နေ့တွင် ကျွန်မ တစ်ယောက် စပါးများကို နေလှန်းထားရာ ဆိတ် တစ်ကောင်က စပါးများကို လေးကြိမ်တိုင်တိုင် လာ၍စားသည်။ ကျွန်မသည် ထိုဆိတ်ကို မီးစနှင့်

http://www.dhammadownload.com



ပစ်ပေါက်လိုက်သဖြင့် မီးသည် ဆိတ်၏ အမွေးများကို စွဲလောင်သည်။ ဆိတ်သည် မီးကို ငြိမ်းသတ်ရန် ဆင်တင်းကုတ်နှင့် တွဲ၍ ဆောက်ထားသော မြက်ဂိုထောင်သို့ ပြေးဝင်ပွတ်တိုက်သည်။ မီးသည် မြက်ခြောက်များသို့ ကူးစက်ကာ ဂိုထောင်မှတစ်ဆင့် ဆင်တင်းကုတ်သို့ပါ ကူးသွားပြီး ဆင်းတင်းကုတ်အတွင်းရှိ ဆင်များ မီးလောင်ခံရသည်။

မင်းသည် ပုရောဟိတ်အား ဆင်တို့၏ ဒဏ်ရာများ ကုသရန် ဆေးနည်း မေးသော် ကျီးများအပေါ် အငြိုးထားခဲ့သော ပုရောဟိတ်က ကျီးအဆီရလျှင် ကု၍ ပျောက် နိုင်ကြောင်း လျှောက်ထားသည်။ မင်းသည် ကျီးဆီရှာဖွေသော်လည်း မရဘဲ ကျီးများသာ သေကြေခဲ့ရသည်။

ဘုရားအလောင်း ကျီးမင်းသည် ကျီးတို့ ပျက်စီးနေရခြင်းမှ ကယ်ဆယ်ရန် တစ်ဟုန်တည်း ပျံထွက်ကာ လေသာပြူတင်းမှ နန်းတော်သို့ဝင်၍ ပလ္လင်အောက်တွင် ဝင်နေလိုက်သည်။ ခဏမျှ အပန်းဖြေပြီး ပလ္လင်အောက်မှ ထွက်ကာ 'မြတ်သော မင်းကြီး၊ မင်းတို့မည်သည် ဆန္ဒာဂတိ စသည်နောက်ကို မလိုက်ဘဲ မင်းပြုသင့်သည်။ ကျီးများအပေါ် အငြိုးထားသော ပုရောဟိတ်စကားကို လက်ခံပြီး မင်းမိန့်ဖြင့် ကျီးများကို မသတ်သင့်ပါ။ စင်စစ် ကျီးများ၌ အဆီမရှိပါ' စသည်ဖြင့် မင်းအား အကျိုးအကြောင်း လျှောက်ထားသည်။

မင်းက ကျီးများ၌ အဆီမရှိရသည့် အကြောင်းရင်းကို မေး၍ ကျီးမင်းက 'မြတ်သောမင်းကြီး၊ ကျီးများသည် အမြဲထိတ်လန့်တတ်သော နှလုံးရှိသောကြောင့် အဆီမရှိပါ'ဟူ၍ ဖြေဆိုပြီးလျှင် သတ္တဝါအားလုံးတို့အတွက် ဘေးမဲ့တောင်းဆိုရာ မင်းသည် ကျီးမင်း၏ ဆန္ဒကို လိုက်လျောရုံမက သူတို့အတွက် နေ့စဉ် တစ်ဆယ့်တစ်စိတ်သော ဆန်ကို ထမင်းချက်၍ အစာအဖြစ် လှူဒါန်းရန် ကတိပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊ ကျီးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ခေါင်းဆောင်ကောင်းတို့မည်သည် အမျိုးသား အကျိုးစီးပွား ကျင့်ရာသည်။

အသာမ္ဗဒါနဝဂ် ပြီးပြီ။

http://www.dhammadownload.com



# ၁၅။ ကာကဏ္ဍကဝဂ်

## ၁၄၁။ ဂေါဓဇာတ်

### ပုတ်သင်နှင့် ဖွတ်ကလေး

**ပစ္စုပ္ပန်ဝတ္ထု**

ဇာတ်အမှတ်(၂၆) မဟိလာမုခ ဇာတ်မှာကဲ့သို့ ဒေဝဒတ်နောက်သို့ လိုက်ပါသွားသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် မြစ်တစ်ခုအတွင်းရှိ တွင်းကြီးတစ်တွင်းထဲတွင် နေသော ဖွတ်မင်းဖြစ်နေသည်။ သူ့သားက ပုတ်သင်တစ်ကောင်နှင့် မိတ်ကျွမ်းဝင်နေ၍ ဖွတ်မင်းက သားငယ်ကို ခေါ်၍ အရာဌာန မဟုတ်သည်ကို ရင်းနှီးကျွမ်းဝင်ခြင်း မပြုသင့်။ ပုတ်သင်တို့သည် အမျိုးယုတ်ကြ၏။ ထိုပုတ်သင်ကြောင့် ဖွတ်တစ်မျိုးလုံး ပျက်စီးနိုင်သည်ဟု ပြောပြသည်။ သားငယ်က နားမထောင်ချေ။

ဖွတ်မင်းသည် နောက်ဆုံး၌ လက်လျှော့လိုက်ပြီး အန္တရာယ် ကျရောက်လာက အသင့်ရှိနေရန် တွင်း၏ နံဘေးတစ်ဖက်၌ ကယ်ပေါက်တစ်ခု ပြုလုပ်ထားရန် စေခိုင်းသည်။ ဖွတ်ငယ်သည် တဖြည်းဖြည်းချင်း ကြီးထွားလာသော်လည်း ပုတ်သင်ကမူ မူလကိုယ်ကာယအတိုင်းပင် ရှိနေသည်။ ဖွတ်သည် ကစားကျီစယ်သည့် သဘောဖြင့် ပုတ်သင်ကို ပွေ့ဖက်ရာ ပုတ်သင်အဖို့ မချိမဆန့် ဖြစ်သွားခဲ့သည်။ ပုတ်သင်သည် တွေး၍ ကြောက်လျက် 'သည်လို အဖက်ခံရပါလျှင် ငါ သေရမည်'ဟု တွေးမိသောကြောင့် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းကိုလည်း စဉ်းစားလေသည်။

မကြာမီ ပုတ်သင်သည် ခွေးများနှင့် တောထဲသို့ဝင်လာသော မုဆိုးနှင့် ဆုံမိသည်။ အကျိုးအကြောင်း မေးကြည့်သောအခါ ဖွတ်ရှာထွက်လာခြင်း ဖြစ်ကြောင်း သိရသည်။ ဤတွင် ပုတ်သင်က 'ငါသည် ဖွတ်တို့ရှိသည့်နေရာကို သိသည်။ ပြပေးမည်။ မီးနှင့် ကောက်ရိုး ယူ၍လိုက်ခဲ့'ဟု ဆိုပြီး မုဆိုးကို ခေါ်လာသည်။

http://www.dhammadownload.com



ဖွတ်များနေသည့် တောင်ပို့သို့ ရောက်သော် မုဆိုးသည် ကောက်ရိုးကို တွင်း၀တွင် ထည့်၍ မီးရှို့သည်။ မီးခိုးများ ဝင်လာသောအခါ ဖွတ်များ အပြင်သို့ ထွက်ပြေး ကြရသည်။ မုဆိုးသည် ထွက်လာသမျှသော ဖွတ်များကို တုတ်ဖြင့် ရိုက်သတ်သည်။ မုဆိုးလက်မှ လွတ်မြောက်ခဲ့ကြသော ဖွတ်များကိုမူ ခွေးများက ဖမ်းသည်။ သို့ဖြင့် ဖွတ်များ ပျက်စီး ဆုံးရှုံးကြရသည်။

ဘုရားအလောင်း ဖွတ်မင်းကား 'ယုတ်မာသောသူကို မှီ၍ ချမ်းသာမဖြစ်နိုင်။ ယုတ်မာသော ပုတ်သင်ကြောင့် ဖွတ်များစွာတို့ ပျက်စီးကြရသည်'ဟု ဆိုလျက် ကယ် ပေါက်မှ ထွက်ပြေးခဲ့ရသည်။

ဇာတ်ပေါင်း။ ။ ပုတ်သင်-ဒေဝဒတ်၊ ဖွတ်မင်း၏သားငယ်-ဒေဝဒတ်နောက်လိုက်၊ ဖွတ်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိတ်ဆွေတိုင်း မိတ်ကောင်းမဟုတ်။

---

# ၁၄၂။ သိင်္ဂါလဇာတ်

## မြေခွေးမင်း

**ပစ္စုပ္ပန်ဝတ္ထု၊**

ဘုရားရှင်အား သတ်ဖြတ်ရန် ဒေဝဒတ်၏ ကြိုးပမ်းမှုကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် မြေခွေးမင်း ဖြစ်နေသည်။ သူ၏ နေရာဌာနမှာ ဗာရာဏသီမှ သုသာန်တောဖြစ်သည်။ နောက်လိုက် မြေခွေးပေါင်း များစွာလည်း ရှိသည်။

တစ်နေ့ ဗာရာဏသီပြည်သူတို့ ပျော်ပွဲရွှင်ပွဲအဖြစ် သေသောက်ပွဲ ကျင်းပစဉ် အရက် သမား တစ်ယောက်သည် အဖော်ဖြစ်သူအား အမြည်းစားရန် အမဲတောင်းသည်။ အဖော် ဖြစ်သူက အမဲကုန်ပြီဟု ပြော၍ အရက်သမားက 'ငါ အသက်ရှင် ရပ်တည်နေသေးသမျှ အမဲကုန်သည် မရှိစေရ'ဟု ဆိုကာ လက်ရိုက်ကို ကောက်ကိုင်ပြီး မြို့မှ ထွက်လျက် သုသာန်သို့ လာခဲ့သည်။

http://www.dhammadownload.com



သူသည် သုသာန်တစ်နေရာတွင် သူသေဟန်ဆောင်၍ ပက်လက်အိပ်လျက် လက်ကမူ ဆောက်ပုတ်ကို မြဲစွာကိုင်ထားသည်။ ဘုရားလောင်း မြေခွေးမင်းသည် နောက်လိုက်များနှင့်အတူ သုသာန်သို့ ရောက်လာသည်။ အရက်သမားကို သူသေမဟုတ်နိုင်ဟု တွက်ဆပြီး သေချာရန် အနီးသို့သွားကာ လေအောက်မှ အနံ့ခံကြည့်သည်။ သူသေမဟုတ်ကြောင်း ခိုင်လုံစွာ သိသွားသည်။ ဘုရားအလောင်း မြေခွေးမင်းသည် တရွေ့ရွေ့နှင့် အရက်သမား အနီးသို့ တိုးကပ်သွားခဲ့ပြီး ဆောက်ပုတ်၏ ထိပ်စွန်းကို ကိုက်ဆွဲလိုက်သည်။ မြဲစွာ ကိုင်ထား၍သူ့ဘက်သို့ ပါမလာပေ။

သို့ဖြင့် မြေခွေးမင်းသည် ခပ်လှမ်းလှမ်းမှ ရပ်ကာ 'အို...ယောကျာ်း၊ သင်သည် သေပြီးသူဖြစ်ပါလျှင် ဆောက်ပုတ်ကို မြဲစွာ ကိုင်ထားမည် မဟုတ်။ သင်သည် သေသူ မဟုတ်ကြောင်း ငါ သိသည်' ဟု ပြောဆိုသောကြောင့် အရက်သမားသည် မြေခွေးကို ဆောက်ပုတ်နှင့် လိုက်၍ ပစ်ခတ်သည်။

သို့ရာတွင် ဆောက်ပုတ်သည် မြေခွေးကို မထိဘဲ လွဲချော်သွားသည်။ ထိုအခါ မြေခွေးမင်းက 'အို...ယောကျာ်း၊ သင်သည် ငါ့ကိုကား လွဲချော်သွားသည်။ ငရဲနှင့်မူကား လွဲချော်လိမ့်မည် မဟုတ်' ဟု ဆိုလျက် တောထဲသို့ ပြန်ဝင်သွားခဲ့သည်။

**ဇာတ်ပေါင်း။ ။အရက်သမား-ဒေဝဒတ်၊ မြေခွေးမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။သတိထားလျှင် အမှားမတွေ့နိုင်။**

---

# ၁၄၃။ ဝိရောစနဇာတ်

## ခြင်္သေ့ကိုတုသော မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်သည် ရဟန်းသံဃာများနှင့်အတူ ဂယာသီသ အရပ်၌နေစဉ် မြတ်စွာ ဘုရားသည် အဂ္ဂသာဝက နှစ်ပါးအား စေလွှတ်တော်မူသည်။ သူ့ထံသို့ အဂ္ဂသာဝကများ ရောက်လာကြ၍ ဒေဝဒတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်။ ညဦးပိုင်း တရားဟောချိန်တွင် သူ့ကိုယ်သူ မြတ်စွာဘုရား၏ တင့်တယ်စံပယ်ပုံကို အတုယူ၍ 'ငါ့ရှင်သာရိပုတ္တရာ၊ ရဟန်းသံဃာတို့ကို တရားဟောပါလော့'ဟု ဆိုပြီး အဂ္ဂသာဝက နှစ်ပါးတို့အား တရားဟောရန် တာဝန်လွှဲအပ်သည်။ သူကမူ ညောင်းသည်ဟု ပြောကာ ကျောဆန့် အိပ်နေလိုက်သည်။ အဂ္ဂသာဝက နှစ်ပါးတို့သည် ရဟန်းတို့ကို တရားဟောကြား တော်မူရာ ရဟန်းအားလုံး 'အရဟတ္တဖိုလ်'သို့ ရောက်သွားခဲ့ကြပြီး ညတွင်းချင်းပင် အဂ္ဂသာဝက များနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ လိုက်ပါလာခဲ့ကြသည်။

http://www.dhammadownload.com



ဤအဖြစ်ကို ကောကာလိကက သိ၍ 'ငါ့ရှင် ဒေဝဒတ်၊ အဂ္ဂသာဝက နှစ်ပါးသည် သင့်ပရိသတ်ကို ခေါ်သွားခဲ့ကြပြီ၊ သင်ကား အိပ်၍သာနေသည်'ဟု ဆိုလျက် ဒေဝဒတ်၏ရင်ကို ဖနောင့်ဖြင့် ပေါက်ကာ နှိုးသည်။ ထို့ကြောင့် ဒေဝဒတ် သွေးပွက်ပွက်အန်ရသည်။

အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားထံ ပြန်ရောက်သွားသောအခါ ဒေဝဒတ်၏ ဘုရားအတုပြုမူပုံကို လျှောက်ထားလေရာ မြတ်စွာဘုရားက 'သာရိပုတ္တရာ၊ ဒေဝဒတ်သည် ယခုအခါ၌သာလျှင် ငါ၏အတုကို ပြု၍ ပျက်စီးခြင်းသို့ ရောက်ရသည်မဟုတ်။ ရှေးရှေးအခါကလည်း ရောက်ခဲ့ ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

## အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ခြင်္သေ့မင်းဖြစ်နေသည်။ ဟိမဝန္တာမှ ရွှေဂူကြီး တစ်ခုတွင် နေသည်။ တစ်နေ့သော် ခြင်္သေ့မင်းသည် ကျွဲကြီးတစ်ကောင် သတ်စားပြီး ရွှေဂူသို့ ပြန်အလာ မြေခွေးတစ်ကောင်နှင့် ဆုံတွေ့ရာ ပြေးချိန်မရလိုက်သဖြင့် မြေခွေးသည် ခြင်္သေ့ရှေ့တွင် ရပ်၍ ရှိခိုးနေလိုက်သည်။ ခြင်္သေ့မင်းက အကြောင်းကိုမေးသော် အသင်၏ ခြေရင်း၌ ခစားလို၍ဟု ဆိုသည်။ သို့ဖြင့် ခြင်္သေ့မင်းသည် သူ၏ ရွှေဂူသို့ ခေါ်လာခဲ့ပြီး သူ၏ စားကြွင်းစားကျန်များကို ကျွေးမွေးထားသည်။ အစားအသောက်ကောင်းသဖြင့် မြေခွေးလည်း ဝဖြိုးလာခဲ့သည်။

နေ့စဉ်ဆောင်ရွက်ရမည့် မြေခွေး၏ အလုပ်မှာ တောင်ခြေရင်းတွင် ကျက်စားနေကြသည့် ဆင်၊ မြင်း၊ ကျွဲ၊ နွား စသည်တို့ကို ကြည့်ထားရန်ဖြစ်သည်။ ပြီးလျှင် အိပ်နေသော ခြင်္သေ့မင်းအား စားလိုသည့် သားကောင်၏ အမည်ကိုပြော၍ 'အရှင့်ထွန်းပလော့'ဟု ဆိုရသည်။

ရက်ကြာသောအခါ မြေခွေးသည် မာန်တက်လာသည်။ အခြေလေးချောင်းခြင်းအတူတူ သူတစ်ပါး ကျွေးမွေးသည်ကို ငါအဘယ်ကြောင့် စား၍နေရအံ့နည်း။ ခြင်္သေ့သည် 'အရှင် ထွန်းပလော့'ဟု ဆိုသော စကားကို မှီ၍ ဆင်တို့ကို သတ်သည်။ ငါသည်လည်း 'မြေခွေး ထွန်းပလော့'ဟူသော စကားကို ခြင်္သေ့အား ဆိုစေ၍ ဆင်ကိုသတ်လျက် ဆင်သားကို စားအံ့ဟု ခြင်္သေ့မင်းအား ပြောပြရာ ခြင်္သေ့မင်းက ခွင့်မပြု။ သို့တိုင် မြေခွေးက ထပ်ပြန်တလဲလဲ တောင်းပန်နေသဖြင့် ခွင့်ပြုလိုက်သည်။

ခြင်္သေ့သည် မြေခွေးအား မိမိနေရာ၌ အိပ်နေစေလျက် သူက သားကောင်များကို သွား၍ ကြည့်သည်။ ပြန်လာသောအခါ ဆင်သားကို စားလိုကြောင်းပြော၍ 'မြေခွေး ထွန်းပလော့' ဟု ဆိုသည်။ မြေခွေးသည် ခြင်္သေ့ဟန် ပြေးထွက်လျက် အရပ်လေးမျက်နှာကို ကြည့်ကာ သုံးကြိမ်စီ ဟောင်သည်။ ထို့နောက် အမုန်ရစ်သော ဆင်ကြီး၏ ဦးကင်းဆီသို့

http://www.dhammadownload.com



လှမ်း၍ ခုန်လိုက်ရာ ဦးကင်းပေါ် မရောက်ဘဲ ဆင်ခြေရင်းသို့ ကျသွားသည်။ ဆင်သည် လက်ရာခြေကို ကြွချီ၍ မြေခွေး၏ ခေါင်းကို နင်းချလိုက်သည်။ ဦးခေါင်းကြေမွသွားသည်။ ထို့နောက် ကိုယ်အပေါ်သို့လည်း မစင်များစွန့်ချပြီးလျှင် တောထဲသို့ ဝင်သွားခဲ့သည်။

**ဇာတ်ပေါင်း။ ။ မြေခွေး-ဒေဝဒတ်၊ ခြင်္သေ့မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ မတန်သည်ကို ဇတုရာ ဘေးသင့်တတ်သည်။**

---

# ၁၄၄။ နင်္ဂုဋ္ဌဇာတ်

## မီးကိုအထင်ကြီးသူ ရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

တက္ကတွန်းများသည် ဇေတဝန်ကျောင်းအနီးသို့ လာရောက်ကြကာ အချို့က ဆောင့်ကြောင့်ထိုင်လျက်၊ အချို့က လင်းနို့ကဲ့သို့ တွဲလျားဆွဲလျက်၊ အချို့က ဆူးပေါ်၌ အိပ်လျက် စသည် အကျင့်ကျင့်ကြသည်ကို မြင်ကြသော ရဟန်းတော်များသည် ထိုမိစ္ဆာအကျင့်ကြောင့် တစ်စုံတစ်ခုသော ကုသိုလ်တရား၊ သို့မဟုတ် အစီးအပွား တစ်မျိုးမျိုး ဖြစ်ထွန်းခြင်း ရှိ-မရှိကို မြတ်စွာဘုရားအား မေးလျှောက်ကြသည်။ ဘုရားရှင်က အကျိုးတရား နှစ်ပါးလုံး ဖြစ်ထွန်းခြင်း မရှိကြောင်း မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် 'ဥဒိစ္စ ပုဏ္ဏား'မျိုး၌ ဖြစ်နေသည်။ မိဘများသည် သူ့ကို မွေးဖွားသောနေ့က မွေးဖွားမီးကိုယူ၍ ထားခဲ့ကြသည်။ တစ်ဆယ့်ခြောက်နှစ်သား အရွယ်သို့ ရောက်သော် မိဘနှစ်ပါးက 'ချစ်သား၊ ငါတို့သည် သင့်ကို ဖွားမြင်သောနေ့က မီးကိုယူထားခဲ့ကြသည်။ သင်သည် လူ့ဘဝတွင် အိုးအိမ်ထူထောင်၍ နေလိုလျှင် ဗေဒင်သုံးပုံကို သင်ချေ။ အကယ်၍ ဗြဟ္မာ့ပြည်သို့ ရောက်လိုလျှင် မီးကိုယူလျက် တောထဲသို့ဝင်ကာ မီးကို လုပ်ကျွေးပါ'ဟု ဆုံးမကြသည်။ ပုဏ္ဏားငယ်သည် အိမ်ရာထောင်မှုကို မလိုလားသောကြောင့် မီးကိုယူ၍ တောထဲသို့ ဝင်ခဲ့ကာ ကျောင်းငယ်တစ်ဆောင် ဆောက်လုပ်ပြီး မီးကို လုပ်ကျွေး၍ နေလိုက်သည်။

http://www.dhammadownload.com



တစ်နေ့ ပုဏ္ဏားငယ်သည် ရွာတစ်ရွာမှ နွားတစ်ကောင် အလှူခံရလာသည်။ ဘုန်းရှိသော မီးအား ဆားဖြင့် နွားကိုစားစေမည်ဟု စိတ်ကူးလျက် ဆားရှာဖွေရန် အနီးအနားရှိ ရွာသို့ ထွက်လာခဲ့သည်။ ဆားကိုယူ၍ သူ ပြန်ရောက်လာချိန်၌ နွားသည် အမြီး၊ ခြေထောက်ရိုးနှင့် အရေပြားမျှသာ ကျန်ရှိတော့သည်ကို တွေ့ရသည်။ သူ မရှိခိုက် မုဆိုးတစ်သိုက်က နွားကိုသတ်စားသွားခဲ့သောကြောင့် ဖြစ်သည်။

'ဘုန်းရှိသည်ဆိုသော ဤမီးသည် မိမိ၏ အစာကိုလည်း မစောင့်ရှောက်နိုင်၊ ငါ့ကိုမူ အဘယ်မှာ စောင့်ရှောက်နိုင်အံ့နည်း။ ဤမီးကို လုပ်ကျွေးခြင်းဖြင့် အကျိုးမရှိနိုင်၊ အကျိုးစီးပွား တစ်မျိုးမျိုး ဖြစ်ထွန်းနိုင်ဖွယ်ရာ မရှိ'ဟု တွေးမိသောကြောင့် မီးထဲသို့ နွား၏အမြီးပိုင်း အစရှိသည့် အကျန်တို့ကို ပစ်ထည့်ပြီးလျှင်မီးကို ရေနှင့်ငြိမ်းသတ်သည်။ ထို့နောက် ရသေ့ပြု၍ အဘိညာဉ်သမာပတ်တို့ကို ဖြစ်စေရာ သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့သည်။

**ဇာတ်ပေါင်း။** **။မီးကိုငြိမ်းစေသောရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** **။မီးသည် ကိုးကွယ်ရန်မဟုတ်။**

---

## ၁၄၅။ ရာဓဇာတ်

### ရွာစကျေးသားနှင့် ပုဏ္ဏေးမ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း၏ ဖြားယောင်းခြင်းကို ခံရ၍ သာသနာတော်၌ ငြီးငွေ့နေသော ရဟန်းကို အကြောင်းပြုကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် 'ပေါဋ္ဌပါဒ' အမည်ဖြင့် ကျေးငှက်မျိုး၌ ဖြစ်နေသည်။ သူ့တွင် 'ရာဓ'ဆိုသော ညီကျေးသား ငယ်တစ်ကောင်ရှိသည်။ ကာသိတိုင်းသား ပုဏ္ဏားတစ်ယောက်သည် သူတို့ညီနောင်ကို အိမ်တွင် မွေးစားထားသည်။ ထိုပုဏ္ဏား၏ ဇနီးကား ကိုယ်ကျင့်သီလ မကောင်းချေ။ တစ်နေ့တွင် ပုဏ္ဏားသည် ခရီးထွက်ရန်ရှိ၍ ကျေးညီနောင်တို့အား ပုဏ္ဏေးမ အကျင့် ပျက်လျှင် တားမြစ်ရန် မှာထားခဲ့လျက် ခရီးထွက်ခဲ့လေသည်။ နောင်တော် ကျေးသား ပေါဋ္ဌပါဒက

http://www.dhammadownload.com



'တတ်နိုင်လျှင် တားမြစ်မည်၊ မတတ်နိုင်လျှင် ဆိတ်ဆိတ်နေမည်'ဟု ပြောသည်။ ပုဏ္ဏေးမသည် ပုဏ္ဏား ထွက်သွားသောနေ့မှစ၍ ဖောက်ပြန်နေရာ အိမ်တွင် ထွက်သူဝင်သူတို့ မစဲဖြစ်နေတော့သည်။

ညီတော် ရာဓက ပုဏ္ဏေးမအား တားမြစ်လိုကြောင်း နောင်တော်ကို ပြောရာ ပေါဋ္ဌပါဒက 'မမိုက်ချင်နဲ့ ညီလေး၊ မိန်းမဆိုသည်မှာ ချီရွက်၍ ထားသော်လည်း စောင့်ရှောက်ခြင်းငှာ မတတ်နိုင်'ဟု ဆိုသည်။ ထိုအချိန်မှစ၍ နောင်တော်ကျေးသားသည် ညီထွေး ရာဓအား ပုဏ္ဏေးမနှင့် စကားဆိုခွင့် မပေးတော့။ ပုဏ္ဏား ပြန်ရောက်သောအခါ သူ့ဇနီးအကြောင်း ကျေးညီနောင်တို့အား စူးစမ်းလျှင် နောင်တော် ပေါဋ္ဌပါဒက သူ့မျက်မြင် အခြေအနေ အရပ်ရပ်ကို မထိမ်မချန်ဘဲ ပြောပြပြီး အဆုံး၌ 'ဖခင်၊ ငါတို့သည် မိခင်၏ အပြစ်ကို ပြောဆိုမိသည့် အချိန်မှစ၍ ဤအိမ်၌မနေထိုက်တော့'ဟု ဆိုကာ ပုဏ္ဏားကို ရှိခိုးကြပြီးလျှင် ညီနောင်နှစ်ကောင်စလုံး ထွက်ခွာသွားခဲ့ကြတော့သည်။

**ဇာတ်ပေါင်း။** ။ **ပုဏ္ဏားနှင့်ပုဏ္ဏေးမ-ယခုလင်မယား၊ ရာဓ-အာနန္ဒာ၊ ပေါဋ္ဌပါဒ-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အကျင့်ဖောက်ပြန်သူကို ဝေးဝေးတရှောင်ပါ။**

---

# ၁၄၆။ သမုဒ္ဒကာကဇာတ်

## သမုဒ္ဒရာရေကို နှုတ်သီးဖြင့်ဆောင်သူ ကျီးများ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း ဆွမ်းဒါယိကာမကြီး သေဆုံး၍ တစ်ပါးနှင့်တစ်ပါး လည်ပင်းကို ဖက်ကာ ငိုကြွေးကြသော တောထွက်ရဟန်းအိုကြီးများကို အကြောင်းပြုကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သမုဒ္ဒရာ စောင့်နတ်ဖြစ်နေသည်။ ကျီးဖိုတစ်ကောင်သည် မယားကျီးမနှင့်အတူ အစာရှာရင်း သမုဒ္ဒရာအနီးသို့ ရောက်လာသော် နဂါးကို ပူဇော်ထားသော နို့ယာနာ၊ ငါး၊ အမဲ၊ အရက် စသည်တို့ကို တွေ့ရှိသွားကြသည်။ ကျီးလင်မယားသည် စားစရာတို့ကို စားပြီး အရက်ကို

http://www.dhammadownload.com



သောက်ကြရာ အရက်မူးယစ်၍ သမုဒ္ဒရာထဲဆင်းပြီး ရေကစားရန် ပြင်ဆင်ကြသည်။ လှိုင်းလုံးများ တက်လာ၍ ကျီးမသည် ရေလှိုင်းနှင့်အတူ ပင်လယ်ထဲသို့ ပါသွားသည်။ မယားသေ၍ ကျီးဖို၏ ငိုသံကြောင့် ကျီးများ ရောက်လာကြသည်။

ကျီးများစုပေါင်းတိုင်ပင်လျက် ကျီးမကို သမုဒ္ဒရာထဲမှ ပြန်ရနိုင်ရန် သူတို့ နှုတ်သီးဖြင့် သမုဒ္ဒရာရေကို ခပ်ပစ်ကြသည်။ သို့သော် ဆားငန်ရေကြောင့် သူတို့ လည်ချောင်းများသာ ခြောက်လာလျက် မေးရိုးတို့လည်း ညောင်းလာသည်။ ပင်ပန်းလွန်း၍ နောက်ဆုံးတွင် လက်လျှော့လိုက်ကြကာ သေဆုံးခဲ့ရသော ကျီးမ၏ နှုတ်သီး၊ မျက်စိ၊ အရောင်အဆင်းနှင့် အသံအကြောင်းကို ချီးကျူးပြောဆိုကာ သမုဒ္ဒရာရေကို ရေရွတ် ကျိန်ဆို၍ ငိုကြွေးနေကြသည်။

ထိုအခိုက် သမုဒ္ဒရာစောင့်နတ်သည် ကြောက်မက်ဖွယ်ရာများ ဖန်တီးလျက် ကျီးများကို ခြောက်လှန့်လိုက်ရာ ကျီးများသည် ထိုနေရာမှ ထွက်ပြေးခဲ့ကြသဖြင့် အသက် ချမ်းသာခွင့် ရရှိသွားကြသည်။

ဇာတ်ပေါင်း။ ။ ကျီးမ-မယားဟောင်း၊ ကျီးဖို-သက်ကြီးရဟန်း၊
အခြားကျီးများ-အခြားသက်ကြီးရဟန်းများ၊
သမုဒ္ဒရာစောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အသိဉာဏ်နည်းသူသည် မလုပ်သင့်သည်ကို လုပ်တတ်သည်။

---

# ၁၄၇။ ပုပ္ဖရတ္တဇာတ်

## မယားကြောင့် သူခိုးဘဝရောက်ရသူ

### ပစ္စုပ္ပန်ဝတ္ထု

မယားဟောင်း၏ ဖြားယောင်းခြင်းကိုခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းကို အကြောင်း ပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် အာကာ သစိုးနတ်ဖြစ်နေသည်။ ထိုအခါက ဗာရာဏသီပြည်သူတို့သည် တန်ဆောင်မုန်းလ

http://www.dhammadownload.com



ညဥ့်အချိန်တွင် ပွဲလမ်းသဘင်များ ကျင်းပကြရာ ဆင်းရဲသားတစ်ယောက်၏ ဇနီးသည် သူ့တွင်ရှိသော အဝတ်ဟောင်းများကို ဝတ်ဆင်၍ ထိုပွဲတွင် ပါဝင်ဆင်နွှဲလိုခြင်း မရှိ၊ ထို့ကြောင့် လင်ယောကျ်ားကို 'အရှင်၊ ကျွန်မသည် အဆင်ဆန်း ထမိများကို ဝတ်၍ မောင်နှင့်အတူ လက်ချင်း တွဲပြီးလျှင် ပွဲထဲ လှည့်လည်လိုသည်'ဟု ဆိုသည်။ ခင်ပွန်းသည်က ရှိသည့် အဝတ်ကိုပင် ဝတ်သွားရန် ပြောသော်လည်း ဇနီးက အဆင်ဆန်း အဝတ်ကိုမှ မရလျှင် ပွဲသဘင်သို့ မလိုက်ဟုဆိုကာ အဆင်ဆန်းအဝတ်ကိုသာ ရှာပေးရန် ပူဆာလျက် မင်းကြီး၏ ကုန်တိုက်မှ ခိုးယူပေးရန် တိုက်တွန်းသည်။

နောက်ဆုံးတွင် ခင်ပွန်းသည်သည် ညဥ့်အချိန် မင်းကြီး၏ ကုန်တိုက်သို့ ဝင်ရာ အစောင့်များ၏ ဖမ်းဆီးခြင်း ခံလိုက်ရသည်။ ထိုပြစ်မှုကြောင့် သူ့အား တံကျင်လျှို၍ သတ်ရန် မင်းအမိန့်ပေးလိုက်သည်။ ကျီးတို့သည် သူ၏ ဦးခေါင်းပေါ်မှာ နားလျက် မျက်လုံးကို နှုတ်သီးဖြင့် ထိုးဖောက်ကြသည်။

သို့တိုင် သူသည် မိမိ၏ ဆင်းရဲဒုက္ခကို သတိမထားနိုင်ဘဲ ဇနီးနှင့် ရွှေလက်တွဲ၍ ပွဲသဘင်ကြည့်ခွင့် မကြုံခဲ့ရသည်ကို ယူကျုံးမရ ဖြစ်နေသည်။ ထိုအာရုံဖြင့် သူသည် သေဆုံးသွားခဲ့ရာ ငရဲသို့ ရောက်ရတော့သည်။

**ဇာတ်ပေါင်း။** ။ **ထိုအခါလင်မယား-ယခုအခါ လင်မယား။**
**အာကာသစိုးနတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **မယားကို အလိုလိုက်လျှင် ကိုယ်ကျိုးနည်းတတ်သည်။**

---

# ၁၄၈။ သိင်္ဂါလဇာတ်

## ဆင်သေဖါဝမ်းထဲဝင်သူ မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

ကိလေသာကာမဂုဏ်နှင့် ယှဉ်သော အတွေးများကြောင့် သာသနာတော်၌ ငြီးငွေ့သော သာဝတ္ထိမြို့သား ရဟန်းငါးရာကို အကြောင်းပြု၍ ဘုရားရှင်သည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် မြေခွေးမျိုး၌ ဖြစ်၍ ဂင်္ဂါမြစ်အနီး တောတစ်ခုတွင် နေသည်။ တစ်နေ့တွင် အစာရှာထွက်လာ

http://www.dhammadownload.com



ခဲ့ရာ ဆင်သေကောင်ကြီး တစ်ကောင် တွေ့ရ၍ သူ့တစ်သက် စားမကုန်နိုင်သော အသား တုံးကြီးကို ရရှိပြီဟု တွေးကာ ဆင်သေကောင်၏ နှာမောင်းကို စ၍ကိုက်စားသည်။ ကိုက်၍မရ၊ ထွန်တံကို ကိုက်ရသကဲ့သို့ ဖြစ်နေသည်။ အစွယ်၊ နားရွက်၊ ဝမ်းဗိုက်၊ ခြေထောက်၊ အရိုးတို့ကို တစ်ခုပြီးတစ်ခု ရွှေ့ပြောင်း၍ ကိုက်သည်။ မည်သည့်နေရာကိုမျှ ကိုက်ဝါး၍မရ။ နောက်ဆုံး စအိုဝကို ကိုက်ရာ နူးညံ့သောမုန့်ကို ကိုက်ရသကဲ့သို့ အရသာ တွေ့သွားသည်။ စားရင်း ဆင်သေကောင်၏ ဝမ်းတွင်းသို့ ရောက်သွားသည်။ အသည်း၊ အညို့၊ နှလုံးသား စသည်တို့ကို စားသည်။ ရေငတ်လျှင် သွေးကို သောက်သည်။ အိပ်ချင်လျှင် ဝမ်းရေပြားပေါ်တွင် အိပ်လိုက်သည်။

ကာလကြာလာသော် ဆင်သေကောင်သည် ခြောက်၍ တွန့်လာသည်။ မြေခွေး ဝင်လာခဲ့သော တံခါးပေါက်သည်လည်း ပိတ်သွားသည်။ အသားများ၊ အသွေးများလည်း ခမ်းခြောက်သွားခဲ့ကြသည်။ မြေခွေးသည် ထွက်ပေါက်မတွေ့၍ အမှောင်တိုက်ထဲတွင် ပြေးလွှားရင်း ထွက်လမ်းကို ရှာဖွေသည်။ သုံးရက်ကြာသော် မိုးရွာသောကြောင့် ဆင်သေ ကောင်သည် ပွတက်လာကာ မြေခွေးဝင်လာခဲ့ရာ အပေါက်သည်လည်း ပြန်၍ ပွင့်လာ သည်။ ထိုအပေါက်မှ မြေခွေးသည် ပြေးထွက်လာခဲ့ရာ ခပ်လှမ်းလှမ်းရောက်မှ အပြေးကို ရပ်၍ ထိုင်ပြီး ဆင်သေကောင်ကို ပြန်ကြည့်ကာ ငါ့အား ဤဆင်းရဲကို တစ်ပါးသောသူက ပေးအပ်ခဲ့သည် မဟုတ်၊ လောဘစိတ်ကြောင့်သာ ဆင်းရဲရသည်။ လောဘနောက်ကို မလိုက်တော့။ ဆင်သေကောင်၏ ဝမ်းထဲသို့လည်း ပြန်၍ မဝင်တော့ဟု ဆုံးဖြတ်ပြီးလျှင် ထိုနေရာမှ ပြေးထွက်ခဲ့တော့သည်။

**ဇာတ်ပေါင်း။** **။မြေခွေး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** **။လောဘသည် အန္တရာယ်ကို ဖုံးထားတတ်သည်။**

---

## ၁၄၉။ ကေပဏ္ဏဇာတ်

### မင်းသားနှင့် တမာပင်

**ပစ္စုပ္ပန်ဝတ္ထု**

စရိုက်ကြမ်းလှသော ဒုဋ္ဌလိစ္ဆဝီမင်းသားအား ဘုရားရှင်၏ တစ်ကြိမ်တည်းသော အဆုံးအမဖြင့် နူးညံ့ သိမ်မွေ့သွားရပုံကို အကြောင်းပြုကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူ သည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် ဥဒိစ္စ ပုဏ္ဏားမျိုး၌ ဖြစ်၏။ မိဘနှစ်ပါး ကွယ်လွန်ပြီးချိန်တွင် ဟိမဝန္တာ၌ ရသေ့ရဟန်းပြုရာမှ ဈာန်သမာပတ်ရ ရသေ့တစ်ပါး ဖြစ်လာသည်။ ဟိမဝန္တာတွင် ကြာမြင့်စွာ နေလာ ခဲ့ရသဖြင့် ချဉ်၊ ဆား မှီဝဲလို၍ ဗာရာဏသီသို့ လာခဲ့ကာ မင်းဥယျာဉ်၌ သီတင်းသုံးသည်။ နောက်နေ့တွင် မြို့တွင်းသို့ ဆွမ်းခံဝင်လာသည်။ မင်းသည် ရသေ့၏ ဣန္ဒြေကို ကြည့်ပြီး ကြည်ညို သောကြောင့် နန်းဆောင်ပေါ်သို့ပင့်လျက် ဆွမ်းကျွေးသည်။ နောက်ဆုံးတွင် ကျောင်းဆောက် ကိုးကွယ်လေသည်။

ထိုမင်းကြီးတွင် ဒုဋ္ဌကုမာရ အမည်ရှိ သားတော်တစ်ပါးရှိသည်။ သားတော်သည် ကြမ်းကြုတ်၍ မည်သူကမျှ မဆုံးမနိုင်။ ခမည်းတော်ကိုယ်တိုင် ဆိုဆုံးမသော်လည်း မရ။

တစ်နေ့သောအခါ သားတော်ကို ခေါ်၍ ရသေ့ကြီးထံသို့ သွားပြီးလျှင် အကျိုး အကြောင်း လျှောက်ထားကာ ရသေ့ကြီးထံ သားတော်အား အပ်နှံခဲ့သည်။ တစ်နေ့ ရသေ့ကြီးသည် မင်းသားနှင့် အတူ ဥယျာဉ်ထဲ လှည့်ပတ်စဉ် တမာပင်ငယ် တစ်ပင်ကို တွေ့ရသည်။ ရသေ့ကြီးသည် မင်းသားငယ်အား တမာရွက်ကို ခူးဆွတ်၍ ဝါးကြည့်ခိုင်းရာ ခါးလွန်း၍ ပြန် ထွေးထုတ်ပစ်လိုက်ပြီး 'အရှင်ဘုရား၊ ဤသစ်ပင်ငယ်သည် ယခုငယ်ငယ် ကပင် လတ်တလော သေစေတတ်သော အဆိပ်ပင်နှင့်တူနေ၏။ ကြီးလာလျှင် များစွာသော လူတို့ကို ဒုက္ခပေးလိမ့်မည်'ဟု ပြောပြောဆိုဆိုနှင့်ပင် တမာပင်ကို နုတ်ယူလျက် လက်ဖြင့်ခြေကာ လွှင့်ပစ်လိုက်သည်။

ထိုအခါ ရသေ့က 'မင်းသား၊ သင်သည်လည်း ဤတမာပင်ကဲ့သို့ ဖြစ်၏။ ငယ်စဉ် ကပင် ရန့်ရင်း ကြမ်းကြုတ်၏၊ သင်ကြီးလာ၍ မင်းအဖြစ်သို့ ရောက်လျှင် လူအများကို ဒုက္ခပေးနိုင်သဖြင့် ပြည်သူအများက သင့်အား ထီးနန်းမပေးအပ်ဘဲ ပြည်မှ နှင်ထုတ်လိမ့်မည်။ ထို့ကြောင့် ယနေ့မှစ၍ သင်သည် ခန္တီ၊ မေတ္တာ၊ ကရုဏာတို့နှင့် ပြည့်စုံစွာ နေပါ'ဟု မင်းသားငယ်ကို ဆုံးမသည်။

**ဇာတ်ပေါင်း။** ။ဒုဋ္ဌကုမာရမင်းသား-ဒုဋ္ဌလိစ္ဆဝီမင်းသား၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။မကောင်းသောအကျင့်ကို သိလျှင်သိချင်း စွန့်ပယ်ပါ။

http://www.dhammadownload.com



# ၁၅၀။ သဉ္စိဝဇာတ်

## ကျားသေကို အသက်သွင်းသူ

### ပစ္စုပ္ပန်ဝတ္ထု

အဇာတသတ်မင်းသည် သူ့ဆရာ ဒေဝဒတ် မြေမျိုသည့်သတင်းကို ကြားသော် ဇီဝကကို ခေါ်လျက် ဘုရားရှင်ထံတော်မှောက်သို့ ဝင်ရောက်လာခဲ့သည်။ မြတ်စွာဘုရားသည် သူ့အား 'သာမည ဖလသုတ်'တော်ကို ဟောကြားတော်မူရာ သုတ္တန်၏အဆုံးတွင် အဇာအသတ်သည် နှလုံးစိတ်ဝမ်း ငြိမ်းချမ်းမှု ရသွားသည်။ ဤသည်ကို အကြောင်းပြု၍ ဘုရားရှင်သည် အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားအလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ သူ့ထံ ပညာသင်တပည့်များ ထဲတွင် 'သဉ္စိဝ' ခေါ် လုလင်တစ်ယောက်လည်း ပါသည်။ ဆရာကြီးသည် သူ့အား သေပြီးသူကို ပြန်၍ရှင်စေနိုင်သော ပညာကို သင်ပေးသည်။ သို့ရာတွင် ထိုသဉ္စိဝသည် ဟန့်တားနိုင်သော မန္တရားပညာကို ပြည့်ပြည့်စုံစုံ မသင်ယူနိုင်သေးပေ။

တစ်နေ့တွင် တပည့်လုလင်တို့သည် တောထဲ ထင်းခွေသွားကြရာ ကျားသေ တစ်ကောင်ကိုတွေ့၍ သဉ္စိဝက ကျားသေကောင်ကို ပြန်၍ရှင်လာအောင် ပြုလုပ်နိုင်ကြောင်း ပြောသည်။ သူ့စကားကို အခြားလူငယ်များက မယုံကြည်ကြ၍ သူက လက်တွေ့ပြမည်ဟု ဆိုပြီးလျှင် မန္တရားကို ရွတ်ဆိုကာ ကျောက်စရစ်ခဲကလေးများဖြင့် ကျားသေကို ပစ်ပေါက် သည်။

ထိုအချိန်၌ အခြားလူငယ်များသည် သစ်ပင်ပေါ်သို့ တက်နေကြသည်။ ကျား သေသည် ကျောက်စရစ်ခဲ ထိမှန်သည်နှင့် ထလာကာ မြေပြင်တွင်ရှိနေသော သဉ္စိဝကို ပြေး၍ ကိုက်သည်။ ထို့နောက် ကျားသည် ချက်ချင်းပင် လဲကျသွားသကဲ့သို့ သဉ္စိဝလည်း လဲကျသွားသည်။

တပည့်များက ဆရာအား ထိုအကြောင်းကို ပြန်၍ ပြောကြားကြသော် ဆရာကြီး က 'အမောင်တို့၊ ချီးမြှောက်လို၍ ပညာသင်ပေးသော်လည်း ပညာကို မသုံးတတ်သူသည် ဒုက္ခ ကြုံတွေ့ရစမြဲ ဖြစ်သည်'ဟု ဆုံးမလိုက်သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။သဥ္စိဝလုလင်-အဇာတသတ်၊ ဗိသာပါမောက္ခ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။တတ်သိထားသော ပညာကို ချင့်ချိန်၍ သုံးပါ။

## ကကဏ္ဍကဝဂ် ပြီးပြီ။

## ဧကကနိပါတ် ဇာတ်တော်(၁၅၀) ညွှတ်တွင် ပြီးပြီ။

http://www.dhammadownload.com

# ဒုကနိပါတ်

## ဝဂ်စုစုပေါင်း-၁၀

## ဇာတ်စုစုပေါင်း-၁၀၀

## ၁။ ဒဠှဝဂ်

## ၁၅၁။ ရာဇောဝါဒဇာတ်

### မင်းကောင်းမင်းမြတ် နှစ်ပါး

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင် ထံတော်သို့ နေမြင့်မှ အဖူးအမြော် ရောက်လာသည့် ကောသလမင်းကြီးက 'အရှင်ဘုရား၊ အလွန်ဆုံးဖြတ်ရခက်သော အမှုတစ်ခုကို တရားသဖြင့် ဖြစ်အောင် ယနေ့ တပည့်တော်သည် ဆုံးဖြတ်နေရပါသဖြင့် ဘုရားရှင်ထံတော်သို့ နောက်ကျပြီးမှ ရောက်ခဲ့ပါသည်'ဟု လျှောက်ထားရာ ဗုဒ္ဓမြတ်စွာက 'ငါဘုရား၏ အဆုံးအမကို ခံယူနေသော မင်းကြီး၏ တရားသဖြင့် ဆုံးဖြတ်ခြင်းသည် အံ့ဖွယ်မဟုတ်သေး။ ရှေးမင်းတို့သည်လည်း ပညာရှိစကားကို နားကြားရရုံနှင့်ပင် အဂတိတရား လေးပါးတို့မှ ရှောင်ကြဉ်နိုင်ခဲ့ကြသည်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းကြီးသည် အဂတိတရား လေးပါးနောက်သို့ အလျှင်းမလိုက်ဘဲ တရားသဖြင့်သာ မင်းပြုသည်။ ထို့ကြောင့် အမတ်တို့သည်လည်း တရားဆုံးဖြတ်ကြလျှင် တရားလမ်းကြောင်းပေါ်တွင် ရပ်တည်လျက် မှန်ကန်စွာ ဆုံးဖြတ်ပေးကြသည်။ သို့အတွက် ကောက်ကျစ်စဉ်းလဲသူတို့သည် တရားရင်ဆိုင်ခြင်း မပြုကြတော့ဘဲ တရားရုံးကို ဝင်ထွက်သူများ နည်းသွားကြသည်။

ထို့ကြောင့် မင်းကြီးက 'ငါသည် တရားသဖြင့် မင်းပြု၍ တရားရုံးတို့ ဆိတ်သုဉ်းခဲ့ရသည်။ တစ်စုံတစ်ယောက်သောသူသည် ငါ့အား အပြစ်ဆိုနေသည်ကို တွေ့မြင်ရအံ့၊ ထိုသူအား အပြစ်ပေးခြင်း မပြုဘဲ သူ့အား ဂုဏ်ပြုအံ့'ဟူ၍ စဉ်းစားကာ နန်းတွင်း၊

http://www.dhammadownload.com



နန်းပြင်၊ မြို့တွင်း၊ မြို့ပြင်နှင့်မြို့လေးမျက်နှာရှိ ကျေးရွာများတွင်ပါ စူးစမ်းသည်။ သို့ရာတွင် သူ၏ အပြစ်ကို ပြောဆိုသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရ။ ဂုဏ်ကျေးဇူး ပြောဆိုသူတို့နှင့်သာ တွေ့ရသည်။ နောက်ဆုံးတွင် နယ်စွန်နယ်ဖျား ဒေသဆီသို့ ရုပ်ဖျက်၍ ရထားနှင့် ထွက်ရှာသော်လည်း အပြစ်ဆိုသူ တစ်စုံတစ်ယောက်ကိုမျှ မတွေ့ရချေ။

သို့ဖြင့် မင်းကြီးသည် နေပြည်တော်သို့ ပြန်လာခဲ့ရာ လမ်းကျဉ်းတစ်နေရာသို့ အရောက်တွင် ကောသလမင်း စီးလာသည့် ရထားတစ်စင်းနှင့် ရင်ဆိုင်တွေ့သည်။ ကောသလမင်းသည် ဗြဟ္မဒတ်မင်းကဲ့သို့ သူ့အားအပြစ်ပြောသူကို ရှာဖွေရာမှ ပြန်လာခဲ့သူ ဖြစ်သည်။ ရထားမှူးများသည် မင်းစီးရထားချည်း ဖြစ်သည်ကို သိလိုက်ရချိန်တွင် ဗြဟ္မဒတ်မင်းကြီး၏ ရထားမှူးသည် တစ်ဖက်မှ မင်း၏အသက်ကို လှမ်း၍ မေးသည်။ မိမိ မင်းထက် ကြီးသူဖြစ်လျှင် မိမိက ရှောင်ပေး၍ ငယ်သူဖြစ်သော် သူ့ကို အရှောင်ခိုင်းရန် ဖြစ်သည်။ ဗလ္လိက အမည်ရှိ ကောသလမင်းမှာလည်း ဗြဟ္မဒတ်မင်းကြီးနှင့် သက်တူရွယ်တူ ဖြစ်နေသည်။ နိုင်ငံ အကျယ်အဝန်း၊ စစ်သည်အင်အား၊ ပိုင်ဆိုင်သည့် စည်းစိမ်ဥစ္စာ၊ အခြေအရံနှင့် အမျိုးအနွယ်တို့သည်လည်း အားလုံးတူနေကြသည်။

ဤတွင် ဗြဟ္မဒတ်မင်းကြီး၏ ရထားမှူးသည် တစ်ဖက်မင်း၏ အကျင့်သီလကို မေးလိုက်သောအခါ ဗလ္လိကမင်း၏ ရထားမှူးက 'ငါတို့ မင်းကြီးသည် ကြမ်းကြုတ်ခက်ထန်သူအား ကြမ်းကြုတ်ခက်ထန်သော ဒဏ်ကို ပေးသည်။ နူးညံ့သိမ်မွေ့သူအား နူးညံ့သိမ်မွေ့ခြင်းဖြင့် အောင်နိုင်သည်။ ကောင်းသောသူကိုလည်း မိမိက ပြန်၍ ကောင်းခြင်းဖြင့် အောင်ပွဲခံသည်။ မကောင်းသောသူတို့ကိုလည်း မကောင်းသည့်နည်းဖြင့် တုံ့ပြန်ဆုံးမသည်။ 'ရထားမှူး၊ ငါတို့၏အရှင် ဗလ္လိကမင်းကြီးသည် ဤအကျင့်သီလတို့ဖြင့် ပြည့်စုံသည်။ ထို့ကြောင့် သင်သည် လမ်းဖယ်ပေးပါ'ဟု ဆိုသည်။

ဗြဟ္မဒတ်မင်း၏ ရထားမှူးကလည်း 'ငါတို့ အရှင်သည် အမျက်ဒေါသကြီးသူကို မေတ္တာဖြင့် အောင်နိုင်သည်။ မကောင်းသူကို မိမိက ကောင်းသဖြင့် အနိုင်ယူသည်။ ဝန်တိုစဉ်းလဲသူကို ပေးကမ်းခြင်းဖြင့် အောင်ပွဲခံနိုင်သည်။ လိမ်ညာဝါဒဖြန့်သူကို မှန်ကန်သော စကားဖြင့် ဆိုဆုံးမသည်။ ငါတို့အရှင်သည် ဤအကျင့်သီလများနှင့် ပြည့်စုံသည်။ ထို့ကြောင့် သင်ကသာ လမ်းဖယ်ပေးပါ'ဟု ပြန်ပြောသည်။

ထိုစကားကို ကြားလိုက်ရသည်နှင့် ဗလ္လိကမင်းနှင့် ရထားမှူးတို့သည် ရထား ပေါ်မှ ဆင်းကြကာ မြင်းတို့ကို ချွတ်၍ လမ်းဖယ်ပေးကြသည်။ ဗြဟ္မဒတ်မင်းသည် ဗလ္လိကမင်းအား အဆုံးအမပေးပြီး ရှေ့ခရီး ဆက်လာခဲ့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗလ္လိကမင်း၏ ရထားမှူး-အရှင်မောဂ္ဂလာန်၊ ဗာရာဏသီ မင်း၏ ရထားမှူး-အရှင်သာရိပုတ္တရာ၊ ဗလ္လိကမင်း-အရှင်အာနန္ဒာ၊ ဗြဟ္မဒတ်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကောင်းကျွှင့်ချင်း ပြိုင်လျှင် ပိုကောင်းသူ နိုင်စမြဲ။

---

# ၁၅၂။ သိဂါလဇာတ်

## ခြင်္သေ့မတို့မှချစ်မိသူ မြေခွေး

### ပစ္စုပ္ပန်ဝတ္ထု

ဆတ္တာသည်၏ သားတစ်ယောက်သည် လိစ္ဆဝီမင်းသမီး တစ်ယောက်ကို စွဲလမ်းမိခဲ့၍ မစားနိုင်မသောက်နိုင်ဖြစ်နေရာ မိဘဆွေမျိုးများက ဖျောင်းဖျသော်လည်း မရဘဲ ခုတင်ပေါ်မှာပင် သေဆုံးခဲ့ရသည်။ ဖခင်သည် သား၏အလောင်းကို သင်္ဂြိုဟ်ပြီးနောက် ဘုရားရှင်ထံ ဝင်ရောက်ပြီး အကြောင်းစုံကို လျှောက်ထားသည်။ မြတ်စွာဘုရားက 'ဒါယကာ၊ သင်၏သားသည် ရှေးအခါကလည်း အရာမဟုတ် သည်၌ တစ်မက်စွဲလမ်းမိ၍ ပျက်စီးခဲ့ရဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ခြင်္သေ့ဖြစ်နေသည်။ ညီငယ်ခြင်္သေ့ ခြောက်စီး၊ ညီမငယ်ခြင်္သေ့ တစ်စီးတို့နှင့်အတူ ရွှေဂူကြီး တစ်ခုထဲ၌ နေထိုင်ကြသည်။ သူတို့အနီးရှိ ဖန်ဂူထဲတွင်ကား မြေခွေးတစ်ကောင် နေသည်။

ခြင်္သေ့ညီနောင်တို့သည် နှမငယ်အား ရွှေဂူတွင်နေထိုင်စေ၍ ၎င်းတို့ကိုယ်တိုင် အစာရှာဖွေကျွေးမွေးကြသည်။ တစ်နေ့တွင် ခြင်္သေ့ညီနောင်တို့ အစာရှာထွက်နေကြစဉ် ဖန်ဂူထဲမှ မြေခွေးသည် ခြင်္သေ့မငယ်ထံသို့ ရောက်လာကာ ချစ်စကား ပြောဆိုသည်။ ခြင်္သေ့ငယ်မသည် မြေခွေးယုတ်၏စကားကို ကြားရသဖြင့် ရှက်ဒေါသဖြစ်ပြီး သေအံ့ဟု ကြံ၏။ မသေမီ မောင်တို့ကို ပြောပြီးမှသေလျှင် ကောင်းမည်ဟု တွေးကာ မောင်တို့ အလာကို စောင့်နေသည်။ မကြာမီ ခြင်္သေ့ငယ်တစ်စီးသည် နှမအတွက် အသားများ ယူဆောင်၍ ပြန်ရောက်လာကာ အသားများ ပေးသည်။ နှမငယ်က 'မစားလိုတော့ပါ၊ မောင်များကို ပြောစရာရှိနေသေး၍ အသက်မသေဘဲ စောင့်နေပါသည်'ဟု ဆိုကာ အကြောင်းရင်းကို ပြောပြသည်။ ခြင်္သေ့ငယ်က ထိုမြေခွေး၏ နေရာကို မေးသော် နှမဖြစ်သူ

http://www.dhammadownload.com



က ငွေတောင်ထိပ် ကောင်းကင်ပေါ်တွင် နေကြောင်း ပြောပြသည်။ ခြင်္သေ့မငယ်သည် ထိုမြေခွေး ဖန်ဂူထဲ၌ နေသည်ကို ကောင်းကင်ပေါ်၌ နေသည်ဟု ထင်နေမိခြင်း ဖြစ်သည်။

မောင်ငယ် ခြင်္သေ့သည် မြေခွေးရှိရာသို့ ဒေါသတကြီးဖြင့် ပြေးထွက်သွားရာ ဖန်ဂူကို ရင်ဖြင့်တိုက်မိပြီး သေဆုံးသွားသည်။ နောက်ရောက်လာသော ခြင်္သေ့ငါးစီးတို့သည်လည်း ရှေ့ဆင့်နောက်ဆင့်ပင် ဖန်ဂူဖြင့်တိုက်မိ၍ သေဆုံးကုန်ကြသည်။ နောက်ဆုံးမှ ရောက်လာခဲ့သည့် ဘုရားလောင်း ခြင်္သေ့ကမူ 'ဤမြေခွေးသည် ကောင်းကင်ပေါ်၌ နေသည်'ဆိုသည့် စကားကို မယုံ၊ ဖန်ဂူထဲ၌ နေသည်သာ ဖြစ်နိုင်သည်ဟု တွေးပြီး မြေခွေးရှိရာသို့ လာခဲ့သော် ဖန်ဂူနှင့်ဆောင့်၍ သေဆုံးနေကြသော ညီငယ်ခြင်္သေ့ ခြောက်စီးတို့ကို တွေ့ရလေသည်။

ထိုအခါ သူသည် ဆင်ခြင်တိုင်းတာမှုမရှိဘဲ အလျင်စလို ပြုမူတတ်သူ တို့သည် ဤသို့ပင် ဖြစ်ရတတ်သည်ဟု နှလုံးသွင်းမိလိုက်လေသည်။

သူသည် မြေခွေး၏ အဆင်းအတက်ခရီးလမ်းကို မှတ်သားပြီးနောက် မြေခွေးရှိရာ ဖန်ဂူသို့ရှေးရှု၍ သုံးကြိမ်တိုင် ဟောက်လိုက်ရာ မြေခွေးသည် ဖန်ဂူအတွင်း၌ နှလုံးကွဲ၍ သေပွဲဝင်ရသည်။

ဇာတ်ပေါင်း။ ။ မြေခွေး-ဆတ္တာသည်သား၊ ခြင်္သေ့မငယ်-လိစ္ဆဝီမင်းသမီး၊ ညီငယ်ခြင်္သေ့ခြောက်စီး-မထင်ရှားသော မထေရ်ခြောက်ပါး၊ အစ်ကိုကြီးခြင်္သေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ စူးစမ်းဆင်ခြင်မှု မရှိလျှင် ဒုက္ခတွေ့ရတတ်သည်။

---

## ၁၅၃။ သူကရဇာတ်

### ခြင်္သေ့ကိုအနိုင်တုသော ဝက်

ပစ္စုပ္ပန်ဝတ္ထု

ပရိသတ်များအလယ်၌ ဓမ္မရေးရာ ပြဿနာများကို ဖြေဆိုနေသော အရှင်သာရိ ပုတ္တရာအား နာမည်ကြီးလို၊ လာဘ်ပေါလိုသော ရဟန်းအိုတစ်ပါးက ထ၍ ပြဿနာမေးသည်။ အရှင်သာရိပုတ္တရာက ရဟန်းအို၏ စိတ်သဘောကို သိသဖြင့် မဖြေဆိုဘဲ နေရာမှ ထသွား၍ တရားပွဲ ပျက်ပြယ်သွားခဲ့သည်။ ဤတွင် ဒါယကာများက ရဟန်းအိုကြီးကို ဝိုင်း၍ လိုက်ကြရာ ရဟန်းအိုကြီးသည် ကြောက်လန့်တကြား ပြေးသွားရင်း ကျင်ကြီးတွင်း တစ်ခုထဲသို့ ကျသွားရသည်။ ထိုအကြောင်းနှင့် စပ်၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ ထိုရဟန်းအိုသည် ရှေးအခါကလည်း စွမ်းအင်ချင်း မတူသူနှင့်

http://www.dhammadownload.com



ဖြိုင်ဆိုင်မိ၍ မစင်များ လိမ်းကျံခဲ့ရဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ခြင်္သေ့ဖြစ်နေသည်။ သူနေထိုင်ရာ ဂူအနီးတွင် ရေအိုင်တစ်ခုရှိသည်။ ထိုအိုင်ကိုမှီ၍ ဝက်တို့သည်လည်းကောင်း၊ ရသေ့တို့သည်လည်းကောင်း နေထိုင်သည်။ တစ်နေ့တွင် အစာစားပြီး၍ ရေအိုင်တစ်ခု၌ ရေဆင်းသောက်နေစဉ် ဝက်တစ်ကောင်ကို သူတွေ့သည်။ ခြင်္သေ့က 'ငါသည် တစ်နေ့နေ့တွင် ဝက်ကို စားမည်'ဟု ကြံစည်သည်။ သူ့ကို ဝက်မြင်သွားပါက နောက်ရက်များတွင် ရေအိုင်ကို မလာဘဲနေမည်ကို စိုးသည်။ ထို့ကြောင့် ခြင်္သေ့သည် အခြားတစ်နေရာသို့ ရှောင်ထွက်မည်ပြုသည်။ ဤသည်ကို ဝက်ကမြင်၍ သူ့ကို ကြောက်သောကြောင့် ရှောင်ပြေးသည်ဟု ထင်ပြီး ဦးခေါင်းကိုမော့လျက် 'ဟယ်... အချင်းခြင်္သေ့၊ ငါ့မှာလည်း ခြေထောက်လေးချောင်း ရှိသည်။ သင့်မှာလည်း ခြေထောက်လေးချောင်းပင် ရှိသည်။ သင်သည် ငါ့ကိုကြောက်၍ ပြေးရသလော'ဟု ပြောသည်။

ထိုအခါ ခြင်္သေ့က 'အချင်းဝက်၊ ယနေ့ သင်နှင့်ငါ စစ်မထိုးလိုသေး၊ ခုနစ်ရက်မြောက်သောနေ့မှ ဤနေရာတွင် စစ်ထိုးကြပါမည်'ဟု ဆိုသည်။ ခြင်္သေ့အကြောင်းကို မသိသော ဝက်သည် ခြင်္သေ့နှင့် စစ်ထိုးမည့်အကြောင်းကို သူ့ဆွေမျိုးများအား ဝမ်းမြောက်ဝမ်းသာ ပြောပြသည်။ ဆွေမျိုးများသည် သူ့စကားကြောင့် ကြောက်ရွံ့တုန်လှုပ်သွားကြကာ-'ငါတို့တစ်မျိုးလုံး ပျက်စီးရတော့မည်'ဟု ဆိုကြသည်။

ထိုအခါ ဝက်သည်လည်း အလွန်ကြောက်ရွံ့လာကာ အသို့ပြုရပါအံ့နည်းဟု အကြံဉာဏ်များ တောင်းခံသည်။ ဆွေမျိုးများက အကြံဉာဏ်များ ပေးကြသည်။ ယင်း အကြံပေးချက်များအရ သူသည် အနီးရှိ ရသေ့များ၏ မစင်ကျင်းထဲသို့သွား၍ မစင်များဖြင့် လူးနေရသည်။ ခုနစ်ရက်စေ့၍ ချိန်းထားရာသို့ ရောက်သောအခါ ခြင်္သေ့က 'အချင်းဝက်၊ သင်သည် အကြံကောင်းကို ကြံမိခဲ့သည်။ အကယ်၍ သင်သည် မစင်ဖြင့် မလိမ်းကျံခဲ့လျှင် သည်နေရာတွင်ပင် အသက်ပျောက်ရလိမ့်မည်၊ ယခု ငါသည် သင့်အား အနိုင်ပေးပါသည်' ဟု ဆို၍ ပြန်ထွက်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ဝက်-ရဟန်းအို၊ ခြင်္သေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။မတူလျှင် မတုရာ။

http://www.dhammadownload.com



# ၁၅၄။ ဥရဂဇာတ်

## နဂါးနှင့်ဂဠုန် သင့်မြတ်ကြပုံ

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်းကြီး၏ စစ်သူကြီး အမတ်နှစ်ယောက်တို့ မသင့်မြတ်ကြခြင်း အကြောင်းကို သိတော် မူသော မြတ်စွာဘုရားသည် အမတ်တစ်ယောက်၏ အိမ်သို့ ဦးစွာ ကြွသွားလျက် ဆွမ်းခံသည်။ မေတ္တာဘာဝနာ၏အကျိုးနှင့် သစ္စာလေးပါးကိုလည်း ဟောကြားတော်မူရာ ထိုအမတ်သည် သောတာပန် တည်လေသည်။ သောတာပန်အမတ်ကို သပိတ်ထမ်းအဖြစ်ခေါ်၍ ကျန်အမတ်အိမ်သို့ ဝင်တော်မူကာ ရှေးနည်းတူ ဟောကြားတော်မူပြန်လျှင် ထိုအမတ်သည်လည်း သောတာပန်တည်ပြန်လေသည်။ ထိုအခါ အမတ်နှစ်ယောက်တို့သည် အပြန်အလှန် ဝန်ချတောင်းပန်ကာ သင့်မြတ်သွားကြလေသည်။ ထို အကြောင်းနှင့်စပ်၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ပြည်သူများသည် နှစ်စဉ် နှစ်တိုင်း ပွဲလမ်းသဘင် ကျင်းပကြသဖြင့် ပွဲတော်သို့ လူများသာမက နတ်, နဂါးနှင့် ဂဠုန်များပါ ဆင်နွှဲကြသည်။ လူ့အသွင်ဖြင့် မတ်တတ်ရပ်၍ ပွဲကြည့်နေသော နဂါးသည် သူ့ရှေ့ရှိ လူတစ်ယောက်ပေါ်သို့ လက်တင်မိရာမှ ထိုသူက နောက်ဘက်သို့ ပြန်၍လှည့်ကြည့် လိုက်သည်။ နဂါးသည် သူလက်တင်မိသူမှာ ဂဠုန်ဖြစ်ကြောင်း သိသွားသည်။

ဂဠုန်ကလည်း သူ့အပေါ် လက်တင်ထားသူမှာ နဂါးဖြစ်ကြောင်း သိသွားသည်။ သို့ဖြင့် နဂါးသည် ထိုနေရာတွင် မနေရဲတော့ဘဲ မြစ်ဆိပ်သို့ ပြေးလေ၏။ ဂဠုန်မင်း သည်လည်း နဂါးကိုဖမ်းရန် နောက်မှ အပြေးလိုက်လာသည်။ ထိုစဉ်က ဘုရားလောင်း ရသေ့သည် မြစ်ထဲ၌ ရေချိုးလျက်ရှိရာ သူ့သင်္ကန်းများကို ကမ်းစပ်၌ စုပုံထားခဲ့မိသည်။ နဂါးသည် လွတ်လမ်းမမြင်သည့်အဆုံး ထိုသင်္ကန်းပုံထဲသို့ ပတ္တမြားလုံးအသွင်ဖြင့် ဝင်နေ လိုက်သည်။ ဂဠုန်သည် သင်္ကန်းကို ရိုသေသဖြင့် နဂါးကို မဖမ်းဘဲ ရသေ့ကိုခေါ်၍ 'အရှင်ဘုရား၊ အကျွန်ုပ် ဆာလောင်လွန်းပါသည်၊ သင်္ကန်းကို ယူပါလော့၊ နဂါးကို စားပါအံ့'ဟု ဆိုသည်။ ရသေ့က 'သင်္ကန်းကို ရိုသေသော သင်သည် အသက်ရှည်ပါစေ သတည်း၊ သင့်အတွက် နတ်သုဒ္ဓါဘောဇဉ်တို့သည် ထင်ရှားစွာဖြစ်ပေါ်လာပါစေသတည်း' ဟု မေတ္တာပို့၍ ဆုတောင်းပေးလိုက်သည်။

http://www.dhammadownload.com



ထို့နောက် ရသေ့သည် ရေစပ်မှ တက်လာခဲ့ပြီး ဂဠုန်နှင့် နဂါးကို အနီးရှိ ကျောင်းသို့ ခေါ်သွားကာ မေတ္တာဘာဝနာ၏ အကျိုးကို ဟောပြောဆုံးမသည်။ ထိုအခါမှစ၍ ဂဠုန်နှင့် နဂါးတို့သည်လည်း သင့်တင့်ညီညွတ်မှုရရှိသွားခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ဂဠုန်နှင့် နဂါး-စစ်သူကြီးနှစ်ယောက်၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။မေတ္တာဓာတ်သည် ရန်သူများကို သင့်မြတ်စေနိုင်သည်။

---

# ၁၅၅။ အဂ္ဂဇာတ်

## ယဉ်ကျေးမှုလိုက်နာသူ သားအဖ

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ရာဇကာရုံကျောင်း၌ တရားဟောတော်မူစဉ် ချေတော်မူရာ ရဟန်းတော်များက 'ဘုန်းတော်ကြီးသော ဘုရားသည် သက်တော်ရှည်ပါစေသတည်း'ဟု ဆုတောင်းကြသည်။ ရဟန်းတော်များ ချေလျှင် ဒါယကာများက ဤနည်းအတိုင်းပင် ဆုတောင်းတတ်ကြသည်။ သို့ရာတွင် ရဟန်းတော်များဘက်ကမူ ဒုက္ကဋ်အာပတ်သင့်မည်ကို ကြောက်၍ တစ်စုံတစ်ရာ တုံ့ပြန်မှု မပြုကြသဖြင့် ဒါယကာများက ကဲ့ရဲ့ကြသည်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်းမှ အဂ္ဂအမည်ရှိသော ပုဏ္ဏားကြီး တစ်ယောက်၏ သားဖြစ်နေသည်။ တစ်ဆယ့်ခြောက်နှစ်သား အရွယ်သို့ ရောက်လျှင် ဖခင်နှင့်အတူ ဗာရာဏသီမြို့သို့ ကုန်ရောင်း လိုက်ပါလာသည်။ သားအဖသည် မြို့တွင်း၌တည်းခိုရန် နေရာမရှိသဖြင့် မြို့ပြင်ဘက်ရှိ ဇရပ်တစ်ဆောင်တွင် ညအိပ်တည်းခိုကြသည်။

ပုဏ္ဏားကြီး အင်းပျဉ်ပေါ်၌ လဲလျောင်းနေစဉ် ဇရပ်ကို အပိုင်စားရထားသော ဘီလူးက သိမ်မွေ့သော အမှုန့်များကို ထုတ်လွှတ်လိုက်ရာ ပုဏ္ဏားကြီး၏ နှာခေါင်းပေါက်ထဲသို့ ဝင်လာ၍ ပုဏ္ဏားကြီး အဆက်မပြတ် ချေတော့သည်။

ဤတွင် သားဖြစ်သူက ဖခင် အသက်ရှည်ပါစေဟု ဆိုလိုက်သည်။ တုံ့ပြန်၍ ဆုပန်ခြင်းမရှိသော ဖခင် ပုဏ္ဏားကြီးအား စားရန် ဘီလူးကြီးသည် ခေါင်ယောက်တန်းပေါ်မှ ဆင်းလာသည်ကို မြင်၍ ပုဏ္ဏားကြီးသည် 'တုံ့ပြန်၍ ဆုမပန်သူအား ဘီလူးသည်

http://www.dhammadownload.com



စားခွင့်ရဟန်ရှိသည်'ဟု တွေးမိသဖြင့် 'ချစ်သား၊ သင်သည်လည်း အသက်ရှည်ပါစေ'ဟု တုံ့ပြန်လိုက်သည်။ ထို့ကြောင့် ဘီလူးကြီးသည် သားအဖ နှစ်ယောက်လုံးကို စားခွင့်မရချေ။ ထို့နောက် ဘုရားအလောင်းသည် ဘီလူးအား ဆုံးမ၍ ငါးပါးသီလ၌ တည်စေသည်။

**ဇာတ်ပေါင်း။** ။ ဘီလူး-အင်္ဂုလိမာလ၊ ဗြဟ္မဒတ်မင်း-အရှင်အာနန္ဒာ၊ အဖ-အရှင်မဟာကဿပ၊ သား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကောင်းသော ဓလေ့ထုံးစံကို လိုက်နာရာ၏။

---

# ၁၅၆။ အလီနစိတ္တဇာတ်

## အာဇာနည်ဆင်ဖြူတော်နှင့် ဖေါ်သားငယ်

**ပစ္စုပ္ပန်ဝတ္ထု**

လုံ့လဝီရိယလျှော့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမင်း၏ မိဖုရားကြီး ဝမ်းဗိုက်၌ ပဋိသန္ဓေနေနေသည်။ ထိုအခါက ဗာရာဏသီ၏ မနီးမဝေးတွင် လက်သမားရွာတစ်ရွာ ရှိသည်။ သူတို့သည် မြစ်ညာသို့တက်၍ တောသို့ဝင်ကာ အိမ်၊ ပရိဘောဂ စသည့် အသုံးအဆောင်ပစ္စည်းများ လုပ်ပြီး အကြေအရပ်၌ ရောင်းချသည်။ တစ်နေ့သော် လက်သမားတို့ အလုပ်လုပ်သည့်နေရာနှင့် မနီးမဝေးတွင် ညှောင့်စူးထားသော ဆင်တစ်ကောင် လာရောက်ဝပ်နေသည်။ လက်သမားတို့က ဆင်ကြီး၏ လက်မှ ညှောင့်ကိုနုတ်ပြီး ဆေးဝါးများထည့်ပေးသဖြင့် ဆင်ကြီးမှာ ကျန်းမာလာသည်။ ဆင်ကြီးသည် လက်သမားတို့နှင့်အတူနေပြီး လက်သမားတို့၏ အလုပ်ကို ကူလုပ်ပေးသည်။ အသက်ကြီးပြီးဖြစ်သော ဆင်သည် မိမိ၏ အိုမင်းမစွမ်းသည်ကို သိသဖြင့် တောသို့ဝင်ကာ သားငယ် အာဇာနည်ဆင်ဖြူကို ခေါ်လာပြီး လက်သမားတို့ထံ အပ်နှံသည်။

http://www.dhammadownload.com



သူကိုယ်တိုင်ကမူ တောသို့ဝင်သွားခဲ့သည်။ ဆင်ဖြူငယ်သည် လက်သမားတို့၏ အလုပ်ကို ကူလုပ်ပေးသည့်အပြင် ကလေးများနှင့်ပါ အကျွမ်းတဝင် ဆော့ကစားသည်။ တစ်နေ့တွင် ဗာရာဏသီမင်း၏ ဆင်များကို မြစ်၌ ရေချိုးပေးရန်လာရာ ဆင်များသည် ရေထဲသို့ မဆင်းဝံ့ကြချေ။ ဆင်ဆရာတို့သည် အကြောင်းစုံကို စုံစမ်းရာ ချုံတစ်ခုအတွင်း၌ အာဇာနည်ဆင်ဖြူ၏ ဆင်ချေးတို့ကို တွေ့ရသည်။ ထိုဆင်ချေးတို့ကို ရေဖျော်၍ ဆင်များကို လောင်းချိုးပေးသည့်အခါမှသာ ဆင်များ ရေထဲသို့ ဆင်းဝံ့ကြကုန်၏။

ဆင်ဆရာတို့သည် မင်းအား အကျိုးအကြောင်းလျှောက်တင်ပြီး မင်းနှင့်တကွ ဆင်အာဇာနည်ကို အရှာထွက်ရာ လက်သမားတို့ထံ၌ တွေ့ရသည်။ လက်သမားတို့နှင့် သူတို့ကလေးများအား လက်ဆောင်ငွေကြေးများပေးပြီး ဆင်ဖြူကို ယူဆောင်လာကြသည်။ မင်းကြီး နတ်ရွာစံလေသော် ကောသလမင်းသည် ဗာရာဏသီပြည်တွင် မင်းမဲ့နေသည်ကို သိ၍ စစ်တပ်ကြီး ချီလာကာ ဗာရာဏသီမြို့တော်ကို လေးမျက်နှာမှ ဝိုင်းရံပိတ်ဆို့ထား လိုက်သည်။ ပုဏ္ဏားတော်များက မိဖုရားကြီးသည် ယနေ့မှစ၍ ခုနစ်ရက်မြောက်သော နေ့၌ သားတော်ကို ဖွားမြင်မည် ဖြစ်ကြောင်း တွက်ချက်၍ ဟောထားကြသောကြောင့် အမတ်များက မြို့တံခါးများကို အလုံအခြုံ ပတ်ဆို့ထားလျက် 'ငါတို့သည် ပြည်ကို မအပ်၊ ခုနစ်ရက်မြောက်သောနေ့တွင်မူ စစ်မက်ပြိုင်မည်၊ ထိုကာလမျှ ဆိုင်းငံ့ပါဦး'ဟု ကောသလမင်းထံသို့ အကြောင်းကြားသည်။

ခုနစ်ရက်မြောက်သောနေ့၌ မိဖုရားကြီးသည် သားတော်ပင် ဖွားမြင်၍ 'အလီန စိတ္တမင်းသား'ဟု ကင်ပွန်းတပ်ကြသည်။ ဗာရဏသီ ပြည်သူပြည်သားတို့သည် ထို မင်းသားကို ဖွားမြင်သောနေ့၌ပင် ကောသလမင်းနှင့် စစ်မက်ဖက်ပြိုင်ကြသည်။

အမတ်များသည် သားငယ်ကို ဆင်တင်းကုပ်ထဲသို့ ယူဆောင်ကာ ဆင်ကြီး၏ ခြေရင်း၌ ချထားလျက် အကြောင်းစုံကို ပြောပြကြသည်။

မင်္ဂလာဆင်ဖြူတော်သည် နန်းမြို့ပြင်ဘက်သို့ထွက်၍ ကြိုးကြာသံနှင့်တူသော ဟည်သံကို ပေးလိုက်ရာ ရန်သူ့ဗိုလ်ထုသည် ကြောက်လန့်ထွက်ပြေးသွားကြသည်။ ကောသလမင်းကိုလည်း ဦးသျှောင်မှဆွဲ၍ ဖမ်းယူလာပြီး မင်းသားငယ်၏ ခြေရင်း၌ ချပေးကြသည်။ ထိုနေ့မှစ၍ ဗာရာဏသီကို ဖက်ပြိုင်အန်တုဝံ့သည့် မင်းဟူ၍ မရှိတော့ချေ။ မင်းသားငယ်သည် သက်တော်ခုနစ်နှစ်အရောက်တွင် ရာဇာဘိသေက မင်္ဂလာခံယူ၍ သက်ဆုံးတိုင် တရားသဖြင့် မင်းပြုသည်။

**ဇာတ်ပေါင်း။** ။ မယ်တော်မိဖုရား-မယ်တော်မာယာ၊ ခမည်းတော်မင်း-သုဒ္ဓေါဒန၊ မင်္ဂလာဆင်ဖြူတော်-လှိုင်လျှောသောရဟန်း၊ ဆင်ဖြူရတနာ၏

http://www.dhammadownload.com



အဖဆင်-အရှင်သာရိပုတ္တရာ၊ ကောသလမင်း-အရှင်မောဂ္ဂလာန်၊ အလီနစိတ္တမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဘုန်းကံကို မည်သည့်အင်အားကမှမယှဉ်နိုင်။

---

## ၁၅၇။ ဂုဏဇာတ်

### ကျေးဇူးရှင်မြေခွေး၏ ဂုဏ်

**ပစ္စုပ္ပန်ဝတ္ထု**

အရှင်အာနန္ဒာမထေရ်သည် ကောသလမင်းနှင့် မိဖုရားများ လှူဒါန်းသော ပုဆိုးအားလုံးကို ရဟန်းငယ်များအား ပေးလှူပုံများကို တင်လျှောက်ကြရာ ဗုဒ္ဓက 'ရဟန်းတို့၊ အာနန္ဒာသည် ထိုရဟန်းငယ်များအား မျက်နှာလိုက်၍ ပေးသည်မဟုတ်၊ မိမိအပေါ်တွင် သူပြုအပ်သော ကျေးဇူးကို ဆပ်သောအားဖြင့်သာ ပေးခြင်းဖြစ်သည်။ ရှေးပညာရှိတို့သည်လည်း မိမိအပေါ်၌ ကျေးဇူးပြုဖူးသူတို့အား သာလျှင် တုံ့ပြန်၍ ကျေးဇူးပြုဖူးကြသည်'ဟု မိန့်တော်မူလျက် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် ခြင်္သေ့ကြီးသည် ညွံ့မြေပေါ်တွင် အစာစားနေသော သမင်တစ်ကောင်ကို တအားခုန်အုပ်၍ ဖမ်းလိုက်ရာ ညွံ့အိုင်ထဲ ကျွံနစ်သွားရသည်။ မည်သို့မျှ လှုပ်ရှားမှု မပြုနိုင်တော့ဘဲ ထိုနေရာတွင်ပင် ခုနစ်ရက်တိုင် နေနေရသည်။

အစာရှာထွက်လာသော မြေခွေးတစ်ကောင် ခြင်္သေ့အနီးသို့ ရောက်လာသော် ခြင်္သေ့ကြီးက သူ့အား အကူအညီတောင်းသည်။ မြေခွေးသည် ခြင်္သေ့၏ ခြေထောက်လေးချောင်း ကျွံနစ်နေရာမှစ၍ ရေအိုင်အထိ ရေမြောင်းဖြစ်လာရအောင် ယက်၍ မြောင်းဖောက်သည်။ ရေများ စီးဝင်လာ၍ ညွံ့များ ပျော့လာချိန်တွင် မြေခွေးလည်း သူ့ခေါင်းကို ခြင်္သေ့ ဝမ်းဗိုက်အောက်သို့ ဝင်ပြီး ရွက်တင်လိုက်ရာ ညွံ့ထဲမှ ခြင်္သေ့ကြီး လွတ်မြောက်သွားသည်။ ထိုနေ့မှစ၍ မြေခွေးလင်မယားအား 'သင်တို့ကို လုပ်ကျွေးပါရစေ'ဟု ဆိုကာ ခေါ်လာခဲ့ပြီး ခြင်္သေ့က သူ့ဂူ၏ တံခါးဝနားမှ ဂူလွတ်တစ်ခုတွင် နေရာချပေးသည်။

http://www.dhammadownload.com



ထိုအခါမှစ၍ ခြင်္သေ့နှင့် မြေခွေးတို့သည် အတူတကွ အစာရှာ ထွက်ကြသည်။ တစ်နေ့သော် ခြင်္သေ့မသည် ခြင်္သေ့ငယ် တစ်ကောင်ကို မွေးဖွားသည်။ မြေခွေးမတွင်လည်း သားငယ်နှစ်ကောင်ရှိသည်။ မြေခွေးမိသားစုအား ခြင်္သေ့ကြီးက ဂရုစိုက်လွန်း၍ ခြင်္သေ့မက သူ့လင် ခြင်္သေ့ကြီးအား မသင်္ကာဖြစ်လာသည်။ ထို့ကြောင့် ခြင်္သေ့ကြီးနှင့် မြေခွေးဖိုတို့ အစာရှာထွက်နေချိန်တွင် ခြင်္သေ့မသည် မြေခွေးမိသားစု မနေနိုင်အောင် နှိပ်စက်ညှဉ်းပမ်းသည်။ ထိုအကြောင်းကို မြေခွေးဖို ပြန်ရောက်သောအခါ မြေခွေးမက ပြောပြသည်။ တစ်ဖန် မြေခွေးဖိုက ခြင်္သေ့ကြီးအား ကြားသမျှကို ပြန်ပြောပြပြီးနောက် သူတို့ ပြောင်းရွှေ့တော့မည့် အကြောင်းကို အသိပေးသည်။

ခြင်္သေ့ကြီးသည် ခြင်္သေ့မကို ခေါ်၍ မိမိအစာငတ်၍ သေအံ့ဆဲဆဲတွင် မြေခွေးကြီးက ကယ်တင်ပေးခဲ့၍ လွတ်မြောက်လာခဲ့ရပုံများကို ခြင်္သေ့မအား ပြောပြကာ 'ယနေ့မှစ၍ ငါ၏ အဆွေခင်ပွန်း ဖြစ်သော မြေခွေးကြီးနှင့် သူ့မိသားစုကို မထီခဲ့မြင် မပြုလင့်၊ အဆွေခင်ပွန်းမှန်လျှင် အားနည်းသူ၊ ယုတ်နိမ့်သူဟူ၍ မရှိ'ဟု ဆုံးမသည်။

ထိုအခါတွင်မှ ခြင်္သေ့မသည်လည်း သံသယစိတ်များ ပြေပျောက်၍ မြေခွေးမိသားစုနှင့် ချစ်ခင်စွာ နေထိုင်လာခဲ့ရာ အမျိုး ခုနစ်ဆက်တိုင် အချစ်မပျက် ခိုင်မြဲသွားကြသည်။

ဇာတ်ပေါင်း။ ။ မြေခွေး-အာနန္ဒာ၊ ခြင်္သေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ မယုံသင်္ကာဖြစ်တိုင်း မစွပ်စွဲသင့်။

---

## ၁၅၈။ သုဟနုဇာတ်

### အကြမ်းချင်းတွေ့တော့ အနုဖြစ်

ပစ္စုပ္ပန်ဝတ္ထု

ကြမ်းတမ်းသော ခက်ထန်၍ သူတစ်ပါးအပေါ် နိုင်ထက်ကလူပြုတတ်သော ကျေးလက်မှ ရဟန်းတစ်ပါး ရောက်လာ၍ ဇေတဝန်ကျောင်းတော်ရှိ ကြမ်းတမ်းခက်ထန်၍ သူတစ်ပါးအပေါ် နိုင်ထက်ကလူပြုတတ်သော ရဟန်းတစ်ပါးနှင့် ရန်ပွဲဖြစ်တော့မည်ဟု ရဟန်းများက အုတ်အုတ်ကျက်ကျက် ပြောဆိုနေကြသော်လည်း ထိုရဟန်းနှစ်ပါး ဆုံမိကြသောအခါ တစ်ပါးနှင့်တစ်ပါး ခြေဆုပ်လက်နယ် ပြုနေကြသည့်အကြောင်းနှင့် စပ်၍ ဗုဒ္ဓက 'ရဟန်းတို့၊ သူတစ်ပါးအပေါ် ခက်ထန်

http://www.dhammadownload.com



ကြမ်းတမ်းသော ထိုရဟန်းနှစ်ပါးတို့သည် ရှေးအခါကလည်း မိမိတို့အချင်းချင်း သင့်မြတ်ခဲ့ကြဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ အမတ်သည် 'ဥတ္တရာပထတိုင်း'မှ လာရောက်ရောင်းချသည့် မြင်းများကို တန်ဖိုးဖြတ်ပေးရလေ့ရှိရာ ကာလပေါက်ဈေးအတိုင်း တန်ဖိုးဖြတ်ပေးသည်ကို မင်းကြီးက မကျေမနပ်ဖြင့် အမတ်ကို အရာမှနုတ်ပယ်ပြီး အခြားအမတ်တစ်ဦးကို အစားထိုး ခန့်ထားလိုက်သည်။

မင်းသည် အမတ်သစ်အား ကြမ်းတမ်းခက်ထန်၍ ဆိုးသွမ်းသော မဟာသောဏ အမည်ရှိ မြင်းကို ဥတ္တရာပထမြင်းတို့အတွင်း သွင်းစေ၍ ကိုက်ရန်စေခိုင်းသည်။ မြင်းတို့ အနာတရဖြစ်စေပြီးမှ အဖိုးဖြတ်ခိုင်းသည်။

ထိုအမတ်သစ်၏ ဆောင်ရွက်မှုကို မြင်းကုန်သည်များက မကျေနပ်ကြ၍ ပညာရှိ အမတ်ထံ တိုင်ကြားကြသည်။ ပညာရှိအမတ်က သင်တို့တွင် မြင်းဆိုးတစ်ကောင်ရှိလျှင် နောက်တစ်ခေါက်လာလျှင် ယူခဲ့ကြဟု မှာလိုက်သည်။ မကြာမီ ထိုမြင်းကုန်သည်များ ပြန် ရောက်လာကြရာ 'သုဟနု'မည်သော မြင်းဆိုးတစ်ကောင် ပါလာ၏။ မင်းသည် ဆောင်ရွက်နေကျမူအတိုင်း 'မဟာသောဏ' မြင်းဆိုးကို လွှတ်ပေးလိုက်သည်။ ကုန်သည် များကလည်း 'သုဟနု'ကို လွှတ်ပေးလိုက်သည်။ ဆိုးပုံချင်းတူမျှသော မြင်းနှစ်ကောင် ဆုံကြသောအခါ အချင်းချင်း ရန်မူခြင်းမရှိဘဲ ချစ်ခင်ကြင်နာစွာဖြင့် တစ်ကောင်ကို တစ်ကောင်က လျှာဖြင့် လျက်ပေးနေသည်။

ထိုအခြင်းအရာကို မြင်တွေ့ရသော မင်းကြီးသည် တအံ့တဩဖြစ်ကာ မြင်း နှစ်ကောင် အကြောင်းကို ပညာရှိအမတ်အား မေးသည်။ ထိုအခါ ပညာရှိအမတ်က 'ဤမြင်းနှစ်ကောင်တို့သည် အလေ့အထချင်း တူရုံမျှမက သဘောထားချင်းလည်း တူညီ ကြ၍ ဖြစ်သည်'ဟု လျှောက်ထားပြီးနောက် မင်းတို့မည်သည် လွန်စွာ မက်မောမှု မထား သင့်ကြောင်းနှင့် ပြည်သူတို့၏ ဥစ္စာကို မဖျက်ဆီးသင့်ကြောင်း ဆက်၍ လျှောက်ထားရာ မင်းသည် အမြင်မှန်ရသွားသဖြင့် မြင်းများကို တန်ဖိုးမှန်အတိုင်း ဈေးဖြတ်စေသည်။

ဇာတ်ပေါင်း။ ။ မြင်းကြမ်းနှစ်ကောင်-ရဟန်းကြမ်းနှစ်ပါး၊
မင်း-အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတော်ချင်းချင်း တွေ့တတ်ကြသည်မှာ ဓမ္မတာ။

http://www.dhammadownload.com



# ၁၅၉။ ဓမ္မာရဇာတ်

## မနှင့် အမျှားခံရသူ ဥဒေါင်းမင်း

**ပစ္စုပ္ပန်ဝတ္ထု**

လှပစွာ ဝတ်ဆင်ထားသော အမျိုးသမီးကို မြင်တွေ့မိခဲ့ရာမှ စွဲလမ်းစိတ် ဝင်နေမိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို မြတ်စွာဘုရားက 'ရဟန်း၊ မိန်းမများသည် သင်ကဲ့သို့သော သူ၏ စိတ်ကို မဆိုထားနှင့်၊ ရှေးအခါက အနှစ်ခုနစ်ရာတိုင် မဖြစ်ပေါ်ခဲ့သော ပညာရှိတို့၏ ကိလေသာသည် မိန်းမ၏ အသံကို ကြားလိုက်မိရာမှ တစ်ခဏချင်းပင် ဖြစ်ခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရွှေဥဒေါင်းမင်း ဖြစ်၍ ဟိမဝန္တာရှိ 'ဒဏ္ဍကရွှေတောင်'၌ နေနေသည်။ သူသည် နေထွက်ချိန်နှင့် နေဝင်ချိန်တွင် တောင်ထိပ်ပေါ်၌ ရပ်ကာ ထွက်ပြူစ နေဝန်းနှင့် ကွယ်သွားစ နေဝန်းကို လည်းကောင်း၊ ပရိနိဗ္ဗာန်စံဝင်ကြကုန်ပြီးသော ဘုရားရှင်တို့နှင့် ထိုဘုရားရှင်တို့၏ ဂုဏ်တို့ကို လည်းကောင်း ရှိခိုးသည်။ ဤအကျိုးတရားကြောင့် ရွှေဥဒေါင်းမင်းတွင် မည်သည့်ဘေးရန်မျှ ကျရောက်ခြင်း မရှိခဲ့။

တစ်နေ့တွင် မုဆိုးတစ်ယောက်သည် ထိုရွှေဥဒေါင်းမင်းကို မြင်တွေ့သွားရာမှ မုဆိုးက ထိုအကြောင်းကို သားအား တစ်ဆင့်စကား မှာထားခဲ့သည်။

ဗာရာဏသီမင်းကြီး၏ မိဖုရားသည် တရားဟောနေသော ရွှေဥဒေါင်း ကို မြင်တွေ့ရသည်ဟု အိပ်မက်မက်၍ ထိုတရားဟောနေသော ရွှေဥဒေါင်းမင်း၏ တရားကို နာကြားချင်ကြောင်း မင်းအား ပူဆာသည်။ ထို့ကြောင့် မင်းသည် မုဆိုးများကို စုဝေးစေ၍ ရွှေဥဒေါင်း ရှိသည့်အရပ်ကို မေးရာ မုဆိုး၏သားက 'ဒဏ္ဍကတောင်'၌ ရှိကြောင်း တင်လျှောက်သဖြင့် ရွှေဥဒေါင်းကို အရှင်ဖမ်းယူစေရန် မင်းက စေခိုင်းသည်။ ခုနစ်နှစ်ကြာ စောင့်ဖမ်းခဲ့သော်လည်း မုဆိုးနှင့် မိဖုရားတို့သာ သေလွန်သွားခဲ့ကြပြီး ရွှေဥဒေါင်းကိုကား ရမိခဲ့ခြင်း မရှိခဲ့။

မင်းသည် ရွှေဥဒေါင်းမင်းအပေါ်တွင် အမျက်ထားကာ 'ဟိမဝန္တာ ဒဏ္ဍက ရွှေတောင်၌နေသော ရွှေဥဒေါင်း၏အသားကို စားရသူတို့သည် မအို မသေ နေရနိုင်သည်' ဆိုသော စာတန်းကို ရွှေသားပေါ်တွင် ရေးထိုးထားခဲ့ပြီး နတ်ရွာစံသွားသည်။ ခုနစ်ဆက်မြောက်သော မင်းလက်ထက်သို့ ရောက်သောအခါ ထိုမင်း၏ အမှုထမ်းရှက်နေသော

http://www.dhammadownload.com



မုဆိုးလိမ္မာသည် ရွှေဥဒေါင်းပျိုမ တစ်ကောင်ကို ရှာ၍ ထောင်ဖမ်းရာ ဥဒေါင်းမင်းသည် ကျော့ကွင်းတွင် မိလေသည်။

မင်းထံသို့ ရောက်သောအခါ ရွှေဥဒေါင်းမင်းက မိမိအား ဖမ်းစေနိုင်းရသည့် အကြောင်းကို မေး၍ မင်းက ရွှေသားပုရပိုက်ပါ အညွှန်းစာကို ပြောပြသည်။

ဤတွင် ရွှေဥဒေါင်းမင်းက မိမိရွှေအဆင်းရှိရသည်မှာ ရှေးကာလက ဤမြို့၌ မိမိ စကြဝတေးမင်း ဖြစ်ခဲ့စဉ် ပဉ္စသီလ စောင့်ထိန်းခဲ့၍ ဖြစ်သည်။ ဤစကားကို မယုံလျှင် မိမိ စကြဝတေးမင်းဘဝက စီးနင်းခဲ့သော ရတနာရထားကို မင်္ဂလာရေကန်တော်၌ မြှုပ်ထားခဲ့ရာ ယခု ဖော်ကြည့်နိုင်သည်ဟု ပြောပြသည်။ မင်းသည် ရေကန်တော်၌ ဖော်ကြည့်ရာ ရတနာရထားကို တွေ့ရ၍ ရွှေဥဒေါင်းမင်း၏ စကားကို ယုံကြည်သွားသည်။ ထို့ပြင် ရွှေဥဒေါင်းက 'မြတ်သောမင်းကြီး၊ အသခ်တဓာတ် မြတ်သောနိဗ္ဗာန်မှ လွဲ၍ ခပ်သိမ်းသော အရာတို့သည် မမြဲကြ။ ကုန်တတ်၊ ပျက်တတ်၏'ဟု မင်းအား တရားဟောသည်။ မင်းသည် ငါးပါးသီလကို တည်လေ၏။

သို့ဖြင့် ရွှေဥဒေါင်းမင်းသည် မင်းကြီး၏ နန်းတော်၌ နစ်ရက် သုံးရက်ကြာ နေပြီး သူ၏နေရာ ဖြစ်သော 'ဒဏ္ဍကရွှေတောင်'သို့ ပြန်သွားခဲ့သည်။

**ဇာတ်ပေါင်း။ ။** မင်းကြီး-အာနန္ဒာ၊ ရွှေဥဒေါင်းမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။ ။** ပညာရှိဖြစ်သော်လည်း မနှင့်မျှားလျှင်သတိလက်လွတ်ဖြစ်တတ်သည်။

---

# ၁၆၀။ ဝိနီလကဇာတ်

## ဘုရားအတုပြု၍ ပျက်စီးမှုနှင့်ကြုံ

**ပစ္စုပ္ပန်ဝတ္ထု**

ဂယာသီသသို့ အဂ္ဂသာဝကနှစ်ပါး လိုက်လာကြသော် ဒေဝဒတ်သည် ဘုရားဟန်ဖြင့် အိပ်စက်နေသည်။ မထေရ်နှစ်ပါးသည် တပည့်သံဃာများအား တရားဟော၍ ဝေဠုဝန်သို့ ခေါ်လာခဲ့ကြပြီး ဒေဝဒတ်၏ အပြုအမူကို လျှောက်ထားကြရာ မြတ်စွာဘုရားက 'ဒေဝဒတ်သည် ယခုအခါ၌ သာလျှင် ငါဘုရားကို တုပ၍ ဤသို့ ဆုံးရှုံးရသည် မဟုတ်သေး။ ရှေးအခါကလည်း ဤသို့ ဆုံးရှုံး ခဲ့ရဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဝိဒေဟတိုင်း မိထိလာပြည်၌ ဘုရားလောင်း မင်းအဖြစ် စိုးစံစဉ် ရွှေဟသ်ာမင်း တစ်ကောင်သည် အစာရှာသွားရင်း ကျီးမတစ်ကောင်နှင့် ပေါင်းဖော်မိရာမှ 'ဝိနီလက' အမည်ရှိ ကျီးငယ်တစ်ကောင် ဖွားမြင်သည်။ ရွှေဟသ်ာမင်းသည် သားဟူသော သံယောဇဉ်ကြောင့် ဝိနီလကကို မကြာခဏ သွားရောက်ကြည့်ရှုသည်။ လူနေရပ်ကွက်သို့ သွားခြင်းဖြစ်၍ ဖခင်အတွက် တစ်နေ့နေ့တွင် အန္တရာယ်နှင့် ကြုံတွေ့နိုင်သောကြောင့် သားဖြစ်သူ ဟသ်ာငယ်နှစ်ကောင်တို့က စိတ်ပူပန်နေကြသည်။ သို့ဖြင့် သားဟသ်ာငယ် နှစ်ကောင်တို့သည် ဖခင် သွားနေစရာ မလိုတော့စေရန် ဝိနီလကကို တုတ်ချောင်း၏ အလယ်တွင် စီးစေ၍ ဟသ်ာငယ် နှစ်ကောင်တို့က အစွန်းနှစ်ဘက်မှ ကိုက်ချီလျက် ခေါ်လာခဲ့ကြသည်။ မိထိလာမြို့ပေါ်မှ ဖြတ်သန်းချိန်တွင် ဝိဒေဟမင်းသည် သိန္ဓောမြင်းဖြူ လေးစီးကသော ရထားဖြင့် မြို့ကို လက်ယာရစ် လှည့်လည်လျက် ရှိသည်။ ထိုအခြင်းအရာကို ဝိနီလကက မြင်ရ၍ 'ငါသည် ဝိဒေဟမင်းနှင့် အသို့ထူးသနည်း၊ သူသည် သိန္ဓောမြင်းလေးစီးကသော ရထားဖြင့် လှည့်လည်သည်။ ငါမူကား ဟသ်ာနှစ်ကောင်ကသော ရထားကို စီး၍သွားနေရသည်'ဟု ဆိုလေသည်။

ဟသ်ာငယ်တို့သည် ထိုအကြောင်းကို ဖခင်ဟသ်ာမင်းအား ပြောပြသောအခါ ဟသ်ာမင်းက 'သင်သည် ငါ၏သားများထက် မြတ်သလော၊ သင်သည် မိမိ၏ ပမာဏကို မသိ' စသည်ဖြင့် ကြိမ်းမောင်းကာ ရွှေဟသ်ာငယ်များအား ဝိနီလကကို ပြန်ခေါ်သွားစေလျက် မိထိလာမြို့၏ မစင်စွန့်ပစ်ရာ အရပ်တွင် ချထားရန် စေခိုင်းလိုက်သည်။

**ဇာတ်ပေါင်း။** ။ ရွှေဟသ်ာညီနောင်-အဂ္ဂသာဝကနှစ်ပါး၊ ဝိနီလက-ဒေဝဒတ်၊ ရွှေဟသ်ာမင်း-အာနန္ဒာ၊ ဝိဒေဟမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မတူဘဲတုလျှင် ပျက်စီးတတ်သည်။

ဒဠှဝဂ် ပြီးပြီ။

http://www.dhammadownload.com



# ၂။ သန္ထဝဝဂ်

## ၁၆၁။ ဣန္ဒသမာနဂေါတ္တဇာတ်

### ဆင်ကိုမွေးစားသူ ရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

ဆုံးမစကားကို မနာယူသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်တွင် ရသေ့ပြုလျက် ဟိမဝန္တာ၌ နောက်လိုက်တပည့် ရသေ့ငါးရာနှင့် အတူတကွနေရာ ထိုအထဲတွင် 'ဣန္ဒသမာနဂေါတ္တ' အမည်ရှိသော ရသေ့တစ်ပါးသည် မိခင်မရှိတော့သော ဆင်ငယ်တစ်ကောင်ကို မွေးစားထားသည်။ ဆရာရသေ့ကြီးက ဆင်တို့မည်သည် ကြီးလာသောအခါ အရှင်သခင်ကိုပင် သတ်လေ့ရှိသဖြင့် မမွေးရန် တားမြစ်သည်။ ရသေ့ငယ်က မခွဲနိုင်ဟူသော အကြောင်းပြချက်ဖြင့် ဆက်၍ မွေးထားသည်။ ထိုဆင် ကြီးပြင်းလာသော တစ်နေ့တွင် ရသေ့များသည် သစ်သီးများ ရှာဖွေရာ တောထဲတွင် သုံးရက်တာမျှ ကြာနေခဲ့ကြသည်။

ထိုအချိန်တွင် မုန်ယိုလာသော ဆင်သည် ဣန္ဒသမာနဂေါတ္တ၏ ကျောင်းမှ ရေအိုးကိုခွဲ၊ ကျောက်ပျဉ်ကို လွှတ်ပစ်ပြီးနောက် တောချုံထဲသို့ ဝင်သွားသည်။ ရသေ့များ ပြန်လာကြသောအခါ ဣန္ဒသမာနဂေါတ္တသည် ဆင်ကို အစာကျွေးရန် ရှေ့ဆုံးမှ လာခဲ့သည်။ အနီးသို့ ရောက်လာသည်နှင့် ဆင်သည် ချုံထဲမှ ထွက်၍ ရသေ့ကို နှာမောင်းဖြင့် ဖမ်းကိုင်ကာ မြေပြင်တွင် ကိုင်ရိုက်လိုက်ပြီး ဦးခေါင်းကို ခြေဖြင့် နင်းခွဲပစ်လျက် တောထဲသို့သာ ပြေးဝင်သွားသည်။

ဇာတ်ပေါင်း။ ။ ဣန္ဒသမာနဂေါတ္တရသေ့-ဆုံးမရခက်သောရဟန်း၊
ဆရာရသေ့ကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိစကားနားမထောင်လျှင် ဘေးတွေ့ရတတ်သည်။

http://www.dhammadownload.com



## ၁၆၂။ သန္ဓိဇာတ်

### မီးပူဇော်ရာမှ မီးလောင်ခံရသူ ရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

တိတ္ထိတို့၏ မီးကို လုပ်ကျွေးသော အကျင့်ကို အကြောင်းပြုကာ ဘုရားရှင်သည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ မိဘများသည် သူ့ကို ဖွားမြင်သောနေ့က 'ဖွားမြင်မီး'ကို ယူထားခဲ့ကြသည်။ ပုဏ္ဏားများသည် ထိုမီးကို မသေစေဘဲ သက်ဆုံးတိုင် ကျွေးမွေးပြုစုသွားခဲ့လျှင် သေလွန်သည်၌ ဗြဟ္မာ့ပြည်သို့ ရောက်သည်ဟု ယုံကြည်ကြသည်။ ထို့ကြောင့် ဗြဟ္မာ့ပြည်သို့ ရောက်လိုသော ဘုရားလောင်း ပုဏ္ဏားသည်လည်း အိမ်ရာထောင်မှု မပြုဘဲ ဖွားမြင်မီးကို ယူ၍ တောထဲသို့ဝင်ကာ မီးကို ပြုစုလုပ်ကျွေးနေသည်။

တစ်နေ့တွင် ဆွမ်းကျွေးအိမ်မှ ရလာသော ထောပတ်ရောသည့် နို့ဃနာကို 'အရှင်မီးမင်းအား ဦးစွာသောက်စေအံ့'ဟု ဆို၍ မီးထဲသို့ လောင်းထည့်လိုက်သည်။ ထိုအခါ မီးသည် အရှိန်ပြင်းစွာဖြင့် ထတောက်လာရာ ကျောင်းတစ်ဆောင်လုံးပါ ကူးစက်ပြီး ပြာကျသွားသည်။

ထိုအခါ ပုဏ္ဏားက 'ခက်ခဲပင်ပန်းစွာ ဆောက်လုပ်ခဲ့ရသော ကျောင်းကို ဤမီးသည် မညှာမတာ လောင်ကျွမ်း၏။ အဆွေခင်ပွန်းကို ဖျက်ဆီးတတ်သော သင့်ကို အလိုမရှိ'ဟု ဆိုလျက် မီးကို ငြိမ်းသတ်ပစ်လိုက်သည်။ ထို့နောက် ရသေ့ပြု၍ ဟိမဝန္တာ၌ အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံစွာ နေသည်။

**ဇာတ်ပေါင်း။** ။ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မီးသည်ကိုးကွယ်ရန်မဟုတ်၊ အသုံးပြုရန်သာ။

http://www.dhammadownload.com



# ၁၆၃။ သုသိမဇာတ်

## ဆင်မင်္ဂလာမြှောက်ပွဲတော်ကြီး

**ပစ္စုပ္ပန်ဝတ္ထု**

မြို့လုံးကျွတ် ကျင်းပသော အလှူပွဲကြီးတွင် ဘုရားအမှူးရှိသော သံဃာတော် များအား လှူလိုသူနှင့် တိတ္ထိများအား လှူလိုသူတို့ အငြင်းအခုံဖြစ်ကြသဖြင့် မဲခွဲကြရာ ဘုရားအမှူးရှိသော သံဃာတော်များအား လှူလိုသည့်ဘက်က အနိုင်ရသည်။ ထိုအကြောင်းနှင့် ပတ်သက်၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ တိတ္ထိတို့သည် ရှေးအခါကလည်း ငါ့အား လှူအပ်သော အလှူဝတ္ထုတို့ကို အနှောင့်အယှက်ပြုခဲ့ကြဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပုရောဟိတ်သား ဖြစ်နေသည်။ ဖခင် ပုရောဟိတ်သည် မင်း၏ဆင်တော်များကို နှစ်စဉ် မပြတ် မင်္ဂလာမြှောက်ပေးရသည်။ သို့အတွက် အဆောက်အအုံပစ္စည်းများနှင့်တကွ ဆင်များတွင် ဆင်ယင်ခဲ့သော ရတနာပစ္စည်းအားလုံးကို မင်္ဂလာမြှောက်ပေးသူပင် ပိုင်ဆိုင်ခွင့်ရသည်။ တန်ဖိုးအားဖြင့် နှစ်စဉ်တစ်ကုဋေဖိုးမျှ ရှိသည်။ ဖခင်ပုရောဟိတ်သည် ဘုရားလောင်း တစ်ဆယ့်ခြောက်နှစ်သား အရွယ်တွင် ကွယ်လွန်သွားခဲ့ရာ သူ့နေရာကို အခြားပုဏ္ဏားများ ဝင်လုကြသည်။

ပုဏ္ဏားများသည် ဆင်မင်္ဂလာပွဲတော် ရောက်သည်နှင့် မင်းထံသို့ သွားကြသည်။ ထို့နောက် ပုရောဟိတ်၏သားသည် ငယ်လွန်းသေး၍ ဗေဒင်သုံးပုံနှင့်တကွ ဆင်လက္ခဏာကျမ်းများကိုလည်း တတ်မြောက်ခြင်း မရှိသေးကြောင်း မိမိတို့သည်ပင် ဆင်များကို မင်္ဂလာမြှောက်ပေးမည် ဖြစ်ကြောင်း လျှောက်ထားကြရာ မင်းက သဘောတူပြီး လေးရက်မြောက်သော နေ့တွင် ဆင်မင်္ဂလာပွဲ ကျင်းပရန် ရက်သတ်မှတ်ပေးလိုက်သည်။ ထိုသတင်းကို ကြားရသော မိခင်ပုဏ္ဏေးမသည် 'ငါတို့၏မျိုးနွယ် ပျက်စီးရတော့မည်'ဟု ဆိုကာ ငိုကြွေးသည်။

သားငယ်သည် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းများကို သင်ပေးနိုင်သော ဆရာရှိသည့် အရပ်ကို မေးပြီး တက္ကသိုလ်သို့ ခရီးထွက်ခဲ့ရာ တက္ကသိုလ်ရောက်သော် ဆရာနှင့် တွေ့သည်။

http://www.dhammadownload.com



လူငယ်သည် ဆရာအား ဥစ္စာထောင်ထုပ်ဖြင့် ကန်တော့ပြီး အကျိုးအကြောင်း လျှောက်ထားသည်။ ထိုပညာရပ်များကို တစ်ညဥ့်တည်းဖြင့်ပင် အတတ်သင်ယူခွင့်ပြုရန် တောင်းပန်ကာ ညဥ့်ဦးပိုင်းမှစတင်သင်ကြားလေရာ အရုဏ်တက်ချိန်ရောက်သည်နှင့် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းများကို အပြီးတိုင် တတ်မြောက်သည်။ နံနက်မိုးလင်းချိန်တွင် ဆရာ့ကို ကန်တော့၍ ဗာရာဏသီသို့ ပြန်ခဲ့သည်။

နောက်နေ့ မင်းရင်ပြင်၌ အခမ်းအနား စတင်ချိန်တွင် ပုဏ္ဏားလူငယ်သည် သူငယ်ချင်းများ ခြံရံ၍ အခမ်းအနားအတွင်းသို့ ဝင်လာပြီး မင်းကြီး၏ ရှေ့တော်မှောက်သို့ သွားလျက် 'မြတ်သောမင်းကြီး၊ အကျွန်ုပ်နှင့် အရှင်မင်းကြီးတို့၏ မျိုးနွယ်စဉ်လာကို သတိရတော်မူပါ၊ ဆင်မင်္ဂလာမြောက်သူတို့သည် မျိုးခုနစ်ဆက်လည်အောင် မြောက်ရသည် မဟုတ်ပါလော'ဟု လျှောက်တင်သည်။ မင်းကြီးက 'အမောင်သည် ဗေဒင်သုံးပုံနှင့် ဆင်လက္ခဏာကျမ်းကို မတတ်မြောက်သေး'ဟု မိန့်ကြားတော်မူလျှင် လူငယ်က 'ကျွန်ုပ်နှင့် တစ်စိတ်တစ်ဒေသမျှ ပြောဆိုဆွေးနွေးနိုင်သော ပုဏ္ဏားရှိက ထစေတော်မူပါ'ဟု တောင်းဆိုလိုက်သည်။ ဖက်ပြိုင်ဝံ့သူ တစ်ယောက်တစ်လေမျှ ထွက်မလာခဲ့ချေ။ ထိုအခါ ပုဏ္ဏားလူငယ်သည် ဖခင်၏ လက်ငုတ်ဖြစ်သော ဆင်မင်္ဂလာပြုခြင်း ကိစ္စကို ဆောင်ရွက်ခွင့် ရရှိသွားသည်။

**ဇာတ်ပေါင်း။** ။ **အမိပုဏ္ဏေးမ-မယ်တော်မာယာ၊**
**အဖပုဏ္ဏား-ခမည်းတော် သုဒ္ဓေါဒနမင်း၊**
**သုသီမမင်း-အရှင်အာနန္ဒာ၊**
**ဒိသာပါမောက္ခဆရာ-အရှင်သာရိပုတ္တရာ၊ ပုဏ္ဏားလုလင်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အတတ်ပညာတတ်မှုသည် အသက်အရွယ်နှင့် မဆိုင်။**

# ၁၆၄။ ဂိဇ္ဈဇာတ်

## ကျေးဇူးသိသော လင်းတများ

**ပစ္စုပ္ပန်ဝတ္ထု**

မိဘတို့ကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်သည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောကြားသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် လင်းတမျိုး၌ ဖြစ်နေခဲ့သည်။ သူသည် 'ဂိဇ္ဈကုဋ်တောင်'၌ နေလျက် မိဘနှစ်ပါးကို မပြတ်လုပ်ကျွေးသည်။ တစ်နေ့တွင် ထိုနေရာ၌ မိုးသက်လေပြင်း ကျရောက်လာ၍ လင်းတများသည် ဗာရာဏသီမြို့ တံခါးတိုင်နှင့်ကျုံးအနီးဝန်းကျင်တို့တွင် ခိုအောင်းနေကြရသည်။ ထိုအချိန်၌ ရေချိုးရန် ထွက်လာခဲ့သော ဗာရာဏသီသူဌေးသည် လင်းတတို့အပေါ် ကြင်နာသနားစိတ်ဖြင့် မိုးလွတ်သည့် တစ်နေရာတွင် မီးဖိုပေးစေသည်။ သုသာန်ထဲမှ နွားသားများကိုလည်း ယူ၍ ကျွေးမွေးစေသည်။ လုံခြုံရေးအတွက် အစောင့်အရှောက်များကိုလည်း ချထားပေးသည်။ ရာသီဥတု ကောင်းမွန်လာသောအခါ လင်းတများသည် 'ဂိဇ္ဈကုဋ်တောင်'သို့ ပြန်လာခဲ့ကြသည်။

လင်းတတို့သည် ဗာရာဏသီသူဌေး၏ ကျေးဇူးကို ဆပ်လိုကြသဖြင့် လှန်းထားကြသော အဝတ်များကို သုတ်ချီကာ ဗာရာဏသီသူဌေး၏ အိမ်ပေါ်သို့ ပစ်ချပေးကြသည်။ ယင်းသို့ ပြဿနာများလာသည့်အခါ ပြည်သူများက မင်းကြီးထံသို့ အကျိုးအကြောင်း တင်လျှောက်ကြလေသည်။ ထို့ကြောင့် မင်းကြီးအမိန့်ဖြင့် ကျော့ကွင်းထောင်၍ လင်းတများကို ဖမ်းရာ မိဘကို လုပ်ကျွေးနေသော ဘုရားလောင်း လင်းတကို မိသွားသည်။

လူများသည် မိထားသောလင်းတကို မင်းထံယူလာခဲ့ကြရာ လမ်းခရီးတစ်ဝက်တွင် ဗာရာဏသီသူဌေးနှင့် ဆုံမိကြသည်။ သူဌေးလည်း ထိုသူတို့နှင့်အတူ မင်းထံ လိုက်ပါလာသည်။ မင်းသည် ထိုလင်းတအား 'ထိုးသုတ်၍ ယူသွားခဲ့သော အဝတ်များကို မည်သို့ပြုကြသနည်း'ဟု မေးရာ လင်းတက 'မိမိတို့အပေါ်တွင် ကျေးဇူးပြုခဲ့ဖူးသော ဗာရာဏသီသူဌေးအား ပေးကြခြင်းဖြင့် ကျေးဇူးဆပ်ပါသည်'ဟု လျှောက်ထားခဲ့သည်။

လင်းတ၏စကား မှန်မမှန်ကို သူဌေးအား မေးရာ သူဌေးက ဟုတ်မှန်ကြောင်း ဝန်ခံသည်။ ပိုင်ရှင်များအား ပြန်ပေးရန် ရည်ရွယ်ချက်ဖြင့် အဝတ်များကို သီးသန့် ဖယ်ထားကြောင်းကိုလည်း တင်လျှောက်သည်။ အကြောင်းစုံကိုလည်း သိလိုက်ရသည်နှင့် မင်းသည် လင်းတကို ပြန်လွှတ်စေပြီး အဝတ်များကိုလည်း မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်ရန် မိန့်ကြားလိုက်သည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊
ဗာရာဏသီသူဌေး-အရှင်သာရိပုတ္တရာ၊
အမိလုပ်ကျွေးသောလင်းတ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တိရစ္ဆာန်ဖြစ်သော်လည်း လင်းတတို့သည် ကျေးဇူးသိကြသည်။

http://www.dhammadownload.com



# ၁၆၅။ နကုလဇာတ်

## ရန်အေးသွားကြသည့် မြွေနှင့် မြွေပါ

**ပစ္စုပ္ပန်ဝတ္ထု**

အချင်းချင်း ခိုက်ရန်ဖြစ်ကြသော ကောသလမင်းကြီး၏ အမတ်စစ်သူကြီးနှစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏား မျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်တွင် ရသေ့ပြုလျက် ဟိမဝန္တာ၌နေ၏။ ရသေ့၏ စင်္ကြံလမ်းရှိ တောင်ပို့တစ်ခု၌ မြွေပါတစ်ကောင်နေသည်။ မြွေဟောက်တစ်ကောင်ကမူ အနီးရှိ သစ်ခေါင်းထဲတွင် နေသည်။ သူတို့နှစ်ကောင်သည် မကြာခဏ ခိုက်ရန်ဖြစ်လေ့ရှိကြသည်။ ဘုရားလောင်းသည် သူတို့နှစ်ကောင်အား ခိုက်ရန်ဖြစ်ပွားခြင်း၏ အပြစ်နှင့် မေတ္တာပွားခြင်း၏ အကျိုးများကို ဟောပြောဆုံးမလျှင် အချင်းချင်း ညီညွတ်မှု ရရှိသွားကြသည်။

သို့သော် မြွေဟောက်အပေါ် စိတ်မချနိုင်သော မြွေပါသည် မြွေဟောက် အပြင်သို့ ထွက်ပြီဆိုလျှင် တွင်းပေါက်ဝ၌ ခံတွင်းကိုဖွင့်၍ အသင့်အနေအထားဖြင့် အိပ်နေတတ်သည်။ ထိုအခါ ရသေ့က မြွေပါကို မြင်၍ 'သင့်တွင် အဘယ်အန္တရာယ်ရှိသနည်း' ဟု မေးရာ 'ရှင်ရသေ့၊ အဆွေခင်ပွန်းမှ လည်းကောင်း၊ ရန်သူမှ လည်းကောင်း ဖြစ်ပေါ်လာတတ်သော ဘေးရန်သည် အရင်းအမြစ်ကပင် ဖြိုလဲစေတတ်၍ သတိရှိရမည်' ဟု မြွေပါက ဆိုသည်။

ထိုအခါ ရသေ့က 'မြွေပါ၊ သင် မကြောက်လင့်၊ မြွေဟောက်သည် သင့်အပေါ်တွင် မပြစ်မှားအောင် ငါပြုမည်၊ ယနေ့မှစ၍ မြွေဟောက်အပေါ် စိုးရွံ့စိတ် မထားလင့်' ဟု ဆုံးမပြီး မေတ္တာတရားကို ပွားများစေသည်။

ဇာတ်ပေါင်း။ ။ မြွေနှင့်မြွေပါ-စစ်သူကြီးနှစ်ယောက်၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရန်ကိုအေးစေရာ၌ မေတ္တာသည်အစွမ်းအထက်ဆုံး။

http://www.dhammadownload.com



# ၁၆၆။ ဥပသာဠကဇာတ်

## သင်္ချိုင်းမြေနေရာရှာသူ ပုဏ္ဏား

**ပစ္စုပ္ပန်ဝတ္ထု၊**

မိစ္ဆာဝါဒ၌ ယုံကြည်သော 'ဥပသာဠက' ပုဏ္ဏားသည် သားဖြစ်သူကို ဂိဇ္ဈကုဋ်တောင်ထိပ် ပေါ်သို့ ခေါ်လာပြီးလျှင် 'ဤအရပ်၌ မည်သူ့ကိုမျှ သင်္ဂြိုဟ်ခြင်းမပြုစဖူး၊ ငါ သေလွန်သောအခါ ဤအရပ်၌သာ သင်္ဂြိုဟ်လေ'ဟု ဆို၍ တောင်ထိပ်ပေါ်မှ ဆင်းလာကြသည်။ တောင်ခြေတွင် မြတ်စွာဘုရားနှင့် တွေ့ဆုံ၍ သားဖြစ်သူက ဤအကြောင်းကို လျှောက်ထားလျှင် မြတ်စွာဘုရားက 'သင်၏ဖခင်သည် ယခုဘဝ၌သာလျှင် သင်္ချိုင်းနေရာ မြေသန့်ကို ရှာသည် မဟုတ်သေး၊ ရှေးအခါကလည်း ရှာခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

**အတိတ်ဝတ္ထု၊**

ရှေးလွန်လေပြီးသောအခါက ဤပုဏ္ဏားသည် ဤရာဇဂြိုဟ်မြို့၌ပင် 'ဥပသာဠက' အမည်ဖြင့် ပုဏ္ဏားဖြစ်ခဲ့ဖူးသည်။ ယခု သားဖြစ်သူ လူငယ်သည်လည်း ထို ပုဏ္ဏား၏ သားပင်လျှင် ဖြစ်ခဲ့ဖူးသည်။ ထိုအချိန်က ဘုရားလောင်းသည် အဘိညာဉ်ရ ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေခဲ့ရာမှ ချဉ် ဆား မှီဝဲရန် ဤဂိဇ္ဈကုဋ်တောင်သို့ ရောက်လာ ခဲ့သည်။ ဤပုဏ္ဏားသားအဖတို့သည် ထိုတောင်သုံးလုံးကြားမှ မြေနေရာကိုပင် မြေသန့် အဖြစ် မှတ်ယူ၍ တောင်ထိပ်ပေါ်မှ ဆင်းခဲ့ကြစဉ် ရသေ့ကြီးသည် သူတို့သားအဖနှင့် ဆုံမိရာမှ အကြောင်းစုံကို သိရပြီးသည်တွင် ထိုမြေနေရာသည် မြေသန့် ဟုတ်မဟုတ် စုံစမ်းကြမည်ဟုဆို၍ တောင်ထိပ်ပေါ်သို့ ပြန်၍ ခေါ်လာခဲ့သည်။

လူငယ်က သူတို့ သတ်မှတ်ထားခဲ့သော မြေသန့်နေရာကို ပြသောအခါ ရသေ့ကြီးက 'ဤနေရာ၌ သင်္ဂြိုဟ်ခဲ့ဖူးသော လူတို့ကို ရေတွက်၍ပင် မရရှိနိုင်၊ အခြားသူများကို ထား၍ သင်၏အဖသည်ပင်လျှင် 'ဥပသာဠက' အမည်တစ်ခုတည်းဖြင့် ဤနေရာ၌ ဘဝပေါင်း တစ်သောင်းလေးထောင်တိတိ သင်္ဂြိုဟ်ခြင်း ခံရဖူးပြီ၊ သူသေ မမြှုပ်နှံဖူးသော အရပ်၊ သုသာန်မဟုတ်ရာ အရပ်နှင့် မသေဖူးသော အရပ်တို့ကို ရှာဖွေ၍ မရစကောင်း' စသည်ဖြင့် ပုဏ္ဏားသားအဖတို့အား တရားဟောလိုက်သည်။

**ဇာတ်ပေါင်း။** ။ ယခင်က သားအဖ-ယခု သားအဖ၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ **ဘယ်တောခွမှမသေသည့်ဘဝရှာရန် ပို၍အရေးကြီးသည်။**

http://www.dhammadownload.com



# ၁၆၃။ သမိဒ္ဓိဇာတ်

## ရှသေ့ကို ထပ်မက်သော နတ်သမီး

### ပစ္စုပ္ပန်ဝတ္ထု

ရုပ်ဆင်းအင်္ဂါ ကြည်ညိုဖွယ်ရှိလှသော အရှင်သမိဒ္ဓိမထေရ်သည် ရေချိုးပြီးစ အချိန်၌ သင်းပိုင်ကို ဝတ်၍ ခန္ဓာကိုယ်ကိုခြောက်စေရန် ကောသိကို မရုံသေးဘဲ ခေတ္တကိုင်ထားသည်။ နတ်သမီး တစ်ပါးက ကာမဂုဏ်၌ တပ်မက်၍ လာရောက် မြူဆွယ်သည်။ မထေရ်က တရားပြကာ ငြင်းပယ် လိုက်သဖြင့် နတ်သမီး ကွယ်ပျောက်သွားသည်။ ထိုအကြောင်းကို သမိဒ္ဓိမထေရ်က မြတ်စွာဘုရားအား လျှောက်ထားရာ ဘုရားရှင်က 'သမိဒ္ဓိ၊ ထိုနတ်သမီးသည် ရှေးအခါကလည်း ရဟန်းများကို ဖြားယောင်းခဲ့ဖူးပြီ' ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိက ရွာငယ်တွင် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ သူသည် အရွယ်ရောက်ချိန်တွင် ရသေ့ပြုကာ ဟိမဝန္တာရှိ ရေအိုင်တစ်ခု အနီးတွင် နေထိုင်လျက် ကမ္မဋ္ဌာန်းဘာဝနာ ပွားများသဖြင့် အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံသည်။ သူသည် တစ်ညဉ့်ပတ်လုံး ဈာန်သမာပတ် ဝင်စားကာ အရုဏ်တက်ချိန်တွင် ရေအိုင်၌ရေချိုး၍ သင်းပိုင်ကို ဝတ်ပြီးလျှင် ကောသိကို မဝတ်သေးဘဲ ခေတ္တမျှ ကိုင်ထားစဉ် သူ့ကို တပ်မက်စွဲလမ်းနေသော နတ်သမီးတစ်ယောက် သည် ကိုယ်ထင်ပြကာ 'အို...ရှင်ရသေ့၊ သင်သည် နုပျိုသေးသည်၊ ရုပ်ဆင်းအင်္ဂါ အလွန် တရာ လှပသည်။ ကာမဂုဏ် အာရုံတို့ကို မခံစားဖူးသေးဘဲ ရဟန်းပြုသဖြင့် သင့်မှာ ဘာအကျိုးမျှ မရှိ။ ကာမဂုဏ် အာရုံခံစားပြီးမှ ရဟန်းပြုသင့်သည်' ဟု မြူဆွယ်သည်။

ထိုအခါ ရသေ့က 'ငါသည် မည်သည့်အရွယ်၌ သေရမည်ကို မသိနိုင်။ ငယ်စဉ် ကပင် ရဟန်းတရားကို အားထုတ်၍ ဒုက္ခချုပ်ငြိမ်းရာကို ရှာထားရမည်' ဟု ပြောကြား၍ ငြင်းပယ်လိုက်ရာ နတ်သမီးသည် ထိုနေရာမှာပင် ကွယ်ပျောက်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ ရသေ့ကိုဖြားယောင်းသောနတ်သမီး-
သမိဒ္ဓိမထေရ်ကိုဖြားယောင်းသောနတ်သမီး၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မြူဆွယ်တိုင်း နားမယောင်ရာ။

http://www.dhammadownload.com



# ၁၆၈။ သကုဏဂ္ဃိဇာတ်

## သိန်းငှက်ကို အနိုင်ရသူ ဘီလုံးငှက်

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းတို့အား သတိပဋ္ဌာန်တရား ပွားများစေလို၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဘီလုံးငှက်မျိုးဖြစ်နေသည်။ ဘီလုံးငှက်သည် ထယ်စာ မြေစိုင်ခဲများကြားတွင် နေ့စဉ် သွားလာကျက်စားနေရာ တစ်နေ့သ၌ ကျက်စားနေကျ နေရာကို ကျော်လွန်၍ တောအုပ်တစ်ခု၏ အစွန်အဖျားအရပ်သို့ သွား၍ အစာများ ရှာဖွေစားသောက်နေမိသည်။

ထိုအခိုက် သိန်းငှက်သည် ရုတ်တရက် ပျံဆင်းလာပြီး ဘီလုံးငှက်ကို ထိုးသုတ်၍ ယူဆောင်သွားသည်။ ဘီလုံးငှက်သည် 'ငါသည် သူတစ်ပါးနေရာသို့ လာရောက်ကျက်စားမိခဲ့၍သာ ယခုလို သိန်းငှက်ဖမ်းယူနိုင်ခြင်းဖြစ်သည်။ ငါ့နေရာဌာနတွင်သာဆိုလျှင် သိန်းငှက်သည် ယခုကဲ့သို့ ထိုးသုတ်နိုင်လိမ့်မည် မဟုတ်' စသည်ဖြင့် ပြောဆိုငိုကြွေးရင်း သိန်းငှက်ယူဆောင်ရာသို့ ပါလာခဲ့သည်။

ထိုအခါ သိန်းငှက်သည် ဘီလုံးငှက်၏ မူလနေရာကို မေး၍ 'သင့်နေရာတွင်နေချေ၊ ထိုနေရာတွင်လည်း သင်သည် ငါ့လက်မှ မလွတ်နိုင်'ဟု ဆိုသည်။ ဘီလုံးငှက်သည် သူ့နေရာသို့ ပြန်ဆင်းလာကာ ကြီးစွာသော မြေစိုင်ခဲကြီး တစ်ခုပေါ်တွင် ရပ်တည်၍ 'သိန်းငှက် လာခဲ့လော့'ဟု ခေါ်လိုက်သည်။ သိန်းငှက်သည် သုတ်ချီရန် ထိုးဆင်းလာခဲ့ရာ ဘီလုံးငှက်က မြေစာတုံးများအောက်တွင် ဝင်ခိုနေလိုက်သည်။ ထိုအခါ မြေမာခဲနှင့် သိန်းငှက် အရှိန်ပြင်းစွာတိုက်မိပြီး သိန်းငှက် ရင်ကွဲ၍သေဆုံးသွားရသည်။

**ဇာတ်ပေါင်း။** ။ သိန်းငှက်-ဒေဝဒတ်၊ ဘီလုံးငှက်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရန်သူနှင့်ရင်ဆိုင်ရာတွင် နေရာယူမှန်ဖို့အရေးကြီးသည်။

http://www.dhammadownload.com



## ၁၆၉။ အရကဇာတ်

### မေတ္တာရှင် ရသေ့ကြီး

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓက 'မေတ္တာပွားသူသည် ချမ်းသာစွာ အိပ်ရ နိုးရ၏။ အိပ်မက်ဆိုးများ မမြင်မက်။ လူတို့ ချစ်ခင်မြတ်နိုး၏၊ နတ်တို့ ချစ်ခင်မြတ်နိုးကြ၏၊ နတ်တို့ စောင့်ရှောက် ကုန်၏၊ ထိုမေတ္တာကို ပွားစေသော သူအား မီးလည်း မလောင်နိုင်။ အဆိပ်လည်း မသင့် နိုင်။ လက်နက်လည်း မထိနိုင်။ စိတ်နှလုံး ကြည်လင်၏။ မတွေမဝေ နေရ၏။ သေပြီးနောက် ဗြဟ္မာ့ပြည်သို့ ရောက်ရ၏။ မေတ္တာကို ပွားများသူတို့သည် ဤတစ်ဆယ့် တစ်ပါးသော အကျိုးတရားများကို ခံစားကြရသည်။ ရှေးပညာရှိတို့သည် ခုနစ်နှစ်တိုင်တိုင် မေတ္တာကို ပွားစေခဲ့သဖြင့် ခုနစ်ကမ္ဘာတိုင်တိုင် ဗြဟ္မာ့ပြည်၌ နေခဲ့ကြရသည်' ဟု ဟောတော်မူကာ ဤအတိတ်ဇာတ်ကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

'ရှေးအခါက တစ်ခုသော ကမ္ဘာ၌ ဘုရားလောင်းသည် အရက ဟူသော အမည်ဖြင့် ပုဏ္ဏားမျိုး၌ ဖြစ်လေသည်။ အရွယ်ရောက်သောအခါ ရသေ့ပြု၍ ဟိမဝန္တာ၌နေပြီး ဗြဟ္မာ့ဝိဟာရတရား လေးပါးတို့ကို ကိုယ်တိုင်လည်း ပွားများ၊ နောက်လိုက် တပည့်များကိုလည်း ပွားများစေသည်။ 'ရသေ့ရဟန်းတို့ မည်သည် မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဟူသော ဗြဟ္မာ့ဝိဟာရ တရားများကို ပွားများအပ်သည်။ မေတ္တာစိတ်မည်သည် အပ္ပနာသို့ ရောက်လျှင် ဗြဟ္မာ့ပြည်သို့ ရောက်စေနိုင်သည်' စသည်ဖြင့် မေတ္တာ၏ အကျိုးများကို ဟောလျက် တပည့်များအား အဆုံးအမ ပေးသည်။ ရသေ့ကြီးသည် ဈာန်တရားမှ ယုတ်လျော့ခြင်း မရှိခဲ့သဖြင့် သေလွန်သောအခါ ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့ရပြီး ခုနစ်ကမ္ဘာတိုင်တိုင် လူ့ပြည်သို့ ပြန်မလာခဲ့ချေ။

**ဇာတ်ပေါင်း။** ။တပည့်ရသေ့များ-ဗုဒ္ဓ၏ပရိသတ်၊ အရကရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။မေတ္တာအကျိုး သိထားရန် လိုအပ်သည်။

---

## ၁၇၀။ ကကဏ္ဍကဇာတ်

ဤဇာတ်သည် မဟာနိပါတ် (ဇာတ်အမှတ်-၅၄၂) မဟာဥမင်ဇာတ်၌ အကျုံးဝင်သည်။

**သန္ထဝဝဂ် ပြီးပြီ။**

---

http://www.dhammadownload.com



# ၃။ ကလျာဏဝဂ်

## ၁၇၁။ ကလျာဏဓမ္မဇာတ်

### ကောင်းမြတ်သောသတင်း

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့တော်မှ သူကြွယ်တစ်ဦးသည် ဇေတဝန်ကျောင်းတော်မှ တရားနာ၍ ပြန်လာ ခဲ့စဉ် သူ့ အိမ်သူအိမ်သားများက သူ ရဟန်းပြုသွားပြီဟု ပြောဆိုကြကြောင်း သတင်းကို လမ်းခရီး တစ်ဝက် အရောက်၌ ကြားလိုက်ရ၍ ကောင်းမြတ်သော အသံပင် ဖြစ်သည်။ ထိုအသံကို အချည်းနှီး မဖြစ်စေသင့်ဟု နှလုံးသွင်းကာ ကျောင်းတော်သို့ ပြန်လာပြီးလျှင် ရဟန်းပြုရာ မကြာမီပင် ရဟန္တာပုဂ္ဂိုလ် ဖြစ်သွားသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူဌေးမျိုး၌ ဖြစ်နေသည်။ သူသည် ဖခင်ကွယ်လွန်သောအခါ သူဌေးအရာကို ဆက်ခံရသည်။ တစ်နေ့ ဘုရင်ထံ ခစားရန်သွားစဉ် ယောက္ခမ မိန်းမသူသည် အိမ်သို့ အလည်အပတ် ရောက်လာပြီး သမီးနှင့်အတူ ထမင်းစားပြီး လဲလျောင်းနေရာမှ 'ချစ်သမီး၊ သင့်လင်သည် သင့်အပေါ် ချစ်ကြင်နာမှု ရှိပါသလော'ဟု မေးသည်။ ထိုအခါ သမီးက 'မိခင်၊ မိခင်၏ သားမက်သည် ကိုယ်ကျင့်သီလနှင့် ပြည့်စုံပါသည်။ ဤသို့သော အကျင့်မျိုးကို ရဟန်းများပင် ကျင့်နိုင်ခဲပါသည်'ဟု ဖြေဆိုသည်။

ဤတွင် မိခင်သည် အတန်ငယ် နားလေးနေသည်ဖြစ်၍ စကားအားလုံးကို နားမလည်ဘဲ ရဟန်းဟူသော စကားကိုသာ ကြားလိုက်သဖြင့် 'ချစ်သမီး၊ သင့်လင်သည် အဘယ်ကြောင့် ရဟန်းပြုသွားသနည်း'ဟု အော်ကြီးဟစ်ကျယ် ပြောသည်။ ဤအသံကို ကြားကြရသော အိမ်တွင်း အမှုထမ်းတို့က သူဌေးသည် အဟုတ်တကယ် ရဟန်းပြုသွား လေပြီဟု မှတ်ထင်သွားကြသကဲ့သို့ အိမ်ရှေ့မှ ဖြတ်သွားကြသူများကလည်း အလားတူ မှတ်ယူသွားကြသည်။

ထိုအချိန်တွင် ဘုရားလောင်းသူဌေးသည် အိမ်သို့ ပြန်လာရာ လမ်းတွင် အသိ တစ်ယောက်နှင့် တွေ့ဆုံ၍ 'အဆွေ၊ အဆွေ ရဟန်းပြုသွားပြီဆို၍ အဆွေ၏ အိမ်သူ

http://www.dhammadownload.com



အိမ်သားများ ငိုကြွေးနေကြသည်'ဟု သတင်းပေးသည်။ ဤတွင် ဘုရားလောင်းသည် 'ငါ ရဟန်းမပြုရသေးပါဘဲလျက် ရဟန်းပြုသွားပြီဟု ဆိုကြသော စကားသည် ကောင်းသော နိမိတ်စကားပင် ဖြစ်သည်။ ဤအသံကို အချည်းနှီး မဖြစ်စေသင့်၊ ယနေ့ပင် ငါ ရဟန်းပြုသင့်သည်'ဟု ဆုံးဖြတ်ကာ ရဟန်းပြုရန် မင်းထံ၌ ခွင့်တောင်းသည်။ မင်းက ခွင့်ပြုသဖြင့် ရသေ့ရဟန်းပြု၍ ဟိမဝန္တာ၌ နေခဲ့ရာ အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့တစ်ပါး ဖြစ်သွားသည်။

**ဇာတ်ပေါင်း။** ။ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊ သူဌေး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။စကားနောက်တရားပါ ဖြစ်သွားတတ်သည်။

---

# ၁၇၂။ ဒဒ္ဒရဇာတ်

## ခြင်္သေ့ကိုတုပသူ မြေခွေး

### ပစ္စုပ္ပန်ဝတ္ထု

အဟောအပြောကောင်းသော ရဟန်းများ တရားဟောကြသည်ကို အားကျကာ ကောကာလိကသည် မိမိလည်း တရားဟောလိုကြောင်း ခွင့်တောင်း၍ မထေရ်ကြီးများက ခွင့်ပြုကြသော် တရားပလ္လင်ပေါ်သို့ တက်လာချိန်တွင် ဟောရန် စိတ်ကူးထားသော တရားများ မေ့ပျောက်ကုန်သဖြင့် တရားပလ္လင်မှ အရှက်တကွဲ ဆင်းပြေးရလေတော့သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ ဝယ် ခြင်္သေ့မင်းဖြစ်၍ ရွှေဂူကြီးတစ်ခုထဲတွင် နေနေသည်။ ယင်းဂူအနီးတွင် မြေခွေး တစ်ကောင်လည်း နေထိုင်သည်။ မိုးရွာပြီးစ တစ်နေ့တွင် ခြင်္သေ့များသည် ခြင်္သေ့မင်း၏ ဂူဝတွင် လာရောက် စုဝေးကြကာ ကစားမြူးထူးရင်းက ခြင်္သေ့သံကို ဟောက်ကြသည်။ အနီးရှိ မြေခွေးကလည်း အားကျမခံ ရောယောင်၍ လိုက်ဟောင်သည်။ ထိုအခါ ခြင်္သေ့များ သည် ဆက်၍ မဟောက်ကြတော့ဘဲ ငြိမ်သွားကြသည်။ မြေခွေးသည် သူတို့နှင့်အတူ ရောနှော၍ လိုက်ဟောင်မိသဖြင့် ခြင်္သေ့များ ရှက်သွားသည်။

http://www.dhammadownload.com



ထို့ကြောင့် ခြင်္သေ့မင်း၏ သား ခြင်္သေ့ငယ်က ခြင်္သေ့များသည် အသံဖြင့် ဟောက်၍ ကစားကြစဉ် သတ္တဝါတစ်မျိုး၏ အသံကို ကြားမိလိုက်ကြရာမှ ရုက်နိုးမိဟန်ဖြင့် တိတ်သွားခဲ့ကြပါသည်။ ထိုသတ္တဝါကား အဘယ်သတ္တဝါပါနည်းဟု မေးရာ ခြင်္သေ့မင်းက မိမိအသံဖြင့် မိမိကိုယ်ကို သိစေသော ထိုသတ္တဝါတို့သည် သားမျိုးတကာတို့တွင် အယုတ်ညံ့ဆုံးသော မြေခွေးဖြစ်သည်ဟု အဖြေပေးသည်။

ဇာတ်ပေါင်း။ ။ မြေခွေး-တောကာလိက၊ ခြင်္သေ့ငယ်-ရှင်ရာဟုလာ၊ ခြင်္သေ့မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အတုကြောင့် အစစ်အမှန်တို့ ဂုဏ်နိမ့်တတ်သည်။

---

# ၁၇၃။ မက္ကဋဇာတ်

## ရသေ့ယောင်ဆောင်သူ မျောက်

**ပစ္စုပ္ပန်ဝတ္ထု**

လူအထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်၍ အတတ်မျိုးစုံချိန်တွင် အိမ်ထောင်ပြုခဲ့ရာ ဇနီးသည်သည် သားတစ်ယောက်ကို ဖွားမြင်ပြီးနောက် ကွယ်လွန်သွားခဲ့ရှာသည်။ ထိုအခါ ပုဏ္ဏားသည် အိမ်ထောင်ရေးကို စိတ်ကုန်၍ သားကလေးကို ခေါ်ပြီး ဟိမဝန္တာသို့ဝင်ကာ ရသေ့ပြု၍ နေထိုင်သည်။

တစ်နေ့တွင် မိုးကြီးသည်းထန်စွာရွာ၍ အေးစိမ့်နေသဖြင့် ရသေ့ သားအဖ အချမ်းပြေ မီးလှုံနေကြရာ တောမျောက်တစ်ကောင်သည် ကျောင်းထဲမှ မီးကို မြင်ရ၍ မီးလှုံလိုသဖြင့် သေသွားခဲ့သော ရသေ့တစ်ပါး၏ သက်န်းများကို ယူ၍ဝတ်လျက် ရသေ့များ၏ အသုံးအဆောင်များကို ကိုင်၍ ကျောင်းဝရှိ ထန်းပင်ရင်းတွင် ဆောင့်ကြောင့် ထိုင်နေသည်။ သူ့အား မီးလှုံရန် ခေါ်စေလို၍ ဖြစ်သည်။

http://www.dhammadownload.com



သူ့ကို ရသေ့ငယ်က မြင်မိရာမှ ရသေ့တစ်ပါးဟုထင်၍ ဖခင်ရသေ့ကြီးထံ အကြောင်းကြားလိုက်သဖြင့် ရသေ့ကြီးသည် ကျောင်းဝမှ ထွက်ကြည့်သည်။ ရသေ့အစစ် မဟုတ်ကြောင်းသိ၍ မီးစတစ်ခုဖြင့် လှမ်းပစ်လိုက်ရာ မျောက်သည် သက်န်းများကို ခွာချထားခဲ့ပြီးလျှင် သစ်ပင်ပေါ်သို့ တက်ပြေးသွားတော့သည်။

ဇာတ်ပေါင်း။ ။ မျောက်-အံ့ဖွယ်သရဲကိုဖြစ်စေသောရဟန်း၊ သားရသေ့-ရာဟုလာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မသိသူရှေ့မှာသာ အယောင်ဆောင်နိုင်သည်။

---

## ၁၇၄။ ဒုတိယမက္ကဋဇာတ်

### ကျေးဇူးကန်းသော ဒေဝဒတ်လောင်း မျောက်

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်၏ ကျေးဇူးကို မသိတတ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိက ရွာငယ်တွင် ပုဏ္ဏား ဖြစ်နေသည်။ ထိုအချိန်က 'ကာသိကတိုင်း'မှ လမ်းမကြီး တစ်ခုအနီး တွင် ရေတွင်းနက်ကြီး တစ်ခုရှိရာ ကုသိုလ်လိုလားကြသူတို့သည် ဝန်းကျင်ရှိ တောအုပ်ကြီး ထဲမှ တိရစ္ဆာန်များ သောက်စေရန် ရည်ရွယ်၍ ထိုရေတွင်းမှ ရေကို ဆွဲငင်ကာ အနီးရှိ ကျင်းထဲသို့ လောင်းထည့်ပေးကြသည်။

တစ်နေ့တွင် ဘုရားလောင်း ပုဏ္ဏားသည် ထိုရေတွင်းအနီးသို့ ရောက်လာကာ ရေတွင်းထဲမှ ရေကို ဆွဲငင်၍ သောက်ပြီး ခြေလက်တို့ကိုလည်း ဆေးကြောသည်။ ဤရေ တွင်း အနီး၌ ရစ်သီရစ်သီလုပ်၍ နေသော မျောက်တစ်ကောင်ကိုမြင်၍ ကျင်းထဲသို့ ရေများ လောင်းထည့်ပေးသည်။ ရေသောက်ပြီးသော် မျောက်သည် ပုဏ္ဏားနှင့် မနီးမဝေးသို့ လာ၍ ကြောက်လန့်သွားအောင် အမူအရာများ လုပ်ပြသည်။

ထိုအခါ ပုဏ္ဏားက 'ဟယ်...မျောက်ယုတ်၊ သင့်အား ငါ ရေခပ်ပေးခဲ့သည်။ အခု သင်က ငါ့အား နောက်ပြောင်နေသည်။ ယုတ်မာသောသူအား ကျေးဇူးပြုခြင်းသည်

http://www.dhammadownload.com



အကျိုးမရှိပါတကား'ဟု ဆိုလိုက်ရာ မျောက်သည် သစ်ကိုင်းပေါ်သို့ ခုန်တက်သွားပြီး လျှင် ပုဏ္ဏားတို့၏ ခေါင်းပေါ်သို့ မစင်များ စွန့်ချ၍ ထွက်ပြေးသွားသည်။

ဇာတ်ပေါင်း။ ။ မျောက်-ဒေဝဒတ်၊ ပုဏ္ဏား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူ့တိုင်းအပေါ် စေတနာထားသင့်သော်လည်း စေတနာနှင့် တန်သူကား ရှားလှ၏။

---

## ၁၇၅။ အာဒိစ္စုပဋ္ဌာနဇာတ်

### နေကို ရှိခိုးပြီးကျင့်သူ မျောက်

**ပစ္စုပ္ပန်ဝတ္ထု**

လူအများတို့ အထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏား မျိုး၌ဖြစ်၍ အရွယ်ရောက်ချိန်တွင် ဟိမဝန္တာ၌ နေသည်။ အဘိညာဉ်သမာပတ်တို့နှင့် ပြည့်စုံရုံမျှမက အခြံအရံ တပည့်ရသေ့များလည်း ပေါများသည်။ ကာလကြာသောအခါ တပည့်ရသေ့များနှင့် အတူ ချဉ် ဆား မှီဝဲရန် လာနေစဉ်တွင် ရသေ့များ ဆွမ်းခံထွက်နေကျ အချိန်၌ မျောက်တစ်ကောင် သစ်ရွက်မိုးကျောင်းခေါင်းမိုးပေါ်၌ ခုန်ပေါက်ကစားနေပြီး သောက်ရေအိုး ထဲမှ ရေများကို မှောက်ပစ်သည်။ ကရားကိုလည်း ထုခွဲပစ်သည်။ မီးဖိုထဲတွင်လည်း ကျင်ကြီးစွန့်လိုက်သည်။

ရသေ့များသည် မိုးလများ လွန်မြောက်သွားခဲ့ပြီဖြစ်သဖြင့် ဟိမဝန္တာသို့ ပြန်ခါနီး တွင် ဒါယကာများက 'မနက်ဖြန်တွင် ဆွမ်းများ လာပို့လိုပါသည်။ ထိုဆွမ်းများကို ဘုဉ်းပေးပြီးမှ ကြွတော်မူကြပါ'ဟု တောင်းပန်ထားကြသည်။ ဒါယကာများ ဆွမ်းခဲဖွယ်များ လာပို့သောအခါ မျောက်သည် 'သူ့အားလည်း ခဲဖွယ်ဘောဇဉ်များ ပေးစေရန် လူများ အံ့သြသွားအောင် နေပြလိုက်မည်'ဟု ကြံ၍ ခပ်လှမ်းလှမ်းမှနေပြီး ရသေ့များ တရားကျင့် သကဲ့သို့ နေကို ရှိခိုးလျက်ရပ်နေသည်။ လူများက 'သီလရှိသူများထံနေသောကြောင့် သီလရှိတာပဲ'ဟု အထင်ရောက်သွားကြသည်။

http://www.dhammadownload.com



ရသေ့ကြီးက ထိုမျောက်၏ အကျင့်ယုတ်ပုံများကို ပြောပြတော့မှ အကြောင်း စုံကို သိကြသဖြင့် လူများက ထိုမျောက်ကို ခဲ၊ တုတ် စသည်တို့ဖြင့် ပစ်ပေါက်ကာ နှင်ထုတ်လိုက်ကြသည်။

ဇာတ်ပေါင်း။ ။ မျောက်-အဲ့ဖွယ်သရဲကိုဖြစ်စေသောရဟန်း၊
ရသေ့များ-ဗုဒ္ဓ၏ပရိသတ်၊ ဆရာရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အယောင်ဆောင်သမားသည် နေရာတိုင်း၌ရှိမြဲ။

# ၁၇၆။ ကဠာယမုဋ္ဌိဇာတ်

## စဉ်းစားဉာဏ်နည်းသော မျောက်

### ပစ္စုပ္ပန်ဝတ္ထု

နယ်ခြားဒေသရှိ သူပုန်များ နှိမ်နင်းရန် ကောသလမင်းကြီးသည် တပ်ချီ၍ ထွက်လာ ခဲ့ပြီးကာမှ မိုးတွင်းကာလတွင် စစ်ချီသင့်ပါသလောဟု သံသယဝင်လာသောကြောင့် ဇေတဝန်ကျောင်းတော်သို့ ဝင်ကာ ဘုရား၏ သံသယကို လျှောက်ထားလျှင် မြတ်စွာဘုရားက 'မင်းကြီး၊ ရှေးအခါက မင်းတို့သည် စစ်ထိုးရန် ထွက်လာကြသည်ရှိသော် ပညာရှိတို့၏ စကားကို နာယူ၍ အချိန်အခါမဟုတ်သည်၌ စစ်ထိုးရန်မသွားကြကုန်'ဟု မိန့်တော်မူကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ တစ်ခုသော မိုးရာသီတွင် မင်းသည် နယ်ခြားဒေသမှ သူပုန်များ နှိမ်နင်းရန် ထွက်လာပြီးလျှင် ဥယျာဉ်တော်၌ ခေတ္တစခန်းချနေရာ မျောက် တစ်ကောင်သည် မြင်းစာခွက်ထဲမှ ကုလားပဲပြုတ်များကို ခံတွင်းပြည့်မျှ စားသည်။ လက်ဖြင့် ဆုပ်၍လည်း သစ်ပင်ပေါ်သို့ ယူသွားပြီး သစ်ကိုင်းပေါ်၌ ထိုင်စားမည် ပြုလျှင် လက်ထဲမှ ပဲတစ်စေ့ အောက်သို့ ကျသွားခဲ့သည်။ ထိုအခါ ခံတွင်းနှင့် လက်ထဲရှိသော ပဲများကို လွှတ်ချလိုက်ပြီးလျှင် သစ်ပင်ပေါ်မှဆင်း၍ ကျသွားခဲ့သော ပဲတစ်စေ့ကို လိုက်ရှာသည်။ ရှာ၍မရသည့်အဆုံး သစ်ပင်ပေါ်သို့ ပြန်တက်ကာ မှိုင်နေသည်။

မျောက်၏ အပြုအမူများကို မင်းကြီးက ပညာရှိအမတ်အား မေးမြန်းရာ ပညာရှိ အမတ်က 'မြတ်သောမင်းကြီး၊ အများကို မကြည့်ဘဲ အနည်းကိုသာ တွယ်တာတတ်သော

http://www.dhammadownload.com



လူမိုက်တို့သည် ဤသို့ပင် ဆုံးရှုံးမြဲ ဖြစ်ပါသည်'ဟု အဖြေပေးသည်။ မင်းကြီးသည် ထိုစကားကြောင့် ရှေ့ခရီးသို့ မဆက်တော့ဘဲ ဥယျာဉ်တော်မှ ပြည်တော်သို့ ပြန်ဝင်လာသည်။ သူပုန်များသည် မင်းကြီး ထွက်တော်မူလာကြောင်းကို ကြားသိရသဖြင့် ထထွက်ပြေးသွားကြသည်။

**ဇာတ်ပေါင်း။** ။ဗာရာဏသီမင်း-အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။အများအကျိုးထက် အနည်းအကျိုးကြည့်သူ ဆုံးရှုံးမှုနှင့်ကြုံမြဲ။

---

# ၁၇၇။ တိန္ဒုကဇာတ်

## တည်သီးစားလို၍ အန္တရာယ်ကြုံရသော မျောက်များ

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ ပါရမီတော်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဟောတော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မျောက်မင်း ဖြစ်၍ မျောက်အခြွေအရံ ရှစ်သောင်းနှင့်အတူ ဟိမဝန္တာ၌ နေနေသည်။ ဟိမဝန္တာ၏ တောင်စွန်းတန်းနေရာတွင် ရွာငယ်တစ်ရွာ ရှိသည်။ တစ်ခါတစ်ရံမှသာ ထိုရွာတွင် လူအများနေကြသည်။ တည်ပင်ကြီး တစ်ပင်သည်လည်း ထိုရွာ၏ အလယ်ဝိုင်းတွင် ပေါက်လျက်ရှိသည်။ မျောက်များသည် လူများမနေသော အချိန်တွင် ထိုတည်ပင်မှ အသီးများကို စားနေကျဖြစ်သည်။ ထိုနှစ် တည်သီးပေါ်ချိန်မှာလည်း မျောက်များသည် တည်သီးများ စားလိုကြသဖြင့် လူများ အိပ်ပျော်နေသော သန်းခေါင်းယံတွင် ရွာထဲသို့ တိတ်တဆိတ် ဝင်ကာ အသီးများကို စားသောက်ကြသည်။ ထိုအခိုက် ယောကျ်ားတစ်ယောက်က မျောက်များကို တွေ့သွားရာ ရွာသားများကိုနှိုးယူ၍ တည်ပင်ကို ဝိုင်းရံထားလိုက်ကြသည်။

မျောက်များတည်ပင်သို့လာစဉ် အိပ်ပျော်ကျန်နေခဲ့သော သေနကအမည်ရှိ မျောက်သည် နောက်မှလိုက်လာခဲ့ရာ တည်ပင်၌ မျောက်များ အန္တရာယ်နှင့်ကြုံနေသည်ကို မြင်ရသဖြင့် အဘွားအိုတစ်ဦးထံမှ မီးတစ်စကိုယူ၍ အိမ်ကို မီးတင်ရှို့လိုက်သည်။ လူများသည်

http://www.dhammadownload.com



မီးငြိမ်းသတ်ရန် ပြန်ပြေးသွားကြသည်။ ထိုအခါ တည်ပင်ထေါ်မှ မျောက်များသည် သေနက မျောက်အတွက် တည်သီးတစ်လုံးစီ ယူဆောင်၍ ပြန်ပြေးလာခဲ့ ကြသည်။

ဇာတ်ပေါင်း။ ။ သေနက-မဟာနာမ်၊ မျောက်များ-ဗုဒ္ဓ၏ပရိသတ်၊ မျောက်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အရေးကြုံလျှင် ကြံရည်ဖန်ရည်ရှိဖို့ အရေးကြီးသည်။

---

## ၁၃၈။ ကစ္ဆပဇာတ်

### ဇာတိနေရာမှမခွာနိုင်သော လိပ်

**ပစ္စုပ္ပန်ဝတ္ထု၊**

ကူးစက်ရောဂါ ဖြစ်ပွားစဉ် အိမ်မှထွက်ပြေးပြီး ရောဂါငြိမ်းအေးမှ အိမ်သို့ ပြန်လာ နေထိုင်သဖြင့် အသက်ရှည်သော အမျိုးသမီးတစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိက ရွာငယ်တွင် အိုးထိန်းသည် (အိုးလုပ်ငန်းဖြင့် အသက်မွေးသူ) ဖြစ်နေသည်။ ထိုအခါက ဗာရာဏသီမြို့အနီး၌ ရေများချိန်တွင် မြစ်နှင့်ဆက်၍ ရေနည်းချိန်တွင် သီးခြားစီ ဖြစ်သွားလေ့ရှိသည့် ရေအိုင်ကြီးတစ်ခု ရှိသည်။ ငါး၊ လိပ်တို့သည် ဤနှစ်တွင် မိုး ကောင်းမည်၊ မိုးခေါင်မည်ကို သဘာဝ အလျောက် ကြိုတင်၍ သိနေတတ်ကြသဖြင့် မိုးခေါင်မည့်နှစ်တွင် ရေအိုင်ထဲမှ ငါး၊ လိပ်တို့သည် အိုင်ရေသည် မြစ်ရေနှင့် ဆက်စပ် နေချိန်၌ပင် အိုင်မှထွက်သွားကြသည်။ သို့ရာတွင် လိပ်တစ်ကောင်သည် ဤနေရာသည် ငါ၏ဇာတိနေရာဆိုသည့် အစွဲအလမ်းဖြင့် ဆက်၍နေခဲ့သည်။

နွေရောက်၍ ရေပြတ်သွားချိန်တွင် ထိုလိပ်သည် မြေကိုကျစ်၍ ဝပ်နေရာ အိုးထိန်းသည်က ထိုနေရာမှ မြေကိုယူရန် ပေါက်တူးဖြင့် ပေါက်လိုက်စဉ် လိပ်၏ ကျောကုန်းကို ပေါက်မိပြီး လိပ်သည် ထိုဒဏ်ရာဖြင့်ပင် သေဆုံးခဲ့ရသည်။

ဇာတ်ပေါင်း။ ။လိပ်-အရှင်အာနန္ဒာ၊ အိုးထိန်းသည်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ဇာတိနေရာဖြစ်သော်လည်း အကျိုးမပြုလျှင် ထွက်ခွာလိုက်ပါ။


---

http://www.dhammadownload.com



 သေဘေးကြုံလျက် မိမိနေရာကိုမစွန့်သောလိပ်သည် အိုးထိမ်းသည်၏လက်ချက်ဖြင့်သေရပုံ။ 

http://www.dhammadownload.com



ဇာတ်အမှတ်-၁၇၈ သေဘေးကြုံလျက် မိမိနေရာကိုမစွန့်သောလိပ်သည် အိုးထိန်းသည်၏လက်ချက်ဖြင့်သေရပုံ။

http://www.dhammadownload.com



# ၁၇၉။ သတဓမ္မဇာတ်

## ဒွန်းစဏ္ဍားဏ် ထမင်းကိုစားသူ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းသံဃာများနှင့် မအပ်စပ်သောနည်းများဖြင့် ရှာဖွေ၍ရလာသောဆွမ်းကို စားခြင်းသည် ရဲရဲညီးသော သံတွေခဲကို စားခြင်းနှင့် တူကြောင်း မိန့်တော်မူကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် 'ဒွန်းစဏ္ဍား' မျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်၌ ကိစ္စတစ်ခုဖြင့် ခရီးထွက်လာခဲ့ရာ လမ်းတွင် စားသုံးသွားရန် ရိက္ခာထုပ်ကိုလည်း ဆောင်ယူလာခဲ့သည်။ လမ်းဆောတစ်နေရာ အရောက်တွင် မည်သည့်ရိက္ခာမျှ ပါမလာသော ဥဒိစ္စပုဏ္ဏားမျိုး 'သတဓမ္မ' လူငယ်နှင့် တွေ့ဆုံသည်။

နှစ်ယောက်သား ခရီးဆက်ခဲ့ကြရာ နံနက်စာစားချိန်တွင် ဒွန်းစဏ္ဍားသည် ပါလာသည့် ထမင်းထုပ်ကို ဖြည်၍စားရင်း သတဓမ္မ လူငယ်ကို ထမင်းစားခေါ်သည်။ မစားလိုကြောင်း ငြင်းပယ်၍ မိမိ ဝလောက်ရုံမျှသာ ထမင်းကို ခွဲယူစားသောက်ပြီး ကျန်သော ထမင်းကို ညနေစာအတွက် ပြန်ထုပ်ထားပြီး ရှေ့ခရီးသို့ နှစ်ယောက်အတူ ဆက်ကြသည်။ ညနေချမ်းသို့ ရောက်သောအခါ ရေဆိပ်တစ်ခုအနီးမှာပင် စခန်းချ ရပ်နားကြရင်း ရေချိုးပြီးချိန်၌ ဒွန်းစဏ္ဍားသည် ထမင်းထုပ်ကို ဖြည်ကာ သတဓမ္မကို မခေါ်တော့ဘဲ တစ်ယောက်တည်းပင် စားနေလိုက်သည်။

ဤတွင် မအောင့်အည်းနိုင်တော့သော လူငယ်သည် ဒွန်းစဏ္ဍားစားနေသော ထမင်းထုပ်ကို အတင်းလုယူကာ အပေါ်မှ ထမင်းများကို ယက်ဖယ်၍ အောက်ဘက်မှ ထမင်းများကို စားသည်။ စားပြီးခါမှ 'ငါသည် မိမိ၏ အမျိုး၊ ဇာတ်တို့ကို မထောက်ဘဲ ဒွန်းစဏ္ဍား၏ စားကြွင်းထမင်းကို စားမိနေပါပကော'ဟု တွေးမိကာ စိတ်ထိခိုက်သွားသည်။ သွေးနှင့်တကွ ထမင်းများကို ပြန်၍အန်သည်။ သတဓမ္မသည် ထိုအချိန်မှစ၍ အိမ်သို့ မပြန်ဝံ့တော့ဘဲ တောထဲမှာပင် အားကိုးရာမဲ့ သေဆုံးသွားလေသည်။

**ဇာတ်ပေါင်း။** ။ သတဓမ္မလုလင်-အရှင်အာနန္ဒာ၊ ဒွန်းစဏ္ဍား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ တစ်ကြိမ်တစ်ခါမှားမိလျှင် ရာသက်ပန်စိတ်ပူရတတ်သည်။

http://www.dhammadownload.com



# ၁၈၀။ ခုဒ္ဒဇာတ်

## အလှူအကျိုး အညီအမျှဝေဝေသူ

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိမြို့မှ သူကြွယ်သားနှစ်ယောက်နှင့် မြို့သူ မြို့သားတို့သည် ဘုရား အမှူးရှိသော သံဃာများအား ခုနစ်ရက်တိုင် လှူဖွယ်များ ဆက်ကပ်လှူဒါန်းရာတွင် ဦးဆောင်သူ ဒါယကာသည် 'အရှင်ဘုရား၊ ဤအလှူ၌ အချို့တို့သည် များစွာပါဝင်၍ အချို့တို့သည် အနည်းငယ်သာ ပါဝင်နိုင်ကြပါသည်။ သူတို့အားလုံးသည် ဤအလှူ၏ အကျိုးကို အညီအမျှရကြပါစေ'ဟု အမျှဝေ လျှောက်ထားသောအခါ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်သောအခါ ဘုရားလောင်းသည် ရသေ့ပြု၍ ဟိမဝန္တာ၌ နေရာချဉ်,ဆား မှီဝဲလိုသဖြင့် တပည့်ရသေ့များနှင့်အတူ မင်းဥယျာဉ်တွင် လာရောက်နေထိုင်သည်။ နှစ်ရက်မြောက်သောနေ့၌ မြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ ဒါယကာများသည် သဒ္ဓါတရား ထက်သန်စွာဖြင့် ဆွမ်းများ လောင်းလှူသည်။ အသင်းအဖွဲ့များ စုစည်း၍လည်း အလှူကြီး ပေးလှူကြသည်။ နောက်ဆုံးနေ့တွင် ဦးဆောင်ဒါယကာသည် အလှူ၏ အကျိုးကို အညီအမျှ ပေးစေသည်။ ထိုအခါ ဘုရားလောင်းရသေ့ကြီးက 'ဒါယကာ၊ ကြည်ညို သဒ္ဓါ ရှိခဲ့ပါလျှင် ဒါနသည် နည်းသည်ဟူ၍ မရှိ'ဟု ဆို၍ အနုမောဒနာ ပြုလေသည်။ မိုးလများ ကုန်လွန်သွားခဲ့ချိန်တွင် ရသေ့အားလုံးတို့သည် ဟိမဝန္တာသို့ ပြန်သွားခဲ့ကြသည်။

**ဇာတ်ပေါင်း။** ။ရသေ့များ-ဗုဒ္ဓ၏ပရိသတ်၊ ဆရာရသေ့ကြီး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။လှူလိုသောစေတနာသာ ပဓာနဖြစ်သည်။

ကလျာဏဝဂ် ပြီးပြီ။

http://www.dhammadownload.com



# ၄။ အသဒိသဝဂ်

## ၁၈၁။ အသဒိသဇာတ်

### သူတော်ကောင်း လေးရွမ်းပြသူ မင်းသား

**ပစ္စုပ္ပန်ဝတ္ထု၊**

မင်းစည်းစိမ်ကို စွန့်၍ တောထွက်တော်မူသော ဘုရားရှင်၏ နိက္ခမပါရမီကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုမင်းကြီး၌ သားတော်နှစ်ပါး ထွန်းကားသည်။ သားတော်ကြီး၏ အမည်မှာ 'အသဒိသ'ဖြစ်၍ သားတော်ငယ်မှာ 'ဗြဟ္မဒတ္တ'ဖြစ်သည်။ သားတော်ကြီး အရွယ်ရောက်ချိန်၌ ဒိသာပါမောက္ခဆရာကြီးထံ သွား၍ ပညာသင်ရာ တစ်ဆယ့်ရှစ်ရပ်သော ပညာရပ်များကို တတ်မြောက်၍ လေးအတတ်၌ ထူးထူးချွန်ချွန် တတ်မြောက်သည်။

မကြာမီ ခမည်းတော်ဘုရင်ကြီး နတ်ရွာစံသော် ခမည်းတော် မင်းကြီး၏ မှာကြားချက်အတိုင်း ပြည်သူများက အသဒိသအား မင်းအဖြစ်ကို ပေးအပ်ကြသော်လည်း လက်မခံ၍ ဗြဟ္မဒတ္တအား မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။ အသဒိသ မင်းသား၏ နေထိုင်ပြုမူပုံများမှာ မင်းတစ်ပါးနှင့် မည်သို့မျှ မခြားနား၊ ထို့ကြောင့် ဘုရင့်လက်စွဲတော်များသည် ညီတော် ဗြဟ္မဒတ္တမင်းအား နောင်တော်ကြီး အသဒိသသည် မင်းပြုရန် ကြံရွယ်လျက်ရှိကြောင်း ဂုံးတိုက်လျှောက်တင်ကြသဖြင့် ညီဘုရင်က နောင်တော်အား ဖမ်းမိန့်ပေးလိုက်သည်။

အသဒိသသည် ထိုအမိန့်ကို ကြိုတင်သိသဖြင့် မြို့မှ ထွက်ပြီး အိမ်နီးချင်း မင်းတစ်ပါးထံ၌ လေးသည်တော်အဖြစ် အမှုထမ်းသည်။ တစ်နေ့တွင် မင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်တော်မူပြီး မင်္ဂလာကျောက်ဖျာအနီး သရက်ပင်ရင်းတွင် အိပ်ရာခင်း၍ ခေတ္တလဲလျောင်းနေစဉ် သရက်ပင်ထိပ်ဖျားမှ သရက်သီးတစ်ခိုင်ကို တက်ခူးရန် မလွယ်သဖြင့် လေးသမားများကို ခေါ်၍ မြားဖြင့် ပစ်ချနိုင်စွမ်း ရှိ၊မရှိကို မေးတော်မူသည်။ 'ပစ်ချရန်မှာ မခက်ပါ၊ သို့သော် အရှင်မင်းကြီးက ရိက္ခာများစွာ ပေးထားသည့် ယခု ရောက်သစ်စ လေးသည်တော်ကိုသာ ခိုင်းသင့်ပါသည်'ဟု လျှောက်ထားကြသည်။

http://www.dhammadownload.com



သို့ဖြင့် မင်းသည် အသဒိသကို ခေါ်၍ ထိုသရက်သီးကို ပစ်ချနိုင်စွမ်းရှိမရှိကို မေးတော်မူသဖြင့် စွမ်းနိုင်ပါကြောင်း၊ သို့ရာတွင် တက်သောမြားနှင့် အောက်သို့ ပြန်ဆင်းလာသောမြား မည်သည့်မြားနှင့် သရက်သီး ကျစေလိုသည်ကို သိလိုပါကြောင်း ပြန်လည် လျှောက်တင်သည်။

မင်းက တက်သောမြားဖြင့် ကျသည်ကို မြင်ခဲ့ဖူးပြီ ဖြစ်၍ ပြန်ဆင်းလာသော မြားဖြင့် ကျစေလိုသည်ကို မြင်လိုသည်ဟု မိန့်တော်မူသည်။ ဤတွင် အသဒိသသည် ပထမမြား တစ်စင်းကို သရက်သီးနိုင်၏ အညှာ တစ်ဝက်ကို ဖြတ်၍ အထက်သို့ တက်သွားအောင် ပစ်တင်လိုက်ပြီး ဒုတိယမြားကိုမူ ပထမမြားထက် အဟုန်ပြင်းစွာ ပစ်လွှတ်လိုက်ရာ ပထမမြားကို မိသည့်နေရာတွင် မြားလှံ၊ မြားတောင့်နှင့် ခတ်သဖြင့် ပထမမြားသည် အောက်သို့ ပြန်၍ လည်ဆင်းလာခဲ့သည်။ တက်သွားရာ လမ်းကြောင်းအတိုင်း အဟုန်ဖြင့် ပြန်ဆင်းလာသော မြားသည် သရက်သီးနိုင်၏ ကျန်အညှာတစ်ဝက်ကို ဖြတ်ချလိုက်ရာ အတွဲလိုက် ပြုတ်ကျလာသည်။ သရက်သီးနိုင်နှင့် မြားကို မြေသို့မကျစေဘဲ လေထဲတွင် ဖမ်းယူခဲ့သည်။ ထို့ကြောင့် မင်းသည် အသဒိသအား စည်းစိမ်ဥစ္စာများ ပေး၍ ချီးမြှင့်မြှောက်စားတော်မူသည်။'

ဗာရာဏသီ၌ အသဒိသမင်းသား မရှိသည်ကို သိကြသော ခုနစ်ပြည်ထောင် မင်းတို့သည် ပြည်ကို အပ်မည်လော၊ စစ်မက်ဖက်ပြိုင်ခြင်းကိုပင် ပြုမည်လောဟု ဗြဟ္မဒတ္တမင်းထံ ရာဇသံပို့ကြသည်။ အသဒိသမင်းသားသည် ညီတော် ဗြဟ္မဒတ္တမင်း၏ အကူအညီ တောင်းမှုကြောင့် ဗာရာဏသီပြန်လာပြီး 'ငါ အသဒိသမင်းသား ပြန်လာပြီ၊ ဤမြားနောက်တွင် အခြား မြားတစ်စင်း လာလိမ့်မည်၊ အသက် ဆက်ရှင်နေလိုသူများ အမြန်ပြေးကြ' ဟူသော စာတန်းကို မြားခုနစ်စင်းတို့တွင် ရေးထိုး၍ မင်းခုနစ်ပါးတို့ ထမင်းစားနေကြ နိုက်တွင် ပစ္စင်ပေါ်မှနေ၍ ပစ်လိုက်သည်။ မြားအားလုံးသည် ရွှေခွက်များ၏ အဖုံးများ ပေါ်တွင် သွားစိုက်နေကြသည်။ မြားပါ စာတန်းများကို တွေ့လိုက်ကြသည်ဆိုလျှင် မင်း ခုနစ်ပါးတို့သည် ဒရောသောပါး ထွက်ပြေးသွားခဲ့ကြသည်။ ထို့နောက် အသဒိသ မင်းသား သည် ညီတော်ထံ ခွင့်ပန်၍ ရသေ့ပြုသွားခဲ့ရာ အဘိညာဉ်သမာပတ်ရ ရသေ့တစ်ပါး ဖြစ်သွားသည်။

**ဇာတ်ပေါင်း။** ။ညီငယ်-အရှင်အာနန္ဒာ၊ အသဒိသမင်းသား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။မင်းစည်းစိမ်ချမ်းသာထက် ဈာန်ချမ်းသာကပိုမြတ်သည်။

http://www.dhammadownload.com



# ၁၈၂။ သင်္ဂါမာဝစရဇာတ်

## ထိုက်တန်ရာလက်ခံသော ခုံမိန်ထီးဆုံးဖြတ်

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ကပိလဝတ်နန်းထက်မှ ညီတော်နန္ဒမင်းသားကို သပိတ်ကို ထမ်းစေ၍ ပြန်ကြွလာရာတွင် လေသာပြတင်းအထက်မှ ဇနပဒကလျာဏီ မင်းသမီးက "အရှင်သားတော် အမြန်ပြန်လာခဲ့ပါ"ဟု မှာကြားသောစကားကို အစဉ်အောက်မေ့လျက် မပျော်မရွှင်ဖြစ်နေသည်။ ထိုအခါ မြတ်စွာဘုရားရှင်က နန္ဒအား ဟိမဝန္တာသို့ ခေါ်ဆောင်သွားပြီး မီးလောင်ထားသော သစ်ငုတ်တိုပေါ်တွင် မီးလောင်ဒဏ်ရာဖြင့် ထိုင်နေသော မျောက်မတစ်ကောင်ကို ပြ၍ ဇနပဒကလျာဏီနှင့် မည်သူက လှကြောင်း မေးမြန်းသည်။ ထို့နောက် တာဝတိံသာနတ်ပြည်သို့ ခေါ်ဆောင်သွားပြီး နတ်သမီးတို့၏ အလှနှင့် ဇနပဒကလျာဏီ၏အလှ မည်သူက ပိုလှသနည်းဟု မေးသည်။ နတ်သမီးတို့၏ အလှက ပိုလှသည်ဖြစ်၍ ရယူလိုကြောင်း လျှောက်ထားသဖြင့် ထိုနတ်သမီးတို့ကို ရယူလိုပါက ရဟန်းတရားကို ကျင့်ဟု မြတ်စွာဘုရားက မိန့်တော်မူသည်။

အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက နန္ဒအား 'မိန်းမတို့နှင့်စပ်သော ကိလေသာကို အမှီပြုပြီး ရဟန်းပြုခြင်းမှာ အမှုလုပ်ယောကျ်ားနှင့် တူသည်။'ဟု မိန့်၏။ ထိုအခါ နန္ဒမထေရ်သည် ရှက်ရွံ့ခြင်းကိုဖြစ်၍ မသင့်သည်ကို နလုံးသွင်းမိ၏။ တွေးပြီး ထိတ်လန့်ခြင်းကို ဖြစ်၏။ ထို့ကြောင့် လုံ့လကိုထုတ်၍ ရဟန်းတရားကို အားထုတ်ရာ မကြာမီ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန္တာ ဖြစ်သွားသည်။

ထိုအကြောင်းကို ရဟန်းတို့သည် တရားသဘင်၌ 'နန္ဒမထေရ်သည် တစ်ကြိမ်တည်းသာ ဆုံးမရုံဖြင့် အရှက်အကြောက်ကို ဖြစ်စေကာ ရဟန်းတရားကို အားထုတ်သောကြောင့် အရဟတ္တဖိုလ်သို့ ရောက်ရသည်'ဟု နန္ဒမထေရ်အကြောင်း ပြောဆိုနေကြခြင်းနှင့် စပ်လျဉ်း၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ အိမ်နီးချင်း မင်းတစ်ပါးထံ ဆင်ဆရာ ဖြစ်နေသည်။ ဆင်ဆရာသည် မင်္ဂလာဆင်တော်ကို ကောင်းစွာ သင်ကြားပေးပြီး ဗာရာဏသီပြည်ကို သိမ်းပိုက်ရန် ချီတက်လာသည်။ မြို့ကို ဝိုင်းရံပိတ်ဆို့ထားကာ 'ပြည်ကိုပင် အပ်မည်လော၊ စစ်မက်ပြိုင်ခြင်းကိုပင် ပြုမည်လော'ဟူသော ရာဇသံ ပို့လိုက်သည်။ ဗြဟ္မဒတ်မင်းက ပြည်ကိုမအပ်၊ စစ်မက်ပြိုင်မည်ဟု ဆိုသဖြင့် အိမ်နီးချင်း မင်းသည် မင်္ဂလာဆင်တော်ကို ချပ်ဝတ်တန်ဆာများဖြင့် ဖုံးလွှမ်း၍

http://www.dhammadownload.com



ကိုယ်တိုင် တက်စီးလျက် ချွန်းတောင်းကို ကိုင်စွဲပြီး မြို့ကို ဖျက်ရန် မြို့တံခါးဆီသို့ ချီတက်သည်။

သို့ရာတွင် တစ်ဖက်မှ လက်နက်မျိုးစုံဖြင့် ခုခံတွန်းလှန်လိုက်သဖြင့် မင်္ဂလာဆင်တော်သည် အနီးသို့ မကပ်ဝံ့ဘဲ ပြန်ဆုတ်လာရသည်။ ဆင်ဆရာသည် ဆင်တော်အနီးသို့ ကပ်၍ 'အမောင်၊ သင်သည် ရဲရင့်သူ၊ စစ်မြေပြင်၌ နှိမ်နင်းတတ်သူ ဖြစ်ပါလျက် ပြန်ဆုတ်လာရခြင်းသည် မသင့်လျော်'ဟု အားပေးလိုက်သည်။ မင်္ဂလာဆင်တော်သည် ဆင်ဆရာ၏ တစ်ကြိမ်တည်းသော အဆုံးအမကြောင့် ချက်ချင်း ရှေ့သို့ ပြန်၍ ပြေးတက်သွားကာ မြို့တံခါးတိုင်ကို နှာမောင်းဖြင့် နုတ်ပစ်လိုက်သည်။ တံခါးပေါင်ကို နင်းချိုး၍ တံခါးကို ဖျောက်ဖျက်ကာ မြို့တွင်းသို့ဝင်လျက် တစ်ပြည်လုံးကို သိမ်းပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ **မင်္ဂလာဆင်-ညီတော်နန္ဒ၊ မင်း-အာနန္ဒာ၊ ဆင်ဆရာ-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ရဲစွမ်းသတ္တိနှင့်ပညာယှဉ်၍အလုပ်လုပ်လျှင် အရာရာကိုအောင်မြင်နိုင်သည်။**

---

# ၁၈၃။ ဝါလောဒကဇာတ်

## မူးဒရက်ရည်အကျန်ကိုသောက်ရသည့် မြည်းများ

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိမြို့တော်ရှိ အရိယာ ဒါယကာ ငါးရာတို့သည် ကျောင်းတော်သို့ လာ၍ တရားဘာဝနာ ပွားနေစဉ် သူတို့၏ အခိုင်းအစေ စားကြွင်းစားတို့သည် အစီရဝတီမြစ်နားတွင် ဆူညံစွာ အော်ဟစ်မြူးတူးနေကြသည်။ ထိုအကြောင်းကို မြတ်စွာဘုရားက အရှင်အာနန္ဒာအား မေးမြန်းတော်မူပြီးလျှင် 'အာနန္ဒာ၊ စားကြွင်းစားတို့သည် ရှေးအခါကလည်း ဤအတိုင်းရှိခဲ့ကြဖူးပြီ၊ အရိယာ ဒါယကာငါးရာတို့သည်လည်း ဤသို့ပင် ဆိတ်ငြိမ်စွာ နေခဲ့ကြဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ မင်းသည် ဆူပူနေသော သူပုန်များကို နှိမ်နင်းရာတွင် သိန္ဓောမြင်း ငါးရာတို့ကို အဓိကထား၍ အသုံးပြုသည်။ နေပြည်တော်သို့ ပြန်ရောက်

http://www.dhammadownload.com



သောအခါ သိန္ဓောမြင်းများအား 'မုဒရက်ဖျော်ရည်'များ တိုက်ကျွေးစေပြီး ကျန်နေသော အဖတ်များကို ရေဖြင့် ရောနယ်စေကာ အရည်များကို စစ်ယူပြီး မြည်းများကို တိုက်ကျွေး စေသည်။

အကြွင်းအကျန်များကို သောက်ကြရသည့် မြည်းများသည် သိန္ဓောမြင်းများ ကဲ့သို့ မဟုတ်ဘဲ အဖျော်ရည်ကို သောက်ကြပြီးသည်နှင့် ဆူညံသံများပြု၍ မင်းရင်ပြင် အနှံ့ ခုန်ပေါက် ပြေးလွှားနေကြသည်။ ထိုမြင်ကွင်းကို မြင်ရသော မင်းကြီးသည် ပညာရှိ အမတ်ကို ခေါ်၍ အကြောင်းရင်းကို မေးသည့်အခါ 'မြတ်သော မင်းကြီး၊ မြည်းများသည် အရသာ အနည်းငယ်မျှသာ ရှိတော့သော မုဒရက်ဖျော်ရည် အကြွင်းအကျန်များကို သောက် ကြပြီး မူးယစ်နေကြခြင်း ဖြစ်ပါသည်။ သိန္ဓောမြင်းတို့ကား အရသာရှိသော အဖျော်ဦးကို သောက်ကြရသော်လည်း မူးယစ်ခြင်းမရှိပါ'ဟု လျှောက်တင်လိုက်လေသည်။

**ဇာတ်ပေါင်း။** ။ သိန္ဓောမြင်းငါးရာ-ဒါယကာငါးရာ၊
မြည်းငါးရာ-စားကြွင်းစားငါးရာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ နှိုင်းယှဉ်ကြည့်နိုင်မှ မတူညီမှုကို မြင်နိုင်သည်။

---

# ၁၈၄။ ဂိရိဒတ္တဇာတ်

## မြင်းထိန်းခြေခွင်၍ မြင်းပါခြေခွင်

**ပစ္စုပ္ပန်ဝတ္ထု**

အဆွယ်ကောင်း၍ ဒေဝဒတ်နောက်သို့ လိုက်ပါသွားခဲ့ရသော ရဟန်းတစ်ပါးကို အကြောင်း ပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ သာမမင်း စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုမင်းတွင် 'ပဏ္ဍဝ'မည်သော မင်္ဂလာမြင်းတစ်စီးရှိရာ ထိုမြင်းကို ထိန်းကျောင်းရသော 'ဂိရိဒတ္တ'သည် ခြေခွင်သူတစ်ယောက် ဖြစ်သည်။ မြင်း၏ နားရွှပ်ကြိုးကိုကိုင်၍ ရှေ့မှသွားနေသော ခြေခွင်သူ ဂိရိဒတ္တကို နေ့စဉ်မြင်ရသော် မြင်းသည် သူ့ကို သင်သည်ဟု ထင်ပြီး မြင်းထိန်းကဲ့သို့ ကျင့်သဖြင့် သူလည်း ခြေခွင်သွားလေသည်။

http://www.dhammadownload.com



မင်းသည် ဆေးဆရာကို ခေါ်၍ပြသရာ မည်သည့်ရောဂါဝေဒနာမျိုးမှ စွဲကပ်ခြင်း မရှိကြောင်း သိရသဖြင့် ပညာရှိအမတ်အား ကြည့်ရှုစစ်ဆေးရန် ခိုင်းသောအခါ မြင်း၏ ကိုယ်တွင်းစေတ်ခံကိုသာမက ပတ်ဝန်းကျင်မှ မြင်ကြားရသည်များကိုပါ လေ့လာသုံးသပ်ပြီး မင်္ဂလာမြင်း ခြေခွင်လာရသည်မှာ ဂိရိဒတ္တကြောင့် ဖြစ်ကြောင်း လျှောက်ထားသည်။ မင်းသည် ကောင်းသော မြင်းထိန်းတစ်ယောက် ပြောင်းလဲပေးလိုက်သည့်အခါ မင်္ဂလာမြင်း သည်လည်း ပြန်၍ ကောင်းလာသည်။

**ဇာတ်ပေါင်း။ ။ ဂိရိဒတ္တ-ဒေဝဒတ်၊**
**မင်္ဂလာမြင်း-ဆန့်ကျင်ဘက်မိတ်ဆွေနှင့်ပေါင်းသင်းသောရဟန်း။**
**မင်း-အရှင်အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ အတုမြင် အတတ်သင်တတ်သည်မှာ ဓမ္မတာ။**

---

## ၁၈၅။ အနဘိရတိဇာတ်

### စိတ်မကြည်လင်၍ ပညာမေ့ပျောက်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဗေဒင်သုံးပါးကို ပါရဂူမြောက် တတ်ကျွမ်းသော ပုဏ္ဏားတစ်ဦးသည် အိမ်ထောင်ပြုပြီး နောက် အိမ်ထောင်မှုတာဝန်ကြောင့် ဗေဒင်ပညာများ မေ့မေ့ပျောက်ပျောက် ဖြစ်ရပုံကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားသူကြွယ် မျိုး၌ ဖြစ်သည်။ အရွယ်ရောက်သော် ဗာရာဏသီပြည်၏ ဒိသာပါမောက္ခဆရာ ဖြစ်လာ သည်။ ဗေဒင်ပညာရပ်ကို လာရောက်သင်ယူကြသည့် မင်းသားများနှင့် ပုဏ္ဏားတို့အနက် ပုဏ္ဏားလုလင် တစ်ယောက်သည် ထူးချွန်စွာ ဗေဒင်သုံးပုံတို့ကို တစ်ဖက်ကမ်းခတ် တတ်မြောက်သည်။ ထိုလုလင်အား ဆရာကြီးသည် လက်ထောက်ဆရာအဖြစ် တာဝန် ပေးသည်။ နောက်ပိုင်းတွင် လုလင်သည် အိမ်ထောင် ပြုလိုက်ရာ များပြားလွန်းသော အိမ်ထောင်မှု ကိစ္စများကြောင့် စိတ်အမြဲ နောက်ကျုနေသဖြင့် ဗေဒင်ဆိုင်ရာ စာပေများ မေ့မေ့ပျောက်ပျောက်ဖြစ်ကုန်သည်။

http://www.dhammadownload.com



တစ်နေ့တွင် ထိုလက်ထောက်ဆရာအား ဆရာကြီးက 'ဆရာလေး၊ သင်သည် ဗေဒင်ပညာများကို လေ့ကျင့်မှုရှိပါ၏လော'ဟု မေးရာ သူ၏အဖြစ်စုံကို ပြန်ပြောပြသည်။

ထိုအခါ ဆရာကြီးက 'တပည့်၊ စိတ်နောက်ကျုနေလျှင် လေ့ကျင့်သော်လည်း ဗေဒင်ပညာတို့သည် ပေါ်မလာနိုင်၊ စိတ်ကြည်လင်နေလျှင် ပေါ်မလာသည့် ပညာဟူ၍ မရှိ'ဟု ဆုံးမသည်။

**ဇာတ်ပေါင်း။** ။လက်ထောက်ဆရာ-ပုဏ္ဏားလုလင်၊ ဒိသာပါမောက္ခ-ဗုဒ္ဓ။
**အနှစ်ချုပ်။** ။စိတ်ကြည်လင်မှုရှိမှ လုပ်ငန်းအောင်မြင်နိုင်သည်။

---

# ၁၈၆။ ဒဓိဝါဟနဇာတ်

## အခါးပင်ဖျက်၍ အချိုပျက်သော သရက်ပင်

**ပစ္စုပ္ပန်ဝတ္ထု၊**

အဆွယ်ကောင်း၍ ဒေဝဒတ်နောက်သို့ လိုက်ပါသွားသော ရဟန်းတစ်ပါးကို အကြောင်းပြုလျက် ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကာသိတိုင်းသား ပုဏ္ဏားညီနောင်လေးယောက်တို့သည် ရသေ့ပြု၍ ဟိမဝန္တာ၌ နေကြသည်။ အစ်ကိုကြီး ရသေ့ စုတေသွားပြီး သိကြားမင်းဘဝ ရောက်သွားသည်။ ထိုသိကြားမင်းသည် ရှစ်ရက်ခန့်ကြသော် မကျန်းမာသဖြင့် မီးလှူလိုသော ညီတော်အကြီး ရသေ့ထံသို့ ရောက်လာကာ 'အရှင်ဘုရား၊ အလိုရှိသောအခါ ဤပဲခွပ်ပုဆိန်ကို လက်ဖြင့်ပွတ်လျက် မီးပုံဖြစ်လော့ဟု အမိန့်ပေးလိုက်လျှင် ဤပုဆိန်သည် အမိန့်အတိုင်း ဆောင်ရွက်ပေးလိမ့်မည်'ဟု မှာထားပြီး ပေးခဲ့သည်။ ထို့နောက် ဆင်တို့၏နှောင့်ယှက်ခြင်းကို ခံနေရသော ညီလတ် ရသေ့ထံသို့ လာ၍ ညီလတ်ရသေ့အား စည်တစ်လုံးကို ပေးခဲ့ပြီးလျှင် 'စည်၏ ဤမှာဘက် မျက်နှာပြင်ကို တီးခဲ့လျှင်မူ အင်္ဂါလေးပါးရှိသော စစ်သည်များ ပေါ်ပေါက်လာလိမ့်မည်'ဟု မှာကြားခဲ့သည်။

တစ်ဖန် နို့ဓမ်း(နို့ချဉ်)ကို စားသုံးလိုသော ညီထွေးရသေ့ရှိရာသို့ လာခဲ့ပြီး ညီထွေးရသေ့အား နို့ဓမ်းအိုးတစ်လုံး ပေးလှူပြီး 'အကယ်၍ နို့ဓမ်းအိုးကို မှောက်သွန်လိုက်လျှင်

http://www.dhammadownload.com



နို့ခမ်းမြစ်ကြီးများ ဖြစ်ပေါ်လာလိမ့်မည်။ ထိုအခါ အရှင်ဘုရားအား မင်းအဖြစ်ကို ယူပေးကြလိမ့်မည်'ဟု မှာထားခဲ့သည်။

ထိုအချိန်က ရွာနေရာဟောင်းတစ်ခုတွင် အစာရှာစားနေသော ဝက်တစ်ကောင်သည် ပတ္တမြားတုံး တစ်ခုကို တွေ့ရသဖြင့် နှုတ်သီးဖြင့် ကိုက်လိုက်ရာ သူ့ကိုယ်သည် ကောင်းကင်ပေါ်သို့ ပျံတက်သွားပြီး သမုဒ္ဒရာအလယ်မှ ကျွန်းငယ်တစ်ခုပေါ်တွင် ဆင်းသက်ရသည်။ ဝက်သည် ပတ္တမြားတုံးကို ချထား၍ ရေသဖန်းပင်ရိပ် တစ်ခုတွင် အိပ်နေစဉ် လှေပျက်၍ ထိုကျွန်းပေါ် လာတင်နေသော လူတစ်ယောက် ဝက်အနီးသို့ ရောက်လျှင် ပတ္တမြားတုံးကို တွေ့မိရာမှ ကောက်ယူသွားသည်။

ထိုလူသည် ပတ္တမြားတုံး၏ အာနုဘော်ဖြင့် ထိုနေရာမှ ပျံတက်ရာ ဟိမဝန္တာသို့ ရောက်သော် ရသေ့ကြီး၏ ကျောင်းသခ်မ်းကို အပေါ်စီးမှ မြင်ရသဖြင့် ဆင်းလိုက်သည်။ သုံးရက်ခန့်နေပြီးနောက် ရသေ့ကြီး၏ ပဲခွပ်ပုဆိန်အစွမ်းကို သိသဖြင့် ထိုပဲခွပ်ပုဆိန်ကို ပတ္တမြားတုံးနှင့် နှစ်ဦးသဘောတူ ဖလှယ်၍ ယူလာသည်။ အကြံသမား ထိုလူသည် ရသေ့ကြီး၏ ကျောင်းသခ်မ်းမှ ထွက်လာခဲ့ပြီး ခပ်လှမ်းလှမ်းနေရာသို့ အရောက်တွင် ပဲခွပ်ပုဆိန်ကို လက်နှင့်ပွတ်၍ 'အို...ပဲခွပ်ပုဆိန်၊ ရသေ့ကြီး၏ ဦးခေါင်းကို ဖြတ်၍ ပတ္တမြားတုံးကို ယူခဲ့လော့'ဟု စေလိုက်သည်။

ပဲခွပ်ပုဆိန်သည် အမိန့်အတိုင်း ဆောင်ရွက်၍ ပတ္တမြားတုံးကို ပြန်ယူလာ သည်။ ထိုသူသည် ရသေ့လတ်နှင့် ညီထွေး ရသေ့များထံမှ စည်နှင့် နို့ခမ်းကိုလည်း ထိုနည်းအတိုင်း ရယူခဲ့သည်။ ထို့နောက် ဗာရာဏသီမင်းအားလည်း စစ်ပြု၍ မင်းကိုသတ်ပြီး ဗာရာဏသီ၌ မင်းပြုသည်။ ဒဓိဝါဟနမင်းဟု ခေါ်ဝေါ်ကြသည်။

တစ်နေ့တွင် မြစ်ထဲ၌ ထူးဆန်းသော သရက်သီးမှည့်တစ်လုံး မျောပါလာ၍ မင်းအား ဆက်သရာ အရသာရှိသဖြင့် အစေ့ကို ဉယျာဉ်တော်ထဲ၌ စိုက်ပျိုးသည်။ သုံးနှစ်သား အရောက်တွင် ထိုသရက်ပင်သည် သီးပွင့်လာသည်။ ဒဓိဝါဟနမင်းသည် ထိုသရက်သီး များကို တိုင်းခြားမင်းများထံ လက်ဆောင်အဖြစ်ပို့ပေးသည်။ မျိုးပွားမည်စိုး၍ အညွန့်ထွက်လာမည့် နေရာကို အဆိပ်ရှိသည့် အရိုးတို့ဖြင့် ထိုး၍ မျိုးဖျက်ကာ ပို့စေသည်။

ထိုအကြောင်းကို သိသော တိုင်းခြားမင်းတစ်ပါးသည် ဉယျာဉ်မှူးကို ခေါ်၍ သရက်ပင်ကို ဖျက်ဆီးခိုင်း လိုက်သည်။ ထိုဉယျာဉ်မှူးသည် ဒဓိဝါဟနမင်းထံ ရောက်သော အခါ အစွမ်းကို လျှောက်ထားရာ လက်ထောက်ဉယျာဉ်မှူးအဖြစ် အမှုထမ်းခွင့်ရသည်။

http://www.dhammadownload.com



ထိုသူသည် မန္တန်တန်ခိုးဖြင့် ရာသီမဟုတ်ဘဲ ပန်းများကို ပွင့်စေ၊ အသီးများကို သီးစေသည်။ မင်းသည် ပို၍သဘောကျကာ ဥယျာဉ်မှူးအဟောင်းကို ထုတ်ပယ်၍ ဥယျာဉ်မြေတစ်ခုလုံးကို သူ့လက်သို့ အပ်လိုက်သည်။

ဤတွင် အကြံသမား ဥယျာဉ်မှူးသည် သရက်ချိုပင်ကို ဝိုင်းရံ၍ တမာနှင့် ခွေးတောက်ပင်များကို စိုက်သဖြင့် အလွန်ချိုသော သရက်သီးသည် တမာအရသာကဲ့သို့ ခါးသွားသည်။

မင်းသည် ထိုအကြောင်းရင်းကို ပညာရှိ အမတ်အား မေးရာ တမာ၊ ခွေးတောက်တို့နှင့် ရောယှက်နေရ၍ ဖြစ်ကြောင်း ၎င်းတို့ကိုဖယ်၍ မြေကောင်း မြေသန့်များ ကျွေးခြင်း၊ နို့ရည်၊ သကာရည်၊ နံ့သာရည်တို့ဖြင့် သွန်းလောင်းခြင်းများ ပြုလုပ်လျှင် ချိုမြိန်လာမည် ဖြစ်ကြောင်းကို တင်လျှောက်လျှင် မင်းသည် အမတ်၏ တင်လျှောက်ချက်အတိုင်း ပြုပြင်စေရာ မကြာမီ သရက်သီးသည် ပြန်၍ချိုမြိန်လာလေသည်။

**ဇာတ်ပေါင်း။** ။ပညာရှိအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။မကောင်းသူနှင့် ပေါင်းလျှင် သူကောင်းလည်း ပျက်စီးမြဲ။

---

# ၁၈၇။ စတုမဋ္ဌဇာတ်

## ပွဲဖျက်သူ မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

အဂ္ဂသာဝကကြီး နှစ်ပါး အချင်းချင်း ဓမ္မပြဿနာများ မေးဖြေကြစဉ် အလိုက် မသိသော ရဟန်းအိုတစ်ပါးက အဂ္ဂသာဝကကြီးများ အနီးသို့ ရောက်လာပြီးရောနှောပြောဆိုရန် အားထုတ်သည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောအုပ်တစ်ခုတွင် ရုက္ခစိုးနတ် ဖြစ်နေသည်။ ဂိဇ္ဈကုဋ်တောင်မှ အစာရှာထွက်လေ့ရှိသော ရှေ့ဟင်္သာညီနောင် နှစ်ကောင်တို့သည် ရုက္ခစိုးနတ် နေသော ထိုသစ်ပင်တွင် ခရီးအသွားအပြန်၌ နားခိုလေ့ရှိကြသည်။ ကြာသော် ရှေ့ဟင်္သာညီနောင်တို့သည် ရုက္ခစိုးနတ်နှင့် အကျွမ်းတဝင်ရှိလာကာ တရားစကားများကိုပင် ဆွေးနွေးတတ်ကြသည်။

http://www.dhammadownload.com



ရွှေဟင်္သာညီနောင်နှင့် ရက္ခစိုးနတ်တို့ တရားဆွေးနွေးကြစဉ် မြေခွေးတစ်ကောင်သည် ထိုသစ်ပင်အောက်သို့ ရောက်လာပြီး ရွှေဟင်္သာညီနောင်တို့အား 'အို...ဟင်္သာငယ်တို့၊ အောက်သို့ဆင်း၍ ပြောကြပါ၊ ငါ မြေခွေးမင်းမြတ်သည်လည်း ဝင်ရောက်ဆွေးနွေးမည်'ဟုဆိုလျှင် ဟင်္သာညီနောင်တို့သည် မည်သည့်စကားတုံ့ပြန်မှုကိုမျှ မပေးကြဘဲ မြေခွေးအား ရွံရှာသဖြင့် ထပျံသွားကြတော့သည်။

ဇာတ်ပေါင်း။ ။ မြေခွေး-ရဟန်းအို၊ ဟင်္သာညီနောင်-အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်၊ ရက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကောင်းသောအလုပ်ကို ဖျက်တတ်သည်မှာ သူယုတ်မာ။

---

# ၁၈၈။ သီဟကောတ္ထုဇာတ်

## ခွေးခြသေ့်၏အသံ

### ပစ္စုပ္ပန်ဝတ္ထု

မထေရ်ကြီးများကို တုပကာ တရားပလ္လင်ပေါ်တက်မိ၍ အရှက်ကွဲရသော ကောကာလိကကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ခြသေ့်ဖြစ်နေသည်။ ခြသေ့်သည် မြေခွေးမတစ်ကောင်နှင့် ယှဉ်ပါးမိရာမှ ကပြား သားငယ်တစ်ကောင် ရရှိလာသည်။ သား၏ လက်၊ ခြေ၊ လက်သည်း၊ ခြေသည်း၊ လည်ဆံမွေးနှင့် အဆင်းသဏ္ဌာန်တို့မှာ အဖဘက်သို့လိုက်ပြီး အသံမှာ အမိအသံမျိုး ဖြစ်နေသည်။ မိုးရွာသော တစ်နေ့ မိုးစဲချိန်တွင် ခြသေ့်တို့ ဟောက်ကစားနေကြသည်။ ဤတွင် မြေခွေးမ၏သား ကပြားကလည်း ခြသေ့်များနှင့် ရော၍ လိုက်ဟောင်ရာ ခြသေ့်သံ ထွက်မလာဘဲ မြေခွေးသံသာ ပေါက်လာသည်။ ထို့ကြောင့် ခြသေ့်များက ဆက်၍ မဟောက်ကြတော့ဘဲ ဆိတ်ဆိတ်နေကြသည်။

ထိုအသံကို ကြားလိုက်မိသော ခြသေ့်စစ်ဖြစ်သူ ဘုရားလောင်း၏ သားငယ် သည် 'ဖခင်၊ ဤခြသေ့်သည် ရုပ်အဆင်းအားဖြင့် ကျွန်ုပ်တို့နှင့် တူနေပါ၏။ အသံမှာမူ မြေခွေးသံ ဖြစ်နေသည်။ အဘယ်လို ခြသေ့်မျိုးပါနည်း'ဟု မေးရာ 'ချစ်သား၊ ဤခြသေ့်သည်

http://www.dhammadownload.com



သင်၏ညီဖြစ်သည်' ဟု ဆိုပြီးလျှင် မိမိတို့နှင့် အသွင်တူနေရခြင်း အကြောင်းနှင့် အသံကွဲရခြင်း၏ ရင်းမြစ်များကို ပြောပြသည်။ ထို့နောက် ကပြားသားကို ခေါ်၍ ဤအရပ်၌နေလျှင် တိုးတိုးသာအသံပြု။ နောက်ထပ်တစ်ကြိမ် ထပ်ပြီးဟောင်လျှင် မြေခွေးဖြစ်ကြောင်း သိလိမ့်မည်' ဟု ဆုံးမလိုက်ရာ ကပြားသားသည် နောက်ထပ်တစ်ကြိမ် မမြည်ဝံ့ရှာတော့ပေ။

**ဇာတ်ပေါင်း။** ။မြေခွေးမသား-ကောကာလိက၊ ခြင်္သေ့မင်း၏သား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ဆိတ်ဆိတ်နေခြင်းဖြင့် ဇာတိရုပ်ကိုဖုံးထားပါ။

# ၁၈၉။ သီဟစမ္မဇာတ်

## ခြင်္သေ့အရေခြုံ မြည်း

**ပစ္စုပ္ပန်ဝတ္ထု။**

မထေရ်ကြီးများကို တုပကာ တရားပလ္လင်ပေါ်တက်မိသဖြင့် အရှက်ကွဲရသော ကောကာလိက ကိုပင် အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု။**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် လယ်သမားမျိုး၌ ဖြစ်နေသည်။ ထိုအချိန် ဝန်တင်မြည်းဖြင့် လှည့်လည်နေသော ကုန်သည်တစ်ယောက်သည် စခန်းချရပ်နားသည့် အရပ်တွင် မြည်းပေါ်မှ ဝန်များကိုချကာ အသင့်ပါလာသည့် ခြင်္သေ့ရေဖြင့် မြည်းကို ဖုံးအုပ်ပေးသည်။ ထို့နောက် နီးစပ်ရာ သလေးခင်း၊ မုယောခင်း စသည်တို့၌ လွှတ်ပေးလိုက်သည်

လယ်စောင့်သည် မုယောခင်းထဲမှ မြည်းကိုမြင်လျှင် ခြင်္သေ့ ထင်မှတ်၍ ထွက်ပြေးပြီး ရွာထဲမှလူများအား ထိုအကြောင်းကို ပြောလျှင် လက်နက်များနှင့် စည်၊ ခရုသင်း စသည်တို့ကိုယူ၍ လိုက်လာကြကာ ဗြာသံပေး၍ခြောက်လှန့်ကြသည်။ ထိုအခါ မြည်းသည် ကြောက်လန့်၍ အော်ပြီး ထွက်ပြေးရာ လူများသည် ခြင်္သေ့မဟုတ်ဘဲ မြည်းသတ္တဝါဖြစ်ကြောင်းသိ၍ ဝိုင်းဝန်းရိုက်နှက်ကြရာ ထိုနေရာ၌ပင် သေဆုံးသွားသည်။

**ဇာတ်ပေါင်း။** ။ကုန်သည်-ဒေဝဒတ်၊ မြည်း-ကောကာလိက၊ လယ်သမား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။အယောင်ဆောင်သူသည် တစ်နေ့ ဒုက္ခတွေ့ရမည်။

http://www.dhammadownload.com



# ၁၉၀။ သီလာနိသံသဇာတ်

## ဝုဏ်တော်ထန်ခိုး

### ပစ္စုပ္ပန်ဝတ္ထု

ဒါယကာတစ်ယောက်သည် ဇေတဝန်ကျောင်းတော်သို့ တရားနာလာရာ ကူးတို့လှေကို မတွေ့ရ၍ ရေထဲဆင်းလျှောက်စဉ် ဘုရားကို အာရုံပြုရာမှ ရရှိသော ပီတိအဟုန်ကြောင့် သူ၏ခြေထောက်ရေမနစ်ဘဲ ကုန်းပေါ်မှာ သွားရသကဲ့သို့ သွားနိုင်သည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ကဿပဘုရားရှင် လက်ထက်တွင် သောတာပန် ဒါယကာ တစ်ယောက်သည် ဆတ္တာသည်တစ်ဦးနှင့် သင်္ဘောအတူစီး၍ ပင်လယ်ပြင်သို့ ခရီးထွက်လာရာ သမုဒ္ဒရာသို့ ရောက်၍ ခုနစ်ရက်မြောက်သောနေ့တွင် သင်္ဘောပျက်လေသည်။ ထိုအခါ သူတို့နှစ်ယောက်သည် ပျဉ်တစ်ချပ်ကို အတူစီး၍ မျောပါလာခဲ့ကြသည်။ ကျွန်းငယ်တစ်ကျွန်းသို့ ရောက်ပြီး ကျွန်းပေါ်၌ ရှိနေကြခိုက် ဆတ္တာသည်သည် ငှက်များကို ပစ်ခတ်စားသောက်ပြီး သောတာပန် ဒါယကာအားလည်း ခွဲဝေ၍ပေးရာ မစားဘဲ 'ဤလိုအခါမျိုးတွင် ရတနာသုံးပါးမှ တစ်ပါး အခြားကိုးကွယ်ရာမရှိ'ဟု ပြောဆို၍ ကိုယ်တိုင်လည်း ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးကို မပြတ်နှလုံးသွင်းနေသည်။

ထိုအခါ ကျွန်းငယ်၌နေသော နဂါးမင်းသည် မိမိကိုယ်ကို သင်္ဘောအသွင် ဖန်ဆင်း၍ သမုဒ္ဒရာစောင့်နတ်က သင်္ဘောမှူးအသွင် ဆောင်ကာ သင်္ဘောဝမ်းတွင် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်စေပြီးနောက် 'ဇမ္ဗူဒိပ်သို့ လိုက်ပါလိုသူများ ရှိကြပါသလော'ဟု ကြွေးကြော်လေသည်။ သောတာပန် ဒါယကာက မိမိတို့ လိုက်ပါလိုကြောင်း ပြောသဖြင့် သင်္ဘောပေါ် တက်ခွင့်ပြုလိုက်သည်။

ဆတ္တာသည် တက်မည်ပြုသောအခါ သမုဒ္ဒရာစောင့်နတ်က 'အကျင့်သီလ မရှိသောသူကို တက်ခွင့်မပြု'ဟုဆို၍ ငြင်းပယ်သည်။ ထိုအခါ သောတာပန် ဒါယကာက သူပြု၍ ရရှိခဲ့သည့် ကုသိုလ်ကောင်းမှု၏ အဖို့ဘာဂကို ဆတ္တာသည်အား အမျှပေးဝေရာ ဆတ္တာသည်က သာဓုခေါ်သည်။ ထိုအခါ သင်္ဘောပေါ်သို့ တက်ခွင့်ရရှိလေသည်။

သမုဒ္ဒရာစောင့်နတ်လည်း သူတို့နှစ်ယောက်ကို သမုဒ္ဒရာမှထုတ်၍ ဗာရာဏသီ အရောက် ပို့ပေးကာ အိမ်တွင် ရတနာခုနစ်ပါးတို့ဖြင့် ပြည့်လျှံစေခဲ့ပြီးနောက် 'ပညာရှိတို့

http://www.dhammadownload.com



နှင့်သာ ပေါင်းဖော်ရမည်၊ ဤဆတ္တာသည်သည် ဤသူတော်ကောင်းနှင့်သာ မပေါင်းဖော်ခဲ့ပါမူ သမုဒ္ဒရာအလယ်၌ ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်'ဟု ဆုံးမကာ မိမိနေရာသို့ ပြန်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ သောတာပန်ဒါယကာ-တရားနာလာသောဒါယကာ၊
နဂါးမင်း-အရှင်သာရိပုတ္တရာ၊ သမုဒ္ဒရာစောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရတနာသုံးပါး ဂုဏ်သည် ယုံကြည်လေ အကျိုးကြီးလေ ဖြစ်သည်။

**အသဒိသဝဂ် ပြီးပြီ။**

---

# ၅။ ရုဟကဝဂ်

## ၁၉၁။ ရုဟကဇာတ်

### အချိုးမွမ်းခံချင်သူ ပုဏ္ဏား

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း ဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းထံ၌ ရုဟကမည်သော ပုရောဟိတ်တစ်ယောက်သည် ရှိသည်။ သူ့ဇနီးမှာ 'ပုရာဏီ'ဟူသော ပုဏ္ဏေးမ ဖြစ်သည်။ တစ်ခါသော် ပုရောဟိတ်သည် မင်းပေးသောမြင်းကို တန်ဆာဆင်၍စီးကာ မင်းထံခစားရန်သွားရာ မြင်တွေ့ကြသူတိုင်းက မြင်း၏ တင့်တယ်လှပပုံတို့ကို ပြောဆိုကြသည်။ သူသည် အိမ်သို့ ပြန်ရောက်သောအခါ ထိုအကြောင်းကို သူ့ဇနီးအား ပြောပြသည်။ ဇနီးဖြစ်သူသည် ရံခါ ဖောက်ပြန်တတ်သော အကျင့်ဆိုးရှိသည်။ ပုရာဏီသည် ခင်ပွန်းသည်၏ စကားကို ကြားလိုက်ရလျှင် မြင်းတင့်တယ်ရသည်မှာ ဆင်ယင်ထားသော တန်ဆာများကြောင့် ဖြစ်ကြောင်း၊ သင်လည်း မြင်းကဲ့သို့ တင့်တယ်လိုလျှင် မြင်း၏

http://www.dhammadownload.com



တန်ဆာများကို ဆင်ယင်၍ လေးဖက်ထောက်သွားလျက် မင်းကို ဖူးမြင်သင့်ကြောင်းကို ပြောပြသည်။ နောက်နေ့တွင် ပုဏ္ဏားသည် ပုဏ္ဏေးမ ပြောသည့်အတိုင်း ဝတ်စားဆင်ယင်၍ ထွက်လာခဲ့ရာ သူ့ကို မြင်တွေ့ရသူတိုင်းက ရယ်မောကြသည်။ မင်းကမူ 'ဆရာ ရူးသလော' ဟု ဆိုသည်။ မယားစကားနားထောင်မိသဖြင့် အရှက်ရသော ပုဏ္ဏားသည် မယားအား ရိုက်နှက် နှင်ထုတ်သည်။ မင်းကြီးက မိန်းမများကို သည်းခံခွင့်လွှတ်ရန် ဖျောင်းဖျဆုံးမသော်လည်း ပုဏ္ဏေးမကိုမူ နှင်ထုတ်လိုက်လေသည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏေးမ-မယားဟောင်း၊ ရှဟက-သာသနာတော်၌ ငြီးငွေ့သော ရဟန်း၊ မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူများပြောတိုင်းလိုက်လုပ်လျှင် အရူးသာဖြစ်မည်။

---

## ၁၉၂။ သိရိကာဠကဏ္ဏိဇာတ်

ဤဇာတ်တော်၏ ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထုတို့သည် 'မဟာနိပါတ်၊ (ဇာတ်နံပါတ်-၅၄၂) မဟာဥမင်္ဂဇာတ်'နှင့် တူသည်။

---

## ၁၉၃။ စူဠပဒုမဇာတ်

### မိန်းမယုတ်ကိုမယားပြုမိသော ပဒုမမင်းသား

**ပစ္စုပ္ပန်ဝတ္ထု**

လှပစွာဝတ်စားတန်ဆာဆင်ထားသော မိန်းမတစ်ယောက်ကိုမြင်၍ ကိလေသာဖောက်ပြန်ကာ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းကြီး၌ သားတော်ခုနစ်ပါး ရှိသည်။ သားတော်ကြီး၏ အမည်မှာ 'ပဒုမမင်းသား' ဖြစ်သည်။ ခမည်းတော်ကြီးသည် မင်းရင်ပြင်၌ အခြံအရံများစွာဖြင့်လာသော သားတော်များအားတွေ့သဖြင့် သူ့ကိုသတ်၍

http://www.dhammadownload.com



အာဏာကိုလုပြီး မင်းပြုမည်ကို စိုးရိမ်သည်။ ထို့ကြောင့် သားတော်များအား ငါ လွန်လေပြီးမှ ပြန်လာခဲ့ကြ၍ ထီးနန်းကို ဆက်ခံကြရမည်ဟု မိန့်ကြားကာ နေပြည်တော်မှ ထွက်ခွာစေသည်။

မင်းသားများသည် မိမိတို့၏ ကြင်ရာတော်များကို ခေါ်၍ ထွက်လာခဲ့ကြရာ 'ကန္တာရ' တစ်ခုထဲသို့ ရောက်သော် စမ်းတဝါးဝါးသွားရင်း စားနပ်ရိက္ခာ ပြတ်လပ်တော့သည်။ ဤတွင် ငါတို့အသက်ရှင်နေလျှင် မယားရနိုင်သည်ဟု တွေးကြ၍ ညီထွေး၏ မယားကိုသတ်ကာ တစ်ဆယ့်သုံးပုံ ဝေစုချ၍ စားလိုက်ကြသည်။ ပဒုမ မင်းသားကား မိမိတို့ဇနီးမောင်နှံအတွက် ရလာသည့် ဝေစုနှစ်စုအနက် တစ်စုကိုသာ နှစ်ယောက် ဝေမျှစား၍ ကျန်တစ်စုကို ချန်ထားလိုက်သည်။ ဤနည်းဖြင့် ခြောက်ရက်အတွင်း မိန်းမ ခြောက်ယောက်တို့ကို သတ်၍ စားလာခဲ့ကြသည်။

ခုနစ်ရက်မြောက်နေ့၌ သူ့မိန်းမကို သတ်လှည့်ကျလာသည်တွင် ပဒုမမင်းသားသည် ညီတော်များအား အသားတွဲ ခြောက်စုကို ပေးလိုက်ပြီး ညီတော်များ အိပ်ပျော်နေကြချိန်တွင် မယားကို ခေါ်၍ ထွက်ပြေးခဲ့သည်။ ခရီးကြမ်း၍ မလှမ်းနိုင်သော မယားကို ပုခုံးဖြင့် ထမ်းခေါ်လာခဲ့ရာ ခရီးတစ်ဝက် အရောက်တွင် မယားက ရေငတ်သည်ဆို၍ သူ၏လက်ယာ ပုဆစ်ဒူးကို သန်လျက်နှင့် ထိုးဖောက်လျက် ပန်းထွက်လာသော သွေးများကို ရေအစားတိုက်ကျွေးသည်။ သူတို့သည် ရှေ့ကိုဆက်၍ ပြေးလာခဲ့ကြပြီး မြစ်ကြီး တစ်စင်း၏ မြစ်ကွေ့တစ်နေရာ၌ သင်္ခမ်းတစ်ခု ဆောက်လုပ်လျက် သစ်သီးဝလံများ ရှာဖွေစားသောက်၍ပင် နေလိုက်ကြသည်။

တစ်နေ့တွင် မင်းပြစ်သင့်၍ မြစ်ထဲ၌ မျောပါလာခဲ့သူ ဒုက္ခိတ တစ်ဦးကို ပဒုမမင်းသားသည် ကယ်တင်ထားလိုက်သဖြင့် ဇနီးဖြစ်သူက မကျေနပ်ချေ။ ထိုသူကို ငတုံးဟုခေါ်သည်။ မင်းသား၏ပြုစုကုသမှုကြောင့် မကြာမီငတုံး၏ အနာများ ကျက်သွားသည်။ မင်းသားလည်း တောသို့ နေ့စဉ် သစ်သီးများသွားရောက်ရှာဖွေကာ သုံးဦး ဝေမျှစားသောက်သည်။ မင်းသားတောသို့သွားစဉ် ဇနီးသည် ဖြစ်သူသည် ငတုံး၌ ကိလေသာစိတ် ဖြစ်သဖြင့် ဖောက်ပြန်လေတော့သည်။ ထို့နောက် သူ၏ လင်ယောကျ်ားကိုသတ်ရန် ကြံစည်သည်။

တစ်နေ့တွင် တောင်စောင့်နတ်ကိုပသရန်ဆိုပြီး ဇနီးက မင်းသားကို တောင်ထိပ် တစ်ခုပေါ်သို့ ခေါ်လာကာ ချောက်ကမ်းပါးစွန်းတွင် ထိုင်နိုင်းပြီးနောက် 'သခင်၊ သင်သည် သာလျှင် မြတ်သောနတ် ဖြစ်သည်၊ သခင့်ကို ဦးစွာပူဇော်ပြီးမှ တောင်စောင့်နတ်ကို ပူဇော်ပါမည်'ဟုဆိုကာ ယောကျ်ားကိုလက်ယာရစ်လှည့်ပြီး ရှိခိုးဦးချဟန်ဖြင့် နောက်ကျော

http://www.dhammadownload.com



ဘက်မှနေ၍ တွန်းချလိုက်သည် ပဒုမမင်းသားလည်း ချောက်ကမ်းပါးနက်ကြီးထဲသို့ ကျသွားသည်။ မင်းသားသည် ချုံပေါ်သို့ ကျရောက်ပြီး ထိုချုံတွင် ရေသဖန်းသီးများ လာစားနေကျ ဖြစ်သော ဖွတ်မင်းက သူ့အား အကူအညီပေးကာ ကျောကုန်းပေါ်တွင် တင်၍ လူသွားလမ်းပေါ် အရောက်ပို့ပေးသည်။

ထို့နောက် ခမည်းတော် နတ်ရွာစံကြောင်း ကြားသိရကာ ဗာရာဏသီသို့ ပြန်၍ ပဒုမမင်းသား မင်းပြုရသည်။ ထိုအခါ ပဒုမမင်းသည် နေ့စဉ် ခြောက်သိန်းဖိုးရှိ ပစ္စည်းဥစ္စာများကို ပေးလှူနေသည်။ မိန်းမယုတ်သည်လည်း ငတုံးကို ပုခုံး၌ထမ်း၍ ရွာစဉ် လှည့်လည်ပြီး တောင်းရမ်းကျွေးမွေးလျက် ရှိသည်။ ၎င်းတို့ကို တွေ့ရသူများက ပဒုမမင်း၏ အလှူအကြောင်းကို ပြောပြသည်။ မိန်းမယုတ်သည် ငတုံးကို ကြိမ်တောင်းတွင်ထည့်ရွက်၍ ဗာရာဏသီသို့ လာပြီး ပဒုမမင်း၏ အလှူမဏ္ဍပ်များတွင် တောင်းရမ်း စားသောက်နေသည်။

တစ်နေ့တွင် ပဒုမမင်းသည် အလှူမဏ္ဍပ်များသို့ ဆင်စီး၍ ထွက်တော်မူလာရာ မိန်းမယုတ်ကို တွေ့မြင်သွားသည်။ မိန်းမယုတ်မှန်း မြင်ကတည်းက သိသော်လည်း 'ဤငတုံးသည် သင်နှင့် မည်သို့ တော်စပ်သနည်း'ဟု မေး၍ 'ဦးရီးတော်သား ဖြစ်ပါသည်။ မိဘများပေးစားသည့် ငယ်လင် ဖြစ်ပါသည်'ဟု လိမ်ညာလျှောက်ဆိုသည်။ မင်းက 'ဤငတုံးသည် မိဘများပေးစားသော ငယ်လင် အမှန်တကယ် ဟုတ်ပါသလော'ဟု ဆက်မေးရာ ဟုတ်မှန်ကြောင်းကို ဝန်ခံသည်။ ထိုအခါ မင်းက အမတ်များအား ညီနောင် ခုနစ်ယောက် တိုင်းပြည်မှ ထွက်ခဲ့ကြပုံမှ အစချီ၍ သူ့အား မယားဖြစ်သူက တောင်ပေါ်မှ တွန်းချခဲ့သည်အထိ ဇာတ်ကြောင်းလှန်၍ ပြောပြသည်။

ထို့နောက် ဒေါသကို သိမ်းဆည်း၍ မိန်းမယုတ်အား တောင်းကို ခေါင်းပေါ်မှ မချနိုင်အောင် တောင်းနှင့် ခေါင်းကို ချည်နှောင်ပေးလျက် ငတုံးကို တောင်းထဲ၌ ထည့်ပေးပြီးလျှင် ဤနိုင်ငံအတွင်းမှ နှင်ထုတ်စေဟု အမိန့်တော် ချမှတ်လိုက်သည်။

**ဇာတ်ပေါင်း။** ။ ညီတော်ခြောက်ယောက်-မထင်ရှားသော မထေရ်ခြောက်ပါး၊
မိန်းမယုတ်-စိဉ္စမာနဝိကာ၊ ငတုံး-ဒေဝဒတ်၊
ဖွတ်မင်း-အရှင်အာနန္ဒာ၊ ပဒုမမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကျေးဇူးမသိတတ်သူကို ဒေါသနှင့်မတုံ့ပြန်ဘဲဆုံးမရာ၏။

http://www.dhammadownload.com



ဇာတ်အမှတ်-၁၉၃ ဖောက်ပြန်သောမိန်းမသည် ပဒုမမင်းသားအား တောင်စောင်းမှတွန်းချပုံ



http://www.dhammadownload.com



# ၁၉၄။ မဏိစောရဇာတ်

## မယားကိုယူလို၍ လင်ကိုပတ္တမြားသူခိုးစွပ်စွဲသူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားအား သတ်ရန် လုံ့လပြုသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့နှင့် အလှမ်းမဝေးသော ရွာငယ်တစ်ရွာတွင် သူကြွယ် ဖြစ်နေသည်။ သူ့ဇနီး သုဇာတာသည် လွန်စွာပင် ရုပ်ဆင်းလှပ၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အသားရောင်ရှိသည်။ ကိုယ်ကျင့်သီလလည်း မွန်မြတ်၍ လင်သားနှင့် ယောက္ခမများကိုလည်း ရိုသေစွာ ပြုစုလုပ်ကျွေးသည်။

တစ်နေ့တွင် ဇနီးမောင်နှံသည် သုဇာတာ၏ ဆန္ဒအရ သူ၏ မိဘများရှိရာ ဗာရာဏသီသို့ လှည်းဖြင့်လာခဲ့ကြရာ မြို့တွင်းသို့ အရောက် ဆင်တော်ကိုစီး၍ မြို့ကိုလှည့်လာသော မင်းကြီးနှင့် ဆုံမိကြသည်။ ဤတွင် သုဇာတာသည် လှည်းပေါ်မှ ဆင်း၍ လှည်းနောက်မှ ခြေကျင်လိုက်ပါလာသည်။ ဆင်ပေါ်မှ မင်းကြီးသည် သုဇာတာကို မြင်တွေ့မိရာမှ တပ်မက်စိတ် ဝင်မိသဖြင့် အမတ်တစ်ယောက်ကို ခေါ်၍ လင်ယောကျ်ား ရှိမရှိကို မေးခိုင်းပြီး လင်ယောကျ်ားမှာ လှည်းပေါ်ကလူပင် ဖြစ်ကြောင်း သိသွားသည်။

ဤတွင် မင်းကြီးသည် မင်းမှုထမ်းတစ်ယောက်အား မိမိ၏ ပတ္တမြား ဦးသျှောင်ကို ထိုသူ၏ လှည်းပေါ်၌ တိတ်တဆိတ် သွားထားစေပြီး ပတ္တမြားဦးသျှောင်ပျောက်ဆုံးကြောင်း ကြေညာကာ လှည်းကိုရပ်တန့်ရှာဖွေကြသည်။ ပတ္တမြားဦးသျှောင်ကို လှည်းပေါ်၌ တွေ့သဖြင့် ထိုသူအား ခေါင်းဖြတ်သတ်ရန် အမိန့်ပေးလိုက်သည်။

သုဇာတာသည် ခင်ပွန်းသည်၏ နောက်မှ ငိုကြွေးလိုက်ပါလာသည်။ မင်းမှုထမ်းတို့သည် လူသတ်ကုန်းသို့ အရောက်တွင် သူကြွယ်အားခေါင်းဖြတ်သတ်ရန် ပက်လက်အိပ်ခိုင်းသည်။ သုဇာတာသည် မိမိ၏ သီလဂုဏ်ကို နှလုံးသွင်း၍ 'ဤလောက၌ သီလရှိသူများအား အနိုင်ကျင့်၍ ညှဉ်းဆဲနှိပ်စက်တတ်သော လူယုတ်မာများကို တားဆီးနိုင်စွမ်းရှိသည့် နတ်ကောင်း နတ်မြတ်များ မရှိလေရော့သလား' ဟု တိုင်တန်းရာ သုဇာတာ၏

http://www.dhammadownload.com



သီလဂုဏ်ကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ ပူပြင်းလာသဖြင့် အကြောင်းရင်းကို ရှာဖွေစိစစ်သည်တွင် ထိုမတရားမှုကို မြင်တွေ့သွားသည်။ ထို့ကြောင့် လူ့ပြည်သို့ ဆင်းသက်လာပြီး မိမိ၏အာနုဘော်ဖြင့် ဆင်ကျောကုန်းပေါ်မှမင်းယုတ်မာကို ဆောင်ယူ၍ ခေါင်းဖြတ်သည့်တုံးပေါ်တွင် ခေါင်းတင်၍ ပက်လက်ထားပေးသည်။

တစ်ဖန် သူကြွယ်ကို ဆောင်ယူလာခဲ့ပြီး မင်းဝတ်တန်ဆာ ဆင်ယင်ကာ ဆင်ကျောကုန်းပေါ်၌ ထားပေးသည်။ မင်းမှုထမ်းတို့သည် တုံးပေါ်တွင် ခေါင်းတင်၍ ရှိနေသူကို သူကြွယ်အမှတ်ဖြင့် ဖြတ်လိုက်ကြသည်။ သိကြားမင်းသည် ကိုယ်ထင်ရှားဖြင့် သူကြွယ်ထံသို့ သွားလျက် ရာဇာဘိသေက သွန်းပေး၍ သုဇာတာအားလည်း မိဖုရားကြီးအရာ၌ ထားပေးသည်။ မင်းပရိသတ်နှင့်တကွ ပြည်သူအားလုံးသည် 'သိကြားမင်း ပေးသော မင်းကို ရပြီ'ဟု ဆို၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားကြသည်။

ဇာတ်ပေါင်း။ ။ တရားမဲ့မင်း-ဒေဝဒတ်၊ သိကြားမင်း-အရှင်အနုရုဒ္ဓါ၊ သုဇာတာ-ရာဟုလာမယ်တော်၊ သိကြားမင်းပေးသောမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တရားစောင့်သူကို နတ်တို့ စောင့်ရှောက်သည်။

---

## ၁၉၅။ ပဗ္ဗတူပတ္ထရဇာတ်

### ပညာရှိသော မင်းနှင့်အမတ်

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီး၏ နန်းတွင်းသူတစ်ယောက်နှင့် မှားယွင်းသော အမတ် တစ်ယောက်ကို အကြောင်းပြု၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပညာရှိ အမတ် ဖြစ်နေသည်။ အမတ်တစ်ယောက်သည် နန်းတွင်းသူ မောင်းမတစ်ဦးနှင့် မှားယွင်း မိလေရာ မင်းကြီးသည် ထိုကိစ္စကို သိနေသော်လည်း အမတ်သည် သူ့အား ကျေးဇူးရှိသူ ဖြစ်၍ မောင်းမသည်လည်း ချစ်မြတ်နိုးရသူ ဖြစ်နေသဖြင့် ဖြေရှင်းရခက်နေသည်။

မင်းသည် ပညာရှိအမတ်အား 'ပညာရှိ၊ ခြင်္သေ့မင်း စောင့်ရှောက်သော မြစ်ဖြစ်ကြောင်းကို သိလျက်နှင့် မြေခွေးသည် ထိုမြစ်ရေကို သောက်ကောင်းရာ သလော'ဟု

http://www.dhammadownload.com



မေးလျှင် 'မြတ်သောမင်းကြီး၊ ငှက်၊ ခွေး၊ ယုန်၊ သမင် စသော သားမျိုးတို့ သောက်ကြ စေကာမူ ထိုသို့ သောက်ခြင်းတည်းဟူသော အကြောင်းကြောင့် မြစ်သည် မြစ်အဖြစ်မှ ပျက်ပြယ်၍ မသွားပါ 'ဟု ဖြေသည်။ ထိုအဖြေစကားကြောင့် မင်းသည် အမတ်နှင့် မောင်းမ တို့အပေါ်တွင် သည်းခံခွင့်လွှတ်လိုက်ပြီး နောင်တွင် ထိုသို့မပြုကျင့်ကြရန် ဆုံးမသည်။ အမတ်နှင့် မောင်းမတို့သည်လည်း ထိုအချိန်မှစ၍ ရှောင်ကြဉ်သွားကြသည်။

**ဇာတ်ပေါင်း။** ။**မင်း-အရှင်အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။**ပညာရှိသည် ပညာရှိနှင့်သာတိုင်ပင်ရာ၏။**

---

# ၁၉၆။ ဝလာဟကဿဇာတ်

## ဘီလူးဖမ်းထားသူကိုကယ်တင်သော မြင်းပျံ

### ပစ္စုပ္ပန်ဝတ္ထု

လှလှပပ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တပ်မက်မိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော် မူသည်။

### အတိတ်ဝတ္ထု

ရှေးအခါက သိန်းဃိုဠ်ကျွန်းတွင် သီရိသဝတ္ထုမည်သော ဘီလူးမတို့၏ မြို့ တစ်မြို့ ရှိခဲ့သည်။ ထိုမြို့မှ ဘီလူးမများသည် သူတို့ကိုယ်သူတို့ လူသား မိန်းမလှများ အသွင် ဖန်ဆင်းကြကာ သင်္ဘောပျက်၍ ဒုက္ခရောက်နေသူများကို ဖြားယောင်းခေါ်ဆောင် လျက် ထမင်း၊ အဖျော် စသော စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ နောက်ဆုံး တွင် စားပစ်ကြသည်။

တစ်နေ့တွင် ကုန်သည်ငါးရာ ပါသော သင်္ဘောတစ်စင်းသည် ပင်လယ်ပြင်တွင် နစ်မြုပ်ရာ လူအားလုံးတို့သည် ထိုဘီလူးမတို့၏ မြို့အနီးသို့ ရောက်လာကြသည်။ ဘီလူးမများက ထိုလူများကို ဖြားယောင်းသွေးဆောင်လျက် မိမိတို့မြို့သို့ ခေါ်ယူလာပြီး လင်ယောက်ျားများအဖြစ် ပေါင်းသင်းကြသည်။ ဘီလူးမများသည် ညဥ့်အချိန် လူသစ်များ အိပ်ပျော်နေချိန်၌ လျှောင်အိမ်ထဲမှ လူဟောင်းများကို သွားရောက်စားသောက်ကြသည်။ ထိုအကြောင်းကို ခေါင်းဆောင်ကုန်သည်ကြီးက ရိပ်မိသိရှိ၍ မနက်မိုးလင်းချိန်၌ သူ့လူ

http://www.dhammadownload.com



များကို ပြောပြရာ မယုံကြသည့်သူတို့ ကျန်ရှိနေလျက် ယုံကြည်သူတို့သည် ထိုနေရာမှ ထွက်ပြေးကြသည်။

ထိုအချိန်က ဘုရားလောင်းသည် 'ဝလာဟကမြင်းပျံ'မျိုး၌ ဖြစ်လျက် ဟိမဝန္တာမှ ပျံလာ၍ သိန်းဃိုင်ကျွန်းမှ ညွန့်ပျောင်းအိုင်တစ်ခုတွင် ပေါက်ရောက်နေသော သလေးစပါးများကို ပုံမှန်လာရောက် စားသောက်လေ့ရှိသည်။ စားသောက်ပြီး၍ဟိမဝန္တာသို့ ပြန်ခါနီးတိုင်း 'ဇမ္ဗူဒိပ် ဇနပုဒ်သို့ သွားရောက်လိုသူများ ရှိပါသလော'ဟု သုံးကြိမ်တိုင်တိုင် လူ့ဘာသာစကားဖြင့် အော်မေးသည်။ ထိုအသံကို ထွက်ပြေးလာခဲ့သူတို့ ကြား၍ မိမိတို့ သွားလိုကြောင်း တောင်းပန်သဖြင့် အချို့က မြင်းပျံ၏ ကျောကုန်းပေါ်တွင် တက်စီးကြသည်။ အချို့က အမြီး၊ ခြေထောက် စသည်တို့ကို ဆွဲကိုင်ကာ လိုက်လာကြသည်။ မြင်းပျံသည် လူသားအားလုံးတို့ကို ဆောင်ယူလာပြီးလျှင် သူတို့၏ နေရာအသီးသီးသို့ အရောက်ပို့ပေးသည်။

ဘီလူးမြို့၌ ကျန်ရစ်ခဲ့ကြသူတို့သည် အခြားလူသစ်များ ရောက်လာကြချိန်၌ လူဟောင်းများကို ဘီလူးများက စားပြီး လူသစ်တို့ဖြင့် ဘီလူးတို့က ဆက်လက် ပေါင်းသင်း နေထိုင်ကြသည်။

**ဇာတ်ပေါင်း။** ။ **ဝလာဟကမြင်းနှင့်လိုက်ပါသူများ-ဗုဒ္ဓ၏ပရိသတ်၊ ဝလာဟကမြင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ကာမဂုဏ်ခံမင်လွန်းသူ ဘေးတွေ့ရမြဲ။**

---

# ၁၉၇။ မိတ္တာမိတ္တဇာတ်

## မိတ်ဆွေနှင့်ရန်သူ ခွဲခြားနည်း

**ပစ္စုပ္ပန်ဝတ္ထု**

မိမိ၏တပည့် ရဟန်းတစ်ပါးက မိမိ၏ အဝတ်စကို ဖိနပ်အိတ်ချုပ်မိ၍ မကျေမနပ် ဖြစ်သော ဥပဇ္ဈာယ်ဆရာမထေရ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်၌ ရသေ့ပြု၍နေရာ အဘိညာဉ်သမာပတ်

http://www.dhammadownload.com



တို့နှင့် ပြည့်စုံသည်။ တပည့်ရသေ့တစ်ပါးသည် မိခင်သေသွားသော ဆင်ငယ်တစ်စီးကို ကောက်ယူမွေးစားထားသဖြင့် မသင့်လျော်ကြောင်း တားမြစ်သော်လည်း တပည့်က နာယူခြင်း မရှိခဲ့။ ထိုဆင်ငယ်သည် ကြီးလာသောအခါ ထိုရသေ့ကိုပင် သတ်၍ တောထဲသို့ ဝင်သွားသည်။

ထိုရသေ့အလောင်းကို သင်္ဂြိုဟ်ပြီးချိန်၌ ရသေ့များသည် ဘုရားလောင်း ရသေ့ကြီးထံ လာကြ၍ 'မိတ်ဆွေနှင့် ရန်သူကို မည်သို့ခွဲခြားသိနိုင်ပါမည်နည်း'ဟု မေးကြလျှင် 'အချင်းတို့၊ ရန်သူတို့သည် ရန်ဘက်ဖြစ်သော ပုဂ္ဂိုလ်အား တွေ့မြင်ကြသော်လည်း မပြုံးရွှင်၊ ထိုသူ၏ စကားကိုလည်း နှစ်သက်ခြင်းမရှိ၊ အကြည့်ချင်းလည်း အဆုံအတွေ့မခံ၊ ဆန့်ကျင်ဘက်သာ ပြုကျင့်လေ့ရှိသည်။ ထိုမပြုံးရွှင်ခြင်း အစရှိသော အကြောင်းတို့ကို ထောက်ဆ၍ မိတ်ဆွေနှင့် ရန်သူကို ခွဲခြားသိရမည်'ဟု ဖြေကြားလေသည်။

ဇာတ်ပေါင်း။ ။ ဆင်ငယ်ကိုမွေးစားသောရသေ့-အတ္ထနေတပည့်၊
ဆင်ငယ်သည်-ဥပဋ္ဌာယ်ဆရာ၊ ရသေ့များ-ဗုဒ္ဓ၏ပရိသတ်၊
ဆရာရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အမူအရာကိုကြည့်၍ ရန်သူ မိတ်ဆွေ ခွဲခြားနိုင်သည်။

---

## ၁၉၈။ ရာဓဇာတ်

### ကျေးညီနောင်နှင့် ပုဏ္ဏေးမ

**ပစ္စုပ္ပန်ဝတ္ထု**

လုပသူ အမျိုးသမီးတစ်ယောက်ကို တပ်မက်မိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဗာရာဏသီမြို့မှ ပုဏ္ဏား တစ်ယောက်သည် ရာဓနှင့် ပေါဋ္ဌပါဒမည်သော ကျေးညီနောင်ကို မွေးထားသည်။ ထိုပုဏ္ဏား၏ ဇနီး ပုဏ္ဏေးမသည် ကိုယ်ကျင့်တရား မကောင်းဘဲ ယောကျ်ားတကာနှင့် ဖောက်ပြန်လေ့ရှိသည်။ တစ်ချိန်တွင် ပုဏ္ဏားကြီးသည် ရောင်းဝယ်ရေး ခရီးထွက်ခါနီး၌ ကျေးညီနောင်အား သူ

http://www.dhammadownload.com



မရှိခိုက် ပုဏ္ဏေးမသည် အခြားယောကျ်ားများနှင့် ဖောက်ပြန်ခြင်း မပြုနိုင်အောင် တားမြစ်ကြရန် တာဝန်ပေးခဲ့သည်။

ပုဏ္ဏားကြီးထွက်သွားချိန်မှစ၍ ဖောက်ပြန်နေသော ပုဏ္ဏေးမကို ကျေးညီငယ် ပေါဋ္ဌပါဒက တားမြစ်ရန် ရာဓအား တိုင်ပင်သည်။ အစ်ကိုဖြစ်သူ ရာဓက သဘောမတူ၊ တစ်စုံတစ်ရာမျှ ပြောဆိုခြင်းမပြုရန် တားမြစ်သည်တွင် ပေါဋ္ဌပါဒက နာယူခြင်းမပြုဘဲ ပုဏ္ဏေးမကို တားမြစ်စကား ပြောရာ ပုဏ္ဏေးမသည် ပေါဋ္ဌပါဒအား ချစ်နိုးဟန်ဖြင့် လှည့်ပတ်ခေါ်ယူကာ လည်လိမ်ချိုးသတ်လျက် ဖိုခနောက်ကြား၌ ပစ်ထားလိုက်သည်။

ပုဏ္ဏားကြီး ပြန်ရောက်သော် ရာဓကိုခေါ်၍ 'ချစ်သား ရာဓ၊ သင့်မိခင်သည် ယုတ်မာသောအကျင့်ကို ကျင့်သလော၊ မကျင့်သလော'ဟု မေးရာ 'ဖခင်၊ ပညာရှိတို့မည်သည် မှားသည်ဖြစ်စေ မှန်သည်ဖြစ်စေ ချမ်းသာခြင်းသို့ မပို့ဆောင်တတ်သည့် စကားကို မဆိုကြပါ'ဟု ပြောကြားပြီး ပုဏ္ဏားကြီးထံ ခွင့်ပန်၍ တောထဲသို့ ပြန်သွားသည်။

**ဇာတ်ပေါင်း။** ။ပေါဋ္ဌပါဒ-အရှင်အာနန္ဒာ၊ ရာဓ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ပညာရှိတို့သည် မကောင်းသောစကား မပြောချင်ကြ။

---

## ၁၉၉။ ဂဟပတိဇာတ်

### ဖောက်ပြန်သော သူကြွယ်ဇနီး

**ပစ္စုပ္ပန်ဝတ္ထု**

အမျိုးသမီးတစ်ယောက်ကိုပင် တပ်မက်မိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်း တစ်ပါးကို အကြောင်းပြုလျက် ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်း သူကြွယ်မျိုးတွင် ဖြစ်နေသည်။ မိမိ၏ ဇနီးသည် ရွာသူကြီးနှင့် ဖောက်ပြန်နေသည်ကို ရိပ်မိသော်လည်း လက်ဆုပ်လက်ကိုင်မိခြင်း မရှိသေး၍ စောင့်ကြည့်နေသည်။ ဝေါ်မွတ်မှု ကပ်ကြီး ဆိုက်ရောက်လာသဖြင့် ဆန်ရေစပါးများ ပြတ်လပ်သွားရာ ရွာသားများ စုပေါင်း၍ ကောက်စပါးများပေါ်ချိန် အမဲသားဖိုး ပေးပါမည်ဆိုသော ကတိဖြင့် သူကြီး၏ နွားအိုတစ်ကောင်ကို အသားပေါ်၍ စားကြသည်။

http://www.dhammadownload.com



အရှင့်ကို စောင့်နေသော သူကြီးသည် သူကြွယ်အလစ်တွင် သူကြွယ့်ဇနီးထံ ဝင်လာပြီး နှစ်ယောက်သား အကြည်ဆိုက်နေစဉ် သူကြွယ်ပြန်လာသည်ကို လှမ်းမြင်မိလိုက်သဖြင့် သူကြွယ်၏ဇနီးသည် ဖြတ်ထိုးဉာဏ်ဖြင့် သူကြီးကို အိမ်အလည်၌ ရပ်စေလျက် ၎င်းကိုယ်တိုင်ကမူ စပါးကျီပေါ်သို့ တက်နေသည်။ သူကြွယ်အိမ်ရှေ့သို့ ရောက်သောအခါ သူကြီးက အမဲသားဖိုးအတွက် စပါးပေးပါဟု အသံကျယ်ကြီးဖြင့် လှမ်းတောင်းသည်။ မိန်းမကလည်း 'ယခု စပါးမရှိသေးပါ၊ ကောက်သိမ်းပြီးမှ ပေးပါရစေ'ဟု စပါးကျီပေါ်မှ ပြန်ပြောသည်။

သူတို့နှစ်ဦး၏ ဖုံးကွယ်၍ မရနိုင်လောက်သည့် ဟန်အမူအရာကို မြင်လိုက်ရသောအခါ မိန်းမ၏ဉာဏ်ဖြစ်ကြောင်း သူကြွယ်က သိလိုက်သည်။ ထို့ကြောင့် 'သူကြီး၊ ငါတို့သည် သင့် အမဲသားဖိုးကို နှစ်လလွန်ပြီးမှ စပါးပေးမည်ဟု ကတိထားခဲ့ကြသည်။ ယခုလနှဲ့ပင် မကြာသေးဘဲ စပါးတောင်းနေသည်။ မိန်းမကလည်း စပါးမရှိကြောင်း သိလျက် ကျီပေါ်သို့တက်၍ စပါးမရှိဟု ဆိုနေသည်။ သင်တို့ နှစ်ယောက်စလုံး သူယုတ်မာများ ဖြစ်သည်ဟု ဆို၍ သူကြီးအား ဆံပင်ကိုဆွဲလျက် ရိုက်လွှတ်လိုက်သည်။ မိန်းမကိုလည်း ဆံပင်ကိုကိုင်၍ ကျီပေါ်မှဆွဲချကာ ရိုက်နှက်ပစ်လိုက်သည်။ ထိုအခါမှစ၍ သူကြီးသည် ထိုအိမ်ကို လှည့်၍ပင် မကြည့်ဝံ့တော့ချေ။

**ဇာတ်ပေါင်း။ ။သူကြီး-ဒေဝဒတ်၊ သူကြွယ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။မကောင်းမှုပြုရာ၌ ဆိတ်ကွယ်ရာမရှိနိုင်။**

---

# ၂၀၀။ သာဓုသီလဇာတ်

## စာရိတ္တကောင်းသူ သမက်ယောင်း

ပစ္စုပ္ပန်ဝတ္ထု

သမီးပျိုများရှိသော ပုဏ္ဏားကြီးထံသို့ အဆင်းလှသူ၊ အရွယ်ရောက်သူ၊ အမျိုး မြင့်သူ၊ ကိုယ်ကျင့်တရား ကောင်းမြတ်သူ လူပျိုလေးယောက်တို့ လာ၍တောင်းရမ်းကြရာ မည်သူ့အား ပေးသင့်သည်ကို ဝေခွဲမရနိုင်သဖြင့် မြတ်စွာဘုရားထံတော်သို့ လာရောက် လျှောက်ထားသည်တွင် 'ပုဏ္ဏား၊ ရှေးအခါကလည်း ပညာရှိတို့သည် ဤပြဿနာကို ဖြေရှင်းခဲ့ကြဖူးပြီ'ဟု မိန့်တော်မူလျက် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီ၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ တစ်နေ့တွင် သမီးပျိုလေးယောက်၏ ဖခင်ဖြစ်သော ပုဏ္ဏားတစ်ယောက်သည် ဆရာကြီးထံသို့ ရောက်လာပြီး အရည်အသွေး ခြားနားခြင်း ရှိကြသော လူငယ်လေးယောက်တို့က သမီးများကို လာရောက် တောင်းရမ်းနေ ကြသည်။ ထိုလေးယောက်ထဲမှ ပေးစားသင့်သူ တစ်ယောက်ကို ရွေးချယ်ပေးစေလိုပါသည်ဟု အကြံဉာဏ်တောင်းသည်။

ဆရာကြီးက 'အဆင်းလှခြင်းသည် ဂုဏ်ရှိသည်၊ အရွယ်ကြီးသူကို အလေး အမြတ် ပြုသင့်သည်၊ အမျိုးအနွယ် မြင့်မြတ်ခြင်းသည် အကျိုးစီးပွား ဖြစ်ထွန်းခြင်း အကြောင်းတစ်ခုဖြစ်သည်။ သို့ရာတွင် ယင်းလူအားလုံးတို့သည် ကိုယ်ကျင့်တရားများ ပျက်စီးနေခဲ့လျှင် ကွဲရဲ့ဖွယ်သာဖြစ်သည်။ ထို့ကြောင့် ငါတို့သည် ကိုယ်ကျင့်တရား ကောင်းမြတ်သူကိုသာ သမက်လောင်းအဖြစ် သဘောကျပေသည်'ဟု ပြောဆိုလိုက်ရာ ပုဏ္ဏားကြီးသည် ကိုယ်ကျင့်တရား ကောင်းမြတ်သူအား သမီးလေးယောက်စလုံးကို ပေးအပ်သည်။

**ဇာတ်ပေါင်း။** ။ယခင်ပုဏ္ဏား-ယခုပုဏ္ဏား၊ ဒိသာပါမောက္ခ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ကိုယ်ကျင့်တရားကောင်းဖို့ အဓိကဖြစ်သည်။

**ရူပဟာကဝဂ် ပြီးပြီ။**

---

# ၆။ နတံဒဠှဝဂ်

## ၂၀၁။ ဗန္ဓနာဂါရဇာတ်

### အခြားနှောင်အိမ်တို့ထက် ခိုင်မြဲသော ကာမနှောင်အိမ်

**ပစ္စုပ္ပန်ဝတ္ထု၊**

သာဝတ္ထိမြို့သို့ ရောက်လာကြသည့် ကျေးတောနေ ရဟန်းတော် သုံးကျိပ်၊ သာဝတ္ထိသို့ ဆွမ်းခံဝင်ကြစဉ် တရားခံများအား ချုပ်နှောင်ထားသည့် နှောင်အိမ်ရှိရာဘက်သို့ ရောက်သွားခဲ့ကြသည်။

http://www.dhammadownload.com



ထိုရဟန်းများသည် ဗုဒ္ဓမြတ်စွာ ထံတော်မှောက်သို့ ရောက်သွားကြသောအခါ ထိုနှောင်အိမ်အကြောင်း လျှောက်ထားကြရာ 'ရဟန်းတို့၊ ထိုအနှောင်အဖွဲ့သည် အနှောင်အဖွဲ့ မမည်သေး၊ သားမယား၊ ဥစ္စာစသည်တို့ဖြင့် နှောင်ဖွဲ့သော ကိလေသာတည်း ဟူသော အနှောင်အဖွဲ့သည်သာ အဆပေါင်း ရာထောင်မက သာလွန်သော အနှောင်အဖွဲ့ဖြစ်သည်။ ရှေးပညာရှိတို့သည် ကိလေသာတည်း ဟူသော အနှောင်အဖွဲ့မှ ရုန်းထွက်၍ ရဟန်းပြုသွားခဲ့ကြဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်နေ၍ အစားအလုပ်ကို လုပ်ကိုင်ကာ မိခင်မုဆိုးမကြီးအား ကျွေးမွေး စောင့်ရှောက်သည်။ မိခင်ကြီးသည် မိမိသဘောကျသည့် မိန်းမတစ်ဦးနှင့် သားဖြစ်သူအား လက်ထပ်ပေးစားခဲ့ပြီး ကွယ်လွန်သွားသည်။ သားသည် ရဟန်းပြုလိုစိတ် ပေါ်လာပြီး ဇနီးထံ ခွင့်တောင်းရာ ယခု မိမိထံတွင် ကိုယ်ဝန်ရှိနေပါသည်။ သားဖွားပြီးချိန်ကျမှ ရဟန်းပြုလိုပါက ပြုပါဟု ပြောသဖြင့် ဆိုင်းငံ့နေရသည်။ သားဖွားပြီးနောက် ရဟန်းပြုရန် ခွင့်တောင်းပြန်သောအခါ ကလေးနို့ခွာချိန်အထိ စောင့်ပါရန် ဇနီးက ပြောသဖြင့် စောင့်ရပြန်သည်။ ဤလိုနှင့် ဒုတိယအကြိမ် ကိုယ်ဝန်ရလာခဲ့ပြန်သည်။

ဤတွင် သူသည် နောက်ဆုံး၌ မိန်းမထံ ခွင့်တောင်းမနေတော့ဘဲ ဇနီး အိပ်ပျော်နေချိန် ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုကာ တရားအားထုတ်ရာ အဘိညာဉ်သမာပတ်ရသော ရသေ့တစ်ပါး ဖြစ်သွားသည်။

| | |
|---|---|
| **ဇာတ်ပေါင်း။** | ။ မိခင်-မာယာဒေဝီ၊ ဖခင်-သုဒ္ဓေါဒနမင်းကြီး၊ ဇနီး-ယသော်ဓရာ၊ သား-ရာဟုလာ၊ ဆင်းရဲယောကျ်ား-ဗုဒ္ဓ။ |
| **အနှစ်ချုပ်။** | ။ ကောင်းမွန်သော ဆုံးဖြတ်ချက်ကို မဖြစ်မနေ အကောင် အထည် ဖော်ရသည်။ |

---

# ၂၀၂။ ကေဠိသီလဇာတ်

## အသက်ကြီးသူများကို လှောင်ပြောင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ကျေးလက်မှ ရဟန်းသုံးကျိပ်တို့သည် ဘုရားဖူးရန် ကြွရောက်လာကြသည်။ ကျောင်းဝင်းအတွင်း၌ ပုပုကွကွ ပုဂ္ဂိုလ်တစ်ပါးကို

တွေ့သည့်အခါ သာမဏေဟု ထင်မှတ်၍ ခေါင်းကို ကိုင်ခြင်း၊ နားခေါင်းကို ဆွဲခြင်း၊ သင်္ကန်းစကို နောက်မှဆွဲထားခြင်း စသည်ဖြင့် နောက်ပြောင်ကျီစယ်ကြသည်။ ထိုကဲ့သို့ ကျီစယ်နောက်ပြောင်ခြင်းကို ခံရသော ပုဂ္ဂိုလ်မှာ မြတ်စွာဘုရား၏ မဟာသာဝကကြီး ရှစ်ကျိပ်တွင် တစ်ပါးအပါအဝင် ဖြစ်သော အသံကောင်း၊အဟောအပြောကောင်းသည့် ရဟန္တာမထေရ်ကြီးလကုဏ္ဍကဘဒ္ဒိယဖြစ်ကြောင်းကို သူတို့ မသိရှိကြပေ။ ဘုရားရှင်အား ထိုမထေရ်ကြီးကို ဖူးမြင်လိုကြောင်း လျှောက်ထားသည့်အခါ "သင်တို့ သာမဏေငယ်တစ်ပါးဟု ထင်မှတ်ပြီး ကျီစယ်နောက်ပြောင်ခြင်းကိုခံနေသူမှာ သင်တို့ဖူးတွေ့လိုသော မထေရ်ပင် ဖြစ်ကြောင်း"ကို ပြောပြ၍ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်နေသည်။ ဗြဟ္မဒတ်မင်းသည် လွန်စွာ အကျီစားသန်၍ ဆင်အို၊ မြင်းအို၊ လူအိုမှစ လှည်းအိုများအထိ ဟောင်းအိုသည့်အရာ မှန်သမျှကို မမြင်ချင်သူဖြစ်သည်။ တွေ့ရာ အရပ်တွင် နည်းမျိုးစုံတို့ဖြင့် ၎င်းတို့ကို ကျီစားလေ့ရှိသည်။ အဘွားအိုများ တွေ့ရလျှင် ဝမ်းဗိုက်ကို တွန်း၍လှဲသည်။ ပြန်ထလာချိန်တွင် ဟိန်းဟောက်၍ အထိတ်တလန့် ဖြစ်စေသည်။ အဘိုးအိုများတွေ့လျှင် ကျွမ်းထိုးပြစေသည်။ သို့အတွက် ပြည်သူများသည် မိမိတို့၏ မိအို၊ ဖအိုများကို ဝေးရာသို့ ပို့ထားကြသည်။ မိဘများအား လုပ်ကျွေးနေသော ကုသိုလ်တို့လည်း ဆိတ်သုဉ်းကုန်ကြသည်။ ထို့ကြောင့် သေလွန်သူတို့သည် နတ်ပြည်သို့ မရောက်ကြဘဲ အပါယ်လေးဘုံတွင်သာ အဖြစ်များနေရသည်။

သိကြားမင်းသည် ဗြဟ္မဒတ်မင်းကြီး မြို့သို့ လှည့်လည်သောနေ့တွင် အဘိုးအို အသွင်ဖြင့် လာခဲ့ပြီး နွားအိုကြီးတစ်ရှဉ်းကသော လှည်းအိုကြီးကို မောင်းလျက် မင်းကြီးရှေ့ သွားပြသည်။ မင်းကြီးက 'လှည်းအိုကို ဖယ်လိုက်စမ်း'ဟု ပြောသည်။ သို့သော် လှည်းအို ကို အခြားသူများ မမြင်ရဘဲ မင်းကြီးတစ်ဦးတည်းသာ မြင်ရသည်။

လူအများ မင်းကြီးပြသည့်နေရာသို့ ရောက်လာသောအခါ သိကြားမင်း၏ လှည်းအိုသည် မင်းကြီးအထက် အပေါ်မှ ဖြတ်ကျော်၍လာသည်။ မင်းကြီးခေါင်းပေါ် အရောက်၌ ရက်တက်အိုးတစ်လုံးကို ခွဲချပစ်လိုက်သည်။ မင်းကြီးက ဆက်ပြီး ခရီးလှည့် အထွက် နောက်တစ်ဖန် ပြန်လှည့်လာခဲ့ပြီး ဒုတိယ ရက်တက်အိုးတစ်လုံးကို ခွဲချပြန်သည်။ မင်းကြီးသည် ရက်တက်ရည်များဖြင့် ရွှဲစိုနေသောကြောင့် ရှက်ခြင်း၊ ရွံရှာခြင်းတို့ကို ခံစား နေရသည်။

ထိုအခါ သိကြားမင်းသည် အဘိုးအိုအသွင်ကို ဖျောက်လျက် မိမိသည် သိကြားမင်းဖြစ်ကြောင်း ထင်ရှားစွာပြကာ 'တရားမဲ့သော မင်း၊ သင်သည် မအိုတော့ပြီ လော၊ အိုမင်းသူတို့အား ကစားခြင်းဖြင့် နှိပ်စက်နေသော သင့်ကြောင့် လူတို့သည် မိဘ

http://www.dhammadownload.com



များကို လုပ်ကျွေးခွင့် မရကြတော့၊ သေလွန်သူတိုင်း အပါယ်လေးဘုံသို့ ရောက်နေရသည်။ သင်သည် ဤအပြုအမူကို ယနေ့မှစ၍ မရပ်ခဲ့လျှင် သင့်ခေါင်းကို ဝရမိန်ဖြင့် ပစ်ခွဲအံ့'ဟု ဆိုပြီးလျှင် နတ်ပြည်သို့ ပြန်သွားသည်။ မင်းကြီး၏ အကျင့်ဆိုးသည်လည်း ပျောက်ကွယ်သွားလေသည်

**ဇာတ်ပေါင်း။** ။ ဗြဟ္မဒတ်မင်း-လကုဏ္ဍကဘဒ္ဒိယမထေရ်၊ သိကြားမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပျိုရွယ်သူများလည်း တစ်နေ့ အိုရမည်။

---

## ၂၀၃။ ခန္ဓဇာတ်

## မြွေဆိပ်ဖြေ ဆေးတော်ကြီး

**ပစ္စုပ္ပန်ဝတ္ထု၊**

ရဟန်းတော်တစ်ပါး မြွေကိုက်ခံရ၍ ပျံလွန်တော်မူသည့် အကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက 'မြွေလေးမျိုးတို့ကို မေတ္တာပို့ခဲ့လျှင် မြွေမခဲလေရာ၊ ရှေးအခါက ပညာရှိရသေ့တို့သည် မြွေလေးမျိုးတို့၌ မေတ္တာပွားခဲ့ကြသဖြင့် မြွေအန္တရာယ်မှ ကင်းလွတ်ခဲ့ကြသည်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်း ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်တွင် ရသေ့ပြုခဲ့ရာ အဘိညာဉ် သမာပတ် ရပြီးလျှင် ဟိမဝန္တာ ဂင်္ဂါမြစ်ကွေ့ တစ်နေရာ၌ တပည့်ရသေ့များနှင့် အတူနေထိုင်သည်။ ထိုဒေသသည် မြွေအန္တရာယ် ထူပြောသည့်အရပ်ဖြစ်၍ မြွေဆိပ်သင့်ကာ ရသေ့များ မကြာခဏ ကွယ်လွန်ကြရသည်။

ထိုကြောင့် ရသေ့ကြီးသည် တပည့်အားလုံးကို စုဝေးစေလျက် မြွေလေးမျိုးတို့၌ မေတ္တာပွားနည်း 'ခန္ဓသုတ်' ပရိတ်တော်ကို သင်ပေးသည်။ ရသေ့များသည် ဆရာ သင်ပေးသည့်အတိုင်း 'ခန္ဓသုတ်'ပရိတ်ဖြင့် မြွေများကို မေတ္တာပို့ကြသည်။ ထိုအခါမှစ၍ မြွေများ အခြားနေရာသို့ ပြောင်းရွှေ့သွားသဖြင့် မြွေအန္တရာယ်မှ ကင်းဝေးကြရသည်။

**ဇာတ်ပေါင်း။** ။ ရသေ့များ-ဗုဒ္ဓ၏ ပရိသတ်၊ ဆရာရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ခန္ဓသုတ်ပရိတ်တော်ကို ယုံကြည်စွာရွတ်ဆိုပါ။

---

http://www.dhammadownload.com



# ၂၀၄။ ဝိရကဇာတ်

## တင်ကျီးငှက်ကိုတုပသော ကျီးငှက်

**ပစ္စုပ္ပန်ဝတ္ထု**

ဂယာသီသအရပ်သို့ အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ ကြွလာသောအခါ ဘုရားရှင်အတုယူ၍ ပြုမူနေသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာဝယ် ဝိရကမည်သော တင်ကျီးငှက်ဖြစ်၍ ရေအိုင်တစ်ခုအနီးတွင် နေနေသည်။ ထိုအချိန်က ကာသိတိုင်း၌ ငတ်မွတ်ခေါင်းပါး၍ ကျီးငှက်အများစုသည် တောတောင် ရှိရာသို့ ပြောင်းရွှေ့လာကြရာ 'သဝိဋ္ဌက'မည်သော ကျီးသည်လည်း မယားနှင့်အတူ သူတို့ထဲတွင် ပါလာသည်။ သူတို့ လင်မယားသည် ဝိရကနေထိုင်သည့် ရေအိုင်အနီးသို့ ရောက်ရှိလာကြသည်။

ဝိရကသည် ရေအိုင်ထဲမှ ငါးများကို ငုပ်ဖမ်း၍ နေ့စဉ် စားသည်ကို သဝိဋ္ဌကကျီးက မြင်သောအခါ ဝိရကနှင့် ရင်းနှီးမှုရှိလျှင် ငါးများ စားရမည်ကိုသိ၍ ဝိရကထံ သွားပြီး ခစားသည်။ ဝိရကသည် ရလာသည့် ငါးများကို မိမိချည်း မစားတော့ဘဲ သဝိဋ္ဌကတို့ လင်မယားအားလည်း ဝေမျှ၍ ပေးသည်။ ကြာသော် သဝိဋ္ဌကသည် မာနတက်လာကာ 'ဤတင်ကျီးလည်း အဆင်းမည်းသည်၊ ငါလည်း အဆင်းမည်းသည်၊ မျက်စိ၊ နှုတ်သီး၊ ခြေသည်းတို့သည်လည်း ငါနှင့် ထူးခြားမှုမရှိ၊ ယနေ့မှစ၍ တင်ကျီး ရှာဖွေသည့် ငါးများကို မစားတော့။ မိမိကိုယ်တိုင် ဆင်း၍ ဖမ်းတော့မည်'ဟု ဝိရကအား အသိပေးသည်။ ဝိရကက 'အဆွေ သင်သည် ရေထဲမှငါးများကို ဖမ်းယူနိုင်သည့် အမျိုးအနွယ်မဟုတ်'ဟု ဆို၍ တားမြစ်သည်။

တားမြစ်ချက်ကို သဝိဋ္ဌကက မနာယူဘဲ ရေအောက်သို့ ငုပ်သွားရာ ပြန်တက်လာသောအခါ မှော်၊ ဒိုက်များကို ထိုးဖောက်ကျော်လွန်၍ မရတော့ဘဲ ရေအောက်တွင်ပင် နစ်မွန်း၍ သေဆုံးသွားရသည်။

**ဇာတ်ပေါင်း။** ။ သဝိဋ္ဌက-ဒေဝဒတ်၊ ဝိရက-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မတန်မရာတုပလျှင် သေခြင်းဆိုးနှင့်သေရတတ်သည်။

http://www.dhammadownload.com



# ၂၀၅။ ဂင်္ဂေယျဇာတ်

## ဂင်္ဂါမြစ်ကမ်းမှ လိပ်

**ပစ္စုပ္ပန်ဝတ္ထု**

အလှချင်း ပြိုင်နေသော ရဟန်းငယ်နှစ်ပါးသည် ရဟန်းအိုကြီးတစ်ပါးထံ ချဉ်းကပ်၍ 'မိမိတို့နှစ်ဦးအနက် မည်သူက ပိုလှပါသလဲ ဘုရား'ဟု အဆုံးအဖြတ်တောင်းသည်ကို သင်တို့နှစ်ဦးထက် ငါက ပို၍လှသည်ဟု ချက်ပိုင်ပိုင်ဖြင့် အနိုင်ယူသွားခဲ့သော ရဟန်းအိုကြီးတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဂင်္ဂါမြစ်ကမ်းခြေတွင် ရုက္ခစိုးနတ် ဖြစ်နေသည်။ ထိုအခါ ဂင်္ဂါနှင့်ယမုန်နာ မြစ်နှစ်သွယ် ဆုံရာတွင် ဂင်္ဂါငါးတစ်ကောင်နှင့် ယမုန်နာငါး တစ်ကောင်တို့ ဆုံတွေ့ကြရာ အချင်းချင်း အလှချင်းပြိုင်ကြသည်။ သူကလှသည်၊ ငါက ပို၍လှသည် စသည်ဖြင့် ငြင်းခုန်ကြစဉ် ဂင်္ဂါကမ်းခြေမှ လိပ်တစ်ကောင်ကို အဆုံးအဖြတ် ပေးရန် တောင်းပန်သည်။

ထိုအခါ လိပ်က ဂင်္ဂါငါးလည်း လှပါသည်၊ ယမုန်နာငါးလည်း လှပါသည်၊ အားလုံးထဲတွင် အလှတံခွန်စိုက်သူကတော့ ခန္ဓာကိုယ် ဝိုင်းဝိုင်း လည်ပင်းရှည်ရှည်နှင့် ငါသာလျှင် ဖြစ်သည်'ဟု ဆိုသည်။ ထိုအခါ ငါးများသည် 'အို လိပ်ယုတ်မာ၊ ငါတို့ မေးသည်ကို မဖြေဘဲ မဆိုင်သည်ကိုသာ သင်ဖြေခဲ့သည်'ဟု ပြောကြပြီးလျှင် လိပ်၏ ကျောကို ရေနှင့်ပက်၍ ထွက်သွားကြသည်။

**ဇာတ်ပေါင်း။** ။ငါးနှစ်ကောင်-ပဥ္စင်းငယ်နှစ်ပါး၊ လိပ်-ရဟန်းအို၊ ရုက္ခစိုး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။လိပ်တို့မည်သည် ကိုယ့်ဘက်ကိုယ်သာယက်တတ်ကြသည်။

---

# ၂၀၆။ ကုရုင်္ဂမိဂဇာတ်

## အတူယှဉ်ဖွယ် မိတ်ဆွေများ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးပမ်းသော ဒေဝဒတ်ကို အကြောင်းပြုပြီး ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကုရင်္ဂ မည်သော သမင်ဖြစ်၍ တောတစ်ခုအတွင်းမှ ရေအိုင်တစ်ခု အနီးရှိ ချုံထဲတွင် နေနေသည်။ ထိုရေအိုင်တွင် လိပ်တစ်ကောင်နှင့် ရေအိုင်အနီးရှိ သစ်ပင်ပေါ်၌ ခေါက်ရှာငှက်တစ်ကောင် လည်း နေသည်။ သူတို့သုံးကောင်သည် အချင်းချင်း မိတ်ဆွေများ ဖြစ်ကြသည်။ ညဥ့်ဦး တွင် ဘုရားလောင်း ကုရင်္ဂသမင်သည် ရေဆိပ်သို့ ရေသောက်ဆင်းသွားခဲ့ရာ မုဆိုး ထောင်ထားသော ကျော့ကွင်း၌ မိသည်။ လိပ်နှင့် ခေါက်ရှာငှက်တို့သည် အော်သံ ကြားရသဖြင့် သမင်ထံသို့ ရောက်လာကြကာ အချင်းချင်း တိုင်ပင်ကြပြီး လိပ်သည် သားရေကျော့ကွင်းကို ကိုက်ဖြတ်ရန် တာဝန်ယူလိုက်သည်။ မုဆိုးကြီး အချိန်မီ ရောက်မလာစေရန် ခေါက်ရှာငှက်က တာဝန်ယူသည်။

မိုးလင်းသောအခါ မုဆိုးသည် လှံကိုကိုင်၍ အိမ်အရှေ့တံခါးမှ ထွက်လာစဉ် အသင့်စောင့်နေသော ခေါက်ရှာငှက်က အော်မြည်လျက် မုဆိုး၏ မျက်နှာကို အတောင် ဖြင့် ပုတ်ခတ်လိုက်သည်။ မုဆိုးသည် 'နိမိတ်မကောင်း၊ငှက်ယုတ်မာ၏ ပုတ်ခတ်ခြင်းကို ခံရသည်'ဟု နှလုံးသွင်း၍ အိမ်ထဲသို့ ပြန်ဝင်ကာ အိပ်နေလိုက်သည်။ နိုးလာချိန်တွင် အနောက်တံခါးမှ လှည့်၍ထွက်လာသော်လည်း ခေါက်ရှာငှက်က ရှေးနည်းအတိုင်းပင် ပုတ်ခတ်ပြန်သည်။ မုဆိုးကြီးသည် အိမ်ထဲပြန်ဝင်ပြီး အရုဏ်တက်သည်အထိ အိပ်နေလိုက် သည်။ အရုဏ်တက်ပြီးခါမှ ထွက်လာခဲ့သည်။ သည်တစ်ကြိမ်တွင် ခေါက်ရှာငှက်က အဟန့်အတား မပြုတော့ဘဲ သမင်ထံသို့လာ၍ မုဆိုးကြီး လာနေပြီဖြစ်ကြောင်းကို သတင်း ပို့လိုက်သည်။

ထိုအချိန်တွင် လိပ်သည် ကျော့ကွင်းကို ကိုက်ဖြတ်၍ မပြီးသေးဘဲ ကြိုးတစ်လွန်း ကျန်နေသေးသည်။ သွားများကျိုးကြေလုမတတ်ဖြစ်ပြီး ခံတွင်းမှသွေးများပင် စီးကျနေ သည်။ ကျန်နေသောကြိုးကို မကိုက်ဖြတ်ရမီမှာပင် မုဆိုးကြီးလာနေသည်ကို သမင်က လှမ်းမြင်မိ၍ အတင်းရုန်းဖြတ်လိုက်ရာ ကြိုးပြတ်သွားသည်။ သမင်သည် တောထဲသို့ ပြေးဝင်သွားသည်။

မုဆိုးသည် ယက်ကန်ယက်ကန်ဖြင့် အသွားနှေးသော လိပ်ကို ကောက်ယူ၍ အိတ်ထဲသို့ထည့်ပြီး သစ်ငုတ်တစ်ခု၌ ချိတ်ဆွဲထားလိုက်သည်။ သမင်သည် နောက်သို့ ပြန်၍ လှည့်ကြည့်ရာ လိပ်၏ ကံဆိုးပုံကို မြင်လိုက်ရသောကြောင့် လိပ်အား အသက် ပေး၍ ကယ်ရန် ဆုံးဖြတ်လိုက်သည်။

http://www.dhammadownload.com



ထို့နောက် သမင်သည် ချည့်နဲ့နေဟန်ဖြင့် မုဆိုးမြင်သာအောင် လုပ်ပြရာ မုဆိုးက သမင်ကို ဖမ်းရန် ပြေးလိုက်လာသည်။ သမင်သည် ပြေးလိုက်လာသော မုဆိုးကို အဝေးရောက်အောင် သွေးဆောင်ခေါ်ကာ မုဆိုးမျက်ခြေပြတ်ချိန်တွင် ပြန်လှည့်လာလျက် လိပ်ကို ထည့်၍ ချိတ်ထားသည့်အိတ်ကို ချိုဖြင့် ကော်၍ယူခဲ့သည်။ ထိုအချိန်တွင် ခေါက်ရှာငှက်သည်လည်း သစ်ပင်ပေါ်မှ သက်ဆင်းကာ လွတ်ရာသို့ ပြေးလာသည်။

သုံးကောင်လုံး ဆုံမိကြရာ၌ သမင်က 'ငါသည် သင်တို့ကြောင့် အသက်ဆက်ရှင်ခွင့်ရခဲ့သည်။ မုဆိုးသည် ပြန်လာ၍ သင်တို့ကို ဖမ်းယူလိမ့်မည်။ ခေါက်ရှာငှက်လည်း သားသမီးများနှင့်အတူ အရပ်တစ်ပါးသို့ သွားပါ၊ အဆွေလိပ်လည်း ရေထဲသို့ ငုပ်ဝင်နေပါ'ဟု ဆိုသည်။ ခေါက်ရှာငှက်နှင့် လိပ်တို့သည် သမင်ညွှန်ကြားသည့်အတိုင်း လိုက်နာခဲ့ကြရာ အားလုံး အသက်ချမ်းသာရာ ရခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ မုဆိုး-ဒေဝဒတ်၊ ခေါက်ရှာငှက်-အရှင်သာရိပုတ္တရာ၊
လိပ်-အရှင်မောဂ္ဂလာန်၊ ကုရုင်္ဂသမင်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အရေးကြုံလျှင် မိတ်ဆွေအတွက် အသက်ပေးရန် ဝန်မလေးသင့်။

---

# ၂၀၇။ အဿကဇာတ်

## နွားချေးပိုးကောင်ဖြစ်နေသော မိဖုရား

### ပစ္စုပ္ပန်ဝတ္ထု

မယားဟောင်း၏ ဖြားယောင်းခြင်းခံရ၍ သာသနာတော်၌ ငြီးငွေ့လာသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ကာသိတိုင်း ပါဋလိပုတ်ပြည်၌ အဿကမင်းကြီး စိုးစံစဉ် မင်းကြီး၌ ဥပရီအမည်ရှိ လှပချောမောသော မိဖုရားကြီးတစ်ပါး ရှိသည်။ မိဖုရားကြီး ကွယ်လွန်သော အခါ အချစ်ကြီးမားသော မင်းကြီးသည် အလောင်းကို စွန့်ပစ်ခြင်းမပြုရက်ဘဲ တလားတွင် ထည့်၍ ဆီနှစ်တို့ဖြင့် စိမ်ပြီးလျှင် ခုတင်အောက်တွင် ထားစေသည်။ အစာမစားဘဲ ငိုကြွေးနေသည့် မင်းကြီးကို မည်သူမျှ ဖျောင်းဖျ၍မရဘဲ သီတင်းတစ်ပတ် ကုန်ခဲ့သည်။

http://www.dhammadownload.com



ဟိမဝန္တာတွင် နေထိုင်လျက်ရှိသော ဘုရားလောင်းရသေ့သည် ဒိဗ္ဗစက္ခုဖြင့် အဿကမင်း ဖြစ်နေပုံကို မြင်၍ ကောင်းကင်ခရီးဖြင့် ကြွလာပြီး မင်းဥယျာဉ်ရှိ မင်္ဂလာကျောက်ဖျာပေါ်၌ သီတင်းသုံးနေသည်။ မြို့ထဲမှ ပုဏ္ဏားလုလင် တစ်ယောက်သည် ရသေ့ကြီး နေရာသို့ ရောက်လာကာ စကားပြောဆိုကြရင်း ပုဏ္ဏားလုလင်သည် မိမိတို့မင်းကြီး၏ သောကကို တစ်စမကျန် ရသေ့အား ပြောပြရာ 'မင်းကြီးသည် မိဖုရားကြီး၏ ဖြစ်ရာဘဝကို ငါ့အား လာမေးလျှင် ပြောပြမည်၊ မင်းကြီး ရှေ့တော်မှောက်မှာပင် မိဖုရားကြီးကိုလည်း စကားပြောစေမည်'ဟု ဆိုသည်။ ထိုစကားကို ကြားရသော ပုဏ္ဏားလုလင်သည် အလျင်စလိုပင် ပြန်သွားပြီး အဿကမင်းအား လျှောက်တင်သည်။

အဿကမင်းသည် အလျင်အမြန် ရောက်လာလျက် မိဖုရားကြီး၏ ဖြစ်ရာ ဘဝကို မေးရာ အလှမာန်ယစ်၍ ကောင်းမှုများ ပြုလုပ်ရန် မေ့လျော့ခဲ့သဖြင့် ဤဥယျာဉ် တွင်ပင် နွားချေးပိုးမျိုး၌ ဖြစ်နေကြောင်း မိန့်ကြားသည်။ မင်းသည် ရသေ့ကြီး၏ စကားကို လက်မခံသဖြင့် ရသေ့ကြီးက နွားချေးပိုး ဖို,မ တစ်စုံကို ခေါ်ယူပြီး 'မင်းမြတ်၊ ဤနွားချေးပိုးမသည် သင်မင်းမြတ်၏ ဥပရိ မည်သော မိဖုရားပင်တည်း၊ သင့်ကို စွန့်ခွာ၍ နွားချေးပိုးဖို၏နောက် လိုက်နေသည်'ဟု ဆိုသည်။ သို့တိုင် ဘုရင်က မယုံကြည်နိုင်သေးပေ။

ထို့ကြောင့် ရသေ့ကြီးသည် မိမိ၏ အာနုဘော်ဖြင့် 'နွားချေးပိုးမသည် စကားဆိုစေသတည်း'ဟု အဓိဋ္ဌာန်လိုက်ပြီး 'ဥပရိ'ဟု ခေါ်လိုက်ရာ နွားချေးပိုးမက လူ့ဘာသာစကားဖြင့် ပြန်ပြောသည်။ 'သင်သည် အတိတ်ဘဝက အဘယ်အမည် ရှိခဲ့သနည်း'ဟု ဆက်၍မေးသောအခါ 'အဿကမင်းကြီး၏ ဥပရိ ခေါ်သော မိဖုရားကြီး ဖြစ်ပါသည်'ဟု ဖြေသည်။ တစ်ဖန် 'အဿကမင်းနှင့် နွားချေးပိုးဖိုတို့တွင် မည်သူ့ကို ပိုချစ်သနည်း'ဟု မေးပြန်ရာ 'အဿက မင်းသည် တစ်ချိန်က လင်ယောကျ်ား ဖြစ်ခဲ့ဖူးသည်မှာ မှန်သော်လည်း ယခု မည်သို့မျှ မသက်ဆိုင်တော့ပါ၊ အကျွန်ုပ်သည် အဿကမင်းကို သတ်၍ ထိုမင်း၏ လည်ချောင်းသွေးဖြင့် အကျွန်ုပ်၏ ချစ်လင်ဖြစ်သော နွားချေးပိုးဖို၏ ခြေထောက်ကို လိမ်းကျံပေးချင်ပါသည်'ဟု ပရိသတ်များ ကြားအောင် ပြောလိုက်သည်။

ထိုအခါ အဿကမင်းသည် မိဖုရား ဥပရိ၏ အလောင်းကို စွန့်ပစ်ကာ အခြားမိန်းမတစ်ယောက်ကို မိဖုရားကြီးအရာ တင်မြှောက်လျက် တရားနှင့်အညီ မင်းပြုသည်။

ဇာတ်ပေါင်း။ ။ ဥပရိ-မယားဟောင်း၊ အဿကမင်း-ဖြိုးငွေ့သောရဟန်း၊
ပုဏ္ဏားလုလင်-အရှင်သာရိပုတ္တရာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အသစ်တွေ့လျှင် အဟောင်းကို မေ့တတ်သည်။

http://www.dhammadownload.com



## ၂၀၈။ သုသုမာရဇာတ်

### ကိုယ်သာကြီး၍ ပညာမဲ့သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးပမ်းကြံစည်နေသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ မျောက်ဖြစ်၍ ဂင်္ဂါမြစ်ကွေ့ တစ်နေရာတွင် နေနေသည်။ ထိုမြစ်ကွေ့ထဲတွင် မိကျောင်းလင်မယားလည်း ရှိရာ မိကျောင်းမသည် ဘုရားလောင်း မျောက်မင်း၏ နှလုံးသားကို စားချင်နေသည်။ ထိုအကြောင်းကို ပြောပြ၍ မိကျောင်းဖိုအား ပူဆာသော် မိကျောင်းဖိုသည် ဂင်္ဂါမြစ်ကမ်းစပ်တွင် ထိုင်နေသော မျောက်မင်းထံသို့ လာကာ 'အဆွေ မျောက်၊ ဂင်္ဂါမြစ်၏ ဟိုဘက်ကမ်းတွင် သရက်၊ ပိန္နဲ စသော ချိုမြိန်သည့် သစ်သီးများ ရှိပါသည်။ သင်သွား၍ စားသောက်လိုလျှင် စေတနာနှင့် ပို့ပေးပါမည်'ဟု သွေးဆောင်သည်။

ထိုအခါ မျောက်မင်းက မိကျောင်း၏ စကားကို ယုံကြည်မိသဖြင့် မိကျောင်း၏ ကျောက်ကုန်းပေါ်တွင် တက်စီးလျက် လိုက်ပါလာသည်။ ကမ်းနှင့် အတန်ငယ်ဝေးသည့် နေရာသို့ ရောက်သော် မိကျောင်းသည် ရေထဲသို့ ငုပ်သွားသည်။ မျောက်မင်းက အဘယ်ကြောင့် ဤသို့ပြုကြောင်းကို မေးရာ မိကျောင်းက အကြောင်းစုံကို ပြောပြသည်။ ထိုအခါ မျောက်မင်းက 'အဆွေ၊ သင် သတိထားပါ၊ သစ်ပင်များပေါ်တွင်သာ နေသော ငါတို့ မျောက်များ၏ နှလုံးသားသည် ရင်ထဲ၌ ရှိနေခဲ့လျှင် မွှန်မွှန်ညက်ညက် ကြေသွားလိမ့်မည်၊ ထို့ကြောင့် ငါတို့၏ နှလုံးသားကို သစ်ပင်ပေါ်မှာ ချိတ်ဆွဲထားရသည်'ဟု အသီးအပွင့်များဖြင့် ဝေဆာနေသော ရေသဖန်းပင် တစ်ပင်ကို လက်ညှိုးညွှန်ပြသည်။

ထိုအခါ မိကျောင်းသည် မျောက်မင်းအား ရေသဖန်းပင် ရှိရာသို့ ဆောင်လာခဲ့သော် ရေသဖန်းပင်အနီးသို့ ရောက်လျှင် မျောက်မင်းသည် ရေသဖန်းပင်ပေါ်သို့ ခုန်တက်လျက် သဖန်းပင်ပေါ်တွင် ထိုင်၍ 'အချင်း မိကျောင်း၊ သတ္တဝါတို့၏ နှလုံးသားသည် သစ်ပင်ပေါ်၌ ရှိသည်ဟု သင် မည်သည့်အချိန်က ကြားဖူးသနည်း၊ ငါသည် သင့်ကို လှည့်စား၏။ သင်သည် ကိုယ်သာ ကြီး၍ ပညာမရှိသော သတ္တဝါကြီးသာ

http://www.dhammadownload.com



တည်း'ဟု ဆိုကာ သဖန်းသီးများကို ပစ်ချပေးခဲ့သည်။ ထိုအခါ မိကျောင်းသည် စိတ်နှလုံး မသာမယာဖြင့် ပြန်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ မိကျောင်း-ဒေဝဒတ်၊ မိကျောင်းမ-စိဉ္စမာနဝိကာ၊ မျောက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကိုယ်ကောင်ကြီးခြင်းမှာ ပညာနှင့်မသက်ဆိုင်။

---

## ၂၀၉။ ကုက္ကုဋဇာတ်

### မုဆိုးနှင့် ကြက်အို

**ပစ္စုပ္ပန်ဝတ္ထု**

မိမိကိုယ်ကို ကျန်းမာအောင် စောင့်ရှောက်နေထိုင်တတ်သော အရှင်သာရိပုတ္တရာ၏ တပည့် ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောတွင်း တစ်နေရာတွင် ရုက္ခစိုး ဖြစ်နေသည်။ တစ်နေ့တွင် ငှက်မုဆိုးတစ်ယောက်သည် ထိုတောသို့ ကြက်တိန်ညင်တစ်ကောင်နှင့် ကျော့ကွင်းကို ယူကာ တောကြက်များကို လာရောက်ဖမ်း သည်။ ထိုအခါ ဝင်ပြေးသွားသော ကြက်အိုတစ်ကောင်ကို မြင်သဖြင့် ဖမ်းယူလို၍ ကျော့ကွင်းဖြင့် ထောင်သည်။ ပါးနပ်လိမ္မာသော ကြက်အိုသည် မိမိကိုယ်ကို အမိမခံဘဲ ပျံ၍ပျံ၍သာ နားသည်။ ဤတွင် ဖွဲကောင်းသော မုဆိုးသည် မိမိကိုယ်ကို သစ်ရွက်နတို့ဖြင့် ဖုံးအုပ်၍ ထပ်ပြန်တလဲလဲ ထောင်ပြန်သည်။

ထိုအခါ ကြက်အိုသည် မုဆိုး၏ အရှက်ရစေလို၍ 'အချင်း သစ်ပင်၊ တောထဲမှ အင်ကြင်း၊ သစ်ဆိမ့် အစရှိသော သစ်ပင်များကို ငါ မြင်ခဲ့ဖူးခဲ့သည်မှာ များပြီ၊ ထိုအပင် များသည် သင့်ကဲ့သို့ ရွေ့လျားမှုမရှိကြပါ'ဟု ဆိုလိုက်ပြီး ထိုတောမှ အခြား တောတစ်ခုသို့ ပြောင်းရွှေ့သွားသည်။

**ဇာတ်ပေါင်း။** ။ မုဆိုး-ဒေဝဒတ်၊ ကြက်-ရဟန်းငယ်၊ ရုက္ခစိုး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဆင်ခြင်စဉ်းစားသတိထားလျှင် အမှားမတွေ့နိုင်။

---

http://www.dhammadownload.com



# ၂၁၀။ ကန္ဒဂလကဇာတ်

## အရည်အချင်းမတူသော သစ်တောက်ငှက်နှစ်ကောင်

**ပစ္စုပ္ပန်ဝတ္ထု**

ဂယာသီသအရပ်သို့ အဂ္ဂသာဝက မထေရ်ကြီးနှစ်ပါး ရောက်လာကြသောအခါ ဘုရားရှင်ကို အတုယူ၍ ပြစ်မှားမိသော ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာရှိ ရှားတောထဲတွင် ခဒိရဝနိယ မည်သော သစ်တောက်ငှက် ဖြစ်နေသည်။ တစ်နေ့တွင် လက်ပံတော၊ ကသစ်တောတို့၌ အစာရှာဖွေ စားသောက်သည့် 'ကန္ဒဂလက'ခေါ်သော မိတ်ဆွေ သစ်တောက်ငှက်တစ်ကောင် သူ့ထံသို့ ရောက်လာသည်။ ခဒိရဝနိယသည် မိတ်ဆွေ သစ်တောက်ငှက်အား ရှားပင်ထဲမှ ပိုးမွှားများကို နှုတ်သီးဖြင့် ပေါက်ထုတ်၍ ကျွေးမွေးသည်။ မိတ်ဆွေသစ်တောက်ငှက်သည် ချိုမြိန်လှသော ပိုးမွှားများကို စားသောက်နေဆဲမှာပင် 'သူလည်း သစ်တောက်ငှက်၊ ငါလည်းသစ်တောက်ငှက်၊ သစ်တောက်ငှက်ချင်း အတူတူ ငါ့ဘာသာ ရှာဖွေစားသောက်မည်'ဟူ၍ မတန်မရာ တုပလာသည်။

ထိုအကြောင်းကို ခဒိရဝနိယအား အသိပေးလျှင် ခဒိရဝနိယက မသင့်လျော်ကြောင်း၊ အဆွေသည် အနှစ်မဲ့သော လက်ပံတော၊ ကသစ်တောများတွင်သာ ကျက်စားလာခဲ့သူ ဖြစ်ကြောင်း၊ ရှားနှစ်များသည် မာလွန်းကြောင်း ပြောဆို၍ တားမြစ်သည်။ သို့ရာတွင် ကန္ဒဂလကသည် ထိုစကားကိုလက်မခံဘဲ ရှားပင်ကို နှုတ်သီးဖြင့် ပေါက်သည်။ တစ်ချက်တည်း ပေါက်ရုံမျှဖြင့်ပင် သူ့နှုတ်သီးသည် ကျိုး၍ မျက်လုံးအစုံ ထွက်ကျသွားကာ မြေပြင်သို့ ပြုတ်ကျသေဆုံးသွားလေသည်။

**ဇာတ်ပေါင်း။** ။ကန္ဒဂလက-ဒေဝဒတ်၊ ခဒိရဝနိယ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။အသွင်တူတိုင်း အရည်အချင်းမတူနိုင်။

**နဝကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com



# ၇။ ဗီရဏထမ္ဘဝဂ်

## ၂၁၁။ သောမဒတ္တဇာတ်

### စကားမှားသော ပုဏ္ဏား

**ပစ္စုပ္ပန်ဝတ္ထု**

ပရိသတ်ရှေ့တွင် စကားပြောရန် ရှက်ရွံ့တတ်သော လာဠုဒါယီ မထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏား မျိုး၌ ဖြစ်၍ 'သောမဒတ္တ'ဟု အမည်တွင်သည်။ အရွယ်ရောက်သောအခါ ပညာသင်ပြီး နောက် မင်းထံ၌ ခစားသည်။

သူ့ဖခင်သည် နွားတစ်ရှဉ်းဖြင့် ထွန်ယက်လုပ်ကိုင် စားသောက်လျက်ရှိရာ နွားတစ်ကောင် သေဆုံးသွားသောကြောင့် သားသောမဒတ္တထံသွား၍ မင်းထံမှ နွား တစ်ကောင် တောင်းရန် ပြောသည်။ သားက မိမိသည် မင်းထံ ခစားသည်မှာ မကြာ သေးကြောင်း၊ ယခုအချိန်တွင် တောင်းရမ်း၍ မသင့်လျော် သေးကြောင်း၊ ဖခင် ကိုယ်တိုင်ပင် တောင်းသင့်ကြောင်း ပြောသည်။

ထိုအခါ ဖခင်က 'ချစ်သား၊ ငါသည် လူနှစ်ယောက်သုံးယောက်တို့၏ ရှေ့၌ပင် ရှက်ကြောက်၍ စကားမပြောဝံ့သည်ကို သင်မသိလော၊ အကယ်၍ ငါသွားတောင်းခဲ့လျှင် ကျန်နေသည့် နွားတစ်ကောင်ကို မင်းအား ပေးခဲ့မိမှာ အမှန်'ဟု ဆိုသည်။ သားက 'ကိစ္စမရှိပါ၊ တောင်းပုံ တောင်းနည်းများကို သင်ပေးပါမည်'ဟု ဆို၍ ဖခင်အား 'ဗီရဏထမ္ဘက' ခေါ်သော သုသာန်ထဲသို့ ခေါ်လာခဲ့သည်။ သုသာန်တွင် မြက်ထုံးစည်း များကို စီတန်းချထားလျက် 'ဤကား မင်းကြီး၊ ဤကား အိမ်ရှေ့မင်း၊ ဤကား စစ်သူကြီး ဟူ၍ မှတ်ထားပါ၊ ဖခင်သည် မင်းရှေ့သို့သွား၍ ဤသို့ လျှောက်ပါ'ဟူ၍ သင်ပေးသည်။ ပုဏ္ဏားကြီးသည် ဤလေ့ကျင့်ခန်းကို တစ်နှစ်တိုင်တိုင် လေ့ကျင့်ပြီးသောအခါ 'မည်သူ့ ရှေ့မှောက်တွင်ဖြစ်စေ လျှောက်တင်နိုင်စွမ်းရှိပြီ'ဟု သားအား ပြောကြားသည်။

http://www.dhammadownload.com



ထို့ကြောင့် သားသည် ဖခင်ဖြစ်သူအား မင်းရှေ့မှောက်သို့ ခေါ်လာသဖြင့် မင်းက လာခဲ့ရသည့် အကြောင်းရင်းကို မေးသည်။ ပုဏ္ဏားကြီးက 'မြတ်သော မင်းကြီး၊ အကျွန်ုပ်သည် နွားတစ်ရှဉ်းဖြင့် လယ်ထွန်နေခဲ့ရာမှ နွားတစ်ကောင် သေဆုံးခဲ့ပါသည်။ ကျန်နေသော နွားတစ်ကောင်ကို သိမ်းပိုက်တော်မူပါ'ဟု လျှောက်ထားလိုက်သည်။ အမှန် လျှောက်ထားရမည်မှာ 'ထွန်ဖက်ဖြစ်သော နွားတစ်ကောင်ကို ပေးသနားတော်မူပါ'ဟုသာ ဖြစ်သည်။ သူ၏ ချွတ်ယွင်းမှုကို နားလည်တော်မူသော မင်းကြီးသည် ပြုံးရယ်တော်မူ၍ 'သောမဒတ္တတို့ အိမ်၌ နွားများစွာ ရှိပုံရသည်'ဟု ဆိုသည်တွင် ပါးနပ်သော သားက 'အရှင်မင်းမြတ် ပေးသနားတော်မူသဖြင့် နွားများစွာ ရှိလာပါလိမ့်မည်'ဟု လျှောက်ထား လိုက်ရာ မင်းသည် နှစ်သက်တော်မူလှသဖြင့် ပုဏ္ဏားကြီးအား နွားတစ်ဆယ့်ခြောက်ကောင် နှင့် သူနေသော ရွာကိုပါ အပိုင်စား ပေးသနားတော်မူသည်။

**ဇာတ်ပေါင်း။** ။ ဘုရင်-အာနန္ဒာ၊ သောမဒတ္တ၏အဖ-အရှင်လာဠုဒါယီ၊ သောမဒတ္တ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အမှားထဲတွင် အချို့အမှားသည် အမှားကောင်း ဖြစ်တတ်သည်။

---

## ၂၁၂။ ဥစ္ဆိဋ္ဌဘတ္တဇာတ်

### လင်ငယ်ကိုထမင်းဦးကျွေးသော ပုဏ္ဏေးမ

**ပစ္စုပ္ပန်ဝတ္ထု**

ဘဝဟောင်းမှ မယားဟောင်း ဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါး ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် နဋသူတောင်း စားမျိုး၌ ဖြစ်သည်။ တစ်နေ့တွင် ကာသိတိုင်းမှ ရွာငယ်တစ်ရွာသို့ ရောက်သွားရာ အကျင့် ဖောက်ပြန်သော ပုဏ္ဏေးမ တစ်ယောက်ကို တွေ့ရသည်။ ထိုပုဏ္ဏေးမသည် လင်ငယ်နှင့် ဖောက်ပြန်ပြီး ပူနွေးသော ထမင်းဦး ဟင်းဦးများကို လင်ငယ်အား ကျွေးမွေးသည်။ ဘုရားလောင်းသည်လည်း လင်ငယ်ထံမှ ထမင်းများ ရလိုရငြား စောင့်၍နေရာ တံခါးဝ

http://www.dhammadownload.com



တွင် ရပ်လျက် လမ်းပေါ်သို့ မျှော်ကြည့်နေသော ပုဏ္ဏေးမသည် ပုဏ္ဏားကြီး အိမ်သို့ ပြန်လာနေသည်ကို လှမ်းမြင်၍ လင်ငယ်အား ထမင်းပွဲမှ ဆောလျင်စွာ ထစေပြီး စပါးကျီထဲသို့ သွင်းထားလိုက်သည်။

ပုဏ္ဏားကြီး ရောက်သောအခါ ပုဏ္ဏေးမသည် အေးနေပြီဖြစ်သော လင်ငယ်၏ စားကြွင်းထမင်းအပေါ်၌ ပူနွေးသော ထမင်းသစ်များ ထပ်ဖြည့်လျက် ပုဏ္ဏားကြီးအား ကျွေးသည်။ ပုဏ္ဏားကြီးသည် ထမင်းကို နှိုက်မိလျှင်ပင် အပေါ်မှ ထမင်းများ ပူနွေး၍ အောက်ဘက်မှ ထမင်းမှာ အေးစက်နေသဖြင့် တစ်စုံတစ်ယောက်၏ စားကြွင်းများ ဖြစ်နေ ရော့သလားဟု တွေး၍ ပုဏ္ဏေးမအား အကျိုးအကြောင်း မေးသည်။

မည်သို့ပင် မေးသော်လည်း ပုဏ္ဏေးမက အမှန်အတိုင်း မဖြေကြားပေ။ ထိုအခါ ထမင်းကျန် ဟင်းကျန်ကို တောင်းရန် အိမ်ရှေ့မှ စောင့်မျှော်နေသော နင်္ဂသည် ပုဏ္ဏားကြီးအား ပုဏ္ဏားကြီးထွက်သွားချိန်မှစ၍ ပုဏ္ဏေးမ၏ ဖောက်ပြန်ပုံ၊ လင်ငယ်အား ထမင်းကျွေးပုံနှင့် ကျီထဲတွင် ဝှက်ထားပုံများကို ပြောပြသည်။ လင်ငယ်အားလည်း ဦးသျှောင်မှ ကိုင်ဆွဲ၍ စပါးကျီမှ ဆွဲထုတ်ပြီးလျှင် ပုဏ္ဏားလက်သို့ အပ်လိုက်သည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏေးမ-မယားဟောင်း၊
ပုဏ္ဏား-မယားဟောင်း၏ဖြားယောင်းခံရသောရဟန်း၊
နင္ဂအမျိုးသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းမှုလုပ်လျှင် မကောင်းကျိုး ရမည်။

# ၂၁၃။ ဘရုဇာတ်

## တိတ္ထိတို့ထံမှ လာဘ်စားသောမင်း

ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် လာဘ် လာဘ ဆုတ်ယုတ်လာသော တိတ္ထိကြီးများက အသပြာတစ်သိန်း လာဘ်ထိုးသဖြင့် ဗုဒ္ဓ၏ ကျောင်းတော် အနီးတွင် ကျောင်းဆောက်၍ တိတ္ထိများအားနေခွင့်ပေးသော ကောသလမင်း ကြီးအား အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဘာရုတိုင်း၌ ဘာရုမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသော ဂိုဏ်းဆရာ ရသေ့ကြီး ဖြစ်နေသည်။ ချဉ်၊ ဆား မှီဝဲလိုသဖြင့် နောက်ပါ ရသေ့ငါးရာတို့နှင့်အတူ ဟိမဝန္တာမှထွက်၍ ဘာရုမြို့၏ မြောက်တံခါးအနီး ညောင်ပင်ကြီး အောက်တွင် နေထိုင်သည်။ ရသေ့တို့နေ၍ လခွဲမျှ ကြာညောင်းသွားချိန်တွင် အခြား ရသေ့ငါးရာပင် ပါဝင်သော ရသေ့တစ်ဖွဲ့သည် ထိုမြို့သို့ ရောက်လာကာ တောင်တံခါးဝ ညောင်ပင်ကြီး အောက်တွင်ပင် အခြေချ နေထိုင်ကြပြန်သည်။ အချိန်တန်၍ ပြန်ချိန် သင့်သောအခါ ထိုရသေ့နှစ်ဖွဲ့လုံးသည် ဟိမဝန္တာသို့ပင် အသီးသီးပြန်သွားကြသည်။

ရသေ့များ ပြန်သွားခဲ့ကြ၍ မကြာမီမှာပင် တောင်တံခါးရှိ ညောင်ပင်သည် ခြောက် သယောင်း၍ သေသွားသည်။ ထိုအချိန်၌ ယခင်က ဒုတိယမြောက် ရောက်လာခဲ့ကြသော ရသေ့များသည် ထပ်မံ၍ ရောက်လာကြပြန်ကာ ညောင်ပင်ကြီး မရှိတော့သဖြင့် မြောက် တံခါးဝ ညောင်ပင်ကြီးအောက်တွင်ပင်နေရာချ၍ တည်းခိုနေခဲ့ကြသည်။ မကြာမီ ယခင်က ပထမ ရောက်လာခဲ့သော ရသေ့အဖွဲ့သည်လည်း ရောက်လာပြန်ရာ ၎င်းတို့ ရှေ့က နေထိုင် ခဲ့ရာ မြောက်တံခါးဝညောင်ပင်ကြီးအောက်သို့ပင် လာကြသည်။

ထိုအခါ ရသေ့နှစ်ဖွဲ့တို့သည် သူ့သစ်ပင်၊ ငါ့သစ်ပင်၊ သူရှေးဦးစွာ နေခဲ့ဖူးသည်၊ ငါဦးစွာရောက်သည် စသည်ဖြင့် အငြင်းအခုံဖြစ်ကြသည်။ နောက်ဆုံးတွင် မင်းထံဝင်၍ အဆုံးအဖြတ် ခံယူကြရာ မင်းသည် ယခင်က ဦးစွာနေခဲ့ဖူးသော ရသေ့အဖွဲ့ကို အနိုင် ပေးသည်။ ဤသည်ကို မကျေနပ်သော ဒုတိယရသေ့အဖွဲ့က အရှုံးမပေးလိုပေ။ ထို့ကြောင့် ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုရာ စကြဝတေးမင်းတစ်ပါး သုံးစွဲခဲ့ဖူးသော ရထားချိုင့်တစ်ခုကို တွေ့ရ၍ ထုတ်ယူပြီး မင်းအား တံစိုးလက်ဆောင်အဖြစ် ပေးအပ်ကြသည်။ မင်းသည် ဒုတိယအဖွဲ့ကိုလည်း တစ်ဖန် ပိုင်ဆိုင်ခွင့် ပေးလိုက်ပြန်သည်။

ထိုအကြောင်းကိုသိသော ပထမရသေ့အဖွဲ့ကလည်း ထိုရထားချိုင့်၏ ရထား လှည်းဘီးတို့ကို ထုတ်ယူကာ မင်းအား ပေးအပ်လျက် ညောင်ပင်ကြီးကို မိမိတို့ တစ်ဖွဲ့ တည်းပိုင် ပြုပေးရန် ပြောဆိုကြသည်။ မင်းကလည်း ရသေ့များအလိုကျ ဆောင်ရွက် ပေးလိုက်ပြန်သည်။

ထိုအခါ ဘာရုတိုင်းမှ နတ်များသည် သီလရှိသော ရသေ့များကို အငြင်းပွားမှု ဖြစ်စေခဲ့သော ဘာရုမင်းအား အမျက်ထွက်ကြသဖြင့် ယူဇနာသုံးရာရှိသော ဘာရုတိုင်းကို သမုဒ္ဒရာ ဒီလှိုင်းများဖြင့် နှစ်မြှုပ်ဖျက်ဆီးလိုက်ရာ ဘာရုတိုင်းသည် သမုဒ္ဒရာ ရေအောက်သို့ ရောက်သွားတော့သည်။

http://www.dhammadownload.com



ဤဒေသနာတော်ကို ဟောကြားတော်မူပြီး၍ မြတ်စွာဘုရား ပြန်လည်ကြွသွားတော်မူသောအခါ ကောသလမင်းသည် တိတ္ထိတို့၏ တည်ဆောက်ဆဲ ကျောင်းများကို ဖျက်ဆီးပစ်ရန် မင်းမှုထမ်းများအား စေလွှတ်လိုက်သည်။

ဇာတ်ပေါင်း။ ။ရသေ့ကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။မင်းလာဘ်စားလျှင် မင်းမှုထမ်းတို့ပြောစရာမရှိတော့။

---

## ၂၁၄။ ပုဏ္ဏနဒီဇာတ်

### ပညာရှိသောအမတ်နှင့်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်၏ ပါရမီတော်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပုရောဟိတ် အမတ်ဖြစ်နေသည်။ တစ်နေ့တွင် ကုန်းချောစကားကြောင့် မင်းသည် ပညာရှိ အမတ်ကို နိုင်ငံမှ နှင်ထုတ်လိုက်ရာ မိသားစုနှင့်တကွ လယ်သမားရွာကလေးတစ်ရွာသို့ သွားရောက်နေထိုင်ရသည်။ နောက်ပိုင်းတွင် မင်းသည် ပညာရှိအမတ်၏ ကျေးဇူးတရားများကို အမှတ်ရ၍ ပြန်လည်ခေါ်ယူလိုစိတ် ဖြစ်ပေါ်လာသဖြင့် ကဗျာတစ်ပုဒ် သီဖွဲ့၍ ထန်းရွက်ပေါ်တွင် ရေးကာ ကျီးသားဟင်းကို ချက်စေလျက် စာခွေနှင့် ကျီးသားဟင်းကို ပုဝါဖြူနှင့် ထုပ်ပိုး၍ အမတ်ထံသို့ ပို့လိုက်သည်။

အမတ်သည် ရောက်လာသော အထုပ်ထဲမှ စာခွေကို ဖြန့်လိုက်သောအခါ 'အကြင်ငှက်ကြောင့် ရေဖြင့် ပြည့်နေသော မြစ်ရေကို ကမ်းပေါ်၌ရပ်၍ သောက်နိုင်သည်။ မုယောစသော စပါးပင်နုများကိုလည်း ဖုံးအုပ်ထားကြရသည်။ ခရီးဝေးသို့ သွားနေသော အဆွေခင်ပွန်းသည်လည်း ပြန်ရောက်မည်ဟု ဆိုကြသည်။ ထိုငှက်သားဟင်းကို ပို့လိုက်ပါသည်။ စားသုံးပါလော့'ဟု အဓိပ္ပာယ်ရှိသော ကဗျာကို တွေ့ရသည်။

ဤတွင် အမတ်သည် ဟင်းမှာ ကျီးသားဟင်းဖြစ်ကြောင်းကိုလည်းကောင်း၊ မိမိအား ပြန်လာစေလိုသည့် အကြောင်းကိုလည်းကောင်း အတပ်သိ၍ နေရင်းနိုင်ငံသို့ ပြန်လာခဲ့ရာ မူလရာထူးကို ပြန်၍ရသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။မင်း-အရှင်အာနန္ဒာ၊ ပုရောဟိတ်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ပတ္တမြားမှန်ခွံမှာမနစ်သကဲ့သို့ ပညာရှိမှန်လျှင်စင်တင်ခံရမြဲ။

# ၂၁၅။ ကစ္ဆပဇာတ်

## လေဟုန်စီးရာမှ ပြုတ်ကျသော လိပ်

**ပစ္စုပ္ပန်ဝတ္ထု**

အင်္ဂသာသဝက မထေရ်ကြီးနှစ်ပါးကို ပုတ်ခတ်ဆဲရေးမိ၍ အသေဆိုးနှင့် သေဆုံးရသော ကောကာလိကကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်းကြီး၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုမင်းသည် တစ်ဖက်လူများ စကားဝင်ပြောခွင့်မရအောင် အလွန်စကားများသည်။ ပညာရှိအမတ်သည် ထိုအပြုအမူများကို တားမြစ်နိုင်မည့် အခွင့်အခါကို စောင့်သည်။

ထိုအခါ ဟိမဝန္တာရှိ ရေအိုင်တစ်ခုတွင် နေသော လိပ်တစ်ကောင်သည် ဟင်္သာငယ် နှစ်ကောင်တို့နှင့် မိတ်ကျွမ်းဝင်လျက်ရှိသည်။ ဟင်္သာငယ်တို့က လိပ်အား ပျော်မွေ့ဖွယ်ရာ ကောင်းသော မိမိတို့နေရာသို့ လိုက်နေရန် ခေါ်ကြသည်။ လိပ်က စိတ်ပါဝင်စားသော်လည်း သွားနိုင်စွမ်းမရှိကြောင်းပြောသည်။ ဟင်္သာများက 'သင်သည် နှုတ်စောင့်၍ လမ်းတွင် မည်သူ့ ကိုမျှ စကားမပြောဘဲနေနိုင်လျှင် ကျွန်ုပ်တို့ ခေါ်သွားနိုင်သည်'ဟု ပြောသည်။ လိပ်က နှုတ်စောင့်မည်ဟု ကတိပြုသည်။ သို့ဖြင့် ဟင်္သာတို့သည် တုတ်တစ်ချောင်း၏ အလယ်တွင် လိပ်ကို ကိုက်ထားစေလျက် သူတို့က အစွန်းနှစ်ဖက်တို့မှ ကိုက်ချီကာ ပျံသန်း ခေါ်ဆောင်လာခဲ့ကြသည်။ ယင်းကို ကလေးသူငယ်များက တွေ့မြင်ကြ၍ 'ဟင်္သာတွေ လိပ်ကြီးကို ချီနေသဟေ့'ဟု အောက်မှ အော်ဟစ်ကြသည်။

ထိုအသံကို ကြားမိလိုက်သော လိပ်သည် 'မင်းတို့နှင့်ဘာဆိုင်သလဲ'ဟု ပြောရန် ပါးစပ်ကို ဟလိုက်ရာ မင်းနန်းဆောင်အနီးတွင် ကျ၍ နှစ်စိတ်ကွဲခဲ့ရသည်။ မင်းသည် ပညာရှိအမတ်နှင့်အတူ ထိုလိပ်ကွဲကို သွားကြည့်သည့်အခါ အဘယ်ကြောင့် အမြင့်မှ ကျရကြောင်းကို မေးလျှင် မင်းကိုဆုံးမရန် အချက်စောင့်နေသော ပညာရှိ အမတ်သည်

http://www.dhammadownload.com



လိပ်မိုက်သော ဇာတ်ကြောင်းကို အခြေပြုကာ 'မြတ်သော မင်းကြီး၊ အတိုင်းအဆမရှိ စကားပြောဆိုတတ်သောသူများသည် ဤကဲ့သို့ပင် ပျက်စီးကြရချေသည်'ဟု လျှောက်တင်လိုက်သည်။ ထိုအခါမှစ၍ မင်းလည်း နှုတ်နည်းသွားသည်။

ဇာတ်ပေါင်း။ ။ လိပ်-ကောကာလိက၊ ဟင်္သာနှစ်ကောင်-အရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်၊ မင်း-အရှင်အာနန္ဒာ၊ အမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တုတ်ကြောင့်ကြေ၍ နှုတ်ကြောင့်သေတတ်သည်။

---

## ၂၁၆။ မစ္ဆဇာတ်

### မိမိသေဘေးထက် မယားအတွက် စိုးရိမ်သော ငါး

**ပစ္စုပ္ပန်ဝတ္ထု**

ဘဝဟောင်းမှ မယားဟောင်း ဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပုရောဟိတ်အမတ် ဖြစ်နေသည်။ တစ်နေ့တွင် တံငါတို့သည် ကွန်တွင်မိသော ငါးတစ်ကောင်ကို မီးကျီးတွင်ကင်၍ စားရန် တံစို့ချွန်သူက ချွန်၍ မီးဖိုသူက ဖိုနေကြသည်။ ထိုအချိန်တွင် ပိုက်ကွန်၌ မိထားသော ငါးဖိုသည် မိမိ၏ သေရအံ့သော ဘေးကြီးထက် မယားဖြစ်သူ ငါးမ ပူပန်နေမည်ကို စိုးရိမ်ကြီးစွာဖြင့် ငိုကြွေးနေသည်။

ထိုအခိုက်တွင် ပုရောဟိတ်အမတ်သည် မြစ်ကမ်းနားသို့ ရောက်လာခဲ့ရာ ထိုငါးဖို ငိုသံကို ကြားရ၍ တံငါများထံမှ ငါးကို တောင်းယူလျက် မြစ်ရေထဲသို့ ပြန်လွှတ်ပေးလိုက်သည်။ ငါးသည်လည်း သေဘေးမှ လွတ်မြောက်သွားသည်။

ဇာတ်ပေါင်း။ ။ ငါးမ-မယားဟောင်း၊
ငါးဖို-မယားဟောင်းဖြားယောင်းခံရသောရဟန်း၊
ပုရောဟိတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိမှန်လျှင် ဒုက္ခရောက်သူကိုကယ်မြဲ။

---

http://www.dhammadownload.com



## ၂၁၇။ သေဂ္ဂုဇာတ်

### သမီး၏အလိုစမ်းသော ဟင်းရွက်သည်ဖခင်

**ပစ္စုပ္ပန်ဝတ္ထု၊**

သမီး၏ အကျင့်စာရိတ္တ ကောင်းမကောင်း စမ်းသပ်သော ဟင်းရွက်သည် ဖခင် တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရုက္ခစိုးနတ် ဖြစ်နေသည်။ ထိုအခါ ဟင်းရွက်သည် တစ်ဦးသည် သမီး၏ ကိုယ်ကျင့်တရားကို စမ်းသပ်ရန် တောထဲသို့ ခေါ်ယူလာကာ ကိလေသာဖြင့် အလိုရှိဟန်ပြု၍ သမီး၏ လက်ကို ဆွဲကိုင်သည်။ သမီးသည် ချုံးပွဲချငိုသည်။

ဖခင်က ကိလေသာ ကာမမှုနှင့် စပ်သောစကားဖြင့် သွေးဆောင် ပြောကြား သော်လည်း သမီးက လက်မခံချေ။ မေထုန်မှုကို မသိဟုဆို၍ သမီးက ငြင်းပယ်သည်၊ နောက်ဆုံးတွင် ဟင်းရွက်သည် ဖခင်သည် သမီးကို အိမ်သို့ ပြန်ခေါ်လာကာ ကိုယ်ကျင့် သီလလုံ၍ စိတ်ချရသော အမျိုးသားတစ်ဦးနှင့် ထိမ်းမြားလက်ထပ်ပေးသည်။

**ဇာတ်ပေါင်း။** ။ ယခင်ကသမီး-ယခုသမီး၊ ယခင်ကသမီးအဖ-ယခုသမီးအဖ၊ ရုက္ခစိုးနတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကိုယ်ကျင့်တရားရှိမရှိကို စမ်းသပ်ကြည့်လျှင်သိနိုင်သည်။

---

## ၂၁၈။ ကူဋဝါဏိဇဇာတ်

### သံကို ကြွက်စား၊ သားကို စွန်ချီ

**ပစ္စုပ္ပန်ဝတ္ထု၊**

နှစ်ဦးအကျိုးတူ ကုန်သွယ်ကြရာမှ အကောက်ကြံ၍ အစုငွေ ခွဲဝေမပေးဘဲ အချိန်ဆွဲနေသော ကုန်သည်တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်၊

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ တရားရေးအမတ် ဖြစ်နေခဲ့သည်။ ထိုအခါ ကျေးလက်ကုန်သည် တစ်ယောက်သည် မိတ်ဆွေဖြစ်သူ မြို့နေကုန်သည်ထံ၌ သံထွန်သွား ငါးရာတို့ကို လာရောက်အပ်နှံထားသည်။ မြို့နေကုန်သည်သည် ယင်းထွန်သွားများကို ရောင်းစားပြီးနောက် ထွန်သွားများထားသည့် နေရာတွင် ကြွက်ချေးများကို ဖြန့်ကျဲချထားလိုက်သည်။ ကျေးလက်ကုန်သည်သည် မိမိ၏ ထွန်သွားများကို လာရောက် တောင်းခံသောအခါ မြို့နေကုန်သည်က 'ထွန်သွားများကို ကြွက်များ စားသွားပြီ' ဟု ဆိုကာ သက်သေအဖြစ် ကြွက်ချေးများကို ထုတ်ပြသည်။

ကျေးလက်ကုန်သည်သည် မြို့နေကုန်သည်၏ စကားကို မည်သို့မျှ မတုံ့ပြန်ဘဲ နေပြီး မြို့နေကုန်သည်၏ သားငယ်ကို ရေချိုးသွားရာတွင် အဖော်အဖြစ် ခေါ်သွားသည်။ သူသည် ထိုကလေးငယ်ကို မိတ်ဆွေတစ်ဦးထံတွင် အပ်နှံထားပြီးနောက် ရေချိုးရာမှ ပြန်လာခဲ့သည်။ သားပြန်ပါမလာသည်ကို မြင်ရသော မြို့နေကုန်သည်က သူ့သား အကြောင်း မေးသောအခါ ကျေးလက်ကုန်သည်က စွန်ချီသွားကြောင်း ပြောကြားသည်။ ယုတ္တိမတန်ဟုဆို၍ တရားရေးအမတ်ထံ၌ တရားစွဲဆိုသည်။ တရားရေးအမတ်က သားကို စွန်ချီသွားသည်မှာ မှန်မမှန်ကို မေးစစ်ရာတွင် ကျေးလက်ကုန်သည်က 'သံထွန်သွား များကို ကြွက်များ စားနိုင်ခဲ့လျှင် သားကိုလည်း စွန်ချီနိုင်သည်' ဟု ဆိုလိုက်ရာ တရားရေး အမတ်သည် စဉ်းလဲသူကို စဉ်းလဲမှုဖြင့် တုံ့ပြန်ခြင်းသာဖြစ်ကြောင်း သဘောပေါက်သွား လေသည်။

ထို့ကြောင့် 'သံထွန်သွားများကို သံထွန်သွားရှင်အား ပြန်ပေးစေ၊ သားကိုလည်း သားရှင်အား ပြန်ပေးအပ်စေ' ဟု အမိန့်ချမှတ်ကာ နှစ်ဦးလုံးအား သူတို့၏ ပစ္စည်းများကို ပြန်လည်ရရှိသွားကြသည်။

ဇာတ်ပေါင်း။ ။ မြို့နေကုန်သည်-စဉ်းလဲသောကုန်သည်၊
ယခင်ကပညာရှိကုန်သည်-ယခုပညာရှိကုန်သည်၊
တရားရေးအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လိမ်ညာသူကို လိမ်ညာသောနည်းဖြင့် တန်ပြန်လျှင် တစ်ခါ တစ်လေ အနိုင်ရတတ်သည်။

http://www.dhammadownload.com



## ၂၁၉။ ဂရဟိတဇာတ်

### လူတို့စရိုက်ကို ကဲ့ရဲ့သော မျောက်များ

**ပစ္စုပ္ပန်ဝတ္ထု**

ကာမဂုဏ်နှင့် ပတ်သက်သော အတွေ့အကြုံကို ကြံစည်မိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတွင် မျောက်မျိုး၌ ဖြစ်နေသည်။ မုဆိုးတစ်ယောက်သည် ထိုမျောက်ကို ဖမ်းယူ၍ မင်းအား ဆက်သသည်။ ထိုမျောက်သည် လူများကြားတွင် အနေကြာလာသည်နှင့် လူတို့၏ အမူအရာကို ကြည့်၍ လူတို့၏ စိတ်နေသဘောထားကို နားလည်လာသည်။ မင်းသည် သူ့ကို လွှတ်စွာပင် သဘောကျသဖြင့် မုဆိုးကိုခေါ်၍ သူ့ကို ဖမ်းယူခဲ့သည့် နေရာတွင် ပြန်လွှတ်ရန် အမိန့်ပေးသည်။

ထိုမျောက် ပြန်လာ၍ အခြားမျောက်များသည် ကျောက်ဖျာကြီး တစ်ခုတွင် စုဝေးလျက် ဘုရားလောင်း မျောက်အား နှုတ်ဆက်ကြကာ လူ့သဘာဝ အကြောင်းကို မေးစမ်းကြသည်။ ထိုအခါ ဘုရားလောင်းမျောက်သည် 'အချင်းတို့၊ လူတို့သည် အရာရာတိုင်းကို ငါ့ဥစ္စာ၊ ငါ့ဥစ္စာ ဟူ၍ ဆိုကြသည်။ မမြဲသော အနိစ္စ သဘောကို မသိကြ၊ အိမ်တစ်အိမ်မှာဆိုလျှင် အိမ်ရှင် နှစ်ယောက်စီ ရှိကြသည်။ တစ်ယောက်က ဆံထုံးလည်း ရှိသည်၊ နားပေါက်လည်း ရှိသည်၊ ထိုလူသည် အိမ်အလုပ်သမားများကို ဆဲဆို ကြိမ်းမောင်းတတ်သည်'ဟု ပြောပြသည်။

မျောက်များသည် မျောက်မင်း ပြောစကား ကြားရသောအခါ အံ့သြကြသည်။ ထိုသို့သော စကားကို မကြားလိုကြ၊ နားကိုပင် လက်နှစ်ဖက်ဖြင့်ပိတ်၍ ငါတို့သည် ဤနေရာ၌ နေ၍ မသင့်လျော်သော စကားကို ကြားခဲ့ရသည်ဟုဆိုပြီးလျှင် တခြားသို့ ထွက်သွားခဲ့ကြသည်။

ဇာတ်ပေါင်း။ ။မျောက်ပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊ မျောက်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။အတ္တလွန်ကဲသောစကားကို တိရစ္ဆာန်များပင်မကြားချင်။

http://www.dhammadownload.com



# ၂၂၀။ ဓမ္မဓဇဇာတ်

## ဓမ္မဓဇအမတ်

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားအား သတ်ဖြတ်ရန် ကြိုးပမ်းသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ယသပါဏိမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဓမ္မဓဇ ဟူသောအမည်ဖြင့် မင်း၏ ပုရောဟိတ်အမတ် ဖြစ်နေသည်။ ကာဠကမည်သော စစ်သူကြီးနှင့် ဆတ္တပါဏိ မည်သော ဆတ္တာသည်တို့သည်လည်း ထိုမင်းထံတွင် စားကြသည် ကာဠကသည် စစ်သူကြီး တာဝန်နှင့်အတူ တရားဆုံးဖြတ်မှုကိုလည်း ပူးတွဲ ထမ်းဆောင်နေသူ ဖြစ်သည်။

တစ်နေ့တွင် တရားရှုံးသော အမှုသည်တစ်ယောက်သည် တရားရုံးထဲမှ ငိုကြွေး၍ ထွက်လာကာ ဓမ္မဓဇ ပုရောဟိတ်၏ ခြေအစုံကို ဖက်၍ ငိုကြွေးတိုင်တန်းသည်။ အကျိုးအကြောင်းကို စုံစမ်းကြည့်သော် တရားနိုင်သင့်သူ ဖြစ်ပါလျက် ရှုံးနိမ့် ခဲ့ရသူ ဖြစ်ကြောင်းကို သိသဖြင့် ထိုသူကို တရားရုံးသို့ ပြန်ခေါ်ကာ အမှုတွဲကို သူကိုယ်တိုင် ပြန်လည်ကြားနာ စစ်ဆေးသည်။ အမှန်တကယ် အနိုင်ရထိုက်သူ ဖြစ်ကြောင်း တွေ့ရသဖြင့် ထိုသူကို အနိုင်ပေးကြောင်း ကြေညာလိုက်ရာ ပရိသတ်တို့၏ ကောင်းချီးပေးသံသည် အုတ်အုတ်ကျက်ကျက် ဖြစ်သွားသည်။

မင်းသည် လွန်စွာ နှစ်ထောင်းအားရရှိသဖြင့် ထိုနေ့မှစ၍ ဓမ္မဓဇအား တရားသူကြီး ရာထူးကို ပေးအပ်သည်။ ကာဠကစစ်သူကြီးသည် တံစိုးလက်ဆောင်များ မရတော့သဖြင့် ဓမ္မဓဇကို ရန်ငြိုးဖွဲ့ကာ မင်းထံတွင် ကုန်းချောသည်။ မင်းသည် ကာဠကစစ်သူကြီးနှင့် တိုင်ပင်ရာ စစ်သူကြီးက မဖြစ်နိုင်သည့် လုပ်ငန်းများကို ခိုင်းစေ၍ အပြစ်ရှာရန် အကြံပြုသည်။ မင်းသည် ဓမ္မဓဇကို ခေါ်၍ 'ပညာရှိ၊ ငါသည် လက်ရှိဥယျာဉ်ဟောင်း၌ မကစားလိုတော့၊ မနက်ဖြန်တွင် ဥယျာဉ်သစ်၌ ကစားလိုသည်။ ဥယျာဉ်သစ်တစ်ခု ဖန်ဆင်းလော့၊ မဖန်ဆင်းနိုင်က သင့်ကိုသတ်ရလိမ့်မည်'ဟု မိန့်ကြားလိုက်သည်။

ဓမ္မဓဇသည် ဤသို့ဖြစ်ရသည်မှာ ကာဠက၏လက်ချက်ဟု နားလည်လိုက်သည်။ ထို့ကြောင့် သူသည် အိမ်ပြန်၍ အကြံထုတ်ကာ ဖြေရှင်းရမည့် နည်းလမ်းကို ရှာဖွေစဉ်

http://www.dhammadownload.com



သိကြားမင်းသည် ဘုရားလောင်း၏ အခက်အခဲကို သိရသဖြင့် ဓမ္မဓဇထံ လာပြီးလျှင် နန္ဒဝန်ဥယျာဉ်၊ စိတ္တလတာ ဥယျာဉ်တို့နှင့်တူသော ဥယျာဉ်တစ်ခု ဖန်ဆင်း ပေးလိုက်သည်။ ထို့နောက် မင်းက မဖြစ်နိုင်ဟု ထင်ရသော ရတနာခုနစ်ပါးဖြင့်ပြီးသည့် ရေကန်၊ ဆင်စွယ်ပြာသာဒ်နှင့် ထိုပြာသာဒ်ကို အလင်းရောင် ပေးနိုင်သည့် ပတ္တမြားရတနာတို့ကို ဖန်ဆင်းစေပြန်သည်။ ဓမ္မဓဇသည် ယင်းတို့အားလုံးကိုလည်း သိကြားမင်း၏ ကူညီမှုဖြင့်ပင် အောင်မြင်စွာ ဖန်ဆင်းပေးနိုင်သည်။

ထိုအခါ ကာဠကစစ်သူကြီးက 'မင်းမြတ်၊ ဓမ္မဓဇကို နတ်များ ကူညီပေးနေပုံ ရသည်။ သည်တစ်ခါ နတ်များ မဖန်ဆင်းနိုင်သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို ဖန်ဆင်းခိုင်းတော်မူပါ'ဟု လျှောက်တင်သည်။ မင်းလည်း ကာဠကစစ်သူကြီး လျှောက်တင်သည့်အတိုင်း ဓမ္မဓဇကို စေခိုင်းသည်။ သည်တစ်ခါ ဓမ္မဓဇသည် အခက်ကြုံရသည်။ သိကြားမင်းသည် အခြားသောအရာများကို ဖန်ဆင်းနိုင်စွမ်းရှိသည် မှန်သော်လည်း ဤတစ်ခုကို မစွမ်းနိုင်ကြောင်း သူသိသည်။ သို့ဖြင့် သူသည် တစ်ပါးသူ၏ လက်ချက်ဖြင့် သေရသည်ထက် တောထဲ၌ အားထားရာမဲ့ သေရခြင်းက မြတ်သည်ဟု နှလုံးသွင်းလျက် တောထဲသို့ ဝင်သွားကာ သစ်ပင်ရင်းတွင် ထိုင်လျက် လောကဓံတရားများကို ဆင်ခြင်နေသည်။

ထိုအချိန်တွင် သိကြားမင်းသည် တောလိုက်မုဆိုး အသွင်ဖြင့် ဘုရားလောင်း ရှိရာသို့ ရောက်လာကာ အကျိုးအကြောင်း ပြောဆိုရာမှ 'အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို အလိုရှိလျှင် မင်း၏ ဆတ္တာသည် ဖြစ်သော 'ဆတ္တပါဏိကို ပြပါလေ'ဟု ဆို၍ ပြန်သွားခဲ့လေသည်။

ဓမ္မဓဇသည် အိမ်သို့ ပြန်လာခဲ့ပြီးလျှင် ဆတ္တပါဏိကို လက်က ဆွဲကိုင်၍ မင်းရှေ့မှောက်သို့ ဝင်လာခဲ့ကာ 'မင်းမြတ်၊ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ကို အလိုရှိပါလျှင် ဤဆတ္တပါဏိကို ဥယျာဉ်စောင့် ခန့်တော်မူပါ'ဟု လျှောက်တင်သည်။ သည်တွင် မင်းက ဆတ္တပါဏိကို အင်္ဂါလေးပါးနှင့် ပြည့်စုံသူ ဟုတ် မဟုတ်မေးရာ ဆတ္တပါဏိက 'မင်းမြတ်၊ အကျွန်ုပ်သည် ငြူစူခြင်းလည်းမရှိ၊ ယစ်မျိုးကိုလည်း မသောက်၊ ချစ်ခြင်းလည်း ကင်းသည်၊ အမျက်လည်း မထွက်တတ်ပါ၊ ထို့ကြောင့် အင်္ဂါလေးပါးနှင့် ပြည့်စုံသူ'ဟုတ်မှန်ပါသည်'ဟု လျှောက်သည်။

ထိုအခါ မင်းသည် ပရိသတ်ကို မျက်ရိပ် မျက်ခြည် ပြလိုက်ရာ အမတ် ပုဏ္ဏား သူကြွယ် စသော သူများသည် ကာဠကစစ်သူကြီးကို ထ၍ ဖမ်းကြပြီး ဝိုင်းဝန်းရိုက်နှက်ကြရာ ထိုနေရာတွင်ပင် ကာဠကစစ်သူကြီး သေဆုံးသွားလေသည်။

http://www.dhammadownload.com



ခေါင်းပေါင်း။ ။ ကာဠစစ်သူကြီး-ဒေဝဒတ်၊ ဆတ္တပါဏိ-အရှင်သာရိပုတ္တရာ၊ သိကြား-အရှင်အနုရုဒ္ဓါ၊ ဓမ္မဓဇ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတစ်ပါးမကောင်းကြံလျှင် ကိုယ်သာဘေးဒဏ်ထိတတ်သည်။

ဓိရဏထေမ္ဘဝဂ် ပြီးပြီ။

---

# ၈။ ကာသာဝဝဂ်

## ၂၂၁။ ကာသာဝဇာတ်

### သင်္ကန်းဝတ်ထားသော လူယုတ်မာ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်သည် မိမိနှင့် မလျော်ကပ်သော ရဟန္တာတို့၏ တံခွန်သဖွယ် ဖြစ်သည့်သင်္ကန်းကို ရွှေပြားအဆင်းနှင့်တူသော အထည်ချုပ်ဝတ်ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတောနက်ပိုင်းတွင် ဆင်သတ္တဝါ တစ်မျိုး၌ ဖြစ်နေသည်။ ဗာရာဏသီမှ ဆင်းရဲသားတစ်ယောက်သည် ဆင်စွယ်လုပ်ငန်းရှင်များအတွက် ဆင်စွယ်ရှာဖွေရန် ဟိမဝန္တာသို့ ထွက်လာသည်။ ဆင်းရဲသားသည် သင်္ကန်းကိုဝတ်၍ ပစ္စေကဗုဒ္ဓါအသွင်ဖြင့် ဆင်သွားလမ်းတွင် စောင့်နေသည်။ ဆင်များသည် သူ့အား ရှင်ပစ္စေကဗုဒ္ဓါအမှတ်ဖြင့် စိတ်ချလက်ချ ဖြတ်သန်းသွားလာကြသည်။ သူကမူ ဆင်များကိုသတ်၍ ဆင်စွယ်များကို ရောင်းချ အသက်မွေးလျက် ရှိသည်။ သူသည် ဘုရားလောင်းဆင်မင်း၏ အုပ်စုထဲမှ ဆင်များကို နေ့စဉ်သတ်နေရာ ဆင်အရေအတွက် သိသိသာသာ ယုတ်လျော့လာသည်။

ဘုရားလောင်း ဆင်မင်းသည် တစ်နေ့တွင် ဆင်အုပ်စု၏ နောက်မှ လိုက်ပါလာပြီး မလှမ်းမကမ်း နေရာသို့ ရောက်လျှင် မိမိထံသို့ ပြေးလာသော ထိုသူကို ဖမ်းယူ၍

http://www.dhammadownload.com



မြေပြင်၌ ရိုက်သတ်ရန် နှာမောင်းကို ဆန့်ထုတ်လိုက်သည်တွင် သက်န်းကိုမြင်၍ ဒေါသမာန်ကို ချလိုက်ကာ 'ငါသည် ရဟန္တာတို့၏ တံခွန်သဖွယ်ဖြစ်သော သင်္ကန်းတော်ကို အလေးမြတ်ပြုထိုက်၏'ဟု နှလုံးသွင်းကာ နှာမောင်းကို ပြန်လည် သိမ်းဆည်းလိုက်သည်။

ထို့နောက် 'သင်နှင့် မသင့်လျော်သော သင်္ကန်းကို အဘယ်ကြောင့် ဝတ်လာခဲ့ရသနည်း၊ ယနေ့မှစ၍ သင်သည် ဤနေရာသို့ မလာလင့်၊ အကယ်၍ လာခဲ့လျှင် သင့်အသက် ပျောက်လိမ့်မည်'ဟု ဆင်မင်းက ခြိမ်းခြောက်လိုက်ရာ ထိုသူသည် ထွက်ပြေးသွားခဲ့သည်။

**အနှစ်ချုပ်။** ။ **အယောင်ဆောင်ခြင်းသည် ယုတ်မာခြင်းဖြစ်သည်။**

**ဇာတ်ပေါင်း။** ။**ဆင်သတ်သမား-ဒေဝဒတ်၊ ဆင်မင်း-ဗုဒ္ဓ။**

---

## ၂၂၂။ စူဠနန္ဒိယဇာတ်

### အမိအတွက် အသက်ပေးသူ မျောက်များ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးပမ်းသော ဒေဝဒတ်၏ ခန္တီ၊ မေတ္တာ စသည် ကင်းမှုကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတွင် 'မဟာနန္ဒိယ'ဟူသော မျောက်မင်းကြီး ဖြစ်နေသည်။ သူ့ညီမှာ စူဠနန္ဒိယ ဖြစ်သည်။ နောက်လိုက် မျောက်ပရိသတ် ရှစ်သောင်းရှိသည်။ သူတို့၏ မိခင်မှာ အိုမင်းမစွမ်း ရှိ၍ မျက်စိနှစ်ကွင်း အလင်းမရတော့ချေ။

တစ်နေ့တွင် မျောက်ညီနောင်တို့သည် မိခင်အိုကြီးအား အစာကျွေးနေချိန်၌ မုဆိုးတစ်ယောက် ညောင်ပင်အောက်သို့ ဝင်လာရာ မျောက်ညီနောင်တို့သည် မိခင်အိုကြီးကို သယ်ပြေးရန် အချိန်မရ၍ မိမိတို့သာ သစ်ခက်များကြား၌ ဝင်ပုန်းနေကြသည်။ ဤတွင် မုဆိုးသည် အသင့်တွေ့ရသော မျောက်အိုမကြီးကို ပစ်ခတ်ရန် လေးဖြင့် ချိန်ရွယ်စဉ် မဟာနန္ဒိယသည် ပုန်းကွယ်နေရာမှ ထွက်၍ မိခင်အိုရှေ့မှရပ်လျက် 'အို...ယောကျာ်း၊ ငါ့အမိသည် မျက်စိလည်း မမြင်၊ အားလည်း နည်းသည်၊ သူ့ကို မသတ်ပါလင့်၊ သူ့အစား

http://www.dhammadownload.com



ငါ့ကိုသာ သတ်ယူပါ'ဟု ဆိုသည်။ မုဆိုးသည် မဟာနန္ဒိယကို ပစ်ချလိုက်သည်။ ထို့နောက် မျောက်အိုမကို ပစ်ခတ်ရန် ချိန်ရွယ်ပြန်ရာ စူဠနန္ဒိယသည် ရှေ့မှ ထွက်၍ မတ်တတ်ရပ်ပေးကာ 'သင်သည် ငါတို့ညီနောင်ကိုတော့ သတ်လိုလျှင် သတ်ပါ၊ မိခင်ကိုတော့ မသတ်ပါနှင့်'ဟု တောင်းပန်သည်။ မုဆိုးသည် စူဠနန္ဒိယကိုလည်း ပစ်ချလိုက်ပြီး မျောက်အိုမအားလည်း ချမ်းသာခွင့်မပေးဘဲ ပစ်ခတ်ယူလာသည်။

ထိုအချိန်၌ လူယုတ်မာ၏ အိမ်ကို မိုးကြိုးပစ်ချလိုက်ရာ အိမ်သည် မီးဟုန်းဟုန်း တောက်လောင်ပြီး ဇနီးနှင့် သားငယ်နှစ်ယောက်တို့လည်း မီးထဲသို့ ပါသွားသည်။ ရွာအဝင်ဝသို့ ရောက်သည်နှင့် ထိုသတင်းကို ကြားရရာ အိမ်ရှိရာသို့ သွေးရူးသွေးတန်းဖြင့် ပြေးသွားပြီး မီးလောင်မြေထဲသို့ ပြေးဝင်သည်။ ဤတွင် မီးလောင်၍ လဲကျလာသော ခေါင်တိုင်တစ်လုံးသည် သူ့ခေါင်းပေါ်သို့ ကျသဖြင့် ခေါင်းကွဲသွားသည်။ ထိုအချိန်၌ မြေပြင်သည် နှစ်ခြမ်းကွဲရာမှ အဝီစိ မီးလျှံသည် တက်လာခဲ့ပြီး ထိုမုဆိုးကို အဝီစိသို့ ဆွဲယူသွားတော့ သည်။

**ဇာတ်ပေါင်း။** ။ **မုဆိုး-ဒေဝဒတ်၊ အမိမျောက်အိုမ-မဟာပဇာပတိဂေါတမီ၊ စူဠနန္ဒိယ-အရှင်အာနန္ဒာ၊ မဟာနန္ဒိယ-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အကုသိုလ်ကံကြီးကိုပြုမိလျှင် အကျိုးကိုလက်ငင်းခံရတတ်သည်။**

---

# ၂၂၃။ ပုဋဘတ္တဇာတ်

## ထစ်ကိုယ်ကောင်းသမား

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိမြို့တော်မှ သူကြွယ်တစ်ယောက်သည် ဇနီးသည်နှင့်အတူ ကျေးလက်မှ ပြန်လာရာ အခြားခရီးသည်များ ပေးလိုက်သော ထမင်းထုပ်ကို ဇနီးသည်အား မပေးဘဲ သူတစ်ယောက်တည်း စားပစ်သည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုမင်းသည် မိမိ၏ သားတော်အား ထီးနန်းလုမည်ကို

http://www.dhammadownload.com



စိုး၍ နိုင်ငံမှ နှင်ထုတ်လိုက်ရာ ကြင်ရာနှင့်အတူ လယ်သမားရွာ တစ်ရွာတွင် သွားရောက်နေထိုင်ရသည်။ ခမည်းတော် ကွယ်လွန်ပြီးချိန်တွင် ဗာရာဏသီသို့ ပြန်လာခဲ့ရာ လမ်းခရီးတွင် ဇနီးဖြစ်သူနှင့်အတူ စားရန်ပေးလိုက်သော ထမင်းထုပ်ကို မိမိတစ်ယောက်တည်း စားပစ်လိုက်သည်။ ဗာရာဏသီသို့ ရောက်၍ မင်းအဖြစ် ဆက်ခံသောအခါ၌လည်း ထိုဇနီးကိုပင် မိဖုရားကြီးအရာ၌ ထားသော်လည်း ပေးကမ်းချီးမြှင့်မှုကိုကား မပြုချေ။

ပညာရှိအမတ်သည် ထိုအကြောင်းများကြောင့် မိဖုရားအပေါ်၌ ကရုဏာသက်မိကာ မိဖုရားထံဝင်၍ နှစ်ဦးသား အပြန်အလှန်ပြောရမည့် စကားကို ညှိနှိုင်းတိုင်ပင်လျက် မင်းထံ အခစားဝင်သည်။ မကြာမီ မိဖုရားကြီးလည်း မင်းအနီး ရောက်လာသည်။

ဤတွင် အမတ်ကြီးက 'ရှင်မိဖုရားသည် အလွန်ပင် ရက်ရောပေသည်။ အဘအား ထမင်းတစ်နပ်၊ အဝတ်တစ်ပိုင်းမျှတော့ ပေးသင့်သည် မဟုတ်ပါလော'ဟု ဆိုလေရာ မိဖုရားက မင်းထံမှ တစ်စုံတစ်ရာမျှမရ၍ ပေးစရာ မရှိကြောင်း ပြောသည်။ 'အရှင်မသည် မိဖုရားကြီးပင် မဟုတ်ပါလော'ဟု ဆက်ပြောရာ 'တစ်စုံတစ်ရာမျှ မရသော မိဖုရားကြီးရာထူးကို ဘာလုပ်ရမည်နည်း၊ အမောင်တို့ မင်းသည် ငါ့ကို ပေးကမ်းဖို့ နေနေသာသာ သည်ကိုလာခဲ့စဉ်က လမ်း၌ ထမင်းထုပ်ကိုပင် သူချည်းသာ စားလာခဲ့သည်' ဟု ပြောပြသည်။

ထိုအခါ အမတ်ကြီးက 'အရှင်မင်းကြီး၊ မချစ်လျှင် ရှင်မိဖုရားအတွက် သည်နေရာ၌ ဆက်နေ၍ အကျိုးမရှိ၊ လောက၌ မချစ်သောသူနှင့် အတူတကွ ယှဉ်တွဲ နေထိုင်ရခြင်းသည် ဆင်းရဲလှပါ၏'ဟု လျှောက်တင်လိုက်သည်။ ထိုအချိန်မှစ၍ မင်းသည် မိဖုရားကြီးအား စည်းစိမ်များ အပ်နှင်း၍ မြတ်နိုးယုယမှုကို ပြုလေသည်။

**ဇာတ်ပေါင်း။ ။ မင်းနှင့်မိဖုရား-ယခုလင်မယား၊ ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ အချင်းချင်းသစ္စာမမဲ့ရာ။**

## ၂၂၄။ ကုမ္ဘိလဇာတ်

ဤဇာတ်တော်၏ ပစ္စုပ္ပန်နှင့် အတိတ်အကြောင်းတို့သည် ဇာတ်တော်အမှတ်(၂၀၈) 'သုသုမာရ' ဇာတ်တော်ပါ ဝတ္ထုကြောင်းများနှင့် အလုံးစုံတူသည်။

http://www.dhammadownload.com



## ၂၂၅။ ခန္တိဝဏ္ဏဇာတ်

### သည်းခံထိုက်သူ ကျေးဇူးရှင်

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီးအား ကျေးဇူးများခဲ့သော အမတ်တစ်ယောက်သည် နန်းတွင်းသူတစ်ယောက်နှင့် မှောက်မှားနေသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် နန်းတွင်းသူ တစ်ဦးနှင့် မှောက်မှားထားသော အမတ်တစ်ယောက်သည် တစ်ချိန်တည်းတွင် သူ့အိမ်သူနှင့်ကျူးလွန်နေသော သူ၏လက်အောက်ခံ ငယ်သားတစ်ယောက်ကို သည်းမခံနိုင်သဖြင့် မင်းထံ ခေါ်လာကာ 'အရှင်မင်းမြတ်၊ အကျွန်ုပ်၏ အိမ်တွင်း အလုပ်သမားတစ်ဦးဖြစ်သော ဤသူသည် အကျွန်ုပ်၏ အိမ်ရာကို ပြစ်မှားပါသည်။ သူ့ကို မည်သို့ အရေးယူသင့်ပါသနည်း'ဟု လျှောက်ထားသည်။

ထိုအခါ မင်းက 'ငါ့ထံ၌လည်း သူ့အိမ်ရာကို ပြစ်မှားတတ်သော အမတ်တစ်ယောက် ရှိသည်။ ကျေးဇူးတရားနှင့် ပြည့်စုံသူကို ရခဲသောကြောင့် သူ့ကို ခွင့်လွှတ်ထားရသည်'ဟု မိန့်ဆိုရာ အမတ်သည် သူ့ကို ရည်ရွယ်၍ ပြောလိုက်ခြင်း ဖြစ်ကြောင်း နားလည်လိုက်သည်။ ထိုအခါမှစ၍ နန်းတွင်းသူနှင့် မပြစ်မှားဝံ့တော့၊ သူ့အိမ်တွင်း လုပ်သားသည်လည်း သူ့မယားနှင့် ကင်းရှင်းစွာ နေသွားတော့သည်။

**ဇာတ်ပေါင်း။** ။ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ဂုဏ်ကျေးဇူးကိုထောက်ထား၍ အပြစ်ကိုသည်းခံပါ။

---

## ၂၂၆။ ကောသိယဇာတ်

### နေ့မှာထွက်သွားမိ၍ သေရသော ခင်ပုတ်ငှက်

**ပစ္စုပ္ပန်ဝတ္ထု**

ပစ္စန္တရစ်၌ ဆူပူမှုကို ငြိမ်းစေရန် မိုးတွင်းအချိန်တွင် စစ်ချီ၍ ထွက်လာမိသော ကောသလမင်းကြီးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု၊**

ဗာရဏသီမင်းသည် အချိန်အခါမဟုတ်ဘဲ နန်းတော်မှထွက်လာကာ ဥယျာဉ်တော် သစ်တပ်တွင် နေနေသည်။ ထိုအချိန်၌ ဝါးရုံထဲတွင် ဝင်ပုန်းနေသော ခင်ပုပ်ငှက်တစ်ကောင်သည် နေဝင်သည့်တိုင်အောင် စောင့်မနေဘဲ မထွက်သင့်သည့် နေ့အချိန်တွင် ထွက်လာ၍ ခင်ပုပ်ငှက်ကို ကျီးများက ဝိုင်းဝန်းထိုးဆိတ်ကြရာ ခင်ပုပ်ငှက် အောက်သို့ ကျသေရသည်။ ထိုအဖြစ်ကို အစအဆုံး မြင်တွေ့ရသော မင်းသည် ဘုရားလောင်း ပညာရှိအမတ်ကို ခေါ်၍ အဘယ်ကြောင့် ဤသို့ ဖြစ်ရကြောင်းကို မေးသည်။

ထိုအခါ ပညာရှိအမတ်က 'အရှင်မင်းကြီး၊ အချိန်အခါ မဟုတ်သည်၌ မိမိတို့နေရာမှ ထွက်သောသူတို့သည် ဤသို့သော ဒုက္ခမျိုးနှင့် ကြုံတွေ့ကြရမြဲ ဖြစ်ပါသည်'ဟု လျှောက်တင်လိုက်သောအခါ မင်းလည်း နန်းတော်သို့ ပြန်ကြွလာလေသည်။

**ဇာတ်ပေါင်း။** ။မင်း-အရှင်အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။အချိန်အခါမဟုတ်ဘဲကြိုးစားလျှင် အကျိုးမဲ့ဖြစ်တတ်သည်။

---

# ၂၂၇။ ဂူထပါဏဇာတ်

## ဆင်ကိုအန်တုသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဆွမ်းခံကြွလာသော ရဟန်းငယ်နှင့် သာမဏေများကို ကတ်သီးကတ်သတ် ပြဿနာများမေးမြန်းတတ်ပြီး မဖြေနိုင်လျှင် အရှက်ခွဲတတ်သော ငတုံးဆိုသူကို ခပ်ကြမ်းကြမ်း ဆုံးမလိုက်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

အင်္ဂတိုင်းနှင့် မဂဓတိုင်းတို့ အပြန်အလှန် ကူးလူးဆက်ဆံနေကြစဉ် ဘုရားလောင်းသည် ရက္ခစိုးနတ်ဖြစ်၍ အင်္ဂတိုင်းနှင့် မဂဓတိုင်း အစပ်၌ နေနေသည်။ တစ်နေ့တွင် နှစ်နိုင်ငံသားတို့သည် နယ်ခြားရှိ ရေအိုင်အနီး၌ အရက်သောက်ကြပြီး အကြွင်းအကျန်များကို စွန့်ပစ်ခဲ့ကြသည်။ ထိုနေရာ၌နေသော မစင်ပိုးတစ်ကောင်သည် မစင်နံ့ရ၍ ထွက်လာကာ အပြင်သို့ ရောက်သည့်အခါမှ အရက်ကျန်ကိုတွေ့၍ သောက်လိုက်သဖြင့် မူးယစ်သွားသည်။ ထို့နောက် သူသည် မစင်ပေါ်သို့ တက်လျှင် မစင်သည်

http://www.dhammadownload.com



ပျော့ဆင်းသွားသည်။ ထို့ကြောင့် အမူးသမား မစင်ပိုးက ဘဝင်မြင့်သွားကာ 'ငါ့ကိုယ်ခန္ဓာ၏ အလေးကို မခံနိုင်၍ ဒီလိုဖြစ်ရတာ'ဟု ကြွေးကြော်လိုက်သည်။

ထိုအချိန်တွင် ထိုနေရာသို့ ရောက်လာသော ဆင်ပြောင်ကြီး တစ်စီးသည် မစင်နံ့ရ၍ ပြန်လှည့်၍ ထွက်သွားခဲ့သည်။ ဤသည်ကို မစင်ပိုးက သူ့ကို ကြောက်၍ ပြန်ပြေးသည်ဟု ထင်သဖြင့် 'ဟေ့...ဆင်ပြောင်ကြီး၊ ရဲရင့်သူချင်း ဆုံမိကြခိုက် စစ်မထိုးဘဲ အဘယ်ကြောင့် ရှောင်ထွက်သွားရသနည်း၊ တစ်ကြိမ်လောက်ဖြစ်ဖြစ် စမ်းကြည့်သင့်သည် မဟုတ်ပါလော၊ လာပါ၊ ပြန်ခဲ့ပါ၊ သင်နှင့် ငါ၏ ဖွဲ့လုံ့လကို အင်္ဂတိုင်းသားနှင့် မဂဓ တိုင်းသားများ မြင်ဖူးကြပါစေ'ဟု စိန်ခေါ်သည်။

ဆင်သည် ပြန်လှည့်လာပြီးလျှင် ခြေဖြင့်လည်း မနင်းလောက်၊ အစွယ်ဖြင့်လည်း မထိုးသာ၊ နှာမောင်းဖြင့်လည်း မသတ်လောက်သော ထိုမစင်ပိုး အပေါ်သို့ မစင်တုံးကြီး ယိုချ၍သာ ဖိသတ်လိုက်ပြီးလျှင် ကျင်ငယ်ရည်ဖြင့်လည်း ပန်းပစ်ခဲ့သည်။

**ဇာတ်ပေါင်း။** ။ မစင်ပိုး-ဒေဝဒတ်၊ ဆင်-ဒေဝဒတ်ကိုဆုံးမသောရဟန်း၊ ရုက္ခစိုးနတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကိုယ့်ပမာဏ ကိုယ်သိရန်အရေးကြီးသည်။

---

## ၂၂၈။ ကာမနီတဇာတ်

### လေးပြည်ထောင်ကို ပိုင်လိုသော မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ကောက်စပါးများ ပျက်စီးရသဖြင့် ရင်ထု၍ ငိုကြွေးသော ကာမနီတ ပုဏ္ဏားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ညီတော်သည် အိမ်ရှေ့မင်း ဖြစ်လေသည်။ မင်းဖြစ်သော နောင်တော်မင်းသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ မရောင့်ရဲနိုင်။ လောဘတရား ကြီးမားသည်။ ထိုအခါ ဘုရားလောင်းသည် သိကြားမင်းဖြစ်နေသည်။ ဇမ္ဗူဒိပ်ကို ကြည့်သော် ထိုမင်းသည် ရမ္မက်လောဘကြီးသည်ကိုသိ၏။ တစ်နေ့တွင် သိကြားမင်းသည် မင်းအား အရှက်ရစေလို၍ ပုဏ္ဏားလုလင် အသွင်ဖြင့် လာခဲ့ကာ 'အရှင်

http://www.dhammadownload.com



မင်းမြတ်၊ အကျွန်ုပ်သည် ကြွယ်ဝချမ်းသာသော သုံးပြည်ထောင်တို့ကို တွေ့ရှိထားပါသည်။ စစ်အင်အား အနည်းငယ်မျှနှင့် သိမ်းပိုက်နိုင်ပါသည်။ ထိုသုံးပြည်ထောင်တို့ကို အရှင်မင်းမြတ်အားပေးလို၍ လာခဲ့ရခြင်း ဖြစ်ပါသည်'ဟု လျှောက်ထားရာ မနက်ဖြန်တွင် သွားရောက်သိမ်းပိုက်ကြရန် ချိန်းဆိုထားခဲ့ပြီး သိကြားမင်းသည် တာဝတိံသာသို့ ပြန်သွားသည်။

နောက်နေ့ မိုးလင်းသည်ဆိုလျှင်ပင် မင်းသည် အမတ်စစ်သည်တို့အား ထိုလုလင်ကိုခေါ်နိုင်းလိုက်သည်။ အမတ်တို့က စစ်နိုင်လျှင် လုလင်ကို ဘယ်အရပ်၊ ဘယ်နေအိမ်၊ ဘယ်ရိက္ခာပေးပါမည်နည်းဟု လျှောက်၏။ မင်းက ဘာမျှပေးမည်မဟုတ်ဟု ပြောသည်။ ပုဏ္ဏားလုလင်ကို နေရာအနှံ့ ရှာဖွေကြပါသော်လည်း ထိုလုလင်ကို မတွေ့ကြ၊ ဤတွင် မင်းသည် သုံးပြည်ထောင်မျှ ဆုံးရှုံး နစ်နာရသဖြင့် မနေနိုင် မထိုင်နိုင်ဖြစ်လျက် နှလုံးသွေးပျက်ကာ ဝမ်းသွေးပါ သွန်သည်။ မည်သည့် သမားကျော်ကမျှ ပျောက်ကင်းအောင်ကုသခြင်းငှာ မစွမ်းနိုင်ချေ။

သိကြားမင်းသည် ဆေးဆရာအသွင်ဖြင့် လာပြန်ရာ သမားတော်ကြီးများပင် ပျောက်ကင်းအောင် ကုသနိုင်စွမ်းမရှိသော ရောဂါကို သည်ပုဏ္ဏားလုလင်က ကုသနိုင်သည် ဆိုသည်ကို မင်းကြီးက မယုံနိုင်၍ သမားခပေးကာ ပြန်လွှတ်သည်။ သမားခကို မက်၍ လာခြင်းမဟုတ်ကြောင်း၊ 'စေတနာနှင့်' အခမဲ့ကုသပေးရန် လာခဲ့ခြင်း ဖြစ်ကြောင်းကို လျှောက်ထားမှ ပုဏ္ဏားလုလင်မှာ ကုသခွင့်ရလေသည်။

ဤတွင် သိကြားမင်းက ရောဂါ စတင်ဖြစ်ပွားရခြင်း၏ အကြောင်းရင်းကို မေးမြန်းပြီးလျှင် 'အရှင်မင်းမြတ်၊ သင်သည် ထိုသုံးပြည်ထောင်ကိုပိုင်ဆိုင်ခွင့်ရပါက ဤပြည်နှင့်ပါဆို လေးပြည်ထောင် ပိုင်ဆိုင်လာမည်။ ထိုလေးပြည်ထောင်တို့၏ မင်းဖြစ်လာချိန်တွင် သင်သည် ပုဆိုးလေးထည်ကို တစ်ပြိုင်တည်း ဝတ်မည်လော၊ ရွှေခွက်လေးခွက်တို့၌ တစ်ပြိုင်တည်း စားမည်လော၊ အိပ်ရာလေးခုတို့၌ တစ်ချိန်တည်း အိပ်မည်လော၊ အရှင်မင်းမြတ်၊ တဏှာ၏ဆွဲဆောင်ရာသို့ မလိုက်သင့်' စသည်ဖြင့် ဆုံးမလေသည်။ တဏှာကြောင့် ဒုက္ခဖြစ်ရပုံများနှင့် တဏှာကြောင့် ငရဲသို့ ရောက်ရပုံများကိုလည်း ဆက်၍ဟောပြောသည်။ သိကြားမင်း၏ တရားကို နာကြားရသဖြင့် မင်းသည် စိုးရိမ်ပူပန်မှုများ ကင်းငြိမ်း၍ ဖြစ်ပေါ်ခဲ့သော ဝေဒနာတို့သည်လည်း ပျောက်ကင်းသွားကြသည်။

ဇာတ်ပေါင်း။ ။မင်း-ကာမနီတပုဏ္ဏား၊ သိကြား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။လောဘကြီးလျှင် သောကလည်းကြီးရတတ်သည်။

http://www.dhammadownload.com



# ၂၂၉။ ပလာယိတဇာတ်

## အကြောက်လွန်၍ ပြေးသော မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်နှင့် ဝါဒပြိုင်ရန် လာပြီးမှ ဇေတဝန်ကျောင်းတံခါးမုခ်ကို မြင်၍ ထွက်ပြေးသော ပရိဗိုဇ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဂန္ဓာရတိုင်း တက္ကသိုလ်၌ ဘုရားလောင်းသည် ထီးနန်းစိုးစံနေသည်။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းသည် တက္ကသိုလ်ပြည်ကို သိမ်းပိုက်ရန် စစ်အင်အား များစွာဖြင့် ချီတက်လာရာ မြို့နှင့် မနီးမဝေး တစ်နေရာတွင် စခန်းချ ရပ်နားသည်။ ထိုအချိန်တွင် ဗြဟ္မဒတ်မင်းသည် ဆင်တပ်က မည်သို့ တက်၍ မြင်းတပ်က မည်သို့ ဝိုင်းရမည်၊ ရထားတပ်နှင့် ခြေလျင်တပ်တို့က မည်သည့်ဘက်မှ ပိတ်ဆို့ရမည် စသည်ဖြင့် ညွှန်ကြားချက် ထုတ်ပြန်သည်။

တကယ်ဝင်တိုက်သည့်နေ့တွင် ဗြဟ္မဒတ်မင်းသည် မြို့တံခါးမုခ် အနီးသို့ ရောက်လာခဲ့ရာ 'ဤပြာသာဒ်သည် မင်း၏ နန်းတော်လော'ဟု တံခါးမုခ်ကို ပြ၍ မေးသည်။ နန်းတော် မဟုတ်ကြောင်း၊ တံခါးမုခ်သာ ဖြစ်ကြောင်း စစ်သည်များက လျှောက်ထားကြသောအခါ တံခါးမုခ်သည်ပင်လျှင် သည်မျှအထိ ခမ်းနားထည်ဝါနေဘိမူ နန်းတော်သည်ကား ပြောဖွယ်ရာ ရှိမည်မထင်။ ဤသို့ ဘုန်းကျက်သရေနှင့် ပြည့်စုံသော မင်းနှင့် စစ်မက်ပြိုင်ရန်မှာ မဖြစ်နိုင်'ဟု ဆိုပြီးလျှင် တပ်ခေါက်၍ ပြန်ပြေးတော့သည်။

**ဇာတ်ပေါင်း။** ။ဗာရာဏသီမင်း-ပရိဗိုဇ်ပြေး၊ တက္ကသိုလ်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ရန်သူကိုအထင်သေးလျှင် မှားတတ်သည်။

http://www.dhammadownload.com



# ၂၃၀။ ဒုတိယပလာယိတဇာတ်

## မျက်နှာချင်းဆိုင်ရုံဖြင့် ပြေးသည့် မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်နှင့် ဝါဒပြိုင်ရန် လာခဲ့ပြီးမှ ဘုရားရှင်၏ မျက်နှာတော်ကို ဖူးမြင်ရ၍ ထွက်ပြေးသော ပရိဗိုဇ်တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီ၌ ဘုရားလောင်း စိုးစံစဉ် ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဂန္ဓာရမင်း ထီးနန်းစိုးစံနေသည်။ တစ်နေ့သောအခါ ဂန္ဓာရမင်းသည် ဗာရာဏသီမြို့ကို သိမ်းပိုက်ရန် စစ်အင်္ဂါလေးပါး ဖြန့်၍ ချီတက်လာရာ မြို့တံခါးအနီးတွင် ရပ်လျက် ကိုယ့်စစ်သည် အင်အားကို ကိုယ်ကြည့်၍ ချီးမွမ်းစကားဆိုနေသည်။

ထိုအချိန်၌ ဗာရာဏသီမင်းသည် လပြည့်ဝန်းကဲ့သို့ ကျက်သရေရှိသော သူ၏ မျက်နှာကို ပြ၍ 'ဟယ် ငမိုက်သား၊ သင်သည် ကိုယ့်အင်အားကို ကိုယ်ချီးမွမ်းမနေနှင့်၊ အမှန်ယစ်သော ဆင်ပြောင်သည် ကျူတောကို နင်းချေဘိသကဲ့သို့ ယခုပင်လျှင် ငါသည် သင်၏ စစ်သည်များကို ချေမှုန်းဖျက်ဆီးလိုက်အံ့'ဟု ဆိုလိုက်သည်။

ဂန္ဓာရမင်းသည် အသံလာရာ အပေါ်သို့ မော်ကြည့်လျှင် ဗာရာဏသီမင်း၏ ရွှေပြားနှင့်တူသော မြတ်သောနဖူးပြင်ကို တွေ့ရ၍ မိမိအဖမ်းခံရမည်ကို ကြောက်သဖြင့် တက္ကသိုလ်ပြည်သို့ ပြန်ပြေးသည်။

**ဇာတ်ပေါင်း။** ။ ဂန္ဓာရမင်း-ပရိဗိုဇ်ပြေး၊ ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရန်သူကိုအထင်သေးခြင်းသည် ကိုယ့်အမှားဖြစ်သည်။

ကာသာဝဂ် ပြီးပြီ။

http://www.dhammadownload.com



# ၉။ ဥပါဟနဝဂ်

## ၂၃၁။ ဥပါဟနဇာတ်

### ဆရာကို အန်တုသော တပည့်မိုက်

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်ကို အတုယူ၍ ပြုမူနေသော ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဆင်ဆရာဖြစ်နေသည်။ သူ့တွင် ပညာတော်သောတပည့်တစ်ယောက်ရှိသည်။ ထိုတပည့်က သူလည်း မင်းမှုထမ်းလိုကြောင်းပြောသဖြင့် ဆရာက မင်းထံလျှောက်ထားပေးရာ မင်းက ခွင့်ပြုသည်။ သို့ရာတွင် လခရိက္ခာကိုမူ ဆရာနှင့် တန်းတူမပေးနိုင်၊ ဆရာရရှိသည့် လခရိက္ခာ တစ်ဝက်သာ ရမည်ဖြစ်ကြောင်းကို မိန့်ကြားသည်။ ထိုအကြောင်းကို ကြားသိရ၍ တပည့်သည် မကျေနပ်ချေ။ သူသည် ဆရာနှင့် ပညာရည်တူတတ်သူဖြစ်၍ 'ဆရာနှင့် လခရိက္ခာအတူ ရမှသာလျှင် အမှုထမ်းနိုင်မည်' ဟု ဆိုသည်။ ထိုအကြောင်းကို ဆရာက မင်းအား လျှောက် ထားရာ ဆရာနှင့် တန်းတူ ပညာစွမ်းပြနိုင်ပါက ဆရာနှင့် လခ တန်းတူပေးနိုင်မည်'ဟု မိန့်ကြားလျက် ပညာစွမ်းယှဉ်ပြိုင်ကြရန် ရက်သတ်မှတ်ပေးသည်။

ထိုအခါ ဆရာသည် တပည့်ကို ပညာသင်ပေးခဲ့စဉ် ဆရာစား ချန်မထားဘဲ ပညာကုန် သင်ပေးခဲ့သည်။ သို့ရာတွင် ဆရာသည် အတွေ့အကြုံများခဲ့သည်နှင့်အမျှ နည်းပရိယာယ်ပိုင်းတွင်လည်း ကြွယ်ဝသဖြင့် ဆင်တစ်စီးကို ထုတ်ယူကာ 'သွား'ဆိုလျှင် နောက်သို့ ပြန်ဆုတ်အောင်၊ 'ဆုတ်'ဆိုလျှင် သွားအောင်၊ 'ရပ်'ဆိုလျှင် ဝပ်အောင်၊ 'ဝပ်' ဆိုလျှင် ထလာအောင် 'ယူ'ဟု နိုင်းလျှင် ချထားလိုက်အောင်၊ 'ချထား'ဟု အမိန့်ပေးလျှင် ကောက်ယူလေအောင် အမိန့်နှင့် ဆန့်ကျင်ဘက် ပညာများကို ညတွင်းချင်းပင် သင်ပေးလိုက်သည်။ နံနက်မိုးလင်းချိန်၌ ဆရာ တပည့် နှစ်ယောက် ပညာပြကြရာ ရှေ့ပိုင်းတွင် ပညာချင်း တူနေသည်ကို မြင်တွေ့ကြရသည်။

နောက်ပိုင်းတွင်မူ ဆရာသည် သူ့ဆင်ကို အမိန့်နှင့် ဆန့်ကျင်ဘက် ပြုမူစေရာ တပည့်က အတုလိုက်၍ပြသည်။ အလျှင်းပင် မအောင်မြင်ချေ။ ဤတွင် ပရိသတ်များက

http://www.dhammadownload.com



'ဟယ်...ပြစ်မှားတတ်သော တပည့်မိုက်၊ သင်သည် ဆရာနှင့် ပြိုင်သလော'ဟု ဆိုကြပြီးလျှင် ခဲ၊ လုံတံ စသည်များဖြင့် ရိုက်ပုတ်ကြရာ ထိုတပည့်သည် ပွဲလယ်၌ပင် သေဆုံးသွားခဲ့ရသည်။

ဇာတ်ပေါင်း။ ။တပည့်-ဒေဝဒတ်၊ ဆရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ဆရာကိုအန်တုလျှင် အရှုံးနှင့်ကြုံမည်။

---

## ၂၇၂။ ဝိဏာထူဏာဇာတ်

### ကုန်းကို လှူစွမ်းကောင်းထင်သော သမီးမိုက်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့တော်မှ သူဌေးသမီးတစ်ယောက်သည် ကျောက်ကုန်းပေါ်၌ ဘုကြီးရှိနေသော ငကုန်းတစ်ယောက်ကို မြင်မိသည်တွင် နွားမင်းဥသဘကဲ့သို့ ယောကျ်ားဥသဘ လှူစွမ်းကောင်း ထင်မှတ်၍ ထိုငကုန်းနောက် လိုက်သွားသည့် အကြောင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် နိဂုံးရွာကြီး တစ်ရွာ၌ သူဌေးဖြစ်နေသည်။ သူသည် သားနှင့် ထိမ်းမြားရန် ဗာရာဏသီသူဌေး၏ သမီးကို သွားရောက်တောင်းရမ်းပြီး လာရောက် ခေါ်ဆောင်မည့်ရက်ကို သတ်မှတ်၍ ပြန်လာသည်။ ယင်းကြားကာလတွင် သူဌေးသမီးသည် မိမိတို့အိမ်၌ နွားလားဥသဘအား လူကြီးများ ပူဇော်ပသကြသည်ကို သတိပြုမိသဖြင့် တစ်နေ့တွင် လမ်းပေါ်၌ သွားနေသော ငကုန်းတစ်ယောက်ကို 'နွားလားဥသဘ၏ ကျောပေါ်၌ ဘုပါသကဲ့သို့ ဤသူသည် ယောကျ်ား ဥသဘ ဖြစ်ရမည်'ဟုပင် တွေးတောကာ ပစ္စည်းများ ထုပ်ပိုးယူဆောင်၍ ထိုငကုန်းနှင့်လိုက်ပြေးလေသည်။ သူတို့နှစ်ယောက်သည် တစ်ညလုံးပြေးလာခဲ့ကြရသဖြင့် အိပ်ရေးပျက်၍ အရုဏ်ပိုင်းသို့ ရောက်သော် ငကုန်းသည် လေပွလာသည်။ ညို့ကြိုး ပြတ်သော စောင်းကဲ့သို့ ငကုန်းသည် ကွေး၍ အိပ်နေလိုက်ရတော့သည်။

ယင်းချိန်၌ သူဌေးသမီးကို ခေါ်ဆောင်ရန် ထွက်လာခဲ့သော ဘုရားလောင်း သည် ငကုန်း၏ ခြေရင်း၌ ထိုင်နေသော သူဌေးသမီးကို တွေ့ရလေရာ 'သမီး၊ ငကုန်းသည်

http://www.dhammadownload.com



ကြီးမြတ်သူ မဟုတ်၊ သင်သည် သူနှင့် မပေါင်းထိုက်'ဟု ဖျောင်းဖျစကား ဆိုသည်။ သူဌေးသမီးကလည်း သူမ အတွေးလွဲမှားခဲ့ပုံများကို ဝန်ခံပြောပြသည်။ ထို့နောက် ဘုရားလောင်းသည် သူဌေးသမီးကို ရေချိုးစေ၍ တန်ဆာဆင်အပ်သော ရထားဖြင့် အိမ်သို့ ခေါ်ယူလာခဲ့သည်။

**ဇာတ်ပေါင်း။** ။ **ထိုအခါ သူဌေးသမီး-ယခုအခါ သူဌေးသမီး၊ နိဂုံးသူဌေး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အထင်ကြီးလွန်းလျှင် အမှားတွေ့တတ်သည်။**

## ၂၃၃။ ဝိကဏ္ဏကဇာတ်

### အထိုရဖြတ်ကြီး၍ ဒုက္ခရောက်ပုံ

**ပစ္စုပ္ပန်ဝတ္ထု**

ကာမဂုဏ်နှင့်ယှဉ်သော အတွေ့အကြုံများကို ကြံစည်မိ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးအား ကာမဂုဏ်ဟူသည် 'အရှက်မပါသော မြားနှင့်တူကြောင်း ဟောတော်မူလျက် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် တစ်နေ့တွင် ဥယျာဉ်တော်သို့ ထွက်လာရာ နန်းတွင်းမှ ဂီတအနုပညာရှင်များသည် မင်းကြီးနောက်တော်ပါးမှ သီဆိုတီးမှုတ်ကခုန်၍ လိုက်ပါလာကြသည်။ ရေကန်တော်အနီးသို့ ရောက်သောအခါ ဂီတသံ၌ တပ်စွန်းမိကြသော ရေကန်ထဲမှ ငါးများသည် အုပ်စုဖွဲ့၍ မင်းကြီးနောက်တော်ပါးမှ လိုက်ပါနေကြသည်။ ထိုမြင်ကွင်းကို မြင်တွေ့ရသော မင်းကြီးက အမတ်အား အကျိုးအကြောင်းကို မေးသည်တွင် 'အရှင်မင်းကြီးအား ခစားကြခြင်း ဖြစ်ပါသည်'ဟု လျှောက်တင်ကြသည်။ မင်းကြီးသည် သဘောကျသွားသဖြင့် ထိုနေ့မှစ၍ တစ်အမ္မဏ (၁၁ စိတ်)မျှသော ဆန်ကို ထမင်းချက်၍ ငါးများအား ကျွေးစေသည်။

ငါးများစုဝေး၍ အစာစားနေချိန်၌ မိကျောင်းတစ်ကောင် ရောက်လာပြီး ငါးများကို ဖမ်း၍ဖမ်း၍ စားသည်။ ငါးစာကျွေးသူသည် ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားရာ ထိုမိကျောင်းကို အရှက်မပါသော မြားဖြင့် ပစ်ရန် အမိန့်ပေးလိုက်သည်။ သို့ဖြင့်

http://www.dhammadownload.com



ငါးစာကျွေးသူသည် နောက်တစ်နေ့တွင် ထိုမိကျောင်းကို အရှက်မဲ့မြားဖြင့် ပစ်ရာ မြားဒဏ်သင့်၍ မိကျောင်း သေဆုံးသွားလေသည်။

ဇာတ်ပေါင်း။ ။ မိကျောင်း-ဒေဝဒတ်၊ ငါးများ-ဗုဒ္ဓ၏ပရိသတ်၊
ဗာရာဏသီမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အလိုရမ္မက်ကြီးလျှင် သေဘေးကိုမမြင်ပေ။

---

# ၂၃၄။ အသိတာဘူဇာတ်

## လင်၏အယုအယ မခံရသော အသိတာဘူ မိဖုရား

### ပစ္စုပ္ပန်ဝတ္ထု

လင်၏ ချစ်မြတ်နိုးမှုကို မခံရသော သာဝတ္ထိမြို့သူ တစ်ယောက်သည် အဂ္ဂသာဝက အရှင်မြတ်ကြီးများထံမှ တရားတော်နာရ၍ သောတာပန် တည်သွားသည်။ ခင်ပွန်းသည်ထံ ခွင့်ပန်၍ ရဟန်းပြုလေရာ ရဟန္တာမထေရီမ တစ်ပါးဖြစ်လာသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ်သမာပတ်ရ ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေသည်။ ထိုအချိန်က ဗာရာဏသီမင်းသည် မိမိ၏ သားတော်က ထီးနန်းလုပ်ကြံမည်စိုးသဖြင့် နိုင်ငံမှ နှင်ထုတ်လိုက်ရာ မင်းသားသည် 'အသိတာဘူ' မည်သော မိဖုရားနှင့်အတူ ဟိမဝန္တာ၌ လာရောက်နေထိုင်သည်။ တစ်နေ့တွင် မင်းသားသည် ကိန္နရီမတစ်ယောက်ကို တွေ့လိုက်ရာမှ ကိန္နရီမ သွားရာနောက်သို့ တကောက်ကောက် လိုက်နေတော့သည်။

ထိုအဖြစ်ကို မြင်တွေ့ရသော အသိတာဘူ မိဖုရားသည် မိမိကို ဂရုမစိုက်သော ထိုမင်းသားအား သံယောဇဉ်ဖြတ်ကာ ဘုရားလောင်းရသေ့ထံ ကသိုဏ်းပရိကံ တရားများကို နာကြား၍ ပွားများလေရာ တစ်ထိုင်တည်းနှင့်ပင် အဘိညာဉ်သမာပတ်တို့ကိုရ၍ ပြန်လာသည်။ သူမရောက်၍ မကြာမီပင်ကိန္နရီမကို မျက်ခြည်ပြတ်သွားသဖြင့် ပြန်လာသော မင်းသားကို လှမ်းမြင်လိုက်သည်။ ဤတွင် အသိတာဘူသည် ကောင်းကင်သို့

http://www.dhammadownload.com



ပျံတက်ကာ ကောင်းကင်ပေါ်တွင် ရပ်၍ 'အရှင့်သား၊ အရှင့်သားကြောင့် ငါသည် ဤချမ်းချမ်းသာကို ရခဲ့သည်'ဟု ဆိုကာ ဝေးရာသို့ သွားလေသည်။

ဇာတ်ပေါင်း။ ။ မင်းသားနှင့်မိဖုရား-သတ္တိသမီးလင်မယား၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိမိအားမချစ်ခင်သူကို သံယောဇဉ်မထားရာ။

---

## ၂၃၅။ ဝစ္ဆနခဇာတ်

### သူဌေးစည်းစိမ်ကိုလက်မခံသော ရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

လူ့ဘဝတုန်းက မိတ်ဆွေရင်းချာ ဖြစ်ခဲ့သော ရောဇမည်သော မလ္လာမင်းသည် အရှင်အာနန္ဒာ မထေရ်အား သူ့အိမ်သို့ ကြွပါရန် ပင့်ဖိတ်သွားသည်။ ရောဇသည် မထေရ်အား မိမိမှာရှိသော သက်ရှိ သက်မဲ့ ရတနာတို့ကို ထက်ဝက်ခွဲ၍ ပေးမည်ဖြစ်ကြောင်း၊ ဤအိမ်ပေါ်တွင်ပင် နှစ်ယောက်အတူနေ၍ ကာမဂုဏ်စည်းစိမ်များကို ခံစားကြမည့်အကြောင်းများကို ပြောဆိုရာ မထေရ်သည် ကာမဂုဏ်တို့၏ အပြစ်ကိုသာ တုံ့ပြန်ပြောဆိုပြီး ပြန်ကြွလာသည်။ ထိုအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဝစ္ဆနခ အမည်ရှိသော ဘုရား လောင်း ရသေ့သည် ချဉ်၊ ဆား မှီဝဲလို၍ ဟိမဝန္တာမှ ထွက်ခွာလာပြီး ဗြဟ္မဒတ်မင်းကြီး၏ ဥယျာဉ်တော်သို့ ရောက်လာသည်။ နောက်နေ့တွင် မြို့တွင်းသို့ ဆွမ်းခံဝင်ရာ ဗာရာဏသီ သူဌေးသည် ကြည်ညိုသဖြင့် ရသေ့ကြီးကို အိမ်သို့ပင့်၍ ဆွမ်းကျွေးသည်။ ဥယျာဉ်တော် တွင် အမြဲနေထိုင်ပါရန်လည်း လျှောက်ထားသည်။ သူတို့နှစ်ဦးသည် နောက်ပိုင်းတွင် လွန်စွာပင် ချစ်ခင်ရင်းနှီးသွားကြသည်။

တစ်နေ့တွင် ရသေ့ကြီး ဆွမ်းစားပြီးချိန်၌ သူဌေးကြီးက 'အရှင်ဝစ္ဆနခ၊ ရသေ့ရဟန်းဘဝသည် ဆင်းရဲသည်၊ လူထွက်ခဲ့ပါ၊ ကျွန်ုပ်ပိုင် ပစ္စည်းဥစ္စာရတနာများကို တစ်ဝက်ခွဲပေးပါမည်၊ တို့နှစ်ယောက်သည် ပျော်ရွှင်ချမ်းမြေ့စွာ ကာမဂုဏ်စည်းစိမ်ကို ခံစားနေကြပါမည်'ဟု ပြောဆိုသည်။

http://www.dhammadownload.com



ထိုအခါ ရသေ့က 'သူငှက်ကြီး၊ သင်သည် ကာမဂုဏ်၌ မက်မောနေသော ကြောင့် အိမ်၌နေရခြင်း၏ ဂုဏ်ကျေးဇူးကို ဆိုခြင်းဖြစ်သည်။ စင်စစ် လုံ့လမပြုသော အိမ်၊ လယ်ယာကိုင်းကျွန်း စသော ဥစ္စာများအတွက် မှုသားမဆိုသော သူ၏အိမ်၊ တစ်ဖက် လူအား နစ်နာအောင် မပြုသောသူ၏အိမ်တို့သည် မတည်မြဲနိုင်၊ ယင်းသို့သော အိမ်မျိုး၌ မည်သူအုပ်စိုး၍ နေချင်ပါမည်နည်း'ဟု အိမ်၏အပြစ်ကို ပြောဆို၍ ပြန်သွားခဲ့သည်။

**ဇာတ်ပေါင်း။ ။ဗာရာဏသီသူဌေး-ရောမဗလ္လာမင်း။ ရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။လောကီစည်းစိမ်သည် မကောင်းမှုနှင့်မကင်းပေ။**

---

## ၂၃၆။ ဗကဇာတ်

### အကြံသမား ဗျိုင်း

**ပစ္စုပ္ပန်ဝတ္ထု**

လူအထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာမှ ရေအိုင်ကြီးတစ်ခုတွင် ငါးဖြစ်နေသည်။ ထိုအခါ ဗျိုင်းတစ်ကောင်သည် ဦးခေါင်းကို ငိုက်စိုက်ချ၍ အတောင်ကို ဖြန့်ကားပြီးလျှင် အလွန် စိတ်နှလုံးကောင်းမြတ်သူကဲ့သို့ ရေစပ်၌ ရပ်နေသည်။ ထိုအချိန်၌ ဘုရားလောင်း ငါးမင်းသည် နောက်လိုက်ငါးများနှင့် အတူ ထိုနေရာသို့ ရောက်လာရာ ဗျိုင်းကို တွေ့ကြသောအခါ ငါးများက 'ဤငှက်သည် ငြိမ်းအေးစွာဖြင့် စိတ်နှလုံး နူးညံ့သိမ်မွေ့သကဲ့သို့နေသည်'ဟု ဆိုကြသည်။

ထိုအခါ ဘုရားလောင်းငါးမင်းက 'သင်တို့သည် ဗျိုင်းတို့၏ အကျင့်ကို မသိဘဲ ချီးမွမ်းစကား မပြောဆိုကြလင့်၊ ဗျိုင်းတို့သည် ငါးများကို စောင့်ရှောက်သည်ဟူ၍ မရှိ။ သူသည် အကြံနှင့် မလှုပ်မရှား ရပ်နေခြင်းသာ ဖြစ်သည်'ဟု ဆိုသောအခါ ငါးများ သည် ပြေးကြလေသည်။

**ဇာတ်ပေါင်း။ ။ ဗျိုင်း-အုံ့ဖွယ်သူရဲကိုဖြစ်စေတတ်သောရဟန်း၊ ငါးမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ ဟန်ဆောင်ကောင်းသူကို ဝေးဝေးကရှောင်ပါ။**

---

http://www.dhammadownload.com



# ၂၄၇။ သာကေတဇာတ်

ဤဇာတ်တော်၏ ပစ္စုပ္ပန်နှင့် အတိတ်ဇာတ်ကြောင်းများသည် အမှတ်(၆၈) သာကေတဇာတ်နှင့် အလုံးစုံတူသည်။

---

# ၂၄၈။ ကောပဒဇာတ်

## ကြီးပွားကြောင်းမေးသူ သားငယ်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့တော်မှ ဖခင်အား ပြဿနာမေးတတ်သော သားငယ်၏ အမေးကို ဖြေဆိုနိုင်သည့် ဖခင်နှင့် ပတ်သက်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူဌေးကြီး ဖြစ်နေသည်။ သူဌေးကြီးတွင် ရင်ခွင်ပိုက်အရွယ် သားငယ်တစ်ယောက် ရှိလေသည်။ တစ်နေ့တွင် သားငယ်က 'ဖခင်၊ အကျိုးစီးပွား များကြောင်းဖြစ်၍ အကျိုးစီးပွား အလုံးစုံကို သိမ်းကျုံးမိသော တစ်ခုတည်းသော စကားကား အဘယ်နည်း' ဟု မေးသည်။ ထိုအခါ ဖခင်က ဉာဏ်ပညာ၊ အကျင့်သီလ၊ သည်းခံခြင်းနှင့် ယှဉ်သော ဝီရိယဟု အဖြေပေးခဲ့လေသည်။

**ဇာတ်ပေါင်း။** ။ ယခင်ကသားငယ်-ယခုသားငယ်၊ ဗာရာဏသီသူဌေး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကြီးပွားလိုလျှင် ဝီရိယရှိရှိကြိုးစားပါ။

---

# ၂၄၉။ ဟာရိကမဏ္ဍူကဇာတ်

## မြွေကိုနိုင်သည့်ငါးများ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်း၏ ခမည်းတော်ဖြစ်သော 'မဟာကောသလမင်း' သည် ဗိမ္ဗိသာရ မင်းထံ သမီးတော် ထည့်ခဲ့စဉ်က သမီး၏ ကသယ်မှုန့်ဖိုးအတွက် 'ကာသိက' ဆိုသော ရွာတစ်ရွာကို ပေးလိုက်

http://www.dhammadownload.com



သည်။ ဗိမ္ဗိသာရမင်း နတ်ရွာစံပြီး၍ မကြာမီမှာပင် မိဖုရားကြီးလည်း နတ်ရွာလားသည်။ ထိုအခါ မိခင်ပိုင်ဆိုင်ခဲ့သော ထိုရွာကို အဇာတသတ်မင်းက ဆက်၍ စားသည်။ ဤသည်ကို ဦးရီးတော် ကောသလမင်းက မကျေနပ်သောကြောင့် မကြာခဏ စစ်ပြိုင်ကြရသည်။ ရံခါ ဦးရီးတော် ကောသလမင်းက အောင်၍ ရံခါ တူတော် အဇာတသတ်မင်းက အောင်သည်။ အဇာတသတ်သည် မိမိ အောင်နိုင်လာသောအခါများ၌ ဝင့်ကြွားစွာဖြင့် မြို့သို့ ပြန်လာတတ်သည်။ ရှုံးနိမ့်လာသော အခါများ၌မူ ပြန်လာသည်ကို လူသိပင်မခံဘဲ တိတ်တဆိတ်ပင် နေလိုက်သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက 'အဇာတသတ် မင်းသည် ရှေးတုန်းကလည်း စစ်ရှုံးလျှင် နလုံးမသာ ဖြစ်ခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဖားညိုမျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် လူများထောင်ထားသော မြှုံးတစ်ခုထဲသို့ ငါးများ အုပ်လိုက် ဝင်မိကြ၍ စားလိုသော ရေမြွေတစ်ကောင်သည် မြှုံးထဲသို့ ဝင်လာသည်။ ဤတွင် ငါးများသည် မြွေကို တညီတညွတ်တည်း ခုခံတိုက်ခိုက်ကြရာ ရေမြွေသည် တစ်ကိုယ်လုံး သွေးခြင်းခြင်းနီရဲ၍ ပြန်လည် ထွက်ပြေးရသည်။

ထိုအချိန်တွင် ဖားညိုတစ်ကောင်သည် မြှုံးပေါ်သို့ ဖြတ်ခနဲ ခုန်တက်လာ သည်ကို ရေမြွေက မြင်၍ 'အဆွေ ဖားညို၊ ဤငါးများသည် ငါ့ကို ကိုက်ခဲ့ကြသည်၊ သူတို့၏ အပြုအမူကို သင် သဘောကျပါသလော'ဟု မေးသည်။ ဖားညိုက 'အဆွေ မြွေ၊ ငါ သဘောကျပါသည်။ အကြောင်းမှာ သင်သည် သင့်နေရာသို့ လာကြသည့် ငါးများကို စားသည်။ ငါးတို့သည်လည်း သူတို့နေရာသို့လာသည့် သင့်ကို ဝိုင်း၍ ကိုက်ခဲကြ၍ ဖြစ်သည်။ မိမိနေထိုင်ကျက်စားရာ နယ်မြေ၌ အားမရှိသည့် သတ္တဝါဟူသည်မရှိ၊ ထို့ကြောင့် ငါသဘောကျပါသည်'ဟု ဆိုသည်။

**ဇာတ်ပေါင်း။** ။ ရေမြွေ-အဇာတသတ်မင်း၊ ဖားညို-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကျူးကျော်လျှင် တန်ပြန်ခံရမည်။

---

## ၂၄၀။ မဟာပိင်္ဂလဇာတ်

### ရှိတ်၍ ရှိတ်၍ငိုသူ တခါးမှူး

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်ကျောင်းတော်တံခါးဝ၌ ဒေဝဒတ်မြေမျိုခံရသောအခါ မည်သူမျှမလွမ်းကြပေ။ လူရော နတ်ပါ ဝမ်းသာကြသည်။ ထိုအကြောင်းနှင့် စပ်၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ မဟာပိင်္ဂလမင်းကြီးသည် ထီးနန်းစိုးစံစဉ် ဘုရားလောင်း သည် မင်းကြီး၏သား ဖြစ်နေသည်။ မဟာပိင်္ဂလမင်းသည် ရက်စက် ကြမ်းကြုတ်သည်။ အခွန်အတုတ်များကို မတရားကောက်ခံခြင်း၊ မြို့ရွာများ ရွှေ့ပြောင်းစေခြင်းများကို ပြုလုပ်လေ့ရှိသဖြင့် ပြည်သူတစ်ရပ်လုံးသည် မင်းကို မုန်းတီးနေကြသည်။

ထိုမင်း သေလွန်သွားသည့်အခါ သားတော် ဘုရားလောင်းကို မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။ 'ငါတို့သည် တရားရှိသော မင်းကို ရကြပြီ'ဟု ဆို၍ ပြည်သူများသည် ရွှင်မြူးကခုန်ကြသည်။ မြို့ကို တန်ဆာဆင်၍ ပျော်ပွဲရွှင်ပွဲကြီးလည်း ကျင်းပကြသည်။

ဤသို့ အများပြည်သူတို့ ပျော်ပွဲကြီး ကျင်းပနေချိန်တွင် တံခါးမှူးတစ်ယောက်သည် ရှိုက်၍ရှိုက်၍ ငိုနေလေသည်။ ဘုရားလောင်းက သူ့ကိုခေါ်၍ အကျိုးအကြောင်းမေးရာ 'အကျွန်ုပ်သည် ပိင်္ဂလမင်းကို လွမ်းဆွတ်၍ ငိုသည်မဟုတ်၊ သူ အသက်ထင်ရှားရှိနေစဉ်က ပြာသာဒ်မှ အဆင်းအတက်တို့တွင် ကျွန်ုပ်၏ ခေါင်းကို ရှစ်ချက်စီ ခေါက်လေ့ရှိသည်။ သူ ငရဲသို့ရောက်သောအခါတွင်လည်း ငရဲစောင့်တို့၏ ခေါင်းကို ခေါက်လိမ့်ဦးမည်။ ထိုအခါ ငရဲထိန်းတို့က ဤမင်းသည် ငါတို့ကို ညှဉ်းဆဲ နှိပ်စက်သည်ဟု ဆိုကြပြီးလျှင် ဤနန်းတော်သို့ ပြန်ပို့လိုက်ကြသော် ကျွန်ုပ်၏ ဦးခေါင်းကို ထပ်မံ၍ ရိုက်ချေဦးတော့မည်ဟု တွေးမိသဖြင့် ငိုခြင်းသာ ဖြစ်ပါသည်'ဟု လျှောက်တင်သည်။

ထိုအခါ ဘုရားလောင်းက သေဆုံးသွားပြီဖြစ်သောသူသည် ပြန်မလာနိုင်တော့ကြောင်း ဖျောင်းဖျပြောဆိုသည့်အခါမှ တံခါးမှူးက အငိုတိတ်သွားလေသည်။

**ဇာတ်ပေါင်း။** ။မဟာပိင်္ဂလမင်း-ဒေဝဒတ်၊ မဟာပိင်္ဂလ၏သား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ရက်စက်ကြမ်းကြုတ်သူကို လူအများရွံမုန်းမြဲ။

**ဥပါဟနဝဂ် ပြီး၏။**

http://www.dhammadownload.com



# ၁၀။ သိဂါလဝဂ်

## ၂၄၁။ သဗ္ဗဒါဌဇာတ်

### ပညာတို့ မှုန်ကန်စွာ အသုံးမချတတ်သူ မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်သည် အဘိညာဉ်တန်ခိုးဖြင့် အဇာတသတ်မင်းသားကို ကြည်ညိုစေ၍ လာဘ်လာဘ အခြွေအရံ ပေါများလာကာ ဘုန်းတန်ခိုး ကြီးမားသည်။ သို့ရာတွင် ဘုရားရှင်အား နာဠာဂီရိဆင်နှင့် တိုက်သောအခါ သူ၏ အကြောင်းကို အများပြည်သူတို့ သိရှိသွားသဖြင့် လာဘ်တိတ်သွားတော့သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓမြတ်စွာက 'ဒေဝဒတ်သည် ရှေးတုန်းကလည်း မိမိရရှိပြီးသော လာဘ်လာဘကို လက်လွှတ်ခဲ့ရဖူးပြီ' ဟု မိန့်တော်မူကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပုရောဟိတ် အမတ်ကြီး ဖြစ်နေသည်။ ပုရောဟိတ်သည် မြေပြင်၌ရှိသော ရန်မျိုးစုံကို အောင်နိုင်စေတတ်သည့် 'ပထဝီဇယမန္တန်'ကို တတ်ကျွမ်းသဖြင့် တောထဲသို့ဝင်ကာ ကျောက်ဖျာတစ်ခုပေါ်တွင် ထိုင်၍ ထိုမန္တန်ကို ရွတ်ဖတ်သည်။ သူရွတ်ဖတ်သံကို အနီးရှိ တွင်းတစ်ခုထဲမှ မြေခွေးတစ်ကောင်က ကြားသွားသည်။ ထိုမြေခွေးကား ဘဝဟောင်းမှ ပထဝီဇယမန္တန်ကို တတ်ကျွမ်းသည့် ပုဏ္ဏား ဖြစ်ခဲ့ဖူးသောကြောင့် ပုရောဟိတ်၏ ရွတ်ဖတ်သရဇ္ဈာယ်သံကို ကြားလိုက်သောအခါ အလုံးစုံကို ပြန်လည် နှုတ်တက် ရရှိသွားသည်။

ထိုအခါမှစ၍ မြေခွေးသည် ပထဝီဇယမန္တန်ကို မန်းမှုတ်လေရာ ဆင်၊ မြင်း၊ ခြင်္သေ့၊ ကျား၊ ဝက်၊ သမင် စသော အခြေလေးချောင်းရှိ သတ္တဝါများ သူ့ထံသို့ ဝန်းရံခစား လာကြရတော့သည်။ သူသည် မြေခွေးမ တစ်ကောင်ကို မိဖုရားကြီး မြှောက်လျက် 'သဗ္ဗဒါဌ' ဟူသော အမည်ကိုလည်း ခံယူ၍ တောသုံးထောင်၏ ဘုရင်အဖြစ် စိုးစံလေသည်။

သဗ္ဗဒါဌ မြေခွေးသည် တစ်နေ့တွင် ဗာရာဏသီမြို့အနီးသို့ ချဉ်းကပ်လာကာ 'မင်းအဖြစ်ကို ပေးမည်လော၊ စစ်ပြိုင်ခြင်းကိုပင် ပြုမည်လော' ဟု ဗာရာဏသီမင်းထံသို့ ရာဇသံပါးလိုက်သည်။ ပုရောဟိတ်အမတ်ကြီးက ပဓွင်ပေါ်သို့ တက်၍ 'အချင်း သဗ္ဗဒါဌ၊

http://www.dhammadownload.com



သင်သည် ဤပြည်ကို မည်ကဲ့သို့ သိမ်းပိုက်မည်နည်း'ဟု မေးလိုက်သဖြင့် 'ခြသေ့်သံဖြင့် ဟောက်၍ သိမ်းပိုက်မည်'ဟု မြေခွေးက ပြန်ကြားသည်။ ပုရောဟိတ်သည် ပြည်သူအားလုံးတို့အား မိမိတို့၏ နားပေါက်များကို ပဲကြီးမုန့်ညက်တို့ဖြင့် လုံခြုံစွာ ပိတ်ထားကြရန် အမိန့်ထုတ်သောကြောင့် ပြည်သူတို့သည် မိမိတို့၏ နားပေါက်များကိုသာမက အိမ်မွေးတိရစ္ဆာန်များ၏ နားပေါက်များကိုပါ ပိတ်ထားလိုက်ကြသည်။

ထို့နောက် ပုရောဟိတ်သည် ဒုတိယအကြိမ်အဖြစ် ပစွင်ပေါ်သို့ ပြန်တက်ကာ 'သင်သည် အမျိုးယုတ်သူ ဖြစ်သည်။ အမျိုးမြတ်သော ကေသရာဇာ ခြသေ့်မင်းသည် သင့်အမိန့်ကို နာခံမည်မဟုတ်'ဟု လှမ်းပြောသည်။ ထိုအခါ မြေခွေးမင်းက 'အခြားခြသေ့်များကို ထား၊ ယခု ငါစီးနေသည့် ခြသေ့်ကိုပင် ချက်ချင်း ဟောက်စေမည်'ဟု ဆိုပြီးလျှင် ခြသေ့်အား ခြေဖြင့်ကုတ်၍ အချက်ပေးလိုက်ရာ ခြသေ့်က ခေါင်းကို မော့၍ သုံးကြိမ်တိုင် ဆက်ဟောက်သည်။ အောက်ခံ ဆင်နစ်စီးသည် လန့်၍ ထွက်ပြေးသဖြင့် မြေခွေးသည် ဆင်၏ ခြေထောက်နားသို့ ကျကာ ဆင်များ တက်နင်းမိ၍ ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးလေသည်။

ဇာတ်ပေါင်း။ ။ မြေခွေး-ဒေဝဒတ်၊ ဗာရာဏသီမင်း-အရှင်သာရိပုတ္တရာ၊ ပုရောဟိတ်ပုဏ္ဏား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာကို မှန်ကန်စွာ အသုံးမပြုတတ်က မိမိအတွက် အန္တရာယ်ဖြစ်မည်။

---

## ၂၄၂။ သုနခဇာတ်

### ခွေးလိမ္မာ

#### ပစ္စုပ္ပန်ဝတ္ထု

အနောင်အဖွဲ့မှ လွတ်အောင် ထွက်လာတတ်သော ခွေးတစ်ကောင်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

#### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်းတွင် ကြေးရတတ်မျိုးနွယ်ထဲ၌ ဖြစ်နေသည်။ ဗာရာဏသီမြို့မှ လူတစ်ယောက် မွေးထား

http://www.dhammadownload.com



သော ခွေးတစ်ကောင်သည် ဝဝဖီးဖီးရှိရာ ရွာသားတစ်ယောက်သည် ထိုခွေးကို ဝယ်ယူပြီး သားရေလွန်ကြိုးဖြင့် ချည်၍ ခေါ်လာခဲ့သည်။ သူသည် တောအုပ်တစ်ခု၏ အဝင်ဝနားရှိ ဇရပ်တစ်ခုသို့ ရောက်လာသောအခါ ခွေးကို ချည်ထားပြီး ဇရပ်ပေါ်တွင် တက်၍ အိပ်နေသည်။

ဘုရားလောင်းသည် ထိုနေရာသို့ ရောက်လာကာ သားရေလွန်ဖြင့် ချည်ထားသော ခွေးကို မြင်လိုက်ရ၍ 'ခွေးမိုက်၊ လွန်ကြိုးကို ကိုက်ဖြတ်စားသောက်၍ ပြေးပါတော့လား'ဟု ဆိုလိုက်ရာ 'ကျွန်ုပ်လည်း ဤအတိုင်းပင် စိတ်ကူးထားပါသည်၊ ထိုလူအိပ်ပျော်အောင် စောင့်နေရခြင်း ဖြစ်ပါသည်'ဟု ပြန်ပြောသည်။ မကြာမီ ထိုလူအိပ်ပျော်သွားရာ ခွေးသည် သားရေလွန်ကြိုးကို ကိုက်ဖြတ်စားသောက်၍ မိမိနေရင်းအိမ်သို့ ပြန်ပြေးသွားသည်။

**ဇာတ်ပေါင်း။** ။ **ယခင်ကခွေး-ယခုခွေး၊ ပညာရှိယောကျ်ား-ဗုဒ္ဓ။**
**အနှစ်ချုပ်။** ။ **အချိန်အခါနှင့်အခြေအနေကိုကြည့်၍ ကြိုးစားပါ။**

---

# ၂၄၃။ ဂုတ္တိလဇာတ်

## ဆရာနှင့် ပညာပြိုင်သူ

### ပစ္စုပ္ပန်ဝတ္ထု၊

ဒေဝဒတ်သည် 'မြတ်စွာဘုရားအား သူ၏ဆရာအဖြစ် အသိအမှတ် မပြုတော့ဘဲ ပိဋကတ်သုံးပုံ တတ်မြောက်ခြင်းနှင့် ဈာန်အဘိညာဉ်ရခြင်းတို့သည် ဗုဒ္ဓမြတ်စွာနှင့် မပတ်သက်။ သူ့စွမ်းအားသက်သက်မျှသာတည်း'ဟု ပြောဆိုကြေညာခြင်း အကြောင်းနှင့် စပ်လျဉ်း၍ ဗုဒ္ဓက 'ဒေဝဒတ်သည် ရှေးအခါကလည်း ဆရာဖြစ်သော ငါ့အား ပုန်ကန်ခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု၊

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဗာရာဏသီပြည်မှ ကုန်သည်တစ်သိုက်သည် 'ဥဇ္ဇေနီပြည်'သို့ ရောက်လာကြသည်။ သူတို့ရောက်လာချိန်တွင် ဥဇ္ဇေနီ၌ ပွဲလမ်းသဘင်ကြီး ဆင်ယင်ကျင်းပနေသည်နှင့် ကြုံကြိုက်သဖြင့် မုသိလဟု ကျော်ကြားသော စောင်းပညာရှင် တစ်ဦးကို ခေါ်၍ တီးခတ်ဖြေဖျော်ကြသည်။ ဤနိုင်ငံတွင် မုသိလသည် စောင်းပညာအရပ်၌ အကျော်စောဆုံး ဖြစ်သည်။

http://www.dhammadownload.com



မှုသိလသည် ငွေ့ကုန်သည်များအား အစွမ်းကုန် ဖျော်ဖြေသော်လည်း ကုန်သည်များသည် မိမိတို့နိုင်ငံမှ စောင်းပညာကျော် 'ဂုတ္တိလ၏စောင်းသံကို ကြားဖူးထားကြသဖြင့် မှုသိလ၏လက်သံကို နားမစွဲကြဘဲ ဝါးခြမ်းစိတ်စောင်းသံအလား ထင်မှတ်ကြသည်။ ထိုအခြေအနေကို မှုသိလကရိပ်မိသဖြင့် 'သင်တို့သည် ငါ့စောင်းသံကို အဘယ်ကြောင့် သဘောမကျပါသနည်း' ဟု မေးသည်။ ကုန်သည်များက သူတို့နိုင်ငံမှ ဂုတ္တိလ စောင်းပညာရှင်၏ အကြောင်းကို ပြောပြကြသည်။ ထိုအခါ မှုသိလက 'ဗာရာဏသီသို့ အပြန်တွင် မိမိကိုပါ ခေါ်၍ ဂုတ္တိလအိမ်သို့ ပို့ပေးကြပါ' ဟု ဆိုသဖြင့် ကုန်သည်များသည် အပြန်တွင် မှုသိလကိုခေါ်ကာ ဂုတ္တိလအိမ်သို့ ပို့ပေးကြသည်။

ဂုတ္တိလသည် အင်္ဂဝိဇ္ဇာပညာအရ ဆရာအား ပုန်ကန်ဖြားနားမည့် ရုပ်လက္ခဏာမျိုး မှုသိလတွင် ရှိနေ၍ စောင်းပညာ သင်ကြားမပေးချင်။ မိဘများက ပြောဖန်များလာသဖြင့် ဂုတ္တိလကလည်း မငြင်းသာ၍ ဆရာစားပင် ချန်မထားဘဲ ပညာကုန် သင်ပေးလိုက်သည်။

တစ်နေ့တွင် မှုသိလက မင်းမှုထမ်းလိုကြောင်း ပြောသဖြင့် ဆရာဂုတ္တိလသည် ထိုအကြောင်းကို မင်းကြီးအား လျှောက်ထားရာ မင်းကြီးက ခွင့်ပြုသည်။ လခရိက္ခာကိုမူ ဆရာ့ လစာ၏ တစ်ဝက်မျှသာ ရမည်ဖြစ်ကြောင်းကိုလည်း မိန့်သည်။ ဤသည်ကို မှုသိလက မကျေနပ်။ 'ဆရာနှင့် ပညာရည်တူဖြစ်၍ ဆရာနှင့် တန်းတူလစာပေးမှ ထမ်းရွက်နိုင်မည်' ဟု ဆိုသည်။ ထိုအကြောင်းကို ဂုတ္တိလက မင်းကြီးအား လျှောက်ထားရာ မင်းကြီးက ဆရာနှင့် တန်းတူရည်တူ ပညာစွမ်းပြနိုင်လျှင် ဆရာနှင့် လစာတူပေးမည်ဖြစ်ကြောင်း မိန့်ကြားလျက် ပြိုင်းပွဲရက်နှင့် နေရာကို သတ်မှတ်ပေးလိုက်သည်။

ဂုတ္တိလသည် တပည့်ရှုံးသော် ကိစ္စမရှိ၊ ဆရာရှုံးခဲ့သော် အရှက်ကွဲချေရဲ့ဟု တွေးတောကာ တပည့်နှင့် ပြိုင်မနေတော့ဘဲ မိမိကိုယ်ကို သတ်သေရန် တောထဲသို့ ဝင်လာသည်။ ထိုအကြောင်းကို သိသော သိကြားမင်းသည် ဂုတ္တိလထံသို့လာကာ စောင်းသုံးလက် ပေးသည်။ ပြိုင်ပွဲတွင် တည်းခတ်ရမည့် နည်းစနစ်များကိုလည်း ညွှန်ကြားသည်။

ပြိုင်ကြသောအခါ ရှေ့ဦးပိုင်းတွင် ဆရာတပည့်တို့၏ လက်ရည်သည် မခြားနားကြ၊ အရည်အချင်း မျှနေကြသည်။ ထိုအချိန်၌ ဆရာသည် ကောင်းကင်ပေါ်သို့ မော့ကြည့်လိုက်ရာ သိကြားမင်းရောက်နေသည်ကို သူတစ်ဦးတည်းသာ မြင်တွေ့ရသည်။ ဤတွင် ဆရာသည် သိကြားမင်း၏ညွှန်ကြားချက်အတိုင်း ပထမစောင်းညှိုးကြိုးတစ်ချောင်းကို ဖြတ်လိုက်သည်။ သို့တိုင် အသံမပျက်၊ ကျန်နေသော အစွန်းငုတ်မှ ပကတိအသံမျိုး ထွက်နေသည်။

http://www.dhammadownload.com



မုသိလကလည်း စောင်းညှို့တစ်ချောင်းကို ဖြတ်လိုက်သော် ထိုစောင်းညှို့သံမှ အသံမထွက်တော့၊ ဆရာသည် ဒုတိယ စောင်းညှို့၊ တတိယစောင်းညှို့ စသည်ဖြင့် ဖြတ်သွားရာ သတ္တမစောင်းညှို့အထိ ရောက်သွားသည်။ နောက်ဆုံးတွင် စောင်းရိုးချည်းသာ ကျန်တော့သည်။ ယင်းစောင်းရိုးကို တီးခတ်ရာမှ ထွက်ပေါ်လာသော အသံသည် ဗာရာဏသီ တစ်မြို့လုံးကို လွှမ်းခြုံ၍ သွားလေသည်။ ထိုအခါ ဆရာဂုတ္တိလသည် စောင်းလက်ခတ် တစ်ခုကို ကောင်းကင်ပေါ်သို့ ပစ်တင်လိုက်ရာ နတ်သမီး သုံးရာတို့ ဆင်းသက်လာကြကာ သူ့ရှေ့၌ က,ခုန်ကြသည်။ ထို့အတူ နှစ်ခုမြောက်၊ သုံးခုမြောက် စောင်းလက်ခတ်တို့ကို ကောင်းကင်သို့ပစ်တင်လိုက်သည်။ နတ်သမီးသုံးရာစီ သုံးရာစီ ဆင်းသက် ကခုန်ကြ၏။

ထိုအခါ ပရိသတ်သည် ရုတ်ခြည်းပင် နေရာမှထကြကာ မုသိလကို ဝိုင်းဖမ်းကြပြီး 'သင်သည် ဆရာနှင့် ပညာပြိုင်နေသည်'ဟု ဆိုကြပြီးလျှင် ဝိုင်းဝန်း ရိုက်ပုတ်ကြရာ မုသိလသည် ထိုနေရာ၌ပင် ပွဲချင်းပြီး သေဆုံးသွားသည်။

[ထို့နောက် ဂုတ္တိလ စောင်းဆရာသည် သိကြားမင်း၏ စောင်မမှုဖြင့် နတ်ပြည် ရောက်သွားကာ နတ်သမီးများနှင့် အပြန်အလှန် မေးဖြေပုံများကို ခင်ချိုထွန်းစာပေထုတ် ဝိမာနဝတ္ထု၌ ပါရှိသည်။]

**ဇာတ်ပေါင်း။** ။ **မုသိလစောင်းသမား-ဒေဝဒတ်၊ သိကြား-အရှင်အနုရုဒ္ဓါ၊ မင်း-အရှင်အာနန္ဒာ၊ ဂုတ္တိလစောင်းသမား-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ကျေးဇူးရှင်ကိုပြစ်မှားလျှင် ဘေးသင့်ရမြဲ။**

---

# ၂၄၄။ ဝိဂတိစ္ဆဇာတ်

## အမြင်မတူဘဲ ငါဒပြိုင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်နှင့် ဝါဒပြိုင်ရန်လာခဲ့ရာ ဘုရားရှင်၏ မေးခွန်းကို မဖြေနိုင်၍ ထွက်ပြေးသော ပရိဗိုဇ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတီတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်း၌ ပုဏ္ဏားမျိုး ဖြစ်နေသည်။ အရွယ်ရောက်ချိန်၌ ရသေ့ပြုကာ ဂင်္ဂါမြစ်ကွေ့ တစ်နေရာတွင် သစ်နှင်းကျောင်းဖြင့် နေထိုင်သည်။ ထိုအချိန်၌ စကားယှဉ်ပြိုင် ပြောဆိုဘက်ကို ရှာဖွေရန် လာသော ပရိဗိုဇ်တစ်ယောက်သည် ထိုရသေ့ထံ ရောက်လာသည်။ ရသေ့ကြီးက 'အဆင်း၊ အနံ့တို့နှင့် ပြည့်စုံ၍ ပန်းတို့ဖြင့် ထုံအပ်သော ဂင်္ဂါရေကို သောက်မည်လော'ဟု မေးရာ ပရိဗိုဇ်က 'ဂင်္ဂါသဲသည်ကား အဘယ်မှာနည်း၊ ဂင်္ဂါ၏ ဤမှာဘက်ကမ်း၊ ဟိုမှာဘက်ကမ်းကား အဘယ်နည်း'ဟု ပြဿနာတင်လိုက်သည်။

ထိုအခါ ရသေ့ကြီးက 'ပရိဗိုဇ်၊ သင်သည် ရေ၊ သဲနှင့် ဤမှာဘက်ကမ်း ဟိုမှာဘက်ကမ်းတို့ကို ထား၍ အခြားဂင်္ဂါကို အဘယ်မှာ ရအံ့နည်း'ဟု ဆိုလိုက်ရာ ရေ၊ သဲ ဟိုမှာဘက်ကမ်း၊ဒီမှာဘက် စသည်တို့မှလွတ်သောဂင်္ဂါရှိသည်ဟု အယူရှိသော ပရိဗိုဇ်သည် တုံ့ပြန်စရာစကားမရှိသဖြင့် ရှက်ကိုးရှက်ကန်းဖြစ်ကာ ထွက်ပြေးသွားလေသည်။

**ဇာတ်ပေါင်း။** ။ ထိုအခါကပရိဗိုဇ်-ယခုပရိဗိုဇ်၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မတူလျှင် မတုသင့်ပါ။

---

# ၂၄၅။ မူလပရိယာယဇာတ်

## ဆရာကို အနိုင်ယူသော တပည့်များ

**ပစ္စုပ္ပန်ဝတ္ထု**

ဗေဒင်ပညာကို ပါရဂူမြောက် တတ်မြောက်ကြသည့် ပုဏ္ဏား ငါးရာတို့သည် ဗုဒ္ဓသာသနာတော်၌ ရဟန်းပြုပြီး 'မိဋကတ်' သုံးပုံကို သင်ကြားတတ်မြောက်လာသောအခါ မာနဝင်လာကြသည်။ ဗုဒ္ဓအား ခစားကြခြင်းပင် မရှိတော့။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ ငါဘုရားသည် ရှေးတုန်းကလည်း သင်ရဟန်းတို့၏ မာန်မာနကို ချုပ်ငြိမ်းစေခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတီတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတီတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်သောအခါ ဒိသာပါမောက္ခဆရာကြီး ဖြစ်လာခဲ့ရာ တပည့် လူငယ်ပေါင်း ငါးရာရှိသည်။ ထိုတပည့်တို့သည် ဗေဒင်ပညာ၌ တတ်ကျွမ်းလာသောအခါ

http://www.dhammadownload.com



ဘဝင်မြင့်လာပြီး 'ဆရာတတ်သသမျှကို ငါတို့လည်း တတ်သည်၊ ဆရာသည် ငါတို့ထက် ပိုမတတ်' စသည်ဖြင့် မာနသံပေးကြသည်။ ဆရာ့ထံသို့လည်း အဝင်အထွက် မပြုကြရုံ သာမက ဝတ်ကြီးဝတ်ငယ်များကိုလည်း ဆောင်ရွက်ခြင်း မရှိကြတော့။

တစ်နေ့တွင် ဆရာသည် ဆီးပင်ရင်း၌ ထိုင်နေစဉ် ဆရာ့ကို ကဲ့ရဲ့လိုသော တပည့်များသည် ဆီးပင်ကို လက်နှင့်ခေါက်၍ 'ဤဆီးပင်သည် အနှစ်မရှိ'ဟု ဆရာ့ကို စောင်းချိတ်၍ ပြောကြသည်။ ဆရာကလည်း မိမိအား ရည်ရွယ်၍ ပြောခြင်းဖြစ်ကြောင်း နားလည်ကာ တပည့်များအား ဆုံးမလို၍ 'တပည့်တို့၊ အချိန်သည် သတ္တဝါများကို ဝါးမျိုနေသည်။ သို့ရာတွင် သတ္တဝါတစ်ဦးကမူ အချိန်ကိုပင် ဝါးမျို၍ သတ္တဝါတို့အား ဇရာမီးဖြင့် ကျက်စေသော တဏှာကို ပညာတည်းဟူသော မီးဖြင့် လောင်ကျွမ်းပျက်စီး စေသည်။ ထိုသတ္တဝါသည် အဘယ်နည်း'ဟု ပြဿနာ မေးလိုက်သည်။

မည်သည့် တပည့်မျှ ဆရာ့အမေးကို မဖြေဆိုနိုင်ကြသောအခါ ဆရာက 'တပည့်တို့၊ သည်ပြဿနာ၏ အဖြေသည် ဗေဒင်သုံးပုံထဲတွင် ရှိလိမ့်မည်ဟု မထင်ကြလင့်' ဟု ဆိုပြီးလျှင် ခုနစ်ရက် အချိန်ပေးကာ အဖြေရှာခိုင်းလိုက်သည်။ သို့ရာတွင် တပည့်များ သည် ခုနစ်ရက်ပြည့်သွားသော်လည်း အဖြေရှာ၍ မရနိုင်ကြချေ။ ထိုအခါ ဆရာက 'တပည့်တို့ ပညာရှိသူတော်ကောင်းသာလျှင် တဏှာကို ကင်းစင်နိုင်၏'ဟု ပြောလိုက် သည်။ တပည့်တို့သည် ဆရာ့ကို ကန်တော့ကြကာ သူတို့၏ မာနတရားကိုလည်း ပယ်ရှား လိုက်ကြသည်။

**ဇာတ်ပေါင်း။** ။တပည့်ငါးရာ-ယခုရဟန်းငါးရာ၊ ဆရာ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ပညာမပြည့်သူ မာန်ထောင်လွှားတတ်သည်။

---

## ၂၄၆။ ဗာလောဝါဒဇာတ်

### ရူးသေတို့ ကဲ့ရဲ့လိုသူ သူကြွယ်

**ပစ္စုပ္ပန်ဝတ္ထု၊**

သီဟစစ်သူကြီးသည် ဗုဒ္ဓအား သားပြွမ်းဆွမ်းတို့ဖြင့် လှူဒါန်းဆက်ကပ်လေရာ နိဂဏ္ဌတို့က 'ရဟန်းဂေါတမသည် မိမိအတွက် ရည်ရွယ်၍ သတ်သော အသားဟင်းကို သိလျက်နှင့် စားသည်'ဟု ပုတ်ခတ်ပြောဆိုကြခြင်းနှင့် စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်လျက် ရသေ့ပြုကာ ဟိမဝန္တာတွင် နေခဲ့ရာမှ တစ်ချိန်တွင် ချဉ်၊ ဆား မှီဝဲရန် ဗာရာဏသီ မြို့သို့ ရောက်လာသည်။ နောက်နေ့၌ မြို့တွင်းသို့ ဆွမ်းခံဝင်လာသော ရသေ့ကို သူကြွယ် တစ်ယောက်က မြင်တွေ့လျှင် ညဉ်းဆဲလို၍ အိမ်တွင်းသို့ ပင့်သည်။ ငါး၊ အမဲတို့ဖြင့် ဆွမ်းကျွေးသည်။ စားသောက်ပြီးချိန်၌ 'ရှင်ရသေ့၊ သင့်အတွက် ရည်မှန်းလျက် သတ္တဝါ များကို သတ်၍ အမဲဟင်းလျာ ပြုလုပ်ခဲ့သည်။ ဤကုသိုလ်သည် ငါတို့အပေါ် မကျရောက် ပါစေနှင့်၊ ရှင်ရသေ့အတွက်သာ ဖြစ်ပါစေ'ဟု ဆိုသည်။

ထိုအခါ ရသေ့က 'ဒါယကာ၊ သီလမရှိသောသူသည် သား၊ မယားကို သတ်၍ လှူစေကာမူ ထိုဆွမ်းကိုစားသော ပညာရှိ ပုဂ္ဂိုလ်အတွက် အပြစ်မဖြစ်'ဟု ရှင်းပြလိုက်သည်။

**ဇာတ်ပေါင်း။** ။ **သူကြွယ်-နိဂဏ္ဌ၊ ရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အသားစားရုံဖြင့် သီလပျက်သည်ဟုမဆိုနိုင်ပေ။**

---

# ၂၄၇။ ပါဒဉ္စလိဇာတ်

## ပညာမဲ့သူ၏အမူအရာ

**ပစ္စုပ္ပန်ဝတ္ထု၊**

ရဟန်းများသည် အဂ္ဂသာဝကကြီး နှစ်ပါးတို့ အချင်းချင်း ပြဿနာများ မေးကြ ဖြေကြ သည်ကို ကြားနာရသဖြင့် မထေရ်ကြီးတို့၏ ဂုဏ်ကျေးဇူးတို့ကို ချီးကျူးကြသည်။ လာဠုဒါယီကမူ 'သာရိပုတ္တရာနှင့် မောဂ္ဂလာန်သည် ငါ့လောက် တတ်ကြပါသလော'ဟူသော သဘောဖြင့် နှုတ်ခမ်း ကို ကိုက်နေသည်။ ထိုအကြောင်းနှင့် စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ မင်းကြီး နတ်ရွာစံသောအခါ အမတ်များသည် သားတော် 'ပါဒဉ္စလိ' မင်းသားကို ထီးနန်းအပ်ရန် ကြံရွယ်ရာ လျှပ်ပေါ်ခြင်း၊ လုံ့လဝီရိယနည်းခြင်း တို့ကြောင့် မအပ်ရဲကြချေ။ ထို့ကြောင့် မင်းသားကို စမ်းသပ်ပြီးမှ ထီးနန်းကို အပ်သင့်လျှင် အပ်ရန် ဆုံးဖြတ်ချက်အရ အမတ်များသည် မင်းသား၏ ရှေ့မှောက်၌ပင် အမှုတစ်ခုကို

http://www.dhammadownload.com



မတရား ဆုံးဖြတ်လိုက်ကြပြီးလျှင် 'မင်းသား အသို့နည်း၊ ကျွန်ုပ်တို့၏ အဆုံးအဖြတ်သည် မှန်ပါသလော'ဟု မေးကြသည်။ မင်းသားကမည်သို့မျှမဆိုဘဲ နှုတ်ခမ်းကိုသာ တင်းအောင် ကိုက်ထားသောကြောင့် အမတ်များက 'မင်းသားသည် ပညာရှိပုံရသည်။ မတရား ဆုံးဖြတ်သည်ကိုသိ၍ ဖြစ်လိမ့်မည်'ဟု ယူဆကြသည်။

နောက်တစ်နေ့တွင် အမှုတစ်ခုကို အမှန်အတိုင်း ဆုံးဖြတ်ကြပြီး မင်းသားအား 'မြတ်သောမင်းကြီး ဆုံးဖြတ်ချက်ကို မည်သို့ သဘောရပါသနည်း'ဟု မေးကြရာတွင် မင်းသားသည် နှုတ်ခမ်းကိုပင် ကိုက်ထားပြန်သည်။ ထိုအခါ အမတ်များသည် မင်းသား၏ ပညာမဲ့ပုံကို သိကြပြီး ထီးနန်းမအပ်ကြဘဲ ဘုရားလောင်း အမတ်ကိုသာ မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

**ဇာတ်ပေါင်း။** ။ပါဒဉ္စလီမင်းသား-အရှင်လာဠုဒါယီ၊ ပညာရှိအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။အမှုအရာကိုကြည့်ပြီး ပညာရှိ,မရှိ မဆုံးဖြတ်သင့်။

---

# ၂၄၈။ ကိံသုကောပမဇာတ်

## ပေါက်ပင်နှင့်မင်းသားလေးယောက်

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားထံတော်မှ ကမ္မဋ္ဌာန်းယူသွားသော ရဟန်းလေးပါးတို့သည် ဖဿာယတန ခြောက်ပါး၊ ခန္ဓာငါးပါး၊ မဟာဘုတ်လေးပါးနှင့် ဓာတ်တစ်ဆယ့်ရှစ်ပါး တို့ကို အသီးသီး ဆင်ခြင်ကာ ရဟန္တာအဖြစ်သို့ ဆိုက်ရောက်သွားကြသည်။ ဤသို့ ကမ္မဋ္ဌာန်းချင်း ခြားနားနေပါလျက် တစ်ခုတည်းသော နိဗ္ဗာန်ကို အဘယ်ကြောင့် ရောက်ရပါသနည်း'ဟု ရဟန်းတစ်ပါးက လျှောက်ထားရာ ဘုရားရှင်က ကိံသုကောပမ သုတ္တန်ကို ဟောကြားတော်မူပြီးလျှင် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းကြီးတွင် သားတော်လေးပါး ရှိသည်။ တစ်နေ့တွင် သားတော်များသည် ရထားမှူးအား ပေါက်ပင်ကို လိုက်ပြပေးရန် ပူဆာကြသည်။ ရထားမှူးသည် သားတော်လေးပါးကို ပေါက်ပင်ရှိရာသို့ တစ်ပြိုင်တည်း ခေါ်မသွားဘဲ မင်းသားကြီးအား ပေါက်ပင်မှအရွက်အားလုံး ကြွေချိန်၊ ဒုတိယမင်းသား

http://www.dhammadownload.com



အား အရွက်များ ဝေစည်နေချိန်၊ တတိယမင်းသားအား အပွင့်များဝေဆာနေချိန်၊ စတုတ္ထမင်းသားအား အသီးများ ပြွတ်သိပ်နေချိန် ဤသို့ တစ်ဦးစီခွဲ၍ ခေါ်ပြသည်။

မင်းသားလေးဦး ဆုံမိကြသောအခါ 'ပေါက်ပင်သည် မည်သို့ရှိသနည်း'ဟု အချင်းချင်း မေးကြသည်။ ပထမမင်းသားက မီးလောင်သစ်ငုတ်နှင့် တူသည်။ ဒုတိယမင်းသားက ညောင်ပင်နှင့်တူသည်။ တတိယမင်းသားက သားတစ်ပုံသဏ္ဌာန်ရှိသည်။ စတုတ္ထမင်းသားက ကုက္ကိုပင်အတိုင်း ဖြစ်သည်ဟု မိမိတို့ မြင်တွေ့ဖူးသည့် အခြေအနေအတိုင်း အသီးသီးပြောကြရာ တစ်ဦး၏အဆိုကို အခြားတစ်ဦးက လက်မခံနိုင်ကြသဖြင့် နောက်ဆုံးတွင် ခမည်းတော်ထံ အဆုံးအဖြတ်ပေးရန် တောင်းခံကြသည်။

ဤတွင် ခမည်းတော်က 'သားတော်လေးပါးလုံးသည် ပေါက်ပင်ကို အမှန်ရှိသည့်အတိုင်း မြင်ကြသူများချည်း ဖြစ်သည်။ သို့ရာတွင် ပေါက်ပင်သည် မည်သည့်ရာသီ၌ မည်သို့ရှိတတ်သည်ကို ရထားမှူးအား ခွဲခြား၍ မမေးခဲ့ကြသဖြင့် သင်တို့မှာ ယုံမှားသံသယဝင်နေကြရခြင်း ဖြစ်သည်'ဟု မိန့်တော်မူသည်။

**ဇာတ်ပေါင်း။** ။ ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အချိန်အခါအလိုက် အခြေအနေကိုနားလည်ပါ။

---

## ၂၄၉။ သာလကဇာတ်

### မျောက်လိမ္မာကို ဖိုက်သူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဇေတဝန်ကျောင်းတော်မှ မထေရ်ကြီးတစ်ပါးသည် သူငယ်တစ်ယောက်ကို ရှင်သာမဏေပြုပေးထားရာ မထေရ်ကြီး နိဝ်စက်လွန်းသဖြင့် လူထွက်သွားသည်။ မထေရ်ကြီးသည် ထိုသူငယ်ကို သင်္ကန်းပြန်စည်းရန် သွား၍ ဖျောင်းဖျခေါ်ယူရာ အစပိုင်းမှာ ငြင်းဆန်သော်လည်း ပြောဖန်များသောအခါ သင်္ကန်းပြန်၍စည်းသည်။ မထေရ်ကြီးကလည်း ရှေးနည်းအတိုင်းပင် နိဝ်စက်ပြန်၍ သာမဏေလေး လူထွက်သွားရပြန်သည်။ ဤတစ်ကြိမ်မှာလည်း မထေရ်ကြီးက သွား၍ ဖျောင်းဖျလေရာ 'သင်္ကန်းမဝတ်တော့ပြီ'ဟု သူငယ်က အပြီးအပြတ် ပြောလိုက်လေသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူကြွယ်မျိုး၌ဖြစ်နေသည်။ အရွယ်ရောက်သော် စပါးကုန်သည် အဖြစ်ဖြင့် အသက်မွေးသည်။

http://www.dhammadownload.com



ထိုအချိန်က မျောက်ကို မြွေကစားပြတတ်အောင် သင်ကြားပေးထားသော အလမ္ဗာယ်ဆရာ တစ်ယောက်လည်း ရှိသည်။ ထိုဆရာသည် ဗာရာဏသီတွင်ကျင်းပနေသော ပွဲသဘင်ကို ကြည့်ရှုရန် မျောက်ကို စပါးကုန်သည်ထံတွင် အပ်နှံထားပြီး ထွက်သွားသည်။

အလမ္ဗာယ်ဆရာ ပြန်ရောက်လာသောအခါ သခင့်အသံကို ကြားရ၍ မျောက်သည် စပါးကျီထဲမှ ထွက်လာသည်။ ဤတွင် အလမ္ဗာယ်ဆရာသည် မျောက်ကို ဝါးခြမ်းစိတ်ဖြင့် ရိုက်၍ ခေါ်ယူသွားရာ ဥယျာဉ်တစ်ခုသို့ ရောက်သောအခါ မျောက်ကို တစ်နေရာတွင် ချည်ထား၍ သူက တစ်နေရာတွင် အိပ်နေသည်။ နိုးလာချိန်၌ ချည်ထား ခဲ့သည့်နေရာတွင် မျောက်ကို မတွေ့ရဘဲ သရက်ပင်ပေါ် ရောက်နေသည်ကို တွေ့ရ၏။

ထိုအခါ အလမ္ဗာယ်ဆရာက 'ချစ်သား၊ ငါ့အိမ်က ပစ္စည်းဥစ္စာ အားလုံးသည် သင့်အတွက်ဖြစ်သည်။ သရက်ပင်ပေါ်မှ ဆင်းခဲ့ပါ၊ ငါတို့ အိမ်ကို ပြန်ကြပါစို့'ဟု ဖြားယောင်း၍ ခေါ်သည်။ ဤတွင် မျောက်က 'သင်သည် ငါ့ကို ဝါးခြမ်းစိပ်ဖြင့် ရိုက်ခဲ့သည်၊ ထို့ကြောင့် ငါသည် ဤသရက်ဥယျာဉ်တွင်ပင် မွေ့လျော်ပါတော့မည်'ဟု ပြန်ပြောလိုက်ရာ အလမ္ဗာယ်ဆရာသည် စိတ်နှလုံး မချမ်းမသာဖြင့် ပြန်သွားရသည်။

ဇာတ်ပေါင်း။ ။ မျောက်-သာမဏေငယ်၊ အလမ္ဗာယ်ဆရာ-မထေရ်ကြီး၊
စပါးကုန်သည်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမိုက်သည် နောင်မှနောင်တရတတ်သည်။

---

## ၂၅၀။ ကပိဇာတ်

ဤဇာတ်သည် နောက်တွင် ပါရှိခဲ့ပြီးသော 'ကလျာဏဝဂ်မှ ဇာတ်အမှတ်(၁၇၃)မက္ကဋဇာတ်' နှင့် အားလုံးတူသည်။

### သိင်္ဂါလဝဂ် ပြီးပြီ။

### ဒုကနိပါတ် ဇာတ်တော် (၁၀၀) ပြီးပြီ။

---

http://www.dhammadownload.com

# တိကနိပါတ်

## ဝဂ်စုစုပေါင်း-၅

## ဇာတ်စုစုပေါင်း-၅၀

# ၁။ သက်ပွဝဂ်

## ၂၅၁။ သင်္ကပ္ပရာဂဇာတ်

### ထိလေသာတိုးကျွင့်ခံရသော ရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

လှပစွာဝတ်ဆင်ထားသော အမျိုးသမီး တစ်ယောက်ကိုမြင်၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗြာဟ္မဏ မဟာသာလမျိုး၌ ဖြစ်လျက် အရွယ်ရောက်သော် တက္ကသိုလ်ပြည်သို့သွား၍ ပညာသင်ပြီး ပြန်လာသည်။ ထို့နောက် အိမ်ထောင်ပြုကာ သားမယားများဖြင့် အတူနေစဉ် မိဘများ ကွယ်လွန်သွားကြ၍ ကျန်ခဲ့သော ပစ္စည်းများကို မြင်သော် 'ဥစ္စာပစ္စည်းတို့ကိုကား မြင်ရသေး၍ ဥစ္စာရှင်များကား မမြင်ကြရတော့'ဟု သံဝေဂဖြင့် သားမယားတို့ကို စွန့်ခဲ့ကာ ဟိမဝန္တာ၌ ရသေ့ဝတ်လျက် ဈာန်အဘိညာဉ်ရ ရသေ့တစ်ပါးအဖြစ် နေထိုင်နေသည်။

တစ်နေ့တွင် ချဉ်၊ ဆား မှီဝဲရန် မြို့ထဲသို့ ဆွမ်းခံဝင်စဉ် မင်းကတွေ့မြင်ပြီး ကြည်ညို၍ မင်းဥယျာဉ်၌ပင်နေရန် ပင့်ထားလျက် ပစ္စည်းလေးပါးတို့ဖြင့် လှူဒါန်းကာ ကိုးကွယ်ထားသည်။

ပစ္စန္တရစ်အရပ်တွင် ခိုးဆိုးမှုများကြောင့် မင်းကြီးသွား၍နှိမ်နင်းစဉ် ရသေ့ကို ကောင်းမွန်စွာ ပြုစုထားရန် မိဖုရားကြီးအား မှာထားခဲ့သည်။ ရသေ့ကြီး ကြွလာနေကျ

http://www.dhammadownload.com



အချိန်တွင် မရောက်သေး၍ မိဖုရားကြီးက ဝတ်စားပြင်ဆင်ဖီးလိမ်း၍ စောင့်နေရာ ရသေ့သက်န်းအသံ ကြား၍ ကမန်းကတန်း မိဖုရားကြီး စောင့်နေရာမှ ထလိုက်သော် နူးညံ့သော ဝတ်လဲတော်သည် လျှောကျသွားသဖြင့် တင့်တယ်လှပသော မိဖုရားကြီး၏ ဝိသဘာဂ အာရုံများကို မြင်ရာမှ ရသေ့သည် ကိလေသာစိတ်များ ဖြစ်ပေါ်လာသည်။

ထို့ကြောင့် ဈာန်များ ကွယ်ပျောက်ကုန်၍ ကျောင်းသို့ ခြေကျင်ပြန်ခဲ့ပြီး ဆွမ်းပင် မစားနိုင်တော့ဘဲ အိပ်ရာထဲ လဲနေသည်။ နယ်ခြားသူပုန်များကို အောင်ပွဲခံ၍ ပြန်လာခဲ့သော မင်းကြီးသည် အိပ်ရာပေါ်တွင် လဲလျောင်းနေသည့် ရသေ့ကို တွေ့လိုက်ရလျှင် 'အရှင်ဘုရား၊ အဘယ်ရောဂါများ ကျရောက်နေပါသနည်း'ဟု မေးလျှောက်သည်။ 'မြတ်သော မင်းကြီး၊ ငါ့ကို ထိုးမိခဲ့ပြီ'ဟု ရသေ့ကြီး ပြန်ကြားသော အဖြေစကားကြောင့် 'ငါ့ရန်သူများသည် ငါ့ကိုမနိုင်၍ ငါ့ဆရာ ရသေ့ကို လာရောက် ထိုးခုတ်ကြခြင်း ဖြစ်မည်'ဟု မင်းကြီးက တွေးတောကာ ရသေ့၏ ကိုယ်တွင် ဒဏ်ရာကို လိုက်ရှာရာ မတွေ့ရချေ။

ထိုအခါ ရသေ့ကြီးသည် ကိလေသာစိတ် ဝင်မိသည်ကို ချက်ချင်းသတိရကာ အိပ်နေရာမှ ထ၍ 'မြတ်သောမင်းကြီး၊ ငါ့အား တစ်ပါးသူတို့ လာရောက်၍ ထိုးသည် မဟုတ်၊ ငါသည်ပင်လျှင် ကိလေသာတည်း ဟူသော မြားဖြင့် ငါ့နှလုံးသားကို ထိုးမိခဲ့ခြင်း ဖြစ်သည်'ဟု ဆိုပြီး မင်းကြီးကို သခ်မ်းကျောင်းထဲမှ ထွက်နေစေသည်။ ထို့နောက် ရသေ့ကြီးသည် ကသိုဏ်း ပရိကံများကို အားထုတ်လိုက်ရာ ကွယ်ပျောက်နေခဲ့ပြီးသော ဈာန်တရားများ ပြန်လည်၍ ဖြစ်ပေါ်လာပြီး ကောင်းကင်ခရီးဖြင့် ဟိမဝန္တာသို့ ပြန်ကြွသွားလေသည်။

**ဇာတ်ပေါင်း။** ။ **ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အမှားသိလျှင်သိချင်း အမှန်ကိုပြင်စေရာ၏။**

---

# ၂၅၂။ တိလမုဋ္ဌိဇာတ်

## နှမ်းထစ်ဆုပ်တစ်ဆုပ် ယူစားသူ

**ပစ္စုပ္ပန်ဝတ္ထု**

အမျက်ထွက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် သားတော် ဗြဟ္မဒတ္တ မင်းသားသည် တက္ကသိုလ်မှ ဒိသာပါမောက္ခဆရာကြီးထံ လာရောက်၍ ပညာသင်သည်။ တစ်နေ့တွင် မင်းသားသည် ဆရာကြီးနှင့်အတူ ရေချိုးရန် လိုက်လာခဲ့ရာ အဖြူချွတ်၍ ဖြန့်လှန်းထားသော နှမ်းများကိုတွေ့လျှင် လက်တစ်ဆုပ်ခန့် ကောက်ယူစားသောက်သည်။ အနီးတွင် ထိုင်စောင့်နေသော အဘွားအိုက မည်သို့မျှ မဆိုဘဲ 'စားချင်လွန်း၍သာ ဖြစ်ပေလိမ့်မည်'ဟု နှလုံးသွင်းလိုက်သည်။ ဒုတိယနေ့၊ တတိယနေ့များတွင်လည်း ဤနည်းတူပင် နှမ်းတစ်ဆုပ်စီ ပါသွားပြန်လျှင် အဘွားအိုက သည်းမခံနိုင်တော့ဘဲ 'ဆရာကြီးသည် တပည့်များကို လုယက်ခိုင်းနေသည်'ဟု အော်ဟစ်၍ ငိုကြွေးသဖြင့် ဆရာကြီး သိသွားကာ အဘွားအိုအား 'တန်ဖိုးကို ပေးလျော်ပါမည်'ဟု ဆိုသည်။ အဘွားအိုက တန်ဖိုးကို ပေးလျော်ရန် မလိုကြောင်း၊ နောင်တွင် ဤသို့ မပြုအောင်သာ ဆုံးမပေးစေလိုကြောင်းဖြင့် ပြန်ကြားရာ ဆရာကြီးသည် အဘွားအိုရှေ့၌ပင် မင်းသားကို 'နောင်ကို ဤသို့ မပြုလင့်'ဟု ဆုံးမကာ ဝါးခြမ်းစိတ်ဖြင့် သုံးချက်ရိုက်သည်။

မင်းသားသည် ပညာစုံ၍ တိုင်းပြည်သို့ ပြန်ခါနီးတွင် 'အကျွန်ုပ် မင်းဖြစ်သောအခါ ဆရာကြီး ကြွလာတော်မူပါ'ဟု ဆရာကြီးအား ပန်ကြားခဲ့သည်။ ဗာရာဏသီ ပြန်ရောက်၍ မကြာမီ မင်းအဖြစ်သို့ ရောက်လျှင် ဆရာကြီးထံသို့လည်း အကြောင်းကြားသည်။ ဆရာကြီးက ဗာရာဏသီမင်းသစ်သည် ငယ်ရွယ်သေးသဖြင့် အသိဉာဏ် မရင့်သေးကြောင်း သိ၍ ရုတ်ချည်းမသွားသေးဘဲ ဒုတိယအရွယ်သို့ ရောက်ချိန်တွင်မှ လာခဲ့သည်။

ထိုအခါ မင်းသည် အမတ်များကိုခေါ်၍ 'အမတ်တို့၊ ငါ့အား ဆရာကြီး ရိုက်ခဲ့သော ဒဏ်ရာသည် ယနေ့တိုင် နာကျင်နေသေးသည်။ ဆရာသည် ယနေ့ သေမို့ ကံကြမ္မာပါ၍ ဤနန်းတော်သို့ လာခဲ့သည်'ဟု ပြောရာ ဆရာကြီးက 'မြတ်သောမင်းကြီး၊ ငယ်စဉ်က သင်မင်းကြီးကို အကျွန်ုပ်သည် မဆုံးမခဲ့လျှင် နောင်တွင် လမ်းသွားလမ်းလာများနှင့် ကျေးရွာများကို တစ်ဆင့်ပြီးတစ်ဆင့် လုယက်တိုက်ခိုက်လာနိုင်ပါသည်။ ထိုသို့ ဖြစ်လာလျှင် ပြစ်ဒဏ်အမျိုးမျိုး ခံရ၍ ယခုရရှိနေသော မင်းစည်းစိမ်ကိုလည်း ရလိမ့်မည် မဟုတ်ပါ၊ မင်းကြီး၏ လက်ရှိစည်းစိမ်သည် ကျွန်ုပ်ကြောင့် ရရှိခဲ့ခြင်း ဖြစ်ပါသည်'ဟု တင်လျှောက်လေသည်။ ထိုအခါ မင်းကြီးသည် ဆရာကြီးအပေါ်ထားသည့် ရန်ငြိုးများ ပြေပျောက်ပြီး အသိမှန်ရသွားကာ ဆရာကြီးအား ပုရောဟိတ်အရာ၌ထား၍ သက်ဆုံးတိုင် အဆုံးအမကို ခံယူသွားသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ မင်း-အမျက်ထွက်သောရဟန်း၊ ဆရာကြီး-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အသိပညာရင့်မှ ကျေးဇူးကိုသိတတ်သည်။

# ၂၅၃။ မဏိကဏ္ဍဇာတ်

## ပတ္တမြားတောင်းခံရ၍ မလာသော နဂါးမင်း

### ပစ္စုပ္ပန်ဝတ္ထု

အာဠဝီပြည်သား ရဟန်းများ၏ လုပ်ရပ်များကို ဒါယကာများက ကဲ့ရဲ့ကြသဖြင့် မြတ်စွာဘုရားက အာဠဝီပြည်သား ရဟန်းများအား စုဝေး၍ ကိုယ်တိုင်တောင်းယူသော သစ်၊ ဝါး စသည်ဖြင့် ကျောင်းဆောက်ခြင်းနှင့် သက်ဆိုင်သော ကုဋိကာရသိက္ခာပုဒ်ကို ပညတ်တော်မူ၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကြွေးရတတ် ပုဏ္ဏားမျိုး၌ ဖြစ်၍ ညီတစ်ယောက် ရှိလေသည်။ မိဘများ ကွယ်လွန်ပြီးချိန်၌ နှစ်ယောက်လုံး ရသေ့ပြုကာ နောင်တော်က ဂင်္ဂါမြစ်၏အညာ၌နေလျက် ညီတော်က ဂင်္ဂါမြစ်၏အကြေ၌ နေထိုင်သည်။

တစ်နေ့တွင် 'မဏိကဏ္ဍ' နဂါးမင်းသည် လူငယ်အသွင်ဖြင့် ဂင်္ဂါမြစ်ကမ်းခြေအတိုင်း လာခဲ့ရာ ညီတော်ရသေ့၏ ကျောင်းတော်သို့ ရောက်လာပြီး စကားစမည် ပြောဆိုရာမှ ချစ်ကြည်ရင်းနှီးမှုရ၍ မကြာခဏ လာရောက် လည်ပတ်၏။ နဂါးမင်းသည် ပြန်တော့မည်ဆိုလျှင် ရင်းနှီးကြောင်းပြသည့် အထိမ်းအမှတ်ဖြင့် လူငယ်၏ အသွင်ကို ဖျောက်၍ နဂါးမင်း ပကတိသဏ္ဌာန်ဖြင့် ရသေ့ကို ရစ်ပတ်ကာ ခေါင်းပေါ်မှ ပါးပြင်းဖြင့် ဆောင်းမိုး၍ ခဏမျှနေခဲ့ပြီးမှ ပြန်သွားတတ်သည်ကို မခံရဲဘဲ ကြောက်စိတ်ဖြင့် ရသေ့သည် အအိပ်အစား ပျက်ခဲ့ရသဖြင့် ပိန်ချုံးလာသည်။

ထိုအကြောင်းကို နောင်တော် ရသေ့အား ပြောပြရာ နောင်တော်က နဂါးမင်း ဝတ်ဆင်လာသော ပတ္တမြား ရတနာကို တောင်းရန် အကြံပေးသည်။ နဂါးမင်း ရောက်လာ၍ ရသေ့ရှေ့၌ ရပ်မိလျှင် ပတ္တမြားကိုတောင်းရာ နဂါးမင်းသည် ထိုင်ပင်

http://www.dhammadownload.com



မထိုင်တော့ဘဲ တစ်ရှိန်ထိုး ပြန်ပြေးသည်။ ဒုတိယနေ့ တတိယနေ့တို့၌လည်း ထပ်မံ၍ တောင်းသည်။ နဂါးမင်းသည် ထိုအခါမှစ၍ ရသေ့ထံသို့ မလာတော့ချေ။

ဇာတ်ပေါင်း။ ။ ညီတော်ရသေ့-အရှင်အာနန္ဒာ၊ နောင်တော်ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တောင်းလွန်းလျှင် မုန်းရတတ်သည်။

---

# ၂၅၄။ ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ်

## ဆင်းရဲမှလွတ်သော အဘွားအို

### ပစ္စုပ္ပန်ဝတ္ထု

စာရေးတံအလှူပွဲ၌ သူဆင်းရဲ အဘွားအို၏ စာရေးတံအလှူကို လက်ခံကာ အဘွားအိုအား ဆင်းရဲဒုက္ခမှ လွတ်စေခဲ့သော အရှင်သာရိပုတ္တရာ မထေရ်ကြီးအား အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် 'ဥတ္တရာ ပထတိုင်း'တွင် မြင်းကုန်သည် ဖြစ်နေသည်။ နိဂုံးရွာကြီး တစ်ရွာရှိ အဘွားအို တစ်ဦး၏ အိမ်ကား မြင်းကုန်သည်များ တည်းခိုရာ နေရာ ဖြစ်သည်။ ဗာရာဏသီမြို့သို့ သွားမည့် မြင်းကုန်သည် တစ်ယောက်သည် မြင်းငါးရာတို့နှင့်အတူ လာရောက် တည်းခိုသည်။ သူ့တွင် ပါလာခဲ့သည့် မြင်းများထဲမှ အာဇာနည် မြင်းမတစ်စီးသည် ထိုအိမ်တွင် သားဖွား သဖြင့် မြင်းကုန်သည်လည်း ဖွားပြီးစ မြင်းငယ်ကို တည်းခိုခအဖြစ်ပေးလျက် သုံးရက်တိုင် နားခိုနေခဲ့ပြီးမှ ဗာရာဏသီသို့ ခရီးဆက်သွားသည်။ အဘွားအိုသည် မြင်းငယ်အား ဆန်ကွဲ၊ ထမင်းကျိုး၊ မြက်တို့ဖြင့် ယာဂုကျို၍ ကျွေးမွေးကာ သားငယ်အလား မွေးမြူသည်။ရက် အတန်ကြာသော် ဘုရားလောင်း မြင်းကုန်သည်လည်း ထိုအိမ်သို့ရောက်လာပြီး မြင်းငယ်ကို အသပြာခြောက်ထောင်ပေး၍ ဝယ်ယူသွားသည်။ ဘုရားလောင်း မြင်းကုန်သည်သည် ဗာရာဏသီမင်း၏ နန်းရင်ပြင်သို့ ရောက်သောအခါ မြင်းများကို သီးခြားစီ ခွဲထားသည်။ မင်းသည် ခွဲထားသော ထိုမြင်းကို တွေ့ရသဖြင့် အဘယ်ကြောင့် ခွဲထားရကြောင်းကို မေးသည်။ ကုန်သည်က သိန္ဓောမြင်း ဖြစ်၍ ခွဲထားကြောင်း လျှောက်ထားသည်။

http://www.dhammadownload.com



ထို့နောက် မြင်းပေါ်တက်စီး၍ မောင်းနှင်ပြသည်။ အလွန်လျင်မြန်သည်ကို တွေ့ရသည်။ တစ်ဖန် မြင်းငယ်ကို စီးသူမဲ့ လွှတ်လိုက်ပြန်ရာ မြင်းကိုပင် မတွေ့ကြရဘဲ မြင်း၏ ကိုယ်ထည်သည် လုံးဝပျောက်သွားသည်။ မင်းသည် မြင်း၏ လျင်မြန်မှုကို သဘောကျလွန်း၍ မြင်းကုန်သည်အား ပြည်ကို တစ်ဝက်ခွဲ၍ ပေးသည်။ သိန္ဓောမြင်းငယ်ကိုလည်း ဘိသိက်သွန်း၍ မင်္ဂလာမြင်း ပြုလေသည်။

ဇာတ်ပေါင်း။ ။ ယခင်ကအဘွားအို-ယခုအဘွားအို၊
သိန္ဓောမြင်း-အရှင်သာရိပုတ္တရာ၊
ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊ မြင်းကုန်သည်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ စေတနာကောင်းထားလျှင် အကျိုးကောင်းခံစားရသည်။

---

## ၂၅၅။ သုကဇာတ်

### အစားလွန်သော ကျေးသား

**ပစ္စုပ္ပန်ဝတ္ထု**

မဆင်မခြင် စားသောက်၍ အစာမကြေဖြစ်ကာ သေဆုံးရသော ရဟန်းတစ်ပါးကို အကြောင်းပြုပြီး ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ကျေးမင်းဖြစ်နေသည်။ သူ့တွင် သား ကျေးပျိုတစ်ကောင်ရှိရာ ခွန်အားနှင့် ပြည့်စုံလာချိန်တွင် မျက်စိအားမကောင်းသော မိဘများကို ရှာဖွေကျွေးမွေးသည်။ တစ်နေ့သောအခါ သားကျေးပျိုသည် သမုဒ္ဒရာအလယ်ရှိ ကျွန်းငယ်တစ်ခုဆီသို့ ပျံသွားကာ ကျွန်းပေါ်တွင် တွေ့ရသော သရက်တောမှ သရက်သီးများကို စားသည်။ အပြန်တွင် မိဘများအတွက်လည်း ယူလာ၍ ကျွေးမွေးရာ ကျေးမင်းသည် သရက်သီးကို စားမိလျှင် အရသာကို မှတ်မိ၍ ထိုကျွန်းငယ်သို့ သွားသော ကျေးများသည် ကြာရှည် အသက်မရှည်တတ်၍ နောင်မသွားရန် ဆုံးမသည်။ သားဖြစ်သူက နာယူခြင်းမရှိဘဲ သွားမြဲသွားသည်။

တစ်နေ့တွင် ထိုကျေးပျိုသည် သရက်သီးများကို များစွာ စားသောက်မိ၍ မိဘများအတွက်လည်း သရက်သီးမှည့်များကို ဆောင်ယူလျက် သမုဒ္ဒရာပေါ်မှ ပျံခဲ

http://www.dhammadownload.com



လာခဲ့ရာ အစားများ၍ လေးလံထိုင်းမှိုင်းနေသဖြင့် ပျံလာရင်းက ငိုက်မျဉ်းလာသည်။ ထို့နောက် သရက်သီးသည် နွတ်သီးဖုများမှ လွတ်ကျသွားသည်။ သူသည်လည်း ဆက်လက် မပျံနိုင်တော့ဘဲ အောက်သို့ကျကာ ရေတွင်နစ်၍ သေရလေသည်။

**ဇာတ်ပေါင်း။ ။ ကျေးမင်း၏သား-စားပွဲနင့်၍သေသောရဟန်း၊ ကျေးမင်း-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ မဆင်မခြင်စားလျှင် သေတတ်သည်။**

---

# ၂၅၆။ ဇရူဒပါနဇာတ်

## ရေတွင်း ရတနာတွေ့သူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိပြည်သား ကုန်သည်များသည် ကုန်ရောင်းထွက်ခါနီးတွင် မြတ်စွာ ဘုရားကို ပင့်၍ သီလဆောက်တည်ကြပြီး ကုန်ရောင်းထွက်သွားကြသည်။ သူတို့သည် လမ်းခရီးတစ်ဝက် အရောက်တွင် ရေဆာ၍ ရေရှာရာ ရေတွင်းပျက်တစ်ခု တွေ့သဖြင့် ရေ ရလိုရငြား တူးဖော်ကြသည်။ သူတို့ မျှော်လင့်ထားသည့် ရေထွက်မလာသော်လည်း မည်သို့မျှ မျှော်လင့်မထားသည့် သလွဲစင်, သလွဲဖျပ်, ကြေးပုပ်, ကြေးနီနှင့် ကြောင်မျက်ရွဲများသည်သာ တစ်လွှာပြီး တစ်လွှာ ပေါ်လာသည်။ သူတို့သည် ထိုရတနာများကို လှည်းများတွင် အပြည့်တင်၍ သာဝတ္ထိမြို့တွင်ပြန်ခဲ့ကြကာ မြတ်စွာဘုရားအား ဆွမ်းကျွေး လှူဒါန်းသည်။ ထိုအကြောင်းနှင့် ဆက်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့၌ လှည်းကုန်သည်မှူး ဖြစ်နေသည်။ တစ်နေ့တွင် လှည်းများ၌ ကုန်အပြည့် တင်ဆောင်၍ အခြားကုန်သည်များနှင့်အတူ ဗာရာဏသီမှ ထွက်လာသည်။ ကန္တာရသို့ ရောက်လာသော အခါ ရေဆာကြသဖြင့် ရေတွင်းပျက်တစ်ခုကို တူးဖော်ကြသည့်အခါ ရတနာမျိုးစုံတို့သည် တစ်ထပ်ပြီးတစ်ထပ် ပေါ်ထွက်လာသည်ကို ရောင့်ရဲခြင်းမရှိကြဘဲ အောက်တွင် ပိုမို ကောင်းမွန်သော ရတနာများ ရှိလိမ့်မည်ဆိုသည့် မျှော်လင့်ချက်ဖြင့် ဆက်၍တူးကြသည်။ ဘုရားလောင်းကုန်သည်က ကျေနပ်သင့်ပြီ ဖြစ်ကြောင်း ပြောသော်လည်း မနာယူကြချေ။

ထိုရေတွင်းကား နဂါးမင်းစောင့်သော ရေတွင်းဖြစ်ရာ ကုန်သည်များ တူးဖန် များလာသောအခါ နဂါးမင်း၏ ဗိမာန်သည် ပျက်စီးသွားသည်။ နဂါးမင်းသည် အမျက်

http://www.dhammadownload.com



ပြင်းစွာ ထွက်ကာ ဘုရားလောင်းမှတစ်ပါး ကျန်လူအားလုံးကို နှာခေါင်းလေဖြင့် မှုတ်၍ သတ်လိုက်သည်။ ထို့နောက် နဂါးမင်းသည် နဂါးဘုံမှ ထွက်လာပြီးလျှင် နဂါးငယ်များအား လှည်းများပေါ်သို့ ရတနာများကို အပြည့်တင်စေသည်။ ဘုရားလောင်းအားလည်း သီးခြားယာဉ်ငယ်တစ်ခုပေါ်၌ စီးစေ၍ လှည်းများကို ဗာရာဏသီသို့ အရောက် မောင်းပို့ပေးစေလေသည်။

**ဇာတ်ပေါင်း။ ။ နဂါးမင်း-အရှင်သာရိပုတ္တရာ၊ လှည်းကုန်သည်မှူး-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ ရသမျှနှင့်မရောင့်ရဲလျှင် ဘေးတွေ့တတ်သည်။**

---

# ၂၅၇။ ဂါမဏိစန္ဒဇာတ်

## တရားခံဂါမဏိစန္ဒ

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ ပညာပါရမီပြည့်တော်မူခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဇနသန္ဓမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အာဒါသမုခ ဟူသော အမည်ဖြင့် မင်း၏သားတော် ဖြစ်နေသည်။ မင်းသားခုနစ်နှစ် အရွယ်၌ ခမည်းတော် နတ်ရွာစံလေရာ အမတ်များသည် ငယ်လွန်းသေးသော မင်းသားအား ရုတ်တရက် မင်းမမြှောက်ဝံ့ကြသေးဘဲ ကိုးစား ယုံကြည်လောက်သော ဉာဏ်ပညာနှင့် ပြည့်စုံသူ ဖြစ်ကြောင်း သိမှ မင်းအဖြစ် တင်မြှောက်ကြသည်။

(က) 'ဂါမဏိစန္ဒ' မည်သော အမတ်ကြီးသည် ခမည်းတော် နတ်ရွာလားပြီးချိန်တွင် ငယ်ရွယ်သော မင်းထံ မခစားလိုသဖြင့် နန်းတော်ထဲမှ ထွက်ကာ မြို့မှ သုံးယူဇနာကွာဝေးသည့် ရွာငယ်တစ်ရွာတွင် လယ်ယာလုပ်ကိုင်စားသောက်နေသည်။ တစ်နေ့တွင် ငှားရမ်းထွန်ယက်သော နွားတစ်ရှဉ်းကို ပိုင်ရှင်ထံ ပြန်ပို့ရာ အိမ်ရှေ့သို့ ရောက်သည်နှင့် နွားများသည် ခြံထဲသို့ အလိုအလျောက် ဝင်သွားကြသည်။ ဂါမဏိစန္ဒလည်း နွားရှင်များ မြင်ပြီးဖြစ်သည်ဟု သဘောထားကာ ပိုင်ရှင်အား တစ်စုံတစ်ရာ မပြောဘဲ အိမ်ရှေ့မှပင်

http://www.dhammadownload.com



ပြန်လာခဲ့သည်။ ညအချိန်၌ ထိုနွားတစ်ရှဉ်းကို လူဝင်ခိုးသွား၍ ပိုင်ရှင်သည် ဂါမဏိစန္ဒအား အလျော်တောင်းရာ မပေးနိုင်ကြောင်း ငြင်းဆိုသဖြင့် မင်းထံ ခေါ်လာခဲ့သည်။

(ခ) လမ်းတစ်ဝက်သို့ ရောက်သောအခါ ဂါမဏိစန္ဒသည် ထမင်းဆာ၍ အသိမိတ်ဆွေ တစ်ဦးအိမ်သို့ ဝင်လျှင် မိတ်ဆွေ၏ ဇနီးသည် ဆန်ယူရန် ကျီပေါ်သို့ တက်ရာ လိမ့်ကျသဖြင့် ခုနစ်လရှိသော ကိုယ်ဝန်ပျက်သွားလေသည်။ ခင်ပွန်းသည်က မကျေနပ်၍ ဂါမဏိစန္ဒအား မင်းထံသို့ ခေါ်ခဲ့ပြန်သည်။

(ဂ) ဂါမဏိစန္ဒကို တရားလိုနှစ်ယောက် ပူးညှပ်၍ ခေါ်လာခဲ့ရာ ရွာတစ်ရွာ အနီးသို့ အရောက်၌ မြင်းထိန်းတစ်ယောက်၏ မြင်းသည် ထိန်းမရဖြစ်ကာ ဂါမဏိစန္ဒ ရှိရာဘက်သို့ ပြေးလာသည်။ မြင်းထိန်းက တစ်ခုခုနှင့် ပစ်ပေါက်လွှတ်လိုက်ရန် အော် ပြောသဖြင့် ခဲနှင့် ပစ်ပေါက်လိုက်ရာ မြင်းခြေထောက် ကျိုးသွားရသည်။ မြင်းထိန်းက မကျေနပ်၍ မင်းထံ ခေါ်ပြန်သည်။

(ဃ) ဂါမဏိစန္ဒသည် တစ်စုံတစ်ရာမျှ ပေးလျော်နိုင်ခြင်း မရှိသည့်အတူတူ သတ်သေခြင်းက ကောင်းသည်ဟု နှလုံးသွင်းလျက် တောင်ကမ်းပါးပြတ် တစ်ခုသို့ အရောက် ခုန်ချလိုက်ရာ တောင်အောက်ခြေတွင် ဖျာရက်နေသည့် သားအဖနှစ်ယောက် အနက် အဖ၏ ကျောကုန်းပေါ်ကျ၍ အဖ ပွဲချင်းပြီး သေသွားသည်။ ဂါမဏိမှာ အသက် မသေသော်လည်း အဖကို သတ်မှုဖြင့် မင်းထံသို့ ခေါ်ခြင်းခံရပြန်သည်။

(၁) တရားခံ ဂါမဏိစန္ဒနှင့် တရားလိုတို့သည် ရွာတစ်ရွာ၏ အနီးသို့ ရောက်ကြရာ ရွာစားဖြစ်သူက 'အချင်း ဂါမဏိစန္ဒ၊ ကျွန်ုပ်သည် ဟိုယခင်က အဆင်း၊ ဥစ္စာ၊ အခြံအရံများနှင့် ပြည့်စုံခဲ့သည်။ ယခု အားလုံးဆုတ်ယုတ် နေသည်။ ဤသို့ ဖြစ်ရခြင်း၏ အကြောင်းရင်းကို မင်းအား မေးလျှောက် ခဲ့ပါ'ဟု အမှာ ပါးလိုက်သည်။

(၂) ပြည့်တန်ဆာမတစ်ဦးက သူ့ထံသို့ ဧည့်သည်များ မလာကြတော့ခြင်း၏ အကြောင်းကို လည်းကောင်း၊

(၃) အမျိုးသမီးတစ်ဦးက လင့်အိမ်တွင်လည်း မပျော်၊ မိဘအိမ်တွင်လည်း မနေတတ်ရခြင်း၏အကြောင်းကို လည်းကောင်း၊

(၄) မြွေတစ်ကောင်က အစာရှာရန် တွင်းမှထွက်ချိန်၌ သူ့ကိုယ်သည် တွင်းတွင် ကျပ်နေ၍ အစာစားပြီးနောက် ဝလင်စွာဖြင့် ပြန်ဝင်သောအခါ တွင်းဝ ချောင်နေရခြင်း၏အကြောင်းကို လည်းကောင်း၊

http://www.dhammadownload.com



(၅) သမင့်တစ်ကောင်က အခြားအရပ်မှ မြက်များကို မစားနိုင်ဘဲ သစ်ပင်တစ်ပင်ရင်းမှမြက်များကိုသာ စားနိုင်ရခြင်း၏အကြောင်းကို လည်းကောင်း၊

(၆) ဓါတ်တစ်ကောင်က တောင်ပို့တစ်ခု၏ ခြေရင်း၌သာ သာယာစွာ တွန်ကျူးနိုင်၍ အခြားနေရာများတွင် မတွန်ကျူးနိုင်ရခြင်း၏ အကြောင်းကို လည်းကောင်း၊

(၇) ရက္ခစိုးနတ်တစ်ပါးက ရှေးအခါက ပူဇော်သက္ကာရများ ရှိခဲ့သော်လည်း ယခု ပန်းတစ်ဆုပ်မျှပင်မရခြင်း၏အကြောင်းကို လည်းကောင်း၊

(၈) နဂါးမင်းက ယခင်က သူ့ရေကန်သည် ရေများကြည်လင်၍ ယခု နောက်နေရခြင်း၏အကြောင်းကို လည်းကောင်း၊

(၉) ရသေ့များက ရှေးအခါက ဤအရပ်မှ သစ်သီးများသည် ချိုမြိန်ကြသော်လည်း ယခုအခါ ဩဇာမဲ့နေရခြင်း၏ အကြောင်းကို လည်းကောင်း၊

(၁၀) ပုဏ္ဏားလူငယ်တို့က သူတို့သည် သင်ယူပြီးသော ဗေဒင်ပညာများကို ယခင်က မေ့ပျောက်ခြင်း မရှိခဲ့၊ ယခု လုံးဝမမှတ်မိနိုင်ဖြစ်နေကြရခြင်း၏ အကြောင်းကို လည်းကောင်း မင်းအား မေးလာခဲ့ရန် အသီးသီး အမှာပါးလိုက်ကြသည်။

မင်းကြီး ရှေ့မှောက်သို့ ရောက်သွားသောအခါ ဂါမဏိစန္ဒကို ကောင်းစွာ မှတ်မိသောကြောင့် ဝမ်းမြောက်ဝမ်းသာ နှုတ်ခွန်းဆက်၍ ရက်လ ရှည်လျားစွာ ပျောက်နေခဲ့ရသည့်အကြောင်းကို မေးသည်။ ဂါမဏိစန္ဒက သူ့ဘဝမှန်ကို တစ်စမကျန် လျှောက်ထားပြီးနောက် တရားလိုများက အသီးသီး တရားစွဲဆို ကြလေသည်။

(က) မင်းသည် အမှုသွား အမှုလာကို နာကြားပြီးနောက် 'နွားပိုင်ရှင်သည် နွားခြံတွင်းသို့ ဝင်လာသည်ကို မြင်ခဲ့ပါလျက် မမြင်ဟု ငြင်းကွယ်သောကြောင့် မျက်လုံးအစုံကို အချင်းစန္ဒကပင် မင်းမှုထမ်း ပြုလုပ်၍ ဖောက်ထုတ်စေ၊ နွားဖိုးငွေ နှစ်ဆယ့်လေးအသပြာလည်း ပေးလျော်စေ' ဟု ဆုံးဖြတ်ရာ နွားပိုင်ရှင်သည် သူ့မျက်လုံးများကို ဖောက်မထုတ်ပါရန် ဂါမဏိစန္ဒအား တောင်းပန်ရလေသည်။ ပါလာသည့် ငွေများကို ပေး၍ ထွက်ပြေးခဲ့လေသည်။

(ခ) ထို့နောက် ကိုယ်ဝန်ပျက်ကျသူ အမျိုးသမီး၏ ယောကျ်ားက စွဲဆိုသော အမှုကို ကြားနာသည်။ ကိုယ်ဝန်ပျက်ကျသည်မှာ ဂါမဏိစန္ဒ၏ ရိုက်ပုတ်မှုကြောင့် မဟုတ်ကြောင်း တရားလိုက ဝန်ခံပြီး သားကို ပြန်ရလိုကြောင်း လျှောက်သောကြောင့် 'သင့်မယားကို ဂါမဏိစန္ဒအိမ်တွင် သားတစ်ယောက် ရသည်အထိ ထားစေ၊ သား ရပြီးခါမှ

http://www.dhammadownload.com



ပြန်ခေါ်စေ'ဟု အမိန့်ချမှတ်လိုက်ရာ ဂါမဏိစန္ဒ၏ ခြေထောက်ကို ဖက်၍ သူ့အိမ်ရာကို မဖျက်ဆီးပါရန်နှင့် ပါလာသည့်ငွေများကို ပေး၍ တောင်းပန်ရပြန်သည်။

(ဂ) တစ်ဖန် မြင်းထိန်း၏ စွဲဆိုချက်ကို ကြားနာပြီးနောက် 'မြင်းထိန်းသည် ဂါမဏိစန္ဒအား ပြန်လည်မောင်းနှင်လိုက်ရန် ပြောဆိုခြင်း ရှိမရှိမေးရာ ပထမတွင် ငြင်းကွယ်၍ နောက်မှ ပြောဆိုကြောင်း ဝန်ခံသောကြောင့် မုသားပြောသော မြင်းထိန်း၏ လျှာကို ဂါမဏိစန္ဒ ကိုယ်တိုင်လှီးဖြတ်၍ တန်ဖိုးငွေ တစ်ထောင်ကို ငါ့ဘဏ္ဍာတိုက်မှ ထုတ်ယူပြီး ပေးလျော်စေ'ဟု ဆုံးဖြတ်လိုက်သည်။ မြင်းထိန်းလည်း သူ့လျှာကို မဖြတ်ပါရန်နှင့် ပါလာသော ငွေများကို ပေးပြီး တောင်းပန်ရပြန်သည်။

(ဃ) အဖ သေခဲ့ရသော ဖျာရက်သမား၏ စွဲဆိုချက်ကို ကြားနာပြီးသောအခါ 'အဖ သေဆုံးရမှုအတွက် မည်သို့ ပြုလိုသနည်း'ဟု မေးရာ အဖစား ပြန်ရသင့်ကြောင်း လျှောက်သော် 'အချင်း ဂါမဏိစန္ဒ၊ သင်သည် သူ့အမိကို ယူ၍ သူ့အဖပြုလော့'ဟု ဆုံးဖြတ်ချက်ချလိုက်သည်။ ဤတွင် ဖျာရက်သမားသည် သေခဲ့ပြီးသော သူ့အဖေ၏ အိမ်ရာကို မဖျက်ဆီးပါရန်နှင့် ပါလာသော ငွေများဖြင့် တောင်းပန်ပြန်သည်။

ဂါမဏိစန္ဒသည် ဤတရားများတွင် အနိုင်ရရှိပြီးခါမှ သယ်ဆောင်လာသည့် ပြဿနာများကို တစ်ခုစီ လျှောက်တင်သည့်အခါ...

၁။ ရွာစားသည် ယခင်က အမှုများကို မှန်ကန်စွာ ဆုံးဖြတ်ခဲ့သဖြင့် လူများက ချစ်မြတ်နိုးကြ၍ လာဘ်လက်ဆောင် ပေးခဲ့ကြသောကြောင့် အဆင်းဥစ္စာ အခြံအရံ စသည်တို့နှင့် ပြည့်စုံခဲ့သည်။ ယခုကား တံစိုးစား၍ မတရား ဆုံးဖြတ်သောကြောင့် ဆင်းရဲမွဲတေ အထီးကျန်နေရခြင်း ဖြစ်သည်။

၂။ ပြည့်တန်ဆာမသည် ယခင်က တစ်ဦးထံမှ ယူခဲ့သော အဖိုးအခများ မကျေမီ နောက်တစ်ဦးထံမှ အဖိုးအခကို လက်မခံခဲ့သောကြောင့် ဝင်ငွေများခဲ့သည်။ ယခုမူကား တစ်ဦး၏ အဖိုးအခများ မကျေမီ နောက်တစ်ဦးထံမှ အခကြေးငွေကို လက်ခံယူနေသောကြောင့် ဧည့်သည်များ မလာကြခြင်း ဖြစ်သည်။

၃။ အမျိုးသမီးသည် မိဘရွာနှင့် လင်၏ရွာအကြား ရွာငယ်တစ်ရွာ၌ လင်ငယ်ရှိနေသောကြောင့် လင့်အိမ်တွင်လည်းမပျော်၊ မိဘအိမ်တွင်လည်းမနေတတ် ရှိနေရခြင်း ဖြစ်သည်။

၄။ တောင်ပို့အောက်တွင် ရွှေအိုးကြီးရှိရာ ယင်းကို စောင့်နေသော မြွေသည် ထွက်ချိန်၌ လောဘအဓောဖြင့် လောဂျိထွက်သည်။ ပြန်ဝင်သောအခါ ဥစ္စာ၌ ချစ်သောကြောင့် အထိအခိုက်မရှိဘဲ လျင်မြန်စွာ ဝင်နိုင်ခြင်းဖြစ်သည်။

http://www.dhammadownload.com



၅။ သမင်သည် ထိုသစ်ပင်ပေါ်တွင် ပျားအုံကြီးရှိနေ၍ ပျားလူးမြက်များကို တပ်မက် နေသောကြောင့် တခြားနေရာမှ မြက်များကို မစားနိုင်ခြင်း ဖြစ်သည်။

၆။ ခါသည် တောင်ခြေရင်းအောက်၌ များစွာသော ဥစ္စာများရှိနေ၍ အခြားနေရာများ တွင် မတွန်ကျူးနိုင်ခြင်း ဖြစ်သည်။

၇။ ရုက္ခစိုးနတ်သည် ယခင်က တောတွင်းသွားသူများအား စောင့်ရှောက်မှု ပေးနဲ့၍ ပူဇော်သက္ကာရပြုသူများခဲ့သည်။ ယခု စောင့်ရှောက်မှု ကင်းမဲ့သောကြောင့် ပူဇော်သက္ကာရပြုသူမရှိခြင်း ဖြစ်သည်။

၈။ နဂါးမင်းသည် အချင်းချင်း ခိုက်ရန် ဖြစ်နေသောကြောင့် ကန်ရေနောက်ခြင်း ဖြစ်သည်။

၉။ ရသေ့များသည် ရှေးအခါက ရသေ့တရားများနှင့်အညီကျင့်ခဲ့ကြ၍ သစ်သီးများ ချိုမြိန်ခဲ့ကြသည်။ ယခုမူတား တရားလက်လွှတ်၍ မိစ္ဆာဇီဝမှုဖြင့် အသက်မွေးနေကြသောကြောင့် အရပ်ထဲမှ သစ်သီးကြီးငယ်များ ဩဇာပျက်သွားရခြင်း ဖြစ်သည်။

၁၀။ ပုဏ္ဏားလူငယ်များတွင် ယခင်က အချိန်မှန်တွန်သော ကြက်ရှိခဲ့၍ ဗေဒင်ပညာများကို လေ့လာနိုင်ခဲ့ကြသည်။ ယခုလက်ရှိ ကြက်သည် အချိန်မှန် မတွန်သောကြောင့် ရွတ်အံ သရဇ္ဈာယ်မှုများ ပျက်ကွက်ကြရသည်။ ထို့ကြောင့် ပညာရပ်များကို မေ့လျော့ကြရခြင်း ဖြစ်သည်ဟု ပြဿနာများကို အသီးသီးဖြေဆိုပြီးနောက် မင်းကြီးသည် ဂါမဏိစန္ဒအား များစွာသော ဥစ္စာများကို ပေး၍ နေရင်းရွာသို့ ပြန်ခွင့်ပေးကာ သူနေသော ရွာကိုလည်း အပိုင်စားပေးလိုက်သည်။

ဂါမဏိစန္ဒလည်း ပြဿနာမေးသူ ဆယ်ဦးအား မင်း၏ အဖြေများကို ဖြေကြားပြီး အခြံအရံများစွာဖြင့် ရွာသို့ ပြန်၍နေတော့သည်။

ဇာတ်ပေါင်း။ ။ ဂါမဏိစန္ဒ-အရှင်အာနန္ဒာ၊ အာဒါသမုခမင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ပြဿနာတိုင်းအတွက် အဖြေရှိသည်သာ။

http://www.dhammadownload.com



# ၂၅၈။ မန္ဓာတုဇာတ်

## စည်းစိမ်ခံစား၍ အားမရသူ

**ပစ္စုပ္ပန်ဝတ္ထု**

လှပစွာ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ယောက်ကို တပ်မက်မိ၍ သာသနာ တော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကမ္ဘာဦးမင်းဖြစ်သော 'မဟာသမ္မတ' မင်းမှစ၍ရေတွက်လျှင် ခုနစ်ဆက်မြောက်၌ 'မန္ဓာတု' မည်သော စကြာမင်းတစ်ပါး ပေါ်ထွန်းခဲ့သည်။ ကလေးဘဝ၊ အိမ်ရှေ့စံဘဝ၊ စကြဝတေးမင်း အဖြစ်တို့၌ နှစ်ပေါင်းရှစ်သောင်းလေးထောင်စီ နေထိုင်လာခဲ့ပြီး ဖြစ်သော်လည်း သက်တမ်းကား မကုန်ဆုံးသေး။ အသင်္ချေယျ သက်တမ်းခေတ် ဖြစ်သော ကြောင့် သူသည် နှစ်ရှည်လများ ခံစားလာခဲ့ရသော ကာမစည်းစိမ်များအပေါ် ငြီးငွေ့ ရိုးအီလာသဖြင့် ဤဒွာနထက် မွေ့လျော်ဖွယ်ရာ ကောင်းသော စတုမဟာရာဇ်ဘုံတွင် နှစ်ပေါင်းမြောက်မြားစွာ နတ်မင်းစည်းစိမ်ကို ခံစားသည်။

သို့တိုင် လက်ရှိကာမတဏှာအပေါ်တွင် ရောင့်ရဲနိုင်ခြင်းမရှိသဖြင့် စကြာရတနာ ဖြင့် တာဝတိံသာသို့ တက်လာသည်။ သိကြားမင်းသည် သူ့အား ခရီးဦးကြိုပြုကာ တာဝတိံ သာ နတ်ပြည်ကို ထက်ဝက်ခွဲ၍ မင်းပြုအုပ်ချုပ်ရန် လွှဲအပ်ပေးလိုက်သည်။ ယင်းအချိန်၌ သားကြီးရတနာသည် စကြာရတနာကိုယူ၍ လူ့ပြည်သို့ ပြန်လာခဲ့လေသည်။ မန္ဓာတုမင်း သည် နှစ်ပေါင်း သုံးကုဋေခြောက်သန်းစီ ရှည်လျားသော သိကြားမင်းပေါင်း သုံးဆယ့် ခြောက်ယောက် လွန်သွားသည်အထိ နတ်မင်းပြုလာသည်။

သူသည် တာဝတိံသာကို တစ်ဝက်အုပ်စိုးနေရသော်လည်း အားရတင်းတိမ်ခြင်း မရှိနိုင်ဘဲ လက်ရှိသိကြားမင်းကို လုပ်ကြံ၍ တာဝတိံသာ၌ တစ်ဦးတည်း ဧကရာဇ်မင်းပြုရန် ကြံရွယ်လာသည်။ သို့ရာတွင် သိကြားမင်းကို လုပ်ကြံရန်ကား မစွမ်းဆောင်နိုင်ဘဲ မိမိ သည်သာ နတ်ပြည်မှ လျှောကျ၍ ဥယျာဉ်တော်ထဲသို့ ရောက်လာသည်။ ဥယျာဉ်တွင် ခင်းပေးထားသော နေရာပေါ်၌ မထသော အိပ်ခြင်းဖြင့် အိပ်ကာ ကံကုန်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ မန္ဓာတုမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကာမဂုဏ်ဟူသည် ခံစားလေမဝနိုင်လေဖြစ်သည်။

http://www.dhammadownload.com



# ၂၅၉။ တိရိဋ္ဌဝစ္ဆဇာတ်

## ရေတွင်းထဲ ရေဆင်းသောက်သူ မင်း

**ပစ္စုပ္ပန်ဝတ္ထု၊**

ဒုကနိပါတ်ဂုဏဇာတ်မှာကဲ့သို့ အရှင်အာနန္ဒာက ကျေးဇူးများသော တပည့်အား သင်္ကန်းစ တစ်ထောင်ပေးခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်းတွင် 'တိရိဋ္ဌဝစ္ဆ' ဟူသော အမည်ဖြင့် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ မိဘများ ကွယ်လွန်ချိန်၌ ရသေ့ပြုကာ တောထွက်လာသည်။ တစ်နေ့တွင် ဗာရာဏသီမင်းသည် စစ်ရှုံးသဖြင့် ထိုရသေ့ကျောင်းသို့ ရောက်လာကာ ရေသောက်လို၍ သောက်ရေအိုးလိုက်ရှာရာ မတွေ့သောကြောင့် ရေတွင်းဆီသို့ လာခဲ့သည်။ ရေတွင်းမှာလည်း ရေငင်စရာ ရှာမတွေ့သဖြင့် ဆင်ဝမ်းပတ်ကြိုးကို အပေါ်ရုံပုဆိုးဖြင့် ဆက်၍ ဆင်ခြေထောက်တွင် ချည်ကာ ရေတွင်းထဲသို့ ချလိုက်သည်။ မင်းသည် ကြိုးကို နိုတွဲ၍ ရေတွင်းထဲသို့ ဆင်းရာ ပြန်တက်၍ မရဘဲ ဖြစ်နေသည်။

ရသေ့ကြီးက ပြန်တက်လာရန် လှေကားချပေးလိုက်မှ တက်လာနိုင်ခဲ့သည်။ ရသေ့သည် မင်းကို ကျွေးမွေးပြုစုခဲ့သဖြင့် ကျေးဇူးရှိသောကြောင့် ရသေ့ထံမှ ပြန်ခါနီး၌ ရသေ့ကြီးအား သူ့ထံသို့ ကြွခဲ့ပါရန် မှာထားကာ နေပြည်တော်သို့ ပြန်လာသည်။

လခွဲမျှကြာသောအခါ ရသေ့ကြီးသည် မင်းထံသို့ ရောက်သွားသည်။ မင်းသည် ရသေ့ကြီးအား ရာဇပလ္လင်ပေါ်တွင် သီတင်းသုံးစေ၍ မိမိအတွက် စီမံချက်ပြုတ်ထားသည့် အစာအာဟာရများကို ဆက်ကပ်သည်။ ကျောင်းလည်းဆောက်လှူဒါန်းပြီး ကိုးကွယ်ထားသည်။ ဤသည်ကို အမတ်များက မကျေမနပ်ဖြစ်ပြီး 'ရသေ့သည် မင်းကြီးအတွက် မည်သို့သော အမှုကိစ္စများကို ဆောင်ရွက်ပေးနိုင်သနည်း' ဟု မေးကြသည်။ အိမ်ရှေ့မင်းထံ ဝင်၍လည်း မင်းအားတားမြစ်ပေးရန် ပြောဆိုကြသည်။

အိမ်ရှေ့စံသည် ခမည်းတော်ထံဝင်၍ အမတ်များ၏ သဘောထားကို လျှောက်တင်ရာ မင်းကြီးက မိမိ၏အဖြစ်စုံကို ပြန်၍ပြောပြပြီးနောက် 'အမောင်၊ ငါ့အသက်ကို

http://www.dhammadownload.com



ကယ်တင်ခဲ့သူအား မင်းအဖြစ်ကို ပေးအပ်သော်ငြားလည်း ကျေးဇူးတရားတို့သည် မကုန်နိုင်'ဟု မိန့်ကြားသည့်အခါ အမတ်များလည်း ကျေနပ်ကြလေသည်။

**ဇာတ်ပေါင်း။** ။ မင်း-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ **သူ့ကျေးဇူးကို ပေးဆပ်ခြင်းသည်သူတော်ကောင်းတို့၏လုပ်ရပ်ဖြစ်၏။**

---

# ၂၆၀။ ဒူတဇာတ်

## တဏှာ၏ တမန်

**ပစ္စုပ္ပန်ဝတ္ထု**

အစားအသောက်၌ အလွန်တပ်မက်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဘုရားလောင်း ဘောဓိသတ္တကသည် မင်းအဖြစ်ဖြင့် စိုးစံစဉ် အဖိုးတစ်သိန်းထိုက်တန်သော ရွှေခွက်၌ အဖိုးတစ်သိန်းထိုက်တန်သော ဘောဇဉ်များကို ထည့်၍ နန်းတော်ရှေ့မှ လူပတင့်တယ်စွာ မွမ်းမံပြင်ဆင်ထားသော မဏ္ဍပ်အတွင်းတွင် ရွှေသားပကတိဖြင့် ပြုလုပ်ထားသော ရာဇပလ္လင်ကြီးတစ်ခုပေါ်တွင် ထိုင်ကာ မင်းသမီးများခြံရံလျက် စားစရာများကို စားသုံးလေ့ရှိသည်။

တစ်နေ့သောအခါ လော်လည်သော အမျိုးသားတစ်ယောက်သည် မင်းကြီးစားတော်ပွဲကို စားသုံးလိုသဖြင့် လက်အစုံကိုမြှောက်၍ 'ငါ တမန်တည်း'ဟု ဟစ်အော်ပြီး မင်းကြီးစားသုံးနေဆဲ ပွဲတော်အုပ်ထဲမှ ထမင်းတစ်ဆုပ်ကို ကောက်ယူစားသောက်လိုက်သည်။ ထိုအခါ လုံခြုံရေးအရာရှိက ထိုသူ၏ခေါင်းကို ဖြတ်ပိုင်းရန် သန်လျက်ကို ဆွဲထုတ်လိုက်ရာ မင်းကြီးက ဟန့်တားလိုက်ပြီး 'အမောင်၊ မကြောက်လင့်၊ စားပါ'ဟု ဆို၍ ပွဲတော်အုပ်ကို ပေးသည်။

ထိုသူ စားသောက်ပြီးချိန်၌ 'သင်သည် မည်သူ၏ တမန်နည်း'ဟု မေး၏။ အမျိုးသားက အကျွန်ုပ်သည် ဝမ်း၏တမန်တည်း၊ တဏှာကစေခိုင်း၍ လာခဲ့ရခြင်း ဖြစ်ပါသည်'ဟု လျှောက်ထားသည်။ သူ့စကားကို မင်းကြီးသဘောကျသွားသည်။ ထို့ကြောင့် သူ့အား ဆုလာဘ်များစွာ ပေးသနားတော်မူသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ လော်လည်သောယောကျ်ား-လော်လည်သောရဟန်း။
အနှစ်ချုပ်။ ။ လူသားများသည် လောဘ၏ကျေးကျွန်များဖြစ်ကြသည်။
ဘောဇနသုဒ္ဓိကမင်း-ဗုဒ္ဓ။

သက်ပွဝဂ်ပြီးပြီ။

---

# ၂။ ပဒုမဝဂ်

## ၂၆၁။ ပဒုမဇာတ်

### မှန့်မှန့်တန့်တန့် ပြော၍ ကြာပန်းရသူ

**ပစ္စုပ္ပန်ဝတ္ထု**

အာနန္ဒာ ဗောဓိပင်ကို ပူဇော်ရန် ကျေးလက်ရဟန်းများ ကြာပန်းရှာကြသော်လည်း မရသဖြင့် စကားအရာ၌ လိမ္မာသော ရှင်အာနန္ဒာက ကြာပန်းများ ရှာပေးသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်း သူဌေးသည် အခြားသူဌေးသားသည် နှစ်ယောက်တို့နှင့်အတူ နှာခေါင်းပြတ်သူတစ်ဦး စောင့်ရှောက်သော မြို့တွင်းရှိ ပဒုမ္မာကြာကန်ရှိရာသို့ ပဒုမ္မာကြာကို တောင်းရန်လာခဲ့ကြသည်။ သူတို့ ရောက်သွားချိန်တွင် နှာခေါင်းပြတ်သူသည် ကြာပန်းများ ချိုးယူနေသည်ကို တွေ့၍ ပထမ သူဌေးသားက 'ဆံမုတ်ဆိတ်များသည် ရိတ်ဖြတ်ပြီးတိုင်း နောက်ထပ် ပြန်ပေါက်သကဲ့သို့ သင့်နှာခေါင်းသည်လည်း တစ်ဖန် ပြန်ပေါက်ပါစေ၊ ကျွန်ုပ်အား ကြာပန်းတစ်ပွင့်ပေးပါ' ဟု တောင်းသည်။ ရေကန်စောင့်က မပေးချေ။

ဒုတိယသူဌေးသားက 'လယ်မြေပေါ်၌ ပျိုးသော မျိုးစေ့သည် ပေါက်လာသကဲ့သို့ သင့်နှာခေါင်းသည်လည်း တစ်ဖန်ပြန်ပေါက်ပါစေ၊ ကျွန်ုပ်အား ကြာပန်းတစ်ပွင့်ပေးပါ' ဟု ဆို၍ တောင်းပန်သည်။ ရေကန်စောင့်က လှည့်၍သော်မျှ မကြည့်။

http://www.dhammadownload.com



ဘုရားလောင်းဖြစ်သော တတိယ သူဌေးသား အလှည့်သို့ ရောက်သောအခါ 'အဆွေ၊ ကျွန်ုပ်၏ သူငယ်ချင်းနှစ်ယောက်သည် ကြာပန်းများ ပေးစေလိုကြ၍ သင့်အား မြှောက်ပင့် ပြောဆိုကြဟန် ရှိပါသည်။ ပြတ်ခဲ့ပြီးသော နာခေါင်းသည် တစ်ဖန် ပြန်ပေါက်ရိုး မရှိပါ။ ကျွန်ုပ်အား ကြာပန်းများပေးပါ'ဟု တောင်းလိုက်သည်တွင် ရေကန်စောင့်က 'သင်သည် မှန်ရာကို ဆိုသူဖြစ်၍ ကြာပန်းများ ရထိုက်သည်'ဟု ပြောပြီးလျှင် ပဒုမ္မာကြာစည်း တစ်စည်း ပေးလိုက်သည်။

**ဇာတ်ပေါင်း။ ။ ကြာပန်းရသောသူဌေးသား-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ မုသားမဆိုစကားချိုလျှင် လိုရာကိစ္စပြီးစီးကြ၏။**

---

## ၂၆၂။ မုဒုပါဏိဇာတ်

### ဖခင်ကိုယ်တိုင်စောင့်ရှောက်သော မင်းသမီး

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဘုရားလောင်း စိုးစံစဉ် မင်းကြီး၌ သမီးတော်တစ်ပါးနှင့် တူတော်တစ်ပါးရှိသည်။ ထိုသမီးနှင့်တူတို့ အနေနီးလျှင် ငြိစွန်းမိကြမည်ကိုစိုး၍ တူတော်အား အတွင်းတော်မှ ထုတ်ကာ နန်းတော်ပြင်ပမှ အိမ်တစ်ဆောင်တွင် နေထိုင်စေသည်။ သို့ရာတွင် ထိုအချိန်မတိုင်မီကပင် တူနှင့်သမီးတို့ သံယောဇဉ် နွယ်ယှက်နေခဲ့ကြပြီကိုကား မင်းကြီး မသိရှာ။

လူချင်းခွဲနေပါမှ ပို၍ သံယောဇဉ် ကြီးနေရသော မင်းသားသည် အထိန်းတော်ကြီးမှတစ်ဆင့် အချိန်းအချက်ပြုကာ မိုးသည်းစွာ ရွာချနေသော လကွယ်နေ့ညတွင် လက်ဖဝါးအတွေ့ နူးညံ့သူ အလုပ်အကျွေး မိန်းမငယ် တစ်ယောက်ကို မင်္ဂလာဆင်တော် ပေါ်တွင်တင်၍ နန်းမြို့ရိုးထဲသို့ ဝင်ခဲ့သည်။ နန်းတော်လေသာတံခါးပေါက်အောက်မှ နံရံတွင် ဆင်ကိုမှီ၍ တိတ်တဆိတ် လာရပ်နေလိုက်သည်။ ထိုအချိန်၌ မင်းသမီးသည်

http://www.dhammadownload.com



ရေချိုးလိုပါကြောင်းဖြင့် ခမည်းတော်ထံ ခွင့်ပန်ရာ ခမည်းတော်သည် သမီးတော်ကို ပွေ့ချီ၍ လေသာတံခါးပေါက်မှထုတ်ကာ အောက်မှ ပဒုမာအခံပေါ်တွင် ရပ်၍ ရေချိုးပေးသည်။ ခမည်းတော်သည် သည်လိုအချိန်မျိုးမှာပင် သမီး၏ လက်တစ်ဖက်ကို ကိုင်ဆွဲထားသည်။ မင်းသမီးသည် ရေချိုးနေရင်းက သူ့လက်တစ်ဖက်ကို မင်းသားဆီသို့ ကမ်းပေးလိုက်ရာ မင်းသားသည် မင်းသမီးလက်မှ လက်ဝတ်တန်ဆာများကို ချွတ်ယူ၍ အလုပ်အကျွေး မိန်းမငယ်၏ လက်၌ ဝတ်ပေးသည်။

ပြီးလျှင် ထိုမိန်းမငယ်ကို ဆင်ပေါ်မှနေ၍ ပဒုမာအခံပေါ်သို့ တင်ပေးလိုက် သည်။ မင်းသမီးသည် ထိုမိန်းမငယ်၏ လက်ကိုကိုင်၍ ခမည်းတော် လက်ထဲသို့ ထည့်ပေးသည်။ မင်းက သမီးတော်၏ အခြား လက်တစ်ဖက် မှတ်ထင်၍ ကိုင်ထားလိုက်ပြီး သမီးတော်၏ လက်ကိုမူ လွှတ်ပေးလိုက်သည်။ ထို့နောက် မင်းသမီးသည် သူ့လက် တစ်ဖက်တွင် ရှိနေသေးသော လက်ဝတ်ရတနာများကို ချွတ်၍ မိန်းမငယ်၏ ကျန်လက် တစ်ဖက်၌ ဝတ်ပေးခဲ့ပြီးလျှင် ဆင်ပေါ်သို့ ကူးပြောင်းကာ မင်းသားနောက်သို့ လိုက်ပါ သွားသည်။

မိန်းမငယ် ရေချိုးပြီးချိန်၌ မင်းသည် သမီးတော်အမှတ်ဖြင့် ပြန်ခေါ်လာကာ ကျက်သရေရှိ အိပ်ခန်းတွင် အိပ်စေသည်။ နံနက် မိုးလင်းခါနီးမှ သူ့သမီး မဟုတ်ကြောင်း သိရ၍ အကျိုးအကြောင်းကို မေးစစ်ရာ မိန်းမငယ်က ဖြစ်ကြောင်းကုန်စင် လျှောက်ထား သည်။ ထိုအခါ မင်းသည် တူနှင့်သမီးအား ထိမ်းမြားလက်ထပ်၍ တူကို အိမ်ရှေ့အရာ ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ **မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **မိန်းမတို့၏လက်နက်သည် ပရိယာယ်။**

---

# ၂၆၃။ စူဠပလောဘနဇာတ်

## ယောက်ျားမြင်သမျှ လိုက်သတ်နေသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

မယားဟောင်း၏ ဖြားယောင်းခြင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုမင်း၌ 'အနိတ္ထိဂန္ဓ' မည်သော သားတော်တစ်ပါးရှိသည်။ သူကား ဗြဟ္မာ့ပြည်မှ လာခဲ့သူဖြစ်၍ အမျိုးသမီးများဆိုလျှင် ချီ၍ပင်မရ။ ရှီမိတိုင်း ငိုသည်။ အမျိုးသား အထိန်းတော်များနှင့် ကြီးပြင်းစေခဲ့ရသည်။ အရွယ်ရောက်ချိန်၌လည်း အမျိုးသမီးများနှင့် ဆက်ဆံဖို့ မဆိုထားနှင့် မြင်ပင် မမြင်လိုသည့် အတွက် ခမည်းတော်မင်းကြီး အခက်ကြုံနေရသည်။

တစ်နေ့တွင် ကချေသည် မိန်းမပျိုတစ်ယောက်သည် မင်းကြီး ရှေ့တော်သို့ ရောက်လာကာ 'မင်းသားကို ဖြားယောင်း၍ ကာမအရသာကို ခံစားစေပါမည်'ဟု လျှောက်ထားရာ၌ မင်းကြီးက 'အောင်မြင်မှု ရခဲ့လျှင် သင့်အား မိဖုရားကြီး မြှောက်စေမည်'ဟု ကတိပြုသည်။ ကချေသည် မိန်းမပျိုသည် မိမိကိုယ်တိုင် ယောကျ်ားသဏ္ဌာန် ဝတ်စားဆင်ယင်၍ မင်းသားအနီး၌ နေ့စဉ် သီချင်းဆိုပြီး စောင်းတီးလျက် ဖြားယောင်းကာ သာယာမှုတဏှာကို ဖြစ်စေရာ နောက်ဆုံးတွင် ကာမဂုဏ် ရေယာဉ်ကြောဝယ် နစ်မျောမိရသည့် အဆင့်ထိ ရောက်သွားခဲ့ရသည်။ ထိုအချိန်မှစ၍ အနိတ္ထိဂန္ဓမင်းသားသည် အမျိုးသမီးတိုင်းအား သူတစ်ဦးတည်းသာ ပိုင်ဆိုင်လိုသဖြင့် ယောကျ်ားမှန်သမျှကို လိုက်လံသတ်ဖြတ်တော့သည်။

ခမည်းတော်သည် သားတော်အား ဖမ်းဆီးစေ၍ ကချေသည်နှင့်အတူ နိုင်ငံတော်မှ နှင်ထုတ်လိုက်ရာ အနိတ္ထိဂန္ဓတို့ ဇနီးမောင်နှံမှာ ဂင်္ဂါနှင့် သမုဒ္ဒရာကြားမှ ကုန်းမြေပိုင်းတစ်နေရာတွင် သွားရောက်၍ သခ်မ်းကျောင်း ဆောက်လုပ်နေထိုင်ကြရသည်။

တစ်နေ့တွင် အနိတ္ထိဂန္ဓမင်းသား သစ်သီးရှာ သွားနေခိုက် ရသေ့တစ်ပါးသည် ကောင်းကင်ခရီးဖြင့် သူတို့ဇနီးမောင်နှံ၏ နေရာသို့ ဆင်းသက်လာသော် ကချေသည်မက ရသေ့ကို ဖြားယောင်းရာမှ ရသေ့လည်း ဈာန်တရား ကွယ်ပသွားတော့သည်။ မကြာမီ မင်းသား ပြန်လာရာ ရသေ့သည် သမုဒ္ဒရာဘက်သို့ ဦးတည်၍ ထွက်ပြေးလေသည်။ မင်းသားသည် သန်လျက်ကိုကိုင်၍ နောက်မှလိုက်သော် ကောင်းကင်ပေါ်သို့ ပြန်တက်မည့်ဟန် ပြင်သော်လည်း ကောင်းကင်သို့ မတက်နိုင်ဘဲ သမုဒ္ဒရာထဲသို့သာ ကျသွားသည်။

ဤတွင် မင်းသားသည် ကမ်းပေါ်မှနေ၍ မိန်းမများ၏ အပြစ်ကို ပြောဆိုရာ ရသေ့သည် ထိုစကားကို ကြားလိုက်ရသောကြောင့် သတိပြန်ဝင်ကာ အသိပြန်ဝင်လာလျက် ဈာန်တရားတို့ကို အားထုတ်သော် ဈာန်တရားများ ပြန်လည်ရရှိသွားတော့သည်။ ထို့နောက် ကောင်းကင်ခရီးဖြင့် ပျံသွားတော့သည်။

http://www.dhammadownload.com



ထိုအခြင်းအရာကို မြင်တွေ့လိုက်ရသော မင်းသားသည် အားကျစိတ်ဖြစ်ပေါ်လာပြီး ကျောင်းသို့ ပြန်ရောက်လျှင် ကချေသည်အား လူနေဒေသသို့ ပြန်လွှတ်လိုက်ပြီး သူကမူ ရသေ့ဝတ်လျက် ကသိုဏ်းပရိကံများကို စီးဖြန်းရာ မကြာမီ ဈာန်သမာပတ်ကို ရရှိခဲ့သည်။

**ဇာတ်ပေါင်း။** ။ အနိတ္ထိဂန္ဓမင်းသား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ 'ကျား'တို့ကိုအဖမ်းစားနိုင်ဆုံးအရာမှာ 'မ'ဖြစ်သည်။

---

# ၂၆၄။ မဟာပနာဒဇာတ်

## ဘဒ္ဒဇိထေရ်၏ မဟာပနာဒမင်းသားဘဝ

**ပစ္စုပ္ပန်ဝတ္ထု**

ဘဒ္ဒိယမြို့မှ 'ဘဒ္ဒဇိ'သည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဘဒ္ဒိယသူဌေးကြီး၏ တစ်ဦးတည်းသော သားဖြစ်သည်။ သူ့တွင် နွေ,မိုး,ဆောင်း ဥတုသုံးလီတို့၌ တစ်လှည့်စီ စံမြန်းသော ပြာသာဒ် သုံးဆောင်ရှိရာ တစ်ဆောင်မှ တစ်ဆောင်သို့ ရွှေ့ပြောင်းသော စံအိမ်တော် ပြောင်းပွဲကို ဘဒ္ဒိယမြို့သူတို့သည် မြို့လုံးကျွတ် လာရောက်ကြည့်ရှုကြရမြဲဖြစ်သည်။ ယခု နောက်ဆုံး ပြောင်းရွှေ့နေသော စံအိမ်တော် ပြောင်းပွဲကိုမူ လာရောက်ကြည့်ရှုသူ အလျှင်းမရှိချေ။ ဤသို့ ဖြစ်ရသည်မှာ မြို့လယ်မဏ္ဍပ်၌ ကျင်းပနေသော မြတ်စွာဘုရား၏ တရားပွဲတော်သို့ ရောက်နေကြ၍ ဖြစ်ကြောင်း သူဌေးသား သိလိုက်ရသည်။ ဘဒ္ဒဇိသည်လည်း သူ့ပရိသတ်ကိုခေါ်၍ တရားပွဲရှိရာသို့ လိုက်လာကာ အစွန်အဖျား တစ်နေရာမှ နေ၍ တရားနာယူရာ အဆုံးတွင် 'အရဟတ္တဖိုလ်'သို့ ဆိုက်ရောက်လေသည်။

မြတ်စွာဘုရားသည် ထိုမှဆက်၍ 'ကောဋိရွာ'သို့ ကြွတော်မူရာ ရွာသားတို့ ပြုလုပ်သည့် အလှူပွဲ၌ မြတ်စွာဘုရား ဆွမ်းအနုမောဒနာတရား ဟောကြားတော်မူနေသည်။ ဘဒ္ဒဇိမထေရ်သည် ရွာပြင်ဘက်သို့ ထွက်လာပြီး 'မြတ်စွာဘုရား ကြွလာတော်မူသော အခါတွင်မှ ထအံ့'ဟု အဓိဋ္ဌာန်ပြုလျက် ဂင်္ဂါကမ်းခြေမှ သစ်ပင်ရိပ်တစ်ခုတွင် ဈာန်ဝင်စားနေရာ မထေရ်ကြီးများ ကြွလာခဲ့ကြသော်လည်း ထမပေးဘဲ မြတ်စွာဘုရား ကြွလာတော်မူသည့် အခါတွင်မှ ထပေးသည်။ ဤသည်ကို ပုထုဇဉ် ရဟန်းများက မကျေနပ်ကြ။

http://www.dhammadownload.com



ထိုကောင်ရှုံရှာမှ ဂင်္ဂါမြစ်၏ တစ်ဘက်ကမ်းသို့ လှေဖောင်ဖြင့် ကူးကြစဉ် ဂင်္ဂါမြစ်အလယ်သို့ ရောက်သောအခါ 'ဘဒ္ဒဇိ၊ သင် မဟာပနာဒမင်း ဖြစ်ခဲ့စဉ်က နေခဲ့သော ပြာသာဒ်သည် အဘယ်မှာနည်း'ဟု ဘုရားရှင်က မေးတော်မူ၍ 'ဤအရပ်၌ပင် ဖြစ်ပါသည်'ဟု လျှောက်သည်။ ထိုအခါ ဗုဒ္ဓက 'သင့်အပေါ်၌ ဖြစ်ပွားနေရသော ရဟန်းသံဃာများ၏ သံသယစိတ်ကို ပယ်ဖျောက်လော့'ဟု မိန့်တော်မူသဖြင့် ဘဒ္ဒဇိမထေရ်သည် ရေအောက်တွင် ရှိနေသော ပြာသာဒ်၏ ထုပိကာကို ခြေချောင်းဖြင့်ညှပ်၍ နှစ်ဆယ့်ငါးယူဇနာမြင့်သော ပြာသာဒ်ကို ရေအောက်မှ ဆွဲဖော်ကာ ကောင်းကင်သို့ ပျံတက်သည်။

ဂင်္ဂါ တစ်ဖက်ကမ်းသို့ ရောက်လာကြရာတွင် ရဟန်းတော်များသည် ကမ်းခြေတစ်နေရာ၌ ဗုဒ္ဓမြတ်စွာ ထိုင်နေတော်မူစဉ် နေရာတော် ခင်းကြသည်။ ထိုနေရာ၌ ထိုင်နေတော်မူသော မြတ်စွာဘုရားအား 'အရှင်ဘုရား၊ ဘဒ္ဒဇိမထေရ်သည် အဘယ်အခါက ထိုပြာသာဒ်၌ စံမြန်းတော်မူဖူးပါသနည်း'ဟု မေးလျှောက်ကြသဖြင့် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

ဤဇာတ်၏ အတိတ်ဝတ္ထုသည် ဇာတ်တော်အမှတ်(၄၈၉) ပကိဏ္ဏကနိပါတ်မှ သုရုစိဇာတ်နှင့် အားလုံးတူသည်။

---

## ၂၆၅။ ခုရပ္ပဇာတ်

### အသက်ပေး၍ တာဝန်ထမ်းဆောင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

လုံ့လဝီရိယ လျှော့ချသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောအုပ်စောင့် ဖြစ်နေသည်။ တစ်နေ့သောအခါ သူသည် ဗာရာဏသီမှ လှည်းကုန်သည် သားတစ်ယောက်၏ လှည်းစီးရေ ငါးရာတို့ကို ပို့ဆောင်ခ ငွေတစ်ထောင်ယူ၍ ပို့ဆောင်ပေးရန် သဘောတူလိုက်သည်။

http://www.dhammadownload.com



တောအုပ်စောင့်သည် လှည်းကုန်သည်ကို ဦးဆောင်၍ တောအုပ်ထဲသို့ ဝင်လာရာ တောအုပ်အလယ်သို့ ရောက်လျှင် လူဆိုးငါးရာတို့က သူတို့လှည်းအုပ်ကို ဝိုင်းရံလာကြသည်။ ထိုအခါ အားလုံးသည် မြေပြင်တွင် ပြားပြားဝပ်နေသော်လည်း တောအုပ်စောင့်သည် တစ်ယောက်တည်း ခုံတွန်းလှန်လျက် မြားတို့ကို အဆက်မပြတ် ပစ်လွှတ်သည်။ ထို့ကြောင့် လူဆိုးများသည် လှည်းများအနီးသို့ မကပ်ဝံ့ကြဘဲ ဆုတ်ခွာထွက်ပြေးသွားကြသည်။

တောအုပ်တစ်အုပ်၏ အပြင်ဘက်သို့ ရောက်သွားကြသောအခါ လှည်းကုန်သည်က 'မိတ်ဆွေ၊ လူဆိုးများ သဲကြီးမဲကြီး တိုက်ခိုက်နေသည့် အချိန်က မိတ်ဆွေသည် အဘယ့်ကြောင့် စိတ်တုန်လှုပ်ခြင်းမျှ မရှိခဲ့ပါသနည်း'ဟု မေးသည့်အခါ 'ငါသည် တောအုပ်ထဲသို့ မဝင်မီကပင် မိမိ၏အသက်ကို စွန့်ပစ်ထားခဲ့ပြီး ဖြစ်သောကြောင့် စိတ်တုန်လှုပ်ခြင်း မရှိခဲ့။ အသက်ကို တွယ်တာနေသောသူသည် မည်သည့်ကာလတွင်မှ ရဲစွမ်းပြနိုင်လိမ့်မည်မဟုတ်'ဟု ပြောဆိုသည်။

**ဇာတ်ပေါင်း။** ။ **တောအုပ်စောင့်-ဗုဒ္ဓ။**
**အနှစ်ချုပ်။** ။ **လူစွမ်းကောင်းတို့မည်သည် မိမိအသက်ကိုငဲ့ကွက်ခြင်းမရှိ။**

---

# ၂၆၆။ ဝါတဂ္ဂသိန္ဓဝဇာတ်

## မူနိုင်လွန်းသူ

### ပစ္စုပ္ပန်ဝတ္ထု

မတို့မာယာဖြင့် အမူလွန်မိ၍ ကျန်ရစ်ဖြစ်ရသော သာဝတ္ထိမြို့တော်သူ တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဝါတဂ္ဂသိန္ဓဝ အမည်ဖြစ် သိန္ဓောမြင်းမျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် ဂင်္ဂါမြစ်နား၌ မြင်းထိန်းများက သူ့ကို ရေချိုးပေးနေစဉ် 'ဘဒ္ဒလီ'ဆိုသော မြည်းမသည် ထိုသိန္ဓောမြင်းကို တပ်စွန်းစိတ်ဝင်မိသောကြောင့် မစားနိုင် မသောက်နိုင်ရှိနေရာမှ အားပြတ်ပိန်ချုံးလာ၍ အကျိုး

http://www.dhammadownload.com



အကြောင်းကို သားမြည်းငယ်က မေးစမ်းသောအခါ မိခင်မြည်းမက အကြောင်းစုံကို ပြောပြသည်။

ထိုအခါ သားမြည်းငယ်သည် သိန္ဓောမြင်းထံ သွားပြီး သူ့မိခင်အကြောင်းကို ပြောပြရာ သိန္ဓောမြင်းက သူရေချိုးပြီး၍ ဂင်္ဂါကမ်းခြေ၌ ခဏတစ်ဖြုတ် အစာစားနေစဉ်တွင် သင့်မိခင်မြည်းမကို ခေါ်ယူလာဟု မှာလိုက်သည်။ မြည်းငယ်သည် သိန္ဓောမြင်း မှာကြားသည့်အတိုင်း မိခင်မြည်းမကို ခေါ်လာခဲ့သည်။

နှစ်ဦးသား တွေ့ကြသောအခါ မြည်းမက 'ငါသည် သန္ဓောမြင်းအား ခုတွေ့ ခုကြိုက် သဘောဖြင့် ခွင့်ပြုလိုက်လျှင် ငါ အကျိုးယုတ်မည်။ အလိုမရှိဟန်ဆောင်မှ ဖြစ်မည်'ဟု တွေးတော်ကာ သိန္ဓောမြင်း၏ အောက်မေးကို ခြေဖြင့် ကန်ကျောက်၍ ထွက်ပြေးသည်။ သိန္ဓောမြင်းသည် အရှက်ကြီးစွာရ၍ ထိုနေရာ၌ပင် မနေတော့ဘဲ ပြန်ပြေးသွားသည်။ ထို့နောက် မြည်းမသည် နောင်တကြီးစွာရကာ သောကစိတ်ကြောင့် ထိုနေရာ၌ပင် ဝပ်ကျသွားလေသည်။

ဇာတ်ပေါင်း။ ။ မြည်းမ-ယခု အမျိုးသမီး၊ ဝါတဂ္ဂသိန္ဓောမြင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ မူတိုင်းအကျိုးမရှိ။

---

## ၂၆၇။ ကက္ကဋကဇာတ်

### သေပွဲဝင်ရသော ပုစွန်

**ပစ္စုပ္ပန်ဝတ္ထု၊**

လူဆိုးများအား နူးညံ့ချိုသာစွာ ပြောဆို၍ ဖမ်းထားသော လင်ယောကျ်ားကို အသက်ဘေးမှ ကယ်တင်ခဲ့သော အမျိုးသမီးတစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဆင်မျိုး၌ ဖြစ်နေသည်။ ဟိမဝန္တာမှ 'ကုဋီရ' ရေကန်ကြီးတွင် ကောက်နယ်တလင်းဝန်းခန့် ကြီးသော ရွှေပုစွန်လုံးကြီး တစ်ကောင်ရှိသဖြင့် ထိုရေကန်ထဲသို့ ဆင်များ မဆင်းဝံ့ကြချေ။ ဘုရားလောင်း ဆင်မင်းသည် ဇနီး၊ သားနှင့် မိခင် ဆင်မကြီးတို့ကိုပါ ခေါ်၍ ထိုပုစွန်လုံးကို ဖမ်းရန် ထွက်ခွာလာရာ ရေကန်သို့ ရောက်သောအခါ ရေကန်ပတ်ဝန်းကျင်မှ

http://www.dhammadownload.com



ဆင်များကို စည်းရုံးသည်။ ပုစွန်လုံးအကြောင်းကို လေ့လာသည်။ ပုစွန်လုံးသည် ဆင်များ ရေကန်မှ ပြန်တက်လာချိန်တွင်သာ ညှပ်ဖမ်းလေ့ရှိကြောင်းကို သိရသည်။

ပုစွန်လုံးကို ဖမ်းယူမည့်နေ့တွင် ဆင်အားလုံးတို့ ရေကန်ထဲဆင်းပြီးနောက် ပြန်တက်ကြသောအခါ ဆင်မင်းက နောက်ဆုံးမှချန်၍ တက်သည်။ ပုစွန်လုံးသည် ဆင်မင်းကို လက်မဖြင့် ညှပ်၍ ဖမ်းထားသဖြင့် ဆင်မင်းသည် လွတ်အောင် မရုန်းနိုင်ဘဲ နောက်ဆုံးတွင် ကြောက်ကြောက်လန့်လန့်နှင့် သည်းစွာ အော်မြည်လိုက်ရာ အခြား ဆင်များအားလုံး ထွက်ပြေးသွားကြသည်။

ထိုအခါ ဇနီးဖြစ်သော ဆင်မက 'သမုဒ္ဒရာ၊ ဂင်္ဂါနှင့် ယမုန်နာတို့တွင် ရှိကြသော ပုစွန်များထက် မြင့်မြတ်သော ပုစွန်၊ ကျွန်ုပ်၏ လင်အား ချမ်းသာခွင့်ပေးပါလော့'ဟု တောင်းပန်စကားဆိုသည်။

ပုစွန်သည် ဆင်မ၏ အသံကို တပ်မက်သဖြင့် ဆင်မထံ အာရုံရောက်သွားရ ညှပ်ထားသော လက်မ၏ အားများ လျော့ကျသွားကြသည်။ ထိုအခါ ဆင်မင်းသည် ခြေထောက်ကို မြှောက်ချီ၍ ပုစွန်လုံး၏ ကျောက်ကုန်းကို ဘက်နင်းလိုက်ရာ ပုစွန်လုံး သည် ကျောက်ကုန်းကွဲ၍ ထိုနေရာ၌ပင် သေပွဲဝင်လေသည်။

ဇာတ်ပေါင်း။ ။ ဆင်မ-သူကြွယ်ဇနီး၊ ဆင်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မ,ကြောင့် ပုစွန်သေပွဲဝင်ရသည်။

## ၂၆၈။ အာရာမဒူသကဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်ဝတ္ထုနှင့် အတိတ်ဝတ္ထုသည် ဇာတ်တော်အမှတ်(၄၆) ဧကက နိပါတ် အဋ္ဌကာမဝဂ်၌ ပါရှိသော အာရာမဒူသကဇာတ်နှင့် အားလုံးတူသည်။

## ၂၆၉။ သုဇာတဇာတ်

### နှုတ်ကြမ်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ကြမ်းကြုတ်ခက်ထန်၍ အိမ်သူဝတ္တရားမကျေပွန်သော အနာထပိဏ်သူဌေး ၏ ချွေးမဖြစ်သူ သုဇာတာကိုဆိုဆုံးမခြင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်ရှင် ဘုရားလောင်းမင်း၏ မယ်တော်သည် ဒေါသကြီးပြီး နှုတ်လည်း အလွန်ကြမ်းသဖြင့် မယ်တော်အား ကျိုးကြောင်းပြ၍ ပြုပြင်ရန် ဘုရားလောင်းက ကြံစည်လျက်ရှိသည်။ တစ်နေ့တွင် မင်းကြီးသည် မယ်တော်နှင့် ဥယျာဉ်သို့ ထွက်တော်မူသည်။ လမ်းခရီးအရောက်၌ တီတီတူးငှက် တစ်ကောင်၏ အော်မြည်သံကို ကြားလိုက်ရသဖြင့် မင်းကြီး၏ နောက်တော်ပါးမှ လိုက်ပါလာခဲ့ကြသော ပရိသတ်တို့သည် 'ဟယ် ငှက်ဆိုး၊ သင် မအော်မြည်လင့်၊ သင့်အသံသည် အလွန်စက်ဆုတ်ဖွယ်ရှိ၏'ဟု ဆိုကြသည်။ သူတို့သည် ဥယျာဉ်တော်ထဲသို့ ရောက်လာကြလျှင် အင်ကြင်းပင်ပေါ်မှ ထွက်ပေါ်လာသော ဥသြငှက်တစ်ကောင်၏ တွန်ကျူးသံကို ကြားလိုက်ရသောအခါ၌မူ 'အို အသံချိုသော ငှက်၊ မြည်တွန်ပါဦးလော့'ဟု ထပ်တလဲလဲ တောင်းဆိုကြသည်။

ထိုမြင်ကွင်းနှစ်ရပ်လုံးကို တွေ့လိုက်ရသော မင်းကြီးသည် မယ်တော်အား ပြုပြင်ရန် အချက်တွေ့လာပြီဖြစ်၍ 'မိခင်၊ ရုပ်ဆင်းလှ၍ အသံသာစေကာမူ နှုတ်ကြမ်းလျှင် လူများချစ်ခင်မြတ်နိုးမှု မရှိကြ၊ ရုပ်ဆင်းမလှသော်လည်း သိမ်မွေ့နူးညံ့သော တွန်သံကြောင့် ဥသြငှက်အား လူအများက ချစ်မြတ်နိုးကြသည်ကို မြင်သည် မဟုတ်ပါလား' ဟု မေးသည်။

ထိုအခါမှစ၍ မယ်တော်သည် သတိတရားရကာ နှုတ်ကြမ်းသည့် မယ်တော် အဖြစ်မှ နှုတ်ချိုသည့် မယ်တော်အဖြစ်သို့ ကူးပြောင်းသွားသည်။

**ဇာတ်ပေါင်း။** ။ မယ်တော်-သုဇာတာ၊ မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ နှုတ်ကြမ်းလျှင်လူမုန်း၍ နှုတ်ချိုလျှင်ခင်သူများတတ်သည်။

---

## ၂၇၀။ ဥလူကဇာတ်

### ကမ္ဘာရန်ငြိုးဖြစ်နေကြသူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဇေတဝန်ကျောင်းတော်အတွင်းရှိ သစ်ပင်များအပေါ်မှ ခင်ပုတ်ငှက်(ဒီးကွက်)များ၏ သတ်ဖြတ်ခြင်းကိုစွဲ၍ သေဆုံးရသော ကျီးများကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ကမ္ဘာဦးအခါက လူတို့သည် အဆင်းရော အချင်းပါ ပြည့်စုံသော အမျိုးသား တစ်ယောက်ကို ရွေးချယ်၍ မင်းအဖြစ် တင်မြှောက်လိုက်ကြသကဲ့သို့ အခြေလေးချောင်း ရှိသော သတ္တဝါတို့က ခြင်္သေ့ကိုလည်းကောင်း၊ ငါးများက အာနန္ဒာ ငါးကြီးကို လည်းကောင်း မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

ထိုအခါ မင်းမရှိသေးသော ငှက်များသည် ဟိမဝန္တာမှ ကျောက်ဖျာကြီး တစ်ခု ပေါ်တွင် စုဝေး၍ ခင်ပုတ်ငှက်ကို မင်းလောင်းအဖြစ် ရွေးချယ်ကြရာ ကျီးတစ်ကောင်က ထ၍ 'အမျက်မထွက်သေးသည့် အချိန်၌ပင် သူ့မျက်နှာသည် ဤမျှလောက် ကြောက်စရာ ကောင်းနေသည်။ မင်းမြှောက်ပြီး၍ သူအမျက်ထွက်လျှင်ကား ငါတို့သည် အိုးကင်းထဲ ထည့်လှော်သော နှမ်းကဲ့သို့ မသေခင်မှာ တဖျတ်ဖျတ်လူးလိမ့် ခံစားရ၍ နောက်ပိုင်း၌ သေကုန်ကြရတော့မည်။ ငါ သဘောမတူ၊ ငါ သဘောမတူ'ဟု ကန့်ကွက်စကား ဆိုလျက် ကောင်းကင်သို့ ပျံတက်သွားသည်။

ထိုအခါမှစ၍ ကျီးနှင့် ခင်ပုတ်ငှက်တို့သည် ရန်ဖက်များ ဖြစ်ခဲ့ကြသည်။ ကျန်သော ငှက်များက ရွှေဟင်္သာကို ငှက်မင်းအဖြစ် တင်မြှောက်လိုက်ကြသည်။

ဇာတ်ပေါင်း။ ။ မင်းအဖြစ်တင်မြှောက်ခြင်းခံရသောရွှေဟင်္သာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရန်ကိုရန်ချင်းတုံ့လှည်းနေလျှင် ရန်စမငြိမ်းနိုင်။

ပဒုမဝဂ် ပြီးပြီ။

---

# ၃။ ဥဒပါနဝဂ်

## ၂၇၁။ ဥဒပါနဒူသကဇာတ်

### ရေတွင်းဖျက်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းများ၏ သောက်ရေတွင်း၌ ကျင်ကြီးကျင်ငယ် စွန့်လေ့ရှိသော မြေခွေးတစ်ကောင်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရသေ့အပေါင်း ခြံရံလျက် ဟိမဝန္တာ တစ်ခု အရပ်၌ နေထိုင်နေသည်။ ထိုအရပ်၌ ရေတွင်းတစ်တွင်းလည်း ရှိရာ မြေခွေးတစ်ကောင်သည် ထိုရေတွင်းကို အညစ်အကြေးများဖြင့် ထည့်ကာ ဖျက်ဆီး သွားသည်။ တစ်နေ့တွင် ရသေ့များသည် ထိုမြေခွေးကို ဝိုင်းဖမ်း၍ ဘုရားလောင်းထံသို့ ယူလာခဲ့ကြရာ မြေခွေးအား ရေတွင်း၌ အညစ်ကြောင့် ကျင်ကြီးကျင်ငယ်များ စွန့်ရသနည်း ဟု မေးလျှင် မိဘဘိုးဘွားတို့၏ ကျင့်စဉ်အတိုင်း လိုက်နာကျင့်သုံးခြင်းပင် ဖြစ်ပါသည်' ဟု ဆိုသည်။

ထိုအခါ ဘုရားလောင်းက သင်တို့၏ ထုံးတမ်းစဉ်လာကို လည်းကောင်း၊ ထုံးတမ်းစဉ်လာ မဟုတ်သည်ကို လည်းကောင်း ငါတို့ လုံးဝမမြင်လို'ဟု ပြန်ကြားလိုက် သည်မှစ၍ မြေခွေးသည်လည်း မလာတော့ပေ။

ဇာတ်ပေါင်း။ ။ ယခင်ကရေတွင်းကိုဖျက်ဆီးခဲ့သောမြေခွေး-ယခုမြေခွေး၊ ဆရာရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ထုံးတမ်းစဉ်လာပင်ဖြစ်သော်လည်း မကောင်းလျှင်ပယ်ရာ၏။

---

## ၂၇၂။ ဗျဂ္ဃဇာတ်

### ကျိုးကြောင်းမသိထတ်သူ နှတ်မိုက်

**ပစ္စုပ္ပန်ဝတ္ထု**

အဂ္ဂသာဝကကြီး နှစ်ပါးနှင့် သင့်မြတ်အောင် မနေနိုင်သော ကောကာလိက ရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောအုပ် တစ်ခု၌ ရုက္ခစိုးနတ်ဖြစ်၍ သူ့ဗိမာန်အနီးတွင် အခြားရုက္ခစိုးနတ်တစ်ပါးလည်း ရှိသည်။ ထိုတော အုပ်ထဲတွင် ခြသေ့်နှင့် ကျားတို့လည်း နေကြရာ လူသားများသည် ထိုတောအုပ် ထဲသို့ ဝင်ဝံ့ဖို့ မဆိုထားဘိ အနီးအနားသို့ပင် ချဉ်းကပ်ဝံ့သူပင် မရှိချေ။ တောအုပ်တစ်ခုလုံး သည် ခြသေ့်နှင့် ကျားတို့၏ စားကြွင်းအပုပ်အသိုး အနံ့ဆိုးများကြောင့် ပုပ်ဟောင်၍

http://www.dhammadownload.com



နေသည်။ ထိုအနံ့ကို သည်းမခံနိုင်သော ရုက္ခစိုးနတ်မိုက်သည် ဘုရားလောင်း ရုက္ခစိုးနတ်ထံသို့လာခဲ့၍ 'အဆွေ၊ ငါတို့၏ တောအုပ်သည် ဤကျားနှင့် ခြင်္သေ့တို့ကြောင့် မစင်မကြယ်ရှိနေရသည်။ သူတို့ကို ဤတောအုပ်မှ ပြေးစေအံ့'ဟု ဆိုသည်။ ဘုရားလောင်းက 'လူတို့သည် ကျားနှင့် ခြင်္သေ့တို့ရှိနေ၍သာ ဤတောကို မခုတ်ဝံ့သဖြင့် ငါတို့၏ ဗိမာန်သည် တည်မြဲနေရခြင်း ဖြစ်သည်။ သူတို့ကို ပြေးအောင် မပြုသင့်'ဟု တားမြစ်ဆုံးမစကားဆိုသည်။ သို့သော် ရုက္ခစိုးနတ်မိုက်က မနာယူပေ။

တစ်နေ့တွင် ရုက္ခစိုးနတ်မိုက်သည် ကျားနှင့် ခြင်္သေ့တို့အား ကြောက်မက်ဖွယ်ကောင်းသော အဆင်းသဏ္ဌာန်ကိုပြလျက် ပြေးစေသည်။ ထိုတောအုပ်၌ ကျားနှင့် ခြင်္သေ့များ မရှိတော့ကြောင်းကို သိကြရသော လူများသည် တောအုပ်ထဲသို့ ဝင်လာကြပြီး သစ်ပင်များကို ခုတ်ဖြတ်ကြသဖြင့် တောသည် သုံးရက်အတွင်းမှာပင် ဟင်းလင်းပြင်ကြီး ဖြစ်သွားခဲ့ရာ ရုက္ခစိုးနတ်များ၏ ဗိမာန်များသည်လည်း ပျောက်ကွယ်သွားသည်။

ဇာတ်ပေါင်း။ ။ ရုက္ခစိုးနတ်မိုက်-ကောကာလိက၊ ခြင်္သေ့-အရှင်သာရိပုတ္တရာ၊ ကျား-အရှင်မောဂ္ဂလာန်၊ ပညာရှိရုက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကျိုးကြောင်းမသိတတ်သူ တစ်ယောက်၏ လုပ်ရပ်ကြောင့် အများသူတကာအကျိုးပျက်စီးတတ်သည်။

---

## ၂၇၃။ ကစ္ဆပဇာတ်

### မျောက်ကိုဆုံးမသော လိပ်

**ပစ္စုပ္ပန်ဝတ္ထု**

အချင်းချင်း ရန်ဖြစ်တတ်သော ကောသလမင်းကြီး၏ အမတ်စစ်သူကြီး နှစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ်သမာပတ်ရ ရသေ့အဖြစ်ဖြင့် ဟိမဝန္တာ၌ နေသည်။ တစ်နေ့တွင် မျောက်ဆိုးတစ်ကောင်သည် ဘုရားလောင်း၏ နားပေါက်ထဲသို့ သူ့အင်္ဂါဇာတ်ကို လာ၍ သွင်းသော်လည်း ဘုရားလောင်းက မတားမြစ်ဘဲ လျစ်လျူရှုနေသည်။ မျောက်ဆိုးသည် တစ်နေ့သော

http://www.dhammadownload.com



အခါ ဂင်္ဂါကမ်းခြေ၌ ခံတွင်းကိုဖွင့်ဟ၍ အိပ်ပျော်နေသော လိပ်တစ်ကောင်၏ ခံတွင်းထဲသို့ သူ့အင်္ဂါဇာတ်ကို သွား၍သွင်းပြန်ရာ လိပ်က သည်းမခံဘဲ မြဲမြဲစွာကိုက်ထားလိုက်သည်။

မျောက်သည် ဝေဒနာ ပြင်းထန်စွာ ခံစားနေသဖြင့် ဝေဒနာမှ လွတ်မြောက် အောင် ကယ်တင်ပေးနိုင်မည်ဖြစ်သော ရသေ့ကြီးထံသို့ လိပ်ကို လက်နှစ်ဘက်ဖြင့် မ,ယူလာခဲ့ကာ သူ့အား ဤဆင်းရဲဒုက္ခမှ ကယ်တင်ပေးရန် တောင်းပန်သည်။ ရသေ့ကြီးသည် လိပ်အား အကျိုးအကြောင်း ပြောပြ၍ ပြန်လွှတ်ပေးရန် မေတ္တာရပ်ခံသဖြင့် လိပ်သည် မျောက် အင်္ဂါဇာတ်ကို ပြန်လွှတ်ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ **မျောက်နှင့်လိပ်-အမတ်နှစ်ဦး၊ ရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အကျင့်ပျက်သူကို ဒဏ်ခတ်၍ဆုံးမပါ။**

---

# ၂၇၄။ လောလဇာတ်

## ကျီးလော်မာ

**ပစ္စုပ္ပန်ဝတ္ထု**

လျှပ်ပေါ်လော်လည်၍ အစာအာဟာရ အလွန်ထပ်မက်သော ရဟန်းတစ်ပါးကို အကြောင်း ပြု၍ ဤဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ခိုမျိုး၌ ဖြစ်နေ သည်။ ဗာရာဏသီသူဌေး၏ စားတော်ချက်သည် စားဖိုအိမ်၌ ခိုများနေထိုင်ရန် အသိုက် တောင်း တစ်ခုကို ဆွဲထားပေးခဲ့ရာ ထိုအသိုက်တွင် ဘုရားလောင်း ခိုမင်း ဝင်ရောက် နေထိုင်သည်။

တစ်နေ့တွင် ကျီးတစ်ကောင်သည် ထိုစားဖိုအိမ်ပေါ်မှ ဖြတ်သန်းပျံသွားခိုက် စားဖိုအိမ်ထဲရှိ ငါး၊ အမဲများကို မြင်တွေ့မိလေရာ လွန်စွာ စားလိုစိတ် ဖြစ်ပေါ်လာမိသော ကြောင့် ဘုရားလောင်း ခိုနှင့် မိတ်ဆွေဖွဲ့ပြီး အတူ အစာရှာဖွေ စားသောက်နေသည်။ ဤသည်ကို မြင်ရသော စားတော်ချက်က ကျီးအတွက်လည်း ဖွဲ့တောင်း တစ်ခုကို ချိတ်ဆွဲ ပေးထားသည်။

http://www.dhammadownload.com



တစ်နေ့တွင် ကျီးသည် သူဌေးအတွက် ဝယ်ယူလာခဲ့သော ငါး၊ အမဲများကို စားချင်နေသဖြင့် နံနက်စောစောကပင် ညည်းညူသံပြု၍ အိပ်နေသည်။ အစာရှာထွက်ချိန်၌ ခိုကခေါ်ရာ အစာမကြေ၍ မလိုက်ဟု ဆိုသည်။ သူ့အကြံအစည်ကို ရိပ်မိသော ခိုက ငါး၊ အမဲများကို ယူငင်မစားသောက်ရန် သတိပေးစကားဆိုခဲ့သော်လည်း ကျီးသည် ခို ထွက်သွား၍ မကြာမီမှာပင် အသိုက်တောင်းထဲမှ ထွက်လာပြီး အမဲဟင်းကို စားသောက်ရန် အမဲ ဟင်းအိုးပေါ်တွင် သွား၍ နားရာ လျင်မြန်ဖျတ်လတ်သော စားတော်ချက်သည် ကျီးကို ဖမ်းယူ၍ အမွေးများအားလုံးကို နုတ်ပြီးလျှင် ချင်း၊ ငရုတ် စသည်တို့ကို ဖျော်စပ်၍ ကျီးတစ်ကိုယ်လုံး လိမ်းကျံပေးကာ အသိုက်တောင်းထဲ၌ ပြန်ထားပေးလိုက်သည်။

ခို ပြန်ရောက်လာသောအခါ ကျီး၏ အဖြစ်ကို မြင်တွေ့ရလျှင် 'သင်၏ အကျင့်စရိုက်သည် ဆင်းရဲဒုက္ခသို့ ရောက်စေတတ်သော သဘောရှိသည်။ ငှက်သည် လူတို့၏ အသုံးအဆောင်ကို လွယ်ကူစွာ သုံးဆောင်နိုင်ရိုးမရှိ'ဟု ပြော၍ ထိုနေရာမှ ပြောင်းရွှေ့သွားခဲ့သည်။ ကျီးသည်လည်း ထိုနေရာ၌ပင် သေဆုံးသွားလေသည်။

ဇာတ်ပေါင်း။ ။ ကျီး-လျှပ်ပေါ်လော်လည်သော ရဟန်း၊ ခို-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မတပ်မက်သင့်သည်၌တပ်မက်လျှင် ဘေးတွေ့တတ်သည်။

## ၂၇၅။ ရုစိရဇာတ်

ဤဇာတ်သည် အထက်ပါ ဇာတ်အမှတ်-၂၇၄ 'လောလဇာတ်'နှင့် ပစ္စုပ္ပန်ရော အတိတ်ပါ ဇာတ်လမ်းချင်း အားလုံးတူသည်။

## ၂၇၆။ ကုရုဓမ္မဇာတ်

### ငါးပါးသီလနှင့်ပြည့်စုံသူများ

**ပစ္စုပ္ပန်ဝတ္ထု**

အစိရဝတီ မြစ်ကမ်းပါး၌ ပျံနေသော ဟင်္သာ၏ မျက်စိကို ကျောက်စရစ်ဖြင့် ပစ်ခတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု၊

ဣန္ဒပတ္တနဂိုရ်ပြည်၌ ဓနဥ္စယကောရဗျမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ သားဖြစ်၍ ခမည်းတော် ကွယ်လွန်သောအခါ မင်းအဖြစ်ကို ရရှိသည်။ ထိုမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းပြည်ကို အုပ်ချုပ်၍ 'ကုရုဓမ္မ' (ပဉ္စသီလ) နှင့်လည်း ပြည့်စုံသည်။ ထိုမင်းကဲ့သို့ပင် မယ်တော်မိဖုရားကြီး၊ ညီတော် အိမ်ရှေ့မင်း၊ ပုရောဟိတ်အမတ်၊ မြေတိုင်းအမတ်၊ ရထားထိန်း၊ သူဌေး၊ တင်းခြင်အမတ်၊ တံခါးမှူး၊ ပြည့်တန်ဆာမတို့သည်လည်း ပဉ္စသီလနှင့် ပြည့်စုံကြလေသည်။ မင်းကြီးသည် အလှူပေးမှု၌လည်း ရက်ရောသူဖြစ်၍ မြို့တံခါး လေးမျက်နှာ၊ မြို့လယ်၊ နန်းတော်တံခါး ဤခြောက်ခုတို့၌ မဏ္ဍပ်ကြီးများ ဆောက်လုပ်၍ နေ့စဉ် အသပြာငွေခြောက်သိန်းဖိုးစီ ပေးလှူလေ့ရှိသည်။

ထိုအချိန်က ကာလိင်္ဂတိုင်း ဒန္တပုရပြည်၌ မိုးခေါင်ခြင်းကြောင့် ကာလိင်္ဂမင်းသည် ရှေးထုံးစံအတိုင်း မိုးရွာစေရန် အလှူပေး၊ သီလဆောက်တည်၍ အသရေရှိသော တိုက်ခန်းတို့၌ မြေစာမြက်ကို ခင်း၍ အိပ်ခြင်း စသည်ကို ပြုသော်လည်း မိုးမရွာသဖြင့် အမတ်တို့က 'မြတ်သောမင်းကြီး ဣန္ဒပတ္တနဂိုရ်မြို့မှ ဓနဥ္စယကောရဗျမင်းတွင် 'အဉ္ဇနဝသဘ' မည်သော မင်္ဂလာဆင်ရှိသည်။ ထိုဆင်ကို ဆောင်ယူရရှိခဲ့သည်ရှိသော် မိုးရွာပါလိမ့်မည်' ဟု လျှောက်တင်ကြသဖြင့် ပုဏ္ဏားရှစ်ယောက်တို့အား ဓနဥ္စယကောရဗျမင်းထံ မင်္ဂလာဆင်တော်ကို အလှူခံရန် စေလွှတ်လိုက်သည်။ ကောရဗျမင်းကလည်း ဆင်တော်ကို လှူလိုက်သည်။ ထိုသို့ ပြုလုပ်သည့်တိုင် မိုးက မရွာသေး။

ကာလိင်္ဂမင်းသည် ကောရဗျမင်း၏ ကုရုဓမ္မ တရား၌သာ တည်ခြင်းကြောင့် ထိုမင်း၏နိုင်ငံ၌ လခွဲတစ်ကြိမ် ဆက်ရက်တစ်ကြိမ် မိုးရွာသွန်းကြောင်းကို သိသဖြင့် မင်္ဂလာဆင်တော်ကို ပြန်ပို့စေကာ ကုရုဓမ္မ တရားများကို ရွှေပြား၌ ရေးကူးလာခဲ့ကြရန် အမတ်ကြီးနှင့် ပုဏ္ဏားတို့အား စေလွှတ်လိုက်ပြန်သည်။ အမတ်များသည် ဓနဥ္စယ ကောရဗျမင်းထံ ရောက်သွားကြသောအခါ 'အမောင်တို့၊ ငါသည် ဂုရုဓမ္မကို စောင့်ထိန်းသည်ကား မှန်၏။ သို့ရာတွင် စိတ္တရာဇ မည်သော နတ်မင်းကို ပူဇော်ခဲ့စဉ်က အရပ်လေးမျက်နှာတို့သို့ မြားလေးစင်းတို့ကို ပစ်လွှတ်ခဲ့ရာ တစ်စင်းသောမြားသည် ရေကန်တစ်ခုထဲသို့ ကျသွားခဲ့သောကြောင့် ငါးတစ်ကောင် သေဆုံးခဲ့ရလေသလောဟု ကုက္ကုစ္စ သံသယ ဖြစ်နေမိသည်။ ထို့ကြောင့် ငါသည် မိမိ၏သီလကို အားမရ၊ မယ်တော်သည်ကား ကောင်းစွာစောင့်၏။ မယ်တော်၏ ထံမှသာ ယူကြပါလော့'ဟု ကောရဗျမင်းက ဆိုသည်။

ထိုအခါ အမတ်များနှင့် ပုဏ္ဏားတို့က 'အရှင်မင်းကြီးတွင် သေစေလိုသော စိတ်စေတနာမရှိ၍ သီလမပျက်ပါ၊ ကုရုဓမ္မတရားကိုသာ ပေးတော်မူပါလော့'ဟု လျှောက်

http://www.dhammadownload.com



သဖြင့် ဓနဥ္စယကောရဗျမင်းက 'သတ္တဝါကို မသတ်အပ်၊ ပိုင်ရှင်မပေးသော ဥစ္စာကို မခိုးယူအပ်၊ ကာမတို့၌ မှားသော အကျင့်ကို မကျင့်အပ်၊ မမှန်ကန်သော စကားကို မပြောအပ်၊ သေအရက်တို့ကို မသောက်အပ်' ဟူသော တရားငါးပါးတို့ကို ရွှေပြားပေါ်၌ ရေးစေကာ မယ်တော်၏ထံသို့ သွားကြရန် စေလွှတ်လိုက်သည်။

မယ်တော်သည် မိမိထံသို့ ရောက်လာကြသော တမန်များအား မိမိသည် 'ကုရုဓမ္မ' ကို စောင့်ထိန်းသည်မှာ မှန်ကန်ပါသည်။ သို့ရာတွင် တစ်ခါက သားတော်မင်းကြီး ပူဇော် ကန်တော့ခဲ့သည့် အဖိုးတစ်ထောင်ထိုက်သော စန္ဒကူးနံ့သာနှစ်နှင့် အဖိုးတစ်ထောင် တန်သည့် ရွှေပန်းခိုင်တစ်ခုရှိခဲ့ရာ တန်ဖိုးများသည် စန္ဒကူးနံ့သာနှစ်ကို သားငယ်ဖြစ်သူ အိမ်ရှေ့မင်း၏ မိဖုရားအားပေးကမ်း၍ တန်ဖိုးနည်းသည့် ရွှေပန်းခိုင်ကိုမူ သားကြီး ဖြစ်သူ မင်းကြီး၏ မိဖုရားကြီးအား ပေးကမ်းခဲ့မိသည်။ အမှန်စင်စစ်တွင်မူ တန်ဖိုးများသည့် ပစ္စည်းသည် ကြီးကဲသူအတွက်သာ ဖြစ်သင့်ပါသည်၊ ထို့ကြောင့် ဤကိစ္စတွင် ပေးကမ်း ချီးမြှင့်မှု လွဲမှားခဲ့ရသဖြင့် 'မိမိ၏သီလ ပျက်ခဲ့လေသလောဟု ကုက္ကုစ္စ သံသယဖြစ်နေ မိသည်'ဟု ပြောပြလေရာ တမန်များက 'မိမိပိုင် ဥစ္စာပစ္စည်းများကို မိမိသဘောကျ ခွဲဝေပေးခြင်းသည် အပြစ်မရှိပါ၊ သီလမပျက်ပါ'ဟု ပြောဆို၍ မယ်တော်ထံမှလည်း 'ကုရုဓမ္မ'ကို ရေးကူးယူခဲ့ကြသည်။ ထို့နောက် မယ်တော်၏ ညွှန်ကြားချက်အရ မိဖုရား ထံသို့ လာခဲ့ကြသည်။

မိဖုရားကြီးကလည်း 'မိမိသည် တစ်ခါက မတ်တော်ဖြစ်သူ အိမ်ရှေ့မင်းအား ကိလေသာစိတ်ဖြင့် ကြည့်မိခဲ့ပါသည်။ ထို့ကြောင့် မိမိ၏ သီလပျက်ခဲ့ရသည် ထင်ပါ သည်'ဟု ပြောရာ တမန်များက 'အရှင်မ၊ စိတ်ကူးရုံမျှဖြင့် လွန်ကျူးမှု မဖြစ်ပါ၊ 'ကုရုဓမ္မ' ကိုသာ ပေးတော်မူပါ'ဟု ဆို၍ မိဖုရားကြီးထံမှလည်း ရေးကူးယူကြပြန်သည်။ ထို့နောက် မိဖုရားကြီး ညွှန်ကြားလိုက်သော အိမ်ရှေ့မင်းထံသို့ ဆက်၍ လာခဲ့ကြပြန်သည်။

အိမ်ရှေ့မင်းသည်လည်း 'တစ်ရံယောအခါက မိမိ၏ အခြွေအရံများသည် မိမိကြောင့် တစ်ညလုံး မိုးရေပြင်ထဲ၌ ဆင်းရဲပင်ပန်းကြီးစွာ နေခဲ့ကြရသည်။ ထိုအကြောင်း ကြောင့် မိမိ သီလကျိုးပေါက်ခဲ့ရသည်ဟု မှတ်ယူထားပါသည်'ဟု တမန်များအား ပြောပြရာ 'အရှင်မင်းသားတွင် သူတို့အား ပင်ပန်းစေလိုသော စေတနာမရှိ၍ ကံမမြောက်ပါ'ဟု ဆို၍ 'ကုရုဓမ္မ'ကို ရေးကူးယူကြပြန်သည်။ ထို့နောက် အိမ်ရှေ့မင်း ညွှန်ကြားလိုက်သော ပုရောဟိတ် အမတ်ကြီးထံသို့ ရောက်ခဲ့ကြရပြန်သည်။

ပုရောဟိတ် အမတ်ကြီးသည်လည်း 'မိမိသည် တစ်ချိန်သောအခါက ဓနဥ္စယ ကောရဗျမင်းအား တိုင်းခြားမင်းတစ်ပါးက ဆက်သလာသော ရထားသစ် တစ်စီးကို

http://www.dhammadownload.com



လိုချင်လောဘစိတ် ဖြစ်ပေါ်မိခဲ့၍ မိမိသီလပျက်ခဲ့ရပြီဟု ထင်နေပါသည်'ဟု တမန်များအား ပြောပြသောအခါ တမန်များက 'လောဘစိတ် ဖြစ်ပေါ်ကာမျှနှင့် သီလမပျက်ပါ'ဟု ပြော၍ 'ကုရုဓမ္မ'ကို ရေးကူးယူကြပြန်သည်။ ပုရောဟိတ်ကြီး၏ လမ်းညွှန်ချက်ဖြင့် မြေတိုင်းအမတ်ထံသို့ ဆက်၍ လာခဲ့ကြပြန်သည်။

မြေတိုင်းအမတ်သည်လည်း 'တစ်ခါက လယ်မြေ တိုင်းတာရာတွင် ကြိုးစွန်းချည်သော လုံတံကို ပုစွန်တွင်း၌ စိုက်ခဲ့ရာ ပုစွန်သည် လုံတံထိုးမိ၍ သေခဲ့ရသဖြင့် မိမိသီလကို စိတ်မချပါ'ဟု တမန်များအား ပြောပြသည်။ တမန်များက 'သေစေလိုသော စေတနာမရှိ၍ ကံမမြောက်ပါ'ဟု ပြောကြပြီးလျှင် 'ဂုရုဓမ္မ'ကို ရေးကူးယူကြပြန်သည်။ တစ်ဖန် ထိုအမတ်၏ ညွှန်ပြချက်အရ ရထားထိန်းထံသို့ ရောက်ခဲ့ကြရပြန်သည်။

ရထားထိန်းသည်လည်း 'တစ်ရံယောအခါက မိမိသည် ရထားပေါ်တွင် မင်းကြီးကို တင်ဆောင်၍ ဥယျာဉ်တော်မှ ပြန်လာစဉ် မိုးသားတိမ်မည်းတို့ တက်လာသည်ကို မြင်ရ၍ မင်းကြီးအား မိုးမိမည်စိုးသဖြင့် သိန္ဓောမြင်းများအား နှင်တံနှင့် တို့၍ တို့၍ ပေးသည်။ နောင်သောအခါ သိန္ဓောမြင်းများသည် ထိုနေရာသို့ ရောက်တိုင်း လျင်မြန်စွာ ပြေးနေကြသဖြင့် ပင်ပန်းကြရသည်။ ဤအကြောင်းကြောင့် မိမိ၏ သီလကို အားမရနိုင်ပါ'ဟု တမန်များအား ပြောပြသည်။ တမန်များက 'သင့်တွင် ပင်ပန်းစေလိုသော စေတနာမရှိသဖြင့် အပြစ်မရှိပေ'ဟု ပြောပြ၍ 'ကုရုဓမ္မ'ကို ရေးကူးသွားကြပြန်သည်။ ထိုသူ၏ လမ်းညွှန်ချက်အရ သူဌေးကြီးထံသို့ ဆက်၍ သွားကြပြန်သည်။

သူဌေးကြီးသည်လည်း 'တစ်ရံယောအခါက မင်းကြီးအတွက် သတ်မှတ်ပေးထားသော မိမိ၏ သလေးလယ်ကွက်မှ ကောက်နှံပန်းတစ်ဆုပ်ကို ခူးယူ၍ မိမိ၏ ဦးသျှောင်၌ ပန်ဆင်ခဲ့မိရာ မင်းကြီးထက် အလျင် သုံးစွဲမိသောကြောင့် သီလပျက်ရသည်' ဟု သံတမန်များအား ပြောပြသောအခါ 'သူဌေးမင်းတွင် ခိုးလိုသောစိတ် မရှိခဲ့၍ အဒိန္နာဒါန မဖြစ်ပါ'ဟု တမန်များက ပြောကြပြီး 'ကုရုဓမ္မ'ကို ထပ်မံ၍ ရေးကူးကြပြန်သည်။

ထို့နောက် သူဌေးကြီး စေညွှန်းလိုက်သော တင်းခြင် အမတ်ထံသို့ လာခဲ့ကြပြန်သည်။

တင်းခြင်အမတ်သည်လည်း 'တစ်ခါက စပါးများကို တင်းဖြင့် ခြင်တွယ်ရာ ခြင်တွယ်ခြင်း မပြုသေးသော စပါးပုံမှ စပါးများကိုယူ၍ အမှတ်အစု ပြုလုပ်ခဲ့မိသည်။ စပါးများ ခြင်တွယ်ပြီးသောအခါ ထိုအမှတ်အစု စပါးများကို ကောက်ယူ၍ စပါးပုံတစ်ခု၌ အမှတ်တမဲ့ ရောထည့်လိုက်မိရာ ခြင်တွယ်ပြီးသော စပါးပုံ၌ ရောထည့်မိလား၊ မခြင်တွယ်ရသေးသော စပါးပုံ၌ ရောထည့်မိလား၊ ကွဲကွဲပြားပြား မသိပါ၊ ခြင်တွယ်ပြီးသား စပါးပုံ

http://www.dhammadownload.com



၍သော ရောထည့်မိခဲ့လျှင် စပါးရှင်သည့် နစ်နာ၍ မိမိသီလလည်း ပျက်စီးရပါလိမ့်မည်'ဟု တမန်များအား ပြောပြရာ တမန်များက 'ခိုးလိုသောစိတ် မရှိသဖြင့် သီလမပျက်ပါ'ဟု ပြောဆိုကြပြီးလျှင် 'ကုရုဓမ္မ'ကို ရေးကူးယူကြပြန်သည်။ ထို့နောက် တင်းခြင်အမတ် ညွှန်ပြလိုက်သော တံခါးမှူးထံသို့ ရောက်ကြရပြန်သည်။

တံခါးမှူးသည်လည်း တစ်ရံသောအခါ တံခါးဝနားသို့ ရောက်လာကြသော မောင်နှမနှစ်ယောက်အား လင်မယားအထင်နှင့် ပြောဆိုမိခဲ့ပါသည်၊ သို့ကြောင့် သူ့သီလ ပျက်သည်ဟု ယူဆကြောင်းပြောသည်။ တမန်များက 'လင်မယားထင်၍ ပြောဆိုမိခြင်းသာ ဖြစ်သောကြောင့် သင့်သီလမပျက်ပါ'ဟု ပြောကြပြီးလျှင် 'ကုရုဓမ္မ'ကို ထပ်မံ ရေးကူးကြပြန်သည်။ ပြီးလျှင် တံခါးမှူး ညွှန်ကြားလိုက်သော ပြည့်တန်ဆာမထံသို့ ဆက်၍ လာခဲ့ကြပြန်သည်။

ပြည့်တန်ဆာမသည်လည်း 'တစ်ချိန်က အမျိုးသားတစ်ယောက်ထံမှ အဖိုးအခ များ ယူပြီး မကျေမီ အခြား အမျိုးသား တစ်ယောက်ထံမှ အဖိုးအခကို လက်ခံရန် လက်ဖြန့်မိခဲ့သည်။ ယူကား မယူမိခဲ့။ ထိုအကြောင်းကြောင့် မိမိသီလသည် ပျက်စီးခဲ့ရပြီ ထင်ပါသည်'ဟု တမန်များအား ပြောပြရာ တမန်များက လက်ဖြန့်ရုံမျှဖြင့် သီလ မပျက်ပါ၊ သီလသည် အလွန်စင်ကြယ်လှပါသည်'ဟု ပြောဆိုကြပြီးနောက် 'ကုရုဓမ္မ'ကို ရွှေပြား၌ ရေးကူးယူကြပြန်သည်။

ဤသို့ဖြင့် တစ်ကျိပ် တစ်ယောက်သော သူတို့၏ သီလကို ရွှေပြား၌ ရေးကူးခဲ့ ကြပြီးလျှင် ကာလိင်္ဂမင်းအား ဆက်သကြသည်။ ကာလိင်္ဂမင်းသည် 'ကုရုဓမ္မ'ကို စောင့်ထိန်းရာ ထိုခဏ၌ပင် ကာလိင်္ဂတိုင်း၌ မိုးရွာသဖြင့် ဘေးသုံးပါးတို့သည်လည်း ငြိမ်းအေးသွားခဲ့သည်။ နိုင်ငံသည်လည်း သာယာဝပြောလာသည်။

ဇာတ်ပေါင်း။ ။ ပြည့်တန်ဆာမ-ဥပ္ပလဝဏ်ထေရ်ရီ၊ တံခါးမှူး-ပုဏ္ဏမထေရ်၊
မြေတိုင်းအမတ်-ကစ္စည်းမထေရ်၊
တင်းခြင်အမတ်-မောဂ္ဂလာန်မထေရ်၊
သူဌေး-အရှင်သာရိပုတ္တရာ၊ ရထားထိန်း-အရှင်အနုရုဒ္ဓါ၊
ပုရောဟိတ်-ကဿပမထေရ်၊ အိမ်ရှေ့မင်း-နန္ဒပညာရှိ၊
မိဖုရားကြီး-ရာဟုလာမယ်တော်၊
မယ်တော်ကြီး-မယ်တော်မာယာ၊ ဓနဥ္စယကောရဗျမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူတိုင်းသီလရှိလျှင် တိုင်းပြည်အေးချမ်းမည်။

http://www.dhammadownload.com



# ၂၇၃။ ရောမကဇာတ်

## ခိုများကို သတ်လိုသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်အား သတ်ဖြတ်ရန် ကြိုးပမ်းသော ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အခြံအရံများစွာရှိသော ရောမက ခိုမင်းဖြစ်နေသည်။ ခိုမင်းသည် သူတို့နှင့် မနီးမဝေးတွင် နေသော ရသေ့တစ်ပါးထံသို့ ရံဖန်ရံခါသွား၍ တရားများ နာယူသည်။ ထိုရသေ့ကြီး ပြောင်းရွှေ့သွားခဲ့သော် အခြားရသေ့တစ်ပါး ရောက်လာသည်။ ဘုရားလောင်းခိုသည် ထိုရသေ့ကိုလည်း သီလရှိသည်ထင်၍ ဆည်းကပ် ခ,စားသည်။

တစ်နေ့တွင် ထိုရသေ့သည် ရွာသားတစ်ယောက် လာရောက် လှူဒါန်းသော ခိုသားဟင်းကို စားမိခဲ့ရာမှ စားလိုစိတ် ဖြစ်ပေါ်နေသည်။

ထို့ကြောင့် ရသေ့သည် မိမိထံသို့ လာရောက်နေကျ ခိုများအား သတ်ဖြတ်စားသောက်ရန် ကြံစည်ပြီး ဆောက်ပုတ်ကို သင်္ကန်းစွန်းဖြင့် ဖုံးကိုင်ကာ ကျောက်တံခါးဝတွင် ထိုင်၍ ခိုများအလာကို စောင့်နေစဉ် ခိုများ ရောက်လာကြသည်။ ဘုရားလောင်းသည် ရသေ့ကြီး မူမမှန် ဖြစ်နေသည်ကို သတိပြုမိကြသောကြောင့် ခါတိုင်းရက်များကကဲ့သို့ ရသေ့အနီးသို့ ချဉ်းကပ်ခြင်း မပြုကြပေ။ ပါးနပ်သော ဘုရားလောင်းခိုသည် ရသေ့၏ လေအောက်ဘက်မှ သွား၍ ကိုယ်နံ့ကို ခံကြည့်သည်။ ရသေ့၏ကိုယ်မှ ခိုသားနံ့များ ရလိုက်သဖြင့် သူ့ပရိသတ်ကို ခေါ်၍ ထိုနေရာမှ ထွက်ခွာလာခဲ့သည်။

ရသေ့သည် သင်္ကန်းစွန်းဖြင့် ဖုံးထားသော ဆောက်ပုတ်ဖြင့် လှမ်းပစ်လိုက်ရာ ဘုရားလောင်းခိုကို မထိမှန်ချေ။ ဘုရားလောင်းက 'ရသေ့၊ သင်သည် ငါ့ကိုကား လွဲချော်၏။ အပါယ်လေးပါးကိုကား သင်မလွဲချော်နိုင်။ အကယ်၍ ဤကျောင်း၌ ဆက်နေခဲ့လျှင် သင့်အကြောင်းကို ရွာသားများအား ပြောပြ၍ သင့်ကို ဖမ်းဆီးနိုင်းရလိမ့်မည်'ဟု ဆိုခဲ့ပြီးလျှင် ဝေးရာသို့ ပြန်ထွက်သွားလေသည်။ ရသေ့ယုတ်သည်လည်း ထိုကျောင်းမှ ပြောင်းရွှေ့သွားသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ တောက်ကျွစ်သောရသေ့-ဒေဝဒတ်၊
သီလရှိသောရသေ့-အရှင်သာရိပုတ္တရာ၊ ခိုမင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အယောင်ဆောင်သူကို ဝေးဝေးမှရှောင်ပါ။

---

# ၂၇၈။ မဟိံသရာဇဇာတ်

## ကျွဲဆိုးခတ်ခံရသူ မျောက်

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိ၌ အမျိုးသားတစ်ဦး မွေးထားသော မျောက်သည် ဆင်ကျောက်ကုန်းပေါ်သို့ တက်ကာ ကျင်ကြီးကျင်ငယ်စွန့်လေ့ရှိ၏။ တစ်နေ့တွင် ထိုဆင်၏နေရာ၌ အခြားဆင်တစ်ကောင် ရောက်လာသည်။ မျောက်သည် ဆင်ကျောက်ကုန်းပေါ်သို့တက်သောအခါ ဆင်ကနှာမောင်းဖြင့်ယူပြီး နင်းသတ်လိုက်သည်။ ဤမျောက်ကို အကြောင်းပြုကာ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကျွဲမျိုး၌ ဖြစ်နေသည်။ ကျွဲမင်းသည် အစာစားပြီးချိန်၌ ဟိမဝန္တာတောင်ခြေရှိ သစ်ပင်ကြီး တစ်ပင်ရင်းတွင် နားခိုလေ့ရှိသည်။ မျောက်တစ်ကောင်သည် ထိုသစ်ပင်မှ ဆင်းလာ၍ ကျွဲ၏ ကျောက်ကုန်းပေါ်သို့ တက်ကာ ကျင်ကြီးကျင်ငယ်များ စွန့်ချသည်။ ဦးချိုကိုကိုင်၍ ဟီးလေးခိုသည်။ အမြီးကို ဆွဲ၍ ပုခက်လွှဲသည်။ သို့ရာတွင် ဘုရားလောင်းကျွဲမင်းကား အမျက်မထွက်ဘဲ ကြိမ်ဖန်များစွာ စော်ကားသော်လည်း သည်းခံနေသည်။

ဘုရားလောင်း ကျွဲမင်း သစ်ပင်ရင်းမှ ပြောင်းရွှေ့သွားသောအခါ အခြား ကျွဲကြမ်းကြီး တစ်ကောင်သည် ထိုနေရာသို့ လာရောက်နေထိုင်သည်။ မျောက်သည် ယခင်ကျွဲပင် ထင်မှတ်၍ ကျင်ကြီး ကျင်ငယ်များကို စွန့်ပြန်ရာ ကျွဲကြမ်းကြီးသည် မျောက်ကိုခါချ၍ ဦးချိုဖြင့် ခတ်လိုက်သဖြင့် မျောက်သေဆုံးရသည်။

ဇာတ်ပေါင်း။ ။ ကျွဲကြမ်းကြီး-ဆင်ကြမ်း၊ ယခင်မျောက်-ယခုလည်းမျောက်၊
ကျွဲမင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ လော်မာသူသည် တစ်နေ့ဘေးတွေ့ရမည်သာ။

---

http://www.dhammadownload.com



# ၂၇၉။ သတ္တုပတ္တဇာတ်

## မိတ်ဆွေကို ရန်သူထင်သူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ငြိမ်းအေးပြီးသော အဓိကရုဏ်းကို ပြန်လည်ဖြစ်ပေါ်လာစေရန် လှုံ့ဆော် ရန်တိုက်ပေးလေ့ရှိကြသော ရဟန်းများကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိကရွာငယ်တွင် လူဆိုးဗိုလ်ကြီးဖြစ်၍ လုယက်တိုက်ခိုက်ခြင်းဖြင့် အသက်မွေးနေသည်။ ဗာရာဏသီမှ သူကြွယ်တစ်ယောက်သည် ကျေးလက်ရွာသား တစ်ယောက်အား အသပြာငွေတစ်ထောင် ချေးထားခဲ့ပြီးနောက် ကွယ်လွန်သွားခဲ့သည်။ ဇနီးဖြစ်သူလည်း သေအံ့ဆဲဆဲ ရှိသောအခါ သားဖြစ်သူအား ထိုကြွေးမြီကို သွားရောက်တောင်းခံရန် စေလွှတ်လိုက်သည်။ သားဖြစ်သူ အိမ်မှ ထွက်သွားသည်ဆိုလျှင်ပင် မိခင် ကွယ်လွန်သွားသည်။ သား၌ ချစ်ဇောကပ်နေသဖြင့် သားလာမည့်လမ်းတွင် ဥပပတ်ပဋိသန္ဓေဖြင့် မြေခွေးမဖြစ်လေသည်။

ကြွေးတောင်းရာမှ ပြန်လာသော လူငယ်သည် ထိုတောအုပ်ထဲသို့ ဝင်မည်ပြုရာ မြေခွေးမသည် ရှေ့မှဖြတ်သန်း၍ 'တောအုပ်ထဲသို့ မဝင်လင့်၊ အန္တရာယ်ရှိသည်' ဆိုသည့်သဘောဖြင့် အကြိမ်ကြိမ် အဖန်ဖန် ဟောင်လျက် တားသည်။ လူငယ်သည် အဓိပ္ပာယ်ကို နားမလည်၍ ခဲ၊ လုံတို့ဖြင့် မြေခွေးမကို ပစ်ခတ်၍ တောအုပ်ထဲသို့ ဝင်လာခဲ့သည်။ ထိုအခါ ခေါက်ရှာငှက် တစ်ကောင်သည် 'ဤယောက်ျားတွင် အသပြာ ငွေတစ်ထောင်ပါသည်။ သူ့ကို သတ်၍ အသပြာငွေကို ယူကြကုန်လော့'ဟု မြည်လျက် လူဆိုးများရှိရာသို့ ပြန်သွားသည်။ လူငယ်သည် ထိုငှက်ကို မင်္ဂလာငှက်ဟု ယူဆကာ 'အရှင်၊ မြည်ပါဦးလော့'ဟု ဆို၍ ခေါက်ရှာငှက်ကို လက်အုပ်ချီသည်။

လူဆိုးဗိုလ်ကား သတ္တဝါတို့၏ အသံကို သိနားလည်သူဖြစ်၍ မြေခွေးမသည် လူငယ်၏ အမိဖြစ်နိုင်သည်ကို လည်းကောင်း၊ ခေါက်ရှာငှက်သည် လူငယ်၏ ရန်သူဖြစ်နိုင်သည်ကို လည်းကောင်း သဘောပေါက်လေသည်။ ထို့ကြောင့် လူငယ်ကို ဖမ်းမိသောအခါ အကျိုးအကြောင်းကို မေးစစ်ပြီးနောက် 'သင်သည် အကျိုးစီးပွားကို အလိုရှိသောဘဝဟောင်းမိခင်ဖြစ်သူ မြေခွေးမကို ရန်သူ ထင်ခဲ့သည်။ သင့်မှာပါသော ငွေကို လုယူရန်

http://www.dhammadownload.com



ငှက်တို့ဘာသာဖြင့် တိုက်တွန်းသော ခေါက်ရှာငှက်ကိုမူ အကျိုးစီးပွားကို အလိုရှိသူအဖြစ် မှတ်ယူခဲ့သည်။ သင့်မိခင်သည် သင့်အပေါ်၌ ကျေးဇူးများသူ ဖြစ်သည်။ ထိုမိခင်၏ ဂုဏ်ကျေးဇူးကို အာရုံပြု၍ တစ်ထောင်သော ငွေအသပြာကို ချမ်းသာခွင့် ပြုလိုက်သည်။ 'သင် သွားလေလော့'ဟု ဆို၍ ပြန်လွှတ်ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ လူဆိုးဗိုလ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မိတ်ဆွေနှင့်ရန်သူ ခွဲခြားတတ်ဖို့လိုသည်။

---

# ၂၈၀။ ပုဋဒူသကဇာတ်

## ဖျက်ဆီးတတ်သော မျောက်တို့၏ သဘာဝ

**ပစ္စုပ္ပန်ဝတ္ထု**

အသုံးပြုရန် ခူး၍ချထားသော သစ်ရွက်ထုပ်များကို ဖျက်ဆီးသော ဥယျာဉ်စောင့်၏သားငယ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့တွင် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် ပုဏ္ဏားသည် မျောက်တို့ နေထိုင်ကြသော ဥယျာဉ်ထဲသို့ ရောက်သွားရာ ဥယျာဉ်စောင့်သည် အရွက်နှင့်ပြည့်စုံသော သစ်ပင်သို့တက်၍ အရွက်ကြီးကြီးလှလှတို့ကို ခူးယူကာ သစ်ပင်ရင်းသို့ သစ်ရွက်ထုပ် များကို ချသည်။ မျောက်ကြီးတစ်ကောင်သည် ချပေးတိုင်းသော သစ်ရွက်ထုပ်များကို ဖျက်ဆီးနေသည်။ ပုဏ္ဏားက ထိုမျောက်အား 'ပိုမိုကောင်းမွန်သော သစ်ရွက်ထုပ်များကို လို၍လော'ဟု မေးရာ မျောက်ကြီးက 'မဟုတ်ပါ၊ ဖျက်ဆီးတတ်သော အလေ့သည် မျောက်တို့၏ သဘာဝပင် ဖြစ်ပါသည်'ဟု ပြန်ပြောရာ 'ပုဏ္ဏားက သင်တို့၏ သဘာဝ ဟုတ်သည်ကို လည်းကောင်း၊ မဟုတ်သည်ကို လည်းကောင်း ငါမမြင်လို'ဟု ဆိုပြီးလျှင် ဥယျာဉ်မှ ထွက်ခွာသွားလေသည်။

**ဇာတ်ပေါင်း။** ။ မျောက်ကြီး-အထုပ်ကို ဖျက်ဆီးတတ်သော လူငယ်၊ ပုဏ္ဏား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မကောင်းလျှင် ဓလေ့ထုံးစံကိုလည်း ပယ်ရမည်။

ဥဒပါနဝဂ် ပြီးပြီ။

---

http://www.dhammadownload.com



# ၄။ အဗ္ဘန္တရဝဂ်

## ၂၈၁။ အဗ္ဘန္တရဇာတ်

### တာဝတိံသာမှပွင့်သော ကျေးယင်

**ပစ္စုပ္ပန်ဝတ္ထု**

လေနာရောဂါကြောင့် မကျန်းမမာဖြစ်နေသော ယသော်ဓရာ ထေရီရိမအား ရှင်သာရိပုတ္တရာ ဆွမ်းခံရာမှ ရရှိခဲ့သော သရက်သီးဖျော်ရည်ကို သောက်ရသဖြင့် ရောဂါ ငြိမ်းအေးမှုကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ်ရ ရသေ့ဖြစ်၍ နောက်လိုက် ရသေ့များနှင့်အတူ ချဉ်, ဆား မှီဝဲရန် ဗာရာဏသီသို့ ထွက်လာကာ မင်းဥယျာဉ်တွင် စခန်းချတည်းခိုကြသည်။ ထိုရသေ့တို့၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်လာသဖြင့် သိကြားမင်းသည် ထိုရသေ့များအား နှိပ်စက်ရန် ဆုံးဖြတ်လိုက်ကာ သန်းခေါင်ယံ၌ မိဖုရားကြီး၏ ကျက်သရေခန်းသို့ဝင်၍ 'သင်မိဖုရားကြီးသည် အဗ္ဘန္တရ သရက်သီးကို စားရလျှင် သားရတနာ ရလိမ့်မည်၊ ထိုသားသည် စကြဝတေးမင်း ဖြစ်လိမ့်မည်'ဟု ပြောဆိုလာသည်။ .

နောက်နေ့နံနက်တွင် မိဖုရားကြီးသည်း မင်းအား အကျိုးအကြောင်း ပြောပြကာ အဗ္ဘန္တရ သရက်သီးကို အရှာခိုင်း၏။ မင်းကြီးသည် အမတ်များကို ခေါ်၍ ဥယျာဉ်တော်သို့ စေလွှတ်ကာ ထိုသရက်သီး ရှာဖွေစေသည်။ သိကြားမင်းသည် သရက်သီးအားလုံးကို တန်ခိုးဖြင့် ကွယ်ထားလိုက်ပြီးဖြစ်၍ သရက်သီး တစ်လုံးမျှ ရှာမတွေ့ချေ။ 'သရက်သီးများကို မည်သူတို့ ရူးဆွတ်စားသောက်ကြသနည်း'ဟု မင်းကြီး မေးသဖြင့် 'ဥယျာဉ်တော်ထဲရှိ ရသေ့များ ခူးဆွတ်စားသောက်ကြခြင်း ဖြစ်ပါသည်'ဟု မင်းမှုထမ်းများက လျှောက်ကြသောကြောင့် မင်းကြီးသည် ရသေ့များအား ရိုက်ပုတ်၍ ဥယျာဉ်တော်ထဲမှ နှင်ထုတ်ရန် အမိန့်ပေးလိုက်သည်။ ဤသို့ဖြင့် သိကြားမင်း၏ အလိုဆန္ဒ ပြည့်ဝသွားလေသည်။

မိဖုရားကြီး၏ ချင်ခြင်းအာသာမှာ မပြေပျောက်သေးသဖြင့် အမတ်ပုဏ္ဏားတို့ကို ခေါ်ယူ၍ အဗ္ဘန္တရ သရက်သီးရနိုင်မည့် အခြားနေရာများကို မေးမြန်းသော် အဗ္ဘန္တရ

http://www.dhammadownload.com



သရက်ပင်သည် ဟိမဝန္တာရှိ ရွှေဂူထဲတွင် ရှိသည်ကို တစ်ဆင့်စကား မှတ်သားရဖူးပါသည်။ ထိုအရပ်သို့ လူပုဂ္ဂိုလ်များ မရောက်နိုင်ပါ။ ကျေးသားငယ် တစ်ကောင်ကို စေလွှတ်သင့်ပါသည်'ဟု လျှောက်တင်ကြသည်။

ထိုအခါ မင်းကြီးသည် မိမိမွေးစားထားသော ကျေးလိမ္မာကို အဗ္ဗန္တရ သရက်သီး ရှာဖွေရန် ဟိမဝန္တာတောဘက်သို့ စေလွှတ်ရာ ကျေးလိမ္မာသည် ဟိမဝန္တာ၏ ပထမ တောင်ကြားသို့ ရောက်သောအခါ ထိုနေရာတွင် နိမိုးနေကြသည့် ကျေးများထံ အဗ္ဗန္တရ သရက်သီးရှိရာကို စူးစမ်းသည်။ ထိုကျေးများက မပြောနိုင်ကြဘဲ သတ္တမမြောက် တောင်ကြားတွင် နေထိုင်ကြသည့် ကျေးများနှင့်တွေ့မှ အဗ္ဗန္တရ သရက်ပင်သည် ဝေဿဝဏ် နတ်မင်း၏ အသုံးအဆောင်ဖြစ်၍ အပင်ကို အမြစ်ရင်းမှစ၍ သံကွန်ရက် ခုနစ်ထပ်ဖြင့် ဖုံးအုပ်ထားပါသည်။ ကုမ္ဘဏ် ရက္ခိုသ် တစ်ထောင်တို့ စောင့်ရှောက်ကြပါသည်'ဟု ပြောပြလိုက်ကြသည်။

ကျေးလိမ္မာလည်း ထိုကျေးများ၏ လမ်းညွှန်ချက်အတိုင်း လာခဲ့ရာ အဗ္ဗန္တရ သရက်ပင် ရှိရာသို့ ရောက်လာပြီး နေ့ခင်း၌ လုံခြုံရာတွင် ပုန်းလျှိုးနေကာ ညသန်းခေါင်ယံ၌ တိတ်တဆိတ် ဝင်ရောက်ရန် ကြိုးစားရာ သံကွန်ရက်ကို ထိခိုက်မိလျှင် 'ချွင်...ချွင်'ဟူသော အသံများ ထွက်သွားသဖြင့် ရက္ခိုသ်များ၏ ဖမ်းဆီးခြင်းကို ခံလိုက်ရသည်။ ကျေးလိမ္မာက ရက္ခိုသ်များအား 'သင်တို့လည်း မင်းမှုထမ်းဖြစ်သည်၊ ငါလည်း မင်းမှုထမ်းပင် ဖြစ်သည်၊ မိဘနှင့် အရှင်သခင်များအတွက် အသက်ကို စွန့်လှူသော သူသည် သေလွန်ပြီးနောက် နတ်ပြည်၌ ဖြစ်ရလိမ့်မည်' စသည်ဖြင့် ပြောဆိုသည်။

ရက္ခိုသ်များသည် ကျေးသား၏ စကားကို သဘောကျကြသဖြင့် မသတ်တော့ဘဲ ပြန်လွှတ်လိုက်ရန် စီစဉ်ကြရာ ကျေးသားက 'မိမိလာခဲ့ရသည်ကို အချည်းနှီး မဖြစ်စေသင့်ပါ။ သရက်သီးတစ်လုံးမျှတော့ ပေးသင့်ပါသည်'ဟု တောင်းပန်သည်။ ရက္ခိုသ်များက 'ဤသရက်သီးများကို ရေတွက်ထားသည်ဖြစ်၍ တစ်လုံးမျှ လျော့နည်းသွား၍ မဖြစ်ပါ။ ဤရွှေတောင်၏အကြား၌ ဝေဿဝဏ်နတ်မင်း၏ ဆရာဖြစ်သော 'ဇောတိရသရသေ့' ရှိပါသည်။ ထိုရသေ့ထံသို့ နေ့စဉ် သရက်သီးလေးလုံး ပို့လှူနေကျ ဖြစ်ပါသည်။ အလိုရှိပါက ထိုရသေ့ကြီးထံမှ တောင်းခံပါလေ'ဟု ပြောကြားကြသည်။

ကျေးသားသည် ထိုရသေ့ထံသို့ သွားရောက်၍ အကျိုးအကြောင်းကို လျှောက်ထားရာ ရသေ့ကြီးသည် ဝေဿဝဏ် နတ်မင်းကြီးထံမှ ပို့လှူသော သရက်သီးလေးလုံး အနက် နှစ်လုံးကို မိမိ စားသည်။ တစ်လုံးကို ကျေးသားအား ကျွေးသည်။ ကျန်တစ်လုံးကို

http://www.dhammadownload.com



မိဖုရားကြီးအတွက် ပေးလိုက်သည်။ မိဖုရားကြီးသည် ထိုသရက်သီးကို စားရသောကြောင့် ချက်ချင်းအာသာပြေငြိမ်းခဲ့သည်။

ဇာတ်ပေါင်း။ ။ မိဖုရားကြီး-ရာဟုလာမယ်တော်၊ တျေးသား-အရှင်အာနန္ဒာ၊
ဇောတိသရသေ့-အရှင်သာရိပုတ္တရာ၊
ဥယျာဉ်ထဲရှိနေခဲ့သောရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဝန်ထမ်းကောင်းသည် တာဝန်ကိုကျေပွန်စွာဆောင်ရွက်သည်။

---

## ၂၈၂။ သေယျဇာတ်

### ဝေဿာဏ်အာရွမိး

**ပစ္စုပ္ပန်ဝတ္ထု**

မနာလိုသူတို့၏ ကုန်းချောစကားကြောင့် အချုပ်အနှောင်ခံရသော အမတ် တစ်ဦးသည် အချိန်ကို အချည်းနှီး မဖြစ်စေဘဲ သခ်ါရတရားတို့ကို ဝိပဿနာတင် ဆင်ခြင်သုံးသပ်သဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်သွားရာ ကောသလမင်းကြီးက အဖြစ်မှန်ကိုသိ၍ အချုပ်ထောင်မှ လွှတ်ပြီး ရှေးကထက် နှစ်ဆတိုး၍ ထိုအမတ်အား ချီးမြှောက်သော အကြောင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုမင်းသည် မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ပြည့်စုံ၍ ဒါနမှု၊ သီလမှုတို့၌လည်း မွေ့လျော်သည်။ တစ်နေ့တွင် နန်းတွင်း၌ အမတ်တစ်ဦး၏ ပြစ်မှားကျူးလွန်သည့် အမှုကို သိရလျှင် ထိုအမတ်ကို နန်းတွင်းမှ နှင်ထုတ်လိုက်ရာ အမတ်သည် ပြည်နီးချင်း မင်းတစ်ပါးထံ သွားရောက်၍ ခစားနေသည်။

ဤနောက်ပိုင်း ဝတ္ထုကြောင်းများသည် ဇာတ်တော်အမှတ်(၅၁) 'မဟာသီဝဇာတ်' နှင့် တူသည်။

အမတ်၏ ကုန်းချောမှုကြောင့် ပြည်နီးချင်း ခိုးသူမင်းသည် ဗာရာဏသီမြို့ တွင်းသို့ ဝင်ရောက်လာပြီး မင်းနှင့်တကွ အမတ်ခုနစ်ရာတို့ကို ဖမ်း၍ သံခြေကျင်းခတ်ကာ

http://www.dhammadownload.com



နောင်အိမ်ထဲ သွင်းထားလိုက်သည်။ မင်းကြီးသည် ထိုရန်သူအပေါ် အမျက်မထားဘဲ နောင်အိမ်ထဲတွင် နေရင်းက မေတ္တာစျာန်ကိုဖြစ်စေ၍ ခိုးသူမင်းကို မေတ္တာပွားသည်။ ယင်းမေတ္တာ၏ အာနုဘော်ကြောင့် ခိုးသူမင်း၏ကိုယ်မှာ မီးရှူးတို့ဖြင့် အရှို့အမြိုက် ခံရဘိသကဲ့သို့ ပူပြင်းမှုများ ဖြစ်ပေါ်လာရသည်။ ထိုအကြောင်းကို အမတ်တို့အားမေးရာ သီလရှိသောမင်းကို ပြစ်မှား၍ဖြစ်ကြောင်း လျှောက်ထားကြသည်။ ခိုးသူမင်းသည် ဗာရာဏသီမင်းထံသွား၍ ကန်တော့တောင်းပန်ကာ ထီးနန်းနှင့်တကွ ပြည်ကို ပြန်၍ အပ်နှံသည်။ ထို့နောက် 'ဗာရာဏသီ နိုင်ငံတော်၏ ကာကွယ်ရေးကိစ္စ မှတ်သမျှကို ကျွန်ုပ် တာဝန်ယူပါသည်'ဟု လျှောက်ထားခဲ့ပြီးလျှင် မိမိနိုင်ငံသို့ ပြန်သွားသည်။ မကြာမီ မင်းကြီးလည်း ရသေ့ဝတ်၍ တောသို့ဝင်၏။

ဇာတ်ပေါင်း။ ။ ခိုးသူမင်း-အရှင်အာနန္ဒာ၊ ဗာရာဏသီမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မေတ္တာသည် ရန်သူကိုအောင်မြင်နိုင်၏။

---

## ၂၈၃။ ဝဍ္ဎကီသူကရဇာတ်

### ကျားကိုအောင်နိုင်သော ဝက်များ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းနှင့် အဇာတသတ်မင်းတို့သည် ဝေဒေဟီ မိဖုရားနှင့် ဗိမ္ဗိသာရမင်းတို့ထိမ်းမြားစဉ်က သမီးတော်ဝေဒေဟီအား ခမည်းတော် မဟာကောသလမင်းကြီးက အပိုင်စားပေးခဲ့သော ကာသိရွာကို အကြောင်းပြု၍ စစ်ခင်းကြရာ အဇာတသတ် မင်းကို စစ်အောင်နိုင်စေသည့် စစ်ရေးစစ်ရာ သေနင်္ဂဗျူဟာကို ဓနုဂ္ဂဟမထေရ်နှင့် ဒတ္တမထေရ်တို့ ညဉ့်အခါ၌ ပြောဆိုဆွေးနွေးကြသည်။ ဓနုဂ္ဂဟမထေရ်ပြောသည့်စကားကို သူလျှိုယောကျ်ားကြားသဖြင့် ကောသလမင်းအား လျှောက်သည်။ ကောသလမင်းသည် ကြားသည့်စကားအတိုင်း စစ်ထိုးရာ အောင်နိုင်၏။ ဓနုဂ္ဂဟတိဿမထေရ်ကို အကြောင်းပြု၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် တောတစ်ခု၌ ရုက္ခစိုးနတ် ဖြစ်နေသည်။ တစ်နေ့တွင် လက်သမားဆရာ တစ်ယောက်သည် တောထဲ၌ သစ်ကောင်းများ ရှာဖွေစဉ် တွင်းထဲ၌ ကျနေသော ဝက်တစ်ကောင်ကို တွေ့လိုက်ရသဖြင့် ထိုဝက်ငယ်ကို ယူ၍ 'ဝဍ္ဎကီသူကရ'ဟူသော အမည်ဖြင့် အိမ်၌ မွေးထားလိုက်

http://www.dhammadownload.com



သည်။ ယင်းဝက်ငယ်သည် ကြီးလာချိန်၌ ကိုယ်လုံးကိုယ်ထည် ကြီးမားလျက် လိမ္မာခြင်းလည်း ရှိသည်။ သခင်ဖြစ်သူအားလည်း အမျိုးမျိုးကူညီသည်။

ထို့ကြောင့် သခင်သည် သူမရှိချိန်၌ အခြားသူများ သတ်စားမည်စိုးသဖြင့် အိမ်တွင်မထားတော့ဘဲ တောထဲသို့ သွား၍ ပြန်လွှတ်ပေးလိုက်သည်။ ဝမှကီသူရက သည် တောင်ချောက်ကြားတစ်ခုသို့ ရောက်သွားရာ ဝက်အုပ်စုတစ်စုနှင့် တွေ့ဆုံသည်။ ယင်းနေရာသည် အစားအစာများ ပေါကြွယ်သော်လည်း ကျားဆိုး၏ ရန်ကြောင့် ဝက်များအစာကောင်းစွာ ရှာမစားရဲသဖြင့် ဝက်များမှာ ပိန်ချုံးနေကြရသည်။

ထိုအကြောင်းများကို သိရသောအခါ ဝမှကီသူရက က 'သင်တို့ အားလုံးသည် ငါ့အမိန့်ကို နာခံကြမည်ဆိုလျှင် ထိုကျားရန်ကို ငါရှင်းပေးမည်' ဟု ဆိုသည်။ ဝက်များက နာခံကြမည် ဖြစ်ကြောင်း ကတိပြုကြသည်။ ဝမှကီသူရကသည် ရန်ကိုအောင်နိုင်သောမြေအနေအထားကို ရွေးချယ်ကာ ဝက်ငယ်ကလေးများနှင့် ဝက်အိုကြီးများကို အလယ်တွင်နေစေသည် ၎င်းတို့ကို ဝန်းရံ၍ ဝက်မများ၊ ဝက်မများကို ဝန်းရံ၍ ဝက်ပျိုများ၊ ၎င်းတို့၏ အပြင်ဘက်၌ အစွယ်ရှည်သော ဝက်များ၊ ထိုဝက်များကို ဝိုင်းပတ်၍ စစ်ထိုးနိုင်စွမ်းရှိသော ဝက်များ၊ ဤသို့ အသီးသီး နေရာချထားပေးသည်။ ရှေ့ဘက်မှ ဝိုင်းဝန်းသောတွင်းတစ်ခုနှင့် နောက်ဘက်မှ အဝကျဉ်း၍ အောက်မှာကျယ်သော ဆောင်းသဏ္ဌာန်တွင်းတစ်ခုကို တူးစေသည်။ ထိုတွင်းနှစ်ခုတို့၏ အလယ်တွင် သူကနေရာယူထားလိုက်သည်။

နံနက်မိုးလင်းလျှင် ကျားသည် ဝက်များ မျက်နှာမူနေရာဘက်မှ တောင်ထိပ်ပေါ်သို့ တက်လာကာ ဝက်များကို လှမ်း၍ကြည့်လျှင်ပင် 'ယနေ့ ဝက်များကို ကွပ်ကဲသောဝက်တစ်ကောင် ရှိနေပုံရသည်။ ထိုဝက်များထံသို့ သွားသော် အောင်ပွဲရမည် မထင်' ဟု တွေးမိကာ ထိုနေရာမှ ပြန်လှည့်သွားခဲ့သည်။

ထိုကျားကိုမှီ၍ အသားများ စားနေသော ရသေ့စဉ်းလဲ တစ်ပါးသည် လက်ချည်းသက်သက် ပြန်လာသော ကျားကိုမြင်၍ မြှောက်ထိုးပင့်ကော် ပြောပေးလိုက်ရာ ကျားသည် ရဲစိတ်ဝင်လာပြီး ဝက်များရှိရာသို့ ပြန်လာခဲ့သည်။ ဝက်များနေရာသို့ ရောက်လျှင် တစ်စုံတစ်ရာ စဉ်းစားမနေတော့ဘဲ ဝမှကီသူကရအပေါ်သို့ ခုန်အုပ်လိုက်ရာ ဝမှကီသူကရသည် ရုတ်ခနဲ ရှေ့က တွင်းထဲသို့ ဆင်းလိုက်သည်။ အရှိန်ကို မထိန်းနိုင်တော့သော ကျားသည် နောက်ဘက်မှ ဆောင်းသဏ္ဌာန် မျက်နှာဝရှိသည့် တွင်းထဲသို့ ကျွမ်းပြန်၍ ကျသွားလေသည်။ ဝက်သည် တွင်းမှထွက်ပြီး ကျား၏ပေါင်ကြားကို အစွယ်ဖြင့် ထိုးသတ်လိုက်သည်။

http://www.dhammadownload.com



ဝက်များသည် ရသေ့စဉ်းလဲရှိရာသို့ပါ အုပ်စုလိုက် ချီတက်သွားကြပြီး တိုက်ခိုက် ချေမှုန်းပစ်လိုက်ကြသည်။ ထိုအခါ ရုက္ခစိုးနတ်က လူမိုက်တို့၏ သွားရာလမ်းသည် မရှုမလှ သေခြင်းသာ အဆုံးရှိသည်ဟု ပြောကြားသည်။

ထို့နောက် ဝက်များသည် ဝဍ္ဍကီသူကရကို ရေသဖန်းတုံးပေါ်၌ နေစေလျက် ရသေ့စဉ်းလဲ၏ ခရုသင်းဖြင့် ရေကိုဆောင်၍ အဘိသိက်သွန်းကြကာ ဝက်ပျိုမ တစ်ကောင်နှင့် စုံဖက်၍ ဝက်မင်းအဖြစ် တင်မြှောက်ကြ၏။ ထိုအချိန်မှစ၍ ယနေ့တိုင် လူမင်းများသည် ရေသဖန်းသား ပျဉ်ပေါ်၌နေလျက် ခရုသင်း သုံးခုတို့ဖြင့် အဘိသိက်သွန်းသော ဓလေ့ကို လိုက်နာကျင့်သုံးကြသည်။

ဇာတ်ပေါင်း။ ။ ဝဍ္ဍကီသူကရ-စူဠဓနုဂ္ဂဟတိဿမထေရ်၊ ရုက္ခစိုးနတ်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ သေနဂ်ဗျူဟာ ကျွမ်းကျင်သူသည် ရန်သူကို အောင်မြဲ။

---

## ၂၈၄။ သိရိဇာတ်

### ကြက်အသည်းအမြစ် စား၍ မင်းဖြစ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ကျက်သရေ(သိရီ)ကို ရလိုသဖြင့် အဆင့်ဆင့် တောင်းခံယူသော်လည်း သူနှင့် မထိုက်၍ ကျက်သရေကို မရသော ပုဏ္ဏားကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေရာမှ ချဉ်ဆားမှီဝဲရန် ဗာရာဏသီသို့ ရောက်လာသည်။ ဆင်ဆရာသည် ရသေ့ကို ကြည်ညိုသဖြင့် မင်းဥယျာဉ်တော်၌ နေရာချထားပေးကာ ပစ္စည်းလေးပါးတို့ဖြင့်လည်း လှူဒါန်းထားသည်။

ထိုအခါ ထင်းခွေယောကျ်ားတစ်ယောက်သည် တောထဲသို့ ထင်းခွေသွားရာ အချိန်မီ ပြန်မရောက်နိုင်ခြင်းကြောင့် မြို့ပြင်ဘက်ရှိ နတ်ကွန်း၌ ညအိပ်လိုက်ရသည်။ နတ်ကွန်း၌ လူများလွှတ်ထားခဲ့သော ကြက်များရှိရာ ထိုည မိုးသောက်ယံတွင် ကြက်နှစ်ကောင် ခိုက်ရန်ဖြစ်ပွားကြသည်။ နောက်ဆုံးတွင် အောက်အကိုင်းမှ ကြက်က 'ငါသည်

http://www.dhammadownload.com



သာမည့ကြက် မဟုတ်၊ ငါ့အသားကို မီးကျီး၌ ကင်စားသူအား အသပြာ တစ်ထောင် ရစေနိုင်စွမ်း ရှိသည်'ဟု ဆိုသည်။ အပေါ်ကိုင်းမှ ကြက်ကလည်း 'ဤမျှ စွမ်းရုံကလေးနှင့် သင် မာနမတက်လင့်၊ ငါ၏ အသည်းအမြစ်ကို စားရသူသည် မင်းအဖြစ်ကို ရသည်။ အပြင်သားကို စားရသူသည် ယောကျ်ားဖြစ်လျှင် သေနာပတိရာထူး၊ မိန်းမဖြစ်လျှင် မိဖုရား အရာကို ရသည်၊ အရိုးအသားကို စားရသူသည် လူပုဂ္ဂိုလ်ဖြစ်လျှင် ဘဏ္ဍာစိုး၊ ရဟန်း ဖြစ်လျှင် မင်းဆရာဖြစ်ရသည်'ဟု တုံ့ပြန်ပြောဆိုသည်။ ထိုစကားများကို ကြားလိုက် ရသော ထင်းခွေယောကျ်ားသည် အပေါ်ကိုင်းမှ ကြက်ကို ဖမ်း၍ သတ်ယူခဲ့သည်။

ထင်းခွေယောကျ်ားသည် ရေချိုးပြီးမှ ဇနီးမောင်နှံ နှစ်ယောက်အတူ စားသောက် ကြရန် ကြက်သားဟင်းနှင့်တကွ ထမင်းတောင်းကိုယူ၍ ဂင်္ဂါမြစ်သို့ လာခဲ့ကြရာ ကမ်းခြေ တစ်နေရာတွင် ထမင်းတောင်းကို ချထားခဲ့ပြီး နှစ်ဦးအတူ ရေချိုးကြသည်။ ထိုအခိုက် ရုတ်တရက် လေပြင်းတိုက်ခိုက်လိုက်သဖြင့် မြစ်ရေသည် လှိုင်းတက်ကာ ပြန်အကျတွင် ထမင်းတောင်းသည် မြစ်ရေနှင့်အတူ မျောပါသွားသည်။ ထမင်းကို အောက်ဘက် ရေဆိပ်၌ ဆင်များကို ရေချိုးနေသော ဆင်ဆရာတစ်ယောက် ဆယ်ယူရရှိသွားသည်။ ဆင်ဆရာ သည် ထိုထမင်းတောင်းကို အိမ်သို့ ပို့ခိုင်းပြီး 'ငါ မရောက်မီ မဖွင့်နှင့်'ဟူ၍လည်း ဇနီးသည်ထံ အမှာစကား ပါးလိုက်သည်။

ထိုအချိန်၌ ဆင်ဆရာ၏ ဆရာဖြစ်သော ဒိဗ္ဗစက္ခုရ ရသေ့သည် ထိုအကြောင်း အားလုံးကို မြင်သိရသဖြင့် အိမ်သို့ ကြွလာပြီးလျှင် ဆင်ဆရာ ပြန်ရောက်လာချိန်ကို စောင့်နေလိုက်သည်။ ဆင်ဆရာ ပြန်ရောက်လာသောအခါ ရှင်ရသေ့အား ထိုထမင်း တောင်းကိုပင် ဆက်ကပ်စေသည်။ ရသေ့သည် ကြက်သားဟင်းထဲမှ ကြီးမြတ်သောအသား (ကြက်အသည်းအမြစ်)ကို ဆင်ဆရာအား လည်းကောင်း၊ အပြင်သားကို ဆင်ဆရာ၏ ဇနီးအားလည်းကောင်း စားစေသည်။ အရိုးအသားကိုမူ သူစား၍ 'သင်သည် ယနေ့မှစ၍ သုံးရက်မြောက်နေ့တွင် မင်းဖြစ်လတ္တံ့၊ မမေ့နှင့်'ဟုမှာ၍ သွားသည်။ သုံးရက်မြောက်သော နေ့၌ ပြည်နီးချင်း မင်းတစ်ပါးသည် ဗာရာဏသီကို လာရောက် တိုက်ခိုက်သည်။ ဗာရာ ဏသီမင်းသည် ဆင်ဆရာအား မင်းအသွင်ဖြင့် ဆင်စီး၍ စစ်ထိုးစေသည်။ သူကမူ မထင်ရှားသည့် အသွင်ဖြင့် စစ်သားများကို စီမံကွပ်ကဲပေးသည်။ ထိုစဉ် မြားတစ်စင်းသည် မင်းကို လာရောက်ထိမှန်သဖြင့် မင်း နတ်ရွာစံရသည်။ ထိုအဖြစ်ကို သိသော ဆင်ဆရာ သည် ရှေ့တန်းမှ ရှုပ်ရှုပ်ချွံချွံတိုက်ခိုက်သူများအား အသပြာဆုတော်ငွေချီးမြှင့်မည်'ဟု

http://www.dhammadownload.com



ကြေညာလိုက်သည်။ ထိုကြေညာချက်ကြောင့် စစ်သားများသည် ဖိ၍ တိုက်ကြရာ ထိုခဏ တွင်ပင် ရန်သူမင်း ကျဆုံး၍ အောင်ပွဲရခဲ့သည်။

စစ်ပွဲပြီးချိန်၌ အမတ်များသည် ဆင်ဆရာကိုပင် မင်းအဖြစ် တင်မြှောက်လိုက်ကြပြီး သူ့ဇနီးကိုလည်း မိဖုရားကြီးအရာကို ပေးလိုက်ကြသည်။ ဘုရားလောင်းရသေ့ကား မင်းဆရာ ဖြစ်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ မင်းဆရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဘုန်းကံရှိသူသာ ဘုန်းကံရှိသောအရာကိုရနိုင်သည်။

## ၂၈၅။ မဏိသူကရဇာတ်

### ပတ္တမြားရောင်ဖျောက်လိုသူ ဝက်များ

ပစ္စုပ္ပန်ဝတ္ထု

လာဘ်လာဘ ဆုတ်ယုတ်လာသော တိတ္ထိများ၏ စေခိုင်းချက်အရ သုန္ဒရီပရိဗိုဇ်မသည် ညနေချမ်းရောက်လျှင် ဇေတဝန်ကျောင်းတော်ဆီသို့ သွားသည်။ ကျောင်းတော်မှ ပြန်လာသူတို့က မေးလျှင် ဇေတဝန်ကျောင်းတော်တွင် ရဟန်းဂေါတမနှင့်အတူ အိပ်ရန်ဟု ပြောသည်။ ဇေတဝန် ကျောင်းတော်အနီးမှ ပရိဗိုဇ်ကျောင်းတစ်ခုမှာ သွားအိပ်ပြီးလျှင် နံနက်စောစောတွင် ဇေတဝန်ကျောင်း တော်ဆီမှ ထွက်လာဟန်ပြုသည်။ ကျောင်းတော်သို့ လာသူများနှင့်ဆုံလျှင် ရဟန်းဂေါတမနှင့်အတူ အိပ်၍ ပြန်လာခဲ့သည်ဟု ပြောသည်။ နှစ်ရက်သုံးရက် ကြာသော် သုန္ဒရီပုရဗိုဇ်မ ပျောက်ဆုံးသွားရာ တိတ္ထိများက ဇေတဝန်ကျောင်းတော်အားမှာ ရှာလိုကြောင်း ကောသလမင်းကြီးထံ ခွင့်တောင်းကြ၍ မင်းကြီးက ရှာခွင့်ပေးလိုက်သဖြင့် ဇေတဝန်ကျောင်း တံတိုင်းအေားရှိ ပန်းမှိုက်များကို လှန်၍ ရှာကြသော် သုန္ဒရီ၏ အလောင်းကို တွေ့ကြရသည်။ တိတ္ထိတို့သည် သုန္ဒရီ၏ အလောင်းကို ညောင်စောင်းမှာ တင်၍'ရဟန်း ဂေါတမ၏ အမှုကို ရှုကြကုန်လော့၊ ရဟန်းဂေါတမ၏ အမှုကို ဖုံးကွယ်ရန် ရဟန်းများက သုန္ဒရီကို သတ်ကြသည်'ဟု သာဝတ္ထိမြို့တော်မှာ လှည့်လည်ကြွေးကြော်ကြသည်။ ထိုအမှုနှင့် ပတ်သက်၍ ဘုရားရှင်သည် ဆိတ်ဆိတ်နေတော်မူသည်။

သို့ရာတွင် အရက်မူး၍ ရန်ဖြစ်ကြသူများမှတစ်ဆင့် တိတ္ထိများက ငွေပေး၍ အသတ်ခိုင်း ကြောင်း ပေါ်ပေါက်သွားလေသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ တိတ္ထိ တို့သည် ရှေးအခါကလည်း ဇောတိရသ ပတ္တမြားကို ညစ်နွမ်းအောင် ပြုသော်လည်း အချည်းနှီး ဖြစ်ခဲ့ကြရဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ရွာငယ်တစ်ရွာတွင် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်ချိန်တွင် ရသေ့ပြုကာ ဟိမဝန္တာ၌ နိမိုးနေသည်။ သူ့ကျောင်းအနီး၌ ပတ္တမြားဂူတစ်ခုရှိရာ ဝက်အုပ်စုတစ်စုသည် ထိုဂူထဲ၌ လာရောက်နေထိုင်ကြသည်။ ခြင်္သေ့ကြီး တစ်ကောင်သည် ဂူအနီး၌ ပုံမှန် လာရောက်ကျက်စားလေ့ရှိရာ သူရောက်လာတိုင်း သူ့အရိပ်သည် ပတ္တမြားဂူ၌ လာထင်သဖြင့် ဝက်များအထိတ်တလန့် ဖြစ်ကြရသည်။ ထို့ကြောင့် ညွှန်၌လူး၍ ပတ္တမြားဂူကို ကိုယ်ဖြင့် ပွတ်တိုက်လျှင် ကြည်လင်သော ပတ္တမြားရောင်သည် ညွှန်နှစ်ကြောင့် ညစ်နွမ်းသွားရမည်ဟု ထင်ပြီး ပွတ်တိုက်ကြရာ ပတ္တမြားဂူသည် ဝက်မွေးများဖြင့် ပွတ်တိုက်ခြင်းခံရလေ ပို၍ ကြည်လင်လာလေ ဖြစ်နေသည်။

သို့ဖြင့် ဝက်များသည် အနီးရှိ ရသေ့ကျောင်းသို့ သွားရောက်ကြကာ ပတ္တမြားကို ညစ်နွမ်းသွားအောင် ပြုနိုင်မည့်နည်းကို မေးမြန်းကြသည်။ ထိုအခါ ရသေ့က 'ပတ္တမြားကောင်း၏ အရောင်ကို ပယ်ဖျောက်ခြင်းငှာ မစွမ်းနိုင်၊ သင်တို့သာလျှင် ဤနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့နေကြ'ဟု ပြောဆိုလိုက်၍ ဝက်များသည် အခြားနေရာသို့ ပြောင်းရွှေ့သွားခဲ့ကြသည်။

**ဇာတ်ပေါင်း။** ။ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပတ္တမြားဂူကို ရွှံ့နှင့်ပွတ်သော်လည်း အရောင်မမှိန်။

---

## ၂၈၆။ သာလူကဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်ဝတ္ထုသည် ဇာတ်တော်အမှတ်(၄၇၇)လာ 'တေရသကနိပါတ်၊ စူဠနာရဒဇာတ်'နှင့်တူပြီး အတိတ်ဝတ္ထုသည် ဇာတ်တော်အမှတ်(၃၀)လာ ဧကကနိပါတ် မုနိကဇာတ်နှင့် ထပ်တူဖြစ်သည်။ သာလူကဟူသော ဝက်နာမည်သာ ကွဲပြားသည်။

---

## ၂၈၇။ လာဘဂရဟဇာတ်

### လာဘ်ရအောင် လုပ်နည်းတို့ ထဲ့ရဲ့သူ

**ပစ္စုပ္ပန်ဝတ္ထု**

အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီး၏ အတူနေတပည့်တစ်ဦးက မထေရ်မြတ်ကြီးအား လာဘ်လာဘ များများရစေရန် ကျင့်သုံးရမည့်နည်းကို ဟောပြောပြပါရန် တောင်းပန်သဖြင့် မထေရ်မြတ်

http://www.dhammadownload.com



ကြီးက 'မိမိကိုယ်ကို ရဟန်းအဖြစ် မေ့လျော့စွန့်လွှတ်၍ မရှုးသော်လည်း ရှုးချင်ယောင် ဆောင်ရမည်။ မဟုတ်မမှန်ကို အဟုတ်ဖြစ်အောင် ကုန်းတိုက်စကားကို ဆိုရမည်။ ကချေသည်(သဘင်သည်)နှင့် တူအောင် အမူအရာ လုပ်တတ်ရမည်။ အတည်မဟုတ် ဖရိုဖရဲ အလွဲလွဲသောစကားကို ဆိုတတ်ရမည်' ဟု ဟောပြောရာ တပည့်ရဟန်းတို့က ထိုအကျင့်ကို ကဲ့ရဲ့၍ နေရာမှ ထသွားသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးက ထိုအကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားရာမှ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ ဆရာကြီး၏ တပည့်လူငယ်ငါးရာထဲမှ ကိုယ်ကျင့်သီလနှင့် ပြည့်စုံသော တပည့်တစ်ယောက်သည် တစ်နေ့တွင် ဆရာကြီးအနီးသို့ ချဉ်းကပ်ကာ လာဘ်ပေါ်များစေရန် လိုက်နာကျင့်သုံးရမည့် တရားကို မေးလျှောက်သည်။ ထိုအခါ ဆရာကြီးက–

၁။ အရှက်အကြောက်မရှိခြင်း၊

၂။ ကုန်းတိုက်တတ်ခြင်း၊

၃။ ကချေသည်တို့ကဲ့သို့ အမူအရာပြုတတ်ခြင်း၊

၄။ ရောက်တတ်ရာရာ ပြောဆိုတတ်ခြင်း။

ဟူသော အင်္ဂါလေးပါးတို့ကို ဟောကြားလိုက်သည်။ တပည့်သည် ထိုအကျင့်ကို ပြစ်တင်ကဲ့ရဲ့စကား ဆို၍ ထသွားပြီးနောက် မကြာမီ ရသေ့ပြု၍ တောထွက်လေသည်။

**ဇာတ်ပေါင်း။** ။ တပည့်လုလင်-လာဘ်ပေါ်များကြောင်းဖြစ်သောအကျင့်ကို ကဲ့ရဲ့သောရဟန်း။ ဒိသာပါမောက္ခ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လာဘ်သည် ကောင်းမှုပြုသကဲ့သို့ မကောင်းကျိုးကိုလည်း ပေးတတ်သည်။

---

## ၂၈၈။ မစ္ဆုဒ္ဒါနဇာတ်

### ဖြစ်စောင့်နတ်တို့ အမျှပေးဝေခြင်း၏ အကျိုး

**ပစ္စုပ္ပန်ဝတ္ထု၊**

သာဝတ္ထိမြို့တော်မှ မရိုးမဖြောင့်သော ကုန်သည်တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဖြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် သူကြွယ်မျိုး၌ ဖြစ်နေသည်။ အဖကွယ်လွန်သွားပြီးချိန်၌ သူသည် ညီဖြစ်သူနှင့်အတူ ကုန်ရောင်းကုန်ဝယ် ပြုလုပ်ရာ တစ်နေ့တွင် သူတို့ ညီအစ်ကိုနှစ်ယောက် ကုန်ရောင်းထွက်ခဲ့ရာမှ လှေဖြင့် ပြန်လာခဲ့ကြသည်။ လှေကို မြစ်ဆိပ်တစ်ခုတွင် ဆိုက်ကပ်၍ ထမင်းစားကြသောအခါ အစ်ကိုသည် ထမင်းစားကြွင်းများကို မြစ်ထဲမှ ငါးများအား ကျွေးပြီးနောက် ယင်းကုသိုလ်၏ အဖို့ဘာဂကို မြစ်စောင့်နတ်အား ပေးဝေသည်။ မြစ်စောင့်နတ်သည် ထိုကောင်းမှုကို သာစုခေါ်ရသဖြင့် နတ်စည်းစိမ်များ တိုးပွားခဲ့ရသည်။

အစ်ကိုသည် ထမင်းစားပြီးနောက် သောင်ပြင်ပေါ်တွင် ခဏတစ်ဖြုတ် မှေးစက်လိုက်စဉ် ညီဖြစ်သူသည် ကုန်ရောင်း၍ ရလာခဲ့သော အသပြာငွေ တစ်ထောင်ကို သူတစ်ဦးတည်းသာ ပိုင်ဆိုင်လိုသဖြင့် ကျောက်စရစ်ခဲများကို ငွေထုပ်နှင့် သဏ္ဍာန်တူ ထုပ်စည်းထားလိုက်သည်။ လှေပြန်ထွက်၍ မြစ်လယ်သို့ ရောက်သောအခါ ကျောက်စရစ်ထုပ်အမှတ်ဖြင့် ငွေထုပ်ကို မြစ်ရေထဲသို့ ချပစ်လိုက်သည်။ နှုတ်ကလည်း 'ဟော...အစ်ကို၊ ငွေထုပ်ကြီး ကျသွားပြီ၊ ဘယ်လိုလုပ်ရပါမည်နည်း'ဟု ဆိုသည်။ အစ်ကိုက ခပ်အေးအေးပင် 'ပူမနေပါနဲ့'ဟုသာ ဆိုသည်။ ထိုအခြင်းအရာကို မြင်နေရသော မြစ်စောင့်နတ်သည် ကျေးဇူးရှင်၏ ဥစ္စာကို စောင့်ရှောက်ထားရန် မြစ်ထဲမှ ငါးကြီးတစ်ကောင်အား ငွေထုပ်ကို မျိုထားစေ၍ အမြဲစောင့်ကြပ်ထားသည်။

တစ်နေ့တွင် တံငါတို့၏ ပိုက်ကွန်၌ ငါးကြီးတစ်ကောင် မိလာရာ ထိုငါးကြီးကို တစ်ထောင့်ခုနစ်ပဲ တန်ဖိုးဖြတ်၍ ရောင်းသော်လည်း ဝယ်သူမရှိပေ။ နောက်ဆုံးတွင် အစ်ကို ကုန်သည်၏ အိမ်၌ ခုနစ်ပဲတည်းဖြင့် လာရောင်း၍ ဝယ်ထားလိုက်သည်။ ကုန်သည်၏ ဇနီးသည် ငါးကို ချက်ရန် ဝမ်းကိုခွဲလိုက်ရာ မြစ်ထဲကျသွားသော ငွေထုပ်သည် ငါးဝမ်းထဲမှ ထွက်လာသည်။

**ဇာတ်ပေါင်း။** ။ ညီ-ယခုစဉ်းလဲသောကုန်သည်၊ အစ်ကို-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဥစ္စာရင်းမှန်လျှင် ပြန်ရမည်သာဖြစ်သည်။

http://www.dhammadownload.com



# ၂၈၉။ နာနာဆန္ဒဇာတ်

## ပြည်သူဆန္ဒထောက်လှမ်းသည့် ခန်း

**ပစ္စုပ္ပန်ဝတ္ထု၊**

ဘုရားရှင်၏ ပထမ ဗောဓိဝါတော် နှစ်ဆယ်ပြည့်ချိန်တွင် အရှင်အာနန္ဒာသည် ဘုရားရှင်၏ အမြဲတမ်း အလုပ်အကျွေးရာထူးကို ရလေသည်။ ပယ်လည်း လေးတန်၊ ပန်လည်း လေးခု ဆုရှစ်ခု ကိုလည်း တောင်းယူရရှိသည်။ ဤအကြောင်းများနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ သား ဖြစ်နေပြီး အမည်မှာလည်း ဗြဟ္မဒတ်ပင် ဖြစ်သည်။ အဖကွယ်လွန်၍ သူမင်းဖြစ်သော် ပြည်သူများ၏ သဘောထားကို စုံစမ်းရန် ဆင်းရဲသား အသွင်ဖြင့် မြို့တွင်းသို့ ဝင်လာ လေသည်။ သူသည် လမ်းပေါ်တစ်နေရာ၌ နိုးမှုကျူးလွန်ပြီးခါစ နိုးသားတစ်စုနှင့် တွေ့ဆုံစဉ် နိုးသားများသည် ရုပ်ဖျက်ထားသော မင်းကြီးကို ဖမ်းဆီးကြ၍ အပေါ်ရုံ ပုဆိုးကို ချွတ်ယူကြသည်။ သေရည်အိုးကို ထမ်း၍ လိုက်ပါပို့ဆောင်ရန်လည်း စေခိုင်း ကြသည်။

ထိုအချိန် ရာထူးမှ ဖယ်ရှားခြင်းခံထားရသော ပုရောဟိတ်အမတ်တစ်ဦးလည်း လမ်းပေါ်သို့ ထွက်၍ နက္ခတ်ကိုကြည့်ပြီး ပုဏ္ဏေးမအား 'ရှင်မ၊ ငါတို့မင်းသည် ရန်သူ့ လက်သို့ ကျရောက်နေသည်'ဟု ပြောလိုက်စဉ် အနီးမှ ဖြတ်သန်းသွားသော မင်းသည် ထိုစကားကို ကြားသွားသည်။ လူဆိုးများကို တောင်းပန်၍ ပြန်လွတ်လာသောအခါ၌လည်း မင်းကြီးသည် ထိုလမ်းမှပင် ပြန်လာခဲ့ရာ ပုရောဟိတ်အမတ်ဟောင်း နက္ခတ်ထွက်ကြည့် ချိန်နှင့်ပင် တိုက်ဆိုင်နေပြန်သည်။ ဤအခါမှာမူ 'ရှင်မ၊ ငါတို့ မင်းသည် ရန်သူ့လက်မှ လွတ်မြောက်သွားပြီ'ဟူသော အသံကို ကြားခဲ့ရသည်။ မင်းကြီးသည် ထိုအိမ် တည်ရှိ ရာကို မှတ်သားခဲ့ပြီးနောက် နန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။

နံနက်မိုးလင်းသော် မင်းကြီးသည် ပုဏ္ဏားများအား ခေါ်၍ လွန်ခဲ့သောညက နက္ခတ် ကောင်း၊မကောင်း၊ အန္တရာယ်ရှိခဲ့သည်၊ မရှိခဲ့သည်များကို မေးတော်မူလေသည်။ ပုဏ္ဏားများက 'နက္ခတ် ကောင်းခဲ့ပါသည်၊ အန္တရာယ်လည်း မရှိခဲ့ပါ'ဟု လျှောက်ဆို ကြသည်။ ထိုအခါ မင်းကြီးသည် ပုရောဟိတ် အမတ်ဟောင်းကို ခေါ်ယူစေ၍မေးရာ

http://www.dhammadownload.com



'ကုန်လွန်ခဲ့သော ညက နက္ခတ်မကောင်းခဲ့ပါ၊ မင်းကြီးလည်း ရန်သူ့လက်သို့ ကျရောက်နေခဲ့ရပါသည်။ နောက်မကြာမီပင် ပြန်လွတ်လာခဲ့ပါသည်'ဟု လျှောက်တင်သည်။

မင်းကြီးသည် အခြားပုဏ္ဏားများအား နန်းတော်တွင်းမှ နှင်ထုတ်လိုက်ကာ ပုရောဟိတ် အမတ်ဟောင်းကိုမူ ရယူလိုသည့် ဆုကို တောင်းစေပြီး သူတောင်းသမျှကိုလည်း ပေးကာ မူလရာထူး၌ပင် ပြန်၍ ခန့်ထားလိုက်သည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏား-အရှင်အာနန္ဒာ၊ မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တကယ်တတ်ထားသောပညာသည် တတ်ထားသူကို အမှန်ပင်ကျေးဇူးပြုသည်။

---

## ၂၉၀။ သီလဝိမံသကဇာတ်

ဤအတိတ်၏ ပစ္စုပ္ပန်နှင့်အတိတ်ဝတ္ထုများသည် ဧကကနိပါတ်လာ ဇာတ်တော် အမှတ်(၈၆) သီလဝိမံသကဇာတ်နှင့် တူသည်။ ဂါထာမျှသာ ထူးခြားသည်။

အဗ္ဗန္တရဝဂ် ပြီးပြီ။

---

# ၅။ ကုမ္ဘဝဂ်

## ၂၉၁။ သုရာဃဋဇာတ်

### ထယ်ဆယ်ကျည်းမှုနှင့်မထိုက်တန်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ကုဋေလေးဆယ်မျှသောမိဘအမွေကို သုံးဖြုန်းပစ်သော အနာထပိဏ်သူဌေး၏တူကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မြေမြှုပ်ဥစ္စာ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးကြီး ဖြစ်ပြီး သားတစ်ယောက်လည်း ရှိသည်။ သားလူလားမြောက်ချိန်၌ သူဌေးကြီး ကွယ်လွန်၍ သိကြားမင်း ဖြစ်လေသည်။

http://www.dhammadownload.com



ဖခင် သူဌေးကြီး ကွယ်လွန်ပြီးသည့်နောက် သားဖြစ်သူသည် လမ်းမများကို ပိတ်၍ မဏ္ဍပ်ဆောက်သည်။ ထိုမဏ္ဍပ်တွင် အပေါင်းအသင်းများနှင့်အတူ သောက်ပွဲစားပွဲကြီး ကျင်းပသည်။ ကျူမ်းထိုးပြသူ၊ အပြေးပြိုင်သူ၊ သီဆိုကပြသူတို့ကို ငွေအသပြာ တစ်ထောင်စီ ဆုအဖြစ် ချီးမြှင့်သည်။ ထိုမှုသာမက အပျော်အပါး ကြူးခြင်း၊ အရက်သောက်ကြူးခြင်း၊ သားစားကြူးခြင်းတည်း ဟူသော အကြောင်းများကြောင့် ကုဋေလေးဆယ်သော ဥစ္စာများသည် မကြာမီ ကုန်ခန်းသွား၍ သူဌေးသားဘဝမှ သူတောင်းစားဘဝသို့ ကျရောက်သွားသည်။

ဘဝခြားခဲ့သော်လည်း သံယောဇဉ် နှယ်နေရသေးသော ဖခင်ဖြစ်ခဲ့ဖူးသူ သိကြားမင်းသည် သားဖြစ်သူကို ကယ်မ,လိုသဖြင့် အလိုရှိသမျှတို့ကို ထုတ်ပေးနိုင်စွမ်းရှိသော 'ဘဒ္ဒဃဋ'အိုး တစ်လုံးကို လာရောက်ပေးအပ်သည်။ မကွဲအောင် စောင့်ရှောက်ရန် မှာထားခဲ့ပြီး နတ်ပြည်သို့ ပြန်လာခဲ့သည်။ သားဖြစ်သူသည် ထိုအိုးကို ရလာခါမှ အရက်ကို အချိန်မရွေး သောက်တော့သည်။ တစ်နေ့တွင် အရက်မူး၍ ထိုအိုးကို အပေါ်သို့ ပစ်ပေါက်လျက် အောက်မှဆီးဖမ်းကစားရာ အိုးသည် မြေပြင်သို့ ကျ၍ ကွဲသွားသည်။ ထိုအခါမှစ၍ သူသည် ပြန်၍မွဲသွားပြီး သူတောင်းစားဘဝနှင့် အသက်မွေးရင်း သူတစ်ပါးတို့၏ တိုက်နံရံကိုမှီ၍ သေဆုံးခဲ့ရသည်။

ဇာတ်ပေါင်း။ ။ ယခင်ကသူဌေးသား-ယခုအနာထပိဏ်သူဌေး၏တူ၊
သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမိုက်နှင့်ငွေ အတူမနေနိုင်။

---

## ၂၉၂။ သုပတ္တဇာတ်

### အရှင်သခင်အတွက် တာဝန်ကျေသူ

**ပစ္စုပ္ပန်ဝတ္ထု**

မယ်တော် ယသော်ဓရာထေရီ လေနာရောဂါ နှိပ်စက်ခံရသဖြင့် အိပ်ရာထက်တွင် နေရကြောင်းကို အရှင်သာရိပုတ္တရာမထေရ်အား လျှောက်ထားသဖြင့် အရှင်သာရိပုတ္တရာမထေရ်သည် ရှင်ရာဟုလာမထေရ်ကို ဆွမ်းစားဇရပ်၌ နေစေခဲ့ပြီး မိမိတစ်ပါးတည်း ကောသလမင်း၏ နန်းတော်သို့ ကြွသွားတော်မူသည်။ နန်းတော်ရောက်သော် ငါးကြင်းသားနှင့် ထောပတ်များ ရောနှောသော သလေးဆွမ်းသစ်ကို

http://www.dhammadownload.com



ခံယူတော်မူလာပြီးလျှင် အရှင်ရာဟုလာအား ပေးအပ်လိုက်သည်။ ယသော်ဓရာထေရီမသည် သားတော် ရာဟုလာ လာရောက်ပို့သော ထိုဆွမ်းကို စားလိုက်ရသည်နှင့် ရောဂါငြိမ်းအေးခဲ့ရသည်ကို အကြောင်း ပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သုပတ္တကျီးမင်း ဖြစ်၍ အခြွေအရံ ရှစ်သောင်းနှင့်တကွ ဗာရာဏသီပြည်ကိုမှီ၍ နေသည်။ သူ၏ ကျီး မိဖုရားမှာ 'သုဖဿာ' ဖြစ်၍ ကျီးစစ်သူကြီးမှာ 'သုမုခ' ဖြစ်သည်။ တစ်နေ့တွင် သုပတ္တ ကျီးမင်းသည် ကျီးမိဖုရားနှင့်အတူ အစာရှာထွက်လာစဉ် ဗာရာဏသီမင်း၏ စားဖိုဆောင် ပေါ်မှ ဖြတ်၍ ပျံသန်းကြစဉ် သုဖဿာသည် မင်းကြီးအတွက် ချက်ပြုတ်နေသော ငါး၊ အမဲဟင်း အနံ့များကို ရှူရှိုက်မိသည်။ နှစ်ရက်မြောက်သောနေ့၌ သုပတ္တကျီးမင်းက အစာ ရှာထွက်ရန် ခေါ်သောအခါ 'ကျွန်မ မလိုက်လိုပါ၊ ဗာရာဏသီမင်း၏ ဘောဇဉ်များကို စားလိုသည့် ချင်ခြင်းအာသာ ရှိနေပါသည်။ ထိုဘောဇဉ်ကိုမှ မစားရလျှင် အသက်ခန္ဓာ ဆုံးရှုံးဖွယ် ရှိပါသည်'ဟု ပြောဆိုသည်။

ထိုအကြောင်းကို သုမုခ ကျီးစစ်သူကြီး ကြားသိရသောအခါ ကျီးမင်းနှင့် မိဖုရားတို့အား နှစ်သိမ့်စကားပြောဆိုပြီး ကျီးများကိုခေါ်၍ မင်းကြီး စားဖိုဆောင်ရှိရာသို့ ပျံထွက်လာသည်။ သုမုခသည် လက်ရွေးစင် ကျီးသူရဲကောင်း ရှစ်ကောင်နှင့်အတူ စားဖိုဆောင်၏ ခေါင်းမိုးပေါ်တွင် နားနေကြသည်။ ကျန်သော ကျီးများကိုမူ အစောင့် အရှောက်များအဖြစ် ဟိုတစ်စု ဒီတစ်စု နေရာချ၍ နေစေသည်။ မကြာမီ စားတော်ကဲသည် မင်းကြီးစားဖွယ်ဘောဇဉ်တို့ကို ထမ်းပိုးဖြင့် လျှိုထမ်း၍ စားဖိုဆောင်ထဲမှ ထွက်လာသည်။ မင်းရင်ပြင်သို့ ရောက်သောအခါ ကျီးစစ်သူကြီး သုမုခသည် ကျီးများအား အချက်ပေး၍ ပျံဆင်းလိုက် သည်။ စားတော်ကဲ၏ ရင်ဘတ်ကို လက်သည်းဖြင့်ကုတ်၍ နားသည်။ တစ်ချိန်တည်း တွင်ပင် စားတော်ကဲ၏ နှာခေါင်းဖျားကို နှုတ်သီးဖြင့် ဖမ်းကိုက်ပြီး မျက်နှာကိုလည်း အတောင်နှစ်ဖက်တို့ဖြင့် ပိတ်ကာထားလိုက်သည်။

ထိုအဖြစ်အပျက်ကို မင်းကြီးသည် လှမ်းမြင်လိုက်ရသဖြင့် 'အချင်း စားတော်ကဲ၊ ဘောဇဉ်များကို စွန့်၍ ကျီးကိုသာ အမိအရ ဖမ်းယူခဲ့'ဟု လှမ်းပြောလိုက်သည်။ စားတော် ကဲသည် ဘောဇဉ်များကို လွှတ်ချ၍ သုမုခ ကျီးကိုသာ အမိအရ ဖမ်းသည်။ ထိုအချိန် တွင် သုမုခ မှာထားသည့်အတိုင်း လေးကောင်သော ကျီးသူရဲကောင်းသည် ထမင်းများကို နှုတ်သီးဖြင့် အပြည့်ယူ၍ လည်းကောင်း၊ ကျန်လေးကောင်တို့က ငါးအမဲများကို ပါနိုင်

http://www.dhammadownload.com



သမျှ ကိုက်ချီ၍ လည်းကောင်း ယူသွားကြကာ ကျီးမင်းနှင့် မိဖုရားတို့အား ကျွေးမွေး ကြသည်။

မင်းကြီးသည် ကျီးစစ်သူကြီးအား 'အဘယ်ကြောင့် ဤကဲ့သို့သော အမှုကို ပြုပါသနည်း'ဟု မေးလျှင် သုမုခက အကြောင်းစုံကို လျှောက်တင်သည်။ ထိုအခါ မင်းကြီးသည် များစွာပင် အံ့ဩလျက် အရှင်သခင်၏ အကျိုးအတွက် မိမိအသက်ကို စွန့်ကာ ဆောင်ရွက်သော ကျီးစစ်သူကြီးနှင့်ကျီးမင်းတို့အား နေ့စဉ် မိမိစားသုံးသည့် ထမင်းမျိုးကို လည်းကောင်း၊ အခြားသော ကျီးများအား နေ့စဉ် တစ်အမ္မဏ (၁၁ စိတ်) ချက်သော ထမင်းများကိုလည်းကောင်း ကျွေးမွေး၍ ကျီးအပေါင်းအား ဘေးမဲ့ပေးလေ သည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ သုမုခကျီးစစ်သူကြီး-အရှင်သာရိပုတ္တရာ၊ သုဖဿာကျီးမိဖုရား-ရာဟုလာမယ်တော်၊ သုပတ္တကျီးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တာဝန်ကျေသူကို ထိုက်ထိုက်တန်တန် ချီးမြှင့်ရာ၏။

---

# ၂၉၃။ ကာယနိဗ္ဗိန္ဒဇာတ်

## ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်သူ

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိမြို့တော်မှ ဆေးသမားများ လက်လျှော့ထားပြီးသော လူနာတစ်ယောက်သည် မိမိရောဂါပျောက်လျှင် ရဟန်းပြုမည်ဟု ရည်ရွယ်ထားရာ ဆေးကောင်းဝါးကောင်း နှင့်တွေ့၍ ရောဂါ ပျောက်သွားသောအခါ ရည်ရွယ်ထားသည့်အတိုင်း ရဟန်းပြုကာ ရဟန္တာ ဖြစ်သွားသည်။ ထိုအကြောင်း နှင့်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ ဘဝပေး အကျိုးမလှသော ထိုပုဏ္ဏားသည် ဖျော့တော့နာ စွဲကပ်လာခဲ့ရာ သမားကောင်းများနှင့် ကုသသော်လည်း ရောဂါ ပျောက်ကင်း သက်သာလာခြင်း မရှိချေ။ သား, မယားများကလည်း ငြီးငြင်လာကြသည်။

http://www.dhammadownload.com



ထို့ကြောင့် ငါရောဂါ ပျောက်လျှင် ရဟန်းပြုတော့မည်ဟု ဆုံးဖြတ်ထားလိုက်သည်။ မကြာမီ ဆေးစွမ်းကောင်းတစ်လက် ရရှိ၍ ထိုဆေးကို မှီဝဲရသောကြောင့် စွဲကပ်နေခဲ့သော ဖျော့တော့နာသည် လုံးဝပျောက်ကင်းချမ်းသာသွားသည်။ ထိုအခါ ပုဏ္ဏားသည် ဆုံးဖြတ်ချက်အတိုင်း ရသေ့ပြု၍ ဟိမဝန္တာ၌ နေသွားရာ မကြာမီ အဘိညာဉ် သမာပတ်တို့ ရရှိသွားသည်။

**ဇာတ်ပေါင်း။** ။ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဆုံးဖြတ်ချက်မှန်လျှင် လုပ်ဆောင်ချက်မှန်မည်။

---

# ၂၉၄။ ဇမ္ဗုခါဒကဇာတ်

## မဟုတ်မမှန် ချီးမွမ်းကြ

**ပစ္စုပ္ပန်ဝတ္ထု၊**

လာဘ်လာဘ မရသော ဒေဝဒတ်နှင့် ကောကာလိကတို့ ဆရာတပည့် နှစ်ယောက်အချင်းချင်း နားလည်မှုယူကာ လာဘ်ပေါ်များအောင် မဟုတ်မမှန် လုပ်ကြံကြသည့် အကြောင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် သပြေတောအုပ်တစ်ခု၌ ရုက္ခစိုးနတ် ဖြစ်နေသည်။ တစ်နေ့တွင် ကျီးတစ်ကောင်သည် သပြေပင်၌ သပြေသီးများ လာစားနေစဉ် မြေခွေးတစ်ကောင် ရောက်လာသည်။ မြေခွေးသည် ကျီးထံမှ သပြေသီးများ ရယူလို၍ 'ဤငှက်သည် သာယာသော အသံရှိ၏။ အသံကောင်းသော ငှက်ပါတကား၊ သပြေခက်ပေါ်တွင် နားခို၍ ဥဒေါင်းငယ်ကဲ့သို့ တွန်ကျူးနေသည်မှာ အဘယ်ငှက်မျိုးပါလိမ့်'ဟု ဆိုလိုက်သည်။

မြှောက်ပြောသော ထိုစကားကို ဘဝင်ခိုက်သွားသော ကျီးက အမျိုးကောင်းသား ဖြစ်သော သင်သည် အမျိုးကောင်းသားဖြစ်သော ငါ့ကို ချီးမွမ်းရန် သိတတ်ပါပေသည်။ ကျားငယ်နှင့် တူသော ကိုယ်ရှိသော အဆွေမြေခွေး၊ ငါသည် သင့်အား သပြေသီးများ ကျွေးပါ၏ စားသုံးပါလော့'ဟု ဆိုလျက် သပြေသီးများကို လှုပ်ချပေးလိုက်သည်။

http://www.dhammadownload.com



ထိုအခါ သူတို့နှစ်ဦး၏ မသူတော်ချင်း ပေါင်းဖက်တွေ့နေမှုကို သဘောမကျသဖြင့် သပြေပင်စောင့်နတ်သည် ကြောက်မက်ဖွယ်အဆင်းကိုပြ၍ ခြောက်လှန့် မောင်းထုတ်လိုက်ရာ ကျီးနှင့်မြေခွေးတို့သည် ဝေးရာသို့ ပြေးခွာသွားကြတော့သည်။

**ဇာတ်ပေါင်း။** ။ မြေခွေး-ဒေဝဒတ်၊ ကျီး-ကောကာလိက၊ ရုက္ခစိုး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သူယုတ်မာကို သူယုတ်မာကသာလျှင်ချီးမွမ်းပြီ။

---

# ၂၉၅။ အန္တဇာတ်

## ယောကျ်ား အယုတ်သုံးမျိုး

**ပစ္စုပ္ပန်ဝတ္ထု**

အထက်ပါ ဇမ္ဗုခါဒက ဇာတ်မှာကဲ့သို့ ဒေဝဒတ်နှင့် ကောကာလိကတို့ အပြန်အလှန် ချီးကျူးကြခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရွာတစ်ရွာ၏ ဥပစာရှိ ကြက်ဆူပင်စောင့်နတ် ဖြစ်နေသည်။ တစ်နေ့သော် ကြက်ဆူတော၌ စွန့်ပစ်ထားသော နွားသေတစ်ကောင်ကို မြေခွေးတစ်ကောင် လာစားနေစဉ် ကျီးတစ်ကောင်သည် ကြက်ဆူပင်ပေါ်၌ လာနားကာ 'သားမျိုးတို့၏မင်း၊ သင်၏ပခုံးသည် နွားလားဥသဘ၏ ပခုံးနှင့် တူရုံမျှမက ကိုယ်ဟန်လည်း ခြင်္သေ့ကဲ့သို့ တင့်တယ်ပါဘိသည်။ ငါသည် သင့်အား ရှိခိုးပါ၏။ ငါ့အား အမဲသား အနည်းငယ်ပေးပါလော့'ဟု ပြောသည်။

ထိုစကားကြောင့် နှလုံးပီတိ ဝမ်းဆီထိသွားရသော မြေခွေးက 'အမျိုးကောင်းသားဖြစ်သော သင်သည် အမျိုးကောင်းသား ဖြစ်သော ငါ့ကို ချီးမွမ်းရကောင်းမှန်း သိတတ်ပါပေသည်။ ဥဒေါင်း၏ လည်နှင့်တူ၍ လှပမည်းနက်သည့် အဆင်းရှိသော ကျီး၊ လာစားလှည့်လော့'ဟု တုံ့ပြန်လိုက်သည်။

ထိုအခါ ကြက်ဆူပင်စောင့်နတ်က 'သားမျိုးတို့တွင် မြေခွေးသည် အယုတ်ဆုံး၊ ငှက်မျိုးထဲတွင် ကျီးသည် အယုတ်ညံ့ဆုံး၊ သစ်ပင်တို့တွင်လည်း ကြက်ဆူပင်သည် အယုတ်ညံ့ဆုံး ဖြစ်သည်။ ယခု ဤအယုတ်သုံးပါး ပေါင်းဆုံမိပါပကောလား'ဟု ဆိုလေသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ မြေခွေး-ဒေဝဒတ်၊ ကျီး-တောကာလိက၊ ရုက္ခစိုး-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ မသူတော်ချင်း သတင်းလွှဲလွှဲ ပေါင်းဖက်တွေ့တတ်သည်။

# ၂၉၆။ သမုဒ္ဒဇာတ်

## သမုဒ္ဒရာရေကုန်မှာ ကြောက်သူ

### ပစ္စုပ္ပန်ဝတ္ထု

ဥပနန္ဒ မထေရ်သည် အစားကြီး၏။ လောဘလည်း အလွန်ကြီးသည်။ တော်ရုံနှင့် မရောင့်ရဲတတ်။ သူကမူ နှစ်ကျောင်းသုံးကျောင်းတို့၌ ကြံဖန်၍ ဝါဆိုဝါကပ်လျက် တစ်ကျောင်းတွင် ဖိနပ်ကိုထားကာ အခြားကျောင်းတစ်ကျောင်းတွင် တောင်ဝှေးကိုထားသည်။ အခြားတစ်ကျောင်းတွင် ရေဘူးကိုထား၍ နေသည်။ ကျေးလက်တောရွာဘက်သို့ ရောက်သွားခဲ့လျှင်လည်း ဒေသခံ ရဟန်းများအား 'အရိယဝံသတရား'(အလိုနည်းကြောင်းတရား)ကို ဟောသည်။ ထိုရဟန်းများအား ပံ့သကူသင်္ကန်းကိုသာ ဆောင်စေလျက် ထိုရဟန်းများ၏ အဖိုးတန်သင်္ကန်း သပိတ်နှင့်ပရိက္ခရာများကို လှည့်နှင့်အပြည့် တင်ယူလာတတ်သည်။ ထိုအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သမုဒ္ဒရာစောင့်နတ် ဖြစ်နေသည်။ ထိုအခါ သမုဒ္ဒရာအနီး၌ နေသော ကျီးတစ်ကောင်သည် သမုဒ္ဒရာရေကုန်ခန်းသွားမည်စိုးသဖြင့် သမုဒ္ဒရာပေါ်မှ ပျံဝဲကာ 'သမုဒ္ဒရာရေကို ဆင်ခြင်၍ သောက်ကြ၊ တိုင်းတာ၍ သောက်ကြ၊ လေလွင့်မှု မရှိပါစေနှင့်'ဟု ငါးများနှင့် ငှက်များကို တားမြစ်စကားဆိုသည်။

ထိုကျီးကို မြင်၍ သမုဒ္ဒရာစောင့်နတ်က 'သင်သည် အဘယ်ငှက်နည်း'ဟု မေးရာ 'ငါသည် သမုဒ္ဒရာရေကို သောက်ရသော်လည်း ရောင့်ရဲခြင်းမရှိနိုင်သော ငှက်တည်း'ဟု ဆိုလေသည်။ သမုဒ္ဒရာစောင့်နတ်က 'ဘယ်သူတွေ ဘယ်လိုပဲ သောက်သောက် သမုဒ္ဒရာသည် ကုန်ခန်းသွားမည်မဟုတ်'ဟု ပြော၍ ထိုကျီးအား ခြောက်လှန့်၍ အဝေးသို့ နှင်ထုတ်လိုက်သည်။

ဇာတ်ပေါင်း။ ။ ကျီး-အရှင်ဥပနန္ဒ၊ သမုဒ္ဒရာစောင့်နတ်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ နှမြောသင့်မှ နှမြောပါ။

http://www.dhammadownload.com



## ၂၉၇။ ကာမဝိလာပဇာတ်

### အထုတ်သုံးမျိုး

ဤဇာတ်၏ ပစ္စုပ္ပန်ဝတ္ထုသည် ကေကနိပါတ်လာ ဇာတ်တော်အမှတ်(၁၄၇) ကကဏ္ဍကဝဂ် 'ပုပ္ဖရတ္တဇာတ်'၏ ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်။ အတိတ်ဝတ္ထုသည် အဋ္ဌက နိပါတ်လာ ဇာတ်တော်အမှတ်(၄၂၃) 'တ္တန္ဒြိယဇာတ်'၌ အကျုံးဝင်သည်။ ဂါထာမျှသာ ထူးသည်။

---

## ၂၉၈။ ဥဒုမ္ဗရဇာတ်

### ဘဝတူချင်း လှည့်စားသူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌နေစဉ် အာဂန္တုရဟန်းတစ်ပါးက လှည့်စား၍ ကျောင်းမှနှင်ထုတ်ခံရသော တောကျောင်းနေ ရဟန်းငယ်တစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တော၌ ရုက္ခစိုးနတ် ဖြစ်နေသည်။ ထိုတော၌ တစ်ခုသော မိုးရာသီတွင် ခုနစ်ရက် ခုနစ်လီတိုင် အဆက်မပြတ် မိုးကြီးသည်းထန်စွာရွာလေရာ မျက်နှာနီမျောက်ငယ်တစ်ကောင်သည် ကျောက်ဂူတစ်ခုထဲတွင် ဝင်ရောက်ခိုမှီးနေသည်။ ထိုအချိန်၌ ချမ်းအေးခြင်းဒဏ်ကို အပြင်း အထန် ခံစားရသော မျက်နှာမည်း မျောက်ကြီးတစ်ကောင်သည် ထိုဂူရှေ့သို့ ရောက်လာ ကာ မျောက်ငယ်ကို လှည့်စား၍ ဂူကို ရယူလိုသောကြောင့် 'မျောက်ငယ်၊ ရေသဖန်းသီး၊ ညောင်သီးနှင့် ညောင်ချဉ်သီးများ ဝင်းမှည့်နေကြသည်။ အဘယ်ကြောင့် အငတ်ခံနေဘိ သနည်း၊ ထွက်စားပါလား'ဟု ဆိုသည်။

ထိုစကားကို ယုံစားမိသော မျောက်ငယ်သည် ဂူထဲမှထွက်၍ ရေသဖန်းသီးမှည့် စသည်တို့ကို ရှာဖွေရာ တစ်လုံးအမျှ မတွေ့ရသဖြင့် သူ့ဂူရှိရာသို့ ပြန်လာသောအခါ ဂူထဲ၌ မျောက်ကြီး ဝင်ရောက်နေသည်ကို တွေ့လိုက်ရသည်။ ဤတွင် သူက မျောက်

http://www.dhammadownload.com



ကြီးကို တုံ့ပြန်၍ လှည့်စားရန် 'မျောက်ကြီး၊ ငါသည် သစ်သီးမှည့်များ စားခဲ့၍ ဝခဲ့ပြီ၊ သင်လည်း သွားစားလိုက်ပါဦး' ဟု ဆိုသည်။ မျောက်ကြီးက 'မျောက်ကြီး စကားကိုသာ မျောက်ငယ်များ ယုံကြည်သည်။ မျောက်ငယ်စကားကိုမူ မျောက်ကြီးများ ယုံကြည်ရိုးထုံးစံမရှိ၊ သစ်သီးများသည် မိုးရေထိ၍ ကြွေခဲ့ကြပါပြီ၊ သင့်နေရာလည်း မရှိတော့၊ ငါအပိုင်စီးထားပြီ၊ တခြားသို့သာ သွားလေတော့' ဟု ပြောလိုက်လေသည်။

ဇာတ်ပေါင်း။ ။ မျောက်ငယ်-တောကျောင်းနေရဟန်း။
မျောက်ကြီး-ဇာဂရွှဲရဟန်း။ ရှတ္တစိုး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မျောက်ကြီးကို မျောက်ငယ်ကလှည့်စား၍မရ။

## ၂၉၉။ ကောမာရပုတ္တဇာတ်

### ဆရာတောင်းထပည့် မျောက်

**ပစ္စုပ္ပန်ဝတ္ထု၊**

မြတ်စွာဘုရားသည် ပြာသာဒ်၏ အထက်ဆောင်တွင် သီတင်းသုံးတော်မူချိန်၌ ကစားသန်သော ရဟန်းတစ်စုသည် ပြာသာဒ်၏ အောက်ဆောင်တွင် ဆူဆူညံညံပြောဆို ရယ်မောနေကြသဖြင့် မြတ်စွာဘုရား၏ အမိန့်တော်အရ အရှင်မောဂ္ဂလာန်သည် ပြာသာဒ်ထုပိကာကို ခြေမဖြင့် ခတ်လိုက်ရာ ပြာသာဒ်သည် မြေအောက်မှ ရေအဆုံးတိုင်အောင် တုန်ခါသွားသည်။ ထိတ်လန့်တကြီး ဖြစ်သွားရသော ထိုရဟန်းများသည် ပြာသာဒ်အပေါ်မှ အူယားဖားယား ပြေးကြသည်။ ထိုအကြောင်းနှင့် စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကောမာရပုတ္တဟူသော အမည်ဖြင့် ပုဏ္ဏားမျိုး၌ ဖြစ်ခဲ့လေသည်။ သူသည် ရသေ့ပြု၍ ဟိမဝန္တာ၌ နေလာခဲ့ရာ ကစားတတ်သော ရသေ့တစ်စုသည် သူ့အနီးသို့ လာရောက်နေထိုင်သည်။ သူတို့တွင် စုပေါင်းမွေးထားသော မျောက်တစ်ကောင်လည်း ရှိသည်။ ထိုမျောက်သည်လည်း သူတို့ကဲ့သို့ပင် ကစားတတ်နေသည်။ ထိုမျောက်ကို စ,ရာမှ ထွက်ပေါ်လာသော တဝါးဝါးရယ်မောသံသည် 'ကောမာရပုတ္တ' ရသေ့၏ ကျောင်းဘက်သို့တိုင် ပျံ့လွင့်လာတတ်သည်။

ထိုရသေ့တို့သည် ချဉ်, ဆား မှီဝဲရန် လူနေဒေသသို့ ထွက်ခွာသွားကြချိန်၌ ကောမာရပုတ္တ ရသေ့သည် ထိုရသေ့များ၏ ကျောင်းတွင် ခေတ္တသွားရောက်နေထိုင်သည်။ ကျန်နေရစ်သော မျောက်သည် ကောမာရပုတ္တကို သူ့ဆရာ ရသေ့များကဲ့သို့ပင် မှတ်ထင်၍ အမျိုးမျိုး ကစားပြသည်။ အမျိုးမျိုး နှောက်ပြောင်ပြသည်။ ထိုအခါ ကောမာရပုတ္တက 'ရသေ့ ရဟန်းများထံ၌နေသော သူသည် အကျင့်ကောင်းရသည်။ ကိုယ်လက်အင်္ဂါများကို စောင့်ရှောက်ရသည်၊ တရားများ အားထုတ်ရသည်' စသည်ဖြင့် ဆုံးမစကားဆိုသည်။ ကောမာရပုတ္တလည်း အခြားတစ်နေရာသို့ ရွှေ့ပြောင်းသွားသည်။ သူ့ဆရာ ရသေ့များ ပြန်ရောက်လာကြသောအခါ မျောက်သည် ရှေးကကဲ့သို့ ကစားခြင်း မရှိတော့ဘဲ တ္တမြေ့ ကြီးနှင့် ဖြစ်နေသည်ကို တွေ့ကြရသည်။ ထို့ကြောင့် ရသေ့များက အဘယ့်ကြောင့် မကစား ကြတော့ကြောင်းကို မေးရာ 'ငါသည် ဆရာကောင်းနှင့် တွေ့ခဲ့ရပြီ'ဟု မျောက်က ဆိုလိုက် သည်။

ဇာတ်ပေါင်း။ ။ ကစားလေ့ရှိသောရသေ့များ-ယခုကစားလေ့ရှိသောရဟန်းများ၊ ကောမာရပုတ္တရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဆရာကောင်းလျှင် တပည့်လည်းကောင်းပြီး ဆရာညံ့လျှင် တပည့်ပါညံ့တတ်သည်။

---

# ၃၀၀။ ဝကဇာတ်

## သစ်ကျူတ်၏ ဥပုသ်စောင့်နည်း

### ပစ္စုပ္ပန်ဝတ္ထု

ခုတင်ဆောက်တည်သော အရှင်ဥပသေနကို အကြောင်းပြု၍ မြတ်စွာဘုရားက ယနေ့မှစ၍ ခုတင်ဆောက်တည်သော ရဟန်းများကို ငါဘုရားထံ ဝင်ရောက်၍ အလိုရှိတိုင်း ဖူးမြင်နိုင်သည်ဟု မိန့်တော်မူလျှင် ရဟန်းများသည် ခုတင်ဆောက်တည်လာကြသည်။ သို့ရာတွင် သူတို့ဆောက်တည် မှုမှာ ကြာရှည်မခိုင်မြဲချေ။ ဤတွင် မြတ်စွာဘုရားက 'ရဟန်းတို့၊ သင်တို့၏ ခုတင်ဆောက်တည် ခြင်းသည် သစ်ကျူတ်၏ ဥပုသ်ဆောက်တည်သကဲ့သို့ ဖြစ်နေသည်ဟု မိန့်တော်မူကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်နေသည်။ ထိုအခါ သစ်ကျုတ် တစ်ကောင်သည် ဂင်္ဂါမြစ်ကမ်းခြေမှ ကျောက်ဖျာကြီး ပေါ်တွင် လာရောက်နေထိုင်လေ့ရှိသည်။ အခါတစ်ပါး၌ ကျောက်ဖျာကို ဝိုင်းပတ်၍ ဆီးနှင်းရေများ ကျဆင်းလာကာ ချောင်းရေများပမာ ပြည့်လျှံသွားသောကြောင့် သစ်ကျုတ် အတွက် စားစရာ အစာမရှိတော့ချေ။ ထိုနည်းတူ သွားစရာလည်း မြေမရှိတော့ချေ။ မိုက်မိုက်ကန်းကန်း ဖြတ်ကူး၍ သေရခြင်းထက် ဥပုသ်စောင့်နေရခြင်းက မြတ်သည်ဟု နှလုံးသွင်းပြီးလျှင် သစ်ကျုတ်သည် အဓိဋ္ဌာန်ဥပုသ်စောင့်၍ ကျောက်ဖျာပေါ်၌ အိပ်နေ သည်။

သူ့အကြောင်းကိုသိသော သိကြားမင်းသည် တစ်ကြိမ်တွင် ဆိတ်အသွင် ဖန်ဆင်း၍ လာခဲ့ပြီး သစ်ကျုတ်၏ရှေ့၌ ရပ်သည်။ ထိုအခါ သစ်ကျုတ်က 'နောက်မှပဲ ဥပုသ်စောင့် တော့မည်'ဟု ဆို၍ ဆိတ်ကိုလိုက်ဖမ်းသည်။ မောပန်းတကြီးဖြစ်၍ ဖမ်းမမိသောအခါ 'ငါဥပုသ်မပျက်သေးပါဘူးလေ'ဟု ဆိုလျက် ပြန်အိပ်လိုက်သည်။

**ဇာတ်ပေါင်း။** ။ သိကြားမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပညာနည်းသူတို့၏ သီလသည်မတည်မြဲပေ။

**ကုမ္ဘဝဂ် ပြီးပြီ။**

**တိကနိပါတ် ဇာတ်တော် ၅၀ ပြီးပြီ။**

http://www.dhammadownload.com

# စတုက္ကနိပါတ်

ဝဂ်စုစုပေါင်း—၅

ဇာတ်စုစုပေါင်း—၅၀

## ၁။ ကာလိင်္ဂဝဂ်

## ၃၀၁။ စူဠကာလိင်္ဂဇာတ်

### လုံ့လဝီရိယကြောင့် စစ်နိုင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့တွင် သွမ်းစံဝင်ရန် ကြွရောက်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်သည် မြို့တံခါးဝနားသို့ အရောက်၌ သပြေတစ်ခက် စိုက်ထူထားသည်ကို တွေ့ရသဖြင့် အနီးအနားရှိ ကလေးများအား အကျိုးအကြောင်းကို မေးကြည့်သည့်အခါ ဝါဒတစ်ထောင် တတ်မြောက်ကြသော ပရိဗိုဇ် ညီအစ်မ လေးယောက်တို့သည် သူမတို့၏ မေးခွန်းများကို ဖြေဆိုနိုင်သူသည် ဤသပြေခက်ကို နင်းချေပစ်နိုင်ကြောင်း၊ သူမတို့၏ ဝါဒကို ဖျက်ဆီးနိုင်သူသည် လူပုဂ္ဂိုလ်ဖြစ်လျှင် ထိုသူ့ထံ၌ ကျွန်မခံ၍ ရဟန်းဖြစ်လျှင် ထိုပုဂ္ဂိုလ်ထံ၌ ရဟန်းပြုကြမည် ဖြစ်ကြောင်းများကို သိလိုက်ရသည်။

အရှင်သာရိပုတ္တရာမထေရ်သည် ထိုသပြေခက်ကို ကလေးငယ်များအား ဖျက်ဆီးခိုင်းလိုက်ပြီးနောက် 'ထိုသပြေခက်ကို ထားသူများသည် သွမ်းစားပြီးချိန်၌ ဇေတဝန်ကျောင်းတော်၏ တံခါးမုခ်တွင် ငါ့အား လာရောက်ဖူးမြင်ကြရန် ပြောလိုက်ကြ'ဟု မှာထားခဲ့ပြီး သွမ်းခံဝင်လေသည်။ ပရိဗိုဇ်များလည်း အရှင်သာရိပုတ္တရာထံ လိုက်၍ ဝါဒပြိုင်ကြရာ သူတို့ရှုံးသဖြင့် ရှင်သာရိပုတ္တရာထံ၌ ရဟန်းပြုသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကာလိင်္ဂတိုင်း ဒန္တပူရပြည်မှ ကာလိင်္ဂမင်းနှင့် အဿကတိုင်း ပါဋလိပြည်မှ အဿကမင်းတို့သည် ထီးပြိုင်မင်းများ ဖြစ်ကြသည်။ ကာလိင်္ဂမင်းသည် စစ်ပွဲမှန်သမျှ အောင်နိုင်သည်ချည်းဖြစ်၍ ကြာသော် စစ်ထိုးဖက်မရှိ ဖြစ်လာရသည်။ ထို့ကြောင့် အမတ်

http://www.dhammadownload.com



များ၏ အကြံပြုချက်အရ သမီးတော်များကို သိမ်းပိုက်သည့်မင်းနှင့် စစ်မက် ဖက်ပြိုင်ရန် သမီးတော်လေးပါးကို ရထားပေါင်းချုပ်၌စီးစေ၍ နိုင်ငံတကာသို့လှည့်လည်စေလိုက်သည်။

မင်းသမီးများသည် နိုင်ငံအသီးသီးသို့ ရောက်ခဲ့ကြကာ သိမ်းပိုက်ဝံ့သည့် မင်းနှင့် မတွေ့ခဲ့သော်လည်း ပါဋလိပြည်သို့ ရောက်လာကြသည့် အခါတွင်မူ အမတ်ကြီး နန္ဒိသေန သည် မင်းသမီးများအား သိမ်းပိုက်၍ အဿကမင်းကြီးအား ပေးဆက်လိုက်သည်။ ထိုသတင်းကို ကြားလိုက်ရသဖြင့် ကာလိင်္ဂမင်းကြီးသည် စစ်ပြင်၍ ထွက်လာသည်။ နန္ဒိသေနအမတ်ကြီး ဦးစီးသော အဿက တပ်ဖွဲ့သည်လည်း နယ်ခြားဒေသဘက် ဦးတည် ချီတက်လာပြီ ဖြစ်သည်။

ထိုအချိန်၌ ဘုရားလောင်း ရသေ့သည် ယင်းနှစ်နိုင်ငံ၏ နယ်စပ်တွင် ကျောင်း ဆောက်၍ နေထိုင်လျက်ရှိရာ ကာလိင်္ဂမင်းသည် ရပ်မျက်၍ ထိုရသေ့ထံသို့ လာကာ 'ဤစစ်ပွဲတွင် မည်သူသည် အောင်နိုင်၍ မည်သူက ရှုံးနိမ့်မည်နည်း' ဟု မေး၏။ ရသေ့ကြီးက 'သိကြားမင်းသည် မိမိထံသို့ လာနေကျဖြစ်၍ သူလာသည့်အခါတွင် မေးထားလိုက်မည်။ မနက်ဖြန် တစ်ခေါက် ထပ်လာခဲ့ပါ' ဟု ပြောလိုက်သည်။ နောက် နေ့၌ ကာလိင်္ဂမင်း ရောက်သွားသောအခါ 'ကာလိင်္ဂမင်းသည် အောင်နိုင်၍ အဿက မင်းသည် ရှုံးနိမ့်လိမ့်မည်၊ ထိုမင်းနှစ်ပါးအတွက် 'ပုဗ္ဗနိမိတ် ထင်လိမ့်မည်' ဟု ရသေ့ကြီးက ပြောပြသည်။ သို့ရာတွင် မည်သို့သော ပုဗ္ဗနိမိတ်များ ထင်မည်ကိုမူ ကာလိင်္ဂမင်းသည် ဆက်၍ မမေးခဲ့ချေ။

ထိုသတင်းမှာ ကာလိင်္ဂ တပ်ဖွဲ့များကြားတွင်သာ ဖြစ်ပေါ်နေသည် မဟုတ်ဘဲ အဿက ဗိုလ်ထုများဘက်သို့ပါ ကူးပြန့်လာသည်။ နန္ဒိသေန အမတ်ကြီးသည် ထိုသတင်း မှန် မမှန်ကို သိသာနိုင်စေရန် ရသေ့ကြီးထံ ကိုယ်တိုင်သွားရောက်၍ စူးစမ်းသည်။ ထိုအခါ 'ကြားရသည့် သတင်းသည် အမှန်ပင် ဖြစ်သည်။ အောင်နိုင်မည့် မင်း၏ ပုဗ္ဗနိမိတ်မှာ အလုံးစုံဖြူသော နွားဥသဘ ဖြစ်ပြီး ရှုံးမည့်ဘက်မှ ရှေ့ပြေးနိမိတ်မှာ အလုံးစုံနက်သော ဥသဘ ဖြစ်မည်ဟု ရသေ့ကြီးက ပြောကြားလိုက်သည်။

သို့တိုင် ဖွဲလုံ့လနှင့် စည်းလုံးမှု အင်အားကို ယုံကြည်သော နန္ဒိသေန အမတ် ကြီးသည် မိမိကိုယ်တိုင်လည်း စိတ်ဓာတ်မကျ၊ ရဲမက်များကိုလည်း စိတ်ဓာတ်တက်ကြွ စေရန် လှုံ့ဆော်ပေးသည်။ မူလ အရှိထက် ပို၍ စည်းလုံးညီညွတ်နေစေရန်လည်း ကြိုးပမ်းအားထုတ်ထားသည်။

စစ်ပွဲကြီး စတင်ဖြစ်ပွားမည့်နေ့ရာတွင် ကာလိင်္ဂရဲမက်များသည် ခပ်အေးအေးပင်၊ သွေးမြေကျခံ၍ တိုက်ခိုက်သူ မရှိသလောက်ပင်။ သို့ရာတွင် အဿကတို့ဘက်ကမူ

http://www.dhammadownload.com



အသက်ကို စွန့်၍ တိုက်ခိုက်ကြသည်။ ကာလိင်္ဂတို့ဘက်တွင် ထင်နေသော အဖြူရောင် ဥသဘ ပုဗ္ဗနိမိတ်ကို အဿက မင်းသည် ဦးစွာလှံနှင့် ထိုးလိုက်ရာ ရဲမက်တစ်ထောင်တို့ သည်လည်း ထိုနေရာကို လိုက်ထိုးကြသည်။ ထိုနတ်သည် လှံချက်သင့်၍ ကွယ်လွန်သည့် အခိုက်မှာ ကာလိင်္ဂတို့သည် တစ်ပျက်၍ ပြေးကြလေတော့သည်။

စစ်ပွဲပြီး၍ သုံးရက်ခန့် လွန်ချိန်တွင် သိကြားမင်းသည် ရသေ့ကြီးထံသို့ ရောက် လာရာ ရသေ့က 'နတ်သိကြားများသည် မုသားစကား ဆိုကြသည်'ဟု ပြောဆိုရာ သိကြားမင်းက 'ရှင်ရသေ့၊ လုံ့လဝီရိယရှိသူအား နတ်တို့သည် ငြူစုစိတ် မထားကြပါ။ အဿကတိုင်းသားတို့သည် စည်းလုံးညီညွတ်ခြင်း၊ လုံ့လဝီရိယ ထက်သန်ခြင်း၊ တစ်ခု တည်းသော အာရုံ၌သာ စူးစိုက်မှုရှိခြင်းတို့ကြောင့် အောင်ပွဲခံသွားရခြင်း ဖြစ်ပါသည် ဟု ကောက်ချက်ချပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ မင်းသမီးလေးပါး-ပရိဝိုဇ်မလေးပါး၊
နန္ဒိသေနအမတ်-အရှင်သာရိပုတ္တရာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အရာရာ၌ မိမိစွမ်းအားသာပဓာနဖြစ်သည်။

---

# ၃၀၂။ မဟာအဿာရောဟဇာတ်

## ကျေးဇူးရှင်ရွာသား

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ အမြဲတမ်း အလုပ်ကျွေးအရာနှင့် ဆုရှစ်မျိုးကို ခံယူရရှိသော အရှင်အာနန္ဒာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဘုရားလောင်း စိုးစံစဉ် မင်းကြီးသည် နယ်ခြားဒေသ၌ ဆူပူ လှုပ်ရှားနေကြသော သူပုန်သူကန်များကို သွားရောက်နှိမ်နင်းရာ အရေးနိမ့်၍ ပြေးလာ ခဲ့ရသည်။ သူသည် နယ်ခြားရွာကလေး တစ်ရွာထဲသို့ မြင်းစီး၍ ဝင်လာသောအခါ ရွာသား အများစုသည် ကြောက်လန့်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်သွားကြသော်လည်း ရွာသား တစ်ဦးကမူ မင်းကြီးကို သူ့အိမ်သို့ ခေါ်သွားကာ လိုအပ်သည်များဖြင့် ပြုစုပေးသည်။ မြင်းကိုလည်း စောင့်ရှောက်ကျွေးမွေးထားသည်။

http://www.dhammadownload.com



မင်းကြီးသည် ထိုသူ့အိမ်တွင် သုံးလေးရက်ခန့် အပန်းဖြေနေခဲ့သည်။ နေပြည်တော်သို့ ခရီးပြန်လည်ထွက်ခါနီး၌ 'မိတ်ဆွေ၊ ကျွန်ုပ်ကို 'မြင်းစီးကြီး' ဟု လူတို့ ခေါ်ကြသည်။ မြို့လယ်အရပ်၌ ကျွန်ုပ်အိမ် ရှိသည်။ မြို့သို့ရောက်လျှင် တောင်တံခါးမှူးထံတွင် မေး၍ သူ့ကို လိုက်အပို့ခိုင်းပါ' ဟု မှာထားခဲ့ သည်။ တောင်တံခါးသို့ အရောက်တွင် တံခါးမှူးကို ခေါ်၍ တစ်စုံတစ်ရာကို တီးတိုး မှာထားခဲ့သည်။ သို့သော် အချိန်ကြာသွားခဲ့သည့်တိုင် ရွာသားသည် မြို့သို့ ရောက်မလာပေ။ မင်းသည် ထိုသူနေသောရွာကို သုံးကြိမ်တိုင်တိုင် ဆက်၍ အခွန်တောင်းလိုက်သည်။

ထိုအခါ အခွန်ဒဏ်ကို ခံနိုင်ရည်မရှိတော့သော ရွာသားများသည် ထိုသူအား 'သင့်မိတ်ဆွေ မြင်းစီးကြီးကို အကျိုးအကြောင်း ပြောပြ၍ အခွန်မှ လွတ်ငြိမ်းအောင် ဆောင်ရွက်ပါ' ဟု ပြောကြသည်။ ထို့ကြောင့် သူသည် ရွာသားများ စီမံပေးလိုက်ကြသော လက်ဆောင်ပစ္စည်းများကိုယူ၍ မြို့သို့ ထွက်လာခဲ့ရာ တောင်တံခါးမှူးထံသို့ ဆိုက်ရောက်ချိန်၌ တံခါးမှူးအား 'မြင်းစီးကြီး' ကို မေးရာ တံခါးမှူးသည် ဝမ်းသာအားရပင် သူ့အား မင်းကြီးထံသို့ လိုက်ပို့ပေးသည်။ မင်းကြီးသည် သူ့ကို ပျူငှာလှိုက်လှဲစွာ ကြိုဆိုသည်။

ထို့နောက် မင်းကြီးသည် အမတ်တစ်ယောက်အား ရွာသားကိုခေါ်သွားစေပြီး ဆံမုတ်ဆိတ်များကို ပြုပြင်ပေးစေ၍ နံ့သာရေဖြင့် ရေချိုးပေးစေသည်။ တစ်သိန်းတန် အဝတ်များကို ဝတ်ဆင်ပေးကာ တိုင်းပြည်ကို ထက်ဝက်ခွဲပြီး မင်းအဖြစ်ကို ပေးအပ်လိုက်သည်။ ဤသည်ကို သဘောမတွေ့နိုင်သောအမတ်များက သားတော်ကြီး မင်းသားအား ကန့်ကွက်တားမြစ်ရန် လျှောက်ပေးကြသည်။

သားတော်သည် ခမည်းတော်ထံဝင်၍ ကန့်ကွက်စကား ဆိုရာ ခမည်းတော်က 'ငါ စစ်ရှုံးစဉ်က သူ့ထံတွင် ခိုအောင်းနေခဲ့ရသည်။ သူ၏ စောင့်ရှောက်မှုကြောင့် ငါသည် မင်းအဖြစ်ကို ပြန်ရနိုင်ခဲ့ခြင်း ဖြစ်သည်။ ယင်းသို့ ကျေးဇူးများသူအား အဘယ် ကြောင့် စည်းစိမ်ကို မပေးနိုင်ဘဲ ရှိရမည်နည်း၊ 'သား၊ လောက၌ မပေးသင့်သူအား ပေး၍ ပေးသင့်သူအား မပေးသူသည် ဘေးရန်နှင့် ကြုံတွေ့သောအခါ တစ်စုံတစ်ရာ ကျေးဇူးပြုသူကိုမျှ မတွေ့နိုင်' ဟု မိန့်ဆိုလိုက်သည်။

**ဇာတ်ပေါင်း။** ။ နယ်ခြားရွာသား-အရှင်အာနန္ဒာ၊ ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပညာရှိတို့သည် ကျေးဇူးရှင်အားကျေးဇူးဆပ်ရာ၌လက်မနှေးကြပေ။

http://www.dhammadownload.com



# ၃၀၃။ ကောသာဇာတ်

## မင်းကောင်းနှင့် မင်းယုတ်မာ

**ပစ္စုပ္ပန်ဝတ္ထု**

ကုန်းတိုက်စကားကြောင့် အချုပ်အနှောင်ခံရစဉ် သောတာပန်တည်ပြီးမှ လွတ်လာသောအခါ နှစ်ဆတိုး၍ အချီးအမြှောက်ခံရသော ကောသလမင်း၏ အမတ်တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် နန်းတွင်း၌ ပြစ်မှားသော အမတ်ကို နိုင်ငံတော်မှ နှင်ထုတ်လိုက်သည်။ ထိုအမတ်သည် 'ဒုဗ္ဘိသေန'မည်သော ကောသလမင်းထံ သွားရောက်ခိုလှုံလေသည်။ (ဤမှစ၍ မဟာသီလဝဇာတ်နှင့် တူသည်။ ထူးခြားသည်မှာ–)

ဒုဗ္ဘိသေန မင်းသည် ဗာရာဏသီမင်းကို ဖမ်း၍ ဆိုင်းထဲ၌ ထည့်စေကာ မြောက်တံခါးခုံ၌ ဦးစောက်ဆွဲထားစေသည်။ သို့တိုင် ဗာရာဏသီမင်းသည် ထိုမင်းအပေါ်၌ စေတနာ မကွက်မိဘဲ ရန်သူမင်းကို အာရုံပြု၍ မေတ္တာပွားသည်။ ကသိုဏ်းပရိကံကို ပြု၍ ဈာန်ကိုဖြစ်စေရာ အနှောင်အဖွဲ့များမှ လွတ်မြောက်သွားပြီး ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေ၍ နေလိုက်သည်

ထိုအချိန်၌ ရန်ငြိုးဖွဲ့သော ဒုဗ္ဘိသေနမင်း၏ ကိုယ်သည် ပူပြင်းလာလျက် ဖျပ်ဖျပ်လူးမျှ ဖြစ်လာသည်။ အကြောင်းရင်းကို အမတ်များအား မေးသော် အပြစ်မဲ့သော မင်းကို ပြစ်မှားမိ၍ဖြစ်ကြောင်း လျှောက်တင်ကြသဖြင့် အကြောင်းကို သိလိုက်ရသည်ဆိုလျှင်ပင် ဒုဗ္ဘိသေနမင်းသည် ဗာရာဏသီမင်းရှိရာသို့ အမြန်သွားရောက်လျက် ဗာရာဏသီမင်းအား တောင်းပန်ဝန်ချပြီး ပြည်ကိုလည်း ပြန်အပ်လိုက်သည်။ 'နှောင် ဗာရာဏသီ နိုင်ငံတော်၏ လုံခြုံရေးကိစ္စမှန်သမျှသည် ကျွန်ုပ်၏တာဝန်မျှသာဖြစ်ပါစေ'ဟု လျှောက်ထားခဲ့ပြီးလျှင် မိမိနိုင်ငံသို့ ပြန်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ ဒုဗ္ဘိသေနမင်း-အရှင်အာနန္ဒာ၊ ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မပြစ်မှားသင့်သူကိုပြစ်မှားလျှင် ဒဏ်ထိတတ်သည်။

http://www.dhammadownload.com



# ၃၀၄။ ဒဒ္ဒရဇာတ်

## အမျက်ထွက်သော နဂါးလေး

### ပစ္စုပ္ပန်ဝတ္ထု

အမျက်ထွက်သော ရဟန်းတစ်ပါးကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် ဒဒ္ဒရနဂါးပြည်၌ မဟာဒဒ္ဒရဟူသော အမည်ဖြင့် ဒဒ္ဒရနဂါးမင်းကြီး၏ သားတော် ဖြစ်နေသည်။ သူ့တွင် 'စူဠဒဒ္ဒရ'မည်သော ညီတော်တစ်ပါး ရှိသည်။ သူ့ညီတော်သည် အမျက်ဒေါသကြီး၍ ကြမ်းကြုတ်သည်။ သားတော်ငယ်၏ အပြုအမူကို သဘောမကျသော နဂါးမင်းကြီးသည် စူဠဒဒ္ဒရအား နဂါးပြည်မှ နှင်ထုတ်ရာ မဟာဒဒ္ဒရက ခမည်းတော်အား သည်းခံပါရန် တောင်းပန်တားမြစ်သည်။ နောက်များမကြာမီ ခမည်းတော်သည် စူဠဒဒ္ဒရကို နှင်ထုတ်မည် ပြုပြန်ရာ မဟာဒဒ္ဒရကြောင့် ထမြောက်ခြင်း မရှိခဲ့ပေ။ တတိယအကြိမ်တွင်မူ 'မဟာဒဒ္ဒရ၊ သင်သည် ယုတ်မာသော ဤနဂါးအား နှင်ထုတ်ခြင်းကို တားမြစ်လာခဲ့သည်။ သင်တို့နှစ်ယောက်လုံး နဂါးပြည်မှထွက်၍ ဗာရာဏသီပြည်မှ မစင်စွန့်ရာ မြေတွင် သုံးနှစ်တိုင်တိုင် သွားနေကြ'ဟု ဆို၍ ညီအစ်ကိုနှစ်ယောက်လုံးကို နှင်ထုတ်လိုက်သည်။

ဒဒ္ဒရ ညီနောင်တို့သည် ထိုနေရာသို့ သွားနေကြရသဖြင့် သူတို့ကို မြင်တွေ့ကြသော ကလေးသူငယ်များက ခဲ, လှံတို့ဖြင့် ပစ်ပေါက်ကြလျက် 'ဖားစိမ်းစား ဖြစ်သော ဤရေမြွေများသည် ခေါင်းပိုင်းကြီးသလောက် အမြီးမှာအပ်နှင့်တူသည်'ဟု ဆိုကြသည်။ ဒေါသကြီးသော စူဠဒဒ္ဒရသည် သည်းမခံနိုင်၍ အစ်ကိုအား 'ဤကလေးများကို ဖျက်ဆီးပစ်လိုက်မည်'ဟု ပြောသည်။

ထိုအခါ အစ်ကို ဒဒ္ဒရက တစ်ရွာသို့ ရောက်လာသူသည် ချိုးနှိမ်၍ ပြောသည့် စကားများကို သည်းခံရမည်ဟု ဆုံးမစကား ဆိုသည်။ သုံးနှစ်ပြည့်ချိန်တွင် ခမည်းတော်သည် သူတို့ ညီအစ်ကိုအား ပြန်ခေါ်နိုင်းလိုက်ရာ ထိုအခါမှစ၍ စူဠဒဒ္ဒရလည်း မာနကင်းသွားခဲ့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ စူဠဒဗ္ဗရနဂါး-အမျက်ထွက်တတ်သောရဟန်း။ မဟာဒဗ္ဗရနဂါး-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အရာဌာနမဟုတ်သည်၌ အစွမ်းမပြပါနှင့်။

# ၃၀၅။ သီလဝီမံသနဇာတ်

## အကျင့်သီလကို စမ်းသင်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

ညဉ့်သုံးယံပတ်လုံး ကာမဂုဏ်အကြောင်း ကြံစည်နေကြသည့် ဇေတဝန်ကျောင်းတွင်းနေ ရဟန်းငါးပါးတို့ကို ဒိဗ္ဗစက္ခုဖြင့် ရှုကြည့်တော်မူရာမှ မြင်တွေ့တော်မူသည့် မြတ်ဗုဒ္ဓသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ ဂန္ဓကုဋိတိုက်တံခါးဝ၌ နေရာခင်းစေတော်မူပြီးလျှင် ဇေတဝန်နေ ရဟန်းအားလုံး လာရောက်စုဝေးကြရန် မိန့်တော်မူလိုက်သည်။ ထိုရဟန်း ပရိသတ်အား မြတ်စွာဘုရားက 'ရဟန်းတို့၊ ရှေးပညာရှိတို့သည် မကောင်းမှုကိုပြုရာ၌ ဆိတ်ကွယ်ရာ အရပ်ဟူ၍ မရှိသောကြောင့် မကောင်းမှုကို မပြုကြကုန်လင့်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်၍ ဗာရာဏသီမှ ဒိသာပါမောက္ခ ဆရာကြီးထံတွင် ပညာရပ်များ သင်ယူခဲ့သည်။ တစ်နေ့တွင် ဆရာကြီးသည် တပည့်များကို စုဝေးစေ၍ 'အမောင်တို့၊ ငါ့မှာ အရွယ်ရောက်သော သမီးတစ်ယောက်ရှိရာ လက်ထပ်ထိမ်းမြားပေးရန် ကြံရွယ်ထားသည်။ သူ့အတွက် အဝတ်တန်ဆာများ လိုအပ်၍ အမောင်တို့သည် မိမိတို့နေအိမ်မှ အဝတ်တန်ဆာများကို သွား၍ ခိုးယူခဲ့ကြပါ၊ အသိပေးပြောဆို၍ ယူလာသော အဝတ်တန်ဆာများကို ငါအလိုမရှိ'ဟု မှာလိုက်သည်။

တပည့်များသည် မိမိတို့အိမ်မှ အဝတ်တန်ဆာများ ခိုးယူလာခဲ့ကြပြီး ဆရာကြီးထံ အပ်နှံကြသည်။ ဆရာကြီးသည် ပစ္စည်းအားလုံးကို အမှတ်အသား ပြုလုပ်၍ စနစ်တကျ သိမ်းထားလိုက်သည်။ နောက်ဆုံးမှရောက်လာခဲ့သော ဘုရားလောင်း လုလင်ပျိုမှာမူ အဝတ်တစ်စုံတစ်ရာမျှ ပါမလာခဲ့ချေ။ သူ့အား ဆရာကြီးက ကျိုးကြောင်း စူးစမ်းသည်တွင်

http://www.dhammadownload.com



'မကောင်းမှုကို ကျူးလွန်ရာ၌ ဆိတ်ကွယ်ရာဟူ၍ မရှိပါ။ လူများ မမြင်ကြသော်လည်း နတ်များ မြင်ကြပါသည်။ နတ်များ မမြင်မသိသော်လည်း မိမိကိုယ်တိုင် မြင်တွေ့သိရှိပါသည်။ ထို့ကြောင့် တစ်စုံတစ်ရာကိုမျှ ယူမလာခဲ့ခြင်း ဖြစ်ပါသည်'ဟု လျှောက်ဆိုသည်။

ဆရာကြီးသည် သူ့ကို သဘောကျသွားကာ 'အမောင်၊ ငါ့အိမ်၌ ဥစ္စာမရှိ၍ ခိုးခိုင်းခဲ့သည် မဟုတ်၊ ကိုယ်ကျင့်သီလ ကောင်းသူကို ရွေးချယ်လို၍သာ ယခုလို ခိုးခိုင်းခြင်း ဖြစ်သည်။ အမောင်သည် ငါ့သမီးနှင့် ထိုက်တန်သူ ဖြစ်သည်'ဟု ဆိုပြီးလျှင် ထိုလုလင်ကို သမီးနှင့် လက်ထပ်ပေးလိုက်သည်။ ခိုးယူလာခဲ့ကြသော ပစ္စည်းများကိုလည်း အသီးသီး ပြန်ပေးစေသည်။

**ဇာတ်ပေါင်း။** ။ ဆရာ-အရှင်သာရိပုတ္တရာ၊ လုလင်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မကောင်းမှုပြုရန် ဆိတ်ကွယ်ရာမရှိ။

---

# ၃၀၆။ သုဇာတာဇာတ်

## ဘဝမေ့ကာ ဘဝင်မြင့်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီးနှင့် မိဖုရားကြီးတို့သည် စကားအငြင်းအခုန် ဖြစ်သည့်အချိန်မှစ၍ တစ်ဦးနှင့်တစ်ဦး စကားမပြောဘဲ အဆင်မပြေဖြစ်နေရာ ဘုရားသခင်ကြောင့် ပြန်လည်သင့်မြတ်မှု ရခဲ့သည်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပညာရှိအမတ် ဖြစ်နေသည်။ တစ်နေ့တွင် မင်းသည် လေသာ ပြတင်းပေါက်မှနေ၍ မင်းရင်ပြင်ကို ကြည့်နေခိုက် ဘဝန္တမ်းသော်လည်း အလှပန်းပွင့်နေသော ဆီးသီးသည်မလေး 'သုဇာတာ' ကို မြင်တွေ့မိလိုက်ရ၍ ကောက်ယူသိမ်းပိုက်ပြီး မိဖုရားကြီးရာထူးဖြင့် ချီးမြှင့်မြှောက်စားသည်။

ကာလအတန်ကြာလာသောအခါ သုဇာတာသည် မင်းကြီး ဆီးသီးစားသုံးနေရာသို့ ရောက်လာခဲ့လျက် 'အရှင်မင်းကြီး၊ စားသုံးတော်မူနေသော အသီးသည် အဘယ်

http://www.dhammadownload.com



အသီးပါနည်း'ဟု မေးလျှောက်သည်။ ဆီးသီးရောင်း၍ အသက်မွေးခဲ့ရသူက ဆီးသီးကို မမှတ်မိတော့သလို ပြောနေသဖြင့် 'သင်သည် သင့်ဆွေမျိုးတို့၏ ဥစ္စာရင်းဖြစ်သော ဆီးသီးကိုပင် မသိတော့သလော။ ဤမိန်းမယုတ်သည် ထီးနန်းစည်းစိမ်နှင့် မလျော်၊ ဆီးသီးသည်မသည် ဆီးသီး ပြန်ရောင်း၍ အသက်မွေးချေတော့'ဟု ဆိုလိုက်သည်။

ဤတွင် အနီး၌ရှိနေသော ပညာရှိအမတ်က 'မြတ်သောမင်းကြီး၊ အခြံအရံ ကျော်စောခြင်းတို့နှင့် ပြည့်စုံလာသော မိန်းမများသည် ဘဝကို မေ့တတ်ကြသည်မှာ ဓမ္မတာပင် ဖြစ်ပါသည်။ သုဇာတာမိဖုရားအား သည်းခံခွင့်လွှတ်တော်မူပါ'ဟု ကြားဝင် လျှောက်ထားသောကြောင့် မင်းကြီးသည် သုဇာတာအား သည်းခံခွင့်လွှတ်လျက် မိဖုရား အရာကို ပြန်လည်ပေးအပ်သည်။ သို့ဖြင့် မင်းနှင့် မိဖုရားတို့ ပြန်လည် သင့်တင့်ညီညွတ်စွာ သွားခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-ကောသလမင်း။
သုဇာတာ-မလ္လိကာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ စည်းစိမ်မာန်ယစ်လာလျှင် ဘဝကိုမေ့တတ်သည်။

---

# ၃၀၇။ ပလာသဇာတ်

## ပေါက်ပင်နှင့်စကားပြောသူ

### ပစ္စုပ္ပန်ဝတ္ထု

နံနက်မိုးသောက် အလင်းရောက်လျှင် နောင်တော်ဘုရား ပရိနိဗ္ဗာန် ဝင်စံတော့မည်ကို သိသော အရှင်အာနန္ဒာမထေရ်သည် ဥယျာဉ်ကျောင်းတိုက်ခန်း၏ တံခါးရွက် ဘောင်ကိုဆွဲ၍ မိမိသည် နောင်တော် ဘုရားအား နှစ်ဆယ့်ငါးနှစ်တိုင်တိုင် လုပ်ကျွေးခဲ့ရသူ ဖြစ်ပါလျက် ရဟန္တာအဖြစ်ကို မရလိုက်ဘဲ ရှိရချေတော့မည်ဟု တွေးမိ၍ ငိုနေသည်။ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်တော်မူ၍ အားထုတ်မှုကိုသာ ဆက်လက် ပြုလုပ်ရန် မိန့်တော်မူပြီးလျှင် အတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူသည်။

### အတိတ်ဝတ္ထု

ရှေးအခါက ဗာရာဏသီပြည်သားတို့သည် နတ်တို့အားကိုးကွယ်ကြ၏။ ဆင်းရဲသော ပုဏ္ဏားတစ်ယောက်သည် ပေါက်ပင်စောင့်နတ်အား ဆည်းကပ်လုပ်ကျွေး၏။ တစ်နေ့

http://www.dhammadownload.com



တွင် ပုဏ္ဏားသည် ပေါက်ပင်ရင်း၌ တံမြက်စည်းလှည်းနေစဉ် ပုဏ္ဏားအိုတစ်ယောက် ရောက်လာခဲ့ပြီး 'ပုဏ္ဏား၊ သင်သည် စိတ်စေတနာလည်းမရှိ၊ ကြားလည်း မကြားတတ်သော ဤပေါက်ပင်ကို အဘယ်ကြောင့် လုပ်ကျွေးရသနည်း၊ ချမ်းသာစွာ အိပ်ရပါ၏လောဟု အဘယ်ကြောင့် မေးသနည်း'ဟု မေးလာသည်။ ပုဏ္ဏားက 'အဘပုဏ္ဏား၊ ဤပေါက်ပင်သည် နတ်များ၏ နေရာဌာနဖြစ်သည်။ ဉစ္စာများ လိုချင်သောကြောင့် ငါသည် ထိုနတ်များကို ရှိခိုးပူဇော်ရခြင်း ဖြစ်သည်'ဟု ပြန်ကြားလျှင် ပုဏ္ဏားအိုက 'ပုဏ္ဏား၊ ငါသည် ဤပေါက်ပင်ကို စောင့်သောနတ်တည်း၊ သင်မကြောက်လင့်၊ သင့်အား ဉစ္စာများကို ပေးအံ့'ဟု ဆိုလျက် ပုဏ္ဏားအသွင်ကို ဖျောက်ကာ နတ်အသွင်ကို ထင်ရှား ပြလိုက်သည်။ ထို့နောက် 'ပုဏ္ဏား၊ တည်ပင်၏နောက်မှ ညောင်ကြတ်ပင်ရင်းတွင် ရွှေအိုးများ မြှုပ်ထားလျက်ရှိသည်။ ယင်းရွှေအိုးများကို ငါသည် သင့်အိမ်အောက်မှ မြေထဲတွင် လာရောက်မြှုပ်နှံထားလိုက်မည်။ သင်သည် ထိုဉစ္စာများကို မိမိလည်း သုံးဆောင်၊ ဒါနလည်းပြု၊ သီလလည်း စောင့်ပါ'ဟု ဆိုလျက် ပုဏ္ဏားကို ပြန်လွှတ်လိုက်သည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏား-အရှင်အာနန္ဒာ၊ ရုက္ခစိုး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကျေးဇူးသိတတ်ခြင်းသည် ဉစ္စာရခြင်း၏လမ်းစဖြစ်သည်။

---

# ၃၀၈။ သကုဏဇာတ်

## ခြသေ့်ကို ကူညီသူငှက်

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ကျေးဇူးကိုမသိတတ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ အရပ်၌ သစ်တောက်ငှက် ဖြစ်နေသည်။ သူသည် တစ်နေ့တွင် အစာရှာထွက်လာရာ ဝေဒနာခံစားနေရသော ခြသေ့်ကြီး တစ်ကောင်နှင့် ဆုံတွေ့သဖြင့် အကျိုးအကြောင်းကို မေးကြည့်ရာ ခြသေ့်ကြီးက သူ့လည်ချောင်းထဲတွင် အရိုးစူးနေကြောင်း၊ ဒဏ်ရာပြင်း၍ လည်ပင်းတစ်ခုလုံး ဖူးဖူးရောင်နေကြောင်း၊ အစာများကို မျိုချ၍ မရကြောင်းများ ပြောပြသည်။ ထိုအခါ ကရုဏာ ပွားမိသော သစ်တောက်ငှက်က 'အရိုးကိုတော့ နုတ်ယူပေးချင်

http://www.dhammadownload.com



ပါသည်၊ သို့ရာတွင် သင့်ခံတွင်းထဲသို့မူ မဝင်ဝံ့ပါ'ဟု ဆိုသည်။ ခြင်္သေ့ကြီးက 'သင့်ကို စားမည် မဟုတ်ပါ၊ မိမိအား အန္တရာယ်မှ ကယ်တင်ပေးပါ'ဟု တောင်းပန်ပြောဆိုသည်။

သစ်တောက်ငှက်သည် လိုလိုမယ်မယ် သဘောနှင့် ခြင်္သေ့ကြီး၏ ခံတွင်းကို တုတ်တံဖြင့် ထောက်ထားပြီးလျှင် လည်ချောင်းထဲဝင်၍ အရိုးစွန်းကို နှုတ်သီးဖြင့် ဆွဲယူနုတ်ပေးသည်။ ပြန်ထွက်လာပြီး ထောက်ထားခဲ့သော တုတ်တံကိုလည်း နှုတ်သီးဖြင့် ဖြုတ်ပေးလိုက်သည်။

တစ်နေ့တွင် ခြင်္သေ့ကြီးသည် တောကျွဲကြီးတစ်ကောင်ကို သတ်ဖြတ် စားသောက်နေရာသို့ သစ်တောက်ငှက် ရောက်သွားခဲ့ရာ ခြင်္သေ့ကြီး စိတ်ကို စမ်းသပ် ကြည့်လိုသဖြင့် 'ခြင်္သေ့မင်း၊ သင့်အား ငါ ရှိခိုးပါသည်။ သင့်အပေါ်၌ ငါပြုခဲ့ဖူးသော ကျေးဇူးတရားများလည်း ရှိပါသည်။ ငါ့အား အမဲသား အနည်းငယ်မျှ ပေးပါ'ဟု တောင်း ဆိုသည်။ ကျေးဇူးကန်းသော ခြင်္သေ့က 'ငါ့သွားကြားထဲသို့ ရောက်ခဲ့ပြီးသော သင့်အား အသက်ချမ်းသာခွင့် ပြုခဲ့ခြင်းဖြင့် ငါသည် သင့်ကျေးဇူးကို ပေးဆပ်ခဲ့ပြီ မဟုတ်ပါလော' ဟု ပြန်ကြားခဲ့သည်။

ဇာတ်ပေါင်း။ ။ ခြင်္သေ့-ဒေဝဒတ်၊ သစ်တောက်ငှက်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကြံဖန်ပြီးကျေးဇူးပြုတတ်သူရှိသကဲ့သို့ ကျေးဇူးမဲ့တတ်သူလည်း ရှိတတ်သည်။

---

## ၃၀၉။ ဆဝကဇာတ်

### တရားမစောင့်သူများ

**ပစ္စုပ္ပန်ဝတ္ထု**

မြင့်သောနေရာ၌ရှိနေသော တရားနာပရိသတ်ကို နိမ့်သောနေရာမှ တရားဟောပြောနေသည့် ဆဗ္ဗဂ္ဂီရဟန်းများအား မြတ်စွာဘုရားက 'ရဟန်းတို့၊ တရားတော်၌ အရိုအသေမပြုခြင်းသည် မသင့်၊ ရှေးပညာရှိတို့သည် နိမ့်သောနေရာမှနေ၍ ဗေဒင်သင်ပေးသော ဆရာကိုပင် ကဲ့ရဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် 'စဏ္ဍာလ' မျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် ဇနီးဖြစ်သူသည် သရက်သီးစားလိုသော ချင်ခြင်းအာသာ ဖြစ်လာသည်။ သရက်သီးကိုမှ မစားသုံးရလျှင် သေပွဲဝင်ရလိမ့်မည်ဟု ဆိုသောကြောင့် ညအချိန်တွင် မင်းယုဉ်တော်သို့ သွားကာ သရက်ပင်ပေါ် တိတ်တဆိတ် တက်ရောက်

http://www.dhammadownload.com



သည်။ ရုတ်တရက် မရှုးဆွတ်သေးဘဲ ကောင်းနိုးရာရာ သရက်သီးကို ရွေးစစ်နေရင်းက မိုးလင်းသွားရသဖြင့် ပြန်ဆင်း၍ မဖြစ်တော့ဘဲ ခွဆုံပေါ်တက်၍ ပုန်းနေလိုက်သည်။

မကြာမီ မင်းနှင့် ပုရောဟိတ်တို့သည် ဥယျာဉ်တော်ထဲသို့ ရောက်လာကြပြီး သူပုန်းနေသည့် သရက်ပင်အောက်တွင် ပုရောဟိတ်က နိမ့်ရာမှနေ၍မင်းအား မြင့်ရာနေရာ၌ နေစေကာ ဗေဒင်သင်ကြားပေးနေသည်။ ထိုအခြေအနေကို မြင်ရသူ ဘုရားလောင်းသည် သစ်ကိုင်းငယ်တစ်ခုကို ယီးလေးခို၍ ဆင်းလိုက်ကာ မင်းနှင့် ပုရောဟိတ် နှစ်ဦးကြားတွင် ရပ်လျက် 'မြတ်သောမင်းကြီး၊ မြင့်သောနေရာ၌နေ၍ ဗေဒင်ကိုသင်ယူသော သင်မင်းကြီးသည်လည်း တရားမစောင့်၊ ပုရောဟိတ်သည် နိမ့်ရာမှနေ၍ ဗေဒင်သင်ပေးသောကြောင့် တရားမစောင့်၊ အကျွန်ုပ်သည်လည်း မိမိအသက်ကို မငဲ့ကွက်ဘဲ မိန်းမတို့အလိုသို့လိုက်၍ သရက်သီးခိုးခဲ့သောကြောင့် တရားမစောင့်၊ ထို့ကြောင့် ကျွန်ုပ်သည် ပျက်စီးသူမည်၏။ မင်းကြီးသည် တွေဝေသူမည်၏။ ပုရောဟိတ်သည် သေသူမည်၏'ဟု လျှောက်တင်သည်။

မင်းသည် သူ့အမြင်ကို နှစ်ချိုက်တော်မူသောကြောင့် 'ယနေ့မှစ၍ ငါသည် နေ့ဘက်၌ မင်းပြုမည်၊ သင်သည် ညဥ့်ဘက်၌ မင်းပြုလော့'ဟုဆိုပြီး ဘုရားလောင်းအား 'မြို့စောင့်'ရာထူးကို ပေးအပ်လိုက်သည်။

**ဇာတ်ပေါင်း။** ။ **မင်း-အရှင်အာနန္ဒာ၊ စဏ္ဍာလ-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အပျက်အားလုံးကို မြင်လိုက်လျှင် အကောင်းအားလုံး ဖြစ်သွားမည်သာ။**

---

## ၃၁၀။ သေယျဇာတ်

### သာသနာတော်၌ မပျော်မွေ့သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆွမ်းခံကြွရာမှ အဆင်းလှသောမိန်းမကို မြင်၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ် ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းကြီးသည် မိမိ၏ သားတော်နှင့် တစ်နေ့တည်း တစ်ချိန်တည်းတွင် ဖွားမြင်သူ ပုရောဟိတ်၏ သားငယ်ဖြစ်သော ဘုရားလောင်းကို နန်းတွင်းသို့ ဆောင်ယူ၍ မင်းသားငယ်နှင့်အတူ မွေးမြူစေသည်။

http://www.dhammadownload.com



အစားအစာနှင့် အဝတ်တန်ဆာတို့ကိုလည်း အတူတူ ကျွေးမွေးဆင်မြန်းပေးသည်။ ကလေးငယ်များ အရွယ်ရောက်ချိန်၌လည်း တက္ကသိုလ်တွင် အတူပင် ပညာသင်စေ၍ မင်းသားအိမ်ရှေ့စံ ဖြစ်လာသော အခါ၌ အတူသွား၊ အတူစား၊ အတူတူအိပ်ကြသည်။

နှစ်, လတို့ ကုန်ပြောင်းလာခဲ့ရာ ခမည်းတော် မင်းကြီး နတ်ရွာစံခဲ့သဖြင့် အိမ်ရှေ့စံသည် ထီးနန်းရိုက်ရာကို ဆက်ခံရသည်။ ကိုယ်၊ စိတ်တို့၏ ငြိမ်းအေးမှုကို ရှာမှီးလိုသော ဘုရားလောင်းသည်ကား မင်းသား၏ အပါးမှ ထွက်ခွာလာကာ ရသေ့ပြု၍ ဟိမဝန္တာ၌ သွားရောက်နေထိုင်ပြီး အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့တစ်ပါး အဖြစ်သို့ ရောက်ရှိသည်။

မင်းသည် ဘုရားလောင်းကို ပုရောဟိတ် ရာထူးဖြင့် ချီးမြှောက်လိုသဖြင့် 'သေယျ' အမတ်ကို စေလွှတ်၍ ပင့်ခေါ်ရာ 'ပုရောဟိတ် အရာကို ထားဘိဦး၊ စကြဝတေး မင်း၏ စည်းစိမ်ကိုပင် ရငြားသော်လည်း ငါမလိုက်၊ ပညာရှိတို့သည် တစ်ကြိမ် စွန့်ပယ် ပြီးသော ကိလေသာတို့ကို ထွေးအပ်ပြီးသော တံတွေးကဲ့သို့ တစ်ဖန်ပြန်မယူကုန်' ဟု ပြောဆိုလိုက်သည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ သေယျအမတ်-အရှင်သာရိပုတ္တရာ၊ ပုရောဟိတ်သား ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကာမဂုဏ်ချမ်းသာထက် ဈာန်ချမ်းသာက မြတ်သည်။

ကာလိင်္ဂဝဂ် ပြီးပြီ။

---

# ၂။ ပုစိမန္ဒဝဂ်

## ၃၁၁။ ပုစိမန္ဒ ဇာတ်

### တမာပင်စောင့်နတ်

ပစ္စုပ္ပန်ဝတ္ထု၊

ရာဇဂြိုဟ်ပြည်အနီး တောရကျောင်း၌ တောရ ဆောက်တည်နေသော အရှင်မောဂ္ဂလာန် မထေရ်၏ ကျောင်းပရိဝုဏ်အရပ်၌ လာရောက် ပုန်းခိုနေသော ခိုးသူအား အကြောင်းပြုကာ ဤအင်္ဂဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် မြို့၏ သုသာန်တောထဲ၌ တမာပင်စောင့်နတ် ဖြစ်နေသည်။ တစ်နေ့တွင် ဥစ္စာခိုး၍ မြို့တံခါးဝမှ ထွက်ပြေးလာသော ခိုးသူတစ်ယောက်သည် သုသာန်တောထဲသို့ ပြေးဝင်လာကာ တမာပင်ရင်း၌ ဥစ္စာထုပ်ကို ထားပြီး အိပ်သဖြင့် တမာပင်စောင့်နတ်က 'ခိုးသူ ထလော့၊ အိပ်နေခြင်းဖြင့် အချိန်မဖြုန်းလင့်၊ မင်းမှုထမ်း ယောကျ်ားများ လာမဖမ်းမီ ဝေးရာသို့ ပြေးပါ'ဟု ဆိုသည်။ ခိုးသူလည်း ထိုနေရာမှ ထွက်ပြေးခဲ့သည်။ သို့သော်အနီးရှိ ညောင်ဗုဒ္ဓဟေပင်စောင့်နတ်က တမာပင်စောင့်နတ်အား 'ရွာထဲမှာ ဝင်ခိုးလို့ ရွာသားတွေက သူခိုးကို ဖမ်းတာ။ အသင် တမာပင်စောင့်နတ်နဲ့ ဘာဆိုင်သလဲ'ဟု မေး၏။ ထိုအခါ တမာပင်စောင့်နတ်က 'ခိုးသူနှင့် ရောနှောဆက်ဆံ၍ မဖြစ်ပါ၊ သူ့ကို ဖမ်းခဲ့လျှင် မိမိ၏ တမာပင်မှ အကိုင်းကို ခုတ်ဖြတ်၍ တံကျင်လျှိုကြမည် ဖြစ်ပါသည်။ ထို့ကြောင့် ခိုးသူကို နှင်ရခြင်း ဖြစ်ပါသည်'ဟု ရှင်းပြသည်။

ထိုစဉ်တွင် ခိုးသူနောက်သို့ လိုက်လာခဲ့ကြသော ရွာသားများသည် တမာပင်အောက်သို့ ရောက်လာကြရာ ခိုးသူကို မတွေ့လိုက်ကြရဘဲ ခိုးသူ အိပ်သွားသော နေရာကိုသာ တွေ့ကြရသည်။ အကယ်၍ ဤနေရာ၌သာ ခိုးသူကို ဖမ်းမိခဲ့လျှင် ဤတမာသားနှင့် တံကျင်လျှို၍ ဤတမာကိုင်း၌ပင် ဆွဲထားခဲ့ကြမည်'ဟု အချင်းချင်း ပြောဆိုပြီး ပြန်သွားကြသည်။ ညောင်ပင်စောင့်နတ်လည်း 'ပညာရှိမည်သည် လာမည့်ဘေးကို ကြိုတွေးပြီး ကာကွယ်စောင့်ရှောက်နိုင်၏'ဟု ဆိုလေသည်။

ဇာတ်ပေါင်း။ ။ ညောင်ဗုဒ္ဓဟေပင်စောင့်နတ်-အရှင်အာနန္ဒာ၊
တမာပင်စောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လာမည့်ဘေးကို ဝေးဝေးက ရှောင်ပါ။

---

## ၃၁၂။ ကဿပမန္ဒိယဇာတ်

### စိတ်တိုသော ရဟန်းအို

**ပစ္စုပ္ပန်ဝတ္ထု**

သားအဖများ ဖြစ်ခဲ့ကြသော ရဟန်းနှစ်ပါးနှင့် သာမဏေ တစ်ပါးတို့သည် တောရွာကျောင်းတွင် သွား၍ ဝါဆိုခဲ့ကြရာမှ ဝါကျွတ်ချိန်၌ ဇေတဝန်ကျောင်းတော်သို့ ပြန်လာခဲ့သည်။ ရဟန္တာ

http://www.dhammadownload.com



ဖြစ်သော အစ်ကိုရဟန်းက ညီငယ်သာမဏေအား ဖခင်ရဟန်းအိုကြီးကို စောင့်ဆိုင်းခေါ်ခဲ့ရန် မှာကြားကာ ရှေ့မှသွားနှင့်သည်။ သားငယ် သာမဏေသည် မိမိကို မီအောင် မလိုက်နိုင်သော ဖခင် ရဟန်းအိုကြီးအား အတင်းဆွဲခေါ်ရာ 'သင်သည် သင့်ဆန္ဒအတိုင်း ဖြစ်စေရန်သာ အတင်းဆွဲခေါ်သည်၊ ငါ မလိုက်နိုင်'ဟု စိတ်ဆိုး၍ ပြောဆိုကာ လာခဲ့သော ခရီး၏အစသို့ ပြန်၍သွားသည်။ ထိုရဟန်းအိုကြီး၏ လုပ်ဆောင်ချက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် ကာသိ နိဂုံးတွင် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ မိခင်ကြီး ကွယ်လွန်သွားခဲ့သော် ဖခင်နှင့် ညီငယ်ကို ခေါ်၍ ရသေ့ပြုကာ ဟိမဝန္တာတောအုပ် တစ်ခုတွင် အတူနေထိုင်ကြသည်။ တစ်ခုသော မိုးလရာသီ၌ မိုးအဆက်မပြတ် ရွာသွန်းနေ၍ သစ်သီးရှာထွက်ရန် အခက်အခဲ ရှိသဖြင့် ဟိမဝန္တာမှ ထွက်ကာ လူနေရပ်ကွက်သို့ သွားရောက် ခိုမှီးကြရသည်။ မိုးပြတ်၍ သစ်သီးကြီးငယ်များ သီးပွင့်ချိန် ရောက်သောအခါမှ ဟိမဝန္တာသို့ ပြန်ခဲ့ကြသည် အပြန်ခရီး၌ ကျောင်းနှင့် မနီးမဝေးသို့ အရောက်တွင် နေဝင်သွား၍ ဘုရားလောင်းရသေ့သည် ကျောင်းကို သုတ်သင်ရှင်းလင်းရန် ရှေ့မှလာခဲ့သည်။ ညီငယ်နှင့် ဖခင်ကို တဖြည်းဖြည်းချင်း လာခဲ့ကြရန် မှာထားသည်။ ကျန်ခဲ့သော ရသေ့သားအဖသည် တော်တော်နှင့် ရောက်မလာသဖြင့် ဘုရားလောင်းရသေ့သည် မီးရှူးတိုင် ကိုင်လျက် သွားကြိုလိုက်ရသည်။ ဤမျှကြာမြင့်နေခဲ့ရခြင်း၏ အကြောင်းရင်းကို ဘုရားလောင်း ရသေ့က မေးမြန်းရာ ရသေ့ငယ်သည် အဖရသေ့၏ ပြုမူပုံများကို ပြောပြသည်။ ထိုအခါ ဘုရားလောင်းက ခမည်းတော်၊ သူငယ်တို့မည်သည် မြေအိုးနှင့်တူကြ၍ တစ်ခဏဖြင့်ပင် ကွဲတတ်ကြသည်။ ကွဲပြီးချိန်မှစ၍ နောက်တစ်ဖန် ပြန်မဆက်ကြကုန်၊ သူငယ်တို့ကို ကြီးသောသူတို့သည် သည်းခံသင့်ကြသည်ဟု ပြောကြားသည်။

ဇာတ်ပေါင်း။ ။ အဖရသေ့-ရဟန်းအို၊ ရသေ့ငယ်-သာမဏေ၊
အဖအားဆုံးမစကားဆိုသောရသေ့-ဗုဒ္ဓ။'

အနှစ်ချုပ်။ ။ လူကြီးသည် လူငယ်အား စိတ်ရှည်ရှည်ထား၍ဆက်ဆံရာ၏။

http://www.dhammadownload.com



# ၃၁၃။ ခန္တိဝါဒီဇာတ်

## သည်းခံသော ရှင်ရသေ့

**ပစ္စုပ္ပန်ဝတ္ထု၊**

အမျက်ထွက်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ကလာဗုမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကုဏ္ဍလဟူသော အမည်ဖြင့် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ ကုဏ္ဍလ လုလင်သည် အရွယ်ရောက်ချိန်၌ ပညာသင်ယူ၍ မိဘနစ်ပါး ကွယ်လွန်ပြီးချိန် တွင်မူ ပစ္စည်းအားလုံးကို လှူဒါန်းစွန့်ကြဲကာ ဟိမဝန္တာတွင်ပင် ရသေ့ဝတ်၍ နေထိုင်သည်။ တစ်နေ့တွင် ချဉ်,ဆား မှီဝဲရန် ဗာရာဏသီသို့ ရောက်လာရာ စစ်သူကြီးသည် ရသေ့ကို မြင်၍ ကြည်ညိုသဒ္ဓါ ပွားကာ မင်းကြီး၏ဥယျာဉ်၌သာ သီတင်းသုံးရန် လျှောက်ထားပြီး ဆွမ်းဘောဇဉ်များဖြင့် ထောက်ပံ့ကိုးကွယ်ထားသည်။

တစ်နေ့တွင် အရက်မူးနေသော ကလာဗုမင်းသည် ဥယျာဉ်တော်ထဲသို့ ကချေသည်များနှင့်အတူ ရောက်လာပြီး မင်္ဂလာကျောက်ဖျာပေါ်၌ သူမြတ်နိုးသည့် အမျိုးသမီး တစ်ယောက်၏ ရင်ခွင်ပေါ်တွင် အိပ်နေလိုက်သည်။ မင်း အိပ်ပျော်သွားချိန်၌ ကချေသည် များသည် သူတို့၏ သီဆို၊ တီးမှုတ်မှုများကို ရပ်နားကြပြီး ဥယျာဉ်တော်အတွင်းရှိ အင်ကြင်း ပင်ရင်း၌ ထိုင်နေသော ရသေ့တစ်ပါးထံသွား၍ တရားနာကြသည်။

အိပ်ပျော်ရာမှ နိုးလာသော မင်းကြီးသည် ကချေသည်မများကို မတွေ့ကြရ သဖြင့် သူမြတ်နိုးရသူ အမျိုးသမီးကို မေးရာ အမျိုးသမီးက ရသေ့တစ်ပါးထံတွင် တရား သွားနာနေကြောင်းလျှောက်ထားသည်။ မင်းသည် ရသေ့အပေါ် အမျက်ထွက်သွားကာ သန်လျက်ကို ကိုင်စွဲ၍ ရသေ့ရှိရာသို့ အပြေးအလွှား လိုက်ကာ 'ရသေ့၊ သင်သည် အဘယ်ဝါဒ ရှိသနည်း'ဟု မင်းက မေးသည်။ 'ခန္တိဝါဒ ရှိ၏'ဟု ဖြေ၍ 'ခန္တိဆိုသည်မှာ အဘယ်နည်း'ဟု မင်းက ဆက်မေးရာ 'မိမိကိုယ်ကို ဆဲရေးသူအား ဖြစ်စေ၊ ရိုက်ပုတ် သူအားဖြစ်စေ အမျက်ဒေါသမထားဘဲ သည်းခံခြင်းသည် 'ခန္တိပင် ဖြစ်သည်'ဟု မိန့်ကြား သည်။

ထိုအခါ မင်းသည် ပါးကွက်သားကိုခေါ်၍ ဆူးတပ်သော ကြိမ်ဖြင့် ရသေ့ကြီး အား ကျော၊ ရင်နှင့် နံဘေးနှစ်ဘက်တို့၌ ကြိမ်ဒဏ်နှစ်ထောင် ရိုက်ခိုင်းသည်။ ထို့နောက်

http://www.dhammadownload.com



'ရသေ့၊ သင်သည် အဘယ်ဝါဒ ရှိသနည်း'ဟု မင်းက ဖမ်းပြန်ရာ ရသေ့ကြီးက 'ခန္တီဝါဒ ရှိသည်'ဟုပင် ဖြေဆိုသည်။ မင်းသည် ရသေ့၏ လက်နှင့်ခြေတို့ကိုအဖြတ်ခိုင်းလိုက်သည်။ တစ်ဖန် 'ရသေ့၊ သင်သည် အဘယ်ဝါဒရှိသနည်း'ဟု ထပ်မေးပြန်သည်။ ရသေ့၏ အဖြေကား ပြောင်းလဲ၍မသွား၊ ဤတွင် ရသေ့၏ နား၊ နှာခေါင်းတို့ကို ဖြတ်ရန် အမိန့် ပေးပြန်သည်။ ဤသို့ဖြတ်သောအခါ၌လည်း ရသေ့၏ အဖြေကား မထူးခြားပေ။ ထိုအခါ မင်းသည် 'ရသေ့စဉ်းလဲ၊ သင့်ခန္တီကို သင်သာလျှင် စောင့်ထိန်း၍ နေလော့'ဟု ဆိုပြီးလျှင် ရသေ့၏ ရင်ဝကို ခြေထောက်ဖြင့်ကန်ကာ ရသေ့အနီးမှ ထွက်ခွာသွားသည်။

မင်းကြီး ထွက်သွားပြီးနောက် စစ်သူကြီး ရောက်လာသောအခါ ရသေ့၏ ကိုယ်မှ ဒဏ်များကို သုတ်သင်သန့်ရှင်းပေးပြီးနောက် 'အရှင်ဘုရား၊ အမျက်ထွက်လိုလျှင် ကျူးလွန်ပြစ်မှားသော မင်းကိုသာ အမျက်ထွက်တော်မူပါ၊ တိုင်းသူပြည်သားများအား အမျက်မထားပါလင့်'ဟု တောင်းပန်စကားဆိုရာ ရသေ့ကြီးက 'ငါနှင့်တူသော ပညာရှိတို့သည် မည်သူ့ကိုမျှ အမျက်မထွက်တတ်ကြပါ၊ ငါ၏ လက်၊ ခြေ၊ နှာခေါင်းတို့ကို ဖြတ်ခဲ့သော မင်းသည်လည်း သက်တော်ရှည်ပါစေ'ဟု ဆုတောင်းလေသည်။

ရသေ့ကြီးအနီးမှ ထွက်ခွာသွားခဲ့သော မင်းသည် ရသေ့ကြီး၏ မြင်ကွင်းမှ ကင်းလွတ်ရာ ဥယျာဉ်တံခါးဝသို့ ရောက်လျှင်ပင် မဟာပထဝီမြေကြီး၏ မျိုယူခြင်းကို ခံလိုက်ရသည်။ ရသေ့ကြီးသည်လည်း ထိုနေ့၌ပင် ကွယ်လွန်သွားရလေသည်။

**ဇာတ်ပေါင်း။** ။ **ကလာဗုမင်း-ဒေဝဒတ်၊ စစ်သူကြီး-အရှင်သာရိပုတ္တရာ၊ ခန္တီဝါဒီ ရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **သူတော်ကောင်းက သည်းခံသော်လည်း အကုသိုလ်ကံတရားက သည်းမခံချေ။**

---

# ၃၁၄။ လောဟကုမ္ဘီဇာတ်

## ကာမေသုမိစ္ဆာစာရ ကျူးလွန်သူများ

**ပစ္စုပ္ပန်ဝတ္ထု**

ငရဲသားများ၏ ဒု, သ, န, သော ဟူသော အသံများ ကြားရသဖြင့် တုန်လှုပ်ချောက်ချား ကာ သဗ္ဗစတုက္က ယဇ်ပူဇော်ရန် စီစဉ်သော ကောသလမင်းကြီးကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် ကာသိရွာတွင် ပုဏ္ဏားမျိုး၌ ဖြစ်နေ၏။ အရွယ်ရောက်ချိန်၌ ရသေ့ပြုပြီး ဟိမဝန္တာ၌ နေသော် အဘိညာဉ် သမာပတ်ရ ရသေ့တစ်ပါး ဖြစ်လာသည်။ ထိုအချိန်၌ ဗာရာဏသီမင်းသည် ငရဲသား လေးယောက်တို့၏ ဒု, သ, န, သော ဟူသော အသံကြီးလေးခုတို့ကို ကြားရ၍ အန္တရာယ် ကျရောက်လာမည်ကို စိုးရိမ်နေသောကြောင့် ပုဏ္ဏားများ၏ လျှောက်တင်ချက်အရ အန္တရာယ်ကို ငြိမ်းအေးစေနိုင်သည်ဆိုသော 'သဗ္ဗစတုက္ကယဇ်' ပူဇော်ကြရန် ခွင့်ပြုလိုက် သည်။ ဘုရားလောင်းရသေ့သည် ထိုနေ့၌ ဒိဗ္ဗစက္ခုဖြင့် လောကကိုကြည့်ရာ ထိုကိစ္စကို မြင်တွေ့လိုက်ရသဖြင့် သတ္တဝါများအား ချမ်းသာစေလို၍ ဈာန်ခရီးဖြင့် ဗာရာဏသီသို့ လာခဲ့ကာ မင်းဥယျာဉ်ထဲမှ ကျောက်ဖျာပေါ်တွင် ထိုင်နေလိုက်သည်။

ထိုအချိန်၌ ပုရောဟိတ်၏ တပည့်ကြီးသည် ဆရာအား 'ဆရာ၊ ဗေဒင်ကျမ်း များ၌ သူတစ်ပါးကို သတ်၍ မိမိချမ်းသာအောင် ပြုခြင်းကို ခွင့်ပြုပါသလော'ဟု မေးရာ ဆရာက 'သင်သည် မင်း၏ဥစ္စာကို နှမြောနေသည်။ ငါတို့ ငါး အမဲများ စားကြရမည်၊ ဥစ္စာပစ္စည်းများလည်း ရကြမည်။ ဆိတ်ဆိတ် နေပါ'ဟု နှုတ်ပိတ်လိုက်သည်။ တပည့် သည် ဆရာ့စကားကို သဘောမကျသဖြင့် ဤကိစ္စတွင် မိမိ မပါဝင်ဟု ဆိုကာ ဥယျာဉ် ထဲသို့ ဝင်လာခဲ့သည်။ မင်္ဂလာကျောက်ဖျာရှိရာသို့ အရောက်တွင် ဘုရားလောင်း ရသေ့နှင့် ဆုံတွေ့လိုက်ရသည့်အခါ နှစ်ဦးသား စကား ပြောဆိုကြရင်းက မင်းအကြောင်းသို့ ရောက် သွားသည်။ 'မင်းသည် သူကြားခဲ့ရသည့် အသံကြီး လေးခုကြောင့် ဖြစ်ပေါ်လာရမည့် အန္တရာယ်များမှ ကင်းဝေးစေခြင်းငှာ သတ္တဝါများအား သတ်ဖြတ်၍ ယဇ်ပူဇော်ပွဲ ပြုလုပ်ရန် ပြင်ဆင်နေပါသည်။ သီလရှိသော အရှင်ဘုရားသည် ထိုအသံများ ဖြစ်ပေါ်ရခြင်းအကြောင်း ကို မြွက်ကြား၍ သတ္တဝါများအား သေဘေးမှ ကယ်တင်သင့်ပါသည်ဘုရား'ဟု လုလင်က လျှောက်ထားသည်။

ထိုအခါ ရသေ့က 'ထိုအသံကြီး လေးခုတို့ ဖြစ်ပေါ်ရခြင်းအကြောင်းကို ငါ သိသည်။ မင်းကြီး လာရောက်မေးမြန်းခဲ့လျှင် ရှင်းပြမည်'ဟု ပြန်ကြားလိုက်ရာ လုလင် သည် ရသေ့၏ ရှေ့မှောက်မှ ကသုတ်ကရက်နှင့် ထွက်ခွာသွားလျက် ပြန်လာသောအခါ သူနှင့်အတူ မင်းကြီးပါလာသည်။ မင်းကြီးက သူကြားခဲ့ရသည့် အသံကြီး လေးခုတို့ ဖြစ်ပေါ်ရခြင်း အကြောင်းရင်းကို မေးလျှောက်သည်။

ရသေ့ကြီးက 'မင်းကြီး၊ ထိုသူတို့သည် ရှေးဘဝက စောင့်ရှောက်သူရှိသော မိန်းမတို့၌ ပြစ်မှားခဲ့ကြသဖြင့် ဗာရာဏသီပြည် အနီးမှ လေးခုကုန်သော 'လောဟကုမ္ဘီ'

http://www.dhammadownload.com



ငရဲအိုး၌ ငရဲခံနေကြရသည်။ ဆူပွက်နေသော သံအိုးကြီးထဲတွင် နှစ်ပေါင်း သုံးသောင်းကြာ အောက်သို့ဆင်းရ၍ ပြန်တက်သောအခါ၌လည်း နှစ်ပေါင်းသုံးသောင်း တိုင် ကြာအောင် ခံနေရပြီးမှ တစ်ကြိမ်ပေါ်ရသည်။ ထိုပေါ်ဆဲခဏတွင်ပင် ထိုလေးယောက် တို့သည် မိမိတို့ ကျူးလွန်ခဲ့မိသော ကာမေသုမိစ္ဆာစာရမှုနှင့် ပတ်သက်၍ တစ်ဂါထာစီ အပြည့်အစုံ ရွတ်ဆိုပြလိုကြသော်လည်း ရွတ်ဆိုချိန် မရကြ။ ဒု, သ, န, သော ဟူသော ဂါထာ၏ အစတစ်လုံး, တစ်လုံးစီကိုသာလျှင် ဆိုနိုင်ခဲ့ကြပြီး ပြန်လည်၍ နစ်မြုပ်သွားကြ ရာမှ ကြားလိုက်ရသော အသံများသာ ဖြစ်သည်။ သင်မင်းကြီးအတွက် အန္တရာယ်မရှိဟု မိန့်ဆိုသည်။ ထိုအခါ မင်းကြီးသည် ယဇ်ပူဇော်မည့် အစီအစဉ်ကို ဖျက်ဆီးစေကာ ဖမ်းဆီးထားခဲ့သော သတ္တဝါများကိုလည်း ပြန်၍ လွှတ်ပေးစေသည်။

ဇာတ်ပေါင်း။ ။ ပုရောဟိတ်၏ တပည့်-အရှင်သာရိပုတ္တရာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တစ်ခဏသာစံရသော်လည်း ခံရလျှင်အနန္တ။

---

## ၃၁၅။ သဗ္ဗမံသလာဘဇာတ်

### အချိုသာဆုံးပြောသူ အမဲသားအားလုံးရ

**ပစ္စုပ္ပန်ဝတ္ထု**

ဇေတဝန်ကျောင်းတော်မှ ဝမ်းနုတ်ဆေးသောက်ကြသော ရဟန်းများအတွက် အမဲသားရောသည့် ဆွမ်းကို သူနာပြုရဟန်းတော်များသည် သာဝတ္ထိမြို့တွင်းမှ ထမင်းဆိုင်များရှိသည့် လမ်းတွင် သွားရောက်ဆွမ်းခံကြရာ ဆွမ်းကို အလျှင်းမရဘဲ ပြန်လာကြရသည်။ အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးနှင့်တွေ့၍ ဆွမ်းခံကြရာမှ အမဲသားရောသည့်ဆွမ်းကို ရသည်။ ထိုအကြောင်းနှင့်စပ်၍ အတိတ်ဇာတ်ကြောင်းကို ဆောင်တောမူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် ထိုမြို့၌ သူဌေးသား ဖြစ်နေသည်။ တစ်နေ့တွင် သူအပါအဝင် သူဌေးသား လေးယောက်တို့သည် မြို့အပြင်ဘက်မှ လမ်းဆုံတစ်နေရာ၌ ဝိုးဖွဲ့ကာ ထွေရာလေးပါး ပြောဆိုနေကြစဉ် မုဆိုး တစ်ယောက် မောင်းနှင်လာသော အမဲသား လှည်းတစ်စီးသည် သူတို့အနီးသို့ ရောက်လာ သည်။ သူဌေးသားတစ်ယောက်က 'ဟယ်...မုဆိုး၊ ငါ့အား အမဲသားတစ်တုံး ပေးပါ'ဟု

http://www.dhammadownload.com



တောင်းလိုက်သည်။ မုဆိုးက 'မိတ်ဆွေ၊ တောင်းရမ်းသူသည် ချစ်ဖွယ်သော စကားကို ဆိုတတ်ရသည်၊ သင့်စကားသည် အသားမပါ၊ အမြွေးတုံးနှင့်သာ တူပေသည်'ဟု ဆိုပြီးလျှင် အသားမပါသော အမြွေးတုံးတစ်တုံးကို ပေးသည်။

ဤတွင် နောက်တစ်ယောက်က 'အစ်ကိုကြီး၊ ငါ့အား အမဲသားတစ်တုံးပေးပါ' ဟု တောင်းပြန်ရာ ထိုသူအား ကိုယ်သား တစ်တုံးပေးသည်။ အခြားတစ်ယောက်ကမူ 'အဘ၊ ငါ့အားလည်း အမဲသားတစ်တုံး ပေးပါ'ဟု တောင်းပြန်ရာ နှလုံးသားအပါအဝင် အသားကောင်းများကို ပေးလိုက်သည်။ နောက်ဆုံး သူဌေးသားကမူ 'မိတ်ဆွေ၊ ငါ့အားလည်း အမဲသားတစ်တုံး ပေးခဲ့ပါ'ဟု တောင်းသောအခါ၌ကား မုဆိုးသည် လှည်းပေါ်ပါသော အမဲသားအားလုံးကို ထိုသူအား ပေးအပ်ရုံမျှမက အိမ်အရောက် လိုက်ပို့ပေးသည်။

ထိုသူဌေးသားသည် မုဆိုးနှင့် မိတ်ဆွေရင်းချာ ဖြစ်သွားပြီးနောက် မုဆိုးအား မုဆိုးလုပ်ငန်းကို စွန့်စေကာ ရင်းနှီးစားသောက်ရန် ငွေကြေးများ ထုတ်ပေးသည်။ ထို့မျှမက မုဆိုးမိသားစုများကိုလည်း မိမိအိမ်သို့ ခေါ်ယူထားသည်။

ဇာတ်ပေါင်း။ ။ မုဆိုး-အရှင်သာရိပုတ္တရာ၊
အမဲသားအားလုံးကိုရသောသူဌေးသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိတ်ဆွေကောင်း၏တန်ဖိုးသည် အတိုင်းမသိထိုက်တန်၏။

# ၃၁၆။ သသပဏ္ဍိတဇာတ်

## မျောက်၊ မြေခွေး၊ ဖျံနှင့် ယုန် မိတ်ဆွေ လေးဦး

### ပစ္စုပ္ပန်ဝတ္ထု

ရာဇဂြိုဟ်မြို့သား သူကြွယ်တစ်ဦးသည် ဘုရားအမှူးရှိသော သံဃာငါးရာတို့အား ခုနစ်ရက်တိုင်တိုင် ဆွမ်းကျွေးလှူဒါန်းပြီး နောက်ဆုံးနေ့၌ ပရိက္ခရာစုံ လှူဒါန်း၍ အနုမောဒနာတရားနာကြားသောအခါ ဘုရားရှင်က 'သီတင်းသည်၊ သင်သည် ပီတိသောမနဿ ဖြစ်သင့်သည်၊ ဤအလှူမည်သည်ကား ရှေးပညာရှိတို့၏ အနွယ်ပေတည်း။ ရှေးပညာရှိတို့သည် ရောက်လာကြသည့် အလှူခံတို့အား အသက်ကို စွန့်၍ မိမိအသားကိုပင် လှူခဲ့ဖူးပြီ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတီတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ယုန်ဝတ္ထုဝါမျိုး၌ ဖြစ်နေသည်။ သူ့တွင် မျောက်၊ မြေခွေး၊ ဖျံ ဟူသော မိတ်ဆွေသုံးဦး ရှိရာ သူတို့လေးဦးသည် ညနေချမ်းရောက်တိုင်း တွေ့ဆုံကြပြီး ယုန်မင်း၏ ဆုံးမစကားကို ခံယူနေကြမြဲ ဖြစ်သည်။ တစ်နေ့တွင် ယုန်မင်းသည် ကောင်းကင်ကို မော့ကြည့်ရာ မနက်ဖြန်လပြည့်၊ ဥပုသ်နေ့ဖြစ်သည်ကို သိလိုက်သောကြောင့် သူ့မိတ်ဆွေများအား မနက်ဖြန် ဥပုသ်သီလ ဆောက်တည်ကြရန်၊ အလှူခံပုဂ္ဂိုလ်များ ရောက်လာခဲ့လျှင် မိမိတို့စားသောက်သည့် အစာအာဟာရထဲမှ ပေးလှူကြရန် မှာကြားသည်။

လပြည့်နေ့ နံနက်စောစောတွင် အစာရှာထွက်လာသော ဖျံသည် ဂင်္ဂါကမ်းခြေသို့ ရောက်သောအခါ တံငါသည်တစ်ဦး သဲဖြင့်ဖုံး၍ ဝှက်ထားခဲ့သော နွယ်ကြိုးဖြင့် သီထားသည့် ငါးကြင်းခုနစ်ကောင်ကို တွေ့ရသည်။ ထိုအခါ ဤငါးများ၏ ပိုင်ရှင်ရှိမရှိကို သုံးကြိမ်တိုင်ဟစ်အော်၍ မေးမြန်းသော်လည်း တစ်စုံတစ်ရာ ပြန်ကြားသံ မကြားရသဖြင့် ထိုငါးများကို ယူလာသည်။ နေရာသို့ ရောက်သောအခါ မိမိသီလကို နှလုံးသွင်း၍ နေလိုက်သည်။

မြေခွေးသည်လည်း လယ်စောင့်တဲတစ်ခုမှ အမဲတို့နှစ်ခု၊ ဖွတ်ကင်တစ်ခုနှင့် နို့ဓမ်းအိုးတစ်လုံးကို တွေ့၍ ဖျံကဲ့သို့ပင် ပိုင်ရှင် ရှိမရှိကို သုံးကြိမ်တိုင် မေးပြီးမှ ယူလာသည်။ မျောက်ကတော့ သရက်သီးမှည့်တစ်ခိုင် ရထားသည်။

တစ်စုံတစ်ရာ လှူဖွယ်ပစ္စည်း မရှိသေးသော ယုန်မင်းက အကယ်၍ အလှူခံပုဂ္ဂိုလ်သာ ရောက်လာမည်ဆိုလျှင် မိမိ၏ အသားကို ပေးလှူရန် ဆုံးဖြတ်ထားသည်။

သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် ပူပြင်း၍ လာလေရာ အကြောင်းရင်းကို ဆင်ခြင်ကြည့်သည့်အခါ ယုန်မင်း၏သီလ တန်ခိုးကြောင့် ဖြစ်ကြောင်း သိလိုက်ရသဖြင့် သိကြားမင်းသည် ထိုလေးဦးတို့၏ သီလကို စမ်းသပ်ရန် ပုဏ္ဏားအသွင်ဖြင့် လာခဲ့သည်။ ဦးစွာ ဖျံနှင့်တွေ့ဆုံ၍ ငါးခုနစ်ကောင် လှူသည်။ သိကြားမင်းက မယူခဲ့သေး။ အချိန်စောသေး၍ နောက်မှ လာယူမည်ဟု ဆိုခဲ့သည်။ ထို့နောက် မြေခွေးထံသို့ လာခဲ့ရာ သူရထားသော လှူဖွယ်ပစ္စည်းအားလုံးကို ပေးလှူသည်။ သိကြားမင်းက ရှေးနည်းအတိုင်း ထားပစ်ခဲ့သည်။ မျောက်ထံသို့ ရောက်သည့်အခါတွင် မျောက်က သူရထားသော သရက်သီးခိုင်ကို လှူသည်။ ရှေးနည်းအတိုင်းပင် ထားခဲ့သည်။

http://www.dhammadownload.com



နောက်ဆုံးတွင်မူ ယုန်မင်းထံသို့ ဝင်လာသည်။ ယုန်မင်းသည် သိကြားမင်း ပုဏ္ဏားအိုကို ဝမ်းမြောက်ဝမ်းသာ ကောင်းချီးပြုပြီး 'ငါသည် ရှေးက မလှူခဲ့ဖူးသော အလှူကို ယနေ့လှူရအံ့၊ သင်သည် သီလရှိသူဖြစ်၍ ပါဏာတိပါတကံကို ပြုလိမ့်မည်မဟုတ်၊ ထို့ကြောင့် မီးဖို၍ မီးကျီးရအောင်ပြုလော့၊ ငါသည် အသက်ကိုစွန့်၍ မီးကျီးပုံထဲသို့ ဝင်အံ့၊ ကျက်ရိုန့်ခဲ့ ငါ့အသားများကို သင်စား၍ တရားကို အားထုတ်ရစ်ပါ'ဟု ပုဏ္ဏားအား ပြောသည်။

ပုဏ္ဏားအိုသည် မီးကျီးတစ်ခု ပြုလုပ်ပြီးနောက် ယုန်မင်းအား ကြားသိစေသည်။ ထိုအခါ ယုန်မင်းသည် မိမိ၏ အမွေးကြားများ၌ ရှိနေကြသော ပိုးမွှားငယ်များ မသေကြစေရန် သုံးကြိမ်တိုင် ကိုယ်ကို ခါလှုပ်ပစ်ကာ မီးကျီးဖိုထဲသို့ ခုန်ဆင်းလိုက်ရာ မီးကျီးသည် ယုန်မင်း၏ ကိုယ်ကို မပူလောင်စေသည့်အပြင် အမွေးကိုမျှသော်လည်း အပူငွေ့ မဟပ်နိုင်ခဲ့ဘဲ ဆီးနှင်းတိုက်ထဲ ဝင်ရသည်သို့ ရှိသည်။

ယုန်မင်းက အဘယ်ကြောင့် မီးမပူသနည်းဟု မေးရာ 'မိမိသည် ပုဏ္ဏားအစစ် မဟုတ်၊ သိကြားမင်းသာ ဖြစ်သည်။ ယုန်မင်း၏ သီလကို စမ်းသပ်လို၍ လာခဲ့ခြင်း ဖြစ်သည်'ဟု သိကြားမင်းက ပြောပြပြီးနောက် ယုန်မင်း၏ ကျေးဇူးဂုဏ်သည် ကမ္ဘာဆုံးတိုင် ခိုင်မြဲနေစေရန် ရည်ရွယ်လျက် တောင်ကိုအဆီညှစ်ကာ တောင်ဆီဖြင့်ပင် လဝန်း ပေါ်၌ ယုန်ရုပ်အမှတ်အသား ရေးဆွဲပေးခဲ့သည်။

ဇာတ်ပေါင်း။ ။ ဖျံ-အရှင်အာနန္ဒာ၊ မြေခွေး-အရှင်မောဂ္ဂလာန်၊ မျောက်-အရှင် သာရိပုတ္တရာ၊ သိကြားမင်း-အရှင်အနုရုဒ္ဓါ၊ ယုန်ပညာရှိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတော်ကောင်း၏ဂုဏ်သတင်း ကမ္ဘာချင်းအောင်မွှေးသည်။

---

# ၃၁၇။ မတာရောဒနဇာတ်

## အစ်ကိုသေသော်လည်း မငိုသောညီ

ပစ္စုပ္ပန်ဝတ္ထု

အစ်ကို သေဆုံးသွားသဖြင့် သောကဖြစ်ကာ ရေမချိုး၊ ထမင်းမစားဘဲ သုသာန်ထဲသို့ သွား၍ အကြိမ်ကြိမ် ငိုကြွေးနေသော သာဝတ္ထိမြို့သား သူကြွယ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးမျိုး၌ ဖြစ်နေသည်။ မိဘနှစ်ပါး ကွယ်လွန်သွားချိန်၌ အစ်ကိုသည် ဥစ္စာပစ္စည်းများကို စီမံကွပ်ကဲ၍ ညီအစ်ကိုနှစ်ဦး ချစ်ခင်သင့်မြတ်စွာ နေထိုင်လာခဲ့ကြရာ တစ်နေ့တွင် အစ်ကို ကွယ်လွန်သွားလေသည်။ ဆွေမျိုးမိတ်သင်္ဂဟများသည် ကျွတ်ကျွတ်ဆူမျှ ငိုကြွေးသော်လည်း ညီငယ် ဘုရားလောင်းကား မျက်ရည် ကလေး တစ်စပင် မစို့ခဲ့ချေ။ ထို့ကြောင့် ဝန်းကျင်နှင့်တကွ ဆွေမျိုး အသိုက်အဝန်းကပါ ကဲ့ရဲ့ကြသည်။

ထိုအခါ ဘုရားလောင်းက 'မိုက်တွင်းနက်သော သင်တို့သည် လောကဓံ တရားကို မသိကြ၍ ငိုကြွေးကြခြင်း ဖြစ်သည်။ ငါလည်း သေရမည်။ ထို့ကြောင့် ငါမငို၊ သင်တို့သည်လည်း သေကြရဦးမည်။ ထို့ကြောင့် ငါလည်း သေရမှာပါကလားဟု နှလုံး သွင်း၍ မငိုကြကုန်လင့်။ သင်္ခါရတရားတိုင်းသည် မမြဲကြ။ ဖြစ်ပြီးလျှင် ချုပ်တတ်ကြသည်' စသည်ဖြင့် တရားဟောသည်။ ထိုအခါ ဆွေမျိုးများ၏ ငိုကြွေးသံများ တိတ်သွားကြသည်။

**ဇာတ်ပေါင်း။** ။ ညီ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လူတိုင်းသေကြရမည်ဆိုသည်ကို သိထားပါ။

---

## ၃၁၈။ ကဏဝေရဇာတ်

### သေဘေးလွတ်သော ခိုးသူကြီး

**ပစ္စုပ္ပန်ဝတ္ထု**

အတိတ်ဘဝက မယားဟောင်း ဖြားယောင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်း တစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် ကာသိရွာ၌ သူကြွယ်၏သား ဖြစ်နေသည်။ စောရနက္ခတ်နှင့် ယှဉ်မွေးခဲ့သဖြင့် အရွယ်ရောက်ချိန်၌ ခိုးသူကြီး ဖြစ်လာသော်လည်း သူ့ရုပ်ဆင်းသည် လွန်စွာ လှပချောမော၍ ခွန်အားဗလ တောင့်တင်းသည်။ ရဲစွမ်းသတ္တိနှင့်လည်း ပြည့်စုံသည်။ သူ့ကို သာမန်လူများ ဖမ်းဆီး

http://www.dhammadownload.com



နိုင်စွမ်းမရှိကြ၍ မြို့ဝန်မင်းကိုယ်တိုင် ဖမ်းဆီးခဲ့ရသည်။ မင်းသည် သူ့ကို ခေါင်းဖြတ်၍ ကွပ်မျက်ရန် မြို့ဝန်အား အမိန့်ပေးရာ မြို့ဝန်သည် သူ့ကိုသတ်ရန် သူသတ်ကုန်းသို့ ထုတ်ယူလာခဲ့သည်။

ထိုအချိန်က ဗာရာဏသီ၌ သာမာမည်သော အထက်တန်းစား ပြည့်တန်ဆာမ တစ်ယောက်ရှိရာ သာမာနှင့် ဆက်ဆံလိုလျှင် ငွေအသပြာ တစ်ထောင်ပေးရသည်။ သူမ သည် လေသာပြတင်းဝတွင်ရပ်၍ လမ်းပေါ်သို့ ကြည့်နေစဉ် သူသတ်ကုန်းသို့ ခေါ်ထုတ် လာခဲ့သော ထိုလူခိုးကြီးကို မြင်လေရာ တပ်စွန်းစိတ် ဝင်မိလေသည်။ သို့ဖြင့် လက်စွဲတော် အမျိုးသမီးတစ်ယောက်ကို ငွေတစ်ထောင်ပေး၍ စေလွှတ်ကာ 'ခိုးသူကြီးသည် ငါ့မောင် ဖြစ်သည်။ ငါ့အနေနှင့် မောင်ဖြစ်သူအား ကယ်တင်ရမည့် တာဝန် ရှိသည်။ ထို့ကြောင့် ဤငွေတစ်ထောင်ကိုယူ၍ ခိုးသူကြီးအား လွှတ်ပေးရန် ပြောပါ'ဟု ဆိုကာ မြို့ဝန်ထံသို့ စေလွှတ်လိုက်သည်။ ထိုအမျိုးသမီး ပြန်လာသောအခါ ခိုးသူကြီးကား ပါမလာချေ။ ခိုးသူသည် ထင်ရှားကျော်ကြားသူဖြစ်၍ သည်အတိုင်း လွှတ်ပေးရန်မှာ မဖြစ်နိုင်၊ လူစား တစ်ယောက်ရလျှင်မူ ဖြစ်နိုင်ဖွယ်ရှိသည်ဟူသော အမှာစကားပါလာသည်။

ထိုအချိန်က သာမာကို အစွဲကြီးစွဲနေသော သူဌေးသားတစ်ယောက်ရှိသည်။ ထိုနေ့၌လည်း နေဝင်သည်နှင့် သူဌေးသားသည် ငွေတစ်ထောင်နှင့်အတူ ရောက်လာသည်။ သာမာသည် ငိုယို၍ 'မြို့ဝန်က ငွေတစ်ထောင်ရလျှင် သူ၏မောင်ဖြစ်သူအား လွှတ်ပေးမည် ပြောသော်လည်း ငွေသွားပေးမည့်သူ မရှိ၍ ခက်နေသည်'ဟု ဆိုသည်။ ဤတွင် သူဌေး သားက သူသွားပေးမည့် အကြောင်းကို ပြောရာ 'အရှင့်တွင် ပါလာသော ငွေတစ်ထောင် ကိုပင် ယူသွားပါ' ဟု သာမာက ပြောသည်။ မြို့ဝန်သည် ငွေလာပေးသည့် သူဌေးသားအား လုံခြုံသည့်နေရာတွင် ချုပ်နှောင်ထားလိုက်ပြီး မိုးချုပ်၍ လူခြေတိတ်ချိန် ရောက်သောအခါ ခိုးသူကြီးအစား သူ့ကို ခေါင်းဖြတ်၍ သတ်လိုက်သည်။ ခိုးသူကြီးကိုမူ ရထားလုံးဖြင့် တင်ဆောင်၍ သာမာ၏ အိမ်သို့ ပို့လိုက်သည်။

သာမာသည် ခိုးသူကြီးနှင့် ပေါင်းဆုံရချိန်မှစ၍ ပြည့်တန်ဆာဘဝကို စွန့်၍ ချမ်းမြေ့ စွာ နေသည်။ ခိုးသူကြီးကမူ ဤအမျိုးသမီးသည် အခြားယောကျ်ားတစ်ယောက်ကို တပ်စွန်းမိချိန်၌ ငါ့ကိုလည်း သတ်လိမ့်မည်ဟု တွေးမိ၍ မိမိ၏ဘဝကို စိတ်မချ။

ဤအတွေးစိတ်ကြောင့် သူသည် သာမာနှင့် နေရသည်ကို ပျော်မွေ့ခြင်းမရှိဘဲ သာမာ၏ အဆင်တန်ဆာများကို ယူ၍ ထွက်ပြေးရန် ကြံရွယ်နေမိသည်။

တစ်နေ့တွင် ခိုးသူကြီးသည် ပျော်ပွဲစားထွက်ရန် အကြောင်းပြချက်ဖြင့် သာမာအား ဥယျာဉ်သို့ ခေါ်လာကာ ဥယျာဉ်ထဲတွင် ပျော်ရွှင်စွာ ကစားနေကြရင်းက ခိုးသူကြီးသည်

http://www.dhammadownload.com



ရမ္မက်စိတ် ပြင်းပြလာလေဟန်ဖြင့် သာမာကို ပွေ့ဖက်သည်။ တဖြည်းဖြည်းနှင့် ကုလားဖလပ်ချုံထဲသို့ ခေါ်သွားပြီး သာမာ၏ လည်ပင်းကို ဖက်သလိုဟန်ပြု၍ နှိပ်ချလိုက်ရာ ရုတ်ချည်း မေ့မြောသွားသည်။ သည်တော့မှ နိုးသူကြီးသည် သာမာ၏ကိုယ်မှ အဆင်တန်ဆာများကိုချွတ်ယူပြီး အပေါ်ရုံအဝတ်ဖြင့်ထုပ်၍ထမ်းလျက် ခြံစည်းရိုးကို ခုန်ကျော်ထွက်ပြေးခဲ့သည်။

သာမာသည် နိုးသူကြီး ပျောက်ဆုံးသွား၍ စိတ်မကောင်းဖြစ်ကာ 'ငါသေပြီ ထင်၍ ပြေးခြင်းဖြစ်ရမည်'ဟု တွေးမိသဖြင့် စိတ်မချမ်းမသာ ဖြစ်နေသည်။ ခါတိုင်း အိပ်နေကျ အိပ်ခန်းထဲတွင်ပင် မအိပ်ဘဲ မြေပြင်တွင်သာ အိပ်သည်။ အလှအပလည်း မပြုပြင်၊ အာဟာရကောင်းများလည်း မစား၊ နေထိုင်မှု အဆင့်အတန်းအားလုံးကို လျှော့ချပစ်လိုက်သည်။ နောက်ပိုင်းတွင် နေရာအနှံ့ ရောက်တတ်ကြသည့် ကချေသည်များကို ခေါ်၍ ငွေတစ်ထောင်ပေးကာ 'သင်တို့ ပွဲကတိုင်း ဤသီချင်းကို ဆိုကြပါ၊ ပွဲခင်းထဲ၌ အရှင်သား ရှိလျှင် အရှင်သားသည် သင်တို့နှင့် လာရောက်တွေ့ဆုံလိမ့်မည်၊ ငါ ကျန်းမာစွာ ရှိကြောင်းကို ပြော၍ အရှင်သားအား ပြန်ခေါ်ခဲ့ကြပါ၊ သူ မလိုက်လျှင် ငါ့ထံသို့ သတင်းစကား ပို့လိုက်ကြပါ'ဟု ဆိုပြီးလျှင် သူမ ရေးစပ်ထားသည့် သီချင်းတစ်ပုဒ်ကို ပေးလိုက်သည်။

ကချေသည်များသည် သာမာ၏ သီချင်းကို ရောက်လေရာ မြို့ရွာအနှံ့ သီဆိုလာခဲ့ကြသော်လည်း နိုးသူကြီးနှင့် မတွေ့ခဲ့ကြချေ။ နယ်စွန်ရွာကလေး တစ်ရွာ၌ ကျင်းပသော ကပွဲတွင် သီဆိုသည့်အခါမှ နိုးသူကြီးနှင့် သူမတို့ တွေ့ဆုံသည်။ သီချင်းထဲမှာ ပါသည့်အတိုင်း သာမာသည် အသက်ရှင်လျက်ပင် ရှိသေးသည် ဆိုခြင်းကို မယုံနိုင်ဟု ဆိုသည်။ ဤတွင် ကချေသည်များက 'သာမာ မသေသည်မှာ အမှန်ပင် ဖြစ်ပါသည်။ မည်သည့် ယောက်ျားနှင့်မျှ အိမ်ထောင်မပြုပါ၊ တစ်ခါက ငွေဖြင့် ဝယ်ယူထားခဲ့ရသော လင်တစ်ယောက် ပြန်လာမည့် လမ်းကိုသာ ကြည့်မျှော်နေပါသည်' စသည်ဖြင့် ပြောပြကြသည်။ ထိုအခါ နိုးသူကြီးက သာမာသေသည်ဖြစ်စေ၊ ရှင်သည်ဖြစ်စေ ငါ သာမာနှင့် မပေါင်းလိုတော့'ဟု ဆိုပြီးလျှင် ကချေသည်များ၏ မျက်မှောက်မှ ဝေးသည်ထက်ဝေးရာသို့ ပြေးထွက်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ သူဌေးသား-ငြိုးငွေ့သောရဟန်း၊
သာမာ-ငြိုးငွေ့သောရဟန်း၏မယားဟောင်း၊ နိုးသူကြီး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကျေးဇူးကန်းတတ်သူမှန်းသိလျှင် စောစောကစွန့်ပစ်ပါ။

http://www.dhammadownload.com



# ၁၁၉။ ဝါတိန္တိုရဇာတ်

## ခါကြီးကိုမှောက်စိတ်ပေါ်သောသား

**ပစ္စုပ္ပန်ဝတ္ထု**

သဟာသေယျ သိက္ခာပုဒ်ကြောင့် ရဟန်းများနှင့်အတူ ညအိပ်ခွင့် မရတော့သော ရာဟုလာသည် ဘုရားရှင်၏ ဝစ္စကုဋီမှာ တစ်ပါးတည်း အိပ်လေသည်။ ထိုအဖြစ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်ရောက်သော် ဟိမဝန္တာသို့ဝင်ကာ ရသေ့ပြုခဲ့ပြီး အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့တစ်ပါး ဖြစ်လာသည်။ ကာလကြာညောင်းလာချိန်၌ ချဉ်၊ ဆား မှီဝဲရန် ဟိမဝန္တာမှ ထွက်လာခဲ့ရာ ကျေးရွာငယ်တစ်ရွာသို့ ရောက်လာသည်။ ရွာသားများသည် ဘုရားလောင်းကို ကြည်ညိုသဖြင့် ကျောင်းဆောက်၍ ကိုးကွယ်ကြသည်။

ထိုရွာမှ ငှက်မုဆိုး တစ်ယောက်သည် ခါတိန်ညင် တစ်ကောင်ဖြင့် ခါများကို တယ်ကာ ဖမ်းယူလေ့ရှိသည်။ ခါတိန်ညင်သည် မိမိကြောင့် မျိုးတူငှက်များ ပျက်စီးနေရသည်ကို မြင်နေရသဖြင့် အသံအပြုဘဲ ဆိတ်ဆိတ်နေကြသည်။ ထိုသို့နေလျှင် မုဆိုးက သူ့ခေါင်းကို ဝါးခြမ်းစိတ်ဖြင့် ရိုက်သောကြောင့် အသံမပြုလိုဘဲလျက် ပြုရပြန်သည်။ ဤတွင် မျိုးတူငှက်များ ပျက်စီးကြပြန်သည်။ ဤကိစ္စနှင့် ပတ်သက်၍ သူ့တွင် အပြစ်ကင်းမကင်းကို သိလိုနေမိသည်။ တစ်စုံတစ်ယောက်အား မေးမြန်းလိုလျက် ရှိနေသည်။

တစ်နေ့၌ ခါတယ်ရာမှ ပြန်လာသော ငှက်မုဆိုးသည် ခါများနှင့်အတူ ရေသောက်ရန် ရသေ့ကျောင်းသို့ ဝင်သည်။ ခါတိန်ညင်ထည့်လှောင်ထားသော ချိုင့်ကို ရသေ့ထံတွင် ထားခဲ့လျက် သူက ရေသွားသောက်ပြီးနောက် သဲသောင်ယံတွင် အမောပြေ လှဲအိပ်နေသည်။ ငှက်မုဆိုး အိပ်ပျော်သွားချိန်၌ ခါတိန်ညင်သည် သူ့စိတ်သံသယကို ရသေ့အား မေးရာ 'သင်သည် မုဆိုး၏အမှုကိစ္စ၌ စိတ်မပါခဲ့လျှင် မုဆိုးကျူးလွန်နေသော ပါဏာတိပါတကံသည် သင့်ထံသို့မရောက်၊ သင့်တွင်အပြစ်မဖြစ်' ဟု ဖြေကြားလေသည်။

ဇာတ်ပေါင်း။ ။ ခါတိန်ညင်-ရှင်ရာဟုလာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကောင်းမှုမကောင်းမှုပြုရာ၌ စိတ်စေတနာသည်သာပဓာန။

http://www.dhammadownload.com



# ၃၂၀။ သုစ္စဇဇာတ်

## မယားကိုယုယမှုမပြုသော မင်း

**ပစ္စုပ္ပန်ဝတ္ထု**

**မိမိ၏ ဇနီးသည်အား ကြင်နာယုယပေးကမ်းမှု မပြုသော သာဝတ္ထိမြို့စား သူကြွယ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။**

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ပညာရှိအမတ် ဖြစ်နေသည်။ မင်းကြီးသည် သားတော်အိမ်ရှေ့စံက မိမိအား တစ်နေ့တွင် ပုန်ကန်ခြားနားမှုပြုလိမ့်မည်ဟု တွေးထင်နေသည်။ ထိုကြောင့် အိမ်ရှေ့စံအား သူကွယ်လွန်ခါမှ နေပြည်တော်သို့ ပြန်လာပြီး ထီးနန်းကိုသိမ်းပိုက်ဖို့မှာထားကာ ရေမြေခြားရာဒေသ၌ သွားရောက်နေထိုင်ရန် အမိန့်ထုတ်လိုက်သည်။ သားတော် အိမ်ရှေ့စံသည် ကြင်ယာတော်နှင့်အတူ နယ်ခြားဒေသ တစ်နေရာမှ တောရပ်မြို့ငယ်တွင် သွားရောက်ကာ သစ်ရွက်မိုးအဆောက်အအုံကလေးမှာ နေထိုင်သည်။ ခမည်းတော် နတ်ရွာစံပြီးချိန်၌ နေပြည်တော်သို့ ပြန်လာခဲ့ကြသောအခါ ကြင်ရာတော်သည် လမ်းတွင်တွေ့ရသော တောင်တစ်တောင်ကို ပြ၍ 'အရှင်မင်းကြီး၊ ဤတောင်သည် ရွှေဖြစ်ခဲ့သော် ဘုရားကျွန်မအား အနည်းငယ်မျှ ပေးပါမည်လော'ဟု မေးသည်။ မင်းသားက 'သင်သည် ဘယ်လိုမိန်းမမျိုးနည်း၊ တစ်စုံတစ်ရာမျှ ငါမပေး'ဟု ဆိုလေသည်။ ထိုစကားကြောင့် ကြင်ရာတော်သည် စိတ်နှလုံး မချမ်းမသာ ရှိခဲ့ရသည်။

မင်းသားသည် ထီးနန်းကို သိမ်းပိုက်ပြီးသော် ကြင်ရာတော်ကို မိဖုရားကြီး အရာ၌ ထားလိုက်သည်။ သို့ရာတွင် ချီးမြှင့်ထောက်ပံ့မှုနှင့် ကြင်နာမြတ်နိုးမှုတို့ကား အလျှင်းမပြုချေ။

ထိုအခါ ပညာရှိအမတ်သည် မင်းမိဖုရားနှစ်ပါးလုံး ညီလာခံနေရာသို့ ဝင်ပြီးလျှင် မိဖုရားကြီးအား ထမင်းတစ်ထပ်ကျွေးရန် တောင်းဆိုကာ စကားစ ပေးလိုက် သည်။ ဤတွင် မိဖုရားကြီးက လမ်းမှာတုန်းက ပြောခဲ့သော စကားများနှင့်တကွ လက်ရှိအခြေအနေအားလုံးကို ပြန်ပြောပြသည်။ သူမ၏ စကားဆုံးသည်နှင့် ပညာရှိအမတ်က 'မြတ်သော မင်းကြီး၊ အကြင်မယားသည် လင်ဆင်းရဲသော ကာလ၌ သူလည်း ဆင်းရဲ၏၊ လင်ကြွယ်ဝသော ကာလ၌ သူလည်း ဆင်းရဲ၏။ ထိုမယားမျိုးသည်သာ မယားမြတ်

http://www.dhammadownload.com



ဖြစ်ပါသည်။ ဥစ္စာရှေငွေ ပေါများချိန်၌ ရလာသော မယားကိုကား ချီးမွမ်းဖွယ်ရာ မရှိပါ' ဟုမင်းကြီးကို လျှောက်တင်လိုက်သည်။

ထိုအခါမှစ၍ မင်းကြီးသည် မိဖုရားကြီး၏ ဂုဏ်ကျေးဇူးများကို အောက်မေ့သတိရလျက် မိဖုရားကြီးအား ကြီးစွာသော စည်းစိမ်ကို ပေးအပ်သည်။

**ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-ယခုသူကြွယ်၊ မိဖုရား-သူကြွယ်၏ဇနီး၊ ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ လင်မယားဟူသည် ဆင်းရဲအတူပူအမျှရှိရမည်သာ။**

**ပုစိမန္ဒဝဂ် ပြီးပြီ။**

---

# ၃။ ကုဋိဒူသကဝဂ်

## ၃၂၁။ ကုဋိဒူသကဇာတ်

### အကြံကောင်းကို မလိုက်နာသူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်မဟာကဿပမထေရ်၏ သစ်ခက်မိုးကျောင်းကို မီးရှို့ဖျက်ဆီးပစ်သော ရဟန်းငယ်တစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် 'သိင်္ဂိလငှက်' မျိုး၌ဖြစ်၍ ဟိမဝန္တာတွင် နေသည်။ သူသည် ငှက်ဖြစ်သော်လည်း လုပသပ်ရပ်သော မိုးလုံလေလုံ အသိုက်ကလေးဖြင့် နေသည်။ တစ်နေ့တွင် မိုးအဆက်မပြတ် ရွာသွန်းသောကြောင့် အလွန်ချမ်းနေသော မျောက်တစ်ကောင်သည် သူ့အနီးတွင် လာနေသည်။ ဤတွင် ငှက်က 'အချင်းမျောက်၊ သင်၏ လက်၊ ခြေ၊ ဦးခေါင်းတို့သည် လူနှင့်တူပါလျက် အဘယ့်ကြောင့် အိမ်ကလေးတစ်ဆောင် ဆောက်၍ မနေပါသနည်း' ဟု မေးသည်။ မျောက်က သူသည် လူနှင့်တူသော်လည်း လူများကဲ့သို့ အသိဉာဏ်မရှိ၍ ဖြစ်ကြောင်း ပြန်ကြားသည်။

http://www.dhammadownload.com



ထိုအခါ ငှက်က 'အချင်းမျောက်၊ သင်၏ စွမ်းအားများကို ထုတ်ဖော် အသုံးချလော့၊ မကောင်းသော အလေ့စရိုက်များကို စွန့်ပယ်၍ မိုးဒဏ်လေဒဏ်ကို ကာကွယ်နိုင်စွမ်း ရှိသော အိမ်တစ်ဆောင် ဆောက်ပါလော့'ဟု ပြောလိုက်ရာ မျောက်သည် ငှက်၏ အသိုက်ကို တက်ရောက် ဖျက်ဆီးပစ်လေသည်။

ဇာတ်ပေါင်း။ ။ မျောက်-ကျောင်းကိုမီးရှို့သောရဟန်းငယ်၊ သိင်္ဂိလငှက်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အသိဉာဏ်မရှိသူကို ဆုံးမသော်လည်းမောရုံသာ။

---

## ၃၂၂။ ဒုဒ္ဒုဘဇာတ်

### မြေပြိုပြီဆို၍ ပြေးသော တိရစ္ဆာန်များ

**ပစ္စုပ္ပန်ဝတ္ထု**

တိတ္ထိများသည် ဇေတဝန်ကျောင်းတော်အနီးလာ၍ ဆူးပေါ်၌ အိပ်ခြင်း၊ မီးလှုံခြင်း စသည်ဖြင့် သူတို့၏ မိစ္ဆာအကျင့်များကို ကျင့်ပြကြသည်။ ယင်းတို့ကို မြင်တွေ့နေကြရသော ရဟန်းတော်တို့သည် ထိုအကျင့်များ၌ အနှစ်သာရ ရှိ,မရှိကို ရှင်တော်ဗုဒ္ဓအား မေးလျှောက်သည့်အခါ ရှင်တော်ဗုဒ္ဓက 'ရဟန်းတို့၊ တိတ္ထိတို့၏ အကျင့်သည် အနှစ်သာရမရှိ၊ အကျိုးထူးမရှိ'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်နေသည်။ ထိုအခါ အနောက် သမုဒ္ဒရာနား၌ ဥသျှစ်ပင်တို့နှင့် ရောပေါက်နေသော ထန်းတောတစ်ခုရှိခဲ့ရာ ထိုထန်းတော၌နေသော ယုန်တစ်ကောင်သည် ထန်းပင်ငယ်တစ်ပင်၏ ရွက်ဝန်းအောက်တွင် ဝင်ခိုနေသည်။ သူသည် ဤမြေကြီး ပြိုကျသွားခဲ့လျှင် ဘယ်ကို သွားရပါမည်နည်းဟု တွေးနေစဉ် ဥသျှစ်သီးတစ်လုံးသည် သူဝင်ခိုနေသည့် ထန်းရွက်ပေါ်သို့ ကြွေကျရာ 'ဒုတ်'ခနဲ အသံမြည်သွားသည်။ ယုန်ငယ်သည် မြေပြိုပြီထင်၍ တစ်ရှူးထိုး ထွက်ပြေးသည်။

သူပြေးလာသည်ကို မြင်သော အခြားယုန်များသည် 'အဘယ်ကြောင့် ပြေးလာရသနည်း'ဟု မေးလိုက်ရာ မြေပြိုလာ၍ ဖြစ်ကြောင်း ပြောသောကြောင့် အခြားယုန်များပါ သူ့နောက်သို့ ပြေးလိုက်ကြရာ ယုန်သတ္တဝါပေါင်း တစ်ထောင်အထိ ရှိလာသည်။ ယုန်

http://www.dhammadownload.com



အုပ်ကြီး ပြေးလာသည်ကို မြင်၍ လိုက်မေးမိခဲ့ကြသော သမင်၊ ဝက်၊ စိုင်၊ ကျွဲ၊ နွားနောက်၊ ကြံ့၊ ကျား၊ ခြင်္သေ့နှင့် ဆင်တို့သည်လည်း မြေပြိုနေကြောင်း ကြားလိုက်ကြရသဖြင့် ယုန်အုပ်နှင့်အတူ ရောနှော၍ ပြေးလိုက်လာကြပြန်သည်။

ဘုရားလောင်း ခြင်္သေ့သည် အကြောင်းရင်းကို စူးစမ်းသည်တွင် 'မြေပြိုသည် ဆိုခြင်းမှာ မဖြစ်နိုင်၊ အခြားအသံတစ်ခုကို ကြားသဖြင့် လန့်မိခြင်းသာ ဖြစ်ရမည်'ဟု ရိပ်မိလိုက်သည်။ သို့ဖြင့် တိရစ္ဆာန်များ၏ ရှေ့ဘက်မှ ဆီး၍ သုံးကြိမ်ဟောက်လိုက်ရာ ပြေးလာခဲ့ကြသော တိရစ္ဆာန် များသည် တွန့်သွားခဲ့ကြသည်။ ထိုအခါ သူသည် တိရစ္ဆာန် အုပ်၏ အထဲသို့ဝင်၍ 'မြေပြိုသည်ကို မည်သူမြင်ခဲ့သနည်း'ဟု ဆင်ကို မေးသောအခါ သူတို့မသိ၊ ခြင်္သေ့များသာ သိကြသည်ဟု ဆိုသည်။ ဤသို့ဖြင့် တစ်ဦးမှ တစ်ဦးသို့ ညွှန်နေကြရာ နောက်ဆုံးတွင် ပထမဆုံး ပြေးသော အတွေးသမား ယုန်ငယ်ထံ ရောက်သွားသည်။ ယုန်ငယ်က မြေပြိုသည်မှာ အမှန်ဖြစ်ကြောင်း ဝန်ခံသည်။ သူမျက်မြင်ကိုယ်တွေ့ ဟုလည်း ဆိုသည်။

ခြင်္သေ့သည် ယုန်ငယ်ကို မိမိ၏ ကျောက်ကုန်းပေါ် စီးစေ၍ ပထမဆုံး မြေ စ,ပြိုသည်ဆိုသော ထန်းတောဆီသို့ လာခဲ့သည်။ သို့ရာတွင် မြေပြိုထားသည်ကိုကား မတွေ့ရ။ ထန်းရွက်ပေါ်သို့ ကြွေကျခဲ့သော ဥသျှစ်သီးမှည့် တစ်လုံးကိုသာ တွေ့ရသည်။ ဤတွင် ခြင်္သေ့သည် ယုန်ငယ်ကို ကျောပေါ်တွင်တင်၍ တိရစ္ဆာန်များ ရှိနေကြရာသို့ ပြန်လာကာ တိရစ္ဆာန်များအား ဖြစ်ရပ်မှန်ကို ရှင်းပြလျက် ပြန်လွှတ်လိုက်သည်။ ထိုအခါ တိရစ္ဆာန်များသည် သမုဒ္ဒရာထဲသို့ကျ၍ ပျက်စီးကြရမည့်ဘေးမှ လွတ်မြောက်သွားကြ လေသည်။

**ဇာတ်ပေါင်း။** ။ ခြင်္သေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပြောသံကြားဖြင့် တစ်ထစ်ချမယုံသင့်။

---

# ၃၂၃။ ဗြဟ္မဒတ္တဇာတ်

## လိုချင်သော်လည်း မတောင်းလိုသူ

**ပစ္စုပ္ပန်ဝတ္ထု**

အာဠဝီပြည်မှ အတောင်းအရမ်းများသော ရဟန်းတို့ကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ကပိလတိုင်း ဥတ္တရပဉ္စာလပြည်၌ ဥတ္တရပဉ္စာလမင်း စိုးစံစဉ် ဘုရားလောင်း သည် နိဂုံးရွာကြီး တစ်ရွာတွင် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်သောအခါ ရသေ့ပြု၍ ဟိမဝန္တာ၌နေပြီး ရက်,လတို့ ကြာညောင်းလာချိန်တွင် ချဉ်, ဆား မှီဝဲလို သဖြင့် ဥတ္တရပဉ္စာလမြို့သို့ ရောက်လာသည်။ ထိုမြို့မှ မင်းသည် သူ၏ ငြိမ်းအေးသော အမူအရာကို ကြည်ညိုသဒ္ဓါပွားမိရာမှ နေ့စဉ် နန်းဆောင်ပေါ်သို့ ပင့်၍ ဆွမ်းကျွေး လှူဒါန်းကာ ဥယျာဉ်တော်တွင် သီတင်းသုံးရန်လည်း လျှောက်ထားသည်။

မိုးလကုန်၍ ဆောင်းဦးစသည်ဆိုလျှင် ရသေ့ကြီးသည် ဟိမဝန္တာသို့ ပြန်လိုစိတ် ပေါ်လာသဖြင့် တစ်လွှာ ဖိနပ်တစ်ရံနှင့် သစ်ရွက်ထီးတစ်လက်ကို မင်းထံမှ အလှူခံသွား မည်ဟု စိတ်ကူးသည်။ သို့ရာတွင် ဥစ္စာကို တောင်းခံသောသူသည် ငိုပြ သည်နှင့် တူသည်။ မရှိဟုဆိုသော ဥစ္စာရှင်သည်လည်း ပြန်၍ငိုပြသည်နှင့် တူသည်။ ငိုသော ငါနှင့် မင်းကြီးကို လူများအား မမြင်စေချင်ဟု နလုံးသွင်းမိ၍ ဘေးလူများ ကွယ်ရာ၌သာ တောင်းတော့မည်ဟု ဆုံးဖြတ်ကာ မင်းကြီးကို နှစ်ဦးချင်း တွေ့ဆုံလိုကြောင်း ပြောသည်။

မင်းကြီးသည် အမတ်များကို ရှောင်ဖယ်နေစေကာ နှစ်ဦးတည်းသာဆုံတွေ့ နေရသော အချိန်၌လည်း ရသေ့ကြီးသည် မတောင်း။ 'နောက်နေ့တွင်မှ ပြောမည်'ဟု ဆို၍ မင်းကြီးကို ပြန်လွှတ်သည်။ နောက်နေ့ ရောက်လာသောအခါ၌လည်း ထိုနည်း အတိုင်းပင်။ ဤသို့ဖြင့် နောက်နေ့သို့ချည်း ရွှေ့လာခဲ့ရာ တစ်ဆယ့်နှစ်နှစ် ကုန်လွန် သွားသည်။

ထိုအခါ မင်းကြီးက 'ငါ့အရှင်သည် တစ်ဆယ့်နှစ်နှစ်ကြာသည့်တိုင် မပြော လိုဘဲ ဖြစ်နေရသည့်အကြောင်းမှာ တခြားကိစ္စ မဖြစ်နိုင်၊ မင်းစည်းစိမ်ကို ခံစားလိုပုံ ရသည်။ ငါ့အရှင်သာ အလိုရှိခဲ့လျှင် မင်းစည်းစိမ်ကိုလည်း ငါပေးမည်ဟူ၍ စဉ်းစား မိသည်။ သို့ဖြင့် ထိုနေ့၌ ရသေ့ကြီးထံသို့လာခဲ့ရာ ထုံးစံအတိုင်း အမတ်များကို အဝေး၌ နေစေ၍ မင်းအဖြစ်မှစပြီး အလိုရှိရာကို တောင်းခံပါရန် ရသေ့ကြီးကို လျှောက်ထားသည်။

ထိုအခါ ရသေ့ကြီးသည် တစ်လွှာဖိနပ်တစ်ရံနှင့် သစ်ရွက်ထီးတစ်လက်ကို တောင်းခံလေလျှင် မင်းကြီးက 'အရှင်ဘုရား၊ ဤမျှလောက်သော ဝတ္ထုပစ္စည်းကလေးကို တစ်ဆယ့်နှစ်နှစ်ကြာသည့်တိုင် မပြောဖြစ်ခဲ့သည်မှာ အဘယ်ကြောင့်ပါနည်း'ဟု မေးသည်။ ရသေ့ကြီးက 'ဥစ္စာကို တောင်းသောသူသည် ငိုပြသည်နှင့် တူသည်၊ မရှိဟုဆိုသော ဥစ္စာရှင်သည်လည်း တုံ့ပြန်၍ ငိုပြသည်နှင့်တူသည်။ မိမိလည်း မငိုလို၊ မင်းကြီးကို

http://www.dhammadownload.com



လည်း မငိုစေလို၊ မိမိတို့နှစ်ဦး ငိုကြသည်ကို အခြားသူများအားလည်း မမြင်စေလို၍ ဖြစ်ပါသည်'ဟု ပြောသည်။

ထို့နောက် မင်းကြီးလှူသော တစ်လှာဖိနပ်ကိုစီး၍ သစ်ရွက်ထီးကို ဆောင်းပြီးလျှင် ဟိမဝန္တာသို့ ထွက်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တောင်းလွန်းလျှင် မုန်းရတတ်သည်။

---

# ၃၂၄။ စမ္မသာဋကဇာတ်

## သိုးတွေ့ခံရ၍ ပေါင်ကျိုးသူ

**ပစ္စုပ္ပန်ဝတ္ထု**

သားရေဝတ်ရုံကို ဝတ်ဆင်ထားသော စမ္မသာဋက ပရိဗိုဇ်သည် မိမိကို ခတ်ရန် နောက်ဆုတ်၍ အားယူနေသော သိုးကို မိမိအား အရိုအသေပြုသည်ဟု မှတ်ယူကာ နောက်သို့မဆုတ်၊ ထိုသိုးခတ်သဖြင့် လဲလေ၏။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကုန်သည်မျိုး၌ ဖြစ်နေသည်။ ထိုအခါ ပရိဗိုဇ်တစ်ဦးသည် ဗာရာဏသီမြို့တွင်း၌ ဆွမ်းခံနေစဉ် နောက်သို့ဆုတ်၍ အားယူနေသော သိုးတစ်ကောင်ကို တွေ့ရသည်။ သိုးတို့၏ အလေ့အထကို မသိသော ထိုပရိဗိုဇ်သည် ရှောင်တိမ်းခြင်းမပြုဘဲ သူ့အား အရိုအသေ ပြုနေသည်ဟု ထင်မှတ်သောကြောင့် သူကလည်း သိုးကို လက်အုပ်ချီ၍ တုံ့ပြန်ပူဇော်ရင်း နေရာတွင်ပင် ရပ်နေလိုက်သည်။

ထိုအခြေအနေကို လှမ်းမြင်ရသော ဘုရားလောင်း ကုန်သည်က 'သိုးသည် ခတ်ချင်၍ နောက်သို့ ဆုတ်သွားခြင်းဖြစ်သည်။ သင့်ကို ပြင်းထန်စွာ ခတ်လိမ့်မည်'ဟု ပရိဗိုဇ်ကို လှမ်းပြောသည်။ သို့ရာတွင် ထိုပြောဆိုသူမှာ နောက်ကျသွားခဲ့ချေပြီ၊ သိုးသည် သူ့စကားမဆုံးမီမှာပင် ပြေးခတ်လိုက်ရာ ပရိဗိုဇ်သည် ပေါင်းကျိုး၍ လဲကျသွားရသည်။

ဇာတ်ပေါင်း။ ။ ယခင်စမ္မသာဋကာပရိဗိုဇ်-ယခုစမ္မသာဋကပရိဗိုဇ်၊
သတိပေးသောကုန်သည်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရန်သူကို ရန်သူဟုမြင်တတ်ရန် အရေးကြီးသည်။

http://www.dhammadownload.com



# ၃၂၅။ ဂေါဓရာဇဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်ဇာတ်ကြောင်းသည် ဇာတ်တော်အမှတ်(၂၇၇)လာ 'တိကနိပါတ်''ရောမကဇာတ်နှင့် တူသည်။ ဘုရားလောင်း ဖွတ်မင်းဖြစ်ခြင်းသာ ထူးသည်။

---

# ၃၂၆။ ကက္ကာရုဇာတ်

## ကိုယ်နှင့်မတန်သည်ကို လိုချင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်ကို အတုယူ၍ ပြုမူသောဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တာဝတိံသာ နတ်ပြည်၌ နတ်သားဖြစ်နေသည်။ ထိုအချိန်က ဗာရာဏသီမြို့၌ ပွဲသဘင်ကြီး ကျင်းပရာ နဂါး, ဂဠုန်နှင့် ဘုမ္မစိုး နတ်တို့လည်း ထိုပွဲကို လာရောက်ကြည့်ရှုကြသည်။ တစ်နေ့တွင် တာဝတိံသာမှ နတ်သားလေးယောက်တို့သည် 'ကက္ကာရု' နတ်ပန်းကုံးများကို ပန်ဆင်လာကြသဖြင့် ဗာရာဏသီတစ်မြို့လုံး မွှေးရနံ့များဖြင့် သင်းပျံ့သွားသည်။ လူများသည် ထိုသို့ မွှေးရနံ့များ သင်းပျံ့သည်ကို စူးစမ်းကြသည်။ ထိုအကြောင်းကို နတ်သားများသိ၍ မင်းရင်ပြင်ကောင်းကင်ပေါ်၌ လာရောက်ရပ်တည်ပြကြသည်။

ထိုအခါ လူများက 'ကက္ကာရု' နတ်ပန်းကုံးကို တောင်းကြသောကြောင့် အကြီးအကဲ နတ်သားက 'ဤပန်းကုံးသည် သီလမဲ့သူ လူယုတ်မာတို့နှင့် မထိုက်၊ သူ့ဥစ္စာကို မခိုးယူသူ၊ မုသားစကား မပြောဆိုသူ၊ အခြံအရံဥစ္စာပစ္စည်းများ ရသည့်အခါ၌လည်း ဒါနမှု၊ သီလမှုတို့၌ မမေ့မလျော့သူများနှင့်သာ ထိုက်တန်သည်'ဟု ဆိုရာ မင်း၏ ပုရောဟိတ်သည် သူ့၌ ထိုဂုဏ်များမရှိပါဘဲလျက် လူများအထင်ကြီးစေရန် 'ကျွန်ုပ်သည် ထိုဂုဏ်များနှင့် ပြည့်စုံပါသည်'ဟု ဆိုပြီးလျှင် ပန်းကုံးကို တောင်းယူသည်။

http://www.dhammadownload.com



ဒုတိယ နတ်သားက 'မိမိပန်းကုံးသည် ဥစ္စာပစ္စည်းများကို တရားသောနည်းဖြင့် ရှာဖွေသူ၊ ကောက်ကျစ်စဉ်းလဲခြင်း မရှိသူ၊ ဥစ္စာပစ္စည်းများ ရလာပြီးနောက် ဒါန၊ သီလ တို့၌ မမေ့မလျော့သူနှင့်သာ ထိုက်တန်သည်'ဟု ပြောရာ ပုရောဟိတ်က ထိုဂုဏ်များလည်း မိမိ၌ ရှိကြောင်း ပြောဆို၍ တောင်းယူပြန်သည်။

တတိယ နတ်သားက ကံ ကံ၏ အကျိုးတရားများကို ယုံကြည်သူ၊ ရလာသည့် ဘောဇဉ်အာဟာရကောင်းများကို မိမိတစ်ဦးတည်း စားသုံးလေ့မရှိသော သူသည်သာ ကျွန်ုပ်၏ ပန်းကုံးနှင့် ထိုက်တန်သည်'ဟုဆိုရာ ယင်းဂုဏ်ပုဒ်များသည်လည်း သူ့၌ ရှိကြောင်း ပြောဆိုကာ ပုရောဟိတ်က တောင်းယူလိုက်ပြန်သည်။

စတုတ္ထနတ်သားကလည်း မျက်မှောက် မျက်ကွယ် နှစ်နေရာလုံး၌ သူတော်ကောင်းများကို ဆဲရေးပုတ်ခတ်ခြင်း မရှိသူ၊ ပြောသည့်အတိုင်း လုပ်ကိုင်သူသည်သာ ဤပန်းကုံးကို ပန်ဆင်ခွင့်ရှိသည်ဟု ပြောဆိုပြန်ရာ မုသားဆိုရန် ဝန်လေးခြင်းမရှိသော ထိုပုရောဟိတ်က မိမိသည် ထိုဂုဏ်တို့နှင့် ပြည့်စုံသူပင် ဖြစ်ကြောင်း ပြောဆို၍ ပန်းကုံးကို ယူထားလိုက်ပြန်သည်။

နတ်သားများ ထွက်ခွာသွားကြလျှင် ပုရောဟိတ်သည် ပန်းကုံး လေးကုံးကို ပန်ဆင်လိုက်သည်။ ထိုခဏတွင်ပင် သူ့ဦးခေါင်းထဲ၌ အလွန်နာကျင်သည့် ဝေဒနာတစ်ခုကို အလူးအလိမ့် ခံစားရသဖြင့် ပြင်းစွာ ဟစ်အော်လျက် 'ဤသို့ ဖြစ်ရခြင်းမှာ မိမိ သန္တာန်၌ မရှိသော တရားတို့ကို ရှိ၏ဟု လိမ်လည် ပြောဆိုခြင်းကြောင့် ဖြစ်သည်'ဟု သိသွား၍ ပန်းကုံးများကို ဖြုတ်ပယ်နိုင်းရာ ဖြုတ်ပယ်၍ မရတော့ချေ။ သူ့ကို အိမ်သို့ ထမ်းခေါ်လာကြသည်။ အိမ်တွင် ခုနစ်ရက်တိုင်တိုင် ထိုဝေဒနာကို ခံစားနေရသည်။ ဤတွင် မင်းသည် အမတ်များ၏ အကြံပေးချက်အရ နောက်တစ်ကြိမ် ပွဲလမ်းသဘင်ကြီး ကျင်းပပြန်လျှင် ယခင် နတ်သားလေးယောက်တို့သည် ပွဲသို့ ရောက်လာကြသည်။

ထိုအခါ ပုရောဟိတ်ကြီးအား နတ်သားများ ရှေ့မှောက်သို့ သယ်ယူသွားကြရာ ပုရောဟိတ်က သူ၏အမှားကို တောင်းပန်ဝန်ချပြီး အသက်ရှင်ခွင့်ပြုရန် အသနားခံသည်။ နတ်သားများက မိမိတို့၏ ပန်းကုံးများကို ဖြုတ်ယူပေးလိုက်ကြရာ မုသားသမားကြီး လည်း အသက်ဆက်ရှင်ခွင့် ရရှိသွားသည်။

ဇာတ်ပေါင်း။ ။ ပုရောဟိတ်-ဒေဝဒတ်၊ နတ်သားသုံးဦး-အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အကြီးအကဲနတ်သား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မတန်မရာတောင်းယူလျှင် ဘေးသင့်တတ်သည်။

http://www.dhammadownload.com



# ၃၂၇။ ကာကဝတီဇာတ်

## ဂဠုန်ချီခံရသူမိဖုရား

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဘုရားလောင်း စိုးစံစဉ် ကာကဝတီ အမည်ရှိသော မင်းကြီး၏ မိဖုရားကြီးသည် နတ်မိမယ်တမျှ လှပလေသည်။

နောက်ပိုင်း ဇာတ်လမ်းအကျယ်သည် ဇာတ်တော်အမှတ်(၅၃၆) 'အသီတိနိပါတ်၊ မဟာကုဏာလဇာတ်'၌ အကျုံးဝင်သည်။ တစ်နေ့တွင် ဂဠုန်မင်းသည် လူ့အသွင်ဖြင့် လာရောက်၍ မင်းကြီးနှင့်အတူ ကြွေအန်ကစားရာမှ ကာကဝတီမိဖုရားကြီးကို တပ်မက်မိသဖြင့် ဂဠုန်ပြည်သို့ ခိုးယူသွားသည်။ ဤတွင် မင်းကြီးသည် မိဖုရားကြီးအား ရှာဖွေရန် စောင်းသမား 'နာဋကုဝေရ'ကို စေခိုင်းလိုက်သည်။

စောင်းသမားသည် ဂဠုန်မင်း၏ အတောင်ကြားတွင် တိတ်တဆိတ် ခိုဝင်၍ ဂဠုန်ပြည်သို့ လိုက်ပါသွားပြီးလျှင် ကာကဝတီ မိဖုရားကြီးနှင့် တွေ့ဆုံသည်။ ထိုမျှသာမက မိဖုရားကြီးနှင့် ကာမဂုဏ် ရောယှက်မိကြသည်အထိ ရင်းနှီးသွားသည်။ အပြန်ခရီး၌လည်း ဂဠုန်မင်း၏ အတောင်ကြား၌ ခိုဝင်၍ပင် ပြန်လာသည်။

ဗာရာဏသီမင်းသည် ဂဠုန်မင်းနှင့် ကြွေအန်ကစားနေချိန်၌ စောင်းသမားသည် 'မင်း၏ မယားသည် ဂဠုန်ပြည်၌ နေပါသည်။ နတ်နံ့သာတို့ဖြင့် လိမ်းခြယ်ထားသော ကာကဝတီ မိဖုရားကြီး၏ ကိုယ်နံ့သည် ယခုတိုင် မပြယ်နိုင်သေးပါ၊ ငါသည် ကာကဝတီ မိဖုရားနှင့် ယှဉ်တွဲနေရသည်ကို မွေ့ပျော်ပါသည်။ ထိုမိဖုရားသည် ရေမြေခြားရာ ဂဠုန်ပြည်သို့ ရောက်နေခဲ့ပါသည်'ဟု အဓိပ္ပာယ်ရသော သီချင်းတစ်ပုဒ်ကို သီဆိုလိုက်သည်။

သူ့သီချင်း၏ အဓိပ္ပာယ်ကို ဂဠုန်မင်းက လက်မခံလိုသဖြင့် 'သင်သည် သမုဒ္ဒရာကို မည်သို့ ကူးခဲ့သနည်း၊ သီတာခုနစ်တန်ကို ဘယ်နည်းဖြင့် လွန်မြောက်ခဲ့ သနည်း၊ လက်ပံပင်ကိုကော မည်သို့ တက်နိုင်ခဲ့သနည်း'ဟု စောဒက ပြုလိုက်သည်။ ဤတွင်

http://www.dhammadownload.com



စောင်းသမားက 'ယင်းအတားအဆီး အားလုံးတို့ကို သင်၏ ကိုယ်ပေါ်မှာ စီး၍ ကျော်လွှန်နိုင်ခဲ့သည်'ဟု ပြောပြလိုက်သည်။ ထိုအခါ ဂဠုန်မင်းသည် 'ငါ့မယား၏ လင်ဖြစ်သူ စောင်းသမားကို ငါသည် ဂဠုန်ပြည်သို့လည်း ပို့ပေးခဲ့သည်။ လူ့ပြည်သို့လည်း ပြန်ခေါ်လာခဲ့သည်။ လေးသည်၊ ပေါ့သည်ကိုပင် မသိနိုင်လောက်အောင် ကြီးမားသော ငါ့ကိုယ်ပါတကား'ဟု မိမိကိုယ်ကို ကဲ့ရဲ့ပြီးလျှင် ကာကဝတီမိဖုရားကို ဗာရာဏသီမင်း ထံသို့ ပြန်ပို့ပေးလေသည်။

ဇာတ်ပေါင်း။ ။ နဋကုဝေရ-ငြီးငွေ့သောရဟန်း။ ဗာရာဏသီမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိန်းမကိုလုံခြုံအောင်ထားသော်လည်း မရနိုင်။

---

# ၃၂၈။ အနနုသောစိယဇာတ်

## မြင့်မြတ်သူ ပါရမီရှင်များ


**ပစ္စုပ္ပန်ဝတ္ထု**

မယားသေဆုံး၍ သောကဖိစီး ခံနေရသော သူကြွယ်တစ်ဦး၏ သောတာပတ္တိဖိုလ် ရနိုင် စရာအကြောင်းကို မြင်တော်မူ၍ ဘုရားရှင်သည် ဆွမ်းခံရာမှ အပြန်တွင် ထိုသူကြွယ်အိမ်သို့ ဝင်တော်မူ၍ 'သီတင်းသည်' ပျက်စီးတတ်သော သဘောမည်သည့် ပျက်စီးရမြဲပင်ဖြစ်သည်။ ထိုသဘောတရား၌ စိုးရိမ်ပူဆွေးရန် မသင့်ချေ။ ရှေးပညာရှိတို့သည် မယားသေဆုံးရသော်လည်း စိုးရိမ်ပူပန်ခြင်း မရှိခဲ့ကြကုန်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ ဘုရားလောင်းသည် ကလေးအရွယ်ကပင် မြတ်သောအကျင့်ကို ကျင့်၍ အရွယ်ရောက်ချိန် မိဘများက အိမ်ထောင်ပြုရန် နှိုးဆော်ကြသောအခါ၌လည်း အတန်တန် ငြင်းပယ်သည်။ မိဘများက လက်မလျှော့ကြဘဲ ဆက်လက်တိုက်တွန်းကြလေရာ နောက်ဆုံး၌ ပုဏ္ဏားလူငယ်သည် ရွှေသားယမင်းရုပ်တစ်ခု ထုလုပ်ပေး၍ 'ဤရုပ်တုနှင့် တူသူကို ရလျှင် လက်ထပ်ထိမ်းမြားပါမည်'ဟု ပြောလိုက်သည်။

မိဘများသည် ထိုရွှေယမင်းရုပ်ကို ယာဉ်ပေါင်းချုပ်ပေါ်တင်လျက် ဒေသအနှံ့ လှည့်လည်ကာ ယမင်းရုပ်နှင့်တူသူကို ရှာဖွေကြသည်။ သူတို့သည် ကာသိတိုင်း နိဂုံးရွာသို့ အရောက်တွင် ယမင်းရုပ်နှင့် တူသော အမျိုးသမီးတစ်ယောက်ကို တွေ့ကြသည်။



ဇာတ်အမှတ်-၃၂၈ ကုဋေရှစ်ဆယ်သောဥစ္စာတို့ကိုစွန့်၍တောထွက်ကာ ရသေ့ ရဟန်းပြုမည်ဆိုခန်း



http://www.dhammadownload.com



ဇာတ်အမှတ်-၃၂၈ ကုဋေရှစ်ဆယ်သောဥစ္စာတို့ကိုစွန့်၍တောထွက်ကာ ရသေ့ ရဟန်းပြုမည်ဆိုခန်း

http://www.dhammadownload.com



'သမ္မိလ္လဟာသိနီ'မည်သော ထိုအမျိုးသမီးသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏား သူဌေးကြီး၏ သမီးဖြစ်ပြီး သူမသည်လည်း မြတ်သောအကျင့်ကို ကျင့်နေသူဖြစ်၍ အိမ်ထောင်ရေးကို ရှောင်ကွင်းလိုသည်။ သို့ရာတွင် မိဘများက သမီး ငြင်းဆန်နေသည့် ကြားကပင် ရွှေယမင်းရုပ်ကို လက်ခံယူထားပြီး သမ္မိလ္လဟာသိနီကို ပုဏ္ဏားလုလင်နှင့် လက်ထပ်ထိမ်းမြားပေးရန် ပို့ပေးလိုက်ကြသည်။ မိဘဩဇာကို လွန်ဆန်နိုင်ခြင်း မရှိကြသော သတို့သားနှင့် သတို့သမီးတို့သည် အလိုဆန္ဒမပါဘဲ လက်ထပ်ထိမ်းမြားခြင်း ပြုလိုက်ကြရသောကြောင့် သူတို့နှစ်ဦးသည် အကြင်လင်မယားဘဝသို့ ရောက်ခဲ့ကြသော်လည်း လင်မယားကဲ့သို့ မနေခဲ့ကြချေ။ မောင်နှမသဖွယ် နေထိုင်ဆက်ဆံလာခဲ့ကြသည်။

ဘုရားလောင်း ပုဏ္ဏားလုလင်သည် မိဘနှစ်ပါး ကွယ်လွန်သွားချိန်၌ နှစ်ဖက်သော မိဘများမှ ဆင်းသက်လာခဲ့သော ကုဋေတရာ့ခြောက်ဆယ်သော ဥစ္စာများကို ဇနီးဖြစ်သူ သမ္မိလ္လဟာသိနီအား လွှဲအပ်ကာ မိမိရသေ့ပြုတော့မည်ဟု ဆိုသည်။ ထိုအခါ သမ္မိလ္လဟာသိနီကလည်း မိမိလည်း အရှင့်သားကဲ့သို့ပင် ရသေ့မ ပြုပါမည်ဟု ဆိုပြီးလျှင် ဥစ္စာပစ္စည်း အားလုံးကို လှူဒါန်းစွန့်ကြဲ ပစ်ခဲ့သည်။ နှစ်ယောက်အတူ ရသေ့ပြု၍ နေထိုင်လာခဲ့ကြရာ ကာလကြာညောင်းလာချိန်၌ သူတော်စင် ရသေ့မောင်နှံတို့သည် ချဉ်၊ ဆားများ မှီဝဲလိုကြသဖြင့် ဟိမဝန္တာမှထွက်၍ ဗာရာဏသီသို့ လာခဲ့ကြသည်။ မင်းဥယျာဉ်သာတွင် စခန်းချနားနေချိန်မှာ ရသေ့မသည် ဝမ်းသွေးသွန်သောရောဂါ ဖြစ်ပေါ်လာ၍ မြို့တံခါးဝဇရပ်သို့ ပြောင်းရွှေ့လာခဲ့ကြရာ ရသေ့မသည် ထိုရောဂါဖြင့် ဇရပ်ပေါ်၌ ကွယ်လွန်သွားရှာသည်။

ရသေ့မ၏ ဖြစ်ပုံကို မြင်ကြရသော လူများသည် ရှိက်ဖိုငိုကြွေးမိကြသည်။ သို့ရာတွင် ရသေ့ကမူ မငို၊ အဘယ်ကြောင့် မငိုကြောင်းကို လူများက မေးကြရာ 'ဤရသေ့မသည် အသက်ရှင်စဉ်ကပင် ငါနှင့် တစ်စုံတစ်ရာ တော်စပ်ခြင်း မရှိ။ ယခု တမလွန်ဘဝသို့ ရောက်သွားချိန်မှာ အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း၊ သူသည် သေမင်းနိုင်ငံသို့ လိုက်သွားခဲ့ပြီ၊ သည့်အတွက် ငါ ငိုစရာမလို'ဟု တရားစကားများ ပြောလေသည်။ လူများသည် ရသေ့မကို သင်္ဂြိုဟ်လိုက်ကြသည်။ ဘုရားလောင်းက ဟိမဝန္တာသို့ ပြန်သွားသည်။

ဇာတ်ပေါင်း။ ။ သမ္မိလ္လဟာသိနီ-ရာဟုလာမယ်တော်၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပါရမီရှင်များသည် မြတ်သောအကျင့်ကိုကျင့်ကြမြဲ။

http://www.dhammadownload.com



# ၃၂၉။ ကာဠဗာဟုဇာတ်

## မင်းသားများ ကြောက်လန့်နေရသည့် မျောက်ညိုကြီး

### ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်သည် မြတ်စွာဘုရားအား နာဠာဂိရိဆင်နှင့် တိုက်သည့်အချိန်မှစ၍ လာဘ်တိတ်သွားကာ ဆွမ်းဝတ်ပြုစုသူ မရှိတော့သဖြင့် အိမ်တကာလှည့်လည်ကာ ဆွမ်းတောင်းစားနေရသည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ မြတ်စွာဘုရားက 'ရဟန်းတို့၊ ဒေဝဒတ်သည် ရှေးအခါကလည်း သူ၏လုပ်ရပ်ကြောင့်ပင် သူသည် လာဘ်တိတ်ခဲ့ရဖူးပြီ' ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဓနဥ္စယမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် 'ရာဓ' အမည်ရှိပြီး ညီငယ်မှာ 'ပေါဋ္ဌပါဒ' အမည်ရှိ ကျေးသားညီနောင်ဖြစ်နေသည်။ မုဆိုးတစ်ဦးသည် ကျေးသားညီနောင်ကို ဖမ်းယူ၍ မင်းအား ဆက်သလိုက်သည်။ မင်းသည် ကျေးညီနောင်တို့ကို ရွှေချိုင့်တွင်နေစေပြီး ရွှေခွက်တွင်ထည့်သော ပျားရည်ပေါက်ပေါက်တို့ကိုသာ စားစေသည်။ သကြားရည်ကိုသာ သောက်စေသည်။

ရက်များစွာမကြာမီ အခြားမုဆိုးတစ်ဦး လာဆက်သော 'ကာဠဗာဟု' ဆိုသည့် မျောက်ညိုကြီး တစ်ကောင်သည် နန်းတွင်းသို့ ရောက်လာပြန်သည်။ အသစ်အဆန်းကိုမှ ကြည့်မြင်လိုသော လူ့သဘာဝကြောင့် နောက်မှ ရောက်လာသော ထိုမျောက်ညိုကြီးသည် လာဘ်သပ်ပကာ အရာတွင် ကျေးညီနောင်တို့ထက် သာလွန်သွားသည်။ ထိုခံစားချက်ကို ညီပေါဋ္ဌပါဒက သည်းမခံနိုင်၍ တောမြိုင်ထဲသို့ ပြန်ကြရန် အစ်ကိုအား အဖော်ညှိသည်။ ထိုအခါ အစ်ကိုရာဓက လောကဓံတရားရှစ်ပါးကို ပြောပြရင်း ကာဠဗာဟု မျောက်သည် မိမိ၏ အကျင့်စရိုက်ကြောင့်ပင် လာဘ်သပ်ပကာများနှင့် ဝေးသွားလိမ့်မည် ဖြစ်ကြောင်း ရှင်းပြသည်။

နှစ်ရက် သုံးရက်မျှသောအခါ ကာဠဗာဟုသည် မင်းသားငယ်များကို ခြောက်လှန့်သည်။ နား၊ နှာခေါင်း၊ မျက်လုံး စသည်များကို လှုပ်၍ ပြုးပြသည်။ မင်းသားငယ်များသည် ကြောက်ရွံ့၍ ငိုကြွေးကြသောကြောင့် မင်းသည် ကာဠဗာဟုအား ပြန်၍ နှင်ထုတ်လိုက်သည်။ ကျေးညီနောင်တို့သည် ယခင်က လာဘ်သပ်ပကာများ ရမြဲတိုင်းပင် ရနေကြတော့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ကာဠဗာဟုမျောက်-ဒေဝဒတ်၊ ပေါဋ္ဌပါဒ-အရှင်အာနန္ဒာ၊ ရာဓ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမိုက်ကောင်းစားသော်လည်း တစ်ခဏမျှသာ။

---

# ၃၃၀။ သီလဝီမံသဇာတ်

## တွယ်တာမှုကင်းသော ပုဏ္ဏား

ပစ္စုပ္ပန်ဝတ္ထု၊

မိမိအား ကောသလမင်းကြီးက ချီးမြှောက်ခြင်းမှာ အတတ်ပညာကြောင့်လော၊ သီလကြောင့်လောဟု သိရှိရန် စမ်းသပ်ကြည့်သော အမတ်တစ်ယောက်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

အတိတ်ဝတ္ထု၊

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ ပုဏ္ဏားသည် ငယ်စဉ်ကစ၍ မြတ်သောအကျင့်ကို-ကျင့်လာသူ ဖြစ်သည်။ အရွယ်ရောက်လာသော် ပုဏ္ဏားသည် ရဟာန်းပြုရန် ထွက်လာခဲ့သည်။ ထိုအချိန် စွန်တစ်ကောင်သည် အမဲဈေးမှ သားတစ်တစ်ခုကို ချီ၍ ကောင်းကင်သို့ ပျံတက်ပြေးသည်။ သူ့ကို အခြားစွန်များက ဝိုင်း၍ ထိုးဆိတ်ကြသောကြောင့် စွန်က သားတစ်ကို လွှတ်ချလိုက်ရာ အခြားစွန်တစ်ကောင်သည် ထိုးသုတ်၍ ယူသွားပြန်သည်။ ထိုစွန်ကိုလည်း ကျန်စွန်များက ဝိုင်း၍ ထိုးဆိတ်ကြသဖြင့် ပြန်လွှတ်ချလိုက်ရပြန်သည်။ ယင်းသို့ သားတစ်ကို ချီတိုင်း ချီတိုင်းသော စွန်သည် ဆင်းရဲဒုက္ခနှင့်ကြုံတွေ့ရသည်ကို လည်းကောင်း၊ လွှတ်ချစွန့်ခွာပြီးသော စွန်သည် ချမ်းသာခွင့်ရသည်ကို လည်းကောင်း ဘုရားလောင်း ပုဏ္ဏားမြင်လေသည်။

ထိုအခါ ကိလေသာကာမတို့ မည်သည် သားတစ်နှင့် တူသည်။ ဤကာမတို့ကို ဆောင်ယူသူများသည်သာလျှင် ဆင်းရဲနှင့် တွေ့ကြရသည်။ စွန့်ခွာသူတို့ကား ချမ်းသာခွင့်ရကြသည်ဟု ဘုရားလောင်းက တွေးမိလိုက်သည်။

http://www.dhammadownload.com



သူသည် ရွာတစ်ရွာသို့ရောက်သောအခါ အိမ်တစ်အိမ်တွင်တည်းခိုသည်။ ထိုအိမ်မှ 'ပိင်္ဂလာ' မည်သော ကျွန်မသည် ယောကျ်ားတစ်ယောက်နှင့် ချိန်းဆိုထားခြင်းကြောင့် အိမ်ရှင်များ အိပ်ပျော်နေချိန်၌ မအိပ်ဘဲ တံခါးခုံတွင် ထိုင်၍ ချစ်သူ လာနိုး လာနိုးနှင့် စောင့်မျှော်နေသည်။ သန်းခေါင်ယံသာ လွန်သွားသော်လည်း ချိန်းဆိုထားသူ မပေါ်လာ။ မိုးသောက်ယံသို့ အရောက်တွင်မူ မလာတော့သည်မှာ သေချာသွားသဖြင့် အိပ်လိုက်ရာ နှစ်ခြိုက်စွာ အိပ်ပျော်သွားသည်။ ထိုမြင်ကွင်းကို မြင်ရသော ဘုရားလောင်းသည် ကိလေသာတို့၌ တောင့်တခြင်းအာသာမည်သည် ဆင်းရဲ၏။ အာသာကင်းခြင်းသည်သာ လျှင် ချမ်းသာ၏ဟု ဆင်ခြင်ပြီးနောက် နံနက်မိုးလင်းချိန်၌ ထိုရွာမှ ထွက်ခွာကာ တောသို့ ဝင်၍ ရသေ့ပြုသွားသည်။

ဇာတ်ပေါင်း။ ။ ပုရောဟိတ်ပုဏ္ဏား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တွယ်တာမှုနည်းလေ ချမ်းသာလေဖြစ်သည်။

ကုဋိဒူသကဝဂ် ပြီးပြီ။

---

# ၄။ ကောကိလဝဂ်

## ၃၃၁။ ကောကိလဇာတ်

### ကျီးမင်္ဂါစွန့်ပစ်ခံရသူ ဥဩငှက်

**ပစ္စုပ္ပန်ဝတ္ထု**

အဂ္ဂသာဝကကြီး နှစ်ပါးကို စွပ်စွဲပုတ်ခတ်မိ၍ အသေဆိုးနှင့်သေရသော ကောကာလိကကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ အမတ်ပညာရှိသည် မင်း၏ လွန်စွာစကားများခြင်းကို တားမြစ်ရန် နည်းလမ်း ရှာဖွေနေခဲ့သည်။ တစ်နေ့တွင် မင်းသည် ဥယျာဉ်တော်ထဲရှိ

http://www.dhammadownload.com



မင်္ဂလာကျောက်ဖျာပေါ်၌ ထိုင်နေစဉ် ထိုကျောက်ဖျာအထက် သရက်ပင်ပေါ်မှ ဥသြငှက် တစ်ကောင် မင်းကြီးရှေ့ခြေရင်းသို့ ပက်လက်ကျလာသည်။

လွန်ခဲ့သော ရက်အတန်ကြာက ဥသြငှက်မ တစ်ကောင်သည် ထိုသရက်ပင် ပေါ်ရှိ ကျီးသိုက်ထဲ၌ ဥချထားခဲ့ရာ ထိုဥပေါက်ချိန်၌ကျီးမသည် ဥသြငှက်ကို 'ငါ့သား' ဟူသော အစွဲဖြင့် အစာရှာဖွေ ကျွေးမွေးလာခဲ့သည်။ ဥသြငယ်သည် အချိန်အခါလည်း မရောက်၊ အတောင်လည်း မပေါက်သေးပါဘဲလျက် ဥသြသံကို တွန်ကျူးမိရာမှ ကျီးမသည် သူ့သား မဟုတ်ကြောင်း သိသွားသဖြင့် နှုတ်သီးဖြင့် ထိုးသုတ်၍ အသိုက် ထဲမှ ချလိုက်သောကြောင့် ကျလာခဲ့ရခြင်း ဖြစ်သည်။

မင်းကြီးသည် ဥသြငှက်ငယ် ကျလာရခြင်း၏ အကြောင်းရင်းကို ပညာရှိ အမတ်အား မေးသည်။ ဤသို့သောအခါ အခွင့်ကို စောင့်နေသော အမတ်သည် ဥသြငှက် ငယ်၏ ကံကြမ္မာကို လျှောက်တင်ပြီးလျှင် 'မြတ်သောမင်းကြီး၊ အခါအခွင့်မသင့်ဘဲ စကား များသူသည် ဤသို့ပင် ဆင်းရဲဒုက္ခနှင့် တွေ့ကြရပါသည်'ဟု လျှောက်ထားသည်။ ဆက်လက်၍ 'လူသားဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ အခါအခွင့်မရောက်ဘဲ ပြောဆိုမိခဲ့လျှင် ဤသို့ပင် ပျက်စီးကြရပါသည်'ဟု တင်လျှောက်လိုက်သည်။ မင်းကြီးသည် ထိုအခါမှ စ၍ စကားကို ဆင်ခြင်တိုင်းထွာ၍သာ ပြောတော့သည်။

**ဇာတ်ပေါင်း။** ။ **ဥသြငှက်ငယ်-ကောကာလိက၊ ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အခါအခွင့်ကိုကြည့်ပြီး ပြောသင့်မှပြောပါ။**

---

# ၃၃၂။ ရထလဋ္ဌိဇာတ်

## တရားဆုံးဖြတ်သူ

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်းကြီး၏ ပုရောဟိတ်ပုဏ္ဏားတစ်ယောက်သည် မိမိအပိုင်စားရသော ရွာမှ ရထားစီး၍ ပြန်လာရာ လမ်းကျဉ်းတစ်နေရာ၌ ရထားတစ်စီးနှင့် စီးချင်းဆုံနေရာ ထိုရထားမှူးက လမ်းဖယ်မပေးချေ။ ထို့ကြောင့် ရထားမှူးကို နှင်တံနှင့် လှမ်းရိုက်သည်။ နှင်တံသည် ရထားမှူးကို မရိုက်မိဘဲ မိမိနဖူးကိုသာ ရိုက်မိသည်။ ဤသည်ကိုပင် ရထားမှူးက ရိုက်မိသည်ဟု မင်းကြီးထံတိုင်၍ တရားစွဲလေလျှင် သေသေချာချာ စစ်ဆေးသောအခါ သူသာ ရှုံးသွားသည်။ ထိုအကြောင်းနှင့်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ တရားရေးအမတ် ဖြစ်နေသည်။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီး၏ ပုရောဟိတ်သည် မိမိ အပိုင်စားရသော ရွာသို့ ထွက်လာခဲ့သည်။ (ဤမှစ၍ ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်။ ထူးသည်မှာ) မင်းသည် ပုရောဟိတ်၏ လျှောက်ထားချက်ကို မိမိကိုယ်တိုင် တရားဆုံးဖြတ်ပေးသည်။ အမှုကို တစ်စုံတစ်ရာ ကြားနာစစ်ဆေးခြင်းမရှိဘဲ လုည်းသမားများကို ပြစ်ဒဏ်ပေးသည်။ လှည်းသမားများ၏ ပစ္စည်းအားလုံးကို သိမ်းယူစေသည်။

ထိုအခါ ဘုရားလောင်းအမတ်က 'မြတ်သောမင်းကြီး၊ အမှုကို စစ်ဆေးခြင်း မပြုဘဲ အဆုံးအဖြတ်ပေးခြင်းသည် မသင့်ပါ၊ အချို့တို့သည် မိမိကိုယ်ကို မိမိသတ်သော် လည်း သူတစ်ပါး သတ်ပါသည်ဟု စွဲဆိုလာကြပါလိမ့်မည်။ ရှေးဦးစွာ ဆိုလာသည့် စကားကို မယုံကြည်ရသေးပါ၊ မင်းတို့မည်သည် ကြားနာစစ်ဆေးပြီးမှ ဆုံးဖြတ်သင့် ပါသည်'ဟု လျှောက်ဆိုသည်။ ထိုအခါ မင်းကြီးသည် နှစ်ဦးနှစ်ဖက်ကို စစ်ဆေးရာ ပုရောဟိတ်သည်ပင် ရှုံးနိမ့်သွားလေသည်။

**ဇာတ်ပေါင်း။** ။ ယခင်ပုရောဟိတ်-ယခုပုရောဟိတ်၊ တရားရေးအမတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပညာရှိစကားကို နားထောင်ရာ၏။

---

# ၃၃၃။ ပက္ကဂေါဓဇာတ်

## တစ်ကိုယ်ကောင်းသမား

**ပစ္စုပ္ပန်ဝတ္ထု**

တောလမ်းခရီး၌ ရရှိသော ဖွတ်ကင်ကို ဇနီးသည်အား မျှဝေမပေးဘဲ တစ်ယောက်တည်း စားပစ်သော လင်ယောကျ်ားကို အကြောင်းပြုကာ ဤအတိတ်ဇာတ် ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဤအတိတ်ဇာတ်သည်လည်း ပုဋဘတ္တဇာတ်၏ အတိတ်ဝတ္ထု ရေးပိုင်းနှင့် တူသည်။ ထူးသည်မှာ ဗာရာဏသီသို့ ပြန်ခဲ့ကြသော မင်းသားနှင့် မင်းသမီးတို့သည် လမ်းတွင် မုဆိုးတစ်ယောက်နှင့် တွေ့ကြရာ မုဆိုးသည် သူတို့နှစ်ယောက်လုံး ပင်ပန်းနွမ်းနယ် လာကြသည်ကို သိသောကြောင့် နှစ်ယောက်အတူ ဝေမျှစားကြရန် ဖွတ်ကင် တစ်ခု

http://www.dhammadownload.com



ပေးလိုက်သည်။ ရေကန်တစ်ခုအနီးသို့ ရောက်လာကြသည့်အခါတွင် မင်းသမီးသည် ဖွတ်ကင်ကို ညောင်ဗုဒ္ဓဟောပင်၏ အကိုင်းအခက်တစ်ခု၌ ချိတ်ဆွဲထားခဲ့ပြီး မင်းသား၏ စေခိုင်းချက်ကြောင့် ရေကန်ထဲမှ ရေကိုယူရန် ထွက်သွားခဲ့သည်။ ထိုအချိန်၌ မင်းသားသည် ဖွတ်ကင်ကိုသူတစ်ဦးတည်းစားပစ်ပြီး အမြီးဖျားပိုင်းကလေးတစ်ခုသာ ချန်ထားလိုက်သည်။

မင်းသမီး ပြန်ရောက်လာသောအခါ သူက 'ရှင်မ၊ ဖွတ်ကင်သည် ညောင် ခက်မှ ဆင်း၍ တောင်ပို့ထဲသို့ ပြေးဝင်သွားသည်။ ငါပြေး၍ မိရာကို ဖမ်းဆွဲရာ ကိုင်မိ သော အမြီးဖျားသာ ပြတ်ကျန်ခဲ့သဖြင့် ဤအမြီးဖျားကိုသာ ရလိုက်သည်'ဟု ဆိုသည်။ မင်းသမီးက တစ်စုံတစ်ရာ စောကြောခြင်းမပြုဘဲ 'ဖွတ်ကင် ပြေးသွားခဲ့လျှင် မည်သို့ တတ်နိုင်ပါမည်နည်း'ဟုသာ ဆိုသည်။ ထို့နောက် ရေကို အဝသောက်၍ ဗာရာဏသီကို ဆက်ခဲ့ကြလေသည်။ (ဤမှစ၍ ပုဋဘတ္တဇာတ်၏ အတိတ်ဝတ္ထု နောက်ပိုင်းနှင့် တူသည်။)

ဇာတ်ပေါင်း။ ။ ယခင် မင်းနှင့်မိဖုရား-ယခု သူကြွယ်လင်မယား၊
ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တစ်ကိုယ်ကောင်းသမားသည် သူ့ကိုယ်ကျိုးကိုသာကြည့်တတ်မြဲ။

---

## ၃၃၄။ ရာဇောဝါဒဇာတ်

### ရှုပ်ဖျက်၍စုံစမ်းသော မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီးအား ဆုံးမခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်၌ ရသေ့ပြုပြီးလျှင် တောသစ်မြစ် သစ်သီးကြီးငယ်များကို စားသုံးလျက် ဟိမဝန္တာ၌နေသည်။ ထိုအချိန်တွင် မင်းသည် မိမိအား အပြစ်စကား ပြောဆို သူကို ပြည်အဝန်း၌ ရုပ်ဖျက်၍ ရှာဖွေစူးစမ်းရာ တစ်စုံတစ်ယောက်မျှ မတွေ့ရ၍ ဟိမဝန္တာ၌ ရှိလိုရှိငြား ဝင်ရောက်ရှာဖွေရာ ဘုရားလောင်းရသေ့နှင့် ဆုံတွေ့သည်။

http://www.dhammadownload.com



ရသေ့ကြီးသည် ရောက်လာသော ဧည့်သည်အား ညောင်သီးမှည့်များနှင့် သောက်ရေပေး၍ ဧည့်ဝတ်ပြုသည်။ ညောင်သီးသည် လွန်စွာပင် ချိုမြိန်လှကြောင်း မင်းကြီး သိလိုက်ရသဖြင့် 'ဤညောင်သီးသည် အဘယ်ကြောင့် သည်မျှ ချိုမြိန်သနည်း'ဟု မေးသည်။ ရသေ့ကြီးကို 'မင်း တရားစောင့်၍ ဖြစ်ပါသည်၊ မင်း တရားစောင့်လျှင် တစ်နိုင်ငံလုံးရှိ မြေဆီလွှာများ ဩဇာတက်၍ သစ်သီးဝလံများလည်း အရသာ ထက်ပါသည်။ မင်း တရားပျက်ချိန်၌မူ တစ်တိုင်းပြည်လုံး ယုတ်လျော့ ပျက်ပြယ်ကြရ ပါသည်'ဟု ပြောပြသည်။ ထိုသို့ပြောသည့်တိုင် မိမိစကားကို နားခံနေသူမှာ ထိုနိုင်ငံ၏ ပြည်ပိုင်မင်းဖြစ်သည်ကိုမူ ရသေ့ကြီး မသိခဲ့ပေ။

မင်းကြီးသည် ဗာရာဏသီသို့ ပြန်ရောက်သောအခါ ရသေ့ကြီးစကား မှန်, မမှန်ကို လက်တွေ့စမ်းသပ်သည်။ နိုင်ငံကို 'အဓမ္မ' နည်းဖြင့် ယာယီ အုပ်ချုပ်ကြည့်သည်။ ထို့နောက် ရသေ့ကြီးထံသို့ ပြန်သွားသည်။ သည်တစ်ခါ ရသေ့ကြီးတည်ခင်းသော ညောင်သီးမှည့်သည် မချိုဘဲ ခါးသက်နေသည်။ 'ထွီ'ခနဲ ထွေးထုတ်ပစ်ပြီး 'အရှင်ဘုရား၊ ဤညောင်သီးကား ခါးပါသည်' ဟု ဆိုသည်။ ထိုအခါ ရသေ့ကြီးက 'မင်း တရားမစောင့်၍ ဖြစ်ပါလိမ့်မည်'ဟု မိန့်ကြားလိုက်ရာ မိမိသည် မင်းဖြစ်ကြောင်းကို ရသေ့ကြီးအား လျှောက်ထားကာ 'အရှင်ဘုရား၊ ရှေးယခင်က ဤညောင်သီးမှည့်ကို ချိုစေခဲ့သည်မှာ မိမိသာ ဖြစ်သည်။ ယခု ခါးစေသူမှာလည်း မိမိပင် ဖြစ်ပါသည်။ ယခုပြန်၍ ချိုလာအောင် ပြုပါမည်'ဟု လျှောက်ထားခဲ့ပြီးလျှင် ရသေ့ကြီးအား ရှိခိုး၍ ဟိမဝန္တာမှ ထွက်လာခဲ့သည်။

**ဇာတ်ပေါင်း။** ။ မင်း-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မင်းတရားစောင့်လျှင် တိုင်းပြည် သာယာဝပြောမည်။

---

# ၃၃၅။ ဇမ္ဗုကဇာတ်

## မာန်တက်သော မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်ကို အတုယူ၍ ပြုမူသော ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာဝယ် ခြင်္သေ့မျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် ကျွဲကို သတ်စားပြီး၍ ပြန်လာခဲ့သော ခြင်္သေ့ကြီးသည် လမ်းတွင် မြေခွေးတစ်ကောင်နှင့် ဆုံတွေ့ရာ ရှောင်ပြေးချိန် မရလိုက်သော မြေခွေးသည် ခြင်္သေ့ကြီး ရှေ့မှောက်တွင် ပြားပြားဝပ်နေလိုက်သည်။ ခြင်္သေ့ကြီးက အကြောင်းကို မေးသည်တွင် 'အရှင့်ကို ခ,စားလို၍ ဖြစ်ပါသည်'ဟု ဆိုသောကြောင့် ထို မြေခွေးကို သူ၏ လိုဏ်ဂူရှိရာသို့ ခေါ်လာခဲ့သည်။ သူ၏ စားကြွင်းစားကျန်များကို ကျွေးမွေးထားသည်။ ကြာသော် ထိုမြေခွေးသည် ဆူဖြိုးလာပြီး မာနများ ဝင်လာကာ ခြင်္သေ့ထံသွား၍ 'အရှင်သည် အကျွန်ုပ်ကို နေ့စဉ်မပြတ် ကျွေးမွေးလာခဲ့သည်မှာ ကြာပြီ၊ ယနေ့ အရှင်သည် အပြင်မထွက်ဘဲ သည်မှာပင် နေပါလော့၊ အကျွန်ုပ်သည် ဆင်တစ်စီးကို သတ်၍ အရှင့်အတွက် အသားများယူလာခဲ့ပါမည်'ဟု ဆိုသည်။

သူ့အကြံအစည်ကို ခြင်္သေ့ကြီးက သဘောမတူ၍ 'သင်သည် မိမိနှင့်မလျော်သော အမှုကို မလုပ်ချင်လင့်၊ သင်သည် ဆင်ကို နိုင်နင်းသော မျိုးနွယ်ထဲက မဟုတ်၊ သင် စားလိုလျှင် ငါကပင် သတ်ပေးမည်'ဟု ကျိုးကြောင်းပြ၍ တားမြစ်သည့်တိုင် မြေခွေးက နားမဝင်၊ ဂူထဲမှ အတင်းထွက်သွားသည်။ မြေခွေးသံဖြင့် သုံးကြိမ် ဟောင်သွားသည်။ မြေခွေးသည် တောင်ထိပ်ပေါ်မှ ရပ်၍ ကြည့်လိုက်သော် တောင်အောက်ခြေတွင် သွားနေသော ဆင်မည်းကြီး တစ်စီးကို မြင်လိုက်ရာ 'ဆင်ဦးကင်းပေါ်၌ ကျစေအံ့'ဟု ရည်ရွယ်၍ လှမ်းခုန်ဆင်းလိုက်သည်။ သို့သော် ဆင်ဦးကင်းပေါ် မကျဘဲ ဆင်ကြီး၏ ခြေရင်းသို့ ကျသွားသည်။ ဆင်ကြီးသည် မြေခွေး၏ ဦးခေါင်းကို နင်းခွဲပစ်ခဲ့ပြီးနောက် ထိုနေရာမှ ထွက်ခွာသွားသည်။

**ဇာတ်ပေါင်း။** ။ မြေခွေး-ဒေဝဒတ်၊ ခြင်္သေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မတုပသင့်ဘဲတုပလျှင် သေဘေးတွေ့တတ်သည်။

---

## ၃၃၆။ ဗြဟာဆတ္တဇာတ်

### ဖွဲ့သတ္တိဖော်အတိုး ၃ စားသူ

**ပစ္စုပ္ပန်ဝတ္ထု**

လူအထင်ကြီးအောင် ကျင့်ကြံတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ တစ်နေ့တွင် ဗာရာဏသီမင်းသည် ကောသလမင်း၏ သာဝတ္ထိပြည်ကို ဝင်ရောက်တိုက်ခိုက်ရာ ပြည်ကို သိမ်းပိုက်မိရုံမျှမက မင်းကိုပါ ဖမ်းဆီးရမိခဲ့သည်။ သို့ရာတွင် သားတော် 'ဆတ္တ'သည်ကား ထွက်ပြေးလွတ်မြောက်သွားသည်။ ဆတ္တမင်းသားသည် ပြေးလွှားရင်းက တက္ကသိုလ်ပြည်သို့ ရောက်ကာ တက္ကသိုလ်တွင် ဗေဒင်သုံးပုံနှင့် တစ်ဆယ့်ရှစ်ရပ်သော အတတ်မျိုးတို့ကို သင်ယူတတ်မြောက်လာခဲ့သည်။ ထို့နောက် တက္ကသိုလ်ပြည်မှ ထွက်လာခဲ့ရာ ပစ္စန္တရစ်ရွာအနီး ဂူတောကို အမှီပြု၍ နေထိုင်ကြသော ရသေ့ငါးရာနှင့် ဆုံတွေ့သဖြင့် ရသေ့ပြုလိုက်သည်။ ဘက်စုံပညာတတ်ကျွမ်းသော ထိုဆတ္တရသေ့သည် မကြာမီ ထိုရသေ့အဖွဲ့၏ ဂိုဏ်းဆရာနေရာကို ရရှိသည်။

တစ်နေ့တွင် ဆတ္တရသေ့ ခေါင်းဆောင်သော ရသေ့များသည် ဗာရာဏသီသို့ ခရီးထွက်ခဲ့ကြပြီး မင်းဥယျာဉ်သာတွင် စခန်းချ ရပ်နားကြသည်။ ထိုအချိန်၌ ဗာရာဏသီမင်းသည် သာဝတ္ထိပြည်ကို မင်းမှုထမ်းများနှင့် အုပ်ချုပ်စေပြီး သူကမူ ဗာရာဏသီ ထီးနန်းတွင် နေသည်။ သာဝတ္ထိပြည်မှ သိမ်းယူလာခဲ့သော စစ်နိုင် ရတနာပစ္စည်းများကိုလည်း ကြေးအိုးကြီးဖြင့် ထည့်၍ ဥယျာဉ်မြေထဲ၌ မြှုပ်နှံထားသည်။ နောက်နေ့နံနက်၌ ရသေ့များသည် မြို့တွင်းသို့ ဆွမ်းခံဝင်ကြရာ ဗာရာဏသီမင်းသည် ကြည်ညိုသဖြင့် နန်းဆောင်ပေါ်သို့ ပင့်၍ ဆွမ်းကျွေးလှူဒါန်းကာ သိလိုသည့် ပြဿနာများကို မေးလျှောက်သည်။ ယင်းအမေးပုစ္ဆာများကို ဆတ္တရသေ့ကချည်း ဖြေဆိုသည်။ မင်းသည် သဒ္ဓါတရားတိုးသည်ထက် တိုးလာကာ ဥယျာဉ်တော်၌ သီတင်းသုံး နေထိုင်ကြပါရန် ရသေ့များအား လျှောက်ထားသည်။

ဆတ္တရသေ့ကား မြေမြှုပ်ဥစ္စာများကို ဖော်ထုတ်နိုင်စွမ်းရှိသည့် မန္တရားများကို တတ်မြောက်သည်ဖြစ်၍ မိမိခမည်းတော်၏ ဥစ္စာများ မြှုပ်နှံထားသည့်နေရာကို မန္တရားဖြင့် မန်း၍ကြည့်ရာ ဤဥယျာဉ်မြေထဲ၌ပင် မြှုပ်နှံထားကြောင်း သိရှိသွားသည်။ ထိုခဏတွင်ပင် 'ဤဥစ္စာပစ္စည်းများကို ပြန်ယူ၍ ငါ့ပြည်ကို ပြန်သိမ်းမည်'ဟု ဆုံးဖြတ်ချက် ချလိုက်ကာ ရသေ့အားလုံးကို ခေါ်ယူစုဝေး၍ သူ့ဘဝ အကြောင်းစုံကို ပြောပြသည်။ စောစောက ချမှတ်လိုက်သည့် နောက်ဆုံး အစီအစဉ်ကိုလည်း ရှင်းပြလိုက်သည်။ ထိုအခါ ရသေ့များကလည်း လိုက်ပါကူညီမည်ဖြစ်ကြောင်း ကတိပြုကြသည်။

ရသေ့များသည် ညပိုင်း၌ ဥယျာဉ်မြေထဲမှ ကြေးအိုးကြီးများကို ဖော်ထုတ်ကြပြီး အထဲမှ ရတနာများကို မိမိတို့၏ သားရေအိတ်ကြီးများထဲသို့ ပြောင်းထည့်ကြကာ

http://www.dhammadownload.com



အိုးထဲတွင် မြက်များဖြင့် ပြန်၍ ဖြည့်သိပ်ထားကြသည်။ ထို့နောက်မှ သာဝတ္ထိပြည်သို့ ပြေးလာခဲ့ကြပြီးလျှင် ဗာရာဏသီမှ အုပ်ချုပ်ရေးဆိုင်ရာ ဝန်ထမ်းများကို ဖမ်းယူ ဖယ်ရှားကြကာ သာဝတ္ထိပြည်ကို သိမ်းယူ၍ မင်းပြုလေသည်။ ထိုအချိန်၌ ဗာရာဏသီမင်းကြီးသည် ဥယျာဉ်သို့သွား၍ အိုးတို့ကို ဖွင့်စေရာ မြက်များကိုသာ တွေ့ရသဖြင့် 'မြက်တွေချည်းပါကလား၊ မြက်တွေချည်းပါကလား' ဟု ညည်းတွားနေရာ ပညာရှိ အမတ်က ကျိုးကြောင်းပြ၍ လျှောက်ထားသည့်အခါတွင် သောကစိတ်ပြေ၍ နှုတ်သံလည်း ဆိတ်သွားသည်။

**ဇာတ်ပေါင်း။** ။ **ဆတ္တ-ဒုံ့ဖွယ်သူရဲကိုဖြစ်စေတတ်သောရဟန်း။**
**ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ဖွဲလွှလကိုအခြေခံ ဆောင်မြင်ရန်ကျိန်းသေ။**

---

## ၃၃၇။ ပီဌဇာတ်

### အလှူရေစက် ထက်နှင့်မျှတွာသူ

#### ပစ္စုပ္ပန်ဝတ္ထု

တောလက်ကျေးရွာမှ အာဂန္တုရဟန်းတို့အား အနာထပိဏ်သူဌေးနှင့် ဝိသာခါတို့က ဂရုစိုက်သည်ဟု ကြားရသဖြင့် ထိုအိမ်များသို့ ဆွမ်းခံဝင်ရာ အချိန်စောနေ၍ ယာဂုမရ။ တစ်ဖန် ဆွမ်းခံဝင်ပြန်သော်လည်း အချိန်လွန်သွားသဖြင့် ဆွမ်းမရပြန်ပေ။ ဤတွင် ထိုရဟန်းသည် အနာထပိဏ်သူဌေးနှင့် ဝိသာခါတို့ သဒ္ဓါတရားမရှိဟု ကဲ့ရဲ့စကားဆိုခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

#### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရသေ့ဖြစ်၍ ဟိမဝန္တာတွင် နေခဲ့ရာမှ ချဉ်, ဆား မှီဝဲလို၍ ဗာရာဏသီသို့ လာခဲ့သည်။ သူသည် မင်းဥယျာဉ်၌ စခန်းချနေထိုင်ပြီးလျှင် သဒ္ဓါတရား ကြီးမားသည်ဟု သတင်းကြီးလွန်းသော ဗာရာဏသီသူဌေးအိမ်ရှေ့သို့ သွားရောက်၍ ဆွမ်းရပ်သည်။ ထိုအချိန်၌ သူဌေးကြီး အိမ်တွင်မရှိဘဲ မင်းကြီးထံ အခစားဝင်နေသည်။ အိမ်ထဲမှ လူများသည်လည်း ရသေ့ကြီးကို မမြင်မိကြ။ ရသေ့ကြီးသည် ထိုအိမ်ရှေ့မှ ထွက်လာရာ အိမ်သို့ ပြန်လာသော သူဌေးကြီးက လှမ်းမြင်လိုက်သဖြင့် ရသေ့ကြီးကို နောက်မှလိုက်လာပြီးရှိခိုးသည်။ သပိတ်ကို လှမ်းယူ၍

http://www.dhammadownload.com



အိမ်ထဲသို့ ကြွရန်ဖိတ်ခေါ်သော်လည်း ပင့်ဆောင်သည်။ ဆွမ်းကပ်ပြီးချိန်၌ သူဌေးကြီးက 'အရှင်ဘုရား၊ အကျွန်ုပ်၏ အိမ်ရှေ့သို့ ရောက်လာကြသည့် သူတောင်းစားဖြစ်စေ၊ ရဟန်း ပုဏ္ဏားများ ဖြစ်စေ ပူဇော်သက္ကာရမရဘဲ ပြန်ထွက်သွားရသည့်အဖြစ် မရှိစဖူးပါ။ ယနေ့ အကျွန်ုပ်၏ ကလေးငယ်များသည် အရှင်ဘုရားကို မမြင်မိကြသောကြောင့် နေရာပေးခြင်း၊ သောက်ရေ ပေးခြင်း စသော ဝတ်များ ပျက်ကွက်ကြရပါသည်။ ဤသည်မှာ အကျွန်ုပ်တို့၏ အပြစ်သာ ဖြစ်ပါသည်၊ ဤအပြစ်များကို သည်းခံခွင့်လွှတ်တော်မူပါ'ဟု လျှောက်ထားရာ ရသေ့ကြီး က 'ဤကိစ္စနှင့် ပတ်သက်၍ ငါသည် အမျက်လည်း မထွက်၊ မုန်းခြင်းလည်း မဖြစ်၊ စိတ်၌လည်း တစ်စုံတစ်ရာ အမှတ်တေးထားခြင်း မရှိပါ'ဟု ပြန်ကြားလိုက်သည်။

ဇာတ်ပေါင်း။ ။ဗာရာဏသီသူဌေး-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။သူတော်ကောင်းမှန်လျှင် စိတ်ထားမှန်ရမည်။

---

# ၃၃၈။ ထုသဇာတ်

## အသတ်ကာယိဂါထာများ ရွတ်ဆိုခြင်း

### ပစ္စုပ္ပန်ဝတ္ထု

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကျွေး ပြီးနောက် တရားနာယူနေသည်။ ယင်းအချိန်၌ တန်ဆာဆင်ထားသော အဇာတသတ် မင်းသားငယ်ကို ဘုရင်ကြီးထံသို့ ပို့ပေးလိုက်ကြသည်။ ဘုရင်ကြီးသည် သားတော်ကိုပေါင်ပေါ်တွင်တင်လျက် ချစ်စိတ် ဖြင့် ကလူကျီစယ်နေသည်။ တရားတော်၌ပင် အာရုံသက်ဝင်ခြင်း မရှိနိုင်။ ယင်းကို သိတော်မူသော ဘုရားရှင်သည် 'မင်းကြီး၊ ရှေးမင်းတို့သည် သား၌ ရွံရှာကုန်လတ်သော် ရေမြေခြားရာ အရပ်၌ ထားကြသည်။ ငါလွန်မှ ခေါ်ယူ၍ မင်းအဖြစ် ထားကြကုန်လော့ဟု မှာထားကြသည်'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တက္ကသိုလ် ပြည်၌ ဒိသာပါမောက္ခဆရာကြီး ဖြစ်နေသည်။ သူ့ထံ၌ ပညာသင်ယူနေကြသော တပည့်များထဲတွင် ဗာရာဏသီမင်း၏သားတော်လည်း ပါဝင်သည်။ တစ်နေ့တွင် ပညာစုံ၍ တိုင်းပြည်ပြန်လိုသော ထိုမင်းသားကို အင်္ဂဝိဇ္ဇာပညာဖြင့် ကြည့်လျှင် နောင်

http://www.dhammadownload.com



တစ်ချိန်တွင် သားကြောင့် အန္တရာယ် ကျရောက်နိုင်ကြောင်းကို ဆရာကြီး တွေ့ရသည်။ ယင်းအန္တရာယ်ဆိုးမှ လွတ်မြောက်စေရန် ဂါထာလေးပုဒ် သင်ပေးလိုက်သည်။

'မင်းအဖြစ်ကိုရ၍ သားတော် ထွန်းကားပြီးနောက် တစ်ဆယ့်ခြောက်နှစ် ပြည့်ချိန်မှစကာ ပထမဂါထာကို ထမင်းစားစဉ်၊ ဒုတိယဂါထာကို ညီလာခံသဘင်ကြီး ကျင်းပစဉ်၊ တတိယဂါထာကို ပြာသာဒ်သို့ တက်သော်အခါ စောင်းတန်းဦး၌ ရပ်လျက်၊ နောက်ဆုံးဂါထာကို အိပ်ရာ ကျက်သရေတိုက်ခန်းထဲသို့အဝင် တံခါးခုံ၌ ရပ်လျက် ရွတ်ဆိုရန် မှာထားလိုက်သည်။

ထိုမင်းသားသည် ထီးနန်းအာဏာ ရရှိခဲ့ပြီးနောက် သားတော် တစ်ဆယ့်ခြောက်နှစ် ပြည့်မြောက်လာချိန်၌ ပျိုရွယ်စဉ်ကပင် မင်းအဖြစ်ကို ရယူလိုသော သားတော်သည် အခြွေအရံများ၏ အကြံပြုချက်အရ ညစာပွဲတော်၌ အဆိပ်ခတ်၍ ခမည်းတော်ကို သတ်မည် ဟူသော ရည်ရွယ်ချက်ဖြင့် အဆိပ်ဆေးကို ကိုင်ထားသည်။ ထိုအချိန် မင်းကြီးသည် ထမင်းခွက်ကို လက်နှင့် မထိသေးဘဲ 'ကြွက်များသည် မှောင်မိုက်ထဲ၌ ဖြစ်စေကာမူ ဖွဲကို ဖွဲမှန်းသိကြသည်။ ဆန်ကိုလည်း ဆန်မှန်းသိကြသည်။ ဖွဲကို ဖယ်ထား၍ ဆန်ကိုသာ ရွေးစားကြသည်'ဟု အဓိပ္ပာယ်ရသော ပထမဂါထာကို ရွတ်ဆိုလိုက်ရာ မင်းသားသည် အဆိပ်မထည့်ဖြစ်ခဲ့တော့ချေ။ သူ့စိတ်အကြံကို ခမည်းတော် သိပြီထင်၍ ထွက်ပြေးလာခဲ့ သည်။

ထို့နောက် ရက်များမကြာမီ မင်းသားသည် အခြွေအရံများ၏ အကြံပြုချက်ကြောင့် ညီလာခံသဘင်ကျင်းပနေရာသို့ သန်လျက်ကိုဝှက်၍ ဝင်လာပြီး ခမည်းတော်အလစ်ကို စောင့်နေသည်။ ထိုအချိန်၌ မင်းကြီးသည် 'ဥယျာဉ်ထဲနှင့် ရွာထဲတို့၌ ငါ့ကိုသတ်ရန် တီးတိုးတိုင်ပင်ခဲ့ကြသည်ကို လည်းကောင်း၊ ယခု ငါ့ကိုသတ်ရန် အခါအခွင့်ရှာနေသည်ကို လည်းကောင်း ငါသိသည်'ဟု အဓိပ္ပာယ်ရသော ဒုတိယ ဂါထာကို ရွတ်ဆိုလိုက်ရာ မင်းသားသည် သူ့အစီအစဉ်ကို ခမည်းတော်သိသွားပြီ ထင်၍ ထွက်ပြေးရပြန်သည်။

ထို့နောက် ရက်သတ္တတစ်ပတ်ခန့် လွန်မြောက်ခဲ့ချိန်တွင် အခြွေအရံများ၏ လှုံ့ဆော်အားပေးမှုကြောင့်ပင် ခမည်းတော်ကို သတ်ရန် စောင်းတန်းဦးမှနေ၍ စောင့်ပြန် သည်။ ပြာသာဒ်ပေါ်သို့ တက်လာသော မင်းကြီးသည် စောင်းတန်းဦးသို့ အရောက်တွင် ခေတ္တမျှရပ်၍ 'ဖခင် မျောက်ကြီးသည် သားမျောက်ငယ်ကလေး၏ သေးငယ်သော မျိုးစေ့ ကို သွားဖြင့် ကိုက်ဖြတ်၍ ဗီဇသဘာဝကို ဖျက်ဆီးပစ်ခဲ့သည်'ဟု အဓိပ္ပာယ်ထွက်သော တတိယဂါထာကို ရွတ်ဆိုရာ မင်းသားသည် သူ့ကို ခမည်းတော် ဖမ်းတော့မည်ထင်၍ အကြောက်ကြောက် အလန့်လန့်ဖြင့် ထွက်ပြေးခဲ့ရပြန်သည်။

http://www.dhammadownload.com



ထိုသို့ဖြစ်သည့်တိုင် အခြွေအရံများသည် အစီအစဉ်နောက်တစ်ခု ချပေးလိုက်ပြန်ရာ မင်းသားသည် ခမည်းတော်၏ အိပ်ရာ ကျက်သရေတိုက်ခန်းထဲသို့ တိတ်တဆိတ်ဝင်ပြီး သန်လျက်ကိုင်၍ ပလ္လင်အောက်၌ ဝင်ပုန်းနေလိုက်သည်။ စက်တော်ခေါ်ရန် ကြွတော်မူလာသော မင်းကြီးသည် ကျက်သရေတိုက်ခန်းထဲသို့ ရုတ်တရက် မဝင်သေးဘဲ တံခါးခုံတွင် ရပ်လျက် 'သင်သည် မုန့်ညင်းခင်းထဲကို ဝင်သော ဆိတ်ကန်းပမာ ကြောက်စိတ်ကြောင့် လှုပ်ရှားနေသည်။ ယခု ငါကိုသတ်မည်ဆိုသည့် ရည်ရွယ်ချက်နှင့် ပလ္လင်အောက်တွင် ဝင်အိပ်နေသည်။ သည်ကိစ္စအားလုံးကို ငါသိပြီးသား ဖြစ်သည်'ဟု အဓိပ္ပာယ်ရသော စတုတ္ထဂါထာကို ရွတ်ဆိုလိုက်ရာ မင်းသားသည် ပလ္လင်အောက်မှ အကြောက်ကြောက် အရှုံးရှုံးဖြင့် ထွက်လာပြီးလျှင် သန်လျက်ကို ခမည်းတော်၏ ခြေရင်း၌ချလျက် သူ့အပြစ်ကို သည်းခံခွင့်ပါရန် တောင်းပန်စကားဆိုသည်။

ထိုအခါ အဖြစ်စုံကို သိလိုက်ရသော မင်းကြီးသည် သားတော်အား ထောင်သွင်း အကျဉ်းချထားလိုက်သည်။ မင်းကြီး နတ်ရွာလားချိန်တွင် မင်းသားကို ထောင်မှထုတ်၍ ထီးနန်းအပ်လိုက်ကြသည်။

ဇာတ်ပေါင်း။ ။ ဗိသာပါမောက္ခ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိစကား လိုက်နာလျှင် အန္တရာယ်ကင်းသည်။

---

# ၃၃၉။ ဗာဝေရုဇာတ်

## ငှက်မမြင်ဘူးသူများ

**ပစ္စုပ္ပန်ဝတ္ထု၊**

ယခင် လာဘ်ပေါများနေခဲ့သော နာဋပုတ္တနှင့် တိတ္ထိများ ဗုဒ္ဓမြတ်စွာ ပေါ်ထွန်းလာသောအခါ လာဘ်တိတ်ကုန်ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဥဒေါင်း ငှက်မျိုး၌ ဖြစ်နေသည်။ ထိုအခါ ဗာရာဏသီပြည်မှ ကုန်သည်အချို့သည် 'ဗာဝေရု' တိုင်းသို့ လှေဖြင့်သွား၍ ကုန်ရောင်းကြသည်။ တစ်နေ့တွင် ငှက်ကို မမြင်ဖူးသော ထို

http://www.dhammadownload.com



တိုင်းသားများအားပြရန် ဒိသာကာက ကျီးတစ်ကောင်ကို ယူသွားခဲ့ကြသည်။ ဗာဝေရု တိုင်းသားများသည် ထိုကျီးကို ချီးမွမ်းအံ့ဩမကုန် ရှိကြ၍ အသပြာငွေတစ်ရာပေးပြီး အတင်းအကျပ် ဝယ်ယူထားလိုက်ကြသည်။ ထို့နောက် ရွှေချိုင့်တွင် ထည့်၍ ငါး, အမဲနှင့် သီးစုံတို့ကို စားသောက်မကုန်နိုင်အောင် ကျွေးမွေးထားကြသည်။ အခြားသော ငှက်များ မရှိသည့် အရပ်တွင် ကျီးသည် အလျှံပယ်ပေါများသော လာဘ်လာဘများနှင့် ကြီးပွား နေလေသည်။

ထိုကုန်သည်များသည် နောက်တစ်ခေါက် သွားကြသောအခါ ဥဒေါင်းမင်း တစ်ကောင်ကို ဖမ်းယူ၍ လက်ဖျစ်တီးသံကြားလျှင် တွန်ကျူးတတ်အောင်၊ လက်ခုပ်တီးသံ ကြားလျှင် က,တတ်အောင် သင်ယူသွားကြသည်။ ဗာဝေရု တိုင်းသားများသည် ဥဒေါင်း မင်းကို မြင်ကြရသောအခါ ဝမ်းသာအားရ ဖြစ်ကုန်ကြပြီး အသပြာငွေတစ်ထောင်ပေးပြီး ဝယ်ယူထားလိုက်ကြပြန်သည်။ သူတို့သည် ဥဒေါင်းမင်းကို ရတနာခုနစ်ပါးတို့ဖြင့် စီခြယ် ထားသော လှောင်ချိုင့်ထဲ၌ ထည့်၍ မွေးကြသည်။ အချိန်အခါမရွေး စားသောက်နိုင် စေရန် သစ်သီးစုံ၊ ပျား၊ ပေါက်ပေါက်၊ သကြားနှင့် အဖျော် စသည်တို့ကိုလည်း ပေးထား ကြသည်။

ဥဒေါင်းမင်း ရောက်လာချိန်မှစ၍ ကျီးကို ဂရုစိုက်သူများ မရှိတော့။ ကျီးသည် လာဘ်သပ်ပကာများ ဆုတ်ယုတ်သွားသည်။ နောက်ဆုံးတွင် အစာရေစာ ပေးကမ်းသူ မရှိတော့သဖြင့် မစင်စွန့်ရာ မြေပြင်၌ ရှာဖွေစားသောက်ရင်း မိမိအသက်ကို ထိန်းကျောင်း သွားရသည်။

ဇာတ်ပေါင်း။ ။ ကျီး-နိဂဏ္ဌနာဋပုတ္တ၊ ဥဒေါင်းမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိရောက်လာလျှင် လူမိုက်များမတွင်ကျယ်ကြတော့ပေ။

## ၃၄၀။ ဝိသယှဇာတ်

### လှူစရာရှန့် မြတ်ထမ်းရောင်းယူ သူဌေးကြီး

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ စံနေတော်မူစဉ် အနာထပိဏ်သူဌေးကို အကြောင်းပြု၍ ဤဇာတ်ကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဝိသယှဟူသော အမည်ဖြင့် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီး ဖြစ်နေသည်။ သူသည် ပဉ္စသီလနှင့် ပြည့်စုံ၍ အလှူဒါနပေးလှူမှုတို့၌ အလေ့ထုံသည်။ သူ၏ အာနုဘော်ကြောင့် သိကြားမင်း ဘုံဗိမာန်သည် တုန်လှုပ်လာသည်။ ပဏ္ဍုကမ္ဗလာသည်လည်း ပူပြင်း လာရသည်။ ဤတွင် သိကြားမင်းသည် 'အဘယ်သူသည် ငါ့ကို သိကြားမင်းနေရာမှ ရွေ့လျောစေလိုသနည်း'ဟု ဆင်ခြင်ကြည့်လေရာ အလှူဒါနမှု၌ အားကြီးလွန်းသော ဝိသယှ သူဌေးကြီးကို မြင်တွေ့သွားသည်။

သိကြားမင်းသည် မိမိ၏ရာထူးစည်းစိမ်မှ ရွေ့လျောမည်ကို စိုးရိမ်သဖြင့် သူဌေးကြီး အလှူမလှူနိုင်အောင် သူဌေးကြီး၏ စည်းစိမ်ပစ္စည်းများနှင့် အခြွေအရံများကို တန်ခိုးဖြင့် ကွယ်ဖျောက်ထားလိုက်သည်။ သို့သော် သူဌေးကြီးသည် ဒါနနှင့်ကင်းပြတ်၍မနေနိုင်ရာ လှူစရာပစ္စည်း တစ်စုံတစ်ရာ ရလိုရငြား ဇနီးဖြစ်သူအား ရှာဖွေခိုင်းသည့်အခါ ဇနီးက အိမ်အနှံ့ရှာဖွေသည့်တိုင် လှူဒါန်းနိုင်သည့် ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရသဖြင့် မြက်ခင်းသို့ သွား၍ မြက်ရိတ်သည်။ ရလာသည့် မြက်နှစ်စည်းကို အသပြာတစ်ပဲဖြင့် ရောင်းသည်။ ကျန်အသပြာနှစ်ပြားကို မိမိတို့စားသုံးစရိတ်အတွက် ဖယ်ချန်၍ ကျန်အသပြာနှစ်ပြားကို သူတောင်းစားများအား ပေးလှူသည်။ အလှူခံ၊ သူတောင်းစား ဦးရေက များနေသဖြင့် ဖယ်ချန် ထားခဲ့သောအသပြာနှစ်ပြားကိုပါ ထည့်လှူလိုက်သည်။ ထို့ကြောင့် သူတို့ ဇနီး မောင်နှံသည် ခြောက်ရက်တိုင် အစာအာဟာရကောင်းကောင်းမစားနိုင်။

ခုနစ်ရက်မြောက်နေ့၌ မြက်ထမ်း၍ ပြန်လာသော သူဌေးသည် မူး၍ လဲကျ သွားသည်။ အခြေအနေကို စောင့်ကြည့်နေသော သိကြားမင်းသည် ကောင်းကင်ပေါ်၌ ရပ်၍ 'သူဌေး၊ သင်သည် ရှေးအခါက အလှူဒါနများ ပေးလှူခဲ့၍ ဥစ္စာပစ္စည်း ကုန်ခန်း ခဲ့ရသည်။ ဤအချိန်မှစ၍ နောက်ပိုင်းတွင် ဒါနမပြုဘဲနေလျှင် သင့်စည်းစိမ်ဥစ္စာများသည် တိုးပွားလာလိမ့်မည်'ဟု ဆိုသည်။ သူဌေးကြီးက 'သိကြားမင်း၊ သင်သည် ကိုယ်တိုင်လည်း အလှူပေး၊ သီလလည်း ဆောက်တည်၊ ဥပုသ်လည်း စောင့်သုံးခဲ့ရုံမျှမက ခုနစ်ပါးသော ကျင့်ဝတ်ကိုပါ ဖြည့်ကျင့်ခဲ့၍ သိကြားမင်းအဖြစ်ကိုရရှိခဲ့သူ ဖြစ်သည်။ သို့ပါလျက် အလှူ ပေးခြင်းကို တားမြစ်နေသော သင်သည်ယုတ်မာလှချေ၏တကား'ဟု တုံ့ပြန်လိုက်သည်။

သိကြားမင်းသည် သူဌေးကြီးအား အလှူဒါန မပြုရန် တားမြစ်၍ မရနိုင်ကြောင်း ကို သိရသောအခါ အလှူဒါနပြုလုပ်ရခြင်း၏ အဓိကရည်ရွယ်ချက်ကို မေးမြန်းသောအခါ သူဌေးကြီးက 'မိမိသည် သိကြားမင်း၊ ဗြဟ္မာမင်းတို့၏ဘဝကို တောင့်တ၍ အလှူဒါန

http://www.dhammadownload.com



ပြုလုပ်ခြင်းမဟုတ်၊ သဗ္ဗညုတဉာဏ်တော်ကို ရလို၍သာ ဖြစ်သည်'ဟု ပြန်ကြားလိုက်သည်။ သိကြားမင်းသည် စိုးရိမ်စိတ်ပြေပျောက်ပြီး ကွယ်ဝှက်ထားခဲ့သော လုပ်သားများနှင့်တကွ စည်းစိမ်ဥစ္စာများကိုပါ ပြန်လည်ပေးအပ်လိုက်သည်။

ဇာတ်ပေါင်း။ ။ သူဌေးကတော်-ရာဟုလာမယ်တော်၊ ဝိသယှသူဌေး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဒါနကိုအရင်းတည်လျှင် မဆင်းရဲနိုင်။

**ကောကိလဝဂ် ပြီးပြီ။**

---

# ၅။ စူဠကုဏာလဝဂ်

## ၃၄၁။ ကဏ္ဍရီဇာတ်

ဤဇာတ်သည် ဇာတ်တော်အမှတ်(၅၃၆)လာ အသီတိနိပါတ်မှ မဟာကုဏာလဇာတ်၌ အကျုံးဝင်သည်။

---

## ၃၄၂။ ဝါနရဇာတ်

ဤဇာတ်သည် ဇာတ်တော်အမှတ်(၂၀၈)လာ ဒုကနိပါတ်မှ သုံသုမာရဇာတ်နှင့် အကြောင်းအရာ တူသည်။ ဂါထာမျှသာ ခြားနားသည်။

---

## ၃၄၃။ ကုန္တိနိဇာတ်

### ကလုံစားချေသူ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းက သံတမန်လုပ်ငန်းများ၌ အသုံးပြုရန် မွေးမြူထားသော ကြိုးကြာမတစ်ကောင်သည် မိမိသားများအားသတ်ဖြတ်သော မင်းသားငယ်တို့ကို ကျားရှေ့သို့ချကျွေး၍ လက်စားချေကာ ဟိမဝန္တာသို့ထွက်သွားခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်တော်ကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဘုရားလောင်း စိုးစံစဉ် နန်းတော်တွင် လိမ္မာသော ကြိုးကြာ ငှက်မ တစ်ကောင်ရှိသည်။ သားနှစ်ကောင်တို့ မိခင်ဖြစ်သော ကြိုးကြာမသည် မင်း၏ တမန်အမှုကို ထမ်းရွက်နိုင်စွမ်းရှိသည်။ ကြိုးကြာမသည် မင်းတစ်ပါးထံ စာသဝဏ် သွားရောက်ပို့ဆောင်နေခိုက် နန်းတွင်းမှ ကလေးနှစ်ယောက်သည် သူ့သားနှစ်ကောင်ကို သတ်ပစ်ကြသည်။

တစ်နေ့တွင် ထိုကလေးနှစ်ယောက်တို့သည် နန်းတွင်း၌ ငံလှောင်အိမ်ဖြင့် မွေးထားသော ကျားကို ကြည့်ရှုရန် ထွက်သွားကြရာ ကြိုးကြာမလည်း လက်စားချေလို စိတ်ဖြင့် လိုက်ပါသွားသည်။ ကြိုးကြာမသည် ကလေးများအား ကျားအနီးသို့ရောက်သည် အထိ သွေးဆောင်ခေါ်ယူသွားသည်။ ကျားအနီးသို့ ရောက်လျှင် ကျားသည် ကလေး နှစ်ယောက်ကို ကြွပ်ကြွပ်မြည်အောင် ကိုက်ဝါး၍ စားပစ်လိုက်သည်။ ကြိုးကြာမလည်း ကလေးငယ်များကို ကျားစာကျွေးပြီးနောက် မင်းထံသို့ သွားပြီး အဖြစ်စုံကို ပြောပြ၍ ဟိမဝန္တာသို့ သွားခွင့်တောင်းသည်။ မင်းက 'လက်စားချေရပြီးဖြစ်၍ သွားစရာမလို၊ သည်မှာပင် ဆက်နေပါ'ဟု ပြော၍ တားမြစ်သည်။ သို့ရာတွင် ကြိုးကြာမက နားဝင်ခြင်း မရှိတော့ဘဲ မင်း တားနေသည့် ကြားကပင် ဟိမဝန္တာသို့ ပျံထွက်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ ယခင်ကြိုးကြာမ-ယခုကြိုးကြာမ၊ ဗာရာဏသီမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မတရားမှုကို တိရစ္ဆာန်များပင် ငုံမခံလိုကြ။

---

# ၃၄၄။ အမ္ဗဇာတ်

## အမျိုးသမီးလေးဦး၏ ကျိန်စာ

ပစ္စုပ္ပန်ဝတ္ထု

ဇေတဝန်ကျောင်းတော်၏ အစွန်အဖျား သရက်ခြံ၌ ကျောင်းဆောက်၍ နေထိုင်သော တောထွက်ရဟန်းအိုကြီးတစ်ပါးသည် အစိရဝတီမြစ်မှ ရေချိုး၍ ပြန်လာသော သူဌေးသမီး လေးယောက်တို့ကို သရက်သီး သူခိုးဟု စွပ်စွဲသည်။ သူဌေးသမီး လေးယောက်တို့က မခိုးယူကြောင်း လျှောက်ထားကြသော်လည်း ရဟန်းအိုကြီးက မကျေနပ်သောကြောင့် တစ်ယောက်ချင်း ကျိန်ဆိုစေ၍ အရှက်ရကြရသည်။ ထိုအကြောင်းနှင့်စပ်လျဉ်း၍ မြတ်စွာဘုရားက ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်နေသည်။ ထိုအခါ ရသေ့စဉ်းလဲတစ်ပါးသည် ဗာရာဏသီကို မှီ၍ မြစ်နားရှိ သရက် ဥယျာဉ်တွင် ကျောင်းတစ်ဆောင်နှင့် နေသည်။ သီးလာသည့် သရက်သီးများကို မိမိလည်း စားသည်။ ရောက်လာသူများကိုလည်း ပေးသည်။ သရက်ဥယျာဉ်ကို စောင့်လျက် ရသေ့ရဟန်းနှင့် မလျော်သော အသက်မွေးမှုဖြင့် နေထိုင်နေသည်။

တစ်နေ့တွင် သိကြားမင်းသည် လူ့ပြည်၌ မိဘတို့အား လုပ်ကျွေးသူ၊ ကြီးမြင့်သူတို့အား ရိုသေကိုင်းညွတ်သူ၊ အလှူဒါနပြုလုပ်သူ၊ ဥပုသ်သီတင်း ဆောင်တည်သူနှင့် မကျင့်အပ်သည်တို့ကို ကျင့်သုံးနေသည့် ရသေ့ရဟန်းများ ရှိ၊မရှိကို ရှုကြည့်လေသည်။ ထိုအခါ သရက်ဥယျာဉ်ကို စောင့်နေသော ထိုရသေ့စဉ်းလဲကို တွေ့မြင်သည်တွင် မိမိ၏ အာနုဘော်ဖြင့် သရက်သီးများကို သူခိုးဝင်ခိုးသွားဟန် ပြုထားလိုက်သည်။

ထိုအချိန်၌ ဗာရာဏသီမြို့သူ သူဌေးသမီး လေးယောက်တို့သည် ဥယျာဉ်ထဲသို့ ရောက်သွားကြရာ ရသေ့ကြီးက သူမတို့အား သူခိုးဟု ယိုးစွပ်တော့သည်။ သူမတို့က ကျိုးကြောင်းပြ၍ မဟုတ်ကြောင်း ပြောကြသော်လည်း ရသေ့ကြီးက လက်မခံချေ။ ကျိန်ဆို ပြမှ ယုံမည်ဟု ဆိုသဖြင့် ပထမသူဌေးသမီးက 'အရှင်ဘုရား၏ သရက်သီးကို ခိုးသော မိန်းမသည် ဆံပင်ဖြူပြီးသော ယောက်ျားအိုနှင့် ပေါင်းသင်းရပါစေသား' ဟု ကျိန်ဆိုလိုက်သည်။

ထို့နောက် ဒုတိယသူဌေးသမီးက 'အရှင်ဘုရား၏ သရက်သီးကို ခိုးသော မိန်းမသည် အသက်နှစ်ဆယ့်ကိုးနှစ် ရွယ်ရင့်ပိုင်းသို့ရောက်သည့်တိုင် ဖူးစာရှင်နှင့် မတွေ့ရပါစေသား'ဟူ၍လည်းကောင်း။

တတိယသူဌေးသမီးက 'အရှင်ဘုရား၏ သရက်သီးကို ခိုးသောမိန်းမသည် လင်နှင့် ဆုံတွေ့လိုလွန်းသော စိတ်ကြောင့် တစ်ဂါဝုတ်, နှစ်ဂါဝုတ် ခရီးဝေးကို သွားရပါစေသား၊ ထိုသို့သွားသော်လည်း ချိန်းဆိုထားရာ အရပ်၌ လင်ဖြစ်သူနှင့် တွေ့ဆုံခြင်း မရှိပါစေသား' ဟူ၍ လည်းကောင်း။

စတုတ္ထ သူဌေးသမီးက 'အရှင်ဘုရား၏ သရက်သီးကို ခိုးသော မိန်းမသည် လှပစွာ ဝတ်စားဆင်ယင်၍ အဖော်မမှီးဘဲ တစ်ယောက်တည်း အိပ်ရပါစေသား' ဟူ၍ လည်းကောင်း အသီးသီး ကျိန်ဆိုလိုက်ကြသည်။

http://www.dhammadownload.com



ထိုအခါကျမှ ရသေ့စဉ်းလဲက အမျိုးသမီးများကို ပြန်လွှတ်လိုက်သည်။ သိကြားမင်းသည်လည်း ကြောက်မက်ဖွယ်ရာသော အာရုံကိုပြ၍ ရသေ့စဉ်းလဲကို ထိုနေရာမှ ပြေးစေသည်။

ဇာတ်ပေါင်း။ ။ ရသေ့စဉ်းလဲ-ယခုရဟန်းကြီး၊ ယခင်ကသူဌေးသမီးလေးယောက်-ယခုသူဌေးသမီးလေးယောက်၊ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အပျိုကြီးလေးဦးတို့၏ဆန္ဒဖော်ထုတ်ပြခြင်းသာ။

---

# ၃၄၅။ ဂဇကုမ္ဘဇာတ်

## အပျင်းတကာ့ အပျင်းဆိုးလိပ်

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ဝတ်ကြီးဝတ်ငယ်မပြု၊ စာပေမသင်ဘဲ အလွန်အပျင်းထူသည့် ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုမင်းကား အပျင်းကြီးလွန်းလှသဖြင့် ပညာရှိအမတ်က မင်းကိုဆုံးမရန် အကွက်ရှာနေခဲ့ရသည်။ တစ်နေ့တွင် မင်းကြီးသည် အမတ်များနှင့်အတူ ဥယျာဉ်ထဲတွင် လှည့်လည်ကြည့်ရှုရာ 'ဂဇကုမ္ဘ'ဆိုသော လိပ်ပျင်းတစ်ယောက်နှင့် ဆုံတွေ့သည်။ သူသည် တစ်နေကုန်သွားပါမှ လက်တစ်သစ်၊နှစ်သစ်ခန့်အကွာအဝေးကလေးပင် ရောက်သည်။ ဤမျှအထိ အပျင်းကြီးသူ ဖြစ်သည်။

မင်းကြီးလည်း ထိုသူနှင့် စကားပြောသဖြင့် 'အချင်း ဂဇကုမ္ဘ၊ သင်၏ လမ်းသွားပုံသည် နှေးကွေးလွန်းလှသည်။ အကယ်၍ ဤတောကို မီးလောင်ခဲ့လျှင် သင်သည် အဘယ်သို့ ပြုမည်နည်း'ဟု မေးစမ်းကြည့်သည်။ ဤတွင် ဂဇကုမ္ဘက 'ဤတောထဲ၌ သစ်ခေါင်းပေါက်ပေါင်း များစွာနှင့် ထူးတွင်းပေါက်ပေါင်း များစွာရှိသည်။ ထိုနေရာများသို့ အချိန်မီ ရောက်အောင် သွားမည်'ဟု လျှောက်တင်သည်။

ထိုအခါ မင်းနှင့်အတူ ပါခဲ့သော ပညာရှိအမတ်က 'ဖြည်းဖြည်းချင်း ပြုသင့်ရာ၌ လျင်မြန်စွာ ပြုခဲ့လျှင်သော်လည်းကောင်း၊ ဆောလျင်စွာ ပြုရမည့် နေရာ၌ ဖြည်းဖြည်းချင်း

http://www.dhammadownload.com



ဆောင်ရွက်နေမိခဲ့လျှင်သော် လည်းကောင်း အကျိုးစီးပွား ပျက်တတ်သည်။ ထို့ကြောင့် ဖြည်းဖြည်းပြုသင့်ရာ၌ ဖြည်းဖြည်းပြု၍ ဆောလျင်စွာ ဆောင်ရွက်သင့်ရာ၌ ဆောလျင်စွာ ဆောင်ရွက်ခြင်းသည်သာ အကျိုးစီးပွား ဖြစ်ထွန်းကြောင်း ဖြစ်သည်' ဟု လျှောက်တင်လိုက်သည်။

ထိုစကားကို ကြားလိုက်ရသည့်အခါ မင်းကြီး၏ အပျင်းထူစိတ်သည် လွင့်ပြေသွားတော့သည်။

ဇာတ်ပေါင်း။ ။ ဂဇကုမ္ဘ-ပျင်းရိသော ရဟန်း၊ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပျင်းရိခြင်းသည် ပျက်စီးခြင်း၏အကြောင်းဖြစ်သည်။

---

# ၃၄၆။ ကေသဝဇာတ်

## ရသေ့နှစ်ပါး၏ သံယောဇဉ်

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်းသည် အနာထပိဏ် သူဌေးအိမ်၌ နံနက်ခင်းတိုင်း ဆွမ်းခံ ရဟန်းတို့၏ သက်န်းရောင်ဖြင့် ဝင်းထိန်နေသည်ကို အားကျမိသဖြင့် ရဟန်းငါးရာကို နန်းတော်သို့ပင့်၍ သုံးနှစ်ကြာမျှ သိုလှောင်ထားသော သလေးဆန်ကို ချက်စေ၍ ဆွမ်းဆက်ကပ်သည်။ သို့ရာတွင် မင်းကြီးကိုယ်တိုင် ဂရုတစိုက် မဆက်ကပ်ဘဲ အမှုထမ်းများဖြင့် လွှဲထားသဖြင့် ရဟန်းတို့မှာ မြိန်မြိန်ရှက်ရှက် မရှိကြသဖြင့် နန်းတော်မှ သလေးဆွမ်းများကို သည်အတိုင်း ခံယူလာကြကာ မိမိတို့ ရင်းနှီးကျွမ်းဝင်ရာ ဆွမ်းခံအိမ်များသို့ လာခဲ့ကြသည်။ ထိုဒါယကာများ ဆက်ကပ်သော ဆွမ်းကြမ်းများကိုသာ စားကြသည်။ နန်းတော်မှ ဆွမ်းများကိုမူ ဒါယကာများအား ပေးစွန့်ခဲ့သည်။ ထိုအကြောင်းကို မင်းကြီးက လျှောက်သဖြင့် မြတ်စွာဘုရားက 'အကျွမ်းတဝင်ရှိသူတို့ပေးသော အစားအစာသည် မြတ်၏' ဟု ဟောပြောပြီး ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရသေ့ဝတ်၍ ကပ္ပရသေ့ဟူသော အမည်ဖြင့် ဟိမဝန္တာတွင် နေသည်။ ကပ္ပရသေ့သည် ကေသဝရသေ့ ဦးဆောင်သော ရသေ့ငါးရာနှင့် သွားရောက် ပူးပေါင်းရာ မကြာမီ ဂိုဏ်းလက်ထောက် နေရာကို ရရှိသည်။ ဂိုဏ်းအုပ်ကြီး ကေသဝရသေ့သည် လက်ထောက်ဖြစ်သူ ကပ္ပရသေ့၏

http://www.dhammadownload.com



အကျိုးစီးပွားကို အမြဲလိုလားသူ ဖြစ်သည်။ သူတို့နှစ်ဦးသည် လွန်စွာပင် ချစ်ခင်ရင်းနှီးကြသည်။

တစ်နေ့တွင် ကေသဝရသေ့သည် ချဉ်ဆား မှီဝဲလိုသဖြင့် နောက်လိုက်ရသေ့အားလုံးကို ခေါ်၍ ဗာရာဏသီသို့ လာခဲ့ပြီး နောက်နေ့တွင် စခန်းချ ရပ်နားကြသည့် ဥယျာဉ်ထဲမှ ထွက်၍ ဗာရာဏသီမြို့တွင်း ဆွမ်းခံဝင်ကြသည်။ မင်းကြီးသည် ထိုရသေ့များအပေါ်၌ သဒ္ဓါတရား ဖြစ်ပွားသဖြင့် နန်းဆောင်ပေါ်သို့ ပင့်ဆောင်ဆွမ်းကျွေးပြီးနောက် ဥယျာဉ်တော်၌ အမြဲသီတင်းသုံးကြပါရန်လည်း လျှောက်ထားသည်။

မိုးလွန်၍ ဆောင်းနှင်းပွင့်တို့ ဝေစပြုသည်ဆိုလျှင်ပင် ကေသဝရသေ့ကြီးသည် မိမိတို့ ဟိမဝန္တာသို့ ပြန်ကြတော့မည့် အကြောင်းကို မင်းကြီးအား အသိပေးလိုက်သည်။ ဤတွင် မင်းကြီးက 'ပျိုရွယ်သော ရသေ့ငယ်များမှာ ပြန်ကြပါစေ၊ အိုမင်းပြီဖြစ်သော အရှင်ဘုရားသည် အကျွန်ုပ်တို့ကို အမှီပြု၍ သည်မှာပင် ဆက်လက် သီတင်းသုံးပါ'ဟု လျှောက်ထားသဖြင့် ရသေ့များကို လက်ထောက်ဖြစ်သူ ကပ္ပရသေ့ထံ အပ်နှံ၍ ပြန်လွှတ်လိုက်ပြီး သူက ဗာရာဏသီတွင်ပင် နေခဲ့သည်။

ရက်များစွာ မကြာမီ ကေသဝရသေ့သည် ကပ္ပရသေ့ကို သတိရအောက်မေ့ သောစိတ်ကြောင့် အအိပ်အစားများပင် ပျက်လာခဲ့ရာ နောက်ဆုံး၌ ဝမ်းသွေးသွန်သော ရောဂါပါ ကပ်ရောက်လာခဲ့သည်။ မင်းကြီးသည် ဆေးဆရာ ငါးဦးတိုင် လွှဲပြောင်းကုသပေးခဲ့သော်လည်း ရောဂါကား မသက်သာ၍ ရသေ့ကြီး၏ ဆန္ဒအရ မင်းကြီးသည် နာရဒအမတ်အား ရသေ့ကြီးကို ဟိမဝန္တာသို့ ပြန်ပို့ရန် စေခိုင်းလိုက်သည်။ ဟိမဝန္တာသို့ရောက်၍ ကပ္ပရသေ့၏ မျက်နှာကို မြင်လိုက်ရသည်ဆိုလျှင်ပင် ကေသဝရသေ့၏ ရောဂါသည် ပျောက်ကင်းခဲ့ရသည်။ ကပ္ပရသေ့က ပေးသည့် ဆားမပါသော သစ်ရွက်ပြုတ်နှင့် ရောထားသည့် မြက်သီးဆန်၊ ကြိတ်ဆန်၊ ယာဂုကို စားသုံးလိုက်ရသည့်အခါ ကေသဝရသေ့၏ ဝမ်းသွေးသွန်နာသည်လည်း ရှင်းရှင်းပင် ပျောက်ကင်းသွားတော့သည်။

**ဇာတ်ပေါင်း။** ။ မင်း-အရှင်အာနန္ဒာ၊ နာရဒအမတ်-အရှင်သာရိပုတ္တရာ၊ ကေသဝရသေ့-ဗကဗြဟ္မာ၊ ကပ္ပရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ချစ်ခင်သူနှင့် ကွေကွင်းရသည့်သောကကြောင့် ရောဂါဖြစ်တတ်သည်။

http://www.dhammadownload.com



# ၃၄၇။ အယကူဋဇာတ်

## လောကအကျိုးကျင့်သော မင်း

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ လောကတ္ထစရိယ-လောကလူသား အများအကျိုးငှာ ကျင့်သုံးတော်မူခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီ၌ ဘုရားလောင်း စိုးစံစဉ် ပြည်သူများသည် နတ်ကိုးကွယ်မှု အလေ့ဝါသနာ ထုံကြသဖြင့် ဆိတ်များ၊ သိုးများကို သတ်ဖြတ်၍ နတ်ပူဇော်ကြသည်။ ထိုအလေ့အထကို နှစ်မြို့ခြင်းမရှိသော မင်းကြီးသည် သတ္တဝါများအား သတ်ဖြတ်ခြင်း မပြုရဟူသော အမိန့်ကို ထုတ်ပြန်လိုက်ရာ ဘီလူးများသည် ပူဇော်သက္ကာရမှုကို မရရှိတော့သဖြင့် ဗာရာဏသီမင်းကြီးကို သတ်ဖြတ်ရန် ကြမ်းကြုတ်ခက်ထန်သော ဘီလူးအား စေလွှတ်လိုက်သည်။

ထိုဘီလူးသည် ညသန်းခေါင်ယံ၌ တောင်ထွတ်ပမာဏရှိသော သံတူကြီးကို ကိုင်၍ မင်းကြီး၏ ကျက်သရေ တိုက်ခန်းထဲသို့ ဝင်ကာ အိပ်ရာ၏ အထက်အရပ်၌ ရပ်လိုက်သည်။ ထိုခဏ၌ပင် တာဝတိံသာတွင်ရှိသော သိကြားမင်း၏ ပဏ္ဍုကမ္ဗလာသည် ပူပြင်းသွားသဖြင့် သိကြားမင်းက အကြောင်းရင်းကို ရှာဖွေကြည့်ရာ ထိုအကြောင်းကို သိမြင်လိုက်ရသည်။ သိကြားမင်းသည် ဝရဇိန်လက်နက်ကို ယူ၍ ဘီလူး၏ အထက်မှ သွားရပ်သည်။ မင်းကြီးသည် သိကြားမင်းကို မတွေ့ရ။ ဘီလူးကိုသာ မြင်နေရသည်။ မင်းကြီးက 'ဘီလူး၊ သင်သည် ငါ့ကို စောင့်ရှောက်လို၍ လာသလော၊ သတ်ဖြတ်လို၍ လာသလော'ဟု မေးရာ 'စောင့်ရှောက်လို၍ မဟုတ်၊ သံတူနှင့် ထုသတ်လို၍ ဖြစ်သည်။ သို့သော် သိကြားမင်းကို ကြောက်၍ မရိုက်ဝံ့တော့'ဟု ဘီလူးကြီးက ပြန်ကြားလိုက်သည်။ ထိုအခါ မင်းကြီးက 'ငါ့ကို သိကြားမင်း စောင့်ရှောက်သည်ဖြစ်စေ၊ ဘီလူးများ ဝိုင်းရံထားကြသည်ဖြစ်စေ၊ မဝန်းရံဘဲ နေချင်လည်း နေကြပါစေ၊ ငါသည် ဘီလူးများကို မထိတ်လန့်၊ ကြောက်လည်း မကြောက်'ဟု ဆိုသည်။ ထိုအချိန်၌ သိကြားမင်းသည် ဘီလူးကို ခြောက်လှန့်လိုက်ရာ ဘီလူးသည် ထွက်ပြေးသွားခဲ့တော့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ သီကြားမင်း-အရှင်အာနန္ဒာ၊ ဗာရာဏသီမင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ သူတော်ကောင်းကို နတ်ကောင်းစောင့်သည်။

---

# ၃၄၈။ အရညဇာတ်

## မိန်းမဖြေးယောင်းရာသို့ မလိုက်သူ

**ပစ္စုပ္ပန်ဝတ္ထု**

အပျိုကြီး၏ ဖြားယောင်းခြင်းခံရ၍ သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတီတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ ဇနီးဖြစ်သူ ကွယ်လွန်သွားချိန်၌ သားငယ်နှင့်အတူ ရသေ့ပြုကာ ဟိမဝန္တာသို့ သွားရောက်နေထိုင်ကြသည်။ တစ်နေ့တွင် ဖခင်ရသေ့ကြီး သစ်သီးထွက်ရှာနေချိန်၌ လူဆိုးများက သုံ့ပန်းအဖြစ် ဖမ်းဆီးထားသော အမျိုးသမီးတစ်ယောက်သည် လူဆိုးတို့လက်မှ လွတ်မြောက်ထွက်ပြေးလာပြီး ထိုရသေ့ကျောင်းသို့ ရောက်လာသည်။ ရသေ့ငယ်ကို ဖြားယောင်း၍ သီလပျက်စေသည်။ ထို့နောက် မိန်းမပျိုက ရသေ့ငယ်ကို သူနှင့်အတူ လိုက်နေရန်ခေါ်ရာ ရသေ့ငယ်က ငြင်းဆန်မှုမပြုဘဲ 'အဖရသေ့ကို ဖူးမြင်ပြီးမှ လိုက်ပါရစေ' ဟု ဆိုသည်။ ဤတွင် အဖရသေ့ကြီးနှင့် တွေ့ဆုံခြင်း မပြုလိုသော မိန်းမပျိုသည် သစ်မ်း ကျောင်းထဲမှ ထွက်ပြီး ရသေ့ငယ်နှင့် အချိန်းအချက်ပြု၍ လမ်းတစ်ဝက်မှစောင့်နေသည်။

မကြာမီ ဖခင်ရသေ့ကြီး ပြန်ရောက်လာသောအခါ ရသေ့ငယ်ကဖခင်ရသေ့ကြီး အား 'လူနေဒေသ၌ သွားရောက်နေထိုင်လျှင် မည်သို့သော အကျင့်စရိုက်ရှိသည့် လူများနှင့် ပေါင်းသင်းဆက်ဆံရပါမည်နည်း ဖခင်'ဟု မေးသည်။ ရသေ့ကြီးက 'ချစ်သား၊ အကြင် သူသည် သင့်ကို ခင်မင်တွယ်တာမည်၊ ထိုသို့ ခင်မင်တွယ်တာရသည်ကိုပင် ကျေနပ် နှစ်သက်မှု ရှိနေမည်၊ သင်က တရင်းတနှီးပြောဆိုမှုကို ကြားနာလိုမည်၊ သင့်အပြစ်ကို လည်း သည်းခံခွင့်လွှတ်နိုင်မည်၊ ကိုယ်, နှုတ်, နှလုံး သုံးပါးလုံးတို့ဖြင့်လည်း မကောင်း မှုမှ ရှောင်ကြဉ်သူ ဖြစ်မည်၊ ဤအကျင့်စရိုက်မျိုး ရှိသူကိုသာ ပေါင်းသင်း ဆက်ဆံမှု ပြုပါလော့။ စိတ်ဓာတ် မတည်ငြိမ်သူ၊ စိတ်ဓာတ်မြန်ဆန်လွန်းသူ၊ တစ်ခဏအတွင်းမှာပင်

http://www.dhammadownload.com



မုန်းလိုက်၊ ချစ်လိုက် ဖြစ်တတ်သူ ဤအကျင့်စရိုက်မျိုး ရှိသူများကို ဇမ္ဗူဒိပ် မြေပြင်ပေါ်၌ အခြားသူများမရှိသော်လည်း ပေါင်းသင်းဆက်ဆံခြင်း မပြုပါလေနှင့်'ဟု ဆုံးမစကား ပြောဆိုသည်။

ဤဆုံးမစကားကို ကြားနာလိုက်ရသော ရသေ့ငယ်သည် မိန်းမပျိုနောက်သို့ လိုက်မသွားဖြစ်တော့ဘဲ 'ဤလိုလူမျိုး မရှိနိုင်'ဟု ဆိုပြီးလျှင် အစီအစဉ်ကို ဖျက်သိမ်း လိုက်သည်။ မိမိ၏ အလုပ်ဖြစ်သော ကသိုဏ်းပရိကံ တရားများကိုသာ ဆက်လက် အားထုတ်လေရာ သေလွန်ချိန်၌ သားအဖနှစ်ယောက်လုံးစလုံး ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့ ကြသည်။

ဇာတ်ပေါင်း။ ။ ရသေ့ငယ်နှင့်မိန်းမပျို-ရဟန်းနှင့်အပျိုကြီး၊ ဖခင်ရသေ့ကြီး-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ လူတော်လူကောင်းသည် ရှိသော်လည်းရှားသည်။

---

# ၃၄၉။ သန္ဓိဘေဒဇာတ်

## ကြားစကားယုံမိ၍ မိတ်ပျက်သူများ

### ပစ္စုပ္ပန်ဝတ္ထု

ဆဗ္ဗဂ္ဂီရဟန်းတို့၏ ကုန်းတိုက်သော စကားနှင့်စပ်၍ ဗုဒ္ဓမြတ်စွာက 'ရဟန်းတို့၊ ကုန်းတိုက် သော စကားမည်သည်ကား ထက်စွာသော သန်လျက်ဖြင့် ထိုးစိုက်သည်နှင့် တူသည်။ ကာလ ရှည်လျားစွာက မိတ်ကျွမ်းဝင်လာခဲ့သူများ၏ အချစ်သည် ထိုကုန်းစကား ကြောင့် ပျက်စီးတတ်သည်' စသည်ဖြင့် မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် နွားကျောင်းသား တစ်ယောက်သည် နွားများကို ထိန်းကျောင်းပြီး ရွာသို့ ပြန်လာခဲ့သောအခါ ကိုယ်ဝန်ရှိနေသည့် နွားမ တစ်ကောင်ကို တောထဲ၌ မေ့ကျန်ရစ်ခဲ့သည်။ ထိုနွားမသည် ကိုယ်ဝန်ရှိသည့် ခြင်္သေ့မ တစ်ကောင်နှင့် တွေ့ဆုံခဲ့ရာမှ နောက်ဆုံးတွင် မိတ်ကျွမ်းဝင်ခဲ့ကြပြီး အတူတကွ လှည့်လည် ကျက်စားနေကြသည်။ မကြာမီ နွားမကြီးသည် နွားလားဥသဘငယ် တစ်ကောင်ကို မွေးဖွားသကဲ့သို့ ခြင်္သေ့မသည်လည်း ခြင်္သေ့ငယ် တစ်စီးကို မွေးဖွားသည်။ ထိုနွားလား

http://www.dhammadownload.com



ဥသဘာနှင့် ခြသေ့်ငယ်တို့သည်လည်း မိခင်များ လက်ထက်ကကဲ့သို့ပင် အချစ်မပျက်ကြဘဲ ကြီးပြောက်ချိန်အထိ မိတ်ကျွမ်းဝင်နေကြပြီး အတူတကွ သွားလာကျက်စားနေကြသည်။

တစ်နေ့တွင် တောထဲသို့ ရောက်လာသော မုဆိုးတစ်ယောက်သည် ထိုနွားနှင့် ခြသေ့်တို့၏ မိတ်ကျွမ်းဝင်မှုကို မြင်တွေ့သွားသည်။ မုဆိုးသည် ဗာရာဏသီသို့ သွားပြီး မင်းကြီးထံ တောထွက်ပစ္စည်းများ သွားရောက်ဆက်သည်။ မင်းကြီးက တောထဲ၌ ထူးဆန်းအံ့ဩဖွယ် ရာများ တွေ့ မတွေ့ကို မေးသည်။ မုဆိုးက ထိုနွားနှင့် ခြသေ့်တို့ အတူတကွ မိတ်ဖွဲ့နေထိုင်သည်ကို လျှောက်သည်။ မင်းကြီးက 'ထိုနွားနှင့်ခြသေ့်တို့အကြား တတိယမြောက် အဖော်တစ်ဦး တိုးလာသည်ကို တွေ့ရပါက ငါ့ကို လျှောက်လှည့်လော့'ဟု မှာထားလိုက်သည်။

မုဆိုးသည် နောက်တစ်ခေါက် တောထဲသို့ ရောက်သွားချိန်တွင် မြေခွေး တစ်ကောင်သည် ထိုနွားလားဥသဘာနှင့် ခြသေ့်တို့အား ခစားလျက်ရှိနေသည်ကို တွေ့လိုက် ရသည်။ သို့ဖြစ်၍ သူသည် ထိုအကြောင်းကို မင်းကြီးအား သံတော်ဦးတင်ရန် ပြန်လာ သည်။ ထိုကာလအတွင်းမှာပင် နွားလားဥသဘာနှင့် ခြသေ့်တို့၏ အသားကို စားသုံးကြည့် လိုသော မြေခွေးသည် နွားလားဥသဘာနှင့် ခြသေ့်တို့ကို ကုန်းတိုက်ပေးသည်။ ကြားစကား ကို ယုံစားမိခဲ့ကြသော ငယ်ပေါင်းမိတ်ရင်း နှစ်ဦးသည် သံသယဝင်လာကြပြီး နောက်ဆုံး တွင် ရန်မီးပွား၍ အချင်းချင်း တိုက်ခိုက်ကြတော့သည်။

မုဆိုးကြီး လာရောက် လျှောက်တင်သည် ဆိုလျှင်ပင် မင်းကြီးသည် ရထားမှူးကို ခေါ်၍ ရထားပြင်စေကာ နွားလားဥသဘာနှင့် ခြသေ့်တို့ရှိရာသို့ အလျင်အမြန် လိုက်လာ ခဲ့သည်။ သို့ရာတွင် အချိန်မမီလိုက်တော့ပေ။ သူ ရောက်သွားချိန်၌ မြေခွေးသည် ဝမ်းသာရွှင်မြူးစွာဖြင့် နွားလားဥသဘာအသားကို တစ်ကိုက်စားလိုက်၊ ခြသေ့်အသားကို တစ်ကိုက်စားလိုက်နှင့် ရှိနေသည်။ ထိုမြင်ကွင်းကို မြင်တွေ့လိုက်ရသော မင်းကြီးက ''ရထားမှူး၊ ဤခြသေ့်နှင့် နွားလားဥသဘာတို့သည် မ,ကိစ္စတွင်လည်း တူညီခြင်း မရှိကြ၊ အစာချင်းလည်း ခြားနားကြသည်။ သို့ပါလျက် အကြံကောင်းသည့် မြေခွေး၏ ကုန်းချော ရန်တိုက်စကားကြောင့် ပျက်စီးကြရသည်ကို မြင်သည် မဟုတ်လော။ အကြင်သူသည် မိတ်ကို ဖျက်ဆီးတတ်သည့် ကြားလူ၏ ကုန်းစကားကို ယုံလွယ်ငြားအံ့၊ ထိုသူသည် ဤခြသေ့်နှင့်နွားလားဥသဘာတို့ကဲ့သို့ပင် ပျက်စီးရမည်'ဟု အနီး၌ရှိသော ရထားမှူးကို ဆုံးမစကား ပြောလိုက်သည်။

**ဇာတ်ပေါင်း။** ။ ဗာရာဏသီမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဘေးစကားကိုမယုံဘဲ အချင်းချင်းပွင့်လင်းစွာဆွေးနွေးရာ၏။

http://www.dhammadownload.com



## ၃၅၀။ ဒေဝတာပဥှာဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ် ဇာတ်လမ်းအားလုံးသည် မဟာနိပါတ် ဇာတ်အမှတ်(၅၄၂) ဥမင်္ဂဇာတ်၌ အကျုံးဝင်သည်။

**စူဠကုဏာလဝဂ် ပြီးပြီ။**

**စတုက္ကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# ပဉ္စကနိပါတ်

ဝဂ်စုစုပေါင်း-၃

ဇာတ်စုစုပေါင်း-၂၅

## ၁။ မဏိကုဏ္ဍလဝဂ်

## ၃၅၁။ မဏိကုဏ္ဍလဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်ဝတ္ထုမှာ 'ဒုကနိပါတ် ပဗ္ဗတပတ္ထရ' ဇာတ်နှင့်တူသည်။ အတိတ်ဝတ္ထုမှာ တိကနိပါတ် ဇာတ်တော်အမှတ်(၂၈၂)လာ သေယျဇာတ်နှင့်တူသည်။

---

## ၃၅၂။ သုဇာတဇာတ်

### သောကပြေဖျောက်နည်း

**ပစ္စုပ္ပန်ဝတ္ထု**

ဖခင် သေလွန်သွားသဖြင့် သောကလှိုင်းထန်နေရသူ သူကြွယ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူကြွယ်သားဖြစ်၍ 'သုဇာတ' အမည်ရှိသည်။ တစ်နေ့တွင် အဘိုးကွယ်လွန်ခဲ့ရာ သူ့ဖခင်သည် ဖြေမဆည်နိုင် ရှိနေသောကြောင့် သူဌေးကြီးက ဖခင်၏ အရိုးကြွင်းများကို ကောက်ယူ၍ ဥယျာဉ်ထဲ၌ အရိုးအိုးစေတီ တည်ထားသည်။ သွားရင်းလာရင်းက ထိုနေရာသို့ ရောက်လျှင် ချုံးချငိုကြွေးတတ်သည်။ ယင်းသောကကြောင့် သူ့ဖခင်သည် ရေမိုးချိုးရန်နှင့် စားသောက်

http://www.dhammadownload.com



ရန်များကိုပင် သတိမရဖြစ်ကာ လုပ်ငန်းဆောင်တာများကိုလည်း လုပ်ဆောင်နိုင်ခြင်း မရှိချေ။

ထိုအခါ သုဇာတသည် ဖခင်ကြီး အမြင်မှန်ရလာစေရန် တစ်စုံတစ်ရာ ပြုလုပ်မှ သင့်တော်မည်ဟု ဆုံးဖြတ်လိုက်ကာ ရွာပြင်ဘက်၌ နွားသေတစ်ကောင်ကို တွေ့ရ၍ ထို နွားသေကောင်ရှေ့၌ မြက်နှင့် ရေများကို ချပေးထားပြီး 'စားစမ်းပါ၊ သောက်စမ်းပါ'ဟု တိုက်တွန်းစကား ဆိုနေသည်။ လမ်းသွားလမ်းလာများက သူ့ကို ရူးသွပ်သူဟု ပြောဆို ကြသော်လည်း သုဇာတသည် တစ်စုံတစ်ရာ ခွန်းတုံ့ပြန်ခြင်း မရှိချေ။ သူ့ဖခင်သည် သားသတင်းကို ကြားရသောအခါ သူ့မှာ ရှိနေခဲ့သော သောကဟောင်းများ လျော့ပြေ၍ သားအတွက် သောကသစ်များ ဖိစီးလာကာ သားရှိရာသို့ အပြေးအလွှား ရောက်လာလျက် 'သားလေး၊ သင်သည် ပညာရှိမဟုတ်လော၊ အဘယ့်ကြောင့် နွားသေကောင်အား မြက်နှင့် ရေများကို ပေးနေရသနည်း၊ ဤမျှ ပညာနည်းရသလော'ဟု ဆိုလေရာ သားက 'ဖခင်၊ ဤနွားသေကောင်၌ ခြေ၊ လက်၊ ဦးခေါင်း စသော ကိုယ်အင်္ဂါများ ရှိနေသေး၍ ထလာနိုင် လိမ့်မည်ဟု ကျွန်ုပ် မျှော်လင့်ပါသည်။ သေလွန်ခဲ့ပြီးသော ကျွန်ုပ်၏ အဘိုးမှာမူ မည်သည့် ကိုယ်အင်္ဂါများမှ မရှိတော့ပါ၊ ထို့ကြောင့် မြေစေတီ၌ သွားငိုနေသော ဖခင်သည်သာလျှင် ပညာနည်းသူ ဖြစ်နေသည်'ဟု ပြန်ပြောသည်။

ထိုအခါ သူကြွယ်ကြီးသည် သတိတရားရသွားပြီး အသိမှန်များ ဝင်လာလျက် ဖခင်ကြီးအတွက် ကျခဲ့သော မျက်ရည်များသည်လည်း ထိုအချိန်မှစ၍ စဲရပ်သွားတော့ သည်။

**ဇာတ်ပေါင်း။** ။ သုဇာတ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ပြဿနာတစ်ခုကို အခြားပြဿနာနမူနာဖြင့်ဖြေရှင်းရာသည်။

---

# ၃၅၃။ ဝေနသာခဇာတ်

## မကောင်းသူကြောင့် မကောင်းကျိုးရ

**ပစ္စုပ္ပန်ဝတ္ထု**

သူတစ်ပါးအပေါ် မနာလိုသူ ဥတေနမင်း၏ သားဖြစ်သော ဗောဓိမင်းသားကို အကြောင်း ပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တက္ကသိုလ်ပြည်၌ ဒိသာပါမောက္ခဆရာ ဖြစ်နေသည်။ သူ့ထံ လာရောက်၍ ပညာသင်ယူလေ့ရှိကြသော မင်းသားများ၊ ပုဏ္ဏားများထဲတွင် ဗာရာဏသီမင်း၏ သားဖြစ်သူ ဗြဟ္မဒတ် မင်းသားလည်းပါသည်။ သူသည် တစ်ဖက်သားအပေါ် ရက်စက်ကြမ်းကြုတ်ကာ မတရား အနိုင်ယူတတ်သည်။ သူ့ပင်ကို စရိုက်ကို သိသော ဆရာကြီးသည် ထိုမင်းသား ပြည်တော်ပြန်ခါနီးတွင် 'အမောင်၊ သင်သည် ရက်စက်ကြမ်းကြုတ်တတ်သည်၊ ရက်စက်ကြမ်းကြုတ်မှုဖြင့် ရရှိလာသော စည်းစိမ်သည် အရှည်မခိုင်မြဲ၊ အုပ်စိုးမှုအာဏာပါ ပျက်စီးတတ်သည်။ နောက်ဆုံးတွင် သမုဒ္ဒရာအလယ်၌ လှေပျက်သောသူကဲ့သို့ တွယ်မှီရာမဲ့ ဖြစ်ရတတ်သည်။ ထို့ကြောင့် ရက်စက်ကြမ်းကြုတ်မှု မရှိစေလင့်'ဟု ဆုံးမစကားဆိုသည်။

ဗြဟ္မဒတ်မင်းသားသည် ခမည်းတော် နတ်ရွာစံသောအခါ ထီးနန်း ဆက်ခံ ရသည်။ သူ့တွင် 'ပိင်္ဂလ' မည်သော ပုရောဟိတ် တစ်ယောက်ရှိရာ ပိင်္ဂလသည် ဘဝအခြေ အနေကြီးမြင့်လိုသူဖြစ်၍ မင်းသည် 'ဧကရာဇ်' ဖြစ်လျှင် မိမိလည်း မြတ်သော ပုရောဟိတ်ဖြစ်ရမည်ဟု တွေးထားသည်။ ထို့ကြောင့် ဇမ္ဗူဒိပ်ကျွန်းပေါ်မှ မင်းအားလုံးတို့ကို အင်အားသုံး၍ ဖမ်းယူရန် ဗြဟ္မဒတ်မင်းအား သွေးထိုးလှုံ့ဆော်သည်။ မင်းသည် သူ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် အခြားမင်းများကို တစ်ပါးပြီးတစ်ပါး ဖမ်းဆီးလေရာ တက္ကသိုလ်ပြည်ကို အုပ်ချုပ်သော မင်းမှတစ်ပါး ကျန်မင်း တစ်ထောင်တိတိကို ဖမ်းယူနိုင်ခဲ့သည်။

ဗြဟ္မဒတ်မင်းသည် မင်းတစ်ထောင်တို့ ဝန်းရံလိုက်ပါလျက် တက္ကသိုလ်ပြည် ကိုပါ သိမ်းပိုက်ရန် ထွက်ချီလာခဲ့ရာ စီမံကွပ်ကဲမှုကောင်းသော ဒိသာပါမောက္ခဆရာကြီး ကြောင့် တက္ကသိုလ်ပြည်ကို ရုတ်တရက် မသိမ်းပိုက်နိုင်။ သိမ်းပိုက်နိုင်မည့် နည်းလမ်း ရှိ၊ မရှိကို ပုရောဟိတ် အား မေးသည်။ 'အရှင်မင်းကြီး၊ မင်းတစ်ထောင်တို့ကို သတ်၍ ထိုမင်းများ၏ မျက်လုံး များဖြင့် လည်းကောင်း၊ ကောင်းမြတ်သော ဝမ်းတွင်းသားများဖြင့် လည်းကောင်း ဤ ညောင်ပင်စောင့်နတ်အား ပူဇော်ရပါမည်၊ အူတို့ဖြင့် ညောင်ပင်ကြီးကို ရစ်ပတ်ပေးရပါမည်၊ သွေးများဖြင့် လက်ချောင်းငါးရာလည်း ပေးရပါမည်၊ ဤသို့ပြုလျှင် ကျွန်ုပ်တို့သည် မလွဲကေန် အောင်ပွဲခံကြရပါလိမ့်မည်'ဟု ပုရောဟိတ်က လျှောက်တင်သည်။

မင်းသည် ပုရောဟိတ် လျှောက်တင်သည့်အတိုင်း ဆောင်ရွက်ပြီးနောက် တက္ကသိုလ်ပြည်ကို စစ်ထိုးရန် ထွက်လာခဲ့ရာ ဘီလူးတစ်ယောက်သည် ပြအိုးထဲမှ ထွက်လာ

http://www.dhammadownload.com



ပြီးလျှင် မင်းကြီး၏ လက်ယာမျက်လုံးကို ထုတ်ယူသွားခဲ့သည်။ ထို့ကြောင့် ညောင်ပင်ရင်းသို့ ပြန်လာကာ ဝေဒနာကို ပြင်းစွာ ခံစားရင်း ပက်လက်အိပ်နေစဉ် အရိုးတုံးတစ်ခုကို ချီယူလာသော လင်းတတစ်ကောင်သည် ညောင်ပင်ပေါ်၌ လာနားပြီး အသားများကို စားပြီးနောက် အရိုးတုံးကို စွန့်ချလိုက်သည်။ ထိုအရိုးသည် အောက်၌ ပက်လက်အိပ်နေသော ဗြဟ္မဒတ်မင်း၏ လက်ဝဲ မျက်လုံးပေါ် တည့်မတ်စွာ ကျရောက်၍ စူးဝင်ဖောက်ထွင်းသွားပြန်သည်။ ဤတွင်မှ သူသည် ဆရာ့စကားကို သတိရလာ၍ မိမိ၏ မိုက်မဲမှုများအတွက် နောင်တတရား ဝင်လာသည်။ သို့ရာတွင် အချိန်နှောင်းခဲ့လေပြီ။ ဝေဒနာကို ပြင်းစွာခံစားရင်း ထိုနေရာ၌ပင် အသက်ချုပ်ငြိမ်းခဲ့ရသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-ဗောဓိမင်းသား၊ ပုရောဟိတ်-ဒေဝဒတ်၊ ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းမှုသည် ကောင်းကျိုးကို မပေးနိုင်။

---

# ၃၅၄။ ဥရဂဇာတ်

## သေသူအတွက်မငိုကြွေးသောမိသားစုများ

**ပစ္စုပ္ပန်ဝတ္ထု**

သားသေ၍ သောကမီး လောင်မြိုက်နေသော သူကြွယ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့ တံခါးရွာတွင် လယ်ယာလုပ်သား ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ သူ့တွင် သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိ၍ သားအရွယ်ရောက်ချိန်၌ မျိုးနွယ်တူထဲမှ အမျိုးသမီးတစ်ဦးနှင့် ထိမ်းမြားပေးသည်။ ထိုအခါ သူတို့မိသားစုထဲတွင် ကျွန်တစ်ယောက် အပါအဝင် မိသားစုခြောက်ယောက် ရှိလာသည်။

တစ်နေ့တွင် ဘုရားလောင်းနှင့် သားဖြစ်သူသည် လယ်တောထဲသို့ လာ၍ လယ်ယာထွန်ယက်ကြသည်။ သားဖြစ်သူက အမှိုက်သရိုက်များကို တစ်နေရာတွင် သွား၍ မီးရှို့ရာ မီးခိုးတို့သည် အနီးရှိ တောင်ပို့ထဲတွင်နေသော အဆိပ်ပြင်းသည့် မြွေတစ်ကောင်၏

http://www.dhammadownload.com



မျက်လုံးအစုံကို သွားရောက် ရိုက်ခတ်မိသဖြင့် ဒေါသထွက်လာသော မြွေသည် တောင်ပို့ထဲမှ ထွက်၍ ပေါက်လိုက်ရာ သားဖြစ်သူ ထိုနေရာတွင်ပင် သေဆုံးသွားသည်။ ဤဖြစ်ရပ်ကို မြင်တွေ့လိုက်ရသော ဘုရားလောင်း ဖခင်ပုဏ္ဏားသည် သား၏အလောင်းကို အရိပ်ကောင်းသည့် သစ်ပင်ရိပ်တစ်ခုသို့ ရွှေ့ပြောင်းထားကာ ငိုကြွေးခြင်း၊ ပူပန်ခြင်း အလျင်းမရှိဘဲ မရဏာနုဿတိ ပွားများနေသည်။

မကြာမီ အိမ်နီးချင်းတစ်ယောက် သူ့လယ်အနီးမှ ဖြတ်လာနေသည်ကို လှမ်းမြင်လိုက်လျှင် သူက 'အမောင်၊ ငါ့အိမ်က ပုဏ္ဏေးမကို ခါတိုင်းရက်များကဲ့သို့ ယနေ့ နှစ်ယောက်စာ ထမင်းမယူခဲ့နှင့်၊ တစ်ယောက်စာသာ ယူခဲ့ပါ၊ ခါတိုင်းရက်များကဲ့သို့ ကျွန်မ တစ်ယောက်ထဲ မလွှတ်လိုက်ဘဲ လေးယောက်စလုံး စင်ကြယ်သော အဝတ်များကို ဝတ်လျက် နံ့သာများကိုယူ၍ လာခဲ့ကြဖို့ ပြောလိုက်ပါ'ဟု မှာကြားလိုက်သည်။

ဤသတင်းစကားကို ကြားလိုက်ရလျှင် ပုဏ္ဏေးမသည် သားဖြစ်သူ သေဆုံးကြောင်းကို ရုတ်ခြည်းပင် သိလိုက်သည်။ ထိုသို့ဖြစ်သည့်တိုင် မျက်ရည် တစ်ပေါက်မျှ မကျစေဘဲ ပုဏ္ဏားကြီး မှာသည့်အတိုင်း ထမင်း တစ်ယောက်စာယူ၍ မိသားစုအားလုံး လယ်တောသို့ လိုက်သွားကြသည်။ ပုဏ္ဏားကြီးသည် သူ့အတွက် ယူလာခဲ့သည့် ထမင်းကို သားအလောင်း ချထားသည့် သစ်ပင်ရိပ်တွင်ပင် ထိုင်စားပြီးနောက် သား၏ အလောင်းကို ပန်းနံ့တို့ဖြင့် ပူဇော်ကာ မီးသဂြိုဟ်ကြသည်။ ထိုအချိန်အထိ တစ်ယောက်မျှ မျက်ရည်ကျခြင်း မရှိကြဘဲ မိသားစုအားလုံး မရဏာနုဿတိကိုသာ အားသန်သန်ဖြင့် ပွားများနေကြသည်။

ထိုအချိန်တွင် သိကြားမင်း၏နေရာ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာသည် ရုတ်ခနဲ ပူပြင်းသွား၍ အကြောင်းရင်းကို ဆင်ခြင်ကြည့်ရာ ထိုမိသားစု၏ ဂုဏ်ကျေးဇူးကြောင့် ဖြစ်ကြောင်း သိကြားမင်း သိလိုက်ရသည်။ သို့ဖြစ်၍ သိကြားမင်းသည် ထိုသူများက သားအလောင်းအား မီးသဂြိုဟ်နေရာသို့ ဆင်းလာလျက် 'သမင်ကို မီးဖုတ်နေကြတာလား'ဟု မေးသည်။ 'သမင်မဟုတ်ပါ၊ လူသေအလောင်း ဖြစ်ပါသည်'ဟု အဖြေပေးရာ 'ရန်သူထင်ပါရဲ့'ဟု မေးပြန်သည်။ 'ရန်သူမဟုတ်ပါ၊ အလွန်ချစ်ရသော သားတစ်ယောက် ဖြစ်ပါသည်'ဟု ပုဏ္ဏားကြီးက ပြန်ဖြေသောအခါ 'အလွန်ချစ်ရသော သားတစ်ယောက် ဖြစ်ပါလျက် အဘယ့်ကြောင့် မငိုသနည်း'ဟု သိကြားမင်းက မေးသည်။

ပုဏ္ဏားကြီးက 'ငါ့သားသည် မြွေများအရေခွံလဲသကဲ့သို့ မိမိကိုယ်ကို စွန့်သွားခဲ့ပြီ၊ ခံစားခြင်းမရှိတော့သော ဤခန္ဓာဟောင်းသည် ဆွေမျိုးများ၏ ငိုကြွေးမှုကို သိနိုင်မည် မဟုတ်၊ ထို့ကြောင့် ငါမငို'ဟု ဆိုသည်။

http://www.dhammadownload.com



မိခင်ဖြစ်သော ပုဏ္ဏေးမကို မေးသောအခါ၌လည်း 'ငါ၏သားသည် ငါတို့က မခေါ်ဘဲနှင့် လာခဲ့သည်၊ ပြန်ချိန်တွင်လည်း ငါတို့က ခွင့်ပြုခြင်းမရှိပါဘဲလျက် သူ့ဘာသာ အလိုအလျောက် ပြန်လည်ထွက်သွားသည်၊ ဤကိစ္စအတွက် ငိုကြွေးခြင်းဖြင့် အကျိုးထူးများ ဖြစ်ပေါ်လာနိုင်စရာမရှိ'ဟု ဆိုသည်။

နှမဖြစ်သူကို ဆက်လက်မေးကြည့်ပြန်ရာ 'သေသူအတွက် ငိုကြွေးခြင်းကြောင့် မိမိမှာ ကြုံလှီပင်ပန်းရခြင်းသာ အဖတ်တင်ပါသည်၊ အခြား မည်သည့်အကျိုးမျှ မရှိပါ' ဟု ပြောဆိုလိုက်သည်။

ဆက်လက်၍ ဇနီးသည်ကို မေးမြန်းရာတွင် 'သေသောသူအတွက် ငိုကြွေး သူသည် ကောင်းကင်ပေါ်က လပြည့်ဝန်းကို လက်ဆန့်တောင်းစံ၍ ငိုကြွေးသော ကလေးငယ်နှင့် မည်သို့မျှ မထူးခြားပါ'ဟု ပြောပြသည်။

ကျွန်မကမူ 'ကွဲသွားပြီးသော ရေအိုးသည် တစ်ဖန်ပြန်၍ မဆက်စပ်နိုင်တော့သည့်နည်းတူ သေသူအတွက် ငိုကြွေးခြင်းဖြင့်လည်း ထိုသူ ပြန်ရှင်မလာနိုင်ပါ'ဟု အဖြေပေးလေသည်။

သိကြားမင်းသည် အလွန်နှစ်ထောင်းအားရ ရှိလှသဖြင့် 'သင်တို့သည် မရဏာနုဿတိကို ဆက်၍ပွားကြ၊ ယနေ့မှစ၍ မိမိတို့လက်ဖြင့် မည်သည့်အမှုကိစ္စကိုမျှ မပြုကြကုန်လင့်၊ သိကြားမင်းဖြစ်သော ငါသည် သင်တို့အိမ်၌ ရတနာခုနစ်ပါးတို့ဖြင့် ပြည့်နှက်စေအံ့၊ အလှူပေး၍ ဥပုသ်သီတင်းသာ စောင့်သုံးကြကုန်လော့'ဟု ပြောဆိုဆုံးမပြီးလျှင် ထိုနေရာမှ ထွက်ခွာသွားသည်။

ဇာတ်ပေါင်း။ ။ ကျွန်မ-ခုဇ္ဇုတ္တရာ၊ သမီး-ဥပ္ပလဝဏ်၊ သား-ရာဟုလာ၊
အမိပုဏ္ဏေးမ-ခေမာ၊ ပုဏ္ဏားကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူသည်သေမျိုးဖြစ်၍ သေရခြင်းအတွက်ပူပန်မနေပါလင့်။

---

## ၃၅၅။ ယဋ္ဌဇာတ်

ဤဇာတ်သည် တိကနိပါတ် ဇာတ်တော်အမှတ်(၂၈၂)လာ 'သေယျဇာတ်'နှင့် တူသည်။

---

http://www.dhammadownload.com



# ၃၅၆။ ကောရဏ္ဍိယဇာတ်

## တပည့်ကြောင့် အသိပြောင်းသွားသူဆရာကြီး

### ပစ္စုပ္ပန်ဝတ္ထု

အရှင်သာရိပုတ္တရာမထေရ်သည် အယုတ်၊ အလတ်၊ အမြတ်ဟူ၍ ရွေးချယ်ခြင်း မရှိဘဲ တွေ့ရသူတိုင်းအား သီလစောင့်စေသည်။ ထိုသူများသည် မထေရ်အပေါ်၌ ခန့်ငြားရိုသေစိတ်ဖြင့် သီလယူသွားကြသော်လည်း ကွယ်ရာသို့ရောက်လျှင် သီလစောင့်ထိန်းခြင်း မပြုကြ။ ဤအကြောင်းကို သိကြရသော တပည့်များက အလိုရှိ၍ တောင်းခံလာသည်ကိုသာ သီလပေးရန် လျှောက်ထားကြရာ မထေရ်က သဘောမကျသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခ ဆရာကြီးတွင် ပုဏ္ဏားမျိုးနွယ်ထဲမှ ကောရဏ္ဍိယမည်သော တပည့်ကြီးတစ်ဦး ရှိသည်။ ဒိသာပါမောက္ခ ဆရာကြီးသည် မုဆိုး၊ တံငါမကျန် တွေ့ကြုံရသူတိုင်းအား အတင်းအကျပ် သီလယူစေသည်။ လူများသည် မလွှဲမကင်းသာ၍သီလယူလာခဲ့ကြသော်လည်း သီလကို စောင့်ရှောက်ခြင်း မရှိကြ။ ထိုအကြောင်းကို တပည့်များက ဆရာကြီးအား ပြောပြပြီး သီလတောင်းခံလာသူကိုသာ သီလပေးရန် အကြံပေးကြသည်။ ထိုအကြံကို ဆရာကြီးက အလိုမကျဘဲ တွေ့ကြုံလာသူတိုင်းအား သီလယူမြဲစေသည်။

တစ်နေ့တွင် လူများသည် မင်္ဂလာရွတ်ဖတ်ပေးရန် လာရောက်ပင့်ဖိတ်ရာ ဆရာကြီးက သူကိုယ်တိုင် သွားရောက်ခြင်းမပြုဘဲ တပည့်ကြီးဖြစ်သူ ကောရဏ္ဍိယကို ဦးစီးသူအဖြစ် လွှဲအပ်၍ အခြားပုဏ္ဏားများနှင့်အတူ စေလွှတ်လိုက်သည်။ သူတို့သည် ဆောင်ရွက်ဖွယ်ရာရှိသည်များကို ကျေပွန်စွာ ဆောင်ရွက်ခဲ့ပြီးနောက် ပြန်ခဲ့ကြသည်။ လမ်းခရီး၌ ခေတ္တမျှ အပန်းဖြေရပ်နားနေခိုက် ကောရဏ္ဍိယသည် အတွေးသစ်တစ်ခု ဝင်လာကာ နားနေရာမှထပြီး ချောက်ကမ်းပါးထဲသို့ ကျောက်တုံးကြီးများကို တစ်တုံးပြီးတစ်တုံး ပစ်ချသည်။

အခြားပုဏ္ဏားငယ်များက အကြောင်းရင်းကို မေးကြရာ ကောရဏ္ဍိယက တစ်စုံတစ်ရာ ပြန်မပြောသဖြင့် သူ့ကို ထားခဲ့ကြလျက် ဆရာကြီးထံသို့ ပြန်လာကာ ကောရဏ္ဍိယ၏ ပြုမူပုံများကို ပြောပြကြသည်။ ထိုအခါ ဆရာကြီးသည် ကောရဏ္ဍိယ ရှိနေရာသို့ လိုက်လာပြီး ကျောက်တုံးများကို ချောက်ကြားထဲသို့ ပစ်ချနေခြင်း၏ ရည်ရွယ်

http://www.dhammadownload.com



ချက်ကို မေးသည်။ ကောရဗျွိယက 'ဤမြေပြင်ကြီး တစ်ခုလုံးကို လက်ဝါးပြင်ကဲ့သို့ ညီညာအောင် ပြုလုပ်လို၍ ဖြစ်ပါသည်'ဟု ပြန်ပြောသည်။

ဆရာကြီးက 'ကောရဗျွိယ၊ ဤချောက်ကြီးကို လက်ဝါးပြင်ကဲ့သို့ ညီညာအောင် တစ်ဦးတည်း မည်သူမျှမစွမ်းဆောင်နိုင်၊ ချောက်ကြားကိုဖြည့်ဖို့ရန် ကျောက်တုံးကျောက်ခဲများ ရှာဖွေစုဆောင်းဆဲမှာပင် သင့်ဘဝနိဂုံးချုပ်ရလိမ့်မည်'ဟု ဆိုလျှင် ကောရဗျွိယက 'ဆရာ၊ လူသားတစ်ယောက်ဖြစ်သော ကျွန်ုပ်သည် ဤမြေပြင်ကို ညီညွတ်အောင် အကယ်၍ ပြုနိုင်စွမ်းမရှိခဲ့လျှင် ဆရာကြီးသည်လည်း အယူဝါဒအမျိုးမျိုး ကွဲပြားနေကြသော လူများကို တစ်သွေး တစ်ရောင်တည်းဖြစ်လာအောင် ဆွဲဆောင်သိမ်းသွင်းနိုင်လိမ့်မည် မဟုတ်ပါ'ဟု ဆိုလေသည်။

ထိုအခါ ဆရာကြီးသည် တပည့်၏ ဆိုလိုရင်းကို နားလည် သဘောပေါက်သွားသဖြင့် တပည့်ကို ချီးမွမ်းစကားဆို၍ အိမ်သို့ ပြန်ခေါ်လာခဲ့လေသည်။

**ဇာတ်ပေါင်း။ ။ ဝိသာပါမောက္ခဆရာ-အရှင်သာရိပုတ္တရာ၊ ကောရဗျွိယ-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ လူအမျိုးမျိုးရှိသလို ဝါဒအမျိုးမျိုးလည်း ရှိနိုင်သည်။**

---

# ၃၅၇။ လဋုကိကဇာတ်

## ကိုယ့်မိုက်ပြစ်ကိုကိုယ်ခံရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်၏ တစ်ဖက်သားအပေါ်၌ အနိုင်ကျင့်ခြင်း၊ စာနာထောက်ထားမှု မရှိခြင်း၊ မေတ္တာ၊ ကရုဏာတရားများ ခေါင်းပါးခြင်း စသော အကြောင်းများနှင့် ဆက် စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ဆင်မင်းဖြစ်နေသည်။ သူ့တွင် အခြံအရံ နောက်လိုက် ဆင်ပေါင်း ရှစ်သောင်းရှိသည်။ တစ်နေ့တွင် နှံစုပ်ငှက်မတစ်ကောင်သည် ဆင်များသွားလာရာ လမ်းကြောင်းပေါ်၌ ဥများကို ဥချထားသည်။ ထိုဥများမှ ငှက်ငယ်ကလေးများ ပေါက်၍ အမွေးအတောင် မစုံသေးမီ ဘုရားလောင်းဆင်မင်း ဦးစီးသော ဆင်ရှစ်သောင်းတို့ ထိုလမ်းအတိုင်း လာနေကြသည်ကို

http://www.dhammadownload.com



နံ့စပ်ငှက်မက လှမ်းမြင်၍ သူ့သားငယ်များကို အသက်ဘေးမှ ချမ်းသာခွင့်ပြုပါရန် ဆင်မင်းကို တောင်းပန်သည်။

ဘုရားလောင်း ဆင်မင်းက 'စိုးရိမ်သောက မဖြစ်ပါလင့်၊ ငှက်သားငယ်ကလေးများကို မိမိကိုယ်တိုင် စောင့်ရှောက်ပေးပါမည်'ဟု ဝန်ခံကာ ငှက်ငယ်ကလေးများ၏ အပေါ်မှ ခွ၍ရပ်နေခြင်းဖြင့် နောက်ပါ ဆင်ရှစ်သောင်းတို့ကို ရှေ့သို့ ကျော်တက်သွားစေသည်။ နောက်လိုက်ဆင်များ ကျော်လွန်သွားပြီးချိန်၌ ဆင်မင်းသည် နံ့စပ်ငှက်မကို ခေါ်၍ 'ငါတို့နောက်၌ ဆင်တစ်စီး လာလိမ့်ဦးမည်၊ ထိုဆင်သည် ငါတို့ စကားကို နားမထောင်၊ သူ့ကိုလည်း တောင်းပန်၍ သားငယ်များ၏ အသက်ကို စောင့်ရှောက်ပါ'ဟု မှာခဲ့သည်။

ထိုဆင်ရိုင်း ရောက်လာလျှင် နံ့စပ်ငှက်မက ပျာပျာသလဲ ခရီးဦးကြိုရင်း 'သားငယ်များ၏ အသက်ကို ချမ်းသာခွင့်ပြုပါ'ဟု တောင်းပန်ရာ ဆင်ရိုင်းက စာနာထောက်ထားမှုမပြဘဲ 'သင့်သားငယ်များကို ငါ သတ်ရလိမ့်မည်၊ သင် ဘာတတ်နိုင်မည်နည်း၊ သင့်လို ငှက်မျိုး တစ်သိန်းကိုပင် ငါသည် အရေးမစိုက်'ဟု ဆိုပြီးလျှင် ငှက်ငယ်များကို ခြေထောက်ဖြင့် နင်းချေသတ်၍ ကျင်ငယ်ရေဖြင့် မျောပါစေပြီး ကျယ်လောင်စွာ မြည်ဟည်းလျက် ထွက်ခွာသွားသည်။ သားငယ်များကို နင်းချေသွားသည့် ဆင်ရိုင်း ဆင်ကြမ်းကြီးအပေါ်တွင် နာကျည်းလှသဖြင့် နံ့စပ်ငှက်မသည် 'ကိုယ်အားထက် ဉာဏ်အား ကြီးကြောင်းကို သင်သည် နှစ်ရက် သုံးရက်ကြာလျှင် သိရလိမ့်မည်'ဟု ပြောဆို ကြုံးဝါးလိုက်သည်။

နှစ်ရက် သုံးရက်ကြာသော် နံ့စပ်ငှက်မသည် ကျီး၊ ယင်မမဲရိုင်း၊ ဖားတို့နှင့် မိတ်ဆွေဖွဲ့ပြီး လိုအပ်သည့် အကူအညီများကို တောင်းခံကာ ကူညီရမည့် အစီအစဉ်များကိုလည်း အသေးစိတ်ပြောပြသည်။ မိတ်ဆွေသစ်သုံးဦးတို့ကလည်း ကူညီမည်ဖြစ်ကြောင်း ဝန်ခံကတိပြုကြသည်။

တစ်နေ့တွင် ပထမဆုံး စတင်ကူညီရမည့် ကျီးသည် တစ်စီးတည်း ကျက်စားလေ့ ရှိသော ဆင်ကြီး၏ မျက်လုံးအစုံကို နှုတ်သီးဖြင့် ရတ်ခနဲ ထိုးဖောက်ပစ်လိုက်သည်။ ထို့နောက် ယင်မမဲရိုင်းက ပိုးလောက်များ လွှတ်ထည့်ပေးလိုက်သည်။ ရတ်ခြည်းပင် ဆင်ကန်းဘ၀သို့ ကူးပြောင်းခဲ့ရသော ထိုဆင်ရိုင်းသည် ရေငတ်လာ၍ စမ်းတဝါးဝါးဖြင့် ရေရှာသည်။ ဖားသည် တောင်ထိပ်ပေါ်သို့တက်၍ အသံပြုလိုက်ရာ ဖားရှိရာ၌ ရေရှိသည်ကို သိထားသော ဆင်ကန်းသည် ဖားသံကြားရာ တောင်ထိပ်ပေါ်သို့ တက်လာသည်။ ဆင်ကန်းသည် တောင်ထိပ်ပေါ်သို့ ရောက်လာလျှင် ဖားသည် တောင်ကမ်းပါးပြတ်






နံ့စပ်ငှက်မငယ်၏ သားငယ်တို့အား ဆင်ကြမ်းကြီးက နင်းသတ်နေပုံ



http://www.dhammadownload.com

http://www.dhammadownload.com




ဇာတ်အမှတ်-၃၅၇ နံ့စပ်ငှက်မငယ်၏ သားငယ်တို့အား ဆင်ကြမ်းကြီးက နင်းသတ်နေပုံ

http://www.dhammadownload.com



ဘက်သို့ ခုန်ဆင်းလိုက်သည်။ ကမ်းပါးပြတ်ရှိသည့်ဘက်မှနေ၍ အသံဆက်ပေးရာ ဆင်ကန်းသည် ထိုအသံရှိရာသို့ စမ်းတဝါးဝါးနှင့် လျှောက်လိုက်သွားရာ မကြာမီ ကမ်းပါးပြတ်မှလျှောကျ၍ မရှုမလှသေဆုံးသွားရသည်။

**ဇာတ်ပေါင်း။ ။ ဆင်ရိုင်း-ဒေဝဒတ်၊ ဆင်မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ ကိုယ်အားထက် ဉာဏ်အားကြီးသူကို အလေးထားရာ၏။**

---

# ၃၅၈။ စူဠဓမ္မပါလဇာတ်

## သားငယ်ကိုသတ်၍ မြေမျိုခံရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်၏ ဘုရားရှင်အားသတ်ရန် ကြိုးပမ်းမှုကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ 'မဟာပတာပမင်း' စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ 'စန္ဒာဒေဝီ' မည်သော မိဖုရားကြီး၏ သားတော် ဖြစ်နေသည်။ သူ့အမည်မှာ ဓမ္မပါလဖြစ်သည်။ မင်းသားငယ် ခုနစ်လသားအရွယ်သို့ ရောက်သော် မယ်တော်သည် သားတော်ကလေးနှင့်အတူ ကစားနေသည်။ ထိုအချိန်၌ မင်းသည် အဆောင်တော်ထဲသို့ ဝင်လာရာ မိဖုရားကြီးသည် သား၌ ချစ်မြတ်နိုးသည့်ဖော လွှမ်းယှက်နေ၍ ရုတ်တရက် နေရာမှ မထမိဘဲနေရာ ကျေနပ်နိုင်ခြင်းမရှိသော မင်းသည် ရုတ်ခြည်းပင် အဆောင်တော်ထဲမှ ပြန်ထွက်သွားကာ 'ဤမိဖုရားသည် ယခုကပင် သားမာန် တက်နေသည်။ ငါ့ကိုပင် ဂရုစိုက်ဖော်မရ။ သည်သား ကြီးပြင်းလာခဲ့လျှင်ကား ငါ့ကို လူအရာ၌ပင် သွင်းမည်မထင်။ ထိုသားကို ယခုကပင် သုတ်သင်မှဖြစ်မည်'ဟု ကြံစည်သွားသည်။

မင်း၏ အရိပ်အခြေကို နားလည်လိုက်သော မိဖုရားကြီးသည် ဝမ်းနည်းပက်လက်ဖြင့် သားတော်ကို ရင်ဝယ်ထွေးပိုက်ကာ ငိုရှိုက်နေသည်။ ထိုအခိုက်ပင် ပါးကွက်အာဏာသားများသည် အဆောင်တော်ထဲသို့ ဝင်လာကြပြီး မိဖုရားကြီး၏ ကျောပြင်ကို ရိုက်ပုတ်၍ သားတော်ကို အတင်း တရကြမ်း ဆွဲယူသွားကြသည်။ အာဏာသားများက 'အရှင်မင်းကြီး၊ သားငယ်ကို မည်သို့ပြုရပါမည်နည်း'ဟု မေးကြရာ မင်းက 'ပျဉ်ပြား

http://www.dhammadownload.com



တစ်ချပ်ပေါ်တွင် ပက်လက်အိပ်လျက်ချထား'ဟု အမိန့်ပေးစဉ်မှာပင် စန္ဒာဒေဝီ မိဖုရားကြီးသည်လည်း ရှိက်ကြီးတငင်ငိုကြွေးလျက် ရောက်လာသည်။

မင်းက မင်းသားငယ်ကလေး၏ လက်အစုံကို ဖြတ်တောက်ရန် ပါးကွက်သားများကို အမိန့်ပေးစဉ်တွင် မိဖုရားကြီးက 'မင်းသားငယ်သည် ခုနစ်လသားသာ ရှိသေး၍ တစ်စုံတစ်ရာကိုမျှ မသိသေးပါ၊ မည်သည့်အပြစ်မျှလည်း မရှိပါ၊ မိမိတွင်သာ အပြစ်ရှိ၍ မိမိလက်ကိုသာ ဖြတ်ပါ'ဟု ပြောဆိုပြီး လက်ကို ထိုးခံပေးသည်။ သို့ရာတွင် မင်းသည် မင်းသားငယ်၏ လက်အစုံကိုသာ ဖြတ်စေသော်လည်း မင်းသားငယ်သည် မငို၊ စန္ဒဒေဝီ မိဖုရားကြီးသည် ပြတ်ထွက်သွားသော လက်ပိုင်းကလေးများကို ကောက်ယူ၍ တယုတယ သိမ်းထားလိုက်သည်။

ခြေထောက်အစုံကို ဖြတ်ပိုင်းရန် အမိန့်ပေးသောအခါ၌လည်း မယ်တော်သည် သူ့ခြေထောက်အစုံကိုသာ ဖြတ်ရန် တောင်းပန်ခဲ့သော်လည်း မရ၊ မင်းသားငယ်၏ ခြေထောက်အစုံကိုသာ ဖြတ်ပိုင်းစေသည်။ မယ်တော်သည် ခြေထောက်ပြတ်ကလေးများကိုလည်း သိမ်းဆည်း၍ 'အရှင်မဟာပတာပမင်း၊ လက်ခြေများမရှိသော သားကို မိခင်သည် ပြုစုလုပ်ကျွေးအပ်ပါသည်၊ ကျွန်ုပ်အား သားကို ပေးပါ'ဟု တောင်းပန်သည်။ မင်းက သားကို မပေးရုံမက 'ခေါင်းကိုပါ ဖြတ်ပိုင်းလော့'ဟု အမိန့်ပေးပြန်သည်။ ထိုအမိန့်ကြောင့် မိဖုရားသည် သူ့ခေါင်းကိုသာ ဖြတ်ပါရန် ဇက်ကို ညွတ်၍ပေးသည့်တိုင် သူ့ခေါင်းကို မဖြတ်ဘဲ သားငယ်၏ ခေါင်းကိုသာ ဖြတ်စေသည်။ ထို့မျှသာမက ကိုယ်ကလေးကို အပေါ်သို့ မြှောက်တင်၍ အောက်မှ သန်လျက်သွားဖြင့်ခံ၍ ကစားစေသည်။ ပုံထွက်လာသော အသားစိုင် အသားတစ်ကလေးများကို မိဖုရားက ကောက်ယူသိမ်းဆည်းသည်။ တစ်ချိန်ထက် တစ်ချိန် သောကမီး ပိုလာခဲ့ရသော စန္ဒာဒေဝီ မိဖုရားကြီးသည် နောက်ဆုံး၌ နှလုံးကွဲ၍ သေပွဲဝင်ခဲ့ရရှာသည်။

ထိုခဏ၌ပင် မင်းသည် ပြာသာဒ်ပေါ်မှကျလျက် မြေပြင်ပေါ်သို့ ရောက်သွားစဉ် မဟာပထဝီမြေကြီးသည် နှစ်ခြမ်းကွဲကာ မီးတောက်မီးလျှံများ တက်လာပြီး မဟာပတာပမင်းကို သိုင်းခြုံရစ်ပတ်လျက် ဟက်တက်ကွဲလျက်ရှိသော မဟာပထဝီမြေထဲသို့ ဆွဲချယူသွားခဲ့တော့သည်။

ဇာတ်ပေါင်း။ ။ မဟာပတာပမင်း-ဒေဝဒတ်၊ စန္ဒာဒေဝီ-ပဇာပတိဂေါတမီ၊ ဓမ္မပါလမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမိုက်တို့၏သွားရာလမ်းကား သေခြင်းဆိုးဖြင့်သေရခြင်းပင်။

http://www.dhammadownload.com



# ၃၅၉။ သုဝဏ္ဏမိဂဇာတ်

## သမင်မင်း၏ မယားလိမ္မာ

### ပစ္စုပ္ပန်ဝတ္ထု

ရတနာသုံးပါးကို အလွန်ကြည်ညိုပြီး မယားဝတ္တရားလည်း ကျေပွန်သော အယူဝါဒမတူသည့် လင်ကိုလည်း မိမိ၏ အယူဝါဒ၌တည်စေကာ ဇနီးမောင်နှံနှစ်ဦးလုံး ရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်သော အမျိုးသမီး တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရွှေသမင် မင်း ဖြစ်နေသည်။ ရွှေသမင်မင်းသည် နုပျို၍ လှပသော သမင်ပျိုမ တစ်ကောင်နှင့် အကြောင်းဆုံမိခဲ့ရာ တစ်နေ့တွင် ရွှေသမင်မင်းသည် မုဆိုးထောင်ထားခဲ့သော ကျော့ကွင်း၌ မိသည်။ ဤတွင် သမင်မင်းသည် ကျော့ကွင်းကို ဖြုတ်ရန် ကြိုးစား၍ အားစိုက် ရုန်းကန်သော်လည်း မရသဖြင့် ကျယ်ကျယ်လောင်လောင်ပင် အော်မြည်လိုက်သည်။

ထိုအော်သံကြောင့် ထိတ်လန့်သွားရသော နောက်လိုက် သမင်များသည် ဖရိုဖရဲ ထွက်ပြေးကြသည်။ သမင်မင်း၏ မယားဖြစ်သော သမင်မသည် ပြိုကွဲလာသည့် သမင်များထဲတွင် သူ့ခင်ပွန်းကို မတွေ့သဖြင့် အသက်အန္တရာယ်နှင့် ကြုံတွေ့နေရသူသည် သူ့ခင်ပွန်းပင် ဖြစ်မည်ဟု တွေးကာ ရုတ်ခြည်းပြန်လှည့်၍ အလျင်အမြန်ပြန်ပြေးလာသည်။ ခင်ပွန်းသည်၏ အဖြစ်ကို မြင်ရသောအခါ ရှိုက်ကြီးတငင် ငိုကြွေးရင်း ကျော့ကွင်းကို ရုန်းဖြုတ်လိုက်ရန် အားပေးစကား ဆိုသည်။ သမင်မင်းက ဖြုတ်၍မရကြောင်း၊ ကျော့ကွင်းသည် ခြေထောက်မှ အသားများကို လွန်၍ အရိုးတိုင် ခိုက်နေပြီဖြစ်ကြောင်း ပြောပြသည်။ ထိုအခါ သမင်မက 'အရှင် မကြောက်လင့်၊ အကျွန်ုပ်သည် မုဆိုးကိုတောင်းပန်၍ အရှင့်အသက်ကို ကယ်တင်မည်၊ တောင်းပန်၍ မရလျှင် အရှင့်အစား အကျွန်ုပ် အသေခံမည်'ဟု ဆိုသည်။

မကြာမီ မုဆိုးကြီး ရောက်လာရာ သမင်မသည် ခင်ပွန်းသည်၏ ဂုဏ်ကျေးဇူးများကို ပြောပြ၍ မသတ်ပါရန် တောင်းပန်သည်။ မဖြစ်မနေ သတ်မည်ဆိုလျှင်လည်း မိမိကို သတ်ပြီးမှ သမင်မင်းကို ဆက်၍သတ်ရန် ပန်ကြားသည်။ သမင်မ၏ အပြုအမူကြောင့် မုဆိုးသည် လူမိန်းမများသည်ပင် လင်အတွက် အသက်မစွန့်၊ ဤသမင်မကား

http://www.dhammadownload.com



တိရစ္ဆာန်ဖြစ်သော်လည်း လင့်အတွက် အသက်စွန့်သည်၊ လူ့ဘာသာ စကားဖြင့်လည်း စကားဆိုတတ်သည်၊ ယနေ့ငါသည် ဤသမင်မောင်နှံအား အသက်ချမ်းသာခွင့် ပေးသင့်သည်ဟု နှလုံးသွင်းပြီး သမင်မကို မသတ်ရုံမျှမက သမင်မင်းကိုလည်း ကျော့ကွင်းမှ ဖြေဖြုတ်၍ လွှတ်ပေးလိုက်သည်။

သမင်မင်းသည် မုဆိုးအား ကျေးဇူးဆပ်သည့်အနေဖြင့် မိမိ ကျက်စားနေကျ နေရာ၌ တွေ့ရှိထားသော ပတ္တမြားတစ်လုံးကိုယူ၍ ပေးရင်း 'အဆွေ၊ ယနေ့မှစ၍ ပါဏာတိပါတ အစရှိသည်ကို မပြုလင့်၊ ဤပတ္တမြားဖြင့် ရင်းနှီး စားသောက်ပါလော့'ဟု မှာကြားသည်။

**ဇာတ်ပေါင်း။** ။ မုဆိုး-ဆန္န၊ သမင်မ-ရဟန်းမိန်းမငယ်၊ သမင်မင်း-ဗုဒ္ဓ။
**အနှစ်ချုပ်။** ။ မယားလိမ္မာကြောင့် လင်အသက်ချမ်းသာသည်။

---

## ၃၆၀။ သုဿောန္ဒီဇာတ်

### အကျင့်ပျက်သူမိဖုရား

#### ပစ္စုပ္ပန်ဝတ္ထု

လှပစွာ ဝတ်စားဆင်ယင်ထားသော အမျိုးသမီးတစ်ယောက်ကို မြင်တွေ့မိခဲ့ရာမှ လူထွက်လိုစိတ် ဖြစ်ပေါ်လာသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

#### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ တမ္ဗမည်သော မင်းကြီး စိုးစံစဉ် ထိုမင်း၏ မိဖုရားသည် သုဿောန္ဒီ အမည်ရှိသည်။ ထိုအချိန်၌ 'သေဒုမကျွန်း'တွင် ဂဠုန်မင်းဖြစ်နေသော ဘုရားလောင်းသည် လူငယ်အသွင် ဖန်ဆင်း၍ တမ္ဗမင်းနှင့် ကြွေအန် လာရောက်ကစားလေ့ရှိသည်။ သုဿောန္ဒီသည် ထိုလူငယ်၏ အကြောင်းကို ရံရွေတော်များထံမှ တစ်ဆင့်ကြားသိသဖြင့် ကြွေအန်ကစားရာသို့ လာရောက်ကြည့်သည်။ အမှတ်မထင် အကြည့်ချင်းဆုံမိကြသည်ဆိုလျှင်ပင် နှစ်ဦးသားတို့အား ကပ်ငြိတွယ်တာစိတ်များ ဖြစ်သွားသည်။

လူငယ်သည် မိမိ၏ ဂဠုန်စွမ်းအင်ဖြင့် ရုတ်ခြည်းပင် ဗာရာဏသီ၌ မိုးသက်မုန်တိုင်း ကျရောက်စေကာ နန်းဆောင်သည် လဲပြိုတော့အံ့ကဲ့သို့ ရှိလာသည်။ နန်းတွင်း

http://www.dhammadownload.com



သားများ ထွက်ပြေးကြသောအခါ ဗာရာဏသီ နယ်နိမိတ်ကို မှောင်တိုက်ကြီးအဖြစ်သို့ ပြောင်းလဲပစ်လိုက်သည်။ လူအများ အထိတ်ထိတ် အလန့်လန့် ဖြစ်နေကြဆဲမှာပင် လှုယဉ်သည် သုယောနန္ဒီကို ဆောင်ယူပြီး သေဒုမကျွန်းရှိ မိမိ၏ဗိမာန်၌ထားလိုက်သည်။ တမ္ဗမင်းကြီးသည် မိဖုရားကြီး မည်ကဲ့သို့ ပျောက်သွားပြီး မည်သည့်အရပ်သို့ ရောက်နေသည်ကိုလည်း မသိရှာပေ။ ဂဠုန်မင်းကလည်း ဟန်မပျက် ပုံမှန်လာရောက်ကာ မင်းနှင့် ကြွေအန်ကစားမြဲ ကစားနေသည်။

တစ်နေ့တွင် တမ္ဗမင်းသည် 'သဂ္ဂ'အမည်ရှိသော စောင်းသမားကို ခေါ်၍ မိဖုရားကြီးအား ရှာဖွေရန် တာဝန်ပေးလိုက်သည်။ သဂ္ဂသည် 'ကုရုကစ္ဆ' သင်္ဘောဆိပ်မှ လှေကြုံစီး၍ ထွက်လာခဲ့ကြရာ လှေခမပေးနိုင်သဖြင့် လှေသားများအား စောင်းသံဖြင့် တီးခတ်ဖျော်ဖြေပေးရသည်။ သာယာသော သူ့စောင်းသံ၌ ယစ်မူးမိကြသော ငါးများသည် လှေသွားရာ လမ်းတစ်လျှောက် လိုက်ပါလာကြသည်။ တစ်ချိန်တွင် မကန်းငါးကြီး တစ်ကောင်သည် လှေဝမ်းထဲသို့ ခုန်ဝင်လိုက်ရာ သူ့ကိုယ်အလေးချိန်ကြောင့် လှေသည် ကွဲပျက်သွားသည်။ စောင်းသမား သဂ္ဂသည် သူရရှိလိုက်သော ပျဉ်ပြားတစ်ချပ်ပေါ်စီး၍ လိုက်ပါလာခဲ့ရာ သေဒုမကျွန်းရှိ ဂဠုန်မင်း၏ ဗိမာန်အနီး၌ သွားရောက်တင်လေသည်။

သုယောနန္ဒီ မိဖုရားကြီးသည် ဂဠုန်မင်း ကြွေအန်ကစားရန် ထွက်ခွာသွားချိန်၌ ဗိမာန်ထဲမှ ထွက်၍ ကမ်းစပ်အတိုင်း လျှောက်လှမ်းလာရာ မမျှော်လင့်ဘဲ သဂ္ဂနှင့် ဆုံတွေ့သည်။ သဂ္ဂသည် အကြောင်းစုံကို ပြောပြသဖြင့် 'သဂ္ဂ၊ သင် မကြောက်လင့်'ဟု နှစ်သိမ့်စကားဆိုလျက် မိဖုရားကြီးသည် သဂ္ဂကိုပွေ့ချီ၍ ခေါ်ယူသွားပြီး အိပ်ရာပေါ်၌ အမောပြေ အိပ်စက်စေသည်။ ထိုအခါမှစ၍ သုယောနန္ဒီသည် စောင်းသမားသဂ္ဂနှင့် 'ကြည်'သွားပြန်သည်။ ဂဠုန်မင်းလာချိန်တန်လျှင် သဂ္ဂကိုတစ်နေရာတွင် ပုန်းကွယ်နေစေလျက် ဂဠုန်မင်း ထွက်သွားချိန်တွင်မူ နှစ်ဦးသား မွေ့ပျော်ကြသည်။

ဤသို့ဖြင့် တစ်လ နှစ်လခွဲခန့် လွန်မြောက်လာသော် ဗာရာဏသီမြို့မှ ကုန်တင်လှေတစ်စီးသည် သေဒုမကျွန်းသို့ ဆိုက်ကပ်လာပြီး ထင်း၊ ရေများ တင်ယူစဉ် သဂ္ဂသည် လှေသမားများအား ပြောဆိုတောင်းပန်၍ ထိုလှေဖြင့်ပင် ဗာရာဏသီသို့ ပြန်လိုက်လာသည်။ ဗာရာဏသီသို့ ရောက်လျှင် သူသည် ကြွေအန်ကစားနေသော မင်းကြီးနှင့် ဦးဆုံးဝင်တွေ့ကာ သုယောနန္ဒီမိဖုရားကြီး တွေ့ရှိခဲ့ရာ အရပ်ကို လျှောက်ထားသည်။ သူနှင့် ကိုယ်ချင်း ရင်းနှီးခဲ့ကြပုံများကိုလည်း ဖွင့်ထုတ်လိုက်သည်။

ဤတွင် မခံမရပ်နိုင် ဖြစ်လာသူမှာ မင်းနှင့်အတူ ကြွေအန်ကစားနေသော ဂဠုန်မင်း ဖြစ်သည်။ သူက 'သဂ္ဂ၊ သင်သည် သမုဒ္ဒရာကို မည်သို့ ကူးခဲ့သနည်း၊ သေဒုမကျွန်းသို့

http://www.dhammadownload.com



မည်သို့ ရောက်ခဲ့သနည်း၊ သုယောနန္ဒီနှင့်ကော မည်သို့သော လျှို့ဝှက်နည်းဖြင့် ကိုယ်ချင်းရင်းနှီးခဲ့ကြသနည်း'ဟု မေးသဖြင့် သဂ္ဂက ကုရုကစ္ဆ သင်္ဘောဆိပ်မှ လှေကြုံဖြင့် လိုက်ပါသွားပုံမှ အစချီ၍ သုယောနန္ဒီနှင့် ကိုယ်ချင်းရင်းနှီးခဲ့ကြပုံအထိ တစ်ခုမကျန် အသေးစိတ် ပြန်လှန်ပြောပြသည်။

ထိုအခါ ဂဠုန်မင်းသည် စိတ်နှလုံး မချမ်းမသာဖြစ်ကာ 'ငါသည် ထိုမိန်းမကို ဂဠုန်ပြည်သို့ယူ၍ ထိန်းသိမ်းစောင့်ရှောက်ပါလျက် မလုံခြုံ၊ သီလမရှိသော ထိုမိန်းမကို ငါ အလိုမရှိတော့ပြီ'ဟု နှလုံးသွင်းပြီးလျှင် သုယောနန္ဒီကို မင်းထံသို့ ပြန်ပို့ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ တမ္ဗမင်း-အရှင်အာနန္ဒာ၊ ဂဠုန်မင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ သီလမရှိသူသည် ကိုယ့်သိက္ခာကို မထိန်းသိမ်းနပ။

မဏိကုဏ္ဍလဝဂ် ပြီးပြီ။

---

# ၂။ ဝဏ္ဏာရောဟဝဂ်

## ၃၆၁။ ဝဏ္ဏာရောဟဇာတ်

### ကုန်းတိုက်သူမြွေခွေးယုတ်

ပစ္စုပ္ပန်ဝတ္ထု

တစ်ခုသော ဝါဦးကာလ၌ အဂ္ဂသာဝကကြီး နှစ်ပါးတို့သည် ဝါတွင်းသုံးလပတ်လုံး ဘာဝနာတရားများကို အေးငြိမ်းစွာ ပွားများလိုကြ၍ တောထဲသို့ ဝင်ခဲ့ကြသည်။ စားကြွင်းစား တစ်ယောက်သည် မထေရ်ကြီးတို့အား လာရောက် ခစားလေ့ရှိရာ မထေရ်ကြီး နှစ်ပါးတို့၏ စည်းလုံး ညီညွတ်နေမှုကို ဖြိုခွဲဖျက်ဆီးရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် အရှင်သာရိပုတ္တရာထံ ဦးစွာသွား၍ ကုန်းတိုက်စကားဆိုသည်။ အရှင်သာရိပုတ္တရာက လက်ခံယုံကြည်မှု မရှိသောအခါ အရှင်မောဂ္ဂလာန်ထံ သွား၍ ကုန်းချောပြန်သည်။ အရှင်မောဂ္ဂလာန်မထေရ်သည် အရှင်သာရိပုတ္တရာထံ သွားရောက်၍ စားကြွင်းစား၏ မသမာစိတ်ထားပုံကို ဖွင့်ဟပြသည်။ ထို့နောက် အရှင်သာရိပုတ္တရာ၏ သဘောတူညီ မှုဖြင့် အရှင်မောဂ္ဂလာန်သည် ထိုစားကြွင်းစားကိုနှင်လွှတ်လိုက်သည်။ ထိုဖြစ်ရပ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောတစ်ခု၌ ရုက္ခစိုးနတ် ဖြစ်နေသည်။ ထိုတောထဲရှိ ဂူတစ်ခုတွင် ခြင်္သေ့နှင့် ကျားတို့ အတူ နေထိုင်ကြသည်။ သူတို့နှစ်ကောင်၏ စားကြွင်းစားကျန်များကို မှီခိုစားသောက်နေသော မြေခွေးတစ်ကောင်သည် အသားစုံ စားဖူးနေသည်။ ခြင်္သေ့နှင့် ကျားသားကိုသာ မစားရဖူးသေးသော မြေခွေးသည် ခြင်္သေ့နှင့် ကျားတို့ကို ခိုက်ရန်ပွား၍ နှစ်ကောင်လုံး သေဆုံးလျှင် နှစ်ကောင်လုံး၏ အသားများကို စားရလိမ့်မည်ဆိုသော စိတ်ကူးဖြင့် ရန်တိုက်ပေးရန် အကြံထုတ်နေသည်။ တစ်နေ့တွင် ခြင်္သေ့ထံလာ၍ 'အရှင်သည် ကျားနှင့်ရန်ဖြစ်ဖူးပါသလား'ဟု မေးသည်။ ခြင်္သေ့က မဖြစ်နိုင်ကြောင်း ပြန်ကြားသည်။ သို့သော် မြေခွေးက 'ခြင်္သေ့သည် ကိုယ်အဆင်းအားဖြင့် လည်းကောင်း၊ သဏ္ဌာန်အမျိုးအင်အား၊ လုံ့လအားဖြင့် လည်းကောင်းငါ၏ တစ်ဆယ့်ခြောက်စိတ်တွင် တစ်စိတ်သော်မျှ မမီဟု ကျားက ပြောပါသည်'ဟူ၍ ကုန်းချောသည်။ ထိုစကားကို ခြင်္သေ့က မယုံ၍ 'သင်ထွက်သွားစမ်း'ဟု နှင်လွှတ်သည်။ တစ်ဖန် ကျားထံသို့သွား၍ ထိုနည်းအတိုင်း ဆိုပြန်သည်။ ထိုစကားကို ကြားရသော ကျားသည် ခြင်္သေ့ထံလာပြီး မြေခွေးထံမှ ကြားခဲ့ရသော စကားများကို ဟုတ်, မဟုတ် ခြင်္သေ့ကို မေးသည်။

ခြင်္သေ့က 'အဆွေကျား၊ သင်သည် မြေခွေးစကားကို ယုံ၍ ငါ့ကို ပြစ်မှားမည်ဆိုလျှင် ငါသည် ဤနေရာ၌ မနေလိုတော့ပါ၊ သူတစ်ပါး၏ စကားကို အမှန်ဟု ယုံကြည်သောသူ၌ မိတ်ဆွေကောင်း မမြဲတတ်ပါ၊ ရန်သူသာ များလာတတ်ပါသည်'ဟု ဆိုသည်။

ထိုအခါ သံသယကင်းသွားသော ကျားက 'မိတ်ဆွေ၊ ငါ့တွင် အပြစ်ရှိပါသည်'ဟု ဆို၍ ခြင်္သေ့ကို ကန်တော့သည်။ နှစ်ကောင်သား အချစ်မပျက် ဆက်လက်၍ ပူးတွဲနေထိုင်သွားခဲ့ကြပြီး မြေခွေးမှာမူ ထိုနေရာမှ ပြေးခွာသွားရလေသည်။

ဇာတ်ပေါင်း။ ။ မြေခွေး-စားကြွင်းစား၊ ခြင်္သေ့-အရှင်သာရိပုတ္တရာ၊
ကျား-အရှင်မောဂ္ဂလာန်၊ ရုက္ခစိုး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ စဉ်းစားတတ်သူတိုင်း ကုန်းတိုက်စကားကို မယုံကြ။

---

# ၃၆၂။ သီလဝီမံသဇာတ်

ဤဇာတ်သည် ဧကနိပါတ် ဇာတ်တော်အမှတ်(၈၆) သီလဝီမံသဇာတ်နှင့် တူသည်။

---

http://www.dhammadownload.com



## ၃၆၃။ ဟိရိဇာတ်

ဤဇာတ်သည် ကေကနိပါတ် ဇာတ်အမှတ်-၉၀ 'အကတညုဇာတ်'နှင့် တူသည်။

---

## ၃၆၄။ ခဇ္ဇောပနကဇာတ်

ဤဇာတ်သည် ဇာတ်အမှတ်-၅၄၂ 'မဟာဥမင်္ဂလာဇာတ်'၌ အကျုံးဝင်သည်။

---

## ၃၆၅။ အဟိတုဏ္ဍိကဇာတ်

ဤဇာတ်သည် ဒုကနိပါတ် ဇာတ်တော်အမှတ်-၂၄၉ 'သာလကဇာတ်'နှင့် တူသည်။ ဂါထာမျှသာ ထူးသည်။

---

## ၃၆၆။ ဂုမ္ဗိယဇာတ်

### ပြောစကားနားမထောင်သူများ

**ပစ္စုပ္ပန်ဝတ္ထု**

လုပစ္စာ ဝတ်စားဆင်ယင်ထားသော အမျိုးသမီးတစ်ယောက်ကို မြင်တွေ့မိခဲ့ရာမှ လူထွက်လိုစိတ် ဖြစ်ပေါ်လာသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် လှည်းကုန်သည်မျိုး၌ ဖြစ်နေသည်။ တစ်နေ့တွင် လှည်းကုန်သည်သည် ဝန်တင်လှည်း ငါးရာတို့ဖြင့် ကုန်ရောင်းထွက်လာရာ တောအုပ်ကြီးတစ်ခု၏ အဝင်ဝသို့ ရောက်လာသော် လှည်းသားများ အားလုံးကို ခေါ်၍ 'ဤတောထဲ၌ အဆိပ်ရှိသော အသီး၊ အရွက်၊ အပွင့်များရှိသည်၊ ဘီလူးများသည် အဆိပ်ရှိသော ထမင်းထုပ် စသည်တို့ကို လူများ မြင်သာသည့် နေရာ၌ ချထားတတ်ကြသည်။ ရှေးက မစားဖူးခဲ့သော စားသုံးဖွယ်ရာများကို တွေ့၍

http://www.dhammadownload.com



စားသုံးလိုကြလျှင် မိမိကို ဦးစွာပြသပြီးမှ စားသုံးကြပါ' စသည်ဖြင့် ပြောဆိုသည်။ ထို့နောက် လှည်းပေါ်သို့ ပြန်တက်စေ၍ တောအုပ်ထဲသို့ မောင်းဝင်လာခဲ့ကြသည်။

တောအုပ်အလယ်သို့ ရောက်သည်နှင့် တစ်ပြိုင်နက် လမ်းပေါ်၌ ဖက်များခင်း၍ ဖြန့်ချထားသော ပျားလပို့ခဲများကို တွေ့ကြသည်။ လမ်းနှင့် မလှမ်းမကမ်းနေရာတွင် ပျားဖွပ်နေသော လူတစ်ယောက်ကိုလည်း မြင်ကြရသည်။ ထိုလူကား လူ့အသွင် ယူထားသော 'ဂုမ္ဘိယ' အမည်ရှိသည့် ဘီလူးကြီးဖြစ်သည်။ သူသည် ပြင်းထန်သော အဆိပ်များကို ထည့်ထားသည့် ပျားလပို့ခဲများကို စားမိ၍ သေဆုံးသူများ၏ ရုပ်အလောင်းများကို စားသောက်နေသည့် ဘီလူးကြီးဖြစ်သည်။

လှည်းသားများသည် ပျားလပို့ခဲများကို တွေ့လိုက်ကြရသည်နှင့် စားသုံးလိုစိတ်ကို ချုပ်တည်း၍ မရနိုင်ကြသဖြင့် လော်လည်သော လူအချို့သည် ရုတ်တရက် ကောက်ယူစားသောက်ကြသည်။ အချို့က လှည်းမှူးကြီးကို မေးမြန်းပြီးမှ စားသုံးရန်အတွက် စောင့်ဆိုင်းနေကြသည်။ လှည်းမှူးကြီး ရောက်လာသောအခါ ပျားလပို့ခဲများကို ပြကြသည်။ စားသုံးရန် သင့် မသင့် မေးကြသည်။ လှည်းမှူးကြီးက စားခွင့်မပြု၊ လက်ထဲမှ ပျားလပို့ခဲများကို စွန့်ပစ်စေသည်။ အနည်းအကျဉ်း စားမိသူတို့အား အန်ဆေးတိုက်ကျွေးကာ စတုမဓုရကို ဆက်စားစေသည်။ သို့ရာတွင် အစားမက်၍ တဝတပြကြီး စားခဲ့သူတို့ကား ထိုနေရာ၌ပင် သေဆုံးသွားကြသည်။ ထို့အတူ ကာမဂုဏ်ငါးပါးသည် အဆိပ်နှင့်လည်း တူ၏။ အနှောင်အဖွဲ့လည်း ဖြစ်၏။ သေမင်းအသွင်လည်း ဖြစ်၏။

ဇာတ်ပေါင်း။ ။ လှည်းမှူးကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပြောမယုံ ကြုံဖူးမှ သိတတ်ကြသည်။

---

## ၃၆၇။ သာဠိယဇာတ်

### မြွေကို ငှက်ဟုပြော၍ အဖမ်းခိုင်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

စိတ်ထားယုတ်မာသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရွာငယ် တစ်ရွာ၌ သူကြွယ်တစ်ဦး၏ သားဖြစ်နေသည်။ ကလေးအရွယ်သာ ရှိသေးသော ဘုရား

http://www.dhammadownload.com



အလောင်းသူငယ်သည် သူငယ်ချင်းများနှင့်အတူ ရွာတံခါးဝမှ ညောင်ပင်အောက်တွင် ကစားနေစဉ် လူနာမတွေ့၍ နေ့တွက်မကိုက် ဖြစ်နေသော ဆေးဆရာ တစ်ယောက်သည် ထိုနေရာသို့ ရောက်လာပြီး ဟိုဟိုသည်သည် ကြည့်ရာတွင် ညောင်ကိုင်းခွကြား၌ ခေါင်းထုတ်၍ အိပ်နေသော မြွေတစ်ကောင်ကို မြင်သည်။ ထိုအခါ 'ကလေးငယ် တစ်ယောက်ကို ဤမြွေကိုက်အောင်လုပ်ပြီး ဆေးကုခယူရလျှင် ဟန်ကျမှာပဲ'ဟု တွေးလိုက်သည်။ သို့ဖြင့် အနီးရှိဘုရားလောင်းသူငယ်အား 'မင်း ဆက်ရက်ဖမ်းမလား'ဟု မေးသည်။ သူငယ်က ဖမ်းမည်ဟု ပြောသည်။ ထိုအခါ ဆရာက 'ဟောဟိုက သစ်ခွကြားမှာ အိပ်နေတာဟာ ဆက်ရက်ငှက်ပေါ့'ဟု ပြော၍ ညွှန်ပြသည်။

မြွေဖြစ်သည်ကို မသိသော ထိုသူငယ်သည် ညောင်ပင်ပေါ် တက်သွားပြီး အိပ်ပျော်နေသော မြွေ၏ ခေါင်းကို ဆက်ရက်ငှက်ထင်၍ ဖမ်းကိုင်သည်။ ကိုင်မိခါမှ မြွေ ဖြစ်ကြောင်း သိလေရာ ပြန်မလွှတ်ရဲသောကြောင့် မိမိရရကိုင်၍ ဆွဲယူ လွှတ်ပစ်လိုက်သည်။ ယင်းမြွေသည် မျှော်လင့်ခြင်းကြီးစွာဖြင့် အောက်မှ မော့ကြည့်နေသော ဆေးဆရာ၏ လည်ပင်းကို သွားရောက်ထိမှန်ရာ လည်ပင်းကို ကိုက်လိုက်သဖြင့် ဆေးဆရာသည် ထိုနေရာ၌ပင် ပွဲချင်းပြီးသေဆုံးသွားရသည်။

**ဇာတ်ပေါင်း။ ။ ဆေးဆရာ-ဒေဝဒတ်၊ သူငယ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ သူတစ်ပါးမကောင်းကြံ ကိုယ်အရင်ဘေးဒဏ်ထိတတ်သည်။**

---

# ၃၆၈။ တစသာရဇာတ်

## စကားလိုက်နာသော သူငယ်ချင်းများ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်၏ ပညာပါရမီတော်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဤဝတ္ထုရှေ့ပိုင်းသည် အထက်ပါ 'သာဠိယဇာတ်'၏ ရှေ့ပိုင်းနှင့်တူသည်။ ထူးသည်မှာ ဆေးသမား သေဆုံးမှုကြောင့် ရွာသားများသည် သူငယ်များကို လူသတ်သမားဟု စွပ်စွဲကြသည်။ ဖမ်းဆီး၍ မင်းထံခေါ်သွားကြသည်။ လမ်းတွင် ဘုရားလောင်းသူငယ်က သူငယ်ချင်းများအား 'သင်တို့ မကြောက်ကြလင့်၊ ထွန်ခြွေမပျက်ကြလင့်၊

http://www.dhammadownload.com



မှန်မှန်သာ နေကြ၊ မင်းနှင့် ပြောစရာရှိသည်များ ငါပြောမည်'ဟု ဆို၍ အားပေးစကား ပြောသည်။

ထိုအားပေးစကားကြောင့် သူငယ်များသည် မင်းရှေ့သို့ ရောက်လာကြသော်လည်း မျက်နှာမပျက်ကြဘဲ ကြည်လင်လန်းဆန်းလျက်ပင် ရှိကြသည်။ ဤတွင် မင်းက 'သူငယ်များ၊ သင်တို့သည် ဖမ်းဆီးခံရခြင်းတည်းဟူသော ဆင်းရဲသို့ ရောက်နေကြရပါလျက် အဘယ့်ကြောင့် ထွန်မြွေမပျက်ကြပါသနည်း'ဟူ၍ မေးသည်။

ထိုအမေးကို ဘုရားလောင်းသူငယ်က 'မြတ်သောမင်းကြီး၊ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းဖြင့် မည်သည့်အကျိုးမှ ဖြစ်မလာနိုင်ပါ၊ ရန်သူများကိုသာ ဝမ်းသာအားရ ဖြစ်စေပါသည်။ ဘေးရန်နှင့် ကြုံတွေ့လာချိန်၌ ပါးနပ်လိမ္မာသော ပညာရှိသည် တုန်လှုပ်ခြင်း မရှိပါ၊ ပကတိအတိုင်း တည်ငြိမ်စွာ ရှိနေသည်ကို မြင်ရလျှင် ရန်သူများ စိတ်ပျက်အားငယ်သွားတတ်ကြပါသည်'ဟု တင်လျှောက်သည်။

မင်းသည် ဘုရားလောင်း၏ စကားကို သဘောကျသဖြင့် အမှုမှ အပြီးအပြတ် လွှတ်မြောက်ခွင့် ပေးလိုက်သည်။ ထို့နောက် ဘုရားလောင်းကို ပညာရှိအမတ် ရာထူး၌ လည်းကောင်း၊ အခြားသူငယ်များအား သင့်လျော်ရာ ရာထူးအသီးသီး၌ လည်းကောင်း ချီးမြှင့် မြှောက်စားလေသည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ ထေရ်ကြီးထေရ်ငယ်များ-သူငယ်ချင်းများ၊ ပညာရှိသူငယ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဘေးရန်နှင့်ကြုံသော်လည်း မတုန်လှုပ်သည်မှာ ပညာရှိ။

---

# ၃၆၉။ မိတ္တဝိန္ဒကဇာတ်

## ရှေးမျှနှင့် မရှောင့်ရဲသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆိုဆုံးမရခက်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဤဝတ္ထု၏ ဇာတ်လမ်းအကျယ်သည် 'မဟာမိတ္တဝိန္ဒကဇာတ်'၌ ပါရှိသည်။ ဤဝတ္ထု၌မူ သမုဒ္ဒရာထဲသို့ ပစ်ချခံလိုက်ရသော မိတ္တဝိန္ဒကသည် ဥဿဒငရဲသို့ ရောက်

http://www.dhammadownload.com



သွားသည်။ ထိုငရဲကို မြို့တစ်မြို့ဟု ထင်မှတ်၍ ဝင်သွားရာ သင်တုန်းစက်ထဲသို့ ရောက်သွားသည်။ ထိုအချိန်၌ ဉသဿဒငရဲကို လှည့်လည်ကြည့်ရှုလာသော ဘုရားလောင်း နတ်သားကို မိတ္တဝိန္ဒကမြင်၍ 'အရှင်နတ်သား၊ အကျွန်ုပ်သည် အဘယ်မကောင်းမှုကြောင့် ဤသင်တုန်းစက် ငရဲ၌ ခံနေရပါသနည်း'ဟု မေးမြန်းသည်။ ဘုရားလောင်း နတ်သားက 'မိတ္တဝိန္ဒက၊ သင်သည် ဖန်ပြာသာဒ်၊ ငွေပြာသာဒ်၊ ပတ္တမြားပြာသာဒ်၊ ရွှေပြာသာဒ်တို့ကို ထားခဲ့၍ အဘယ့်ကြောင့် ဤငရဲသို့ လာခဲ့ရသနည်း'ဟု တုံ့ပြန်မေးလိုက်သည်။ မိတ္တဝိန္ဒကက ထိုပြာသာဒ် လေးဆောင်ပေါ်မှ စည်းစိမ်ချမ်းသာများထက် သာလွန်သော စည်းစိမ်ဥစ္စာများ ဤနေရာ၌ ရှိမည်ထင်၍ လာပါသည်'ဟု ပြောသည်။

ဘုရားလောင်းနတ်သားက ဆက်၍ 'မိတ္တဝိန္ဒက၊ သင်သည် နတ်သမီးလေးယောက်၊ ရှစ်ယောက်၊ တစ်ဆယ့်ခြောက်ယောက်နှင့် သုံးဆယ့်နှစ်ယောက်တို့ကို အစဉ်အတိုင်း တစ်ဆစီတိုး၍ ရသည်။ သို့ပါလျက် ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိသော လောဘဇော၏ နောက်သို့ လိုက်ခဲ့မှုကြောင့် ယခုလို သင်တုန်းစက်ထဲသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။ မိတ္တဝိန္ဒက၊ တဏှာ၏နောက်သို့ လိုက်ပါသူတို့သည် နောက်ဆုံးတွင် သင်တုန်းစက်ထဲသို့ ရောက်ကြရသည်'ဟု ပြောသည်။

ဘုရားလောင်းနတ်သား၏ စကားဆုံးသည်နှင့် ရပ်တန့်နေခဲ့သော သင်တုန်း စက်သည် ပြန်လည် လည်ပတ်လာ၍ မိတ္တဝိန္ဒကသည် စကားပြန်ပြောချိန် မရတော့ဘဲ စက်ထဲတွင် ပါသွားသည်။ ဘုရားလောင်းနတ်သားသည်လည်း ထိုနေရာမှ ထွက်ခွာလာလေသည်။

**ဇာတ်ပေါင်း။** ။ မိတ္တဝိန္ဒက-ဆိုဆုံးမရခက်သောရဟန်း၊ နတ်သား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရသမျှဖြင့် ရောင့်ရဲတင်းတိမ်ပါ။

---

# ၃၇၀။ ပလာသဇာတ်

## အကြံကောင်းပေးပါလျက် လက်မခံသူ

**ပစ္စုပ္ပန်ဝတ္ထု**

ကိလေသာနိပ်စက်သော ရဟန်းများအား ကိလေသာတို့မည်သည် အနည်းငယ်ပင် ဖြစ်သော်လည်း လက်မခံသင့်ကြောင်းကို ပြတော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတီတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရွှေဟင်္သာမျိုး၌ ဖြစ်နေသည်။ ထိုရွှေဟင်္သာမင်းသည် စိတ္တကုဋ်တောင် ရွှေဂူတွင်နေ၍ အစာစားချိန်တွင် ဟိမဝန္တာရှိ ဇာတသာရအိုင်မှ သလေးစပါးများကို သွားရောက် စားသောက်လေ့ရှိသည်။ စိတ္တကုဋ်တောင်နှင့် ဟိမဝန္တာကြားတွင် ပေါက်ပင်ကြီး တစ်ပင်ရှိရာ ရွှေ ဟင်္သာမင်းသည် အသွားအပြန် ခရီးများ၌ ထိုပေါက်ပင်တွင် တစ်ခဏမျှ နားနေတတ်သည်။ ကာလကြာညောင်းလာသော် ထိုပေါက်ပင်မှ ရုက္ခစိုးနတ်သည် ရွှေဟင်္သာမင်းနှင့် အကျွမ်းတဝင်ရှိလာလေသည်။

တစ်နေ့တွင် ရွှေဟင်္သာမင်းသည် ပေါက်ပင်၏ ခွကြားတစ်နေရာ၌ ပေါက်နေ သောလက်လေးသစ်ပမာဏမျှသာ မြင့်သေးသည့် ညောင်ပင်ငယ် တစ်ပင်ကို မြင်တွေ့ လျှင် အန္တရာယ်ကို ကြိုမြင်သဖြင့် ရုက္ခစိုးနတ်ကို ခေါ်၍ 'အဆွေ၊ ညောင်ပင်တို့မည်သည် ကြီးလာလျှင် မှီခိုရာသစ်ပင်ကို ဖျက်ဆီးတတ်သည်။ သူ့ကို ကြီးခွင့်မပေးလင့်၊ သင့်ဗိမာန်ကို သူ မဖျက်ဆီးနိုင်မီ သူ့ကို သင်က ဦးအောင် ဖျက်ဆီးထားပါ'ဟု ပြောသည်။ ပေါက်ပင်စောင့် နတ်သည် ရွှေဟင်္သာမင်း၏ စကားကို မနာယူဘဲ 'ညောင်ပင်သည် ကြီးချင်သလောက်သာ ကြီးပါစေ၊ မိဘများသည် သားသမီးများ၏ ထောက်တည်မှီခိုရာဖြစ်သည့်နည်းတူ ငါသည် ညောင်ပင်၏ အားထားရာ ဖြစ်ရပါမည်၊ ညောင်ပင်သည် ငါ မှီတည်ရာ တစ်ဖန် ဖြစ်လာလိမ့်မည်'ဟု ပြန်၍ ပြောခဲ့သည်။

နောက်နှစ်ကာလကြာသော် ညောင်ပင်သည် ကြီး၍လာသည်။ ညောင်ပင်ကိုမှီ၍ ရုက္ခစိုးနတ်တစ်ပါးလည်း ပေါ်ပေါက်လာသည်။ ညောင်ပင်သည် ပေါက်ပင်ကို ဝါးမျိုသွားသည်။ ပေါက်ပင်သည် အခက်အလက်များနှင့်တကွ အပိုင်းပိုင်းပြတ်၍ ကျသွားသည်။ ထိုအခါ ဗိမာန်ရှင် ရုက္ခစိုးနတ်၏ဘုံဗိမာန်သည် ပေါက်ပင်နှင့်အတူပျက်စီးသွားသည်။ ထိုအခါတွင်မှ ရွှေဟင်္သာမင်း၏စကားကို သတိရလာပြီး ရွှေဟင်္သာမင်း၏ စကားကို မနာယူခဲ့သည်မှာ မှားလေခြင်းပဲဟု တွေး၍ ငိုကြွေးရှာသည်။

ဇာတ်ပေါင်း။ ။ ရွှေဟင်္သာမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အကြံကောင်းပေးသည်ကိုလက်မခံလျှင် ကိုယ်ကျိုးနည်းတတ်သည်။

**ဝဏ္ဏာရောဟဝဂ် ပြီးပြီ။**

http://www.dhammadownload.com



# ၃။ အဆုဝဂ်

## ၃၇၁။ ဒီဃီတိကောသလဇာတ်

### မိဘစကားနားထောင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ခိုက်ရန်ဒေါသ ဖြစ်ပွားကြသော ကောသမ္ဗီသား ရဟန်းများကို 'သင်တို့သည် ငါ၏သားတော်များ ဖြစ်ကြသည်။ သားတို့မည်သည် အဖ၏အဆုံးအမကို မဖျက်ဆီးသင့်၊ ရှေးပညာရှိများသည် မိမိ၏ လက်တွင်းသို့ ရောက်နေပြီးသော ရန်သူကိုပင် မိဘ၏ အဆုံးအမကြောင့် ရန်မမူခဲ့'ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထု အကျယ်သည် 'သံဃဘေဒကက္ခန္ဓက'၌ အကျုံးဝင်သည်။ ဤနေရာ၌မူ ဒီဃာဝုမင်းသားသည် တောထဲ၌ မိမိ၏ပေါင်ကို ခေါင်းအုံး၍ အိပ်နေသော ဗာရာဏသီမင်း၏ ဦးသျှောင်ကို ဆွဲကိုင်လျက် မိမိ၏ မိဘများအား သတ်ခဲ့သော ရန်သူဖြစ်၍ အပိုင်းပိုင်း ဖြတ်တော့မည်ဟု သန်လျက်ဖြင့် ရွယ်မိုးလိုက်သည်။ ထိုခဏ၌ သူသည် မိဘများ ဆိုဆုံးမခဲ့သော စကားကို အမှတ်ရမိကာ 'ငါ့အသက်သေလိုက သေပါစေ၊ မိဘများ အဆုံးအမကိုမူ ငါ မဖျက်တော့'ဟု ဆုံးဖြတ်ကာ 'မင်းကြီး၊ သင်မင်းကြီးသည် ယခု ကျွန်ုပ်၏ လက်တွင်းမှ လွတ်နိုင်ပါမည်လော'ဟု ခြိမ်းခြောက်စကားဆိုသည်။ မင်းက 'ကျွန်ုပ် လွတ်မြောက်နိုင်သည့် အခွင့်အလမ်းမရှိပါ'ဟု ဝန်ခံသောအခါ ဒီဃာဝုမင်းသားက ဆက်၍ 'မင်းကြီး၊ ကျွန်ုပ်သည် မိဘများ၏ အဆုံးအမကို နာခံသူဖြစ်သည်။ မိဘများ၏ ဆုံးမစကားသည် ကျွန်ုပ်၏ ကိုးကွယ်အားထားရာ ဖြစ်သည်။ လောက၌ ရန်ကို ရန်ချင်း တုံ့ပြန်ခြင်းဖြင့် ရန်မီးမငြိမ်းနိုင်ပါ။ ရန်ပြုသူကို ရန်ငြိုးမထားခြင်းဖြင့်သာ ရန်မီးငြိမ်းနိုင်ပါသည်။ ဤအဆုံးအမကို လိုက်နာသော ကျွန်ုပ်သည် သင်မင်းကြီးကို မပြစ်မှားပါ၊ သင်မင်းကြီးကော ကျွန်ုပ်ကို သတ်မည်လော'ဟု မေးသည်။

ဒီဃာဝုမင်းသားသည် သူ့စကားအဆုံးတွင် သန်လျက်ကို မင်းကြီးအား ပေးလိုက်သည်။ မင်းကြီးက မသတ်လိုပါကြောင်း ပြောသည်။ ထို့နောက် နှစ်ဦးအတူပင် နန်းတော်သို့ ပြန်လာကြပြီး မင်းသည် အမတ်တို့အား ဒီဃာဝုမင်းသားကို ပြ၍ 'ဤသူသည်

http://www.dhammadownload.com



သေလွန်ခဲ့ပြီးသော ကောသလမင်း၏သားတော်ဖြစ်သည်။ သူသည် ငါ့အား အသက်ဆက်ရှင်ခွင့်ပေးခဲ့သည်' စသည်ဖြင့် ပြောပြပြီးလျှင် သမီးတော်နှင့် ထိမ်းမြားလက်ထပ်ပေးသည်။

ဇာတ်ပေါင်း။ ။ မယ်တော်နှင့်ခမည်းတော်-မြတ်သောမင်းမျိုးများ၊
ဒီဃာဝုမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရန်ကိုရန်ချင်းတုံ့လျှဉ်းလျှင် ရန်စရှည်တတ်သည်။

---

# ၃၇၂။ မိဂပေါတကဇာတ်

## မွေးစားသောသမင်သေ၍ ငိုကြွေးသူ

**ပစ္စုပ္ပန်ဝတ္ထု**

အလုပ်အကျွေးဖြစ်သူ သာမဏေ သေလွန်သွားခဲ့၍ လှည့်လည် ငိုကြွေးနေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်းဖြစ်နေခဲ့သည်။ ထိုအခါ ကာသိတိုင်းသား ပုဏ္ဏားတစ်ယောက်သည် ရသေ့ဝတ်၍ ဟိမဝန္တာ၌ နေလေသည်။ ထိုရသေ့သည် အမိသေသွားသဖြင့် ကျန်ရစ်သော သမင်ငယ်တစ်ကောင်ကိုတွေ့၍ ကောက်ယူမွေးစားထားသည်။ ထိုသမင်ငယ် အရွယ်ရောက်လာသော် သားရင်းနှင့်မခြား သံယောဇဉ် ငြိတွယ်နေစဉ် သမင်ငယ်သည်လည်း မြက်အများကို စားမိသဖြင့် အစာမကြေဖြစ်ကာ သေဆုံးရှာသည်။

ထိုအခါ ရသေ့သည် သားသေဆုံးရသည်ဟု ဆိုပြီးလျှင် လှည့်လည်၍ ငိုကြွေးနေရာ ထိုရသေ့ကို မြင်တွေ့ရသော သိကြားမင်းသည် ရသေ့ကြီးထံလာခဲ့ပြီး သံဝေဂရစေလိုသော စေတနာဖြင့် 'ရှင်ရသေ့၊ အိမ်ရာထောင်မှု မရှိသော ရသေ့ ရဟန်းများသည် သေသူအတွက် စိုးရိမ်ပူဆွေး ငိုကြွေးခြင်းငှာ မသင့်လျော်ပါ'ဟု ဆိုသည်။ ရသေ့ကြီးက 'သိကြားမင်း၊ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ ကာလကြာမြင့်စွာ ယှဉ်တွဲနေထိုင်ရလျှင် ချစ်ခင်

http://www.dhammadownload.com



တွယ်တာရပါသည်။ ထိုချစ်ခင်တွယ်တာရသူအတွက် ပူဆွေးသောက မရောက်ဘဲ မနေနိုင်ပါ'ဟု ဆင်ခြေပေးသည်။

ထိုအခါ သိကြားမင်းက 'ရသေ့၊ ငိုကြွေးခြင်းသည် အကျိုးမရှိနိုင်ပါ၊ ငို၍သာ သေသောသူ ပြန်ရှင်လာမည်ဆိုလျှင် ငါတို့အားလုံး စုဝေး၍ ဝိုင်းဝန်း ငိုပေးကြပါမည်'ဟု ဆက်၍ ပြောသည်။ သည်တော့မှ ရသေ့သည် သတိဝင်ကာ အငိုလည်း တိတ်သွားသည်။ သိကြားမင်းကိုလည်း ကျေးဇူးတင်သည့် စကားများဖြင့် ပြောဆိုသည်။

ဇာတ်ပေါင်း။ ။ ရသေ့-ရဟန်းကြီး၊ သမင်-သာမဏေ၊ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သေသူကို တမ်း၍ ငိုကြွေးခြင်းဖြင့် အကျိုးမရှိနိုင်။

---

# ၃၇၃။ မူသိကဇာတ်

## ဆရာ့စကား လိုက်နာသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဗိမ္ဗိသာရမင်းကြီးသည် တရားနာနေရင်း သားငယ် အဇာတသတ်အား ချော့မြှူနေသည်ကို မြတ်စွာဘုရား မြင်တော်မူသည်။ သားကြောင့် ဖြစ်ပေါ်လာမည့်ဘေးကိုလည်း မြင်သိတော်မူသည်။ ထိုအကြောင်းများနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုမင်း၌ ယဝမည်သော သားတော်တစ်ယောက် ရှိသည်။ ထိုသားတော်သည် ဒိသာပါမောက္ခဆရာထံ၌ ပညာသင်နေသည်။ တစ်နေ့တွင် 'ယဝ'သည် ဆရာကြီးထံသို့ ဝင်ရောက်လာပြီး ပြည်တော်သို့ ပြန်ခွင့်ပြုရန် ပန်ကြားသည်။ အင်္ဂဝိဇ္ဇာပညာရပ်၌ ကျွမ်းကျင်သော ဆရာကြီးသည် 'သည်မင်းသားသည် နောင်တစ်ချိန်၌ မိမိ၏ သားကြောင့် အန္တရာယ်ဖြစ်လိမ့်မည်'ဟု ယဝမင်းသား၏ အနာဂတ်ဘဝကို ကြိုမြင်ထားသည်။

ထိုအချိန်၌ ဆရာကြီး၏ မြင်းတစ်စီးသည် ခြေထောက်တွင် အနာပေါက်နေသဖြင့် ဇောင်းထဲ၌ ချည်ထားရသည်။ ကြွက်တစ်ကောင်သည် မြင်း၏ ခြေထောက်မှ အနာကို မကြာခဏ လာရောက် ကိုက်လေ့ရှိသည်။ တစ်နေ့တွင် နာကျင်မှုကို မခံနိုင်တော့သော မြင်းသည် တအားကန်ထည့်လိုက်ရာ ကြွက်သည် ရေတွင်းထဲသို့ လွင့်ကျသွားသည်။

http://www.dhammadownload.com



ထိုဖြစ်စဉ်ကို မြင်တွေ့လိုက်ရသော ဆရာကြီးသည် ထိုအကြောင်းကိုပင် ကဗျာတစ်ပုဒ် ရေးဖွဲ့၍ ယဝမင်းသားအား ကျက်မှတ်စေသည်။

ဆရာကြီးသည် ဒုတိယ ကဗျာတစ်ပုဒ် ရေးဖွဲ့နိုင်မည့် အကြောင်းအရာ တစ်ရပ်ကို ဆက်လက် ရှာဖွေပြန်ရာမှ မုယောစပါးခင်းထဲသို့ ဝင်စားရန် ဖောင်းရန်းပေါက်မှ နှုတ်သီးလျှိုသွင်းနေသော ဆာစောက မြင်းကိုပင် မြင်တွေ့လိုက်ရပြန်သည်။ ဆရာကြီးသည် ဤအကြောင်းကို ဒုတိယကဗျာတစ်ပုဒ် ရေးဖွဲ့၍ မင်းသားကို ပေးလိုက်ပြန်သည်။ တတိယ တစ်ပုဒ်အတွက် အကြောင်းအရာ မရှာတော့ဘဲ မိမိ၏ အတွေးဖြင့်ပင် ရေးစပ်ပေးလိုက်သည်။

ထို့နောက် ဆရာကြီးက 'အမောင်၊ သင်သည် မင်းဖြစ်ပြီးနောက် ညအချိန် ရေကန်သို့ ရေချိုးသွားလျှင် စောင်းတန်းဦးတိုင်အောင် ပထမ ကဗျာကို ရွတ်၍ သွားပါ၊ ဒုတိယ ကဗျာကိုမူ သင်၏နေရာ ပြာသာဒ်သို့ ဝင်သောအခါ စောင်းတန်းခြေရင်းရောက်အောင် ရွတ်ပါ၊ စောင်းတန်းခြေရင်းမှစ၍ စောင်းတန်းထိပ် ရောက်သည်အထိ တတိယ ကဗျာကို ရွတ်ဆို၍ သွားပါ'ဟု မှာကြားလိုက်သည်။

ခမည်းတော် နတ်ရွာလားသော် မင်းသားက ဆက်၍ မင်းဖြစ်လာသည်။ သူ့တွင် သားတော်တစ်ပါး ရှိရာ ထိုသားတော်သည် တစ်ဆယ့်ခြောက်နှစ်အရွယ် ရောက်လာချိန်၌ ထီးနန်းစည်းစိမ်ကို မက်မောလာသည်။ ခမည်းတော်ကို သတ်၍ နန်းရိပ်ထီးဖြူကို လုယူလိုစိတ် ဖြစ်ပေါ်လာသည်။ ထို့ကြောင့် အခြွေအရံများ၏ အကြံပေး တိုက်တွန်းချက်အရ မင်းသားငယ်သည် ညအခါ ခမည်းတော် ရေချိုးလာချိန်၌ လုပ်ကြံသတ်ဖြတ်ရန် သန်လျက်ကိုကိုင်၍ ရေကန်မှ စောင့်နေသည်။

ဖခင်မင်းကြီး ညချမ်းအချိန် ရေချိုးသွားခါနီး၌ 'မူသိကာ'ဆိုသော ကျွန်မကို ခေါ်၍ ရေကန်၌ သန့်ရှင်းရေး ဆောင်ရွက်ထားရန် စေလွှတ်သဖြင့် ကျွန်မသည် ရေကန်၌ သန့်ရှင်းရေးဆောင်ရွက်နေစဉ် မင်းသားငယ်နှင့် ပက်ပင်း တိုးမိလေသည်။ အမှုပေါ်ပေါက်သွားမည်ကို စိုးရိမ်သောကြောင့် မင်းသားငယ်သည် 'မူသိကာ'ကို သန်လျက်ဖြင့် ခုတ်ပိုင်း၍ ရေကန်ထဲ ပစ်ချထားလိုက်သည်။

ရေချိုးရန် ထွက်လာသော မင်းကြီးသည် ဆရာ့စကားကို သတိရသဖြင့် မူသိကာ ပျောက်သွား၍ လူများ အုတ်အော်သောင်းတင်း ဖြစ်နေကြသည်။ မူသိကာကို သတ်၍ ရေကန်ထဲ၌ ပစ်ချထားသည်ကို ငါတစ်ယောက်တည်းသာ သိသည်'ဟု အဓိပ္ပာယ်ရသော ပထမ ကဗျာကို တီးတိုးရွတ်ဆိုလာသည်။ ဤတွင် သားတော်သည် ခမည်းတော် သိသွားပြီဟု မှတ်ယူလျက် ထိုနေရာမှ ထွက်ပြေးသွားသည်။ သို့သော် ခမည်းတော်ကြီးသည်

http://www.dhammadownload.com



သားတော်ကို တစ်စုံတစ်ရာ အရေးယူသည်ကို မတွေ့ရပေ။ ထို့ကြောင့် ခမည်းတော်သည် တကယ်သိ၍ ပြောပုံမရ၊ သူ့စိတ်ကူးနှင့်သူ ရွတ်ဆိုလာခြင်းသာ ဖြစ်ရမည်၊ ဆက်၍ ကြိုးစားလော့ဟု အခြွေအရံများက မြှောက်ပေးကြပြန်သည်။

သို့ဖြင့် တစ်နေ့တွင် မင်းသားသည် သန်လျက်ကို ကိုင်ဆောင်၍ စောင်းတန်းခြေရင်းမှစောင့်နေခိုက် မင်းကြီးသည် ဒုတိယကဗျာကို ရွတ်ဆို၍ လာခဲ့ပြန်ရာ မင်းသားသည် သူ့ကို ခမည်းတော်မြင်တွေ့သွားပြီထင်၍ ထွက်ပြေးပြန်သည်။ လခွဲမျှ ကြာလွန်သွားသည့်တိုင် တစ်စုံတစ်ရာအရေးယူမှုမရှိသဖြင့် မင်းသားသည် ထပ်၍ ကြံစည်ကာ အရိုးရှည်ယောက်မဖြင့် ရိုက်သတ်ရန် စောင်းတန်းထိပ်မှ စောင့်နေပြန်သည်။

စောင်းတန်းထိပ်သို့ တစ်လှမ်းချင်းတက်လာသော မင်းကြီးသည် ဆရာကြီး၏ တတိယမြောက် ကဗျာကို ရွတ်ဆိုလာခဲ့သည်။ သည်တစ်ခါတော့ မင်းသားသည် ရှောင်မပြေးသာတော့။ မင်းကြီး ခြေရင်းတွင် ဝပ်စင်း၍ အသက်ချမ်းသာခွင့် တောင်းသည်။ မင်းကြီးသည် သားတော်အား ခြိမ်းခြောက် မောင်းမဲပြီးနောက် သံခြေချင်းခတ်၍ နှောင်အိမ်ထဲ သွင်းထားသည်။ မင်းကြီး နတ်ရွာစံပြီးသောအခါ နှောင်အိမ်ထဲမှ ထုတ်၍ သူ့အား မင်းစည်းစိမ်ကို ပေးအပ်ကြသည်။

**ဇာတ်ပေါင်း။** ။ဒိသာပါမောက္ခဆရာ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ဆရာ့စကားလိုက်နာလျှင် ဘေးရန်ကင်းတတ်သည်။

---

# ၃၇၄။ စူဠဓနုဂ္ဂဟဇာတ်

## အဟောင်းပစ်၍ အသစ်ရှာသူ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်းဖြစ်သူ၏ ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်ကျော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်နေသည်။ ထိုအချိန်က ပုဏ္ဏားတစ်ယောက်သည် ဒိသာပါမောက္ခဆရာကြီးထံမှ

http://www.dhammadownload.com



လေးအတတ်ကို လာရောက်သင်ယူကာ ပါရဂူမြောက် တတ်ကျွမ်း၍ ဆရာကြီးက သူ့ကို သမီးနှင့် ထိမ်းမြားလက်ထပ်ပေးထားသည်။

သူ့အမည်မှာ စူဠဓနုဂ္ဂဟဖြစ်ပြီး သူသည် ဇနီးနှင့်အတူ နေပြည်တော်သို့ ပြန်လာခဲ့ရာ တောအုပ်ကြီးတစ်ခုထဲ၌ ဆင်ဆိုးကြီးတစ်ကောင်နှင့် တွေ့သည်။ တောအုပ်အလယ်သို့ ရောက်လျှင် သူတို့ရှိရာသို့ ဆင်ဆိုးကြီးပြေးလာနေသည်ကို လှမ်းမြင်လိုက်ကြရသည်။ ဤတွင် စူဠဓနုဂ္ဂဟသည် မြားဖြင့် ပစ်ခွင်းလိုက်ရာ မြားသည် ဆင်၏ ဦးကင်းမှဝင်၍ နောက်ဘက်မှ ပေါက်ထွက်သွားသည်။ ဆင်လည်း ပွဲချင်းပြီး သေဆုံးသွားသည်။

ထို့နောက် ခရီးဆက်ခဲ့ကြရာ အခြားတောအုပ်တစ်ခုထဲတွင် လမ်းဆော့ တစ်နေရာ၌ တောအမဲများကို မီးကင်၍ ဝိုင်းဖွဲ့ စားသောက်နေကြသော လူဆိုးများနှင့် တွေ့ရသည်။ လူဆိုးများသည် စူဠဓနုဂ္ဂဟ ဇနီးမောင်နှံကို ဖမ်းဆီးရန်တိုင်ပင်ကြရာ လူဆိုးကြီးက ခွင့်မပြုချေ။ လူဆိုးကြီးဖြစ်သူသည် စူဠဓနုဂ္ဂဟကို ယောကျ်ားမြတ်ဖြစ်ကြောင်း မြင်ရုံဖြင့် သိလိုက်သည်။ စူဠဓနုဂ္ဂဟသည် ဇနီးသည်အား လူဆိုးများထံသို့ အမဲတုံးတစ်ခု အတောင်းခိုင်းလိုက်သည်။ လူဆိုးများက မကျက်သေးသော အမဲတုံးတစ်ခု ပေးလိုက်ကြရာ စူဠဓနုဂ္ဂဟသည် မကျေမနပ်ဖြစ်၍ လူဆိုးများကို ဒေါသစကားဆိုသည်။ ထိုအခါ လူဆိုးများသည်နေရာမှ အပြိုင်အဆိုင်ထလိုက်ကြစဉ် စူဠဓနုဂ္ဂဟက လျှင်မြန်ဖျတ်လတ်စွာ နောက်လိုက်လူဆိုးလေးဆယ့်ကိုးယောက်တို့ကို တစ်ယောက်ပြီးတစ်ယောက် မြားဖြင့်ပစ်ခွင်းလိုက်သည်။ မြားလေးဆယ့်ကိုးစင်းလုံး ကုန်သွားကာ လူဆိုးကြီးတစ်ယောက်သာ ကျန်တော့သည်။

သူ့တွင် မြားစင်းရေ ငါးဆယ် ပါလာခဲ့သည့်အနက် ဆင်ကိုပစ်၍ တစ်စင်းကုန် သွားပြီး ယခု လူဆိုးကြီးကိုပစ်ရန် မြားမရှိတော့။ ထို့ကြောင့် သူသည် လူဆိုးကြီးကို ပြေးဝင်လုံးသတ်ရာ လူဆိုးကြီးသည် မြေပြင်သို့လဲကျသွားသည်။ လူဆိုးကြီး၏ ရင်ဘတ်ပေါ် ခွစီးထားပြီးနောက် ဇနီးသည်ထံမှ သန်လျက်ကို လှမ်းတောင်းသည်။ စူဠဓနုဂ္ဂဟ၏ မိန်းမသည် ခဏအတွင်း မြင်တွေ့လိုက်ရသော လူဆိုးကြီးကို တိတ်တခိုး ချစ်ကြိုက်သွားသည့်အတွက် သန်လျက်ကိုပေးရာ၌ အရိုးကို လူဆိုးကြီးဘက်ထား၍ အသွားကိုမူ လင်ဘက်၌ ရှိစေသည်။ အခွင့်အလမ်းသာသွားခဲ့သော လူဆိုးကြီးသည် ထိုသန်လျက်ကို ယူ၍ စူဠဓနုဂ္ဂဟ၏ ခေါင်းကို ဖြတ်လိုက်သည်။

လူဆိုးကြီးသည် ထိုမိန်းမနှင့်အတူ ထိုနေရာမှ ထွက်လာခဲ့ပြီး လမ်းတွင် မိန်းမဖြစ်သူ၏ မျိုးရိုးဇာစ်မြစ်နှင့် စူဠဓနုဂ္ဂဟနှင့် အကြောင်းပါခဲ့ရပုံများကို မေးမြန်းလျှင် မိန်းမက အကြောင်းစုံကို ပြောပြသည်။ ဤတွင် 'ဤမိန်းမသည် အဖပေးစားသော လင်ကိုပင်လျှင် သတ်သေးသည်။ နောက်တစ်ယောက်ကို တွေ့လျှင်လည်း ငါ့ကိုသတ်လိမ့်မည်၊ ဤမိန်းမ

http://www.dhammadownload.com



ကို စွန့်ပစ်သင့်သည်'ဟု အတွေးဝင်လာကာ ထိုမိန်းမကို မြစ်တစ်ခု၏ ကမ်းတစ်ဖက်၌ ထားခဲ့လျက် သူမ၏ ဝတ်စားတန်ဆာများကို ယူ၍ အခြားဖက်ကမ်းသို့ ကူးပြေးသွားသည်။ ထို့ကြောင့် ထိုမိန်းမသည် သမန်းမြက်ချုံသို့ကပ်၍ ချုံးပွဲချငိုကြွေးရလေသည်။

ထိုအကြောင်းကို မြင်တွေ့ရသော သိကြားမင်းသည် မာတလိအား ငါးအဖြစ်၊ ပဉ္စသိခအား ငှက်အသွင် ဖန်ဆင်းစေကာ ကိုယ်တိုင်ကမူ မြေခွေးအသွင်ကို ယူပြီးနောက် ဆောင်ရွက်ရမည့် အစီအစဉ်ကို ပြောဆိုမှာကြားလျက် ထိုမိန်းမရှိရာသို့ လာခဲ့သည်။ ထိုမိန်းမသည် ငိုရှိုက်နေရင်းက သားတစ်ကို ကိုက်ချီယူလာသော မြေခွေးတစ်ကောင် လာနေသည်ကို မြင်လိုက်သည်။ ထိုအချိန်၌ ရေထဲမှ ခုန်တက်လာသော ငါးတစ်ကောင်သည် မြေခွေးရှေ့သို့ ဖုတ်ခနဲ ကျသွားသည်။ မြေခွေးသည် သားတစ်ကိုချ၍ ငါးကို ခုန်ဖမ်းရာ ငါးသည် ရေထဲသို့ ပြန်၍ ခုန်ဆင်းသွားသည်။ မြေခွေး ချထားခဲ့သော သားတစ်ကို ငှက်က ထိုးသုတ်ယူ၍ ကောင်းကင်သို့ ပျံတက်သွားသည်။ ထို့ကြောင့် မြေခွေးသည် သမန်းမြက်ချုံကို ကြည့်၍ မျက်နှာ မသာမယာ ဖြစ်နေသည်။ ထိုမြင်ကွင်းကို မြင်နေရသော အမျိုးသမီးက အလိုရမ္မက်ကြီးလွန်းသော ဤမြေခွေးသည် သားတစ်လည်းဆုံး၊ ငါးလည်းမရဟု တွေး၍ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်။

သူမ၏ ရယ်မောသံကို ကြားလိုက်ရသော မြေခွေးက 'ငိုသင့်သော ခုလိုအချိန် မျိုး၌ အဘယ့်ကြောင့် ရွှင်မြူးစွာ ရယ်နေရသနည်း'ဟု မေးသည်။ မိန်းမက 'သင် သားတစ်နှင့်ငါး နှစ်ပါးစုံ ဆုံးရှုံးရသည်ကိုမြင်၍ ရယ်ပါသည်'ဟု ခွန်းတုံ့ပြန်သည်။ ထိုအခါ မြေခွေးက 'သင်သည် သူတစ်ပါး၏ အပြစ်ကိုသာ မြင်တတ်သည်။ မိမိ အပြစ်ကိုမူ မြင်တတ်သူ မဟုတ်၊ အဖ ပေးစားသော လင်ကိုသာမက သယောက်လင်ကိုပါ လက်လွှတ် ဆုံးရှုံးခဲ့ရသော သင်သည် ငါ့ထက်ပင် ပို၍ မှိုင်တွေနေရသည်'ဟု ပြန်ပြောလိုက်သည်။ ထိုစကားကို ကြားရသော မိန်းမသည် နောက်တစ်ကြိမ် လင်ရလျှင် လင့်အလိုကျ နေထိုင် တော့မည် ဖြစ်ကြောင်း ပြန်ကြားရာ မြေခွေးက 'မြေခွက်ကို ခိုးတတ်သူသည် ရွှေခွက် ငွေခွက်များကို တွေ့လျှင် ခိုးမည်ကေန်သာ ဖြစ်ပါသည်'ဟု ဆို၍ ထိုမိန်းမအား အရှက်ရ စေကာ ထိုနေရာမှ ထွက်ခွာလာသည်။

ဇာတ်ပေါင်း။ ။ စူဠဓနုဂ္ဂဟ-မယားဟောင်း ဖြားယောင်းခံရသော ရဟန်း၊ စူဠဓနုဂ္ဂဟ၏မယား-ယခုမယားဟောင်း၊ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အဟောင်းပစ်၍အသစ်ရှာလျှင် နှစ်မျိုးလုံးဆုံးရှုံးတတ်သည်။

http://www.dhammadownload.com



# ၃၇၅။ ကပေါတဇာတ်

## ခိုနှင့်အတူလာနေသူ အကျင့်ပျက်ကျီး

**ပစ္စုပ္ပန်ဝတ္ထု**

လျှပ်ပေါ်လော်လည်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်း ကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ခိုမျိုး၌ ဖြစ်၍ ဗာရာဏသီသူဌေး၏ မီးဖိုဆောင်ရှိ အသိုက်တောင်းထဲတွင် နေနေသည်။ တစ်နေ့တွင် ကျီးတစ်ကောင်သည် ခိုထံသို့ လာ၍မိတ်ဖွဲ့ကာ ငါး၊ အမဲများကို စားသုံးမည်ဆိုသည့် အကြံဖြင့် ခိုနှင့်အတူ အသိုက်တောင်းထဲတွင် လာနေသည်။ တစ်နေ့တွင် ကျီးသည် မီးဖိုဆောင်ထဲ၌ ချက်ပြုတ်နေသော ငါး၊ အမဲများကို မြင်တွေ့ရသောကြောင့် ခိုက အစာရှာရန် ခေါ်သော်လည်း လိုက်ပါခြင်းမရှိဘဲ အစာမကျေဖြစ်နေ၍ မလိုက်လိုပါဟု ငြင်းပယ်လိုက်သည်။

အလစ်ချောင်းနေသော ကျီးသည် စားတော်ချက် မီးဖိုဆောင် အပြင်ဘက်သို့ ထွက်သွားစဉ် သုတ်ခနဲ ဆင်း၍ ငါးအမဲများကို ဝမ်းပြည့်အောင် စားပစ်လိုက်သည်။ ကျေနပ်နှစ်သိမ့်သည့် စိတ်ဖြင့် အမဲတောင်း နှုတ်ခမ်းတွင် နား၍ 'အား...အား'ဟုပင် အသံပြုလိုက်သေးသည်။ ထိုအသံကြောင့် စားတော်ချက်က ရုတ်တရက် ဝင်၍ဖမ်းပြီး ကျီးတစ်ကိုယ်လုံးမှ အမွေးအတောင်များကို နုတ်ကာ ချင်းစိမ်းနှင့် မုန်ညင်းစေ့ ထောင်းပြီး ရက်တက်ပုပ်ရည်ဖြင့် ရောနှော၍ ကျီး၏ တစ်ကိုယ်လုံးကို လိမ်းကျံပေးသည်။ အိုးခြမ်းပဲ့ တစ်ခုကိုလည်း လည်ပင်း၌ ဆွဲချည်ပေးသေးသည်။ ထို့နောက် အသိုက်တောင်းထဲသို့ ပြန်ထည့်ထားလိုက်သည်။

မကြာမီ ခိုပြန်ရောက်လာ၍ ကျီးအဖြစ်ကို မြင်လျှင် 'ငါ့အဆွေ၊ ကျီး၏ အသိုက် တောင်းထဲ၌ လာအိပ်နေသည်ကား အဘယ်က ဗျိုင်းနည်း၊ ငါ့အဆွေ ကျီးသည် စိတ်ကြမ်း ကိုယ်ကြမ်း ရှိသူဖြစ်သည်။ သူတွေ့သွားလျှင် သင် သက်သာလိမ့်မည် မဟုတ်'ဟု ပြက်ရယ် စကား ပြောသည်။ ထိုအခါ ကျီးက အဖြစ်စုံကို ပြောပြလျက် သူ့ကို နောက်ပြောင်ခြင်း မပြုရန် တောင်းပန်သည်။ သို့ရာတွင် ခိုက 'သင့်ကိုယ်ကို ကောင်းစွာ သန့်ရှင်းထားသကဲ့သို့

http://www.dhammadownload.com



ကောင်းစွာ လိမ်းခြယ်ထားသည်ကိုလည်း တွေ့ရသည်။ ကောင်းမွန်သော ထမင်း၊ အဖျော်ရည်များဖြင့်လည်း ရောင့်ရဲတင်းတိမ်နေပုံရသည်။ လည်ပင်းမှာလည်း ဝေဠုရိယပတ္တမြားကို ဆွဲထားသေးသည်။ သင်သည် ဗာရာဏသီမြို့က ပြန်လာခဲ့သူ ထင်ရပါ၏' စသည်ဖြင့် ဆက်၍ လှောင်လိုက်သည်။

ထို့နောက် 'အဆွေ၊ ဤအကျင့်မျိုးကို မဖျောက်ဖျက်နိုင်လျှင် သင်သည် နောင်တွင်လည်း ဤအဖြစ်ဆိုးမျိုးနှင့် ကြုံရလိမ့်ဦးမည်၊ လူများ၏ အသုံးအဆောင်ကို ငှက်များ သုံးဆောင်ရသည်မှာ မလွယ်ကူပါ' ဟု ဆုံးမစကားဆိုပြီးလျှင် ခိုသည် ထိုနေရာမှ ပြောင်းရွှေ့သွားတော့သည်။

**ဇာတ်ပေါင်း။ ။ ကျီး-လျှပ်ပေါ်လော်လည်သောရဟန်း။ ခို-ဗုဒ္ဓ။**
**အနှစ်ချုပ်။ ။ အစားမက်လွန်းလျှင် ဒုက္ခတွေ့တတ်သည်။**

**အဓမဝဂ် ပြီးပြီ။**

**ပဉ္စကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# သတ္တနိပါတ်

ဝဂ်စုစုပေါင်း-၂

ဇာတ်စုစုပေါင်း-၂၀

## ၁။ အာဝါရိယဝဂ်

## ၃၇၆။ အာဝါရိယဇာတ်

### ရဟန်းသာတြည့်ထဘ်၍ မင်းဒဏ်သင့်သူ

**ပစ္စုပ္ပန်ဝတ္ထု**

စိတ်ဓာတ် ယုတ်ညံ့သော ကူးတို့သမားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းကြီးသည် ဆွမ်းခံထွက်လာသော ဘုရားလောင်း ရသေ့ကြီးကို မြင်လျှင်မြင်ချင်း ကြည်ညိုသောကြောင့် မိမိဥယျာဉ်သာတွင်ပင် အမြဲသီတင်းသုံး နေထိုင်ပါရန် လျှောက်ထားသည်။ ရသေ့ကြီးထံသို့လည်း တစ်နေ့သုံးကြိမ် အဖူးအမြော် ဝင်ရောက်သည်။

ရသေ့ကြီးသည် မိမိထံသို့ ရောက်လာသော မင်းကြီးအား အဂတိတရား လေးပါး မလိုက်စားရန်၊ ခန္တီ၊ မေတ္တာ၊ ကရုဏာတို့နှင့် ပြည့်စုံရန် အမြဲဆုံးမစကား ဆိုသည်။ ထို့ပြင် 'မင်းကြီး၊ သင်သည် အမျက်ဒေါသ မထွက်လင့်၊ မိမိကို အမျက်ထွက်သော သူအားလည်း တုံ့ပြန်၍ အမျက်မထွက်လင့်၊ ရွာ၌ဖြစ်စေ၊ မြို့၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ ချိုင့်ဝှမ်းရာအရပ်၌ဖြစ်စေ၊ မြင့်သောကုန်း၌ ဖြစ်စေ မည်သည့်အရပ်၌မဆို အမျက်ဒေါသ မထွက်ပါလေလင့်'ဟူသော ရသေ့ကြီး၏ လက်စွဲဝါဒကိုလည်း နေ့စဉ်မပြတ် ပေးလေသည်။

http://www.dhammadownload.com



မင်းကြီးသည် ထိုဩဝါဒကို နေ့စဉ် ကြားနေရသော်လည်း ငြီးငွေ့ခြင်း မရှိဘဲ ကြည်ညိုလွန်းသောကြောင့် ရသေ့ကြီးအား အခွန်တစ်သိန်းထွက်သော ရွာကြီးတစ်ရွာကို ပေးလှူရာ ရသေ့ကြီးက လက်မခံချေ။ ဆရာနှင့်ဒါယကာ သင့်မြတ်စွာ နေလာခဲ့ကြရာ တစ်ဆယ့်နှစ်နှစ်တိုင် ကြာသွားခဲ့သဖြင့် အနေကြာ၍ နေရာဟောင်းကို ငြီးငွေ့နေသော ရသေ့ကြီးသည် ကျေးလက်ဘက်သို့ ခရီးထွက်ခဲ့သည်။ ဂင်္ဂါကမ်းခြေသို့ အရောက်တွင် 'အဝါရိယ၏ အဖ'ဆိုသူ ကူးတို့သမားတစ်ဦးနှင့် ဆုံတွေ့သည်။

ရသေ့ကြီးသည် ကူးတို့သမားအား ဟိုမှာဘက်ကမ်းသို့ ပို့ပေးရန် ပြောရာ အခရမှ ပို့ပေးမည်ဖြစ်ကြောင်း ပြန်ကြားသည်။ ရသေ့ကြီးက 'ဒါယကာ၊ စည်းစိမ်ဥစ္စာ တိုးပွားကြောင်းဖြစ်သော စကားကို ပြောခဲ့မည်'ဟု ဆိုသော် ထိုစကားကို ရုပ်ဝတ္ထုပစ္စည်း တစ်စုံတစ်ရာရလေမည်ဟု ထင်သောကြောင့် ကူးတို့သမားသည် ရသေ့ကြီးအား တစ်ဖက်ကမ်းသို့ ပို့ပေးသည်။ ကူးတို့ခပေးရန် တောင်းဆိုသည့်အခါ ရသေ့ကြီးက 'အမောင်၊ ကူးတို့ခကို တစ်ဖက်ကမ်းသို့ မရောက်မီ တောင်းလော့၊ ကူးလိုသောသူ၏စိတ်နှင့် ကူးပြီးသောသူ၏ စိတ်သည် မတူ။ ဒါယကာ၊ စည်းစိမ်ဥစ္စာများ တိုးပွားကြောင်းဖြစ်သောစကားကို သင့်အား ငါပြောပြီးပြီ၊ ယခု အကျိုးအကြောင်း၏ပွားများခြင်းအကြောင်းဖြစ်သောစကားကို ဆက်ပြောမည်။ ဒါယကာ၊ သင်သည် အမျက်ဒေါသမထွက်လင့်'ဟု အစချီ၍ မင်းကြီးအား ပေးနေကျ ဩဝါဒကို ဆက်၍ပေးသည်။

ကူးတို့သမားက 'ဒါလေ့ခလား'ဟု မေးရာ ဟုတ်မှန်ကြောင်း ရသေ့ကြီးက ပြန်ပြောသည်။ ထိုအခါ ကူးတို့သမားသည် ရသေ့ကြီးအား ဂင်္ဂါသဲသောင်ပေါ်သို့ တွန်းလှဲချကာ ရင်ဘတ်ပေါ်ခွစီးလျက် မျက်နှာကို လက်သီးဖြင့် ထိုးသည်။ ထိုအခိုက်မှာပင် ကူးတို့သမား၏ ဇနီးဖြစ်သူ ထမင်းပို့ ရောက်လာ၍ သူမက ရသေ့ကြီးသည် မင်းဆရာဖြစ်ကြောင်းပြောလျက် သတ်ပုတ်ခြင်းမပြုရန် တားမြစ်သည်။ ဤသည်ကို ကူးတို့သမားက ဝင်ရှုပ်ရကောင်းလားဟု သဘောထားကာ ဇနီးသည်ကိုပါ ရိုက်လိုက်ရာ ဇနီးသည် လဲကျသွားပြီး သူမတွင်ပါလာသော ထမင်းများလည်း ဆုံးရှုံးလျက် သူမ၏ အရင့်အမာ ကိုယ်ဝန်သည်လည်း ပျက်ခဲ့ရသည်။ ထိုအကြောင်းစုံ၍ မင်းကြီးသိသွားသဖြင့် ကူးတို့သမားသည် မင်းဒဏ်သင့်ခြင်းခံရသည်။

ဇာတ်ပေါင်း။ ။ ယခင်ကူးတို့သမား-ယခုကူးတို့သမား၊ မင်း-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အဆုံးအမပေးသင့်သူကိုသာ အဆုံးအမပေးရမည်။

http://www.dhammadownload.com



# ၃၇၇။ သေတကေတုဇာတ်

## တတ်ယောင်ဆောင်သောရသေ့များ

**ပစ္စုပ္ပန်ဝတ္ထု**

အဲ့ဖွယ်ကို ဖြစ်စေတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ ဒိသာပါမောက္ခ ဆရာကြီး ဖြစ်နေသည်။ ဆရာကြီး၏ တပည့်များထဲတွင် 'သေတကေတု' မည်သော ပုဏ္ဏားငယ် တစ်ယောက်လည်း ပါဝင်ပြီး အမျိုးမာန် တက်နေသူဖြစ်သည်။ တစ်နေ့တွင် ထိုလူငယ်သည် အခြားအဖော်များနှင့်အတူ မြို့ထဲမှ ပြန်လာခဲ့ရာ မြို့တွင်းသို့ ဝင်လာသော စဏ္ဍာလတစ်ယောက်နှင့် ရင်ဆိုင်ဆုံတွေ့မိကြသည်တွင် စဏ္ဍာလကို တိုက်ခိုက်လာသော လေသည် သူ့ကို လာရောက် ထိခိုက်မည်ဟု စိုးရွံ့သောကြောင့် လေညာဘက်သို့ ပြေးတက်၍ ရပ်နေလိုက်သည်။ စဏ္ဍာလလည်း အားကျမခံ သူ့ထက် လေညာကျရာဆီသို့ ပြေးတက်၍ နေရာယူသောကြောင့် 'သူယုတ်၊ ပျက်စီးပါစေ၊ ကျဆုံးပါစေ' စသော စကားများဖြင့် သေတကေတုက ကျိန်ဆဲလေသည်။

စဏ္ဍာလကမူ ရိုင်းပျူမှုဖြင့် တုံ့ပြန်ခြင်းမပြုဘဲ 'ပုဏ္ဏားမျိုး ဖြစ်သော သင်သည် ငါမေးသော ပြဿနာကို ဖြေနိုင်ပါ၏လော'ဟုသာ မေးသည်။ သေတကေတုက ဖြေနိုင်ကြောင်း၊ မဖြေနိုင်က ခြေထောက်ကြားတွင်ထား၍ အလှည့်ခံပါမည် ဟူ၍လည်း ကြွေးကြော်ထားလိုက်သေးသည်။ သို့ဖြင့် စဏ္ဍာလက 'အရပ်မျက်နှာ ဟူသည် အဘယ်ကို ခေါ်ပါသနည်း'ဟု မေးရာ အရှေ့၊ အနောက်၊ တောင်၊ မြောက်များ ဖြစ်ကြောင်း သေတကေတုက အဖြေပေးသည်။ စဏ္ဍာလက 'ငါသည် ထိုအရပ်များကို မမေး၊ သင်သည် ဤမျှလောက်ကလေးကိုပင် မသိပါဘဲလျက် ငါ့ကို တိုက်ခတ်ခဲ့သော လေကို စက်ဆုပ်ရွံရှာရသလော' ဟု ဆိုပြီးလျှင် သေတကေတုကို လည်ကုပ်မှ ဆွဲကိုင်ပြီး မိမိခြေရင်းတွင် ချ၍ ခြေကြားဖြင့် လှည့်ပစ်ကာ ထိုနေရာမှ ထွက်ခွာသွားတော့သည်။

သေတကေတုတို့ လူစု ကျောင်းတော်သို့ ပြန်ရောက်လာလျှင် ထိုသတင်းမှာ ဆရာကြီးနားသို့ ပေါက်ကြားသွားရာ ဆရာကြီးက သေတကေတုကို ခေါ်၍ 'အမောင်၊

http://www.dhammadownload.com



ထိုစဏ္ဍာလကို အမျက်မထွက်လင့်၊ စဏ္ဍာလသည် ပညာရှိသူ ဖြစ်သည်။ လောက၌ သင် သိ မြင်ပြီးသော အရာများထက် မသိ မမြင်ရသေးသည့် အရာတို့က ပိုများသည်။ သူမေးသည်မှာ အရှေ့ စသော အရပ်မျက်နှာ မဟုတ်၊ မိဘများကို အရှေ့အရပ်ဟု ဆိုသည်။ ဆရာကို တောင်အရပ်ဟု သတ်မှတ်သည်။ ရဟန်း၊ ပုဏ္ဏားများကို အထက်အရပ်ဟု မှတ်ယူကြသည်။ စဏ္ဍာလသည် ဤအရပ်များကို မေးခြင်းသာ ဖြစ်သည်'ဟု ရှင်းပြလေသည်။

ထို့နောက် သေတကေတုသည် မွေးရပ်မြေကို စွန့်ခွာ၍ တက္ကသိုလ်ပြည်ရှိ ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာရပ်များ ဆက်လက်သင်ယူကာ ပညာစုံချိန်၌ တက္ကသိုလ်ပြည်မှ ထွက်လာရာ နယ်စွန်နယ်ဖျားဒေသသို့ ရောက်လာသည်။ ဤတွင် ဆုံတွေ့ရသော ရသေ့ငါးရာတို့ထံ၌ ရသေ့ပြုလိုက်သည်။ နောင်အခါ သူသည် ထိုရသေ့အဖွဲ့၏ ဂိုဏ်းဆရာ ဖြစ်လာသည်။ ဗာရာဏသီမင်းသည် ထိုရသေ့များကို ကြည်ညိုသဖြင့် နန်းတွင်းသို့ ပင့်၍ ဆွမ်းကျွေးကာ သူ၏ဥယျာဉ်တော်၌ သီတင်းသုံးစေသည်။

တစ်ညနေချမ်းတွင် ရသေ့များကို ဖူးမြင်ရန် မင်းကြီးကြွလာတော်မူမည်ဆိုသော သတင်းကို ရရှိထားသော သေတကေတု ရသေ့ကြီးသည် ရသေ့အားလုံးကိုခေါ်၍ 'အချင်း ရသေ့တို့၊ ယနေ့ မင်းကြီးကြွလာလိမ့်မည်၊ မင်းများ တစ်ကြိမ်လောက် သဘောကျမိလျှင် တစ်သက်ပတ်လုံး ချမ်းသာစွာ နေသွားရတတ်သည်။ ထို့ကြောင့် တချို့က လင်းနို့အကျင့်ကို ကျင့်ကြ၊ အချို့က ဆူးပေါ်တွင် သားရေပြားခင်း၍ အိပ်ကြ၊ အချို့က ပဥ္စတပအကျင့်ကို ကျင့်ကြ' စသည်ဖြင့် ညွှန်ကြားသည်။ သူကမူ ကျောင်းတံခါးဝရှိ နောက်မှီပါသော အင်ပျဉ်၌ ထိုင်လျက် တစ်တောင်စန့်ရှည်သော ပုရပိုက်ကို ဆန်းကြယ်သော အဆင်အသွေးရှိသည့် အခင်းပေါ်၌ ဖြန့်ချထားပြီး ကောင်းစွာ သင်အပ်ပြီးသော လုလင်ငယ်လေးယောက်တို့၏ အမေးပုစ္ဆာများကို ဖြေရှင်းနေသည်။

ထိုအချိန်မှာပင် မင်းကြီးလည်း ရောက်လာရာ ရသေ့တို့၏ မိစ္ဆာအကျင့်ကို မြင်တွေ့လိုက်ရသည်ဆိုလျှင်ပင် ရုတ်ခြည်း သဘောကျသွားကာ သေတကေတုရသေ့ကြီးထံ ဝင်၍ ရှိခိုးဝတ်ပြုသည်။ ရိုသေစွာ ကြည်ညိုနေရင်း အတူပါလာသော ပုရောဟိတ်ကို 'ဗေဒင်တို့ကို ရွတ်အံသရဇ္ဈာယ်နေကြသော ဤရသေ့များသည် အပါယ်ဘေးမှ လွတ်မြောက်နိုင်ပါသလား'ဟု မေးသည်။ ပုရောဟိတ်က 'မင်းကြီး၊ အကြားအမြင်များသူ ဖြစ်စေကာမူ မကောင်းမှုများကို ကျူးလွန်နေမည်ဆိုလျှင် ဗေဒင်ကျမ်းပေါင်း တစ်ထောင်ကို တတ်ကျွမ်းနေသူပင် ဖြစ်စေ အကျင့်သီလရှိသူ မဟုတ်လျှင် အပါယ်စသော ဆင်းရဲခြင်းမှ မလွတ်မြောက်နိုင်ပါ'ဟု လျှောက်တင်သည်။

http://www.dhammadownload.com



ဤအဖြေကြောင့် သေတကေတုသည် ပုရောဟိတ် ဘက်သို့ လှည့်၍ 'သင့်စကား အတိုင်းဆိုလျှင် ဗေဒင်ပညာများသည် တစ်စုံတစ်ရာအကျိုးရှိလိမ့်မည် မဟုတ်ဟု ငါ သဘောရသည်'ဟု ခပ်ထေ့ထေ့ပြောသည်။ ပုရောဟိတ်က 'ဗေဒင်ပညာသည် အကျိုးရှိပါ သည်။ ပစ္စုပ္ပန်တွင် ကျော်စောမှုသတင်းကို ဖြစ်စေပါသည်။ သို့ရာတွင် နိဗ္ဗာန်သို့ ရောက်သူ များမှာ သီလ၊ သမာဓိများဖြင့် ဆုံးမထားသူများသာ ဖြစ်ကြပါသည်'ဟု တုံ့ပြန်သည်။

ပုရောဟိတ်သည် သေတကေတု၏ ဝါဒကို ဖြိုခွဲပစ်လိုက်သည်။ မင်းကြီးသည် အမိန့်တော်ဖြင့် ရသေ့အားလုံးကို လူထွက်စေ၍ ဓားလက်နက်များ တပ်ဆင်ပေးကာ မင်းမှုထမ်းများအရာ၌ ထားလိုက်သည်။

**ဇာတ်ပေါင်း။** ။ သေတကေတု-အံ့ဖွယ်ကို ဖြစ်စေသောရဟန်း၊ စဏ္ဍာလ-အရှင်သာရိပုတ္တရာ၊ မင်း-အရှင်အာနန္ဒာ၊ ပုရောဟိတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အဆန်းတကြယ် လုပ်ပြတတ်တိုင်း အထင်မကြီးသင့်။

---

# ၃၇၈။ ဒရီမုခဇာတ်

## ငြိမ်းချမ်းမှု ရသွားသူ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရား၏ မြတ်သောတောထွက်တော်မူခြင်းကို အကြောင်းပြု၍ ဤအတိတ် ဇာတ် ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်းကြီး၏ ဗြဟ္မဒတ္တကုမာရ မည်သော သားတော်ဖြစ်နေသည်။ ပုရောဟိတ်၏သားဖြစ်သော 'ဒရီမုခ' သည်လည်း မင်းသားငယ်နှင့်ဖွားဖက်ဖြစ်သောကြောင့် သူတို့နှစ်ယောက်စလုံးသည် မင်း နန်းဆောင်ပေါ်တွင်ပင် ကြီးပြင်းလာခဲ့ကြသည်။ အရွယ်ရောက်၍ တစ်ဆယ့်ခြောက်နှစ်သို့ ရောက်သော် တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခဆရာကြီးထံ သွားရောက်၍ ပညာရပ်များ

http://www.dhammadownload.com



သင်ယူကြပြီးသော်လည်း ကျေနပ်နှစ်သိမ့်နိုင်ခြင်း မရှိကြဘဲ ဒေသစရိုက်များကို သိရှိနိုင်စေရန် ဒေသအနှံ့ လှည့်လည်ကြရာ နောက်ဆုံး၌ ဗာရာဏသီပြည်သို့ ရောက်လာကြသည်။

ထိုအချိန်တွင် လူတစ်ယောက်သည် ပုဏ္ဏားများကို ဆွမ်းကျွေး၍ မင်္ဂလာရွတ်ရန် ပြင်ဆင်လျက်ရှိရာ သူတို့နှစ်ယောက်ကို မြင်တွေ့ကြရသူများက 'ပုဏ္ဏားများ ကြွလာပြီ' ဟု အော်ဟစ်ကြသည်။ အိမ်တွင်းသို့ ကြွပါရန်လည်း ဖိတ်ခေါ်သွားကြသည်။ အိမ်ရှင်သည် ဗြဟ္မဒတ္တကုမာရအတွက် အဖြူရောင် ထိုင်ခင်းကိုလည်းကောင်း၊ ဒရိမုခအတွက် အနီရောင် ထိုင်ခင်းကို လည်းကောင်း ခင်းပေးသည်။ နိမိတ်ကို မြင်တွေ့ရသည်နှင့် 'ငါ့မိတ်ဆွေသည် ဗာရာဏသီမင်း ဖြစ်လတ္တံ့၊ ငါသည် စစ်သူကြီး ဖြစ်လတ္တံ့' ဟု ဒရိမုခက သိလိုက်သည်။ သူတို့နှစ်ဦးသည် ထိုအိမ်မှ အပြန်တွင် မင်းဥယျာဉ်သို့လာခဲ့ကြပြီး ဥယျာဉ်ထဲမှ မင်္ဂလာကျောက်ဖျာပေါ်တွင် မင်းသားကအိပ်၍ ဒရိမုခကမင်းသား၏ ခြေဖျားများကို ဆုပ်နယ်ပေးသည်။

ထိုနေ့ကား ဗာရာဏသီမင်းကြီး နတ်ရွာစံပြီး၍ ခုနစ်ရက်မြောက်သောနေ့ ဖြစ်သည်။ နတ်ရွာစံမင်းကြီးတွင် ထီးနန်းအမွေကို ဆက်ခံမည့် သားတော်တစ်ပါးတစ်လေမျှ မထွန်းကားခဲ့သောကြောင့် ပုရောဟိတ်သည် မင်းလောင်းရှာသော ဖုဿရထား လွှတ်လိုက်ရာ ရထားသည် ဥယျာဉ်တော်၏တံခါးဝတွင် လာရောက်ဆိုက်လေသည်။ ဒရိမုခသည် တူရိယာသံများကို ကြားလိုက်ရကတည်းက အခြေအနေအားလုံးကို ရိပ်မိပြီး 'ငါသည် စစ်သူကြီးလည်း မလုပ်လို၊ ဝတ်ကြောင်ဘဝတွင်လည်း မနေချင်၊ ရဟန်းပြု၍ တောထွက်မည်' ဟု နှလုံးသွင်းပြီးလျှင် ကျောက်ဖျာပေါ်မှတိတ်တဆိတ်ဆင်း၍ လုံခြုံသည့် တစ်နေရာ၌ သွားရောက်ပုန်းအောင်းနေသည်။ ပုရောဟိတ် ဦးဆောင်သော မင်းမှုထမ်းများသည် ဗြဟ္မဒတ္တကုမာရကို ထိုနေရာ၌ပင် အဘိသိက်သွန်းကာ မင်းအဖြစ် တင်မြှောက်၍ ရထားဖြင့် တင်ယူသွားကြသည်။ မင်းသားသည် ထိုအချိန်က မင်းပရိသတ်များဖြင့် ရှုပ်ထွေးနေ၍ ဒရိမုခပျောက်နေသည်ကို သတိပြုမိခြင်း မရှိချေ။

တူရိယာသံ၊ လူသံတို့ ငြိမ်းသွားမှ ဒရိမုခသည် ကျောက်ဖျာရှိရာသို့ ပြန်လာစဉ် ရွက်ဝါတစ်ခုသည် လေထဲတွင် ဝဲ၍ဝဲ၍ ဆင်းလာကာ ဒရိမုခရှေ့သို့ ကျလာသည်။ ဒရိမုခသည် ရွက်ဝါကို ကြည့်၍ ဖြစ်ပျက်မှုများကို နှလုံးသွင်းသည်။ လက္ခဏာယာဉ် သုံးပါးသို့ တင်၍ သုံးသပ်သည်။ ထိုခဏတွင်ပင် ပစ္စေကဗောဓိဉာဏ်ကို ရ၍ 'ပစ္စေကဗုဒ္ဓါ' အဖြစ်သို့ ရောက်ရှိသွားလေသည်။ သူသည် ဈာန်ယာဉ်စီးလျက် ဟိမဝန္တာရှိ နန္ဒမူလိုဏ်ဂူသို့ ကြွသွားလေ၏။

http://www.dhammadownload.com



မင်းစည်းစိမ် ယစ်မူးနေသော ဗြဟ္မဒတ္တကုမာရသည် ဒရီမုခကို ရုတ်တရက် သတိမရနိုင်။ နန်းသက် လေးဆယ်ပြည့်ခါနီးမှ သတိရလာကာ ဒရီမုခကို ရှာဖွေပေးနိုင်သူအား ကြီးစွာသော စည်းစိမ်ဥစ္စာများ ပေးအပ်မည်ဟု ကြေညာကာ ရှာဖွေစေသည်။ သို့သော် သတင်းအစအနသော်မျှ ကြားသိရခြင်းမရှိ။ ထိုအချိန်၌ ဒရီမုခ ပစ္စေကဗုဒ္ဓါသည် မိတ်ဆွေဖြစ်သူကိုဆင်ခြင်ကြည့်ရာ မိမိကို အောက်မေ့တမ်းတလျက်ရှိကြောင်း သိလိုက်ရသောကြောင့် မိတ်ဆွေဖြစ်သူအား တရားဟောရန် ကောင်းကင်ခရီးဖြင့် ကြွလာပြီးနောက် ဥယျာဉ်တော်သို့ ဆင်းသက်၍ ကျောက်ဖျာပေါ်၌ ထိုင်နေ၏။

ဥယျာဉ်မှူးသည် ဒရီမုခပစ္စေကဗုဒ္ဓါကို မြင်သော် သွားရောက်ဖူးမြော်ပြီး အကြောင်းစုံကို လျှောက်ထားမေးမြန်းသည်။ ထို့နောက် မင်းထံ အမြန်လျှောက်ထားသည်။ မင်းသည် ထိုသတင်းကို ကြားလိုက်ရသောအခါ ဥယျာဉ်တော်သို့ ကသောကမျော ထွက်လာလျက် ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရင်း ပဋိသန္ထာရ စကားဆိုသည်။ ထို့နောက် ပစ္စေကဗုဒ္ဓါက 'ကာမဂုဏ်သည် မြက်, မှော်, ကြာ စသည်တို့နှင့်တူသည်။ ညွန်အိုင်ကြီးနှင့်လည်း တူသည်။ ကာမဂုဏ်ဟူသည် အမြစ်သုံးခုတို့ဖြင့် ထောက်ကန်ထားသော ဘေးကြီးပင် ဖြစ်သည်' စသည်ဖြင့် ကာမဂုဏ်တို့၏ အပြစ်ကိုပြ၍ တရားဟောသည်။ သို့ရာတွင် မင်းက 'တပည့်တော်သည် ကာမဂုဏ်ကို မပယ်စွန့်နိုင်သေးပါ၊ ဤလူ့ဘဝဖြင့်ပင် ကုသိုလ်ကောင်းမှုများကို တိုးချဲ့ပြုလုပ်၍ နေပါတော့မည်'ဟု လျှောက်ထား၏။ ပစ္စေကဗုဒ္ဓါက ပဋိသန္ဓေနေရခြင်း၏ ဆင်းရဲ၊ ဖွားမြင်ချိန်၌ ခံစားရသော ဆင်းရဲ စသည်များကိုလည်း ဆက်၍ ဟောသည်။

ထို့နောက် 'မြတ်သော မင်းကြီး၊ သင်သည် ရဟန်းပြုသည် ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငါကား တာဝန်ကျေခဲ့ပြီ၊ သင်သည် မမေ့မလျော့ နေရစ်လော့'ဟု ဆိုပြီးလျှင် ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားသည်။ ဤတွင်မှ မင်းသည် သတိသံဝေဂကြီးစွာရ၍ သားတော်ကြီးအား ထီးနန်းကို လွှဲအပ်ပေးကာ မိမိကမူ ရသေ့ပြု၍ ဟိမဝန္တာသို့ ဝင်လေသည်။

**ဇာတ်ပေါင်း။** **။ မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** **။ ကာမဂုဏ်ခင်တွယ်နေလျှင် ဘဝ၏ငြိမ်းချမ်းမှုမရနိုင်။**

http://www.dhammadownload.com



# ၃၇၉။ နေရှဇာတ်

## နေမှုတောင်၌မနေလိုသူ ဟင်္သာညီနောင်

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရား ထံတော်မှ ကမ္မဋ္ဌာန်းယူ၍ နယ်စွန်ရွာငယ် တစ်ရွာ၌ လာရောက် သီတင်းသုံးသော ရဟန်းတစ်ပါးကို ရွာသားများသည် လွန်စွာပင် ကြည်ညို သဒ္ဓါပွားကြသည်။ ထို့နောက် ထိုရွာသို့ 'သဿတ' အယူရှိသူများ ရောက်လာကြပြန်ရာ ရွာသားများသည် ထိုရဟန်းကို ကျောခိုင်း၍ သဿတဝါဒရှင်များထံ ရောက်သွားကြသည်။ နောက်ထပ် 'ဥစ္ဆေဒဝါဒ'ရှင်များ ထပ်မံရောက်လာပြန်ရာတွင်လည်း ရွာသားများသည် သဿတဝါဒရှင်များကို စွန့်ခွာ၍ ဥစ္ဆေဒဝါဒရှင်များထံ သွားရောက်စုဝေးကြပြန်သည်။ ထို့နောက်တဖန် အစေလကအယူဝါဒရှိသူများ ရောက်လာသောအခါ ဥစ္ဆေဒဝါဒကို စွန့်၍ အစေလကဝါဒကို ယူပြန်ကုန်၏။ ဤဖြစ်ရပ်ကို သိတော်မူသော ဘုရားရှင်သည် ကျေးဇူး ရှိ၊ မရှိ မသိတတ်သော လူတို့အရပ်၌ မနေသင့်ကြောင်း ပြဆိုတော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ရွှေဟင်္သာမျိုး၌ဖြစ်၍ ညီငယ်ဟင်္သာနှင့်အတူ စိတ္တကုဋ်တောင်၌ နေသည်။ သို့ရာတွင် စားသောက်ချိန်၌မူဟိမဝန္တာမှ သလေးစပါးများကို သွားရောက် စားသုံးလေ့ ရှိကြရာ သူတို့ညီနောင်သည် အစာစားရာမှ ပြန်လာကြစဉ် လမ်းတွင် တွေ့ရသော 'နေရု'ဆိုသည့် ရွှေတောင်သို့ ခေတ္တဆင်းသက်ကြသည်။ ထိုတောင်ကိုမှီ၍ နေကြသော သား၊ ငှက်များ သည် ထိုတောင်၌ မနေမီ အရောင်အသွေးချင်း မတူကြဘဲ မျိုးရိုးလိုက်၍ ခြားနား ကြသည်။ ထိုနေရုတောင်သို့ ဝင်လာကြသောအခါ၌ကား တစ်ကောင်နှင့်တစ်ကောင် ကွဲလွဲမှုမရှိကြ တော့ဘဲ တောင်မှ အရောင်ပြန်ဟပ်မှုကြောင့် အားလုံး ရွှေရည်ဝင်းသွားကြသည်။ ထိုအကြောင်းကို မသိရှာသော ညီငယ်ရွှေဟင်္သာက 'အဘယ်ကြောင့် ဤသို့ ရှိနေရပါသနည်း၊ တောင်၏ အမည်နာမကို ဘယ်လို ခေါ်ပါသနည်း'ဟု နောင်တော်အား မေးသည်။

ထိုအခါ နောင်တော်က 'တောင်မှ ရောင်ပြန်ဟပ်မှုကြောင့် သားငှက်များ အားလုံး တစ်သွေး တစ်ရောင်တည်း ရှိနေကြသောကြောင့် နေရုတောင်ဟု ခေါ်ကြသည်'ဟု ပြောပြ၏။ တစ်ဖန်ဆက်၍ 'အကြင်အရပ်၌ သူတော်ကောင်းကို ချီးမြှောက်ခြင်းမရှိဘဲ သူယုတ်မာ များကိုသာ ချီးမြှောက်တတ်လျှင် ထိုအရပ်၌ မနေသင့်။ ပညာရှင်နှင့် ပညာမဲ့သူ၊ ရဲရင့်သူနှင့်

http://www.dhammadownload.com



ကြောက်တတ်သူကို ခွဲခြားမှုမရှိဘဲ တန်းတူရည်တူသာ အခွင့်အရေးပေးသော နေရာဒေသ၌ မနေသင့်။ ဤ 'နေရ'တောင်သည် အယုတ်, အလတ်, အမြတ်ဟူ၍ ခွဲခြားခြင်းမရှိဘဲ ထူးခြားစွာ ကျေးဇူးပြုမှု ကင်းဆိတ်သည်။ ထို့ကြောင့် ဤနေရတောင်ကို စွန့်ခွာကြစို့'ဟု ဆိုလိုက်သည်။ ထို့နောက် ဟင်္သာညီနောင်တို့သည် စိတ္တကုဋ်တောင်သို့ ဦးတည်ပျံထွက်လာခဲ့ကြလေသည်။

**ဇာတ်ပေါင်း။** ။ ညီငယ်ဟင်္သာ-အရှင်အာနန္ဒာ၊ အစ်ကိုဟင်္သာ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အရာရာ၌ တန်းတူရည်တူ မထားသင့်။

---

# ၃၈၀။ အာသင်္ကဇာတ်

## ရသေ့သမီးကို့မှ လိုချင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် အဘိညာဉ် သမာပတ်တို့နှင့် ပြည့်စုံသော ရသေ့ဘဝဖြင့် ဟိမဝန္တာ၌ နေသည်။ ဟိမဝန္တာရှိ ပဒုမ္မာကန်ထဲတွင် ဝေဝေဆာဆာပွင့်သည့်ပဒုမ္မာကြာပန်းတို့သည် ဟောင်းနွမ်း၍ ရင့်ရော် လာချိန်၌ ပြတ်ကြွေသွားကြမြဲဖြစ်သည်။ သို့ရာတွင် တစ်ရာသီ၌ ဖူးငုံလာသော ပဒုမ္မာ တစ်ခုကမူ သာမန်ထက် အရွယ်အစား ကြီးမားရုံမျှမက တစ်ရက်တည်းအတူ ဖူးငုံလာသော အခြားကြာငုံများ ပွင့်ကြွေပြတ်သွားကြပြီးသည့်တိုင် ထိုကြာငုံသည် ပွင့်အာ၍ မလာနိုင်သေး။ ရသေ့ကြီးက 'ဘယ်သဘောပါလိမ့်'ဟု တွေး၍ ကြာငုံကြီးရှိရာသို့ ကူးခတ်လာပြီး ကြာငုံကို ဖွင့်လှစ်၍ ကြည့်သည်။ ထိုအခါ ကြာငုံထဲတွင် သူငယ်မလေး တစ်ယောက်ကို တွေ့ရသဖြင့် ကျောင်းသို့ ခေါ်ယူ၍ သမီးအမှတ်ဖြင့် မွေးစားထားသည်။

သူငယ်မသည် ရုပ်ဆင်းအင်္ဂါ လွန်စွာလှပသည်။ တစ်နေ့တွင် ရသေ့ကြီးအား ခစားရန် ရောက်လာသော သိကြားမင်းသည် ထိုသူငယ်မကို တွေ့သွားရာမှ သူငယ်မ

http://www.dhammadownload.com



အတွက် နေစရာ၊ အဝတ်တန်ဆာ၊ အိပ်ရာနှင့် ထမင်း အဖျော် စသည်တို့ကို ဖန်ဆင်းပေးခဲ့သည်။

တစ်နေ့တွင် မုဆိုးတစ်ယောက်သည် တောလည်ရင်း ရသေ့ကြီးကျောင်းသို့ ရောက်လာစဉ် ထိုအကြောင်းကို သိသွားကာ ဗာရာဏသီသို့ ပြန်ရောက်သောအခါ မင်းကြီးထံဝင်၍ သတင်းပေးသည်။ မင်းကြီးသည် မုဆိုးကို လမ်းညွှန်ပြု၍ စစ်အင်္ဂါလေးပါး ဖြန့်ခင်းပြီး ဟိမဝန္တာသို့ လှည့်ဝင်ကာ ရသေ့ကြီးနှင့် ဆုံတွေ့စဉ် 'အရှင်ဘုရား၊ မိန်းမတို့မည်သည် မြတ်သော အကျင့်ကို ကျင့်သော ရသေ့ ရဟန်းတို့နှင့် မလျော်ကန်ပတ်ပါ၊ အရှင်ဘုရား၏သမီးကို ပြုစုလုပ်ကျွေးပါရစေ'ဟု လျှောက်ထားလေသည်။

ရသေ့ကြီးတွင် လျှို့ဝှက်ချက်တစ်ခုရှိသည်။ ထိုအချက်မှာ ကြာငုံကြီး ပွင့်အာခြင်း မရှိသည်မှာ 'ဘယ်သုဘောပါလိမ့်'ဟု တွေးတောခြင်းရှိခဲ့ရ၍ သတို့သမီးကို 'အာသင်္ကာ'ဟု အမည်ပေးထားခဲ့သည်။ ယခု ယင်းကို ဖော်ထုတ်လိုသော ရသေ့ကြီးသည် 'ငါ့သမီး၏ အမည်ကို ပြောနိုင်လျှင် ယူသွားလော့'ဟု ဆိုသည်။ မင်းကြီးသည် ထိုနေ့မှစ၍ အမတ်များနှင့် တိုင်ပင်ပြီး ရှားပါးသော အမည်များကို ရွေးထုတ်ကာ ရသေ့ကြီးအား တင်ပြသည်။ ရသေ့ကြီးက 'သင့်အမည်များထဲတွင် မပါဝင်သေး'ဟု ဆို၍ ပယ်ချသည်။ သို့ဖြင့် တစ်နှစ်ကုန်လွန်သွားခဲ့ရသည်။ ထို့ကြောင့် မင်းကြီးက 'သည်မိန်းမကို မလိုချင်တော့'ဟု ဆို၍ ပြန်တော့မည့်အကြောင်းကို ရသေ့ကြီးထံ သွားရောက်အသိပေးလိုက်သည်။

ထိုအချိန်၌ ဖန်နန်းရှင်သည် လေသာပြတင်းဝတွင် ရပ်လာပြီး မင်းကြီး မြင်သာစေရန် ကိုယ်ရောင်ပြ၍ 'မြတ်သောမင်းကြီး၊ ငါကဲ့သို့သော မိန်းမကို အဘယ်မှာ ရနိုင်ပါအံ့နည်း' စသည်ဖြင့် အားပေးစကားဆိုသည်။ မင်းကြီး မပြန်ဖြစ်တော့ဘဲ အမည်သစ်များ ကြံတွေး၍ တင်ပြပြန်သည်။ ရသေ့ကြီးက ပယ်ချသည်ချည်း ဖြစ်သည်။ ဒုတိယနှစ် ကုန်လွန်သွားပြန်သည်။ မင်းကြီး စိတ်ပျက်၍ ပြန်မည်ပြုသော်လည်း မပြန်ဖြစ်ခဲ့ပေ။ ဖန်နန်းပျိုသည် ပြတင်းဝတွင် ရပ်လာပြန်ကာ 'မြတ်သောမင်းကြီး၊ အဘယ်ကြောင့် ပြန်သွားရမည်နည်း၊ တကယ်လိုလားတောင့်တလျှင် မပြည့်စုံဟူ၍ မရှိနိုင်ပါ' စသော စကားများဖြင့် အားပေးစကားဆိုသည်။ မင်းကြီးအား ညှို့ထားလိုက်သည်။ တတိယနှစ်တွင် ထူးပေ့ဆန်းပေ့ဆိုသော အမည်သစ်များကို ရသေ့ကြီးထံ တင်ပြရာ 'သူ့အမည်ကို သင်မသိသေးပါဘူး'ဟု ဆို၍ ပယ်ချခြင်း ခံလိုက်ရပြန်သည်။ တတိယနှစ် ကုန်ဆုံးသွားခဲ့ရပြန်သည်။

မင်းကြီးသည် အကြီးအကျယ် စိတ်ပျက်လာသဖြင့် သည်တစ်ခါ တကယ်ပြန်တော့မည် ဖြစ်ကြောင်း ရသေ့ကြီးကို သွားရောက်လျှောက်တင်သည်။ သည်တစ်ခါ

http://www.dhammadownload.com



တွင်လည်း ဖန်နန်းမယ်သည် ပြတင်းပေါက်နားသို့ ကပ်လာသည်ကို မြင်တွေ့ကြရသည်။ သူ့ကို မင်းကြီးက 'သင်နေရစ်ခဲ့တော့၊ ငါသွားတော့မည်၊ သင်သည် ငါ့ကို အပြောချိုချို ဖြင့်သာ နှစ်သိမ့်မှု ပေးထားသည်။ ကာမနှင့်ယှဉ်သော မွေ့လျော်မှုကို မပေးအပ်ခဲ့' စသည်ဖြင့် များစွာသော စကားတို့ဖြင့်လည်း နာနာကျည်းကျည်း ပြောသည်။ နောက်ဆုံး စကားထဲ၌မူ 'ငါ့တွင် မိုလ်ပါနှင့် ရိက္ခာများလည်း မရှိတော့။ မိမိအသက်၏ ပျက်စီးခြင်း၌ (အာသင်္ကာ) ယုံမှားလာမိသည်' ဆိုသော စကားတစ်ခွန်း ပါရှိသွားသည်။

ထိုစကားကို သတိပြုလိုက်မိသော ဖန်နန်းမိုကြ 'မြတ်သောမင်းကြီး၊ သင်သည် ငါ့အမည်ကို မသိဟု ဆိုသော်လည်း သင့်စကားထဲတွင် ငါ့အမည် ပါသွားခဲ့ပြီ၊ ဤစကား တစ်ခွန်းသည် ငါ၏အမည်ဖြစ်သည်၊ အဖအား ပြော၍ ငါ့ကို ဆောင်ယူသွားပါလော့'ဟု ပြောလိုက်သည်။ ထိုအခါကျမှ ဗာရာဏသီမင်းသည် ရသေ့ကြီးထံသွား၍ အမည်ကို ပြောလိုက်ရာ ရသေ့ကြီးသည် သမီးအား ခေါ်ယူသွားခွင့် ပေးသည်။

ဇာတ်ပေါင်း။ ။ အာသင်္ကာသံတို့သမီး-မယားဟောင်း။ မင်း-ငြီးငွေ့သောရဟန်း၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကိလေသာနှောင်ကြိုးတည်းမိလျှင် ပြတ်နိုင်ခဲသည်။

---

# ၃၈၁။ မိဂါလောပဇာတ်

## စကားနားမထောင်သော လင်းတ

### ပစ္စုပ္ပန်ဝတ္ထု

ပြောရဆိုရခက်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အပရန္န မည်သော လင်းတမင်းဖြစ်၍ 'မိဂါလောပ'ဆိုသော သားလင်းတ တစ်ကောင်နှင့် အတူ ဂိဇ္ဈကုဋ်တောင်၌ နေသည်။ သား မိဂါလောပသည် ခွန်အားနှင့် ပြည့်စုံသလောက် ဆိုဆုံးမရခက်သည်။ သူသည် လင်းတငှက်တစ်ကောင်၏ ပျံတက်သင့်သည့် အမြင့်နှုန်း ကို ကျော်လွန်၍ ပျံတက်လေ့ရှိသည်။ ထိုအကြောင်းကို ကြားသိရသော ဖခင်လင်းတမင်းက

http://www.dhammadownload.com



အကျိုးမဲ့ စွန့်စားမှုမပြုရန် ဆုံးမသည်။ မိမိနှင့် လျော်သည့် အမြင့်နှုန်းထက် ပို၍ မပျံရန် တားမြစ်သည်။ မိဂါလောပက နာယူခြင်းမရှိချေ။

တစ်ခါတွင် ဖခင်၏ ဆုံးမစကားကို နားမထောင်သော ထိုမိဂါလောပသည် မိမိ၏ ပျံတက်သင့်သည့် ပမာဏထက် ပိုလွန်၍ ပျံတက်သွားရာ 'ကာလလေထု'ထဲသို့ ရောက်သွားသည်။ ထိုမှဆက်တက်သွားပြန်ရာ 'ဝေရမ္ဘ'လေထုထဲသို့ ရောက်သွားသည်။ ဝေရမ္ဘလေထုထဲသို့ ဝင်မိသောအခါ၌ကား သူ့ကိုယ်သည် အပိုင်းပိုင်းပြတ်၍ ကောင်းကင်ထဲ၌ ပျောက်ကွယ်သွားရလေသည်။

**ဇာတ်ပေါင်း။** ။ မိဂါလောပ-ဆုံးမရခက်သော်ရဟန်း၊ လင်းတမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဆုံးမမှုကိုမနာခံသူသည် ပျက်စီးရမြဲဖြစ်သည်။

---

# ၃၈၂။ သိရိကာဠကဏ္ဏိဇာတ်

## ကာဠကဏ္ဏီနတ်သမီးနှင့် သိရီနတ်သမီး

**ပစ္စုပ္ပန်ဝတ္ထု**

အနာထပိဏ်သူဌေးသည် သောတာပတ္တိဖိုလ်၌ တည်ပြီးချိန်မှစ၍ သူ၏မိသားစုနှင့် အိမ်အမှုထမ်း အားလုံးတို့ကို ငါးပါးသီလ၌ တည်မြဲစေသည်။ ရဟန်းများက 'အနာထပိဏ်သူဌေးသည် မိမိလည်း စင်ကြယ်သည်။ စင်ကြယ်သော အခြံအရံရှိသူလည်း ဖြစ်သည်'ဟု ဆိုကြသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီပြည်၌ 'သုစိပရိဝါရ'ဟူသော သူဌေးကြီး ဖြစ်နေသည်။ သူသည် အလှူပေးခြင်း၊ သီလဆောက်တည်ခြင်း၊ ဥပုသ်စောင့်သုံးခြင်းတို့၌ အလေ့ထုံ၍ သူ့မိသားစုနှင့် မိမိအမှုထမ်းအားလုံးတို့ကိုလည်း ငါးပါးသီလ၌ တည်စေသည်။ တစ်ခါတွင် သူဌေးကြီးသည် 'ငါ့ထက်အကျင့်သီလ၌ စင်ကြယ်သူ တစ်ယောက် ရောက်လာခဲ့လျှင် ထိုသူအား ငါ၏ ပလ္လင်၊ အိပ်ရာ၊ နေရာများ၌ နေရာချထားပေး၍ မသင့်လျော်၊ အသုံးမပြုရသေးသည့် နေရာသစ်ကို ပေးရမည်'ဟု တွေးမိသည်။ ထိုသို့ တွေးမိသည့်အတိုင်း တိုက်ခန်းထဲမှ မိမိ၏ အိပ်ရာဘေးတွင် သစ်လွင်သော ပလ္လင်နှင့် အိပ်ရာများကို ခင်းထားစေသည်။

http://www.dhammadownload.com



ထိုအချိန်၌ စတုမဟာရာဇ်နတ်ပြည်မှ ဝိရူပက္ခနတ်မင်းကြီး၏ သမီး ကာဠကဏ္ဏီ နတ်သမီးနှင့် ဓတရဋ္ဌနတ်မင်းကြီး၏ သမီး 'သိရီနတ်သမီး'တို့သည် အနောဝတတ်အိုင်၌ သူ့အလျင် ရေချိုးသင့်သည်။ ငါအလျင် ရေချိုး သင့်သည် စသည်ဖြင့် အငြင်းအခုံဖြစ်၍ အဆင့်ဆင့် အဆုံးအဖြတ်ခံကြရာ သိကြားမင်းက ဗာရာဏသီမြို့မှ သုစိပရိဝါရသူဌေး အိမ်သို့ သွားကြရန် လမ်းညွှန်လိုက်သည်။ 'ထိုအိမ်မှ အိပ်ရာသစ်ပေါ်တွင် ထိုင်ခွင့်၊ အိပ်ခွင့်ရသူသည် ဦးစွာရေချိုးသင့်သူ ဖြစ်လိမ့်မည်'ဟု မှာကြားထားလိုက်လေသည်။

ဤစကားကို ကြားလိုက်ရသည်နှင့် ကာဠကဏ္ဏီနတ်သမီးသည် ရတ်ခြည်းပင် ညိုသောအဝတ်ကို ဝတ်လိုက်ပြီး အညိုရောင် နံ့သာပျောင်းဖြင့် လိမ်းခြယ်ကာ ပတ္တမြား ညိုကို ဆင်မြန်း၍ သူဌေးကြီး၏ အိပ်ရာတိုက်ခန်းထဲသို့ လာခဲ့သည်။ ညိုသော အရောင်ကို ထုတ်လွှတ်၍ ကောင်းကင်ပေါ်၌ ရပ်တည်ပြလိုက်ရာ သူဌေးကြီးသည် သူ့ကို မြင်လိုက်ရကတည်းက နှစ်သက်လိုလားခြင်းမရှိ၍ 'သင်သည် အဘယ်အမည် ရှိသနည်း၊ အဘယ်သူ၏ သမီးနည်း'ဟု မေး၏။ ကာဠကဏ္ဏီက 'ငါသည် ဝိရူပက္ခနတ်မင်း၏ သမီးဖြစ်သည်။ အမည်မှာ ကာဠကဏ္ဏီဟုခေါ်သည်။ သူဌေးကြီးထံ၌ တည်းခိုလို၍ လာခဲ့ခြင်း ဖြစ်သည်'ဟု ပြန်ကြားသည်။

ထိုအခါ သူဌေးကြီးက 'သင်သည် မည်သို့သော ယောကျ်ားမျိုး၌ စိတ်ဝင်စား တတ်သနည်း'ဟု မေးရာ နတ်သမီးက 'အကြင်ယောကျ်ားသည် ကျေးဇူးကို ချေဖျက် တတ်၏၊ အပြိုင်အဆိုင်ပြုတတ်၏၊ မည်သည့်နေရာမဆို လွန်လွန်ကဲကဲ ပြုတတ်၏၊ ငြူစူတတ်၊ ဝန်တိုတတ်၊ စဉ်းလဲတတ်၏၊ ရလာသော စည်းစိမ်ဥစ္စာကိုလည်း ဖျက်ဆီး တတ်၏၊ ထိုယောကျ်ားမျိုးကိုမှ စိတ်ဝင်စားလေ့ရှိပါသည်' စသော စကားတို့ဖြင့် သူ လိုလားသော ယောကျ်ားကို ပြောပြလေသည်။ ထိုစကားမျိုးကို မနှစ်သက်သောကြောင့် သူဌေးကြီးသည် ကာဠကဏ္ဏီနတ်သမီး၏ ခွင့်ပန်ကြားချက်ကို ငြင်းပယ်လိုက်ကာ အိမ်ထဲမှ နှင်ထုတ်လေသည်။

ထိုနတ်သမီး ထွက်သွားသောအခါ သိရီနတ်သမီး ဝင်လာသည်။ သူမသည် ရွှေသားအဆင်းရှိသည့် အဝတ်နံ့သာပျောင်းနှင့် တန်ဆာများကို ဝတ်ဆင်လိမ်းခြယ်လာပြီး ရွှေသော ကိုယ်ရောင်ကို ထုတ်လွှတ်၍ အိပ်ခန်းတံခါးဝမှ ညီညာသော မြေပြင်တွင် ခြေစုံရပ်၍ တည်လာသည်။ သူဌေးကြီးသည် သူ့ကိုလည်း ပထမနတ်သမီးကို မေးခဲ့ သကဲ့သို့ မေးရာ 'ကျွန်ုပ်သည် ဓတရဋ္ဌနတ်မင်းကြီး၏သမီးဖြစ်ပါသည်။ အမည်မှာ သိရီ ဟုခေါ်၍ သူဌေးကြီးထံတွင် တည်းခိုလို၍လာခဲ့ခြင်းဖြစ်သည်'ဟု သိမ်မွေ့စွာပြောပြသည်။

http://www.dhammadownload.com



ဤတွင် သူဌေးကြီးက ရှေးနည်းတူ မည်သို့သော ယောက်ျားမျိုး၌ စိတ်ဝင်စားကြောင်းကို မေးရာ 'အကြင်ယောက်ျားသည် အခါမရွေး အားထုတ်မှု လုံ့လနှင့် ပြည့်စုံ၏။ မျက်မှောက်၌ ဖြစ်ပေါ်လာသော အကျိုးစီးပွားကိုလည်း မဆုတ်ယုတ်စေ၊ အမျက်လည်း မထွက်တတ်၊ အဆွေခင်ပွန်းကောင်းလည်း ရှိ၏။ စွန့်ကြဲပေးကမ်းခြင်းလည်း ရှိ၏။ သီလနှင့်လည်း ပြည့်စုံ၍ စဉ်းလဲခြင်းလည်းမရှိ၊ ရိုးဖြောင့်ခြင်းရှိ၏။ ထိုယောက်ျားမျိုးကိုမှ ကျွန်ုပ် စိတ်ဝင်စားပါသည်' စသော စကားများဖြင့် သိရီနတ်သမီးက သူစိတ်ဝင်စားသော ယောက်ျားပုံစံကို ပြန်ကြားသည်။

သူဌေးကြီး သဘောကျသွားသောကြောင့် မိမိ၏ တိုက်ခန်းထဲမှ အိပ်ရာပေါ်၌ အိပ်ခွင့်ပေးလိုက်သည်။ သိရီနတ်သမီးသည် နံနက်လင်းချိန်၌ အိပ်ရာမှထ၍ အနောဝတတ်အိုင်ရှိရာသို့သွားပြီး ရှေးဦးစွာ ရေချိုးခွင့်ရရှိသွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ သိရီနတ်သမီး-ဥပ္ပလဝဏ်၊ သုစိပရိဝါရသူဌေး-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကိုယ်ကျင့်တရားကောင်းသူသည် အရာရာ၌သာမြ။

---

# ၃၈၃။ ကုက္ကုဋဇာတ်

## လှည့်စားတတ်သော ကြောင်မ

**ပစ္စုပ္ပန်ဝတ္ထု**

လုပစွာ ဝတ်စားဆင်ယင်ထားသော အမျိုးသမီးတစ်ဦးကို တွေ့မြင်မိရာမှ လူထွက်လိုစိတ်ဖြစ်လာသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် တောတစ်ခု၌ ကြက်မင်း ဖြစ်နေသည်။ ထိုကြက်မင်း၌ အခြံအရံကြက် များစွာရှိသည်။ တစ်နေ့တွင် အခြံအရံကြက်များသည် အနီးရှိ ကြောင်မ တစ်ကောင်၏ ဖမ်းယူစားသောက်မှုကြောင့် တဖြည်းဖြည်း လျော့ပါးလာသည်။ နောက်ဆုံးတွင် ဘုရားလောင်း ကြက်မင်း တစ်ကောင်သာ ကျန်တော့သည်။

ထိုကြောင်မသည် ကြက်မင်းကိုလည်း စားလို၍ 'ဤကြက်သည် လွန်စွာလိမ္မာသည်။ ဤကြက်ကို စားရစေရန် နည်းပရိယာယ်သစ်တစ်ခု ထွင်မှဖြစ်မည်'ဟု နှလုံး

http://www.dhammadownload.com



သွင်းကာ တစ်နေ့တွင် ကြက်မင်း နားနေသော သစ်ပင်အောက်သို့ လာခဲ့သည်။ ကြက်မင်းကို မော်ကြည့်၍ 'လှပဆန်းကြယ်သော အတောင်များနှင့် နီသော ဦးစွန်းရှိသော ငှက်၊ အောက်သို့ ဆင်းလာခဲ့ပါ၊ ငါသည် သင့်အတွက် အခမဲ့ မယားအဖြစ် ထမ်းဆောင်ပါမည်' ဟု ပြောသည်။ ကြက်မင်းသည် သူ့အကြံကို ရိပ်မိ၍ 'ကြောင်မ၊ သင်သည် အခြေလေးချောင်းရှိသူ ဖြစ်သည်။ ငါမှာ အခြေနှစ်ချောင်းသာပါသည်။ သင်နှင့် ငါသည် ယှဉ်ဖက်၍ မလျှော်ပါ၊ အခြားအခြား သင့်လျော်ရာ လင်တစ်ကောင်ကို သွားရှာပါလော့' ဟု ဆိုသည်။

သို့ရာတွင် ဖွဲကောင်းသော ကြောင်မက အားမလျှော့ဘဲ ဆက်လက်ဖြားယောင်းနေပြန်ရာ စိတ်တိုလာသော ကြက်မင်းက 'အပုပ်ကောင်များကို စားလေ့ရှိသော၊ သွေးကိုသောက်တတ်သော၊ ကြက်များကို သတ်တတ်သော အယုတ်တမာမ၊ သင်သည် ငါ့ကို လင်မတော်ချင်လင့်' ဟု ခပ်ဆတ်ဆတ် ပြောလိုက်သည့်အခါတွင်မှ ကြောင်မသည် ထွက်ပြေးသွားတော့သည်။

**ဇာတ်ပေါင်း။** ။ ကြက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဖြားယောင်းမှု၏နောက်ကွယ်တွင် ဘေးရန်ရှိတတ်သည်။

---

## ၃၈၄။ ဓမ္မဓဇဇာတ်

### သူတော်ယောင်ဆောင်သော ကျီး

**ပစ္စုပ္ပန်ဝတ္ထု**

ထူးဆန်းအံ့ဖွယ်ရာ လုပ်ပြတတ်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သမုဒ္ဒရာအလယ် ကျွန်းငယ်တစ်ခုတွင် ငှက်မင်း ဖြစ်နေသည်။ ထိုငှက်မင်း၌ အခြံအရံ ငှက်ပရိသတ်များစွာရှိသည်။ တစ်နေ့တွင် ကာသိတိုင်းသားတို့သည် 'ဒိသာကာကကျီး' ကို လှေဖြင့်တင်၍ ခရီးထွက်လာခဲ့ကြရာ သမုဒ္ဒရာအလယ်၌ လှေပျက်သဖြင့် ကျီးသည် ဘုရားလောင်းငှက်မင်းနေသည့် ကျွန်းပေါ်သို့ ရောက်လာသည်။ သူသည် ကျွန်းပေါ်သို့ ရောက်လျှင်ပင် မြေပြင်

http://www.dhammadownload.com



တွင် ခြေတစ်ဖက်တည်းချ၍ ရပ်သည်။ ခံတွင်းကိုလည်း အမြဲတမ်းဖွင့်ဟ၍ထားသည်။ ဤသို့ ပြုရခြင်း၏ အကြောင်းရင်းကို ငှက်များကမေးသောအခါ ငါ၏ခြေတစ်ဖက်ကို ချနင်းလိုက်ပါက ကမ္ဘာမြေပြင်သည် ထမ်းဆောင်ထားခြင်းငှာ စွမ်းနိုင်မည် မဟုတ်၊ တစ်ပါးသော အစာကိုမစားဘဲ လေကိုသာ စားသုံးသောကြောင့် ခံတွင်းကို အမြဲဟထားခြင်း ဖြစ်သည်ဟု ပြောသည်။

ထို့နောက် သူသည် ကျွန်းပေါ်မှ ငှက်များအား 'သင်တို့သည် သုစရိုက်တရားများကိုသာ ကျင့်ကြံအားထုတ်ကြလော့၊ သင်တို့အား ကောင်းကျိုးချမ်းသာသည် မုချ ဖြစ်လိမ့်မည်။ တရားကို ကျင့်သုံးသောသူသည် မျက်မှောက်တမလွန် နှစ်တန်သော ဘဝတို့၌ ချမ်းသာသုခကို ရရှိနိုင်သည်' စသည်ဖြင့် ဆုံးမဩဝါဒပေးရင်း သူ့ကိုယ်သူလည်း 'ဓမ္မိက' (တရားရှင်)ဟု ခေါ်ကြောင်း ကြေညာသည်။

သူ၏ နေထိုင်ပုံ ထူးခြားမှုကြောင့် ငှက်များသည် သူ့ကို အထင်ကြီးကြသည်။ ငှက်များ အစာရှာ ထွက်သွားချိန်၌ ငှက်ဥများနှင့် ငှက်ငယ်ကလေးများကို စောင့်ရှောက်ပေးရန် တာဝန်ပေးခဲ့ကြသည်။ ငှက်များ ထွက်ခွာသွားချိန်၌ ဥများနှင့် ငှက်ငယ်များကို ဝမ်းပြည့်အောင် စားထားသည်။ ငှက်များ ပြန်ရောက်လာချိန်တွင် ခြေတစ်ချောင်းကို ထောက်ထားပြီး ပါးစပ်ကို ဖွင့်လျက် ဟန်မပျက် နေထိုင်သည်။ သားငယ်ငှက် ပျောက်သော ငှက်များနှင့် ဥလျော့ပါးသွားသော ငှက်များသည် ညည်းစီစီ ဖြစ်ကုန်ကြသော် တရားခံ ရှာကြသည်။ ဒိသာကာက ကျီးကိုမူ တရားရှင်ဖြစ်၍ မထင်မိကြပေ။

သို့ရာတွင် ဘုရားလောင်း ငှက်မင်းကမူ ဤနေရာတွင် ဤဖြစ်ရပ်မျိုး မပေါ်ပေါက်စဖူး၊ သူ ရောက်လာပြီးသည့်နောက်မှ ကြုံတွေ့ရသည်ဟု တွေးမိသဖြင့် အစာရှာ သွားဟန်ပြု၍ သူတော်ယောင်ကျီး၏ အခြေအနေကို ပုန်းကွယ်စောင့်ကြည့်နေသည်။ ဒိသာကာကက ငှက်များအဝေးကို ရောက်သွားသည်နှင့် ငှက်ငယ်များနှင့် ဥများကို စိတ်ချလက်ချ စားသောက်လေ၏။ ဝမ်းဝတော့မှ ဟန်မပျက် ပြန်နေလိုက်သည်။

ထိုအကြောင်းကို အစမှ အဆုံးတိုင် မျက်ဝါးထင်ထင် မြင်တွေ့ရသော ငှက်မင်းသည် ငှက်များအစာရှာရာမှ ပြန်ရောက်လာချိန်၌ အလုံးစုံကို ပြောပြသည်။ ထို့နောက် သူတော်ယောင်ဆောင် ကျီးမိုက်ကို ဝိုင်းဝန်းတိုက်ခိုက်ကြရာ ကျီးသည် ပြေးခွင့်မသာဘဲ သေပွဲဝင်ရလေသည်။

**ဇာတ်ပေါင်း။** ။ ကျီး-အုံ့ဖွယ်ကိုဖြစ်စေတတ်သောရဟန်း၊ ငှက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အပြောနှင့်အလုပ်မညီသူ သူယုတ်မာ။

http://www.dhammadownload.com



# ၃၈၅။ နန္ဒိယမိဂရာဇ ဇာတ်

## မိဘကျေးဇူးသိသော သမင်

**ပစ္စုပ္ပန်ဝတ္ထု**

အမိကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကောသလတိုင်း သာကေတမြို့၌ ကောသလမင်းကြီးစိုးစံစဉ် ဘုရားလောင်း 'နန္ဒိယမိဂ' သမင်သည် မိဘများကို လုပ်ကျွေးလျက်ရှိနေသည်။ သမင်သား ကြိုက်သော ကောသလမင်းအတွက် ပြည်သူများသည် နေ့စဉ် သမင်လိုက်ပေးကြရသည်။ ကြာသော် အလုပ်အကိုင်ပျက်မှုကို မခံနိုင်ကြတော့သဖြင့် တောထဲမှ သမင်များကို မောင်းထုတ်ကာ မင်း၏ ဥယျာဉ်၌ လှောင်ထားကြသည်။

ထိုအချိန်မှစ၍ မင်းကြီးသည် တစ်ခါတစ်ရံ ကိုယ်တိုင်၊ တစ်ခါတစ်ရံ မင်းမှုထမ်း တစ်ယောက်ကို စေလွှတ်၍ သမင်တစ်ကောင်ကျစီ ပစ်ယူစေသည်။ သမင်များသည် အချင်းချင်း အလှည့်ကျ စီစဉ်ထားကြရာ အလှည့် ရောက်လာသော သမင်သည် အသင့် ရှိနေရသည်။ တစ်နေ့တွင် နန္ဒိယသမင်သည် အသတ်ခံရမည့် အလှည့်သို့ ရောက်လာရာ သတ်မှတ်ထားသော နေရာသို့သွားသည်။ ကြောက်ရွံ့ခြင်း ကင်းမဲ့စွာ မေတ္တာတရားကို ပွားများရင်း ရပ်နေသည်။

ရောက်လာသော မင်းသည် နန္ဒိယကို မြားဖြင့်ပစ်ခွင်းရာ နန္ဒိယ၏ မေတ္တာ အာနုဘော်ကြောင့် ပစ်၍မရချေ။ နန္ဒိယက 'မြတ်သောမင်းကြီး၊ အဘယ့်ကြောင့် မြားကို မလွှတ်သနည်း၊ လွှတ်ပါလော့'ဟု ဆိုသည်။ မင်းကြီးက သင်၏ မေတ္တာအာနုဘော် ကြောင့် ပစ်လွှတ်၍ မရကြောင်း ပြန်ကြားသည်။ ဤတွင် နန္ဒိယက 'မြတ်သောမင်းကြီး၊ သင်သည် ဂုဏ်ရှိသူ၏ ကျေးဇူးကို သိတော်မူပါလော့' ဟု ဆိုသော် မင်းကြီး သတိရ သွားသည်။ 'အသိဉာဏ်ကင်းမဲ့သော ဤမြားသည်ပင် သင်၏ ကျေးဇူးကို သိသေးသည်။ ငါသည် အသိဉာဏ်ရှိသူ လူဖြစ်လျက် သင်၏ ကျေးဇူးကို မသိတတ်ခဲ့၊ သမင်မင်း၊ ငါအား သည်းခံခွင့်လွှတ်ပါလော့၊ ငါသည် သင့်အား ဘေးမဲ့ပေးပါသည်'ဟု ဆိုသည်။ နန္ဒိယသမင်သည် မိမိတစ်ဦးတည်း လွတ်ငြိမ်းခွင့် ရရုံမျှဖြင့် မကျေနပ်ဘဲ ဥယျာဉ်ထဲမှ

http://www.dhammadownload.com



သမင်များ အားလုံးအတွက်ပါ တောင်းဆိုသည်။ တစ်ဖန်ဆက်၍ ကုန်းနေသတ္တဝါ၊ ရေနေသတ္တဝါ၊ ကောင်းကင်တွင် ကျက်စားနေသော သတ္တဝါများအတွက်ပါ တောင်းဆိုပြန်ရာ မင်းကြီးသည် တောင်းဆိုသမျှ သတ္တဝါအားလုံးတို့အတွက် ဘေးမဲ့ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ ထိုအခါက မိဘသမင်များ-ယခု မြတ်သော မင်းမျိုးများ၊ ပုဏ္ဏား-အရှင်သာရိပုတ္တရာ၊ မင်း-အရှင်အာနန္ဒာ၊ နန္ဒိယသမင်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လူဖြစ်တိုင်းကျေးဇူးသိတတ်သည် မဟုတ်။

**အဝါရိယဝဂ် ပြီးပြီ။**

---

# ၂။ ခရပုတ္တဝဂ်

## ၃၈၆။ ခရပုတ္တဇာတ်

### ကျေးဇူးသိတတ်သော နဂါးမင်း

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း၏ ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်းဖြစ်နေသည်။ တစ်နေ့တွင် လူ့ပြည်သို့ အစာရှာထွက်လာသော နဂါးမင်းသည် လူ့ပြည်၌ ကလေးငယ်တစ်သိုက်နှင့် ဆုံတွေ့လေသည်။ ကလေးငယ်များက မြွေဟု ထင်မှတ်ပြီး ခဲ, တုတ်များဖြင့် ဝိုင်း၍ ပစ်ခတ်ကြသည်။ ထိုအချိန်၌ 'သေနကမင်း' ဥယျာဉ်တော်သို့ ထွက်တော်မူလာရာ ဤမြင်ကွင်းကို မြင်၍ ကလေးများကို ခြောက်လှန့်မောင်းထုတ်ကာ နဂါးမင်းအား အသက်ဘေးမှ ကယ်လိုက်သည်။

ကျေးဇူးကို သိတတ်သော နဂါးမင်းသည် သေနကမင်းအား သူ့တွင် ပါလာသော ရတနာများ၊ ကာမဂုဏ်၌ ရောင့်ရဲတင်းတိမ်နိုင်ခြင်း မရှိသော နဂါးလုံ့မငယ် တစ်ယောက်နှင့်

http://www.dhammadownload.com



နဂါးလုံမယ် ပျောက်သွားခဲ့လျှင် ရှုတ်အံမန်းမှုတ်ရမည့် မန္တရားတစ်ပုဒ်ကိုလည်း သင်ကြား ပေးသည်။

တစ်နေ့ သေနကမင်းသည် နဂါးလုံမယ်နှင့်အတူ ဥယျာဉ်ရေကန်တွင် သွား ရောက်၍ ရေကစားရင်း နဂါးလုံမယ်ကို မတွေ့၍ မန္တရားကို မန်းမှုတ်လိုက်ရာ ရေမြွေနှင့် မေထုန်မှု ပြုနေသည်ကို မြင်တွေ့ရသဖြင့် နဂါးလုံမယ်ကို ဝါးခြမ်းစိတ်ဖြင့် ရိုက်လိုက် သည်။ ဤသည်ကို နဂါးလုံမယ်က မကျေနပ်၍ နဂါးပြည်သို့ တိတ်တဆိတ်ပြန်သွားပြီး 'သင် မင်းကြီး၏ မိတ်ဆွေသည် သူ့စကားကို မနာခံ၍ ငါ့ကို ရိုက်သည်'ဟု နဂါးမင်း အား ဒဏ်ရာကိုပြ၍ တိုင်ကြားရာ အဖြစ်မှန်ကို မသိသော နဂါးမင်းသည် သေနကမင်း အား နှာခေါင်းလေဖြင့် မှုတ်သတ်ရန် နဂါးလုလင်လေးယောက်ကို စေလွှတ်လိုက်သည်။

ထိုနဂါးလုလင်တို့သည် သေနကမင်း စက်တော်ခေါ်ချိန်၌ အိပ်ရာ တိုက်ခန်းထဲသို့ ဝင်မိကြလျှင် မိဖုရားကြီးအား နဂါးလုံမယ် အကြောင်းကို ပြောပြလျက်ရှိသော သေနက မင်း၏ စကားသံကို ကြားကြရသည်။ မင်းသည် ရိုက်နက်ဆုံးမပုံအထိ ပြောပြပြီး 'ထို နဂါးမယ်သည် ငါ့မိတ်ဆွေ နဂါးမင်းထံ သွား၍ မဟုတ်မမှန် ပြောဆိုပြီးနောက် ငါတို့၏ ချစ်ခြင်းကို ဖျက်ချင် ဖျက်လိမ့်မည်။ ထိုသို့ ဖျက်ခဲ့လျှင် ငါ့မှာ အန္တရာယ်တစ်စုံတစ်ရာ ကျရောက်လာနိုင်သည်' ဟူ၍လည်း ပြောပြနေသည်။

ထိုစကားများကို ကြားလိုက်ရသော နဂါးလုလင်သည် သေနကမင်းအား အန္တရာယ် မပြုတော့ဘဲ နဂါးမင်းထံပြန်၍ ကျိုးကြောင်း လျှောက်ထားကြရာ နဂါးမင်းသည် မိမိ၏ အထင်လွဲမှားမှုအတွက် အမြန်လာရောက် တောင်းပန်ကန်တော့ရုံမျှမက 'သဗ္ဗရုတညု' မည်သော မန္တန်ကိုလည်း ပေးခဲ့ပြန်သည်။ 'တန်ဖိုးမဖြတ်နိုင်သော ထိုမန္တန်ကို တစ်ပါးသူ များအား မပေးရ၊ ပေးခဲ့မိလျှင် မီးပုံထဲသို့ဆင်း၍ သေပါမည်' ဆိုသော ကတိစကား ကိုလည်း ဆိုရသည်။ ထိုအချိန်မှစ၍ သေနကမင်းသည် ထိုမန္တန်၏ စွမ်းရည်ဖြင့် တိရစ္ဆာန် မျိုးစုံတို့၏ စကားကိုပါ သိနားလည်လာသည်။

တစ်နေ့တွင် မင်းသည် ပြာသာဒ်ပေါ်၌ထိုင်၍ မုန့်ကို ပျား၊ တင်လဲတို့ဖြင့် တို့၍ စားစဉ် ပျားတစ်စက်၊ တင်လဲတစ်ပေါက်နှင့် မုန့်ကလေးတစ်ခုတို့ အောက်သို့ ဖိတ်ကျ သွားသည်။ ထိုမုန့်စကို မြင်တွေ့သွားသော ပိုးရွတစ်ကောင်က 'ပျားအိုးကြီး ကွဲသွားပြီ၊ တင်လဲလှည်းနှင့် မုန့်လှည်းလည်း မှောက်သွားပြီ၊ ပျား၊ တင်လဲနှင့် မုန့်များကို စားရန် လာကြလော့'ဟု သူနှင့် မျိုးတူသတ္တဝါများကို အော်ဟစ်၍ ခေါ်သည်။ ထိုအသံကြောင့် မင်းကြီး ရယ်သည်။ ဤတွင် အနီး၌ရှိသော မိဖုရားကြီးက 'ဘာကြောင့် ရယ်ပါလိမ့်'ဟု တွေးမိသည်။ တစ်ဖန် မင်းသည် ရေချိုးပြီး၍ ပလ္လင်ပေါ်၌ ထိုင်နေစဉ် ယင်ဖိုက ယင်မအား

http://www.dhammadownload.com



ကာမဖြင့် မွေ့ပျော်ရန်ခေါ်သောအသံကို ကြားမိလိုက်သည်။ ထိုအခါ ယင်မက 'ခဏစောင့်ပါဦး၊ ယခု မကြာမီ မင်းကြီးအတွက် နံ့သာခွက် လာပို့လိမ့်မည်၊ အောက်သို့ ဖိတ်ကျသည့် နံ့သာမှုန့်များကို လိမ်းကျံပြီးမှ မင်းကြီး၏ ကျောက်ကုန်းပေါ်တွင် ပျော်မွေ့ကြပါစို့'ဟု ဆိုလေသည်။ မင်းကြီး ရယ်မိပြန်သည်။ ဤတစ်ခါလည်း မင်းကြီး ရယ်ရသည့်အကြောင်းကို မိဖုရားက အတွေးနယ်ချဲ့ပြန်သည်။

ထိုနေ့ညဌ် မင်းကြီးသည် ညနေစာ စားသုံးစဉ် ထမင်းလုံးတစ်လုံး အောက်သို့ ဖိတ်ကျသွားခဲ့သည်ကို တွေ့လိုက်ရသော ပိုးရွတစ်ကောင်က 'ထမင်းလှည်းကြီး မှောက်ကျသွားပြီ၊ လာစားကြစမ်း'ဟု ဟစ်အော်လိုက်ရာ မင်းကြီး ပြုံးရယ်မိပြန်သည်။ ဤသည်ကိုလည်း မိဖုရားကြီးက သံသယမကင်းပြန်၊ ရွှေယောက်မကို ကိုင်၍ ပွဲတော်စာ ပြင်ပေးနေသော မိမိကိုပင် ရယ်မောလေသလားဟု တွေးမိသည်။

သုံးကြိမ်တိုင် အတေးအမှတ်ပြုထားသော မိဖုရားကြီးသည် ထိုအကြောင်းကို ည၊ သလွန်ပေါ် ရောက်ချိန်တွင်မှ မင်းကြီးအား မေးသည်။ မင်းကြီးက အကြောင်းစုံကို ပြောသည်။ ဤတွင် ထိုမန္တန်ကို သူ့အား သင်ပေးရန် မိဖုရားက ပူဆာလေရာ သင်ပေး၍ မဖြစ်ကြောင်း၊ သင်ပေးခဲ့လျှင် မိမိသည် မီးပုံထဲသို့ဆင်း၍ သေပွဲဝင်ရလိမ့်မည် ဖြစ်ကြောင်းများကို မင်းကြီးက ရှင်းပြသည်။ သို့ရာတွင် မိဖုရားက အလျှော့မပေး၊ 'သေသော် သေပါစေ၊ သင်၍သာပေးပါ'ဟု ပူဆာပြန်သဖြင့် မိန်းမအလိုသို့ လိုက်သော မင်းကြီးသည် မန္တန်ကို သင်ပေးရန် ကတိပေးလိုက်သည်။ ထို့နောက် မီးပုံထဲဝင်၍ သေရန် ဥယျာဉ်တော်သို့ ရထားဖြင့် ထွက်လာသည်။

ထိုအကြောင်းကို သိမြင်သော သိကြားမင်းသည် ထိုသေနကမင်းအား အသက်ဘေးမှ ကယ်တင်ရန် ဆုံးဖြတ်လိုက်ကာ သုဇာတာကို ဆိတ်မအသွင် ဖန်ဆင်းစေ၍ မိမိက ဆိတ်ဖိုအသွင် ဖန်ဆင်းလျက် ရထားရှေ့မှနေပြီး မေထုန်မှုပြုနေကြဟန် အသွင်ဆောင်ထားသည်။ ထိုမြင်ကွင်းကို မြင်တွေ့ရသော ရထားမှ သိန္ဓောမြင်းက 'ဆိတ်တို့သည် အရှက်မရှိ ဆိုသော စကားကို ယခင်က ပြောသံမျှသာ ကြားဖူးခဲ့သည်။ ယခု ကိုယ်တွေ့ကြုံရသည်'ဟု ပြောသည်။ ထိုအခါ ဆိတ်က 'အဆွေ သိန္ဓောမြင်း၊ သင်သည် ငါ့ထက် မိုက်သူဖြစ်သည်။ သင်သည် ရထားမှ လွတ်သော်လည်း မပြေး၊ သင့်ထက် များစွာ မိုက်လုံးကြီးသော သေနကမင်းကို ဆောင်ယူနေသူဖြစ်သည်'ဟု ပြန်ပြောလိုက်သည်။ ထိုစကားကို နားရှုပ်သွားသော သိန္ဓောမြင်းက 'ငါသည် တိရစ္ဆာန်ဖြစ်၍ မိုက်သည်

http://www.dhammadownload.com



ထားဦးလော့၊ သေနကမင်းကိုမူ အဘယ်ကြောင့် မိုက်သူဟု ဆိုရပါသနည်း'ဟု မေးခွန်းထုတ်သည်။ ဆိတ်က 'သေနကမင်းသည် မြတ်သော 'သဗ္ဗရုတညုမန္တန်'ကို ရခဲ့သည်။ ထိုသို့ ရခဲ့သောကြောင့် ယခု အသက်ကို စွန့်လွှတ်ရတော့မည် ဖြစ်သည်'ဟု ပြောပြသည်။

မင်းသည် သိန္ဓောမြင်းနှင့်ဆိတ်တို့၏ ပြောစကားများကို အစအဆုံး ကြားလာခဲ့ရာ ဆိတ်၏ စကားအဆုံးတွင် 'ယခု ငါသည် မည်သို့ပြုသင့်သနည်း'ဟု မေးသောအခါ ဆိတ်က 'မြတ်သော မင်းကြီး၊ လောက၌ မိမိကိုယ်ထက် ချစ်အပ်သောသူ မရှိ၊ မိမိ ချစ်မြတ်နိုးသူအတွက် မိမိ၏ အသက်နှင့်စည်းစိမ်ကို မစွန့်လွှတ်သင့်ပါ'ဟု ညွှန်ပြသည်။ ထို့နောက် 'မိမိသည် ဆိတ်စင်စစ်မဟုတ်၊ သိကြားမင်းသာ ဖြစ်သည်။ သင်မင်းကြီးအား သေဘေးမှ လွတ်မြောက်စေရန် လာခဲ့ရခြင်း ဖြစ်သည်'ဟု ထုတ်ဖော်ပြောသည်။

သေနကမင်းက 'မိမိသည် မန္တန်ကို သင်ပေးမည်ဟု မိဖုရားအား ကတိပေးခဲ့ပြီး ဖြစ်သည်။ ယခု မည်သို့ ဆောင်ရွက်ရပါမည်နည်းဟု သိကြားမင်းထံ အကြံဉာဏ်တောင်းသည်။ သိကြားမင်းသည် သူ့အား နည်းလမ်းကောင်းတစ်ခု ညွှန်ပြပြောဆို၍ ပြန်သွားသည်။

ထိုညွှန်ကြားချက်အရ ဆောင်ရွက်ရန် သေနကမင်းသည် မိဖုရားကြီးကို ဥယျာဉ်တော်သို့ ခေါ်၍ 'ငါ့မန္တန်ကို လိုချင်လျှင် မန္တန်ကို ပူဇော်ရမည်၊ ကျောက်ကုန်း၌ ကြိမ်ဒဏ်တစ်ရာ အရိုက်ခံ၍ ပူဇော်ပြီးမှ သင်ပေးရသည်။ ယင်းသို့ ပူဇော်ရာ၌ တစ်ချက်ကလေးမျှ အသံမထွက်ရ' စသည်ဖြင့် ပြောပြသည်။ မန္တန်ကို လိုချင်လွန်းသော မိဖုရားက 'ပူဇော်ပါမည်'ဟု ဆိုသောကြောင့် မင်းသည် ပါးကွက်သားများခေါ်၍ ကြိမ်ဖြင့် ရိုက်စေရာ မိဖုရားသည် နှစ်ချက် သုံးချက်မျှသာ သည်းခံ အောင့်အည်းနိုင်ခဲ့ပြီး နောက်ဆုံးတွင် 'မန္တန်ကို မလိုချင်တော့ပါ'ဟု ဆိုလာသော် မင်းကြီးလည်း သေဘေးမှ လွတ်မြောက်ရသည်။

**ဇာတ်ပေါင်း။** ။ သေနကမင်း-မယားဟောင်းဖြားယောင်းခံရသောရဟန်း၊ မိဖုရားကြီး-မယားဟောင်း၊ မြင်း-အရှင်သာရိပုတ္တရာ၊ သိကြားမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မိန်းမတို့အား နေရာတိုင်းမှာအလိုမလိုက်သင့်။

http://www.dhammadownload.com



# ၁၈၇။ သုစိဇာတ်

## ပန်းပဲပညာရှင်

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရား၏ ပညာပါရမီကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်းတွင် ပန်းပဲမျိုး၌ဖြစ်၍ သူ၏မိဘများသည်လည်း ဆင်းရဲကြသည်။ ပန်းပဲအတတ်ကို အပြီးတိုင် တတ်မြောက်ပြီးသော ဘုရားလောင်းသည် ရွာနီးချင်းဖြစ်သော အိမ်ခြေ တစ်ထောင်ရှိ ပန်းပဲရွာတစ်ရွာမှ ပစ္စည်းဥစ္စာ အလှဂုဏ်အင်္ဂါတို့နှင့်ပြည့်စုံသော ပန်းပဲသူကြီး၏ သမီးကို မေတ္တာမျှနေသည်။ သူသည် အထူးစီမံပြုလုပ်ထားသည့် အပ်အိမ် ခုနစ်ထပ်ပါသော အပ်အိမ်ဖြင့် အိပ်များထည့်၍ ယူလာလျက် ထိုရွာသို့ လာခဲ့သည်။ ထို့နောက် သူ့အပ်ကောင်းကြောင်းကို ကြော်ငြာသည်။

ပန်းပဲသူကြီး၏ သမီးသည် အိမ်တွင်းခန်းထဲ၌ ဖခင်အား ယပ်ခတ်ပေးနေရာမှ ထိုအသံကိုကြားရ၍ 'အမောင်၊ သင့်အပ်ကို တစ်နေကုန်ကြေညာသော်လည်း ဝယ်သူရှိမည် မဟုတ်ပါ။ ဤရွာသည် ပန်းပဲရွာဖြစ်၍ အခြားမှ အပ်လိုချင်သူများပင် ဤရွာသို့ လာကြပါသည်။ သင့်အပ်ကို အခြားရွာတွင်သာ သွားရောင်းပါ' ဟု ဘုရားလောင်းကို ပြောသည်။

ထိုအခါ ဘုရားလောင်းက မိန်းမပျိုအား 'နမငယ်၊ မိမိအပ်အပေါ် စိတ်ချယုံကြည်သူများသည် ပန်းပဲရွာသို့ လာရောင်းကြပါသည်။ အပ်ကောင်း မကောင်းကို ပန်းပဲဆရာများသာ အသိဆုံးဖြစ်ပါသည်။ အကယ်၍ နမ၏ဖခင်သာ ကျွန်ုပ်အပ်ကို တွေ့လျှင် ကျွန်ုပ်ကို နမငယ်ဖြင့်ပင် ကမ်းလှမ်းနိုင်ပါသည်'ဟူ၍ ပြန်ကြားသည်။ သူတို့နှစ်ဦး၏ အပြန်အလှန် ပြောနေကြသံများကို သူ့ဖခင်ကြီး ကြားသဖြင့် အပ်ရောင်းသူလူငယ်ကို ခေါ်ယူလာရန် သမီးအား လှမ်းပြောလိုက်သည်။ နှစ်ဦးစလုံး ရှေ့သို့ ရောက်လာချိန်၌ ပန်းပဲသူကြီးသည် လူငယ်၏ အရပ်ဒေသနှင့် လာခဲ့ရသည့် အကြောင်းရင်း

http://www.dhammadownload.com



တို့ကို စူးစမ်းသည်။ လူငယ်က အပ်ရောင်းရန် လာခြင်းဖြစ်ကြောင်း ပြောသောအခါ ပန်းပဲသူကြီးက အပ်ကို ပြခိုင်းသည်။ လူငယ်က လူများစုနှင့် ကြည့်ရသည်က ပို၍ သင့်လျော်ကောင်းမွန်ပါကြောင်း အကြံပြု၍ ပန်းပဲသူကြီးသည် ရွာထဲရှိ လူအားလုံးကို ခေါ်ယူစုဝေးစေသည်။

အားလုံးအသင့်ရှိနေချိန်တွင် လူငယ်သည် အပ်ကျည်ကို ထုတ်၍ ပန်းပဲ သူကြီး လက်ထဲသို့ ပေးလိုက်သည်။ 'ဒါအပ်လား'ဟု ပန်းပဲသူကြီးက မေးသည်။ လူငယ်က 'အပ်မဟုတ်သေး၊ အပ်အိမ်မျှသာ ဖြစ်သည်။ သူ့အထဲတွင်မှ အပ်ရှိသည်'ဟု ရှင်းပြသည်။ ပန်းပဲသူကြီးသည် သေချာစေ့စပ်စွာ ကြည့်သော်လည်း တေ့ဆက်ထားရာကို မတွေ့ရ၊ လူငယ်က အပ်အိမ်ကို လက်သည်းဖြင့် ခြစ်၍ ဖွင့်ပေးသည့်အခါ အပ်ဟု ထင်ရသော အရာဝတ္ထုငယ်တစ်ခု ထွက်လာသည်။ ပန်းပဲသူကြီးသည် ထိုအရာဝတ္ထုငယ်ကို စူးစိုက်စွာ ကြည့်၍ 'ဟောဒါကမှ အပ်ထင်ပါရဲ့'ဟု ဆိုပြန်သည်။ လူငယ်က 'အပ်မဟုတ်သေး၊ အပ်အိမ်ပင် ဖြစ်သည်။ သူ့အတွင်းမှာ အပ်ရှိသည်'ဟု ဆိုပြီး လက်သည်းဖြင့် ခြစ်ဖွင့်ပေးလိုက်သည်။ ဤသို့ဖြင့် ခြောက်ထပ်သော အပ်အိမ်တို့ကို တစ်ခုပြီးတစ်ခု ဖွင့်ပေးပြီးမှ နောက်ဆုံးတွင် အပ်ကို တွေ့ရသည်။ ပန်းပဲလုပ်သား တစ်ထောင်တို့သည် ချီးမွမ်းမဆုံး ဖြစ်ကြရသည်။

ထို့နောက် မိမိ၏ အပ်စွမ်းရည်ကို ပြလိုသော လူငယ်သည် ပေခုံကို ရေပြည့် ကြေးခွက်ပေါ်၌ တင်စေကာ အပ်ဖျားကို ပေခုံထိပ်တွင် စိုက်ထားပြီးနောက် အပ်ကို တူဖြင့် တအားရိုက်ချလိုက်စေရာ အပ်သည် ပေကို ထုတ်ချင်းဖောက်ပြီး အောက်ဘက်မှ ကြေးခွက်ထဲရှိ ရေထဲသို့ ရောက်သွားသည်။ သို့ရာတွင် အပ်သည်ရေအောက်သို့လည်း ရောက်မသွား၊ ရေမျက်နှာပြင်ပေါ်၌လည်း တည်မနေ၊ ရေထု၏ အလယ်တွင်သာ အုံ့ဩဖွယ် တည်ရှိနေသည်။

ပန်းပဲသမား တစ်ထောင်တို့သည် အံ့ဩပြီးရင်း အံ့ဩရင်း ရှိကြသည်။ ပန်းပဲသူကြီးသည် လူငယ်၏ ပညာစွမ်းကို သဘောကျလွန်းသဖြင့် ထိုနေရာ၌ပင် သမီး ဖြစ်သူနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ **ပန်းပဲသူကြီး၏ သမီး-ရာဟုလာမယ်တော်၊ ပန်းပဲလူငယ်-ဗုဒ္ဓ၊**

**အနှစ်ချုပ်။** ။ **ပညာဂုဏ်ဆောင်လျှင် ဒုရာရာအောင်မြင်နိုင်သည်။**

http://www.dhammadownload.com



# ၃၈၈ တုဏ္ဍိလဇာတ်

## ဝက်ညီနောင်

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိပြည်သား ရဟန်းတစ်ပါးသည် အလွန်ကြောက်လန့်တတ်ပြီး သစ်ခက်လှုပ်သံ ကိုပင် အထူးအဆန်း ထင်မှတ်ကာ လန့်ပြေးတတ်သည်။ ထိုကြောက်လန့်တတ်သော ရဟန်းကို အကြောင်း ပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဝက်မျိုး၌ ဖြစ်နေသည်။ ဘုရားလောင်း 'မဟာတုဏ္ဍိလ'နှင့် ညီငယ် 'စူဠတုဏ္ဍိလ'တို့ကို ဗာရာဏသီ ပြည်မှ အဘွားအိုတစ်ဦးက မွေးမြူထားသည်။ တစ်နေ့တွင် ဗာရာဏသီမြို့၌ ပွဲသဘင် ကျင်းပရာ အရက်သမားများသည် သောက်နေရင်း အမြည်းကုန်သွားသောကြောင့် ထို အဘွားအိုထံလာ၍ ဝက်တစ်ကောင် ဝယ်ကြရာ 'ဝက်ငယ်များမှာ သူ၏ သားများ ဖြစ်ကြ သည်'ဟု ဆိုပြီး အဘွားအိုက ရောင်းရန် ငြင်းပယ်လိုက်သည်။ ဤတွင် အရက်သမား များသည် အဘွားအိုကို အရက်တိုက်ကြရာ အဘွားအို အရက်မူးနေချိန်၌ ထပ်မံ ဝယ်ကြသော် ညီငယ် စူဠတုဏ္ဍိလအား ရောင်းရန် သဘောတူသည်။

အရက်သမားများသည် ဝက်စာခွက်ထဲ၌ ထမင်းများဖြည့်ပြီး ကျော့ကွင်းများ ကိုယ်စီကိုင်၍ ဝက်ကိုဖမ်းရန် ထိုင်စောင့်နေကြသည်။ အဘွားအိုကမူ 'ချစ်သား စူဠတုဏ္ဍိလ၊ ချစ်သား စူဠတုဏ္ဍိလ'ဟု တကြော်ကြော် ခေါ်သည်။ ထိုအသံသည် မဟာ တုဏ္ဍိလအဖို့ ထူးဆန်းနေသည်။ 'ယခင်က ခေါ်စရာရှိလျှင် မိခင်သည် သူ့ကိုသာ ဦးတည်၍ ခေါ်ပြီး စူဠတုဏ္ဍိလကို အမည်ထုတ်၍ပင် ခေါ်လေ့မရှိ။ စူဠတုဏ္ဍိလသည် ယနေ့သေဘေးနှင့် ကြုံရတော့မည် ထင်သည်'ဟု တွေးမိသောကြောင့် စူဠတုဏ္ဍိလအား မိခင်ထံသွား၍ အခြေအနေကို အကဲခတ်ရန် စေလွှတ်လိုက်သည်။

စူဠတုဏ္ဍိလသည် ချုံထဲမှထွက်လာပြီး ထမင်းစားခွက်ရှိရာသို့ လှမ်းကြည့် လျှင် တွေ့မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ရှေ့သို့ ဆက်မသွားတော့ဘဲ ချုံထဲသို့ ပြန်ဝင်ပြေးလာသည်။ အစ်ကိုရှေ့သို့ အရောက်တွင် အကြောက်လွန်၍ လဲကျသွားရာ မဟာတုဏ္ဍိလက 'အဘယ်ကြောင့် ဤသို့ ဖြစ်ရသနည်း'ဟု မေးရာ ဝက်စာခွက်ထဲတွင် အစာသစ်များ ထည့်ထားပုံ၊ မိခင်သည် အစာခွက်အနီး၌ ရပ်နေပုံနှင့် သုံးကျိပ်မျှသော လူများသည် ကျော့ကွင်းကိုယ်စီကိုင်၍ စောင့်နေကြပုံများကို ပြောသည်။

http://www.dhammadownload.com



ဤတွင် မဟာတုဏ္ဍိလက 'ညီငယ်၊ ငါတို့၏ အမိသည် အသားကို လိုချင်၍ ငါတို့အား မွေးခဲ့ခြင်း ဖြစ်သည်၊ ယနေ့ အမေ့ဆန္ဒ ပြည့်ဝခဲ့ပြီ၊ သင်သည် စိုးရိမ် ကြောက်ရွံ့၍ မနေသင့်'ဟု ဆုံးမစကား ဆိုသည်။ ထို့နောက်ဆက်၍ 'ညီငယ်၊ ရွံ့ညှံ့မရှိသော ရေကန်သို့ ဆင်း၍ အညစ်အကြေးများကို ဆေးလော့၊ မပြယ်သော ရနံ့ရှိသည့် အမွေးနံ့သာကို လိမ်းလော့'ဟု ပြောသည်။

မေတ္တာပါရမီကို ဆင်ခြင်၍ ပြောကြားလိုက်သော ဘုရားလောင်း မဟာ တုဏ္ဍိလ ဝက်မင်း၏ စကားသံကို ကြားကြရသော မင်းနှင့်တကွသော ပြည်သူများသည် မဟာ တုဏ္ဍိလတို့ ညီနောင် ရှိနေကြသည့် နေရာသို့ စုဝေးရောက်လာကြသည်။ ချုံကို ဖယ်ရှင်း၍ သဲဖြူများ ခင်းပေးကြ၏။ ထိုခဏတွင်ပင် အရက်သမားများနှင့် အဘွားအိုလည်း အမူး ပြေသွားကြ၍ ကျော့ကွင်းများကို လက်မှ လွှတ်ချကာ တရားနာယူကြသည်။

စူဠတုဏ္ဍိလသည် နောင်တော်၏ ပြောကြားချက်များကို ရုတ်တရက် နားမလည်၍ 'ငါတို့ဝက်များသည် ရေကန်သို့ဆင်း၍ ကြေးညှော်များဆေးကြောခြင်း အလေ့သည် လည်းကောင်း၊ နံ့သာပျောင်းများ လိမ်းကျံခြင်း အလေ့သဘာဝသည် လည်းကောင်း မရှိပါ၊ အဘယ်ရည်ရွယ်ချက်ဖြင့် သည်အဆုံးအမကို ပေးရပါသနည်း'ဟု မေးသည်။ မဟာတုဏ္ဍိလက 'ညီငယ်၊ နိဗ္ဗာန်ကို ကိလေသာညွှန်မရှိသော ရေကန်ဟူ၍ မှတ်လော့၊ မကောင်းမှုများကို ကြေးညှော်များဟူ၍ သိလော့၊ သီလကိုမူ မွှေးရနံ့မပြယ်သော နံ့သာပျောင်းဟူ၍ နှလုံးပိုက်ပါလော့'ဟု ဖြေရှင်းပေးသည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ စူဠတုဏ္ဍိလ-ကြောက်တတ်သောရဟန်း၊ ယခင်ပရိသတ်များ-ယခုဗုဒ္ဓ၏ပရိသတ်များ၊ မဟာတုဏ္ဍိလ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သတ္တဝါတို့၏ဘဝကိုစီရင်သူမှာ ကံတရားသာ။

---

## ၃၈၉။ သုဝဏ္ဏကက္ကဋဇာတ်

### ရွှေပုစွန်လုံး

**ပစ္စုပ္ပန်ဝတ္ထု၊**

အရှင်အာနန္ဒာမထေရ်သည် မြတ်စွာဘုရားအတွက် အသက်စွန့်ခြင်းကို အကြောင်းပြု၍ ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့ အရှေ့ဘက် သာလိန္ဒိကရွာတွင် ပုဏ္ဏားလယ်သမား ဖြစ်နေသည်။ သူသည် မိုးဦးကျစဥ်၌ လယ်တောထဲသို့ ဆင်းလာစဉ် လယ်စပ်တစ်နေရာမှ ရေအိုင်သို့သွား၍ မျက်နှာသစ်သည်။ ထိုအခိုက် ရွှေရည်ဝင်းနေသော ပုစွန်လုံးတစ်ကောင်ကို တွေ့၍ ကောက်ယူလျက် အပေါ်ရုံ ပုဆိုးကြားထဲ သွင်းထားကာ အိပ်နေစေသည်။ တစ်နေကုန် လယ်ယာများ ထွန်ယက်ပြီးနောက် ညနေအိမ်ပြန်ခါနီးတွင် ပုဏ္ဏားသည် ပုစွန်လုံးကိုသူနေသည့် ရေအိုင်ထဲသို့ ပြန်လွှတ်ထားခဲ့သည်။

နောက်ရက်များတွင်လည်း သည်အတိုင်းပင် ပြုကျင့်လာရာ ရက်ရှည်လာသည်နှင့်အမျှ ပုဏ္ဏားနှင့် ပုစွန်လုံးတို့၏ ခင်မင်မှုမှာ ခိုင်မြဲလာသည်။ ထိုအချိန်၌ လယ်စပ်တစ်နေရာမှ ထန်းပင်ပေါ်တွင်နေသော ကျီးမသည် ဘုရားလောင်း ပုဏ္ဏား၏ လှပကြည်လင်သော မျက်လုံးကိုမြင်၍ စားလိုစိတ် ဖြစ်ပေါ်လာသောကြောင့် ကျီးဖိုအားပြောပြသည်။ ကျီးဖိုက သူမယူတတ်ကြောင်း ပြန်ပြောသည်။ နောက်ဆုံး၌ ကျီးမ၏ အကြံပြုချက်အရ ကျီးဖိုသည် အနီးရှိ တောင်ပို့မှ မြွေဟောက်ကို သွားရောက် ခ,စားပြီး မိတ်ကျွမ်းဝင်အောင်ပြုသည်။ မြွေဟောက်က 'မိမိကို အဘယ်ကြောင့် သည်မျှအထိ လာရောက် ခ,စားနေရပါသနည်း'ဟု မေးရာ ကျီးဖိုက ကျီးမ၏ ချင်ခြင်းဖြစ်ပုံ အကြောင်းကို ပြောပြလျက် အကူအညီပေးရန် တောင်းခံသည်။ မြွေဟောက်က 'သည်ကိစ္စအတွက် ဝန်မလေးပါ၊ မိမိတာဝန်ယူ ဆောင်ရွက်ပေးပါမည်'ဟု ကတိပြုသည်။

ပုဏ္ဏားလည်း ခါတိုင်းရက်များကဲ့သို့ပင် ရေအိုင်သို့သွား၍ မျက်နှာသစ်ပြီး နောက် ပုစွန်လုံးကို အပေါ်ရုံပုဆိုးကြားတွင် ထည့်သွင်း၍ လယ်တောထဲသို့ ဝင်လာသည်။ အသင့်စောင့်နေသော မြွေဟောက်သည် ပုဏ္ဏား၏ ခြေဖနောင့်သားကို ပေါက်လိုက်ရာ ပုဏ္ဏားသည် နေရာတွင်ပင် လဲကျသွားသည်။ ကျီးသည် ပုဏ္ဏား၏ ရင်ဘတ်ပေါ်တွင် လာနားသော် ပုစွန်လုံးက ရုတ်ခြည်း ကျီး၏ လည်ပင်းကို လက်မဖြင့် ညှပ်၍ ဖမ်းထားသည်။ ပုဏ္ဏား၏ မျက်လုံးကို ဖောက်ယူရန် ရောက်လာသော ကျီးသည် အကြံမမြောက်နိုင်တော့ဘဲ သူ့ကို လာရောက်ကူညီပါရန်သာ မြွေဟောက်ကို လှမ်းခေါ်ရသည်။ သူ့ခေါ်သံကြောင့် မြွေဟောက် ပြန်လှည့်လာရာ သူသည်လည်း ပုစွန်လုံး၏ ညှပ်ဖမ်းခြင်းကို ခံလိုက်ရပြန်သည်။

ထိုအခါ မြွေဟောက်က 'ပုစွန်လုံးတို့မည်သည် ကျီးသားကိုလည်း မစား၊ မြွေသားကိုလည်း မစား၊ သို့ဖြစ်ပါလျက် သင်သည် ငါတို့နှစ်ကောင်ကို အဘယ်ကြောင့်

http://www.dhammadownload.com



ဖမ်းထားရပါသနည်း'ဟု ပုစွန်လုံးကို မေးသည်။ 'မိမိ၏ မိတ်ဆွေကို နှိပ်စက်သူများဖြစ်၍ ဖမ်းဆီးရခြင်းဖြစ်သည်'ဟု ပုစွန်လုံးက ပြန်ကြားသည်။ ထိုအခါ မြွေဟောက်သည် 'မိမိတို့ကို လွှတ်ပေးခဲ့လျှင် ပုဏ္ဏားထံမှ အဆိပ်များကို ပြန်စုပ်ယူပေးမည်'ဟု ကမ်းလှမ်းသောကြောင့် ပုစွန်လုံးက သူ၏ ဖိညှပ်အားကို လျှော့ပေါ့ပေးသည်။ မြွေသည်အဆိပ်များကို ပြန်ထုတ်ပေးသဖြင့် မကြာမီ ပုဏ္ဏားလည်း ကြည်လင်ရွှင်ပျစွာဖြင့် ပြန်ထလာလေသည်။

ထို့နောက် ပုစွန်လုံးသည် အခွင့်သာခိုက် လက်မ၏ညှပ်အားကို ပြန်၍ မြှင့်တင်ပေးလိုက်ရာ ကျီးနှင့် မြွေဟောက်တို့၏ ခေါင်းသည် တိခနဲ ပြတ်ကျသွားလေသည်။

**ဇာတ်ပေါင်း။** ။ **ကျီးဖို-ဒေဝဒတ်၊ ကျီးမ-စိဥ္စမာန၊ ရွှေပုစွန်-အာနန္ဒာ၊ ပုဏ္ဏားလုလင်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အသက်အန္တရာယ်ကြုံရိုန်၌ကူညီသူသည် အမွန်မြတ်ဆုံးမိတ်ဆွေ။**

---

# ၃၉၀။ မယှကဇာတ်

## မယှကငှက်နှင့် တူသူ

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိပြည်သား အာဂန္တုက သူဌေးသည် ဥစ္စာပစ္စည်း ကြွယ်ဝသော်လည်း အလှူဒါန မပြု၊ ကိုယ်တိုင်လည်း မသုံးဆောင်၊ သူ ကွယ်လွန်သော် သူ့တွင် သားသမီးမရှိသောကြောင့် သူ၏ ဥစ္စာပစ္စည်းများကို မင်းက သိမ်းယူသွားသည်၊ ဝန်တိုသူ ဖြစ်ပါလျက် သူဌေးဘဝ ရရှိပုံ၊ ဥစ္စာပေါများ ပါလျက် ကိုယ်တိုင် မသုံးဆောင်ရပုံနှင့် သားသမီး မရရှိပုံများကို ကောသလမင်းက ဘုရားရှင်ထံ လျှောက်ထား မေးမြန်းသည်။ ထိုအခါ ဘုရားရှင်က 'ထိုသို့ ဖြစ်ရပုံများမှာ ဘယ်သူမပြု မိမိမှုသာ ဖြစ်ကြောင်း' မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု(၁)

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဗာရာဏသီသူဌေးသည် ပေးကမ်း လှူဒါန်းခြင်းမရှိ၊ ဝန်တိုကပ်စေးနှဲ၏။ သူသည် မင်းထံခစားရန်သွားစဉ် ဆွမ်းခံကြွလာသော တဂ္ဂရသိခီပစ္စေကဗုဒ္ဓါနှင့်တွေ့၍ ဆွမ်းရပါ၏လောဟုမေးသည်။ ပစ္စေကဗုဒ္ဓါက 'ရမည် ထင်၍ ဆွမ်းခံကြွလာသည်'ဟု ပြန်လည်၍ ရှင်းပြ၏။ ထိုအခါ သူဌေးက သူ့တပည့်အား 'အိမ်သို့ပင့်ပြီး သူ့အတွက် ချက်ထားသော ထမင်းဟင်းကို လှူပါ'ဟု စေခိုင်းသဖြင့်

http://www.dhammadownload.com



တပည့်က အိမ်သို့ရောက်သောအခါ သူဌေး မှာကြားသည်တို့ကို သူဌေးကတော်အား ပြောပြသည်။ သူဌေးကတော်ကလည်း သူဌေးမှာကြားသည့်အတိုင်း ထမင်းဟင်းများကို လှူလိုက်သည်။

မင်းခစားပြီး ပြန်လာသော သူဌေးသည် ဆွမ်းခံရာမှ ပြန်ကြွလာသော ပစ္စေကဗုဒ္ဓါနှင့် လမ်းတွင် ပြန်တွေ့သော် သူ့အိမ်မှ ပစ္စေကဗုဒ္ဓါအား လှူလိုက်သော ဆွမ်းများကို ကြည့်ကာ စိတ်မကောင်းဖြစ်သည်။ ဤထမင်းနှင့် ဟင်းများကို ငါ့အိမ်ရှိ အလုပ်သမားများကို ကျွေးလျှင် သူတို့သည် ငါ့အလုပ်များကို ကောင်းမွန်စွာ လုပ်ပေးကြ ပေမည်။ ဩော်...ငါသည် ရှုံးခဲ့လေပြီတကားဟု လှူပြီးနောက် ဝမ်းသာရမည့်အစား စိတ်မကောင်း ဖြစ်သည်။

ထိုသူဌေးသည် ပစ္စေကဗုဒ္ဓါအား မလှူမီ ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ပုဗ္ဗ စေတနာကောင်းခဲ့သော အကျိုးကြောင့် သူဌေးဘဝ ရရှိခဲ့သည်။ လှူပြီးစိတ်ထား အပရ စေတနာမကောင်းမှုကြောင့် ဥစ္စာပစ္စည်းများရှိလျက် ကိုယ်တိုင် မသုံးဆောင်နိုင်ဖြစ်ရသည်။

**အတိတ်ဝတ္ထု(၂)**

ဘုရားလောင်းသည် လွန်ခဲ့သော ဘဝတစ်ခု၌ ကုဋေကြွယ်သူဌေးတစ်ဦး ဖြစ်ခဲ့ပြီး သူ့မှာ သားတစ်ယောက်နှင့် ညီတစ်ယောက် ရှိသည်။ မိဘများ ကွယ်လွန်သော် ကျန်ခဲ့သော ပစ္စည်းဥစ္စာတို့ကို တရားသဖြင့် စီမံခန့်ခွဲလျက် ညီကိုလည်း ထောက်ပံ့၊ ကိုယ်တိုင်လည်း အလှူမဏ္ဍပ်များဖြင့် အလှူဒါနများ လုပ်သည်။ သူ့သား သွားလာနိုင်သော အရွယ် ရောက်သော် ပစ္စည်းဥစ္စာများကို ညီထံ အပ်နှံခဲ့ပြီး သားမယားတို့ကို စွန့်ကာ ရသေ့ ရဟန်းဘဝဖြင့် ဟိမဝန္တာတွင် နေသည်။ တစ်နေ့သော် သူ့ညီတွင်လည်း သားတစ်ယောက် ဖွားမြင်လာသည်။ သူ့မှာ သားရှိလာသောကြောင့် ညီက အမွေခွဲမပေးရစေရန် တူကို မြစ်ထဲ၌ ရေနှစ်သတ်လိုက်သည်။ မရီးက သူ့သား ဘယ်မှာနည်းဟုမေး၍ မြစ်ဆိပ်၌ ရေကစားရာမှ ပျောက်နေခဲ့သည်ဟု ပြန်လည် ရှင်းပြရာ မရီးမှာ မကျေနပ်သော်လည်း ဘာမှ ပြန်မပြောရဲသဖြင့် ဆိတ်ဆိတ်သာ နေခဲ့ရာသည်။

ထိုအကြောင်းစုံကို အစ်ကို ရသေ့ကသိ၍ ကောင်းကင်ခရီးဖြင့် ကြွလာကာ ညီ၏ နေရာ အဆောင်၌ သီတင်းသုံးနေရင်း သူ့သား ဘယ်ရောက်သွားသနည်းဟု မေးသည်။ ညီက ရေကစားစဉ် ပျောက်ဆုံးသွားကြောင်း ရှင်းပြသည်။ ထိုအခါ အစ်ကို ရသေ့က သင်သည် လူယုတ်မာပေတကား၊ အမွေခွဲမပေးရစေရန် တူကို သတ်ခဲ့သည်။ ပစ္စည်းဥစ္စာ ဟူသည် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ အမွေခံဆိုး ဟူသော ရန်သူမျိုးငါးပါးနှင့် ဆက်စပ်နေသည်။

http://www.dhammadownload.com



မိမိတစ်ဦးတည်း အမြဲတမ်း ပိုင်ဆိုင်နေမည်ဟု မတွက်လင့်၊ သင်သည် မယုကငှက်နှင့် တူသည်။ မယုကငှက်သည် အသီးမှည့်ရှိသော ညောင်ပင်ပေါ်၌နေလျက် ဤအသီးများ သည် ငါ့ဥစ္စာ၊ ငါပိုင်ဖြစ်သည်ဟု အော်နေသည်။ ထိုအချိန်တွင် အခြားငှက်များလည်း ထိုအပင်သို့ ရောက်လာပြီး အသီးများကို စားသုံးကြလျက် သူတို့နေရာ သူတို့ ပြန်သွား ကြသည်။ သင်သည်လည်း မယုကငှက်ကဲ့သို့ပင် ဖြစ်သည်ဟု ဟောကြားဆုံးမကာ ဟိမဝန္တာသို့ ပြန်ကြွသွားသည်။

အစ်ကို့သားကို သတ်ခဲ့သော အကုသိုလ်ကံကြောင့် အာဂန္တုက သူဌေးမှာ သားသမီး မရခဲ့ခြင်း ဖြစ်သည်။

**ဇာတ်ပေါင်း။** ။ **ညီ-အာဂန္တုကသူဌေး။ အစ်ကို-ဗုဒ္ဓ။**
**အနှစ်ချုပ်။** ။ **စေတနာမကောင်းလျှင် ဘဝအကျိုးပေးလည်းမကောင်းချေ။**

---

# ၃၉၁။ ဝိဇ္ဇာဓရဇာတ်

## ယုတ်မာသူ ဝိဇ္ဇာဓိုရ်

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် လောကအကျိုးငှာ ကျင့်တော်မူခြင်းကို အကြောင်းပြု၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်နေသည်။ တစ်နေ့တွင် ဝိဇ္ဇာဓိုရ်တစ်ယောက်သည် ညဥ့်သန်းခေါင်ယံအချိန်၌ လာရောက်၍ ဗာရာဏသီမင်း၏ မိဖုရားကြီးနှင့် မွေ့လျော်သည်။ မိဖုရားကြီးသည် ထိုအကြောင်းကို မင်းကြီးအား အသိပေးတိုင်ကြားရာ သည်တစ်ခါ ရောက်လာလျှင် ထိုသူ၏ ကိုယ်၌ အမှတ်အသား တစ်စုံတစ်ရာ ပြုလုပ်ပေးလိုက်ရန် မင်းကြီးက မှာကြား ထားသည်။ ဝိဇ္ဇာဓိုရ်သည် နောက်ညတွင်လည်း ရောက်လာပြန်ရာ မိဖုရားကြီးသည် ထိုသူ၏ ကျောက်ကုန်းပေါ်၌ ဟင်္သပြဒါးဖြင့် လက်ငါးချောင်းရာ ပေးလွှတ်လိုက်သည်။

နံနက်မိုးလင်းသောအခါ မင်းကြီးသည် မင်းမှုထမ်းများကိုခေါ်၍ ကျောက်ကုန်း၌ ဟင်္သပြဒါး လက်ငါးချောင်းရာ ထင်နေသူကို ရှာဖွေဖမ်းဆီးကြရန် အမိန့်ပေးသည်။

http://www.dhammadownload.com



ထိုအချိန်၌ ဝိဇ္ဇာဓိုရ်သည် ရဟန်းအသွင် ဖန်ဆင်း၍ သုသာန်ထဲသို့ ရောက်နေရာ ခြေထောက်တစ်ဖက်တည်းဖြင့် ရပ်၍ နေကိုရှိခိုးနေသည်။ မင်းမှုထမ်းများသည် သူ့ကျောပြင်၌ ဟသံပြဒါး လက်ငါးချောင်းရာကိုတွေ့၍ ဖမ်းမည်ဟု ဝိုင်းရံကြရာ အဖမ်းမခံဘဲ မန္တန်ကို မန်း၍ ကောင်းကင်သို့ ပျံတက်သွားသည်။ ထိုအကြောင်းကို မင်းမှုထမ်းများထံမှ ကြားသိခဲ့ရသော မင်းကြီးသည် ရဟန်းသံဃာတော်များ အပေါ်၌ အထင်လွဲမှားကာ 'ရဟန်းသံဃာများ နိုင်ငံအတွင်း၌ တွေ့လျှင် မင်းဒဏ်သင့်စေရမည်'ဟု အမိန့်ထုတ်လိုက်သည်။

ထိုအချိန်မှစ၍ ရဟန်းသံဃာများသည် ယူဇနာသုံးရာ ကျယ်ဝန်းသော ကာသိတိုင်းမှ ပျောက်ကွယ်သွားကြသဖြင့် ဘာသာရေးဘက်မှ ဆုံးမပြုပြင်ပေးရမည့် ရဟန်းသံဃာများ ကင်းဆိတ်သောကြောင့် ပြည်သူတို့၏ စရိုက်သည်လည်း ကြမ်းတမ်း၍ လာ၏။ ဒါနမှု, သီလမှုများ ကွယ်ခဲ့ရပြီဖြစ်၍ သေလွန်သူများသည် အများအားဖြင့် အပါယ်သို့သာ ရောက်ကြရပြီး နတ်ပြည်၌ ဖြစ်သူ မရှိသလောက် ဖြစ်နေသည်။

သိကြားမင်းသည် ဗာရာဏသီမင်း၏ အထင်လွဲမှားမှုမှ မြစ်ဖျားခံကြောင်း သိလိုက်ရသဖြင့် ပစ္စေကဗုဒ္ဓါများ သီတင်းသုံးတော်မူရာ နန္ဒမူလိုဏ်ဂူသို့ လာလျက် ပစ္စေကဗုဒ္ဓါများထံသံဃာကို တောင်းသည်။ ပစ္စေကဗုဒ္ဓါများသည် သူ့အား သံဃာထေရ်ကိုပင် ပေးလိုက်ကြသည်။ သူသည် ရလာခဲ့သည့် ပစ္စေကဗုဒ္ဓါ၏ သပိတ်, သင်္ကန်းများကိုယူ၍ ပစ္စေကဗုဒ္ဓါအား ရှေ့မှကြွစေကာ သူကမူ လုပချောမောသော သူငယ်အသွင် ဖန်ဆင်း၍ လက်အုပ်ချီမိုးလျက် နောက်မှ လိုက်ပါလာသည်။ ဗာရာဏသီသို့ ရောက်လာသောအခါ မြို့ပေါ်တွင် သုံးကြိမ်လှည့်ပတ်ပြီး မင်းကြီး၏ နန်းဆောင်တံခါးဝမှ ကောင်းကင်ပေါ်၌ သွားရောက်ရပ်တည်နေလိုက်ကြသည်။

မင်းကြီးသည် ထိုသတင်းကို အမတ်များ လာရောက် လျှောက်ထားသဖြင့် သိရရာ ခြသေ့ံခံသော လေသာပြတင်းကို ဖွင့်၍ 'လူငယ်သည် ရုပ်ဆင်းကြန်အင် လွန်စွာလှပသူ ဖြစ်လျက် အဆင်းမလှသော ရဟန်းကို ရှေ့မှာထား၍ ရှိခိုးနေသည်။ ထိုရဟန်းသည် သင့်ထက်မြတ်သောသူလော၊ သို့မဟုတ် သင်နှင့် တန်းတူလော၊ ရဟန်းနှင့် သင်၏ အမည်ကိုကော မည်သို့ခေါ်ပါသနည်း'ဟု မေးသည်။

ထိုအခါ သိကြားမင်းက 'ရဟန်းတို့မည်သည် ရှိသေကိုင်းညွှတ်အပ်သည့် အရာ၌ တည်ကြောင်း၊ အမည်တစ်စုံတစ်ရာဖြင့် ခေါ်ဝေါ်၍ မရနိုင်ကြောင်း၊ မိမိမှာမူ သိကြားမင်း ဖြစ်ကြောင်း' ပြောကြားလိုက်၏။ မင်းကြီးက 'ရဟန်းများအား ရှိခိုးသောကြောင့် ရအပ်သော ပစ္စုပ္ပန်နှင့် တမလွန်အကျိုးများ ရှိပါသလား'ဟု မေးရာ သိကြားမင်းက မျက်မှောက်

http://www.dhammadownload.com



တွင် လူများ၏ ချီးမွမ်းခြင်းကို ခံရသည်။ တမလွန်တွင် ကောင်းရာသုဂတိသို့ ရောက်ရသည်'ဟု ရှင်းပြသည်။ သည်တော့မှ မင်းကြီးသည် မိမိ၏အမှားကို ပြန်မြင်လာကာ 'ယနေ့မှစ၍ ကောင်းမှုကုသိုလ်များကို ပြုလုပ်ပါတော့မည်'ဟုဆိုကာ ပြာသာဒ်ပေါ်မှ ဆင်းလာသည်။ ပစ္စေကဗုဒ္ဓါသည် ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေနေရင်းက 'မြတ်သော မင်းကြီး၊ ညဥ့်အခါ သင်၏နန်းတွင်း၌ ပြစ်မှားသောသူသည် ရဟန်းအစစ် မဟုတ်၊ ဝိဇ္ဇာဓိုရ်သာ ဖြစ်သည်' စသည်ဖြင့် ရှင်းပြတော်မူသည်။ ထို့နောက် ဒါန, သီလ, ဘာဝနာများကို ကြိုးစားအားထုတ်ရန် တိုက်တွန်းစကားဆို၍ ပြန်ကြွသွားတော်မူသည်။ မင်းကြီးသည် မိမိနိုင်ငံမှ ရှောင်ခွာသွားခဲ့ကြသော ရဟန်း, ပုဏ္ဏားများအား ပြန်လာကြပါရန် စည်လည်၍ ပြန်၍ ဖိတ်ခေါ်လာစေလေသည်။

ဇာတ်ပေါင်း။ ။ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်စံသွားပြီ၊ မင်း-အရှင်အာနန္ဒာ၊ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတော်ကောင်းမှန်လျှင် မကောင်းမှုမပြု။

# ၃၉၂။ သိယ်ပုပ္ဖဇာတ်

## ဆုံးမစကားနာယူလွယ်သူ

### ပစ္စုပ္ပန်ဝတ္ထု

ပဒုမ္မာအိုင်၌ ပွင့်နေသော ကြာပန်းတို့၏ရနံ့ကို လေအောက်မှနေ၍ ရှူရှိုက်နေသည့် ကောသလတိုင်းမှ တောတစ်ခုတွင်နေသော ရဟန်းတစ်ပါးအား ထိုတော၏ တောစောင့်နတ်သမီးက 'ရနံ့သူခိုး'ဟု စွပ်စွဲ၍ ထိတ်လန့်စေခဲ့သည်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကာသိကရွာတွင် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ အရွယ်ရောက်ချိန်၌ ရသေ့ပြုပြီး ပဒုမ္မာကြာအိုင်တစ်ခုတွင် အမှီပြုလျက် နေလာခဲ့ရာ တစ်နေ့တွင် ကြာအိုင်ထဲသို့ သက်ဆင်း၍ ကောင်းစွာပွင့်နေသော ပဒုမ္မာကြာပန်းတစ်ပွင့်ကို နမ်းရှုပ်နေသည်။ ဤသို့ နမ်းရှုပ်ခြင်းသည် တစ်ချို့အဝက်ကို ခိုးယူသော ရနံ့သူခိုး စာရင်းထဲတွင် ပါဝင်သည်' ဆိုသော အသံတစ်ခုကို ကြားလိုက်ရ၏။ ရသေ့သည် အသံဖြစ်ပေါ်လာရာဆီသို့ လှမ်းကြည့်လိုက်ရာ သစ်ပင်၏

http://www.dhammadownload.com



ပင်စည်ကြားတွင် ရပ်နေသော နတ်သမီးတစ်ပါးကို တွေ့လျှင် 'နတ်သမီး၊ ငါသည် သင့်ကြာပန်းကို ယူလည်းမယူ၊ ချိုးလည်း မချိုး၊ အဝေးမှသာ နမ်းရှုပ်ခြင်း ဖြစ်သည်။ သို့ဖြစ်လျက် အဘယ့်ကြောင့် ရနံ့ခိုးသူဟု ငါ့ကို စွပ်စွဲရသနည်း'ဟု ဆိုသည်။

ထိုအခိုက်မှပင် ယောကျ်ားတစ်ယောက်သည် ကြာအိုင်ထဲဆင်းလျက် ကြာစွယ်များကိုတူးပြီး ကြာပန်းများကို ချိုးယူသွားသည်။ နတ်သမီးသည် ထိုယောကျ်ားကို မည်သို့မျှ မဆိုလိုက်။ 'နတ်သမီး၊ သင်သည် ကြာစွယ်များကို တူး၍ ကြာပန်းများကို ခူးယူသော ထိုယောကျ်ားကိုမူ မည်သို့မျှမဆိုပါဘဲ အဝေးမှရပ်၍ နမ်းသော ငါ့ကိုမူ အဘယ့်ကြောင့် ရနံ့ခိုးသူဟု စွပ်စွဲရသနည်း'ဟု ရသေ့က မေးသည်။ နတ်သမီးက 'ထိုယောကျ်ားသည် တံတွေး၊ ကျင်ကြီး၊ ကျင်ငယ်များဖြင့် လိမ်းကျံသော နို့ထိန်းကျွန်မ၏ အဝတ်ကဲ့သို့ မကောင်းမှုဖြင့် လိမ်းကျံထားပြီးသူ ဖြစ်သည်။ ထို့ကြောင့် သူ့ကို ဆိုစရာမလိုတော့၊ သင့်ကိုမူ ဆိုသင့်၍ ဆိုရခြင်းဖြစ်သည်။ စင်ကြယ်ခြင်းကို ရှာဖွေနေသော သင့်အား သားမြီးဖျားမျှရှိသော မကောင်းမှုကလေးသည်ပင် မိုးတိမ်ပမာကဲ့သို့ ထင်မြင်လွယ်၏'ဟု တုံ့ပြန်လိုက်သည်။

ထိုအခါ ရသေ့ကြီးသည် နတ်သမီး၏ ရည်ညွှန်းလိုခြင်းကို သဘောပေါက်သွားသောကြောင့် 'နတ်သမီး၊ နောက်နောင် ငါ့တွင် အပြစ်တွေ့ရလျှင် ယခုကဲ့သို့ ဆုံးမစကားဆိုပါ'ဟု ဖိတ်ကြားသည်။ သို့ရာတွင် နတ်သမီးက ဝန်ခံမှုမပြုဘဲ 'ငါသည် သင့်ကို မှီ၍ အသက်မမွေး၊ သင်၏ အမှုထမ်းလည်းမဟုတ်၊ သုဂတိဘဝကို ရနိုင်သည့် ကောင်းမှုတရားများကို သင့်ဘာသာ သိရမည်' ဆိုပြီးလျှင် ထိုနေရာမှ ထွက်ခွာသွားသည်။

ဇာတ်ပေါင်း။ ။ နတ်သမီး-ဥပ္ပလဝဏ်၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တရားသောအလုပ်ကိုသာ လုပ်ပါ။

---

## ၃၉၃။ ဝိဃာသာဒဇာတ်

### စစ်မှန်သော စားကြွင်းစားများ

**ပစ္စုပ္ပန်ဝတ္ထု**

ကစားလေ့ရှိသော ရဟန်းများကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သိကြားမင်း ဖြစ်နေသည်။ ထိုအခါ ကာသိရွာသားညီနောင်ခုနစ်ယောက်တို့သည် ရသေ့ပြု၍ တောထွက်ခဲ့ကြသော်လည်း ကမ္မဋ္ဌာန်းတရား အားထုတ်မှုမပြုကြဘဲ ခန္ဓာကိုယ် လှပပြည့်ဖြိုးစေရန် ကစားခုန်စားပြု၍သာ နေကြသည်။ ထိုအကြောင်းကို သိမြင်ရသော သိကြားမင်းသည် ရသေ့များကို ထိတ်လန့်စေလို၍ ကျေးသားအသွင်ဖြင့် သစ်ပင်ပေါ်တွင် နားလျက် 'စားကြွင်းစားများသည် ချမ်းသာစွာ အသက်မွေးရသည်။ ထိုသူများသည် မျက်မှောက်ဘဝတွင် ချီးမွမ်းထိုက်၍ တမလွန်၌ သုဂတိဘဝသို့ ရောက်ကြရသည်'ဟု ဆိုသည်။

ဤစကားကို ကြားလိုက်ရသော ရသေ့တစ်ဦးက အခြားရသေ့များကို 'ဤကျေးသားသည် ငါတို့ကို လာရောက်ချီးမွမ်းနေသည်။ လာရောက် နားထောင်လှည့်ကြပါ'ဟု ခေါ်လိုက်သည်။ ရသေ့များ စုဝေးရောက်လာချိန်၌ ကျေးသားက 'သားကောင်ပုပ်ကို စားနေကြသော ရသေ့တို့၊ ငါသည် သင်တို့ကို မချီးမွမ်း၊ သင်တို့သည် ကျားစသော သတ္တဝါများ၏ စားကြွင်းကို စားနေကြသူများဖြစ်သည်။ ငါပြောသည်မှာ သင်တို့ကဲ့သို့ စားကြွင်းမျိုးမဟုတ်၊ သင်တို့ကဲ့သို့ စားကြွင်းစားမျိုးကိုလည်း ငါမချီးမွမ်း'ဟူ၍ ပြောပြန်သည်။

ရသေ့များက 'သင်သည် ငါတို့ကဲ့သို့ စားကြွင်းစားများကို မချီးမွမ်းလျှင် ဘယ်စားကြွင်းစားမျိုးကို ချီးမွမ်းသနည်း။ အဘယ်စားကြွင်းစားမျိုးကမှ စားကြွင်းစား စစ်မှန်သနည်း' ဟု မေးရာ 'ရဟန်းပုဏ္ဏားများနှင့် ဖုန်းတောင်းယာစကားများအား ဦးစွာပေးလှူ၍ ကြွင်းကျန်သည်ကို စားသူများသာလျှင် စားကြွင်းစား စစ်မှန်ပါသည်၊ ထိုစားကြွင်းစားမျိုးကိုမှ ကျွန်ုပ်က ချီးမွမ်းပါသည်'ဟု ကျေးသားကဆိုလျက် ရသေ့များအား အရှက်ရစေခဲ့လေသည်။ ထို့နောက် သိကြားမင်းသည် တာဝတိံသာသို့ ပြန်လာခဲ့တော့သည်။

ဇာတ်ပေါင်း။ ။ ရသေ့ညီနောင်ခုနစ်ဦး-ကစားတတ်သောရဟန်းများ၊
သိကြား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ခန္ဓာကိုယ်ကိုပြုပြင်ခြင်းမှာ သူတော်ကောင်းတို့အလုပ်မဟုတ်။

http://www.dhammadownload.com



# ၃၉၄။ ဝဋ္ဋကဇာတ်

## အာဟာရကြောင့် ပူပန်မှုမရှိသူ

### ပစ္စုပ္ပန်ဝတ္ထု

လျှပ်ပေါ်လော်လည်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် တောတစ်ခု၌ ငုံးမင်းဖြစ်နေသည်။ ထိုစဉ်က ငုံးမင်း၏ အစာအာဟာရများမှာ မြက်သီးခြောက်မျှသာ ဖြစ်သည်။ တစ်နေ့တွင် ဆင်သေကောင် အစရှိသည်တို့ကို စားနေရသော်လည်း အားရ တင်းတိမ်နိုင်ခြင်းမရှိသော ကျီးတစ်ကောင်သည် အစားအသောက်များ အလှူပယ် ပေါများ လိမ့်မည်အထင်ဖြင့် ငုံးမင်းနေသော တောထဲသို့ ဝင်လာသည်။ ငုံးမင်းကို တွေ့လိုက်ရ သည်နှင့် 'ဤငုံးမင်းသည် လွန်စွာဆူဖြိုးသည်။ သူစားသော အစားကောင်းများကို မေးပြီးလျှင် ငါလည်း သူကဲ့သို့ ဆူဖြိုးအောင် သူပြောသော အစာများကို စားမည်'ဟု နှလုံးသွင်းလိုက်သည်။ သို့ဖြင့် သူသည် ငုံးမင်းအပေါ်ရှိ သစ်ကိုင်းပေါ်တွင် သွား၍ ရပ်နားရာ ငုံးမင်းက စတင်၍ 'ဦးရီးတော်ဖြစ်သော ကျီး၊ သင်သည် လူတို့၏အစာဖြစ်သော ထမင်း၊ ထောပတ်နှင့် ဆီများကို စားနေရပါလျက် အဘယ်ကြောင့် ကြုံလှီနေရပါသနည်း' ဟု ဖူးစမ်းစကားဆိုသည်။

ထိုအခါ ကျီးက 'မိမိသည် ရန်သူ၏ အလယ်၌ အစာကို ရှာဖွေစားသောက် ရသောကြောင့် အမြဲထိတ်လန့်ကြောက်ရွံ့နေရသည်။ လူတို့၏အစာကို လုယက်၍ ကသုတ်ကယက် စားရသောကြောင့် ရောင့်ရဲခြင်းလည်း မရှိပါ။ ထို့ကြောင့် ကြုံလှီနေရ ခြင်း ဖြစ်သည်'ဟု ရှင်းပြသည်။ ငုံးမင်းသည် အဆီသြဇာညှံ့သော မြက်သီး မြက်ခြောက် များကို စားသုံးနေရသူ ဖြစ်ပါလျက် ဆူဖြိုးနေရသည့် အကြောင်းကိုလည်း ဆက်၍ မေးလေသည်။

ဤတွင် ငုံးမင်းက 'အဆွေကျီး၊ အကျွန်ုပ်သည် အလိုနည်းရုံမျှသာမက အာဟာရ ကြောင့်လည်း ပူပန်ရမှုမရှိပါ။ ခရီးဝေးသို့လည်း မသွားရပါ။ ရသမျှ အာဟာရတို့ဖြင့်

http://www.dhammadownload.com



ရောင့်ရဲတင်းတိမ်မှုလည်း ရှိပါသည်။ ထို့ကြောင့် ကျွန်ုပ်ဆူဖြိုးနေရခြင်း ဖြစ်သည်' ဟု ဖြေလိုက်သည်။

ဇာတ်ပေါင်း။ ။ ကျီး-လျှပ်ပေါ်လော်လည်သောရဟန်း၊ ငုံးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရသမျှဖြင့်ရောင့်ရဲခြင်းသည် ချမ်းသာကြောင်းဖြစ်သည်။

---

## ၃၉၅။ ပါရာဝတဇာတ်

ဤဇာတ်သည် ပဉ္စကနိပါတ် အဆက်မှ ဇာတ်အမှတ်(၃၇၅) 'ကပေါတဇာတ်'နှင့် ဇာတ်လမ်းချင်း တူသည်။ ဂါထာမျှသာ ထူးသည်။

ခရပုတ္တဝဂ် ပြီးပြီ။

ဆက္ကနိပါတ် ပြီးပြီ။

---

http://www.dhammadownload.com

# သတ္တကနိပါတ်

## ဝဂ်စုစုပေါင်း—၂

## ဇာတ်စုစုပေါင်း—၂၁

## ၁။ ကုက္ကုဝဂ်

## ၃၉၆။ ကုက္ကုဇာတ်

### မင်းလိုမလိုက်သော အမတ်ပညာရှိ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းအား ဆုံးမတော်မူလို၍ ဤဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ မင်းကျင့်တရားဆယ်ပါးနှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ခြင်းမရှိဘဲ ပြည်သူပြည်သားများကို နှိပ်စက်ကလူပြု၍ ဥစ္စာပစ္စည်းများကို သိမ်းယူလေ့ရှိသော မင်းအား ဆုံးမစကားဆိုရန်အချက်ကို စောင့်နေခဲ့သည်။

တစ်နေ့တွင် မင်းသည် ဥယျာဉ်တော်သို့ ရေကစားရန် ထွက်တော်မူလာရာ အထွတ်တင်၍ အခြင်များ သွင်းထားပြီး မိုးခြင်းမရှိသေးသော အိမ်တစ်ဆောင်ထဲသို့ ဝင်ကြည့်သည်။ အထွတ်ပြို၍ မိမိအပေါ်၌ ကျလာမည်ကို စိုးရွံ့သောကြောင့် ထိုအိမ်ထဲမှ ပြန်ထွက်ကာ အပြင်ဘက်မှ ရပ်လျက် အိမ်ကိုကြည့်ရင်း 'အမတ်ကြီး၊ ဤအိမ်၌ အထွတ်သည် အဘယ်ကိုမှီ၍ တည်သနည်း။ အခြင်တို့သည်လည်း အဘယ်ကို မှီ၍ တည်နေရသနည်း'ဟု ပညာရှိအမတ်ကြီးကို မေးသည်။

http://www.dhammadownload.com



ထိုမေးခွန်းသည် ပညာရှိအမတ်ကြီးအား အချက်ရသွားစေခဲ့သည်။ 'မြတ်သော မင်းကြီး၊ အထွတ်သည် အခြင်၏ ထောက်ပံ့ကူညီမှုဖြင့် တည်နေရသလို အခြင်သည်လည်း အထွတ်ကို အမှီသဟဲပြု၍ တည်နေရပါသည်။ သို့အတွက်ကြောင့် အထွတ်သည် အောက်သို့ ကျမလာနိုင်ခြင်း ဖြစ်ပါသည်။ ဤနည်းတူပင် မင်းတို့သည်လည်း မိတ်ဆွေဖြစ်သော မှူး၊ မတ် စသူတို့၏ဝိုင်းရံကူညီမှုရရှိမှသာ အသရေယုတ်လျော့ခြင်းမရှိဘဲ နေပါလိမ့်မည်'ဟု လျှောက်ထားလေသည်။

ထိုအချိန်၌ လူတစ်ယောက်သည် မင်းကြီးအား ရှောက်သီးတစ်လုံး လာရောက်ဆက်သရာ မင်းကြီးသည် 'အဆွေ စားလော့'ဟုဆို၍ ပညာရှိအမတ်ကို ပေးလေသည်။ အမတ်သည် ရှောက်သီးကို လှမ်းယူရင်းက 'မြတ်သော မင်းကြီး၊ ရှောက်သီးကို မစားတတ်သူများ စားလျှင် ခါးသော်လည်း ခါးတတ်၏။ အခွံပေါက်၍ အချဉ်သော်လည်း ပျက်တတ်ပြန်၏။ စားတတ်သူများကမူ ရှောက်သီးအရသာကို မပျက်စီးစေဘဲ စားကြပါ၏။ ဤနည်းတူပင် ပညာရှိသော မင်းသည် ကျေးလက်တောရွာများ၌လည်း မင်းကျင့်တရားနှင့်အညီ ကျင့်၍ ဥစ္စာပစ္စည်းများကို တိုးပွားစေကြပါသည်။ ပြည်သူများအား ညှဉ်းဆဲခြင်း မပြုကြပါ'ဟု လျှောက်ထားလိုက်ပြန်ရာ မင်းကြီးက ဆိတ်ဆိတ်သာ နေသည်။

ခဏအကြာတွင် မင်းကြီးသည် အမတ်ကြီးကိုခေါ်၍ ရေကန်ဘက်သို့ ထွက်လာသည်။ ရေကန်ထဲတွင် လှပတင့်တယ်စွာ ပွင့်နေသော ပဒုမ္မာကြာပန်းတစ်ပွင့်ကို တွေ့လိုက်ရသဖြင့် မင်းကြီးက 'အဆွေ၊ ဤပဒုမ္မာကြာသည် ရေထဲ၌ ပေါက်သော်လည်း ရေစက်ရေပေါက်များဖြင့် မလိမ်းကျံ'ဟု ပြောသည်။ ဤစကားသည်လည်း အမတ်ကြီး လိုလားသည့် အကွက်ထဲသို့ ဝင်လာသောကြောင့် 'မှန်ပါ၊ ပဒုမ္မာကြာသည် ရေထဲ၌ ပေါက်သော်လည်း ညွှံ၊ မြူ၊ ရေတို့ဖြင့် မလိမ်းကျံသကဲ့သို့ တရားစောင့်သော ရှေးမင်းများသည်လည်း ကံငါးပါးဟု ဆိုအပ်သော အကုသိုလ်တရားများဖြင့် မလိမ်းကျံပါ'ဟု လျှောက်တင်လိုက်သည်။ မင်းကြီးသည် ထိုအခါမှစ၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ တိုင်းပြည်အုပ်ချုပ်လေရာ တိုင်းပြည်သည်လည်း သာယာဝပြောလေသည်။

ဇာတ်ပေါင်း။ ။မင်း-အရှင်အာနန္ဒာ၊ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။မင်းနှင့်ပြည်သူကြည်ဖြူမှ နိုင်ငံတိုးတက်မည်။

http://www.dhammadownload.com



# ၃၉၅။ မနောဇဇာတ်

## အဖေါ်ကောင်းနားမထောင်၍ ပျက်စီးသူ

### ပစ္စုပ္ပန်ဝတ္ထု

မိမိတို့ ဂယာသီသ၌ ဆွမ်းမခံရဘဲ တစ်ဆယ့်ရှစ်မျိုးသော ဟင်းလျာများကို စားနေရကြောင်း ပြောပြသည့် ဒေဝဒတ်၏ တပည့်ရဟန်းနောက်သို့ လိုက်ပါသွားသော ရဟန်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ခြင်္သေ့မျိုး၌ ဖြစ်နေသည်။ သူ့တွင် သားခြင်္သေ့တစ်ကောင်နှင့် သမီးခြင်္သေ့မငယ် တစ်ကောင်ရှိသည်။ 'မနောဇ' ဟု ခေါ်သော သားခြင်္သေ့သည် အခြားခြင်္သေ့မငယ် တစ်ကောင်နှင့် အကြောင်းပါသော်လည်း မိသားစုထဲမှ ခွဲထွက်၍ မသွားဘဲ မိသားစုငါးဦးစလုံး၏ ဝမ်းရေးကိစ္စအတွက် ကျွဲ စသော သားကောင်ကြီးများကို သတ်ဖြတ်၍ ကျွေးမွေးနေမြဲ ဖြစ်သည်။ တစ်နေ့တွင် သားကောင်ဖမ်းရာမှ ပြန်လာသော မနောဇ၏ နောက်မှ မြေခွေးတစ်ကောင် လိုက်ပါလာရာ ဖခင်ခြင်္သေ့ကြီးက သဘောမကျပေ။ မြေခွေးများသည် အကျင့်ယုတ်၍ ပြန်လွှတ်လိုက်ရန် ပြောသော်လည်း မနောဇသည် မနာယူဘဲ မြေခွေးကို သူ့လိုဏ်ဂူရှိရာသို့ ခေါ်ယူသွားလေသည်။

မြေခွေးက မိစားဖူးသေးသော မြင်းသားကို စားကြည့်လိုကြောင်း ပြောသဖြင့် မနောဇသည် ဗာရာဏသီမြစ်ဆိပ်တွင် ရေချိုးနေသော မြင်းတစ်ကောင်ကို သွားရောက်ဖမ်းယူသည်။ ဖခင်ခြင်္သေ့ကြီးသည် အသားကို စားနေဆဲမှာပင် မြင်းသား ဖြစ်ကြောင်း သိသဖြင့် 'ချစ်သား၊ မြင်းတို့မည်သည် မင်း၏ ယာဉ်ဖြစ်သည်။ မြင်းသားကို စားသော ခြင်္သေ့များသည် အသက်မရှည်တတ်၊ နောင်တွင် မြင်းများကို မဖမ်းလင့်'ဟု တားမြစ်သည့်တိုင် သားဖြစ်သူက နေ့စဉ်ရက်ဆက် ဖမ်းနေသောကြောင့် လူများသည် မြင်းများကို ဗာရာဏသီမြစ်ဆိပ်၌ ရေချိုးမပေးကြတော့ဘဲ မြို့တွင်း၌ ရေကန်တူး၍ ချိုးပေးကြသည်။ သို့တစေ မနောဇသည် မြို့ရိုးတံတိုင်းထိပ်မှ သွား၍ တင်းကုပ်ထဲမှ မြင်းများကို ဖမ်းယူပြန်သည်။

ဤတွင် သည်းမခံနိုင်တော့သော မင်းသည် 'အဂ္ဂဓေဝိ' လေးသမားကို ခေါ်ယူကာ ထိုခြင်္သေ့ဆိုးအား သုတ်သင်ရှင်းလင်းပေးရန် ညွှန်ကြားလိုက်ရာ လေးသမားသည်

http://www.dhammadownload.com



တံတိုင်းပေါ်၌ လင့်စင်ဆောက်၍ စောင့်နေလိုက်သည်။ မြင်းဖမ်းရန် ထွက်လာသော ခြသေ့်သည် မြေခွေးကို သုသာန်ထဲ၌ ထားခဲ့ကာ သူတစ်ကောင်တည်းသာ မြို့ရိုးတံတိုင်းပေါ် တက်၍ ပြေးဝင်လာသည်။ လေးသမားသည် အဝင်ခရီး၌ လျင်မြန်လွန်းသောကြောင့် မပစ်လိုက်နိုင်ဘဲ မြင်းကိုဖမ်း၍ ဝန်လေးနှင့် ပြန်လာသော အထွက်ခရီးတွင်မှ ပစ်လိုက်ရာ မြားသည် နောက်မှဝင်၍ ရှေ့ဘက်မှ ဖောက်ထွက်သွားသည်။ ခြသေ့်၏ အော်သံ၊ လေးညို့ခတ်သံများသည် ကျယ်လောင်စွာ မြည်ဟည်းသွားလေသည်။ ထိုအသံကြောင့် မြေခွေးသည် အခြေအနေကို နားလည်လိုက်ကာ 'ငါသည် သူသေတို့နှင့် မပေါင်းဖော်လိုတော့' ဟု ဆို၍ ထွက်ပြေးသွားသည်။

ဇာတ်ပေါင်း။ ။ မနောဇ-ဆန့်ကျင်ဘက်မိတ်ဆွေနှင့်ပေါင်းသောရဟန်း၊ နှမခြသေ့်-ဥပ္ပလဝဏ်၊ မယားခြသေ့်-ခေမာဘိက္ခုနီ၊ အမိခြသေ့်မ-ယသောဓရာ၊ အဖခြသေ့်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိမိအတွက်သာကြည့်တတ်သူသည် မိတ်ဆွေကောင်းမဟုတ်။

---

## ၃၉၈။ သုတနုဇာတ်

### ဘီလူးကို အနိုင်ရသူ

**ပစ္စုပ္ပန်ဝတ္ထု**

မိဘကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူဆင်းရဲမျိုး၌ ဖြစ်၍ သုတနု အမည်ရှိသည်။ အရွယ်ရောက်၍ လူလားမြောက်ချိန်၌ ဖခင် ကွယ်လွန်သွားလေရာ မိခင်မုဆိုးမကြီးအား သူရင်းငှားအလုပ်ကိုလုပ်၍ ပြုစုလုပ်ကျွေးနေသည်။

တစ်နေ့တွင် ဗာရာဏသီမင်းသည် သမင်လိုက်ရန် တောသို့ ထွက်လာကာ အမတ်များအား သူ့နေရာနှင့်သူ နေရာချပေးသည်။ 'အကယ်၍ သမင်လွတ်ပြေးခဲ့လျှင် လွတ်ပြေးရာဘက်မှ အစောင့်ကို ဒဏ်ပေးမည်' ဟု ကြိုတင်သတိပေးထားသည်။ အားလုံး နေရာယူပြီးချိန်၌ ညာသံပေး၍ ခြောက်လှန့်ကြရာ 'ဏေဏီ' မည်သော သမင်တစ်ကောင်သည်

http://www.dhammadownload.com



မင်းကြီးတာမှ ထွက်ပြေးသွားသည်။ 'ရွှေသမင် ဘယ်ကထွက်၊ မင်းကြီးတာက ထွက်' စသော အမတ်များ၏ နောက်ပြောင်မှုသည် တောတစ်ခွင်လုံး ပဲ့တင်ဟည်းသွားသည်။

ရှက်လည်းရှက်၊ ဒေါသလည်း ဖြစ်သွားသော မင်းကြီးသည် သမင်နောက်သို့ တစ်ဟုန်ထိုးပြေးလိုက်သွားရာ များစွာကွာလှမ်းသော နေရာသို့ အရောက်တွင် ဖမ်းမိခဲ့သဖြင့် သန်လျက်နှင့် ခုတ်ပိုင်းပြီး ထမ်းပိုးဖြင့်ထမ်းကာ ပြန်လာခဲ့သည်။ သို့ရာတွင် မင်းကြီးသည် ရွှေမြို့တော်သို့ အရောက်မပြန်နိုင်တော့ဘဲ မောပန်းလွန်းသဖြင့် လမ်းဘေးမှ ညောင်ညိုပင်တစ်ပင်အောက်တွင် အမောပြေ ဝင်ခိုရင်း မှေးစက်နေလိုက်သည်။ ထိုညောင်ပင်ကား 'မဃဒေဝ' ဆိုသော ဘီလူးကြီး စောင့်သည့် ညောင်နန်းရိပ်မွန် ဖြစ်နေသည်။ ဘီလူးသည် အိပ်ပျော်နေရာမှ နိုးသည်နှင့် သမင်ထမ်း၍ လာသော မင်းအား ညောင်ရိပ်မလွန်မီမှပင် 'ရပ်လော့၊ သင်သည် ငါ့အစာဖြစ်ပြီ'ဟု ပြောကာ လက်ကို ဖမ်းဆွဲ၍ ဟန့်တားသည်။

မင်းကြီးက အကြောင်းကိုမေးရာ ဘီလူးက သူ့အခွင့်အရေးကို ပြောပြသော် 'ယနေ့ မိမိကိုလွှတ်၍ သမင်တစ်ကောင်ဖြင့် မကျေနပ်ပါ။ မနက်ဖြန်မှစ၍ လူတစ်ယောက်နှင့် ထမင်းတစ်ပွဲစီ ရက်မှန်မှန် လာပို့ပါမည်'ဟု မင်းက ဆိုသည်။ ဘီလူးက သဘောတူသဖြင့် ရွှေမြို့တော်သို့ ပြန်လာခဲ့သည်။ ရွှေနန်းတော်သို့ ပြန်ရောက်သောအခါ မင်းသည် အမတ်တစ်ဦးနှင့် တိုင်ပင်ကာ သင့်လျော်သလို စီမံရန် တာဝန်ပေးသည်။ အမတ်သည် နေ့စဉ်ပင် နှောင်အိမ်ထဲမှ လူတစ်ယောက်ကျစီ ထုတ်ယူကာ ဘီလူးကြီးထံသို့ ထမင်းပွဲပို့ရန် စေလွှတ်သည်။ ဘီလူးသည် ထမင်းပွဲကို စားသကဲ့သို့ လာပို့သူ လူသားကိုလည်း စားသဖြင့် ရက်လရှည်ကြာသော် နှောင်အိမ်ထဲမှ လူများ ကုန်သွားတော့သည်။

ထိုအခါ မင်းသည် အမတ်၏ အကြံပြုချက်ဖြင့်ပင် အသပြာတစ်ထောင်ကို ဆင်ကျောက်ကုန်းပေါ်တွင်တင်၍ 'ဘီလူးကြီးထံ ထမင်းသွားပို့လိုသူသည် ဤအသပြာငွေတစ်ထောင်ကို ယူပါ'ဟု နိုင်ငံတစ်ဝှန်းလုံး စည်လည်စေရာ တစ်နေ့ လုပ်အားခ ပဲဝက်မျှသာရသော အသပြာဖြင့် မိခင်မုဆိုးမကြီးကို လုပ်ကျွေးနေသော ဘုရားလောင်း သုတနလုလင်ယ်သည် စည်လည်သံကို ကြားရလျှင် 'ဤငွေတစ်ထောင်ကိုယူ၍ မိခင်အား ပေးခဲ့မည်၊ ငါသည် ဘီလူးကို ဆုံးမနိုင်လျှင် ငါ့အတွက် အန္တရာယ်ရှိမည် မဟုတ်၊ မဆုံးမနိုင်၍ ငါသေလျှင်လည်း ငါ့မိခင်သည် ချမ်းချမ်းသာသာနှင့် အသက်မွေးရလိမ့်မည်'ဟု တွေးကာ ဆင်ပေါ်မှ ငွေတစ်ထောင်ကိုယူ၍ မိခင်ကြီးအား ပေးကာ မင်းမှုထမ်းများနှင့်အတူ နန်းတော်သို့ လိုက်ပါသွားခဲ့သည်။

http://www.dhammadownload.com



မင်းနှင့် တွေ့ဆုံသောအခါ မင်းထံမှ ရွှေခြေနင်း၊ ထီးဖြူ၊ သန်လျက်နှင့် စားတော်ရွှေခွက်တို့ကို တောင်းခံရာ မင်းကလည်း တောင်းခံသည့် ပစ္စည်းအားလုံး ပေးလိုက်၏။ ထို့နောက် သူသည် စားတော်ရွှေခွက်၌ မင်းကြီး ပွဲတော်စာများကို ထည့်ယူ၍ ဘီလူးကြီးရှိရာသို့ လာခဲ့ရာ ညောင်ညိုပင်နန်း အနီးသို့ အရောက်တွင် သူသည် ရွှေခြေနင်းကိုစီး၍ ထီးဖြူကို ဖွင့်ဆောင်းကာ တည်ငြိမ်သော ဣန္ဒြေဖြင့် ညောင်ညိုပင်အနီးသို့ ဝင်လာခဲ့သည်။ ညောင်ရိပ်အစွန်းနားသို့ ရောက်သည်နှင့် သူသည် သန်လျက်နှင့် ထမင်းခွက်ကို အရိပ်ထဲ၌ ချလျက် အရိပ်အပြင်ဘက်မှ ရပ်၍ ဘီလူးကို ထမင်းလာစားရန် ခေါ်လိုက်သည်။ ဘီလူး မလာ၊ သူရှိနေသည့် အရိပ်တွင်းသို့ အရောက်လာပို့ပေးရန် ပြောရင်း 'ထမင်းသာ ငါ့အစာမဟုတ်၊ သင်လည်း ငါ့အစာဖြစ်သည်'ဟု ဆိုသည်။ သုတနုကလည်း 'သင်သည် ငါ့ကို စားခဲ့လျှင် နောက်တွင် သင့်ထံ ထမင်းလာပို့မည့်သူ ရှိလိမ့်မည် မဟုတ်၊ ငါ့ကို လွှတ်လျှင်ကား တစ်ယောက်ယောက်သည် နေ့စဉ် ထမင်းလာပို့နေမည်၊ ငါသည် သင်ပိုင်မြေပေါ်၌ မရပ်၊ ခြေနင်းပေါ်တွင်သာ ရပ်နေသည်။ ညောင်ရိပ်ကိုလည်း မနိုး၊ မိမိထီးရိပ်ကိုသာ နိုသည်။ သင်သည် ငါ့ကို စားပိုင်ခွင့်မရှိ၊ အတင်းအဓမ္မစားရန် ကြိုးပမ်းလာလျှင် သန်လျက်နှင့်ပိုင်းဖြတ်မည်'ဟု ပြန်ကြားလိုက်သည်။

ဘီလူးသည် သုတနု စကားကို သဘောပေါက်သွားကာ 'သင့်ကို ငါ မစားတော့ပါ'ဟု ဆိုသည်။ သို့သော် သုတနုသည် ဘီလူးအား ငါးပါးသီလ မြဲစေသည်။ ယင်းသို့သော စွမ်းဆောင်ချက်များကြောင့် မင်းသည် သုတနုအား စစ်သူကြီးရာထူးကို ပေးအပ်လေသည်။

**ဇာတ်ပေါင်း။** ။ မယခေဝဘီလူး-အင်္ဂုလိမာလ၊ မင်း-အရှင်အာနန္ဒာ၊ သုတနု-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရန်သူကိုနိုင်လိုသော် ဉာဏ်ကိုလွှာ၍သုံးပါ။

---

## ၃၉၉။ ဂိဇ္ဈဇာတ်

### မိဘကို လုပ်ကျွေးသော လင်းတ

**ပစ္စုပ္ပန်ဝတ္ထု**

မိဘကို လုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် လင်းတမျိုး၌ ဖြစ်၍ မျက်စိ အလင်းအား မကောင်းသော မိဘနှစ်ပါးကို လင်းတဂူ၌ အေးငြိမ်းစွာနေစေလျက် အစာရှာဖွေ ကျွေးမွေးသည်။ တစ်နေ့တွင် ဗာရာဏသီ သုသာန်ထဲ၌ လာရောက်၍ အစာရှာဖွေသော မုဆိုးတစ်ယောက် ထောင်ထားခဲ့သော ကျော့ကွင်း၌မိလေရာ မိမိအတွက် ဝမ်းမနည်းဘဲ မိဘနှစ်ပါးအတွက်သာတွေး၍ ပူပန်သောကပွားကာ ငိုကြွေးလေသည်။

ကျော့ကွင်းကို ကြည့်ရန် ရောက်လာသော မုဆိုးသည် ငိုကြွေးသံကို ကြားရသောအခါ လူစကား ပြောသောငှက်က မိဘများကို လုပ်ကျွေးနေကြောင်း သိလိုက်ရ၍ လေးစားလာသဖြင့် 'အဆွေ လင်းတ၊ သင်တို့ လင်းတများသည် ယူဇနာတစ်ရာ ဝေးကွာသော အရပ်မှ ပိုးကောင်ငယ်များကိုပင် လှမ်းမြင်နိုင်ကြသည်ဟု လူအများ ပြောစမှတ်ရှိကြသည်။ သင်သည် ကျော့ကွင်းကို မမြင်၍ အမိခံရသလော'ဟု မုဆိုးက မေးသည်။

ထိုအခါ လင်းတက 'အဆွေ မုဆိုး၊ ပျက်စီးချိန်တန်လာသောအခါ ပိုက်ကွန်ကိုလည်း မမြင်နိုင်၊ ကျော့ကွင်းကိုလည်း မမြင်နိုင်၊ မိမိငိုကြွေးခဲ့သည်မှာ မိမိအတွက် မဟုတ်ပါ၊ မိဘများ၏နောင်ရေးအတွက် ဖြစ်ပါသည်'ဟု ပြန်ပြောလေလျှင် မုဆိုးသည် လင်းတ၏ စကားကို နှစ်သက်သောကြောင့် သတ်ထိုက်သော လင်းတ မဟုတ်ဟု နှလုံးပိုက်ကာ ပြန်လွှတ်ပေးလိုက်လေသည်။

**ဇာတ်ပေါင်း။** ။ မုဆိုး-ဆန္န၊ မိဘ-မြတ်သောမင်းမျိုးများ၊ လင်းတ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သူတော်ကောင်းမှန်လျှင် လူကောင်းနှင့်တွေ့မြဲ။

---

# ၄၀၀။ ဒဗ္ဘပုပ္ဖဇာတ်

## ငှီဘာသမား ဖြေခွေး

**ပစ္စုပ္ပန်ဝတ္ထု၊**

ရဟန်းကြီးနှစ်ပါးတို့သည် ဝါဆိုသင်္ကန်းအဖြစ် ရရှိခဲ့ကြသော ချည်ကြမ်းသင်္ကန်းနှစ်ထည်နှင့် ကမ္ဗလာသင်္ကန်းတစ်ထည်ကို ဝေခြမ်းရာ၌ အငြင်းအခုန် ဖြစ်နေကြရာ ဥပနန္ဒမထေရ်က ထိုရဟန်းနှစ်ပါးတို့အား ချည်ကြမ်းသင်္ကန်း တစ်ထည်စီဝေပေး၍ ကမ္ဗလာသင်္ကန်းမှာမူ ဝိနည်းခိုရ်ဖြစ်သော မိမိနှင့် သက်ဆိုင်သည်ဟုဆိုပြီး ယူသည်။ ထိုဥပနန္ဒမထေရ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူလေသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မြစ်တစ်ခု အနီး၌ ရုက္ခစိုး ဖြစ်နေသည်။ ထိုအခါ မြေခွေးဇနီးမောင်နှံသည်လည်း ထိုမြစ်အနီးမှာပင် လာရောက်နေထိုင်ကြသည်။ တစ်နေ့တွင် ဇနီးသည်မြေခွေး ချင်ခြင်းတပ်သည် ဆို၍ မြေခွေးဖိုသည် ငါးကြင်းသား ရှာဖွေရန် မြစ်ကမ်းခြေဘက်သို့ ဆင်းလာစဉ် ငါးရှာနေသော ဖျံနှစ်ကောင်သည် တစ်ကောင်က ရေတိမ်ပိုင်းတွင် ရှာ၍ တစ်ကောင်က ရေနက်ပိုင်းတွင် ရှာသည်။ ရေနက်ပိုင်းမှ ဖျံသည် ငါးကြင်းကြီးတစ်ကောင်ကို ဖမ်းမိသဖြင့် ငါးကြီးလွန်း၍ တစ်ကောင်တည်း မနိုင်သဖြင့် ရေတိမ်ပိုင်းမှ ဖျံကို အကူအညီတောင်းသည်။ နှစ်ကောင် ပိုင်းကိုက်၍ ဆွဲယူမှ ငါးကြီး ပါလာသည်။

ဖျံနှစ်ကောင်သည် ငါးကြင်းကို ကမ်းစပ်၌ ချထားပြီး သူဝေ၊ ငါဝေနှင့် တာဝန်လွှဲ နေကြသည်။ ထိုအခိုက် သူတို့အနီးသို့ ငါးကြင်းရှာ ထွက်လာသော မြေခွေး ရောက်လာ၍ မြေခွေးကို ဝေခြမ်းပေးရန် တောင်းပန်ကြသဖြင့် မြေခွေးသည် ငါးကို သုံးပိုင်းပိုင်းသည်။ ခေါင်းပိုင်းကို ရေနက်ပိုင်းတွင် ရှာသူ ဖျံအားလည်းကောင်း၊ အမြီးပိုင်းကို ရေတိမ်ပိုင်းတွင် ရှာသော ဖျံအား လည်းကောင်း ပေးလိုက်ပြီး အလယ်ပိုင်းကိုမူ တရားသူကြီးဖြစ်သော သူ့အတွက် ဖြစ်သည်ဟုဆို၍ ယူပြေးသွားသည်။

**ဇာတ်ပေါင်း။** ။ မြေခွေး-ဥပနန္ဒ၊ ဖျံနှစ်ကောင်-သက်ကြီးရဟန်းနှစ်ပါး၊
ရုက္ခစိုးနတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အချင်းချင်းမညီညွတ်လျှင် ကြားလူဝင်မြ။

---

## ၄၀၁။ ပဏ္ဏကဇာတ်

### အခက်ခဲဆုံးလုပ်ငန်း

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် 'သေနက' အမည်ဖြင့် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ တစ်နေ့တွင် ပုရောဟိတ်၏ သားသည်

http://www.dhammadownload.com



မိဖုရားကြီးကို မြင်တွေ့မိရာမှ စွဲလမ်းသည့်စိတ်ကြောင့် အာဟာရကိုပင်ဖြတ်၍ အိပ်ရာထဲ၌ ဗုန်းဗုန်းလဲနေသည်။ ထိုအကြောင်းကို ကြားသိရသော မင်းကြီးသည် ပုရောဟိတ်သားကို ခေါ်ယူကာ မိမိ၏ မိဖုရားကြီးကို ခုနစ်ရက်ပတ်လုံး ပေးအပ်လိုက်ပြီး ရှစ်ရက်မြောက်နေ့၌ မိမိထံ ပြန်လည်ပို့ဆောင်ပေးရန် မှာကြားလိုက်သည်။

ပုရောဟိတ်သားသည် မိဖုရားကြီးကိုအိမ်သို့ခေါ်လျက် ခုနစ်ရက်ပတ်လုံး မိဖုရားကြီးနှင့် မွေ့လျော်ခဲ့ရာ သူတို့နှစ်ဦး တပ်စွန်းမိကြသောကြောင့် မိဖုရားကြီးသည် နန်းတော်သို့ မပြန်တော့ဘဲ ပုရောဟိတ်သားနှင့်အတူ ထွက်ပြေးသွားသည်။ မဒ္ဒဝမင်းသည် မိဖုရားကို လွမ်းဆွေးလာသဖြင့် နောက်ဆုံး၌ ဝမ်းသွေးပါသော ရောဂါပါ ဝင်လာ၍ သမားတော်ကြီးများက ကြိုးစား၍ ကုသကြသော်လည်း ဝေဒနာသည် လျော့ပါးသက်သာလာခြင်း မရှိပေ။

ပညာရှိသေနကအမတ်ကမူ မင်းကြီး၏ ဝေဒနာမှာ မိဖုရားကြီးကို လွမ်းဆွတ်သော စိတ်ရောဂါဖြစ်ကြောင်း သိသဖြင့် 'အာယုရအမတ်'၊ 'ပုက္ကုသအမတ်' တို့နှင့် တိုင်ပင်ကာ ရောဂါ၏ ဇာစ်မြစ်ကို ဖော်ပြ၍ ကုစားမည့်နည်းလမ်း ကို တင်ပြသည်။ ကုစားမည့်နည်းကို မင်းကြီးက မေးလျှင် ဖြေဆိုရမည့် အဖြေများကို လည်း သင်ကြားပေးသည်။ နောက်ဆုံး၌ မင်းကြီးအား ကုစားရန် သဘောတူကြသောကြောင့် အမတ်ကြီးသုံးဦး ဦးစီး၍ မင်းရင်ပြင်တွင် ပွဲသဘင်ကြီး ကျင်းပသည်။ ထိုပွဲသဘင်ကို ကြည့်ရှုတော်မူရန်အတွက် မင်းကြီးအား ခြင်္သေ့ခံသော လေသာပြတင်းပေါက်၌ နေရာချပေးလိုက်သည်။

မင်းကြီး ကြည့်ရှုနေဆဲမှာပင် ပညာရှင်အသီးသီးတို့သည် မိမိတို့ တတ်ကျွမ်းရာ ပညာရပ်များကို တစ်ဦးပြီးတစ်ဦး ပြကြသည်။ စင်မြင့်ပေါ်သို့ အလှည့်ကျရောက်သော ပညာရှင် တစ်ဦးသည် မင်းကြီး အာရုံစိုက်၍ ကြည့်နေဆဲမှာပင် သုံးဆယ့်သုံးလက်သစ် ရှည်သော သန်လျက်ကြီး တစ်လက်ကို မျိုချပြလိုက်သည်။ ယင်းကို မြင်တွေ့လိုက်ရသော မင်းကြီးက 'ယင်းသန်လျက်ကို မျိုချရခြင်းထက် ခက်ခဲသောအမှု ရှိသေးသလော'ဟု အာယုရအမတ်ကို မေးရာ 'ရှိပါသည်၊ တစ်စုံတစ်ယောက်သောသူအား ဤမည်သော ဥစ္စာကို ပေးပါမည်ဟု ကတိပြုခြင်းက ပို၍ခက်ခဲပါသည်'ဟု လျှောက်တင်သောအခါ မင်းကြီးက 'ငါသည် ပုရောဟိတ်သားအား မိဖုရားကြီးကို ပေးမည်ဟု ဆိုခဲ့ဖူးသည်၊ ငါသည် အလွန်ခက်ခဲသည်ကို ပြုခဲ့ဖူးပြီ'ဟု တွေးလိုက်သည့် ခဏမှာပင် မင်းကြီး၏ နှလုံးသားမှ ခံစားမှုများသည် အတန်ငယ် လျော့ပြေသွားသည်။

တစ်ဖန် ဆက်၍ 'ဥစ္စာကိုပေးမည်ဟု ကတိစကား ပြောရခြင်းထက် ခက်ခဲသော အမှု ရှိသေးသလော'ဟု ပုက္ကုသ အမတ်ကြီးကို မေးပြန်ရာ 'ရှိပါသည်၊ ပေးမည်ဟု

http://www.dhammadownload.com



ကတိပြုသည့်အတိုင်း လက်တွေ့ပေးခြင်းက ပို၍ ခက်ခဲပါသည်'ဟု ဖြေဆိုရာ မင်းသည် မိမိကိုယ်ကို အတော်ပင် ကျေနပ်သွားလေသည်။ 'ငါသည် ပုရောဟိတ်သားအား ကတိနှင့်အညီ မိဖုရားကြီးကိုပေးအပ်နိုင်ခဲ့ခြင်းမှာ အလွန်ခက်ခဲသည်ကို ပြုခဲ့ခြင်းပါတကား' ဟု တွေးမိသည့် ခဏမှပင် သောကလှိုင်းများသည်လည်း များစွာပင် ငြိမ်ဝပ်သွားခဲ့ကြသည်။

ထို့နောက် မင်းကြီးသည် သေနကအမတ်ဘက်သို့လှည့်ကာ 'အမတ်ကြီး၊ လက်တွေ့ပေးရခြင်းထက် ခက်ခဲသော အမှုများ ရှိပါသေးသလော'ဟု မေးသော် 'ရှိပါသည်၊ ပေးအပ်ပြီးနောက်တွင် ထိုပစ္စည်းအပေါ်၌ စွဲလမ်းစိတ်မထားဘဲ နေနိုင်ခြင်းက အခက်ဆုံးဖြစ်သည်'ဟု အဖြေပေးသောအခါ မင်းကြီးက 'ငါသည် ပုရောဟိတ်သားအား မိဖုရားကြီးကို ပေးအပ်ခဲ့ပြီးမှ ပူပန်သောက ပွားနေခြင်းသည် မသင့်၊ ထိုမိဖုရားသည် ငါ့ကို ချစ်ခဲ့လျှင် ဤစည်းစိမ်များကို စွန့်၍ မပြေးတန်ရာ၊ ငါ့အပေါ် ချစ်ခင်တွယ်တာမှုမရှိ၍ ပြေးလေသော မိဖုရားအား ငါသည် လွမ်းဆွတ်နေစရာ မလို'ဟူ၍ အမှန်ကို ခွဲခြမ်းမြင်လေလျှင် မင်းကြီး၏ ဝေဒနာများသည် ရုတ်ခြည်း အေးငြိမ်းသွားကြတော့သည်။

ဇာတ်ပေါင်း။ ။ မင်း-မယားဟောင်းဖြားယောင်းခံရသောရဟန်း၊ အာယုရအမတ်-ရှင်မောဂ္ဂလာန်၊ ပုက္ကုသအမတ်-ရှင်သာရိပုတ္တရာ၊ သေနကအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပြီးပြီးသောလုပ်ငန်းအပေါ် နောင်တပူပန်မှုမဖြစ်ပါစေနှင့်။

---

# ၄၀၂။ သတ္တုဘသ္တဇာတ်

## ပုဏ္ဏားအကျိုးဆောင်သူ ပညာရှိ

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရား၏ ပညာပါရမီကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် သေနကသူ့ခမိန်သည် မင်းကြီး၏ ပညာရှိအမတ် ဖြစ်နေသည်။ ထိုပြင် မင်းနှင့်တကွသော ပြည်သူအားလုံး၏ 'ဓမ္မဆရာ'

http://www.dhammadownload.com



ပုဂ္ဂိုလ်လည်း ဖြစ်သည်။ လပြည့် လကွယ် နေ့တိုင်းဟောသည့် အဆုံးအမတရားသည် လမ်းဘေးတဲကုပ်မှသည် ရွှေနန်းတော်ထဲမှ ရာဇပလ္လင်ပေါ်အထိ သက်ရောက်ခြင်း ရှိသည်။

ထိုစဉ် အလှူခံ၍ ဘဝကို ထိန်းကျောင်းနေသော ပုဏ္ဏားအိုကြီး တစ်ယောက်သည် အလှူခံရာမှ ရလာသော ငွေအသပြာတစ်ထောင်ကို မိတ်ဆွေ ပုဏ္ဏားတစ်ယောက်ထံတွင် အပ်နှံထားပြီးနောက် အလှူခံရန် ထွက်လာပြန်သည်။ အလှူခံပြီးချိန်၌ အပ်ထားသော ငွေတောင်းရာ မိတ်ဆွေ ပုဏ္ဏားက သူသုံးစွဲလိုက်ပြီ ဖြစ်၍ မပေးနိုင်သောကြောင့် ငွေအစား သမီးပျိုကလေးကို ပေးအပ်သည်။ ပုဏ္ဏားအိုကြီးသည် ထိုပုဏ္ဏေးမငယ်နှင့် အတူ နေထိုင်လာခဲ့ရာ ငယ်ရွယ်သော ဇနီးငယ်မှာ ကာမဂုဏ်နှင့်ရောင့်ရဲတင်းတိမ်ခြင်း မရှိသဖြင့် အခြားပုဏ္ဏားတစ်ယောက်နှင့် ဖောက်ပြန်တော့သည်။

အိမ်၌ ပုဏ္ဏားအိုကြီး ရှိနေလျှင် လွတ်လပ်စွာ ဖောက်ပြန်ခွင့် မရသော ပုဏ္ဏေးမငယ်သည် တစ်နေ့တွင် ပုဏ္ဏားအိုကြီးအား အခိုင်းအစေများငှားရမ်းပေးရန် ပြောသည်။ ထိုသို့ ငှားရမ်းနိုင်ရေးအတွက် အလှူခံပြန်ထွက်ရန်လည်း တိုက်တွန်းသည်။ ပုဏ္ဏားအိုသည် ဒေသအနှံ့လှည့်လည် အလှူခံရာ မကြာမီ အသပြာခုနစ်ရာ စုမိလာသည်။ ထိုငွေဖြင့် အခိုင်းအစေများငှားရန် လုံလောက်ပြီ ဖြစ်ကြောင်းကို သိသော ပုဏ္ဏားအိုသည် အလှူခံရာမှ အပြန် ဖရစပ်တစ်ခုအနီးအရောက်တွင် သားရေအိတ်ကိုဖွင့်၍ မုန့်စားပြီးနောက် အိတ်ဝကို မပိတ်ဘဲ စမ်းချောင်းထဲဆင်း၍ ရေသောက်သည်။ ထိုအချိန်၌ အနီးရှိ သစ်ခေါင်းထဲမှ မြွေတစ်ကောင်သည် မုန့်နံ့ကိုရ၍ ထွက်လာကာ မုန့်များကို ဝင်စားရင်း ခွေအိပ်နေလိုက်သည်။ ပုဏ္ဏားအိုကြီးသည် ရေသောက်ရာမှ ပြန်ရောက်လာလျှင် အိတ်ကို ပိတ်လျက် ရှေ့ခရီးသို့ ဆက်လာသည်။

အတန်ငယ် လှမ်းလာမိလျှင် လမ်းဘေးတစ်နေရာရှိ သစ်ပင်ပေါ်မှ 'ပုဏ္ဏား၊ သင်သည် ခရီးကြား၌ နေခဲ့လျှင် သင်သေလိမ့်မည်၊ အိမ်အရောက်သွားလျှင် မယားသေလိမ့်မည်'ဆိုသော အသံတစ်ခုကို ကြားလိုက်ရသည်။ ထိုစကားကြောင့် အထိတ်ထိတ် အလန့်လန့်ဖြင့် ငိုကြွေးလာသည်။ ဗာရာဏသီမြို့ တံခါးဝသို့ အရောက်တွင် သေနက သုခမိန်ထံ တရားသွားနာကြသူများနှင့် ဆုံတွေ့သဖြင့် သူလည်း လိုက်ပါသွားခဲ့သည်။ တရားပွဲသို့ ရောက်သောအခါ ပလ္လင်အနီးတွင် နေရာယူကာ သားရေအိတ်ကို ပခုံးတွင် လွယ်ထားရင်း တရားနာသည်။

တရားနာ ပရိသတ်သည် သေနကသုခမိန်၏ ဟောကြားချက်များအပေါ် နှစ်ထောင်းအားရ ရှိကြသော်လည်း အပူသည် ပုဏ္ဏားအိုကြီးမှာမူ သောက ပြင်းထန်

http://www.dhammadownload.com



နေသည်။ ယင်းကို သတိပြုမိသော သုခမိန်က 'ပုဏ္ဏားး၊ သင်သည် အဘယ့်ကြောင့် မျက်ရည်ပေါက်ကြီးငယ်ကျနေရသနည်း၊ တစ်စုံတစ်ရာသော ဥစ္စာပျောက်ဆုံးသွား၍လော' ဟု မေးရာ ပုဏ္ဏားအိုက လမ်းတွင် ကြားခဲ့ရသော စကားကို ပြောပြသည်။ အဘယ်သို့သော ရည်ရွယ်ချက်ဖြင့် ပြောခြင်းဖြစ်ကြောင်းလည်း မေးသည်။

ထိုအခါ သေနကသုခမိန်က 'ပုဏ္ဏား၊ သင့်အိတ်ထဲမှာ မုန့်ပါသလော'ဟု မေးရာ ပါကြောင်း ဝန်ခံသည်။ "ယနေ့နံနက်က မုန့်ကို အဘယ်မှာ စားသနည်း'ဟု ဆက်မေးရာ တောထဲမှ သစ်ပင်ရင်းတစ်ခု၌ စားခဲ့ကြောင်း ပြောဆိုသည်။ တစ်ဖန်ဆက်၍ ရေသောက်သွားချိန်၌ အိတ်ကို ပိတ်ခဲ့ခြင်း ဟုတ်,မဟုတ် စသည်တို့ကို မေးပြီးနောက် သေနကသုခမိန်က 'ပုဏ္ဏား၊ သင်ရေသောက်သွားချိန်၌ မြွေသည် အိတ်ထဲသို့ ဝင်နေလိမ့်မည်၊ ရုက္ခစိုးသည် ထိုအကြောင်းကိုသိ၍ သင်သည် အိမ်အရောက်မပြန်ဘဲနေပြီး အိတ်ထဲက မုန့်ကိုနှိုက်စားလျှင် မြွေကိုက်၍ သေလိမ့်မည်၊ အိမ်အရောက်ပြန်လျှင် သင့်မယားသည် အိတ်ကို ဖွင့်စမ်းသဖြင့် မြွေကိုက်ခံရ၍ သေလိမ့်မည်ကို သိသောကြောင့် ထိုစကားကို ဆိုခဲ့ခြင်းဖြစ်သည်။ ယခု အိတ်ကို ဖွင့်ကြည့်လောဟု ဆိုလိုက်ရာ ပုဏ္ဏားသည် ပရိသတ်အလယ်၌ အိတ်ကို ဖွင့်ထုတ်လိုက်လျှင် မြွေဟောက်သည် ပါးပျဉ်းထောင်၍ ထွက်လာသည်။

ပုဏ္ဏားအိုကြီးသည် ကျေးဇူးတင်လွန်းသဖြင့် သူ့တွင် ပါလာသော ငွေခုနစ်ရာကို သေနကသုခမိန်အား ပူဇော်သည်။ သုခမိန်က လက်မခံ၊ မိမိတွင်ရှိသော ငွေအသပြာသုံးရာကိုပါ ယူစေကာ တစ်ထောင်ပြည့်အောင် ဖြည့်ပေးလိုက်သည်။ ပုဏ္ဏေးမငယ်သည် ဖောက်ပြန်နေသူဖြစ်၍ ဤငွေကို အိမ်သို့ယူသွားလျှင် သူ့သယောက်လင်အား ပေးလိမ့်မည်၊ တစ်နေရာရာ၌ သိုဝှက်ထားခဲ့ပြီးမှ အိမ်သို့ သွားသင့်သည်ဟု ညွှန်ကြားလိုက်သည်။ ပုဏ္ဏားကြီးလည်း ငွေများကို သစ်ပင်ရင်းတစ်ခု၌ မြှုပ်နှံပြီး ညအချိန်တွင်မှ အိမ်သို့ဝင်သွားသည်။

အိမ်ရောက်သောအခါ ပုဏ္ဏေးမငယ်က ငွေကြေးများ ပါမပါ မေးရာ တစ်ထောင်ပါလာကြောင်း၊ မည်သည့်နေရာက သစ်ပင်ရင်းတွင် မြှုပ်ထားခဲ့ကြောင်းများကို ပြောပြသည်။ နောက်နေ့နံနက်၌ ပုဏ္ဏားအိုကြီးသည် သူ့ငွေများကိုသွားရောက်ယူရာ မတွေ့ရသဖြင့် သေနကသုခမိန်ထံ လာရောက်ပြောပြသည်။ သုခမိန်က 'သင့်မယားသည် ငွေထားခဲ့သည့်နေရာကို သိသွားသဖြင့် သယောက်လင်အား ယူစေလိုက်ပြီ'ဟု ဆိုကာ ဆက်၍ 'သင့်ဆရာ ပုဏ္ဏား ခုနစ်ယောက်၊ သင့်မယားဆရာ ပုဏ္ဏား ခုနစ်ယောက်တို့ကို ယနေ့မှစ၍ ထမင်းဖိတ်ကျွေး၊ မနက်ဖြန်ကစပြီး တစ်ဖက်မှ တစ်ယောက်ကျစီလျှော့၊ ခုနစ်ရက်မြောက်

http://www.dhammadownload.com



နေ၍ သင့်ဘက်မှ ဆရာပုဏ္ဏား တစ်ယောက်နှင့် ပုဏ္ဏေးမငယ်ဘက်မှ ဆရာပုဏ္ဏား တစ်ယောက်သာ ကျန်မည်။ ရက်မပျက် လာရောက်စားသောက်သော ပုဏ္ဏေးမငယ်၏ ထိုဆရာသည် မည်သူဖြစ်သည်ကို ငါ့အား လာပြော'ဟု မှာကြားလိုက်သည်။

ပုဏ္ဏားအိုသည် သေနကသုခမိန် မှာကြားသည့်အတိုင်း ဆောင်ရွက်ရာ ခုနစ်ရက် မြောက်သည့်နေ့တွင် ရက်အစအဆုံး လာရောက်စားသောက်သူ ပုဏ္ဏား၏ အမည်ကို သွားရောက်ပြောကြားသည်။ ထိုအခါ သုခမိန်သည် မင်းမှုထမ်းများအား စေလွှတ်၍ ထိုပုဏ္ဏားအား သွားရောက် ဖမ်းယူစေသည်။ မိမိရှေ့မှောက်သို့ ရောက်သောအခါ 'သင်သည် ဤမည်သောသစ်ပင်ရင်း၌ထားသော ပုဏ္ဏားအိုကြီး၏ အသပြာငွေတစ်ထောင် ကို ယူသလော'ဟု မေးသည်။ တရားခံပုဏ္ဏားသည် ယူကြောင်း ဝန်ခံပြီး ယခု မည်သည့် နေရာ၌ထားကြောင်းကိုလည်း ဖော်ထုတ်ပြောပြသည်။ သုခမိန်သည် ငွေများကို မင်းမှုထမ်း များအား သွားရောက်ယူစေပြီးနောက် တရားခံပုဏ္ဏားကို အပြစ်ပေးသကဲ့သို့ ပုဏ္ဏေးမငယ် ကိုလည်း မင်းဒဏ် ပြုစေသည်။ ထို့နောက် ပုဏ္ဏားအိုကြီးအား မိမိထံတွင်နေစေလေ သည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏားအို-အရှင်အာနန္ဒာ၊ ရုက္ခစိုးနတ်-အရှင်သာရိပုတ္တရာ၊ ယခင်ကပရိသတ်-ယခုဗုဒ္ဓ၏ပရိသတ်၊ သေနကသုခမိန်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တောင်းသူသည် တောင်းသူနှင့်တွေ့မြဲ။

---

# ၄၀၃။ အဋ္ဌိသေနဇာတ်

## ရတ်ရတ်ရောရော တွန့်တိုသူ

**ပစ္စုပ္ပန်ဝတ္ထု**

ကုဋိကာရသိက္ခာပုဒ်ပညတ်ခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် မင်းကြီးသည် မင်းရင်ပြင်အတိုင်း ဆွမ်းခံကြွလာသော ဘုရားလောင်း 'အဋ္ဌိသေန' ရသေ့ကြီးအပေါ် ကြည်ညိုသဒ္ဓါပွားလာ

http://www.dhammadownload.com



သဖြင့် နန်းဆောင်ပေါ်သို့ ပင့်ယူဆွမ်းကျွေးကာ မိမိ၏ ဥယျာဉ်သာတွင်ပင် သက်ဆုံးတိုင် သီတင်းသုံးသွားပါရန် လျှောက်ထားသည်။

ထိုနေ့မှစ၍ မင်းသည် ရသေ့ကြီးထံ တစ်နေ့သုံးကြိမ် အဖူးအမြော် သွားရောက်သည်။ တစ်နေ့တွင် မင်းသည် ရသေ့ကြီး၏ တရားကို နာကြားရာမှ လွန်စွာသဒ္ဓါတရားဖြစ်ပေါ်သဖြင့် 'မင်းစည်းစိမ်မှစ၍ အရှင်ဘုရား အလိုရှိရာကို တပည့်တော်ထံ၌ တောင်းခံတော်မူပါ ဘုရား' ဟု လျှောက်ထားသည်။ အင္ဂိသေနသည် မင်းကြီးထံမှ တစ်စုံတစ်ရာမျှ တောင်းခံခြင်း မပြုချေ။ ဤသည်ကို ဘဝင်မကျသော မင်းကြီးက တစ်နေ့တွင် ရသေ့ထံလာ၍ 'အခြားသူများ တောင်းခံကြပါလျက် အရှင်ဘုရားသည် အဘယ်ကြောင့် တစ်စုံတစ်ရာမျှ တောင်းခံခြင်းမပြုပါသနည်း' ဟု လျှောက်ထားသည်။

ထိုအခါ ရသေ့ကြီးက 'မင်းကြီး၊ တောင်းသောသူကို ပေးရသူက မချစ်တတ်၊ တောင်းပါလျက် မပေးသူကိုလည်း တောင်းသူက မချစ်တတ်၊ ထို့ကြောင့် သင်မင်းကြီး မမုန်းစေလို၍ ငါမတောင်းဘဲ နေခြင်းဖြစ်သည်' ဟု ဆိုသည်။

ဤတွင် မင်းကြီးက 'ရဟန်းပုဏ္ဏားများသည် တောင်းသင့်ချိန်၌ မတောင်းလျှင် တစ်ဖက်သား၏ ကုသိုလ်ကောင်းမှုများကို ဆုတ်ယုတ်စေပါသည်။ မိမိတွင်လည်း လိုအပ်ချက်များ မပြည့်ဝပါ။ အရှင်ဘုရားသာ တောင်းခံမည်ဆိုလျှင် နိုင်ငံအားလုံးကိုပင် ပေးလှူရန် အသင့်ရှိပါသည်' ဟု လျှောက်ထားသည်။ သို့တိုင်လည်း ရသေ့ကြီးက တစ်စုံတစ်ရာမျှ မတောင်းခံချေ။ 'မင်းကြီး၊ ပညာရှိများသည် မတောင်းကြပါ၊ ယင်းသို့ မတောင်းကြသော်လည်း ပညာရှိသော ဒါယကာများသည် အလိုအလျောက် သိတတ်ကြပါသည်' ဟုသာ မိန့်ကြားသည်။ ထိုစကားကြောင့် မင်းက 'တပည့်တော်သည် အရှင်ဘုရားအား နွားထီးများနှင့်တကွ နွားမတစ်ထောင်ကို လှူပါ၏။ အရှင်ဘုရား လက်ခံတော်မူပါ' ဟု လျှောက်ထားပြန်သည်။ ရသေ့ကြီးက လက်မခံ။ 'ငါသည် ပလိဗောဓကင်းသော ရဟန်းဖြစ်သည်' ဟု ဆိုကာ ပယ်သည်။ မင်းသည် ရသေ့ကြီး၏ အဆုံးအမကို နာခံ၍ မင်းကျင့်တရား ဆယ်ပါးနှင့်အညီ သက်ဆုံးတိုင် မင်းပြုသွားသည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ အင္ဂိသေနရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တောင်းခွင့်ရှိတိုင်း မတောင်းရာ။

http://www.dhammadownload.com



# ၄၀၄။ ကပိဇာတ်

## မျောက်တစ်ကောင်ကြောင့် မျောက်အများ ပျက်စီးရ

**ပစ္စုပ္ပန်ဝတ္ထု**

'ဒေဝဒတ် မြေမျိုခံရခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင် ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မျောက်မျိုး၌ ဖြစ်နေကာ တပည့်များနှင့်အတူ မင်း၏ ဥယျာဉ်တွင် နေသည်။ ဒေဝဒတ်လောင်း မျောက်သည်လည်း နောက်လိုက် ငါးရာနှင့်အတူ ထိုဥယျာဉ်၌ပင် နေသည်။

တစ်နေ့တွင် ဆိုးသွမ်းသော မျောက်တစ်ကောင်သည် ဥယျာဉ်တော် တံခါးတိုင် ထိပ်ပေါ်မှ နေလျက် ရေချိုးပြီး ဥယျာဉ်ထဲမှ ပြန်ထွက်လာသော ပုရောဟိတ်၏ ကိုယ်အပေါ်သို့ မစင်စွန့်ချလိုက်သည်။ ပုရောဟိတ်က မော်ကြည့်လျှင် မျက်နှာပေါ်သို့ ထပ်မံ၍ စွန့်ချပြန်သည်။ ဘုရားလောင်း မျောက်မင်းသည် ထိုအကြောင်းကို ကြားသိရသောအခါ 'ရန်သူရှိသော နေရာ၌ ဆက်နေရန် မသင့်လျော်၊ သားကင်းရာ အရပ်သို့ ပြောင်းရွှေ့ကြ' ဟု မျောက်တစ်ထောင်လုံးကို နှိုးဆော်သည်။ သူကိုယ်တိုင်လည်း မိမိ၏ ပရိသတ်ကို ခေါ်၍ တောထဲသို့ ပြောင်းလာသည်။ ဒေဝဒတ်လောင်း မျောက်ကမူ 'အခြေအနေကို စောင့်ကြည့်ဦးမည်'ဟု ဆိုပြီးလျှင် မပြောင်းရွှေ့ဘဲ ကျန်နေခဲ့သည်။

တစ်နေ့သောအခါ ကျွန်မတစ်ယောက်သည် စပါးများကို နေပူထဲတွင် ဖြန့်လှန်းထားရာ ဆိတ်တစ်ကောင်က လာစားသဖြင့် မီးခဲဖြင့် လှမ်းပေါက်လိုက်သည်။ ဆိတ်၏ အမွေးများတွင် မီးခဲများ ကပ်ငြိသွားသောကြောင့် ဆိတ်သည် ဆင်တင်းကုပ်အနီးမှ မြက်ပုံထောင်သို့သွား၍ ကိုယ်ကို ပွတ်လိုက်၏။ ဆိတ်၏ကိုယ်မှ မီးပွား မီးခဲများသည် မြက်ပုံထောင်သို့ ကူးစက်ကာ တောက်လောင်၏။ တစ်ဖန်အနီးရှိ ဆင်တင်းကုပ်သို့ပါ ကူးစက်သွားရာ တင်းကုပ်ထဲမှ ဆင်များပါ မီးလောင်ခံရသည်။

မင်းသည် မိမိထံ အခစားဝင်လာသော ပုရောဟိတ်ကြီးအား ဆင်များ၏ အခြေအနေကို ပြောပြပြီး ထိုဝေဒနာမျိုးကို ပျောက်ကင်းစေနိုင်သည့် ဆေးနည်းများ သိ,မသိကို မေးသောအခါ မျောက်များအပေါ်၌ ရန်ငြိုးကြီးသော ပုရောဟိတ်ကြီးက မျောက်ဆီဖြင့်

http://www.dhammadownload.com



သုတ်လိမ်းပေးလျှင် ထိုဝေဒနာမျိုး ခဏချင်းနှင့် ပျောက်ကင်းပါသည်'ဟု တင်လျှောက်၏။ မင်းကြီးသည် လေးသမားငါးရာကို ခေါ်၍ ဥယျာဉ်ထဲမှ မျောက်များကို ပစ်သတ်ကြရန် အမိန့်ပေးလေ၏။ အပြစ်မဲ့သော မျောက်အများအပြားသည် ဥယျာဉ်ထဲ၌ပင် သေကြရသည်။ ဒေဝဒတ်လောင်း မျောက်ကြီးလည်း ပြင်းထန်သော ဒဏ်ရာကြီးဖြင့် ဥယျာဉ်တော်ထဲမှ ထွက်ပြေးလာခဲ့ရာ ဘုရားလောင်း မျောက်မင်းရှိရာသို့ အရောက်တွင် အသက်ပျောက်လေ၏။

ဘုရားလောင်း မျောက်မင်းသည် ဒေဝဒတ်လောင်း မျောက်ကို စံနမူနာပြု၍ မျောက်အပေါင်းတို့အား ဆုံးမစကား ဆိုလေသည်။

ဇာတ်ပေါင်း။ ။ ဆိုဆုံးမရခက်သော မျောက်-ဒေဝဒတ်၊ ဆိုဆုံးမရခက်သော မျောက်ပရိသတ်-ဒေဝဒတ်ပရိသတ်၊ ပညာရှိမျောက်မင်း၏ ပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊ ပညာရှိမျောက်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမိုက်ကိုအားကိုးလျှင် ကိုယ်ကျိုးနည်းရစမြဲ။

---

## ၄၀၅။ ဗကဇာတ်

### အသက်တယ်ခဲ့၍ အသက်ရှည်ရသူ

ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် ဗကဗြဟ္မာကြီးကို ကယ်ချွတ်တော်မူခဲ့ပုံကို ရဟန်းတို့အား ဟောကြားတော်မူခဲ့သည်။

ဗကဗြဟ္မာကြီးသည် ရှေးအခါက ဈာန်ကိုပွားသဖြင့် မဟာကပ်ကမ္ဘာ ငါးရာတိုင် အသက်တမ်းရှည်သော ဝေဟပ္ဖိုလ်ဘုံ၌ ဖြစ်တည်၏။ ထိုမှ အသက်တမ်းကုန်ပြီးနောက် မဟာကပ်ကမ္ဘာ ခြောက်ဆယ့်လေးကပ်အထိ အသက်ရှည်သော သုဘကိဏှာဘုံ၌ ဖြစ်၏။ ထိုမှ အသက်တမ်းကုန်သော် မဟာကပ်ကမ္ဘာ ရှစ်ကပ်အထိ အသက်ရှည်သော အာဘဿရ ဗြဟ္မာ့ဘုံ၌ဖြစ်၏။ ထို့ကြောင့် သူသည် ဇာတိ၊ ဇရာ၊ မရဏ တရားကို မသနိုင်တော့ပေ။

ဗုဒ္ဓမြတ်စွာဘုရားသည် ဗကဗြဟ္မာကြီးကို ကယ်ချွတ်ရန် အာဘဿရဗြဟ္မာ့ဘုံသို့ ကြွသွားတော်မူသည်။ ရောက်လျှင် ရောက်ချင်းပင် ဗကဗြဟ္မာကြီးက မြတ်စွာဘုရားအား ခရီးဦးကြိုပြုပြီး မိမိ၏ အယူဝါဒကို လျှောက်သည်။ 'ကြွတော်မူပါ အရှင်ဘုရား၊ ဆင်းရဲကင်းသော အရှင်ဘုရား၏ လာခြင်းသည် ကောင်းပါပေသည် ဘုရား၊ ဤတရားသည် မြဲ၏။ ဤတရားသည် ကေန်အမှန်တည်၏။ ခိုင်ခံ့၏။ မအိုမသေ တစ်ဖန်ဖြစ်ပေါ်ခြင်းမရှိ' 'ဇာတိ၊ ဇရာ၊ မရဏ မရှိ။ ထို့ကြောင့် ဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်း တရားသည် မရှိ'ဟု လျှောက်သည်။ မြတ်စွာဘုရားက 'အသင်တို့သည်

http://www.dhammadownload.com



အဝိဇ္ဇာနှင့် ပြည့်စုံပေစွတကား၊ အသင်ဗြဟ္မာတို့သည်လည်း အနိစ္စနှင့် မကင်းကုန်'ဟု မိန့်တော်မူသည်။ ဗကဗြဟ္မာကြီးက 'အရှင်ဘုရား တပည့်တော်တို့သည် ပဋိသန္ဓေနေခြင်း၊ အိုခြင်း၊ နာခြင်းတို့မှ ကင်းလွတ်ကြပါကုန်သည် ဘုရား၊ ဗြဟ္မာ၏အဖြစ်သည် အဆုံးဖြစ်၍ လူအများတောင့်တကြပါသည် ဘုရား'ဟု လျှောက်သည်။ မြတ်စွာဘုရားက 'သင်၏ အသက်သည် ရှည်၏၊ တည်တံ့၏ဟု သင်က ယူဆသည်။ အမှန်စင်စစ် သင်၏ အသက်သည် မရှည်ကြာပါ။ သင်သည် သက်တမ်းအားဖြင့် အနှစ်တစ်သိန်းသာ ကြွင်းကျန်တော့သည်ကို ငါသိသည်'ဟု မြတ်စွာဘုရားက မိန့်တော်မူသည်။ ထိုအခါ ဗကဗြဟ္မာကြီးက 'အရှင်ဘုရား၊ အရှင်ဘုရားသည် အဆုံးမရှိသော တရားကို သိမြင်သည်ဟု ပြောပါသည်။ ထိုသို့ဖြစ်လျှင် တပည့်တော်၏ရှေးဘဝနှင့် အကျင့်သီလကို မိန့်ကြားတော်မူပါ'ဟု လျှောက်ထားသည်။

## အတိတ်ဝတ္ထု

ဗကဗြဟ္မာသည် တစ်ခုသောကမ္ဘာ၌ ရသေ့ပြု၍ သဲကန္တာရ တစ်ခုထဲ၌ နေ၏။ လှည်းကုန်သည်တစ်ယောက်၏ လှည်းငါးရာတို့သည် ထိုသဲကန္တာရထဲသို့ ရောက်လာကြရာ မျက်စိလည်လမ်းမှားပြီး အစာပြတ်ရေငတ် ဖြစ်ကြရသည်။ အပူဒဏ်နှိပ်စက်သဖြင့် လှည်းများအောက်၌ ခွေအိပ်နေကြ၏။ ထိုဒုက္ခသည်များကို မြင်တွေ့ရသော ရသေ့သည် 'ငါ၏ မျက်မှောက်၌ မပျက်စီး စေကုန်သတည်း'ဟု နှလုံးသွင်းလျက် မိမိ၏တန်ခိုးဖြင့် သဲကန္တာရထဲသို့ ဂင်္ဂါရေကို စီးဝင်စေ၏။ အပွင့်အသီးများနှင့် ပြည့်စုံသော တောအုပ်ကိုလည်း ဖန်ဆင်း၏။ ထိုအခါလူနှင့် နွားများသည် ရေကိုရရှိ၍ သစ်သီးကြီးငယ်များကိုလည်း စားသုံးကြရသဖြင့် အသက်အန္တရာယ်မှ ကင်းလွတ်ခဲ့ကြသည်။ ဤကား ရှေးဦးစွာသော သင်၏ ကုသိုလ်ဟောင်းတည်း။

ထိုရသေ့သည် နောက်ကာလတစ်ခု၌ တစ်ခုသော ပစ္စန္တရစ်ကို အမှီပြု၍ မြစ်တစ်မြစ် အနားရှိ တောအုပ်၌ နေသည်။ တစ်နေ့တွင် ခိုးသူတို့သည် ရွာကိုလုယက်၍ လူအများကိုလည်း ဖမ်းဆီးခေါ်ဆောင်သွားသည်။ ခရီးလမ်းအကြား တောင်ကြား အရပ်တွင် လူဆိုးတို့ နား၍ ထမင်းဟင်းချက်ပြုတ်နေကြစဉ် ကျွဲနွားတို့၏ အသံ၊ လူတို့၏ညည်းညူသံတို့ကို ကြားရသဖြင့် ရသေ့သည် "ငါ၏ မျက်မှောက်၌ မပျက်စီးစေသင့်"ဟု အဓိဋ္ဌာန်ပြုပြီး မင်း၏အသွင်ကိုယူ၍ စစ်အင်္ဂါလေးပါးဖြင့် လာသည်။ လူဆိုးတို့သည် ကြောက်လန့်သဖြင့် ကိုယ်လွတ်ရုန်း၍ ပြေးကြသည်။ ထိုအခါ ရသေ့သည် လူတို့ကို မိမိတို့၏ ရွာသို့ ပြန်စေသည်။

နောက်ကာလတစ်ခု၌ ရသေ့သည် ဂင်္ဂါကမ်းခြေ၌နေစဉ် လူများသည် လှေများကို ဖောင်ဖွဲ့၍ မျှောဆင်းလာကြ၏။ သူတို့သည် စားကြွင်းစားကျန်များဖြစ်သော အရက်၊ ထမင်း၊ အမဲသား စသည်တို့ကို ဂင်္ဂါမြစ်ထဲသို့ ပစ်ချကြသည်။ ဂင်္ဂါ၌နေသော 'ဂင်္ဂေယျ

http://www.dhammadownload.com



နဂါးမင်း' သည် အမျက်ပြင်းစွာ ထွက်သော်ကြောင့် ထိုလူများကို ဂင်္ဂါမြစ်ရေ၌ နှစ်၍ သတ်ရန် မိမိကိုယ်ကို ပိန်းကောလှေကြီးတမျှ ဖန်ဆင်း၍ လိုက်လာ၏။ ယင်းကို မြင်တွေ့ရသော ရသေ့သည် 'ငါ့မျက်မှောက်၌ မပျက်စီးစေသတည်း'ဟု နှလုံးသွင်းလျက် မိမိကိုယ်ကို ဂဠုန်သဏ္ဍာန် ဖန်ဆင်းလိုက်သည်။ နဂါးမင်းသည် ဂဠုန်ကို မြင်တွေ့လိုက်ရသည်နှင့် ရှေ့သို့ ဆက်၍ မလာရဲတော့ဘဲ ရေထဲသို့ ငုပ်ပြေးသွားသောကြောင့် လူများသည် အသက်ဘေးမှ လွတ်မြောက်လာခဲ့ကြရသည်။ ဤကား သုံးကြိမ်မြောက် သင်၏ ကုသိုလ်ဟောင်းတည်း။

တစ်ဖန် ဆက်၍ 'ဗြဟ္မာကြီး၊ သင်သည် ကမ္ဗာတစ်ခု၌ ကေသဝရသေ့ ဖြစ်ခဲ့စဉ်ကာလက ငါသည် 'ကပ္ပ'မည်သော သင်၏ အန္တေဝါသိက တပည့် ဖြစ်ခဲ့သည်။ ထိုစဉ်က နာမကျန်းရှိနေသော သင့်အား အမတ်ကြီးနာဒရသည် ဗာရာဏသီမှ ဟိမဝန္တာရှိ ငါ၏ ကျောင်းသခ်န်းသို့ အရောက်ပို့ပေးခဲ့ရာ ငါသည် သင့်အား ရောဂါမှ ငြိမ်းစေခဲ့သည်' စသည်ဖြင့် ဗုဒ္ဓမြတ်စွာသည် ဗကဗြဟ္မာ၏ လူ့ဘဝက ကောင်းမှုများကို ထုတ်ဖော်ဟောကြားတော်မူသည်။ ထိုအခါတွင်မှ ဗကဗြဟ္မာသည် မိမိ၏ကောင်းမှုများကို အမှတ်ရကာ လွဲမှားသော မိမိ၏ မြဲသည်ဟုထင်ထားသော သဿတအယူဟောင်းကို စွန့်ပယ်၍ မြတ်ဗုဒ္ဓ၏အဆုံးအမကို နာခံတော့မည်ဖြစ်ကြောင်း လျှောက်ထားလိုက်သည်။

**ဇာတ်ပေါင်း။** ။ ကေသဝရသေ့-ဗကဗြဟ္မာ၊ ကပ္ပရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အမှားကိုစွန့်ပယ်ရာ၌ အချိန်နှောင်းသည်မရှိ။

**ကုဏ္ဍဝဂ်ပြီးပြီ။**

---

# ၂။ ဂန္ဓာရဝဂ်

## ၄၀၆။ ဂန္ဓာရဇာတ်

### အမြင်တူသွားသူမင်းများ

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် ပစ္စည်းလေးပါး သိမ်းဆည်းသိုမှီးကြသော ရဟန်းများကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု၊

ဂန္ဓာရတိုင်းကို အုပ်ချုပ်သော ဂန္ဓာရမင်းနှင့် ဝိဒေဟတိုင်းကို အစိုးရသော ဝိဒေဟမင်းတို့သည် အချင်းချင်း မြင်တွေ့ဖူးခြင်း မရှိသော်လည်း အဆွေခင်ပွန်းများ ဖြစ်ကြ၏။ ဂန္ဓာရမင်းသည် လပြည့်နေ့တစ်ညဌ် လကို ရာဟုဖမ်းသည်ကို မြင်တွေ့လိုက်၍ ဤလ,သည် အာဂန္တုက ဖြစ်သော အညစ်အကြေးကြောင့် အရောင်အဝါများ ညှိုးမှိန်ညစ်နွမ်းရသည်။ ငါ့တွင်ရှိသော ဤမင်းပရိသတ်သည်လည်း အညစ်အကြေးပင်ဖြစ်သည်။ ထိုအညစ်အကြေးများကို စွန့်ခွာ၍ ရဟန်းပြုတော့အံ့ ဟု အတွေးဝင်ကာ အမတ်များအား ထီးနန်းလွှဲအပ်ပြီး ရသေ့ပြုလျက် ဟိမဝန္တာသို့ ဝင်လာခဲ့၏။ မကြာမီ ဈာန်အဘိညာဉ်နှင့် ပြည့်စုံသော ရသေ့တစ်ပါး ဖြစ်လာသည်။

ဤသတင်းကို ကြားသိရသဖြင့် ဝိဒေဟမင်းကြီးသည်လည်း မိမိလာပြည်နှင့် ဝိဒေဟတိုင်းကို စွန့်လွှတ်လျက် ရသေ့ပြု၍ ဟိမဝန္တာသို့ ဝင်လာကာ တရားကျင့်၏။ နောင်အခါ ရသေ့နှစ်ဦးတို့ ဆုံမိကြပြီး အတူတကွ တရားကျင့်ကြသည်။

တစ်ခုသော လပြည့်နေ့ညဉ့်၌ ရသေ့နှစ်ဦးတို့သည် လ,ကို ရာဟုဖမ်းသည်ကို မြင်လေရာ ဂန္ဓာရ ရသေ့သည် အတိတ်က အတွေးဟောင်းကို ပြန်၍ အမှတ်ရပြီး ဝိဒေဟရသေ့အား ပြောပြ၏။ ဝိဒေဟရသေ့က 'ဆရာသည် ဂန္ဓာရမင်းလော'ဟု မေးရာ သူက ဟုတ်ကြောင်း ဝန်ခံသည်။ သည်တော့မှ ဝိဒေဟရသေ့ကလည်း မိမိသည်လည်း ဝိဒေဟမင်း ဖြစ်ကြောင်းကို ဖွင့်ဟ၏။

ထိုရသေ့နှစ်ပါးတို့သည် ချဉ်ဆားများကိုမှီဝဲရန် ဟိမဝန္တာမှ ထွက်လာရာ နယ်စွန်ရွာငယ်ကလေး တစ်ရွာသို့ ရောက်လာကြ၏။ ရွာသားများသည် တစ်ခါတစ်ရံ ဆားမပါသည့် ဟင်းလျာများကို လှူတတ်ကြသဖြင့် ဆားခပ်များများရလာခဲ့သော ဝိဒေဟရသေ့သည် ပိုလျှံသော ဆားအနည်းငယ်ကို ဖက်နှင့်ထုပ်၍ သက်ငယ်အမိုးကြားတွင် ထိုးညှပ်ထားလိုက်သည်။

ဆားမပါသော ဆွမ်းဟင်းများကိုချည်း ရလာခဲ့ကြသော တစ်နေ့တွင် ဝိဒေဟရသေ့သည် ခေါင်မိုးကြားတွင် ထိုးညှပ်ထားခဲ့သော ဆားထုပ်ကလေးကို ယူ၍ ဂန္ဓာရရသေ့အား ပေး၏။ ဂန္ဓာရရသေ့က 'ယနေ့ လူတို့ ဆားကို မလှူကြ၊ အဘယ်မှ ရသနည်း'မေး၏။ ဝိဒေဟရသေ့က အကြောင်းကို ပြောပြသည်။ ထိုအခါ ဂန္ဓာရရသေ့က 'မင်ဖိုလ်မှ အချည်းနှီးဖြစ်သော ယောက်ျား၊ သင်သည် ယူဇနာသုံးရာရှိသော ဝိဒေဟတိုင်းကြီးကို စွန့်၍ ရဟန်းပြုလာသူ ဖြစ်ပါလျက် ယခု ဤဆားလေး တစ်ပွင့် နှစ်ပွင့်ကို တပ်စွန်းနေဘိသည်' ဟု ဆုံးမ စကားဆို၏။ ဝိဒေဟရသေ့က 'ဆရာသည် သူတစ်ပါးကို

http://www.dhammadownload.com



မဆုံးမလို၍ ဂန္ဓာရတိုင်းကို စွန့်ပြီး ရဟန်းပြုလာသူဖြစ်ပါလျက် ယခု ဤတောထဲသို့ ရောက်လာပြီးခါမှ အဘယ့်ကြောင့် ကျွန်ုပ်ကို ဆုံးမချင်နေပါသနည်း'ဟု ပြန်ပြောသည်။

ထိုအခါ ဂန္ဓာရရသေ့က 'ဝိဒေဟ... လူများသည် ကိုယ်တိုင်လည်း ပညာရှိရမည်၊ သို့မဟုတ် ဆုံးမတတ်သော ပညာရှိကိုသော်လည်း ဆည်းကပ်ရမည်၊ သို့မဟုတ် ကိုယ်ကျင့်တရား ကောင်းမွန်သော သူသော်လည်း ဖြစ်ရမည်၊ ဤသုံးချက်တွင် တစ်ချက်မျှ မရှိသူသည် ကျွဲကန်းကြီးနှင့် မည်သို့မျှ ခြားနားလိမ့်မည် မဟုတ်'ဟု ဆိုလေ၏။

ထိုအခါကျမှ ဝိဒေဟရသေ့သည် သတိတရားရသွားကာ တောင်းပန်စကားဆိုပြီး ဂန္ဓာရရသေ့ကိုလည်း ရှိခိုးကန်တော့သည်။

**ဇာတ်ပေါင်း။** ။ **ဝိဒေဟမင်း-အရှင်အာနန္ဒာ၊ ဂန္ဓာရမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **များများဆွေးနွေးလေ မြန်မြန်အမှန်တရားတွေ့လေဖြစ်သည်။**

---

# ၄၀၇။ မဟာကပိဇာတ်

## အများအတွက် အသက်စွန့်သူ မျောက်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာသည် ဆွေတော်မျိုးတော်တို့အတွက် ကျင့်တော်မူသည်ဟု ရဟန်းများ ပြောဆိုကြသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် မျောက်မင်း ဖြစ်၍ မျောက်ရှစ်သောင်းခြံရံလျက် ဟိမဝန္တာ၌နေ၏။ ဟိမဝန္တာရှိ ဂင်္ဂါမြစ်ကမ်းနံဘေးတွင် အခက်အရွက်နှင့် ပြည့်စုံသည့် သရက်ပင်ကြီးတစ်ပင် ရှိသည်။ မျောက်မင်းသည် မျောက်အပေါင်းကို ခေါ်ယူ၍ ထိုသရက်ပင်ကြီးသို့သွားကာ သရက်သီးမှည့်များကို စားသောက်လေ့ရှိသည်။

တစ်နေ့တွင် ဂင်္ဂါမြစ်၌ ရေကစားနေသော ဗာရာဏသီမင်းသည် ထိုသရက်ပင်မှ ကြွေကျ၍ ရေစီးအတိုင်း မျောပါလာသော သရက်သီးတစ်လုံးကိုရရှိသဖြင့် စားသုံးရာ အရသာ ထူးကြောင်း သိရသည်။ အမြဲစားသုံးရန်အတွက် လှေများကို ဖောင်ဖွဲ့၍

http://www.dhammadownload.com



ဂင်္ဂါမြစ်ညာသို့ ဆန်တက်လာသည်။ သရက်ပင်ရှိရာသို့ ရောက်သောအခါ မင်းသည် သရက်သီးများကို အားရအောင်စားသုံးပြီး သရက်ပင်အောက်တွင် ညအိပ်နေသည်။

သန်းခေါင်ယံတွင် မျောက်မင်းသည် သူ့ပရိသတ်နှင့်အတူ သရက်ပင်ပေါ်သို့ တိတ်တဆိတ် တက်ရောက်ကာ သရက်သီးများကို စားသောက်ကြသည်။ မင်းကြီးသည် အိပ်ပျော်နေရာမှ နိုးလာရာ မျောက်များကို မြင်တွေ့ရသဖြင့် လေးသည်တော်များကို နှိုး၍ သရက်ပင်ကို ဝိုင်းရံထားစေသည်။

မျောက်မင်းက သူ့တပည့်များအား မကြောက်ကြရန် ပြောရင်း 'ငါသည် သင်တို့အားလုံးကို ကယ်တင်မည်'ဟုဆိုကာ အမြင့်ဆုံးအကိုင်းပေါ်သို့ တက်သွားလျက် ထိုအကိုင်းမှနေ၍ ဂင်္ဂါမြစ် တစ်ဖက်ကမ်းဆီသို့ အားယူလှမ်းခုန်လိုက်ရာ ချုံဖုတ်တစ်ခုပေါ်သို့ ကျသွား၏။ မျောက်မင်းသည် ချုံဖုတ်ပေါ်မှ ဆင်း၍ ကြိမ်နွယ်တစ်ချောင်းကို ဖြတ်ယူပြီး ဂင်္ဂါကမ်းခြေမှ သစ်ပင်တစ်ပင်တွင် ချည်ခဲ့လျက် ကျန်အစွန်းတစ်ဖက်ကို မိမိ၏ ခါးတွင် ဖွဲ့ချည်ကာ သရက်ပင်ကြီးဆီသို့ ပြန်ခုန်ချလိုက်သည်။ ကြိမ်နွယ်သည် အနည်းငယ် တိုနေသောကြောင့် သူ့ကိုယ်သည် သရက်ကိုင်းပေါ်သို့ မရောက်သဖြင့် သရက်ကိုင်းကို လက်ဖြင့် မြဲစွာ ဖမ်းကိုင်လျက် 'ငါ့ကိုယ်ကို နင်း၍ ကြိမ်နွယ်ဖြင့် အမြန်ကူးကြ'ဟု မျောက်များကို လှမ်းအော်ပြောရတော့သည်။ မျောက်တို့သည် မျောက်မင်းကို ရှိခိုးပြီး တစ်ကောင်ပြီး တစ်ကောင် ကူးသွားကြသည်။

နောက်ဆုံးကျန်နေသူ ဒေဝဒတ်လောင်း မျောက်သည်ကား 'ငါသည် ဖျက်ဆီးရန်သူကို ပျက်စီးစေအံ့'ဟု ဝမ်းမြောက်ဝမ်းသာဖြင့် မြင့်မေ့ဆိုသော အကိုင်းပေါ်မှနေ၍ မျောက်မင်း၏ ကျောက်ကုန်းပေါ်သို့ အဟုန်ဖြင့် ခုန်ချသည်။ မျောက်မင်းသည် ထိုဒဏ်ချက်ကြောင့် နှလုံးသား ကွဲအက်ပြီး ပြင်းထန်သော ဝေဒနာကို အလူးအလဲခံစားလျက် တစ်ကောင်တည်း ကျန်ရစ်ခဲ့သည်။

ယင်းဖြစ်ရပ်စုံကို အစအဆုံးမြင်တွေ့လိုက်ရသော ဗာရာဏသီမင်းသည် အမျိုးအတွက် အသက်ကိုပေးလှူသော မျောက်မင်းကို လွန်စွာပင် ကြည်ညိုလေးစားမိသောကြောင့် နံနက်မိုးလင်းချိန်တွင် ငြမ်းဆင်၍ မျောက်မင်းကို ချယူသည်။ အသက်ရှင်ရန် ဆေးဝါးကျွေး၍ ပြုစုသည်။ မျောက်မင်းက ဗာရာဏသီမင်းအား 'မင်းကောင်းဖြစ်မည့်သူသည် ပြည်သူပြည်သား လူအများတို့၏ အကျိုးစီးပွားကို ရှာဖွေပေးရမည် ဖြစ်ပြီး ပညာဉာဏ် အမြော်အမြင်နှင့် ပြည့်စုံရမည်'ဟု ဟောပြောသည်။ မျောက်မင်း၏ ဝေဒနာသည် မသက်သာဘဲ အမျိုးကိုချစ်သောမျောက်မင်းသည် အမျိုးများအတွက် အသက်ကို ပေးလှူသွားရရှာသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊
ပြစ်မှားတတ်သောမျောက်-ဒေဝဒတ်၊ မျောက်မင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အများအကျိုးဆောင်သူရှိသကဲ့သို့ ကိုယ်ကျိုးကိုသာ ဦးစား
ပေးတတ်သူလည်း ရှိတတ်သည်။

---

# ၄၀၈။ ကုမ္ဘကာရဇာတ်

## ထောင်းကျိုးမဖတ် ကာမဝိတက်

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် သန်းခေါင်ယံအချိန်မှ 'ကာမဝိတက်' အာရုံများကို ယူစွဲမိကြသော ဇေတဝန်နေ ရဟန်းငါးရာတို့အား အနည်းငယ်သော ကိလေသာ အာရုံကိုပင် လက်မခံသင့်ကြောင်းဖြင့် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ သေနကမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် အိုးထိန်းသည် ဖြစ်လျက် သူ့တွင် လူမမည်သားတစ်ယောက်နှင့် သမီးတစ်ယောက်ရှိသည်။

ထိုအချိန်၌ ကာလိင်္ဂတိုင်း ဒန္တပုရမြို့မှ 'ကရဏ္ဍက'မင်းသည် ဥယျာဉ်တော်သို့ ထွက်လာရာ ဥယျာဉ်တံခါးဝ၌ အသီးများနှင့် ပြွတ်နေသော သရက်ပင်ကို မြင်၏။ မင်းသည် ဆင်ပေါ်မှနေ၍ သရက်ခိုင်ကို ချူးယူ၍ ဥယျာဉ်သို့ ဝင်သည်။ ကျန်ပရိသတ်များကလည်း သရက်သီးကို စည်းမဲ့ကမ်းမဲ့ ဆွတ်ယူမှုကြောင့် သရက်တစ်ပင်လုံး အသီးများလည်း မရှိတော့။ အခက်များလည်း ကြေနေသည်ကို ဥယျာဉ်မှ အပြန်တွင် မြင်တွေ့လိုက်ရသည်။ တစ်ဖက်မှ အသီးကင်းမဲ့သော သရက်ပင်များမှာမူ အလှလည်းမပျက်၊ ခက်ရွက်လည်း မကြေ စိမ်းစိမ်းဝေလျက်ပင် ရှိကြသည်။ ဤတွင် မင်းကြီးသည် 'ဤသရက်ပင်ကား အသီးရှိ၍ ပျက်စီးခဲ့ရချေသည်။ အခြားသရက်ပင်များကား အသီးမရှိ၍ ရပ်တည်နေနိုင်ကြသည်။ ငါသည်လည်း ဤနန်းဆောင်ပေါ်၌ နေခြင်းသည် အသီးရှိသော သရက်ပင်နှင့်တူသည်။ ရဟန်းအဖြစ်သည် အသီးမရှိသောအပင်နှင့် တူသည်။ ဘေးဟူသည် ဥစ္စာရှိသူအပေါ်၌သာ ကျရောက်တတ်စမြဲ။ 'ဥစ္စာမရှိသူ၌ကား ဘေးမရှိ' စသည်ဖြင့် သံဝေဂဉာဏ်ပွားကာ လက္ခဏာရေးသုံးပါးကိုတင်၍ ဝိပဿနာဉာဏ် ပွားလေ

http://www.dhammadownload.com



သော် ထိုခဏတွင်ပင် သူသည် အာသဝေါကင်း၍ 'ပစ္စေကဗောဓိဉာဏ်'ကို ရရှိသွားလေ၏။

ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်မှ 'နဂ္ဂဇိ'မင်းသည်လည်း မိမိအနီးတွင် ထိုင်၍ နံ့သာသွေးနေသော အမျိုးသမီး၏ လက်မှ ပတ္တမြားလက်ကောက်သည် လက်တစ်ဖက်လျှင် လက်ကောက်တစ်ကွင်းစီသာ ဝတ်ထားသဖြင့် လက်ကောက်မှ အသံမထွက်သည်ကို မင်းကြီး သတိပြုမိသည်။ ခဏအကြာတွင် အမျိုးသမီးသည် လက်ယာလက်မှ လက်ကောက်ကို ချွတ်၍ လက်ဝဲလက်တွင် ပေါင်းဝတ်ကာ လက်ယာလက်ဖြင့် နံ့သာသွေးရန် အားထုတ်သည်။ ထိုအခါ လက်ယာလက်မှ ပတ္တမြားလက်ကောက်သည် အဖော်ရှိလာပြီ ဖြစ်၍ အချင်းချင်းထိနိုက်ပြီး အသံထွက်ပေါ်လာသည်ကို အာရုံပြု၍ လက္ခဏာရေးသုံးပါးတင်လျက် ဝိပဿနာရှုပွားရာ တစ်ထိုင်တည်းဖြင့်ပင် 'ပစ္စေကဗောဓိဉာဏ်'ကို ရရှိသွားသည်။

ဝိဒေဟတိုင်း မိထိလာပြည်ရှင် 'နိမိ'မင်းကြီးသည်လည်း လေသာပြတင်းဝ၌ ရပ်လျက် လမ်းတစ်ဖက်သို့ ကြည့်နေခိုက် သားတစ်ကို ချီယူလာသော စွန်တစ်ကောင်အား လင်းတ စသော အခြားငှက်များက ဝိုင်းအုံထိုးဆိတ်နေကြသည်ကို လှမ်းမြင်လိုက်ရသည်။ စွန်သည် သားတစ်ကို လွှတ်ချလိုက်ရာ အခြားငှက်တစ်ကောင်က ဖမ်းယူသုတ်ချီ၍ သွားပြန်သည်။ ထိုဖမ်းယူသုတ်ချီသွားသော ဒုတိယငှက်နောက်သို့ အခြားငှက်များက လိုက်လံထိုးဆိတ်ကြပြန်သည်။ ထိုအခါ ဒုတိယငှက်သည်လည်း သားတစ်ကို လွှတ်ချလိုက်ရပြန်သည်။ နောက်ထပ် စွန်ရဲတစ်ကောင်က သားတစ်ကို ဆက်လက် သုတ်ယူပြန်သည်။ ထိုငှက်နောက်သို့လည်း အခြားငှက်များက အတင်းလိုက်ပြီး ထိုးဆိတ်ကြပြန်သည်။ ယင်းကို မြင်တွေ့ရသော မင်းကြီးသည် 'အကြင်သူသည် ကာမဂုဏ်ကို ပွေ့ပိုက်ထား၏။ ကာမဂုဏ်သည် လူတိုင်းနှင့် ဆက်ဆံ၏။ စွန်သည် နှုတ်သီးမှ သားတစ်ကို လွှတ်သကဲ့သို့ ငါသည် ကာမဂုဏ်တို့ကို ပယ်စွန့်၍ ချမ်းသာစွာ ပြုခြင်းငှာ သင့်၏'ဟု နှလုံးသွင်းပြီးလျှင် လက္ခဏာရေးသုံးပါးကို မှတ်၍ ဝိပဿနာဉာဏ်ကို ပွားလေရာ ထိုနေရာ၌ပင် 'ပစ္စေကဗောဓိ ဉာဏ်'ကို ရရှိသွားလေသည်။

'ဒုမ္မုခ'မင်းသည် ကပိလမြို့၌ ထီးနန်းစိုးစံစဉ် တစ်နေ့၌ လေသာပြတင်းမှ မင်းရင်ပြင်ကို ကြည့်လျက်နေ၏။ ထိုအခါနွားခြံကို ဖွင့်၍ နွားများကို လွှတ်ရာ နွားလားဥသဘတစ်ကောင်သည် ကိလေသာဖောဖြင့် နွားမတစ်ကောင်နောက်သို့ အပြေးလိုက်၏။ ထိုစဉ် ဦးချိုချွန်ထက်သော နွားလားဥသဘကြီး တစ်ကောင်သည် ကိလေသာဖြင့် ဝန်တိုခြင်း

http://www.dhammadownload.com



ဖြစ်၍ ထိုနွားလားဥသဘငယ်၏ ပေါင်ကြားကို ချုန်ထက်သော ဦးချိုဖြင့် ဇော့ရာ ဥသဘသည် မိုက်ပေါက်ကာ သေဆုံးခဲ့သည်ကိုမြင်၍ ဒုမ္မုခမင်းကြီးက 'ငါသည် သတ္တဝါများကို တုန်လှုပ်စေတတ်သော ကိလေသာတို့ကို ပယ်စွန့်ခြင်းငှာ သင့်၏'ဟု နှလုံးသွင်းပြီးလျှင် လက္ခဏာရေးသုံးပါးကို ဆင်ခြင်လျက် ဝိပဿနာဉာဏ်ကို ရှုပွားရာ 'ပစ္စေကဗောဓိဉာဏ်'ကို ရရှိသွားသည်။

တစ်နေ့တွင် ထိုပစ္စေကဗုဒ္ဓါ လေးပါးတို့သည် နန္ဒမူလိုဏ်ဂူမှထွက်၍ ဗာရာဏသီမြို့တံခါးဝသို့ ဆွမ်းခံကြွရာ ဘုရားလောင်း အိုးထိန်းသည်၏ အိမ်ရှေ့သို့ ရောက်လာကြသဖြင့် ဘုရားလောင်းသည် ပစ္စေကဗုဒ္ဓါများကို အိမ်ပေါ်သို့ပင့်လျက် ဆွမ်းအနုမောဒနာ တရား နာကြ၏။ ပစ္စေကဗုဒ္ဓါလေးပါးတို့က မိမိတို့အား ရဟန်းအဖြစ်သို့ ရောက်စေခဲ့သော တရားများကို ဂါထာတစ်ပုဒ်စီဖြင့် အသီးသီးမိန့်ကြားကြသည်။ ဘုရားလောင်းသည် လွန်စွာပီတိသောမနဿပွားလျက် ရဟန်းပြုလိုစိတ် ဖြစ်ပေါ်လာ၏။

သို့ဖြင့် ပစ္စေကဗုဒ္ဓါများ ပြန်ကြွသွားချိန်၌ မိမိသည် ရဟန်းပြုတော့မည် ဖြစ်ကြောင်း ဇနီးအား ပြောကြားရာ ဇနီးသည်က ခင်ပွန်းသည်ထက်ဦးစွာ ရဟန်းပြုလို စိတ်ရှိကြောင်း ပြန်လည်ပြောကြားလျက် မြို့အနီးရှိ ရသေ့မတို့၏ ကျောင်းသို့သွားကာ ရသေ့မ ပြုလိုက်သည်။ ခင်ပွန်းသည်ကမူ ကလေးငယ်များ လူလားမြောက်၍ ချမ်းသာ ဆင်းရဲကို သိနိုင်စွမ်းရှိသည့်အရွယ်သို့ ရောက်ခါမှ ရသေ့ပြုနိုင်တော့သည်။

ဇာတ်ပေါင်း။ ။ သမီး-ဥပ္ပလဝဏ်၊ သား-ရာဟုလာ၊ ရသေ့မ-ရာဟုလာမယ်တော်၊ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကိလေသာပြတ်လျှင် သံသရာစက်လည်း ရပ်မည်။

---

## ၄၀၉။ ဒဠှဓမ္မဇာတ်

### ထျေးငွေးတောင်းထို့ မမေ့သူ

ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံကျောင်း၌ သီတင်းသုံးစဉ် ဥတေနမင်းက လျစ်လျူရှု၍ စွန့်ပစ်ထားသော ဘဒ္ဒဝတီ ဆင်မကြီးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



အတိတ်ဝတ္ထု

'ဒဠှမေ္ဗ'မည်သော မင်းသည် ဗာရာဏသီထီးနန်း၌ စံမြန်းတော်မူစဉ် ဘုရားလောင်းသည် ထိုမင်း၏ အမတ်ဖြစ်နေ၏။ ထိုမင်း၌ 'သြဠှဗျာခိ' ခေါ်သည့် ဆင်မသည် ရှိ၏။ ထိုဆင်မသည် တစ်နေ့အတွင်း ယူဇနာတစ်ရာအထိ သွားနိုင်သည်။ တမန်အဖြစ်လည်း လည်၌ စာကိုဆွဲ၍ သွားခဲ့ဖူး၏။ စစ်ထိုးရာ၌ ရန်သူကို အကြိမ်ကြိမ် နှိမ်နင်းနိုင်သည်။ မင်းသည် သြဠှဗျာခိဆင်မကို အလုံးစုံသော တန်ဆာကိုပေး၍ သြဠှဗျာခိကို ကြီးကျယ်စွာ ချီးမြှင့်မြှောက်စားထားသည်။

သို့ရာတွင် သြဠှဗျာခိ အိုမင်းလာသောအခါ စည်းစိမ်အားလုံးကို ပြန်လည် ရုပ်သိမ်းပြီး အိုးထိန်းသည်လက်သို့ နွားချေးလှည်းဆွဲရန် ပေးအပ်လိုက်သည်။

တစ်နေ့တွင် နွားချေးများ တင်ဆောင်ရန် မြို့ထဲသို့ ထွက်လာသော သြဠှဗျာခိသည် မြို့ထဲသို့ဝင်လာသော ဘုရားလောင်း အမတ်အား ယခင်က ရရှိခဲ့ဖူးသော စည်းစိမ်များကို ပြန်လည်ရရှိအောင် ဆောင်ရွက်ပေးပါဟု အကူအညီတောင်းခံသည်။

ဘုရားလောင်းအမတ်က မိမိဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ကတိပြုကာ မင်းကြီးထံ ဝင်ရောက်ခစားပြီး 'မြတ်သောမင်းကြီး၊ သင်မင်းကြီးသည် တစ်စုံတစ်ယောက်သော သူကို မိမိအတွက် အကျိုးပြုနိုင်ချိန်၌သာ အသုံးချ၍ အကျိုးမပြုနိုင်တော့သော အချိန်၌ သြဠှဗျာခိကို စွန့်သကဲ့သို့ ထိုသူကိုလည်း စွန့်ပါလိမ့်မည်။ သူ့ကျေးဇူးဟောင်းများကို မသိတတ်သူများသည် ကြံတိုင်းမအောင်၊ ဆောင်တိုင်းမမြောက်ဖြစ်၍ လုပ်ဆောင်သမျှတို့လည်း ပျက်စီးတတ်ကြပါသည်'ဟု အဆုံးအမပေးသည်။

ထိုအခါ မင်းကြီးသည် သတိသံဝေဂရလာကာ သြဠှဗျာခိကို အိုးထိန်းသည်ထံမှ ပြန်သိမ်း၍ ယခင်စည်းစိမ်ဟောင်းများကို ပြန်လည်ပေးအပ်လိုက်သည်။

ဇာတ်ပေါင်း။ ။ သြဠှဗျာခိ-ဘဒ္ဒဝတီ၊ ဘုရင်-အရှင်အာနန္ဒာ၊ အမတ်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ကျေးဇူးရှင်ကို ကျေးမစွပ်ရာ။

---

## ၄၁၀။ သောမဒတ္တဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်ဇာတ်ကြောင်းသည် ပဉ္စကနိပါတ်၊ ဇာတ်အမှတ် (၃၇၂) အမှတ်ရှိ 'မိဂပေါတကဇာတ်'နှင့် တူသည်။ မိဂပေါတကဇာတ်တွင် သမင်ငယ်ကို မွေးစား၍ ဤဇာတ်၌ ဆင်ငယ်ကို မွေးစားသည်။ ဤမျှသာ ထူးခြား၏။

---

http://www.dhammadownload.com



# ၄၁၁။ သုသီမဇာတ်

## ဝစ်မွှတ်ကို လွဲချော်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာ၏ တောထွက်တော်မူခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဗြဟ္မဒတ်မင်း၏ သားတော် 'ဗြဟ္မဒတ္တကုမာရ'နှင့် ပုရောဟိတ်၏ သားဖြစ်သူ 'သုသီမ'တို့သည် ဖွားဖက်တော်များ ဖြစ်ကြသည်။ ခမည်းတော်မင်းကြီး နတ်ရွာစံသောအခါ ဗြဟ္မဒတ္တကုမာရသည် မင်းဖြစ်လာသည်။ သုသီမသည်လည်း ပုရောဟိတ်ကြီး ဖြစ်လာရ၏။ တစ်နေ့တွင် မင်းသည် ပုရောဟိတ်နှင့်အတူ ဆင်စီး၍ မြို့ကို လက်ယာရစ်လှည့်ရာ ဘုရင့်မယ်တော်သည် ပုရောဟိတ်ကို လှမ်းမြင်လိုက်သည်နှင့် ပုရောဟိတ်အပေါ်၌ တပ်စွန်းစိတ်ဝင်သွားပြီး အိပ်ရာပေါ်၌ အစားမစားဘဲ အိပ်နေတော့သည်။

သားဖြစ်သူက အကြောင်းစုံကို သိရသည့်အခါ မင်းကြီးသည် ပုရောဟိတ်ကို ခေါ်၍ 'အဆွေ၊ သင်သည် ငါ့မယ်တော်' အသက်ကို ကယ်တင်ပါ၊ ငါသည် သင့်အား မင်းအဖြစ်ကို ပေးမည်၊ ငါ့မယ်တော်သည် သင်၏ မိဖုရားဖြစ်လာလိမ့်မည်၊ ငါကမူ အိမ်ရှေ့ဘဝနှင့်ပင် နေမည်'ဟု ပြောသည်။ ပုရောဟိတ်ကလည်း လက်မခံ။ အတန်တန် တောင်းပန်မှ သဘောတူ၍ မင်းအဖြစ် တင်မြှောက်လိုက်၏။

သုသီမသည် သာမန်အရပ်သားဘဝမှ မင်းဖြစ်လာခဲ့သော်လည်း ထီးနန်းရိပ်တွင် ပျော်မွေ့ခြင်းမရှိ။ ရဟန်းဘဝဘက်ကိုသာ စိတ်ညွတ်နေသောကြောင့် တစ်ယောက်တည်းသာ နေ၍ တစ်ယောက်တည်းသာ အိပ်သည်။ ယင်းကို မိဖုရားကြီးက မိမိသည် မင်းနှင့် အရွယ်ချင်း ကွာခြားနေ၍ မိမိကို ရှောင်ဖယ်နေခြင်းဖြစ်သည်ဟု မှတ်ယူသွားသည်။ သို့ဖြင့် တစ်နေ့တွင် မိဖုရားကြီးသည် မင်းကြီးခေါင်း၌ သန်းရှာဟန်ပြုရင်း မိမိခေါင်းပေါ်မှ ဆံပင်ဖြူ တစ်ချောင်းကို နုတ်ယူလျက် လက်ဝါးပေါ် တင်ပေးကာ 'သင် မင်းကြီး အိုပြီ'ဟု ဆိုသည်။

ထိုအခါ သုသီမမင်းသည် အထိတ်တလန့်ဖြစ်သွားလျက် ဆံဖြူကိုကြည့်ရင်း ချွေးတပြိုက်ပြိုက်ကျလာသည်။ နှုတ်ကလည်း 'ကာမတို့ကို ပယ်စွန့်၍ မြတ်သောအကျင့် ကို ကျင့်ချိန်ရောက်ပြီ မဟုတ်လော'ဟု ဆိုသည်။ မိဖုရားကြီးသည် သုသီမအား ရဟန်း

http://www.dhammadownload.com



မပြုစေလိုသောကြောင့် သုသီမ၏ ရုပ်ဆင်းလှပုံများကို လည်းကောင်း၊ နပျိုပုံများကို လည်းကောင်း ချီးမွမ်းပြောဆိုပြီး အကြောင်းစုံကို ရှင်းပြသည်။

သို့တိုင် မင်း၏ဆန္ဒကို ဟန့်တားကာဆီးနိုင်ခြင်းမရှိတော့။ သူသည် အိမ်ရှေ့စံ နန်းဆောင်သို့ ရောက်နေခဲ့သော ဗြဟ္မဒတ်မင်းကို ခေါ်၍ ရာဇပလ္လင်ပေါ်သို့ တင်ပေး ခဲ့ကာ သူကမူ ရဟန်းပြု၍ ဟိမဝန္တာသို့ ဝင်လာခဲ့သည်။

**ဇာတ်ပေါင်း။ ။ မိဖုရားကြီး-ရာဟုလာမယ်တော်၊ ဗြဟ္မဒတ်မင်း-အရှင်အာနန္ဒာ၊ သုသီမမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ ဆံဖြူတစ်ပင်သည် သူတော်ကောင်းတို့၏ နိမိတ်ကောင်းတစ်ခု။**

---

# ၄၁၂။ ကောဋသိမ္ဗလိဇာတ်

## ကြိုတင်သိမြင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ကာမဝိတက်ကို ကြံစည်မိကြသော ဇေတဝန်ကျောင်းတော်တွင်းမှ ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် လက်ပံပင်ကြီး တစ်ပင်၌ ရုက္ခစိုးနတ်ဖြစ်နေသည်။ ထိုစဉ်က ဂဠုန်မင်းသည် မိမိကိုယ်ကို ရေမဂဠုန်ကြီး အဖြစ် ဖန်ဆင်းလျက် အလံတစ်ထောင်ရှည်သည့် နဂါးမင်းကို အမြီးဖျားမှ သုတ်ချီကာ ပညောင်ပင်ဆီသို့ ယူလာခဲ့၏။ နဂါးသည် ပညောင်ပင်ကို ကိုယ်ဖြင့် ရစ်ပတ်ကာ ဆွဲထားသော်လည်း ဂဠုန်မင်း၏ ဆွဲအားကြောင့် ပညောင်ပင်သည် အမြစ်မှ ကျွတ်၍ နဂါးမင်းနှင့်အတူ ပါလာသည်။ ဂဠုန်မင်းသည် ဘုရားလောင်း ရုက္ခစိုး၏ လက်ပံပင်ကြီး ဆီသို့ ယူပြီး နဂါးဆီကိုစားပြီး ကျန်သော နဂါးခန္ဓာကိုယ်ကို သမုဒ္ဒရာထဲသို့ ပစ်ချလိုက်ရာ ပညောင်ပင်လည်း နဂါးနှင့် အတူပါသွားသည်။

ထိုအခါ ပညောင်ပင်နှင့် အတူပါလာသော ငှက်မငယ်တစ်ကောင်သည် ညောင်ပင် ကို စွန့်ခွာ၍ လက်ပံပင်၏ ခွကြား၌ လာနားသည်။ ရုက္ခစိုးနတ်သည် ထိုငှက်မကို မြင်သော် တုန်လှုပ်သွား၏။ တုန်လှုပ်ရသည့်အကြောင်းကို ဂဠုန်မင်းက မေးလျှင်

http://www.dhammadownload.com



ရက္ခစိုးနတ်က 'ဂဠုန်မင်း၊ သင်သည် အသားကို စားသူဖြစ်သည်။ ဤငှက်ကား အသီးကို စားသူဖြစ်သည်။ ဤငှက်သည် ညောင်သီး စသည်တို့ကို စား၍ ငါ၏ ပင်စည်ပေါ်၌ ကျင်ကြီးစွန့်ချလိမ့်မည်။ ကျင်ကြီးထဲ၌ ပါလာသော ညောင်စေ့သည် ညောင်ပင်ကြီး ဖြစ်လာလျက် ငါ့အပင်ကို မြွေးယှက်သောအခါ ငါ့နေရာ ဤဗိမာန်သည် ပျက်စီးရလိမ့်မည်။ ထို့ကြောင့် ငါသည် လာလတ္တံ့သော ဘေးကိုမြင်၍ တုန်လှုပ်ရခြင်းဖြစ်သည်'ဟု ဖြေ၏။

ဂဠုန်မင်းသည် ရက္ခစိုးနတ်၏ ကြိုတင်မြင်တတ်မှုအတွက် ချီးကျူးစကားဆို၏။ ထို့နောက် ငှက်မကို ဝေးရာသို့ မောင်းနှင်ပေးလိုက်လေသည်။

ဇာတ်ပေါင်း။ ။ ဂဠုန်မင်း-အရှင်သာရိပုတ္တရာ၊ ရက္ခစိုးနတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိသည် အန္တရာယ်ကိုကြိုတင်မြင်တတ်သည်။

---

# ၄၁၃။ ဓူမကာရိဇာတ်

## အဟောင်းနှင့် အသစ်တို့၏ ဝိရောဓိ

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်းသည် အစဉ်အလာရှိသော သူရဲကောင်းများကို ပယ်ဖျက်၍ လူသစ် သူရဲကောင်းများကို ချီးမြှင့်မြှောက်စားမိခဲ့သဖြင့် နယ်ခြားစစ်ပွဲ၌ ရှုံးနိမ့်ခဲ့ကြောင်း ပြဆိုတော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဝိဓုရသည် ဣန္ဒပတ္တနဂိုဗြို့မှ ဓနဉ္စယကောရဗျမင်း၏ ပညာရှိအမတ် ဖြစ်၏။ ဓနဉ္စယမင်းသည် အတွေ့အကြုံရှိ သူရဲကောင်းကြီးများကို မချီးမြှင့်ဘဲ သူရဲကောင်းအသစ်များကိုသာ ဦးစားပေးနေသည်။ တစ်ခါသော် သူပုန်များထကြွသောင်းကျန်းရာ သူရဲကောင်းတို့သည် ရှုပ်ရှုပ်ချွံချွံမတိုက်နိုင်ကြချေ။ ချီးမြှင့်မြှောက်စားခြင်းခံရသော သူရဲကောင်းအသစ်များ တိုက်နိုက်ကြလိမ့်မည်ဆိုသည့်သဘောနှင့် အဟောင်းများက အသာဖယ်နေကြသလို သူရဲကောင်းအသစ်များကလည်း အတွေ့အကြုံရင့်သော သူရဲကောင်းများ နှိမ်နင်းကြလိမ့်မည်ဆိုသည့် အတွေးနှင့်နောက်ဆုတ်နေကြသည်။ နောက်ဆုံးတွင် ဓနဉ္စယသည် စစ်ရှုံး၍ ပြန်ပြေးခဲ့ရလေသည်။

http://www.dhammadownload.com



သို့ဖြင့် ဝိဓုရအမတ်အား 'ပညာရှိ၊ ငါသည် သူရဲကောင်းအသစ်များကို ချီးမြှင့်မြှောက်စားမိ၍ စစ်ရှုံးရသလော၊ အလားတူ ရှုံးခဲ့ဖူးသူများလည်း ရှိသလော'ဟု မေးသည်။ ထိုအခါ ဝိဓုရပညာရှိအမတ်က 'မြတ်သောမင်းကြီး၊ ရှေးအခါက 'ဓူမကာရီ'ဟု ခေါ်သော ဆင်ထိန်းပုဏ္ဏားတစ်ယောက် ရှိခဲ့ပါသည်။ သူသည် ဆိတ်များကို တောထဲ၌ ခြံဖြင့်ထားပြီး ဆိတ်နို့ကို သောက်သုံး၍ ဆိတ်များကို လှည့်လည်ထိန်းကျောင်းနေပါသည်။ ထိုဓူမကာရီ ပုဏ္ဏားသည် မိမိဝန်းကျင်သို့ ရောက်လာသည့် ရွှေအဆင်းနှင့်တူသော 'သရဘ' ဆိုသည့် သားကောင်တစ်မျိုးကို ချစ်ခင်တွယ်တာမိခဲ့ရာမှ ဆိတ်တို့ကို မေ့ပျောက်၍ 'သရဘ'များကိုသာ ယုယနေခဲ့ပါသည်။ တန်ဆောင်မုန်းလသို့ ရောက်သောအခါ သရဘများသည် ဟိမဝန္တာသို့ ပြန်ပြေးသွားခဲ့ကြပါသည်။ ထိုအခါ၌ ဆိတ်များသည် ကြည့်ရှုစောင့်ရှောက်သူမဲ့သဖြင့် ပျက်စီးပြုန်းတီးကြပါသည်။ ဓူမကာရီသည် နှစ်ဖက်စလုံးမှ ဆုံးရှုံးခဲ့ရ၍ သောကမီးတောက်လောင်ကာ နောက်ဆုံး၌ သေပွဲဝင်ခဲ့ရသည်'ဟု တင်လျှောက်လေသည်။ မင်းသည် ထိုအခါမှစ၍ အတွင်းလူဟောင်းများကိုသာ ဦးစားပေး ချီးမြှင့်လေတော့သည်။

ဇာတ်ပေါင်း။ ။ ဓနဉ္စယကောရဗျ-အရှင်အာနန္ဒာ၊ ဓူမကာရီပုဏ္ဏား-ကောသလမင်း၊ ဝိဓုရပညာရှိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အသစ်တိုင်းမကောင်း အဟောင်းတိုင်းမဆိုးပါ။

---

## ၄၁၄။ အာဂရဇာတ်

### အိပ်လည်း အိပ်ပျော်၍ နိုးလည်း နိုးကြားသူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့မှ ဒေသာတာပန် ဥပါသကာတစ်ယောက်သည် လှည်းစီးရေ ငါးရာ ပါသော လှည်းအဖွဲ့နှင့် ခရီးထွက်ခွာရာ ရေပေါများသည့် နေရာတစ်ခုသို့ အရောက်တွင် လှည်းဖြုတ်၍ စခန်းချ ညအိပ်ရပ်နားနေကြသည်။ အခြားသူများ အိပ်ပျော်သွား ကြသော်လည်း ထိုဥပါသကာကား မအိပ်ဘဲ စင်္ကြံလျှောက်နေသဖြင့် ခိုးသားငါးရာတို့သည် လှည်းစခန်းအတွင်းသို့ မဝင်ရဲကြ။ ဤသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏားမျိုး၌ ဖြစ်နေသည်။ သူသည် ရသေ့ပြု၍ ဟိမဝန္တာ၌နေပြီး ညည့်အချိန်များ၌ အိပ်စက်ခြင်းမပြု၊ ရပ်ခြင်း၊ သွားခြင်း ဣရိယာပုတ်နှစ်မျိုးဖြင့် မိုးလင်းချိန်ထိ စင်္ကြံသွားနေလေ့ရှိသည်။

တစ်နေ့တွင် သူ၏ကျင့်စဉ်ကို သဘောကျနေသော စင်္ကြံဦး၌နေသူ ရုက္ခစိုး နတ်သမီးသည် 'အရှင်ရသေ့၊ ဤလောက၌ အဘယ်သူသည် နိုးကြားနေသူများကြား၌ နိုးကြားနေသူမည်သနည်း'ဟုမေး၏။ ရသေ့ကြီးက 'နတ်သမီး၊ ငါသည် နိုးကြားနေတော်မူကြသော ရဟန္တာကြီးများ၏ကြား၌ အိပ်ပျော်နေသူ မည်၏။ ငါသည်ပင်လျှင် အိပ်ပျော်နေသူများကြား၌ နိုးထနေသူမည်၏'ဟု ဖြေကြားသည်။

ထို့နောက် နတ်သမီးက 'ရှင်ရသေ့၊ သင်သည် နိုးကြားနေသူများကြား၌ အသို့လျှင် အိပ်ပျော်နေသူဖြစ်သနည်း၊ အိပ်ပျော် နေသူများကြား၌ အသို့လျှင် နိုးကြားနေသူ ဖြစ်ပြန်သနည်း'ဟု မေးမြန်းပြန်၏။ နတ်သမီး၊ ရဟန္တာတို့ကား ရာဂ၊ ဒေါသ၊ အဝိဇ္ဇာ တရားများ မရှိကြချေ။ နိုးကြားနေတော်မူကြသော ထိုရဟန္တာကြီးများ၏ အလယ်၌ ငါသည် အိပ်ပျော်နေသူ ဖြစ်သည်။ အကြင်သူများသည် မဂ်ဖြင့်လာသော သီလဟူ၍ လည်းကောင်း၊ ဣန္ဒြိယသံဝရသီလဟူ၍ လည်းကောင်း၊ လောကုတ္တရာတရားကိုးပါးကို လည်းကောင်း မသိကြချေ။ ကိလေသာတည်းဟူသော အိပ်ပျော်ခြင်းဖြင့် မေ့လျော့နေကြသည်။ ငါသည် ထိုသူများ၏အလယ်၌ နိုးကြားနေသူ ဖြစ်သည်'ဟု ရသေ့က ဆိုသည်။ ရသေ့၏ ရှင်းလင်း ဖြေဆိုချက်အဆုံးတွင် နတ်သမီးက သာဓုခေါ်၍ ချီးကျူးစကားဆိုသည်။ ထို့နောက် သူ့ဗိမာန်ထဲသို့ ပြန်ဝင်သွားလေသည်။

**ဇာတ်ပေါင်း။** ။ ရုက္ခစိုးနတ်သမီး-ဥပ္ပလဝဏ်၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အရာရာ၌ သတိရှိပါ။

---

# ၄၁၅။ ကုမ္မာသပိဏ္ဍိဇာတ်

## ဒါနအကျိုး ခံစားရသူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့မှ ပန်းသည်ကြီးတစ်ဦး၏ သမီးဖြစ်သူ မလ္လိကာ သတို့သမီးသည် ပန်းခြံရှိရာသို့ ထွက်လာသည်။ သူမ၏ ပန်းတောင်းထဲတွင် မုယောမုန့်သုံးဆုပ်လည်း ပါလာသည်။ ထိုစဉ် မြို့တွင်းသို့

http://www.dhammadownload.com



ကြွတော်မူလာသော မြတ်ဗုဒ္ဓအား မုယောမုန့် သုံးဆုပ်ကို လောင်းလှူလိုက်သည်။ ထိုကောင်းမှုကြောင့် ထိုနေ့၌ပင် ကောသလမင်း၏ မိဖုရားအဖြစ်သို့ ရောက်ရှိသွားသည်။ ဗုဒ္ဓမြတ်စွာက သည်အကြောင်းနှင့် စပ်လျဉ်း၍ အနည်းငယ်သော ဒါနဝတ္ထုပင် ဖြစ်သော်လည်း ကြီးကျယ်များမြတ်သော အကျိုးကို ပေးစွမ်းနိုင်ကြောင်း ပြဆိုတော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

## အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူဆင်းရဲမျိုးနွယ်တွင်ဖြစ်၍ လက်ခစားအလုပ်ကို လုပ်ကာ အသက်မွေးနေရ၏။ တစ်နေ့တွင် သူသည် မုယောမုန့် လေးဆုပ်ကိုယူ၍ အလုပ်ခွင်သို့ ထွက်လာရာ လမ်းခရီး၌ ပစ္စေကဗုဒ္ဓါလေးဆူတို့နှင့် တွေ့ဆုံသဖြင့် ပါသည့် မုယောမုန့် လေးဆုပ်ကို လှူဒါန်းလိုက်ရင်း 'သဗ္ဗညုတဉာဏ်တော်ကို ရခြင်း၏ အကြောင်း ဖြစ်ပါစေသတည်း' ဟုလည်း တောင်းဆုပန်လိုက်သည်။

သူသည် ထိုဘဝမှ ကွယ်လွန်သောအခါ ဗာရာဏသီမင်း၏ သားတော် ဗြဟ္မဒတ္တသတို့သား ဖြစ်လာသည်။ ခမည်းတော် နတ်ရွာလားသော် မင်းဖြစ်လာကာ သူ၏မိဖုရားကြီးမှာ ကောသလမင်း၏ သမီးတော်တစ်ပါး ဖြစ်သည်။ သူသည် ထီးဖြူဖွင့်ထားသော ရာဇပလ္လင်ပေါ်တွင် ထိုင်ရင်းက မိမိ၏ အခြေကြီးမြင့်ပုံကို ကြည့်၍ 'ပစ္စေကဗုဒ္ဓါလေးဆူတို့အား လှူအပ်သော မုယောမုန့် လေးဆုပ်အလှူ၏ အကျိုးဆက်တည်း' ဟု ပစ္စေကဗုဒ္ဓါ၏ ဂုဏ်ကျေးဇူးတော်များကို နှလုံးသွင်းအောက်မေ့ရာ သူ့တစ်ကိုယ်လုံးသည် ပီတိဖြင့် လွှမ်းခြုံသွားခဲ့သည်။ ပရိသတ်အလယ်၌ပင် 'ပစ္စေကဗုဒ္ဓါတို့အား ပေးလှူခြင်း အကျိုးသည် နည်းသည်ဟူ၍မရှိ။ တင်လဲမပါသော မုယောမုန့်ဆုပ်၏ အကျိုးပေးပုံကိုပင် ကြည့်ကြပါ' ဟု အဓိပ္ပာယ်ရသော တေးသီချင်းကို သီကျူးလိုက်၏။

ဤသီချင်းသည် မင်းကြီးကိုယ်တိုင် သီကျူးသော သီချင်းဖြစ်၍ ရတ်ခြည်းနာမည်ကြီးကာ နန်းတွင်း နန်းပြင်၌ ပျံ့နှံ့သွား၍ မိဖုရားကြီးသည် ထိုတေးသွားကို သိလိုစိတ် ပြင်းပြနေမိသည်။

တစ်နေ့တွင် အကြောင်းတစ်ခု ပေါ်ပေါက်လာရာ မိဖုရားကြီးသည် သီချင်း၏ နောက်ကွယ်မှ အတိတ်ဇာတ်လမ်းကို ဖော်ထုတ်ပေးရန် တောင်းဆိုလေသည်။ မင်းကြီးသည် နန်းဆောင်ရှေ့တွင် ရတနာမဏ္ဍပ်ဆောက်စေလျက် မင်းပရိသတ်များနှင့်တကွ ပြည်သူတစ်ရပ်လုံးကို ထိုမဏ္ဍပ်၌ စုဝေးစေပြီး ရတနာပလ္လင်ပေါ်တွင် ထိုင်၍ 'မိမိသည် လွန်ခဲ့သော ဘဝက ဗာရာဏသီပြည်၌ ဆင်းရဲသားမျိုးနွယ်တွင် ဖြစ်ခဲ့သည်မှစ၍ ပစ္စေက

http://www.dhammadownload.com



ဗုဒ္ဓါလေးဆူတို့အား မုယောမုန့်လေးဆုပ် လှူဒါန်းခဲ့သဖြင့် မင်းအဖြစ်ကို ရရှိခဲ့ပုံ'အထိ သီချင်း၏အဓိပ္ပာယ် အတိတ်ဇာတ်လမ်းကို နောက်ကြောင်းပြန်ပြောပြသည်။

ထို့နောက် မင်းကြီးသည် မိဖုရားအား 'သင်သည်လည်း အဘယ်ကောင်းမှုကို ပြုခဲ့၍ ဤဘဝတွင် ဤသို့သော ပြည့်စုံမှုမျိုးကို ရရှိခဲ့လေသနည်း'ဟု တုံ့ပြန်မေးခွန်း ထုတ်ရာ မိဖုရားသည် 'ဇာတိဿရဉာဏ်' ရရှိသူပင်ဖြစ်၍ 'မြတ်သောမင်းကြီး၊ အကျွန်ုပ်သည် ရှေးဘဝက သူကြွယ်တစ်ဦး၏ ကျွန်မ ဖြစ်ခဲ့ပါသည်။ ထိုစဉ်က မိမိအတွက် ဝေစုရသော ထမင်းကို ဆွမ်းခံကြွလာသော ပစ္စေကဗုဒ္ဓါတစ်ဆူအား ဝမ်းမြောက်စွာ လှူဒါန်းခဲ့ပါသည်။ ထိုကောင်းမှုကြောင့် ဤဘဝတွင် ဤသို့ပြည့်စုံရခြင်း ဖြစ်ပါသည်'ဟု တင်လျှောက်သည်။

ထိုအခါမှစ၍ မင်းကြီးနှင့် မိဖုရားကြီးတို့သည် နေ့စဉ် အလှူကြီးပေးရင်း ဥပုသ်သီလ ဆောက်တည်ကြ၏။ အသက်၏ အဆုံး၌ မင်း မိဖုရားနှစ်ပါးလုံး နတ်ပြည်သို့ ရောက်ကြသည်။

ဇာတ်ပေါင်း။ ။ မိဖုရား-ရာဟုလာမယ်တော်၊ မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ စေတနာထားတတ်လျှင် ညောင်စေ့လောက် လှူသော်လည်း ညောင်ပင်ကြီးလောက် အကျိုးခံစားရနိုင်သည်။

---

## ၄၁၆။ ပဒုမဇာတ်

### တူသောအကျိုး ခံစားရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်သည် ဗုဒ္ဓမြတ်စွာအား သတ်ရန် ကြိုးပမ်းမှုနှင့် ပတ်သက်၍ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗြဟ္မဒတ် မင်းကြီး၏ သားတော် ဖြစ်နေသည်။ တစ်နေ့သ၌ အိမ်နီးချင်း မင်းတစ်ပါးသည် ဗာရာဏသီမြို့သို့ လာရောက်ဝိုင်းရံရာ မင်းကြီးသည် သားတော် အိမ်ရှေ့စံကို ထွက်တိုက်ခိုင်းသည်။ အိမ်ရှေ့စံက နိမိတ်မကောင်း၍ မတိုက်လိုပါကြောင်း လျှောက်ထားသော်လည်း

http://www.dhammadownload.com



'သင်တိုက်ကို တိုက်ရမည်'ဟု ဆိုသည်။ ထို့ကြောင့် အိမ်ရှေ့စံသည် မိမိ၏ ဗိုလ်ပါများနှင့် အတူ ရန်သူများ ဝိုင်းရံထားခြင်းမရှိသော တံခါးပေါက်မှထွက်ကာ မြို့ပြင်ဘက်၌ သစ်တင် တည်၍ နေလိုက်သည်။ မြို့လူထုလည်း အိမ်ရှေ့စံနောက်သို့ လိုက်ပါလာကြ၏။

ထိုအခါ မင်းကြီးသည် မြို့ထဲ၌ မနေရဲတော့သဖြင့် မိဖုရား၊ ပုရောဟိတ်နှင့် ပရန္တပ ခေါ်သော ကျွန်ယုံကိုခေါ်၍ ညအချိန်တွင် မြို့ထဲမှ ထွက်ပြေးရာ တောထဲသို့ ရောက်သွားသည်။ အိမ်ရှေ့စံသည် မင်းကြီးထွက်ပြေးကြောင်းကို သိရလျှင် မြို့ထဲသို့ ပြန်ဝင်၍ ရန်သူကို တိုက်ခိုက်ရာ ရန်သူမင်း ထွက်ပြေးချိန်မှစ၍ ဗာရာဏသီ၏ ထီးနန်းပိုင် မင်း ဖြစ်လာခဲ့သည်။

ထိုအချိန်၌ ခမည်းတော် မင်းကြီး၊ မိဖုရားနှင့် ပုရောဟိတ်တို့သည် တောထဲမှ ရောက်လာပြီးကာမှ မိဖုရားတွင်လည်း ကိုယ်ဝန်ရှိလာ၏။ မင်းနှင့် ပုရောဟိတ် သစ်သီးရှာ ထွက်နေကြချိန်၌ ပရန္တပကျွန်နှင့် မိဖုရားတို့ နှစ်ဦးသား ဖောက်ပြန်ကြသည်။ ယင်းကို မင်းသိမည်စိုးသောကြောင့် မိဖုရားသည် ပရန္တပအား မင်းကြီးကို သတ်ရန် ညွှန်ကြား သည်။

မကြာမီ မိဖုရား၏ ကိုယ်ဝန်မှ သားရတနာလေးတစ်ဦး ဖွားမြင်လာရာ မင်းသား လေး တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်သောအခါ တစ်နေ့တွင် ပုရောဟိတ်သည် မင်းသားအား တောင်ဝှေးကို ကိုင်စေ၍ ရေချိုးဆိပ်သို့ လာခဲ့၏။ ရေချိုးဆိပ်သို့ အရောက် တွင် ပုရောဟိတ်က မင်းသားအား ပရန္တပသည် ကျွန်တစ်ယောက်သာ ဖြစ်ကြောင်း၊ ထို ကျွန်က မင်းသား၏ ဖခင်ကြီးအား သတ်ခဲ့ပုံများကို ရှင်းပြသည်။ ဖခင်၏ အရိုးစုများ ကိုလည်း ဖော်ထုတ်ပြလိုက်သည်။

ထိုအခါ မင်းသားသည် ပရန္တပအပေါ် ရန်ငြိုးဖွဲ့လျက် တစ်နေ့တွင်ပရန္တပအား မင်းကြီးကို သတ်ခဲ့သည့်နည်းဖြင့် သတ်လိုက်သည်။ ထို့နောက် သုံးဦးသား နေပြည်တော် သို့ ပြန်လာကြရာ နောင်တော်သည် ညီတော်အား အိမ်ရှေ့စံ အရာကို အပ်လိုက်သည်။

**ဇာတ်ပေါင်း။** ။ **ခမည်းတော်မင်း-ဒေဝဒတ်၊ ပုရောဟိတ်-အရှင်အာနန္ဒာ၊ နောင်တော်ကြီးမင်းသား-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **မကောင်းမှုသည် မကောင်းသောအကျိုးပေးတတ်သည်။**

**ဂန္ဓာရဝဂ် ပြီးပြီ။**

**သတ္တကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# အဋ္ဌကနိပါတ်

## ဇာတ်စုစုပေါင်း–၁၀

## ၁။ ကစ္စာနိဝဂ်

## ၄၁၇။ ကစ္စာနိဇာတ်

### သားလိမ္မာ

ပစ္စုပ္ပန်ဝတ္ထု

ယောက္ခမကို အိမ်မှနှင်ထုတ်ရန် ကြိုးစားသော မယားကို အိမ်မှ နှင်ထုတ်သူ တစ်ဦးအား အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံစဉ် အမျိုးသားတစ်ဦးသည် ဇနီးကုန်းတိုက်မှုကြောင့် မိခင်အား အိမ်မှနှင်ချသည်။ ထိုနောက် ဇနီးတွင်ကိုယ်ဝန်ရှိလာရာ 'သူယုတ်မကြီး အိမ်တွင်မရှိမှ ကိုယ်ဝန်ရသည်၊ ထိုသူအိုမသည် သူယုတ်မကြီး ဖြစ်သည်'စသည်ဖြင့် လင်နှင့် အိမ်နီးချင်းတို့ကို ဇနီးက ပြောဆိုသည်။

ယောက္ခမအိုကြီးသည် ချွေးမတွင် သားရကြောင်း သတင်းကို ကြားသောအခါ 'ကေန္တ လောက၌ အမှန်တရားများ သေဆုံးကြပြီ။ အကယ်၍ အမှန်တရားများ မသေသေးလျှင် အမိကို ရိုက်ပုတ်နှင်ချခြင်းဖြင့် သားမရတန်ရာ၊ ငါသည် အမှန်တရားတို့ သေပြီ ဖြစ်၍ တရားသေဆွမ်းကို လှူအံ့'ဟု နှလုံးသွင်းကာ သုသာန်သို့ လာခဲ့လျက် ဦးခေါင်းခွံ သုံးခုတို့ကို ဖိုခနောက်ပြုပြီး ဆွမ်းသွတ်ဖို့ နှမ်းထမင်းချက်ရန်ပြင်နေသည်။

ထိုအကြောင်းကို သိ၍ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့် လာကာ အဖွားအိုကို အကျိုးအကြောင်း မေးသည်။ အဘွားအိုက 'သူယုတ်မာများ ကြီးပွားချမ်းသာနေကြခြင်း၊

http://www.dhammadownload.com



မြုနေသော မိမိ၏ချွေးမသည်ပင် မိမိကိုရိုက်ပုတ်နှင်ချလိုက်ပြီးခါမှ သားရတနာ ရလာခဲ့ခြင်းသည် လောကတွင် အမှန်တရားများ သေဆုံးခြင်း၏ ထင်ရှားသော သက်သေဖြစ်ကြောင်း' အဖွားအိုက ပုဏ္ဏားကို ပြောသည်။ ပုဏ္ဏားက 'သင်၏ချွေးမနှင့် သူ့သားကို သတ်လိုက်မည်'ဟုပြောရာ အဖွားအိုက 'သား၊ ချွေးမ၊ မြေးတို့နှင့်အတူ တစ်အိမ်တည်း၌ ပျော်ရွှင်စွာ နေလိုပါကြောင်း' ပြောပြသည်။ သိကြားမင်းက ဆန္ဒ ပြည့်ဝစေရမည် ဖြစ်ကြောင်း ပြောကြားပြီး တစ်ချိန်တည်းတွင် မိမိ၏အာနုဘော်ဖြင့် သားနှင့်ချွေးမတို့အား မိခင်၏ ဂုဏ်ကျေးဇူးများကို အမှတ်ရလာအောင် ဖန်တီးပေးလိုက်ရာ သားနှင့်ချွေးမတို့သည် မိခင်ရှိရာသုသာန်ထဲသို့ လိုက်လာကာ မိခင်ကို ကန်တော့၍ ပြန်ခေါ်သွားကြသည်။

ဇာတ်ပေါင်း။ ။ ယခင်ကအမိကိုလုပ်ကျွေးသူ-ယခုအမိကိုလုပ်ကျွေးသောသား။ ယခင်ကချွေးမ-ယခုချွေးမ။ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သားသမီးလိမ္မာလျှင် မိဘစိတ်ချမ်းသာမည်။

---

# ၄၁၈။ အဋ္ဌသဒ္ဒဇာတ်

## အသံရှစ်မျိုးကြား၍ တုန်လှုပ်သောမင်း

### ပစ္စုပ္ပန်ဝတ္ထု

ဤဇာတ်တော်၏ ပစ္စုပ္ပန်ဝတ္ထုသည် ရှေ့တွင်ပါပြီးခဲ့သော ဇာတ်အမှတ်(၃၁၄) 'လောဟကုမ္ဘီ' ဇာတ်မှ ပစ္စုပ္ပန်ဝတ္ထုနှင့် သဘောချင်းတူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုးတွင်ဖြစ်နေခဲ့၍ အရွယ်ရောက်ချိန်၌ ဟိမဝန္တာသို့ဝင်လျက် ရသေ့ပြုခဲ့ရာ မကြာမီ ဈာန်အဘိညာဉ်များ ရရှိခဲ့သည်။ ကာလကြာသောအခါ ချဉ်၊ ဆား မှီဝဲရန် ဗာရာဏသီသို့ရောက်၍ ဘုရင့်ဥယျာဉ်တွင် နေထိုင်သည်။

တစ်နေ့သော သန်းခေါင်ယံတွင် ၁။ ဥယျာဉ်တော်ထဲမှ ဗျိုင်းတစ်ကောင်၏အသံ၊ ၂။ ဆင်တင်းကုပ်မှ တုရိဏ်တိုင်တွင်နေသော ကျီးမ၏အသံ၊ ၃။ နန်းဆောင်အထွတ်၌ နေသော ယုဏဆိုသော ပိုး၏အသံ၊ ၄။ ဘုရင်မွေးမြူထားသော ဥဩမ၏အသံ၊ ၅။ သမင်မ၏အသံ၊ ၆။ မျောက်၏အသံ၊ ၇။ ကိန္နရာ၏အသံနှင့် ၈။ နန်းဆောင်ပေါ်ဖြတ်၍

http://www.dhammadownload.com



ကြွသွားတော်မူသော ပစ္စေကဗုဒ္ဓါတစ်ဆူ၏ ဥဒါန်း ကျူးရင့်တော်မူသော အသံ၊ ဤရှစ်ခွန်းသောအသံတို့ကို ကြားရသောကြောင့် ဗာရာဏသီမင်းသည် များစွာထိတ်လန့်တုန်လှုပ်နေသည်။ နံနက်မိုးလင်းချိန်၌ ပုဏ္ဏားတော်များနှင့် တိုင်ပင်ရာ 'သင်မင်းကြီး၌ အန္တရာယ်ကျရောက်မည့် နိမိတ်ဖြစ်သည်။ သဗ္ဗစတုက္ကယဇ်ပူဇော်မှ ပြေပျောက်မည်'ဟု လျှောက်ထားသဖြင့် မင်းကြီးက ပူဇော်ရန်ခွင့်ပြုလိုက်သည်။

ယဇ်ဆရာပုဏ္ဏား၏ တပည့်ကြီးဖြစ်သူ လုလင်ကမူ သတ္တဝါများကိုသတ်၍ ယဇ်ပူဇော်ခြင်း၊ ဝမ်းရေးအတွက် ငရဲမှာခံရမည့် မကောင်းမှုကိုပြုခြင်းသည် မသင့်လျော်ကြောင်း ဆရာဖြစ်သူအား ပြောကြားမိရာ သူ့ကို 'လာဘ်အန္တရာယ်'ပြုသူအဖြစ် ဆရာ ကြီးနှင့်တကွ ပုဏ္ဏားအားလုံးတို့က သတ်မှတ်လိုက်ကြသည်။ သူသည် ဥယျာဉ်တော်ထဲသို့ ထွက်လာခဲ့ရာ ဘုရားလောင်းရသေ့ကြီးရှိသောနေရာသို့ ရောက်လာပြီး ရှစ်မျိုးသောအသံများကြားခဲ့ရ၍ ရသေ့ကြီးအနေနှင့် အကြောင်းအရင်းများကို သိ မသိမေးလျှောက်သည်။ ရသေ့ကြီးက သိကြောင်းပြန်ကြားလိုက်ရာ လုလင်သည် အဆောတလျင်ပင် ဥယျာဉ်ထဲမှ ထွက်သွား၍ မင်းကြီးကိုခေါ်လျက် ပြန်ရောက်လာလေသည်။

ထိုအခါ ရသေ့ကြီးက 'ထိုအသံတို့ကြောင့် သင်မင်းကြီးတွင် အန္တရာယ်တစ်စုံတစ်ရာမျှမရှိ။ ၁။ ဥယျာဉ်ထဲမှ ဖျိုင်းသည် အစာဆာ၍ အသံပြုခြင်း၊ ၂။ ဆင်တင်းကုပ်မှ တုရိုဏ်တိုင်တွင်နေသော ကျီးမ၏အသိုက်ထဲ၌ သားငယ်များ ပေါက်နေသဖြင့် မျက်စိတစ်ဖက်သာ ရှိသော ဆင်ထိန်း ဝင်ထွက်တိုင်း သားငယ်များနှင့် အသိုက်ကို ရိုက်ခတ်သွားတတ်ရာ ကျီးမသည် ဆင်ထိန်း အား မျက်စိပျက်စီးစေလိုသဖြင့် အသံပြုပြီး တောင့်တခြင်း၊ ၃။ ပြသာဒ်အထွတ်မှ ပိုးသည် အကာကိုကုန်အောင် စားခဲ့သော်လည်း အနှစ်သို့ရောက်သောအခါ မစားနိုင်၊ ပြန်၍လည်း မထွက်နိုင် ရှိနေသောကြောင့် ငိုကြွေးခြင်း၊ ၄။ ဥသြမသည် မိမိနေခဲ့ဖူးသောတောကို လွမ်းဆွတ်သောကြောင့် အသံပြုခြင်း၊ ၅။ သမင်သည် မိမိ၏မယား သမင်မအား ကိလေသာစိတ်ဖြင့် လွမ်းဆွတ်သောကြောင့် အသံပြုခြင်း၊ ၆။ မျောက်သည် မိမိနေခဲ့ရာ ဟိမဝန္တာသို့ပြန်လို၍ အသံပြုခြင်း၊ ၇။ ကိန္နရာသည် ကိန္နရီမ၏ သာယာသောစကားများကို သတိရ၍ အသံပြုခြင်းဖြစ်ကြောင်းတို့ကို တစ်ခုစီ တစ်ခုစီ ရှင်းပြသည်။

၈။ နောက်ဆုံးဖြစ်သောအသံကို ဖြေရှင်းရာ၌မူ မြတ်သောမင်းကြီး၊ ဥဒါန်းကျူးရင့်လာသော ပစ္စေကဗုဒ္ဓါသည် ဤပြည်၏ဥယျာဉ်ထဲတွင် ဝေဝေဆာဆာ၍ ပွင့်နေသော အင်ကြင်းပင်တစ်ပင်၏ အရင်း၌ ကြွရောက်၍ ပရိနိဗ္ဗာန်ပြုခြင်းဖြစ်သည်။ လာလော့၊ ထိုပစ္စေကဗုဒ္ဓါ ၏ အလောင်းတော်ကို သင်္ဂြိုဟ်ကြကုန်အံ့'ဟုဆို၍ အလောင်းတော်ရှိရာသို့

http://www.dhammadownload.com



ခေါ်လာခဲ့သည်။ မင်းကြီးအား ထိုအလောင်းတော်ကို ခုနစ်ရက်တိုင် သာခုကီဠနသဘင် ဆင်ယင် စေပြီးနောက် နံ့သာထင်းဖြင့် သဂြိုဟ်ကာ ကြွင်းကျန်သော ဓာတ်တော်များကို ဌာပနာစေပြီး ရသေ့သည် ဟိမဝန္တာသို့ ပြန်သွားခဲ့သည်။

ဇာတ်ပေါင်း ။ ။ မင်းကြီး-အရှင်အာနန္ဒာ၊ တပည့်လုလင်-အရှင်သာရိပုတ္တရာ။ ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိနှင့် ကင်းကွာလျှင် အမှန်တရားမရနိုင်။

---

# ၄၁၉။ သုလသာဇာတ်

## အကြံကောင်းသူ

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရား ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ် မိမိ၏ဝတ်စားတန်ဆာ တို့ကို ယူလို၍ ကာမဂုဏ်ဖြင့် ဖြားယောင်းပြီး မိမိကို သတ်ရန်ကြိုးစားသော သူခိုးအား ဥပါယ်တံမျဉ်ဖြင့် ရေတွင်းထဲသို့ ပစ်ချသတ်ခဲ့သော အနာထပိဏ်သူဌေး၏ ကျွန်မ တစ်ယောက်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုပြည်၌ ကျွန်မအခြွေအရံငါးရာ ရှိသော 'သုလသာ'မည်သော ပြည့်တန်ဆာမတစ်ဦးသည်ရှိ၏။ တစ်နေ့တွင် သေမိန့်ကျ၍ လူသတ်ကုန်းသို့ ထုတ်ယူလာသော 'သတ္တုက'အမည်ရှိ သူခိုးကို လေသာပြတင်းမှ မြင်လိုက်ရသည်နှင့် တပ်မက်စိတ်ဝင်မိကာ မြို့ဝန်အား အသပြာငွေတစ်ထောင်ပေးကာ လွှတ်ပေးစေပြီး လင်အရာ၌ထား၍ အတူနေသည်။

သတ္တုကသည် သုလသာနှင့်အတူနေရသည်ကို မပျော်။ သုံးလေးရက်တာမျှနေပြီး သည်နှင့် သုလသာ၏ တစ်သိန်းတန် တန်ဆာကိုယူ၍ ထွက်ပြေးလိုစိတ်ပေါ်လာကာ 'ရှင်မ၊ မင်းချင်းများ ငါ့ကိုသတ်ရန် ထုတ်ယူလာခဲ့စဉ်က ငါ့အား သေဒဏ်မှလွတ်မြောက် စေခဲ့လျှင် ရုက္ခစိုးနတ်အား ပူဇော်ပါမည်ဟု ကတိပြုခဲ့သည်။ ယခု ထိုရုက္ခစိုးနတ်ထံ သွားရောက်၍ ပူဇော်ကြပါမည်'ဟု ပြောဆိုရာ သုလသာကလည်း သဘောတူသည်။ အားလပ်သောတစ်နေ့ တွင် သုလသာအား ဝတ်စားတန်ဆာအားလုံးဝတ်ဆင်စေပြီး

http://www.dhammadownload.com



ပူဇော်ဖွယ်ရာများကိုယူကာ တောင်ကမ်းပါးပြတ်ကိုမှီ၍ ပေါက်နေသော သစ်ပင်ကြီး တစ်ပင်၏အရင်းတွင် ပူဇော်ခွက်ကို ချစေသည်။

'ရှင်မ ငါသည် နတ်ကိုပူဇော်ရန်လာခဲ့သည်မဟုတ်၊ သင့်ကိုသတ်၍ သင့်ကိုယ်မှ ဝတ်စားတန်ဆာများကို ယူရန်လာခဲ့ခြင်းသာဖြစ်သည်။ တန်ဆာများကိုချွတ်၍ အပေါ်ရုံ ခြုံထည်ဖြင့် ထုပ်လော့'ဟု သတ္တုက က ပြောဆိုသောအခါ သုလသာသည် ရတ်ခြည်း အကြံအစည်တစ်ခုရရှိကာ 'အရှင် ကျွန်ုပ်အရွယ်ရောက်ချိန်မှစ၍ သင့်ထက်ချစ်ရသူကို မတွေ့စဖူးခဲ့ပါ၊ နောင်တွင်လည်း သင်နှင့် ပေါင်းရတော့မည် မဟုတ်ပါ၊ နောက်ဆုံး နှုတ်ဆက်သည့်အနေဖြင့် သင့်ကိုပွေ့ဖက်ခဲ့ပါရစေ၊ လက်ယာရစ်လှည့်လည်၍ အရိုအသေ ပြုခဲ့ပါရစေ'ဟု ခွင့်ပန်ကာ သူ့ကိုသုံးကြိမ်ပွေ့ဖက်၍ သတ္တုက၏ ခြေထောက်နှစ်ချောင်းကို ရုတ်ခနဲ ဖမ်းကိုင်လျက် ချောက်ကြီးထဲသို့ ပစ်ချလိုက်၏။ သတ္တုကသည် ဦးစောက်ကျ၍ မုန့်မုန့်ညက်ညက်ကြေကာ သေလေတော့သည်။

ထိုအခါ တောင်စောင့်နတ်က 'ယောကျ်ားများသည်သာ အရာဌာနတိုင်း၌ ပညာရှိ သည်မဟုတ်၊ မိန်းမများသည်လည်း ပညာရှိကြသည်။ ထူးခြားစွာ မြင်တတ်ကြသည်'ဟု သုလသာအား ချီးကျူးစကားဆိုလေသည်။

ဇာတ်ပေါင်း။ ။ လူဆိုးနှင့်ကျွန်မ-သတ္တုကနှင့် သုလသာ။
တောင်စောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူမှန်လျှင် ကြံတတ်ဖန်တတ် ရပါမည်။

---

# ၄၂၀။ သုမင်္ဂလဇာတ်

## မင်းနှင့်ဥယျာဉ်မှူးအကြောင်း

**ပစ္စုပ္ပန်ဝတ္ထု**

ရာဇောဝါဒသုတ်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ စိုးစံနေသော ဘုရားလောင်းဗြဟ္မဒတ်မင်းသည် ပစ္စေကဗုဒ္ဓါ တစ်ပါးအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့၍ ဥယျာဉ်တော်ထဲ၌နေစေပြီး ဝေယျာဝစ္စ ဆောင်ရွက်ပေးရန် ဥယျာဉ်မှူး 'သုမင်္ဂလ'ကို တာဝန်ပေးထားလိုက်သည်။

http://www.dhammadownload.com



တစ်နေ့သ၌ ပစ္စေကဗုဒ္ဓါသည် သုမင်္ဂလကိုခေါ်၍ 'ငါ ရွာတစ်ရွာ၌ သုံးရက်ကြာမျှ ခေတ္တသွားရောက်နေထိုင်ဦးမည်၊ ထိုအကြောင်း မင်းအားလျှောက်လိုက်ပါဟု မှာကြားထားခဲ့ပြီး ကြွသွားတော်မူသည်။ ပစ္စေကဗုဒ္ဓါသည် သုံးရက်မြောက်ညနေချမ်း နေဝင်ဖျိုးဖျအချိန်၌ ပြန်လည်ကြွရောက်တော်မူလာသည်ကို သုမင်္ဂလမသိ၍ နေဝင်သည်နှင့် အိမ်သို့ပြန်သွား၏။ ပစ္စေကဗုဒ္ဓါသည် အတန်ငယ် စင်္ကြံလျှောက်ပြီး ကျောက်ဖျာပေါ်၌ ထိုင်နေတော်မူသည်။

အိမ်သို့ပြန်ရောက်လာသော သုမင်္ဂလသည် သူ့အိမ်တွင် ဧည့်သည်များရောက်နေသည်ကို တွေ့လိုက်ရသဖြင့် ကျွေးမွေးမည့်ဟင်းလျာအတွက် ဥယျာဉ်ထဲမှ ဆားမဲ့သမင်ကို ပစ်ယူရန် ရှာဖွေရာ ကျောက်ဖျာပေါ်၌ ထိုင်နေတော်မူသော ပစ္စေကဗုဒ္ဓါကို သမင်မှတ်၍ လေးနှင့်ပစ်ခွင်းလိုက်မိသည်။

ပစ္စေကဗုဒ္ဓါသည် ထိုနေရာ၌ပင် ပရိနိဗ္ဗာန်ပြုသွားတော်မူခဲ့ရာ သုမင်္ဂလလည်း မနေရဲတော့သဖြင့် သားနှင့်မယားများကိုခေါ်၍ ညတွင်းချင်းပင် ထွက်ပြေးခဲ့သည်။

မင်းကြီးသည် ပစ္စေကဗုဒ္ဓါ၏ အလောင်းတော်ကို ကြီးစွာသော ပူဇော်ခြင်းဖြင့် ခုနစ်ရက်တိုင်တိုင် ပူဇော်ပြီးနောက် မီးသင်္ဂြိုဟ်ကာ ဓာတ်တော်များကို စေတီတည်၍ ကိုးကွယ်ထားသည်။ သုမင်္ဂလသည် တစ်နှစ်လွန်မြောက်ချိန်တွင် အမိမြေသို့ပြန်လာကာ အမတ် တစ်ဦးထံချဉ်းကပ်၍ မင်း၏သဘောကို တီးခေါက်သည်။ မင်းကြီးရှေ့မှောက်၌ မိမိ၏ ကျေးဇူးစကားကို ဆိုစေသည်။ မင်းကြီးက တုံ့ပြန်မှုမရှိ။ ဒုတိယမြောက်နှစ်တွင်လည်း ထိုနည်းအတိုင်းပင်ပြုရာ ရှေးနည်းတူပင် မင်းကဆိတ်ဆိတ်နေ၏။ တတိယမြောက်နှစ်တွင်မူ မိသားစုနှင့်အတူ အရဲစွန့်၍ အမတ်ကြီးကိုခေါ်ကာ မင်းထံသွား၏။ မင်းကြီးက 'သုမင်္ဂလ သင်သည် ငါ၏ကောင်းမှုများစိုက်ပျိုးရာ လယ်မြေဖြစ်သော အရှင်ပစ္စေကဗုဒ္ဓါကို အဘယ့်ကြောင့် သတ်ရသနည်း'ဟု မေး၏။

သုမင်္ဂလက မိမိသည် သေစေလိုသောဆန္ဒဖြင့် သတ်ခဲ့ခြင်းမဟုတ်ဘဲ မတော်တဆ မှားယွင်းခဲ့မှုသာဖြစ်ကြောင်း လျှောက်ထားသည်။ မင်းကြီးသည် သုမင်္ဂလအား အပြစ်မှ ခွင့်လွှတ်ကာ မကြောက်ရန် အားပေးစကားပြောလျက် ဥယျာဉ်မှူးရာထူးကိုပင် ပြန်ပေး လိုက်သည်။

မင်းကြီးက အမတ်တို့အား 'အမောင် မင်းတို့မည်သည် အမျက်ဒေါသထွက်နေခိုက်တွင် ပြစ်ဒဏ်မချသင့်'စသည်ဖြင့် တရားပြ၍ ဆိုဆုံးမလေသည်။

ဇာတ်ပေါင်း။ ။ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုခဲ့လေပြီ။

သုမင်္ဂလ-အရှင်အာနန္ဒာ၊ မင်း-ဗုဒ္ဓ

အနှစ်ချုပ်။ ။ ဒေါသဖြင့်ဖြေရှင်းလျှင် ပြဿနာ၏အဖြေမှန်မရနိုင်။

http://www.dhammadownload.com



# ၄၂၁။ ဂင်္ဂမာလဇာတ်

## တရားရသွားသော ဆတ္တာသည်

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဥပုသ်စောင့်သုံးကြသော သီတင်းသည်များအား ဥပုသ်စောင့်သုံးခြင်းကြောင့် ရရှိနိုင်သော အကျိုးတရားများကို သိစေတော်မူလို၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဖြဟ္မဒတ်မင်းကြီး စိုးစံစဉ် 'သုစိပရိဝါ'ရသူဌေးသည် ကုဋေရှစ်ဆယ်ကြွယ်ဝ၍ ဒါနမှု၊ သီလစောင့်မှုတို့၌ အလေ့ထုံသူဖြစ်သည်။ တစ်လတွင် ခြောက်ရက် ပုံမှန် ဥပုသ်စောင့်၏။ သူ့မိသားစုနှင့်တကွ သူ့လုပ်သားအားလုံးပါ စောင့်ထိန်းစေသည်။ ဘုရားလောင်းသည် ထိုသူဌေးထံသွား၍ အလုပ်တောင်းရာ စာရင်းငှားအလုပ်ကို ရသည်။ သူဌေးက မိမိ၏လုပ်သားမှန်သမျှ အားလုံး ဥပုသ်နေ့၌ ဥပုသ်စောင့်ရသည်ကိုမူ မပြောလိုက်သောကြောင့် ဘုရားလောင်းသည် အလုပ်ကိုသာ ဇောက်ချ၍ လုပ်နေသည်။ ဥပုသ်နေ့၌ သူဌေးမိသားစုနှင့် လုပ်သားများသည် မိမိတို့နေရာသို့ပြန်ပြီး ဥပုသ်စောင့်ထိန်း၍ သီလနှင့်နေထိုင်ကြသည်။

ဤသည်ကို ဘုရားလောင်း စာရင်းငှားက မသိသဖြင့် အကျိုးအကြောင်းကို သူဌေးထံသို့သွား၍ မေးသည်။ သူဌေးက ရှင်းပြသဖြင့် ဘုရားလောင်းသည် နေ့ဝက်ဥပုသ်စောင့်ရန် သူဌေးထံ သီလယူကာ မိမိနေရာသို့ဝင်၍ သီလကိုဆင်ခြင်ရင်း နားနေလိုက်သည်။

သူသည် ထိုနေ့တစ်နေ့လုံး အစာမစားခဲ့ရ၊ ထို့ကြောင့် မိုးလင်းခါနီးသို့ရောက်သော် ဗိုက်တွင်းမှ လေတို့ ထကြွလာသည်။ ဥပုသ်ပျက်မည်စိုး၍ အစာမစား၊ အသက်ဆုံးခံမည်ဟု ဆုံးဖြတ်ထား၍ ဝေဒနာကို အလူးအလဲခံစားနေရသည်။ သူဌေးသည် အခြေမလှတော့သည်ကိုသိ၍ အပြင်ခန်းတွင် နေရာချပေးထားသည်။

ဘုရားလောင်းသည် မြို့ကို လက်ယာရစ် လှည့်လည်လာသော ဗာရာဏသီမင်းကို လှမ်းမြင်လိုက်မိရာမှ အားကျစိတ်ဝင်ကာ မင်းအဖြစ်ကို တောင့်တမိစဉ်တွင်ပင် သူကွယ်လွန်သွားခဲ့ရာ ဗာရာဏသီမင်း၏ မိဖုရားဝမ်း၌ ပဋိသန္ဓေယူလေသည်။

သူ့ကိုဖွားမြင်ပြီးသော် 'ဥဒယကုမာရ'ဟုအမည်မှည့်၏။ နောက်အဖြစ်ကို ပြန်ပြောနိုင်စွမ်းရှိသော 'ဇာတိဿရဉာဏ်'နှင့် ပြည့်စုံသူ ဖြစ်သည်။ ခမည်းတော်လွန်သော်

http://www.dhammadownload.com



မင်းအဖြစ်ကို ရရှိသည်။ သူသည် ဤမင်းစည်းစိမ်ကား 'ရှေးဘဝက ငါပြုခဲ့သော အနည်းငယ်သော ကောင်းမှုကံ၏ အကျိုးတည်း'ဟု အမြဲဥဒါန်းကျူးရင့်လေသည်။

ဗာရာဏသီမြို့၏ မြောက်ဘက်တံခါးတွင် နေထိုင်သော ရေသည် တစ်ဦးသည် ဘဝတူအမျိုးသမီးနှင့် စုံဖက်မိ၏။ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲသဘင်သို့ သွားရောက်ရန် အတွက် ခင်ပွန်းဖြစ်သူက မြောက်တံခါးမှ အုတ်ကြားထဲတွင် ဝှက်ထားသော အသပြာ ပဲဝက်ကို တစ်ဆယ့်နှစ်ယူဇနာကွာသော နေပူခရီးတွင် သီချင်းတအေးအေးသီဆိုလျက် သွားရောက်ယူသည်။ နေပူထဲ၌ ပြေးသွားနေသောရေသည်ကို ပြတင်းပေါက်မှ ဥဒယမင်း မြင်၍ အကျိုးအကြောင်းကို မေးမြန်းသည်။ ရေသည်ယောက်ျားက 'အကျွန်ုပ်သည် ထိုပဲဝက်မျှသော အသပြာကိုယူ၍ မိမိ၏ဇနီးနှင့်အတူ ပွဲသဘင်သို့ သွားပါအံ့၊ ပွဲသဘင်၌ ပျော်ရွှင်နေသည့် ပီတိသောမနဿအဟုန်ကြောင့် ဤလေနှင့် နေပူတို့သည် ကျွန်ုပ်ကို မပူစေနိုင်ပါ'ဟု လျှောက်ထားသည်။ ထိုအခါ မင်းကြီးက သင်၏အသပြာပဲဝက်ကို မယူနှင့် တစ်ပဲယူ၊နှစ်ပဲယူ စသည်ဖြင့် တစ်ဆတစ်ဆတိုးမြှင့်ပေးရာ နောက်ဆုံး ပြည်တစ်ဝက် ခွဲပေး၍ မင်းပြုစေသည်အထိ ဖြစ်သည်။ 'အဍ္ဎမာသကမင်း'ဟူသော အမည်ဖြင့် အုပ်ချုပ်နေသော်လည်း မင်းဖြစ်ပြီးနောက်တွင်လည်း မြောက် တံခါးမှ အသပြာပဲဝက်ကို ယူဖြစ်အောင် သွားယူခဲ့၏။

ဥဒယမင်း၏ ဂင်္ဂမာလမည်သော ဆံရိတ်သမားသည် သူ ဦးဆုံးဆံရိတ်ပေးချိန်၌ ညင်ညင်သာသာရှိသလောက် မုတ်ဆိတ်မွေးနုတ်ရာတွင် နာကျင်အောင်ပြုမှုသဖြင့် မင်းကြီးက မကျေမနပ်ဖြစ်နေသည်။ ဤအကြောင်းကို သိထားသော မိဖုရားကြီးသည် ဂင်္ဂမာလကို တိတ်တဆိတ်ခေါ်ပြီး နောက်တွင် မင်းကြီးမုတ်ဆိတ်များ သုတ်သင်ပေးရာ၌ ရှေးဦးစွာ မုတ်ဆိတ် ကို နုတ်၍ နောက်မှ ဆံရိတ်ပေးရန် မှာထားသည်။ ဤသို့ပြုသည့် အတွက် မင်းကြီးသဘောကျကာ ဆုပေးမည်ပြောရာ အခြားဆုကိုမတောင်းဘဲ မင်းကြီး ကျူးရင့်နေကျ ဥဒါန်း၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပေးရန် တောင်းဆိုရမည့်အကြောင်း ကိုလည်း မှာထားလိုက်၏။

ဂင်္ဂမာလသည် မိဖုရားကြီး မှာထားခဲ့သည့်အတိုင်း ပြုလုပ်ပေးသဖြင့် မင်းကြီးသည် ဂင်္ဂမာလကို သဘောကျသွား၍ လိုသည့်ဆုကို တောင်းရန်မိန့်မြွက်တော်မူရာ ဂင်္ဂမာလက မိဖုရားကြီး၏ ညွှန်ကြားချက်အတိုင်း ဥဒါန်း၏အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုပေးရန် ဆုအဖြစ် တောင်းဆို၏။

မင်းကြီးက အကျိုးအကြောင်းကို ဖွင့်ဆိုပြောပြသဖြင့် မိဖုရားအပါအဝင် အားလုံး တို့သည် ဥဒါန်းအကြောင်းကို သိသွားကြသည်။

http://www.dhammadownload.com



စာရင်းငှားသည် 'နေ့ဝက်မျှ ဥပုသ်စောင့်ခဲ့ရုံဖြင့် မင်းစည်းစိမ်ကို ရလာသည်။ ငါသည် ရဟန်းပြု၍ မိမိ၏ဆောက်တည်ရာကို ရှာမည်'ဟု တွေးလိုက်ပြီး ရသေ့ရဟန်းပြုကာ ဟိမဝန္တာသို့သွားလျက် ဝိပဿနာတရားကို ပွားများကာ ပစ္စေကဗုဒ္ဓါအဖြစ်သို့ ရောက်ရှိခဲ့လေသည်။

ဇာတ်ပေါင်း။ ။ ပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုသွားခဲ့ပြီ။
အဗ္ဗမာသကမင်း-အရှင်အာနန္ဒာ၊ မိဖုရား-ယသော်ဓရာ။
ဥဒယမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကောင်းမှုမြတ်နိုးလျှင် ကောင်းကျိုးရလိမ့်မည်။

---

# ၄၂၂။ စေတိယဇာတ်

## မုသားပြောသူမင်း

### ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်သည် မုသားဆို၍ မြေမျိုခံရခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရှေးဦးအခါက စေတိယတိုင်း သောတ္ထိယမြို့၌ မင်းပြုသော ဥပစရမင်းသည် ကောင်းကင်သို့ သွားနိုင်ခြင်း၊ နတ်သားလေးပါးတို့ သန်လျက်ကို ကိုင်လျက် လေးမျက်နှာမှ စောင့်ရှောက်ခြင်း၊ ကိုယ်မှ စန္ဒကူးနံ့ သင်းပျံ့ခြင်းနှင့် ခံတွင်းမှ ကြာညိုပန်းရနံ့ ကြိုင်သင်းခြင်း စသော တန်ခိုးလေးပါးနှင့် ပြည့်စုံသည်။ သူ့တွင် 'ကပိလ'မည်သော ပုရောဟိတ်ကြီး တစ်ဦးရှိပြီးရာ ကပိလ၏ညီမှာ မင်းကြီးနှင့်ကျောင်းနေဖက် ကောရကလမ္ဗဆိုသူ ဖြစ်၏။ မင်းကြီးသည် 'ငါမင်းဖြစ်လျှင် သင့်အားပုရောဟိတ်ခန့်မည်'ဟု ငယ်စဉ်ကာလကပင် သူ့အား ကတိစကားတစ်ခုပေးထားခဲ့သည်။

ခမည်းတော် နတ်ရွာလား၍ သူ မင်းအဖြစ်ကို ရလာသောအခါ ခမည်းတော် လက်ထက်ကပင် ရှိနေခဲ့သော ကပိလပုရောဟိတ်ကြီးအား ရာထူးမှ ဖယ်ရှားနိုင်စွမ်း မရှိခဲ့ချေ။ နောက် ပိုင်းတွင် ကပိလပုရောဟိတ်ကြီးသည် ရာထူးမှနုတ်ထွက်၍ ရသေ့ရဟန်းပြုသွားသော် လည်း သူ၏သားကြီးဖြစ်သူကိုသာ ပုရောဟိတ်ရာထူး လွှဲပြောင်း

http://www.dhammadownload.com



ပေးခဲ့သည်။ ထို့ကြောင့် ညီဖြစ်သူ ကောရကလမ္ဗသည် အစ်ကို ကပိလအား ရန်ငြိုး ဖွဲ့လေ၏။ တစ်နေ့တွင် မင်းကြီး သည် ကောရကလမ္ဗအား ပုရောဟိတ်ရာထူးကိုယူရန် တိုက်တွန်းစကား ဆိုသည်။ ကောရကလမ္ဗ မဖြစ်နိုင်ကြောင်း၊ မျိုးနွယ်မှဆင်းသက်လာသော ရာထူးဖြစ်သဖြင့် အစ်ကိုကို ကျော်လွန်၍ မလုပ်ဝံ့ကြောင်း လျှောက်သည်။ ထိုအခါ မင်းကြီးက 'ငါသည် သင့်ကို အစ်ကိုအဖြစ်သတ်မှတ်၍ ကပိလအား သင့်ညီအဖြစ် မုသာဝါဒဆိုမည်ဖြစ်ကြောင်း'ပြော ကြားလိုက်သည်။

ကောရကလမ္ဗသည် မုသားပြော၍ သူ့ကို ရာထူးပေးမည်ဟု ပြောကြားသည့်စကား ဖြစ်နိုင်မည်မဟုတ်ဟုထင်ကြောင်း လျှောက်ထားသော်.မင်းကြီးက ကိစ္စမရှိကြောင်း၊ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့တွင် မင်းရင်ပြင်၌ မုသာဝါဒဆိုမည့်အကြောင်းကို အခိုင်အမာ ထပ်၍ပြောကြားလိုက်သည်။

ခုနစ်ရက်မြောက်သောနေ့၌ မုသာဝါဒကို မြင်တွေ့ဖူးလိုကြသော ပြည်သူပြည်သားများသည် မင်းရင်ပြင်၌ လာရောက်စုဝေးကြသည်။ မင်းကြီးသည် မုသားဆိုရန် နန်းဆောင်ထဲမှ ထွက်လာကာ မင်းရင်ပြင်ပေါ်မှ ကောင်းကင်ထက်တွင် ရပ်သည်။ ထိုအချိန်တွင် ကပိလရသေ့သည်လည်း ကောင်းကင်ခရီးဖြင့်ပင် ကြွလာသည်။ ကောင်းကင်ထဲ၌ပင် မင်းနှင့်မျက်နှာချင်းဆိုင် ထိုင်သည်။ ရသေ့ကြီးက 'မင်းသည်ကား မုသာဝါဒကို ဆိုသည်ရှိသော် တရားကိုသတ်သည် မည်၏။ တရားကို သတ်ခြင်းသည် မိမိကိုယ်ကိုပြန်၍ သတ်ရာရောက်သည်'ဟု ဆုံးမစကားဆို၏။ လက်ရှိ တန်ခိုးလေးပါးတို့လည်း ကွယ်ပျောက်သွားမည်ဖြစ်ကြောင်းကို ရသေ့က သတိပေး၏။

မင်းကြီးက 'အရှင်ဘုရားသည် ညီဖြစ်သည်၊ ကောရကလမ္ဗကား အစ်ကိုဖြစ်သည်' ဟု မုသာဝါဒစကားကို စတင်ဆိုရာ ထိုခဏမှာပင် နတ်သားလေးယောက်တို့သည် ကွယ်ပျောက်သွားကြ၏။ ခံတွင်းထဲမှလည်း ကြက်ဥပုပ်နံ့ကဲ့သို့ အနံ့ဆိုးမျိုး ထွက်လာ၏။ ကိုယ်အနံ့မှာ ကျင်ကြီးနံ့ကဲ့သို့ ဖြစ်သွားသည်။ ထို့ပြင်မက ကောင်းကင်မှလည်း လျှောကျကာ မြေပြင်ပေါ်သို့ရောက်လျက်၊တန်ခိုးလေးပါးတို့သည် ပြိုင်တူဆိတ်သုဉ်းသွားကြလေ၏။ ရသေ့ကြီးက 'မင်းကြီး မကြောက်လင့်၊ အမှန်အတိုင်းပြန်၍ပြောခဲ့လျှင် ထိုတန်ခိုးများအားလုံး မူလအတိုင်း ပြန်ရောက်လာအောင် ပြုပေးမည်'ဟူ၍ သတိပေးစကား ပြောသည်။

မင်းက ပြင်၍မဆို၊ ပဌမဆိုခဲ့သော စကားကိုပင် ဒုတိယအကြိမ် ထပ်ပြီးဆိုပြန်သည်။ ထိုအခါ သူ့ခြေဖမျက်သည် မြေသားထဲသို့ နစ်ဝင်သွားသည်။ ရသေ့က ပြင်ပြော

http://www.dhammadownload.com



လျှင် ရနိုင်သောကြောင်း သတိပေးပြန်သည်။ မင်းကြီးက မပြော၊ စောစောက မှုသာဝါဒ ကိုပင် သုံးကြိမ်ပြောဆိုပြန်ခဲ့ရာ ဒူးဆစ်တိုင်အောင် မြေထဲသို့ ဝင်သွားလေသည်။

သို့ဖြင့် လေးကြိမ်မြောက်တွင် ခါးတိုင်အောင်လည်းကောင်း၊ ငါးကြိမ်မြောက်တွင် ချက်တိုင်အောင် လည်းကောင်း၊ ခြောက်ကြိမ်မြောက်တွင် သားမြတ်တိုင်အောင်လည်း ကောင်း မြေသို့ဝင်၍ ခုနစ်ကြိမ်မြောက်တွင်ကား မြေသည် ဟင်းလင်းပွင့်လျက် ထိုနေရာမှ တက်လာသော အဝီစိမီးလျှံသည် မုသားမင်းကြီးကို ရစ်သိုင်း၍ အဝီစိသို့ ခေါ်ဆောင်သွား လေတော့သည်။

**ဇာတ်ပေါင်း။ ။ စေတိယမင်း-ဒေဝဒတ်၊ ကပိလပုဏ္ဏား-ဗုဒ္ဓ၊**

**အနှစ်ချုပ်။ ။ မုသားကြောင့်ရာထူးမရဘဲ အဝီစိသို့သာရောက်သွားရသည်။**

---

## ၄၂၃။ ဣန္ဒြိယဇာတ်

### ညွှန့်နှင့်တူသောဂါထာ

**ပစ္စုပ္ပန်ဝတ္ထု**

အိမ်ထောင်သည်ဘဝမှ ရဟန်းပြုလာသော သာဝတ္ထိပြည်သား ရဟန်းတစ်ပါးသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေစဉ် မယားဟောင်း ဖြားယောင်း၍ လူထွက်လိုသည့် ဆန္ဒဖြစ်ပေါ်နေသည်။ ထိုရဟန်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ပုရောဟိတ်၏ သားဖြစ်သူ 'ဇောတိပါလ'ကား ဖွားမြင်ခဲ့စဉ်ကတည်းက ထူးခြားသည်။ လက်နက်များအားလုံး အရောင်အဝါများ ထွန်းတောက်သည်။ အရွယ်ရောက်၍ ပညာစုံပြီးချိန်၌ ရသေ့ပြုခဲ့ရာ တွင်လည်း တစ်မျိုး ထူးခြားပြန်၏။ ရှားရှားပါးပါး သိကြားမင်းလှူသောကျောင်းတွင် နေရသူဖြစ်သည်။ သူ့ကို 'သရဘင်္ဂ'ဆရာရသေ့ဟု သိသူများကြသည်။ သူ့တွင် ထင်ရှား သော တပည့်ကြီး ခုနစ်ဦး ရှိသည်။ သာလိဿရ၊ မဏ္ဍိဿရ၊ ပဗ္ဗတ၊ ကာဠဒေဝိလ၊ ကိသဝစ္ဆ၊ အနုသိယနှင့် နာရဒတို့ပင် ဖြစ်ကြ၏။

သူတို့အထဲမှ ကာဠဒေဝိလရသေ့၏ ညီဖြစ်သူ နာရဒရသေ့သည် ပြည့်တန်ဆာမယ် တစ်ဦးအပေါ် စွဲလမ်းသည့်တဏှာကြောင့် ရရှိထားသော ဈာန်တရားလည်း ကွယ်ပျောက်

http://www.dhammadownload.com



ခဲ့ရလေ၏။ ကိလေသာမြစ်ကြောတွင် နစ်မျောနေမိသဖြင့် ခုနစ်ရက်တိုင်တိုင် အစာမစားဘဲ နေသည်။

ထိုအကြောင်းကို နောင်တော် ကာဠဒေဝိလရသေ့က သိသွားသဖြင့် သာလိဿရရသေ့၊ မဏ္ဍိဿရ ရသေ့နှင့် ပဗ္ဗတရသေ့တို့ကို ပင့်ဆောင်ကာ ဖျောင်းဖျစေသည်။ သို့ရာတွင် အောင်မြင်မှုကား မရ၊ နောက်ဆုံး၌ သရဘင်္ဂ ဆရာရသေ့ကို ပင့်ယူပြီး တရား ဟောစေသည်။ သရဘင်္ဂ ဆရာရသေ့က 'နာရဒ၊ အကြင်သူသည် ရှေးဦးစွာပြုလုပ်သင့်သော အလုပ်ကို မလုပ်၊ ထိုသူသည် တစ်ခါက တောရပ်ခိုမှီးခဲ့သော လုလင်ကဲ့သို့ စိုးရိမ်ပူဆွေး ငိုကြွေးရမြဲ ဖြစ်သည်'ဟု မိန့်ဆိုပြောပြ၏။

သံဝေဂတရား နာကြားလိုက်ရသောအခါ နာရဒရသေ့သည် သရဘင်္ဂရသေ့ကို ရှိခိုးလျက် ကသိဏ်းပရိကံကို စီးဖြန်းရာ ပျောက်ကွယ်သွားခဲ့သော ဈာန်တရားသည်လည်း တစ်ဖန်ပြန်၍ ဖြစ်ပေါ်လာသည်။

ဇာတ်ပေါင်း။ ။ နာရဒရသေ့-ရဟန်းကြီး။ ပြည့်တန်ဆာမယ်-မယားဟောင်း။ သာလိဿရရသေ့-အရှင်သာရိပုတ္တရာ။ မဏ္ဍိဿရရသေ့-အရှင်ကဿပ။ ပဗ္ဗတရသေ့-အရှင်အနုရုဒ္ဓါ။ ကာဠဒေဝိလရသေ့-အရှင်ကစ္စည်းမထေရ်၊ အနုပိယရသေ့-အရှင်အာနန္ဒာ။ ကိသဝစ္ဆရသေ့-အရှင်မဟာမောဂ္ဂလာန်။ သရဘင်္ဂဆရာရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကာမဂုဏ်ကိုပယ်ခွာနိုင်လေ ချမ်းသာကိုရလေဖြစ်သည်။

---

## ၄၂၄။ အာဒိတ္တဇာတ်

### ရွေးချယ်၍ လှူဒါန်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းကြီးသည် ဘုရားအမှူးရှိသော အရိယာသံဃာတော်များအား ကြီးကျယ်သော အလှူပေးခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

သိဝိတိုင်း ရောရုဝမြို့မှ ရောရုဝမင်းကြီးသည် မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်သည်။ ဆင်းရဲသားများ၊ ခရီးသွားများနှင့် ဖုန်းတောင်းယာစကာများအား အမြဲအလှူကြီးပေး

http://www.dhammadownload.com



သည်။ သို့ရာတွင် မင်းကြီးသည် သီလရှိသော ပစ္စေကဗုဒ္ဓါများကိုသာ ပေးလှူလိုသည်။ ပစ္စေကဗုဒ္ဓါများသည် ဟိမဝန္တာ၌သာရှိကြောင်း ကြားသိရသဖြင့် မိဖုရားကြီးက အကြံတစ်ခု ပေးလိုက်သည်။

ယင်းအကြံပြုချက်အရ မင်းကြီးသည် မြို့နေလူထုအားလုံးကို သီလဆောင့်စေသည်။ မိမိလည်း ပရိသတ်နှင့်တကွ ဥပုသ်ဆောက်တည်သည်။ မုလေးပန်းများကို ရွှေအုပ်ဖြင့် အပြည့်ထည့်ယူလျက် ပြာသာဒ်ပေါ်မှဆင်းကာ မင်းရင်ပြင်တွင်ရပ်ပြီး ပစ္စေကဗုဒ္ဓါများကို အာရုံ ပြုသည်။ ထို့နောက် တပည့်များအား သနားတော်မူသောအားဖြင့် တပည့်တော်တို့၏ ဆွမ်းကို အလှူခံရန် ကြွတော်မူပါဘုရား'ဟု ဆို၍ မြောက်အရပ်သို့ ပန်းခုနစ်ဆုပ်ပစ်လွှတ်ကာ ပင့်လျှောက်သည်။ နောက်တစ်နေ့တွင် ပစ္စေကဗုဒ္ဓါ ခုနစ်ဆူတို့သည် ကောင်းကင် ခရီးဖြင့် ကြွလာတော်မူပြီး မင်းရင်ပြင်သို့ သက်ဆင်းတော်မူကြ၏။ မင်းကြီးသည် ဝမ်းသာ အားရ ဆီးကြိုကာ ပြာသာဒ်ပေါ်သို့ပင့်၍ ဆွမ်းကျွေးသည်။ ကြီးစွာသော ပူဇော်သက္ကာရ ကိုလည်း ပြုသည်။ နောက်ရက်များတွင်လည်း ဆက်၍ကြွတော်မူပါရန် လျှောက်ထား သဖြင့် ပစ္စေကဗုဒ္ဓါများသည် ခုနစ်ရက်တိုင်တိုင် ကြွတော်မူကြသည်။ ခုနစ်ရက်ပြည့်သော နေ့၌ မင်းကြီးသည် ပစ္စေကဗုဒ္ဓါများအား ပရိက္ခရာ အစုံနှင့် ရဟန်းသုံးပစ္စည်းမှန်သမျှ လှူဒါန်းသည်။ ဆွမ်းဘုဉ်းပေးပြီးချိန်၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်တို့သည် မင်းကြီးနှင့်မိဖုရား တို့အား အနုမောဒနာတရား ချီးမြှင့်ပြီးနောက် ပြန်ကြွသွားတော်မူသည်။

မင်းကြီးနှင့်မိဖုရားတို့သည် သက်ဆုံးတိုင် ဒါနမှု၌ အားထုတ်သွားကြရာ သေလွန် ချိန်ရောက်သောအခါ နတ်ပြည်သို့ ရောက်ကြသည်။

ဇာတ်ပေါင်း။ ။ ပစ္စေကဗုဒ္ဓါများသည် ပရိနိဗ္ဗာန်ပြုခဲ့ကြလေပြီ။
မိဖုရား-ရာဟုလာမယ်တော်။ မင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ အလှူခံကောင်းကိုလှူလေ အကျိုးရှိလေဖြစ်သည်။

# ၄၂၅။ အဋ္ဌာနဇာတ်

**မိန်းမတို့ဝတ္ထု**

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က မင်းကြီး၏သား 'ဗြဟ္မဒတ္တ'နှင့် ဗာရာဏသီသူဌေး၏သား 'မဟာဓန'တို့သည် ငယ်သူငယ်ချင်းများဖြစ်ကြရုံမျှမက ကျောင်းနေဖက်များလည်း ဖြစ်ကြသည်။ ထို့ကြောင့် ဗြဟ္မဒတ္တ မင်းဖြစ်လာချိန်၌ မဟာဓနသည် မင်းထံတွင်ပင် နေသည်။ ထိုအချိန်တွင် ဗာရာဏသီမြို့၌ ရုပ်ဆင်းရူပကာ လွန်စွာချောမောလှပသော ပြည့်တန်ဆာမယ်တစ်ယောက်ရှိရာ မဟာဓနသည် တစ်နေ့လျှင် အသပြာငွေတစ်ထောင်စီပေး၍ နေ့စဉ်ရက်ဆက် သွားရောက်ပျော်ပါးသည်။

တစ်နေ့တွင် သူသည် မင်းကြီးနှင့် စကားပြောချိန်များသွားသောကြောင့် နေဝင်မိုးချုပ်မှ လာခဲ့ရ၏။ သို့ဖြင့် အိမ်သို့မပြန်တော့ဘဲ ပြည့်တန်ဆာ၏အိမ်သို့ တန်းလာခဲ့သည်။ ငွေတောင်းသောအခါ သူက အကျိုးအကြောင်းကို ရှင်းပြ၍ မနက်ဖြန်တွင်မှ ငွေနှစ်ထောင်ကိုပေါင်းယူရန် ပြောသည်။ ပြည့်တန်ဆာမယ်က ခွင့်မပြု။ နောက်ဆုံးတွင် ပြည့်တန်ဆာ၏ ကျွန်မများက သူဌေးအား လည်ကုပ်ကိုကိုင်၍ အိမ်ထဲမှ ဆွဲထုတ်ပြီး အိမ်တံခါးကို ပိတ်ထားသဖြင့် သူဌေးသည် များစွာပင်အရှက်ရသွားသည်။ ထိုမိန်းမအပေါ်၌လည်း စိတ်ကုန်သွားလေသည်။ သူဌေးသည် တောထဲသို့ဝင်လျက် ရဟန်းပြုကာ ဂင်္ဂါကမ်းခြေ၌ နေထိုင်တရားရှာရာ ဈာန်အဘိညာဉ်တို့ကို ရရှိလာခဲ့သည်။

မင်းကြီးသည် သူ့မိတ်ဆွေ ရုတ်တရက်ပျောက်ဆုံးသွားသဖြင့် စုံစမ်းခဲ့ရာမှ အကြောင်းစုံသိရသောအခါ ပြည့်တန်ဆာမယ်ကိုခေါ်၍ 'ငါ့မိတ်ဆွေကို အမြန်ခေါ်ပေးရမည်။ ခေါ်မပေးနိုင်လျှင် သင့်အသက်သည် မရှိရာ'ဟု အမိန့်ထုတ်လိုက်၏။ ပြည့်တန်ဆာမယ်သည် အခြွေအရံများနှင့်အတူ ရသေ့ကြီးရှိသောနေရာကို စုံစမ်း၍ လိုက်လာခဲ့ပြီး 'အကျွန်ုပ်နှင့်အတူပြန်လိုက်ခဲ့တော်မူပါ၊ အကျွန်ုပ်အိမ်ရှိ ပစ္စည်းဥစ္စာအားလုံးကို အရှင်ဘုရားအား ပေးအပ်ပါမည်'ဟု လျှောက်ထားသည်။

ဤတွင် ရသေ့ကြီးက 'ဂင်္ဂါမြစ်ရေပြင်တစ်ခုလုံးကို ကုမုဒြာကြာများဖြင့် လွှမ်းခြုံပြီး မြစ်ရေများ စီးခြင်းမရှိဘဲ ငြိမ်သက်စွာ ရှိလာသောအခါ၊ ဥဩငှက်ငယ်များသည် ခရုသင်းအဆင်းကဲ့သို့ ဖွေးဖွေးဖြူလာသောအခါ၊ သပြေပင်မှ ထန်းသီးများသီးပွင့်လာသောအခါ ထိုအခါမျိုးသို့ရောက်လျှင်မူ ငါတို့နှစ်ဦး ပြန်လည်၍ပေါင်းဆုံမိကောင်း ပေါင်းဆုံဖွယ်ရာ ရှိပါသည်'ဟု တုံ့ပြန်မိန့်ကြားလိုက်သည်။

သို့တိုင် ပြည့်တန်ဆာမယ်က အားမလျှော့သေးဘဲ အတင်းအကျပ် ဆက်ခေါ်သဖြင့် ရသေ့ကြီးက 'မလိုက်'ဟုမဆို 'လိုက်ပါမည်'ဟုသာဆိုသည်။ ဘယ်အခါ၌ လိုက်မည်နည်း

http://www.dhammadownload.com



ဟု ပြည့်တန်ဆာမယ်က ဆက်မေးလျှင် စောစောက စကားကဲ့သို့ လောက၌ ဖြစ်ရိုးဖြစ်စဉ် မဟုတ်သော ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်လာချိန်တွင်မှ လိုက်ပါမည် ဖြစ်ကြောင်း ဆိုလေသည်။

**ဇာတ်ပေါင်း။** ။ မင်း-အရှင်အာနန္ဒာ၊ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မတွေ့သဘောကို နေရာထိုင်းမလိုက်လျောရာ။

---

# ၄၂၆။ ဒီပိဇာတ်

## အပြစ်မရှိ အပြစ်ရှာသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

အရှင် မဟာမောဂ္ဂလာန်မထေရ် သီတင်းသုံးသော ဂိရိဗ္ဗဇအရပ်၌ သစ်၏သတ်စားခြင်းခံရသော ဆိတ်ကုလားမတစ်ကောင်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် ဈာန်အဘိညာဉ်ရ ရသေ့အဖြစ်ဖြင့် ဟိမဝန္တာတွင် နေလာခဲ့ရာမှ တစ်နေ့တွင် ချဉ်ဆားမှီဝဲလို၍ ရာဇဂြိုဟ်သို့ ထွက်ခွာလာခဲ့ကာ ဂိရိဗ္ဗဇ၌ပင် သစ်ရွက်မိုးကျောင်းဖြင့် နေထိုင်နေသည်။

တစ်နေ့တွင် ဆိတ်ကုလားမတစ်ကောင်သည် သစ်၏ဖမ်းယူခြင်းခံရရာ ထိုဆိတ်ကုလားမက သစ်၏စိတ်နှလုံးကို နူးညံ့အောင်ပြု၍ ချိုသာသောနှုတ်ခွန်းဆက်စကားဆိုရင်း သစ်ရှိရာသို့ လျှောက်သွားသည်။ သို့ရာတွင် သစ်က နှုတ်ခွန်းဆက်စကားနှင့် ဆီလျော်စွာ တုံ့ပြန်ခြင်းမပြုဘဲ ယုတ္တိမဲ့စကားဆို၍ အပြစ်ရှာ၏။

ဤတွင် ဆိတ်ကုလားမက 'ဤသစ်သည် ချိုသာပျော့ပျောင်းသောစကားကို ပြော၍ မရ။ သူ့ကိုဆန့်ကျင်ဘက်ပြောမှ ဖြစ်မည်ဟု တွေးမိသဖြင့် 'အကျွန်ုပ်၏ မိဘမောင်ဖွား များက ပြစ်မှားတတ်သော သစ်၏အမြီးသည် ရှည်လျားလှသည်ဟု ပြောကြပါသည်။ ထို့ကြောင့် ကျွန်ုပ်သည် ကောင်းကင်ခရီးဖြင့် လာခဲ့ပါသည်'ဟု ပြောလိုက်၏။ ထိုအခါ သစ်က 'ကောင်းကင်ဖြင့်လာသော သင့်ကိုမြင်၍ ငါ၏အစာဖြစ်သော သားအပေါင်း တို့သည် ပြေးခဲ့ကြလေပြီ၊ သင်သည် ငါ့အစာကို ဖျက်ဆီးသူ ဖြစ်သည်'ဟု ဆိုပြီးလျှင် ဆိတ်ကုလားမကို သတ်ဖြတ်စားသောက်ပစ်လိုက်သည်။

ဓာတ်ပေါင်း။ ။ ယခင်ဆိတ်ကုလားမ-ယခုဆိတ်ကုလားမ၊
ယခင်သစ်-ယခုသစ်၊ ရသေ့-ဗုဒ္ဓ၊

အနှစ်ချုပ်။ ။ ဆင်ခြေပေးတိုင်း အကျိုးမရှိနိုင်၊

အဋ္ဌကနိပါတ် ပြီးပြီ။

http://www.dhammadownload.com

# နဝကနိပါတ်

## ဇာတ်စုစုပေါင်း--၁၂

## ၄၂၇။ ဂိဇ္ဈဇာတ်

### မိဘစကားနားမထောင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းတော်များ လိုက်နာကျင့်သုံးအပ်သော ကျင့်ဝတ်များကို ကျင့်သုံးခြင်း မရှိသော ရဟန်းတစ်ပါးရှိခဲ့သည်။ ထိုရဟန်းကို ဥပဇ္ဈာယ်ဆရာတော်ကလည်း လက်မြှောက်ထားရသည်။ သီတင်းသုံးဖော်များကလည်း လျစ်လျူရှုထားကြသည်။ ဗုဒ္ဓမြတ်စွာသည် ထိုရဟန်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ သေနကမင်းကြီး စိုးစံစဉ်က ဘုရားလောင်းသည် ဂိဇ္ဈကုဋ်တောင်၌ လင်းတမင်းဖြစ်နေသည်။ သူ့တွင် 'သုပတ္တ'ဆိုသော သား လင်းတတစ်ကောင်ရှိခဲ့ရာ သုပတ္တသည် မိဘများကို လုပ်ကိုင်ကျွေးမွေးသူ ဖြစ်သည်။ သို့ရာတွင် ခွန်အားဗလပြည့်စုံသည်နှင့်အမျှ လွန်စွာအမြင့်ပျံတက်နေခြင်းကြောင့် မိဘများ စိတ်ဆင်းရဲကြရသည်။ ဖခင်ဖြစ်သူက 'အမောင် ဤမျှသောအရပ်ကို ကျော်လွန်၍ ပျံမတက်လင့်'ဟု ဆုံးမစကားဆို၏။ သုပတ္တက 'လိုက်နာပါမည်'ဟု အလွယ်တကူ ဝန်ခံစကားဆိုခဲ့သည်။

သို့ရာတွင် မိုးစဲစ အုပ်စုဖွဲ့၍ ပြန်သန်းကြသောအခါ သုပတ္တသည် အုပ်စုမှခွဲထွက်လျက် တစ်ကောင်တည်း အထက်သို့ ပျံတက်သွားသည်။ ပျံရင်းပျံရင်း 'ဝေရမ္ဘ'လေဦးသို့ ရောက်သွားရာ သူ့ကိုယ်သည် မှုန့်မှုန့်ညက်ညက်ကြေသွားခဲ့ရသည်။

**ဇာတ်ပေါင်း။** ။ သုပတ္တ-ဆုံးမရခက်သောရဟန်း။ အဖလင်းတမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်** ။ ။ မိဘစကားနားထောင်ရာ၏။

http://www.dhammadownload.com



## ၅၂၈။ ကောသမ္ဗိယဇာတ်

ဤဇာတ်၏ပစ္စုပ္ပန်နှင့် အတိတ်ဇာတ်ကြောင်းသည် ဇာတ်အမှတ်(၃၇၁) ဒီဃီတိကောသလဇာတ်နှင့် အားလုံးတူသည်။ ကောသမ္ဗီပြည်၌ဟော၍ ကောသမ္ဗိယဇာတ်ဟု ခေါ်ခြင်းသာထူး၏။

---

## ၅၂၉။ မဟာသုဝဇာတ်

### အဆွေခင်ပွန်းကောင်းတို့ဓါသသော

**ပစ္စုပ္ပန်ဝတ္ထု**

လျောက်ပတ်သောကျောင်းတွင် နေရသော်လည်း ဆွမ်းကြမ်းကိုသာ စားနေရသဖြင့် တရားအားထုတ်မှု မပြုနိုင်၍ တရားစခန်းမှ ပြန်လာသော ရဟန်းတစ်ပါးကို အကြောင်း ပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဟိမဝန္တာမှ ဂင်္ဂါကမ်းခြေတွင် ရေသဖန်းပင်ကြီးတစ်ပင်ရှိသည်။ ဘုရားလောင်း ကျေးမင်းသည် ရာပေါင်းများစွာသော ကျေးတို့ဖြင့် ထိုရေသဖန်းပင်၌ နေကြသည်။ ရက်လကြာလာသောအခါ သဖန်းသီးများကုန်ကာ အညွန့်၊ အရွက်၊ အခွံနှင့် အပွေးတို့သည်သာ ကျန်တော့၍ အခြားသောကျေးများ ထိုရေသဖန်းပင်မှ ထွက်ခွာသွားကြသော်လည်း ကျေးမင်းကား ထိုအပင်ကို စွန့်ခွာခြင်းမပြုချေ။ အညွန့်စသည်တို့ကိုစား၍ ဂင်္ဂါရေကိုသာ သောက်ပြီး ရောင့်ရဲစွာနေ၏။

သိကြားမင်းသည် ကျေးမင်းကို စမ်းသပ်လို၍ မိမိ၏ အာနုဘော်ဖြင့် သဖန်းပင်ကို ခြောက်သယောင်းအောင် ပြုလိုက်သည်။ အပေါက်ကြီးငယ်များဖြစ်စေ၍ ထိုနေရာများမှ သစ်ဆွေးမှုန့်များ ယိုထွက်စေသည်။ သို့တိုင် ကျေးမင်းသည် ခွာမသွား၊ သစ်ဆွေးမှုန့်များကိုစား၍ ဂင်္ဂါရေဖြင့် ရောင့်ရဲနေသည်။

ထိုအခါ သိကြားမင်းသည် သုဇာတာ မိဖုရားနှင့်အတူ ဟင်္သာမင်းအသွင် ဖန်ဆင်း၍ ကျေးမင်းရှိရာသို့ လာခဲ့ပြီး အသီးမရှိတော့သော ဤသစ်ပင်ကို စွန့်ခွာသွားရန် တိုက်တွန်းစကားဆိုရာ ကျေးမင်းက 'သူတော်ကောင်းတို့မည်သည် အဆွေခင်ပွန်း၌ စည်းစိမ်ဥစ္စာ

http://www.dhammadownload.com



ကုန်သည်ဖြစ်စေ၊ မကုန်သည်ဖြစ်စေ စွန့်ခွာသွားရိုးမရှိပါ၊ ရေသဖန်းပင်သည် ငါ၏ဆွေမျိုးလည်းဟုတ်၊ မိတ်ဆွေလည်း ဟုတ်ပါသည်။ ထို့ကြောင့် အသီးများ မရှိပြီဟူ၍ အကျွန်ုပ်စွန့်ခွာမသွားနိုင်ပါ'ဟု ပြန်ကြားလိုက်သည်။

သိကြားမင်းသည် ကျေးမင်း၏ သဘောထားကို နှစ်ခြိုက်သွားသဖြင့် ဂင်္ဂါရေဖြင့် သဖန်းငုတ်တိုကို သွန်းလောင်းလိုက်ရာ ရုတ်ခြည်းပင် အခက်အရွက် အညွန့် အသီးတို့နှင့် ပြည့်စုံသော ရေသဖန်းပင်ကြီးတစ်ပင် ပြန်ဖြစ်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ သိကြားမင်း-အရှင်အာနန္ဒာ၊ ကျေးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရောင့်ရဲလွယ်မှ စိတ်ချမ်းသာလွယ်မည်။

---

# ၄၃၀။ စူဠသုဝဇာတ်

ဤဇာတ်တော်၏ ပစ္စုပ္ပန်နှင့်အတိတ်ဝတ္ထုအကြောင်းအရာများသည် ဇာတ်အမှတ် (၄၂၉) မဟာသုဝဇာတ်နှင့် တူသည်။

---

# ၄၃၁။ ဟာရိတစဇာတ်

## ဝိသဘာဂ အာရုံကြောင့် ဈာန်လျှောသူ

**ပစ္စုပ္ပန်ဝတ္ထု**

လှပစွာ ဝတ်စားဆင်ယင်ထားသော အမျိုးသမီးတစ်ယောက်ကို မြင်တွေ့ခဲ့ရာမှ လူထွက်လိုစိတ်ဖြစ်ပေါ်လာသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားမျိုး၌ဖြစ်ပြီး 'ဟာရိတစ'ဟု အမည်တွင်၏။ သူသည် မိဘများကွယ်လွန်ပြီးချိန်၌ ရှိပစ္စည်းများကို လှူဒါန်းစွန့်ကြဲကာ ရသေ့ပြု၍ ဟိမဝန္တာသို့ဝင်ကာ တရားအားထုတ်ရာ အဘိညာဉ်သမာပတ်တို့ကို ရရှိသည်။ နှစ်ကာလကြာညောင်းလာခဲ့ချိန်တွင်

http://www.dhammadownload.com



ချည်ဆား မှိုဝဲလို၍ ဗာရာဏသီသို့ လာခဲ့ပြီး မင်းကြီးဥယျာဉ်တွင် ခေတ္တသီတင်းသုံးနေသည်။ နောက်နေ့နံနက်တွင် မြို့တွင်းသို့ ဆွမ်းခံဝင်ရာ မင်းကြီးမြင်တွေ့သွားရာမှ ကြည်ညိုသဒ္ဓါပွားလျက် နန်းဆောင်ပေါ်သို့ပင့်၍ ဆွမ်းကျွေးရုံမျှမက မိမိဥယျာဉ်၌ ထာဝစဉ် သီတင်းသုံးနေထိုင်သွားပါရန်လည်း လျှောက်ထား၏။ မင်းကြီး၏ လျှောက်ထားချက်ကို လက်ခံပြီး ထိုနေ့မှစ၍ နေ့စဉ် မင်းကြီးနန်းဆောင်သို့ကြွ၍ ဆွမ်းဘုဉ်းပေးသည်။

တစ်နေ့တွင် မင်းကြီးသည် နယ်ခြားဒေသမှ သူပုန်များကို နှိမ်နင်းရန် ထွက်ချီတော်မူသွားရာ သူမရှိစဉ် ရသေ့ကြီးအား ဆွမ်းဝတ်မပျက်ရန်လည်း မိဘုရားကြီးကို မှာထားခဲ့သည်။ မိဖုရားကြီးကလည်း ရသေ့ကြီးအား သူကိုယ်တိုင်ပင် ဆွမ်းလုပ်ကျွေးသည်။ တစ်နေ့သော နံနက်ပိုင်းတွင် ဆွမ်းပွဲများ အသင့်ပြင်ထားပြီးဖြစ်သော်လည်း ရသေ့ကြီးရောက်မလာသောကြောင့် မိဖုရားကြီးသည် နံ့သာရည်တို့ဖြင့် ရေချိုးပြီး လေသာပြတင်းအနီးမှ ညောင်စောင်းငယ်ပေါ်တွင် လျောင်းနေလိုက်သည်။

မကြာမီ ဈာန်ယာဉ်စီး၍ ကြွလာသော ရသေ့ကြီးသည် မိဖုရားကြီးရှိနေသည့် လေသာပြတင်းဝနားသို့ ရောက်လာသည့်အခါတွင်မှ မိဖုရားကြီးသည် သက်နံ့ခတ်သံကို ကြားမိလိုက်သဖြင့် လဲလျောင်းနေရာမှ ထလိုက်ရာ ခါးဝတ်သည် ပြေလျှော၍ကျသွားသည်။ ဤတွင်မှ ရသေ့ကြီး၏ ကိုယ်တွင်းမှ ကိလေသာတို့သည် မိဖုရားကြီး၏ ဝိသဘာဂအာရုံနှင့် ဆုံစည်းမိလိုက်ရသည်နှင့် ခဲလုံးကျသောရေပြင်နယ် လှုပ်ခတ်ရိုက်ပုတ်လေရာ ရရှိပြီးသော ဈာန်တရားတို့ပင် ကွယ်ခဲ့လေသည်။ ရသေ့ကြီးသည် သူ့စိတ်ကို မထိန်းနိုင်တော့သဖြင့် မိဖုရားကြီးနှင့်အတူ ကာမဂုဏ်ရေလျဉ်ကြောတွင် နစ်မျောလေတော့၏။

ထိုအကြောင်းကို အမတ်များက မင်းကြီးထံ စာသဝဏ်ပို့၍ တိုင်ကြားကြသော်လည်း မင်းကြီးက ယုံကြည်ခြင်းမရှိ။ ရသေ့ကြီးကို ပျက်စီးစေလို၍ လုပ်ကြံဖန်တီးမှုသက်သက်သာဟု သဘောထားသည်။ နေပြည်တော်သို့ ပြန်ရောက်သောအခါ မိဖုရားကို မေးကြည့်ရာ မိဖုရားကြီးက ဟုတ်မှန်ပါကြောင်းဖြင့် ဝန်ခံစကားဆိုသည်။ သို့ရာတွင် မင်းကြီးက မယုံကြည်နိုင်သေး၍ ရသေ့ထံ သွားမေးသည်။

ရသေ့ကြီးက မုသားမဆိုဘဲ 'သင်မင်းကြီး ကြားသည့်အတိုင်း မှန်ကန်ပါသည်' ဟုသာ ဝန်ခံလိုက်သည်။ ထိုအခါ မင်းကြီးက ရသေ့ကို တရားပြသည်။ 'အရှင်ဘုရားသည် ရာဂစိတ်ကို အဘယ့်ကြောင့် မထိန်းနိုင်ရသနည်း၊ ရာဂကိုမှ မထိန်းနိုင်လျှင် ကောင်းသောအကျိုးတို့ကို ကြံစည်တတ်သော အရှင်ဘုရား၏ပညာများသည် ဘာအကျိုးရှိတော့မည်နည်း' ဟု လျှောက်ထားသည်။

http://www.dhammadownload.com



ထိုအခါ ရသေ့ကြီးက မိမိသည် အဆိပ်အတောက်များဖြင့် ပြည့်နေသော ထိုရာဂကို ပယ်ဖြတ်ပါတော့မည်ဟု ကတိပြုကာ ကျောင်းထဲသို့ဝင်၍ ကသိဏ်းဝန်းကို ပြန်ရှုရာ ကွယ်ပျောက်ခဲ့ပြီးသော ဈာန်တရားကို တစ်ဖန်ပြန်လည်၍ ရလာခဲ့သည်။ ထို့နောက် ကောင်းကင်ပေါ်၌ ထက်ဝယ်ဖွဲ့ခွေနေပြီးလျှင် 'မြတ်သောမင်းကြီး၊ ငါသည် မနေအပ်သော အရပ်၌ နေထိုင်မိသောကြောင့် ကဲ့ရဲ့အပ်သောအဖြစ်သို့ ရောက်ခဲ့ရသည်။ ယခုအချိန်မှ စ၍ ကာမဂုဏ်နှင့်ဝေးရာ တောအုပ်သို့ သွားတော့မည်'ဟု ဆိုပြီးလျှင် ဟိမဝန္တာသို့ ပြန်ကြွသွားသည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ၊ ဟာရိတစရသေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ကာမဂုဏ်နောက်သို့လိုက်လျှင် လမ်းမှားသို့ရောက်မည်။

---

# ၄၃၂။ ပဒကုသလမာဏဝဇာတ်

## ဘီလူးမ၏မေတ္တာ

ပစ္စုပ္ပန်ဝတ္ထု

ခြေရာကောက်ရာ၌ အလွန်တော်သော လူငယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ်က ကျိန်စာကြောင့် ဘီလူးဖြစ်လာရသော 'အဿမုခီဘီလူးမ'သည် ခရီးထွက်လာသော ပုဏ္ဏားလူချောတစ်ယောက်ကို ဖမ်းယူပြီး လင်ပြုထားလိုက်သည်။ ဘီလူးမသည် ပုဏ္ဏားကို လိုဏ်ဂူထဲ၌ထား၍ အပြင်ဘက်မှ ကျောက်ဖျာကြီးဖြင့် ပိတ်ထားသည်။ ဆယ်လလွန်မြောက်သောအခါ ဘီလူးမသည် သားတစ်ယောက်ကို ဖွားမြင်ရာ ထိုသား ကြီးမြောက်လာချိန်၌ ဘီလူးမသည် သားအဖနှစ်ယောက်ကို လိုဏ်ဂူထဲ၌ ပိတ်ထားပြီး လုပ်ကျွေးသည်။

တစ်နေ့သ၌ သားဖြစ်သူသည် မိခင်မရှိခိုက် ဖခင်ကို ပခုံးဖြင့်ထမ်း၍ ကျောက်ဂူနန်းမှ ထွက်ပြေးလာရာ မိခင်၏အာဏာစက်ကုန်ဆုံးရာ မြစ်ကမ်းတစ်ခု၏ ကမ်းနားသို့ ရောက်လာသည်။ ထိုအချိန်၌ တောထဲမှပြန်ရောက်လာသော အဿမုခီဘီလူးမသည်

http://www.dhammadownload.com



သားနှင့်လင်ကို မတွေ့ရသဖြင့် ခြေရာခံ၍ အလျင်အမြန်လိုက်လာခဲ့ရာ ထိုမြစ်ကမ်းနားသို့ ရောက်လာခဲ့သည်။ သို့ရာတွင် သားနှင့်လင်သည် သူမပိုင်ဆိုင်ရာနယ်မြေတွင်း၌ မရှိကြတော့ဘဲ မြစ်လယ်သို့ ရောက်နေပြီးဖြစ်၍ ကမ်းပေါ်မှရပ်၍ သားနှင့်လင်ကိုပြန်လာခဲ့ကြရန် အော်၍ခေါ်သော်လည်း သားနှင့်လင်က ပြန်လှည့်မလာကြတော့။

ထိုအခါ ဘီလူးမက 'သားမောင် သင်သည် အကယ်၍ မပြန်တော့လျှင် 'စိန္တာမဏိ' မည်သော မန္တရားကို သင့်အား ငါသင်ပေးလိုက်မည်၊ ထိုမန္တရား၏ အာနုဘော်ဖြင့် တစ်ဆယ့်နှစ်နှစ်အထက်က ခိုးယူသွားသော ဥစ္စာကိုပင် ခြေရာကောက်၍ သိနိုင်မည်။ ဤမန္တရားသည် သင့်အတွက် အသက်မွေးမှု ဖြစ်လိမ့်မည်။ 'သား သင်ယူလော့' ဟု လှမ်းပြော၏။ သားသည် မြစ်လယ်၌ရပ်၍ အမိကို လက်အုပ်ချီ ရှိခိုးရင်း ရိုသေစွာဖြင့် မန္တရားကို သင်ယူလိုက်သည်။ သားဖြစ်သူ မန္တရားကို တတ်မြောက်သွားသည်နှင့် အသဿမုခီဘီလူးမသည် ထိုနေရာ၌ပင် ရင်ကွဲ၍ သေပွဲဝင်လေတော့သည်။

သားအဖတို့နှစ်ယောက်သည် အသဿမုခီဘီလူးမကြီးအား မီးသင်္ဂြိုဟ်ခဲ့ကြပြီးနောက် ဗာရာဏသီသို့ လာခဲ့ကြသည်။ မိမိတတ်ကျွမ်းသည့် ခြေရာကောက်ပညာအကြောင်းကို လျှောက်ထား၍ သားဖြစ်သူသည် မင်းကြီးထံ ခစားရာ နေ့စဉ် အသပြာတစ်ထောင်ရသည်။ ထိုအခါမှစ၍ သူ့အား 'ပဒကုသလမာဏဝ' ဟူ၍ ခေါ်ကြလေသည်။

ပဒကုသလပြောသည့်အတိုင်း တကယ်စွမ်းဆောင်နိုင်ခြင်း ရှိ မရှိကို သိစေနိုင်ရန် စမ်းသပ်လိုကြသော မင်းနှင့် ပုရောဟိတ်တို့သည် နန်းတွင်းမှ ရတနာများကိုယူ၍ ပြာသာဒ်အထက်မှ ဆင်းလျက် နန်းတွင်းမှ ရေကန်ရှိရာသို့ သွားကြသည်။ ရေကန်ကို လက်ယာရစ်သုံးပတ် ပတ်ပြီးမှ ရေကန်ထဲသို့ဆင်း၍ ဥစ္စာကို ထားခဲ့ကြသည်။ ပြီးနောက် ထိုနေရာမှပင် ပြာသာဒ်ပေါ်သို့ ပြန်တက်လာခဲ့ကြသည်။

နံနက်မိုးလင်းချိန်၌ မင်းကြီးသည် ပဒကုသလကိုခေါ်၍ နန်းတွင်းမှ ရတနာများ ပျောက်ဆုံးသွားကြောင်း ပြောသည်။ ထိုအခါ ပဒကုသလက 'မြတ်သောမင်းကြီး စိုးရိမ်တော် မမူလင့်' ဟု ဆိုပြီးလျှင် မိခင်ကို အာရုံပြု၍ ရှိခိုးလိုက်သည်။ ထို့နောက် မန္တရားကို မန်း၍ ပြာသာဒ်ကြမ်းပြင်ပေါ်၌ရပ်လျက် 'မြတ်သောမင်းကြီး၊ ခိုးသူနှစ်ယောက်တို့၏ခြေရာကို တွေ့ရပါသည်' ဟု လျှောက်ထားပြီးလျှင် ရေကန်ထဲမှ ဥစ္စာထုပ်ကို ဆယ်ယူလာပြီးလျှင် မင်းကြီးအား ဆက်သလိုက်သည်။ ဝန်းကျင်မှလူများသည် ပဒကုသလ၏ စွမ်းရည်ကို သဘောကျသွားကြသည်။

မင်းကမူ 'ဤလုလင်သည် ခိုးရာပါပစ္စည်းကိုသာ ဖော်ထုတ်ယူနိုင်သည်။ ခိုးသူတရားခံကိုကား ဖမ်းဆီးပေးနိုင်စွမ်းမရှိ' ဟု မှတ်ယူသောကြောင့် တရားခံကို ဖော်ထုတ်

http://www.dhammadownload.com



ပေးရန် တောင်းဆိုရာ ပဒကုသလက ခိုးသူသည် မင်းဖြစ်ကြောင်း သွယ်ဝိုက်ပြီး လျှောက်ထားသည်။ သို့ရာတွင် မရ။ ခိုးသူကို ဖော်ထုတ်ပေးရန်သာ မင်းက တောင်းဆိုနေသည်။

ဤတွင် ပဒကုသလက မြေ၊ မီး၊ ထမင်း၊ လေ၊ သစ်ပင်၊ ချွေးမ၊ သား စသည် အားထား ကိုးကွယ်ရာမှ ဘေးဖြစ်တတ်ပုံကို ဥပမာပြ၍ ခိုးသူကို ဖော်ထုတ်မခိုင်းပါရန် အတန်တန် တောင်းပန်သည်။ သို့တိုင် မင်းကြီးက ဆက်လက် တောင်းဆိုနေသဖြင့် ပဒကုသလသည် နောက်ဆုံး၌ 'ယခုအမှု၌ ခိုးသူမှာအခြားမဟုတ် မင်းကြီးနှင့်ပုရောဟိတ်တို့ပင်ဖြစ်ကြသည်'ဟု ဖော်ထုတ်လိုက်တော့သည်။

ထိုစကားကို ကြားလိုက်ကြသည်နှင့် စုဝေးရောက်နေကြသော လူများသည် မင်းကြီးနှင့် ပုရောဟိတ်တို့ကို ဝိုင်းဝန်းရိုက်ပုတ်ကြရာ နှစ်ဦးစလုံးပင် ထိုနေရာ၌ သေဆုံးသွားကြရ၏။ ထို့နောက် လူများသည် ပဒကုသလကို အဘိသိက်သွန်း၍ မင်းအဖြစ် တင်မြှောက်လိုက်ကြလေ၏။

**ဇာတ်ပေါင်း။** ။ ပဒကုသလ၏ အဖပုဏ္ဏား-ကဿပ။ ပဒကုသလ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အမှန်တရားသည် ဖုံးကွယ်၍မရနိုင်။

---

# ၄၃၃။ လောမသကဿပဇာတ်

## မဇ္ဈိမာယာမှလွတ်သွားသူ

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**ပစ္စုပ္ပန်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် သားတော် 'ဗြဟ္မဒတ္တကုမာရ'နှင့် ပုရောဟိတ်၏သား 'လောမသကဿပ'တို့သည် ကျောင်းနေဖက်သူငယ်ချင်းများဖြစ်ကြသည်။ ခမည်းတော် နတ်ရွာစံသော် ဗြဟ္မဒတ္တကုမာရသည် မင်းအဖြစ်သို့ ရောက်လာကာ ပုရောဟိတ်၏သား လောမသကဿပကမူ မိဘနှင့် မင်းထံခွင့်ပန်၍ ရသေ့ပြုပြီး ကသိုဏ်းပရိကံကို အားထုတ်ရာ ခုနစ်ရက်တာမျှနှင့် အဘိညာဉ်သမာပတ်ကို ရရှိခဲ့သည်။

http://www.dhammadownload.com



လောမသကဿပ၏ ပြင်းထန်သော အားထုတ်ကျင့်ကြံမှုကြောင့် သိကြားမင်း၏ နေရာသည် တုန်လှုပ်ခဲ့ရသည်။ ထို့ကြောင့် သိကြားမင်းသည် ထိုရသေ့သီလကို ပျက်စီးစေရန် သန်းခေါင်ယံတွင် ဗာရာဏသီမင်း၏ ကျက်သရေတိုက်ခန်းထဲသို့ ဝင်ကာ 'မြတ်သောမင်းကြီး၊ သင်သည် ဇမ္ဗူဒိပ်မြေပြင်၌ ဧကရာဇ်မင်းဖြစ်လိုမူ လောမသကဿပကို ပင့်ဆောင်၍ အခြေလေးချောင်းရှိသော သတ္တဝါများဖြင့် ယဇ်ပူဇော်ပါစေ'ဟု ပြောသည်။

လောမသကဿပရသေ့ကို ရိုးရိုးပင့်ဆောင်၍မရလျှင် သမီးတော် စန္ဒဝတီမင်းသမီးနှင့် ဖြားယောင်း၍ ပင့်ဆောင်ပါ၊ ယင်းသို့ပင့်လျှင် ရသေ့သည် ကေန်ပင် လိုက်ပါလာမည်'ဟု ထပ်မံပြောဆိုပြန်သည်။ သို့ဖြင့် မင်းကြီးသည် သမီးတော် စန္ဒဝတီကို တင့်တယ်စွာ တန်ဆာဆင်၍ သေယှအမတ်လက်ထဲသို့ ပေးအပ်လိုက်သည်။ သေယှအမတ်သည် သမီးတော်ကိုခေါ်၍ ရသေ့ကြီးထံသို့ လာခဲ့ရာ ရသေ့ကြီးသည် စန္ဒဝတီမင်းသမီးကို မြင်တွေ့လိုက်သည်နှင့်တစ်ပြိုင်နက် တပ်စွန်းစိတ်ဝင်လေတော့သည်။

ယင်းကို ရိပ်စားမိလိုက်သော သေယှအမတ်က 'အရှင်ဘုရားသည် အကယ်၍ ယဇ်ပူဇော်ခဲ့လျှင် မင်းကြီးသည် အရှင်ဘုရားအား ဤမင်းသမီးကို အလုပ်အကျွေးအဖြစ် ပေးအပ်ပါလိမ့်မည်'ဟု လျှောက်ထားလိုက်သည်။ ရသေ့ကြီးသည် ငြင်းပယ်ခြင်းမပြုတော့ဘဲ မင်းသမီးကို ပိုင်ဆိုင်လိုဇောဖြင့် လိုက်ပါလာခဲ့သည်။

ဗာရာဏသီသို့ ရောက်သောအခါ ယဇ်တွင်းရှိရာသို့သွား၍ အခြေလေးချောင်းရှိသော သတ္တဝါများကိုသတ်လျက် ယဇ်ပူဇော်မည်ပြု၏။ ထိုအခါ စုဝေးရောက်လာကြသော လူများက 'လောမသကဿပ၊ သင်သည် မသင့်လျော်သောအမှုကို အဘယ့်ကြောင့် ပြုချင်ရသနည်း'ဟု ပြော၍ ငိုကြွေးကြသည်။ သို့တိုင် ဇောကပ်နေသော ရသေ့ကြီးက ဂရုမစိုက်နိုင်ဘဲ ဦးစွာ မင်္ဂလာဆင်တော်၏ လည်ပင်းကို ဖြတ်ပိုင်းရန် အကြိမ်ကြိမ်ကြိုးစားသည်။ သေဘေးကိုကြောက်သော မင်္ဂလာဆင်တော်သည် သည်းစွာ အော်ဟစ်ရာ အခြားသော ဆင်မြင်းဥသဘတို့နှင့်အတူ လူများကလည်း သံပြိုင်ဟစ်အော်ကြပြန်သည်။ ထိုအသံများကို ကြားလိုက်ရခါမှ အထိတ်တလန့်ဖြစ်သွားပြီး မိမိတရားပျက်ပုံကို သတိပြုမိကာ ရသေ့ကြီး သံဝေဂတရား ရရှိလာသည်။

လောမသကဿပရသေ့ကြီးက 'မြတ်သောမင်းကြီး၊ ငါသည် ကာမဂုဏ်တို့ကို စက်ဆုပ်၏။ ကာမဂုဏ်တို့ထက် သီလကသာ မြတ်၏။ ငါသည် ကာမဂုဏ်တို့ကိုပယ်၍ သီလကိုသာ ထိန်းပါတော့မည်။ နိုင်ငံနှင့် စန္ဒဝတီမင်းသမီးသည် သင့်အတွက်သာ ဖြစ်ပါစေတော့'ဟု ပြောဆိုကာ ကသိုဏ်းကိုပြန်၍ အားထုတ်ရာ ပျောက်ကွယ်သွားခဲ့သော

http://www.dhammadownload.com



ချာန်တရားကို ပြန်၍ရလာသည်။ ထို့နောက် ယဇ်တွင်းကိုဖျက်ဆီးစေ၍ သတ္တဝါများအား ဘေးမဲ့ပေးစေပြီးလျှင် မိမိနေရာဌာနသို့ ပြန်ကြွသွားခဲ့တော့သည်။

**ဇာတ်ပေါင်း။ ။ သေယျအမတ်-အရှင်သာရိပုတ္တရာ။ လောမသကဿပရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ မိမိအမှားကို သိချိန်မှစ၍ပြင်ပါ။**

---

# ၄၃၄။ စက္ကဝါကဇာတ်

## အစားအသောက်မတ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

အစာအာဟာရနှင့် ပစ္စည်းပစ္စယတို့တွင် လော်လည်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**ပစ္စုပ္ပန်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကျီးတစ်ကောင်သည် ဆင်သေကောင်စသည်တို့ကို စားသောက်နေရသော်လည်း ရောင့်ရဲနိုင်ခြင်းမရှိသဖြင့် ဂင်္ဂါကမ်းခြေသို့ ဆင်းလျက် ငါးသေကောင်များကို ရှာဖွေစားသောက်သည်။ ထိုမှုဖြင့်လည်း ကျေနပ်မှုမရှိ၍ ဟိမဝန္တာသို့ဝင်ကာ သစ်သီးဝလံများကို ရှာဖွေစားသောက်သည်။ တစ်နေရာမှတစ်နေရာသို့ ပြောင်းရွှေ့စားသောက်ရင်း ပဒုမ္မာအိုင်ကြီးတစ်အိုင်သို့ ရောက်လာပြီးသော် ရွှေအဆင်းနှင့် တူသော စက္ကဝါငှက်မောင်နှံတို့ကို မြင်တွေ့လိုက်သည်။ ဤတွင် 'သည်ငှက်များ အဆင်းလှပတင့်တယ်ခြင်းမှာ စားသုံးသောအစာကြောင့် ဖြစ်ရမည်။ ငါလည်း သူတို့စားသော အစာကို စား၍ သူတို့ကဲ့သို့ပင် ရွှေအဆင်းနှင့်တူအောင်ပြုအံ့'ဟု နလုံးသွင်းလိုက်သည်။

ထို့ကြောင့် ကျီးသည် စက္ကဝါငှက်မောင်နှံထံ သွားရောက်မိတ်ဖွဲ့လျက် ယင်းတို့ စားသုံးသော အစာအာဟာရကို မေးမြန်းသည်။ ထိုအခါ စက္ကဝါငှက်များက မိမိတို့သည် အသက်မရှိသော ရေမှော်များကိုသာ စားသုံးကြကြောင်းကို လည်းကောင်း၊ အစာရလိုမှုကြောင့် မတရားမှုများ ကျူးလွန်ခြင်းမရှိကြပုံကို လည်းကောင်း ပြောပြသည်။ ဤတွင် ကျီးက 'ငါသည် ဆား၊ ဆီ၊ အသား စသည်များနှင့် ရောနှောထားသော လူတို့၏အစားအစာများကို စားသုံးနေရသော်လည်း အဆင်းမလှပဟု ညည်းတွားရှာသည်။

သူ့ညည်းသံကိုကြားလိုက်ရသည်နှင့် 'အိုကျီး၊ အဆင်းလှပမှုသည် အာဟာရဟူသော အကြောင်းကြောင့်ချည်း ဖြစ်သည်မဟုတ်၊ ဥတုကံစိတ်တို့နှင့်လည်း ဆိုင်သည်'ဟု

http://www.dhammadownload.com



စက္ကဝါငှက်များက ပြောကြရာ ကျီးသည် အရှက်ကြီးရှက်ကာ 'အား...အား'ဟု မြည်၍ ထွက်ပြေးသွားတော့သည်။

ဇာတ်ပေါင်း။ ။ ကျီး-အစားမက်သောရဟန်း၊ စက္ကဝါငှက်မ-ရာဟုလာမယ်တော်၊ စက္ကဝါငှက်ဖို-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အစားအသောက်၌လော်လည်ခြင်းသည် ဆင်းရဲကြောင်းဖြစ်သည်။

---

# ၄၃၅။ ဟာလိဒ္ဒိရာဂဇာတ်

## ချစ်၍ခေါ်ရာ မလိုက်သူ

### ပစ္စုပ္ပန်ဝတ္ထု

အပျိုကြီး ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးနှင့် ဆက်စပ်၍ ဟောတော်မူသော ဇာတ်ဖြစ်သည်။ ပစ္စုပ္ပန်ဝတ္ထုသည် တေရသကနိပါတ် စူဠနာရဒဇာတ်၏ ပစ္စုပ္ပန်ဝတ္ထုနှင့် တူသည်။

### အတီတ်ဝတ္ထု

ရှေးအခါက ရသေ့သားအဖနှစ်ဦးသည် တောထဲ၌ နေခဲ့ကြရာ တစ်နေ့တွင် ထိုနေရာသို့ သူငယ်မတစ်ဦး ရောက်လာသည်။ ထိုအချိန်၌ ဖခင်ရသေ့ကြီးသည် သစ်မ်းကျောင်း၌ မရှိဘဲ သားဖြစ်သူ ရသေ့ငယ်တစ်ဦးတည်းသာ ရှိနေသည်။ ရသေ့ငယ် သီလကို ဖျက်ဆီး၍ မိမိနှင့်အတူ လူနေဒေသသို့ လိုက်၍နေရန် သူငယ်မက ရသေ့ကို ခေါ်သည်။

ရသေ့ငယ်က လိုက်မည်ဟု ကတိပေးသော်လည်း 'အဖရသေ့ ပြန်ရောက်အောင် စောင့်၍ အဖအား ပန်ကြားခဲ့ပြီးမှ လိုက်ပါရစေ'ဟု ဆိုသည်။ အဖရသေ့နှင့် အတွေ့မခံရဲသော သူငယ်မက နောက်မှလိုက်လာခဲ့ပါဟု မှာထားခဲ့ပြီးလျှင် သစ်မ်းကျောင်းထဲမှ ထွက်လာခဲ့သည်။

ရသေ့ငယ်သည် လုံမငယ် ထွက်သွားချိန်မှစ၍ ထင်းမရှာ၊ ရေမခပ်ဘဲ မှိုင်တွေ၍သာ နေသဖြင့် ဖခင်ရသေ့ကြီးက အကျိုးအကြောင်း မေးသည်။ သားရသေ့က လုံမငယ်၏ ပြောစကားကို ပြန်လည်ပြောကြားသည်။ လူနေဒေသသို့ ရောက်သောအခါ မည်သည့် လူစားမျိုးနှင့် ပေါင်းသင်းဆက်ဆံရမည်ကို ပြောကြားရန် ဖခင်အား တောင်းပန်သည်။ ထိုစကားကြောင့်ပင် ဖခင်က 'ချစ်သား အကြင်သူသည် သင်နှင့်မိတ်ကျွမ်းဝင်၏။ ယင်းသို့ မိတ်ကျွမ်းဝင်ရသည်ကိုလည်း ဝုဏ်ယူ၏။ သင့်စကားကိုလည်း နားထောင်၏။ သည်းခံ

http://www.dhammadownload.com



# ၄၃၇။ ပူတိမံသဇာတ်

## ဉာဏ်များသူ မြေခွေး

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာသည် ဣန္ဒြေများကို စောင့်ထိန်းခြင်းမရှိကြသည့် ရဟန်းတော်များအား အရှင်အာနန္ဒာမထေရ်မှတစ်ဆင့် ခေါ်စေတော်မူ၍ စက္ခုစသော ဣန္ဒြေများကို စောင့်ထိန်းကြရန် ဆုံးမတော်မူသည်။ အခွင့်အခါကို မသိဘဲ ရှုကြည့်မိက 'ပူတိမံသ'မြေခွေးများကဲ့သို့ ဆုံးရှုံးတတ်ကြောင်းကို ပြတော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာ၌ ရက္ခစိုးနတ်ဖြစ်နေသည်။ ဆိတ်များစွာတို့သည် တောင်လိုဏ်ဂူတစ်ခုတည်း၌ စုပေါင်းနေထိုင်ကြရာ ယင်းတို့နှင့် မဝေးလွန်းသော လိုဏ်ဂူတစ်ခုထဲတွင် 'ပူတိမံသ'မြေခွေးသည် 'ဝေဏီ'မည်သော မယားမြေခွေးမနှင့်အတူ နေထိုင်ကြသည်။ မြေခွေးလင်မယားသည် တစ်နေ့တွင် ဆိတ်တစ်ကောင်ကို ဖမ်းယူစားသောက်ကြရာ ဆိတ်သား၏အရသာကို သိရှိသွားသဖြင့် တစ်နေ့လျှင် ဆိတ်တစ်ကောင်ကျစီ ဖမ်းယူစားသောက်ကြ၏။ အချိန်ကြာလာသော် 'မေဏ္ဍကမာတာ'မည်သော ဆိတ်မတစ်ကောင်သာ ကျန်တော့သည်။

မေဏ္ဍကမာတာကား ပါးနပ်သည်ဖြစ်သဖြင့် ပူတိမံသသည် သူမကို ဖမ်းရန် အကြိမ်ကြိမ် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှု မရချေ။ တစ်နေ့တွင် မယားဖြစ်သူ ဝေဏီနှင့် တိုင်ပင်လျက် မေဏ္ဍကမာတာအား ထောင်ချောက်ဆင်ရမည့် နည်းလမ်းများကို ပြောပြပြီး ဝေဏီအား မေဏ္ဍကမာတာနှင့် မိတ်ဖွဲ့ရန် စေလွှတ်လိုက်သည်။ ဝေဏီသည် ဆိတ်မနှင့် မကြာမီပင် အဆွေခင်ပွန်းများ ဖြစ်သွားကြသည်။ တစ်နေ့သော် ဝေဏီသည် ငိုယိုလျက် သူမ၏လင်ဖြစ်သူ ပူတိမံသ မြေခွေးကြီး သေဆုံးသွားသဖြင့် သင်္ဂြိုဟ်သည့်ကိစ္စ၌ အကူအညီပေးပါရန် ဆိတ်မကို လာရောက်ခေါ်ငင်သည်။

ဆိတ်မက လိုက်လာခဲ့သော်လည်း သူက ရှေ့မှမသွားဘဲ ဝေဏီကိုသာ ရှေ့မှသွားစေသည်။ ဝေဏီတို့လင်မယားကို စိတ်မချ၍ဖြစ်သည်။ သေဟန်ဆောင်၍ အိပ်နေခဲ့သော ပူတိမံသမြေခွေးကြီးသည် ခြေသံများကြားလိုက်သည်နှင့် မျက်စိကိုဖွင့်၍ ခေါင်းထောင်ကြည့်သည်။ ယင်းကို အကင်းပါးသော ဆိတ်မက မြင်တွေ့မိ၍ ရုတ်ခြည်းပင် ထိုနေရာမှ ပြန်လှည့်လာခဲ့သည်။

http://www.dhammadownload.com



နောက်ရက်များမကြာမီ မြေခွေးမသည် ဆိတ်မရှိရာသို့ ရောက်လာရာ ဆိတ်မက 'ငါ၏အခြွေအရံများဖြစ်ကြသော စတုရက္ခမြေခွေး၊ မာလိယမြေခွေး၊ မိင်္ဂလမြေခွေး၊ ဓမ္မကမြေခွေးတို့နှင့်အတူ သင့်ထံသို့ ငါလာခဲ့မည်။ သူတို့တွင် တစ်ကောင်လျှင် အခြံအရံမြေခွေးပေါင်း ငါးရာစီ ရှိသဖြင့် နောက်လိုက်မြေခွေး နှစ်ထောင်လည်း ပါလာလိမ့်မည်။ မြေခွေးများအားလုံး အတွက် လုံလောက်သော အစာအာဟာရများ စီမံပေးရမည်။ မပေးနိုင်လျှင် သူတို့သည် သင်တို့လင်မယားကို သတ်ဖြတ်စားသောက်ကြလိမ့်မည်'ဟု ဆိုလိုက်သည်။

ဤစကားသည် မြေခွေးမအား အထိတ်တလန့်ဖြစ်သွားစေသောကြောင့် မိမိထံသို့ မလာပါရန် တောင်းပန်စကားဆိုခဲ့ပြီးနောက် မြေခွေးမသည် ထိုနေရာမှ အပြေးထွက်လာခဲ့သည်။

**ဇာတ်ပေါင်း။** ။ ရုက္ခစိုးနတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သတိဟူသည် ပိုသည်မရှိပါ။

---

## ၄၃၈။ ဒဒ္ဒရဇာတ်

### ယုတ်မာသောရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာဘုရားအား သတ်ရန်ကြံစည်ပမ်းသော ဒေဝဒတ်နှင့် ပတ်သက်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**ပစ္စုပ္ပန်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဗာရာဏသီမှ ဒိသာပါမောက္ခဆရာကြီးသည် လူ့ရပ်ခွင်မှ ပလိဗောဓများကို ငြီးငွေ့လာ၍ တပည့်များအား ပညာသင်ပြနေဆဲမှာပင် ဟိမဝန္တာသို့ဝင်လာရာ တပည့်လုလင်ငါးရာတို့သည်လည်း ဆရာကြီးနှင့်အတူ လိုက်ပါလာကြသည်။ အပြီးဆုံးသို့ မရောက်သေးသော ပညာရပ်များကို တောစခန်းတွင်ပင် ဆက်လက်သင်ယူကြသည်။

ထိုအချိန်က ဖွတ်သားအမိသုံးကောင်နှင့် ခါတစ်ကောင်တို့သည် ဆရာကြီး၏ ကျောင်းအနီးတွင် နေထိုင်ခဲ့ကြသည်။ ကျားတစ်ကောင်နှင့် ခြင်္သေ့တစ်ကောင်က ဆရာကြီး

http://www.dhammadownload.com



ကို မကြာခဏ လာရောက် စားလေ့ရှိသည်။ ယင်းတို့အနက် ခါသည် ဆရာကြီးနှင့် တပည့်များ၏ ဗေဒင်ရွတ်အံသရစ္စျာယ်သံများကို ကြားရဖန်များသဖြင့် ဗေဒင်ပညာကို တတ်မြောက်သွားခဲ့သည်။ ဆရာကြီး ကွယ်လွန်သွားခဲ့သော် တပည့်လုလင်များအား ခါသည် ဗေဒင်ပညာကျမ်းများကို နှုတ်တက်ရွရွတ်ဆိုပြပြီး ဗေဒင်ပညာများကို ဆက်လက် သင်ကြားပေးသည်။ ထိုအချိန်မှစ၍ ခါသည် ဒိသာပါမောက္ခဆရာ၏နေရာသို့ ရောက် သွားလေသည်။

ဇမ္ဗူဒိပ်၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော တောင်ထိပ်ပွဲတွင် ပါဝင်နွဲပျော်လိုသဖြင့် တပည့်လုလင်တို့သည် မိမိတို့၏ မြို့ရွာများသို့ အသီးသီးပြန်သွားကြသော် ရသေ့ပျက် တစ်ပါးရောက်လာသည်။ သူ့အကြောင်းကိုမသိသော ဖွတ်မသည် သူ့ကိုလက်ခံတွေ့ဆုံ လျက် ချက်ပြုတ်စားသောက်နိုင်စေရန် ဆန်၊ ဆီ၊ ဆား စသည်များ ထားသည့်နေရာကို ပြထားခဲ့ပြီး အစာရှာထွက်သွားသည်။ ရသေ့ပျက်သည် ထိုနေ့နံနက်၌ ဖွတ်မ၏သား နှစ်ကောင်တို့ကိုလည်းကောင်း၊ နေ့ဘက်၌ ခါပညာရှိနှင့် ဆရာကြီးလက်ထက်ကပင် နို့သောက်ရန် လှူထားသော နွားမ သားအမိနှစ်ကောင်အနက် နွားငယ်ကို လည်းကောင်း၊ ညနေတွင် စားကျက်မှပြန်လာသော နွားမကြီးကို လည်းကောင်း သတ်၍ ချက်ပြုတ် စားသောက်သည်။ ထို့နောက် သစ်ပင်ရင်းတွင်အိပ်၍ တခေါခေါ ဟောက်နေသည်။

ဖွတ်မသည် အစာရှာရာမှ ပြန်ရောက်လာသည်တွင် သူ့သားငယ်များကို မတွေ့ရ တော့သဖြင့် လိုက်လံရှာဖွေရာ အနီးရှိ ရုက္ခစိုးနတ်တစ်ပါးက အကြောင်းစုံကို ပြောပြသည်။ ဖွတ်မသည် သူလည်းအစားခံရမည်ကြောက်သဖြင့် ထိုနေရာမှထွက်ပြေးခဲ့သည်။ ဖွတ်မ ထွက်သွားသည်နှင့် ထိုနေရာသို့ ကျားရောက်လာသည်။ ခါ၏အခြေအနေကိုသိရှိစေရန် ခြင်္သေ့က စေလွှတ်လိုက်သဖြင့် ကျားရောက်လာခဲ့ခြင်းဖြစ်သည်။ ကျားသည် ထိုနေရာ ရောက်လာသည်နှင့် အိပ်ပျော်နေသော ရသေ့ယုတ်ကို ကြည့်လိုက်သည်။ ရသေ့ဆံကျစ် ကြားတွင် ကပ်ငြိနေသော ခါမွေးအချို့ကိုလည်းကောင်း၊ နွားရိုးများကို လည်းကောင်း မြင်တွေ့လိုက်ရသည်။

သို့ဖြင့် ရသေ့ယုတ်ကို ခြေဖြင့်ခတ်၍နိုးပြီး သတ္တဝါများအား စား မစားမေးသည်။ ရသေ့ယုတ်က ရုတ်တရက် ဝန်မခံ၍ ကြိမ်းမောင်းပြီးမေးခါမှ ဖွတ်သားနှစ်ကောင်နှင့် နွားမသားအမိကို စားခဲ့ကြောင်း ပြောသည်။ ခါကိုမူ မစားရကြောင်း ငြင်းကွယ်သည်။ သူ့ငြင်းချက်ကို ကျားက လက်မခံနိုင်သဖြင့် ရသေ့ယုတ်ကို ရှေ့မှသွားစေ၍ ခြင်္သေ့ထံသို့ ခေါ်လာခဲ့သည်။ ခြင်္သေ့က မေးစစ်သည်တွင်မှ ခါပညာရှိကို သတ်မိခဲ့ပါကြောင်း ဖြောင့် ချက်ပေးသည်။ ရသေ့သည် ယုတ်မာသော်လည်း အမှန်စကားကို ဆိုသူဖြစ်၍ ခြင်္သေ့က

http://www.dhammadownload.com



ခွင့်လွှတ်လိုက်သည်။ သို့ရာတွင် ကျားကမူ ချမ်းသာခွင့်မပေးဘဲ ထိုနေရာ၌ပင် ကိုက်သတ်စားလိုက်တော့သည်။

လုလင်များ ပြန်ရောက်လာကြသောအခါ ခါပညာရှိကို မတွေ့ကြရတော့သဖြင့် ငိုကြွေး၍ ပြန်သွားကြသည်။

ဇာတ်ပေါင်း။ ။ ရသေ့ယုတ်-ဒေဝဒတ်။ ဖွတ်မ-ဥပ္ပလဝဏ်။
ကျား-အရှင်မောဂ္ဂလန်။ ခြင်္သေ့-အရှင်သာရိပုတ္တရာ။
ဒိသာပါမောက္ခ-ကဿပ၊ ခါပညာရှိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းတာလုပ်လျှင် တစ်နေ့ပေါ်မည်။

နဝကနိပါတ် ပြီးပြီ။

http://www.dhammadownload.com

# ဒသကနိပါတ်

## ဇာတ်စုစုပေါင်း-၁၂

## ၄၃၉။ စတုဒွါရဇာတ်

### သင်္ခနန်းစက်ကို ကြာပန်းထင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆုံးမရခက်သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကဿပဘုရားရှင် ပွင့်တော်မူချိန်က ဗာရာဏသီတွင် ကုဋေရှစ်ဆယ်ကြွယ်ဝသော သောတာပန်သူဌေးကြီးတစ်ဦးရှိသည်။ မိတ္တဝိန္ဒကဆိုသော သူ့သားက သီလမရှိ၊ သဒ္ဓါတရားခေါင်းပါးသူ ဖြစ်သည်။ သူ့ဖခင် ကွယ်လွန်သွားချိန်၌ မိခင်သည် သားဖြစ်သူကို ဒါနမှု သီလမှုတို့၌ အားထုတ်ရန် ဖျောင်းဖျ၏။ သို့သော် သားဖြစ်သူက စိတ်မဝင်စားပေ။

ဥပုသ်လပြည့်နေ့ တစ်နေ့တွင် မိခင်က သားအား ဥပုသ်စောင့်၍ တရားနာပြီးမှ ပြန်လာခဲ့မည်ဆိုလျှင် ငွေတစ်ထောင်ပေးမည်ဟု ပြောသည်။ မိတ္တဝိန္ဒကသည် ကျောင်းသို့ မသွားဘဲနေပြီး ညအခါ တစ်နေရာ၌ လှဲအိပ်၍ နံနက်လင်းမှ အိမ်သို့ပြန်လာသည်။ မိခင်က ဥပုသ်စောင့်ပြီးပြန်လာသည်ထင်၍ ငွေတစ်ထောင်ပေးလိုက်သည်။

သူသည် ယင်းငွေတစ်ထောင်ဖြင့် ရင်းနှီးကုန်သွယ်လေရာ မကြာမီ ငွေတစ်သိန်းနှစ်သောင်း ဖြစ်လာသည်။ ဤတွင် မိတ္တဝိန္ဒကသည် လှေကြီးတစ်စင်းဝယ်ယူပြီး ကုန်ရောင်းကုန်ဝယ်ထွက်ရန် မိခင်အား ပြောပြသည်။ မိခင်က သဘောမတူပေ။ မိခင်က သားလက်ကို ဆွဲကိုင်၍ တားမြစ်သည်တွင် မိခင်ကို ရိုက်ပုတ်ပစ်ခဲ့ပြီး လှေသစ်ကြီးပေါ် တက်၍ သမုဒ္ဒရာခရီးသို့ ထွက်လာခဲ့သည်။ သို့ရာတွင် ခုနစ်ရက်မြောက်သောနေ့၌ သူ့လှေ

http://www.dhammadownload.com



သည် ရွေ့လျားခြင်းမရှိသဖြင့် ထုံးစံအတိုင်း မဲချ၍ သူယုတ်မာကို ရွေးထုတ်ကြရာ မိတ္တ ဝိန္ဒကသည် သုံးကြိမ်တိုင် ဆက်၍ မဲပေါက်လေသည်။ ထို့ကြောင့် သူ့အား ဖောင်တစ်ခု ပေး၍ သမုဒ္ဒရာရေပြင်ပေါ်သို့ ပစ်ချလိုက်ကြသည်။

မိတ္တဝိန္ဒကသည် ကျွန်းတစ်ကျွန်းသို့ ရောက်လာပြီး ကျွန်းပေါ်၌ ဖန်ဗိမာန်ဖြင့် နေကြသော 'ဝေမာနိက 'ပြိတ္တာမ လေးဦးနှင့် တွေ့ဆုံရသည်။ သူမတို့ကား ချမ်းသာနှင့် ဆင်းရဲကို ရက်သတ္တပတ်စီ စံ၍ခံကြသူများဖြစ်သည်။ သူသည် ထိုပြိတ္တာမ လေးဦးနှင့် တစ်ပတ်တိုင်ပျော်၏။ ပြိတ္တာမများသည် ဆင်းရဲခံလှည့်ရောက်သည့် ရက်သတ္တပတ် အရောက်တွင် မိတ္တဝိန္ဒကအား ဤဗိမာန်မှာပင် စောင့်နေပါရန် ပြောဆိုမှာထားခဲ့ပြီး ထွက်ခွာ သွားကြလေ၏။ သို့ရာတွင် မိတ္တဝိန္ဒကသည် တဏှာရမ္မက်ကြောင့် ရောင့်ရဲနိုင်ခြင်းမရှိ သဖြင့် ဖောင်စီး၍ ထွက်ခွာလေရာ နောက်ကျွန်းတစ်ကျွန်းသို့အရောက်တွင် ငွေဗိမာန်ရှင် ဝေမာနိကပြိတ္တာမ ရှစ်ယောက်တို့နှင့် လည်းကောင်း၊ အခြားကျွန်းတစ်ကျွန်းတွင် ပတ္တမြား ဗိမာန်ရှင် ဝေမာနိက ပြိတ္တာမ တစ်ဆယ့်ခြောက်ယောက်နှင့် လည်းကောင်း၊ နောက်ဆုံး တွေ့ဆုံရသောကျွန်း၌ ရွှေဗိမာန်ရှင် ဝေမာနိက ပြိတ္တာမ သုံးဆယ့်နှစ်ယောက်တို့နှင့် လည်းကောင်း အစဉ်အတိုင်း တွေ့ရ၏။ ကျွန်းတိုင်းတွင် တစ်ပတ်စီ ပျော်စံခဲ့သည်။

ရွှေဗိမာန်မယ်များ ဆင်းရဲခံလှည့်ရောက်၍ ထွက်ခွာသွားကြသောအခါ မိတ္တဝိန္ဒက လည်း ထိုဗိမာန်မှဆင်းလျက် ဖောင်စီးကာ ရှေ့သို့ဆက်လာခဲ့သည်။ တစ်နေရာအရောက် တွင် တံတိုင်းဖြင့်ဝန်းရံထားသော တံခါးလေးပေါက်ရှိသည့် မြို့တစ်မြို့ကို တွေ့ရသည်။ ယင်းမြို့ကား 'ဥဿဒ 'ဆိုသော ငရဲဖြစ်၏။ မိတ္တဝိန္ဒက၏ အမြင်တွင် ထိုမြို့ကို လှပစွာ တန်ဆာဆင်ထားသည်ဟု မြင်သည်။ သို့ဖြင့် 'ဒီမြို့၌ ငါ မင်းပြုမည် 'ဆိုသော ရည်ရွယ် ချက်ဖြင့် မြို့တွင်းသို့ ဝင်လာခဲ့သည်။ မြို့ထဲ၌ သင်တုန်းစက်ကို ခေါင်းတွင်ရွက်၍ ငရဲ ခံနေကြရသော ငရဲသူများကို မြင်တွေ့လိုက်ရသည်။ သို့ရာတွင် သူက သင်တုန်းစက်ဟု မမြင်၊ ပဒုမ္မာကြာလှလှဟုသာ မြင်သည်။ ရင်မှ အနှောင်အဖွဲ့များကိုလည်း ရင်လွှမ်းတန်ဆာ ဟုသာ မှတ်ယူသည်။ ဦးခေါင်းမှ ယိုစီးကျဆင်းနေသော သွေးများကိုလည်း စန္ဒကူးနံ့သာ များဟု ထင်သည်။ ငိုကြွေးသံများကိုမူ တေးသံများအဖြစ် နားတွင် ကြားနေရ၏။ ထို့ကြောင့် သူသည် ငရဲသားများထံသွား၍ ခေါင်းပေါ်မှ ပဒုမ္မာကြာပန်းကို မိမိအားပေးရန် တောင်းယူသည်။ ထိုဝတ္ထု မိမိခေါင်းပေါ်ရောက်သည့်အခါမှ မိတ္တဝိန္ဒကသည် ပဒုမ္မာကြာ မဟုတ်ကြောင်း၊ သင်တုန်းစက်ဖြစ်ကြောင်း သိရသည်။ သူသည် ဝေဒနာကို ပြင်းစွာခံစား ရင်း သည်းစွာငိုလေတော့သည်။

http://www.dhammadownload.com



ထိုအချိန်၌ ရက္ခစိုးနတ်ဖြစ်သော ဘုရားလောင်းသည် 'ဥဿဒ'ငရဲသို့ ခရီးလှည့်လည်လာရာ မိတ္တဝိန္ဒကနှင့် ဆုံတွေ့သည်။ ထိုအခါ မိတ္တဝိန္ဒက က 'မိမိသည် အဘယ်မကောင်းမှုကြောင့် ဤငရဲသို့ရောက်ခဲ့ရပါသနည်း'ဟု မေးစမ်းသည်။ ဤတွင် ရက္ခစိုးနတ်က အမိကိုရိုက်ပုတ်ခဲ့သော အကုသိုလ်ကံကြောင့် ဖြစ်ကြောင်း အဖြေပေးသည်။ တစ်ဖန်သည်ငရဲမှ မိမိလွတ်မြောက်ရမည့် ကာလအပိုင်းအခြားကို ဆက်၍မေးပြန်ရာ အကုသိုလ်ကံ မကုန်သေးသမျှ လွတ်မြောက်နိုင်မည်မဟုတ်ကြောင်း ပြန်ကြားပြီးနောက် ရက္ခစိုးနတ်သည် မိမိနေရာသို့ ပြန်လာခဲ့သည်။

**ဇာတ်ပေါင်း။** ။ **မိတ္တဝိန္ဒက-ဆုံးမရခက်သောရဟန်း။ ရုက္ခစိုးနတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **မိဘပြစ်မှားလျှင် ငရဲသို့လားရမည်။**

---

# ၄၄၀။ ကဏှဇာတ်

## အသားမည်းသော်လည်း အကျင့်ဖြူစင်သူ

### ပစ္စုပ္ပန်ဝတ္ထု

ဗုဒ္ဓမြတ်စွာသည် နိဂြောဓာရုံကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်က စကြံကြွတော်မူရင်း ပြုံးတော်မူသည်ကို အရှင်အာနန္ဒာမထေရ်က မေးလျှောက်သဖြင့် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် 'ကဏှ' အမည်ဖြင့် ကုဋေရှစ်ဆယ်ကြွယ်သော သူဌေးသားဖြစ်နေသည်။ အဆင်းမည်းနက်သူဖြစ်၍ ယင်းအမည်တို့ကို ပေးခဲ့ကြခြင်းဖြစ်သည်။ သူသည် မိဘများကွယ်လွန်သွားချိန်၌ ပစ္စည်းဥစ္စာများ၏ အနှစ်သာရမရှိပုံကို ဆင်ခြင်၍ ရှိပစ္စည်းအားလုံးကို လှူဒါန်းစွန့်ကြဲကာ ရသေ့ဝတ်လျက် ဟိမဝန္တာသို့ လာခဲ့သည်။ ဣန္ဒဝါရုဏီ(နပဲပင်) သစ်ပင်အောက်တွင်နေ၍ ငြိမ်းချမ်းစွာ ကျင့်သည်။ သူသည် လုံ့လထက်သန်သူဖြစ်သဖြင့် မကြာမီ အဘိညာဉ်သမာပတ်တို့ကို ရရှိသည်။

သူ၏သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာကျောက်နေရာသည် ပူပြင်း၍လာသည်။ အကြောင်းရင်းကို သိကြားမင်း ဆင်ခြင်ရှုသော် ကဏှရသေ့၏

http://www.dhammadownload.com



ပြင်းထန်သော အကျင့်ကြောင့်ဖြစ်ကြောင်း သိရသည်တွင် ရသေ့အားဆုပေး၍ 'သူနေသော သစ်ပင်၌ အမြဲသီးပွင့်နေအောင် ပြုပေးမည်' ဆိုသည့် ရည်ရွယ်ချက်ဖြင့် ဆင်းသက်လာခဲ့သည်။ ဦးစွာ ရသေ့ကြီးသည် အမျက်ထွက်တတ်သူ ဟုတ် မဟုတ်ကို စမ်းသပ်ကြည့်ရန် သိကြားမင်း ဆုံးဖြတ်ကာ ရသေ့ကြီးနောက်ကျောဘက်မှရပ်၍ 'ဤလူမည်းကြီးသည် မည်းနက်သောမြေပြင်၌ မည်းနက်သောအဆင်းရှိသည့် သစ်သီးကိုစားနေသည်။ ငါသည် ဤလူမျိုးကို ချစ်မြတ်နိုးမှုမရှိပါ' ဟု ဆိုသည်။

အသံရှင်မှာ သိကြားမင်းဖြစ်ကြောင်း ကဏှရသေ့ သိလိုက်သောကြောင့် 'သိကြားမင်း အသားအရေမည်းနက်ခြင်းသည် မည်းနက်သည်မမည်။ ကိုယ်တွင်း၌ မကောင်းမှုများဖြင့် ပြည့်သိပ်နေသူသာ မည်းနက်သူဖြစ်၏။ သီလ၊ သမာဓိ စသောအနှစ်များနှင့် ပြည့်စုံသူများကား ဖြူစင်သူသာတည်း' ဟု ပြန်ပြောသည်။ သူ့စကားကို သိကြားမင်းနှစ်ခြိုက်သွား၍ လိုသောဆုကို တောင်းဆိုပါရန် ဖိတ်ခေါ်လိုက်ရာ ရသေ့ကြီးက ပစ္စည်းနှင့်ဆိုင်သည့် သည့်ဆုကို မတောင်း၊ ဈာန်နှင့်ပတ်သက်သည့်ဆုများကိုသာ တောင်းသည်။ သိကြားမင်းသည် ပို၍သဒ္ဓါပွားသွားသဖြင့် ရသေ့ကြီး၏ မှီခိုရာ တူနွဝါရုက္ခ(နပဲပင်)မှ အသီးများကို ချိုမြိန်၍ အမြဲတစေတည်နေစေရန် ပြုပေးခဲ့ပြီး တာဝတိံသာသို့ ပြန်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ သိကြားမင်း-အရှင်အနုရုဒ္ဓါ၊ ကဏှရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတော်ကောင်းကို သူကောင်းချီးမြှင့်မည်။

## ၄၄၁။ စတုပေါသထိကဇာတ်

ဤဇာတ်သည် ပုဏ္ဏကဇာတ်(၅၄၆)၌ အကျုံးဝင်သည်။

## ၄၄၂။ သင်္ခဇာတ်

### ဒါနအကျိုး လက်ငင်းခံစားရသူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိပြည်သား ဒါယကာတစ်ဦးသည် ဘုရားအမှူးရှိသော ရဟန်းသံဃာ ငါးရာတို့အား ခုနစ်ရက်တိုင်တိုင် ဆွမ်းကျွေးလှူဒါန်းပြီးနောက် နောက်ဆုံးနေ့၌ ပရိက္ခရာစုံများကို ဆက်ကပ်

http://www.dhammadownload.com



လှူဒါန်းသည်။ သူ့အလှူ၌ ဖိနပ်ကို အထူးဦးစားပေး၍ လှူခဲ့ခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးအခါက 'မောဠိနီ'ဟု ခေါ်သော ဗာရာဏသီပြည်ကို ဗြဟ္မဒတ်မင်းအုပ်ချုပ်စဉ် ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာသော သခ်ဆိုသူ ပုဏ္ဏားတစ်ယောက်ရှိသည်။ သူသည် တံခါးလေးမျက်နှာ၊ မြို့လယ်နှင့် မိမိအိမ်ရှေ့တည်းဟူသော ခြောက်ဌာနတို့တွင် အလှူမဏ္ဍာပ်တစ်ခုစီဆောက်၍ နေ့စဉ်အသပြာငွေ ခြောက်သိန်းဖိုးစီ လှူဒါန်းသည်။

တစ်နေ့တွင် သူသည် ပစ္စည်းဥစ္စာများ ကုန်ခမ်းသွားသော် အလှူမပေးနိုင်ဖြစ်နေမည်ကို တွေးပူလာသဖြင့် ငွေကြေးများ ရှာဖွေရန် ထီးဆောင်း၊ ဖိနပ်စီးပြီးလျှင် အသင့်စောင့်နေသော သူ့ကုန်လှေကြီးရှိရာ 'ပဋ္ဋန'ဆိပ်ကမ်းသို့ လာခဲ့၏။ ယင်းအချိန်၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါတစ်ဆူသည် သခ်ပုဏ္ဏား၏ ရေလမ်းအန္တရာယ်ကို မြင်တော်မူသဖြင့် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီး မီးကျီးအခင်းနှင့်တူသော သဲပူကို နင်းတော်မူ၍ သခ်ပုဏ္ဏား၏ တူရှုသို့ ကြွတော်မူလာသည်။

သခ်ပုဏ္ဏားသည် ပစ္စေကဗုဒ္ဓါကို ဖူးတွေ့လိုက်ရကတည်းက ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ ပစ္စေကဗုဒ္ဓါကို ရှိခိုးသည်။ ခြေတော်စုံကို ကိုယ်တိုင်ဆေးကြောပေးသည်။ နံ့သာဆီများဖြင့်လည်း လိမ်းကျံပေးသည်။ သည်ကိစ္စများပြီးမှ သူ့ဖိနပ်ကို သုတ်သင်၍ နံ့သာဆီဖြင့် သုတ်လိမ်းပြီးနောက် ပစ္စေကဗုဒ္ဓါ၏ ခြေတော်အစုံ၌ ကိုယ်တိုင်စီးပေး၍ လှူလိုက်သည်။ ထီးကိုလည်း လှူလိုက်သည်။ သည့်နောက်တွင်မှ သူသည်လှေသို့တက်၍ ခရီးထွက်လာခဲ့ရာ သူ့လှေသည် မဟာသမုဒ္ဒရာသို့ရောက်၍ ခုနစ်ရက်မြောက်နေ့၌ ကွဲပျက်လေတော့သည်။ ထိုအခါ သူသည် ထောပတ်နှင့် သကာမှုန့်ကို အဝစား၍ အစေအပါးတစ်ယောက်နှင့်အတူ လင်းယာဉ်တိုင်ထိပ်သို့တက်ကာ ယင်းမှနေ၍ မောဠိနီရှိရာသို့ မှန်းလျက် ခုန်ချလိုက်သည်။ နှစ်ဦးသား ကူးရင်းခတ်ရင်းနှင့်ပင် သမုဒ္ဒရာထဲ၌ ခုနစ်ရက်တိုင်ကြာသွားသည်။ ဥပုသ်နေ့သို့ ရောက်လာသည်တွင် သခ်ပုဏ္ဏားသည် ခံတွင်းကို ဆားငန်ရည်ဖြင့် ဆေးကျင်း၍ ဥပုသ်စောင့်လိုက်သည်။

ရတနာသုံးပါးကို ကိုးကွယ်သူ၊ သီလနှင့်ပြည့်စုံသူ၊ မိဘတို့အားလုပ်ကျွေးသူတို့ကို စောင့်ရှောက်ကယ်တင်လေ့ရှိသော 'မဏိမေခလာ'နတ်သမီးသည် သခ်ပုဏ္ဏားကို မြင်တွေ့လိုက်သဖြင့် ရွှေခွက်၌ နတ်သုဓာဘောဇဉ်များကိုထည့်၍ ယူလာပြီးလျှင် သခ်ပုဏ္ဏားအား စားစေသည်။ ပုဏ္ဏားက မစား။ ဥပုသ်စောင့်ထားကြောင်း ပြောသည်။ ထိုအခါ နတ်သမီး

http://www.dhammadownload.com



က ဤရွှေခွက်ထဲတွင် ထမင်း၊ အဖျော်၊ အိပ်ရာ၊ နေရာများသာမက ဆင်ယာဉ်၊ မြင်းယာဉ် စသည်တို့လည်း ရှိကြောင်း၊ ယင်းတို့ကို သင့်စိတ်က တောင့်တလိုက်ရုံမျှဖြင့် အားလုံးကို ပိုင်ဆိုင်ခွင့်ရလာမည်ဖြစ်ကြောင်းများကို ပြောပြသည်။ သည်တွင် ပုဏ္ဏားက ငါ၏အဘယ် ကောင်းမှုကံကြောင့် ဤစည်းစိမ်များကို သင်သည် ပေးအပ်လာရသနည်းဟု မေးရာ ပစ္စေကဗုဒ္ဓါတစ်ဆူအား ဖိနပ်လှူခဲ့ဖူးသော ကုသိုလ်၏အကျိုးဆက်ကြောင့်ဖြစ်ကြောင်း နတ်သမီးက ရှင်းပြသည်။

ပုဏ္ဏားကြီးက 'သည်အချိန်၌ ငါသည် ဆင်ယာဉ်စသော စည်းစိမ်များမလို၊ ရေလုံ လှေကြီးတစ်စင်းကိုသာ လိုချင်သည်။ ထိုလှေဖြင့် ယနေ့ပင် မောဠိနီသို့ ရောက်အောင် ပို့ဆောင်ပါ'ဟု တောင်းဆိုသည်။

နတ်သမီးသည် ရတနာခုနစ်ပါးဖြင့်ပြီးသော လှေကြီးတစ်စင်းကိုဖန်ဆင်း၍ သခ် ပုဏ္ဏားဆရာတပည့်ကို လှေပေါ်သို့တင်ပြီးလျှင် မောဠိနီသို့ အရောက်ပို့ပေးလိုက်သည်။

**ဇာတ်ပေါင်း။** ။ မဏိမေခလာနတ်သမီး-ဥပ္ပလဝဏ်။
အစေအပါးယောကျ်ား-အရှင်အာနန္ဒာ၊ သခ်ပုဏ္ဏား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကောင်းမှုရှိသူကို နတ်ကောင်းတို့စောင့်ရှောက်မြဲ။

---

# ၄၄၃။ စူဠဗောဓိဇာတ်

## ဒေါသကို ထိန်းချုပ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

အမျက်ဒေါသကြီးသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီ၏ နိဂုံးရွာကြီးတစ်ရွာတွင် ကြွယ်ဝချမ်းသာသော ပုဏ္ဏားမျိုးရိုး၌ ဖြစ်နေသည်။ သူ့ကို 'ဗောဓိ ကုမာရ'ဟု ခေါ်ကြပြီး အရွယ်ရောက်ချိန်၌ မိဘနှစ်ပါးတို့သည် သားဖြစ်သူ အလိုဆန္ဒ မတူဘဲ အတင်းအကျပ် အိမ်ထောင်ချထားပေးလိုက်သော်လည်း သူတို့သည် မောင်နှမ ရင်းချာသဖွယ် နေထိုင်ဆက်ဆံနေခဲ့ကြသည်။ မိဘနှစ်ပါးကွယ်လွန်ပြီးချိန်၌ ကုဋေရှစ်ဆယ်

http://www.dhammadownload.com



သော ဥစ္စာပစ္စည်းများကို နှစ်ဦးသဘောတူ လှူဒါန်းစွန့်ကြဲကြပြီး နှစ်ဦးသား ရသေ့ပြု၍ ဟိမဝန္တာသို့ ဝင်လာခဲ့ကြသည်။

တစ်နေ့တွင် ထိုရသေ့နှစ်ဦးသည် ချဉ်၊ ဆားများကို မှီဝဲလိုကြ၍ ဟိမဝန္တာမှ ထွက်လာခဲ့ကြသည်။ ဗာရာဏသီမင်း၏ ဥယျာဉ်သာတွင် ခေတ္တစခန်းချစဉ် ဗာရာဏသီမင်းက ရသေ့နှင့်ရသေ့မကို မြင်တွေ့သွားခဲ့ရာမှ ရသေ့မကို တပ်စွန်းစိတ်ဝင်သွားခဲ့သဖြင့် ရသေ့ကြီးအား ရသေ့မနှင့် အဘယ်သို့တော်စပ်သနည်းဟု မေးပြီး မည်သို့မျှမတော်စပ်ကြောင်း သိသဖြင့် ရသေ့မအား နန်းတော်သို့ ခေါ်ဆောင်သွားပြီး မိဖုရားကြီးရာထူးဖြင့် သွေးဆောင်စည်းရုံးသည်။ သို့တိုင် ရသေ့မက တိမ်းညွတ်ခြင်းမရှိဘဲ ရသေ့ရဟန်းဘဝဖြင့် မြင့်မြတ်သန့်ရှင်းပုံကိုသာ ချီးကျူးမြွက်ဆိုနေသည်။ သည်တွင် မင်းကြီးသည် ရသေ့မကို အခန်းတစ်ခုအတွင်း လှောင်ပိတ်၍ ထားခဲ့ပြီးလျှင် ရသေ့ကြီးရှိနေရာ ဥယျာဉ်တော်သို့ ပြန်လာခဲ့သည်။

မင်းကြီးရောက်သွားချိန်၌ ရသေ့ကြီးသည် သင်္ကန်းချုပ်လျက်ရှိရာ မင်းကြီးကိုပင် စကားမဆိုအား။ ဤသည်ကို မင်းကြီးက အဓိပ္ပာယ်ကောက် လွဲသွားခဲ့ကာ မိမိကို အမျက်သို့နေခြင်းကြောင့် စကားမပြောခြင်းမဟုတ်သလောဟု မေးလိုက်သည်။ ထိုအခါ ရသေ့ကြီးက 'မြတ်သောမင်းကြီး၊ ငါသည် အမျက်ထွက်သော်လည်း ထိုအမျက်ကို မေတ္တာဘာဝနာဖြင့် တားမြစ်ထားသည်။ အမျက်ထွက်လာလျှင် မိမိအကျိုး-သူတစ်ပါးအကျိုးများကို မမြင်တတ်၊ အမျက်မထွက်ပါမှ အတ္တ ပရကျိုးနှစ်ဝကို အမြင်ရှင်းသည်'ဟု အမျက်ဒေါသ၏ ဆိုးပြစ်များကို ဟောပြသည်။

ထိုအခါတွင်မှ မင်းကြီးသည် ရသေ့ကြီးဟောကြားသော တရားတော်ကိုလည်း နှစ်ခြိုက်သဖြင့် ရသေ့မကိုလည်း ပြန်ခေါ်ပေးလျက် ရသေ့နှစ်ဦးစုံချိန်၌ မင်းကြီးက ရှိခိုးကန်တော့သည်။ ထို့နောက် ရသေ့နှစ်ဦးတို့အား မိမိ၏ဥယျာဉ်၌ ရာသက်ပန်နေထိုင်သွားကြပါရန် လျှောက်ထားခဲ့ပြီးလျှင် နန်းတော်သို့ ပြန်သွားခဲ့သည်။

**ဇာတ်ပေါင်း။** ။ **ရသေ့မ-ရာဟုလာမယ်တော်။ မင်း-အရှင်အာနန္ဒာ။ စူဠဗောဓိရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ဒေါသဖြင့် ပြဿနာဖြေရှင်း၍မရနိုင်။**

http://www.dhammadownload.com



# ၄၄၄။ ကဏှဒီပါယနဇာတ်

## မိတ်ကောင်းနှင့် ပြည့်စုံသူ

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဝံသတိုင်း ကောသမ္ဗီပြည်၌ ကောသလမင်းကြီး မင်းပြုခဲ့စဉ်က နိဂုံးရွာကြီးတစ်ရွာ၌ ပုဏ္ဏားမိတ်ဆွေနှစ်ဦးရှိဖူးသည်။ တစ်ယောက်က ဒီပါယနဟု တွင်၍ ကျန်တစ်ယောက်ကို မဏ္ဍဗျဟု ခေါ်ကြသည်။ သူတို့သည် ကာမဂုဏ်၏အပြစ်များကို မြင်လာကြ၍ ရှိပစ္စည်းများကို စွန့်လှူကာ ရသေ့ပြုပြီး ဟိမဝန္တာ၌ သခ်မ်းကျောင်းဖြင့် နှစ်ငါးဆယ်တိုင် နေထိုင်ခဲ့သော်လည်း ဈာန်တရားကိုကား မရခဲ့ကြချေ။

တစ်နေ့တွင် ရသေ့နှစ်ဦးသည် ချဉ်၊ ဆားမှီဝဲကြရန် ကာသိတိုင်းသို့ လာခဲ့ကြသည်။ ကာသိတိုင်းသို့ရောက်သော် ဒီပါယနရသေ့၏ မိတ်ဆွေဖြစ်သူ သူကြွယ်နှင့် သွားရောက်တွေ့ဆုံကြသည်။ သူကြွယ်သည် ရသေ့နှစ်ဦးတို့အား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ရုံမျှမက ကျောင်းဆောက်၍ပင် ကိုးကွယ်လိုက်သည်။ သို့တိုင် ရသေ့နှစ်ဦးတို့သည် သူ့ကျောင်းတွင် သုံးလေးနှစ်မျှသာ နေခဲ့ကြပြီး ဗာရာဏသီမှ 'အဓိမုတ္တက'ဆိုသော သုသာန်တွင် နေထိုင်ကြသည်။ ဒီပါယနရသေ့သည် ခဏမျှသာနေခဲ့ပြီး မိတ်ဆွေဖြစ်သူ သူကြွယ်၏ ကျောင်းသို့ပြန်သွားခဲ့သည်။ တစ်ညတွင် ခိုးသူတစ်ယောက်သည် သုသာန်ထဲသို့ပြေးဝင်လာပြီး ဥစ္စာထုပ်ကို ရသေ့ကျောင်းတံခါးဝတွင် ချထားခဲ့သဖြင့် လူများသည် ဥစ္စာထုပ်နှင့် တွေ့ရသောရသေ့ကို ဖမ်းပြီးမင်းကြီးထံ တင်ပြလိုက်ကြသည်။ မင်းကြီးသည် စူးစမ်းဆင်ခြင်မှုမရှဘဲ တံကျင်လျှိုသတ်ရန် အမိန့်ပေးသည်။

အာဏာသားများသည် မဏ္ဍဗျရသေ့ကို သုသာန်သို့ထုတ်၍ ရှားသားတံကျင်၊ တမာသားတံကျင်၊ သံတံကျင်တို့ဖြင့် တစ်ခုပြီးတစ်ခု လွှဲပြောင်း၍ ထိုးကြသော်လည်း တံကျင်များသည် ရသေ့၏ကိုယ်ထဲသို့ စူးဝင်ခြင်းမရှိချေ။ ထိုအခါ ရသေ့ကြီးက သူသည် အတိတ်ဘဝက ကသစ်သားတံကျင်ဖြင့် ယင်ငယ်တစ်ကောင်ကို ထိုးခဲ့ဖူးသော မကောင်းမှုကံကို ပြန်လည်သိမြင်လာသည်။ ယခုဘဝတွင် ထိုကံမှ လွတ်လမ်းမရှိကြောင်းကိုလည်း သိလိုက်မိသဖြင့် အာဏာသားများအား ပင်လယ်ကသစ်တံကျင်ဖြင့် ထိုးသတ်ကြရန် ညွှန်ကြားလိုက်သည်။ အာဏာသားများသည် ရသေ့ကြီး ညွှန်ကြားသည့်အတိုင်း

http://www.dhammadownload.com



ဆောင်ရွက်လိုက်ကြသည့်အခါ တံကျင်သည် ရသေ့ကြီး၏ ကိုယ်တွင်းသို့ စူးဝင်သွားတော့သည်။

ထိုအချိန်အခါ၌ မဏ္ဍဗျရသေ့နှင့် တွေ့ဆုံရန်လာခဲ့သော ဒီပါယနရသေ့သည် မဏ္ဍဗျရသေ့၏အဖြစ်ဆိုးကို သိရသဖြင့် တံကျင်လျှိုခံနေရသည်နေရာသို့ လိုက်လာခဲ့ပြီးလျှင် မဏ္ဍဗျရသေ့အား အပြစ်ရှိ၍သာ ခံရခြင်း ဟုတ် မဟုတ်ကို မေးမြန်းသည်။ မဏ္ဍဗျရသေ့က မိမိတွင်အပြစ်မရှိကြောင်း ပြန်လည်ဖြေသည်။ 'အဆွေကဲ့သို့သော သီလရှိသူ၏ အရိပ်သည် ငါ့အား ချမ်းသာသောကြောင့်ဖြစ်သည်'ဟုဆို၍ ဒီပါယနရသေ့သည် တံကျင်ကိုမှီ၍နေလိုက်သည်။ မဏ္ဍဗျရသေ့၏ကိုယ်တွင်းမှ သွေးပေါက်များသည် ဒီပါယနရသေ့၏ကိုယ်ပေါ်သို့ စီးကျလာကြလျက် သွေးခြောက်သွားချိန်တွင် အမည်းကွက်များဖြစ်သွားခဲ့ကြသည်။ ထိုမှစ၍ သူ့ကို ကဏှဒီပါယနရသေ့ဟု ခေါ်ကြသည်။

ရသေ့နှစ်ဦး၏ အပြန်အလှန်ပြောဆိုချက်များကို ပုန်းကွယ် နားထောင်နေခဲ့ကြသော မင်းချင်းများ၏ လျှောက်ထားချက်ကြောင့် မင်းကြီးသည် အသိဝင်ကာ ရသေ့နှစ်ဦးရှိရာသို့ လိုက်သွားခဲ့သည်။ ဒီပါယနရသေ့က မဏ္ဍဗျရသေ့တွင် အပြစ်မရှိပုံများကို ရှင်းပြကာ မင်းတို့ကျင့်အပ်သည့် တရားများကိုလည်း ဟောကြားသည်။ ထိုအခါ မင်းကြီးသည် မဏ္ဍဗျရသေ့ကိုယ်မှ တံကျင်ကို နုတ်စေသော်လည်း နုတ်ယူ၍မရတော့။ အပြင်သို့ထွက်နေသော အစွန်းနှစ်ဖက်ကို အရေပြားနှင့်အညီ လွှဖြင့်ဖြတ်ပိုင်းလိုက်သည်။ ကိုယ်တွင်းသို့ ရောက်နေသော တံကျင်က ကျန်နေရစ်သည်။ သို့တိုင် မဏ္ဍဗျရသေ့မသေ။ ထိုအချိန်မှစ၍ 'အာဏိမဏ္ဍဗျ'ဟု တွင်သွားခဲ့သည်။ မင်းကြီးသည် ရသေ့နှစ်ဦးကို ဥယျာဉ်သာတွင် နေထိုင်စေပြီး ပစ္စည်းလေးပါးဖြင့် လှူဒါန်းရန် တာဝန်ယူလျက် ပြန်လာခဲ့၏။

ကဏှဒီပါယနသည် မင်းဥယျာဉ်၌ ကြာကြာမနေဘဲ သူကြွယ်ထံသို့ပြန်လာခဲ့ပြီး ကျောင်း၌နေသည်။ တစ်နေ့တွင် သူကြွယ်သားသည် ကစားရာမှ မြွေဟောက် အကိုက်ခံရသည်။ ရသေ့ထံသို့ ယူဆောင်လာပြီး ဆေးကုနိုင်းသည်။ ရသေ့က ဆေးမကုတတ်ဟု ပြောပြီး သစ္စာဆိုကြသည်။ ထိုသစ္စာစကားကြောင့် ကလေးသည် အသက်ချမ်းသာရာ ရသွားသည်။ နောက်ပိုင်းတွင် ရသေ့သည် တရား၌ မမွေ့လျော်သောစိတ်ကို ပယ်ဖျောက်ကာ ကျင့်ကြံအားထုတ်ခဲ့ရာ ဈာန်အဘိညာဉ်များကိုပင် ရရှိသွားခဲ့သည်။

ဇာတ်ပေါင်း။ ။ မဏ္ဍဗျသူကြွယ်-အရှင်အာနန္ဒာ။ သူကြွယ်သား-ရာဟုလာ။
အာဏိမဏ္ဍဗျရသေ့-အရှင်သာရိပုတ္တရာ။ ကဏှဒီပါယနရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းမှုသည် မကောင်းကျိုးကို ပေးသည်။

http://www.dhammadownload.com



# ၄၄၅။ နိဂြောဓဇာတ်

## ကျေးဇူးတရားသိသူ

### ပစ္စုပ္ပန်ဝတ္ထု

မြတ်စွာဘုရား၏ ကျေးဇူးတော်များကို မသိတတ်သော ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရာဇဂြိုဟ်ပြည် မာဂမင်းလက်ထက်၌ ရာဇဂြိုဟ်သူဌေး၏ ချွေးမ သူဌေးသမီးသည် သားသမီး မထွန်းကား၍ သူဆင်းရဲမတစ်ဦး သောင်ပင်ရင်း၌ ထားခဲ့သော သားငယ်ကို ကောက်ယူပြီး မိမိမှမွေးဖွားသောသားအဖြစ် ကြေညာကာ 'နိဂြောဓ'သတို့သားဟူ၍ အမည်ပေးထားသည်။

ထိုနေ့၌ပင် သူဌေး၏ချွေးမသည် သားတစ်ဦးကို ဖွားမြင်ရာ 'သာခ'သတို့သားဟု အမည်တွင်သည်။ ဤအတူပင် အပ်ချုပ်သမား၏ဇနီးသည်လည်း သားတစ်ယောက်ကို ဖွားမြင်ခဲ့သဖြင့် ထိုကလေးကို 'ပေါတ္တိက'ဟူ၍ ခေါ်တွင်စေခဲ့ကြသည်။ ထိုသူငယ်သုံးယောက်တို့ အတူတကွကြီးပြင်းကြ၍ ပညာသင်ချိန်၌လည်း တက္ကသိုလ်သို့ စေလွှတ်၍ ပညာသင်ယူစေ၏။ ပညာစုံပြီးချိန်၌ သုံးယောက်သား တက္ကသိုလ်မှ ပြန်လာခဲ့ကြရာ ဗာရာဏသီသို့ရောက်သော် နတ်ကွန်းကြီးတစ်ခု၌ စခန်းချ ညအိပ်ကြသည်။

ယင်းအချိန်၌ နတ်ကွန်း၏သစ်ပင်ပေါ်တွင် အိပ်ကြသော ကြက်များအနက် အထက်ကိုင်းမှကြက်သည် 'မိမိ၏ဆူဖြိုးသောအသားကို စားရသူသည် မင်းဖြစ်အံ့၊ အလယ်သားကို စားရသူသည် စစ်သူကြီးဖြစ်အံ့၊ အရိုး၌ကပ်နေသောအသားကို စားရသူသည် ဘဏ္ဍာစိုးဖြစ်အံ့'ဟု ပြောသောစကားကို ကြားလိုက်ရသဖြင့် ပေါတ္တိကသည် အထက်ကိုင်းမှ ကြက်ကို တက်ဖမ်း၍ သတ်လိုက်သည်။ အသားများကို မီးကင်ပြီးနောက် ဆူသော အသားများကို နိဂြောဓအား ပေးလျက် သာခကိုမူ အလယ်သားများကို စားစေသည်။ သူကမူ အရိုး၌ကပ်နေသော အသားများကိုသာ စားလိုက်သည်။

ထို့နောက် မိတ်ဆွေသုံးယောက်တို့သည် နတ်ကွန်းမှ ထွက်ခွာခဲ့ကြပြီး ဘုရင့်ဥယျာဉ်သို့ပြောင်း၍ စခန်းချကြသည်။ ထိုနေ့တွင် ဗာရာဏသီမင်း နတ်ရွာစံသဖြင့် ပုရောဟိတ်ကြီး၏ စီမံမှုဖြင့် လွှတ်လိုက်သော ဖုဿရထားသည် ဥယျာဉ်တော်ထဲမှ မင်္ဂလာ

http://www.dhammadownload.com



ကျောက်ဖျာပေါ်ရှိ နိဂြောဓ၏ခြေရင်းတွင် လာရောက်ဆိုက်ကပ်သည်။ ထို့ကြောင့် နိဂြောဓသည် ဗာရာဏသီ၏ မင်းအဖြစ် တင်မြှောက်ခံရလျက် သာခကား စစ်သူကြီးဖြစ်လာသည်။ ပေါဋ္ဌိကကား တစ်စုံတစ်ရာသော ရာထူးဌာနန္တရကိုမျှ မရသေးပေ။

တစ်နေ့တွင် နိဂြောဓမင်းသည် မိဘများကို တမ်းတလွမ်းဆွတ်လာသဖြင့် သူတို့မိဘများကို ပေါဋ္ဌိကအား ခေါ်ဆောင်စေရာ မိဘများက ငြင်းပယ်လိုက်ကြသဖြင့် ပေါဋ္ဌိက တစ်ဦးတည်းသာ ပြန်လာခဲ့သည်။ ဗာရာဏသီသို့ပြန်ရောက်သော် စစ်သူကြီးသာခ၏ အိမ်သို့ ဝင်ရောက်သည်။ သာခကား ပေါဋ္ဌိကအပေါ်၌ ရန်ငြိုးထားခဲ့သူဖြစ်၏။ ပေါဋ္ဌိကသည် သူ့အား မင်းအဖြစ်မပေးဘဲ နိဂြောဓအား ပေးခဲ့၍ဖြစ်၏။ ယင်းကြောင့် သာခသည် ပေါဋ္ဌိကအား အသိမလုပ်ခဲ့ဘဲ ရိုင်းပျစွာ ဆဲဆိုကြိမ်းမောင်းပြီး အိမ်မှဆွဲထုတ်စေလိုက်သည်။

ပေါဋ္ဌိကသည် နန်းတော်သို့ ဆက်လာခဲ့ပြီး မယ်တော်၊ ခမည်းတော်များ လိုက်မလာကြသည့်အကြောင်းကို လျှောက်တင်လျက် သာခဆက်ဆံလိုက်ပုံကိုပါ မင်းကြီးအား လျှောက်ထားလိုက်သည်။ နိဂြောဓမင်းကြီးက ကျေးဇူးကန်းသော သာခအား သတ်မိန့်ပေးလိုက်ရာ ပေါဋ္ဌိက က တောင်းပန်လိုက်သဖြင့် လွတ်ငြိမ်းခွင့်ပေးလိုက်သည်။ ပေါဋ္ဌိကအား စစ်သည်အားလုံးတို့ကို စီမံခန့်ခွဲသော ဘဏ္ဍာစိုးရာထူးဖြင့် ချီးမြှင့်လိုက်သည်။

**ဇာတ်ပေါင်း။** ။ **သာခ-ဒေဝဒတ်။ ပေါဋ္ဌိက-အရှင်အာနန္ဒာ။ နိဂြောဓမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ကျေးဇူးသိတတ်မှ လူကောင်းလူတော်ပီသမည်။**

---

# ၄၄၆။ တက္ကလဇာတ်

## အဖကို လုပ်ကျွေးသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဤဇာတ်၏ ပစ္စုပ္ပန်သည် 'အဋ္ဌကနိပါတ်၊ ကစ္စာနိဇာတ်(ဇာတ်အမှတ်-၄၁၇)'၏ ပစ္စုပ္ပန်နှင့်တူသည်။ ထိုဇာတ်တွင် အမိကိုလုပ်ကျွေး၍ ဤဇာတ်တွင် အဖကိုလုပ်ကျွေးသူမျှသာ ခြားနားသည်။

**အတီတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကာသိရွာမှ 'သဝိဋ္ဌက'သည် အဖကို ပြုစုလုပ်ကျွေး၍ နေ၏။ ဖခင်ဖြစ်သူသည် သားဖြစ်သူအား သူသဘောကျသူ အမျိုးသမီး

http://www.dhammadownload.com



ပျိုတစ်ဦးနှင့် နေရာချထားလိုက်ရာ ထိုချွေးမသည် သားနှင့်အဖကို ကုန်းတိုက်သည်။ ထိုမှသာက လင်ဖြစ်သူအား အဖကို သုသာန်သို့ခေါ်ဆောင်သွားပြီး တွင်းထဲ၌ထည့်၍ ခေါင်းကို ပေါက်တူးဖြင့် ရိုက်ခွဲသတ်ရန်ပြောဆို၏။

သဝိဋ္ဌကလည်း မယားစီစဉ်ပေးထားသည့်အတိုင်း ဆောင်ရွက်ရန် ပြင်ဆင်သည်။ သဝိဋ္ဌကတွင် ခုနစ်နှစ်အရွယ် သားတစ်ယောက်ရှိရာ ထိုသားငယ်သည် ညဥ့်ဦးပိုင်းက မိခင်၏ပြောစကားများကို အစအဆုံး ကြားခဲ့သဖြင့် လှည်းထွက်ချိန်၌ အဘိုးနှင့်အတူ ပါလာခဲ့သည်။ သုသာန်သို့ရောက်သောအခါ သဝိဋ္ဌကသည် အဖနှင့်သားကို တစ်နေရာ၌ ထားခဲ့ပြီး သူက ချုံကွယ်တစ်နေရာသို့သွား၍ လေးထောင့်ကျင်းတူးနေသည်။ ယင်းအချိန်၌ သားငယ်သည် ဖခင်ရှိရာသို့လိုက်လာပြီး 'ဖခင် ဤသုသာန်ထဲ၌ သထွေးဥ၊ ကညင်၊ ပိန်းစသည်တို့ မရှိကြပါ၊ ဖခင်သည် အဘယ်ကိုအလိုရှိ၍ တွင်းတူးနေပါသနည်း'ဟု မသိယောင်ဆောင်ကာ မေးသည်။ ဖခင်က လွှဲဖယ်၍ မပြောဘဲ သင့်အဖိုးကို မြှုပ်သတ်ရန်ဖြစ်ကြောင်း အမှန်အတိုင်းပြောလိုက်သည်။ ထိုအခါ သားငယ်က ဖခင်၏လက်မှ ပေါက်တူးကိုယူလျက် မနီးမဝေးတစ်နေရာ၌ တွင်းတစ်ခုကိုတူးသည်။ ဖခင်က အကြောင်းရင်းကို မေးရာ 'ဖခင်တို့ ထုံးတမ်းစဉ်လာကိုလိုက်၍ သားဖြစ်သူ ကျွန်ုပ်က သင်ဖခင်အား တွင်းထဲ၌ မြှုပ်သတ်ရန်'ဟု ပြန်ကြားလိုက်သည်။

သား၏စကားကြောင့် သဝိဋ္ဌက အထိတ်တလန့်ဖြစ်သွားခဲ့သည်။ သည်တွင် သားငယ်က 'ကျွန်ုပ်သည် သင့်ဖခင်၏ ကောင်းကျိုးကိုလိုလားသူဖြစ်၏။ ယင်းကြောင့်သာ ပိတုဃာတက ကံကိုမပြုမိစေရန် တားမြစ်နေခြင်းဖြစ်သည်'ဟု ဆိုကာ အကျိုးအကြောင်းပြောသည်။ ထိုအခါမှ သဝိဋ္ဌကသည် သူ၏အမှားကို မြင်လာသည်။ သို့ဖြင့် ဖခင်ကြီးအား ပြန်ခေါ်၍ သုံးယောက်သား အိမ်သို့ပြန်လာခဲ့ကြသည်။ မယားဖြစ်သူကိုလည်း ထုထောင်းရိုက်ပုတ်၍ အိမ်မှနှင်ထုတ်လိုက်သည်။

ထို့နောက် မယားသည်ပြန်လာ၍ 'အဖနှင့်အဖိုးတို့ကို တန်ဆာဆင်သော်စေတီကဲ့သို့ ရိုသေစွာ လုပ်ကျွေးပါတော့မည်'ဟု ကတိပေးသည်။ မယားသည် သူ့ကတိအတိုင်း နေထိုင်သွားခဲ့ရာ သာယာသောအိမ်ထောင်တစ်ခု ဖြစ်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ ယခင်ကသား၊အဖ၊ချွေးမ-ယခုသား၊အဖ၊ချွေးမ။
သားငယ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မယားပြောတိုင်း မယုံကြည်သင့်။

http://www.dhammadownload.com



# ၄၄၇။ မဟာဓမ္မပါလဇာတ်

## အသက်ရှည်ဆေးသုံးသူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာသည် ကပိလဝတ်ပြည်သို့ ပထမဆုံးကြွတော်မူခဲ့ချိန်၌ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးက 'အရှင်ဘုရား၊ ဒုက္ကရစရိယာ ကျင့်တော်မူခဲ့ချိန်က အရှင်ဘုရားသေပြီဟု နတ်များသည် ကောင်းကင်၌ရပ်လျက် လာရောက်ပြောဆိုခဲ့ကြပါသည်။ ယင်းစကားများကို တပည့်တော် ယုံကြည်ခြင်း မရှိခဲ့ပါ'ဟု လျှောက်ထားခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ကာသိတိုင်း ဓမ္မပါလ မည်သော ရွာမှ ရွာသားများသည် ဆယ်ပါးသော'ကုသလကမ္မပထ'တရားများကိုသာ စောင့်ကြသည်။ ဒါနမှုကို ပြုကြသည်။ ဥပုသ်သီလများကိုလည်း ဆောက်တည်ကြသည်။ ဘုရားလောင်းသည် ထိုရွာမှ 'မဟာဓမ္မပါလ'ဆိုသူ ပုဏ္ဏားကြီး၏သားဖြစ်ပြီး သူ့ကို 'ဓမ္မပါလ' သတို့သားဟု ခေါ်တွင်လေသည်။

ဓမ္မပါလသတို့သားသည် အရွယ်ရောက်ချိန်၌ တက္ကသိုလ်မှ ဒိသာပါမောက္ခဆရာကြီးထံ သွားရောက်၍ ပညာသင်ယူလေရာ တပည့်လုလင်ငါးရာတို့၏ အကြီးအကဲဖြစ်လာခဲ့သည်။ တစ်နေ့တွင် ဆရာကြီး၏သားကြီး သေဆုံးရာ ဆွေမျိုးများနှင့်တကွ တပည့်လုလင်များပါ ငိုကြွေးမဆုံးရှိကြသော်လည်း ဓမ္မပါလတစ်ယောက်ကား မျက်ရည် တစ်ပေါက်မျှပင် ကျမိခြင်းမရှိချေ။ သူသည် ဆရာကြီး၏သား သေဆုံးရမှုနှင့် ပတ်သတ်၍ 'ငယ်ချိန်၌ အဘယ်ကြောင့် သေရသနည်း၊ ငယ်ရွယ်ချိန်၌ သေရခြင်းသည် မလျော်ကန်' စွသည်ဖြင့် ပြောမိသည်။ ထိုအခါ အခြားလုလင်များက 'သင်္ခါရ သဘောတရားကို သိနားလည်ခြင်းမရှိသလော'ဟု ဆိုကြသည်။ ဓမ္မပါလက 'သိတော့သိကြောင်း၊ သို့ရာတွင် ယင်းသင်္ခါရသဘောတရားသည် ငယ်ရွယ်သူတို့တွင် ကျရောက်လေ့မရှိကြောင်း၊ ကြီးရင့် သူများအပေါ်တွင်သာ ကျရောက်လေ့ရှိကြောင်း၊ မိမိတို့၏ မျိုးရိုးစဉ်လာပင်ဖြစ်ကြောင်း' ပြန်လည်ပြောကြားသည်။

ဤအကြောင်းသည် တပည့်လုလင်များထံမှတစ်ဆင့် ဆရာကြီးနားသို့ ပေါက်ကြား သွား၍ ဆရာကြီးသည် သူကြားရသည့်စကား မှန်မမှန် ဓမ္မပါလကို ခေါ်၍မေးသည်။ ဓမ္မပါလက ဟုတ်မှန်ကြောင်း ဝန်ခံသည်။ လက်တွေ့စုံစမ်းရန် ဆရာကြီးသည် ဆိတ်ရိုး တစ်ခုကို လွယ်အိတ်ထဲထည့်လွယ်လျက် တက္ကသိုလ်မှ ထွက်လာခဲ့သည်။ မဟာဓမ္မပါလ

နှင့် တွေ့ကြချိန်တွင် 'သင့်သား ဓမ္မပါလ ကွယ်လွန်သွားပြီ'ဟု ဆရာကြီးက သတင်းပေးသည်။ မဟာဓမ္မပါလမိသားစုက 'မဖြစ်နိုင်သောစကားကို မဆိုပါလင့်ဆရာကြီး၊ သူတို့သား ဓမ္မပါလ မသေပါ၊ သေသူသည် အခြားသူတစ်ယောက်သာ ဖြစ်ပါလိမ့်မည်'ဟု ဆိုကြ၏။

ထိုအခါ ဆရာကြီးသည် အသင့်ပါလာသော အရိုးကိုထုတ်ပြသော်လည်း ဤအရိုးများသည် ခွေး၊ ဆိတ်တို့၏ အရိုးများသာ ဖြစ်ပါလိမ့်မည်။ သင်သည် မုသားဆိုခြင်းသာ ဖြစ်သည်'ဟုဆိုကာ မိသားစုက ပယ်ချကြသည်။ သည်အခါတွင်မှ ဆရာကြီးသည် အံ့သြမှုလည်း ဖြစ်ရသည်။ ဝမ်းမြောက်ဝမ်းသာလည်း ရှိရသည်။ 'သင်တို့၏ မျိုးနွယ်ထဲ၌ ငယ်ရွယ်သူများသည် အဘယ်ကြောင့် မသေကြပါသနည်း'ဟုလည်း စောကြောကြည့်လိုက်သည်။

ထိုအခါ မဟာဓမ္မပါလ ပုဏ္ဏားက 'ဆရာ ကျွန်ုပ်တို့မျိုးနွယ်သည် ဒါန၊ သီလစသော ကုသလ ကမ္မပထတရားဆယ်ပါးကို ကျင့်ကြပါသည်၊ ထိုကြောင့် အသက်ရှည်ကြပါသည်'ဟု ပြောရာ ဆရာကြီးက ဓမ္မပါလ၏ ပြောစကား မှန်၊ မမှန်ကို သိလို၍ စုံစမ်းရန်လာခဲ့ ခြင်းသာဖြစ်ကြောင်း ပြောဆိုပြီး အသက်ရှည်ကြောင်းတရားများကို ပေဒ္ဓရေးမှတ်ယူသည်။ ဆရာကြီး သုံးရက်ခန့်နေခဲ့ပြီးနောက် ပြန်သွားလေ၏။ ဓမ္မပါလကိုလည်း ပညာကုန် သင်ပေးလိုက်ပြီးလျှင် အခြံအရံများစွာနှင့်အတူ မိဘရပ်ထံသို့ ပြန်လွှတ်လိုက်သည်။

ဇာတ်ပေါင်း။ ။ ယခင်ကမိဘများ-ယခုသာကီဝင်မျိုးများ၊
ဒိသာပါမောက္ခ-အရှင်သာရိပုတ္တရာ၊
ဒိသာပါမောက္ခပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊ ဓမ္မပါလ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သီလဖက်လျှင် အသက်ရှည်မည်။

---

# ၄၄၈။ ကုက္ကုဋဇာတ်

## ယုတ်မာသော အကြံသမား

ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်၏ မြတ်စွာဘုရားအားသတ်ရန်ကြိုးပမ်းမှုနှင့်ပတ်သတ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ကောသမ္ဗကမင်းသည် ကောသမ္ဗီပြည်၌ စံမြန်းတော်မူစဉ် ဘုရားလောင်းသည် ဝါးတောကြီးတစ်ခု၌ ကြက်မင်းဖြစ်နေသည်။ မနီးမဝေးအရပ်၌နေသော စွန်တစ်ကောင်သည် ဘုရားလောင်းကြက်မင်း၏ အခြွေအရံ ကြက်များကို နေ့စဉ်တစ်ကောင်ကျစီ ဖမ်းယူစားသောက်လာခဲ့ရာမှ နောက်ဆုံးတွင် ဘုရားလောင်းကြက်မင်းတစ်ကောင်သာ ကျန်တော့သည်။

တစ်နေ့တွင် ကြက်မင်းကို ဖမ်းယူလိုသောစွန်သည် သစ်ကိုင်းတစ်ခုပေါ်တွင် လာနားပြီး 'အဆွေကြက်မင်း၊ ငါသည် သင်နှင့်ချစ်ကျွမ်းဝင်လိုပါသည်။ ဤမည်သော အရပ်၌ အစာများပြည့်စုံသည်။ ထိုအရပ်သို့သွား၍ ငါတို့နှစ်ယောက် အတူတကွ နေကြပါစို့'ဟု ဆိုသည်။ ကြက်မင်းက လက်မခံဘဲ သုံးကြိမ်တိုင် ပယ်ချသည်။ ထွက်သွားရန်လည်း နှင်လွှတ်သည်။ ယင်းကို တောစောင့်နတ်များက ကောင်းချီးပြုကြသည်။

ထိုအခါ ကြက်မင်းက 'အိုနတ်များတို့၊ မကောင်းမှုပြုသူများ၊ မုသားဆိုလေ့ရှိသူများ၊ ကိုယ်ကျိုးကိုကြည့်၍ ချဉ်းကပ်လာသူများ၊ မိမိတွင် ဂုဏ်မရှိပါဘဲလျက် ဂုဏ်ရှိလေဟန် ပြုတတ်သူများနှင့် အကျွမ်းမဝင်ရာ'စသည်ဖြင့် တောစောင့်နတ်များအား ဟောကြားသည်။ ထို့နောက် စွန်ကိုခေါ်၍ 'ဤအရပ်၌ သင်ဆက်နေလျှင် တစ်နေ့နေ့ သေရလိမ့်မည်'ဟု ခြိမ်းခြောက်ရာ စွန်သည်ထိုနေရာမှ ပြောင်းရွှေ့ ပြေးထွက်သွားသည်။

**ဇာတ်ပေါင်း။** ။ စွန်-ဒေဝဒတ်။ ကြက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အကြံအစည်ယုတ်မာလျှင် အကျိုးပေးယုတ်လိမ့်မည်။

# ၄၄၉။ မဋ္ဌကုဏ္ဍလီဇာတ်

## မရနိုင်သည်ကို တမ်းတသူ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့မှ သားသေသဖြင့် ပရိဒေဝမီး လောင်ကျွမ်းနေသော သူကြွယ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**ဓာတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ပုဏ္ဏားတစ်ယောက်၏သားသည် တစ်ဆယ့်ခြောက်နှစ်ခန့်အရွယ်တွင် ကွယ်လွန်သွားသည်။ ကုသိုလ်ကောင်းမှုရှိသူဖြစ်၍ တာဝတိံသာ၌ နတ်သားသွားဖြစ်သည်။ ကျန်ရစ်သူ ဖခင်ပုဏ္ဏားကြီးက သုသာန်သို့နေ့စဉ် သွားပြီး ပြာပုံကိုလှည့်ပတ်လျက် ငိုကြွေးနေသည်။ သားဟောင်းဖြစ်သူ နတ်သားသည် ဖခင်၏ ပရိဒေဝမီးကို ငြိမ်းသတ်ပေးရန် ပုဏ္ဏား၏သားအသွင် ဖန်ဆင်းလျက် သုသာန်သို့ လာပြီး လက်အစုံကိုမြှောက်တင်ကာ သည်းထန်စွာ ငိုကြွေးသည်။

ပုဏ္ဏားသည် ထိုငိုကြွေးသံကြား၍ လှည့်ကြည့်လိုက်ရာ သူ့သားဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့် 'အဘယ်ကြောင့် ငိုကြွေးနေရသနည်း'ဟု မေးလိုက်သည်။ ထိုအခါ သားအသွင်ဆောင်ထားသော နတ်သားက 'သခင် ကျွန်ုပ်သည် ကျွန်ုပ်လိုချင်သော ရထား လှည်းဘီးတစ်စုံကို မရနိုင်၍ ငိုပါသည်'ဟု ပြန်ကြားလိုက်သည်။ သည်တွင် ပုဏ္ဏားက 'ချစ်သား သင်သည် ရွှေလှည်းဘီး၊ ပတ္တမြားလှည်းဘီး၊ ကြေးလှည်းဘီး၊ ငွေလှည်းဘီး တို့တွင် အဘယ်လှည်းဘီးကို အလိုရှိသနည်း၊ သင်လိုရာလှည်းဘီးကို ငါရအောင်ပြုပေး မည်'ဟု ဆိုသည်။ နတ်သားက ကောင်းကင်ပေါ်မှ လနှင့်နေကိုသာ ရထားလှည်းဘီး ပြုလုပ်ရန် လိုချင်နေခြင်းဖြစ်ကြောင်း ပြောလိုက်သည်။

ပုဏ္ဏားက 'ချစ်သား သင်သည် မိုက်မဲလွန်းဘိသည်။ သင်သေသော်သာ သေရ မည်။ လနှင့်နေကိုကား မရနိုင်'ဟု ဆိုရာ 'ပုဏ္ဏား၊ လ၊ နေတို့၏ ထွက် ဝင်ရာအရပ်ကို လည်း မြင်ရသည်။ လ နေများ ရှိနေခြင်းကိုလည်း အထင်အရှားမြင်နေရသည်။ သေဆုံးပြီး သောသူကိုကား အရိပ်အယောင်မျှ မြင်တွေ့ရခြင်းမရှိ။ ငိုကြွေးနေရသော ငါတို့နှစ်ယောက် တွင် မည်သူက ပို၍မိုက်မဲပါသနည်း'ဟု နတ်သားက မေးခွန်းထုတ်၏။ သည်တော့မှ ပုဏ္ဏားသည် သတိရသွားလျက် ချီးကျူးစကားဆို၏။ မိမိ၏သောကမီးကို ငြိမ်းသတ်ပေး သူအဖြစ်လည်း အသိအမှတ်ပြုလိုက်သည်။

ထို့နောက် နတ်သားက မိမိသည် သေဆုံးသွားခဲ့ပြီးဖြစ်သည့် သားဖြစ်ကြောင်း၊ ယခုနတ်ပြည်၌ နတ်သားဖြစ်နေကြောင်း၊ ဒါနမှု၊ သီလမှုတို့၌ အားထုတ်ရန်တို့ကို ပုဏ္ဏားအား ပြောဆိုမှာထားခဲ့ပြီးလျှင် နတ်ပြည်သို့ ပြန်သွားခဲ့လေသည်။

ဇာတ်ပေါင်း။ ။ နတ်သား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မဖြစ်နိုင်သည်ကို မတမ်းတရာ။

http://www.dhammadownload.com



# ၄၅၀။ ဗိဠာရကောသိယဇာတ်

## ဒါနအကျိုးသိသွားသူ

**ပစ္စုပ္ပန်ဝတ္ထု**

ရဟန်းတစ်ပါးသည် အလှူပေးခြင်း၌ လွန်စွာပင် ဝါသနာကြီးသည်။ သပိတ်ထဲမှ ဆွမ်းကိုပင် မလှူဘဲမစား၊ ရေကိုလည်း မလှူဘဲ မသောက်၊ သည်မျှအထိ အလှူ၌ ဝါသနာ ထုံသည်။ ထိုရဟန်းနှင့် ပတ်သက်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် သူဌေးမျိုးနွယ် ထဲ၌ဖြစ်၍ အဖကွယ်လွန်သွားသော် သူဌေးအရာကိုရကာ အမြဲအလှူပေးသည်။ သားဖြစ်သူ အားလည်း အလှူဝတ်ကို မပြတ်စေရန် မှာထားသည်။ သူကွယ်လွန်သောအခါ တာဝတိံသာ၌ သိကြားမင်းဖြစ်လေသည်။ သူ့သား၊ မြေး၊ မြစ်၊ တီတို့သည်လည်း မျိုးရိုးကိုမပျက်စေဘဲ အလှူပေးသွားခဲ့ကြရာ စန္ဒ၊ သူရိယ၊ မာတလိ၊ ပဉ္စသိခ အမည်များဖြင့် အသီးသီး နတ်သားများ ဖြစ်လာကြသည်။ ခြောက်ဆက်မြောက်ဖြစ်သော 'ဗိဠာရကောသိယ'သည် ကား သဒ္ဓါတရားခေါင်းပါးသူဖြစ်သည်။ အလှူမဏ္ဍပ်များကို မီးရှို့ဖျက်ဆီးပြီး အလှူခံများ ကိုလည်း ရိုက်ပုတ်နှင်ထုတ်လေသည်။

သိကြားမင်းသည် မိမိ၏ ရှေးကံကောင်းမှုကိုကြည့်၍ 'ယခုငါ၏အလှူဝတ်သည် ရှိသေးသလား၊ မရှိတော့ပြီလော'ဟု ဆင်ခြင်ကြည့်ရာ ဗိဠာရကောသိယသည် မျိုးရိုးစဉ်လာ ကို ဖျက်ဆီးလိုက်ပုံကို မြင်တွေ့ရလေ၏။ သို့ဖြင့် သိကြားမင်းသည် မာတလိနှင့် ပဉ္စသိခ နတ်သားများကိုခေါ်လျက် ပုဏ္ဏားများအသွင်ဖြင့် ဗာရာဏသီသို့ လာခဲ့ကြသည်။ သိကြား မင်းသည် ဦးစွာဝင်၍ သူဌေးထံ၌ ထမင်းတောင်းသည်။ သူဌေးက 'ဤအိမ်၌ သင့်အတွက် ထမင်းမရှိ၊ အခြားအိမ် သွားတောင်း'ဟု ဆို၏။ သိကြားမင်းက ထွက်မသွား၊ ထိုအခါ တွင်မှ 'သည်လိုဆိုလျှင် အိမ်ထဲသို့ဝင်နေလော့၊ ထမင်းနည်းနည်းတော့ ရလိမ့်မည်'ဟု ပြောရာ သိကြားမင်းသည် အိမ်ထဲသို့ ဝင်နေလိုက်သည်။

ထို့နောက် စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သားနှင့် ပဉ္စသိခနတ်သား တို့ ရှေ့ဆင့်နောက်ဆင့် ရောက်လာခဲ့ကြရာ သူဌေးသည် ရှေးနည်းအတိုင်း ငြင်းဆန်ခဲ့သည်။ နတ်သားများက တရားနှင့်ယှဉ်သော စကားများကို ပြောကြခါ အိမ်ထဲသို့ ဝင်နေကြရန် ဖိတ်သည်။

http://www.dhammadownload.com



သူဌေးသည် ကျွန်မတစ်ယောက်ကိုခေါ်၍ နွားစာကျွေးရန် ချက်ထားသော ထမင်းများကို ခူးစေလျက် ပုဏ္ဏားများအား ပေးလိုက်ရန် ညွှန်ကြားသည်။ ပုဏ္ဏားယောင်ဆောင်လာသော သိကြားနှင့် နတ်များသည် ထိုထမင်းကို စားလိုက်ကြသည်နှင့် လည်ချောင်းနင်နေကြသည်။ မျက်လုံးများကို ပြူးထွက်အောင်ပြုလျက် သေဆုံးကြဟန်ဖြင့် လှဲအိပ်ချလိုက်ကြသည်။

ထိုအခါမှ သူဌေးသည် အထိတ်တလန့်ဖြစ်သွားလျက် ကျွန်မအား နွားစာထမင်းများကို ဆောလျင်စွာ ဖယ်ရှားကာ ထိုထမင်းများအစား သူစားသုံးသော သလေးထမင်းများကို အစားထိုး၍ ထည့်ထားစေလိုက်သည်။ ထို့နောက် သူဌေးသည် လမ်းသွားလမ်းလာများကိုခေါ်၍ ပုဏ္ဏားများသည် လောဘကြီးစွာဖြင့် ထမင်းလုတ်ကြီးကြီးစားကြသောကြောင့် လည်ချောင်းနင်၍ သေဆုံးရခြင်းဖြစ်ကြောင်း၊ သည်အတွက် မိမိတွင် အပြစ်မရှိကြောင်းများကို ပြောဆိုသည်။ လူများ စုဝေးရောက်လာကြချိန်တွင် ပုဏ္ဏားများသည် လှဲနေကြရာမှ ရုတ်တရက် ထလိုက်ကြသော် သူဌေးသည် မုသားစကားဆိုခဲ့ခြင်းသာ ဖြစ်ကြောင်း၊ အမှန်မှာ မိမိတို့အား နွားစာထမင်းများကို ပေးခဲ့ပြီးမှ ဤသလေးထမင်းကို လဲထည့်ထားခြင်းဖြစ်ကြောင်းများကို ပုဏ္ဏားများက လူများအား ရှင်းပြပြီး နွားစာထမင်းများကိုလည်း အန်ထုတ်လိုက်ကြသည်။

ရောက်လာကြသူများသည် သူဌေးကို ကဲ့ရဲ့ကြလျက် မျိုးနွယ်စဉ်ဆက်ပြုလုပ်ခဲ့ကြသော အလှူဝတ်ကို ဖျက်ဆီးသူအဖြစ် သမုတ်ကြသည်။ ယင်းခဏတွင် သိကြားမင်းက မိမိသည် တစ်ချိန်သောအခါက ဤပြည်မှ မဟာသူဌေးဖြစ်ခဲ့ကြောင်း၊ မိမိသား၊ မြေး၊ မြစ်၊ တီတို့မှာလည်း ယခုပါလာကြသည့် စန္ဒ၊ သူရိယ၊ မာတလိနှင့် ပဉ္စသိခနတ်သားများဖြစ်ကြကြောင်း၊ အလှူဒါနမည်သည် များစွာအကျိုးရှိကြောင်းများ ပြောဆိုပြီးလျှင် ကောင်းကင်သို့ ပြန်တက်၍ မိမိတို့၏ သိကြား၊ နတ်များအဖြစ်သို့ ထင်ရှားစွာပြကာ ဒါနအကျိုးတရားများကို ဟောပြသည်။

ထိုအခါမှ ဗိဠာရကောသိယ သူဌေးသည် 'ယနေ့မှစ၍ အယုတ်ဆုံးအားဖြင့် ရေနှင့် ဒန်ပူကိုသော်လည်း မလှူဘဲ မစားသုံးတော့ပါ 'ဟု ကတိပြုလိုက်သည်။ နောက်ပိုင်း တွင် ကတိနှင့်အညီ ကျင့်သုံးသွားလေရာ သူဌေးသည် သေလွန်ပြီးသော် တာဝတိံသာ နတ်ပြည်သို့ ရောက်ခဲ့ရလေသည်။

ဇာတ်ပေါင်း။ ။ ဗိဠာရကောသိယ-အလှူပေးလေ့ရှိသော ရဟန်း၊ စန္ဒနတ်သား-အရှင်သာရိပုတ္တရာ၊ သူရိယနတ်သား-အရှင်မောဂ္ဂလာန်၊

http://www.dhammadownload.com



မာတလိနတ်သား-အရှင်မဟာ ကဿပ၊ ပဥ္စသိခနတ်သား-အရှင်အာနန္ဒာ၊ သိကြားမင်း-ဗုဒ္ဓ၊

အနှစ်ချုပ်။ ။ ဒါနနှင့်သီလသည်သာ နောက်ဘဝအတွက်အားကိုးရာ၊

---

# ၄၅၁။ စက္ကဝါကဇာတ်

ဤဇာတ်သည် နဝကနိပါတ် ဇာတ်အမှတ်(၄၃၄) စက္ကဝါကဇာတ်နှင့် သဘော သွားချင်းတူမှုသည်။ ဂါထာမျှသာ ထူးခြားသည်။

---

# ၄၅၂။ ဘူရိပဉ္ဉဇာတ်

ဤဇာတ်သည် မဟာနိပါတ် ဇာတ်အမှတ်(၄၇၂) 'မဟာဥမင်္ဂဇာတ်'၌ အကျုံးဝင်သည်။

---

# ၄၅၃။ မဟာမင်္ဂလဇာတ်

## မင်္ဂလာတရားရှာကြံသူများ

**ပစ္စုပ္ပန်ဝတ္ထု၊**

အလုံးစုံသော လူနတ်ဗြဟ္မာများသည် ဒိဋ္ဌ၊ သုတ၊ မုတဟု ဆိုအပ်သော မြင်ကြား တွေ့ထိမှုများကို မင်္ဂလာဟု အငြင်းပွားနေချိန်၌ ဗုဒ္ဓမြတ်စွာသည် သုံးဆယ့်ရှစ်ဖြာသော မင်္ဂလာ တရားတော်တို့ကို ဟောကြားတော်မူလိုက်ရာ ပြဿနာအားလုံး ပြေငြိမ်းသွားခဲ့ပုံကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းရက္ခိတသည် အရွယ်ရောက်ချိန်၌ ပညာရပ်များကို သင်ယူလျက် မိဘများကွယ်လွန်သော် ပစ္စည်းများအားလုံးကို လှူဒါန်းစွန့်ကြဲ၍ ရသေ့ပြုလိုက်သည်။ ကသိုဏ်းပရိကံများကို စီးဖြန်းလေရာ မကြာမီ ဈာန်အဘိညာဉ်များကို ရရှိခဲ့လေသည်။ သူ့တွင် တပည့်ရသေ့ ငါးရာရှိသည်။ တစ်နေ့

http://www.dhammadownload.com



တွင် ယင်းတပည့်များသည် ချဉ် ဆားများမှီဝဲကြရန် ဟိမဝန္တာမှ ထွက်ခွာသွားကြပြီး ဗာရာဏသီမင်း၏ ဥယျာဉ်သာတွင် သွားရောက်တည်းခိုကြသည်။

ဗာရာဏသီပြည်သူများသည် မင်္ဂလာနှင့်စပ်၍ အငြင်းပွားလျက်ရှိနေကြရာ အချို့က မြင်မှုဒိဋ္ဌကို မင်္ဂလာ၊ ကြားမှုသုတကို မင်္ဂလာ၊ ထိမှု မုတကမင်္ဂလာဖြစ်သည်ဟူ၍ ကိုယ်အားသန်ရာကို ပြောဆိုနေကြ၏။ တိကျရေရာသည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်၍ မရနိုင်ကြသော ဗာရာဏသီသားများသည် ဥယျာဉ်တော်သို့လာပြီး ရသေ့များအား မင်္ဂလာပြဿနာများကို မေးလျှောက်ကြသည်။ ရသေ့များကလည်း ဖြေနိုင်စွမ်းမရှိသဖြင့် ဟိမဝန္တာသို့ ပြန်ခဲ့ကာ ဆရာရသေ့အား မင်္ဂလာပြဿနာကို မေးလျှောက်ကြ၏။

ထိုအခါ ရက္ခိတရသေ့က 'သတ္တဝါအားလုံးတို့အပေါ်၌ အစဉ်အမြဲ မေတ္တာပွားခြင်း၊ အားလုံးအပေါ်၌ ခန္တီတရားတို့ဖြင့် သည်းခံခြင်း စသည်တို့သည် မင်္ဂလာတရားများပင်ဖြစ်သည် စသည်ဖြင့် ရှစ်ပါးသော မင်္ဂလာကြီးတို့ကို ပြောဆိုဟောကြားသည်။ တပည့်ရသေ့များသည် ထိုမင်္ဂလာကြီးရှစ်ပါးတို့ကို သင်ယူမှတ်သားလျက် မင်းနှင့်တကွ ထိုမင်္ဂလာတရားတော်အတိုင်း ကျင့်သုံးဆောက်တည်ကြ၍ သေတိုင်းသေတိုင်းသော လူများသည် နတ်ပြည်သို့ ရောက်ကြလေသည်။

ဇာတ်ပေါင်း။ ။ တပည့်ရသေ့များ-ဗုဒ္ဓ၏ပရိသတ်။ တပည့်ကြီးရသေ့-အရှင်သာရိပုတ္တရာ။ ရက္ခိတရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကောင်းသောအလုပ်မှန်သမျှ မင်္ဂလာမည်၏။

---

## ၄၅၄။ ဃဋပဏ္ဍိတဇာတ်

### လပေါ်မှ ယုန်ကိုလိုချင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

သားသေ၍ ပူဆွေးသောကရောက်နေသော သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဥတ္တရာပထတိုင်း အသိတဥ္စနမြို့ကို အုပ်စိုးတော်မူသော 'မဟာကံသ'မင်းတွင် 'ကံသ'နှင့် 'ဥပကံသ'ဆိုသော သားတော်နှစ်ပါးအပြင် 'ဒေဝဂဗ္ဘာ'မည်သော သမီးတော်တစ်ပါးလည်း ရှိသည်။

http://www.dhammadownload.com



ခမည်းတော် မဟာကံသမင်း နတ်ရွာလားသော် သားတော်ကြီး ကံသသည် မင်းဖြစ်လာသည်။ ညီတော် ဥပကံသက အိမ်ရှေ့စံအရာကို ရသည်။ နှမတော် ဒေဝဂဗ္ဘာကို ပင်တိုင်စံမင်းသမီးအဖြစ် ထားလိုက်ကြသည်။ 'နန္ဒိဂေါပါ'မည်သော ကျွန်မကို တာဝန်ကို ပေးထားခဲ့ကြပြီး ကျွန်မ၏ လင်ဖြစ်သူ 'အန္ဓကဝေဏှု'က မင်းသမီးအား စောင့်ရှောက်ပေးရသည်။

ယင်းအချိန်၌ ဥတ္တရမဓုရပြည်တွင် 'မဟာသာဂရ'မင်း နတ်ရွာစံသွားရာ သားတော်ကြီး 'သာဂရ'သည် ထီးနန်းကို စိုးပိုင်ရသည်။ ညီတော် 'ဥပသာဂရ'ကမူ အိမ်ရှေ့စံဖြစ်လာခဲ့သည်။ တစ်ချိန်တွင် အိမ်ရှေ့စံ ဥပသာဂရသည် နန်းတွင်း၌ ပြစ်မှားမိသဖြင့် မိတ်ဆွေဖြစ်သူ အသိတဉ္ဇန မြို့မှ အိမ်ရှေ့စံ ဥပကံသထံ ထွက်ပြေးလာခဲ့သည်။ ကာလကြာလတ်ချိန်တွင် ဥပသာဂရ နှင့် ဒေဝဂဗ္ဘာမင်းသမီးတို့သည် အချင်းချင်းမြင်တွေ့မိရာမှ တပ်စွန်းနေမိကြသည်။

အကြောင်းစုံကို သိမြင်လာကြရသော မောင်တော်များသည် နှမတော်ကို ဥပသာဂရ နှင့် စုလျားပေးလိုက်ကြသည်။ 'ဂေါဝမာန'မည်သောရွာကိုလည်း အပိုင်စားပေးကြသည်။ မင်းသမီးမှ သမီးတော်လေးတစ်ပါးဖွားမြင်ရာ 'အဉ္စနဒေဝီ'ဟူ၍ မှည့်ခေါ်ကြသည်။

ဥပသာဂရနှင့် ဒေဝဂဗ္ဘာ မင်းသမီးတို့သည် ဂေါဝမာနသို့ ပြောင်းရွှေ့နေထိုင်ကြပြီးကာမှ မင်းသမီးသည် သားဆယ်ယောက် ထပ်မံထွန်းကားသည်။ ဝါသုဒေဝ၊ ဗလဒေဝ၊ စန္ဒဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊ အဇ္ဇုန၊ ပဇ္ဇုန၊ ဃတပဏ္ဍိတနှင့် အင်္ကုရ ဟူ၍ အမည်ပေးထားသည်။ တစ်ပြိုင်တည်းပင် အထိန်းတော် နန္ဒိဂေါပါသည်လည်း သမီးဆယ်ယောက် ဖွားမြင်ခဲ့သည်။ ဒေဝဂဗ္ဘာသည် သူ့သားများကို မောင်တော်များဖျက်ဆီးမည်ကိုစိုး၍ ဖွားပြီးလျှင်ပြီးချင်း နန္ဒိဂေါပါထံသို့ ပို့လိုက်သည်။ နန္ဒိဂေါပါ၏ ဖွားသစ်စ သမီးငယ်များကို လျှို့ဝှက်စွာ ပြန်ယူ၍ မိမိသမီးများအဖြစ် ပြုထားသည်။ ထို့ကြောင့် ဒေဝဂဗ္ဘာ၏ သားဆယ်ယောက်တို့သည် နန္ဒိဂေါပါနှင့် အန္ဓကဝေဏှုတို့ ရင်ခွင်ထဲတွင် ကြီးပြင်းလာခဲ့ကြရသည်။ နောင်တွင် ထိုညီနောင်ဆယ်ဦးတို့သည် ခိုးဆိုးလုယက်မှုတို့ဖြင့် ကျော်စောထင်ရှားလာကြသည်။ ထို့ကြောင့် မင်းကြီးသည် ဖခင်အဖြစ် သိထားရသူ အန္ဓကဝေဏှုကို ကြိမ်းမောင်းရာ မိမိ၏သားအရင်းများ မဟုတ်ကြကြောင်းမှစ၍ အဖြစ်စုံကို လျှောက်ထားလေသည်။

ထိုအခါ မင်းကြီးသည် အထိတ်တလန့်ဖြစ်သွားကာ နပန်းလုံးခြင်းတို့၌ ဝါသနာထုံလွန်းကြသော ထိုညီနောင်များအား ထိုပွဲဖြင့် မျှားခေါ်၍ ဖမ်းယူရန် စီစဉ်လေသည်။ သို့ရာတွင် အောင်မြင်မှုမရခဲ့ချေ။

http://www.dhammadownload.com



ညီနောင်များက ဦးရီးတော် ညီနောင်မင်းနှစ်ပါးတို့ကို သတ်ပြီး အသိတဥ္စနထီးနန်းကို ယူခဲ့လေသည်။

ဇမ္ဗူဒီပ်ကျွန်းလုံး၌ မင်းပြုရန် ကြံရွယ်ချက်ရှိကြသော ထိုညီနောင်ဆယ်ယောက်တို့သည် 'ကာဠေယောနက'မင်း၏ အယုဇ္ဈိပြည်နှင့် ဒွါရာဝတီမြို့ကို လည်းကောင်း၊ ထို့နောက် ဇမ္ဗူဒီပ်ကျွန်းပေါ်မှ ခြောက်သောင်းသုံးထောင်သော မင်းတို့ကို စစ်လက်နက်ဖြင့် ပစ်ခတ်၍ မြို့ပေါင်း ခြောက်သောင်းသုံးထောင်တို့ကိုလည်းကောင်း သိမ်းပိုက်ခဲ့ကြသည်။

မင်းသားညီနောင်တို့သည် မိမိတို့ ရရှိပိုင်ဆိုင်လာကြသည့် ပြည်ထောင်များကို ဆယ်စုစု၍ ခွဲဝေယူကြပြီး နမတော် အဥ္စနဒေဝီလည်း တစ်စုရသည်။ ညီထွေး အင်္ကုရမင်းသားသည်ကား ဝေစုမယူချေ။ ကုန်သွယ်မှုဖြင့် သက်မွေးဝမ်းကျောင်းပြုမည်ဟုဆိုသည်။ နှစ်ကာလရှည်လျားလာသော် ထိုမင်းများတွင်လည်း သားသမီးများ ပွားစီးလာကြသည်။

တစ်ချိန်တွင် ဝါသုဒေဝမင်းကြီး၏ သားတော်နှစ်ပါး ကွယ်လွန်သွားခဲ့ရာ ခမည်းတော် မင်းကြီးသည် ဖြေမဆည်နိုင်ဖြစ်နေသည်။ ညီတော် ဃဋပဏ္ဍိတသည် နောင်တော်၏ သောကမီးကို ငြိမ်းသတ်ပေးရန် ရည်ရွယ်ချက်ဖြင့် သူရူးအသွင်ဆောင်လျက် ကောင်းကင်ကို မော်ကြည့်၍ 'ငါ့အား ယုန်ပေးပါ၊ ယုန်ပေးပါ'ဟု ဟစ်အော်နေသည်။ ထိုအခါ ရောဟိဏေယျအမတ်ကြီးသည် ဝါသုဒေဝမင်းကြီးထံ သွား၍ ထိုအကြောင်းကို လျှောက်ထားသည်။ ဝါသုဒေဝမင်းကြီးက 'ညီထွေး သင်အလိုရှိရာ ယုန်ကို နောင်ဘုရား ရအောင်ယူပေးမည်'ဟု ဆိုသည်။ ဃဋပဏ္ဍိတက မိမိအလိုရှိနေသည်မှာ ယင်းယုန်များမဟုတ်ကြောင်း၊ လဝန်းပေါ်မှ ယုန်ကိုသာ လိုချင်နေခြင်းဖြစ်ကြောင်းဖြင့် တုံ့ပြန်လိုက်သည်။

ဤတွင် ဝါသုဒေဝမင်းက 'သင့်အသက်သေသော်သာ သေရလိမ့်မည်၊ လပေါ်မှ ယုန်ကိုမူ ရလိမ့်မည်မဟုတ်'ဟု ပြောဆိုသည်။ ဃဋပဏ္ဍိတက မျက်မှောက်ထင်ရှားမြင်နေရသော လပေါ်မှယုန်ကိုပင် မရနိုင်ပါက မြင်တွေ့ခြင်းမရှိတော့သော သားတော်အတွက် နောင်တော်ဘုရင်သည် အဘယ်အကျိုးငှာ ပူဆွေးသောက ရောက်နေရပါသနည်း'ဟု သူ့စကားနှင့်သူ့ကို ပြန်ချေပပြောကြားသည်။ ထိုခဏ၌ပင် မင်းကြီး၏သားတော်နှင့်ပတ်သက်သော သောကမီးလျှံသည် ချုပ်ငြိမ်း၍သွားခဲ့ရသည်။

တစ်နေ့တွင် မင်းကြီးသည် သားတော်များကို ခေါ်ပြီး မြစ်ထဲသွား၍ ရေကစားကြရာ တစ်ဦးနှင့်တစ်ဦး လက်ခြေများ ထိပါးမိကြရာမှ စကားများကြသည်။ အုပ်စုကွဲ၍ ခိုက်ရန်ဖြစ်ပွားကြလေတော့သည်။ ယင်းအခိုက် တုတ်ရှာမရသော မင်းတစ်ပါးသည် ပိန်းမြက်ရွက်

http://www.dhammadownload.com



ကို သွားကိုင်မိသဖြင့် ဝိန်းမြက်ရွက်သည် ရှားနှင့်ကျည်ပွေ့ဖြစ်သွားခဲ့သည်။ အခြားသူများ ကိုင်ကြရာ၌လည်း ကိုင်တိုင်း ကိုင်တိုင်း ရှားနှစ်ကျည်ပွေ့ချည်း ဖြစ်လာ၏။ အုပ်စုနှစ်စုသည် ရှားနှစ်ကျည်ပွေ့တုတ်များဖြင့် အပြင်းအထန် ရိုက်ပုတ်ကြရာ ကြီးစွာသော ပျက်စီးခြင်းသို့ ရောက်ကြရသည်။

ထို့ကြောင့် ဝါသုဒေဝမင်းကြီး၊ ဗလဒေဝမင်းကြီး၊ နှမတော် အဉ္စနဒေဝီနှင့် ပုရောဟိတ်ပုဏ္ဏား ဤလေးယောက်တို့သည် ရထားစီး၍ ထွက်ပြေးကြရာ 'ကာလမတ္တိက' တောအုပ်သို့ ရောက်လာကြသည်။ ဗလဒေဝသည် သည်တောအုပ်သို့အရောက်တွင် နပမ်းသမား မုဋ္ဌိကဘဝမှ ဘီလူးဖြစ်နေသော ဘီလူးကြီး၏ စားသောက်ခြင်းကို ခံရသည်။ ကျန်သုံးဦးတို့သည် ရှေ့ဆက်လာခဲ့ရာ တစ်နေရာအရောက်တွင် ဝါသုဒေဝမင်းကြီးသည် 'ဇရာအမည်ရှိသူ မုဆိုးက ချုံထဲ၌ ဝက်ရှိသည်ထင်၍ ပစ်လွှတ်လိုက်သော လှံတံစူးသဖြင့် နတ်ရွာစံရသည်။ သည်အဆက်အနွယ်မှ နှမတော် အဉ္စနဒေဝီတစ်ပါးသာကျန်၍ အားလုံးသော မင်းညီနောင်ဆယ်ယောက်တို့၏ သားတော် မြေးတော်တို့နှင့်တကွ ဒွါရဝတီပြည်သူအားလုံးတို့သည် ပျက်စီးခြင်းသို့ ရောက်ခဲ့ကြရလေသည်။

ဇာတ်ပေါင်း။ ။ ရောဟိဏေယျအမတ်-အရှင်အာနန္ဒာ၊
ဝါသုဒေဝ-အရှင်သာရိပုတ္တရာ၊
ညီနောင်စသောပရိသတ်-ဗုဒ္ဓ၏ပရိသတ်၊ ဃဋပဏ္ဍိတ-ဗုဒ္ဓ၊

အနှစ်ချုပ်။ ။ သေသူကိုချစ်လျှင် သူ့အတွက်ကုသိုလ်ပြုပါ။

ဒသကနိပါတ် ပြီးပြီ။

http://www.dhammadownload.com

# ကောသမ္ဗကနိပါတ်

## ဇာတ်စုစုပေါင်း—၉

## ၄၅၅။ မာတုပေါသကဇာတ်

### မိဘကျေးဇူးကိုသိတတ်သော ဆင်ဖြူတော်

**ပစ္စုပ္ပန်ဝတ္ထု**


မိဘကိုလုပ်ကျွေးသော မထေရ်တစ်ပါးနှင့်ပတ်သက်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတွင် ဆင်ဖြူတော် ဖြစ်နေသည်။ သူ့မယ်တော် ဆင်မကြီးကား မျက်စိနှစ်ကွင်း အလင်းမရဖြစ်နေသည်။ ဆင်မင်းသည် စဏ္ဍောရဏတောင်ခြေရှိ ပဒုမ္မာကြာတောကြီးတစ်ခုကို မှီလျက် အမိကို လုပ်ကျွေးပြုစုနေသည်။

တစ်နေ့တွင် ဘုရားလောင်း ဆင်မင်းသည် တောထဲ၌ မျက်စိလည် လမ်းမှားနေသည့် ဗာရာဏသီသား မုဆိုးတစ်ဦးကို မိမိကျောကုန်းပေါ်တင်၍ လူသွားလမ်းပေါ် အရောက် ပို့ပေးလိုက်သည်။ ထိုမုဆိုး ဗာရာဏသီသို့ ပြန်ရောက်သော် ဗာရာဏသီမင်းကြီး၏ မင်္ဂလာဆင်တော် သေဆုံးခဲ့ပြီး ဖြစ်သည်။ သည်တွင် မင်းကြီးထံ မျက်နှာကောင်းရလိုသော မုဆိုးကြီးက မင်းကြီးအား ဆင်ဆရာနှင့်အဖွဲ့ကိုခေါ်၍ ဘုရားလောင်းဆင်မင်းကို ဖမ်းယူစေသည်။ ဆင်မင်းသည် ထိုလူစုကို မြင်ကတည်းက မိမိသီလပျက်မည်စိုး၍ အမျက်မထွက်ဘဲ ငြိမ်သက်မှု သည်းခံရန် အဓိဋ္ဌာန်ပြုလိုက်သည်။ ဆင်ဆရာက နှာမောင်းကိုကိုင်၍ ခေါ်ရုံမျှနှင့် လိုက်ပါသွားခဲ့သည်။

http://www.dhammadownload.com




ဇာတ်အမှတ်-၄၅၅ မှဆိုးအားကျောပေါ်တင်လျက် လူတို့သွားရာလမ်းအရောက်ပို့ဆောင်ရန် ဘုရားလောင်းဆင်မင်း တောထဲမှထွက်လာစဉ်



http://www.dhammadownload.com



နေပြည်တော်သို့ရောက်သွားချိန်၌ မင်းကြီးသည် အထူးထူးသော အရသာရှိသော ဘောဇဉ်များကို ဆင်မင်းအား ပေးစေသည်။ ဆင်မင်းက မစား။ မင်းကြီးက စားရန်တိုက်တွန်းသောအခါ ဆင်မင်းက 'မြတ်သောမင်းကြီး ပြုစုလုပ်ကျွေးမည့်သူမရှိ၍ အထီးကျန်တစ်ကောင်တည်းဖြစ်နေခဲ့သော မျက်စိမမြင် မိခင်အိုသည် စန္ဒောရဏတောင်သို့သွားစဉ် သစ်ငုတ် များကို တိုက်မိလေတော့မည်'ဟု ပူဆွေးစွာပြောလေသည်။ သည်အကြောင်းကို သိလိုက်ရတော့မှ မင်းကြီးသည် ဆင်မင်းအား ပြန်လွှတ်ပေးရန် အမိန့်ပေးလိုက်သည်။ ဆင်မင်းသည် မင်းကြီးကို တရားဟောခဲ့ပြီး မိခင်အိုရှိရာသို့ ထွက်လာခဲ့သည်။ ကြာစွယ်ကြာရင်းများ ကိုယူ၍ ခုနစ်ရက်တိုင် အစာပြတ်နေခဲ့သော မိခင်အိုကြီးအား ဦးစွာကျွေးမွေးသည်။ မိခင်အိုကြီး ကွယ်လွန်သွားသော် 'ကရဏ္ဍက'မည်သော သခ်မ်းကျောင်းမှ ရသေ့ငါးရာတို့အား ဝတ်ကြီးဝတ်ငယ်များကို ပြုစုရင်း အသက်ထက်ဆုံးနေသွားခဲ့သည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ။ မုဆိုး-ဒေဝဒတ်။ ဆင်ဆရာ-အရှင်သာရိပုတ္တရာ။ မယ်တော်ဆင်မ-မယ်တော်မာယာ။ ဆင်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကျေးဇူးကြီးသူ မိဘများကို နေ့ညလုပ်ကျွေးပါ။

---

# ၄၅၆။ ဇုဏှဇာတ်

## ကတိကို တန်ဖိုးထားသူ

### ပစ္စုပ္ပန်ဝတ္ထု

ဗုဒ္ဓမြတ်စွာသည် အရှင်အာနန္ဒာမထေရ် ဆုရှစ်ပါးရပုံကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် သားတော် 'ဇုဏှ'မင်းသားသည် တက္ကသိုလ် ဆရာကြီးထံတွင် ပညာသင်နေရာမှ ပြန်လာခဲ့ရာ ပုဏ္ဏားတစ်ဦးကို ညအမှောင်ထဲတွင် လက်ရုံးဖြင့်ဝင်တိုက်မိသည်။ ပုဏ္ဏား၏လက်ထဲမှ ထမင်းခွက်သည်လည်း ကျ၍သွားခဲ့သည်။ ပုဏ္ဏားက ထမင်းခွက်ဖိုး ပေးလျော်စေခိုင်းရာ မင်းသားက ငါသည် ယခုမပေးနိုင်သေးကြောင်း၊ ဗာရာဏသီမင်းကြီး၏သားတော် 'ဇုဏှ'ဆိုသူမှာ မိမိပင်ဖြစ်ကြောင်း၊ ငါ မင်းဖြစ်သည့်အခါမှ လာတောင်းရန် ပြောဆိုမှာထားခဲ့ပြီး ထွက်ခွာလာခဲ့သည်။

ဇုဏှာသည် ပညာစုံ၍ ရွှေဘုံသို့ပြန်ရောက်ပြီးနောက် မကြာမီပင် မင်းအဖြစ်ကို ရရှိခဲ့သည်။ ယင်းသတင်းကို ကြားသိလိုက်ရသော ပုဏ္ဏားသည် ထမင်းခွက်ဖိုး တောင်းရန် အတွက် ဗာရာဏသီသို့ လိုက်လာခဲ့သည်။

ပုဏ္ဏားက ရွာငါးရွာ၊ ကျွန်ပေါင်းတစ်ရာ၊ နို့စားနွားမ ခုနစ်ရာ၊ အထောင်မကသော ရွှေစင်နိက္ခများနှင့် ဆင်ပြင်သွယ်လျှ ရှုယ်တူမျှသော မယားနှစ်ယောက်တို့ကို ပေးသနားတော်မူရန် တောင်းဆိုသည်။

ထိုအခါ မင်းကြီးက မိမိအပေါ်တွင် ကျေးဇူးပြုခဲ့ခြင်း ရှိ မရှိကို မေးသဖြင့် ပုဏ္ဏားက ညမှောင်မှောင် တကျွဲသိုလ်လမ်းမပေါ်တွင် ထမင်းခွက်ကွဲရပုံကို နောက်ကြောင်းပြန် လျှောက်တင်လိုက်ရာ မင်းကြီးသည် အဖြစ်ဟောင်းကို ပြန်လည်သတိရသွားခဲ့သဖြင့် တောင်းဆိုလာသော ဆုအားလုံးကို ပေးအပ်လိုက်သည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏား-အရှင်အာနန္ဒာ။ ဇုဏှာဘုရင်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တရားရှိသူမှသာ ကတိမြဲသည်။

# ၄၅၇။ ဓမ္မဒေဝပုတ္တဇာတ်

## တရားသူနှင့် မတရားသူ

ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်မြေမျိုခံရခြင်းနှင့်ပတ်သက်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးစိုးစံစဉ် ဘုရားလောင်းသည် 'ဓမ္မ'နတ်သား ဖြစ်နေသကဲ့သို့ ဒေဝဒတ်သည်လည်း 'အဓမ္မ'နတ်သားဖြစ်နေခဲ့သည်။ လူ့ပြည်မှ လူများ ညဥ့်ဦးယံတွင် ထမင်းစားကြ၍ အိမ်ရှေ့ခန်း၌ နေထိုင်ကြပြီဆိုလျှင် ဓမ္မနတ်သားသည် သူ့ပရိသတ်နှင့်အတူ နတ်ရထားစီး၍ ထွက်လာကာ ရွာ၊ နိဂုံး၊ ဇနပုဒ် မင်းနေပြည်တော်တို့၏ ကောင်းကင်ပေါ်တွင်ရပ်၍ 'မိဘများကို လုပ်ကျွေးကြလော့၊ သုစရိုက်တရားသုံးပါး ကို ပွားများကြလော့'ဟု နှိုးဆော်သည်။ ထို့နောက် ဇမ္ဗူဒိပ်ကျွန်းပေါ်ကို လက်ယာရစ် လှည့်လျက် ရှေ့ခရီးဆက်သွားတတ်သည်။ တစ်ချိန်တည်းတွင်ပင် အဓမ္မနတ်သားသည်

http://www.dhammadownload.com

လည်း 'သူ့အသက်ကို သတ်ကြလော့'ဟု စသည်ဖြင့် လှုံ့ဆော်တိုက်တွန်းလျက် ဓမ္မဒ္ဒိပ်ကို လက်ဝဲရစ် လှည့်လည်သည်။

တစ်ခါသော် နတ်သားနှစ်ဦးတို့၏ ရထားများသည် ကောင်းကင်ပေါ်၌ ရင်ဆိုင် ဆုံတွေ့ကြရာ တစ်ဦးနှင့်တစ်ဦး လမ်းဖယ်ပေးရန် တောင်းဆိုကြသည်။ ဓမ္မနတ်သားက 'ငါသည် ကြီးလည်းကြီးသည်၊ ရှေးလည်းကျသူဖြစ်၍ သင်အငယ်သည် ကြီးမြတ်သူအား လမ်းဖယ်ပေးလော့'ဟု ဆိုသည်။ အဓမ္မနတ်သားက 'သင်က ဖယ်ပေးဆိုတိုင်း ဖယ်မပေး နိုင်၊ စစ်ထိုးလိုက ထိုးမည်၊ သံကသာ ရွှေကို ဖြတ်နိုင်သည်၊ ရွှေဖြင့် သံကိုဖြတ်မရပါ၊ သံသည် ရွှေကိုဖျက်ဆီးသကဲ့သို့ သင့်ကိုလည်း ငါဖျက်ဆီးပစ်လိုက်မည်'ဟု ဆိုသည်။

သည်တွင် လူမိုက်နှင့် ဖက်ပြိုင်မှုမပြုလိုသော ဓမ္မနတ်သားက ငါသည် သင့်အား လမ်းဖယ်ပေးပါသည်။ ကြမ်းကြုတ်ခက်ထန်သော သင့်စကားကိုလည်း ငါသည်းခံပါသည် ဟု ဆိုသည်။ ယင်းခဏတွင်ပင် အဓမ္မနတ်သားသည် ရထားပေါ်၌ ရပ်တည်မနေနိုင်တော့ ဘဲ ဦးစောက်ထိုး၍ မြေပြင်ပေါ်သို့ကျသွားရာ မြေသည် သူ့ကိုမျိုယူသွားသဖြင့် အဝီစိငရဲ သို့ ရောက်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ အဓမ္မနတ်-ဒေဝဒတ်။
အဓမ္မနတ်၏ပရိသတ်-ဒေဝဒတ်၏ပရိသတ်။
ဓမ္မနတ်၏ပရိသတ်-ဗုဒ္ဓ၏ပရိသတ်။ ဓမ္မနတ်သား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါစေနှင့်။

---

## ၄၅၈။ ဥဒယဇာတ်

### ဏတိတည်သူစုံတွဲ

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၏ ဆန့်ကျင်ဘက် ပြုလုပ်နေသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကာသိတိုင်း သုရုန္ဓနမြို့မှ ကာသိကရာဇ်မင်းတွင် မိဖုရားကြီးမှဖွားမြင်သော ဥဒယ ဘဒ္ဒ ခေါ်တွင်သူ သားတော်တစ်ပါးနှင့် အခြားမိဖုရားတစ်ဦးမှ ဖွားမြင်သော ဥဒယဘဒ္ဒါ ခေါ်တွင်သူ သမီးတော်တစ်ပါးရှိသည်။ ဖတူမိကွဲများဖြစ်ကြသော သူတို့မောင်နှမကား

http://www.dhammadownload.com

http://www.dhammadownload.com



ဖြဟ္မာ့ပြည်မှ လာခဲ့ကြသူ များဖြစ်သောကြောင့် မြတ်သောအကျင့်ကို ကျင့်ကြသည်။ မေထုန်မှုနှင့်စပ်၍ အိပ်မက်သော်မျှ မက်ဖူးခြင်းမရှိကြချေ။ ထိုမောင်နှမအား ထိမ်းမြား လက်ထက်ပေးပြီး သားတော် ဥဒယဘဒ္ဒအား ဘိသိက်သွန်းလျက် မင်းမြှောက်ပြီးလျှင် သမီးတော်အား မိဖုရားအရာ၌ ထားစေခဲ့သည်။

သို့ရာတွင် ထိုမင်းနှင့်မိဘုရားတို့သည် မိမိတို့နှစ်ဦးတွင် ဦးစွာသေသူသည် ဖြစ်ရာ ဘုံဘဝမှလာ၍ ငါသည် ဤမည်သည်သော ဘုံဘဝ၌ ဖြစ်နေသည်ဟု ပြောကြစတမ်းဟူ၍ ကတိတစ်ခု ထားခဲ့ကြသည်။ နှစ်ပေါင်းခုနစ်ရာပြည့်မြောက်ချိန်၌ ဥဒယဘဒ္ဒမင်းသည် နတ်ရွာစံ၍ တာဝတိံသာ၌ သိကြားမင်းဖြစ်လေသည်။

သိကြားမင်းသည် ဥဒယဘဒ္ဒါမင်းသမီးစိတ်ကို စမ်းလိုသဖြင့် ထိုညဥ့်၌ပင် တစ်ပါး တည်းစံနေသော မင်းသမီး၏တိုက်ခန်းထဲသို့ ဝင်လာခဲ့သည်။ ရွှေဘဲရုပ်များဖြင့်ပြည့်နေ သော ရွှေခွက်ကြီးတစ်ခုကို လက်ဆောင်ပေး၍ သူနှင့်အတူ ပျော်စံရန် ပြောသည်။ မင်းသမီးက လက်မခံ။ နောက်တစ်ဖန် ငွေဘဲရုပ်များအပြည့်ထည့်ထားသော ငွေခွက်ကြီး ကိုင်လျက် ရောက်လာပြီး အတူစံခွင့်ပြုပါရန် တောင်းပန်သည်။ မင်းသမီးက လက်မခံ။ နောက်တစ်ချိန်၌လည်း ကြေးဘဲရုပ်ကို ကြေးခွက်တွင် ထည့်၍ လာပြန်သည်။ မင်းသမီးက သင်နတ်မင်း၏ အကျင့်သဘောသည် အများနှင့် ဆန့်ကျင်နေသည်။ ရွှေခွက်၊ ငွေခွက်မှ အသပြာမျှသာ ပါတော့သော ကြေးခွက်သို့ နိမ့်လျှော့၍ သွေးဆောင်နေသည်ဟု ဆိုလိုက် သည်။

ထိုအခါ သိကြားမင်းက နမငယ်အသက်သည်လည်းကောင်း၊ အဆင်းသည် လည်းကောင်း တစ်နေ့တစ်ခြား အိုမင်းယိုယွင်းနေပြီဖြစ်သည့်အတွက် ဥစ္စာကို ဆုတ်ယုတ် လျှော့ချပေးပါသည်ဟု ပြောပြီး သိကြားမင်းက အဖြစ်စုံကို ပြောပြကာ ထားရှိခဲ့ဖူးကြသော ကတိကဝတ် အတိုင်း လာခဲ့ရခြင်းဖြစ်ကြောင်း ပြောဆိုသည့်အခါ မင်းသမီးက အရှင့်ထံ၌ ခစားလုပ်ကျွေး ၍ နေခွင့်ရအောင် ကျင့်ဆောင်ရမည့် တရားနည်းလမ်းများကို ညွှန်ကြား ပြသခဲ့ပါဟု တောင်းပန်သည့်အတွက် သိကြားမင်းက ထပ်မံ၍ အဆုံးအမများကို ပေးခဲ့ သည်။ မင်းသမီးသည် အမတ်တို့အား ပြည်ကို လွှဲအပ်ထားခဲ့ပြီးလျှင် ရသေ့မပြုကာ တရားများ ကျင့်ကြံအားထုတ်သည်။ သူမကွယ်လွန်သွားသောအခါ တာဝတိံသာနတ်နန်း၌ သိကြားမင်း၏အလုပ်ကျွေး သွားဖြစ်သည်။

**ဇာတ်ပေါင်း။** ။ ဥဒယဘဒ္ဒါမင်းသမီး-ရာဟုလာမယ်တော်။ သိကြားမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လမ်းကောင်းညွှန်ပြလျှင် လိုက်နာပါ။

http://www.dhammadownload.com



# ၄၅၉။ ပါနီယဇာတ်

## မကောင်းမှုရှောင် ကောင်းမှုဆောင်သူများ

**ပစ္စုပ္ပန်ဝတ္ထု**

ကာမဂုဏ်ရည်နှင့်စပ်လျဉ်းသော အကြံအစည်ကို ကြံစည်မိကြသော ရဟန်းငါးရာကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကာသိတိုင်းမှ မိတ်ဆွေနှစ်ဦး တို့သည် ရေဘူးကိုယ်စီဖြင့် လယ်တောသို့ သွားကြရာ လယ်တောသို့ ရောက်သောအခါ တစ်ယောက်သည် အဖော်ဖြစ်သူ၏ ရေဘူးထဲမှရေကို တိတ်တဆိတ်ယူသောက်မိသည်။ ထိုသူသည် မိမိ၏သီလကို ဆင်ခြင်ကြည့်ရာ နေ့လယ်က ရေခိုးသောက်မိသောအဖြစ်ကို သတိရသဖြင့် အထိတ်တလန့်ဖြစ်ကာ ဤတဏှာ တိုးပွားလာလျှင် ငါ့ကို အပယ်၌ပစ်ချ လိုက်မည်။ ဤကိလေသာကို နှိပ်ကွပ်အံ့ဟု နှလုံးသွင်း၍ ဝိပဿနာကို ရှုပွားရာ ထိုနေရာ၌ပင် ပစ္စေက ဗောဓိဉာဏ်ကို ရရှိသွားသည်။ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် နန္ဒမူလိုဏ်ဂူရှိရာသို့ ကြွသွား တော်မူသည်။

ကာသိရွာမှ သူကြွယ်တစ်ဦးသည်လည်း သူတစ်ပါးသားမယားကို ဣန္ဒြေဖျက်၍ တစိမ့်စိမ့်ကြည့်ပြီးကာမှ ဤလောဘ တိုးပွားလျှင် ငါ့ကို အပါယ်ဘုံသို့ ပစ်ချတော့မည်ဟု ထိတ်လန့်စိတ်ဝင်လာလျက် ဝိပဿနာကို ရှုပွားရာ ပစ္စေကဗောဓိဉာဏ်ကို ရရှိ၍ ပစ္စေက ဗုဒ္ဓါ အဖြစ်ဖြင့် နန္ဒမူလိုဏ်ဂူသို့ပင် ကြွသွားတော်မူသည်။

ကာသိတိုင်းမှ တောအုပ်တစ်ခု၌ ထကြွနေကြသော လူဆိုးများသည် သားနှင့်အဖ ကိုတွေ့လျှင် သားကိုဖမ်း၍ အဖကို ဥစ္စာပြန်ယူခိုင်းတတ်ကြသည်။ တစ်နေ့တွင် ထိုခရီးသို့ လာကြသော သားအဖနှစ်ယောက်သည် ပြန်ပေးများ၏ ဖမ်းဆီးခြင်းခံကြရသည်။ သူတို့ မည်သို့တော်စပ်ကြသနည်းဟု ပြန်ပေးများက မေးကြသော် မည်သို့မျှ တော်စပ်ခြင်းမရှိ ကြကြောင်း အဖြေပေးကြသည်။ ထိုတောအုပ်မှလွန်လာပြီး ညနေချမ်းရေချိုးပြီးအချိန်တွင် သားဖြစ်သူသည် မိမိ၏သီလကို ပြန်၍စစ်ကြောကြည့်ရာ ထိုမုသာဝါဒကံကို မြင်မိသော ကြောင့် အထိတ်တလန့် ဖြစ်သဖြင့် ဝိပဿနာကို ရှုပွားသော် ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားသည်။ ထို့နောက် ကောင်းကင်ခရီးဖြင့် နန္ဒမူလိုဏ်ဂူရှိရာသို့ ကြွသွားတော်မူ သည်။

http://www.dhammadownload.com



ကာသိတိုင်းမှ ရှာသူကြီးတစ်ယောက်သည် သားကြီးငါးကြီးများ မသတ်ရဟု တားမြစ် ပိတ်ပင်ထားသည်။ ဗလိနတ်စာကျွေးချိန်သို့ရောက်သော် ရွာသားများက အရေး ဆိုလာကြသဖြင့် ခွင့်ပြုလိုက်ရသည်။ သတ္တဝါများ သေကြေပျက်စီးကြရသည်ကို မြင်တွေ့ရ သော ရွာသူကြီးသည် စိတ်နှလုံးမချမ်းမသာ ဖြစ်လာသည်။ သို့ဖြင့် ဝိပဿနာကို ရှုပွားရာ ပစ္စေကဗောဓိဉာဏ်ကိုရရှိ၍ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် နန္ဒမူလိဏ်ဂူသို့ ကြွသွားတော်မူသည်။

ကာသိတိုင်းမှပင် အခြားရွာသူကြီးတစ်ယောက်သည် သေအရက်များကို တားမြစ် ပိတ်ပင်ထားခဲ့ပြီးမှ ပွဲတော်အချိန်၌ ရွာသူရွာသားတို့က တောင်းပန်သဖြင့် ရောင်းဝယ် သောက်စားခွင့် ပြုလိုက်သည်။ ယင်းပွဲတွင် အမူးသမားချင်း ခိုက်ရန်ဖြစ်ကြရာ အကြီး အကျယ် ဒဏ်ရာအနာတရဖြစ်သွားကြသည်။ ရွာသူကြီးသည် စိတ်လက်မချမ်းမသာ ရှိလာပြီး ၎င်းအဖြစ်ကို ပယ်ဖျောက်လျက် ဝိပဿနာကို ရှုပွားရာ ပစ္စေကဗောဓိဉာဏ်ကို ရရှိ၍ ပစ္စေကဗုဒ္ဓါအဖြစ်ဖြင့် နန္ဒမူလိဏ်ဂူသို့ ကြွသွားတော်မူသည်။

နောက်ကာလ၌ ထိုပစ္စေကဗုဒ္ဓါငါးဆူတို့သည် ဆွမ်းခံရန် ဗာရာဏသီသို့ ကြွလာ တော်မူခဲ့ကြသဖြင့် မင်းကြီးသည် ပစ္စေကဗုဒ္ဓါများကို ဆွမ်းကျွေးပြီးနောက် အဘယ်အပြစ် ကိုမြင်သောကြောင့် ပထမအရွယ်၌ ရဟန်းပြုလာခဲ့ကြပါသနည်းဟု မေးလျှောက်သည်။ ထိုအခါ ပစ္စေကဗုဒ္ဓါများက မိမိတို့ရဟန်းပြုလာရခြင်း၏ နောက်ခံအကြောင်းများကို တစ်ပါးစီ တစ်ပါးစီ မိန့်ကြားတော်မူကြ၏။ မင်းကြီးသည် ယင်းမိန့်ကြားချက်များကို ကြားနာရသည်တွင် လွန်စွာကြည်ညိုသဒ္ဓါဖြစ်ပွားမိသောကြောင့် သင်္ကန်းလျာများနှင့် ဆေး ပစ္စည်းများကို လှူဒါန်းလိုက်သည်။ ပစ္စေကဗုဒ္ဓါများ ပြန်ကြွသွားချိန်မှစ၍ မင်းကြီးသည် ကျက်သရေခန်းထဲသို့ဝင်လျက် ဩဒါတကသိုဏ်းကို ရှုပွားကာ ဈာန်တရားကို ဖြစ်စေ သည်။ နောက်ဆုံးတွင် အမတ်များအား နိုင်ငံကိုအပ်နှံထားခဲ့ပြီး မြောက်ဟိမဝန္တာသို့ ဈာန်ဖြင့်ကြွသွားတော်မူပြီးလျှင် ရသေ့ပြုနေခဲ့သည်။

**ဇာတ်ပေါင်း။** ။ **ပစ္စေကဗုဒ္ဓါများသည် ပရိနိဗ္ဗာန်ပြုခဲ့ကြပြီ။ မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **အကုသိုလ်ကိုပယ်၍ ကုသိုလ်အလုပ်သာလုပ်ပါ။**

http://www.dhammadownload.com



# ၄၆၀။ ယုဓဉ္စယဇာတ်

## ရဟန်းပြုခွင့်တောင်းသူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာ၏ တောထွက်တော်ကာ တရားကျင့်ကြံအားထုတ်ခြင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရမ္မပြည်၌ မင်းပြုသော သဗ္ဗဒတ္တမင်းတွင် သားတော်ပေါင်း တစ်ထောင်ရှိသည်။ အိမ်ရှေ့စံကား ယုဓဉ္စယမည်သော သားတော်ကြီးဖြစ်သည်။ အဆိုပါ သားတော်ကြီးသည် နေ့စဉ်အလှူကြီးပေးလေ့ရှိသည်။ သူသည် တစ်နေ့တွင် ဥယျာဉ်ကစားရန် ထွက်လာစဉ် သစ်ပင်ဖျား၊ မြက်ပင်ဖျား၊ ပင့်ကူမြွေး စသည်တို့၌ ခိုသီးနေကြသော ဆီးနှင်းစက်ကလေးများကို မြင်တွေ့သွားသည်။ ညနေချမ်း ဥယျာဉ်ကစားရာမှ ပြန်ခဲ့ချိန်တွင်မူ ထိုဆီးနှင်းစက်များကို မတွေ့ရတော့။

ယုဓဉ္စယက သတ္တဝါတို့၏ ဇီဝိတသည် အမြဲမရှိ၊ ငါသည် အို၊ နာ၊ သေမှုတို့ မနှိပ်စက်မီ ရဟန်းပြုမှ ဖြစ်မည်ဟုတွေးကာ ခမည်းတော်နှင့် မယ်တော်တို့ထံ ရဟန်းပြုခွင့် တောင်းသည်။ မင်းကြီးသည် အကြိမ်ကြိမ်တောင်းသဖြင့် ခေါင်းမာလွန်းသော သားတော်အား ရဟန်းပြုခွင့် ပေးလိုက်သည်။

ယုဓဉ္စယ၏ ညီတော် ယုဓိဋ္ဌိလကလည်း ရဟန်းပြုခွင့် တောင်းလာပြန်သည်။ ခမည်း တော်က ခွင့်ပြုလိုက်ပြန်သဖြင့် ညီနောင်နှစ်ယောက်တို့သည် ရသေ့ရဟန်းပြုကာ ဈာန် အဘိညာဉ်များကို ရရှိခဲ့ကြသဖြင့် သေလွန်ပြီးသော် ဗြဟ္မာ့ပြည်သို့ ရောက်သွားကြသည်။

ဇာတ်ပေါင်း။ ။ မယ်တော်၊ ခမည်းတော်-သုဒ္ဓေါဒနနှင့် မယ်တော်မာယာ။ ယုဓိဋ္ဌိလ-အရှင်အာနန္ဒာ။ ယုဓဉ္စယ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အို၊ နာ၊ သေမှုတို့မှ လွတ်ကင်းအောင် ကြိုးစားပါ။

http://www.dhammadownload.com



# ၄၆၁။ ဒသရထဇာတ်

## ဖခင်စကား နားထောင်သူ

### ပစ္စုပ္ပန်ဝတ္ထု

အဖသေ၍ သောကမီးတောက်လောင်နေသော သူကြွယ်တစ်ဦးကို အကြောင်းပြု၍ ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီ၌ မင်းပြုသော ဒသရထမင်းကြီး၌ ရာမနှင့် လက္ခဏဆိုသော သားတော် နှစ်ပါးအပြင် သီတာမည်သော သမီးတော်တစ်ပါး ရှိလေသည်။ တစ်ချိန်တွင် မိဖုရားကြီး နတ်ရွာစံသွားလေရာ မင်းကြီးသည် အခြားမင်းသမီးတစ်ပါးကို မိဖုရားမြှောက်လိုက်သည်။ ဤမိဖုရားနှင့် ဘာရတမည်သော သားတော် ထွန်းကား၏။ မင်းကြီးသည် သားတော်လေး ကို ချစ်မြတ်နိုးတော်မူသဖြင့် မိဖုရားက သားတော်လေး ရှစ်နှစ်သားအရွယ်သို့ ရောက်သော် မင်းအဖြစ်ပေးပါဟု တောင်းဆိုသည်။ သားတော်ကြီးများရှိနေသည့်အတွက် မင်းကြီးက လက်မခံ။

မင်းကြီးသည် သားတော်ကြီးနှစ်ပါးအတွက် အန္တရာယ်ရှိမည်စိုးရိမ်သဖြင့် တောရပ် ခွင်သို့ သွားနေကြရန်လည်းကောင်း၊ တစ်ဆယ့်နှစ်နှစ်ကြာမှ ပြန်လာ၍ ထီးနန်းကို သိမ်း ပိုက်ကြရန်လည်းကောင်း အမိန့်တော်ထားသည်။ ထို့ကြောင့် မောင်နှမသုံးဖော်တို့သည် ဟိမဝန္တာသို့ သွားရောက်၍ သစ်မ်းကျောင်းဖြင့် နေထိုင်ကြသည်။ ကိုးနှစ်ကြာသောအခါ ဒသရထမင်းကြီး နတ်ရွာစံသွားသည်။ ထိုအခါ မိဖုရားကြီးက မိမိ၏သားတော် ဘာရတ မင်းသားအား မင်းအဖြစ်ကိုပေးရန် တောင်းဆိုသည်။ အမတ်များက ထီးနန်းပိုင်ရှင် များသည် တောထဲ၌ ရှိနေကြသည်ဟု ဆိုကာ သဘောမတူကြ၏။ ဤတွင် ဘာရတ မင်းသားသည် ရာမကို ထီးနန်းအပ်ရန် စစ်အင်္ဂါလေးပါးဖြင့် တောထဲသို့ဆင်းလာခဲ့သည်။ ဘာရတသည် ရာမအား ခမည်းတော်၏အကြောင်းကို လျှောက်ထားရင်း ခြေရင်း၌ဝပ်၍ ငိုကြွေးသည်။ လက္ခဏနှင့် သီတာဒေဝီတို့သည် ထိုစကားကို ကြားလိုက်ရသည်နှင့် မေ့မြောသွားကြသည်။

ရာမမင်းသားက ငိုနေသူတို့အား တရားဟောကြားသည်။ ထို့နောက် ဘာရတက ရာမမင်းသားအား ဗာရာဏသီ၌ မင်းပြုရန် လျှောက်ထားရာ ရာမက လက်မခံချေ။

http://www.dhammadownload.com



ညီတွေး၊ ညီလတ်နှင့် သီတာတို့သာ မင်းပြုကြလော ခမည်းတော်က ငါ့အား တစ်ဆယ့်နှစ်နှစ်လွန်မှ ပြန်လာ၍ မင်းပြုရန် မှာကြားခဲ့သည်။ ငါ၏ ဤမြက်ခြေနင်းတို့သည် ငါလာသည့်တိုင်အောင် မင်းပြုကြလိမ့်မည်ဟုဆို၍ ရာမမင်းသည် မိမိ၏ခြေထောက်မှ မြက်ခြေနင်းတို့ကို ချွတ်ပေးလိုက်သည်။

မောင်နှမသုံးဖော်တို့သည် ဗာရာဏသီ ပြန်ရောက်လာကြသောအခါ မြက်ခြေနင်းကို ရာဇပလ္လင်ပေါ်၌ မင်းအဖြစ် အသိအမှတ်ပြုလိုက်ကြသည်။ ရာမမင်းသည် သုံးနှစ်လွန်ခါမှ နေပြည်တော်သို့ ပြန်လာခဲ့ကာ နှမတော် သီတာဒေဝီကို မိဖုရားပြု၍ ရာဇာဘိသေက ခံယူသည်။

ဇာတ်ပေါင်း။ ။ ဒသရထမင်း-သုဒ္ဓေါဒန။ မယ်တော်-မာယာဒေဝီ။
သီတာဒေဝီ-ယသော်ဓရာ။ ဘရတမင်းသား-အရှင်အာနန္ဒာ။
လက္ခဏ-အရှင်သာရိပုတ္တရာ။ ရာမမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မျက်ရည်သည် အပူမီးကိုမငြိမ်းစေနိုင်။

---

# ၄၆၂။ သံဝရဇာတ်

## ဆရာစကား လိုက်နာသူ

### ပစ္စုပ္ပန်ဝတ္ထု

သိက္ခာငါးဝါရပြီးသော သာဝတ္ထိမှ ရဟန်းတစ်ပါးသည် လုံ့လကြီးစွာဖြင့် ဝါတွင်း သုံးလပတ်လုံး ကြိုးစားအားထုတ်သော်လည်း တရားထူးမရရှိခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုမင်း၏ သားတော်ပေါင်း တစ်ရာတို့အနက် သံဝရမည်သော မင်းသားသည် အငယ်ဆုံးဖြစ်သည်။ သံဝရကို ပညာသင်ပေးရသူကား ဘုရားလောင်းအမတ် ဖြစ်သည်။ ပညာသင်ပြီး၍ ပြန်လာကြသော သားတော်များအား မင်းကြီးသည် ဇနပုဒ်မြို့ရွာများသို့ ပေးအပ်၍ ထိုရွာတို့သို့ အသီးသီးစေလွှတ်လိုက်သည်။ သံဝရသည် ယင်းဒေသမျိုးကို မသွားရောက်လိုသဖြင့် မိမိအားလည်း ယင်းဒေသမျိုးကို ပေးအပ်၍ စေလွှတ်လျှင် မည်သို့ပြုရမည်ကို ဆရာဖြစ်သူ ဘုရားလောင်း

http://www.dhammadownload.com



အမတ်အားမေးရာ အငယ်ဆုံးဖြစ်သော အကျွန်ုပ်သည် ခမည်းတော်၏ ခြေရင်း၌သာလျှင် နေပါမည်ဟု လျှောက်ထားရန် သင်ပေးလိုက်သည်။

သံဝရ ပညာစုံချိန်၌ ခမည်းတော်သည် ဇနပုဒ်ကျေးရွာများကိုပေးရာ သံဝရသည် ဆရာသင်ပေးထားသည့်အတိုင်း လျှောက်တင်လိုက်သည်။ မင်းကြီးကလည်း သံဝရ ဆန္ဒအတိုင်း မိမိ၏ခြေရင်း၌ နေခွင့်ပေးလိုက်သည်။ သံဝရသည် ဘုရားလောင်းအမတ်၏ ညွှန်ပြမှုအရ ပန်းမျိုးစုံနှင့် သစ်သီးမျိုးစုံ စိုက်ပျိုးသည်။ ပန်း၊ သစ်သီးများကို အာဏာရှိသူ အရာရှိကြီးများအား ချီးမြှင့်ပေးကမ်းသည်။ ထမင်းရိက္ခာပေးဝေသော တာဝန်ကိုလည်း လွှဲပြောင်းယူသည်။ နန်းတွင်းသူ၊ နန်းတွင်းသားများအား ချီးမြှင့်ကျွေးမွေးရမည့် တာဝန် အားလုံးကိုလည်း သူကိုယ်တိုင်ပင် ဆောင်ရွက်သည်။ သံတမန်များ နေရာထိုင်ခင်းချထားမှုကိုလည်း သူဆောင်ရွက်သည်။

ခမည်းတော် နတ်ရွာစံလျှင် အားလုံး၏ဆန္ဒအရ သံဝရမင်းသားအား ထီးဖြူအပ်၍ နန်းရပ်ကို ပေးလိုက်ကြသည်။ နောင်တော် ကိုးကျိပ်ကိုးယောက်တို့က မကျေနပ်၍ စစ်ထိုးရန် ဝိုင်းရံလာကြသည်။ သံဝရမင်းကြီးသည် အဖအမွေကို အစုတစ်ရာစု၍ ကိုးဆယ့်ကိုးစုကို နောင်တော်များထံ ပို့လိုက်သည်။ နောင်တော်နှင့် စစ်မထိုးလိုပါဟူသော သတင်းစကားကိုလည်း ပို့စေလိုက်သည်။ ထိုအခါ နောင်တော်များသည် သံဝရမင်းသားအပေါ် နားလည်မှုရသွားကြကာ ညီတွေးသည့်ပင် မင်းပြုပါစေဟုဆိုပြီး အသီးသီးပြန်သွားကြတော့သည်။

**ဇာတ်ပေါင်း။** ။ **သံဝရ-ဝီရိယကိုလျှော့သောရဟန်း။**
**သံဝရမင်းကြီး၏ပရိသတ်များ-ဗုဒ္ဓ၏ပရိသတ်။ ပညာရှိအမတ်-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ဆရာအဆုံးအမကို လိုက်နာသူသည် ကောင်းကျိုးခံစားရမြဲ။**

---

# ၄၆၃။ သုပ္ပာရကဇာတ်

## သီလ၏အစွမ်း

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်ကိုယ်တော်မြတ်၏ ပါရမီတော်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ကုရုတိုင်း၌ ကုရုအမည်ရှိသော မင်းကြီးတစ်ပါး ထီးနန်းအုပ်စိုးစဉ် ဘုရားလောင်းသည် ကုရုကစ္ဆသင်္ဘောဆိပ်ရွာမှ သင်္ဘောသူကြီး မာလိန်မှူး၏သားဖြစ်နေခဲ့သည်။ အမည်မှာ သုပ္ပါရကဖြစ်ပြီး သူသည် တစ်ဆယ့်ခြောက်နှစ်သားအရွယ်၌ ရေကြောင်းသွားလာမှုဆိုင်ရာ အတတ်ပညာကို အပြီးတိုင်တတ်မြောက်ခဲ့သဖြင့် အဖကွယ်လွန်သော် သင်္ဘောသူကြီးအဖြစ် အမှုထမ်းလေသည်။ တစ်ခါတွင် သူ့မျက်စိထဲသို့ ဆားငန်ရေများ ဝင်သွားသဖြင့် သူ့မျက်လုံးအစုံသည် ပျက်စီးသွားခဲ့ရသောကြောင့် သုပ္ပာရကသည် သင်္ဘောသူကြီးရာထူးမှ နုတ်ထွက်လျက် မင်းမှုထမ်းဘဝသို့ ကူးပြောင်းလိုက်သည်။

မင်းမှုထမ်းဘဝတွင် အဆင်မပြေပြန်သဖြင့် မိမိရွာသို့ ပြန်လာခဲ့ရာ ကုန်သည်များက သူတို့သင်္ဘောတွင် သင်္ဘောသူကြီးအဖြစ် လိုက်ပါဆောင်ရွက်ပေးပါရန် တောင်းပန်ကြသည်။ သုပ္ပာရက က ဆောင်ရွက်ပေးမည်ဟု ကတိပြုလိုက်သည်။

ထို့နောက် သင်္ဘောထွက်လာခဲ့ရာ လေ၏နှောင့်ယှက်မှုကြောင့် သင်္ဘောလမ်းသည် အခြားသမုဒ္ဒရာတစ်ခုထဲသို့ ရောက်သွားသည်။ ထိုသမုဒ္ဒရာမှ ငါးများ၏ကိုယ်သည် လူကိုယ်ခန္ဓာနှင့်တူနေသဖြင့် မည်သည့်သမုဒ္ဒရာဖြစ်ကြောင်း ကုန်သည်များက မေးမြန်းကြရာ 'ခုရမာလိသမုဒ္ဒရာ'ဟု သုပ္ပာရက က ဖြေကြားလိုက်သည်။ ထို့နောက် သူသည် သင်္ဘော ကို ရပ်တန့်စေလျက် ငါးဖမ်းပိုက်ကွန်ဖြင့် ပိုက်ကွန်ကို ချစေပြီးလျှင် ဝဇိရစိန်များကို ဆယ်ယူ၍ သင်္ဘောဝမ်းထဲ၌ ထည့်ထားလိုက်သည်။ ထိုသမုဒ္ဒရာမှလွန်လာပြီး မီးပုံကြီးသို့လည်းကောင်း၊ မွန်းတည့်နေသို့လည်းကောင်း အရောင်ထွက်နေသော အခြားသမုဒ္ဒရာတစ်ခုသို့ ရောက်လာခဲ့ကြသည်။ ကုန်သည်များက သမုဒ္ဒရာအမည်ကိုမေးကြရာ 'အဂ္ဂိမာလိသမုဒ္ဒရာ'ဖြစ်ကြောင်း သုပ္ပာရက က ဖြေကြားသည်။ ဤသမုဒ္ဒရာအောက်တွင် ရွှေရှိကြောင်းကိုသိသော သုပ္ပာရကသည် ရေးနည်းတူပင် ရွှေများကို ဆယ်တင်၍ ယူလာခဲ့သည်။

ထိုသမုဒ္ဒရာမှ လွန်လာပြီးနောက် နို့ဓမ်းရည်ကဲ့သို့အရောင်ရှိသော သမုဒ္ဒရာတစ်ခုထဲသို့ ရောက်လာခဲ့ကြသည်။ 'ဒဓိမာလိ သမုဒ္ဒရာ'ဖြစ်ကြောင်း သုပ္ပာရကက ပြောပြသည်။ ထို့နောက် ရှေးနည်းတူစွာပင် ငွေများကို ဆယ်ယူလာခဲ့သည်။ တစ်ဖန် ရှေ့သို့ဆက်လာခဲ့ကြသည်တွင် ပတ္တမြားများရှိသော 'ကုသမာလိ သမုဒ္ဒရာ'သို့လည်းကောင်း၊ ထို့နောက် ကြောက်မျက်ရွဲများရှိသော 'နဠမာလိသမုဒ္ဒရာ'သို့လည်းကောင်း၊ နောက်ဆုံးတွင် ဗလဝါမုခ သမုဒ္ဒရာ'သို့လည်းကောင်း ရောက်လာကြသည်။

http://www.dhammadownload.com



'ဤသမုဒ္ဒရာကို အဘယ်သို့ခေါ်ပါသနည်း'ဟု မေးကြ၍ သုပ္ပာရက က ယင်းကို 'ဗလဝါမုခ သမုဒ္ဒရာ'ဟု ခေါ်ကြောင်း၊ ဤသမုဒ္ဒရာကို ရောက်လာသူသည် ပြန်လမ်းမရှိကြောင်း ပြောလိုက်ရာ ပါလာခဲ့သည့် သင်္ဘောသား ခုနစ်ရာတို့သည် တစ်ပြိုင်တည်း ငိုကြွေးကြသည်။

ဤတွင် သုပ္ပာရကသည် ရွှေပြည့်ရွှေခွက်ကိုကိုင်၍ သင်္ဘောဦး၌ရပ်လျက် ငါးပါးသီလနှင့် သစ္စာပြုပြီးအဆုံးတွင် ရွှေခွက်ထဲမှရေဖြင့် သင်္ဘောဦးကို သွန်းလောင်းလိုက်ရာ လေးလတိုင် လမ်းလွဲသို့လိုက်နေခဲ့သော သင်္ဘောသည် ထိုနေ့တစ်နေ့ချင်းဖြင့်ပင် သူတို့သွားလိုသည့် ကုရုကစ္ဆသင်္ဘောဆိပ်ကမ်းသို့ ပြန်ရောက်သွားသည်။

ဇာတ်ပေါင်း။ ။ သုပ္ပာရက၏ ပရိသတ်-ဗုဒ္ဓ၏ပရိသတ်။ သုပ္ပာရက-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ပညာရှိသည် အန္တရာယ်မှ ကယ်တင်နိုင်သူဖြစ်သည်။

**စကောဒသနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# ဒွါဒသကနိပါတ်

## ဇာတ်စုစုပေါင်း-၁၀

## ၄၆၄။ စူဠကုဏာလဇာတ်

ဤဇာတ်သည် အသီတိနိပါတ် ဇာတ်အမှတ်(၅၃၆) မဟာကုဏာလဇာတ်၌ အကျုံးဝင်သည်။

---

## ၄၆၅။ ဘဒ္ဒသာလဇာတ်

### အများအကျိုးဆောင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မာန်မာနကြီးသော သာကီဝင်ဆွေတော်မျိုးတော်တို့အား မြတ်ဗုဒ္ဓ စောင့်ရှောက်တော်မူပုံကို ရဟန်းတော်များ ပြောဆိုခြင်းနှင့်ဆက်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မင်းကြီးက တပင်တိုင်နန်းပြာသာဒ်တစ်ဆောင် ဆောက်လုပ်ရန် လက်သမားတို့ကို စေခိုင်း၏။ လက်သမားတို့သည် တိုင်လုပ်ရန် ဥယျာဉ်ထဲမှ မင်္ဂလာအင်ကြင်းပင်ကြီးကို မြင်မိကြ၍ မင်းကြီးထံမှ ခွင့်ပြုမိန့်ရသောအခါ လက်သမားများသည် 'ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ မင်းကြီးအမိန့်ဖြင့် ဤသစ်ပင်ကို ခုတ်လှဲကြမည်။ ဤသစ်ပင်၌နေသောနတ်သည် အခြားသို့သွားလေဟု ဆိုခဲ့ကြသည်။

http://www.dhammadownload.com



ထိုအခါ အင်ကြင်းပင်၌နေသော နတ်သည် ဗိမာန်ပျက်စီးလျှင် ငါ၏အသက်လည်း မရှိပြီ။ ငါ့ဆွေမျိုးနတ်များ၏ ဗိမာန်တို့သည်လည်း ပျက်စီးမည်ဟု တွေးကာ ညဥ့်သန်းခေါင်ယံတွင် ဘုရင်အိပ်စက်ရာ တိုက်ခန်းထဲသို့ ဝင်သွားခဲ့ပြီး မင်းကြီးအား အကျိုးအကြောင်းပြောကာ တောင်းပန်သည်။

မင်းကြီးသည် နတ်သား၏ တရားရှိပုံ၊ ဆွေမျိုးများ၏ အကျိုးစီးပွားဆောင်ရွက်ပုံတို့ကို အသိအမှတ်ပြုကာ အင်ကြင်းပင်ကြီးကို ခုတ်လှဲခြင်းမပြုစေတော့ဘဲ နတ်သားအား ဘေးမဲ့ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ မင်း-အရှင်အာနန္ဒာ။ ဆွေမျိုးနတ်များ-ဗုဒ္ဓ၏ပရိသတ်။
အင်ကြင်းပင်စောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အများအကျိုးကိုဆောင်မှ ကိုယ့်အကျိုးပါအောင်မည်။

---

# ၄၆၆။ သမုဒ္ဒဝါဏိဇဇာတ်

## ခေါင်းဆောင်နှစ်ယောက်၏ ခြားနားချက်

### ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်နှင့် သူ့အလုပ်အကျွေးငါးရာတို့ လာဘ်သပ်ပကာကို မက်မော၍ အဝီစိသို့ ရောက်ရသည်ကို အကြောင်းပြုကာ ဘုရားရှင်က ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ဗာရာဏသီအနီး လက်သမားများသည် ကြွေးမြီများသဖြင့် ထိုရွာ၌ ဆက်မနေကြတော့ဘဲ ရေယာဉ်ကြီးတစ်စင်းလုပ်ကြပြီးလျှင် ထိုလှေကြီးဖြင့် ထွက်ပြေးကြတော့သည်။ သူတို့သည် မဟာသမုဒ္ဒရာအလယ်မှ သလေး၊ ကြံ၊ ငှက်ပျော၊ သရက်၊ ပိန္နဲ၊ သပြေ၊ ထန်း၊ အုန်း စသော သီးမျိုးစုံတို့သည် အလေ့ကျပေါက်သော ကျွန်းငယ်တစ်ခုသို့ ရောက်သွားကြသည်။

သူတို့သည် ကြံရည်ကို အရက်ချက်၍ သောက်ကြသဖြင့် မူးယစ်၍ ကျင်ကြီးကျင်ငယ်များကို မဆင်မခြင် နေရာအနှံ့ စွန့်ချကြသည်။ ဖုံးအုပ်ခြင်းလည်း မပြုကြတော့ပေ။ ကျွန်းငယ်သည် အညစ်အကြေးများဖြင့် ညစ်ပတ်နေတော့သည်။ ဤတွင် ကျွန်းပိုင်နတ်များသည် ဒေါသဖြစ်ကြသဖြင့် ကျွန်းပေါ်မှလူများကို သမုဒ္ဒရာရေထုဖြင့် ဖုံးလွှမ်း၍

http://www.dhammadownload.com



သတ်ရန် နေ့ရက်သတ်မှတ်လိုက်ကြသည်။ တရားစောင့်သော နတ်တစ်ပါးသည် ထို အကြောင်းကို လက်သမားတို့အား သတိပေးလိုက်သည်။ ထို့နောက် နတ်ယုတ်မာတစ်ပါး က အရပ်တစ်ပါးသို့မပြောင်းကြဘဲ သည်မှာသာ ဆက်၍နေသွားကြရန် လာရောပြောဆို ပြန်သည်။

ခေါင်းဆောင်မိုက်များသည် နတ်ယုတ်မာ၏စကားကို ယုံကြည်လက်ခံပြီး တစ်စုံ တစ်ရာ ကြိုတင်ပြင်ဆင်မှု မပြုကြချေ။ ပညာရှိ ခေါင်းဆောင်ကား ထိုအန္တရာယ်မှ ကျော် လွှားနိုင်စေရန် လှေသင်္ဘောကြီးတစ်စင်းကို တည်ဆောက်ထားပြီး လပြည့်ည လထွက်လာ ချိန်သို့ မရောက်မီကပင် သူ့လူများအားလုံးကို လှေသင်္ဘောပေါ်၌ နေရာချထားပေးလိုက် သည်။ လ ထွက်စပြုသည်နှင့် သမုဒ္ဒရာရေလှိုင်းကြီးများသည် ကျွန်းပေါ်သို့ဒလကြမ်း တက်လာခဲ့ရာ ခေါင်းဆောင်မိုက်နှင့် အပေါင်းပါတို့သည် ရေနစ်၍ ပျက်စီးကြရသည်။ ပညာရှိခေါင်းဆောင်နှင့် သူ့နောက်လိုက်များကား အသက်ဘေးမှ လွတ်မြောက်ခဲ့ကြသည်။

ဇာတ်ပေါင်း။ ။ လက်သမားမိုက်-ဒေဝဒတ်။ ပညာရှိလက်သမား-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ ခေါင်းဆောင်ကောင်းမှ အပေါင်းချမ်းသာမည်။

---

# ၄၆၇။ ကာမဇာတ်

## အလိုကြီးလွန်းသူ

### ပစ္စုပ္ပန်ဝတ္ထု

အစိရဝတီမြစ်ရေ လျှံတက်သဖြင့် စပါးများအားလုံး ပျက်စီးသွားသည့် ပုဏ္ဏားသည် ရင်ကိုတီး၍ ချုံးပွဲချ ငိုကြွေးသည်။ သောကကို ငြိမ်းစေရန် ဗုဒ္ဓမြတ်စွာသည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ထိုမင်း၏ သားတော်ကြီးမှာ အိမ် ရှေ့စံဖြစ်၍ ညီတော်က စစ်သူကြီးဖြစ်လာသည်။ ခမည်းတော် နတ်ရွာစံသွားသော် ညီတော် ကို ထီးနန်းအပ်လျက် နောင်တော်သည် သူဌေးကြီးတစ်ဦးအိမ်တွင် လက်ခစားအလုပ်လုပ် ရင်း နေထိုင်သည်။ ကာလကြာမြင့်လာခဲ့သော် သူသည် မင်းသားတစ်ဦးဖြစ်ကြောင်း သိလာကြ၍ လူအများသည် သူ့အားဝန်းရံခစားလာကြသည်။ မင်းထံမှ အခွန်အခများကို

http://www.dhammadownload.com



ကင်းလွတ်စေပြီး သူ့ကိုသာ ပေးကြသည်။ သူသည် ဒေသတစ်ခုလုံး၏ အကြီးအကဲ ဖြစ်လာသည်။ လာဘ်သပ်ပကာရရာမှ လောဘကြီးလာကာ ကျေးလက် ဒေသအားလုံး သာမက မင်းအဖြစ်ကိုပါ သူ့အားပေးရန် ညီတော်ထံတောင်းဆိုသဖြင့် ညီတော်ကထီးနန်းကိုပါ လွှဲပြောင်းပေးအပ်လိုက်သည်။

လောဘကြီးသော နောင်တော်မင်းကြီးကို ပညာပေးလို၍ သိကြားမင်းသည် လုလင်အသွင်ဖြင့်လာခဲ့ပြီး စည်ပင်ဝပြောသော သုံးပြည်ထောင်ကို ပေးအပ်မည်ဟု ပြော၍ ပြန်သွားခဲ့သည်။ အချိန်တန်၍ ထိုလုလင် ပြန်မလာသောအခါ မင်းကြီးသည် ပူပန်စိတ်ဝင်လာကာ ဝမ်းသွေးသွန်သော ရောဂါဖြစ်လေတော့သည်။ သူ့ဝေဒနာကို မည်သည့်သမားကျော်မှ ပျောက်ကင်းအောင် ကုသနိုင်စွမ်း မရှိချေ။

တက္ကသိုလ်မှ ပြန်လာသော ဘုရားလောင်းသည် ထိုသတင်းကိုကြားလျှင် မင်းကြီးအား ကုစားရန် နန်းတော်သို့ လာခဲ့သည်။ ရောဂါ၏ အကြောင်းရင်းကို မင်းကြီးထံမှ ကြားလိုက်ရကတည်းက စိတ္တဇဝေဒနာဖြစ်ကြောင်း သူသိလိုက်သည်။ ထို့ကြောင့် ဘုရားလောင်းသည် ကာမဂုဏ်၏ အပြစ်တို့ကိုဟောကြားရာ မင်းကြီး၏ စိတ်အစွဲသည် ပြေပျောက်သွားခဲ့သည်။ အနာရောဂါလည်း ကင်းရှင်းသွားခဲ့သည်။ ဘုရားလောင်းသည်လည်း မင်းကြီး၏ ထီးဖြူကို အာရုံပြု၍ သြဒါတကသိုဏ်းကို ရှုပွားခဲ့သဖြင့် ဈာန်တရားများ ရရှိသွားခဲ့သည်။ သူသည် ဟိမဝန္တာသို့ဝင်၍ ရသေ့ရဟန်းပြုသွားသည်။

**ဇာတ်ပေါင်း။** ။ မင်းကြီး-ပုဏ္ဏား။ ပညာရှိလုလင်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ လောဘနောက်မှာ သောကပါလာတတ်သည်။

---

## ၄၆၈။ ဇနသန္ဓဇာတ်

### ဦးဆောင်မှု ထောင်းမှု

**ပစ္စုပ္ပန်ဝတ္ထု**

ရာဇစည်းစိမ်ယစ်မူးနေမိသော ကောသလမင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် သားတော် ဇနသန္ဓမင်းသားသည် အိမ်ရှေ့စံ ဖြစ်သည်။ ခမည်းတော် နတ်ရွာစံသွား၍ မင်းဖြစ်လာချိန်၌ ပြည်သူများ

http://www.dhammadownload.com



အား ဒါနမှု၊ သီလမှု၊ ဘာဝနာမှုတို့၌ ကြိုးစားအားထုတ်ကြရန် ဟောကြားသည်။ ပြည်သူ အားလုံးတို့သည် သူ့အဆုံးအမကို လိုက်နာကြသဖြင့် သေလွန်ချိန်၌ နတ်ပြည်သို့ ရောက် ကြသည်။

ဇာတ်ပေါင်း။ ။ ဇနသန္ဓမင်းကြီး၏ပရိသတ်-ဗုဒ္ဓပရိသတ်။ ဇနသန္ဓမင်းကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဒါနသီလသည်သာ ဘဝ၏အားကိုးရာဖြစ်သည်။

---

# ၄၆၉။ မဟာကဏှဇာတ်

## လောကကို အလှူဆင်ခြင်း

### ပစ္စုပ္ပန်ဝတ္ထု

ကိုယ်တော်မြတ်၏ သတ္တလောက အကျိုးငှာ ကျင့်တော်မူခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီ၌ မင်းပြုသော ဥသီနကမင်းလက်ထက် ကဿပမြတ်စွာဘုရား သာသနာတော် ဆုတ်ယုတ်ချိန်၌ ရဟန်းများသည် မိမိတို့၏ ကျင့်ဝတ်များကို မကျင့်ကြ။ ပုဏ္ဏားများသည်လည်း ဖောက်ပြန်ကုန်ကြသည်။ လူအများစုသည် အကုသိုလ်ကမ္မပထ တရား ဆယ်ပါးတို့၌သာ မွေ့လျော်ကြသဖြင့် အပါယ်ဘုံများ၌ စည်ကားလာသည်။ နတ်ဘုံ နတ်နန်းများသည် ဆိတ်သုဉ်းလာခဲ့သည်။

ဘုရားလောင်းသိကြားမင်းသည် မာတလိနတ်သားကိုခေါ်၍ အာဇာနည်ဆင် ပမာဏမျှကြီးသော ခွေးနက်ကြီးဖန်ဆင်းစေလျက် မိမိက ဖန်ရည်ဆိုးသည့်အဝတ်ကို ဝတ်သော မုဆိုးကြီးအဖြစ် ဖန်ဆင်းကာ 'လောကသည် ပျက်လတ္တံ့၊ လောကသည် ပျက် လတ္တံ့'ဟု သုံးကြိမ် ကြွေးကြော်လျက် ဗာရာဏသီမြို့အနီးသို့ ချဉ်းကပ်လာခဲ့သည်။

လူအများသည် ကြောက်ရွံ့ကြသဖြင့် မင်းရင်ပြင်သို့ ပြေးဝင်ကြသည်။ ခွေးနက်ကြီး ကို အကြောက်လွန်သော ဥသီနကမင်းသည် ပြာသာဒ်ပေါ်သို့ တက်ပြေးသည်။ ထိုအခါ ခွေးနက်ကြီးသည် လေသွန်ပြတင်းပေါ်မှ အတွင်းဘက်သို့ကြည့်ကာ ပြင်းစွာဟောင်သည်။ မင်းကြီးသည် ကြောက်စိတ်ကိုထိန်း၍ 'မုဆိုး သင့်ခွေးသည် အဘယ့်ကြောင့် ဟောင်နေရ သနည်း'ဟု မေးရာ 'ရန်သူတို့၏ အသားများကိုစားလို၍ ဖြစ်ကြောင်း'ဟု မုဆိုးက

အဖြေပေးသည်။ ရန်သူသည် မည်သူနည်းဟု မင်းကြီးက ဆက်၍မေးသော် အကျင့်ပျက် ဒုဿီလတိုင်းသည် သူ့ရန်သူများဖြစ်ကြောင်းဖြင့် ပြောလိုက်သည်။ ထို့နောက် သိကြားမင်းသည် မိမိ၏သိကြားမင်းအဖြစ်ကို ထင်ရှားပြ၍ တရားဟောသည်။ လူများသည် ဒါန၊ သီလ၊ ဘာဝနာမှုများကို ပြန်လည်၍အားထုတ်ကြသဖြင့် သေလွန်သောအခါ နတ်ပြည်သို့ ရောက်ကြရသည်။ သာသနာတော်လည်း အနှစ်တစ်ထောင် ဆက်၍တည်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ မာတလိနတ်သား-အရှင်အာနန္ဒာ။ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လူတို့တရားပျက်လျှင် လောကလည်းပျက်စီးသည်သာ။

---

## ၄၇၀။ ကောသိယဇာတ်

ဤဇာတ်သည် (၅၃၅-သုဓာဘောဇနဇာတ်၌) အကျုံးဝင်သည်။

---

## ၄၇၁။ မေဏ္ဍကပဉှာဇာတ်

ဤဇာတ်သည် မဟာနိပါတ် ဇာတ်အမှတ်(၅၄၂) မဟာဥမင်ဇာတ်၌ အကျုံးဝင်သည်။

---

## ၄၇၂။ မဟာပဒုမဇာတ်

### ဘယ်သူမပြု မိမိ၏အမှုသာ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာက စိဉ္စမာဏသည် သူ၏မကောင်းမှုက သူ့ကိုဒဏ်ခတ်ခြင်းဖြစ်သည်ဟု မိန့်တော်မူကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com

http://www.dhammadownload.com



**ဇာတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် သားတော်ဖြစ်သော မဟာပဒုမမင်းသားသည် တက္ကသိုလ်၌ ပညာသင်ယူခဲ့ပြီး၍ ဗာရာဏသီသို့ ပြန်လာသည်။ သူပြန်ရောက်ပြီး များအကြာမီမှာပင် သူ၏မယ်တော်သည် နတ်ရွာစံသွားခဲ့ရာ ခမည်းတော်မင်းကြီးသည် အခြားမင်းသမီးတစ်ပါးကို မိဖုရားကြီးအဖြစ် တင်မြှောက်လိုက်သည်။

တစ်နေ့တွင် မင်းကြီးသည် မဟာပဒုမမင်းသားအား တိုင်းပြည်ကိုလွှဲအပ်ထားခဲ့ပြီး သူပုန်များကို နှိမ်နင်းရန်အတွက် ထွက်ခွာသွားသည်။ သူပုန်တို့ကို အောင်မြင်တော်မူ၍ ပြန်လာသောအခါ မင်းကြီးသည် မြို့ပြင်၌ သစ်တပ်ချ၍ ယာယီစံမြန်းတော်မူနေသည်။ ယင်းသတင်းကို ကြားသိရသော မဟာပဒုမမင်းသားသည် မြို့တော်ကို လှပစွာတန်ဆာဆင်ပြီးနောက် နန်းတော်ကိုပါ သန့်ရှင်းရေး ဆောင်ရွက်စေရန် ကိုယ်တော်တစ်ပါးတည်း မိဖုရားကြီးထံ သွားခဲ့သည်။ မိဖုရားကြီးသည် လွန်စွာလှပတင့်တယ်သော မဟာပဒုမမင်းသားကို မြင်တွေ့လိုက်ရသည်နှင့် ကာမစိတ်များ ယိုဖိတ်ကာ ချစ်ပွဲဝင်ကြရန် ဖိတ်ခေါ်သည်။ သို့သော် မင်းသားက ငြင်းပယ်လာခဲ့သည်။

သို့ရာတွင် မိဖုရားကြီးက အိမ်ရှေ့စံသည် သူမအား အဓမ္မပြုကျင့်ရန် ကြံစည်ကြောင်း၊ သူ့အလိုသို့ မလိုက်ခဲ့သဖြင့် ရိုက်ပုတ်ထုထောင်းသွားပါသည်ဟု မင်းကြီးအားတိုင်ကြားသည်။ ယင်းစကားများကို ကြားလိုက်ရသည်နှင့် မင်းကြီးသည် သားတော်အားဖမ်းဆီးစေ၍ ကမ်းပါးပြတ်မှ ဦးခေါင်းဖောက်ထိုး ပစ်ချလိုက်သည်။

အိမ်ရှေ့စံ၏ မေတ္တာစွမ်းအင်ကြောင့် တောင်စောင့်နတ်များသည် လက်နှစ်ဖက်တို့ဖြင့် ခံယူပွေ့ချီပြီး တောင်ခြေရင်း၌ရှိသော နဂါးမင်း၏ ပါးပျဉ်းခွေ၌ ထားပေးလိုက်သည်။ နဂါးမင်းသည် သူ့ကို နဂါးပြည်သို့ ခေါ်ဆောင်သွားလျက် တစ်နှစ်ပြည့်မြောက်ချိန်တွင် မဟာပဒုမမင်းသားက ဟိမဝန္တာသို့သွား၍ ရဟန်းပြုလိုကြောင်းပြောသဖြင့် နဂါးမင်းသည် သူ့အား ပရိက္ခရာစုံ လှူလိုက်သည်။ ထိုပရိက္ခရာများဖြင့်ပင် ရဟန်းပြု၍ ဟိမဝန္တာ၌ နေလာခဲ့ရာ မကြာမီ ဈာန်အဘိညာဉ်များ ရရှိခဲ့လေသည်။

တစ်နေ့တွင် မုဆိုးတစ်ယောက်သည် ဟိမဝန္တာ၌ မဟာပဒုမမင်းသားအား ရသေ့ဝတ်ဖြင့် တွေ့ခဲ့ရကြောင်း ဗြဟ္မဒတ်မင်းကြီးထံ ဝင်ရောက်၍ သံတော်ဦးတင်သည်။ မင်းကြီးသည် ထိုအခါတွင် မိမိ၏အမှားကို မြင်လာပြီး သူ့အားခွင့်လွှတ်ပါရန် တောင်းပန်ရုံမျှမက နေပြည်တော်သို့ ပြန်လိုက်၍ မင်းပြုပါရန် မဟာပဒုမမင်းသားအား ဖိတ်ခေါ်သည်။ သားတော်က ငြင်းပယ်လိုက်သည်။

http://www.dhammadownload.com



အပြန်ခရီး၌ သားတော်နှင့် ကွဲကွာရခြင်းသည် မိဖုရားကြီးကြောင့်ဟု သဘောပေါက်ကာ အမတ်များအားစေလွှတ်၍ မိဖုရားကြီးအား နိုးသူချရာ ကမ်းပါးပြတ်မှ ဦးခေါင်းအောက်ထိုးပစ်ချရန် စေခိုင်းလိုက်သည်။

ဇာတ်ပေါင်း။ ။ မဟာပဒုမင်းသား၏ မိထွေး မိဖုရားကြီး-စိဉ္စမာဏ၊
ဗြဟ္မဒတ်မင်း-ဒေဝဒတ်၊ မဟာပဒုမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အကြောင်းအရပ်တစ်ခုကို စိစစ်ဝေဖန်ပြီးမှဆုံးဖြတ်ရာသည်။

---

# ၄၇၃။ မိတ္တာမိတ္တဇာတ်

## မိတ်ဆွေနှင့်ရန်သူ ခွဲခြားနိုင်ရန်

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်း၏ အကျိုးစီးပွားကို ဆောင်ရွက်သော အမတ်တစ်ဦးအား အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ပညာရှိ အမတ်ဖြစ်နေသည်။ အမတ်အချို့သည် ဘုရားလောင်းအမတ်အား မင်းကြီးက ခင်မင်အားကိုးသဖြင့် မလိုမုန်းထားစိတ် ပွားနေကြသည်။ အမျိုးမျိုး ဖျက်ဆီးကြသည်။ မင်းကြီးက တစ်နေ့တွင် ဘုရားလောင်းအမတ်အား ရန်သူနှင့်မိတ်ဆွေ ခွဲခြားသိနိုင်မည့် လက္ခဏာများမေးသဖြင့် ဘုရားလောင်းက ရန်သူနှင့်မိတ်ဆွေ ခွဲခြားသိနိုင်မည့်အကြောင်းများကို အကျယ်တဝင့် တင်ပြလျှောက်ထားသည်။ မင်းကြီးက သဘောကျသဖြင့် သူ့အား စည်းစိမ်များစွာကို ပေးသည်။

ရန်သူမိတ်ဆွေ ခွဲခြားနိုင်သည့် အကြောင်းများမှာ . . .

ခွဲကွာနေသော အဆွေခင်ပွန်းကို သတိရသည်၊ ရောက်လာသော အဆွေခင်ပွန်းကို အလွန်နှစ်သက်သည်၊ အဆွေခင်ပွန်း၏ ပျော်ရွှင်မှုကို လိုလားသည်၊ အဆွေခင်ပွန်းစကားကို အလေးထားသည်၊ အဆွေခင်ပွန်း၏ မိတ်ဆွေကို ကောင်းမွန်စွာ ဆက်ဆံသည်၊ အဆွေခင်ပွန်း၏ ရန်သူတို့နှင့် မဆက်ဆံ၊ အဆွေခင်ပွန်း၏ အပြစ်ပြောသူကို တားမြစ်သည်၊ အဆွေခင်ပွန်း၏ ကျေးဇူးစကား ပြောဆိုသူကို ချီးမွမ်းသည်၊ မိမိ၏ လျှို့ဝှက်စကားကို

http://www.dhammadownload.com



အဆွေခင်ပွန်းအား ပြောကြားသည်။ အဆွေခင်ပွန်းနှင့်ပတ်သက်သော လျှို့ဝှက်ဖွယ်တို့ကို လျှို့ဝှက်ပေးသည်၊ အဆွေခင်ပွန်း၏အလုပ်ကို ချီးကျူးသည်၊ ပညာဉာဏ်ကို ချီးမွမ်းသည်၊ အဆွေခင်ပွန်း၏ ချမ်းသာစီးပွား ဖြစ်မှုကို နှစ်သက်သည်၊ စီးပွားချမ်းသာဆုတ်ယုတ်ခြင်းကို မနှစ်သက်၊ အစားကောင်း စားရသော် အဆွေခင်ပွန်းကို ကျွေးမွေးသည်၊ အဆွေခင်ပွန်းအား တတ်နိုင်သမျှ စောင့်ရှောက်ကြည့်ရှုသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ။ ပညာရှိအမတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပတ္တမြားမှန်က နွံမနှစ်ချေ။

**ဒွါဒသကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# တေရသကနိပါတ်

## ဇာတ်စုစုပေါင်း-၁၀

## ၄၇၄။ အမ္ဗဇာတ်

### မရှုတ်သင့်သည်ဖြင့် ရှုတ်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မြေမျိုခံရသော ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ထိုမင်းကြီး၏ ပုရောဟိတ်သားသည် ပညာစုံရှိန်၌ တက္ကသိုလ်ပြည်မှ ပြန်လာရာ ဘုရားလောင်းနေသော ဒွန်းစဏ္ဍားရွာကြီးတစ်ရွာသို့ ရောက်ရှိခဲ့သည်။ ဘုရားလောင်းသည် အခါမဲ့၌ သစ်ပင်များကို သီးစေနိုင်သော မန္တရားတစ်မျိုးကို တတ်မြောက်ထားသဖြင့် မန်းမှုတ်၍ ရရှိသော သရက်သီးများကို ဈေးတွင် ရောင်းချ၍ သားမယားများကို ကျွေးမွေးပြုစုသည်။

ပုရောဟိတ်သားသည် ဒွန်းစဏ္ဍားကြီးအိမ်ရှိရာသို့ လိုက်သွားခဲ့ပြီး ဒွန်းစဏ္ဍားကြီး၏ အိမ်မှုကိစ္စများကို ဆောင်ရွက်ပေးသည်။ ယင်းကျေးဇူးများကို ထောက်ထား၍ ဒွန်းစဏ္ဍားကြီးက ပုရောဟိတ်သားအား မန္တန်ကို သင်ပေးလိုက်ပြီး 'အမောင် သင်၏ဆရာသည် အဘယ်သူနည်းဟု မေးလျှင် ဒွန်းစဏ္ဍားဖြစ်ကြောင်း ပြောရမည်ကို ရှက်ပြီး လိမ်လည်ပြောလျှင် ဤမန္တန်သည် သက်ရောက်ခြင်း ရှိလိမ့်မည် မဟုတ်'ဟုလည်း မှာကြားလိုက်သည်။

တစ်နေ့တွင် မင်းကြီးက ပုရောဟိတ်သားအား မန္တန်၏အစွမ်းကို ပြစေသည်။ ပုဏ္ဏားလုလင်သည် သရက်ပင်ရှိရာသို့လျှောက်သွားပြီး မန္တရားကို မန်းမှုတ်ရာ ထိုခဏ၌ပင်

http://www.dhammadownload.com



သရက်သီးများ မှည့်ဝင်းပြီးလျှင် မိုးသီးမိုးပေါက်များပမာ ကြွေကျလာကြသည်။ မင်းကြီးသည် သူ့အား ဆုတော်လာဘ်တော်များ ပေးသနားတော်မူပြီးနောက် 'လုလင် ဤမန္တရားကို အဘယ်ဆရာထံမှာ သင်ကြားသနည်း' ဟု မေးတော်မူသည်။ လုလင်က ဒွန်းစဏ္ဍားကြီး၏ တပည့်ဖြစ်ကြောင်း အများသိသွားမည်ကို ရှက်သဖြင့် တက္ကသိုလ်၌ ဒိသာ ပါမောက္ခဆရာကြီးထံမှ သင်ယူခဲ့ပါသည်ဟု မုသားဆိုသည်။ ယင်းခဏတွင်ပင် သူ့နှုတ်တက်အာဂုံရထားခဲ့ပြီးသော မန္တရားသည်လည်း ကွယ်ပျောက်သွားခဲ့သည်။

နောက်ရက်များမကြာမီ မင်းကြီးသည် သူ့ကိုခေါ်၍ မန္တရားဖြင့် မန်းမှုတ်ရန် စေခိုင်းရာ လုလင်သည် မန္တရားကို အစရှာမရ ဖြစ်နေသည်။ မင်းကြီးက အကျိုးအကြောင်းကို စစ်မေးတော်မူသည်တွင် ယနေ့ နက္ခတ်မယှဉ်၍ သရက်သီးများ မသီးစေနိုင်ပါဟု မုသားစကားဖြင့် လျှောက်ထားပြန်သည်။ မင်းကြီးက 'သင်သည် ရှေးယခင်က နက္ခတ်ယှဉ်မှ သီးစေနိုင်ကြောင်း မပြောခဲ့၊ ယခုမှ သည်စကားကို ပြောလာခြင်းဖြစ်သည်။ အမှန်အတိုင်း တင်လော့' ဟု မိန့်တော်မူလိုက်သည်။ ထိုအခါတွင်မှ လုလင်သည် ဒွန်းစဏ္ဍားထံမှ မန္တရား သင်ယူခဲ့ကြောင်း အမှန်အတိုင်း လျှောက်တင်လေသည်။ သည်တွင် မင်းကြီးက ဤလုလင်သည် လူယုတ်မာဖြစ်သည်။ မန္တရား၏ တန်ဖိုးကိုမကြည့်ဘဲ မျိုးနွယ်ကိုသာ ကြည့်သည်။ မြတ်သောမန္တရားကိုရလျှင် မျိုးနွယ်သည် အဘယ်အကျိုးရှိအံ့နည်းဟု ဆိုပြီးလျှင် လုလင်အား နန်းတွင်းမှ နှင်ထုတ်လိုက်သည်။

**ဇာတ်ပေါင်း။** ။ ပုဏ္ဏားလုလင်-ဒေဝဒတ်။ မင်း-အရှင်အာနန္ဒာ၊ ဒွန်းစဏ္ဍား-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ဆရာသည် ဆရာသာဖြစ်၍ မျိုးနွယ်ကြောင့်ရှက်စရာမလိုပါ။

---

# ၄၇၅။ ဖန္ဒနဇာတ်

## ရန်ကို ရန်နှင့်တုံ့ပြန်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆွေတော်မျိုးတော်များ ခိုက်ရန်ဖြစ်ပွားရခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ်က ဟိမဝန္တာမှ ဝံတစ်ကောင်သည် အစာရှာထွက်လာရင်း ကြို့ပင်ကြီးတစ်ပင်အောက်တွင် အိပ်နေသည်။ ယင်းအခိုက်

http://www.dhammadownload.com



ကြို့ကိုင်းခြောက်တစ်ခု ကျိုးကျရာ ဝံသတ္တဝါ၏ ကျောကုန်းကို သွားရောက်ထိမှန်သည်။ ဤသည်ကို ဝံက ကြို့ပင်စောင့်နတ်၏ လက်ချက်ဟု မှတ်ယူပြီး သစ်ပင်ကို အမြစ်နှင့်တကွ နုတ်စေ၍ အပိုင်းပိုင်းပြတ်စေအံ့ဟု ပြောဆိုရန်ကြုံးဝါးပြီး ထွက်ခွာလာခဲ့သည်။ ရက်များအကြာမီတွင် ဝံသည်ရထားပြုလုပ်ရန် သစ်ရှာထွက်လာသော လက်သမားများနှင့်တွေ့၍ အဘယ်သစ်မျိုးကို လိုချင်၍ ရှာဖွေနေသနည်းဟု မေးသည်။ လက်သမားများထံမှ အကျိုးအကြောင်း သိရသောအခါ ဝံက ကြို့သားသည် အခိုင်ခံ့ဆုံး၊ အကောင်းဆုံးဖြစ်ကြောင်း ပြန်ကြားကာ ကြို့ပင်အောက်မှ ထွက်လာခဲ့သည်။ လက်သမားလည်း ကြို့ပင်ကို ဖြတ်အံ့ဟု ပြင်၏။

ယင်းအခိုက် ဝံအပေါ်၌ လက်စားချေလိုသော ကြို့ပင်စောင့်နတ်သည် တောလုပ်ယောကျ်ားအသွင်ဖြင့် လက်သမားထံလာ၍ မိတ်ဖွဲ့စကားပြောပြီးနောက် ရထားအကွပ်ကို ဝံရေဖြင့် သံပြားပတ်သကဲ့သို့ ရစ်ပတ်လျှင် အကွပ်သည် လွန်စွာခိုင်ခံ့လိမ့်မည်ဟု ဆိုသည်။ လက်သမားများက ဝံရေရနိုင်မည့်နေရာကို မေးကြည့်ရာ 'ဤကြို့ပင်သည် အခြားသို့ မပြေးနိုင်။ သင်တို့အား ကြို့ပင်ကိုပြခဲ့သော ဝံနောက်သို့လိုက်သွားကြပြီး လှည့်ပတ်ခေါ်ယူ၍ ဝံကိုသတ်လျှင် ဝံရေ ရရှိမှုမက ဝံသားလည်း စားရမည်။ ဝံသားစားပြီးမှ ကြို့ပင်ကို ဖြတ်လှဲကြလော့'ဟု ကြို့ပင်စောင့်နတ်က နည်းလမ်းညွှန်ပြလိုက်သည်။

လက်သမားများသည် ထိုနည်းအတိုင်း လိုက်နာဆောင်ရွက်ကြရာ ဝံလည်းသေ၍ ကြို့ပင်လည်း ခုတ်လှဲခံရသည်။

ဇာတ်ပေါင်း။ ။ တောစောင့်နတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ရန်ကိုရန်ချင်း မတွဲ့လျှဉ်းရ။

---

## ၄၇၆။ ဇဝနဟံသဇာတ်

### မပြိုင်သင့်သည်၌ ပြိုင်သူများ

**ပစ္စုပ္ပန်ဝတ္ထု၊**

လောက၌ အလျင်မြန်ဆုံးအရာမှာ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်ပျက်မှုသာ ဖြစ်ကြောင်း ဟောကြားသည်။ ဒဠှဓမ္မနေဝ္ဂပါသုတ္တန်ကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတီတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဇဝန ဟင်္သာမျိုး၌ ဖြစ်နေခဲ့သည်။ သူတွင် အခြံအရံဟင်္သာ ကိုးသောင်းနှင့် ညီငယ်ဟင်္သာ နှစ်ကောင် ရှိသည်။ တစ်နေ့တွင် ညီငယ်များက နေနှင့် အပြေးပြိုင်လိုကြောင်း ခွင့်တောင်း သော်လည်း ဟင်္သာမင်းက ခွင့်မပြုချေ။ သို့ရာတွင် ဟင်္သာငယ်တို့သည် နေမထွက်ခင် ကပင် ယုဂန္ဓိုရ် တောင်ထိပ်သို့ ရောက်လာခဲ့ကြပြီး နေလာချိန်ကို စောင့်မျှော်နေကြသည်။ ဟင်္သာမင်းသည် ညီတော်များနှင့်အတူ ယုဂန္ဓိုရ် တောင်ထိပ်သို့ လိုက်လာခဲ့သည်။

နေဝန်းကြီး ထွက်ပေါ်လာသောအခါ ဟင်္သာငယ်နှစ်ကောင်တို့သည် နေဝန်းနှင့် အပြိုင် ပျံပြေးကြရာမှ ညီငယ်သည် မကြာမီ အတောင်ကြားမှ မီးထသကဲ့သို့ ရှိလာသော ကြောင့် ဟင်္သာမင်းသည် သူ့ကို အတောင်ဖြင့် ပိုက်ယူ၍ စိတ္တကုဋ္ဌတောင်သို့ ပို့ပေး လိုက်သည်။ နေမွန်းတည့်ချိန်သို့ရောက်သော် ညီလတ်သည်လည်း ဆက်၍မပျံနိုင်သော ကြောင့် သူ့ကိုလည်း ညီငယ်ကဲ့သို့ပင် စိတ္တကုဋ္ဌတောင်သို့ ပြန်ပို့လိုက်ရသည်။

ဟင်္သာမင်းက ငါသည် နေနှင့်အပြေးပြိုင်ခြင်းမှာ အကျိုးမရှိ။ ဗာရာဏသီသို့သွား ၍ ဗာရာဏသီမင်းကြီးအား အကျိုးစီးပွားနှင့်စပ်သော တရားစကားကို ဟောပြောအံ့ဟု တွေးမိလာကာ ဗာရာဏသီမင်းကြီးထံသို့ လာခဲ့ပြီး နေဝန်းနှင့် အပြေးပြိုင်ခဲ့သည့်အကြောင်း ကို ပြောပြသည်။ မင်းကြီးက နေနှင့်အပြေးပြိုင်ခဲ့သော အဟုန်မျိုးကို ပြပါရန် တောင်းပန် သဖြင့် လေးသမားလေးယောက်ကို ခေါ်ခိုင်းလိုက်သည်။

ဟင်္သာမင်းသည် မင်းရင်ပြင်မှ ကျောက်တိုင်ထိပ်တွင် သွားရောက် ရပ်နားသည်။ လေးသမား လေးယောက်တို့ကို ကျောက်တိုင်၌မှီရပ်စေလျက် အရပ်လေးမျက်နှာသို့ တစ်ပြိုင်တည်း မြားပစ်စေသည်။ ဟင်္သာမင်းသည် ယင်းမြားလေးစင်း မြေမကျမီ အဟုန်ဖြင့် ပျံသန်းဖမ်းယူ၍ လေးသမားများ၏ခြေရင်းတို့၌ ချထားလိုက်သည်။ သို့တိုင် ဟင်္သာမင်း ပျံသန်းယူသည်ကို မမြင်ကြရ။ ကျောက်တိုင်ထိပ်၌ နားမြဲနားနေသည်ဟု ထင်ကြရသည်။ ယင်းသို့ လျင်မြန်မှုမျိုးကို မြင်တွေ့ရသော ဗာရာဏသီမင်းကြီးက 'အဆွေ ဟင်္သာမင်း သင်၏လျင်မြန်ခြင်းအဟုန်ထက် သာလွန်၍ မြန်သောအဟုန်ရှိပါဦးမည်လော' ဟု မေးရာ ဟင်္သာမင်းက ရှိပါသည်။ သတ္တဝါတို့၏ အာယုသင်္ခါရသည် အကျွန်ုပ်၏ အဟုန်ထက် အဆ ရာထောင်သိန်းမက မြန်ပါသည် စသဖြင့် ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်မှု လျင်မြန်ပုံများကို ဟောကြားသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊
ညီတော်ဟသ်ာငယ်-အရှင်မောဂ္ဂလာန်၊
ညီတော် ဟသ်ာလတ်-အရှင်သာရိပုတ္တရာ၊ ဇဝနဟသ်ာမင်း-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ လောက၌ သင်္ခါရတရားတို့၏ဖြစ်ပျက်မှုသည်. အမြန်ဆုံးဖြစ်၏။

---

## ၄၇၇။ စူဠနာရဒဇာတ်

### ထမ်းမွှားသို့မရောက်မီ ပြင်နိုင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

အပျိုကြီးဖြားယောင်း၍ သာသနာတော်၌ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဇနီးကွယ်လွန်ပြီးနောက် သားငယ်နှင့်အတူ ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုကြလေရာ မကြာမီ ဈာန်အဘိညာဉ်တို့ ရရှိသည်။

တစ်နေ့တွင် ရပ်ရည်လှပချောမောသူ မိန်းမပျိုတစ်ဦးသည် ဘုရားလောင်းရသေ့ သားအဖနေသော သခ်မ်းကျောင်းသို့ ရောက်လာပြီး ရသေ့ငယ်ကို ဖြားယောင်း၍ သီလပျက်စေသည်။ ထို့နောက် နှစ်ဦးသဘောတူနေထိုင်ကြရန် သွေးဆောင်ခေါ်ငင်သည်။

သစ်သီးရှာမှပြန်လာခဲ့သော ဘုရားလောင်းအား သားက မိမိသည် တော၌မပျော်တော့ကြောင်း၊ လူနေဒေသသို့ သွားလိုကြောင်းများကို ပြော၍ လူနေဒေသ၌နေလျှင် လိုက်နာကျင့်သုံးရမည့် အချက်များကိုမေး၍ ပြည့်ပြည့်စုံစုံ ပြောပြသောအခါ ရသေ့ငယ်သည် စိတ်ပျက်သွားကာ လူနေဒေသသို့ မသွားတော့ပါဟု ဆိုပြီး တောထဲ၌ပင်ဆက်၍ နေလျက် တရားအားထုတ်ရာ ဈာန်တရားများကိုပင် ရရှိသွားသည်။

ဇာတ်ပေါင်း။ ။ ယခင်မိန်းမပျို-ယခုမိန်းမပျို၊ သားရသေ့ငယ်-သာသနာတော်၌ ငြီးငွေ့သောရဟန်း။ ဖခင်ရသေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ မိန်းမတို့၏လှည့်ဖြားခြင်းမခံရစေရန် သတိပြုပါ။

---

http://www.dhammadownload.com



# ၄၇၈။ ဒူတဇာတ်

## အကြံကောင်း၍ ပညာသင်စရိတ်ရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ကိုယ်တော်မြတ်၏ ပညာတော်ကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏား မျိုးနွယ်၌ ဖြစ်နေသည်။ တက္ကသိုလ်သွား၍ ပညာသင်ကြားရာ ပညာသင်ခပေးရန် ဥစ္စာ ပစ္စည်းများမရှိသဖြင့် အကြွေးထား၍ သင်ယူရသည်။ ပညာစုံချိန်တွင်မှ ကျေးလက်ပိုင်း သို့ဆင်း၍ ဆရာအား ပေးရန် ဥစ္စာပစ္စည်းများ ရှာဖွေရာ ရွှေခုနစ်နိက္ခ ရရှိလာခဲ့သည်။ အပြန်ခရီး၌ ဂင်္ဂါမြစ်ကို လှေဖြင့်ဖြတ်ကူးသည်တွင် ရွှေသည် ရေထဲသို့ ကျသွားခဲ့သည်။

ထိုအခါ သူသည် ရွှေအစားပြန်ရနိုင်မည့် နည်းလမ်းတစ်ခုကို တွေးမိလိုက်ပြီး ပုဆိုးကိုရုံလျက် စလွယ်ကို အပေါ်ဘက်မှဖော်ပြီး ဝတ်ဆင်ကာ အစာကိုလည်းမစား၊ မည်သူနှင့်မျှ စကားလည်းမဆိုဘဲ သဲသောင်ပြင်ပေါ်၌ ထိုင်နေလိုက်သည်။ လူများသည် သူ့ကိုလာ၍ မေးမြန်းကြသည်။ ခြောက်ရက်မြောက်နေ့၌ မင်းကြီးက အမတ်များကို သွား ရောက် စုံစမ်းစေသည်။ သို့သော် သူသည် နှုတ်ဆိတ်နေခဲ့သည်။ ခုနစ်ရက်မြောက်နေ့၌ကား မင်းကြီးကိုယ်တိုင် ရောက်လာခဲ့ပြီး 'ပုဏ္ဏား ငါသည် သင့်ထံသို့ စေတမန်များ စေလွှတ်ခဲ့သည်။ သင်သည် ထိုသူများနှင့် စကားမဆိုခဲ့၊ သင်၏ ဆင်းရဲမှုကို သင်တစ်ဦး တည်း သိသင့်သလော'ဟု ဆိုသည်။

သည်တွင် ဘုရားလောင်းက ပညာသင်ခပေးရန် ရှာဖွေလာခဲ့သော ရွှေများရေထဲ ကျသွားသဖြင့် ပူပန်သောကများနေပုံကို လည်းကောင်း၊ မင်းချင်းစသူတို့သည် ထိုသောက ကို ပယ်ဖျောက်နိုင်သူများ မဟုတ်ကြ၍ ထိုသူများနှင့် စကားမဆိုခဲ့ပုံကို လည်းကောင်း၊ အရှင်မင်းကြီးသည်ကား ထိုသောကတို့ကို ပယ်ဖျောက်ပေးနိုင်သူဖြစ်၍ ဖွင့်ဆိုလျှောက်ထား ရခြင်း ဖြစ်ကြောင်းကို လည်းကောင်း လျှောက်ကြားသည်။ မင်းကြီးသည် သူ့သဘောထား ကို နှစ်သက်တော်မူလွန်းသဖြင့် ရွှေတစ်ဆယ့်လေးနိက္ခ ပေးအပ်ရာ သူသည် ဆရာကို ကန်တော့ရန် ဆရာ့ထံသို့ ထွက်ခွာသွားခဲ့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်အာနန္ဒာ၊
ဒိသာပါမောက္ခ-အရှင်သာရိပုတ္တရာ။ ပုဏ္ဏားလုလင်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ လူကြံလျှင် အမှန်ပင်ပြည့်စုံသည်။

# ၄၇၉။ ကာလိင်္ဂဗောဓိဇာတ်

## ဗောဓိမဏ္ဍိုင်ဂုဏ်တော်

ပစ္စုပ္ပန်ဝတ္ထု၊

အရှင်အာနန္ဒာမထေရ်သည် ဇေတဝန်ကျောင်းတံခါးဝ၌ ဗောဓိပင်တစ်ပင်စိုက်ပျိုးသည်။ ထိုဗောဓိပင်စိုက်ပျိုးမှုနှင့် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

အတိတ်ဝတ္ထု၊

ကာလိင်္ဂတိုင်း ဒန္တပုရမြို့မှ ကာလိင်္ဂမင်း၏သားငယ် စူဠကာလိင်္ဂမင်းသားသည် ရသေ့ပြု၍ တောသို့ဝင်ပြီးလျှင် မြစ်ကမ်းခြေတစ်ခု၌ ကျောင်းငယ်ကလေးဖြင့် နေထိုင်သည်။ မဒ္ဒရာဇ်တိုင်း သာဂလမြို့တွင် နန်းစိုက်သော မဒ္ဒရာဇ်မင်း၏ သမီးတော်နှင့် နှစ်ဦးသား ချစ်ကြိုးသွယ်၍ ချစ်ပွဲဝင်ကြသည်။ နောင်တွင် သူတို့နှစ်ဦးမှ သားတော်ကလေးတစ်ပါး ဖွားမြင်လာသည်။ ကာလိင်္ဂမင်းသားဟူ၍ အမည်ပေးထားကြသည်။

ကာလိင်္ဂမင်းသား အရွယ်ရောက်လာချိန်၌ ခမည်းတော် စူဠကာလိင်္ဂမင်းသည် နောင်တော် မဟာကာလိင်္ဂမင်းကြီး နတ်ရွာစံကြောင်း သိရသဖြင့် လူယုံအမတ်များထံတွင် သားငယ်ကို စေလွှတ်လိုက်သည်။ စူဠကာလိင်္ဂ၏ သားတော်စစ်အဖြစ် လက်ခံ၍ ထီးနန်းကို အပ်လိုက်သည်။ ကာလိင်္ဂဘာရဒွါဇမည်သော ပုဏ္ဏားသည် မင်းသားသစ်အား စကြာမင်းတို့၏ ကျင့်ဝတ်ကို သင်ကြားပေးသည်။ ကာလိင်္ဂမင်းသည် ယင်းကျင့်ဝတ်များကို လိုက်နာ ကျင့်သုံးရာ တစ်ဆယ့်ငါးရက်မြောက်သော ဥပုသ်နေ့၌ စကြာရတနာနှင့်တကွ ဆင်၊ မြင်း၊ ပတ္တမြား၊ သူဌေးကြီးနှင့် သားကြီးရတနာတို့ ဖြစ်ပေါ်လာကြသည်။

ကာလိင်္ဂမင်းသည် မယ်တော် ခမည်းတော်တို့ကို ဖူးမြော်ရန် ဆင်ဖြူရတနာကိုစီး၍ ထွက်လာခဲ့ရာ မဟာဗောဓိမဏ္ဍိုင်၏ အထက်နားသို့ရောက်သည်တွင် ရတနာဆင်ဖြူတော်သည် တန့်ရပ်နေသည်။ ပုရောဟိတ်သည် မဟာဗောဓိမဏ္ဍိုင်မြေနေရာဖြစ်၍ ရတနာ

http://www.dhammadownload.com



ဆင်ဖြူတော်သည် ကျော်၍မသွားရဲခြင်းဖြစ်ကြောင်း လျှောက်ထားသည်။ ရတနာဆင်ဖြူတော်ကို ဝရမိန်ချွန်းဖြင့် ပေါက်သောကြောင့် ဆင်ဖြူတော်သည် ထိုဒဏ်ဖြင့် အသက်ဓိဝိန်ချုပ်ငြိမ်းခဲ့ရသည်။

ထိုအခါတွင်မှ ကာလိင်္ဂမင်းသည် မဟာဗောဓိမဏ္ဍိုင်အား မိမိလည်းပူဇော်သည်။ အလုံးစုံသော စကြဝဠာတိုက်၌ နေကြသူများအာလည်း ဖိတ်ခေါ်၍ ပန်းနံ့သာတို့ဖြင့် ခုနစ်ရက်တိုင် ပူဇော်စေသည်။ ယင်းသို့ မဟာဗောဓိမဏ္ဍိုင်အားပူဇော်ပြီးမှ မယ်တော်ခမည်းတော်နှင့် ဘိုးတော်ဘွားတော်များကိုခေါ်၍ ဒန္တပုရတို့ ပြန်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ ကာလိင်္ဂမင်း-အရှင်အာနန္ဒာ။
ကာလိင်္ဂဘာရဒွါဇပုရောဟိတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပူဇော်သင့်သူကို ပူဇော်ခြင်းသည် မင်္ဂလာမည်၏။

---

## ၄၈၀။ အကိတ္တိဇာတ်

### မြိုးမြီစွာကျင့်သူ အကိတ္တိရသေ့

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိမြို့မှ အလှူဒါယကာတစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် အကိတ္တိသည် ကုဋေရှစ်ဆယ်ကြွယ်ချမ်းသာသော ပုဏ္ဏားတစ်ဦး၏ သားဖြစ်နေ၏။ သူ၏ နှမငယ်မှာ ယသဝတီ ဖြစ်သည်။ အကိတ္တိ ပညာစုံချိန်၌ မိဘနှစ်ပါးကွယ်လွန်သွားခဲ့ရာ မောင်နှမနှစ်ဦး ရဟန်းပြုလိုက်ကြသည်။ ထို့နောက် ဗာရာဏသီမှ သုံးယူဇနာခန့် ကွာလှမ်းသောအရပ်တွင် ကျောင်းဆောက်၍ နေထိုင်ကြသည်။

တစ်ယောက်တည်းသာ မွေ့လျော်လိုသော အကိတ္တိသည် တစ်ခုသောညဉ့်၌ နှမငယ်ကို အသိမပေးခဲ့ဘဲ ဒမိဠတိုင်းမှ ကာဝိရမည်သော သင်္ဘောဆိပ်အနီးရှိ ဥယျာဉ်ထဲတွင် လာရောက်နေထိုင်သည်။ ထိုနေရာ၌လည်း လာဘ်ပေါလာသဖြင့် ထိုနေရာကိုစွန့်ကာ အဟိဒီပကျွန်း၌ ကံပြင်းပင်ကြီးကို အမှီပြုပြီး ကျောင်းဆောက်၍နေသည်။ သူ့အာဟာရ

http://www.dhammadownload.com



အတွက် ကံပြင်းပင်မှ အသီးအရွက်တို့ကိုစားသည်။ သိကြားမင်းသည် စူးစမ်းလို၍ အလှူခံပုဏ္ဏားအသွင်ဖြင့် အကိတ္တိကျောင်းငယ်ရှေ့၌ သွားရပ်နေသည်။

ထိုအချိန်၌ ကံပြင်းရွက်ပြုတ်များကို စားသုံးရန် ပြင်ဆင်လျက်ရှိသော အကိတ္တိသည် မိမိမစားသုံးဘဲ ပုဏ္ဏားခွက်ထဲသို့ လောင်းလှူလိုက်သည်။ လေးရက်မြောက်တွင်ကား သိကြားမင်းသည် မိမိ၏ သိကြားမင်းအဖြစ်ကို ထင်ရှားစွာပြ၍ မြိုးမြံစွာ ကျင့်ရခြင်း၏ အကြောင်းကို မေးသည်။ ရသေ့က သဗ္ဗညုအဖြစ်ကို လိုလား၍ဖြစ်ကြောင်း အဖြေပေးလိုက်ရာ သိကြားမင်းသည် လွန်စွာပင် နှစ်ထောင်းအားရ ရှိသွားပြီး အကိတ္တိရသေ့ကို ရှိခိုးကန်တော့၍ မိမိနေရာသို့ ပြန်သွားသည်။

ဇာတ်ပေါင်း။ ။ သိကြားမင်း-အနုရုဒ္ဓါ။ အကိတ္တိရသေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ မြိုးမြံခြင်းသည် ဆင်းရဲနည်းကြောင်း ဖြစ်သည်။

---

# ၄၈၁။ တက္ကာရိယဇာတ်

## နှုတ်မစောင့်သူ ပုရောဟိတ်

### ပစ္စုပ္ပန်ဝတ္ထု

ဆိတ်ငြိမ်ရာ၌ အေးငြိမ်းစွာနေတော်မူလိုကြသော အဂ္ဂသာဝကနှစ်ပါးအား ကောကာလိကသည် ဆဲရေးတိုင်းထွာသည်။ ဗုဒ္ဓက ယင်းကဲ့သို့မဆဲဆိုရန် သုံးကြိမ်တိုင် တားမြစ်တော်မူသည်ကို လိုက်နာခြင်းမရှိသော ကောကာလိကသည် ပဒုမငရဲ၌ ဖြစ်ရသည်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ပိင်္ဂလသည် မင်း၏ပုရောဟိတ် ဖြစ်နေသည်။ သူသည် မျက်စိကြောင်ရုံမျှမက သွားကလည်း ခေါ်သေးသည်။ သူ့ဇနီးဖြစ်သူ ပုဏ္ဏေးမသည် လင်ကြီးနှင့် ရုပ်ရည်ပုံစံခြင်းတူညီသော ပုဏ္ဏားတစ်ဦးနှင့် ဖောက်ပြန်လျက်ရှိရာ ပိင်္ဂလက တားမြစ်သော်လည်း တန့်မသွားချေ။ ထို့ကြောင့် သယောက်လင်အား ပရိယာယ်ဖြင့်သတ်ရန် ပိင်္ဂလ အကြံပြုလိုက်သည်။ မင်းကြီးထံဝင်၍ မြို့တော်၏ တောင်တံခါးသည် မင်္ဂလာမရှိကြောင်း၊ မြို့စောင့်နတ်တို့အား ဗလိနတ်စာကျွေး၍ မင်္ဂလာနက္ခတ်နှင့်ယှဉ်ချိန်တွင် တံခါးသစ်တည်သင့်ကြောင်းများကို လျှောက်ထားသည်။

http://www.dhammadownload.com



မင်းကြီးသည် သူ့စကားကို ယုံကြည်သဖြင့် တံခါးသစ်တည်ရန် သူ့အား အာဏာကုန်လွှဲအပ်လိုက်တော့သည်။

ထိုအချိန်၌ ဘုရားလောင်းသည် တက္ကာရိယအမည်ဖြင့် ပိင်္ဂလပုရောဟိတ်ထံ၌ ပညာရပ်များ သင်ယူလျက်ရှိသည်။ ပုရောဟိတ်သည် တံခါးသစ်တည်ဆောက်ချိန်၌ မင်းကြီးထံဝင်၍ မနက်ဖြန်တွင် နက္ခတ်ကောင်းနှင့်ယှဉ်သဖြင့် မျက်စိကြောင်၍ သွားခေါသော ပုဏ္ဏားတစ်ဦးကိုသတ်ပြီးလျှင် ဗလိနတ်စာကျွေးရမည်ဟု လျှောက်ထားရာ မင်းကြီးက ခွင့်ပြုလိုက်သည်။ သို့ဖြင့် ပုရောဟိတ်သည် နှုတ်မစောင့်ဘဲ ဇနီးအား ယင်းအကြောင်းကို ပြောပြသည်။ ပုဏ္ဏေးမ၏ သတင်းပေးမှုကြောင့် သယောက်လင်သည် ထိုမြို့မှ ထွက်ပြေးလေသည်။ အမတ်တို့သည် တစ်မြို့လုံးလိုက်ရှာသော်လည်း တစ်စုံတစ်ယောက်ကိုမျှ ရှာမတွေ့ကြပေ။ ထို့ကြောင့် နောက်ဆုံး၌ ပုရောဟိတ်ကိုပင်ဖမ်းရန် စေခိုင်းလိုက်သည်။ တပည့်ဖြစ်သူ တက္ကာရိယလုလင်အား ပုရောဟိတ်မြှောက်၍ ဆရာအား ဗလိနတ်စာကျွေးရန် တာဝန်ပေးလေတော့သည်။

မင်းချင်းများသည် ပုရောဟိတ်ဟောင်းဖြစ်သူ ပိင်္ဂလကို နှောင်ကြိုးတည်း၍ ပုရောဟိတ်သစ်ဖြစ်သူ တက္ကာရိယရှိနေရာ မြို့တံခါးဆီသို့ ခေါ်ဆောင်လာခဲ့ကြသည်။ တွင်းကို ကာရံထားသော တင်းတိမ်အတွင်း၌ ဆရာတပည့် နှစ်ဦးဆုံတွေ့ကြသည်။ ဆရာက မိမိ နှုတ်မစောင့်မိခဲ့ခြင်းအတွက် နောင်တနှင့်ယှဉ်သော စကားကိုဆိုသည်။ ထိုအခါ တပည့်ဖြစ်သူ တက္ကာရိယက ဆရာသည်သာလျှင် နှုတ်မစောင့်၍ ဆင်းရဲဒုက္ခနှင့် ကြုံတွေ့ရသည် မဟုတ်သေး။ ရှေးအခါက ကာဠီမည်သော ပြည့်တန်ဆာမယ်ထံသို့ ဝင်ထွက်နေသူ သူဌေးသား တစ်ဦး၊ ဆိတ်နှစ်ကောင်ခတ်ရာ၌ ဝင်ရောက်စွက်ဖက်ခဲ့သော နွားမြီးဆွဲငှက်၊ ထန်းပင်ပေါ်မှ ခုန်ချသူအား ပုဆိုးဖြင့်ခံ၍ ဖမ်းယူခဲ့ကြသော လူလေးယောက်နှင့် ခိုးသူများလက်မှ လွတ်လာခဲ့ပြီးသော ဆိတ်တစ်ကောင် ဤအားလုံးသည်လည်း မိမိပြုသော အမှုဖြင့်ပင် သေဆုံးခဲ့ကြရကြောင်းကို ဝတ္ထုဖြင့် အကျယ်ချဲ့ကာ ပြောပြသည်။ တစ်ဖန် နှုတ်ကိုစောင့်သဖြင့် အသက်ဘေးမှ လွတ်မြောက်သွားခဲ့ရသော ကိန္နရာ ကိန္နရီဝတ္ထုကိုလည်း ဆက်၍ ပြောပြပြန်သည်။

ယင်းအကြောင်းကို ပြောပြပြီးချိန်၌ ဆရာမကြောက်လင့်၊ အကျွန်ုပ်သည် ဆရာ့အား ကယ်တင်ပါမည်၊ ဆရာသည် နှုတ်ကိုစောင့်ပါဟု ဆိုပြီးလျှင် သန်းခေါင်ယံ၌ ဆိတ်တစ်ကောင်ကိုသတ်၍ တွင်းထဲသို့ ချလိုက်သည်။ ဆရာကိုမူ ရေမြေခြားသို့ ထွက်သွားစေလိုက်သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ ပိဂ်လပုရောဟိတ်-ကောကာလိက။ တက္ကာရိယလုလင်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ နှုတ်ကြောင့်သေ၊ ဒုတ်ကြောင့်ကြေဟု ဆိုစကားရှိသည်။

---

# ၄၈၂။ ရုရုမိဂဇာတ်

## ကျေးဇူးတန်းသူ ဒေဝဒတ်လောင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်၏ ကျေးဇူးမသိတတ်မှုနှင့် ဆက်စပ်၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစဉ် မဟာဓနကသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေး၏ တစ်ဦးတည်းသောသား ဖြစ်၏။ မိဘများသည် သူ့ကို အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ပေးကြပြီးနောက် ကွယ်လွန်သွားကြသည်။ သူသည် အပျော်အပါးလိုက်စားခြင်းကြောင့် ကုဋေရှစ်ဆယ်သော ဥစ္စာများသည် ကုန်ခန်းသွားခဲ့ရုံမျှမက ကြွေးမြီများလည်း တင်လာခဲ့လေသည်။ တစ်နေ့တွင် သူသည် ဂင်္ဂါမြစ်ထဲသို့ ဆင်း၍ သေကြောင်းကြံရာ ရေနစ်မသေဘဲ ရေစီးကြောင်းထဲ မျောပါသွားသည်။

ထိုအချိန်က ဂင်္ဂါမြစ်ကွေ့၏ တစ်နေရာရှိ သရက်ဥယျာဉ်ထဲတွင် ရွှေအဆင်းနှင့်တူသည့် ဘုရားလောင်းဆတ်မင်းသည် မဟာဓနကကို သွားရောက်ဆယ်ယူကယ်တင်ကာ မဟာဓနကအား မိမိကျောကုန်းပေါ်တွင်တင်၍ ဗာရာဏသီသို့သွားရာ လမ်းမပေါ် အရောက် ပို့ပေးလိုက်ပြီး ဤနေရာတွင် ကျွန်ုပ်နေသည့်အကြောင်းကို တစ်စုံတစ်ယောက်ကိုမျှ မပြောနှင့်ဟု မှာကြားလိုက်သည်။

ဗာရာဏသီမင်း၏ မိဖုရားကြီးခေမာသည် ရွှေအဆင်းနှင့်တူသော ဆတ်မင်း၏ တရားကိုကြားနာရသည်ဟု အိပ်မက်မြင်မက်သဖြင့် ယင်းဆတ်မင်းကို ရှာဖွေဆောင်ကြဉ်းပေးကြပါရန် မင်းကြီးအား ပူဆာသည်။ မင်းကြီးသည် ရွှေအဆင်းနှင့်တူသော ဆတ်မင်းရှိရာကို ပြောဆိုညွှန်ကြားနိုင်သူအား ဆင်နှင့်တကွ ဆင်ပေါ်ပါဥစ္စာအားလုံးကို ပေးမည်

http://www.dhammadownload.com



အကြောင်း စည်လည်စေသည်။ ထိုအကြောင်းကို သိလိုက်ရသော မဟာဇနကသည် ရွှေဆတ်မင်းနေရာကို ညွှန်ပြမည်ဟု ဆိုပြီးလျှင် မင်းကြီးနှင့်တကွ စစ်သည်များကိုပါ ခေါ်လာခဲ့လျက် ရွှေဆတ်မင်းနေသည့်တောကို ဝိုင်းရံညာသံပေးစေသည်။ ထိုအသံများကို ကြားလိုက်ရကတည်းက ဤအသံသည် ထိုလူယုတ်မှဖြစ်ပေါ်လာသော အသံဖြစ်ကြောင်း ရွှေဆတ်မင်း သိလိုက်သည်။ သို့ဖြင့် အသံကင်းစေရန် မင်းကြီးရှိရာဘက်သို့ သွားပြီးလျှင် မြတ်သောမင်းကြီး ဤအရပ်၌ အကျွန်ုပ်နေသည့်အကြောင်းကို မည်သူပြော၍ သိရပါသနည်းဟုမေးရာ မင်းကြီးက မဟာဇနကကို ညွှန်ပြလိုက်သည်။

ထိုအခါ ဆတ်မင်းသည် မဟာဇနကကို ကဲ့ရဲ့စကားဆိုလျက် သူ့အား ရေထဲမှ ဆယ်ထုတ်၍ အသက်ကယ်ခဲ့ရပုံများကို ပြောပြသည်။ မင်းကြီးသည် ကျေးဇူးကန်းသော လူယုတ်မာအား အမျက်ထွက်၍ မြားဖြင့်ပစ်ခွင်းမည်ပြုရာ ဆတ်မင်းက တောင်းပန်ထားလိုက်ရသည်။ မင်းကြီးက ဆတ်မင်းအား ရယူလိုသည့်ဆုကို တောင်းဆိုရန် ပန်ကြားသည်။ ဆတ်မင်းက သတ္တဝါအားလုံးအပေါ်၌ အသံမဲ့ပေးရန် တောင်းဆို၍ မင်းကြီးသည် ကြည်ဖြူစွာဖြင့်ပင် ထိုဆုကို ပေးအပ်လိုက်သည်။

ထို့နောက် နေပြည်တော်သို့ ခေါင်ယူသွားပြီးလျှင် မိဖုရားကြီး အမှူးပြု၍ မင်းကြီးနှင့်တကွ ပရိသတ်တို့အား တရားဟောစေသည်။ ထိုအခါ မိဖုရားကြီး၏ဆန္ဒလည်း ပြည့်ဝကာ ရွှေဆတ်မင်းသည်လည်း မိမိနေရာတောစခန်းသို့ ပြန်လာခဲ့သည်။

**ဇာတ်ပေါင်း။** ။ **မဟာဇနက-ဒေဝဒတ်။ မင်းကြီး-အရှင်အာနန္ဒာ။**
**ဆတ်မင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **သူတော်ကောင်းကိုပြစ်မှားလျှင် မိမိဘဝပျက်စီးတတ်သည်။**

---

# ၄၈၃။ သရဘမိဂဇာတ်

## ဘုရင့်ထံမှ ထွက်ပြေးသူ သမင်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

အကျဉ်းနည်းဖြင့် မေးအပ်သည့်ပြဿနာကို အကျယ်နည်းဖြင့် ဖြေဆိုနိုင်စွမ်းရှိသော အရှင်သာရိပုတ္တရာ၏ ဂုဏ်ကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် တောတစ်ခု၌ သမင်ဆီးဆောက်မျိုးတွင် ဖြစ်နေသည်။ တစ်နေ့တွင် မင်းကြီးသည် အမတ်များနှင့်အတူ ဘုရားလောင်းနေထိုင်ရာ တောချုံသို့သွား၍ ဝိုင်းဝန်းခြောက်လှန့်ကြသည်။ သမင် ဆီးဆောက်သည် ဟာကွက်ရှိနေသော မင်းကြီးဘက်မှ ပြေးထွက်လွတ်မြောက်သွားလေတော့သည်။ မင်းကြီးသည် သန်လျက်ကိုင်၍ သမင်နောက်သို့ အပြေးလိုက်သွားခဲ့ရာ သုံးယူဇနာတိုင် ခရီးပေါက်သွားခဲ့သည်။

သမင်နောက်သို့ တရကြမ်းလိုက်လာခဲ့သောမင်းကြီးသည် ရေတွင်းကြီးထဲ ကျသွားသည်။ သမင်သည် နောက်သို့ ပြန်ကြည့်ရာတွင် ရေနစ်နေသောမင်းကြီးကို မြင်တွေ့လိုက်ရသည့်အခါ မိမိအပေါ်၌ သူပြုခဲ့သောအပြစ်များကို မေ့ဖျောက်လျက် သနားကြင်နာစိတ်ဝင်လာကာ ရေထဲမှ ဆယ်တင်လိုက်ပြီး မိမိကျောကုန်းပေါ်သို့တင်၍ ဗိုလ်ပါများရှိရာနှင့် မနီးမဝေးသော အရပ်သို့တိုင် ပို့ဆောင်ပေးပြီး မင်းကြီးအားလည်း အဆုံးအမပေး၍ ပဥ္စသီလ၌ တည်စေခဲ့သည်။

မင်းကြီးသည် နေပြည်တော်သို့ပြန်ရောက်လာသောအခါ ပြည်သူအားလုံးတို့သည် ယနေ့မှစ၍ ငါးပါးသီလစောင့်ကြကုန်ဟု စည်လည်စေတော်မူသည်။ သို့ရာတွင် သမင်ဆီးဆောက်၏ ဂုဏ်ကျေးဇူးကိုကား မည်သူတစ်စုံတစ်ယောက်ကိုမျှ မပြော၊ ထိုည မိုးသောက်ယံ၌မူ သမင်ဆီးဆောက်၏ ဂုဏ်ကျေးဇူးများကိုတွေး၍ ဥဒါန်းကျူးနေမိသည်။ ယင်းကို ခစားရန်ဝင်လာသော ပုရောဟိတ်က ကြားသဖြင့် ထိုအကြောင်းကိုပြောပြရာ မင်းကြီး အံ့အားသင့်သွားသည်။

မင်းကြီးက သင်သည် အလုံးစုံသောတရားတို့ကို သိသော ဘုရားဖြစ်လေသလားဟုပင် ဆိုမိရသည်။ ပုရောဟိတ်က မိမိသည် ဘုရားမဟုတ်ကြောင်း၊ အရှင်မင်းကြီးကျူးရင့်တော်မူသော ဥဒါန်းဂါထာ၏သဒ္ဒါကို ဆင်ခြင်၍ အနက်ထင်ခြင်းသာဖြစ်ကြောင်းလျှောက်ထားရာ မင်းကြီးသည် များစွာနှစ်သက်တော်မူသဖြင့် သူ့အားစည်းစိမ်ဥစ္စာများကို တိုးမြှင့်၍ ပေးအပ်လိုက်သည်။

တစ်နေ့တွင် မင်းကြီးသည် မုတ်တိုင်ကို မြားဖြင့်ပစ်ရန် ပုရောဟိတ်နှင့်အတူ ဥယျာဉ်တော်သို့ လာခဲ့သည်။ ယင်းအချိန်၌ မင်းကြီးနှင့် သမင်ဆီးဆောက်၏အကြောင်းကို အလုံးစုံသိထားသော သိကြားမင်းသည် မင်းကြီးအား အလိုစမ်းလို၍ တာဝတိံသာမှ ဆင်းလာသည်။ မုတ်တိုင်နှင့် မင်းကြီး၏အကြားတွင် သမင်ဆီးဆောက်အသွင်ဖြင့် ရပ်ပြသည်။ မင်းကြီးသည် ယင်းကိုမြင်လိုက်ရသဖြင့် ပစ်လွှတ်အံ့ဆဲဆဲ ဖြစ်နေသော မြားကို

http://www.dhammadownload.com



မလွှတ်ဖြစ်တော့ဘဲ လေးတော်ကို ပြန်ချလိုက်သည်။ သည့်တွင် သိကြားမင်းသည် ပုရော ဟိတ် ကိုယ်တွင်းသို့ ပူးပေါင်း၍ အစာဖြစ်သော သမင်ဆီးဆောက်ကို မြားဖြင့်ပစ်ခွင်းရန် ပုရောဟိတ်အား တိုက်တွန်းစေသည်။ မင်းကြီးက မလိုက်နာ၊ ကျေးဇူးရှင်ဖြစ်၍ မသတ် ဟု ဆိုသည်။ ဆက်၍ လှုံ့ဆော်ပေးရာ၌လည်း မင်းကြီးသည် ငြင်းမြဲငြင်းနေသည်။ ထိုအခါတွင် သိကြားမင်းသည် ပုရောဟိတ်ကိုယ်မှခွာ၍ မိမိ၏ သိကြားမင်းအဖြစ်ကို ထင်ရှားစွာပြပြီး ကျေးဇူးသိတတ်သော မင်းကြီးအား ချီးကျူးစကားဆို၍ မိမိနေရာသို့ ပြန်လာခဲ့လေသည်။

ဇာတ်ပေါင်း။ ။ ဗာရာဏသီမင်း-အရှင်မဟာမောဂ္ဂလာန်။
ပုရောဟိတ်ပုဏ္ဏား-အရှင်သာရိပုတ္တရာ၊ သမင်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူ့ကျေးဇူးကို မမေ့ပျောက်စေရာ။

**တေရသကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# ပကိဏ္ဏကနိပါတ်

ဇာတ်စုစုပေါင်း–၁၃

## ၄၈၄။ သာလိကေဒါရဇာတ်

### မိဘကိုလုပ်ကျွေးသူ ကျေးမင်း

**ပစ္စုပ္ပန်ဝတ္ထု**

မိခင်ကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရာဇဂြိုဟ်ပြည်၌ မာဂဓမင်း မင်းပြုချိန် ဘုရားလောင်းကျေးမင်းသည် ကျေးအပေါင်း ခြံရံလျက် ကောသိယဂေါတ္တမည်သော ပုဏ္ဏားၤ၏ လယ်မြေအနီး တောင်ပေါ်မှ လက်ပံ တောကြီးထဲတွင်နေ၍ မိဘနှစ်ပါးကို လုပ်ကျွေးနေသည်။

တစ်နေ့တွင် ကျေးမင်းနှင့်သူ့ပရိသတ်သည် ပုဏ္ဏားၤ၏လယ်မှ မှည့်ဝင်းနေသော သလေးစပါးကို သွားရောက်စားသောက်ကြပြီး အပြန်ခရီး၌ ကျေးမင်းသည် ထုံးစံအတိုင်း မိဘများအတွက်လည်း သလေးနံ့များကို ကိုက်ချီ၍ ယူလာခဲ့သည်။ နောက်ရက်များတွင် လည်း ထိုကျေးအုပ်တို့ လာရောက်စားသောက်ကြပြန်သည်။

လယ်စောင့် စာရင်းငှားသည် ထိုအကြောင်းကို ပုဏ္ဏားကြီးအား ပြောကြားရာ ပုဏ္ဏားကြီးက ကျေးအားလုံးထဲမှ သလေးနံ့ကို ကိုက်ချီယူသွားလေ့ရှိသော ကျေးသားအား မြင်းမြီးကျော့ကွင်းဖြင့် ထောင်ဖမ်းရန် အမိန့်ပေးလိုက်သည်။ စာရင်းငှားသည် ပုဏ္ဏားကြီး စေခိုင်းသည့်အတိုင်း ထောင်ဖမ်းသည်တွင် ကျေးမင်းကို မိလေတော့သည်။ သူသည် ကျေးမင်းကို ပုဏ္ဏားကြီးထံသို့ ယူလာခဲ့ရာ ပုဏ္ဏားကြီးက အကျိုးအကြောင်းမေးမြန်းသည် တွင် ကျေးမင်းက မိမိသည် ကြွေးမြီဟောင်းများကိုပေးဆပ်၍ ကြွေးမြီသစ်များကို ပေးနေ သူဖြစ်ကြောင်း၊ ထိုမျှသာမက လက်ပံတော၌ ရွှေအိုးများ မြှုပ်နှံပါကြောင်း ပြောပြသည်။

http://www.dhammadownload.com





ကြည်နူးပျော်စံနေသော ကိန္နရာမောင်နှံနှင့်မုဆိုးကိုတွေ့ရစဉ်။

http://www.dhammadownload.com



ဇာတ်အမှတ်-၄၈၅ ကြည်နူးပျော်စံနေသော ကိန္နရာမောင်နှံနှင့်မုဆိုးကိုတွေ့ရစဉ်။

http://www.dhammadownload.com



ပုဏ္ဏားကြီးသည် ယင်းစကားများ၏ အဓိပ္ပာယ်ကို ရှင်းပြရန် တောင်းဆိုသည့်အခါ ကျေးမင်းက 'ပုဏ္ဏား၊ သားသမီးငယ်များအား ရှာဖွေကျွေးမွေးခြင်းမှာ ကြွေးမြီသစ်ချပေးခြင်း ဖြစ်၏။ ကြွေးမြီဟောင်းများ ပေးဆပ်ခြင်းမှာ အရွယ်လွန်ပြီးသော မိဘနှစ်ပါးအား ရှာဖွေကျွေးမွေးခြင်းဖြစ်ပြီး၊ ကုသိုလ်ပွားလို၍ ကျေးသားအိုကြီးများအား ရှာဖွေကျွေးမွေးနေခြင်းကို ရွှေအိုးမြှုပ်နှံသည်ဟု ဆိုခြင်းဖြစ်သည်'ဟူ၍ ရှင်းပြလေရာ ပုဏ္ဏားကြီးသည် လွန်စွာနှစ်ထောင်းအားရဖြစ်ခဲ့သည်။ မိမိ၏ လယ်ခွင်၌ အလိုရှိတိုင်း လာရောက်စားသောက်ပါရန်လည်း ဖိတ်ခေါ်သည်။

သို့ရာတွင် ကျေးမင်းက ရှစ်ပယ်သောလယ်မြေကိုသာ လက်ခံလေသည်။ ထို့နောက် ပုဏ္ဏားသည် ကျေးမင်းအား အနှောင်အဖွဲ့များကို ဖြေလွှတ်ပေးလိုက်ရာ မိဘများထံသို့ ပြန်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ ကျေးမင်း၏ပရိတ်များ-ဗုဒ္ဓ၏ပရိသတ်၊
ကျေးမင်း၏မိဘများ-သုဒ္ဓေါဒနနှင့်မာယာဒေဝီ၊
လယ်စောင့်စာရင်းငှား-ဆန္နမထေရ်၊ ပုဏ္ဏား-အရှင်အာနန္ဒာ၊
ကျေးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိဘကိုလုပ်ကျွေးနေသူအား သူခိုးသိမ်းတွဲ ချစ်မြတ်နိုးမြဲ။

---

# ၄၈၅။ စန္ဒကိန္နရီဇာတ်

## ထင်ယောင်ကျားအပေါ်သစ္စာထားလွန်သူ

**ပစ္စုပ္ပန်ဝတ္ထု**

ခင်ပွန်းအပေါ် ချစ်မြတ်နိုးသော ယသော်ဓရာမိဖုရားကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာတွင် ကိန္နရာမျိုး၌ ဖြစ်နေသည်။ သူ၏ဇနီးမှာ စန္ဒာမည်သော ကိန္နရီမယ် ဖြစ်သည်။ သူတို့မောင်နှံသည် စန္ဒဟုတွင်သော ငွေတောင်ပေါ်၌ နေထိုင်ကြသည်။ တစ်နေ့တွင် ဗြဟ္မဒတ်မင်းကြီးသည် ဖန်ရည်စွန်းသော အဝတ်ကိုဝတ်လျက် မုဆိုးအသွင်ဖြင့် ဟိမဝန္တာတောသို့ တစ်ကိုယ်တည်း ဝင်လာခဲ့သည်။

http://www.dhammadownload.com



ထိုအချိန်၌ ငွေတောင်ပေါ်မှ ဆင်းသက်၍ လျှောက်လာခဲ့ကြသော ကိန္နရာမောင်နှံတို့သည် ချစ်ခင်ပျော်ရွှင်စွာ သီဆိုကခုန်နေကြသည်။ ယင်းကို မြင်တွေ့လိုက်ရသော ဗြဟ္မဒတ်မင်းကြီးသည် ကိန္နရီမယ်အပေါ် တပ်စွန်းစိတ်ဝင်မိလိုက်သဖြင့် ကိန္နရာကို မြားဖြင့်ပစ်ခွင်းလိုက်ရာ မြားဒဏ်သင့်၍ လဲကျပြီး သတိမေ့သွားခဲ့သည်။

ကိန္နရီမသည် သူမ၏ချစ်လင် မြားဒဏ်သင့်၍ သတိမေ့မူးလဲနေသည်ကို မြင်တွေ့လိုက်သည်တွင် စိုးရိမ်ခြင်းပြင်းပြစွာဖြင့် သည်းစွာငိုကြွေးလေတော့သည်။ ယင်းကို ဗြဟ္မဒတ်မင်းကြီးက ကိန္နရာသေပြီဟုထင်ပြီး ကိုယ်ယောင်ပြလိုက်ရာ ကိန္နရီမယ်သည် အကြောက်ကြောက်အရွံ့ရွံ့ဖြင့် ထွက်ပြေးသည်။ တောင်ထိပ်ပေါ်မှရပ်၍ မင်းကြီးကို ကျိန်ဆဲသည်။

ထိုအခါ မင်းကြီးက ကိန္နရီမအား ငါ့မယားဖြစ်လာခဲ့လျှင် အပူဇော်ခံမင်းမိန်းမဘဝသို့ ရောက်လာမည်ဟုဆိုသော်လည်း ကိန္နရီမယ်က သင်၏မယားအဖြစ်သို့ အရောက်မခံ၊ မိမိကိုယ်ကိုသာ အဆုံးစီရင်သွားမည်ဟု တုံ့ပြန်လိုက်ရာ ဗြဟ္မဒတ်မင်းကြီးသည် ကိန္နရီမအပေါ်၌ ဖြစ်ပေါ်နေခဲ့သော တပ်စွန်းစိတ်များ ပပျောက်သွားပြီး ထွက်ခွာသွားလေသည်။ ထိုအခါတွင်မှ ကိန္နရီမယ်သည် တောင်ထိပ်ပေါ်မှ ဆင်းလာခဲ့သည်။ ကိန္နရာကို ပွေ့ဖက်၍ တောင်ထိပ်ပေါ်သို့ တင်ယူလာခဲ့သည်။ ကိန္နရာ၏ ဦးခေါင်းကို မိမိခေါင်းပေါ်တွင်ထား၍ အမျိုးမျိုးသီကျူးလျက် သည်းထန်စွာ ငိုကြွေးသည်။

ထို့နောက် ကိန္နရာ၏ ရင်ဘတ်ပေါ်၌လက်တင်၍ စမ်းကြည့်သည်တွင် အသက်မသေသေးကြောင်း သိရသဖြင့် လောကပါလနတ်အား သစ္စာပြုတိုင်တည်လိုက်ရာ သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့်ရောက်လာပြီး ကိန္နရာအား ကရားမှရေဖြင့် သွန်းလောင်းပေးလိုက်သည်။ ယင်းခဏတွင်ပင် မြားဆိပ်များပြေလျော့သွားပြီး ကိန္နရာလည်း လဲနေရာမှ ရုတ်ခြည်းထလာသည်။ ကိန္နရီမယ်သည် ကျေးဇူးတင်လွန်းသဖြင့် ပုဏ္ဏားအသွင်ဆောင်လာခဲ့သော သိကြားမင်းအား အကြိမ်ကြိမ်ရှိခိုးလိုက်သည်။

ဇာတ်ပေါင်း။ ။ ဗြဟ္မဒတ်မင်း-ဒေဝဒတ်။ သိကြားမင်း-အရှင်အနုရုဒ္ဓါ။
စန္ဒကိန္နရီ-ယသော်ဓရာ။ စန္ဒကိန္နရာ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အခက်အခဲကို သစ္စာဖြင့်ကျော်လွှားနိုင်သည်။

http://www.dhammadownload.com



# ၄၈၆။ မဟာဥက္ကုသဇာတ်

## အတုယူဖွယ်မိတ်ဆွေများ

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိမြို့မှ မိတ္တဗန္ဓကဆိုသူသည် သူလက်ထပ်လိုသော အမျိုးသမီး၏ စကားကို နားထောင်၍ မိတ်ဖွဲ့ခြင်းဖြင့် လာဘ်များစွာ ရရှိသည့်ပြင် ဗုဒ္ဓမြတ်စွာဘုရား၏ တရား ဒေသနာတော်ကို ကြားနာ၍ အပြီးတွင် သောတာပတ္တိဖိုလ်၌ တည်သွားခဲ့ပုံကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကိုဆောင် တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဗာရာဏသီ၏ နယ်စွန် ကျေးရွာတစ်ရွာအနီးတွင် ရေအိုင်ကြီးတစ်ခု ရှိသည်။ ထိုအိုင်၏တောင်မျက်နှာ၌ စွန်ဖို တစ်ကောင်၊ အနောက်မျက်နှာ၌ စွန်မတစ်ကောင်၊ အိုင်အလယ်၌ကား လိပ်ကြီးတစ်ကောင် တို့ အသီးသီးနေထိုင်ကြသည်။

တစ်နေ့တွင် စွန်ဖိုသည် ခြင်္သေ့၊ ဝန်လိုနှင့် လိပ်တို့ထံသွားရောက်၍ မိတ်ဆွေဖွဲ့ သည်။ ထိုသုံးဦးနှင့် ကျွမ်းဝင်ပြီးခါမှ စွန်ဖိုသည် စွန်မနှင့် လက်ထပ်၍ ထိုရေအိုင်လယ်ရှိ ကျွန်းကလေးပေါ်မှ ထိန်ပင်ကြီးပေါ်တွင် အသိုက်ပြုလျက် နေထိုင်ကြသည်။ မကြာမီ သူတို့တွင် သားငယ်နှစ်ကောင် ရရှိလာခဲ့သည်။ တစ်နေ့သောအခါတွင် ကျေးလက်သား တစ်စုသည် မည်သည့်သားကောင်မျှ မရခဲ့ကြသဖြင့် နေဝင်ချိန်တွင် ရေအိုင်ထဲမှ ကျွန်းငယ် ကလေးပေါ်သို့ ရောက်လာကြသည်။ ငါး လိပ်များဖမ်းယူ၍ ပြန်ကြမည်ဆိုသည့်အစီအစဉ် ဖြင့် သူတို့သည် မှက် ခြင်များရန်မှ ကင်းဝေးစေရန် ထိန်ပင်ရင်း၌ မီးဖိုသည်။ ယင်းမှ ထွက်လာသော မီးခိုးညှန့်သည် ထိန်ပင်ပေါ်ရှိ အသိုက်ထဲမှ စွန်ငယ်ကလေးများအား မွန်းကြပ်စေသည်။ စီစီညံညံမြည်သံကို ကြားရသောကြောင့် ထိုလူစုသည် စွန်ကိုတက်ဖမ်း ရန်နှင့် အဆာပြေစားသောက်ကြရန် ပြင်ဆင်ကြသည်။ မြက်မီးရှူးများလုပ်၍ ထိန်ပင်ပေါ်သို့ တက်ကြသည်။

စွန်မသည် သားငယ်များအတွက် စိုးရိမ်လာ၍ ဝန်လိုငှက်ထံသွား၍ အကူအညီ တောင်းခံရန် စွန်ဖိုအား လွှတ်လိုက်သည်။ စွန်ဖိုသည် ဝန်လိုငှက်ထံသွား၍ အကျိုး အကြောင်းပြောပြရာ ဝန်လိုငှက်သည် ရေအိုင်ထဲသို့ ဆင်းငုပ်၍ အတောင်များကို ရေစွတ် စေသည်။ နှုတ်သီးဖြင့် ရေကိုငုံလာလျက် မီးကိုနှုတ်သီးထဲမှရေဖြင့် ထွေးပစ်လိုက်သည်။

http://www.dhammadownload.com



အတောင်နှစ်ဖက်ဖြင့်လည်း အုပ်ရိုက်ပစ်လိုက်သည်။ ထိန်ပင်ပေါ်တက်သူသည် မီးငြိမ်းသွား၍ ဆက်မတက်နိုင်တော့။ ပြန်ဆင်း၍ မီးအသစ်ထပ်လုပ်ကာ ပြန်တက်သည်။ ဝန်လိုငှက်က ရေးနည်းအတိုင်း ငြိမ်းသတ်ပစ်သည်။ သည်သို့ဖြင့် ပြန်တက်လိုက် ထပ်ငြိမ်းပစ်လိုက်ရှိလာခဲ့ရာ သန်းခေါင်ယံသို့ ရောက်လာသည်။ ဝန်လိုငှက်လည်း ပင်ပန်းလာသည်။

သို့ဖြင့် စွန်မ၏စေညွှန်ချက်ကြောင့် စွန်ဖိုသည် လိပ်ကြီးထံ သွားရောက်အကူအညီတောင်းရာ လိပ်ကြီးသည် ညွန်နှင့်မှော်များကို ဆွဲယူလာခဲ့ပြီးလျှင် မီးဖိုထဲဝင်၍ မီးကို ငြိမ်းသတ်ပစ်လိုက်သည်။ လိပ်ကြီးကို တွေ့လိုက်ရသည်နှင့် လူများသည် စွန်ကိုမေ့သွားကြသည်။ လူအားလုံးအတွက် ဖူလုံသောလိပ်ကြီးကို နွယ်ကြိုး၊ ပုဆိုးဟောင်းများဖြင့် ချည်နှောင်၍ ဆွဲကြသည်။ လိပ်ကလည်း အရှုံးမပေး၊ လူများအား ရေထဲသို့ ရောက်အောင် ဆွဲယူ၏။ လူများရေထဲသို့ကျ၍ ရေနစ်သည့်အခါမှ လူများသည် လိပ်ကိုလွှတ်၍ စွန်သိုက်ကို ပြန်တက်ရန် ကြိုးစားကြပြန်သည်။ သည်တစ်ကြိမ်တွင်လည်း စွန်မသည် စွန်ဖိုအား ခြင်္သေ့မင်းထံစေလွှတ်၍ အကူအညီတောင်းစေပြန်သည်။ ခြင်္သေ့မင်းလည်း လိုက်လာခဲ့သည်။ လူများသည် ခြင်္သေ့မင်းလာနေသည်နှင့် ဒရောသောပါး ထွက်ပြေးသွားခဲ့ကြသည်။

ဝန်လိုငှက်၊ လိပ်နှင့် စွန်မောင်နှံတို့သည် ခြင်္သေ့မင်းထံ သွားရောက်ရှိခိုးကြသော် ခြင်္သေ့မင်းက အဆွေခင်ပွန်း၏ အကျိုးဆက်များကို ဟောကြားသည်။ ယနေ့မှစ၍ မိတ်မပျက် ဆွေမပျက် ဆက်လက်နေထိုင်သွားကြရန် ဆုံးမသည်။ ထို့နောက် မိမိနေရာသို့ ပြန်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ စွန်မောင်နှံ-ယခုလင်မယား။ လိပ်-အရှင်မောဂ္ဂလာန်။
ဝန်လိုငှက်-အရှင်သာရိပုတ္တရာ။ ခြင်္သေ့မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဘေးရောက်ချိန်၌ကူညီသောသူသည် မိတ်ဆွေစစ်ဖြစ်သည်။

---

## ၄၈၇။ ဥဒ္ဒါလကဇာတ်

### အဆန်းတကြယ် လုပ်ပြသူ

**ပစ္စုပ္ပန်ဝတ္ထု**

ထူးဆန်းအံ့ဩဖွယ်များကို ပြုလုပ်တတ်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိုက်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ်ဖြစ်နေခဲ့သည်။ သူသည် တစ်နေ့သောအခါတွင် ဥယျာဉ်ကစားရန် ထွက်လာခဲ့ရာ ပြည့်တန်ဆာမတစ်ဦးနှင့် ဆုံတွေ့သဖြင့် ချစ်ဖျူဟာခင်းမိရာမှ ပြည့်တန်ဆာမယ်တွင် ကိုယ်လေးလက်ဝန် ရှိသွားခဲ့သည်။ ပုရောဟိတ်သည် လက်စွပ်ကိုချွတ်၍ ပေးလိုက်ပြီး သားမွေးခဲ့လျှင် အရွယ်ရောက်ချိန်၌ ငါ့ထံသို့ ခေါ်လာလှည့်ဟူ၍ မှာကြားပြီး ထွက်ခွာလာခဲ့သည်။ ထိုကိုယ်ဝန်မှ သားယောကျ်ားကလေး ဖွားမြင်လာခဲ့ရာ ဥဒ္ဒါလကဟူ၍ အမည်ပေးသည်။

ဥဒ္ဒါလက အရွယ်ရောက်သော် အဖအကြောင်းကို မေးသည်။ ပုရောဟိတ်ဖြစ်ကြောင်း မိခင်က အဖြေပေးသည်။ သည်တွင် ဥဒ္ဒါလကသည် လက်စွပ်နှင့် ဆရာ့အားပေးရန် ဉာဏ်ပူဇော်ခများကိုယူလျက် ဒိသာပါမောက္ခဆရာကြီးထံတွင် ပညာရပ်များ သင်ယူသည်။ ထို့နောက် သူသည် ရသေ့ဦးရေ ငါးရာပါဝင်သော ရသေ့ဂိုဏ်းတစ်ခုနှင့် ဆက်သွယ်မိသဖြင့် ရသေ့ပြုလိုက်သည်။ ထိုရသေ့များထံ၌ လိုအပ်သောပညာရပ်များကို ဆက်လက် သင်ယူပြန်သည်။ ပညာစုံချိန်၌ ဥဒ္ဒါလကသည် ထိုရသေ့ဂိုဏ်း၌ အကြီးအကဲ ဖြစ်လာသည်။

တစ်ခါတွင် ဥဒ္ဒါလကခေါင်းဆောင်သော ရသေ့များသည် ခရီးလှည့်လည်လာခဲ့ကြရာမှ ဗာရာဏသီမင်းကြီး၏ ဥယျာဉ်သာတွင် စခန်းချနေထိုင်သည်။ မကြာမီ ပညာရှိရသေ့အဖြစ် သူထင်ပေါ်ကျော်ကြားသွားခဲ့သည်။ မင်းကြီးသည် သူ့သတင်းကို ကြားရသဖြင့် မိမိလာရောက်မည့်အကြောင်းကို ဥဒ္ဒါလကရသေ့ထံ သတင်းပို့ခိုင်းလိုက်သည်။ ယင်းသတင်းကို ရရှိသော ဥဒ္ဒါလကရသေ့သည် မင်းကြီးနှစ်သက်စေရန် အချို့ရသေ့များအား လင်းနို့ကဲ့သို့ ကျင့်ကြလော့၊ အချို့က ဆောင့်ကြောင့်ထိုင်သော အကျင့်ကို ကျင့်ကြလော့၊ ဆူးပေါ်၌အိပ်သူတို့ကလည်း အိပ်ကြလော့ စသည်ဖြင့် ညွှန်ကြားပြီး သူကမူ သပိတ်ခြေ ပေါ်၌ ကျမ်းစာများကိုတင်ထားပြီး ပညာရှိရသေ့များ ဝိုင်းရံ၍ ထိုင်နေသည်။

ထိုအချိန် မင်းကြီးသည် ပုရောဟိတ်နှင့်အတူ ရောက်လာရာ ရသေ့များကို ကြည်ညို သွား၍ ရသေ့များသည် အပါယ်ဘေးမှ လွတ်မြောက်ကြချေပြီဟု ချီးကျူးစကားဆိုသည်။ ပုရောဟိတ်က သူ့အဆိုကို လက်မခံဘဲ ဗေဒင်နည်းပေါင်း တစ်ထောင်တတ်မြောက်သူ ပင် ဖြစ်သော်လည်း အပါယ်ဘေးမှ မလွတ်မြောက်နိုင်ပါဟု လျှောက်တင်သည်။ ယင်းစကားကြောင့် ဥဒ္ဒါလကသည် သူ၏စွမ်းရည်ကိုပြ၍ ပုရောဟိတ်နှင့် စကားစစ်ထိုးရာ ဥဒ္ဒါလကသည် အရှုံးကြီး ရှုံးရသည်။

http://www.dhammadownload.com



သည့်တွင် ဥဒ္ဒါလကသည် ပုရောဟိတ်သားဖြစ်ကြောင်း ထုတ်ဖော်လိုက်သည့်အခါ ပုရောဟိတ်က မြတ်သောမင်းကြီး ဤရသေ့များသည် အယောင်ဆောင်၍ အဲ့ဖွယ်သရဲများကို ပြနေကြပါသည်။ ဤအတိုင်း ဆက်လုပ်နေကြလျှင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ပျက်စီးပါလိမ့်မည်။ ထို့ကြောင့် ရသေ့သုံးပါးလုံးတို့အား လူထွက်စေလျက် ဥဒ္ဒါလကအား ပုရောဟိတ်ငယ်အဖြစ် ခန့်တော်မူပါ။ ကြွင်းသော ရသေ့များအား မင်းမှုထမ်းစေတော်မူပါဟု လျှောက်တင်ရာ မင်းကြီးသည် ပုရောဟိတ်လျှောက်ထားသည့်အတိုင်း ဆောင်ရွက်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ဥဒ္ဒါလက-အံ့ဖွယ်သရဲကိုဖြစ်စေတတ်သောရဟန်း။
မင်း-အရှင်အာနန္ဒာ။ ပုရောဟိတ်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အဆန်းတကြယ်လုပ်ပြတိုင်း ကြည်ညိုရမည့်သူမဟုတ်။

---

# ၄၈၈။ ဘိသဇာတ်

## ထရားရှင် မောင်နှမများ

**ပစ္စုပ္ပန်ဝတ္ထု**

သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တောင်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်း မဟာကဥ္စနသူဌေးသားသည် ကုဋေရှစ်ဆယ်ကြွယ်ဝသော မိဘနှစ်ပါးမှ ဖွားမြင်လာသည်။ သူ့တွင် ညီခြောက်ယောက်နှင့်အငယ်ဆုံးနှမတစ်ယောက် ရှိသည်။ မိဘများကွယ်လွန်သော် ကျန်ရစ်သော ဥစ္စာပစ္စည်းများကို ဆင်းရဲသားများအား ပေးစွန့်ကြခဲ့သည်။ ထို့နောက် မောင်နှမရှစ်ယောက်၊ ကျွန်မိန်းမ တစ်ယောက်၊ ကျွန်ယောက်ျား တစ်ယောက်၊ မိတ်ဆွေတစ်ယောက်နှင့်အတူ ဟိမဝန္တာတောရှိ ပဒုမ္မာကြာအိုင်ကြီးတစ်ခု အနီး၌ ကျောင်းဆောက်၍ ရသေ့ဘဝဖြင့် အတူတကွနေထိုင်ကြသည်။ နောင်တော်ကြီး မဟာကဥ္စန၊ နှမတော် ကဥ္စနဒေဝီ၊ ကျွန်မိန်းမ ဤသုံးဦးတို့ကိုသာ ချန်လုပ်၍ ကျန်ရှစ်ဦးတို့က တစ်နေ့လျှင် တစ်ယောက်ကျစီ အလှည့်ဖြင့် သစ်သီးရှာထွက်ကြပြီးလျှင် ရလာသည့် သစ်သီးများကို တစ်ဆယ့်တစ်ပုံစီထား၍ ကိုယ့်အစုကို သွားယူ၍ မိမိနေရာ၌ပင် စားသောက်ကြရသည်။

http://www.dhammadownload.com



ထိုရသေ့များ၏ သီလတန်ခိုးကြောင့်ပင် သိကြားမင်း၏နေရာသည် တုန်လှုပ်ခဲ့ရကာ သိကြားမင်းက ရသေ့များသည် ကာမဂုဏ်တရား၌ နှလုံးသွင်းမှု ရှိ မရှိကို စမ်းသပ်လို၍ မဟာကဥ္စနရသေ့၏ သစ်သီးဝေစုကို သုံးရက်တိုင် ကွယ်ထားလိုက်သည်။ ရသေ့သည် ပထမရက်နှင့် ဒုတိယရက်၌ ငါ့တွင် အပြစ်ရှိ၍ ဖြစ်ပုံရသည်ဟု တွေးမိကာ တတိယရက်တွင်ကား အကယ်၍ ငါ့၌အပြစ်ရှိခဲ့လျှင် သည်းခံခွင့်လွှတ်စေမည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ရသေ့များအား စုဝေးစေပြီး မဟာကဥ္စနရသေ့က သစ်သီးဝေစု ပျောက်နေမှုကို တင်ပြ ဆွေးနွေးသည်။ ထိုသုံးရက်တွင် တာဝန်ကျခဲ့ကြရသော ရသေ့သုံးပါးလုံးက သူ့အတွက် ဝေစုထားခဲ့ကြကြောင်း ထွက်ဆိုခဲ့ကြသည်။ သည်တွင် မဟာကဥ္စနရသေ့က ဤရသေ့များထဲတွင် ခိုးယူစားသောက်သူကို သိရှိဖို့လိုသည်ဟု မိန့်ကြား၏။

ထိုအခါ ညီတော် ဥပကဥ္စနရသေ့သည် နေရာမှထ၍ သစ္စာပြုရာ အခြားရသေ့အသီးသီးတို့ကလည်း အသီးသီးကျိန်ဆို သစ္စာပြုကြသည်။ အားလုံး ကျိန်ဆိုကြပြီးချိန် မဟာကဥ္စနရသေ့ကလည်း ကျွန်ုပ်သည် ဝေစုမပျောက်ဘဲလျက် ပျောက်သည်ဟု ဆိုခဲ့ပါက ကာမဂုဏ်တို့ကို ခံစားရပါစေသတည်းဟု သစ္စာပြုကျိန်ဆိုသည်။

သိကြားမင်းသည် ယင်းကျိန်ဆိုချက်များကို ကြားလိုက်ရသည်နှင့် အထိတ်တလန့်ဖြစ်သွားကာ ကာမဂုဏ်တရားကို တံတွေးပေါက်သကဲ့သို့ စက်ဆုပ်ကြသူများဖြစ်ကြောင်း နားလည်သွားသည်။ သို့ဖြင့် မဟာကဥ္စန၏ ဝေစုကို ကွယ်ဝှက်ထားသူမှာ မိမိပင်ဖြစ်ကြောင်း လျှောက်ထားသည်။ ဤသို့ ပြုမိသည်ကို သည်းခံခွင့်လွှတ်ကြပါရန် တောင်းပန်ပြီး မိမိနေရာသို့ ပြန်သွားခဲ့သည်။

ဇာတ်ပေါင်း။ ။ ထိုအချိန်က ညီနောင်ခုနစ်ယောက်တို့ ယခုအခါ-ဗုဒ္ဓ၊ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ပုဏ္ဏ၊ အရှင်အာနန္ဒာ၊ နှမ-ဥပ္ပလဝဏ်။

အနှစ်ချုပ်။ ။ ကာမဂုဏ်ကိုပယ်နိုင်လေမှ ချမ်းသာလေဖြစ်သည်။

---

## ၄၈၉။ သုရုစိဇာတ်

### သားဆုပန်ရသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဆုရှစ်ပါးကိုရသော ဝိသာခါ ဥပါသိကာမကြီးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

မိမိလာပြည်သူကိုအုပ်ချုပ်သော သုရုစိမင်း၏သားတော် သုရုစိမင်းသားနှင့် ဗြဟ္မဒတ်မင်းကြီး၏ သမီးတော် သုမေဓာမင်းသမီးတို့သည် နှစ်ဦးစုလျား၍ အနှစ်ငါးသောင်း ထိကြာလာသည့်တိုင် သားသမီးရတနာ ရရှိခြင်း မရှိချေ။ သည်တွင် ပြည်သူများ၏ တောင်းဆိုမှုကြောင့် သုရုစိမင်းကြီးသည် မိဖုရားကြီးအား သားဆုပန်ရန်စေခိုင်းလိုက်ရသည်။ သုမေဓာမိဖုရားကြီးသည် လပြည့်ဥပုသ်နေ့တွင် ရှစ်ပါးသောဥပုသ်သီလကို ဆောက်တည်လျက် မိမိကျက်သရေခန်းထဲ၌ သီလကို နှလုံးသွင်းကာ နေထိုင်သည်။ သူ၏ သီလတန်ခိုး ကြောင့် သိကြားမင်းနေရာသည် တုန်လှုပ်ခဲ့ရသည်။ ထိုအကြောင်းကို ဆင်ခြင်ကြည့်သော် သုမေဓာမိဖုရားကြီး၏ သားရလိုဇောကို သိရှိလိုက်ရသဖြင့် ကျူထရံသည် နတ်သားအား မိဖုရားကြီး၏ ဝမ်းတိုက်၌ ပဋိသန္ဓေယူရန်ပြောရာ နတ်သားက ဝန်ခံလိုက်သည်။

သိကြားမင်းသည် ရှာန်ရ ရသေ့အသွင်ဖြင့် သုမေဓာမိဖုရားကြီး၏ ကျက်သရေခန်း ပြတင်းဝတွင်ရပ်လျက် သီလရှိသူများအား သားဆုပေးလို၍ လာခဲ့ရခြင်းဖြစ်ကြောင်း ပြောပြသည်။ သုမေဓာမိဖုရားကြီးက မိမိသည် သီလရှိကြောင်းပြောဆိုသော် သင့်သီလကို ငါသဘောကျလျှင် သားဆုပေးခဲ့မည်ဟု သိကြားမင်းက ဆိုသည်။ ထို့ကြောင့် မိမိ၏ သီလများကို ကျယ်ဝန်းစွာ ပြောပြ၍ သားဆုကိုတောင်းရာ သိကြားမင်းသည် လွန်စွာပင် သဘောကျသွား၏။ ကျူထရံသည်နတ်သားလည်း နတ်ပြည်မှ စုတေပြီးလျှင် သုမေဓာမိဘုရားကြီး၏ ဝမ်းကြာတိုက်၌ ပဋိသန္ဓေယူလေသည်။ ဆယ်လပြည့်မြောက်ချိန်၌ သားရတနာလေး ဖွားမြင်လာရာ မဟာပနာဒမင်းသားဟူ၍ ခေါ်တွင်ကြသည်။

မင်းသား တစ်ဆယ့်ခြောက်နှစ်သားအရွယ်သို့ရောက်၍ ပညာစုံချိန်မှ ခမည်းတော်သည် အတွေးတစ်ခုဝင်လာသည်။ သားတော်အား အဘိသိက်သွန်းပြီး မင်းပြုစေ၍ ထီးနန်းပြာသာဒ် သီးခြားဆောက်လုပ်ရန် မြေကြန်အင်ကို နားလည်သော ဆရာများအား ခေါ်ယူပြီး ကောင်းမြတ်သော မြေနေရာကို ရှာဖွေရွေးချယ်ပေးရန် တာဝန်ပေးလိုက်သည်။ ယင်းဆရာများ မြေနေရာ ရွေးချယ်နေကြချိန်မှာပင် သိကြားမင်းသည် ဝိသကြုံနတ်သားအား ရတနာပြာသာဒ်ကြီးတစ်ဆောင် သွားရောက်ဖန်ဆင်းပေးရန် စေလွှတ်လိုက်သည်။ ဝိသကြုံနတ်သားသည် သိကြားမင်းစေညွှန်းသည့်အတိုင်း သွားရောက်ဖန်ဆင်းရာ ဘုံဆင့်တစ်ရာပါသော ရတနာပြာသာဒ်ကြီး ပေါ်ပေါက်လာသည်။ မဟာပနာဒမင်းသားအတွက် ပြာသာဒ်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ၊ ထိမ်းမြားမင်္ဂလာ ဤမင်္ဂလာသုံးရပ်တို့ကို ကျင်းပသည်မှာ ခုနစ်နှစ်ကြာသည့်တိုင် မပြီးဆုံးနိုင်ချေ။ မင်းသား၏ ပြုံးရယ်မှုကို မတွေ့ကြရ

http://www.dhammadownload.com



သေး၍ ဖြစ်သည်။ ထို့ကြောင့် သဘင်သည်ခြောက်ထောင်တို့သည် ခုနစ်ဖွဲ့ခွဲ၍ ကပြ အသုံးတော်ခံကြပြန်သည်။ သို့တိုင် မင်းသားက ရယ်ရွှင်ရိပ် မပြ။ နတ်သဘင်များ၏ ဖျော်ဖြေမှုနှင့် ရင်းနှီးလာခဲ့သော မင်းသားသည် နလုံးတွေ့ခြင်းမရှိ၍ ဖြစ်သည်။

ထိုအကြောင်းကိုသိသော သိကြားမင်းသည် နတ်သဘင်သည်များကို စေလွှတ်၍ ဖျော်ဖြေခိုင်းလိုက်သည်။ သည်တော့မှ မဟာပနာဒမင်းသား၏ မျက်နှာတွင် ပြုံးရိပ်များ ထွက်ပေါ်လာသည်။ ထိုအခါမှ မင်္ဂလာပွဲသဘင်ကြီးသည်လည်း ပြီးဆုံးခြင်းသို့ ရောက်ခဲ့ရတော့သည်။

ဇာတ်ပေါင်း။ ။ မဟာပဒနာဒမင်း-ဘဒ္ဒဇိ။ သုမေဓာ-ဝိသာခါ။ ဝိသကြုံနတ်သား-အရှင်အာနန္ဒာ။ သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သီလရှိလျှင် ဆုတောင်းပြည့်နိုင်သည်။

---

## ၄၉၀။ ပဉ္စုပေါသထိကဇာတ်

### ဥပုသ်သီလဖြင့် မိမိတိုယ်ကိုပြုပြင်သူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဥပုသ်စောင့်သုံးကြသော သီတင်းသည် ငါးရာတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဘုရားလောင်းသည် မဂဓတိုင်း၌ ဗြာဟ္မဏမဟာသာလပုဏ္ဏားမျိုး၌ဖြစ်စဉ်က သူသည် အရွယ်ရောက်သော် ရသေ့ပြု၍ အင်္ဂတိုင်း၊ မဂဓတိုင်းနှင့် ကာသိတိုင်းတို့ ဆုံတွေ့ရာ တောအုပ်ကြီးထဲ၌ နေထိုင်နေသည်။ သူ့ပတ်ဝန်းကျင်တွင် ခိုလင်မယားတစ်စုံ၊ မြွေတစ်ကောင်၊ မြေခွေးတစ်ကောင်နှင့် ဝံတစ်ကောင်ရှိသည်။ သူတို့သည် ဘုရားလောင်းရသေ့ထံ နေ့စဉ်လာ၍ တရားနာလေ့ရှိကြသည်။

တစ်နေ့သ၌ ခိုလင်မယား အစာရှာထွက်နေစဉ် ဖွန်တစ်ကောင်သည် ခိုမကို သုတ်ချီသွားရာ ခိုဖိုသည် သောကမီးတောက်လောင်သဖြင့် သူသည် ရသေ့ကြီးထံလာခဲ့ပြီး ရာဂကို နှိမ်နင်းရန် ဥပုသ်ဆောက်တည်၍ နေလိုက်သည်။

http://www.dhammadownload.com



မြွေသည်လည်း နွားသွားလမ်းပေါ်တွင် အစာရှာနေစဉ် နွားလားဥသဘ၏ နင်းမိခြင်းကို ခံလိုက်ရသဖြင့် ဒေါသစိတ်နှင့် ပေါက်လောက်သည်တွင် နွားလားဥသဘသည် ပွဲချင်းပြီး သေဆုံးခဲ့သည်။ ယင်းဒေါသကို နှိပ်ကွပ်ရန် ဥပုသ်စောင့်၍ နေလိုက် သည်။

မြေခွေးသည်လည်း အစာရှာထွက်လာခဲ့ရာ ဆင်သေကောင်တစ်ခုကို တွေ့ရာမှ လောဘစိတ်ကြောင့် ဒုက္ခရောက်ခဲ့ရသဖြင့် ရသေ့ကြီးထံ လောဘကို နှိပ်ကွပ်ရန် ဥပုသ်စောင့်နေလိုက်သည်။

ဝံသည်လည်း အစာကောင်းများစားလိုသော လောဘစိတ်ဖြင့် မလ္လတိုင်းမှ ရွာတစ်ရွာသို့ ထွက်ခွာလာရာ ခေါင်းကွဲ၍ ပြန်လာခဲ့ရသဖြင့် ရသေ့ကြီးထံသွား၍ လောဘကို နှိပ်ကွပ်ရန် ဥပုသ်စောင့်နေလိုက်သည်။

ရသေ့သည်လည်း အမျိုးမာန်တက်၍ ဈာန်မရသည့်အပြင် ပစ္စေကဗုဒ္ဓါအား ပြစ်မှားမိ၍ ယင်းအပြစ်များ ပြေပျောက်စေရန် ဥပုသ်ဆောက်တည်နေသည်။

နောက်ဆုံးတွင် ဘုရားလောင်းရသေ့သည် မာန်မာနကို နှိမ်နင်းပြီး ဈာန်များရရှိလာ၍ ကျန်သတ္တဝါများအားလုံးကို ဆုံးမပေးကာ နေကြလေ၏။

သည်တော့မှ သူသည် ကျောင်းထဲမှထွက်လာပြီး စင်္ကြံဦးမှ ကျောက်ဖျာပေါ်၌ ထိုင်နေလိုက်သည်။ ထိုအခါ နိစ်သော တိရစ္ဆာန်လေးဦးတို့သည် ရသေ့ကြီးထံသို့ တစ်ကောင်စီ ချဉ်းကပ်လာကြလျက် မိမိတို့ ဥပုသ်စောင့်ရခြင်းအကြောင်းရင်းကို ရသေ့ကြီးအား အသိပေးကြသည်။ တစ်ဖန် ထိုလေးဦးတို့က ရသေ့ကြီး၏ ဥပုသ်စောင့်ရခြင်းအကြောင်းကို တုံ့ပြန်၍ မေးကြသည်။ ရသေ့ကြီးက လွဲဖယ်၍မပြောဘဲ ပစ္စေကဗုဒ္ဓါတစ်ဆူကြွလာခဲ့ပုံမှစ၍ အမှန်အတိုင်း ဖွင့်ဟလိုက်သည်။ ထို့နောက် ရသေ့ကြီးသည် ထိုလေးဦးသော သတ္တဝါများကို ဆုံးမစကားဆို၍ ပြန်လွှတ်လိုက်သည်။ သူသည် သေလွန်ချိန်၌ ဗြဟ္မာ့ပြည်သို့ ရောက်သွားသည်။ လေးဦးသော သတ္တဝါတို့ကား နတ်ပြည်သို့ရောက်ခဲ့ကြသည်။

**ဇာတ်ပေါင်း။** ။ **ခို-အရှင်အနုရုဒ္ဓါ။ ဝံ-အရှင်မဟာကဿပ။**
**မြေခွေး-အရှင်မဟာမောဂ္ဂလာန်။ မြွေ-အရှင်သာရိပုတ္တရာ။**
**ရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **သီလသည် သောကမီးကိုငြိမ်းစေနိုင်သည်။**

http://www.dhammadownload.com



# ၄၉၁။ မဟာမောရဇာတ်

## မအသံကြောင့် ကျော့ကွင်း၌မိရသူ

**ပစ္စုပ္ပန်ဝတ္ထု**

လူထွက်ရန် ကြံတွေးနေသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဟိမဝန္တာရှိ ဓာတသာရအိုင်အနီးမှ တောင်လိုဏ်ဂူတွင် ရွှေဥဒေါင်းမင်း ဖြစ်၏။ (ဤမှစ၍ ဒုကနိပါတ်မှ မောရဇာတ်နှင့်တူသည်။) ထူးသည်မှာ ဒေါင်းမပျို၏ တွန်ကျူးသံကို ကြားလိုက်ရသည်နှင့် နှစ်ပေါင်းခုနစ်ရာတိုင် ငြိမ်ဝပ်နေသော ရွှေဥဒေါင်းမင်း၏ ကိလေသာရမ္မက်ဇောသည် နိုးကြွလာသည်။ ပရိတ်အရံအတားပြုရမည်ကိုပင် သတိမရနိုင်တော့ပေ။ ဒေါင်းပျိုမ အသံလာရာ မြေပြင်သို့ သက်ဆင်းလိုက်သဖြင့် မုဆိုးကြီးထောင်ထားခဲ့သော ကျော့ကွင်း၌ မိလေတော့သည်။

ထိုအခါ မုဆိုးကြီးသည် သီလအကျင့်နှင့် ပြည့်စုံသော ဥဒေါင်းဖြစ်၍ ဖမ်း၍မယူတော့ရန် ဆုံးဖြတ်လိုက်သည်။ သို့ဖြင့် မြားနှင့်ပစ်၍ ကျော့ကွင်းကိုဖြတ်ပေးရန် လေးကိုတင်ရာ ဥဒေါင်းမင်းက ပါဏာတိပါတကံ၏ အပြစ်ကိုပြ၍ ငရဲဘေးကိုဟောကြားသည်။ မုဆိုးသည် ပါရမီရင့်ပြီးသူဖြစ်၍ ထိုတရားဒေသနာတော်ကို ကြားနာလိုက်ရသည်နှင့် ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားခဲ့သည်။ ထိုခဏမှာပင် ရွှေဥဒေါင်းမင်းသည်လည်း ကျော့ကွင်းမှ အလိုအလျောက် လွတ်သွားတော့သည်။

**ဇာတ်ပေါင်း။** ။ ရွှေဥဒေါင်းမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကာမရမ္မက်ဇောမွန်လျှင် အန္တရာယ်ကိုမမြင်နိုင်။

http://www.dhammadownload.com



## ၄၉၂။ တစ္ဆကသူကရဇာတ်

ဤဇာတ်၏အကြောင်းအရာများသည် တိကနိပါတ်မှ ဇာတ်အမှတ်(၂၉၃) ဝဍ္ဍကိ သူကရဇာတ်နှင့် တူသည်။

---

## ၄၉၃။ မဟာဝါဏိဇဇာတ်

### လောဘကြီးသူ လှည်းကုန်သည်များ

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိပြည်သား လှည်းကုန်သည်ငါးရာတို့သည် ကန္တာရရှိ နဂါးမင်း စိုးပိုင်သော ညောင်ပင်၏ အကိုင်းလေးတစ်ခုကိုသာ ဖြတ်ပိုင်းယူခဲ့ကြသဖြင့် ရတနာခုနစ်ပါးတို့ ရရှိသည့်ဖြစ်ရပ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

လှည်းငါးရာဖြင့် ကုန်ရောင်းကုန်ဝယ်ရန် သွားကြသော ဗာရာဏသီပြည်သား ကုန်သည်တို့သည် တောလမ်းခရီး၌ လမ်းမှားကာ ရိက္ခာများပြတ်ပြီး နဂါးစောင့်သည့် ညောင်ပင်တစ်ပင်အောက်၌ စခန်းချမိကြ၏။ သူတို့သည် ညောင်ပင်ကိုကြည့်သောအခါ ရေများပြည့်စီးနေသကဲ့သို့ ထင်မိကြသဖြင့် ညောင်ပင်၏အရှေ့ကိုင်းကို ဖြတ်ကြ၏။ ထိုအခါ ရေများထွက်လာသောကြောင့် ရေကို သောက်ကြချိုးကြသည်။ ထို့နောက် တောင်ကိုင်းနှင့် အနောက်ကိုင်းများကို ဖြတ်ကြပြန်သည်။ ဆက်ပြီး မြောက်ကိုင်းကို ဖြတ်ရာမှ ယိုထွက်လာခဲ့သော ရတနာများကို ရရှိနှင့် ရောင့်ရဲနိုင်ခြင်း မရှိကြတော့သဖြင့် လှည်းသမားများသည် ညောင်ပင်ကြီး၏အမြစ်ကို တူးဖော်ဖြတ်တောက်ကြရန် ပြင်ဆင်ကြသည်။ လှည်းမှူးကြီးက တားသော်လည်း မရချေ။

ထိုအခါ နဂါးမင်းသည် ရေမှစ၍ ရတနာခုနစ်ပါးအထိ ပေးအပ်ခဲ့ပါလျက် မိမိ သစ်ပင်ကို ဖျက်ဆီးရန် ကြိုးပမ်းကြသော ကုန်သည်မိုက်တို့အား သည်းမခံနိုင်သဖြင့် လှည်းမှူးကြီးတစ်ဦးကိုသာ ချန်လှပ်လျက် ကျန်လူများအားလုံးကို သတ်ဖြတ်ပစ်လိုက်

http://www.dhammadownload.com



သည်။ ထို့နောက် လှည်းမှူးကြီးနှင့် ပိုင်ရှင်မဲ့ ရတနာလှည်းငါးရာတို့ကို ဗာရာဏသီမှ လှည်းမှူးကြီး အိမ်အရောက် လိုက်ပါပို့ဆောင်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ နဂါးမင်း-အရှင်သာရိပုတ္တရာ။ လှည်းမှူးကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လောဘလွန်ကဲလျှင် အန္တရာယ်တွေ့မြဲ။

---

# ၄၉၄။ သာဓိနဇာတ်

## သာဓိနမင်း၏ သီလစွမ်းအား

**ပစ္စုပ္ပန်ဝတ္ထု**

ဥပုသ်သည် ဒါယကာများကို အကြောင်းပြုကာ ဘုရားရှင်သည် ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

မိဓိလာပြည်၌ မင်းပြုသော သာဓိနမင်းကြီးသည် မင်းကျင့်တရားဆယ်ပါးနှင့် ညီညွတ်ပြီး ပဉ္စသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲစေရုံမျှမက ဥပုသ်သီလလည်း ဆောက်တည်သည်။ နေ့စဉ် အသပြာခြောက်သိန်းဖိုးစီ ပေးလှူလေ့လည်း ရှိသည်။ နတ်များသည် သာဓိနမင်းကို ဖူးမြင်လိုကြသဖြင့် သိကြားမင်းသည် မာတလိနတ်သားအား သာဓိနမင်းကို နတ်ပြည်သို့ ပင့်ဆောင်စေသည်။ သိကြားမင်းသည် သာဓိနမင်းအား မိမိစည်းစိမ် တစ်ဝက်ကို သူ့အားခွဲဝေ၍ ပေးခဲ့သည်။ သာဓိနမင်းကြီးသည် တာဝတိံသာ၌ နှစ်ပေါင်း ခုနစ်ရာကျော် နေရာလာခဲ့ရသည်နှင့် ငြီးငွေ့လာသည်။ ထို့ကြောင့် သိကြားမင်းသည် သာဓိနမင်းအား မိဓိလာပြည်မှ ဘုရင့်ဥယျာဉ်တော်အရောက် ပြန်ပို့ပေးရန် အမိန့်ပေးလိုက်သည်။

မိဓိလာ၌ မင်းပြုနေသူမှာ သာဓိနမင်း၏ ခုနစ်ဆက်မြောက် မြစ်တော်စပ်သူ နာဒရမင်း ဖြစ်သည်။ ဥယျာဉ်မှူး လာရောက်လျှောက်တင်သဖြင့် ဥယျာဉ်တော်တွင်း သာဓိနမင်းကြီး ရောက်ရှိနေကြောင်း ကြားသိရသော နာဒရမင်းသည် ဥယျာဉ်တော်ထဲသို့ လိုက်ပါခဲ့ပြီး နိုင်ငံတော်ကို လွှဲပြောင်းပေးသည်။

သာဓိနမင်းက လက်မခံဘဲ နှစ်ပေါင်းခုနစ်ရာတိုင် ကင်းဝေးနေခဲ့သော အလှူဒါနကို ခုနစ်ရက်တည်းဖြင့် အလှူကြီးပေးလှူခဲ့သည်။ မင်းကြီးသည် ခုနစ်ရက်မြောက်နေ့၌ ကံတော်ကုန်လေရာ တာဝတိံသာနတ်ပြည်သို့ ရောက်သွားခဲ့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ နာဒရမင်း-အရှင်အာနန္ဒာ။ သိကြားမင်း-အရှင်အနုရုဒ္ဓါ။ သာဝိနမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သီလသည် အသက်ရှည်ဆေးကြီးဖြစ်သည်။

---

# ၄၉၅။ ဒသဗြာဟ္မဏ ဇာတ်

## သီလရှိသူကိုသာ လှူချင်သူ

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်း၏ အသဒိသ ဒါနပေးလှူမှုကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်၌ ကောရဗျမင်း စိုးစံစဉ် ဝိဓုရသည် ထိုမင်း၏ ပညာရှိအမတ် ဖြစ်နေသည်။ ကောရဗျမင်းသည် အလှူဒါန၌ ဝါသနာကြီးသူဖြစ်သည့် အားလျော်စွာ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို တုန်လှုပ်ချောက်ချားစေသည့် အလှူကြီး ပေးလှူသည်။ သို့ရာတွင် အလှူခံပုဂ္ဂိုလ်များထဲ၌ ပဉ္စသီလရှိသူပင် တစ်ဦးတစ်ယောက်မျှ မပါသည့်အတွက် မင်းကြီးသည် မိမိ၏အလှူကို အားမရ။ သူက သီလရှိသူများကိုသာ လှူဒါန်းချင်ကြောင်း ဝိဓုရအမတ်အား ပြောပြသည်။

သို့ဖြင့် ဝိဓုရအမတ်က ယင်းအလှူခံပုဂ္ဂိုလ်မျိုး ရဖို့မလွယ်ကြောင်း။ သို့ရာတွင် မင်းကြီးလှူဒါန်းလိုသော အကျင့်သီလနှင့် ပြည့်စုံသည့် ပုဏ္ဏားစစ်များလည်း ရှိသေးကြောင်း၊ မြောက်ဟိမဝန္တာ၌ သီတင်းသုံးတော်မူကြောင်း လျှောက်တင်လိုက်ရာ မင်းကြီးက ပင့်ဆောင်ပေးရန် ဝိဓုရအမတ်အား တာဝန်ပေးသည်။

သို့ဖြင့် ဝိဓုရအမတ်သည် ပြည်သူအားလုံးတို့အား သီလစောင့်စေသည်။ မိမိလည်း ဥပုသ်သီလစောင့်၍ မြောက်ဟိမဝန္တာရှိ နန္ဒမူလိဏ်ဂူမှ ပစ္စေကဗုဒ္ဓါငါးရာတို့ကို အာရုံညွှတ်၍ ရှိခိုးပြီး ဆွမ်းအလှူခံဖို့ ကြွရောက်တော်မူပါရန် အဓိဋ္ဌာန်ပြု၍ ပန်းရှစ်ဆုပ်ကို ကောင်းကင်ပေါ်သို့ ပစ်လွှတ်လိုက်သည်။ ယင်းပန်းများသည် ပစ္စေကဗုဒ္ဓါများရှိတော်မူရာသို့ ရောက်သွားသည်။ ဝိဓုရအမတ်ကြီးထံမှ ပန်းစေ၍ ပင့်ဖိတ်လာခြင်းဖြစ်ကြောင်း ပစ္စေကဗုဒ္ဓါများ ဆင်ခြင်၍ သိတော်မူကြသည်။

http://www.dhammadownload.com



ထို့ကြောင့် နောက်နေ့နံနက်တွင် ပစ္စေကဗုဒ္ဓါငါးရာတို့သည် ကောင်းကင်ခရီးဖြင့် ကြွတော်မူလာခဲ့ကြပြီး ကောရဗျမင်းသည် ပစ္စေကဗုဒ္ဓါများအား ကောင်းကင်နန်းတော်သို့ ပင့်ဆောင်ပြီး ခုနစ်ရက်တိုင် ဆွမ်းကျွေးကာ နောက်ဆုံး၌ ပရိက္ခရာတစ်စုံစီ လှူဒါန်းသည်။ ပစ္စေကဗုဒ္ဓါများသည် တရားအနုမောဒနာပြုပြီးနောက် နန္ဒလိုဏ်ဂူသို့ ပြန်ကြွသွားခဲ့ကြသည်။ ဝိဓုရအမတ်ကြီး၊ ကောရဗျမင်းနှင့် သူ၏အခြွေအရံများသည် သေလွန်ပြီးချိန်၌ နတ်ပြည်သို့ ရောက်ကြရသည်။

**ဇာတ်ပေါင်း။** ။ **ကောရဗျမင်း-အရှင်အာနန္ဒာ။ ဝိဓုရ-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **သီလရှိသူဖြစ်လေ အလှူ၏အကျိုးကြီးလေဖြစ်သည်။**

---

# ၄၉၆။ ဘိက္ခာပရမ္ပရဇာတ်

## အမြတ်ဆုံးပုဂ္ဂိုလ်ကို လှူသူ

**ပစ္စုပ္ပန်ဝတ္ထု၊**

ဗုဒ္ဓမြတ်စွာသည် တရားရတနာကို ပူဇော်လိုသော သူကြွယ်တစ်ဦးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မင်းကြီးသည် မိမိဂုဏ်ကျေးဇူးကို ပြောဆိုသူများ ရှိ မရှိ သိရှိနိုင်စေရန် ပုရောဟိတ်နှင့်အတူ လှည့်လည်စုံစမ်းရှာဖွေလာခဲ့ရာ နယ်စွန်ဒေသမှ ကျေးရွာကြီးတစ်ရွာသို့ ရောက်လာခဲ့သည်။ ရွာပြင်ဘက်ဇရပ်ပေါ်တွင် ခေတ္တအပန်းဖြေနားခိုနေစဉ် ရေချိုးဆိပ်သို့ဆင်းလာသော ထိုရွာမှ သူကြွယ်သည် မင်းကြီးကို မြင်တွေ့သွားခဲ့ရာမှ ခင်မင်သွားခဲ့သည်။ ဇရပ်ထဲဝင်ကာ မင်းကြီးနှင့် မိတ်ဖွဲ့စကားပြောဆိုပြီးနောက် အိမ်ကိုပြန်၍ ထမင်းတစ်ပွဲသွားယူ၏။ ယင်းခဏမှာပင် ဟိမဝန္တာမှ ဈာန်ရရသေ့တစ်ပါးသည် ထိုဇရပ်ပေါ်သို့ ရောက်လာခဲ့ရာ ပစ္စေကဗုဒ္ဓါတစ်ဆူသည်လည်း ကြွလာခဲ့ပြန်သည်။

ထမင်းပွဲနှင့်အတူ ပြန်ရောက်လာသော သူကြွယ်သည် သူ့ထမင်းပွဲကို မင်းကြီးအား ဆက်သသည်။ မင်းကြီးက မသုံးဆောင်ဘဲ ပုရောဟိတ်ကို ပေးလိုက်သည်။ ပုရောဟိတ်သည်လည်း ကိုယ်တိုင်မစားသုံး၊ ရသေ့ကြီးသို့ လှူဒါန်းလိုက်သည်။ ရသေ့ကြီးလည်း

http://www.dhammadownload.com



မသုံးဆောင်ဘဲ ပစ္စေကဗုဒ္ဓါထံ သွား၍ဆက်ကပ်လိုက်၏။ ပစ္စေကဗုဒ္ဓါသည် မည်သူမျှ ဖိတ်ခေါ်ခြင်းမပြုဘဲ ယင်းဆွမ်းပွဲကို တစ်ပါးတည်းသုံးဆောင်တော်မူလေသည်။ ယင်းသို့ မိမိထမင်းပွဲ အဆင့်ဆင့်ပြောင်းလဲသွားရခြင်းအကြောင်းရင်းကို သူကြွယ်သည် နားမလည်သဖြင့် မင်း၊ ပုရောဟိတ်နှင့်ရသေ့ကြီးတို့အား မေးသည်။ ထိုအခါ မင်းကြီးက မိမိ၏ ဆရာဖြစ်၍လည်းကောင်း၊ ပုရောဟိတ်ကလည်း ရသေ့သည် မြို့ခြံကျင့်သူဖြစ်ရုံမျှမက မိမိထက်ပညာဂုဏ် စသည်တို့ ကြီးသူဖြစ်၍ဟု လည်းကောင်း၊ ရသေ့ကလည်း ပစ္စေကဗုဒ္ဓါသည် တဏှာဒိဋ္ဌိတို့မှ ကင်းဝေးသူဖြစ်၍ ဟုလည်းကောင်း အသီးသီး အဖြေပေးကြသည်။

ထို့နောက် သူကြွယ်သည် ပစ္စေကဗုဒ္ဓါအား ရှိခိုး၍ အရှင်ဘုရားသည် ဆွမ်းဘုဉ်းပေးစဉ် အဘယ်ကြောင့် တစ်စုံတစ်ယောက်ကိုမျှ ဖိတ်ခေါ်ခြင်းမပြုပါသနည်းဟု မေးလျှောက်ရာ ပစ္စေကဗုဒ္ဓါက လှူဒါန်းလာသူအား ဖိတ်ခေါ်ခြင်းသည် ဆန့်ကျင်သော အကျင့်ဖြစ်သဖြင့် ဖိတ်ခေါ်မှုမပြုခဲ့ခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူသည်။

သူကြွယ်သည် လွန်စွာဝမ်းသာအားရ ရှိသွားခဲ့သည်။ ပစ္စေကဗုဒ္ဓါသည် သူကြွယ်အား တရားဒေသနာတော် ဟောကြားခဲ့ပြီး ပြန်လည်ကြွချီတော်မူသည်။ ရသေ့နှင့်မင်းကြီးတို့သည်လည်း အသီးသီးပြန်သွားကြလေသည်။

**ဇာတ်ပေါင်း။** ။ ယခင်သူကြွယ်-ယခုသူကြွယ်။ မင်းကြီး-အရှင်အာနန္ဒာ။
ပုရောဟိတ်ပုဏ္ဏား-အရှင်သာရိပုတ္တရာ။ ရသေ့-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ အလှူခံပုဂ္ဂိုလ်မွန်မြတ်လေ ဒါနအကျိုးကြီးလေဖြစ်သည်။

**ပကိဏ္ဏကနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# ငါးရာ့ငါးဆယ် ဇာတ်တော်

ဇာတ်စုစုပေါင်း—၁၄

## ၅၉၇။ မာတင်္ဂဇာတ်

### ဒွန်းစဏ္ဍားနှင့် သူဌေးသမီး

**ပစ္စုပ္ပန်ဝတ္ထု**

ဝံသတိုင်း၏ပြည့်ရှင်မင်းဖြစ်သော ဥတေနမင်းကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ဗာရာဏသီမြို့ပြင်ဘက်မှ ဒွန်းစဏ္ဍားရွာတွင် မာတင်္ဂသတို့သား ဖြစ်နေသည်။ တစ်နေ့တွင် သူဌေးသမီး ဒိဋ္ဌမင်္ဂလိကာသည် အခြွေအရံများနှင့်အတူ ဥယျာဉ်ကစားရန် ထွက်လာခဲ့ရာ မြို့တံခါးဝ အရောက်တွင် မာတင်္ဂနှင့် ဆုံတွေ့လိုက်ရသည်။ သည်တွင် သူဌေးသမီးသည် မမြင်သင့် မမြင်ထိုက်သော သူယုတ်ကို မြင်တွေ့ရမိချေပြီဟု ဆိုပြီးလျှင် မျက်ဝန်းအစုံကို နံ့သာရည် ဖြင့် ဆေးကြော်ပြီး ထိုအရပ်မှပင် ပြန်လှည့်သွားခဲ့သဖြင့် အခြွေအရံများက မာတင်္ဂကို ဝိုင်း၍ ရိုက်ပုတ်ကန်ကျောက် ပစ်ခဲ့ကြသည်။

မေ့မြောရာမှ သတိပြန်လည်လာခဲ့ချိန်၌ မာတင်္ဂသည် ဒိဋ္ဌမင်္ဂလိကာတို့အိမ်ရှေ့ လာ၍ ဒိဋ္ဌမင်္ဂလိကာကိုရမှ ထမည်ဟူသော အဓိဋ္ဌာန်ဖြင့် အိပ်နေလိုက်သည်။ ခုနစ်ရက် မြောက်သောနေ့၌ မိဘနှစ်ပါးတို့သည် ဒိဋ္ဌမင်္ဂလိကာအား မာတင်္ဂလက်ထဲသို့ ပေးအပ် လိုက်ကြသည်။ သို့ရာတွင် မာတင်္ဂသည် ဒိဋ္ဌမင်္ဂလိကာအား လွန်ကျူးခြင်းမပြုချေ။ မိမိ အိမ်တွင် နှစ်ရက်သုံးရက် အတူနေခဲ့ပြီးနောက် ဒိဋ္ဌမင်္ဂလိကာအား ချီးမြှောက်လို၍ ကိစ္စ

http://www.dhammadownload.com



ရှိသည်ဟူသော အကြောင်းပြချက်ဖြင့် တောထဲသို့ဝင်သွားခဲ့ပြီး ပရိဗိုဇ်ရဟန်းပြု၍ တရားအားထုတ်ရာ ခုနစ်ရက်မပြည့်မီ အဘိညာဉ်ရှာန်သမာပတ်တို့ကို ရရှိပြီး ဒိဋ္ဌမင်္ဂလိကာထံသို့ ပြန်လာခဲ့သည်။

ထို့နောက် ဘုရားလောင်းသည် ဒိဋ္ဌမင်္ဂလိကာအား 'ငါ့လင်သည် မဟာဗြဟ္မာဖြစ်သည်။ ရှေ့လာမည့် လပြည့်နေ့တွင် လဝန်းကိုခွဲဖောက်၍ ငါ့ထံလာမည်'ဟု လူများအား အသိပေးထားရန် ပြောဆိုမှာထားခဲ့ပြီး ဟိမဝန္တာသို့ ကြွသွားခဲ့သည်။ ဒိဋ္ဌမင်္ဂလိကာသည် ဘုရားလောင်း မှာကြားခဲ့သည့်အတိုင်း ပြောဆိုထားသည်။ လပြည့်နေ့ည၌ လဝန်းကြီး ကောင်းကင်အလယ်သို့ ရောက်လာချိန်တွင် မဟာဗြဟ္မာအသွင် ဖန်ဆင်းထားသော ဘုရားလောင်းသည် လဝန်းကိုခွဲဖောက်၍ ထွက်လာသည်။

ဘုရားလောင်းသည် ကောင်းကင်ပေါ်မှဆင်း၍ ခင်းထားသည့်နေရာပေါ်၌ ထိုင်နေလိုက်သည်။ ယင်းအချိန်၌ပင် ဒိဋ္ဌမင်္ဂလိကာသည် ဥတုပန်းပွင့်ရာ ဘုရားလောင်းသည် သူမ၏ချက်ကို လက်မဖြင့် သုံးသပ်ပေးလိုက်ရာ ဒိဋ္ဌမင်္ဂလိကာ၌ ကိုယ်ဝန်တည်သွားသည်။ ပုဏ္ဏားများသည် နံနက်မိုးလင်းချိန်၌ ဒိဋ္ဌမင်္ဂလိကာအား ရွှေထမ်းစင်ဖြင့်ထမ်း၍ မြို့တွင်းသို့ ယူဆောင်သွားကြသည်။ မြို့လယ်၌ မဏ္ဍပ်ကြီးဆောက်၍ မဟာဗြဟ္မာမယားအဖြစ် ပူဇော်ထားကြသည်။ ဒိဋ္ဌမင်္ဂလိကာသည် ထိုမဏ္ဍပ်၌ပင် သားကိုဖွားမြင်သဖြင့် မဏ္ဍဗျသတို့သားဟူ၍ အမည်ပေးကြသည်။

သူ တစ်ဆယ့်ခြောက်နှစ်သားအရွယ်သို့ ရောက်သောအခါ တစ်သောင်းခြောက်ထောင်သော ပုဏ္ဏားများအား နေ့စဉ် ဆွမ်းကျွေးသည်။ ယင်းအချိန်၌ ဟိမဝန္တာတွင်ရှိသော မာတင်္ဂပရိဗိုဇ်သည် သီလမရှိသော မဏ္ဍဗျအား ဆုံးမရန် ကောင်းကင်ခရီးဖြင့်လာခဲ့လျက် မဏ္ဍဗျ၏ အလှူမဏ္ဍပ် တစ်နေရာ၌ရပ်ပြီး ဟောပြောဆုံးမသည်။ မဏ္ဍဗျက အမျက်ထွက်၍ ဆဲရေးပြီး တံခါးစောင့်များအား အပြင်သို့ ဆွဲထုတ်သွားကြရန် အမိန့်ပေးသည်။ ဘုရားလောင်းသည် ကောင်းကင်သို့ ပျံတက်လိုက်ပြီး အရှေ့တံခါးအနီး၌ ဆွမ်းခံ၍ ဇရပ်တစ်ဆောင်ပေါ်တွင် ဆွမ်းဘုဉ်းပေးနေလိုက်သည်။ ထိုအခါ မဏ္ဍဗျ၏ မိုက်ရိုင်းမှုကို သည်းမခံနိုင်သော မြို့စောင့်နတ်များသည် မဏ္ဍဗျနှင့်တကွ ပုဏ္ဏားများ၏ လည်တိုင်ကို ကိုင်၍ လှည့်ပစ်လိုက်ကြသည်။ မျက်နှာများသည် နောက်ကျောဘက်သို့ ရောက်သွားကြသည်။ မဏ္ဍဗျ၏ လက်ခြေများသည်လည်း တောင့်တင်းသွားလျက် မျက်ဖြူများလည်း စိုက်သွားသည်။ ထို့ပြင်သာမက မြေပြင်ပေါ်သို့လည်း လဲကျသွားစေခဲ့သည်။ ပုဏ္ဏားများကမူ တံတွေးများအန်၍ လူးလိမ့်နေကြသည်။

http://www.dhammadownload.com



လုလင်များ လာရောက်ပြောကြားသည်တွင်မှ ယင်းဖြစ်ရပ်ကို သိလိုက်ရသော ဒိဋ္ဌမင်္ဂလိကာသည် အဖြစ်အပျက်စုံကို မေးမြန်းကြည့်သည်။ ကြားရသည့်အတိုင်းဆိုလျှင် ရောက်လာသော ထိုရဟန်းမှာ မာတင်္ဂပင် ဖြစ်ရမည်ဟု တွေးမိသဖြင့် မာတင်္ဂထွက်သွားသည်ဆိုသော အရှေ့အရပ်ဘက်သို့ ကျွန်မများနှင့်အတူ လိုက်လာခဲ့သည်။ ရွှေခွက်ကြီးငယ်များကိုလည်း ယူဆောင်လာခဲ့သည်။ ဇရပ်ပေါ်သို့ရောက်သည်တွင် ဆွမ်းဘုဉ်းပေးနေသော မာတင်္ဂကို တွေ့ရသဖြင့် ရွှေခွက်တွင် ရေထည့်၍ လက်ဆေးရေပေးသည်။

ထို့နောက် ငါ့သားအား အဘယ်သူသည် ဖောက်ပြန်အောင် ပြုပါသနည်းဟု မေးသည်။ မာတင်္ဂက မိမိမပြုကြောင်း၊ မြို့စောင့်နတ်များ၏ ဖမ်းစားချက်သာဖြစ်ကြောင်းကို ပြော၍ သပိတ်ထဲမှ ဆွမ်းကျန်များကို ပေးလိုက်သည်။ ဆွမ်းကျန်များထဲမှ တစ်ဝက်ကို မဏ္ဍဗျ၏ ခံတွင်းထဲသို့ လောင်းထည့်ရန် လည်းကောင်း၊ ကျန်တစ်ဝက်ကို အိုးကြီးတွင် ထည့်ဖျော်၍ ပုဏ္ဏားများ၏ ခံတွင်းထဲသို့ လောင်းထည့်ရန် လည်းကောင်း မှာလိုက်သည်။ ဒိဋ္ဌမင်္ဂလိကာသည် မာတင်္ဂ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရာ မဏ္ဍဗျနှင့် ပုဏ္ဏားများအားလုံး ပကတိအခြေအနေသို့ ပြန်ရောက်ခဲ့ကြသည်။ သို့ရာတွင် ထိုအထဲ၌ ပါဝင်ခြင်းမရှိကြသော အခြားပုဏ္ဏားများက ဤသူတို့သည် ဒွန်းစဏ္ဍား စားကြွင်းများကို စားကြသည်။ ပုဏ္ဏားများ မဟုတ်ကြတော့ဟု ဆိုကြသဖြင့် ထိုပုဏ္ဏားများသည် အရှက်ရသွားသဖြင့် မဇ္ဈတိုင်းရှိ မဇ္ဈမင်းထံ ရောက်သွားကြသည်။

ထို့နောက် ဘုရားလောင်းသည် ဗာရာဏသီမှ ထွက်ပြေးသွားခဲ့ကြသော တစ်သောင်းခြောက်ထောင်သော ပုဏ္ဏားများကို ဆုံးမရန် မဇ္ဈမင်း၏ နေပြည်တော်သို့ လာခဲ့သည်။ ဘုရားလောင်း ရောက်လာကြောင်းကို သိကြရသော ပုဏ္ဏားများသည် မင်းကြီးထံသို့ဝင်၍ မာယာအတတ်ဖြင့် လှည့်ဖြားတတ်သော ဝိဇ္ဇာဓိုရ် ခိုးသူတစ်ယောက် ရောက်နေပါသည်။ ထိုဝိဇ္ဇာဓိုရ် ခိုးသူကို ဖမ်းဆီးပါလော့ဟု ကုန်းချောကြသည်။ ပုဏ္ဏားများ၏ စကားကို ယုံသောမင်းကြီးသည် မင်းချင်းများကိုခေါ်၍ ဖမ်းမိန့်ပေးလိုက်သည်။ မင်းချင်းများသည် ဘုရားလောင်း ဆွမ်းဘုဉ်းပေးနေစဉ်မှာပင် သန်လျက်ဖြင့် ချောင်းမြောင်း၍ သတ်ဖြတ်လိုက်ကြသည်။ ဘုရားလောင်း ကွယ်လွန်ပြီးချိန်၌ ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့ရလေသည်။

**ဇာတ်ပေါင်း။** ။ မဏ္ဍဗျလုလင်-ဥဒေနမင်း။ မာတင်္ဂ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သူတော်ကောင်းကိုပြစ်မှားလျှင် ဆင်းရဲတွေ့စမြဲ။

http://www.dhammadownload.com



# ၄၉၈။ စိတ္တသမ္ဘူတဇာတ်

## အသိဉာဏ်ထက်သူ နှစ်ဦး

**ပစ္စုပ္ပန်ဝတ္ထု**

လွန်စွာချစ်ခင်ကြသော အရှင်မဟာကဿပ၏ တပည့်ရဟန်းနှစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

အဝန္တိတိုင်း ဥဇ္ဇေနီပြည်၌ အဝန္တိမင်း မင်းပြုစဉ် ဘုံရားလောင်းသည် စိတ္တအမည်ဖြင့် ဒွန်းစဏ္ဍားမျိုး၌ ဖြစ်နေသည်။ သူ့တွင် မိထွေးမှ မွေးဖွားသော သမ္ဘူတဟူသည့်ညီငယ်တစ်ယောက်လည်း ရှိသည်။ တစ်နေ့သ၌ သူတို့ညီအစ်ကိုသည် ဒွန်းစဏ္ဍားအဖြစ်ကို ဖုံးကွယ်၍ ပုဏ္ဏားမျိုးနွယ်အဖြစ် ခံယူပြီး တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာကြီးထံ သွားရောက်ပညာသင်ယူရာ စိတ္တသည် ပညာစုံတတ်မြောက်လာသည်။

တစ်နေ့တွင် ဆရာကြီးသည် ကိုယ်တိုင်လိုက်ပါနိုင်ခြင်းမရှိသော နို့ယာဂုဆွမ်းကျွေးပွဲတစ်ခုသို့ စိတ္တအား လုလင်များကို ဦးစီးစေလျက် စေလွှတ်လိုက်သည်။ ဆွမ်းကျွေးပွဲ၌ ညီငယ်သမ္ဘူတသည် နို့ယာဂုကို အေးသည်အမှတ်ဖြင့် သောက်လိုက်ရာ အပူလောင်သွားသည်။ ထိုအကြောင်းကို ဒွန်းစဏ္ဍားဘာသာဖြင့် ပြောရာ အစ်ကိုစိတ္တက ထွေးလိုက် ထွေးလိုက်ဟု ဒွန်းစဏ္ဍားဘာသာဖြင့် ပြောသည်။ အခြားပုဏ္ဏားလုလင်များက သူတို့အား ဒွန်းစဏ္ဍားမှန်းသိသဖြင့် သူတို့နှစ်ယောက်အား ရိုက်ပုတ်ကန်ကျောက်ပစ်ခဲ့ကြသဖြင့် သူတို့ညီနောင်နှစ်ဦးသည် ဆရာကြီးထံ မပြန်ရဲကြတော့ဘဲ တောသို့ဝင်၍ ရသေ့ပြုနေလိုက်ကြသည်။

ရသေ့ဘဝမှ စုတေကြသော် နေရဉ္ဇရာမြစ်နား၌ သမင်ညီနောင်ဖြစ်ကြပြန်သည်။ ထိုဘဝမှသေလွန်ကြသောအခါ နမ္မဒါမြစ်ကမ်းခြေဝယ် ဝန်လိုင်ငှက်ညီနောင်ဖြစ်သွားကြပြန်သည်။ ဝန်လိုင်ငှက်ဘဝမှ သေလွန်ကြသော် စိတ္တသည် ကောသမ္ဗီပြည်၌ ပုရောဟိတ်သား ဖြစ်လာသည်။ သမ္ဘူတကမူ ဥတ္တရာပဉ္စာလမင်း၏ သားတော်ဖြစ်လာသည်။ စိတ္တသည် တစ်ဆယ့်ခြောက်နှစ်သားအရွယ်သို့ ရောက်သည်နှင့် ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုရာ ဈာန်အဘိညာဉ်များကို ရရှိသွားခဲ့သည်။ သမ္ဘူတသည် ခမည်းတော် နတ်ရွာလားသော် မင်းသား ဖြစ်လာသည်။

http://www.dhammadownload.com



သမ္ဗူတမင်းသည် မင်းအဖြစ် နှစ်ငါးဆယ်လွန်လာပြီးသော် စိတ္တရသေ့သည် ဟိမဝန္တာမှ ကြွလာခဲ့ပြီး ဥယျာဉ်တော်ရှိ မင်္ဂလာကျောက်ဖျာပေါ်၌ ထိုင်နေလိုက်သည်။ စိတ္တရသေ့ ရောက်ရှိလာကြောင်း သိရှိသော သမ္ဗူတမင်းသည် ဥယျာဉ်တော်သို့ လိုက်လာခဲ့သည်။ နှစ်ဦးသားတွေ့ဆုံကြသော် မင်းကြီးက ရသေ့အား မင်းစည်းစိမ်ကို တစ်ဝက်ခွဲဝေ၍ပေးသော်လည်း ရသေ့က လက်မခံ။ အတိတ်က ဖြစ်ခဲ့ကြသော မကောင်းမှုများကို ဖော်ထုတ်၍ တရားဟောသည်။ ယခုလိုဘဝကောင်းများကို ရလာခိုက်တွင် ကောင်းမှုများ အားထုတ်ရန် တိုက်တွန်းသည်။ ထို့နောက် ရသေ့သည် ဟိမဝန္တာသို့ ပြန်ကြွသွားလေရာ သမ္ဗူတမင်းသည် သားကြီးအား ပြည်ကိုအပ်နှင်း၍ ဟိမဝန္တာသို့ တစ်ဦးတည်း ထွက်လာခဲ့သည်။

**ဇာတ်ပေါင်း။** ။ သမ္ဗူတ-အရှင်အာနန္ဒာ၊ စိတ္တ-ဗုဒ္ဓ၊

**အနှစ်ချုပ်။** ။ အတိတ်အကြောင်းသိလျှင် ပိုမိုကြင်နာမှုရှိသည်၊

---

# ၄၉၉။ သိဝိဇာတ်

## မျက်စိနှစ်ဖက်လုံး လှူသူ

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်း၏ အသဒိသဒါနအလှူကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဘုရားလောင်းသည် သိဝိတိုင်း အရိဋ္ဌပုရပြည်၌ သိဝိအမည်ရှိသော မင်းဖြစ်ခဲ့စဉ်က အလှူမဏ္ဍပ်ကြီးခြောက်ခု ဆောက်လုပ်ပြီး နေ့စဉ်အသပြာ ခြောက်သိန်းဖိုးစီ လှူဒါန်းလေ့ရှိသည်။ တစ်နေ့တွင် ငါသည် ခန္ဓာကိုယ်မှအပဖြစ်သော ဗာဟိရဝတ္ထုကိုသာ လှူဖူးသည်။ ယခု ခန္ဓာကိုယ်အတွင်း ပစ္စည်းဖြစ်သော အဇ္ဈတ္တိက ဝတ္ထုကို လှူလိုသည်။ အလှူခံ ပုဂ္ဂိုလ်များကသာ တောင်းဆိုလာလျှင် နှလုံးသားမှစ၍ မျက်စိအထိထုတ်၍ လှူမည်ဟူ၍ စဉ်းစားထားသည်။

ယင်းစဉ်းစားချက်ကို သိလိုက်ရသော သိကြားမင်းသည် မျက်ကန်းပုဏ္ဏားအိုအသွင် ဖန်ဆင်းလျက် မင်းကြီးထံ ကြွလာသည်။ မင်းအနီးသို့ရောက်လာသော် မင်းကြီးထံမှ

http://www.dhammadownload.com



မျက်စိတစ်လုံးကို အလှူခံသည်။ မင်းကြီး ဝမ်းမြောက်ဝမ်းသာရှိသွားပြီး ရှေ့ခရီးသို့ မဆက်တော့ဘဲ ပုဏ္ဏားကိုခေါ်၍ ထိုနေရာမှပင် နန်းတော်သို့ ပြန်လာခဲ့သည်။ သမားတော် သိဝိကကိုခေါ်ပြီး မိမိ၏မျက်လုံးကို ထုတ်ပေးရန် စေခိုင်းသည်။ သမားတော် သိဝိကသည် ဆေးခတ်၍ လက်ယာဘက်မျက်လုံးကို ထုတ်ယူလိုက်ပြီး ပုဏ္ဏားအားခေါ်၍ ဤမျက်စိအလှူသည် သဗ္ဗညုတဉာဏ်တော်ကို ရခြင်း၏ အထောက်အပံ့ဖြစ်ပါစေသတည်းဟု ဆို၍ မျက်စိကို ပုဏ္ဏား၏ မျက်ကွင်းထဲသို့ သွင်းပေးလိုက်ရာ အလင်းဓာတ်လည်း ရသွားသည်။ မင်းကြီးက ကျန်နေသော လက်ဝဲမျက်လုံးကိုလည်း ထုတ်၍လှူလိုက်ပြန်ရာ ပုဏ္ဏားသည် မျက်စိနှစ်ကွင်း အလင်းရ၍ ပြန်သွားခဲ့သည်။

သုံးရက်ခန့်ကြာလွန်ခဲ့သော် မင်းကြီးသည် သူကန်း မင်းပြုနေခြင်းဖြင့် အကျိုးမရှိဟု တွေးမိလာသဖြင့် အမတ်များအား တိုင်းပြည်ကို လွှဲအပ်ထားပြီး စောင့်ရှောက်သူ တစ်ယောက်ဖြင့် ရေကန်အနီးတွင် မိမိ၏အလှူကိုသာ အာရုံပြု၍နေသည်။ ထိုအကြောင်းကို သိမြင်သော သိကြားမင်းသည် သိဝိမင်းကြီးထံသို့လာခဲ့ပြီး အလိုရှိသည့်ဆုကို တောင်းဆိုပါရန် တိုက်တွန်းသည်။ မင်းကြီးက မျက်ကန်းဘဝကို ရောက်နေရသဖြင့် သေခြင်းကိုသာ အလိုရှိကြောင်း ပြောဆိုလိုက်သည်။ ထိုအခါ သိကြားမင်းက အရှင်မင်းကြီးသည် သေလို၍သေခြင်းကို တောင်းတသလော၊ မျက်စိကန်းခြင်းကြောင့် သေလိုရခြင်းလောဟု မေးရာ မျက်စိကန်းခြင်းကြောင့် ဖြစ်ကြောင်း အဖြေပေးလိုက်သည်။

သည်တွင် သိကြားမင်းက အရှင်မင်းကြီးသည် မျက်စိတစ်လုံး တောင်းသူအား နှစ်လုံးလှူခဲ့သောကြောင့် 'သင်လည်း သစ္စာပြုလော့'ဟု ဆိုရာ မင်းကြီးက သစ္စာပြုရာ ပကတိမျက်စိအတိုင်း ပြန်၍ဖြစ်ပေါ်လာခဲ့သည်။ သည်တော့မှ သိဝိမင်းကြီး ရွှေနန်းတော်သို့ ပြန်ဝင်လာခဲ့သည်။

**ဇာတ်ပေါင်း။** ။ **သမားတော်သိဝိက-အရှင်အာနန္ဒာ။ သိကြားမင်း-အနုရုဒ္ဓါ။ ပရိသတ်-ဗုဒ္ဓ၏ပရိသတ်။ သိဝိမင်းကြီး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **သစ္စာထက်မှန်သောအရာမရှိ။**

# ၅၀၀။ သိရိမန္တဇာတ်

ဤဇာတ်သည် ဇာတ်အမှတ်(၅၄၂) မဟာဥမင်္ဂဇာတ်၌ အကျုံးဝင်သည်။

http://www.dhammadownload.com



# ၅၀၁။ ရောဟဏမိဂဇာတ်

## မိဘကို လုပ်ကျွေးသူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာအတွက် အရှင်အာနန္ဒာမထေရ်၏ အသက်စွန့်ခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မိုးစံစဉ် ဘုရားလောင်းသည် ရောဟဏအမည်ဖြင့် ရွှေသမင် ဖြစ်နေခဲ့သည်။ အခြံအရံသမင်ပေါင်း ရှစ်သောင်းတို့နှင့်အတူ ဟိမဝန္တာ၌ နေသည်။ သူ့တွင် စိတ္တဆိုသော ညီသမင်နှင့် သုတနာဟုခေါ်သူ နှမတော်သမင်မငယ် တစ်ကောင်လည်း ရှိသည်။ သူတို့သည် မျက်မမြင် မိဘနှစ်ပါးကို ကျွေးမွေးစောင့်ရှောက်နေကြသည်။

တစ်နေ့တွင် ဗာရာဏသီမင်းကြီး၏ မိဖုရားခေါင်ကြီး ခေမာသည် ရွှေသမင်မင်း၏ တရားကို ကြားနာလိုသည်ဟု မင်းကြီးထံ လျှောက်သည်။ မင်းကြီးသည် မုဆိုးတစ်ဦးအား ရွှေသမင်ကို သွားရောက်ဖမ်းယူခဲ့ရန် တာဝန်ပေးလိုက်သည်။

မုဆိုးသည် ဟိမဝန္တာသို့ရောက်သောအခါ ရောဟဏရွှေသမင်မင်း၏ ရေသောက်ဆိပ်၌ ကျော့ကွင်းထောင်ထားလိုက်ရာ နောက်နေ့နံနက်၌ ရေဆိပ်သို့ရေသောက်ဆင်းလာသော ဘုရားလောင်း ရွှေသမင်သည် ထိုကျော့ကွင်း၌ မိလေတော့သည်။ ဤတွင် အခြားသမင်များ ထွက်ပြေးသွားကြသော်လည်း ညီတော်စိတ္တနှင့် နှမတော်သုတတို့ကမူ ဘုရားလောင်းကို စွန့်ခွာမသွားကြဘဲ နောင်တော်ကြီး၏ ဝဲယာနှစ်ဖက်တို့တွင် မှီ၍ရပ်နေကြသည်။

မကြာမီ မုဆိုးသည် သမင်ထိုးလှံကို ထမ်း၍ အပြေးရောက်လာသည်တွင် ရွှေဝါရောင် သမင်သုံးကောင်ကို တွေ့လိုက်ရသည်နှင့် စိတ္တတို့မောင်နှမအား အဘယ်ကြောင့် ရွှေသမင်မင်းကို စွန့်ခွာ၍ မသွားကြသည့်အကြောင်းကို လည်းကောင်း၊ ရွှေသမင်မင်းနှင့် မည်သို့တော်စပ်ကြသည်ကို လည်းကောင်း မေးစမ်းကြည့်သည်။ ထိုအခါ ရွှေသမင်မင်းက သူတို့နှစ်ဦးသည် မိမိ၏ ညီနှင့်နှမများဖြစ်ကြကြောင်း၊ မိမိတို့သည် အသက်ဘေးနှင့် ကြုံတွေ့ရစေကာမူ အချင်းချင်း စွန့်ခွာသွားလေ့မရှိကြောင်း၊ မျက်မမြင်မိဘနှစ်ပါးကို လုပ်ကျွေးနေကြသူ ဖြစ်ကြောင်းများကို ပြောပြရာ မုဆိုးသည် လွန်စွာသဘောကျသွားသောကြောင့် သမင်မင်းအား ကျော့ကွင်းမှဖြေလွှတ်ပေးလိုက်သည်။

http://www.dhammadownload.com



ဘုရားလောင်းက မိမိအားဖမ်းရခြင်းအကြောင်းရင်းကို မုဆိုးအားမေးရာ အကြောင်းစုံကို အမှန်အတိုင်းဖွင့်ဟသည်။ သည်တွင် ဘုရားလောင်းသည် မုဆိုးအား မိမိ၏ကျောကုန်းပြင်ကို လက်ဖြင့်သုံးသပ်၍ အမွေးတစ်ဆုပ်ယူစေသည်။ ဓမ္မဋ္ဌရ မဟာရာဇ အစရှိသော ဆယ်ဂါထာတို့ကိုလည်း သင်ပေးပြီး မုဆိုးအား ပြန်လွှတ်လိုက်သည်။ မုဆိုးသည် ဘုရားလောင်း မှာကြားသည့်အတိုင်း ဆောင်ရွက်ရာ မိဖုရားကြီးသည် အမှန်ပင် ချင်ခြင်းငြိမ်းသွားခဲ့သည်။ ထို့ကြောင့် မင်းကြီးသည် မုဆိုးအား များစွာသော စည်းစိမ်နှင့် အခြံအရံများကို ပေးအပ်လိုက်သည်။ မုဆိုးသည် ရရှိသောဆုလာဘ်များကို သားမယားထံ လွှဲပြောင်းပေးခဲ့ပြီး ဟိမဝန္တာသို့ဝင်လျက် ရသေ့ပြုကာ တရားအားထုတ်ရာ သမာပတ်ရှစ်ပါးနှင့် ပြည့်စုံခဲ့သည်။ သေလွန်သော် ဗြဟ္မာ့ပြည်သို့ ရောက်ခဲ့ရသည်။

ဇာတ်ပေါင်း။ ။ မုဆိုး-ဆန္နအမတ်။ မင်း-အရှင်သာရိပုတ္တရာ။

ရောဟဏာသမင်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိဘကိုလုပ်ကျွေးခြင်းမှာ မွန်မြတ်သောအလုပ်ဖြစ်သည်။

---

## ၅၀၂။ ဟံသဇာတ်

### ရွှေဟင်္သာ၏ တရားနာလိုသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာအတွက် အသက်ကိုစွန့်ဝံ့သော အရှင်အာနန္ဒာမထေရ်အား အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် စိတ္တကူဋ်တောင်၌ ရွှေဟင်္သာမင်း ဖြစ်နေခဲ့သည်။ သူ့တွင် အခြံအရံ ဟင်္သာ ကိုးသောင်းခြောက်ထောင်ရှိပြီး စစ်သူကြီးမှာ သုမုခမည်သော ရွှေဟင်္သာဖြစ်သည်။ တစ်ညဉ့်တွင် မိဖုရားကြီး ခေမာသည် ရွှေဟင်္သာမင်း၏ တရားကို ကြားနာရလိုသောကြောင့် မင်းကြီးသည် စိတ္တကူဋ်တောင်မှ ဟင်္သာများ လာရောက်ကြစေရန် လှပဆန်းကြယ်သော ခေမာရေအိုင်ကို ဖန်တီးလျက် မုဆိုးတစ်ဦးအား အချိန်ပြည့် တာဝန်ချထားပေးလိုက်သည်။

http://www.dhammadownload.com



တစ်နေ့တွင် ရွှေဟင်္သာမင်းသည် ထိုရေအိုင်သို့ရောက်လာရာ မုဆိုးထောင်ထားသော ကျော့ကွင်း၌ မိလေတော့သည်။ သည့်တွင် အခြားသော ဟင်္သာများသည် ဘုရားလောင်းကို စွန့်ခွာ၍ ပြေးသွားကြသော်လည်း စစ်သူကြီး သုမုခသည်ကား စွန့်ခွာခြင်းမပြု။ မုဆိုးကြီး ရောက်လာချိန်၌ သုမုခက မိမိတို့ရွှေဟင်္သာမင်း၏ ဂုဏ်ကျေးဇူးကို ပြောပြရာ မုဆိုးသည် ရွှေဟင်္သာမင်းအပေါ်၌ ကြည်ညိုလေးစားသွားခဲ့သည်။

တစ်ဖန် မုဆိုးကြီးက သုမုခအား ရွှေဟင်္သာမင်းနှင့် အသို့တော်စပ်သနည်းဟု မေးမြန်းရာ သုမုခက မိမိ၏ အရှင်သခင်ဖြစ်ရုံသာမက မိတ်ဆွေလည်းဖြစ်သောကြောင့် သူ့ကိုစွန့်ခွာမှု မပြုခြင်းဖြစ်ကြောင်း ပြန်ကြားပြောဆိုသည်။

မုဆိုးသည် ဟင်္သာမင်းအား ကျော့ကွင်းမှ ဖြေလွှတ်ပေးသည်။ ဖမ်းဆီးရခြင်း အကြောင်းရင်းကို သိခဲ့ရသော ရွှေဟင်္သာမင်းသည် စိတ္တကူဋ်တောင်သို့ ချက်ချင်းမပြန်သေးဘဲ သုမုခနှင့်အတူ နန်းတော်အထိ လိုက်ပါလျက် ညဉ့်သုံးယံပတ်လုံး မင်းကြီးအား တရားဟောသည်။ ထိုအခါတွင်မှ မိဖုရားကြီး၏ ချင်ခြင်းသည်လည်း ငြိမ်းပြေခဲ့ရသည်။ အရုဏ်ကျင်း၍ အလင်းရောက်သော် ဘုရားလောင်းသည် သုမုခစစ်သူကြီးနှင့်အတူ မြောက်လေသွန်တံခါးမှ ထွက်၍ စိတ္တကူဋ်တောင်သို့ ပြန်ခဲ့သည်။

ဇာတ်ပေါင်း။ ။ မုဆိုး-ဆန္နအမတ်။ မင်းကြီး-အရှင်သာရိပုတ္တရာ။
စစ်သူကြီး-အရှင်အာနန္ဒာ။ ရွှေဟင်္သာမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တရားရှိသူကို တရားပြလျှင် တရားရလွယ်သည်။

---

## ၅၀၃။ သတ္တိဂုမ္ဗဇာတ်

### စရိုက်မတူသူ ကျေးညီနောင်

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဘုရားရှင်ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဥတ္တရာပဉ္စာလမြို့၌ ပဉ္စာလမင်းကြီး မင်းပြုချိန်က ဘုရားလောင်းသည် တောကြီးတစ်ခုထဲမှ လက်ပံတောတွင် ကျေးမင်း၏ သားဖြစ်နေသည်။ သူ့တွင် ညီငယ် ကျေးတစ်ကောင်လည်း ရှိသည်။ ထိုတောင်၏ လေညာအရပ်တွင် ခိုးသူရွာတစ်ရွာ ရှိ၍ လေကြေတွင် ရသေ့ငါးရာတို့၏ ကျောင်းသခ်မ်းများ ရှိကြသည်။

http://www.dhammadownload.com



ကျေးညီနောင်တို့ အတောင်ပေါက်ခါစအချိန်တွင် လေပြင်းမုန်တိုင်းကျရောက်လေရာ တစ်ကောင်သည် နိုးသူတို့၏ရွာမှ လက်နက်ပုံအလယ်တွင် ကျသွားသည်။ သူ့ကို နိုးသူများက ကောက်ယူမွေးစားကြပြီး သတ္တိဂုမ္ဗဟု အမည်ပေးထားကြသည်။ အခြားတစ်ကောင်ကမူ ရသေ့တို့၏ ကျောင်းဝင်းထဲမှ ပန်းချုံပေါ်တွင် သွားကျသဖြင့် ပုပ္ဖကဟူသော အမည်ကိုပေး၍ ရသေ့များက ကောက်ယူမွေးစားထားကြသည်။

တစ်နေ့တွင် မင်းချင်းများနှင့်အတူ သမင်လိုက်လာခဲ့သော ပဉ္စာလမင်းကြီးသည် သူ့တာဘက်မှ သမင်ထွက်ပြေးသွားသဖြင့် ရထားစီး၍ အမိလိုက်လေတော့သည်။ နေမွန်းတည့်သည့်တိုင် လိုက်သော်လည်း မမိနိုင်သောအခါ နိုးသူတို့ရွာအနီး အရိပ်ကောင်းသည့် သစ်ပင်ရင်းတစ်ခုတွင် အမောပြေ လဲလျောင်းအိပ်စက်နေလိုက်သည်။

ယင်းအချိန်၌ ရွာထဲမှထွက်လာခဲ့သော သတ္တိဂုမ္ဗကျေးသားသည် အိပ်ပျော်နေသော မင်းကြီးကို တွေ့မြင်သွားရာ ထမင်းချက်သမား ပဋိကောဋ္ဌမှအား အိပ်ပျော်နေသော မင်းကြီးထံမှ ဝတ်စားတန်ဆာများကို လုယူ၍ မင်းကြီးနှင့်အတူ ရထားမှူးကိုပါ သတ်လိုက်ကြစို့ဟု ပြောဆိုသည်။ ယင်းအသံကို ကြားရသော ပဉ္စာလမင်းကြီးသည် ရထားမှူးအား ရထားကို အမြန်နှင်ရန် အမိန့်ပေးပြီး မောင်းနှင်စေခဲ့ရာ ရသေ့ကျောင်းများရှိရာသို့ ရောက်လာခဲ့ကြသည်။ ရသေ့များ သစ်သီးရှာ ထွက်နေကြသဖြင့် မင်းကြီးသည် ရသေ့များကို မတွေ့ရ။ ပုပ္ဖကကျေးသားကိုသာ တွေ့ရသည်။ ပုပ္ဖကသည် မင်းကြီးကိုတွေ့လိုက်ရသည်နှင့် ဝမ်းသာအယ်လဲ ခရီးဦးကြိုပြုသည်။ မြတ်သောမင်းကြီး ချိုမြိန်သော သစ်သီးများကို စားသုံးတော်မူပါလော့၊ အေးမြကြည်လင်သော စိမ့်စမ်းရေများကို သောက်သုံးတော်မူပါလော့ စသည်ဖြင့် ဧည့်ဝတ်ပြုသည်။

မင်းကြီးသည် ပုပ္ဖကကျေးသားနှင့် အပြန်အလှန်ပြောဆိုပြီးနောက် ပထမတွေ့ခဲ့ရသော သတ္တိဂုမ္ဗကျေးသား၏ မိုက်ရိုင်းပုံများကို ပြောပြသည်။ ထိုအခါ ကျေးသားက မြတ်သောမင်းကြီး၊ ထိုကျေးသားသည် အကျွန်ုပ်နှင့် တစ်မိဝမ်းတွင်းအတူ ဆင်းခဲ့ကြသူချင်းဖြစ်ပါလျက် ကြီးပြင်းကျင်လည်လာခဲ့ကြရသည့် ပတ်ဝန်းကျင်အားလျော်စွာ မိုက်ရိုင်းမှုနှင့် ယဉ်ကျေးမှုများ ခြားနားခဲ့ရခြင်း ဖြစ်ပါသည် စသည်ဖြင့် လျှောက်တင်သည်။ ယင်းသို့ ပြောဆိုနေကြစဉ်မှာပင် ရသေ့များ ပြန်ကြွလာကြရာ မင်းကြီးသည် ရသေ့များကို ရှိခိုးလျက် မိမိမြို့သို့ ပြောင်းရွှေ့၍ သီတင်းသုံးကြပါရန် လျှောက်ထားသည်။ ရသေ့များသည် မင်းကြီး၏ ပင့်လျှောက်ချက်ကို လက်ခံလိုက်ကြသည်။ ပုပ္ဖကသည်ကား တောထဲတွင် ဆက်လက်နေထိုင်သွားခဲ့သည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ သတ္တိဂုမ္ဗကျေးသား-ဒေဝဒတ်။ ခိုးသားများ-ဒေဝဒတ်၏ပရိသတ်။ ပဉ္စာလမင်း-အရှင်အာနန္ဒာ။ ရသေ့များ-ဗုဒ္ဓ၏ပရိသတ်။ ပုပ္ဖကကျေးသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ စရိုက်အဆိုးအကောင်းသည် ပတ်ဝန်းကျင်၌တည်၏။

# ၅၀၄။ ဘလ္လာတိယဇာတ်

## အချစ်ကြီးသူ ကိန္နရာလင်မယား

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်း၏ မိဖုရားကြီးဖြစ်သူ မလ္လိကာမိဖုရားကြီးကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဘလ္လာတိယမင်းကြီးသည် သမင်သားစားလို၍ အမဲလိုက်ခွေးများနှင့်အတူ ဟိမဝန္တာသို့ဝင်ကာ သမင်၊ ဝက် စသည်တို့ကို ပစ်ခတ်စားသောက်လျက် လှည့်လည်နေထိုင်သည်။ တစ်နေ့တွင် ဂန္ဓမာဒနတောင်ပေါ်သို့အရောက်တွင် အချင်းချင်း ဖက်ယမ်းနမ်းရှုပ်၍ ငိုကြွေးနေကြသော ကိန္နရာဖိုမအစုံကို မြင်တွေ့လိုက်ရသည့်အခါ သူသည် ပါလာသည့်လက်နက်များကို သစ်ပင်ရင်းတစ်ခုတွင်မှီ၍ ထောင်ထားခဲ့သည်။ ခြေသံကိုဖွ၍နင်းရင်းက ကိန္နရာတို့၏အနီးသို့ တရွေ့ရွေ့ချဉ်းကပ်သွားခဲ့ကာ အဘယ်ကြောင့် ဤသို့ငိုကြွေးနေကြရပါသနည်းဟု မေးစမ်းသည်။

ကိန္နရီမယ်က ကျွန်ုပ်၏ ချစ်လင်သည် သူ့နောက်၌ ကျွန်ုပ်ပါသည်ထင်၍ မိုးရွာနေချိန်တွင် ဤမြစ်၏ ဟိုဘက်ကမ်းသို့ ကူးသွားခဲ့ပါသည်။ သို့ရာတွင် ကျွန်ုပ်သည်ကား ဤမှာဘက်ကမ်းတွင် ကျန်ရစ်ခဲ့ပါသည်။ မြစ်ရေပြည့်လျှံလာ၍ ကျွန်ုပ် ကူးမလိုက်နိုင်တော့ပါ။ ညအချိန်၌သာ ကျွန်ုပ်တို့သည် လျှပ်စစ်လင်းလက်၍ ရိပ်ခနဲတစ်ချက်စီ မြင်တွေ့ကြရပါသည်။ ဤကွေကွင်းဆင်းရဲမှုကို မခံနိုင်၍ ကျွန်ုပ်တို့ငိုကြွေးနေရပါသည်။ ထိုည လွန်၍ နံနက်မိုးလင်းချိန်၌ မြစ်ရေလျော့သွားသောအခါမှ နှစ်ဦးသား ပြန်လည်ဆုံဆည်းကြရပါသည်။ ထိုနံနက်မှစ၍ တစ်ညတာ ကွဲကွာသည်ကို ကျွန်ုပ်တို့ငိုကြွေးလာခဲ့သည်မှာ ယနေ့ဆိုလျှင် အနှစ်ခုနစ်ရာပြည့်ရန် သုံးရက်သာ လိုပါတော့သည်။ သင်မင်းကြီးတို့၏

http://www.dhammadownload.com



လူ့သက်တမ်းသည် အနှစ်တစ်ရာမျှသာ ရှိပါလျက် အဘယ့်ကြောင့် ချစ်စဖွယ်ရှိသော မိဖုရားနှင့် ခွဲခွာ၍ ထွက်လာခဲ့ရပါသနည်းဟု ဆိုသည်။

သည်တွင် မင်းကြီးသည် တိရစ္ဆာန်ဖြစ်သော ကိန္နရာတို့ပင်လျှင် တစ်ညတာမေး ကွာကြရုံမျှဖြင့် အနှစ်ခုနစ်ရာတိုင် ငိုကြွေးလာခဲ့ကြ၏။ ငါသည်ကား လူသားဖြစ်ပါလျက် မင်းစည်းစိမ်ကိုကျော့ခိုင်း၍ အလွန်ဆင်းရဲ ပင်ပန်းသောအမှုကို ပြုမိလေစွဟု တွေးတော မိကာ နေပြည်တော်သို့ ပြန်လာခဲ့သည်။ ဒါန စသော ကုသိုလ်ကောင်းမှုများကို အားထုတ် လျက် ချမ်းသာစွာဖြင့် မင်းစည်းစိမ်ကို ခံစားသွားခဲ့လေသည်။

ဇာတ်ပေါင်း။ ။ ကိန္နရာဖို-ကောသလမင်း။ ကိန္နရီမယ်-မလ္လိကာမိဖုရား။ ဘလ္လာတိယမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သံယောဇဉ်ကြီးသည် အခြားကြီးထက်ခိုင်မာတတ်သည်။

---

# ၅၀၅။ သောမနဿဇာတ်

## မလုပ်သင့်သည်ကို လုပ်နေသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာအား သတ်ဖြတ်ရန် ဒေဝဒတ်၏ ကြိုးပမ်းမှုကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကုရုတိုင်း ဥတ္တရပဥ္စာလမြို့၌ ရေဏုမင်း စိုးစံစဉ်က မဟာရက္ခိတ ရသေ့ကြီးသည် နောက်လိုက်တပည့်ရသေ့ ငါးရာတို့နှင့်အတူ ချဉ်ဆားမှီဝဲရန် ဥတ္တရပဥ္စာလမြို့သို့ ရောက်လာ ခဲ့ရာ မင်းကြီးသည် ကြည်ညိုသောကြောင့် မိမိဥယျာဉ်တော်၌ ကျောင်းဆောက်၍ ကိုးကွယ် ထားလိုက်သည်။ ရေဏုမင်းတွင် သားသမီးရတနာ မထွန်းကားချေ။

မဟာရက္ခိတရသေ့ကြီးက ယနေ့မိုးသောက်ယံ၌ နတ်သားတစ်ဦးသည် နတ်ပြည်မှ စုတေ၍ ရေဏုမင်း၏ မိဖုရားကြီးဝမ်း၌ ပဋိသန္ဓေယူလိမ့်မည်ဟု ပြောသောစကားကို ကြားလိုက်ရသော ရသေ့စဉ်းလဲတစ်ပါးသည် မင်းကြီးထံလာခဲ့ပြီး သားရတနာရတော့ မည့်အကြောင်းကို သူ့ဉာဏ်စွမ်းဖြင့် သိခဲ့ရလေဟန် ပြောဆိုသည်။

http://www.dhammadownload.com



မင်းကြီးသည် ဝမ်းသာအားရဖြစ်သွားပြီး သူ့ကို ဟိမဝန္တာသို့ မပြန်စေတော့ဘဲ ဉယျာဉ်တော်၌ပင် ကျောင်းဆောက်၍ ကိုးကွယ်ထားလိုက်သည်။ ဆယ်လပြည့်မြောက် ချိန်၌ မိဖုရားကြီး၏ ကိုယ်ဝန်မှ သားရတနာလေးတစ်ပါး ဖွားမြင်ရာ သောမနဿ သတို့ သားဟူ၍ အမည်ပေးကြသည်။ သူ့ဟောချက် မှန်ကန်သဖြင့် မင်းနှင့်တကွ ပြည်သူများ သည် သူ့အား ဒိဗ္ဗစက္ခုရသေ့ဟူ၍လည်း ဂုဏ်ပြုခေါ်ဝေါ်ကြသည်။

သောမနဿမင်းသား ခုနစ်နှစ်သားအရွယ်သို့ ရောက်လာသော် မင်းကြီးသည် သူပုန်သူကန်များ နှိမ်နင်းရန် နယ်စွန်ဒေသသို့ ထွက်သွားခဲ့ရသည်။ တစ်နေ့သ၌ မင်းသား ငယ်သည် ရသေ့ကိုဖူးမြင်လိုသဖြင့် ဉယျာဉ်တော်သို့လာခဲ့ရာ ရသေ့သည် ရေအိုးတစ်လုံး ကို လက်ဆွဲလျက် ဟင်းရွက်ခင်း၌ ရေလောင်းနေသည်ကို မြင်တွေ့လိုက်လျှင် မင်းသားငယ် သည် ရှိခိုးခြင်းမျှပင် မပြုခဲ့တော့ဘဲ 'ဟင်းရွက်သည် သူကြွယ်၊ ဘာလုပ်နေတာလဲ'ဟူသော စကားဖြင့် ရသေ့အား အရှက်ရစေပြီး ပြန်လာခဲ့သည်။

ထိုစကားကြောင့် ရသေ့အား များစွာပင် နာကျင်သွားစေသဖြင့် မင်းကြီးပြန်လာ ချိန်၌ ရသေ့သည် သင်္ကန်းကို ခေါင်းမြီးခြုံကာ နေထိုင်မကောင်းဟန်ဖြင့် အိပ်နေလိုက် သည်။ ဘုရင်သည် သူ့ထံသို့ ဦးစွာသွား၍ ရသေ့ကြီး၏ ဖြစ်ပျက်နေပုံကို မြင်တွေ့လိုက် သောအခါ 'မည်သူ၏ နိုင်ထက်ကလူ ပြုမူခြင်းကိုခံရ၍ပါနည်း'ဟု မေးသည်တွင် သောမနဿမင်းသား၏ ညှဉ်းဆဲသတ်ပုတ်မှုကိုခံရ၍ ဖြစ်ကြောင်း ရသေ့က ပြန်ကြား ပြောဆိုသည်။

ယင်းစကားကို ကြားလိုက်ရသည်နှင့် မင်းကြီးသည် ဒေါသမီးဟုန်းဟုန်းတောက် လောင်ကာ ပါးကွက်အာဏာသားများအား သားတော်၏ ဦးခေါင်းကိုဖြတ်၍ မိမိထံ ယူလာခဲ့ကြရန် အမိန့်ပေးလိုက်သည်။ ပါးကွက်အာဏာသားများရောက်လာသောအခါ မင်းသားငယ်က မိမိကို မသတ်ခင် ဖခင်မင်းကြီးအား ဖူးမြော်လိုပါသည်ဟု ပြောသဖြင့် မင်းသားငယ်အား ခမည်းတော်ထံ ခေါ်လာခဲ့ကြသည်။ သားဖြစ်သူက မိမိတွင် အဘယ် အပြစ်ရှိ၍ သတ်မိန့်ပေးရခြင်းဖြစ် ကြောင်းကို မေးသည်။ အကျင့်သီလနှင့်ပြည့်စုံသော ရသေ့မြတ်အား ဟင်းရွက်သည် သူကြွယ်ဟု စော်ကားမော်ကား ပြောဆိုသည့်အပြစ်ကြောင့်၊ ဟု မင်းကြီးက မိန့်တော်မူသည်။

ထိုအခါ မင်းသားက မိမိသည် အမှန်ကိုဆိုခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ယုံတော်မမူ လျှင် မြို့တံခါးလေးမျက်နှာတို့မှ ဟင်းရွက်သည်များကို ခေါ်ယူမေးတော်မူနိုင်ကြောင်း များကို လျှောက်ထားရာ မင်းကြီးက ဟင်းရွက်သည်များကို ခေါ်ယူမေးမြန်းတော်မူသည်။ ဟင်းရွက်သည် အားလုံးတို့က မိမိတို့ရောင်းချနေကြသည့် ဟင်းသီးဟင်းရွက်များမှာ

http://www.dhammadownload.com



ဒိဗ္ဗစက္ခုရသေ့ထံမှ ဖောက်သည်ယူ၍ ရောင်းချနေကြောင်းကို တညီတညွတ်တည်း ထွက်ဆိုကြသည်။

မင်းသားငယ်၏ အခြွေအရံများသည် ရသေ့ကျောင်းမှ ရရှိခဲ့သော အသပြာထုပ်ကို မင်းကြီးအား ဆက်သသည်တွင်မှ သားတော်၏ စကားကိုလက်ခံပြီး သားတော်အား အပြစ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်။

သောမနဿမင်းသားသည် မယ်တော် ခမည်းတော်တို့ထံ ခွင့်ပန်၍ ရဟန်းပြုပြီး ဟိမဝန္တာသို့ ဝင်သွားခဲ့သည်။ ရသေ့စဉ်းလဲသည်ကား ပြည်သူများ၏ ရိုက်ပုတ်ထုထောင်းခြင်းကိုခံရ၍ သေဆုံးသွားသည်။

**ဇာတ်ပေါင်း။** ။ **ရသေ့စဉ်းလဲ-ဒေဝဒတ်၊ သုဓမ္မာမိဖုရားကြီး-မယ်တော်မာယာ၊ သောမနဿမင်းသား-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ကိုယ့်အလုပ်ကိုသာ ကိုယ်လုပ်သင့်သည်။**

---

## ၅၀၆။ စမ္ပေယျဇာတ်

### ခန္တီပါရမီဖြည့်သူနဂါးမင်း

**ပစ္စုပ္ပန်ဝတ္ထု၊**

ဥပုသ်ဆောက်တည်ကြသော ဒါယကာများအား ဥပုသ်ဆောက်တည်ခြင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု၊**

အင်္ဂတိုင်းနှင့် မာဂဓတိုင်းတို့၏ အကြားတွင် စမ္ပာခေါ်သော မြစ်တစ်ခုရှိရာ ဘုရားလောင်းသည် ထိုမြစ်ထဲရှိ နဂါးပြည်၌ စမ္ပေယျအမည်ရှိသော နဂါးမင်း ဖြစ်နေသည်။ စမ္ပေယျနဂါးမင်းသည် ဝင်္ဂဆင်းရဲမှ လွတ်မြောက်ကြောင်းလမ်းစဉ်ကို ကျင့်သုံး၍ ဥပုသ်ကိုသာ ဆောက်တည်နေသည်။

တစ်နေ့တွင် နဂါးမင်းသည် လူ့ပြည်သို့သွား၍ နယ်စွန်ကျေးရွာနှင့် မနီးမဝေးသော လမ်းခရီးအနီးရှိ တောင်ပို့တစ်ခုထိပ်တွင် နေရာယူ၍ 'ငါ့အားပြုလိုရာ ပြုကြလော့'ဟု နှလုံးသွင်းလျက် ဥပုသ်စောင့်နေလိုက်သည်။ ယင်းကိုတွေ့မြင်ကြရသော နယ်စွန်ရှိ ရွာသားများသည် နဂါးမင်းရှိရာသို့ လာရောက်၍ ပန်းနံ့သာ စသည်များဖြင့် နဂါးမင်းကို

http://www.dhammadownload.com



ပူဇော်ကြသည်။ နဂါးမင်းသည် တစ်ဆယ့်ငါးရက်မြောက်သောနေ့များ၌ ထိုနေရာတွင် ဥပုသ်လာစောင့်သည်။ အတွက်တစ်ရက်နေ့တွင် နဂါးပြည်သို့ ပြန်လေ့ရှိသည်။

တစ်ခါတွင် မိဖုရားကြီး သုမနာက အရှင်နဂါးမင်းသည် လူ့ပြည်သွား၍ ဥပုသ် စောင့်ထိန်းတော်မူသည်မှာ မသင့်လျော်ပါ။ လူ့ပြည်ကား အန္တရာယ်ထူပြောလှပါသည်။ အန္တရာယ် တစ်စုံတစ်ရာ ကျရောက်ခဲ့လျှင် အကျွန်ုပ်တို့ မည်သို့ သိရပါမည်နည်းဟု လျှောက်ထားသည်။ ထိုအခါ ဘုရားလောင်းသည် မိဖုရားကြီးအား မင်္ဂလာရေကန်တော်သို့ ခေါ်ယူသွားပြီးလျှင် ဂဠုန်ရန်နှင့် ကြုံရလျှင် ရေသည် ကျိုက်ကျိုက်ဆူလိမ့်မည်။ မြွေသမား၏ ဖမ်းဆီးခြင်းခံရပါက ရေသည် သွေးကဲ့သို့ နီမြန်းနေလိမ့်မည်ဟု သင်္ကေတ ပေးထားခဲ့ပြီး ခါတိုင်း ဥပုသ်စောင့်နေကျ တောင်ပို့ထိပ်သို့လာ၍ ဥပုသ်စောင့်နေသည်။

ပုဏ္ဏားလုလင်တစ်ယောက်သည် အလမ္ပာယ် အတတ်ပညာကို သင်ယူခဲ့ပြီး၍ တက္ကသိုလ်ပြည်မှပြန်ရောက်လာသော ဘုရားလောင်းနဂါးမင်းကို တွေ့၍ ဖမ်းယူကာ အစွယ်ကို ချိုးပစ်သည်။ သို့တိုင် နဂါးမင်းက သီလပျက်မည်ကို စိုးသဖြင့် သည်းခံစိတ် မွေးထားသည်။ နောက်ဆုံးတွင် အလမ္ပာယ်ပုဏ္ဏားသည် နဂါးမင်းကို ပခြုပ်ထဲ၌ ထည့်ယူ သွားပြီး နယ်စွန်ဒေသများသို့ သွားရောက်ကပြရာ တစ်နေ့တည်းမှာပင် အသပြာငွေ တစ်ထောင်နှင့် ဥစ္စာပစ္စည်းများ ရရှိခဲ့သည်။ နောက်ဆုံး ဗာရာဏသီပြည့်ရှင် ဥဂ္ဂသေန မင်းကြီးထံသို့ လာခဲ့ပြီး ပန္နရသီဥပုသ်နေ့၌ မင်းရင်ပြင်တွင် ကပြစေရာ ဘုရားလောင်း အပေါ်၌ ရတနာခုနစ်ပါး မိုးရွာချသည်။

သုမနာ မိဖုရားကြီးသည် တစ်လကြာညောင်းခဲ့ပြီးဖြစ်သည့်တိုင် နဂါးမင်းကြီး ပြန်ရောက်မလာသောအခါ မင်္ဂလာရေဆာန်ကို သွားကြည့်ရာ ကန်ရေပြင်သည် နီရဲလျက် ရှိနေသည်ကို တွေ့လိုက်ရသည်။ သည်တွင် နဂါးပြည်မှထွက်၍ အလမ္ပာယ်ပွဲ ကျင်းပ နေသော ဗာရာဏသီနန်းတော်ရှိ မင်းရင်ပြင်သို့ ရောက်လာလျက် ပရိသတ်၏ အလယ် တံည့်တည့် ကောင်းကင်ပေါ်တွင် ရပ်၍ငိုလိုက်သည်။ ဘုရားလောင်းနဂါးမင်းသည် အလမ္ပာယ်ကနေရင်းက ကောင်းကင်ပေါ်မော့ကြည့်မိရာ သုမနာမိဖုရားကြီးကို မြင်တွေ့ လိုက်ရသဖြင့် ရှက်သွားသည်။ ထို့ကြောင့် ပခြုပ်ထဲဝင်ပြီး အိပ်နေလိုက်သည်။ ထိုအခြင်း အရာကို မြင်တွေ့လိုက်ရသော မင်းကြီးသည် စူးစမ်းလိုစိတ်ဖြင့် ကောင်းကင်ကို မော့ကြည့် သော် သုမနာမိဖုရားကြီးကို တွေ့ရှိသွားသည်။

မင်းကြီးက အမျိုးအနွယ်နှင့် လာခဲ့ရသည့်ကိစ္စရင်းကို မေးရာ သုမနာမိဖုရားက ဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားလိုက်သည်။ မိမိ၏ အရှင်သခင်ဖြစ်သော နဂါးမင်း အား အနှောင်အဖွဲ့မှ လွတ်မြောက်အောင် ကူညီပါရန်လည်း တောင်းပန်သည်။ ထိုအခါ

http://www.dhammadownload.com



ဥဂ္ဂသေနမင်းကြီးသည် အလမ္ဗာယ်ဆရာအား ရွှေစင်နိက္ခတစ်ရာ၊ ပတ္တမြားနားတောင်း၊ မယားနှစ်ယောက်၊ နို့ညှစ်နွားမတစ်ရာ နွားလားဥသဘများကို ပေး၍ နဂါးမင်းအား နဂါးပြည်သို့ ပြန်ပို့နိုင်အောင် ကူညီခဲ့သည်။

နဂါးမင်းသည် ဥဂ္ဂသေနမင်းကြီးအား ကျေးဇူးတင်လွန်းသဖြင့် နဂါးပြည်သို့ အလည်လိုက်ပါရန် တောင်းပန်သဖြင့် ဥဂ္ဂသေနမင်းကြီးမင်းကလည်း လိုက်ပါသွားခဲ့သည်။ ထိုမင်းကြီး နဂါးပြည်မှ ပြန်သောအခါ နဂါးမင်းသည် များစွာသော ရတနာများကို ပေးအပ်လိုက်သည်။

ဇာတ်ပေါင်း။ ။ အလမ္ဗာယ်ဆရာ-ဒေဝဒတ်။ သုမနာမိဖုရား-ယသော်ဓရာ။ ဥဂ္ဂသေနမင်း-အရှင်သာရိပုတ္တရာ။ စမ္ပေယျနဂါးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အသက်ဘေးကြုံသော်လည်း သီလကိုမပျက်စေသူမှာ သူတော်ကောင်းတို့သာတည်း။

---

## ၅၀၇။ မဟာပလောဘနဇာတ်

ဤဇာတ်၏ ပစ္စုပ္ပန်နှင့် အတိတ်ဝတ္ထုတို့သည် တိကနိပါတ် ဇာတ်အမှတ်(၂၆၃) စူဠပလောဘနဇာတ်၏ ပစ္စုပ္ပန်၊ အတိတ်ဝတ္ထုတို့နှင့် တူသည်။

---

## ၅၀၈။ ပဉ္စပဏ္ဍိတဇာတ်

ဤဇာတ်၏ ဝတ္ထုကြောင်းသည် မဟာနိပါတ် ဇာတ်အမှတ်(၅၄၂) မဟာဥမင်ဇာတ်၌ အကျုံးဝင်သည်။

---

## ၅၀၉။ ဟတ္ထိပါလဇာတ်

### ကာမဘုံမှ ရုန်းထွက်သူများ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်၏မြတ်သောတောထွက်တော်မူခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဧသုကာရီမင်းကြီး စိုးစံစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ် သားလေးယောက်တွင် အကြီးဆုံးဖြစ်ပြီး ဟတ္ထိပါလဟု ခေါ်တွင်သည်။

ဧသုကာရီမင်းကြီးမှာ သားသမီးမရှိသဖြင့် ပုရောဟိတ်၏ သားလေးဦးကိုပင် သားကဲ့ သို့ ချစ်၍ ဟတ္ထိပါလ အရွယ်ရောက်သော် မင်းအဖြစ်ကို ပေးသည်။ ဟတ္ထိပါလ သည် မင်းအဖြစ်ကို အလိုမရှိဘဲ ရဟန်းဘဝကိုသာ မြတ်နိုးကြောင်းသိစေလျက် မိမိ ပရိသတ်ကို ခေါ်၍ ဗာရာဏသီမှ ထွက်ခဲ့သည်။ သူသည် ဂင်္ဂါမြစ်နားသို့ရောက်သော် မြစ်ရေကိုကြည့်လျက် အာပေါကသိဏ်းပရိကံကိုအားထုတ်ရာ ဈာန်တရားကို ရရှိသွား ခဲ့သည်။

ဧသုကာရီမင်းကြီးနှင့် ပုရောဟိတ်သည် ဒုတိယသား အဿပါလရှိရာသို့ သွား ရောက်၍ ဟတ္ထိပါလကို ပြောဆိုခဲ့ကြသကဲ့သို့ ပြောဆိုကြပြန်ရာ အဿပါလကလည်း မင်းအဖြစ်ကို လက်မခံ။ တစ်ယူဇနာရှိသော ပရိသတ်နှင့်အတူ ရဟန်းပြုရန် နောင်တော် ဟတ္ထိပါလနောက်သို့ လိုက်သွားခဲ့ပြန်သည်။

ဂေါပါလနှင့် အဇပါလတို့ထံသွား၍ မင်းအဖြစ်ကို ပေးအပ်ကြရာ၌လည်း နောင်တော်များနည်းတူ ရဟန်းပြုသွားခဲ့ကြပြန်သည်။ ခမည်းတော် ပုရောဟိတ်ပုဏ္ဏား ကြီးသည် သားတော်များ မရှိတော့သဖြင့် ကုဋေရှစ်ဆယ်သော ဥစ္စာပစ္စည်းများကို စွန့်ကြဲ လျက် ပုဏ္ဏေးမနှင့်အတူ ရဟန်းပြုရန် ဟတ္ထိပါလရှိနေရာ ဂင်္ဂါကမ်းခြေသို့ ထွက်လာသည်။ သူတို့တွင်လည်း ပုဏ္ဏားပရိသတ်နှင့် ပုဏ္ဏေးမ ပရိသတ်များ ပါလာကြသည်။

ထိုအကြောင်းကို ကြားသိရသော ဧသုကာရီမင်းနှင့် မိဖုရားကြီးတို့သည် တစ်ဆယ် ယူဇနာကျယ်ဝန်းသော ဗာရာဏသီနယ်ပယ်ကိုစွန့်၍ ရဟန်းပြုရန် ဟတ္ထိပါလနောက်သို့ လိုက်လာကြရာ သုံးယူဇနာစီရှိသော ပရိသတ်များလည်း လိုက်ပါလာခဲ့ကြသည်။ ယင်း သတင်းသည် ကာသိတိုင်းအတွင်း ရုတ်ခြည်းပျံ့နှံ့သွားခဲ့သဖြင့် ကာသိတိုင်းသားများသည် လည်း ရဟန်းပြုရန် ဟတ္ထိပါလနောက်သို့ လိုက်လာခဲ့ကြပြန်ရာ ပရိသတ်သည် တစ်ဆယ့် ရှစ်ယူဇနာ ရှိသွားသည်။ ဟတ္ထိပါလသည် ယင်းပရိသတ်ထုကြီးကို ဦးဆောင်၍ ဟိမဝန္တာ ဘက်သို့ ထွက်ခွာလာသည်။

ထိုအကြောင်းကို သိမြင်ရသော သိကြားမင်းသည် ဝိသကြုံနတ်သားကို ဟိမဝန္တာ ထဲ၌ အလျားသုံးဆယ့်ခြောက်ယူဇနာနှင့် အနံတစ်ဆယ့်ငါးယူဇနာရှိသော ကျောင်းကို ဖန်ဆင်းစေ၍ ရဟန်းသုံးပရိက္ခရာများဖြင့်လည်း ဖြည့်တင်းထားရန် စေလွှတ်လိုက်သည်။ ပရိသတ်ထုကြီးကို ဦးဆောင်လာသော ဟတ္ထိပါလသည် ဝိသကြုံနတ်သားဖန်ဆင်းထား

http://www.dhammadownload.com



သော ကျောင်းနှင့် ပရိက္ခရာများကို အသင့်ပင် တွေ့လိုက်ရသောကြောင့် ယင်းပရိက္ခရာများဖြင့် ရဟန်းပြုကြပြီး ထိုကျောင်းကြီး၌ပင် သီတင်းသုံး နေထိုင်ကြသည်။

ထိုအကြောင်းကို ကြားသိရသော အိမ်နီးချင်း မင်းခုနစ်ပါးတို့သည်လည်း ပရိသတ်နှင့်အတူ ရဟန်းပြုကြပြန်ရာ သုံးဆယ့်ခြောက်ယူဇနာ ကျယ်ဝန်းသောကျောင်းကြီးတွင် နေရာလပ်မရှိ ဖြစ်သွားခဲ့သည်။

ထိုရသေ့များသည် အများအားဖြင့် ဈာန်အဘိညာဉ်ရကြသဖြင့် သေလွန်ကြသော် သုံးပုံနှစ်ပုံသည် ဗြဟ္မာ့ပြည်သို့ရောက်ပြီး အချို့က နတ်ပြည်၊ ကျန်အချို့က ဗြဟ္မာ့ပြည်၌ပင် ဖြစ်ကြ၍ အချို့သည် လူ့ပြည်၌ မင်းသူကြွယ်၊ ပုဏ္ဏားသူကြွယ်၊ သူဌေးသူကြွယ်ဟူသော သူကြွယ်သုံးပါးတို့၌လည်းကောင်း အသီးသီးဖြစ်ကြလေသည်။

ဇာတ်ပေါင်း။ ။ သေကာရီမင်းကြီး-သုဒ္ဓေါဒန။ မိဖုရား-မာယာဒေဝီ။ ပရိသတ်များ-ဗုဒ္ဓ၏ပရိသတ်များ။ ဟတ္ထိပါလ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတော်ကောင်းသည် တော၌သာမွေ့လျော်သည်။

---

# ၅၁၀။ အယောဃရဇာတ်

## သံလှောင်အိမ်၌နေရသူ

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်၏ မြတ်သောတောထွက်တော်မူခြင်းကိုအကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ထိုမင်း၏မိဖုရားမှ ဖွားမြင်သော သားတော်နှစ်ပါးကို ဘီလူးမသည် လုယူထွက်ပြေး၍ စားသောက်ပစ်လိုက်သည်။

မိဖုရားကြီး၏ဝမ်း၌ တတိယမြောက် ပဋိသန္ဓေနေလာခဲ့သူကား ဘုရားလောင်းဖြစ်သည်။ အတွေ့အကြုံရှိခဲ့ဖူးပြီဖြစ်သော မင်းကြီးသည် ဘီလူးမအန္တရာယ်မှ ကင်းလွတ်ရန် နေပြည်တော်တွင်းရှိ ပန်းပဲဆရာများကိုခေါ်၍ သံအိမ်ကြီးတစ်ဆောင် ဆောက်လုပ်စေသည်။ ပန်းပဲဆရာများသည် ထိုအိမ်ကို ကိုးလကြာ ဆောက်လုပ်ကြရသည်။ ကိုယ်ဝန်

http://www.dhammadownload.com



ဆယ်လပြည့်မြောက်ချိန်၌ မိဖုရားကြီးအား ထိုအိမ်၌ပင် သားတော်ကို ဖွားမြင်စေကာ သားတော်အား အယောဃရမင်းသားဟူ၍ ခေါ်ကြသည်။

မင်းသားသည် ထိုသံအိမ်ထဲတွင်ပင် ကြီးပြင်းခဲ့ရပြီး တစ်ဆယ့်ခြောက်နှစ်အရွယ်သို့ ရောက်လတ်သော် ခမည်းတော်သည် သားတော်အား ထီးဖြူကို အပ်နှင်းမည်ပြုသည်။ သားတော်က လက်မခံဘဲ အကျွန်ုပ်သည် အမိဝမ်းတွင်း၌ ဆယ်လတိုင် မစင်ဘင်ပုပ်ငရဲကဲ့သို့ နေခဲ့ရသည်။ ဖွားမြင်ပြီးချိန်၌လည်း တစ်ဆယ့်ခြောက်နှစ်ကာလပတ်လုံး သံနှောင်အိမ်ထဲ၌ နေခဲ့ရပြန်သည်။ အကျွန်ုပ်ထံသို့ အိုခြင်း၊ နာခြင်း၊ သေခြင်းဘေးတို့ ရောက်မလာမီ ရဟန်းတရားကို အားထုတ်ပါမည်။ ခွင့်ပြုတော်မူပါဟု ဆိုပြီးလျှင် မယ်တော်၊ ခမည်းတော်တို့ကို ရှိခိုး၍ နန်းမြို့မှ ထွက်လာခဲ့သည်။

သားတော် ထွက်သွားသည်ဆိုလျှင်ပင် မယ်တော်၊ ပုဏ္ဏားသူကြွယ်နှင့် မြို့လူထုတို့သည် ထီးနန်းအိုးအိမ်များကို စွန့်ပစ်၍ ဘုရားလောင်းနှင့်အတူ ဟိမဝန္တာဘက်သို့ ထွက်လာခဲ့ကြသည်။ ယင်းအကြောင်းကို သိမြင်ရသော သိကြားမင်းသည် ဝိသကြုံနတ်သားကိုခေါ်၍ အလျားတစ်ဆယ့်ရှစ်ယူဇနာနှင့် အနံခုနစ်ယူဇနာရှိသောကျောင်းကို ဖန်ဆင်းထားစေလိုက်သည်။ ရဟန်းသုံး ပရိက္ခရာများကိုလည်း အပြည့်အစုံထားရှိစေသည်။(ဤမှနောက်ပိုင်းသည် ဇာတ်အမှတ်(၅၀၉) ဟတ္ထိပါလဇာတ်နှင့် တူသည်။)

ဇာတ်ပေါင်း။ ။ ပြဟ္မဒတ်မင်း-သုဒ္ဓေါဒန။ မိဖုရားကြီး-မယ်တော်မာယာ။ ပရိသတ်များ-ဗုဒ္ဓ၏ပရိသတ်။ အယောဃရပညာရှိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိအမြင်တွင် ကာမဂုဏ်သည် မီးပုံကြီးဖြစ်သည်။

**ဝိသတိနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# တိံသနိပါတ်

## ဇာတ်စုစုပေါင်း--၁၀

## ၅၁၁။ ကိံဆန္ဒဇာတ်

### လာဘ်စားခြင်း၏ ဆိုးကျိုး

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာသည် ဒါယကာ ဒါယိကာမများအား နေ့တစ်ဝက်မျှ ဥပုသ်စောင့်ရသော အကျိုးကို ပြတော်မူလို၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မိမိသာအလှူဒါနပြု၍ ဥပုသ်သီလများ ဆောက်တည်သည် မဟုတ်ဘဲ မှူးမတ် စသောသူတို့အားလည်း အလှူ ပေး၍ ဥပုသ်စောင့်သုံးကြရန် နှိုးဆော်တိုက်တွန်းလေ့ရှိသည်။ သူ၏ ပုရောဟိတ် ပုဏ္ဏားသည်ကား တရားစီရင်တိုင်း လာဘ်စားလေ့ရှိသည်။ ကောင်းမှုဟူ၍ နေ့ထက်ဝက်မျှ ဥပုသ်စောင့်ဖူးခြင်းနှင့် ဥပုသ်သည် အမျိုးသမီးတို့အား သရက်သီးမှည့်တစ်ကြိမ် ပေးလှူခဲ့ခြင်းမှအပ သူ့မှာ ကုသိုလ်မှုဟူ၍ မရှိပေ။

သူကွယ်လွန်သောအခါ ထိုကောင်းမှု၏ အကျိုးဆက်ကြောင့် ဟိမဝန္တာမှ မြစ်ကမ်းခြေ တစ်နေရာတွင် သရက်ဥယျာဉ်၌ ဝေမာနိကပြိတ္တာကြီး ဖြစ်နေသည်။ သူ့တွင်နေစရာ ရွှေဗိမာန် ရှိသည်။ ညဥ့်အချိန်၌ နတ်စည်းစိမ်များကို ခံစားရသည်။ အရုဏ်တက်ချိန်သို့ ရောက်သော် သူ၏ နတ်သဏ္ဌာန် ကွယ်ပျောက်၍ အတောင်နှစ်ဆယ်မြင့်သော ပြိတ္တာကိုယ်ကြီး ဖြစ်သွားပြီး တစ်ကိုယ်လုံးသည် ပူလောင်နေရသည်။ လက်နှစ်ဖက်ရှိသော်လည်း လက်ချောင်းတစ်ချောင်းစီသာ ပါသည်။ လက်သည်းခွံမှာ ပေါက်တူးသွားပမာရှိသည်။ ယင်းလက်သည်းဖြင့် မိမိ၏ကျောကုန်းသားကိုဖွဲ့ယူ၍စားရသည်။

http://www.dhammadownload.com



ဇာတ်အမှတ်-၅၁၂ သစ်ပင်ခွကြားမှ သူရာဖျော်ရည်ကို ငှက်များသောက်နေကြစဉ်။ ၆၇၁

http://www.dhammadownload.com



ဇာတ်အမှတ်-၅၁၂ သစ်ပင်ခွကြားမှ သူရာဖျော်ရည်ကို ငှက်များသောက်နေကြစဉ်။ 

http://www.dhammadownload.com



လာဘ်စားခဲ့ခြင်းကြောင့် ဤမကောင်းကျိုးများခံစားရခြင်းဖြစ်သည်။ နေဝင်သော် ထိုကိုယ်နှင့်ထိုဆင်းရဲများပျောက်ကွယ်၍ နတ်ကိုယ်၊ နတ်ဗိမာန်နှင့် နတ်အခြွေအရံများ ပြန်ရောက်လာသည်။ ဤသို့ဖြစ်ရသည်မှာ နေ့ဝက်မျှ ဥပုသ်စောင့်သုံးခဲ့ဖူးခြင်း၏ အကျိုးအာနိသင်ဖြစ်သည်။

ထိုအချိန်၌ မင်းကြီးသည် ထီးနန်းကိုစွန့်၍ရသေ့ပြုလျက် ဟိမဝန္တာ၌ ကျောင်းငယ်တစ်ဆောင်ဖြင့် နေထိုင်သည်။တစ်နေ့တွင် ဝေမာနိကပြိတ္တာ၏ သရက်ဥယျာဉ်မှ သရက်သီးမှည့်တစ်လုံးသည် ဂင်္ဂါမြစ်ရေကြောအတိုင်း မျောပါလာခဲ့ရာ ရသေ့သည် ထိုသရက်သီးကို ဆယ်ယူစားသောက်မိသည်။ ရသတဏှာစွဲမက်သွားခဲ့ကာ ထိုသရက်သီးမျိုးကို ရမှစားမည်၊ မရလျှင်ငါမထဟူသော ဆုံးဖြတ်ချက်ဖြင့် မြစ်ကမ်းခြေတွင် သွား၍ထိုင်နေလိုက်သည်။

မြစ်စောင့်နတ်သမီးသည် ရသေ့အားအကျိုးအကြောင်းမေးမြန်းရာ ရသေ့က သူစားခဲ့ရသည့် သရက်သီးမျိုး စားလို၍ဖြစ်ကြောင်း ပြန်ကြားသဖြင့် နတ်သမီးသည် သူ့အား ထိုသရက်ဥယျာဉ်သို့ ပို့ဆောင်ပေးလိုက်သည်။ ရသေ့သည် သရက်ဥယျာဉ်ထဲ၌ လှည့်လည်ကြည့်ရှုရာ ဝေမာနိကပြိတ္တာကြီးနှင့်ဆုံတွေ့သည်။ပြိတ္တာကြီးက အကြောင်းစုံလျှောက်ထားပြီး ရသေ့ကြီးအား နေ့စဉ်သရက်သီးမှည့်များ သွားရောက်ဆက်ကပ်သည်။ နောက်ပိုင်းတွင် ရသေ့သည် ဈာန်အဘိညာဉ်များရရှိခဲ့သဖြင့် သေလွန်ပြီးသော် ဗြဟ္မာ့ပြည်သို့ ရောက်ရလေသည်။

ဇာတ်ပေါင်း။ ။ မြစ်စောင့်နတ်သမီး-ဥပ္ပလဝဏ်၊ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကောင်းမှုမကောင်းမှုတို့၏အကျိုးသည် နည်းသည်ဟူ၍မရှိ။

---

## ၅၁၂။ ကုမ္ဘဇာတ်

### သေရည်ဖြစ်ပေါ်လာရာမှ ဖျက်စီးကြရပုံ

**ပစ္စုပ္ပန်ဝတ္ထု**

ဝိသာခါ ဒါယိကာမကြီး၏ အဆွေခင်ပွန်းများဖြစ်ကြသည့် သေရည်သောက်သူ အမျိုးသမီးငါးရာတို့ကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် သစ်ပင်ကြီးတစ်ပင်တွင် ခက်မကြီးသုံးခုဆုံရာ၌ အခေါင်းကြီးတစ်ခု ရှိသည်။ မိုးရာသီတွင် ထိုအခေါင်းထဲ၌ ရေပြည့်

http://www.dhammadownload.com



နေတတ်သည်။ အနီးကပ်၍ ပေါက်နေကြသော အပင်တို့မှ အသီးများသည်လည်း ကြွေကျ ကြ၍ ထိုအခေါင်းထဲသို့ ရောက်လာတတ်ကြသည်။ တစ်ဖန်ကျေးငှက်များသည် သလေးနှံများကို ထိုအပင်ပေါ်၌ စားသောက်ကြရာ စပါးစေ့များသည်လည်း ထိုအခေါင်းထဲသို့ပင် ကျရောက်တတ်ပြန်သည်။ ရက်ကြာလာသော် သစ်ခေါင်းထဲမှရေသည် နေရှိန်ကြောင့် ကျက်လာသည်။ အရောင်နီလာပြီး ထက်သော သေရည်ဖြစ်လာသည်။ ငှက်များသည် ထိုသေရည်ကိုသောက်မိကြ၍ အားလုံးမူးလျက် သစ်ပင်ရင်းသို့ တဖြုတ်ဖြုတ်ကျကာ ခဏကြာလျှင် ထပြန်သွားတတ်ကြသည်။

ယင်းတို့ကို မြင်တွေ့သော ကာသိတိုင်းသား သုရာမည်သော မုဆိုးသည် ထိုသေရည်ကို အနည်းငယ်ယူ၍ သောက်ကြည့်ရာ မူးယစ်သွားသည်။ နောက် သစ်ပင်ရင်း၌ ကျနေသောငှက်များကို ဖမ်းယူသတ်ဖြတ်၍ မီးကင်ပြီး သေရည်နှင့် မြည်းစားသည်။ တစ်ဦးတည်း စားသောက်နေရသည်ကို အားမရနိုင်သော သုရာသည် ယခင်သိကျွမ်းခဲ့ဖူးသော ဝရုဏရသေ့ထံသို့ ထိုသေရည်များကို ယူသွားကာ နှစ်ဦးသား ငှက်သားအမြည်းနှင့် စားသောက်ကြသည်။

ထိုသုရာနှင့် ဝရုဏတို့သည် သေရည်များကို ဝါးကျည်တောက်ဖြင့် ထည့်ယူလျက် နယ်စွန်မြို့မှ မင်းထံဆက်သရာ မင်းသည် သေရည်ကို ကြိုက်လွန်းသဖြင့် မြို့၌ပင် သေရည်ပြုလုပ်စေ၍သောက်ရာ ပြည်သူများပါ ကူးစက်သွားခဲ့ရသည်။ ထိုသေအရက်ကြောင့် လူတို့သည် မေ့လျော့ခြင်းကို ဖြစ်စေ၍ ဆင်းရဲကုန်ကြသည်။ သူတို့နှစ်ဦးသည် ထိုမြို့မှ တစ်ဆင့် ဗာရာဏသီ စသောမြို့များမှ မင်းများနှင့် ပြည်သူတို့လည်း ဤသေရည်ကြောင့် အလုပ်အကိုင် ပျက်လာကြသည်။

နောက် သာကေတမြို့သို့သွား၍ သဗ္ဗမိတ္တမည်သော မင်းကြီးအား သေရည်ကို ဆက်သရာ မင်းကြီးသည် တန်ဆာဆင်သော မဏ္ဍပ်အလယ်တွင် ရာဇပလ္လင်ပေါ်၌နေ၍ သေရည်သောက်ပွဲ ကျင်းပရန် ပြင်ဆင်လေတော့သည်။ ယင်းကိုမြင်တွေ့ရသော သိကြားမင်းသည် ပုဏ္ဏားအသွင်ဖြင့်လာခဲ့ကာ သေရည်ပြည့်အိုးတစ်လုံးကို လက်ဝါးပေါ်တွင် တင်၍ မင်းကြီးမျက်နှာမူနေရာ ကောင်းကင်ပေါ်၌ ရပ်သည်။ သေရည်၏ အပြစ်များကို ဟောကြားသည်။ ထိုအခါတွင်မှ သဗ္ဗမိတ္တမင်းကြီးသည် သေရည်၏အပြစ်များကို နားလည်သောကြောင့် ပုဏ္ဏားအား ကျေးဇူးတင်စကားဆိုရုံမျှမက ဆုများပင် ချီးမြှင့်လိုက်သေးသည်။ သိကြားမင်းက ဆုများကိုပယ်၍ မိမိသည် သိကြားမင်းဖြစ်ကြောင်းကို အထင်အရှားပြလျက် ဆုံးမစကားဆိုသည်။

http://www.dhammadownload.com



မင်းကြီးသည် သေရည်အိုးများကို ရိုက်ခွဲစေသည်။ သူကိုယ်တိုင်လည်း သေရည်သောက်ခြင်းမှ ရှောင်ကြဉ်ကာ ဒါနမှု၊ သီလမှုများဖြင့်သာ မွေ့ပျော်သွားရာ သေလွန်ချိန်၌ နတ်ပြည်သို့ ရောက်ရသည်။

**ဇာတ်ပေါင်း။** ။ သဗ္ဗမိတ္တမင်း-အရှင်အာနန္ဒာ။ သိကြားမင်း-ဗုဒ္ဓ။
**အနှစ်ချုပ်။** ။ လူကိုဖျက်သည်မှာ အရက်ဖြစ်သည်။

---

## ၅၁၃။ ဇယဒ္ဒိသဇာတ်

### ဘီလူးဖြစ်နေသူလူသား

၁

**ပစ္စုပ္ပန်ဝတ္ထု**

မိဘကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကပိလတိုင်း ဥတ္တရပဉ္စာလမင်း၏ မိဖုရားကြီးသည် သားကိုဖွားတိုင်း ဘီလူးမ အစားခံရ၏။ တတိယမြောက် သားတော်ကို ဘီလူးမသည် ခိုးယူ၍ မစားရက်တော့ဘဲ ကျွေးမွေးပြုစုထားခဲ့ရာ ကလေးငယ်သည် ပေါရိသာဒအမည် ဖြင့် ဘီလူးမကဲ့သို့ပင် လူသားကို စားသောက်ရင်း ကြီးပြင်းလာခဲ့ရသည်။ မိဖုရားကြီးမှ စတုတ္ထမြောက်ဖွားမြင်လာသော ဇယဒ္ဒိသမင်းသားသည် အရွယ်ရောက်သော် ထီးနန်းကို ဆက်ခံသည်။ ဘုရားလောင်းသည် ထိုမင်းကြီး၏ မိဖုရားဝမ်းထဲ၌ ပဋိသန္ဓေတည်လာသည်။ သူ့ကို အလီနသတ္တုမင်းသားဟု အမည်ပေးပြီး အိမ်ရှေ့စံအရာထားသည်။

တစ်နေ့တွင် ဇယဒ္ဒိသမင်းသည် ဗိုလ်ပါများနှင့်အတူ သမင်လိုက်ရန် မြို့မှထွက်လာခဲ့ရာ တစ်ဂါထာလျှင် တစ်ထောင်စီထိုက်တန်သော သတာရဟ လေးဂါထာတို့ကို ဆောင်ယူလာသူ တက္ကသိုလ်ပြည်သား နန္ဒပုဏ္ဏားနှင့် ဆုံတွေ့မိကြသည်။ မင်းကြီးက ထိုဂါထာများကို ငါပြန်လာမှ နာကြားမည်ဟု ကတိပေးထားခဲ့ပြီး တောထဲ၌ သမင်လိုက်ကြသည်။ သမင်လိုက်ရင်း လူသားမိန်းမကမွေးပြီး ဘီလူးမနှင့်အတူနေရကာ ဘီလူးမ၏ ပြုစုခြင်းခံရရာမှ လူ့ဘီလူးဖြစ်နေသော ဘီလူးနေရာသို့ ရောက်လာသော် လူဘီလူးက ရပ်လော့၊ အဘယ်သို့ သွားမည်နည်းဟု ကြုံးဝါးသံနှင့်အတူ သူတို့ကို ဖမ်းသည်။

http://www.dhammadownload.com



ဖယဒီသမင်းကြီးသည် လှူဘီလူးအား နန္ဒပုဏ္ဏားထံ မိမိကတိပေးထားခဲ့ပုံကို ပြောပြလျက် ထိုကတိအတိုင်း သွားရောက်ဆောင်ရွက်၍ မနက်ဖြန် ပြန်လာခါမှ စားပါရန် တောင်းပန်သဖြင့် ဘီလူးက ခွင့်ပြုလိုက်သည်။ ဖယဒီသမင်းကြီးသည် နေပြည်တော်သို့ ပြန်ဝင်လာခဲ့ပြီး နန္ဒပုဏ္ဏားထံမှ သတာရဟာလေးဂါထာကို နာကြားကာ ဂါထာဖိုးအဖြစ် အသပြာလေးထောင်တို့ကိုလည်း ချီးမြှင့်လိုက်သည်။ ထို့နောက် အိမ်ရှေ့စံသားတော် အလီနသတ္တုမင်းသားကိုခေါ်၍ မိမိသည် လှူဘီလူးထံ ပြန်သွားရမည့်အကြောင်းကို ပြောပြပြီး ထီးနန်းကို အပြီးအပိုင် လွှဲအပ်ပေးလိုက်သည်။

သားတော်က လက်မခံဘဲ ခမည်းတော်ကိုယ်စား သူ ထိုဘီလူးထံ အစားသွားခံမည်ဟု အကြိမ်ကြိမ်တောင်းဆိုသောကြောင့် ခွင့်ပြုလိုက်သည်။ အလီနသတ္တုမင်းသားသည် ထိုဘီလူးရှိရာသို့ လာခဲ့ပြီး ခမည်းတော်ကိုယ်စား မိမိအားစားပါရန် ပန်ကြားသည်။ လှူဘီလူး ပေါရိသာဒသည် မင်းသား၏သတ္တိကို ချီးမွမ်းလျက် သတ္တဝါတိုင်း သေဘေးကို ကြောက်ပါလျက် သင်သည် အဘယ့်ကြောင့် မကြောက်ပါသနည်းဟု မေးသည်။ ထိုအခါ မင်းသားက မိဘကိုယ်စား အစားခံရမည်ဖြစ်၍ မကြောက်ခြင်းဖြစ်ကြောင်း ပြန်ကြားသည်။

ထိုအခါ ဘီလူးပေါရိသာဒ ကြောက်သွားသည်။ ထို့ကြောင့် မင်းသားအား ပြန်ပြေးစေလိုသည့်သဘောဖြင့် မီးဖိုခိုင်းသည်။ မင်းသားက မပြေးဘဲ ထင်းရှာ၍ မီးဖိုပေးသည်။ ပေါရိသာဒသည် ကြောက်စိတ်ပို၍ကြီးလာသဖြင့် သင့်ကို ငါမစားလိုတော့ပါ၊ မိဘထံသို့သာ ပြန်ပါလော့ဟု ပြောလိုက်သည်။ ထိုအခါတွင်မှ မင်းသားသည် ပေါရိသာဒ၏ ရုပ်လက္ခဏာကို သတိပြုမိလျက် လူသားတစ်ဦးနှင့် မည်သို့မျှ မခြားနားဟူ၍ မြင်သိလာသည်။ တစ်ဆက်တည်းတွင်ပင် ခမည်းတော်၏ နောင်တော်သုံးဦးထံမှ တစ်ဦးကို ဘီလူးမ ယူပြေးသွားဖူးသည်ကို သတိရလာသည်။

ထိုအတိတ်အကြောင်းများကို အပြန်အလှန်ပြောရာမှ အမှန်သိလာရ၍ ပေါရိသာဒ အား မင်းပြုရန် လိုက်ခဲ့ပါဟုခေါ်သည်။ ပေါရိသာဒက မိမိသည် လူသားမဟုတ်ကြောင်း ပြောနေသဖြင့် မင်းသားက သက်သေပြရန် ဒိဗ္ဗစက္ခုရသေ့ထံသို့ သွားကြသည်။ ရသေ့ သည် သူတို့နှစ်ဦးကိုမြင်လိုက်ရသည်နှင့် အဘယ်ကိစ္စဖြင့် သားနှင့်ဘကြီးတို့ လာကြ သနည်းဟု မေးသည်။ ထိုအခါတွင်မှ ပေါရိသာဒလည်း သူ့ဘဝအဖြစ်မှန်ကို သိရှိယုံကြည် သွားသဖြင့် ဒိဗ္ဗစက္ခုရသေ့ထံ၌ ရသေ့ပြုလိုက်သည်။

နေပြည်တော်သို့ ပြန်ရောက်လာသော သားတော်အလီနသတ္တုမင်းသားထံမှ ထို အကြောင်းများကိုကြားသိရသော ဖယဒီသမင်းကြီးသည် နောင်တော်ရသေ့ရှိရာသို့ လိုက်

http://www.dhammadownload.com



လာပြီး မင်းပြုရန် ဖိတ်ခေါ်သော်လည်း ရသေ့က ငြင်းပယ်မြဲ။ သို့ဖြင့် မင်းကြီးသည် ရသေ့များအတွက် ဆွမ်းဝတ်ပြုရန် အိမ်ခြေတစ်ထောင်ရှိ စူဠကမ္ဘာသမည်သော ရွာကြီး တစ်ရွာကို တည်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ဇယဒိသမင်းကြီးနှင့်မိဖုရားကြီး-သုဒ္ဓေါဒနနှင့်မယ်တော်မာယာ။ အိမ်ရှေ့စံ၏မိဖုရား-ယသော်ဓရာ။ အလီနသတ္တုမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိဘအတွက်ဆိုလျှင် အသက်ပင်လှူရလှူရ လှူနိုင်ရမည်။

---

# ၅၁၄။ ဆဒ္ဒန္တဇာတ်

## အငြိုးကြီးသူမိဖုရား

### ပစ္စုပ္ပန်ဝတ္ထု

ရဟန်းမိန်းမငယ်တစ်ဦးသည် တရားဟောနေသော ဗုဒ္ဓမြတ်စွာ၏ မြတ်သော အဆင်းတော်ကို ကြည့်၍ ငါသည် ဤယောကျ်ားမြတ်၏ မယားဖြစ်ခဲ့ဖူး၏လောဟု ဇာတိဿရဉာဏ်ဖြင့် ကြည့်ရာ ဖြစ်ဖူးကြောင်းသိရ၍ ပြင်းစွာရယ်၏။ တစ်ဖန် လင်၏အကျိုးမဲ့မှုကို ပြုခဲ့ဖူးကြောင်းမြင်၍ ပြင်းစွာ ငိုကြွေး၏။ ယင်းရဟန်းမိန်းမ၏ ငိုခြင်း၊ ရယ်ခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဟိမဝန္တာရှိ ဆဒ္ဒန်အိုင်ကြီးကိုမှီ၍နေကြသော ဆင်ရှစ်ထောင်တို့၏ အကြီးအမှူး ဆဒ္ဒန်ဆင်မင်းသည် မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါဟူသော ဆင်မိဖုရားနှစ်ပါးတို့နှင့်အတူ နေထိုင်သည်။ ဘုရားလောင်းဆင်မင်းသည် ပစ္စေကဗုဒ္ဓါ ငါးရာတို့အား မပြတ်ပူဇော်လေ့ ရှိသည်။

တစ်နေ့တွင် ဆဒ္ဒန်ဆင်မင်းသည် အင်ကြင်းတောမှ အင်ကြင်းပင်တစ်ပင်ကို ဦးကင်းဖြင့်တိုက်၍ကစားရာ ခါချဉ်ကောင်များသည် လေညာဘက်နံဘေး၌ရပ်နေသူ စူဠသုဘဒ္ဒါကိုယ်ပေါ်သို့ ကျကြသည်။ လေကြောဘက်နံဘေးတွင် ရပ်နေသူ မဟာသုဘဒ္ဒါ ကိုယ်ပေါ်၌ကား အင်ကြင်းပန်း၏ ဝတ်မှုန်၊ ဝတ်ဆံနှင့် ပွင့်ချပ်များသာ လွင့်ကျလာကြသည်။ ဤသို့ဖြစ်ရသည်မှာ ဆင်မင်းက ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်သောကြောင့် ဖြစ်ရသည်ဟု ယူဆကာ စူဠသုဘဒ္ဒါက မကျေနပ်၍ အငြိုးအတေးထားလိုက်သည်။ နောက်ရက်

http://www.dhammadownload.com



များမကြာမီ တစ်နေ့တွင် ပွင့်ချပ်ခုနစ်လွှာပါသည့် သတ္တုဒြပ်ယမည်သော ကြာပွင့်ကို မဟာသုဘဒ္ဒါအား ပေးပြန်သည်။ သည်တွင်လည်း စူဠသုဘဒ္ဒါက ဒုတိယအကြိမ် အမျက်သိုမိပြန်သည်။

ထို့နောက် စူဠသုဘဒ္ဒါသည် ပစ္စေကဗုဒ္ဓါများအား သစ်သီးများလှူဒါန်း၍ ကျွန်ုပ်သည် ဤဘဝမှစုတေသည်ရှိသော် သုဘဒ္ဒါဟူသောအမည်ဖြင့် မဒ္ဒရာဇ်မင်း၏သမီးတော်ဖြစ်၍ ဤဆင်မင်း၏ အစွယ်အစုံကို ဆောင်ယူနိုင်စွမ်းရှိသည် ဖြစ်ရပါလို၏ဟု ဆုတောင်းသည်။ ထိုအချိန်မှစ၍ စူဠသုဘဒ္ဒါသည် အစာမစားတော့ဘဲ အာဟာရဖြတ်၍ အသေခံသည်။ ဆုတောင်းသည့်အတိုင်း မကြာမီကွယ်လွန်သွားပြီး လူဖြစ်လာခဲ့သည်။ အရွယ်ရောက်၍ ဗာရာဏသီမင်း၏ မိဖုရားခေါင်ကြီးဖြစ်လာသော် ဖြစ်ပြီးကြောင်းကိုသိနိုင်သော ဉာဏ်ရသူဖြစ်သဖြင့် ဘဝဟောင်းမှ ရန်ငြိုးမကြေနိုင်ဘဲ မင်းကြီးအား ဆင်မင်း၏အစွယ်ကို အလိုရှိပါသည်။ အကယ်၍ မရခဲ့လျှင် သေရပါလိမ့်မည်ဟု ပြောဆိုသည်။ ဆင်စွယ်ကို ရှာဖွေရန်အတွက် မင်းကြီးသည် နိုင်ငံတွင်းရှိ မုဆိုးများကို ခေါ်ပေးလိုက်သည်။

သည်တွင် သုဘဒ္ဒါသည် ကိုယ်ထည် အလွန်ကြီးမားသော သောဏုတ္တရမည်သော မုဆိုးကို ရွေးချယ်လိုက်သည်။ မုဆိုးကို ဘုံခုနစ်ဆင့်မြင့်သော ပြာသာဒ်ပေါ်သို့ ခေါ်တင်သွားသည်။ မြောက်ဘက်မှ လေသာပြတင်းကိုဖွင့်၍ မြောက်ဟိမဝန္တာသို့ လက်ညှိုးထိုးလျက် ဘဝဟောင်းက မိမိဆုတောင်းခဲ့ပုံများကိုလည်းကောင်း၊ ဤသို့စေခိုင်းရသည်မှာ အိပ်မက် မြင်မက်၍ မဟုတ်ရကြောင်းကို လည်းကောင်း ရှင်းပြသည်။ မုဆိုးက မေးသဖြင့် ဆင်မင်း၏နေရာ၊ ခေတ္တနားခိုရာ၊ ရေချိုးသွားရာလမ်းနှင့် ရေချိုးဆိပ်တို့ကိုလည်းကောင်း ပြောပြကာ ယနေ့မှစ၍ ခုနစ်ရက်မြောက်သောနေ့၌ ခရီးထွက်ရမည့်အကြောင်းများ မှာထားပြီး ပြန်လွှတ်လိုက်သည်။

ခုနစ်ရက်မြောက်သောနေ့၌ သောဏုတ္တရမုဆိုး ရောက်လာသောအခါ ပစ္စည်းမျိုးစုံထည့်ထားသော တစ်ကုဋ္ဌဝင်သားရေအိတ်ကြီးကို မိဖုရားကြီးကပေးလိုက်သည်။ ဆင်ပြောင်ငါးစီးအားနှင့် ပြည့်စုံသော သောဏုတ္တရမုဆိုးသည် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင်ဖြတ်ကျော်လာခဲ့ပြီးမှ ဆဒ္ဒန်ဆင်မင်း၏ နေရာသို့ ရောက်လာခဲ့သည်။

သူရောက်သော် ဆင်မင်း၏နေထိုင် သွားလာမှုများကို စောင့်ကြည့်လေ့လာသည်။ ထို့နောက် ဆင်မင်းနေနေကျအရပ်တွင် တွင်းကြီးတူးကာ တွင်းထဲမှ ဒေါက်တိုင်ခံ၍ အပေါ်မှ ပျဉ်ချပ်များ စီခင်းသည်။ ပျဉ်ချပ်အမိုးပေါ်တွင် မြားထွက်သာရုံ အပေါက်ငယ်တစ်ပေါက် ဖောက်ထားသည်။ ထို့နောက် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်ဆင်လျက်လေးနှင့်မြားကိုယူပြီး တွင်းထဲ၌ ဝင်နေလိုက်သည်။ ဘုရားလောင်းဆင်မင်းရောက်လာ

http://www.dhammadownload.com



ချိန်၌ သောဏုတ္တရမုဆိုးသည် အပေါက်ငယ်မှ မြားဖြင့်ပစ်ခွင်းလိုက်ရာ မြားသည် ဆင်မင်း၏ ချက်မှဝင်၍ ကျောကုန်းဘက်မှ ဖောက်ထွင်းသွားခဲ့သည်။ ပြင်းထန်သော ထိုဒဏ်ချက် ကြောင့် ဆင်မင်းသည် ကြိုးကြာသံကဲ့သို့ သုံးကြိမ်ပြင်းစွာ အော်ဟစ်သည်။ ယင်းအော်သံကိုလည်းကြား၊ ဆင်မင်း၏ ဖြစ်ရပုံကိုလည်း မြင်တွေ့ကြရသော ရှစ်ထောင်သော ဆင်တို့သည် ရန်သူကို ရှာဖွေရန် ပြေးထွက်သွားကြသည်။ သို့ရာတွင် မဟာသုဘဒ္ဒါ မိဖုရားကား လိုက်မသွား၊ ဆင်မင်းကိုဖေးမ၍ အနီးတွင်ပင် ရပ်နေသည်။ ဆင်မင်းသည် မြားစဝင်သည့်နေရာကိုကြည့်၍ ရန်သူသည် ဝေးရာမှာမရှိ၊ မိမိအောက်မှ မြေထဲတွင်ပင် ရှိနေသည်ကို သိသဖြင့် ရန်သူကိုတွေ့လျှင် သုဘဒ္ဒါမိဖုရားကြီးက တုန့်ပြန်သတ်ဖြတ်မည်ကို စိုးသဖြင့် ဆင်မင်းက သုဘဒ္ဒါမိဖုရားအား ရန်သူကို တစ်ခြားနေရာတွင် ရှာရန် စေလွှတ်လိုက်သည်။

မိဖုရား ထွက်သွားပြီးကာမှ ဆင်မင်းသည် ခွာဖြင့်ရှပ်၍ တွင်းကိုဖိလိုက်ရာ သောဏုတ္တရာမုဆိုးကို တွေ့လိုက်ရသည်နှင့် သတ်မည်ဟု နှာမောင်းဖြင့်စမ်း၍ ဖမ်းလိုက်သော် မုဆိုးသည် သင်္ကန်းကို နှာမောင်း၌ တင်ပေးလိုက်သည်။ သင်္ကန်းကို မြင်တွေ့လိုက်ရသော ဆင်မင်းသည် ဒေါသစိတ် ပြေငြိမ်းသွားပြီး အချင်းမုဆိုး၊ အဘယ်ကြောင့် ငါ့ကိုပစ်ရသနည်း၊ မိမိအကျိုးစီးပွားအတွက် ပစ်သလော သို့မဟုတ် တစ်ပါးသူ၏ စေခိုင်းချက်ကြောင့် ပစ်သလောဟူ၍ မေးလိုက်သည်။ မုဆိုးက အကြောင်းစုံကို ပြောပြသည်တွင် စူဠသုဘဒ္ဒါသည် ငါ့အစွယ်ကို လို၍မဟုတ်။ ငါ့အသက်ကို သေစေလို၍ စေခိုင်းခြင်းသာ ဖြစ်ကြောင်း ဆင်မင်းက ပြောပြသည်။ ထို့နောက် မုဆိုးကိုခေါ်၍ အစွယ်ကို ဖြတ်ခိုင်းသည်။

မုဆိုးသည် ဆင်မင်းအပေါ်တက်၍ အစွယ်ကို လွှဖြင့်ဖြတ်ရာ ဖြတ်၍မရသဖြင့် ဆင်မင်းကိုယ်တိုင် လွှကိုနှာမောင်းဖြင့်ကိုင်၍ ဖြတ်ပေးရာ အစွယ်များသည် သစ်မြစ်နုကဲ့သို့ ပြတ်သွားသည်။ ဆင်မင်းသည် ထိုအစွယ်စုံနှာမောင်းဖြင့် မချီ၍ ငါ၏ကောင်းမှုသည် သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍သိခြင်း၏ အကြောင်းဖြစ်စေသတည်းဟု ဆိုလျက် မုဆိုးလက်သို့ ပေးအပ်လိုက်သည်။ လာခဲ့စဉ်က ခရီးကိုလည်း ဤအစွယ်၏အာနုဘော် ကြောင့် အပြန်တွင် ခုနစ်ရက်တာမျှဖြင့် ရောက်လိမ့်မည်ဟု မှာလိုက်သည်။ ဆင်မင်းသည် မကြာမီ ကွယ်လွန်သွားသည်။

ဆင်များနှင့် မဟာသုဘဒ္ဒါမိဖုရားတို့သည် ဆင်မင်း၏ ရုပ်အလောင်းကို ပစ္စေက ဗုဒ္ဓါငါးရာတို့အား ပင့်ဖိတ်၍ မီးသဂြိုဟ်လိုက်ကြသည်။ သောဏုတ္တရ မုဆိုးသည်လည်း ဆင်မင်းအစွယ်၏ အာနုဘော်ကြောင့် ခုနစ်ရက်မပြည့်မီမှာပင် ဗာရာဏသီသို့ ပြန်ရောက်

http://www.dhammadownload.com



သွားခဲ့သည်။ စူဠသုဘဒ္ဒါမိဖုရားသည် သောဏုတ္တရမုဆိုး ဆက်လာသော ဆင်မင်း၏ အစွယ်စုံကို ပတ္တမြားစီယပ်ဖြင့်ခံယူ၍ မိမိပေါင်ပေါ်၌တင်ထားပြီး စူးစိုက်ကြည့်နေမိသည်။ ယင်းခဏတွင်ပင် မိမိ၏ချစ်လင်ဖြစ်ဖူးသော ဆင်မင်း၏ ဂုဏ်ကျေးဇူးများကို ထင်မြင်လာလျက် ဆင်မင်းကိုလည်း အောက်မေ့လွမ်းဆွတ်လာသည်။ အဆုံး၌ အောင့်အည်းချုပ်တည်းခြင်းငှာ မတတ်နိုင်ရတော့ကား စူဠသုဘဒ္ဒါမိဖုရားသည် နှလုံးကွဲ၍ သေပွဲဝင်သွားခဲ့ရရှာတော့သည်။

**ဇာတ်ပေါင်း။** ။ **သောဏုတ္တရမုဆိုး-ဒေဝဒတ်။ သုဘဒ္ဒါမိဖုရား-ရဟန်းမိန်းမငယ်။ ဆဒ္ဒန်ဆင်မင်း-ဗုဒ္ဓ။**

**တနှစ်ချုပ်။** ။ **မည်သည့်အာယာတမှ ကောင်းကျိုးပေးသည်ဟူ၍မရှိ။**

---

## ၅၁၅။ သမ္ဘဝဇာတ်

### တရားရှင်များ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်ကိုယ်တော်မြတ်၏ ပါရမီတော်ကို အကြောင်းပြု၍ ဤအတိတ်ဇာတ် ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကုရုတိုင်း ဣန္ဒပတ္တနဂိုမြို့မှ ဓနဉ္စယကောရဗျမင်းတွင် သုစီရတမည်သော ပညာရှိ ပုရောဟိတ်ပုဏ္ဏားတစ်ဦး ရှိသည်။ တရားသဖြင့် မင်းပြုသော ထိုမင်းကြီးသည် တစ်နေ့တွင် ပုရောဟိတ်ပုဏ္ဏားအား ဓမ္မယောဂမည်သော ပြဿနာကို မေးသည်။ ဆရာ အကျွန်ုပ်သည် ဤမြေပြင်ကို တရားနှင့်အညီ အောင်မြင်လိုသည်၊ မတရားသဖြင့် အောင်မြင်မှုကို အလိုမရှိပါ၊ ပစ္စုပ္ပန်၌ဖြစ်စေ၊ တမလွန်၌ဖြစ်စေ ပညာရှိသူတော်ကောင်းများ မကဲ့ရဲ့မည့်နည်းကို ဟောညွှန်ပါ။ ဆရာ အကျွန်ုပ်သည် အကျိုးတရားနှင့် အကြောင်းတရားကိုလည်း ကျင့်သုံးဆောက်တည်လိုပါသည်။ ထိုတရားကိုလည်း ဆက်၍ ဖြေကြားပေးပါဟု မေးရာ သုစီရတသည် ဤပြဿနာကို မိမိမဖြေနိုင်၊ ဗာရာဏသီပြည်ရှိ ဝိဓုရအမတ်သည်သာ ဖြေဆိုနိုင်ဖွယ်ရှိကြောင်းကို လျှောက်ထားသည်။

http://www.dhammadownload.com



မင်းကြီးသည် ဖြေဆိုသူအတွက် ရွှေစင်နိက္ခတစ်ထောင်နှင့် အဖြေကိုရေးကူးလာရန် တစ်သိန်းတန်သော ရွှေပြားကိုပေး၍ ပုရောဟိတ်အား ဝိဓုရထံသို့ စေလွှတ်လိုက်သည်။ ဝိဓုရသည် ယင်းပြဿနာကို မဖြေဆိုနိုင်ချေ။ ဘဒြကာရထံ ညွှန်လိုက်သည်။ ဘဒြကာရထံမှတစ်ဆင့် ညီဖြစ်သူ သဉ္စယထံသွားရန် အကြံပေးပြန်သည်။ သဉ္စယက ညီဖြစ်သူ ခုနစ်နှစ်သား သမ္ဘဝသာ ဖြေဆိုနိုင်ပါလိမ့်မည်ဟု ဆိုပြီးလျှင် သူငယ်ချင်းများနှင့် ကစားနေသော သမ္ဘဝရှိနေရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

ပုရောဟိတ်သည် သမ္ဘဝအား ထိုပြဿနာကို မေးသော် ဖြေဆိုသော သမ္ဘဝ၏ အသံသည် ဗာရာဏသီမြို့ကို လွှမ်းခြုံသွားခဲ့သည်။ သူ့အသံကို ကြားရသော မင်း၊ အိမ်ရှေ့စံ စသူတို့လည်း စုဝေးရောက်လာကြသဖြင့် လမ်းပေါ်၌ ဓမ္မယောဂပြဿနာ ဖြေဆိုသည့် တရားပွဲဖြစ်သွားသည်။

သူက ဖခင်၊ ဖခင်တို့၏ မင်းကို ယနေ့ကုသိုလ်ပြုမည်လောဟု မေးလျှင် မနက်ဖြန်မှ ပြုမည်ဟု ဆိုပါလိမ့်မည်။ အကျိုးစီးပွား ဖြစ်ထွန်းမည်ကိုသိလျှင် ပြုလုပ်ဖွယ်ရှိသည်တို့ကို ယနေ့ပင် ပြုပါစေ။ မနက်ဖြန်မှဆိုသော် ရက်ရွှေ့သူနောက်သို့ မလိုက်ပါစေလင့်။ ဖခင်တို့၏မင်းအား ခန္ဓာငါးပါးသည် နေ့မြင်ညပျောက်ဖြစ်ကြောင်း သတိပေးပါ၊ ပုထုဇဉ်မိုက်တို့မည်သည် ခြောက်ဆယ့်နှစ်ပါးသော မိစ္ဆာဒိဋ္ဌိဟုဆိုအပ်သော လမ်းမှားသို့ လိုက်ပါလွယ်တတ်ကြသည်။ ဖခင်တို့၏ မင်းအား ထိုလမ်းမှားသို့ မလိုက်ပါစေလင့် စသည်ဖြင့် ဓမ္မယောဂပြဿနာကို အဖြေပေးလိုက်သည်။

မင်းကြီးနှင့်တကွ ပရိသတ်များသည် သူ့အဖြေကို လွန်စွာနှစ်ထောင်းအားရရှိသဖြင့် သူ့ကို စည်းစိမ်အခြံအရံများစွာ ပေးအပ်သည်။ သုစီရတပုဏ္ဏားသည် ရွှေစင်နိက္ခတစ်ထောင်ဖြင့် ပူဇော်ခဲ့ပြီး အဖြေကို ရွှေပြား၌ရေးကူးယူ၍ ကောရဗျမင်းအား ဆက်သသည်။ ကောရဗျမင်းသည် ထိုဓမ္မယောဂတရားအတိုင်း ကျင့်ဆောင်သွားခဲ့ရာ သေလွန်ချိန်၌ နတ်ပြည်သို့ ရောက်ခဲ့သည်။

ဇာတ်ပေါင်း။ ။ ကောရဗျမင်း-အရှင်အာနန္ဒာ။ သုစီရတပုဏ္ဏား-အရှင်အနုရုဒ္ဓါ။ ဝိဓုရ-အရှင်မဟာကဿပ။ ဘဒြကာရလုလင်-အရှင်မောဂ္ဂလာန်။ သဉ္စယလုလင်-အရှင် သာရိပုတ္တရာ။ သမ္ဘဝပညာရှိ-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ တရားသိလျှင် တရားအတိုင်းကျင့်ပါ။

http://www.dhammadownload.com



# ၅၁၆။ မဟာကပိဇာတ်

## ကျေးဇူးတတ်သူမျောက်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာအား လုပ်ကြံရန် ဒေဝဒတ်က ကျောက်တုံးဖြင့် လိမ့်ချခြင်းကို အကြောင်း ပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကာသိရွာသား ပုဏ္ဏားတစ်ယောက်သည် နွားပျောက်၍ နွားကိုလိုက်ရှာရင်း တောထဲသို့ ရောက်လာသည်။ ထိုပုဏ္ဏားသည် ခုနစ်ရက်တိုင်တိုင် အစာမစားရသဖြင့် ချောက်ကမ်းပါးပြတ်ကြီးတစ်ခုပေါ်မှ တည်ပင်ပေါ်သို့တက်၍ တည်သီးများကို ဆွတ်ခူး စားသောက်စဉ် ချောက်ကမ်းပါးပြတ်ကြီးထဲ ကျသွားရာ ဆယ်ရက်တိုင်ကြာသွားသည်။

သူ့ကို ဘုရားလောင်းမျောက်မင်းက တွေ့ရှိရသဖြင့် ကျောကုန်းဖြင့် ပိုးချီ၍ ချောက်ထဲမှ ကယ်တင်ပေးလိုက်သည်။ ကျောက်ဖျာငယ်တစ်ခုပေါ်၌ တစ်ခဏမျှ အိပ်စက် နေခိုက်တွင် ပုဏ္ဏားသည် မျောက်မင်း၏ ဦးခေါင်းကို ကျောက်ခဲဖြင့် ထုခွဲရာ မျောက်မင်း သည် နီးရာသစ်ကိုင်းတစ်ခုပေါ် ခုန်တက်လိုက်ရသည်။ အိုယောကျ်ား၊ သင်သည် မြေပြင် မှသွားလော၊ ငါသည်ကား သစ်ကိုင်းများအပေါ်တက်လျက် သစ်ကိုင်းများအတိုင်း ခုန် လျှောက်၍ လမ်းပြအံ့ဟုဆိုကာ ပုဏ္ဏားအား လမ်းပြ၍ လူသွားလမ်းအပေါ် အရောက်ပို့ ပေးခဲ့သည်။

ထိုပုဏ္ဏားသည် ဘုရားလောင်းအား ပြစ်မှားခဲ့သည့်ကံကြောင့် မျက်မှောက်ဘဝတွင် ပင် နူနာရောဂါစွဲကပ်ပြီးလျှင် လူပြိတ္တာကြီး ဖြစ်သွားခဲ့သည်။ သူသည် ခုနစ်နှစ်တိုင် ထို ဆင်းရဲဝေဒနာကို အလူးအလဲ ခံစားရင်း လှည့်လည်ရာ ဗာရာဏသီမှ မိဂါဓိနိဥယျာဉ်သို့ ရောက်လာသည်။ ထိုအခါ ဥယျာဉ်သို့ရောက်လာသော ဗာရာဏသီမင်းကြီးသည် သူ့ကို တွေ့ရသဖြင့် သင်အဘယ်သူနည်း၊ ဘယ်ကံကြောင့် ဤဆင်းရဲမျိုး ခံစားနေရသနည်းဟု မေးသည်တွင် သူကဖြစ်ကြောင်းကုန်စင်ကို လျှောက်ထားသည်။ ယင်းသို့လျှောက်ထားနေ စဉ်မှာပင် မြေထုသည် ဟင်းလင်းပွင့်၍ ထိုလူပြိတ္တာကြီးကို မျိုယူသွားလေတော့သည်။

**ဇာတ်ပေါင်း။** ။ လူပြိတ္တာ-ဒေဝဒတ်။ မျောက်မင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ကျေးဇူးရှင်ကို ပြစ်မှားသူသည် ပျက်စီးရမြဲ။

http://www.dhammadownload.com



## ၅၁၇။ ဓကရက္ခသဇာတ်

ဤဇာတ်သည် မဟာနိပါတ်မှ ဇာတ်အမှတ်(၅၄၂) မဟာဥမင်ဇာတ်၌ အကျုံးဝင်သည်။

---

## ၅၁၈။ ပဏ္ဍရကနာဂရာဇဇာတ်

### တိုယ်ရှုံးတိုယ်ဝထိသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်အား မြေမျိုခြင်းကိုအကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် သမုဒ္ဒရာထဲ၌ သင်္ဘောပျက်ရာ လူတစ်ယောက်သည် အသက်မသေဘဲ ကရမ္ဗိယမည်သော သင်္ဘောဆိပ်တွင် သွားရောက် ငြိပြီး ဗလာကျင်းသော ကိုယ်ဖြင့် ရေထဲမှတက်လာခဲ့သည်။ ထိုသူအား ဒေသခံလူများက အလိုနည်းပါးသော ရဟန်းတစ်ပါးထင်မှတ်၍ ကျောင်းဆောက်ပြီး ကိုးကွယ်ထားလိုက်ကြသည်။ သူသည် နောင်တွင် ကရမ္ဗိယတက္ကတွန်းဟူ၍ ထင်ပေါ်ကျော်ကြားလာခဲ့သည်။

ပဏ္ဍုရကနဂါးမင်းနှင့် ဂဠုန်မင်းတို့သည် ထိုတက္ကတွန်းအား လာရောက်ခစားကြရာ တစ်နေ့တွင် ဂဠုန်မင်းက တက္ကတွန်းအား နဂါးကိုဖမ်းသည့် ဂဠုန်များသည် ပျက်စီးကြရသည်။ နဂါးမင်းသည် မည်သို့သော လျှို့ဝှက်ချက်ကြောင့် ဖြစ်သည်ကို နဂါးမင်းအား မေးပေးနိုင်မည်လားဟု ဆိုသည်။ တက္ကတွန်းက မေးပေးရန် တာဝန်ယူလိုက်သည်။ ထိုလျှို့ဝှက်ချက်ကို မည်သူ့အားမျှ မပြောပါဟု သုံးကြိမ်တိုင် ကတိပေးသည်။ နဂါးမင်း ရောက်လာသောအခါ တက္ကတွန်းက ထိုအကြောင်းကို မေးသည်။ နဂါးမင်းသည် တက္ကတွန်းအပေါ် ယုံကြည်သဖြင့် အကျွန်ုပ်တို့သည် ကြီးစွာသော ကျောက်ခဲကြီးများကို ပါးစပ်ဖြင့် ငုံထားပါသည်။ ဂဠုန်တို့က ကျွန်ုပ်တို့ခေါင်းကိုဖမ်း၍ သယ်ယူသောအခါ ကျောက်ခဲငုံထား၍ လေးသဖြင့် သူတို့ မမနိုင်ဘဲ ရေထဲနစ်လျက် သေဆုံးရခြင်းဖြစ်ပါသည်။ အကယ်၍ အမြီးပိုင်းကို ကိုင်၍ဖမ်းပြီး ဦးခေါင်းကို တွဲလျားချကာ အောက်သို့စိုက်ချ

http://www.dhammadownload.com



ထားပါက အစာများ ပြန်ထွက်သွားပါမည်။ ထိုအချိန်မှာ မပြီးသယ်ယူလျှင် ရနိုင်ပါသည်ဟု မိမိတို့၏ လျှို့ဝှက်မှုကို ထုတ်ဖော်ပြောဆိုသည်။

တက္ကတွန်းထံမှ ထိုလျှို့ဝှက်မှုကို သိလိုက်ရသော ဂဠုန်မင်းသည် ထိုနေ့မှာပင် ပဏ္ဏရကနဂါးမင်းကို အမြီးဖျားမှ သွားရောက်ဖမ်းလိုက်သည်။ နဂါးမင်းသည် မိမိနှုတ်မစောင့်မိခဲ့သော အပြစ်များကို ပြောဆိုငိုကြွေးသော် ဂဠုန်မင်းက တရားခံအစစ်မှာ တက္ကတွန်းမဟုတ်၊ သင်သာဖြစ်သည်။ ထို့ကြောင့် သင့်ကိုယ်ကိုသာလျှင် ကဲ့ရဲ့လော့ဟုဆိုသည်။

ထို့နောက် ဂဠုန်မင်းက သေခြင်းတရားကို မကြောက်ရန်နှင့် မိမိ၏ လျှို့ဝှက်မှုမှန်သမျှတို့ကို မိဘမှစ၍ တစ်စုံတစ်ယောက်သောသူကိုမျှ မဖွင့်ဟရန်ကို လည်းကောင်း၊ ရဟန်းကောင်းတစ်ပါး၏ လက္ခဏာကို လည်းကောင်း ဆက်၍ဟောကြားသည်။ တရားနှင့်ယှဉ်သော သူ့စကားများကို ကြားလိုက်ရသည်နှင့် နဂါးမင်းက အသက်ဘေးမှ ချမ်းသာခွင့်တောင်းရာ ဂဠုန်မင်းကလည်း ချမ်းသာခွင့်ပေးလိုက်သည်။

ထို့နောက် သူတို့နှစ်ဦးသည် တက္ကတွန်းဆီသို့ လာခဲ့ကြသည်။ သို့ရာတွင် ဂဠုန်မင်းသည် အပြင်ဘက်တွင် နေရစ်ခဲ့၏။ နဂါးမင်းသည်သာ တစ်ဦးတည်းဝင်သွားခဲ့သည်။ နဂါးမင်းသည် တက္ကတွန်းကြီးကို ကဲ့ရဲ့စကားအမျိုးမျိုးဆိုသည်။ အဆုံးတွင် 'အို. . . မိတ်ဆွေပျက်၊ သင်သည် မပြစ်မှားသင့်သော အဆွေခင်ပွန်းကို ပြစ်မှား၏။ ကုန်းချောတတ်သူတစ်ယောက်လည်းဖြစ်သည်။ ဤမှန်သော သစ္စာစကားကြောင့် သင့်ဦးခေါင်းသည် ခုနစ်စိတ်ကွဲပါစေသတည်း' ဟု ကျိန်ဆိုလိုက်ရာ တက္ကတွန်း၏ဦးခေါင်းသည် ခုနစ်စိတ်ကွဲသွားရုံမက ထိုနေရာ၌ပင် မြေမျိုခံသွားရလေသည်။

ဇာတ်ပေါင်း။ ။ တက္ကတွန်း-ဒေဝဒတ်။ နဂါးမင်း-အရှင်သာရိပုတ္တရာ။ ဂဠုန်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ လျှို့ဝှက်ချက်ကို ဘယ်သူ့မှမပြောရာ။

---

## ၅၁၉။ သမ္ဗုလာဇာတ်

### သစ္စာ၏ အစွမ်း

ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်းကြီး၏ မိဖုရားကြီးဖြစ်သူ မလ္လိကာမိဖုရားကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး၏သားတော် အိမ်ရှေ့စံ သောတ္ထိသေနသည် နူနာရောဂါ စွဲကပ်သဖြင့် ရွှေအိမ်နန်းကိုစွန့်၍ သမ္ဗုလာ မိဖုရားနှင့်အတူ တောထဲသို့ ထွက်လာခဲ့သည်။ သူတို့နှစ်ဦးသည် တောထဲ၌ ကျောင်းဆောက်၍နေထိုင်ကြရာ သမ္ဗုလာ မင်းသမီးသည် လင်သားကို နတ်ကဲ့သို့ ကိုးကွယ်ပြီး မယားဝတ်ငါးပါးနှင့်အညီ ပြုစုသည်။ ထို့နောက် မင်းသားအား ခြေဆုပ်လက်နယ် ပြုလုပ်ပေးပြီး အိပ်ချိန်သို့ရောက်လျှင် မင်းသား အိပ်ရာအနီး ကပ်၍အိပ်သည်။

တစ်နေ့တွင် သစ်သီးရှာရာမှ ပြန်လာသော သမ္ဗုလာအား ဒါနဝဘီလူး တစ်ယောက်က တွေ့မြင်ပြီး ချစ်ရေးဆိုသည်။ သစ္စာမဲ့သော မင်းသမီးက လက်မခံ၍ အကြမ်းနည်းဖြင့် ချစ်ရေးဆိုပြန်သည်။ နောက်ဆုံး၌ လက်ကို ကိုင်ဆွဲသည်အထိ ကြမ်းလာ သောအခါ မင်းသမီးသည် သမ္မာဒေဝနတ်များကို တိုင်တည်သဖြင့် သိကြားမင်းရောက်လာ ပြီး ဘီလူး၏ဦးခေါင်းကို ဝရမိန်လက်နက်ဖြင့် ချိန်ရွယ်လျက် မင်းသမီးအား လွှတ်ပေးရန် ပြောဆိုသည်။ ထိုအခါမှ ဘီလူးသည် မင်းသမီးအား လွှတ်ပေးသည်။ သိကြားမင်းသည် ဘီလူးကို သံခြေချင်းခတ်၍ တောင်သုံးလုံးခြားသည့် ချောက်ထဲ၌ ထားပစ်ခဲ့သည်။

ထိုနေ့၌ မိုးချုပ်မှ ပြန်ရောက်လာသော သမ္ဗုလာအား သောတ္ထိသေနမင်းက ငါ့ထက် ချစ်မြတ်နိုးရသူနှင့် တွေ့နေ၍ မိုးချုပ်ရသလောဟု ဆိုသည်။ ဤတွင် သမ္ဗုလာက ဖြစ်ကြောင်း ကုန်စင် ရှင်းပြသော်လည်း မင်းသားက လက်မခံဘဲ မိန်းမတို့၏စကားသည် မှန်ခဲ၏။ သင့်စကားကို မည်သူ ယုံမည်နည်းဟု ဆိုနေသည်။ ထိုအခါ သစ္စာတရားကိုသာ အားကိုး အားထားရှိတော့သော မင်းသမီးသည် ရေပြည့်အိုးတစ်လုံးကိုရှေ့မှာထား၍ မှန်ကန်သော စကားဖြင့် သစ္စာပြုသည်။ ထိုသစ္စာရေကို မင်းသား၏ ဦးခေါင်းမှ သွန်းလောင်းချလိုက် ရာ နူနာများသည် ထိုခဏတွင်ပင် လုံးဝပျောက်ကင်းသွားလေသည်။

သူတို့သည် တောစခန်း၌ နှစ်ရက်သုံးရက်နေခဲ့ပြီးနောက် ဗာရာဏသီသို့ ပြန်လာ ခဲ့ကြလျက် ဥယျာဉ်တော်၌ ခေတ္တရပ်နားကြသည်။ ယင်းသတင်းကို ကြားသိရသော ခမည်း တော် ဗြဟ္မဒတ်မင်းကြီးသည် ဥယျာဉ်တော်သို့ လိုက်လာပြီးလျှင် သားတော်သောတ္ထိသေန မင်းသားအား ထီးဖြူကို လွှဲအပ်ပေးပြီးလျှင် သမ္ဗုလာအားလည်း မိဖုရားကြီးအဖြစ်ဖြင့် အဘိသိက်သွန်းပေးကာ ရွှေနန်းတော်သို့ ခေါ်လာခဲ့သည်။ မင်းကြီးကမူ ရသေ့ပြု၍ ဥယျာဉ် တော်၌ နေလေသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ သမ္ဗုလာဓိဖုရား-မလ္လိကာမိဖုရား။
သောတ္ထိသေနမင်း-ကောသလမင်း။ အဖရသေ့-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ သစ္စာကိုဆောင်လျှင် ကြံတိုင်းအောင်မည်။

---

# ၅၂၀။ ဂဏ္ဍတိန္ဒုကဇာတ်

## ပြည်သူ့အသံ နားထောင်သောမင်း

### ပစ္စုပ္ပန်ဝတ္ထု

ကောသလမင်းကြီးအား ဆုံးမတော်မူခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ် ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ကပိလတိုင်း ဥတ္တရပဉ္စာလပြည်ကို အုပ်ချုပ်သော ပဉ္စာလမင်းသည် တရားနှင့်မညီဘဲ အဂတိလေးပါးသို့ လိုက်စားကာ အဓမ္မစနစ်ဖြင့် အုပ်ချုပ်သောကြောင့် မှူးမတ်စသော မင်းမှုထမ်းများပါ ပျက်စီးကြသည်။ မကြာခဏ အခွန်အတုတ် လာရောက်ကောက်ခံနေကြသဖြင့် ပြည်သူများသည် နေ့ဘက်၌ မိမိတို့မြို့ရွာများတွင် မနေဝံ့ကြ၊ အရဏ်တက်သည်နှင့် အိုးအိမ်များကို ဆူးခက်များဖြင့် ပိုင်းရံထားခဲ့ကြပြီး တောထဲ၌ ပုန်းအောင်းနေကြသည်။ ညဥ့်အချိန်မှ မိမိတို့ အိုးအိမ်ရှိရာသို့ ပြန်လာကြသော်လည်း ခိုးသားဓားပြများ၏ လုယက်တိုက်ခိုက်မှုကို ခံကြရပြန်သည်။

ထိုအချိန်၌ ဘုရားလောင်းသည် မြို့ပြင်တွင် တည်ပင်စောင့်နတ်ဖြစ်နေရာ မင်းထံမှ နှစ်စဉ်အဖိုးတစ်ထောင်တန် ပူဇော်သက္ကာရကို ရရှိနေသည်။ ဤကျေးဇူးတရားကို ထောက်ထားသော တည်ပင်စောင့်နတ်သည် မင်းအား အသိပေးဆုံးမရန် တစ်ညတွင် မင်း၏ကျက်သရေတိုက်ခန်းသို့ ဝင်လာခဲ့ပြီးနောက် မြတ်သောမင်းကြီး၊ သင်၏တိုင်းနိုင်ငံသည် လုယက်ဖျက်ဆီးမှုကြောင့် ပျက်စီးနေပြီ၊ မင်းတို့မည်သည် မေ့လျော့သဖြင့် မင်းပြုသည်ရှိသော် မျက်မှောက်တွင်လည်း ပျက်စီး၍ တမလွန်၌လည်း ငရဲကြီးတွင် ခံကြရကုန်၏စသည်ဖြင့် ဆုံးမစကားဆို၏။ မိမိစကားမှန် မမှန်သိလိုလျှင် ပြည်သူတို့ကြားသို့ဝင်၍ စူးစမ်းရန်လည်း မှာခဲ့သည်။

http://www.dhammadownload.com



နံနက်မိုးလင်းချိန်၌ မင်းကြီးသည် ပုရောဟိတ်နှင့်အတူ ရုပ်ဖျက်၍ နန်းမြို့ထဲမှ ထွက်လာခဲ့ပြီး တည်ပင်စောင့်နတ်၏ ပြောစကားမှန် မမှန် စူးစမ်းသည်။ ရွာတစ်ရွာသို့ အရောက်တွင် ဆူးစူးသော အဘိုးအိုတစ်ယောက်၏ ကျိန်ဆဲသံ၊ ဟင်းရွက်ခူးစဉ် ရှုံ့ပေါ်မှ လိမ့်ကျသော အဘွားအိုတစ်ဦး၏ ကျိန်ဆဲသံ၊ လယ်ထွန်နေစဉ် နွားကိုထွန်သွားဖြင့် တိုက်မိ၍ နွားလဲကျရသော လယ်ထွန်ယောက်ျားတစ်ဦး၏ ကျိန်ဆဲသံ၊ နွားမအကန်ခံရ၍ နို့အိုးနှင့်အတူ လဲကျသွားသော နို့ညှစ်သမားတစ်ဦးက ငါလဲကျခဲ့ရသကဲ့သို့ ပဉ္စာလမင်းသည်လည်း စစ်မြေပြင်၌ သန်လျက်ဖြင့် ခုတ်ဖြတ်ခံရ၍ သေပါစေဟူသော ကျိန်ဆဲသံ၊ ဤနွားမသည် သားနှင့်ကွဲ၍ ဆင်းရဲရသကဲ့သို့ ပဉ္စာလမင်းသည်လည်း သားနှင့်ကွဲပါစေဟု ကလေးတစ်အုပ်၏ ကျိန်ဆဲသံ၊ ကျီးငှက်များ ငါ့ကိုဝိုင်းဝန်းထိုးဆိတ်စားကြသကဲ့သို့ စစ်ရှုံး၍ သေကြေရသော ပဉ္စာလမင်း သားအဖကိုလည်း ကျီး၊ လင်းတတို့သည် ဝိုင်းဝန်း ထိုးဆိတ် စားသောက်ခံရပါစေသတည်းဟု ဖားတစ်ကောင်၏ ကျိန်ဆဲနေသံ စသော ကျိန်ဆဲသံအမျိုးမျိုးကို ကြားလိုက်ကြရပြန်သည်။

ဤသတ္တဝါတို့နှင့် တွေ့ဆုံခဲ့ရခြင်းသည် မင်းကြီးအတွက် အကျိုးများသွားသည်။ နိုင်ငံတော်အတွင်း မပြေလည်မှုမှန်သမျှ မိမိတွင် တာဝန်မကင်းကြောင်း မင်းကြီးသဘောပေါက်သွားသည်။ သို့ဖြင့် ရွှေနန်းတော်သို့ ပြန်၍တရားနှင့်အညီ မင်းပြုရာ နိုင်ငံပျက်ကြီးသည်လည်း ပြန်လည်၍ သာယာရွှေပြည် ဖြစ်လာခဲ့လေသည်။

**ဇာတ်ပေါင်း။** ။ တည်ပင်စောင့်နတ်-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မင်းမကောင်းလျှင်ပြည်ပျက်၍ မင်းကောင်းလျှင် ပြည်စည်ပင် သာယာသည်။

## တေသနိပါတ် ပြီးပြီ။

http://www.dhammadownload.com

# စတ္တာလီသနိပါတ်

ဇာတ်စုစုပေါင်း–၅

## ၅၂၁။ တေသကုဏဇာတ်

### အသိဉာဏ်ကြွယ်ဝသူ ငှက်များ

**ပစ္စုပ္ပန်ဝတ္ထု**

ကောသလမင်းအား ဘုရားရှင် ဆုံးမတော်မူလို၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မင်းကြီးသည် ဥယျာဉ်တော်သို့ ထွက်လာရာ အင်ကြင်းပင်ပေါ်ရှိ ငှက်သိုက်တစ်ခုထဲမှ မျိုးမတူငှက်ဥ သုံးဥကို ရရှိသဖြင့် သားသမီးအဖြစ် မွေးထားလိုက်သည်။ သားထောက်သမီးခံမရှိသော မင်းကြီးသည် ပထမဆုံးဥမှပေါက်သော ခင်ပုပ်အထီးကလေးအား ဝေဿန္တရာဟူသော အမည်၊ ဒုတိယဥမှပေါက်သော ဆက်ရက်မကလေးအား ကုဏ္ဍလိနီဟူသော အမည်၊ နောက်ဆုံးမှပေါက်သူ ကျေးအထီးကလေးအား ဇမ္ဗုကဟူ၍ အမည်နာမ ပေးထားသည်။ ယင်းငှက်များကို မင်းသား၊ မင်းသမီးတို့၏ အယောင်အဆောင်များ ပေးအပ်၍ ထိန်းသိမ်းစောင့်ရှောက်သူ အမတ်များအိမ်၌ပင် ကြီးပြင်းစေ၏။ မင်းကြီးသည် ထိုငှက်များကို သားတော်၊ သမီးတော်များဟူ၍သာ ခေါ်လေ့ရှိသည်။ ဤသည်ကို အမတ်များက ပြက်ရယ်ပြုကြသဖြင့် ထိုငှက်များ၏ ပညာရည်ကို ဖော်ထုတ်ပြလိုသော မင်းကြီးသည် ပရိသတ်၏အလယ်၌ ဦးစွာ ဝေဿန္တရာအား မင်းကျင့်တရားများကို မေးပြတော်မူသည်။

ထိုအခါ ဝေဿန္တရာက ခမည်းတော် မင်းတို့မည်သည် ရှေးဦးစွာ မုသားဆိုခြင်း၊ အမျက်ထွက်ခြင်း၊ ပျော်ရွှင်မြူးတူးခြင်းတို့ကို ရှောင်ကြဉ်ရမည်၊ ထို့နောက် ပြည်သူများ

http://www.dhammadownload.com



အကျိုးစီးပွားအတွက် ဆောင်ရွယ်ဖွယ်ရှိသည်များကို စီရင်ဆုံးဖြတ် ဆောင်ရွက်ရမည်ဟု အစရှိ၍ မင်းကျင့်တရားများကို ဟောကြားသည်။ လူများသည် ချီးမွမ်းအံ့သြမကုန် ဖြစ်ကြသည်။ မင်းကြီးသည် ဝေသန္တရာအား စစ်မိုလ်ချုပ်ရာထူး၌ ထားလိုက်သည်။

ထို့နောက် ကုဏ္ဍလိနီအား မင်းကျင့်တရားများကို မေးမြန်းရာ သူမက ခမည်းတော် မရသေးသော စည်းစိမ်ဥစ္စာကို ရလာအောင်ပြုခြင်း၊ ရပြီးသော စည်းစိမ်ဥစ္စာကို စောင့်ရှောက်ခြင်းတို့သည် မင်းတို့ကျင့်ရမည့် တရားများပင် ဖြစ်ပါသည်ဟု အစချီလျက် မင်းကျင့်တရားများကို ဟောကြားပြန်သည်။ မင်းကြီးသည် ကုဏ္ဍလိနီအား ဘဏ္ဍာစိုးရာထူးဖြင့် ချီးမြှင့်လိုက်သည်။

တစ်ဖန် မင်းကြီးသည် ဇမ္ဗုကအား အားအပေါင်းတို့တွင် မြတ်သောအားကို လည်းကောင်း၊ မင်းကျင့်တရားများကို လည်းကောင်း မေးသည်။ ထိုအခါ ဇမ္ဗုကက မြတ်သောမင်းကြီး၊ ယောကျ်ားတို့၌ ကာယအား၊ စည်းစိမ်ဥစ္စာအား၊ အမတ်အား၊ အမျိုးအား၊ ပညာအားဟု အားငါးမျိုးရှိပါသည်။ ထိုငါးပါးတွင် ကာယအားကား ကြီးသော်လည်း အညံ့ဆုံးအား၊ စည်းစိမ်အားကား သူ့ထက်သာသောအား၊ အမတ်အားကား ထို့ထက် သာလွန်သောအား၊ အမျိုးအားကား ပို၍သာလွန်သောအား၊ ပညာအားကား အားလုံးထက် အမြင့်မြတ်ဆုံးအား ဖြစ်ပါသည်ဟု ဟောကြားပြီး မင်းကြီးအား ဆုံးမစကား ဆိုရာ လာရောက်ကြားနာသူ လူအပေါင်းတို့သည် လွန်စွာပင် နှစ်ထောင်းအားရ ရှိကြလေသည်။ မင်းကြီးသည် ဇမ္ဗုကအား စစ်သူကြီးအရာကို ပေးအပ်လိုက်လေသည်။

ဇာတ်ပေါင်း။ ။ ဗြဟ္မဒတ်မင်း-အရှင်အာနန္ဒာ။ ကုဏ္ဍလိနီဆက်ရက်မ-ဥပ္ပလဝဏ်။ ဝေသန္တရာခင်ပုပ်ငှက်-အရှင်သာရိပုတ္တရာ။ ဇမ္ဗုကကျေးသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပါရမီရှင်များသာ ထူးခြားသည့်အသိဉာဏ်ရှိသည်။

---

# ၅၂၂။ သရဘင်္ဂဇာတ်

## သရဘင်္ဂရသေ့၏တရားနာသူများ

**ပစ္စုပ္ပန်ဝတ္ထု**

အရှင်မဟာမောဂ္ဂလာန်မထေရ် ပရိနိဗ္ဗာန်ပြုတော်မူခြင်းကိုအကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး မင်းပြုစဉ် ဘုရားလောင်းသည် ထိုမင်း၏ ပုရောဟိတ်သား ဖြစ်နေသည်။ အမည်မှာ ဓောတိပါလ ဖြစ်သည်။ သူအရွယ်ရောက်ချိန်၌ တက္ကသိုလ်ပြည်မှ ဒိသာပါမောက္ခဆရာကြီးထံ သွားရောက်၍ ပညာသင်ကြားခဲ့ရာ လေးအတတ်၌ ပါရဂူမြောက် တတ်ကျွမ်းလာခဲ့သည်။ ထို့ကြောင့် မင်းကြီးသည် သူ့အား တစ်နေ့လျှင် အသပြာငွေ တစ်ထောင်စီပေး၍ ခစားစေသည်။ ဤသည်ကို အမှုထမ်းဟောင်းများက မကျေနပ်ကြ၍ ဓောတိပါလ၏ စွမ်းရည်ကို မြင်တွေ့လိုကြပါသည်ဟု တောင်းဆိုကြသည်။ သို့ဖြင့် မင်းကြီးသည် ဓောတိပါလကိုခေါ်၍ လေးအတတ်ကို ပြစေသည်။ ဓောတိပါလသည် ထိုပွဲတွင် ကောင်းကင်ပေါ်၌ပြာသာဒ်သဏ္ဌာန်ရှိနေသော မြားစုကို မြားတစ်ချောင်းဖြင့် ပစ်ချဖျက်ဆီးပြလိုက်သည်။ ယင်းအတတ်ကို ပြသဖြင့် သူ့အား သရဘင်္ဂဟူ၍ အမည်သစ်ပေးလိုက်ကြပြန်သည်။ မင်းကြီးသည် သူ့အား စစ်သူကြီးအရာ ပေးလိုက်သည်။

သရဘင်္ဂသည် မိမိ၏လေးအတတ်ပညာအကြောင်းကို အရှည်တွေးကြည့်သော် အဆုံး၌ အပါယ်လေးပါးတို့သို့ ကျရောက်ရမည့်အဖြစ်ကို မြင်တွေ့မိသောကြောင့် ရသေ့ရဟန်းပြု၍ တောထဲ၌နေရန် ဂေါဓာဝရီမြစ်အနီး သီးတောရှိရာသို့ လာခဲ့လေသည်။ သီးတောသို့ ရောက်သောအခါ သိကြားမင်း ဖန်ဆင်းထားသောကျောင်း၌နေရာ ခုနစ်ရက်မြောက်နေ့၌ သမာပတ်ရှစ်ပါး အဘိညာဉ်ငါးပါးတို့ကို ရရှိခဲ့လေသည်။

နောက်ပိုင်းတွင် တောလည်ထွက်လာသော မုဆိုးတစ်ယောက်က သရဘင်္ဂကိုတွေ့သွားခဲ့လေသည်။ ထိုမုဆိုး၏ သတင်းပေးမှုကြောင့် သူ့နေရာကို သိသွားခဲ့ကြသော မိဘနှစ်ပါးနှင့် မင်းကြီး၊ တိုင်းခြားမင်းများနှင့် ပရိသတ်များသည် သီးတောကျောင်းသို့ ရောက်လာကြပြီး သရဘင်္ဂထံ၌ပင် ရသေ့ပြုကြပြန်သည်။ ထိုအခါ ရသေ့ပရိသတ်များပြား၍ နေရာထိုင်ခင်းအခက်အခဲ ဖြစ်လာသည်။

သရဘင်္ဂရသေ့သည် အဘိညာဉ်သမာပတ်နှင့် ပြည့်စုံသူ ရသေ့ခြောက်ပါးအား ရသေ့အချို့နှင့်အတူ သွားရောက်နေထိုင်ကြရန် ဌာနခွဲများ ဖွင့်လှစ်ပေးလိုက်သည်။ ကိသဝစ္ဆရသေ့ကား မိမိဆန္ဒဖြင့်ပင် ဘုရားလောင်းထံ ခွင့်ပန်၍ ဒဏ္ဍကီမင်း၏နိုင်ငံမှ ကုမ္ဘဝတီမြို့တွင် စစ်သူကြီးကို အမှီပြုလျက် ဥယျာဉ်တော်၌နေသည်။ အနုသိဿရသေ့သည်ကား ဘုရားလောင်း သရဘင်္ဂနှင့်အတူပင် ဆက်လက်နေထိုင်သည်။

http://www.dhammadownload.com



တစ်နေ့တွင် ရာထူးမှနုတ်ပယ်ခံရသော ဒဏ္ဍာကီမင်း၏ ပြည့်တန်ဆာမယ်တစ်ဦးသည် ကိသဝစ္ဆရသေ့ကို သူယုတ်ထင်မှတ်၍ ရသေ့အပေါ် ချွဲသလိပ်များနှင့် ဒန်ပူစားဖတ်ကို ထွေးတင်ပစ်ခဲ့ရာ အိမ်ပြန်ရောက်ချိန်တွင် မိမိရာထူးကို ပြန်ရသွားခဲ့သည်။ ရာထူးမှချထားခြင်းခံရသော ပုရောဟိတ်အား သူမက ထိုအကြောင်းကို ပြောပြ၍ သူမကဲ့သို့ပင် ရသေ့ကြီးအားပြုလုပ်ရန် အကြံပေးသော် ပုရောဟိတ်ကလည်း သူမနည်းတူ ပြုမူပြန်ရာ ပုရောဟိတ်သည်လည်း ရာထူးပြန်ရသွားခဲ့သည်။

တစ်နေ့တွင် သူပုန်နှိမ်နင်းရန် စစ်ချီထွက်လာသော ဒဏ္ဍာကီမင်းအား ပုရောဟိတ်က စစ်အောင်နိုင်လိုလျှင် ဥယျာဉ်တော်ထဲ၌ရှိသော ရသေ့ယုတ်အပေါ်၌ အညစ်အကြေးများ စွန့်ချပြီးမှ စစ်ချီထွက်တော်မူရန် လျှောက်ထားသောကြောင့် စစ်သည်အားလုံးနှင့်တကွ ဘုရင်ပါ ချွဲသလိပ် စသောအညစ်အကြေးများကို ရသေ့အပေါ်၌ စွန့်ချသွားခဲ့ကြပြန်သည်။

နောက်မှ ရောက်လာသော စစ်သူကြီးသည် ကိသဝစ္ဆရသေ့၏ကိုယ်ပေါ်မှ အညစ်အကြေးများကို သန့်ရှင်းပေးပြီး အရှင်ဘုရား၊ မင်းကြီးသည် မည်သို့ဖြစ်ပါမည်နည်းဟု လျှောက်ထားသည်။ ထိုအခါ ရသေ့က ဒါယကာ၊ နတ်များသည် အမျက်ထွက်ကြသဖြင့် ယနေ့မှ ခုနစ်ရက်မြောက်သောနေ့တွင် ဤနိုင်ငံကို ဖျက်ဆီးလိမ့်မည်။ သင်သည် မိသားစုကို ခေါ်၍ တိုင်းခြားသို့ သွားနေလော့ဟု မိန့်ဆိုသည်။

ထိုအကြောင်းကို သိမြင်ရသော သရဘင်္ဂရသေ့သည် ရသေ့ပျို နှစ်ပါးတို့ကို စေလွှတ်၍ ကိသဝစ္ဆရသေ့အား ဆောင်ယူစေသည်။ ရသေ့ပျိုတို့သည် ထိုရသေ့အား ညောင်စောင်းထမ်းစင်ဖြင့်တင်၍ ကောင်းကင်ခရီးဖြင့် ဆောင်ယူသွားခဲ့ကြသည်။ စစ်အောင်နိုင်လာသော ဒဏ္ဍာကီမင်းကြီးသည်လည်း ခုနစ်ရက်မြောက်သောနေ့၌ မြို့တော်သို့ ပြန်ဝင်လာခဲ့သည်။ မင်းကြီးရောက်လာလျှင် ရိုးရိုးမိုးရွာချသည်။ ထို့နောက် သဲဖြူမိုး၊ နတ်ပန်းမိုး၊ ပဲမိုး၊ အသပြာမိုး၊ နတ်ဝတ်တန်ဆာမိုး၊ လက်နက်မိုး၊ မီးကျီးမိုး၊ တောင်ထွတ်မိုး၊ သဲမိုးတို့သည် အစဉ်အတိုင်း ရွာချလေရာ ဒဏ္ဍာကီမင်းကြီးနှင့်အတူတကွ နိုင်ငံပါ ကွယ်ပျောက်သွားလေတော့သည်။

ဤသတင်းကို ကြားသိကြရသဖြင့် ကာလိင်္ဂမင်း၊ အဋ္ဌကမင်း၊ ဘိမ္ဗရထမင်းနှင့် သိကြားမင်းတို့သည် သရဘင်္ဂရသေ့ရှိရာသို့ ရောက်လာကြသည်။ သိကြားမင်းသည် သူမေးလိုသည့် ပြဿနာခုနစ်ရပ်ကိုမေးရာ သရဘင်္ဂရသေ့ ကဖြေရှင်းပေးသည်။

ယင်းဖြေရှင်းပေးချက်များကို ကြားနာရသော လူမင်းသုံးပါးတို့သည် ကာမဂုဏ်တို့၏ အပြစ်များကို မြင်လာကြ၍ သရဘင်္ဂထံ၌ ရသေ့ပြုကြရာ သူတို့အားလုံးသည် ဈာန်အဘိညာဉ်ရ ဖြစ်သွားကြသည်။ သိကြားမင်းလည်း မိမိနေရာသို့ ပြန်သွားသည်။

http://www.dhammadownload.com



ဇာတ်ပေါင်း။ ။ အနုသိဿရ ရသေ့-အရှင်အာနန္ဒာ၊
ကိသဝစ္ဆရသေ့-အရှင်မောဂ္ဂလာန်၊ နာရဒရသေ့-ဥဒါယီ၊
ကျန်ရသေ့ပရိသတ်များ-ဗုဒ္ဓ၏ပရိသတ်၊ သရဘင်္ဂရသေ့-ဗုဒ္ဓ၊
အနှစ်ချုပ်။ ။ မကောင်းသူတို့ မကောင်းကျိုးခံရခြင်းသာဖြစ်သည်။

## ၅၂၃။ အလမ္ဗုသာဇာတ်

### အတွေ့ထူး၍ မျှော်ပါသွားသူ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်း၏ ဖြားယောင်းခြင်းခံရသော ရဟန်းတစ်ပါးကိုအကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ကာသိတိုင်းရှိ ပုဏ္ဏားမျိုးတွင် ဖြစ်နေသည်။ သူသည် အရွယ်ရောက်သော် ရသေ့ပြု၍ တောရပ်နိမိုးနေခဲ့သည်။ သမင်မတစ်ကောင်သည် ရသေ့ကျင်ငယ်စွန့်ရာအရပ်မှ သုက်နှင့်ရောသော မြက်ကိုစားမိရာမှ ကိုယ်ဝန်ရခဲ့သည်။ ထိုသမင်မမှ မွေးဖွားလာသော ကလေးကို ရသေ့သည် သားဟူသောချစ်ခြင်းဖြင့် မွေးစားထားလိုက်သည်။ ဣသိသိင်္ဂဟူ၍လည်း အမည်ပေးထားလိုက်သည်။

ဘုရားလောင်းသည် ဣသိသိင်္ဂ လိမ္မာရေးခြားရှိလာချိန်၌ ရသေ့ဝတ်ပေးကာ ရသေ့ငယ်အား မိန်းမတို့အလိုသို့ မလိုက်ရန် အဆုံးအမပေးခဲ့ပြီးနောက် မကြာမီကွယ်လွန်သွားခဲ့သည်။ ဣသိသိင်္ဂသည် ရရှိပြီးသော ဈာန်တရားကို ပွားများရင်း တစ်ဖက်မှလည်း ပြင်းပြင်းထန်ထန်ပင် ကျင့်ကြံအားထုတ်သည်။ သူ၏အကျင့်တရားသည် သိကြားမင်း၏ ဘုံဗိမာန်ကိုပင် တုန်လှုပ်စေသောကြောင့် သိကြားမင်းက ဤရသေ့သည် ငါ့အားသိကြားအဖြစ်မှ ဖယ်ရှားပစ်လိုသူဖြစ်သည်ဟု အထင်မှားသွားခဲ့သည်။

သို့ဖြင့် အလမ္ဗုသာနတ်သမီးကိုခေါ်၍ ရသေ့၏သီလကို ဖျက်ဆီးပစ်ရန် တာဝန်အပ်နှင်းလိုက်သည်။ နတ်သမီးသည် ယင်းတာဝန်ကို ထမ်းဆောင်လိုစိတ်မရှိသော်လည်း ရှောင်လွှဲမရသဖြင့် လက်ခံကာ ဣသိသိင်္ဂရသေ့ရှိရာ ကြက်မောက်တောင်ထဲသို့ ဝင်လာခဲ့ရသည်။

http://www.dhammadownload.com



အလမ္ဗုသာနတ်သမီးသည် ရသေ့ငယ်အား ကာမဂုဏ်ဖြင့် ဖြားယောင်းသော ကြောင့် ရသေ့သည် ရရှိပြီးသောစျာန်မှ လျှောကျခဲ့၏။ အလမ္ဗုသာသည် ဣသိသိင်္ဂအား ရင်ခွင်တွင် ထွေးပိုက်ထားလိုက်သောကြောင့် အတွေ့ထူး၍ မိန်းမောသွားခဲ့ရာ သုံးနှစ်ကြာမှ ပြန်လည်သတိရလာခဲ့သည်။

ဣသိသိင်္ဂသည် မိမိအဖြစ်ကိုတွေးကာ ငိုကြွေးမဆုံးရှိလျက် အဘယ်သူသည် ငါ့အားကာမဂုဏ်ဖြင့် လုပ်ကျွေးသွားပါလိမ့်ဟု စဉ်းစားသောအခါ အလမ္ဗုသာက အကြောင်းစုံကို လျှောက်ထားလိုက်သည်။ သည်တော့မှ ရသေ့သည် ခမည်းတော်ရသေ့ကြီး၏ ဆုံးမစကား မလိုက်နာမိခဲ့သည်ကို နောင်တရမဆုံးဖြစ်နေသည်။ နတ်သမီးသည် မိမိ၏အပြစ်ကို ကန်တော့တောင်းပန်၍ ရသေ့က ကျေအေးသွားခဲ့သည်။

ဇာတ်ပေါင်း။ ။ အလမ္ဗုသာနတ်သမီး-မယားဟောင်း။ ဣသိသိင်္ဂရသေ့-မယားဟောင်း ဖြားယောင်းခံရသောရဟန်း။ ခမည်းတော်ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကာမဂုဏ်နောက်လိုက်လျှင် ဆုံးရှုံးမှုနှင့်ကြုံရတတ်သည်။

---

# ၅၂၄။ သင်္ခပါလဇာတ်

## ဥပုသ်သည့် နဂါးမင်း

### ပစ္စုပ္ပန်ဝတ္ထု

ဥပုသ်စောင့်သုံးသော ဒါယကာများကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရာဇဂြိုဟ်ပြည်၌ မဂဓမင်းကြီး စိုးစံစဉ် ကဏ္ဏဝဏ္ဏာမြစ်တွင်နေသော သင်္ခပါလနဂါးမင်းသည် နှစ်ကာလရှည်လျားစွာ နေထိုင်ခဲ့ရသော နဂါးမင်းဘဝကို ငြီးငွေ့လာသဖြင့် လူ့ဘဝရလိုမှုကြောင့် လူ့ပြည်ရှိ မြစ်ကွေ့အနီးမှ တောင်ပို့တစ်ခုတွင် အသက်ကို ငဲ့ကွက်ခြင်းမပြုဘဲ အဓိဋ္ဌာန်ဥပုသ်စောင့်နေသည်။

တောလုံးအနှံ့ လှည့်ပတ်လာခဲ့ကြသော်လည်း ဘာသားကောင်းမျှ မရရှိခဲ့ကြသော မုဆိုးတို့သည် ဘုရားလောင်းနဂါးမင်းကို ဖမ်းယူရန် အနီးသို့ ချဉ်းကပ်လာကြသော်လည်း

http://www.dhammadownload.com



နဂါးမင်းသည် တုံ့ပြန်ရန်နှလုံးမသွင်းဘဲ ယနေ့ငါ၏ဆန္ဒ ပြည့်ဝတော့မည်ဟုသာ ဆုံးဖြတ်ထားလိုက်ကာ ဦးခေါင်းကိုလည်း အခွေကြားသို့ သွင်းထားလိုက်သည်။

မုဆိုးများသည် နဂါးမင်းအား အမြီးမှကိုင်ရိုက်ကာ တံကျင်များဖြင့် ထိုးဖောက်လျက် ထမ်းပိုးရှစ်ချောင်းတို့ဖြင့် ထမ်းယူသွားကြသည်။ ခရီးထွက်လာသော ဝိဒေဟတိုင်း မိထိလာမြို့မှ အာဠာရ သူကြွယ်သည် နဂါးမင်း၏အဖြစ်ကို မြင်တွေ့လိုက် ရသဖြင့် သနားကြင်နာစိတ်များဖြစ်ပွားမိ၍ မုဆိုးအား လှည်းတိုက်နွားတစ်ဆယ့်ခြောက် ကောင်၊ ရွှေပဲများနှင့် အဝတ်အစားများပေး၍ နဂါးမင်းအား ပြန်လွှတ်စေလိုက်သည်။

သည်ကျေးဇူးကို ပေးဆပ်လိုသော သင်္ခပါလနဂါးမင်းသည် အာဠာရအား နဂါးပြည်သို့ ခေါ်ယူသွားပြီး သူ့အား နဂါးကညာသုံးရာတို့ကို ပေးအပ်ရုံမျှမက အခြားသော စည်းစိမ်ချမ်းသာများကိုလည်း ခံစားစေသည်။ အာဠာရသည် နဂါးပြည်၌ တစ်နှစ်တာမျှ နေလာခဲ့ပြီးနောက် ဟိမဝန္တာသို့ ပြန်လာ၍ ရသေ့ပြုလိုက်သည်။

**ဇာတ်ပေါင်း။ ။ မင်းကြီး-အရှင်အာနန္ဒာ၊ အာဠာရရသေ့-အရှင်သာရိပုတ္တရာ၊ သိင်္ခပါလနဂါးမင်း-ဗုဒ္ဓ။**

**အနှစ်ချုပ်။ ။ အသက်ဘေးကြုံသော်လည်း ပါရမီရှင်တို့သည် မတုန်လှုပ်။**

---

## ၅၂၅။ စူဠသုတသောမဇာတ်

### ဆံဖြူတစ်ပင်ကို အရှင်းပြသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဘုရားရှင်ကိုယ်တော်မြတ်၏ မြတ်သောတောထွက်တော်မူခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်သည် သုဒဿနဟူသော အမည်ဖြင့် ထင်ရှားခဲ့စဉ်က ဘုရားလောင်းသည် ထိုမြို့၌ သုတသောမ အမည်ရှိသော မင်းဖြစ်နေသည်။ သူ့တွင် သားသမီးများ ပွားစီးလာပြီးသောအချိန်၌ ငါ့ခေါင်းတော်တွင် ဆံဖြူတစ်ချောင်းတွေ့မိပါက ငါ့အား အသိပေးတင်လျှောက်ပါဟု ဆတ္တာသည်အား မှာထားခဲ့သည်။ တစ်နေ့တွင် ဆတ္တာသည်သည် မင်းကြီး၏ ဦးခေါင်းတွင် ဆံဖြူတစ်ချောင်းတွေ့လေရာ ယင်းကိုရွှေမွေးညှပ်ဖြင့်

http://www.dhammadownload.com



နုတ်ယူပြီး မင်းကြီးလက်ဝါးပြင်ပေါ်သို့ တင်ပေးလိုက်သည်။ မင်းကြီးသည် အထိတ်တလန့် ဖြစ်သွားလျက် ထိုဆံပင်ဖြူကိုကိုင်၍ ပြာသာဒ်ပေါ်မှ ဆင်းလာခဲ့ပြီး လူများမြင်ရာ၌ခင်းထားသည့် ရာဇပလ္လင်ပေါ်တွင် ထိုင်သည်။ ထို့နောက် အမတ်၊ စစ်သူကြီး၊ ပုရောဟိတ်တို့မှစ၍ နယ်စွန်ဒေသမှ လူများအထိ ပြည်သူအားလုံးတို့ကို ခေါ်စေလျက် ထိုပရိသတ်တို့၏အလယ်၌ မိမိရဟန်းပြုတော့မည့်အကြောင်းကို ကြေညာလိုက်သည်။

ထိုအစည်းအဝေး၌ကား အမတ်များသည် တစ်စုံတစ်ရာလျှောက်ထားခြင်း မပြုဝံ့ကြ၊ မယ်တော်ထံသာသွား၍ အသိပေးကြသည်။ ဤတွင် မယ်တော်၊ ခမည်းတော်၊ မိဖုရားခုနစ်ရာ၊ မိဖုရားခေါင်ကြီး စန္ဒာဒေဝီ၊ သားတော်ကြီး၊ သားတော်ငယ်၊ စစ်သူကြီးနှင့် ကုလဝမှန်သူဌေးတို့က ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ရဟန်းမပြုရန် တောင်းပန်ကြသည်။ သို့တိုင်-သုတသောမမင်းက ရည်ရွယ်ချက်ကို မရုပ်သိမ်းဘဲ ညီတော် သောမဒတ္တအား ထီးနန်းကို လွှဲအပ်လျက် ဘုံခုနစ်ဆင့်ရှိသော ပုဗ္ဗကပြာသာဒ်ပေါ် တက်သွားသည်။ ခုနစ်ခုမြောက် ဘုံဆင့်ပေါ်အရောက်တွင် သန်လျက်နှင့် ဆံတော်ကို ဖြတ်လိုက်ပြီး အလုပ်အကျွေးတစ်ယောက်အား ရဟန်းသုံးပရိက္ခရာများကို ယူခိုင်းသည်။ မင်းကြီးသည် ဖန်ရည်စွန်းသော အဝတ်ကို ဝတ်လျက် နန်းဆောင်ပေါ်မှ တိတ်တဆိတ် ထွက်ခွာသွားသည်။

ထိုအခါတွင်မှ မင်းကြီး ရဟန်းပြုသွားပြီဖြစ်ကြောင်း သိကြရ၍ မယ်တော်၊ ခမည်းတော်တို့မှအစ ပြည်သူတစ်ရပ်လုံးသည် မိမိတို့၏စည်းစိမ် အိုးအိမ်များကိုစွန့်ပြီး ဘုရားလောင်းနောက်သို့ လိုက်ပါသွားကြသည်။ ဘုရားလောင်းသည် တစ်ဆယ့်နှစ်ယူဇနာရှိသော ပရိသတ်တို့ကို ဦးဆောင်လျက် ဟိမဝန္တာဘက်သို့ ထွက်လာခဲ့သည်။ (ဤမှနောက်ပိုင်းသည် ဟတ္ထိပါလဇာတ်နှင့် အလုံးစုံတူသည်။)

**ဇာတ်ပေါင်း။** ။ **မယ်တော်နှင့်ခမည်းတော်-သုဒ္ဓေါဒနနှင့် မယ်တော်မာယာ၊ စန္ဒာဒေဝီ-ယသော်ဓရာ၊ သုတသောမမင်းကြီး-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **ဆံဖြူတစ်ပင်သည် သူတော်ကောင်းတို့အတွက် တန်ဖိုးကြီးသော ပစ္စည်းတစ်ခုဖြစ်သည်။**

**စဋ္ဌာသီသနိပါတ် ပြီး၏။**

http://www.dhammadownload.com

# ပဏ္ဏာသနိပါတ်

## ဇာတ်စုစုပေါင်း-၃

# ၅၂၆။ နိဠိနိကာဇာတ်

## သွေးဆောင်မှုကို မခံနိုင်သူ

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်းက ဖြားယောင်းသဖြင့် သာသနာတော်၌ မပျော်မွေ့နိုင်သော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ဘုရားလောင်းသည် ပုဏ္ဏား သူကြွယ်မျိုး၌ ဖြစ်နေကာ ရသေ့ဝတ်ဖြင့် ဟိမဝန္တာ၌နေသည်။ သမင်မတစ်ကောင်သည် ထိုရသေ့၏ ကျင်ငယ်ရည်ကို သောက်မိရာမှ သားမွေးလာပြီး ထိုသားကို ဣသိသိင်္ဂဟု အမည်ပေး၍ ရသေ့က မွေးစားထားသည်။ ဣသိသိင်္ဂရသေ့ပျို၏ ပြင်းထန်သော အကျင့် ကြောင့် သိကြားမင်း၏ ဘုံဗိမာန်သည် တုန်လှုပ်ခဲ့ရသဖြင့် ရသေ့ပျို၏သီလကို ချိုးဖျက်ရန် ကြံရွယ်လျက် သိကြားမင်းသည် ကာသိတိုင်း၌ သုံးနှစ်တိုင်ဆက်၍ မိုးခေါင်စေလိုက်သည်။

ဝတ်မွတ်မှုဘေးနှင့် ကြုံနေရသော ပြည်သူများ၏ တောင်းဆိုမှုကြောင့် မင်းကြီး သည် မိုးရွာစေရန် ဥပုသ်သီတင်းသီလများ စောင့်ခဲ့သော်လည်း မိုးသည် မရွာခဲ့၊ သိကြား မင်းသည် ဗြဟ္မဒတ်မင်းကြီးအား မင်းကြီး၏နိုင်ငံ၌ မိုးမရွာသည်မှာ ဟိမဝန္တာ၌ရှိသော ဣသိသိင်္ဂရသေ့ပျို၏ သီလတန်ခိုးကြောင့်ဖြစ်ကြောင်း၊ ထိုရသေ့၏ သီလကို ဖျက်ဆီးပစ်ရန် သင်မင်းကြီး၏ သမီးတော် နိဠိနိကာသည် စွမ်းဆောင်နိုင်ကြောင်းများကို ပြောဆိုပြီးနောက် ပြန်သွားခဲ့သည်။

http://www.dhammadownload.com



နံနက်မိုးလင်းချိန်၌ မင်းကြီးသည် သမီးတော် နိုလိနိကာကိုခေါ်လျက် ထိုအကြံအစည်ကို ပြောဆိုရှင်းလင်းပြပြီး အခြွေအရံများနှင့်အတူ ဣသိသိင်္ဂရသေ့ရှိရာ ဟိမဝန္တာသို့ စေလွှတ်လိုက်သည်။ ဟိမဝန္တာသို့ရောက်သောအခါ အမတ်များသည် မင်းသမီးအား ရသေ့အသွင်ဝတ်ဆင်၍ ခမည်းတော်ဘုရားလောင်း ရသေ့ကြီး သစ်သီးရှာဖွေရန် ထွက်သွားချိန်တွင်မှ ဣသိသိင်္ဂရသေ့ပျိုရှိရာ ကျောင်းဝင်းထဲသို့ စေလွှတ်လိုက်သည်။

ဤတွင် ရသေ့ပျိုသည် မင်းသမီးအား ကျောင်းခန်းထဲသို့ဖိတ်ခေါ်လျက် ဧည့်ဝတ်ပြုသည်။ နှစ်ဦးသား စကားပြောဆိုနေကြစဉ် နိုလိနိကာသည် သူ၏ဝတ်ထားသော အဝတ်များအားလုံးကို ဖွင့်လှစ်ကာ သူမ၏ မွေးကတည်းက ပါလာခဲ့သော မ,ပစ္စည်းကိုပြသည်။ ရသေ့ပျိုကား မြင်သော်လည်း ဘာပစ္စည်းဟူ၍မသိ၊ အနာဟုသာ ထင်သည်။ မင်းသမီးကလည်း ဝံကိုက်ခံရသည့် ဒဏ်ရာဖြစ်ကြောင်း၊ ဒဏ်ရာမှာ ကိုက်လည်းကိုက်၊ ယားလည်းယားသဖြင့် ရှင်ရသေ့၏ မွေးရာပါပစ္စည်းဖြင့် ထိုးသွင်းကုပေးစေလိုကြောင်း ပြောသည်။

ဣသိသိင်္ဂရသေ့ပျိုသည် မင်းသမီး၏ တောင်းဆိုမှုအရ သုံးကြိမ်တိုင် ထိုးသွင်းလျက် ဆေးကုပေးလိုက်သည်။ ရသေ့ကြီး ပြန်ရောက်လာသောအခါ သင်္ကန်းကို ခေါင်းမြီးခြုံအိပ်နေသော ရသေ့ပျိုအား အကျိုးအကြောင်းကိုမေးရာ သားရသေ့ပျိုက ရောက်လာသော အာဂန္တု ရသေ့မအကြောင်းကို အစမှအဆုံးတိုင် ပြောပြသည်။ သားရသေ့၏ သီလပျက်ကြောင်းကို သိသွားသဖြင့် သားဖြစ်သူအား ဆုံးမစကားဆိုရာ သားရသေ့သည် သတိရ၍ ရသေ့တရားများကို ပြန်လည်အားထုတ်သဖြင့် ဈာန်တရားကိုလည်း ပြန်ရခဲ့သည်။

ဇာတ်ပေါင်း။ ။ နိုလိနိကာမင်းသမီး-လူထွက်လိုသောရဟန်း၏မယားဟောင်း။ ဣသိသိင်္ဂရသေ့-လူထွက်လိုသောရဟန်း။ ခမည်းတော်ရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မသိတတ်လွန်းသူကို လှည့်ဖြားရသည်မှာ လွယ်ကူသည်။

---

# ၅၂၇။ ဥမ္မာဒန္တီဇာတ်

## အလှဖြင့် ယစ်မူးစေနိုင်သူ

### ပစ္စုပ္ပန်ဝတ္ထု

ရုပ်ရည်လှပရှုမောဖွယ်ရှိသော အမျိုးသမီးတစ်ဦးကို မြင်တွေ့မိရာမှ သာသနာတော်၌ မပျော်မွေ့နိုင်သူ ရဟန်းတစ်ပါးကိုအကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဘုရားလောင်းသည် သိဝိတိုင်း အရိဋ္ဌပုရမြို့၌ သိဝိအမည်ရှိသော မင်းဖြစ်နေစဉ် သူ၏စစ်သူကြီးမှာ အဘိပါရက ဖြစ်သည်။ ထိုမြို့မှ တိရိဋိဝစ္ဆမည်သော သူဌေးကြီးတွင် ဥမ္မာဒန္တီဟု ခေါ်သော သမီးချောတစ်ယောက်ရှိသည်။ မိုးနတ်မယ်တမျှ လှပသူကလေးဖြစ်၍ သူမကို မြင်တွေ့ကြရသော ပုထုဇဉ်လူသားတိုင်း ကိလေသာဇောကြွလျက် သတိလက်လွတ်ဖြစ်ကာ သူရူးပမာ ဖြစ်ကြရသည်။

တစ်နေ့တွင် သူဌေးကြီး တိရိဋိဝစ္ဆသည် မင်းကြီးထံဝင်၍ 'အရှင်မင်းမြတ် အကျွန်ုပ်၏ သမီးရတနာအား လက္ခဏာဖတ်ပုရောဟိတ်များကို စေလွှတ်၍ အကဲခတ်စေပြီးလျှင် အလိုမြတ်အတိုင်း မိန့်တော်မူပါ'ဟု လျှောက်ထားသည်။ သို့ဖြင့် ဘုရင်သည် ပုရောဟိတ်ပုဏ္ဏားများအား သူဌေးကြီးအိမ်သို့ စေလွှတ်လိုက်သည်။ သူဌေးသည် ပုဏ္ဏားများအား နို့ဃနာ ထမင်းဖြင့် ဧည့်ဝတ်ပြုစုရာ ဥမ္မာဒန္တီသည် လှပစွာ ဝတ်စားဆင်ယင်၍ ဧည့်ခံပွဲသို့ ထွက်လာသည်။ သူမကို မြင်တွေ့ရသူ ပုဏ္ဏားများသည် သတိလက်လွတ်ဖြစ်ကာ အရူးများသဖွယ် ဖြစ်ကုန်ကြသည်။

ဤတွင် ဥမ္မာဒန္တီက ဤအရူးကြီးများသည် ငါ့လက္ခဏာကိုဖတ်ရန် လာကြသူများ ဟုတ်မှဟုတ်ပါလေ့စဟု တွေးလျက် ပုဏ္ဏားများအား လည်ကုပ်မှကိုင်၍ အိမ်ထဲမှ ဆွဲထုတ်လိုက်ကြရန် အမိန့်ပေးလိုက်သည်။ အိမ်ထဲမှဆွဲထုတ်ခံရသည်ကို မကျေနပ်ကြသော ပုဏ္ဏားများသည် နန်းတော်သို့ပြန်ရောက်ကြသောအခါ ဥမ္မာဒန္တီသည် အမျက်စောင်မာန်ကြီးသည်။ သူယုတ်မ ဖြစ်သည်ဟု လျှောက်ကြသဖြင့် မင်းကြီးက ကောက်ယူသိမ်းပိုက်ခြင်း မပြုချေ။ ထိုသတင်းကို ကြားသိရသော ဥမ္မာဒန္တီက မင်းကြီးနှင့်သာ တွေ့ပါရစေဟု အတေားအမှတ်ပြုထားလိုက်သည်။ သည့်နောက်တွင် ဖခင်သူဌေးကြီးသည် ဥမ္မာဒန္တီကို စစ်သူကြီး အဘိပါရကအား ပေးအပ်လိုက်သည်။

နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပမည့် တန်ဆောင်မုန်းလပြည့်နေ့ညတွင် သိဝိမင်းကြီးသည် မှူးတော်မတ်တော်များ ခြံရံလိုက်ပါလျက် မြို့တော်ကို လက်ယာရစ်လှည့်လည်ရင်း အဘိပါရက အိမ်ရှေ့သို့ရောက်လာသည်။ ထိုအကြောင်းကိုသိရသော ဥမ္မာဒန္တီသည် လေသာပြတင်းဝ၌ ရပ်ရင်းက သိဝိမင်းကြီးကို ပန်းဖြင့် ပေါက်လိုက်သည်။ သိဝိမင်းကြီးသည် ပန်းလာရာသို့မော့ကြည့်လိုက်သော် ဥမ္မာဒန္တီကို မြင်တွေ့သွားသည်။ ထိုအခါ မင်းကြီးသည် ရာဇတ္တန္ဓေကိုပင် မထိန်းနိုင်တော့ဘဲ ရထားမှူးသုနန္ဒအား ထိုအမျိုးသမီးသည် မည်သူနည်း၊ မည်သူ့မယားနည်း စသော မေးခွန်းပေါင်းစုံကို ဆက်တိုက်

http://www.dhammadownload.com



မေးလိုက်သည်။ သုနန္ဒက ထိုအမျိုးသမီးသည် အဘိပါရက စစ်သူကြီး၏ မယားဖြစ်ပါသည်ဟု တိုတိုပင် အဖြေပေး လျှောက်ထားလိုက်သည်။

သိဝိမင်းကြီးသည် ခရီးစဉ်ကို ဖျက်သိမ်း၍ ထိုနေရာမှပင် ပြန်လှည့်လာလျက် နန်းတော်သို့ ရောက်သောအခါ ကျက်သရေတိုက်ခန်းထဲသို့ဝင်ပြီး ကယောင်ကတမ်း ပြောသည်။ မှူးမတ်များ၏ သတင်းပေးမှုကြောင့် ဤဖြစ်ရပ်ကို ကြားသိရသော အဘိပါရကသည် ဥမ္မာဒန္တီကို မင်းကြီးအားပေးဆက်ရန် ဆုံးဖြတ်လျက် သူ၏အလုပ်အကျွေး တစ်ယောက်ကိုခေါ်၍ ယခုညနေ နေဝင်ချိန်၌ မြို့ပြင်မှ ညောင်ပင်ခေါင်းထဲသွားဝင်နေရန် ညွှန်ကြားလိုက်သည်။ သူတို့ လာရောက်မေးမြန်းချိန်၌ ပြောဆိုရမည့်စကားများကို လည်း သင်ကြားပေးလိုက်သည်။ နောက်နေ့နံနက်၌ အဘိပါရကသည် မှူးမတ်များနှင့် အတူ ထိုညောင်ပင်ရှိရာသို့ လာခဲ့လျက် ညောင်စောင့်နတ်ကို ရှိခိုးပြီး 'အရှင်နတ်မင်း၊ ငါတို့မင်းကြီး၌ အဘယ်ဝေဒနာ ကပ်ရောက်နေပါသနည်း'ဟု မေးသည်။

သစ်ခေါင်းထဲ၌ ကြိုတင်ရောက်ရှိနေသော လူယုံတော်က အသံကိုဖျက်ကာ သင်တို့ မင်းကြီးသည် မည်သည့်ဝေဒနာမျှမရှိ၊ ဥမ္မာဒန္တီအပေါ် စွဲလမ်းသောစိတ်ကြောင့် ယခုကဲ့သို့ ယောင်ယမ်းပြောဆိုနေခြင်းသာ ဖြစ်သည်။ ဥမ္မာဒန္တီကို မရလျှင် သင်တို့မင်းကြီးသေလိမ့်မည်၊ မင်းကြီးအသက်ကို ရှင်စေလိုက ဥမ္မာဒန္တီကို ပေးလော့ဟု ဆိုသည်။

အဘိပါရကသည် မှူးမတ်များနှင့်အတူ ညောင်ပင်မှပြန်လာခဲ့ပြီး နန်းတော်သို့ရောက် သောအခါ မင်းကြီးအိပ်ခန်းထဲဝင်၍ 'အရှင်မင်းမြတ်၊ ညောင်စောင့်နတ်က သင်တို့မင်းကြီး သည် ဥမ္မာဒန္တီ၌ စွဲလမ်းနေသည်'ဟု အကျွန်ုပ်တို့အား ပြောလိုက်ပါသည်။ အကျွန်ုပ်သည် ယခု အရှင်မင်းကြီးအား ဥမ္မာဒန္တီကို ပေးဆက်ပါအံ့'ဟု လျှောက်ထားရာ မင်းကြီးသည် အထိတ်တလန့်ဖြစ်သွားသည်။ 'အဘိပါရက ဥမ္မာဒန္တီ၌ ငါ၏စွဲလမ်းနေမှုကို နတ်များပင် သိသွားချေပြီလော'ဟု ပြန်မေးသည်။ စစ်သူကြီးက ဟုတ်မှန်ကြောင်း ဝန်ခံသည်တွင် လောကတစ်ခုလုံး ငါ၏ယုတ်မာမှုကို သိကုန်ပါပေါ့ကလားဟု သတိသံဝေဂ ရသွားသော ကြောင့် ဥမ္မာဒန္တီကို ရယူလိုစိတ် မရှိတော့ဘဲ ပုံမှန်အနေအထားသို့ ပြန်ရောက်လာသော အခါ ပစ္စုပ္ပန်အပြစ်နှင့် တမလွန်အပြစ်များကို တွေးမြင်လာသည်။

မင်းကြီးသည် အဘိပါရကက ဥမ္မာဒန္တီကို ကြိမ်ဖန်များစွာ ပေးဆက်တိုင်း ပယ်ချ သည်။ နောက်ဆုံး၌ မင်းကြီးက 'အဘိပါရက သင်သည် ရှေးအခါက ငါ၏အကျိုးစီးပွား ကို ဆောင်ရွက်လာခဲ့သူ ဖြစ်ပါလျက် ယနေ့အဘယ့်ကြောင့် ဆန့်ကျင်ဘက်ပြုနေရသနည်း၊ နောက်ထပ် မတင်လျှောက်လင့်'ဟု ပိတ်ပင်တားမြစ်လိုက်မှ အဘိပါရကက ဆက်မပြော ဝံ့တော့ပေ။

http://www.dhammadownload.com



သို့ဖြင့် မင်းကြီးက 'အဘိပါရက၊ ပြည့်ရှင်မင်းသည် တရားစောင့်ငြားအံ့၊ ပြည်သူတို့လည်း တရားစောင့်ကြမည်'ဟု ဆုံးမတော်မူသည်။

ဇာတ်ပေါင်း။ ။ ရထားမှူးသုနန္ဒ-အရှင်အာနန္ဒာ။
အဘိပါရက-အရှင်သာရိပုတ္တရာ။ ဥမ္မာဒန္တီ-ဥပ္ပလဝဏ်။
သိဝိမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မကောင်းမှုမှန်းသိလျှင် ပြင်ပါ။

---

# ၅၂၈။ မဟာဗောဓိပရိဗ္ဗာဇကဇာတ်

## ကုန်းတိုက်သူ၏ သွားရာလမ်း

### ပစ္စုပ္ပန်ဝတ္ထု

ဘုရားရှင်ကိုယ်တော်မြတ်၏ ပညာပါရမီတော်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် ကာသိတိုင်းမှ ကုဋေရှစ်ဆယ်ကြွယ်ဝသော ပုဏ္ဏားကြီး၏သား ဗောဓိသတို့သားသည် ဟိမဝန္တာသို့ဝင်၍ ပရိဗိုဇ်ရဟန်းပြုနေသည်။ တစ်ချိန်တွင် ဟိမဝန္တာမှ ဗာရာဏသီသို့ ပြန်လာရာ မင်းကြီးက ပင့်ဆောင်ထားသဖြင့် မင်းကြီးဥယျာဉ်သာတွင် သစ်ရွက်မိုးကျောင်းဖြင့် နေရသည်။ ဆွမ်းစားချိန်ရောက်လျှင်လည်း မင်းကြီးနန်းဆောင်ပေါ်ကြွ၍ ရာဇပလ္လင်ပေါ်ထိုင်ပြီး မင်းကြီးကပ်သည့်ဆွမ်းကို စားရသည်။ သို့ဖြင့် အချိန်မှာ တစ်ဆယ့်နှစ်နှစ်ပင် ကျော်လွန်လာခဲ့သည်။

ထိုအချိန်က ဗြဟ္မဒတ်မင်းကြီးတွင် အမတ်ကြီး ငါးဦးရှိရာ သူတို့သည် ဘာသာဝါဒချင်း မတူညီကြချေ။ သူတို့ငါးဦးသည် တရားစီရင်ရေးဌာနတွင် လာဘ်စား၍ မတရားဆုံးဖြတ်ပေးခြင်းဖြင့် အကျိုးဖြစ်ထွန်းနေကြသူများဖြစ်သည်။ တစ်နေ့တွင် နိုင်သင့်ပါလျက် အရှုံးပေးခံရသော အမှုတစ်ခုကို ဗောဓိပရိဗိုဇ်က အမှန်အကန် ဖြေရှင်းပေးသည်။ မင်းကြီးက ပရိဗိုဇ်၏ ကိုင်တွယ်ဖြေရှင်းပုံကို သဘောကျလွန်းသဖြင့် အမြဲစီရင်ဆုံးဖြတ်ပေးရန်

http://www.dhammadownload.com



လျှောက်ထားတောင်းပန်၍ ဆွမ်းမစားမီ အမှုလေးမှု၊ ဆွမ်းစားပြီးချိန်တွင် အမှုလေးမှု တစ်နေ့လျှင် ရှစ်မှုကျစီ ပုံမှန်စီရင် ဆုံးဖြတ်ပေးသည်။

လာဘ်စားသော အမတ်ငါးဦးတို့သည် ပရိဗိုဇ်အပေါ် မနာလို ဝန်တိုစိတ်ပွားလာကြသောကြောင့် ဤပရိဗိုဇ်သည် အရှင်မင်းကြီး၏ ရန်သူဖြစ်သည်၊ အကျိုးမဲ့ကို လိုလားသူဖြစ်သည်ဟု မင်းကြီးထံဝင်၍ ကုန်းချောကြသည်။ မင်းကြီးသည် ရှေးဦးပိုင်း၌ ယုံကြည်မှု မရှိသော်လည်း နောက်ပိုင်းတွင် ယုံကြည်လာသည်ဖြစ်၍ ပရိဗိုဇ်အား ပူဇော်သက္ကာရ လျှော့ချလိုက်သည်။ သို့တိုင် ဗောဓိပရိဗိုဇ်ကား ဉယျာဉ်သာထဲမှ ထွက်ခွာသွားခြင်းမရှိပေ။

ဤတွင် မင်းကြီးသည် ပရိဗိုဇ်ဆွမ်းစားကြွလာချိန်တွင် တံခါးအကွယ်မှနေ၍ လုပ်ကြံသတ်ဖြတ်ကာ ရေအိမ်အတွင်းသို့ ပစ်ချလိုက်ရန် အမတ်ငါးဦးတို့အား တာဝန်ပေးလိုက်သည်။ ထိုစကားကို ပိင်္ဂလခွေးက ကြားသိသွားသဖြင့် ဆွမ်းစားကြွလာသော ပရိဗိုဇ်အား 'အမတ်ငါးဦးတို့သည် သန်လျက်ကိုယ်စီနှင့် တံခါးအကွယ်မှ စောင့်နေကြပါသည်။ အရှင်ဘုရား မလာပါလင့်၊ လျင်မြန်စွာ ပြန်သွားပါဟု' အဓိပ္ပာယ်ပါသော ဟောင်ခြင်းဖြင့် ပြင်းထန်စွာ ဟောင်သည်။ တိရစ္ဆာန်တို့၏ အသံကို သိနားလည်သော ပရိဗိုဇ်သည် ထိုနေရာမှ ပြန်လှည့်လာခဲ့ပြီး ဉယျာဉ်တော်သို့ ရောက်သောအခါ ပရိက္ခရာများကိုယူလျက် အခြားသို့ ထွက်သွားတော့သည်။

ပရိဗိုဇ် ထွက်ခွာသွားသည်နှင့် အမတ်ငါးဦးတို့သည် တရားစီရင်ရေးဌာနကို ပြန်လည်ကိုင်တွယ်ကြရာ ရှေးကကဲ့သို့ပင် လာဘ်စား၍ မတရားဆုံးဖြတ်ကြပြန်သည်။ ဗောဓိပရိဗိုဇ် ပြန်လာမည်ကို စိုးကြောက်၍ အမတ်များသည် ပရိဗိုဇ်အား ကြည်ညိုသည့် မိဖုရားကြီးကို သေကြောင်းကြံရန် မင်းကြီးထံဝင်ပြန်၍ 'မြတ်သောမင်းကြီး ဗောဓိပရိဗိုဇ်နှင့် မိဖုရားကြီးတို့သည် သင်မင်းကြီးကို လုပ်ကြံ၍ ထီးနန်းကိုသိမ်းပိုက်ရန် အချင်းချင်းသတင်းပို့စေ၍ ဆက်သွယ်နေကြပါသည်'ဟု ကုန်းချောကြပြန်သည်။ မင်းကြီးသည် ကျိုးကြောင်းသင့်စွာ စူးစမ်းဆင်ခြင်မှုမပြုဘဲ မိဖုရားကြီးအား သတ်ပစ်လိုက်သည်။

မိဖုရားကြီး အသတ်ခံရလျှင် မိဖုရားကြီး၏ သားတော်လေးပါးတို့သည် မင်းကြီး၏ ရန်သူများ ဖြစ်လာကြပြီး မင်းကြီးအားလုပ်ကြံရန် ကြိုးပမ်းလာကြသည်။ နယ်စွန်ကျေးရွာအနီး၌ သီတင်းသုံးနေသော ဗောဓိပရိဗိုဇ်သည် ထိုသတင်းကို ကြားသည်တွင် မျောက်ရေပြားတစ်ခုကိုယူလျက် ဗာရာဏသီသို့ လာခဲ့သည်။ ဦးစွာ မင်းသားလေးပါးနှင့် တွေ့ဆုံပြီး အဖကိုသတ်ခြင်း၏ အပြစ်များကို ဟောကြားဆုံးမသည်။

ထို့နောက် ပရိဗိုဇ်သည် ဉယျာဉ်တော်သို့လာခဲ့ကာ ကျောက်ဖျာပေါ်တွင် မျောက်ရေမြားကို ချခင်းလျက် ထိုင်နေသည်။ ဤသတင်းကို ကြားသိရသော် မင်းကြီးသည်

http://www.dhammadownload.com



အမတ်များနှင့်အတူ ပရိဗိုဇ်ထံ လာခဲ့သည်။ သို့ရာတွင် ပရိဗိုဇ်က မင်းကြီးကို စကားမဆိုဘဲ မျောက်ရေပြားကိုသာ လက်ဖြင့်ကိုင်တွယ်သုံးသပ်ပြီး 'ငါသည် ဤမျောက်၏ ကျောကုန်းထက်၌ စီး၍သွားရသည်။ ဤမျောက်သည် ငါ့အား ဝတ်ကြီးဝတ်ငယ်လည်း ပြုပေးသည်၊ ငါသည် ဤမျောက်သားကိုစား၍ အရေပြားကိုလည်း လိုအပ်သလို အသုံးပြုသည်'ဟု အဓိပ္ပာယ်ရှိသောစကားများကို ဆိုလိုက်သည်။ စင်စစ်တွင် အမတ်ငါးဦးတို့၏ ဘာသာဝါဒကို ဖြိုခွဲဖျက်ဆီးလို၍ စကားလမ်းခင်းပေးလိုက်ခြင်းသာ ဖြစ်သည်။

အမတ်ငါးဦးတို့က ပရိဗိုဇ်သည် ပါဏာတိပါတကံကို ကျူးလွန်သည်ဟု ယူဆပြီး လျှင်·လက်ခုပ်လက်ဝါးတီး၍ ပြက်ရယ်ပြုကြသည်။ ထိုအခါမှ ဗောဓိပရိဗိုဇ်သည် အမတ်ငါးဦး၏ ဘာသာဝါဒကို အကျိုးအကြောင်းပြည့်ပြည့်စုံစုံဖြင့် ဖြိုခွဲဖျက်ဆီးပြီး မင်းကြီးကိုလည်း ဆက်၍တရားဟောသည်။ မင်းသားလေးပါးတို့ကိုလည်း ခေါ်ပြီးလျှင် ခမည်းတော်နှင့် သင့်တင့်ညီညွတ်စေသည်။ ဉာဏ်နီဉာဏ်နက်များခဲ့ကြသော အမတ်များအား မင်းကြီးက သတ်မိန့်ပေးမည်ပြုရာ ပရိဗိုဇ်က ဖျောင်းဖျသဖြင့် ပြည်နှင်ဒဏ်မျှကိုသာ ခံသွားကြရသည်။

ပရိဗိုဇ်သည် ဗာရာဏသီ၌ သုံးရက်မျှသာ နေခဲ့ပြီးနောက် ဟိမဝန္တာသို့ ပြန်လာခဲ့သည်။ သူသည် နောက်ပိုင်း၌ ဈာန်အဘိညာဉ်များကို ရရှိခဲ့သဖြင့် သေလွန်ပြီးချိန်၌ ဗြဟ္မာ့ပြည်သို့ ရောက်လေသည်။

ဇာတ်ပေါင်း။ ။ မိစ္ဆာအမတ်ငါးဦး-ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ ပကုဓကစ္စာယန၊ အဇိတကေသကမ္ဗလ၊ နိဂဏ္ဌနာဋပုတ္တ။
မဟာဗောဓိပရိဗိုဇ်-ဗုဒ္ဓ။

ပဏ္ဏာသနိပါတ်ပြီးပြီ။

http://www.dhammadownload.com

# သဋ္ဌိနိပါတ်

ဇာတ်စုစုပေါင်း—၂

## ၅၂၉။ သောဏကဇာတ်

### စံနှမူနာအပြတောင်းသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဗုဒ္ဓမြတ်စွာ၏ နေက္ခမ္မပါရမီတော် ဖြည့်ကျင့်တော်မူခြင်းကို အကြောင်းပြုကာ ဤအတိက်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရာဇဂြိုဟ်ပြည့်ရှင် မဂဓမင်း၏ သားတော် အရိန္ဒမနှင့် ပုရောဟိတ်၏ သားဖြစ်သူ သောဏကဆိုသူ သူငယ်ချင်းနှစ်ဦးသည် ပညာသင်ကြားပြီးကြ၍ တက္ကသိုလ်မှ အပြန်တွင် ဒေသန္တရဗဟုသုတအလို့ငှာ ခရီးလှည့်လည်လာကြရင်းက ဗာရာဏသီသို့ ရောက်လာကြသည်။ မင်းကြီး၏ ဥယျာဉ်တော်တွင် စခန်းချ ညဉ့်အိပ်နေကြသည်။ အရိန္ဒမက မင်္ဂလာကျောက်ဖျာပေါ်၌အိပ်သည်။ ခေါင်းမြီးခြုံ၍ သောဏကက အနီးတွင် ထိုင်နေလိုက်သည်။ ထိုနေ့ကား ဗာရာဏသီမင်းကြီး နတ်ရွာစံ၍ ခုနစ်ရက်မြောက်သောနေ့ ဖြစ်သည်။

အမတ်များသည် နိုင်ငံကို ဆက်လက်အုပ်ချုပ်မည့် မင်းလောင်းကို ဖုဿရထားလွှတ်၍ ရှာဖွေကြရာ ထိုရထားသည် ဥယျာဉ်တော်တံခါးဝနားအရောက်တွင် ရပ်တန့်သွားသည်။ ဤတွင် သောဏက တွေးလိုက်မိသည်မှာ အရိန္ဒမအတွက် ဖုဿရထားရောက်လာပြီး သူမင်းဖြစ်လျှင် ငါ့ကိုလည်း စစ်သူကြီးခန့်ပေမည်။ ငါသည် စည်းစိမ်ချမ်းသာကို မလိုချင်၊ တောထွက်၍ ရဟန်းပြုတော့မည်ဟူ၍ဖြစ်သည်။ ဤအတွေးကြောင့်ပင် သူသည် ဥယျာဉ်တော်တစ်နေရာ၌ သွားရောက်ပုန်းအောင်းနေလိုက်သည်။ ဖုဿရထားနှင့် အတူ

http://www.dhammadownload.com



ပါလာသော ပုရောဟိတ်ပုဏ္ဏားတို့သည် ဥယျာဉ်တော်အတွင်းသို့ဝင်လာပြီးလျှင် အရိန္ဒမကို မင်းပြုရန် ပင့်ခေါ်သွားသည်။ အရိန္ဒမသည် သောဏကကို သတိမရပေ။

သောဏကသည် မင်္ဂလာကျောက်ဖျာတွင် ထိုင်နေစဉ် အင်ကြင်းပင်ပေါ်မှ ရော်ရွက်ဝါတစ်ခုသည် ညှာတံမှပြုတ်ကြွေ၍ မြေပြင်သို့ကျလာသည်ကို မြင်တွေ့လိုက်ရသဖြင့် 'ဤရော်ရွက်ဝါ ကြွေသက်ရသည့်နည်းတူ ငါသည်လည်း ရင့်အို၍ ကြွေရပေဦးမည်'ဟု အနိစ္စ စသည်တို့၏အစွမ်းဖြင့် ဝိပဿနာရှုပွားရာ ထိုခဏတွင်ပင် ပစ္စေကဗောဓိဉာဏ်ကို ရရှိသွားသည်။ သူသည် ရဟန်းအသွင်ဖြင့် ပစ္စေကဗုဒ္ဓါတို့စံပျော်ရာ နန္ဒမူလိုဏ်ဂူကို ကြွသွားတော်မူသည်။

အရိန္ဒမမင်းသည် သောဏကကို နှစ်အတန်ကြာသည့်တိုင် သတိမရ။ နန်းစံသက် အနှစ်လေးဆယ်လွန်ကာမှ သတိရလာသည်။ ထိုအကြောင်းကို သိတော်မူသော အရှင်သောဏက ပစ္စေကဗုဒ္ဓါသည် ကောင်းကင်ခရီးဖြင့် ကြွလာတော်မူလျက် အရိန္ဒမမင်းကြီး၏ ဥယျာဉ်တော်တွင် ဆင်းသက်တော်မူသည်။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါကြွလာကြောင်း သိလျှင်သိခြင်း ဥယျာဉ်တော်သို့ လိုက်လာ၍ သောဏကပစ္စေကဗုဒ္ဓါကို တွေ့ဆုံဖူးမြင်သည်။ ပစ္စေကဗုဒ္ဓါက မင်းကြီးအား ရဟန်းဘဝ၏ ချမ်းသာခြင်းရှစ်ပါးကို ဟောကြားတော်မူသည်။ သို့တိုင် အရိန္ဒမမင်းကြီးက အားမကျ။ မိမိသည် ကာမဂုဏ်တရားများကို လွန်စွာနှစ်သက်မြတ်နိုးသူဖြစ်ကြောင်း၊ သည်အာရုံတရားများကို ကျောခိုင်းစွန့်ခွာဖို့ဆိုသည်မှာ မဖြစ်နိုင်ကြောင်းဖြင့် ဆင်ခြေပေးသည်။

သောဏကပစ္စေကဗုဒ္ဓါကလည်း အားလျှော့တော်မမူဘဲ ကာမဂုဏ်တို့အပြစ်ကို ပြလျက် တရားဟောတော်မူသည်။ ဆင်သေကောင်ပုပ်ကို မက်မောသော ကျီးမိုက်ကို ဥပမာပြု၍ ဆုံးမတော်မူပြီးနောက် ကောင်းကင်ခရီးဖြင့် ပြန်ကြွသွားတော်မူသည်။ မင်းကြီးသည် ပစ္စေကဗုဒ္ဓါကြွသွားတော်မူရာသို့ မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်ရင်း အထိတ်တလန့်ဖြစ်လာသည်။ ဤပုဏ္ဏားသည် ငါ့ထက် ဇာတ်နိမ့်သူဖြစ်ပါလျက် ငါ့ဦးခေါင်းထက်၌ မြေမှုန့်များကို ကျစေလျက် ကောင်းကင်သို့ ပျံတက်သွားတော်မူသည်။ ငါလည်း ယနေ့ပင်တောထွက်၍ ရဟန်းပြုမှဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ သားတော်ကြီး ဒီဃာဝုအား ထီးနန်းကိုလွှဲအပ်ပြီး ဟိမဝန္တာ၌ ရသေ့ရဟန်းပြုလေသည်။

ဇာတ်ပေါင်း။ ။ သောဏကပစ္စေကဗုဒ္ဓါသည် ပရိနိဗ္ဗာန်ပြုလေပြီ။
ဒီဃာဝုမင်းသား-ရာဟုလာ။ အရိန္ဒမမင်းကြီး-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူကောင်းနှင့်ပေါင်းမှ သူကောင်းဖြစ်မည်။

http://www.dhammadownload.com



# ၅၃၀။ သံကိစ္စဇာတ်

## တရားရှင်၏ အကူအညီ

### ပစ္စုပ္ပန်ဝတ္ထု

ပိတုဃာတကကံကို ကျူးလွန်သူ အဇာတသတ်မင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး ထီးနန်းစိုးစံစဉ် မင်းကြီး၏သားတော်ဗြဟ္မဒတ်နှင့် ပုရောဟိတ်၏သားဖြစ်သူ သံကိစ္စသည် ငယ်သူငယ်ချင်းများဖြစ်ကြသည်။ သူတို့နှစ်ဦးသည် နန်းဆောင်ပေါ်တွင်ပင် အတူကြီးပြင်း၍ ပညာသင်ချိန်၌လည်း နှစ်ဦးအတူနေကာ ပညာသင်ယူခဲ့ကြသည်။ မင်းသား အိမ်ရှေ့စံဖြစ်လာသောအခါ သံကိစ္စကို သူ့အိမ်တော်၌ပင် ခေါ်ထားခဲ့သည်။ တစ်ခါတွင် အိမ်ရှေ့စံသည် ဥယျာဉ်ကစား ထွက်တော်မူလာသော ခမည်းတော်၏ စည်းစိမ်ချမ်းသာကိုကြည့်လျက် မင်းအဖြစ်ကို ရယူရန် အကြံဖြစ်ခဲ့သည်။

သူသည် ထိုအကြံကို သံကိစ္စအား ဖွင့်ဟတိုင်ပင်ရာ သံကိစ္စက သဘောမတူချေ။ ပိတုဃာတက ကံမည်သည် လွန်စွာကြီးလေးကြောင်း၊ ငရဲသို့ရောက်ရမည့်ကိစ္စဖြစ်ကြောင်းများကို ပြောဆို၍ သုံးကြိမ်တိုင်တိုင် တားမြစ်သည်။ အိမ်ရှေ့စံသည် နားထောင်ခြင်းမရှိသဖြင့် သံကိစ္စသည် ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုနေလိုက်သည်။ သူသည် မကြာမီမှာပင် ဈာန်အဘိညာဉ်များကို ရရှိသွားခဲ့လေသည်။ အိမ်ရှေ့စံသည် သံကိစ္စထွက်သွားပြီးချိန်မှ ခမည်းတော်ကို လုပ်ကြံ၍ ထီးနန်းစည်းစိမ်ကို သိမ်းပိုက်လိုက်သည်။

သို့ရာတွင် သူသည် မင်းစည်းစိမ်ကို ကြာရှည်စွာမခံစားရဘဲ နောက်ပိုင်းတွင်မူ စိတ်ဓာတ်ချောက်ချားလာသည်။ စိတ်ချမ်းသာမှုဟူ၍ အလျှဉ်းမရှိချေ။ ထိုအခါတွင် သံကိစ္စ ဆုံးမခဲ့သော စကားသံများကို ပဲ့တင်သံပမာ ပြန်လည်၍ ကြားယောင်လာမိကာ သံကိစ္စနှင့် တွေ့ဆုံလိုစိတ်လည်း ပြင်းပြလာသည်။

ဟိမဝန္တာ၌ရှိသော သံကိစ္စရသေ့သည် ဗြဟ္မဒတ်မင်းကြီး၏ စိတ်ဆန္ဒကို သိရှိသဖြင့် တပည့်ရသေ့ငါးရာခြံရံလျက် ဟိမဝန္တာမှ ကောင်းကင်ခရီးဖြင့် ကြွလာပြီး ဒါယပဿ မည်သော မင်းကြီးဥယျာဉ်တော်တွင် ဆင်းသက်၍ မင်းကြီးအား ဒုစရိုက်ကျူးလွန်ကြသူများသည် အပါယ်ငရဲသို့ ရောက်ကြရပုံများနှင့် ငရဲကြီးရှစ်ထပ်တို့၌ ခံစားကြရသော

http://www.dhammadownload.com



ဆင်းရဲဒုက္ခအသီးသီးတို့ကို လည်းကောင်း၊ သုစရိုက်တရားအားထုတ်သူတို့ စံပျော်ရာနတ်ဘုံနတ်နန်းများအကြောင်းတို့ကို လည်းကောင်း ဟောကြားတော်မူသည်။ ဤဒေသနာများကို ကြားလိုက်ရသည်တွင်မှ ပြဟ္မဒတ်မင်းကြီး၏ စိတ်ဓာတ်ချောက်ချားမှုသည် အတန်ငယ် လျော့ပါးသက်သာသွားခဲ့ရသည်။

ဇာတ်ပေါင်း။ ။ ပြဟ္မဒတ်မင်း-အဇာတသတ်။

တပည့်ရသေ့များ-ဗုဒ္ဓ၏ပရိသတ်များ။ သံကိစ္စရသေ့-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သောကကို တရားဖြင့်သာငြိမ်းအေးစေနိုင်သည်။

## သင်္ကိစ္စနိပါတ် ပြီးပြီ။

http://www.dhammadownload.com

# သတ္တတိနိပါတ်

## ဇာတ်စုစုပေါင်း-၂

## ၅၃၁။ ကုသဇာတ်

### ကုသမင်းနှင့် ပဘာဝတီ

**ပစ္စုပ္ပန်ဝတ္ထု**

ဆွမ်းခံသွားစဉ် လှပချောမောသော အမျိုးသမီးတစ်ဦးကို မြင်တွေ့မိရာမှ လူထွက်လိုစိတ် ပြင်းထန်လာသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

မလ္လတိုင်း ကုသဝတီနေပြည်တော်မှ ဩက္ကာကရာဇ်မင်းကြီးတွင် မိဖုရားကြီး သီလဝတီနှင့် မောင်းမပေါင်း တစ်သောင်းခြောက်ထောင် ရှိသော်လည်း သားသမီး ထွန်းကားခြင်း မရှိချေ။ သိကြားမင်းသည် သီလဝတီမိဖုရားကြီးအား သန္ဓေပေးလိုသဖြင့် လူ့ပြည်သို့ဆင်း၍ မိဖုရားကြီး၏ချက်ကို လက်မဖြင့်သုံးသပ်ရာ ဘုရားလောင်း နတ်သားသည် မိဖုရားကြီး ဝမ်းတိုက်၌ ပဋိသန္ဓေယူလေသည်။ ဆယ်လလွန်မြောက်ပြီးချိန်၌ မိဖုရားကြီးသည် ကုသ သတို့သားကို ဖွားမြင်သည်။ ကုသမင်းသား သွားလာတတ်သည့်အရွယ်အရောက်တွင် ဒုတိယသားရတနာကို ဖွားမြင်ပြန်ရာ ဇယမ္ပတိဟူသော အမည်ဖြင့် မှည့်ခေါ်ထားကြသည်။

ကုသသည် ဆရာ့ထံ နည်းခံ၍ ပညာရပ်များသင်ကြားရခြင်းမရှိဘဲလျက် ပညာတတ်သူဖြစ်လာသည်။ သူသည် ဘက်စုံပညာရပ်များ၌ ပါရဂူမြောက်တတ်ကျွမ်းနေသည်။ သူတစ်ဆယ့်ခြောက်နှစ်အရွယ်သို့ရောက်သော် ခမည်းတော်သည် သူ့အား ထီးနန်းကို လွှဲအပ်ပေးလိုသဖြင့် နှစ်သက်သူမင်းသမီးတစ်ပါးကို ကြင်ဖက်လျာအဖြစ် ရွေးချယ်ရန်

http://www.dhammadownload.com



သားတော်အား ပြောကြားသည်။ ကုသက အိမ်ထောင်မပြုလို၊ ယခုအချိန်တွင် မိဘများအား လုပ်ကျွေး၍ မိဘများလွန်ကြချိန်ရောက်မှ ရဟန်းပြုမည်ဟု တွေးမိသဖြင့် သုံးကြိမ်တိုင်တိုင် ငြင်းပယ်သည်။

လေးကြိမ်ရောက်၍ မိဘတို့၏ဆန္ဒနှင့် ဆန့်ကျင်ဘက်ပြုရန် မသင့်ကြောင်း တွေးမိသဖြင့် ကိုယ်တိုင်ထုလုပ်ထားသော ရွှေသားယမင်းရုပ်တုတစ်ခုကို ပေးလိုက်ပြီး ဤရွှေယမင်းနှင့် တူသူ မင်းသမီးကိုရလျှင် ယူပါမည်ဟုလည်း မယ်တော်ထံ အမှာစကားပါးလိုက်သည်။

မယ်တော်သည် မှူးမတ်များကိုခေါ်၍ ထိုရွှေယမင်းရုပ်တုနှင့်တူသော အမျိုးသမီးကို ရှာဖွေပေးကြရန် တာဝန်ပေးအပ်လိုက်သည်။ မှူးမတ်များသည် ထိုရွှေရုပ်တုကိုယူ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို လှည့်လည်ကြရာ နောက်ဆုံး၌ မဒ္ဒရာဇ်တိုင်း သာဂလမြို့တော်မှ မဒ္ဒရာဇ်မင်းတွင် သမီးတော်ရှစ်ပါးရှိသည့်အနက် အကြီးဆုံးဖြစ်သူ ပဘာဝတီမင်းသမီးကို တွေ့ရသည်။ ထို့ကြောင့် ပဘာဝတီမင်းသမီးကို တောင်းခံကြရာ ခမည်းတော်က ကြည်ဖြူလေသည်။သို့ဖြင့် ပါလာခဲ့သည့် ရွှေယမင်းရုပ်ကို ပေးဆက်၍ မင်္ဂလာနေ့ရက်ကို ချိန်းဆိုသတ်မှတ်ထားခဲ့ကြပြီး ကုသဝတီမြို့သို့ ပြန်လာခဲ့ကြသည်။

တမန်များထံမှ မင်းသမီးရခဲ့ကြောင်း သိကြရသော ဩက္ကာကရာဇ်မင်းနှင့် မိဖုရားကြီး သီလဝတီတို့သည် ပဘာဝတီကို ဆောင်ယူ၍ ကုသမင်းသား၏ မိဖုရားကြီးပြုပြီးလျှင် ရာဇာဘိသိက်သွန်းပေးလိုက်သည်။ ထိုအချိန်မှစ၍ ကုသမင်းကြီးသည် မဒ္ဒရာဇ်နိုင်ငံတော်၏ ထီးပိုင်မင်းဖြစ်လာခဲ့သည်။ သို့ရာတွင် ကုသမင်းကြီးနှင့် ပဘာဝတီမိဖုရားတို့သည် နေ့ဘက်တွင် အချင်းချင်း တွေ့ဆုံခွင့်မရကြ။ ညဥ့်အချိန်တွင်မှ တွေ့ကြရသည်။ အခြားအချိန်များ၌ ပြုံးပြုံးပြက်ပြက် လင်းလက်နေတတ်သော ပဘာဝတီ၏ ကိုယ်ရောင်သည်လည်း ကုသမင်းကြီး ဝင်လာသည်နှင့် မှေးမှိန်သွားရသည်။ မင်းကုသ၏ ဘုန်းကံကသာလွန်နေ၍ ဖြစ်သည်။

နောက်ရက်များ မကြာမီပင် ကုသမင်းကြီးက ပဘာဝတီအားမြင်တွေ့လိုသည်ဟု မယ်တော်အား လာရောက်ပူဆာသဖြင့် မယ်တော်သည် ကုသမင်းအား ဥယျာဉ်ထဲကသွားစောင့်နေရန် စေလွှတ်လိုက်သည်။ ကုသသည် မင်္ဂလာရေကန်ထဲသို့ဆင်းပြီးလျှင် ပဒုမ္မာကြာဖက်ဖြင့် ဦးခေါင်းကိုဖုံးလျက် ကြာပွင့်ဖြင့် မျက်နှာကိုကွယ်၍ စောင့်နေလိုက်သည်။

ပဘာဝတီသည် ရေချိုးရင်းက လှပသော ကြာပွင့်ကြီးတစ်ပွင့်ကို ခူးမည်ဟု လက်ဖြင့်လှမ်းလိုက်ရာ ကုသသည် ကြာရွက်ကိုဖယ်၍ ငါကုသမင်းတည်းဟု ဟစ်ကြွေးပြီးလျှင်

http://www.dhammadownload.com



ပဘာဝတီ၏လက်ကို ဖမ်းဆွဲလိုက်သည်။ ပဘာဝတီသည် ငါ့ကို ဘီလူးဖမ်းနဲ့ပြီဟု ငိုကြွေး တမ်း၍ သတိမေ့သွားခဲ့သည်။ သူမ သတိပြန်ရလာသောအခါ မိမိ၏လက်ကို ဆွဲကိုင်ခဲ့သူမှာ ကုသမင်းဖြစ်သည်ကို သိရှိ၍ ကုသအပေါ်၌ စုံမက်လိုစိတ်မရှိတော့ဘဲ မိဘရှိရာ သာဂလမြို့တော်ဆီသို့ ပြန်သွားခဲ့သည်။

ပဘာဝတီပြန်သွားသော် ကုသမင်းအတွက် ကြီးမားပြင်းထန်သော သောကလှိုင်းလုံးကြီးများ ထလာသည်။ သို့ဖြင့် နိုင်ငံအုပ်ချုပ်မှုကို မယ်တော်ထံ လွှဲအပ်ထားခဲ့ပြီး ပဘာဝတီနောက်သို့ လိုက်လာခဲ့သည်။ ကုသသည် အမျိုးသမီးတစ်ဦးအိမ်၌ စခန်းချ တည်းခိုပြီးနောက် သာဂလမြို့ရှိ ဆင်ထိန်းများထံတွင် တည်းခိုသည်။ ဆင်တင်းကုပ်တွင် ညအိပ်ရင်းက တစ်ရေးနိုးချိန်တွင် ထ၍ စောင်းတော်ကို တီးခတ်လိုက်သည်။ စောင်းသံကို ကြားလိုက်ရသည်နှင့် ပဘာဝတီသည် မိမိနောက်သို့ ကုသမင်း လိုက်လာခဲ့ပြီဖြစ်ကြောင်း သိလိုက်သည်။

ကုသမင်းသည် ဆင်ထိန်းများထံ၌ နေခြင်းဖြင့် ပဘာဝတီအား တွေ့ရမည့်အရိပ်အရောင်များ မတွေ့ရချေ။ ထို့ကြောင့် ကုသမင်းကြီးသည် အိုးထိန်းသည်၊ ကျူထရံသည်၊ ပန်းကုံးသည်၊ စားတော်ချက်အဖြစ် အလုပ်အသီးသီးကို ခုနစ်လတိုင်တိုင် အထိန်းတော်ခုဇ္ဇာအားလာဘ်ထိုး၍ ပဘာဝတီကို မိမိဘက်သို့ ယိမ်းလာအောင် ကြိုးစားသည်။ ပဘာဝတီသည် ကုသမင်းကို မေတ္တာတုံ့ပြန်ခြင်းမရှိဘဲ အမျက်ထွက်လျက်သာ နေသည်။ သို့ဖြစ်၍ ကုသမင်းကြီးသည် ကုသဝတီသို့ ပြန်သွားရန်သာ ဆုံးဖြတ်လိုက်လေတော့သည်။

ကုသမင်း စိတ်ပျက်လက်လျှော့သည်ကို သိမြင်ရသော သိကြားမင်းသည် မဒ္ဒရာဇ်မင်းကြီး၏ တမန်အသွင်ဆောင်လျက် ခုနစ်ပြည်ထောင်သော မင်းများထံသွား၍ 'ပဘာဝတီသည် ကုသမင်းကိုစွန့်ပစ်၍ ပြန်လာသည်။ သင်တို့သည် ပဘာဝတီကို လာယူလှည့်ကြကုန်'ဟု တစ်ပါးစီ တစ်ပါးစီလိုက်၍ သတင်းပို့သည်။ ထိုမင်းများသည် မဒ္ဒရာဇ်မင်းအား ငါတို့အား သမီးတော် ပဘာဝတီကို ပေးမည်လော၊ စစ်ကိုတည်း ထိုးမည်လောဟု ရာဇသံပေးပြီး မြို့ကိုဝိုင်းလိုက်ကြသည်။

ထိုအခါ မြို့တော်ပျက်မည်ကို စိုးကြောက်တော်မူသော မဒ္ဒရာဇ်မင်းကြီးက ကုသမင်းကို စွန့်ပစ်၍ လာခဲ့ရခြင်း၏ အကျိုးကိုရခြင်းငှာ ပဘာဝတီကို ခုနစ်ပိုင်းပိုင်း၍ ခုနစ်ပြည်ထောင်သော မင်းတို့အား ပို့ဆက်စေ'ဟု အမိန့်ထုတ်လိုက်သည်။ ထိုအမိန့်ကို သိရသော ပဘာဝတီသည် မယ်တော်ထံသွားကာ ငိုယို၍ လျှောက်ထားသည်။ မယ်တော်သည် ကုသမင်း၏ ဂုဏ်ကျေးဇူးများကို ဖော်ထုတ်ချီးကျူး၍ ကုသမင်းမြတ်သာ ငါတို့ပြည်၌

http://www.dhammadownload.com



ရှိနေခဲ့လျှင် ခုနစ်ပြည်ထောင်သောမင်းတို့ကို ပြေးစေ၍ သမီးတော်အား ဆင်းရဲမှ လွတ်မြောက်စေမည်ဟုဆိုသည်။

ထိုအခါတွင်မှ ပဘာဝတီသည် မိမိတို့မြို့သို့ ကုသမင်းရောက်နေကြောင်းကို ဖွင့်ပြောလိုက်သည်။ စားဖိုသည်အဖြစ် အမှုထမ်းနေသော ကုသမင်းကိုလည်း ပြတင်းပေါက်မှနေ၍ လက်ညှိုးညွှန်ပြလိုက်သည်။ မယ်တော်သည် ပဘာဝတီအား အပြစ်တင်စကားပြောဆိုပြီးနောက် မိမိတို့မြို့၌ ကုသမင်း ရှိနေသည့်အကြောင်းကို မင်းကြီးအား သွားရောက်လျှောက်ထားရာ မင်းကြီးသည် ကုသထံသွား၍ တောင်းပန်စကားဆိုသည်။ ထို့နောက် ပဘာဝတီကို ကုသမင်းကြီးအား ကန်တော့စေသည်။ ကုသမင်းကြီးသည် ပဘာဝတီကို မိမိစီးသော ဆင်ပေါ်တွင်တင်၍ ခုနစ်ပြည်ထောင်သော မင်းတို့ကို ထွက်တိုက်လိုက်ရာ မင်းခုနစ်ပါးလုံး အရှင်ဖမ်းမိသဖြင့် ခုနစ်ပါးလုံးကိုပင် မဒ္ဒရာဇ်မင်းကြီးအား ပေးအပ်လိုက်သည်။ မဒ္ဒရာဇ်မင်းကြီးက တစ်ဖန်ပြန်လည် လွှဲအပ်ပေးပြန်သဖြင့် ကုသမင်းသည် ထိုမင်းခုနစ်ပါးအား ပဘာဝတီ၏ ညီမခုနစ်ပါးတို့ကို တစ်ပါးစီတစ်ပါးစီပေး၍ မိတ်ဆွေဖွဲ့ပြီးလျှင် ပြန်လွှတ်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ မယ်တော် ခမည်းတော်များ-သုဒ္ဓေါဒနနှင့် မယ်တော်မာယာ။ ပဘာဝတီ-ယသော်ဓရာ။ ကုသမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကာမဂုဏ်ဖြင့်နှောင်ဖွဲ့မိလျှင် ဆင်းရဲကိုမမြင်တတ်။

---

# ၅၃၂။ သောဏနန္ဒဇာတ်

## ညီနောင်နှစ်ဖော်

**ပစ္စုပ္ပန်ဝတ္ထု**

မိဘကိုလုပ်ကျွေးသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဘုရားရှင်က ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူကာ ဟောတော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်သည် ဗြဟ္မဝဍ္ဎနမြို့အမည်ရှိစဉ်ကဖြစ်သည်။ ထိုပြည်၌ မနောဇမင်းကြီး မင်းပြုစဉ် ကုဋေရှစ်ဆယ်ကြွယ်ဝ သော ပုဏ္ဏားကြီးဇနီးမောင်နှံတွင် သောဏနှင့်

http://www.dhammadownload.com



နန္ဒဆိုသော သားနှစ်ဦးရှိသည်။ မိသားစု လေးဦးတို့သည် ပစ္စည်းဥစ္စာများကို လှူဒါန်း စွန့်ကြဲပြီး ဟိမဝန္တာသို့ဝင်၍ ရဟန်းပြုကြသည်။

သူတို့ညီနောင်သည် မိဘများအား နှစ်ဦးအတူပူးတွဲ၍ လုပ်ကိုင်ကျွေးမွေးနေခဲ့ကြ သည်။ ကာလရှည်လျားလာသော် နန္ဒသည် သူရှာဖွေ၍ရလာသည့် သစ်သီးများကို မိဘများ အား ရှေးဦးစွာ စားသုံးစေလိုသောကြောင့် ကျောင်းနှင့်နီးရာတွင်သာ သစ်သီးများ သွားရောက်ရှာဖွေသည်။ ထို့နောက် သူသည် သောဏထက် အရင်ဦးစွာ ပြန်လာ၍ ရတတ်သမျှသော သစ်သီးများကို မိဘများအား ကျွေးမွေးသည်။ မိဘများသည် နန္ဒ ပေးသော သစ်သီးများ စားပြီးသည်နှင့် ခံတွင်းကိုဆေး၍ ဥပုသ်စောင့်ကြသည်။ အဘိညာဉ် တန်ခိုးဖြင့် ဝေးရာမှ ဆောင်ယူလာခဲ့သည့် သောဏ၏ မွန်မြတ်လှသော သစ်သီးများမှာ စားသုံးသူမဲ့ဖြစ်လျက် ပျက်စီးရလေတော့သည်။

နေ့စဉ်ရက်ဆက် သည်အတိုင်း ဖြစ်နေသောအခါ သောဏက နန္ဒကို တားမြစ် သည်။ နှစ်ဦးစလုံးကျွေးသည့်အစာများ စားနိုင်အောင် စီစဉ်သည်။ သို့ရာတွင် နန္ဒက နာခံခြင်း မရှိသဖြင့် သောဏသည် နန္ဒကို နှင်ထုတ်လိုက်တော့သည်။ နန္ဒသည် ကသိဏ်း ပရိကံများကို စီးဖြန်းရာ ထိုနေ့၌ပင် ဈာန်အဘိညာဉ်များကို ရရှိသွားသည်။ ထိုအခါ နန္ဒသည် နောင်တော်ကို ကန်တော့မည့် အစီအစဉ်များကို ကြံတွေးကြည့်သည်။ မနောဇမင်းနှင့် ဇမ္ဗူဒိပ်မြေပြင်မှ နောင်တော်၏ ဂုဏ်ကျေးဇူးများသည် နေလအသွင် ထင်ရှားပေလိမ့်မည်ဟု နန္ဒရသေ့ သဘောရသည်။

သို့ဖြင့် ဦးစွာ မနောဇမင်းထံ သွားရောက်သည်။ မိမိ၏ အဘိညာဉ်တန်ခိုးဖြင့် တစ်ရာ့တစ်ပါးသော မင်းတို့အား မနောဇမင်း၏ လက်အောက်ခံအဖြစ်သို့ ရောက်စေ သည်။ သည်သို့သော စွမ်းဆောင်ချက်များကြောင့် မနောဇမင်းသည် သူ့ကိုလွန်စွာ ကျေးဇူးတင်နေသည်။ မင်းကြီးက ရတနာပစ္စည်းများမှစ၍ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို စိုးပိုင် သော ဧကရာဇ်မင်းစည်းစိမ်အထိ သူအလိုရှိရာကို တောင်းဆိုရန် လျှောက်ထားသည်။ နန္ဒရသေ့က မိမိ၏နောင်တော်ဖြစ်သူ သောဏရသေ့အား မိမိအတွက် ကန်တော့တောင်းပန် စေလိုကြောင်းကိုသာ မြွက်ကြားသည်။ သည်တွင် မနောဇမင်းသည် တစ်ရာ့တစ်ပါးသော မင်းများနှင့်အတူ နန္ဒရသေ့ကို ရှေ့တင်၍ သောဏရသေ့ကျောင်းရှိရာသို့ ထွက်လာခဲ့သည်။

ထိုအကြောင်းကို သိမြင်တော်မူသော သောဏရသေ့သည် မိမိ၏အာနုဘော်ကို မင်းများနှင့်တကွ ပရိသတ်များသိရှိရန် ပန်းတွင် ထမ်းပိုးကိုမထိစေဘဲ အနဝတတ် အိုင်မှ ရေကိုခပ်ရန် ကောင်းကင်ခရီးဖြင့် လာခဲ့သည်။ တစ်ရာ့တစ်ပါးသောမင်းများနှင့် ဆုံမိ ကြချိန်တွင် မနောဇမင်းက ကျောင်းသို့သွားသောလမ်းကို မေးသဖြင့် သောဏရသေ့က

http://www.dhammadownload.com



လမ်းညွှန်ပေးခဲ့သည်။ ကျောင်းသို့ရောက်သွားချိန်၌ မနောဇာမင်းက နန္ဒရသေ့အား သည်းခံခွင့်လွှတ်ပါရန် ပန်ကြားသည်။ နောင်တော်သည် နှစ်ရှည်လများ ပြုစုလုပ်ကျွေးလာခဲ့သဖြင့် ကောင်းမှုများ တိုးပွားလာပြီးပြီ၊ ယခုအချိန်မှစ၍ မိမိအားအလှည့်ပေးရန် နန္ဒက လျှောက်ထားသည်။

ထိုအခါ သောဏရသေ့က သားကြီး၏ တာဝန်သာဖြစ်သည်ဟု ပြောဆိုလိုက်ရာ တစ်ရာ့တစ်ပါးသော မင်းများနှင့်တကွ ပရိသတ်များကပါ ထောက်ခံကြသည်။ ဤတွင် နန္ဒရသေ့သည် အားကိုးရာရှာမရ ဖြစ်သွားပြီးလျှင် အကျွန်ုပ်သည် နောင်တော်ကို လုပ်ကျွေးပါမည်ဟု ဆိုသည်။

သောဏသည် နန္ဒ၏တောင်းပန်ချက်ကို ငြင်းပယ်လာခဲ့သည်မှာ နန္ဒ၏မာနကို နှတ်ပယ်လို၍သာ ဖြစ်သည်။ ယခု နန္ဒ၏မာနများ လျော့သွားပြီးဖြစ်ကြောင်း သိ၍ နန္ဒ၊ သင့်အား ငါသည်းခံ၏။ မယ်တော် ခမည်းတော်တို့ကိုလည်း လုပ်ကျွေးခွင့်ပြုပါမည်'ဟု ဆိုသည်။

ထို့နောက် မိဘများအား မယ်တော်နှင့် ခမည်းတော်တို့တွင် မည်သူသည် နန္ဒ၏ လုပ်ကျွေးမှုကို ခံယူလိုပါသနည်းဟု မေးရာ မယ်တော်က ငါ့ကိုလုပ်ကျွေးပါစေဟု ဆိုသည်။ ထိုအခါ သောဏရသေ့က ညီထွေး နန္ဒ သင်သည် အစုကြီးကို ရသွားခဲ့သည်ဟု ဆိုပြီးလျှင် အမိ၏ ဂုဏ်ကျေးဇူးများကို လည်းကောင်း၊ အမိအား လုက်ကျွေးခွင့်ရခဲ့ပုံများကို လည်းကောင်း ဟောကြားသည်။ တစ်ရာ့တစ်ပါးသော မင်းတို့သည် ထိုဒေသနာကို ကြားနာကြရ၍ လွန်စွာကြည်ညိုကြလျက် ငါးပါးသီလကို ခံယူဆောက်တည်ကာ ပြန်သွားခဲ့ကြသည်။

**ဇာတ်ပေါင်း။** ။ **မယ်တော်နှင့် ခမည်းတော်-မာယာဒေဝီနှင့် သုဒ္ဓေါဒနမင်း။ ရသေ့-အရှင်အာနန္ဒာ။ မနောဇာမင်း-အရှင်သာရိပုတ္တရာ။ သောဏရသေ့-ဗုဒ္ဓ။**

**အနှစ်ချုပ်။** ။ **မိဘကိုလုပ်ကျွေးခြင်းသည် မင်္ဂလာတရားနှင့်ညီသည်။**

**သတ္တတိနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# အသီတိနိပါတ်

## ဇာတ်စုစုပေါင်း-၅

## ၅၃၃။ စူဠဟံသဇာတ်

### မိမိအသက်နှင့်ထပ်တူလေးစားသူ

**ပစ္စုပ္ပန်ဝတ္ထု**

ဒေဝဒတ်သည် မြတ်ဗုဒ္ဓအားသတ်စေရန် နာဠာဂီရိဆင်ကိုလွှတ်ရာ၌ အရှင်အာနန္ဒာမထေရ်သည် ဗုဒ္ဓအတွက် အသက်စွန့်ရန် ကြိုးစားခြင်းကို အကြောင်းပြု၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော် မူသည်။

**အတိတ်ဝတ္ထု**

မဟိံသကတိုင်း သာဂလမြို့၌ သာဂလမင်းကြီး စိုးစံစဉ် မြို့နှင့်မကွာလှမ်းသော နေရာတွင် မာ္ဒနုသိယခေါ် ရေအိုင်ကြီးသို့ စိတ္တကူဋ်တောင်တွင်နေသော ဓတရဋ္ဌ ဟံသာမင်းသည် စစ်သူကြီး သုမုခနှင့် ဟံသာများခြံရံလျက် ရောက်ရှိလာစဉ် မုဆိုးကြီး တစ်ဦး ထောင်ထားခဲ့သော ကျော့ကွင်း၌ မိလေသည်။ ဟံသာမင်း အော်မြည်သံကို ကြားရသော ဟံသာအပေါင်းတို့သည် တစ်ဟုန်ထိုး ပျံပြေးကြသည်။ စစ်သူကြီး သုမုခမှာမူ မိမိအရှင်နှင့်အတူ အသေခံရန် ယှဉ်တွဲရပ်နေသည်။ ယင်းအချိန်၌ မုဆိုးရောက်ရှိလာသည်။

ဤတွင် မုဆိုးက ကျော့ကွင်း၌မိသော ဟံသာသည် ပျံမသွားနိုင်သည်မှာ ရှိပါစေ၊ ကျော့ကွင်းမမိသော ဟံသာက အဘယ်ကြောင့် မပြေးဘဲနေရပါသနည်းဟု မေးသည်။ ထိုအခါ သုမုခက ဤဟံသာသည် ငါ၏အရှင်သခင်ဖြစ်သည်။ အသက်နှင့်ထပ်တူ ချစ်ခင်လေးစားရသော မိတ်ဆွေဖြစ်၍ သူ့ကို ငါစွန့်မသွားနိုင်ပါဟု ဖြန်ကြားသည်။ ထို့နောက်

http://www.dhammadownload.com



ဆက်၍ ဟင်္သာမင်းကိုလွှတ်ပြီး သူ့အစား မိမိကိုသတ်ရန် တောင်းပန်သည်။ ယင်းစကားများကို ကြားလိုက်ရသည်နှင့် မုဆိုး၏စိတ်ဓာတ်သည် နူးညံ့သိမ်မွေ့ကာ ဟင်္သာနှစ်ကောင်အား အသက်ဘေးမှ ချမ်းသာခွင့် ပေးလိုက်သည်။

ရွှေဟင်္သာမင်း အနှောင်အဖွဲ့မှ လွတ်မြောက်သွားသည်ကို မြင်ရလျှင် သုမုခသည် အတိုင်းအဆမရှိ ဝမ်းသာသွားသဖြင့် မုဆိုးအား 'အဆွေမုဆိုး၊ သင်သည် အဘယ်အကျိုးငှာ ကျော့ကွင်းထောင်ရပါသနည်း' ဟု မေးရာ ဥစ္စာများ ရလို၍ ဖြစ်ကြောင်း အဖြေပေးသည်။ ဤတွင် သုမုခအား မင်းကြီးထံ ခေါ်ယူသွားရန် ပြောသည်။ မုဆိုးသည် ဟင်္သာနှစ်ကောင်ကို ယူလာခဲ့ပြီး မင်းကြီးထံ ဆက်သရာ မင်းကြီးက မည်သို့မည်ပုံ ဖမ်းမိလာသည်ကို မေးသည်။ မုဆိုးက ဖြစ်ကြောင်းကုန်စင်ကို တင်လျှောက်လေသည်။ သည့်နောက်တွင် ဟင်္သာမင်းသည် သာဂလမင်းကြီးနှင့် အကျိုးအကြောင်းပြောဆိုကာ မုဆိုးအတွက် ဥစ္စာများရလို၍ လာခဲ့ရခြင်းဖြစ်ကြောင်း ဖွင့်ဟလိုက်သည်။ မင်းကြီးသည် နှစ်စဉ် အခွန်တစ်သိန်းထွက်သော ရွာကြီးတစ်ရွာ၊ အိမ်ကြီးတစ်ဆောင်၊ ရထားတစ်စီးနှင့် ရွှေ၊ ငွေ အမြောက်အမြားကို မုဆိုးအားပေးအပ်စေသည်။

ရွှေဟင်္သာမင်းသည် သာဂလမင်းကြီးအား ငါးပါးသော ဒုသီလမှု၏ အပြစ်များကိုလည်းကောင်း၊ သီလ၏ အကျိုးတရားများကို လည်းကောင်း၊ ကူညီထောက်ပံ့ကြောင်းဖြစ်သော သင်္ဂဟတရားလေးပါးနှင့်အညီ မင်းပြုရန်ကိုလည်းကောင်း ဟောကြားတော်မူပြီး စိတ္တကုဋ်တောင်သို့ ပြန်လာခဲ့သည်။

ဇာတ်ပေါင်း။ ။ မုဆိုး-ဆန္နမထေရ်။ သာဂလမင်း-အရှင်သာရိပုတ္တရာ။
စစ်သူကြီးသုမုခ-အရှင်အာနန္ဒာ။ ဝတရဋ္ဌရွှေဟင်္သာမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ကျေးဇူးရှင်အတွက် အသက်စွန့်သင့်လျှင်စွန့်ပါ။

---

## ၅၃၄။ မဟာဟံသဇာတ်

### မိတ်ဆွေကောင်းတို့၏ စိတ်ထား

**ပစ္စုပ္ပန်ဝတ္ထု**

အရှင်အာနန္ဒာမထေရ်၏ မြတ်ဗုဒ္ဓအတွက် အသက်စွန့်တော်မူခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ သံယမမင်းကြီး စိုးစံစဉ် ထိုမင်းကြီး၏ ခေမာမိဖုရားကြီးသည် ရွှေဟင်္သာမင်း ဟောကြားသောတရားကို နာလိုသဖြင့် ရွှေဟင်္သာမင်းကို ဖမ်းဆီးရန် ခေမာမည်သော ရေအိုင်ကြီးကို တူးဖော်စေပြီး ထိုရေအိုင်တွင် စပါးမျိုးစုံနှင့် ပဒုမ္မာကြာမျိုးစုံတို့ကို စိုက်ပျိုးထားလျက် စောင့်ရှောက်သူအဖြစ် ခေမာမုဆိုးတစ်ဦးကို တာဝန်ပေးထားသည်။

မကြာမီ ဟိမဝန္တာမှ စိတ္တကုဋ်တောင်ထွတ်တွင်နေသော ဘုရားလောင်းဓတရဋ္ဌဟင်္သာမင်းသည် စစ်သူကြီးသုမုခနှင့်အတူ ဟင်္သာကိုးသောင်း ခြံရံလျက် ခေမာအိုင်သို့ ရောက်လာသည်။ အစာစား၍ အားရအောင် မြူးပျော်ပြီးမှ ပြန်သွားကြလေသည်။ ဟင်္သာမင်း၏ ဆင်းသက်ရာ ကျက်စားရာတို့ကို ဂရုတစိုက် လေ့လာမှတ်သားထားသော ခေမာမုဆိုးသည် ခြောက်ရက်မြောက်နေ့တွင် ကျော့ကွင်းထောင်ထားသည်။ ခုနစ်ရက်မြောက်နေ့၌ ရောက်လာသော ဟင်္သာမင်းသည် ရေအိုင်ထဲသို့ ဆင်းသက်သည်နှင့် ကျော့ကွင်းတွင် မိလေတော့သည်။

**ဇာတ်ပေါင်း။** ။ မုဆိုး-ဆန္နမထေရ်။ သံယမမင်း-အရှင်သာရိပုတ္တရာ။
ခေမာမိဖုရားကြီး-ခေမာဘိက္ခုနီ။
စစ်သူကြီးသုမုခ-အရှင်အာနန္ဒာ။ ဓတရဋ္ဌရွှေဟင်္သာမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ မိတ်ဆွေကောင်းသည် သေဘေးနှင့်ကြုံသော်လည်း ကိုယ်လွတ်မရုန်း။

---

# ၅၃၅။ သုဓာဘောဇနဇာတ်

## ဒါနနှင့် အစွမ်း

**ပစ္စုပ္ပန်ဝတ္ထု**

ဒါနမှု၌ အထုံဝလေ့ကြီးလွန်းသော ရဟန်းတစ်ပါးကို အကြောင်းပြုကာ ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးကြီးသည် အလှူမဏ္ဍပ်ကြီး ခြောက်ခုဆောက်၍ နေ့စဉ်အသပြာခြောက်သိန်းဖိုးစီ ပေးလှူ

http://www.dhammadownload.com



သည်။ သူဌေးကြီး ကွယ်လွန်ခါနီး၌ ငါ၏အလှူကို ဆက်၍ပြုလုပ်ကြကုန်ဟု သားသမီးများအား မှာထားခဲ့ပြီး ကွယ်လွန်သွားလေရာ တာဝတိံသာ၌ သိကြားမင်းဖြစ်လေသည်။ သူ့ သားမြေး၊ မြစ်နှင့်အတူ တူတော်စပ်သူတို့သည် သူကဲ့သို့ပင် အဆက်မပြတ်စေဘဲ ဆက်လက်လှူဒါန်းသွားကြရာ စန္ဒနတ်သား၊ သူရိယနတ်သား၊ မာတလိနတ်သား၊ ပဥ္စသိခနတ်သားဟူ၍ အသီးသီးဖြစ်ကြလေသည်။

သို့ရာတွင် ခြောက်ဆက်မြောက်ဖြစ်သော မစ္ဆရိယကောသိယသူဌေးသည်ကား မည်သူ့ကိုမျှ မလှူဒါန်းဘဲ အလွန်ကပ်စေးနဲသူ ဖြစ်သည်။ တစ်နေ့တွင် သူဌေးကြီးသည် အလွန်စားချင်နေသော နို့ယနာကို မြစ်ကမ်းခြေနားမှ တောချုံတစ်ခုထဲဝင်၍ တစ်ဦးတည်း ချက်နေသည်။

ထိုခဏ၌ပင် သိကြားမင်းသည် မစ္ဆရိယကောသိယသူဌေးကြီးကို ဆုံးမရန် ပုဏ္ဏားအသွင် ဖန်ဆင်း၍ နို့ယနာကို လာပြီးတောင်းခံလျက် အလှူ၏အကျိုးကို ဟောကြားသည်။ မစ္ဆရိယကောသိယသူဌေးသည် အနည်းငယ်သာ ပေးလှူသည်၊ သိကြားမင်းသည် နတ်စည်းစိမ်၏ ကြီးကျယ်ပုံ၊ အကုသိုလ်တရားကိုဖယ်ရှား၍ ကုသိုလ်ကမ္မပထတရား ဆယ်ပါး၌ အားထုတ်သူများသာလျှင် နတ်စည်းစိမ်ကို ရနိုင်ကြောင်း ပြောကြားသည်။ ထိုအခါမှ မစ္ဆရိယကောသိယသူဌေးသည် အိမ်သို့ပြန်ကာ အကြီးအကျယ် အလှူပေးသည်။ ဥစ္စာများကုန်ခမ်းသွားချိန်၌ ဟိမဝန္တာသို့ဝင်၍ ရသေ့ပြုပြီး ဂင်္ဂါနှင့် ဓာတသာရအိုင်ကြားတွင် သစ်ရွက်မိုးကျောင်းငယ်ဖြင့် နေသည်။

တစ်နေ့တွင် အာသာ၊ သဒ္ဓါ၊ သိရီ၊ ဟိရီ တည်းဟူသော သိကြားမင်း၏ သမီးတော် လေးယောက်တို့သည် အနဝတတ်အိုင်သို့ လာရောက်ရေကစားကြသည်။ ရေကစားပြီးကြ၍ ကျောက်ဖျာပေါ်၌ ထိုင်နေကြစဉ် တာဝတိံသာမှ ပြန်လာသော နာရဒရသေ့သည် ပင်လယ်ကသစ်ပွင့်ကို ထီးသဖွယ်ဆောင်းမိုးလျက် သူမတို့အပေါ်မှ ပျံသန်းလာသည်ကို မြင်တွေ့ကြရသည်။ ဤတွင် သူမတို့လေးဦးက ပင်လယ်ကသစ်ပွင့်ကို လိုက်တောင်းကြရာ နာရဒရသေ့က အမိတို့လေးယောက်တွင် အမြတ်ဆုံးဖြစ်သူသည် ဤပန်းကို ပန်ဆင်လေတော့ဟု ဆိုပြီးလျှင် ပင်လယ်ကသစ်ပန်းကို ချပေးသည်။ နတ်သမီးများက အမြတ်ဆုံးဖြစ်သူကို ရှင်ရသေ့ပင် ရွေးချယ်ပေးပါရန် တောင်းပန်ကြသော်လည်း သူက ရွေးချယ်မပေးခဲ့ဘဲ ခမည်းတော် သိကြားမင်းထံ သွားရောက်မေးမြန်းကြဟု ပြောဆိုမှာကြားပြီး ရှေ့သို့ ခရီးဆက်သွားလေသည်။

နတ်သမီးလေးဖော်တို့ သိကြားမင်းထံသွား၍ အဆုံးအဖြတ်တောင်းခံကြသော် ဟိမဝန္တာ၌နေသော မစ္ဆရိယကောသိယရသေ့ကိုသာဆုံးဖြတ်စေမည်။ ထိုရသေ့သည် မပေး

http://www.dhammadownload.com



ဇာတ်အမှတ်-၅၃၆ ငါးယောက်သောမင်းသားညီနောင်တို့၏လည်၌ပန်းကုံးကို ကဏှာဒေဝီမင်းသမီးသည်စွပ်၍ ငါးယောက်လုံးပင်သိမ်းယူလိုက်သည်။

http://www.dhammadownload.com



ဇာတ်အမှတ်-၅၃၆ ငါးယောက်သောမင်းသားညီနောင်တို့၏လည်၌ပန်းကုံးကို ကဏှာဒေဝီမင်းသမီးသည်စွပ်၍ ငါးယောက်လုံးပင်သိမ်းယူလိုက်သည်။

http://www.dhammadownload.com



မလှူဘဲ စားသုံးလေ့မရှိ၊ သင်တို့လေးဦးအနက် ကောသိယရသေ့လက်မှ နတ်သုဓာဘုတ်ကို ရလာသူသည် အမြင့်မြတ်ဆုံးသူဖြစ်လိမ့်မည်ဟု သိကြားမင်းက ဆိုသည်။ သိကြားမင်းသည် မာတလိနတ်သားကိုခေါ်လျက် ကောသိရသေ့ထံသွား၍ နတ်သုဓာဘုတ်ကို တောင်းကြသည်တွင် အာသာ၊ သဒ္ဓါ၊ သိရီတို့ကို မပေးလိုက်ချေ။ သိရီနတ်သမီးသည် ပညာမဲ့၍ မိုက်သူဖြစ်သည်။ သဒ္ဓါသည်လည်း ဖောက်ပြန်တတ်သည်။ အာသာကမူ ချွတ်ယွင်းသောစကားကို ဆိုတတ်သူဖြစ်သည်။ ဟိရီသည်သာ မကောင်းမှုကို တားမြစ်တတ်သူဖြစ်၍ အမြတ်ဆုံးဘွဲ့ကို ရရှိသင့်သည်။ ယင်းပြန်ကြားချက်ကို ပေးနေစဉ်မှာပင်လျှင် ကောသိယရသေ့သည် စုတေစိတ်ကျ၍ ကွယ်လွန်သွားလေရာ တာဝတိံသာတွင် နတ်သားဖြစ်သည်။ သိကြားမင်းသည် ကောသိယနတ်သားကို ဟိရီနတ်သမီးနှင့် ထိမ်းမြားလက်ထပ်ပေးလိုက်သည်။

ဇာတ်ပေါင်း။ ။ ဟိရီနတ်သမီး-ဥပ္ပလဝဏ်။
ကောသိယရသေ့-ဒါနမှု၌အထုံဝလေ့ကြီးသောရဟန်း။
သိကြားမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပေးလှူလေ စည်းစိမ်ဥစ္စာတိုးလေဖြစ်သည်။

---

## ၅၃၆။ မဟာကုဏာလဇာတ်

### ထရားရှင် ငှက်မင်း

**ပစ္စုပ္ပန်ဝတ္ထု**

မယားဟောင်းများ ဖြားယောင်းကြသဖြင့် သာသနာတော်၌ မွေ့လျော်နိုင်ခြင်းမရှိသော ကောလိယနှင့် ကပိလပြည်သားများ ဖြစ်ကြသည့် ရဟန်းငါးရာတို့ကို အကြောင်းပြုကာ ဤအတိတ် ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ဟိမဝန္တာတောထဲမှ ကုဏာလရေအိုင်ကြီးကို အမှီပြု၍နေသော မဟာကုဏာလဥသြငှက်မင်းတွင် အလုပ်အကျွေးဥသြငှက်မ သုံးထောင်ငါးရာ ရှိသည်။ ခရီးဝေးတစ်ခုသို့ သွားရတော့မည်ဆိုလျှင် အစွန်းနှစ်ဖက်တို့၌ ဥသြငှက်မနှစ်ကောင် ကိုက်ချီထားသော တုတ်တစ်ချောင်းပေါ်၌ ဥသြမင်းကို လိုက်ပါစေသည်။ ဝဲ၊ ယာ၊ ရှေ့၊ နောက်နှင့် အထက်

http://www.dhammadownload.com



တို့မှ တစ်ဌာနလျှင် ငါးရာစီ ပါဝင်သော ဥဩမများ လိုက်ပါလာကြသည်။ ဥဩမင်းသည် မိန်းမများကို သူ၏အလိုသို့ လိုက်ပါစေသူ ဖြစ်သည်။

သူ၏မိတ်ဆွေ ပုဏ္ဏမုခဟုခေါ်သော ဥဩမင်းတွင်ကား အခြွေအရံ ဥဩမသုံးရာ ငါးဆယ်သာ ရှိသည်။ ယင်းသို့ အခြံအရံနည်းပါးသော်လည်း ခရီးဝေးထွက်ရာ၌ ဝိုင်းရံ ခစားကြပုံမှာကား ကုဏာလ ဥဩမင်းအတိုင်းပင် ဖြစ်သည်။ သူသည် ဥဩမများအား ကောင်းချီးပေးသူဖြစ်သည်။ လင်ကိုလုပ်ကျွေးသူ အမျိုးကောင်းသမီးအဖြစ် ချီးမွမ်းပြော ဆိုသည်။ တစ်နေ့တွင် ပုဏ္ဏမုခသည် ကုဏာလနှင့် နှစ်ဦးချင်းဆုံမိရိုန်၌ နှစ်သက်ဖွယ် မရှိသည့်တိုင် ယောကျ်ားတစ်ဦးအနေနှင့် သည်းခံရန်အကြောင်းများကို ပြောသည်။

ရက်များမကြာမီ ပုဏ္ဏမုခ ဝမ်းသွေးသွန်ရောဂါ အပြင်းအထန် ကျရောက်လေရာ ဥဩမများသည် ကုဏာလဥဩမင်းထံ ပြောင်းရွှေ့သွားကြသည်။ ကုဏာလသည် ထို ဥဩမများအား ဆူပူကြိမ်းမောင်းပြီး ပုဏ္ဏမုခအား ဆေးဝါးများပေး၍ ကုသသည်။ မကြာမီ ပုဏ္ဏမုခ ကျန်းမာလာလျှင် ဥဩမများသည် ပုဏ္ဏမုခထံသို့ ပြန်လည်ချဉ်းကပ်လာကြလေ သည်။ ပုဏ္ဏမုခက ကာမကြူးသော ဤမိန်းမများကို ငါအလိုမရှိတော့ပါဟု ဆိုသည်။

ဤတွင် ကုဏာလငှက်မင်းက ယင်းသို့ဖြစ်လျှင် သင့်အားမိန်းမများ၏ အပြစ်များ ကို ငါဟောကြားမည်ဟုဆိုပြီးလျှင် ဟိမဝန္တာနံဘေးရှိ အင်ကြင်းပင်ရိပ်မှ ခုနစ်ယူဇနာ ကျယ်ဝန်းသော ကျောက်ဖျာပေါ်သို့ ပုဏ္ဏမုခကို ခေါ်ယူလာကြသည်။ ထိုသတင်းကို အဆင့်ဆင့်ကြားသိကြရသော နတ်၊ နဂါး၊ ဂဠုန်၊ ကိန္နရာ၊ ဝိဇ္ဇာဓိုရ်တို့သည်လည်းကောင်း၊ အာနန္ဒာ လင်းတမင်းသည် လည်းကောင်း၊ နာရဒ အမည်ရှိသော အဘိညာဉ်ရ ရသေ့သည် လည်းကောင်း တရားနာရန် ထိုနေရာ၌ လာရောက်စုဝေးကြသည်။ ဇာတိဿရဉာဏ်ကို ရသော ကုဏာလငှက်မင်းသည် ထိုတရားပွဲ၌ အတိတ်ဘဝများက ကိုယ်တွေ့ဝတ္ထုများဖြင့် တန်ဆာဆင်၍ ဟောကြားရာတွင် . . .

(က) ဗာရာဏသီမင်း၏ သမီး ကဏှာဒေဝီမင်းသမီးသည် ပဉ္စာလမင်းမျိုးထဲမှ အဇ္ဇုန၊ နကုလ၊ ဘီမသေန၊ ယုဓိဋ္ဌိလ၊ သဟဒေဝတည်းဟူသော မင်းသားညီနောင် ငါးယောက်တို့အား တစ်ပြိုင်တည်း လင်ပြုထားခွင့်ရသည့်တိုင် ကာမဂုဏ်ဖြင့် ရောင့်ရဲ တင်းတိမ်နိုင်ခြင်းမရှိသဖြင့် အစေအပါးဖြစ်သူ ကုန်းနှင့် ရမ္မက်စိတ်ဖြေဖျောက်ပုံ။

(ခ) ဗာရာဏသီ တစ်မြို့လုံး၏ ဦးထိပ်ထားခံရ၍ သစ္စကပါဝိပရိဗိုဇ်မသည် တရား ရှင်ဖြစ်သော်လည်း ပညာရှိတစ်ဦး၏ ကာမဖြင့် ဆွဲဆောင်မှုနောက်သို့ လိုက်ရုံမျှမက

http://www.dhammadownload.com



သေရည်သောက်ပွဲသဘင်ဝယ် ထိုပညာရှိသောက်သော သေရည်အိုးကို ရွက်ချီလျက် လိုက်ပါခဲ့ပုံ။

(ဂ) အခွင့်သာလျှင် မိန်းမများ ကာမမှု ကျူးတတ်ပုံ ကာကဝတီဇာတ်လမ်း။

(ဃ) ဝဋ္ဋိကမည်သော ကောသလမင်းကြီး၏ မိဖုရား ကုရုင်္ဂဒေဝီသည် မင်းကြီးကို ပညာပေးနေသော ဆရာနှင့်လည်းကောင်း၊ သူ၏ ကျေးကျွန်ဖြစ်သူ ခေမ္ဗောဝါသီနှင့် လည်းကောင်း ဖောက်ပြန်ခဲ့ပုံ။

(င) ကောသလမင်းကြီး၏ မိဖုရားသည် သားတော် ဗြဟ္မဒတ်မင်းထံသွားဟန်ဖြင့် မကြာခဏဆိုသလိုပင် ပြည်တော်မှ ထွက်ခွာလာခဲ့ပြီးလျှင် ပုဏ္ဏားလုလင်ချောတစ်ဦးနှင့် အသွားအပြန်ခရီးတို့၌ နှစ်ရက်သုံးရက်စီနေ၍ ဖောက်ပြန်ခဲ့ပုံ။

(စ) အဆင်းလှသော ဗာရာဏသီမင်း၏ မိဖုရားကြီး ကိန္နရဒေဝီသည် အနာကြီးရောဂါသည် ဆွံ့ထံ မင်းကြီးအိပ်ပျော်နေစဉ်၌ ညစဉ်ပင် ခက်ခဲစွာ သွားရောက်၍ အာသာရမ္မက် ဖြေသိမ့်ပုံ။

(ဆ) မင်းနှစ်ပါးတို့နှင့် ခုနစ်ရက်စီ အလှည့်ကျ ပျော်ပါးနေရသည်ကို ကျေနပ်မှုမရနိုင်သော ပဉ္စပါပီသည် ခုနစ်ရက်စေ့တိုင်း တစ်ဖက်ကမ်းသို့ ပို့ပေးရသူ တံငါသည် ကုန်းနှင့် လှေပေါ်တွင် မျောက်ဇာတ်ခင်းသွားလေ့ရှိပုံ။

(ဇ) ဗြဟ္မဒတ်မင်းကြီး၏ ပိင်္ဂိယာနီမည်သော မိဖုရားကြီးသည် ညအချိန် မင်းကြီးအိပ်ပျော်နေခိုက် မင်္ဂလာမြင်းထိန်းတော်နှင့် သွားရောက်ပျော်ပါးပုံ။

ဤဇာတ်လမ်းများကို ကျယ်ဝန်းစွာ ဟောကြားလေသည်။ ကုဏာလငှက်မင်း၏ တရားအဆုံးတွင် အာနန္ဒာ လင်းတမင်းနှင့် နာရဒရသေ့တို့ကလည်း မိန်းမတို့၏ ကျေးဇူးမဲ့ပုံကို တလှည့်စီ ဟောကြားကြသည်။ အပြီးသတ်၌ ကုဏာလငှက်မင်းကပင် မိန်းမတို့၏ အပြစ်များကို ထပ်မံဟောကြားရာ ဟိမဝန္တာ၌ရှိသော နဂါး၊ ကိန္နရာများနှင့် ကောင်းကင်ပေါ်မှ နတ်များသည် အုတ်အော်သောင်းတင်း ကောင်းချီးပေးကြလေသည်။

ဇာတ်ပေါင်း။ ။ ပုဏ္ဏမုခဥဩမင်း-ဥဒါယီ။ ကုဏာလငှက်မင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိန်းမအကြောင်း မကောင်းပြောလိုလျှင် ကိုယ့်မိခင်ကို သတိရပါ။

http://www.dhammadownload.com



# ၅၃၇။ မဟာသုတသောမဇာတ်

## လူဆိုးကို လူကောင်းဖြစ်စေသူ

**ပစ္စုပ္ပန်ဝတ္ထု**

အင်္ဂုလိမာလမထေရ်ကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်မြို့မှ ကောရဗျမင်း၏သားတော်ဖြစ်သူ သုတသောမ မင်းသားနှင့် ဗာရာဏသီမင်း၏သားတော် ဗြဟ္မဒတ်မင်းသားတို့သည် ပညာသင် လာသူချင်း ဖြစ်၍ ဒိသာပါမောက္ခဆရာထံသို့ နှစ်ဦးအတူပင် လာခဲ့ကြပြီး အခြားသော မင်းသားတို့နှင့်အတူ ပညာသင်ယူကြသည်။ ပညာစုံပြီးချိန်၌ မင်းသားများသည် တစည်းတရုံးတည်း ပင် တက္ကသိုလ်မှ ပြန်လာခဲ့ကြရာ လမ်းခရီးတစ်ဝက်အရောက်တွင် သုတသောမမင်းသား က မင်းဖြစ်ချိန်၌ ပြည်သူများအားလုံး ဥပုသ်စောင့်စေ၍ ထိုနေ့များ၌ အသက်သတ်ခြင်းမှ ရှောင်ကြဉ်ကြဖို့ နှိုးဆော်တိုက်တွန်းကြရန် ဩဝါဒပေးသည်။ မင်းသား များက လိုက်နာကြမည့်အကြောင်း တစ်ညီတညွတ်တည်း ကတိပေးကြသည်။

မင်းသားသည် ပြည်တော်သို့ ပြန်ရောက်ကြချိန်၌ အားလုံးပင် ထီးပိုင်မင်းများ ဖြစ်လာကြပြီး သုတသောမမင်းသားပေးလိုက်သော ဩဝါဒကိုလည်း လိုက်နာကြသည်။ ယင်းတို့အထဲတွင် ဗာရာဏသီမင်းဖြစ်သော ဗြဟ္မဒတ်မင်းသည် အမဲသားကြိုက်လွန်း၍ အမဲဟင်းလျာမပါဘဲ ပွဲတော်တည်လေ့မရှိချေ။ တစ်နေ့တွင် စားတော်ချက်သည် မင်းကြီး ၏ ပွဲတော်အတွက် အမဲဟင်းလျာ မရရှိသဖြင့် သုသာန်ထဲသို့သွား၍ လတ်တလောသေ သော ယောက်ျားတစ်ဦး၏ ပေါင်သားကို လှီးယူလာကာ ကောင်းမွန်စွာချက်ပြုတ်လျက် ပွဲတော်အဖြစ် ဆက်သည်။ မင်းကြီးသည် ထိုအသားကို အလွန်နှစ်သက်သဖြင့် စားတော် ချက်အား ခြိမ်းခြောက်မေးရာ အမှန်ကို သိရလေသည်။

ထိုအချိန်မှစ၍ မင်းကြီးက စားတော်ချက်အား လူသားဟင်းကို နေ့စဉ်ချက်ပေး ရန် တာဝန်ပေးလိုက်ကာ လူသားလွယ်လင့်တကူ မရနိုင်က နှောင်အိမ်ထဲမှ အချုပ်သား များကို ထုတ်သတ်၍ ချက်ပေးရန်လည်း မိန့်မှာလိုက်သည်။ ထိုမှတစ်ဖန် မင်းကြီး၏ အကြံပေးချက်အရ အသပြာ ထောင်ထုပ်ကို လမ်းပေါ်၌ချထား၍ ကောက်ယူသူအား ခိုးသူအဖြစ် ဖမ်းဆီးသတ်ဖြတ်ပြန်သည်။ နောက်ပိုင်းတွင် အချိန်မှဲ့သွားသောသူများကို

http://www.dhammadownload.com



ချောင်းမြောင်းသတ်ဖြတ်၍ ပြည်သူများသည် မင်းရင်ပြင်၌ စုဝေးကာ ဆန္ဒပြကြွေးကြော် ကြရာ မင်းကြီးက အရေးယူခြင်းမရှိချေ။ နောက်ဆုံး၌ စစ်သူကြီး ကာဠဟတ်သည် မင်းကြီး လူသားစားခြင်းအကြောင်းကို သိရှိသွားလေသည်။

စစ်သူကြီး ကာဠဟတ်သည် မင်းကြီးကို နည်းမျိုးစုံဖြင့် ဖျောင်းဖျသော်လည်း မင်းကြီး နားမဝင်။ နောက်ဆုံး သန်လျက်၊ ရသကနှင့် လူသားချက်သောအိုးတို့ကိုပေး၍ နိုင်ငံမှ ထွက်သွားစေသည်။

သူတို့နှစ်ဦးသည် တောင်တစ်ခုမှ ပညောင်ပင်ကြီးတစ်ပင်၌ နေကြပြီး ခရီးသွား များကို ဖမ်းယူသတ်ဖြတ် စားသောက်သဖြင့် ပေါရိသာဒဟူသော အမည်ဖြင့် ကျော်ကြား လာသည်။ တစ်နေ့တွင် ပေါရိသာဒသည် လူသားမရခဲ့သဖြင့် ရသကကိုပင် သတ်၍ ချက်စားလိုက်သည်။ တစ်ချိန်တွင် ပေါရိသာဒသည် လှည်းငါးရာတို့ဖြင့် ကုန်ရောင်းထွက် လာသော ပုဏ္ဏားတစ်ယောက်ကို စောင့်ရှောက်သူများကြားထဲမှ ဖမ်းယူထွက်ပြေးရာ သူ့ ခြေဖဝါးကို ရှားငုတ် ဖောက်ထွက်သွားလေသည်။

ပုဏ္ဏား၏ ထိုနေရာ၌ပင် ချထားခဲ့ပြီး ကိုယ်လွတ်ရုန်း၍ ထွက်ပြေးခဲ့သော် သူသည် ညောင်ပင်စခန်းသို့ ရောက်လာသည်။ ထိုအခါ 'အရှင်ညောင်စောင့်နတ်မင်း၊ သင်သည် ငါ၏အနာကို ခုနစ်ရက်အတွင်း ပျောက်ကင်းအောင် ကုပေးခဲ့လျှင် တစ်ရာ့တစ်ပါးသော မင်းတို့၏ လည်ချောင်းသွေးဖြင့် သင်နတ်မင်း၏ ပင်စည်ကို ဆေးကြောပေးပါမည်'ဟု ညောင်စောင့်နတ်အား ကတိစကား ပြောဆိုသည်။ သူ့ဒဏ်ရာသည် ခုနစ်ရက်အတွင်းမှာ အလိုအလျောက် ပျောက်သွားသည်။

ဤသို့ပျောက်သွားသည်မှာ ညောင်စောင့်နတ်၏ တန်ခိုးကြောင့်ဟု မှတ်ယူမိသော ပေါရိသာဒသည် တစ်ရာ့တစ်ပါးသောမင်းများကို ဖမ်းယူရန် ညောင်ပင်အောက်မှ ထွက် လာသည်။ သူသည် တစ်နေရာသို့အရောက်တွင် ရှေးဘဝ၌ ဘီလူးဖြစ်စဉ်က လူသားစား ဖက်ဖြစ်သူ မိတ်ဆွေဘီလူးတစ်ဦးနှင့် ဆုံတွေ့မိသဖြင့် မိတ်ဆွေဘီလူးက ပဒလက္ခမန္တန် ကို သူ့အားပေးသည်။ ပေါရိသာဒသည် ထိုမန္တန်ကို အသုံးပြု၍ မင်းများကိုဖမ်းရာ ခုနစ် ရက်အတွင်းမှာပင် တစ်ရာသောမင်းများကို ဖမ်းယူနိုင်ခဲ့သည်။ သုတသောမမင်းတစ်ပါးသာ ကျန်တော့သည်။ သူသည် ဖမ်းယူထားသောမင်းများ၏ လက်ဝါးပြင်များကို ထိုးဖောက်၊ လျှက် ညောင်ကိုင်းများ၌ ဆွဲချည်ထားလိုက်သည်။

သုတသောမမင်းသည် ငါ၏ဆရာတစ်ပိုင်းဖြစ်သည်။ သူ့ကိုဖမ်းလိုက်လျှင် ဇမ္ဗူ ဒိပ်ကျွန်းကြီးသည် အချည်းအနှီး ဖြစ်ချေတော့မည်။ ထို့ကြောင့် ငါမဖမ်းဟု ပေါရိသာဒက နှလုံးသွင်းထားသည်။ ယင်းသို့ နှလုံးသွင်းရင်းက တစ်ရာသောမင်းများအား နတ်ပူဇော်

http://www.dhammadownload.com



ရန် ညောင်ပင်အောက်တွင်ထိုင်၍ တံစို့များ ချွန်နေသည်။ မီးလည်း အသင့်ဖိုထားသည်။ ပေါရိသာဒ၏ ယင်းလှုပ်ရှားမှုများကို မြင်တွေ့နေရသော ညောင်စောင့်နတ်သည် အထိတ်တလန့်ဖြစ်သွားပြီး စာတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ထံ သွား၍ အကူအညီတောင်းသည်။ သို့ရာတွင် နတ်မင်းကြီးများလည်း မတတ်နိုင်ကြသဖြင့် နောက်ဆုံး သိကြားမင်းထံ ရောက်သွားသည်။ သိကြားမင်းက 'မင်းများ၏ အသက်ကို ချမ်းသာစေလိုလျှင် သုတသောမမင်းကို ဖမ်းယူ၍ ပူဇော်ပါရန် ပေါရိသာဒကိုပြောလော့'ဟု ညွှန်ကြားပေးလိုက်သည်။

ညောင်စောင့်နတ်သည် ညောင်ပင်သို့ပြန်ရောက်ချိန်၌ ပေါရိသာဒအား ကိုယ်ထင်ပြလျက် သုတသောမမင်းကို ဖမ်းယူ၍ ပူဇော်ရန် ပြောသည်။ ပေါရိသာဒသည် လွန်စွာပင် ဝမ်းသာအားရ ရှိသွားပြီး ဖမ်းယူပေးမည်ဟု ကတိပေးခဲ့သည်။ ထို့နောက် ပေါရိသာဒသည် သုတသောမမင်းအား ဖမ်းယူရန် မိဂါဇိနဲဥယျာဉ်တော်တွင်းရှိ မင်္ဂလာရေကန်တော်ထဲတွင် ဦးခေါင်းကို ပဒုမ္မာကြာရွက်ဖြင့် ဖုံး၍စောင့်နေလိုက်သည်။

သုတသောမမင်းသည် မိုးလင်းပြီးချိန်၌ နံနက်စာ စားသောက်ပြီးနောက် စစ်အင်္ဂါလေးပါးဖြင့် ဥယျာဉ်တော်သို့ ထွက်လာခဲ့သည်။ အရှေ့တံခါးအနီးသို့အရောက်တွင် နန္ဒအမည်ရှိပုဏ္ဏားက တစ်ဂါထာလျှင် တစ်ထောင်စီထိုက်တန်သော သတာရဟလေးဂါထာတို့ကို ယူဆောင်လာခဲ့ကြောင်း၊ မြတ်သော အကျိုးစီးပွားနှင့်စပ်သော ထိုဂါထာတို့ကို နာကြား တော်မူပါမည့်အကြောင်းများ လျှောက်ထားသည်။ မင်းကြီးက ယနေ့ အချိန်မရသဖြင့် နက်ဖြန်မှနာကြားမည့်အကြောင်းကို မိန့်ကြားတော်မူလိုက်သည်။ ပုဏ္ဏားအတွက် တည်းခိုနေထိုင်စားသောက်ရန် အိမ်စသည်တို့ကို စီစဉ်ပေးစေတော်မူသည်။ ထို့နောက် ဥယျာဉ်တော်ရှိရာသို့ ဆက်လက်ထွက်ချီတော် မူလာလေသည်။

သုတသောမမင်းသည် မင်္ဂလာရေကန်သို့ အရောက်တွင် ဦးစွာလေးလံသော မင်းဝတ်တန်ဆာများကို ဖယ်ချွတ်၍ ဆံမုတ်ဆိတ်များကို ပြုပြင်ပြီး ပေါ့ပါးသောကိုယ်ဖြင့် ရေဆင်းချိုးကာ ပြန်တက်တော်မူလာသည်။ ထိုအချိန်တွင်မှ ပေါရိသာဒသည် ရေကန်ထဲမှ ပြေးတက်လာပြီး သုတသောမမင်းကို ဖမ်းယူကာ ပခုံးပေါ်ထမ်း၍ ပြေးထွက်လာခဲ့သည်။

ပြေးလာခဲ့သော ပေါရိသာဒသည် နောက်မှ လိုက်လာသူများမရှိကြောင်း သိသည်နှင့် ဖြည်းဖြည်းသာသာ ဆက်လျှောက်သည်။ ထိုအခါ သုတသောမမင်းက မိမိသည် နန္ဒပုဏ္ဏားနှင့် ချိန်းဆိုထားခဲ့သည့် ကတိပျက်မည်ကို စိုးရိမ်ကြောင်း၊ ထို့ကြောင့် ယင်းကတိကို ပြည့်စုံအောင် ဆောင်ရွက်ခွင့်ရရန် မိမိအား ပြန်လွှတ်ပေးပေးစေလိုကြောင်း၊ ကတိပြီးပြည့်စုံချိန်၌ မိမိပြန်လာခဲ့မည်ဖြစ်ကြောင်းဖြင့် ပြောကြားသော် ပေါရိသာဒက

http://www.dhammadownload.com



ရုတ်တရက် လက်မခံ၊ နောက်ပိုင်းတွင် ကျိန်ဆို၍ ပြောမှ သဘောတူသည်။ ပြန်လာလိုက လာပါစေ၊ မလာလိုကလည်း နေပါစေဟူသောသဘောဖြင့် ပြန်လွှတ်ပေးလိုက်သည်။

သုတသောမမင်းသည် နန်းတော်သို့ ပြန်ရောက်လာသည်နှင့် နန္ဒပုဏ္ဏားကိုခေါ်ယူလိုက်ပြီး ပလ္လင်ပေါ်၌နေစေ၍ သတာရဟ လေးဂါထာတို့ကို ဟောကြားစေသည်။ ပုဏ္ဏားသည် မိမိလက်ကို နံ့သာဖြင့် ပွတ်သပ်လိုက်သည်။ နောက် လွယ်အိတ်ထဲမှ ရွှေပေကို ထုတ်၍ ကဿပဗုဒ္ဓ ဟောကြားတော်မူခဲ့သည့် သတာရဟလေးဂါထာတို့ကို ဖတ်ကြားပြသည်။ မင်းကြီးသည် လွန်စွာပင် နှစ်ထောင်းအားရ ရှိလှသဖြင့် ထိုလေးဂါထာတို့အတွက် အသပြာလေးထောင် ပူဇော်လိုက်သည်။ ဤကိစ္စ ပြီးမြောက်သွားသည်နှင့် သုတသောမမင်းသည် နောက်နေ့နံနက်တွင် ပေါရိသာဒရှိရာသို့ ပြန်လာရာ မောင်းမများနှင့်တကွ ပြည်သူများကပါ လိုက်ပါပို့ဆောင်ကြသည်။

ညောင်ပင်အောက်သို့ သုတသောမမင်း ဝင်လာသည်ကို မြင်တွေ့လိုက်ရသောအခါ၌ကား ပေါရိသာဒသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။ သုတသောမမင်းက မိမိကိစ္စ ပြီးခဲ့ပြီဖြစ်ကြောင်း၊ ယခု မိမိကိုသတ်၍ နတ်ပူဇော်လိုက ပူဇော်နိုင်ကြောင်း၊ စားလိုကလည်း စားနိုင်ကြောင်းဖြင့် ပြောကြားရာ ဤမင်းကား သေရမည်ကို မကြောက်၊ ယင်းသို့ မကြောက်သည်မှာ သူနာကြားလာခဲ့သော ကဿပဗုဒ္ဓ ဟောတော်မူသည့် တရားတော်တို့၏ တန်ခိုးအာနုဘော်တို့ကြောင့် ဖြစ်ရမည်၊ ငါလည်း ကြောက်ခြင်းကင်းစေရန် ထိုတရားများကို နာကြားသင့်သည်ဟု ပေါရိသာဒ တွေးမိလာသဖြင့် မိမိအားလည်း ထိုတရားများကို ထပ်ဆင့်ဟောကြားပေးပါရန် သုတသောမမင်းကို တောင်းပန်သည်။

သုတသောမမင်းက ဟောကြားသော် ပေါရိသာဒသည် ထိုတရားများကို နာကြားလိုက်ရသည်နှင့် သူ့ကိုယ်အလုံးသည် ပီတိငါးပါးတို့ဖြင့် စိမ့်ထုံသွားသည်။ သုတသောမမင်းအားလည်း အဖရင်းကဲ့သို့ ထင်မှတ်လာပြီးလျှင် 'အဆွေ၊ ငါသည် ထိုတရားတို့အတွက် သင့်အား ဆုလေးပါးကို ပေးပါမည်၊ သင်လိုရာဆုများကို ယူလော့'ဟု ပြောသည်။

ထိုအခါ သုတသောမမင်းက (က) ငါသည် သင်အနှစ်တစ်ရာပတ်လုံး အနာကင်း၍ အသက်ရှည်သည်ကို မြင်လိုပါသည်၊ (ခ) ဖမ်းဆီးထားသောမင်းများကို လွှတ်ပေးပါ၊ (ဂ) ထိုမင်းများအား သူတို့နိုင်ငံသို့ ပြန်ပို့ပေးပါဟူသော ဤဆုသုံးပါးကို ဦးစွာတောင်းဆိုရာ ပေါရိသာဒသည် လွယ်ကူကျေနပ်စွာဖြင့်ပင် ပေးလိုက်သည်။ နောက်ဆုံးဆုဖြစ်သော (ဃ) သင်သည် လူသားစားခြင်းမှ ရှောင်ကြဉ်လော့ဟု ဆိုသောဆုကို ယူသောအခါ၌ကား

http://www.dhammadownload.com



ပေါရိသာဒသည် အခြားဆုကိုယူရန် ပြောသည်။ သုတသောမမင်းက မကောင်းမှု၏အပြစ်များကို ဟောပြောဆုံးမသဖြင့် နောက်ဆုံးတွင်မှ ပေါရိသာဒသည် ထိုဆုကို ပေးလိုက်သည်။

ထို့နောက် သုတသောမမင်းသည် ပေါရိသာဒအား ပဉ္စသီလ၌ တည်စေလျက် တစ်ရာသောမင်းတို့အားလည်း နှစ်ဦးအတူပင် သွားရောက်၍ လွှတ်ပေးလိုက်ကြ၏။ သုတသောမမင်းသည် ဗာရာဏသီသို့ ဦးတည်လာခဲ့ပြီးလျှင် ပေါရိသာဒကို မင်းအဖြစ်၌ ပြန်လည်တည်ရှိစေသည်။

**ဇာတ်ပေါင်း။** ။ ပေါရိသာဒ-အင်္ဂုလိမာလ။ သုတသောမမင်း-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ ရိုင်းသူကိုယဉ်စေ၍ ကြမ်းသူကိုနူးလာစေနိုင်သည်မှာ ဗုဒ္ဓတရားသာ ရှိသည်။

**အသီတိနိပါတ် ပြီးပြီ။**

http://www.dhammadownload.com

# မဟာနိပါတ်

## ဇာတ်စုစုပေါင်း-၁၀

## ၅၃၈။ တေမိယဇာတ်

### စကားမပြောသူမင်းသား

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတို့ စုဝေးမိကြစဉ် မြတ်စွာဘုရားသည် သိဒ္ဓတ္ထမင်းသားဘဝကပင် စည်းစိမ်ချမ်းသာကို လည်းကောင်း၊ မာရ်မင်း၏သမီးတော်များ ဖြားယောင်းသည်ကိုလည်းကောင်း တွန်းဖယ်နိုင်ခဲ့သည့်အကြောင်း ချီးကျူးစကား ပြောကြားနေမှုကို အကြောင်းပြုကာ ဤ အတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရှေးအခါက ဗာရာဏသီပြည် ကာသိကရာဇ်မင်း၏ မိဖုရားကြီး စန္ဒာဒေဝီသည် သားတော်တစ်ပါး ဖွားမြင်ရာနေ့၌ မိုးကြီးသည်းထန်စွာရွာ၍ လူအများ ဝမ်းမြောက်ကြသောကြောင့် တေမိယမင်းသားဟု အမည်ပေးသည်။

တစ်လသားအရွယ်တွင် ခမည်းတော်ကြီးက ခိုးသားလေးယောက်ကို အပြစ်ပေးစီရင်သည်။ ထိုမြင်ကွင်းကြောင့် သံဝေဂရလျက် မင်းအဖြစ်ကို စက်ဆုပ်နေ၏။ ဘဝဟောင်းက မယ်တော် ထီးဖြူစောင့်နတ်သမီး၏ အကြံပေးချက်အရ မင်းပြုရမည်ကို ကြောက်သောကြောင့် ဆွံ့အ နားထိုင်းဟန်ဆောင်၍ နေခဲ့သည်။

ခမည်းတော် မယ်တော်တို့က ငယ်စဉ်မှစ၍ နို့ဖြတ်ထားခြင်း၊ စားချင်စဖွယ်မုန့်များ၊ သစ်သီးများပြ၍ စမ်းသပ်ခြင်း၊ ကစားစရာများဖြင့် စမ်းသပ်ခြင်း၊ မီးပုံဝိုင်း၍ စမ်းသပ်ခြင်း၊ ဆင်ဖြင့် ခြိမ်းခြောက်၍ စမ်းသပ်ခြင်း စသည်ဖြင့် စကားပြောလာစေရန် အနည်း

http://www.dhammadownload.com



နည်းဖြင့် စမ်းသပ်ကြသည်။ တေမိယမင်းသားသည် စကားလုံးဝမပြောဘဲ သည်းခံချုပ်တည်း၍သာ နေသည်။ ထိုမှတစ်ဆင့် တစ်နှစ်ပြီးတစ်နှစ် ကြီးပြင်းလာတိုင်း တစ်နည်းစီပြောင်း၍ အလိုစမ်းကြသည်။ မြွေဖြင့်လည်းကောင်း၊ ကပွဲများဖြင့် လည်းကောင်း၊ ဆိမ်းရောင်ကွယ်၍ လည်းကောင်း၊ တင်လဲဖြင့် လည်းကောင်း။ မစင်ဖြင့် လည်းကောင်း၊ အငြိမ့်မင်းသမီးဖြင့်လည်းကောင်း အဆင့်ဆင့် အလိုစမ်းသော်လည်း မင်းသားသည် စကားလုံးဝမပြောချေ။

မင်းကြီးသည် စိတ်ပျက်၍ ပုဏ္ဏားတို့ အကြံပေးချက်အရ သတို့သားကို မြေမြှုပ်၍ သတ်ရန် သုနန္ဒရထားမှူးထံ အပ်လိုက်သည်။ ရထားမှူးက တောသို့ ခေါ်ယူသွားပြီး မြေမြှုပ်ရန် တွင်းကိုတူးလေသော် တေမိယမင်းသားက စကားပြောရန် အချိန်သင့်ပြီဟု ယူဆကာ မိတ္တပူဇာတရားဆယ်ပါးကို ဟောကြားသည်။

ရထားမှူးသည် ထိုအကြောင်းကို မင်းကြီးအား အကြောင်းစုံ သံတော်ဦးတင်လေရာ မယ်တော်၊ ခမည်းတော်တို့ လိုက်လာကြသည်။ မင်းသားလည်း ရဟန်းပြုပြီးဖြစ်၍ ထီးနန်းကိုလက်မခံဘဲ တော၌သာ တရားအားထုတ်နေလေတော့သည်။ ခမည်းတော်၊ မယ်တော်နှင့် ပြည်သူပြည်သားများသာမက ပြည်နီးချင်း ခုနစ်ပြည်ထောင်မင်းများပါ ရဟန်းပြုကြလေသည်။

ဇာတ်ပေါင်း။ ။ ထီးဖြူစောင့်နတ်သမီး-ဥပ္ပလဝဏ်ထေရီ။ တေမိယမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ မိမိ၏ရည်ရွယ်ချက်အောင်မြင်ရန် ခြောက်လည်းမကြောက်ရ၊ မြှောက်လည်း မမြှောက်ရပေ။

---

# ၅၃၉။ မဟာဇနကဇာတ်

## ဝီရိယ အကျိုးခံစားရသူ

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်တို့ စုဝေးမိကြပြီး မြတ်စွာဘုရား၏ တောထွက်တော်မူပုံကို ချီးမွမ်းအံ့သြကြသည်။ ထိုအခါ မြတ်စွာဘုရားက ယခုမှသာမက ရှေးဘဝကလည်း တောထွက်ခဲ့ဖူးပုံကို အကြောင်း ပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု။**

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိထိလာပြည်တွင် မဟာဇနကမင်းကြီး နတ်ရွာစံလျှင် သားတော်ကြီး အရိဋ္ဌဇနက မင်းပြု၍ သားတော်ငယ် ပေါလဇနကသည် အိမ်ရှေ့စံအရာ ရသည်။ နောင်တော်မင်းသည် သူတစ်ပါး ကုန်းချောမှုကြောင့် ညီတော်ကို မယုံကြည်၍ ဖမ်းဆီးရာမှ ညီနောင်နှစ်ဦး စစ်ပြိုင်ကြသည်။ နောင်တော်စစ်ရှုံး၍ စစ်ပွဲ၌ကျလေလျှင် မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာဖြင့် သူဆင်းရဲအသွင်ဆောင်၍ ထွက်ပြေး တိမ်းရှောင်ရသည်။

မိဖုရားကြီးသည် ကာလစမ္ပာနကိုရ်ပြည်သို့ရောက်သော် ဒိသာပါမောက္ခဖြစ်သော ဥဒိစ္စပုဏ္ဏားကြီးက ပြုစုစောင့်ရှောက်ထားရာ အချိန်ရောက်လျှင် သားတော်ကို ဖွားမြင်၍ မဟာဇနကဟု အမည်ပေးထားသည်။

မင်းသားအရွယ်ရောက်လျှင် ခမည်းတော်၏ မိထိလာပြည်ကို ပြန်သိမ်းနိုင်ဖို့ ဥစ္စာရရှိရေးအတွက် သင်္ဘောဖြင့် ကုန်ကူးထွက်ရန် မယ်တော်ထံ ခွင့်တောင်းသည်။ မယ်တော်က တားမြစ်သော်လည်း တောင်းပန်၍ သင်္ဘောထွက်ခဲ့ရာ ပင်လယ်တွင် လေပြင်းကျသောကြောင့် သင်္ဘောနစ်လေသည်။ မင်းသားလည်း လုံ့လထုတ်၍ ပင်လယ်တွင် ကူးခတ်ရာ ပင်လယ်စောင့် မဏိမေခလာနတ်သမီးက ဆယ်တင်၍ မိထိလာပြည် ကျောက်ဖျာထက်၌ ထားခဲ့လေသည်။

ပေါလဇနကမင်း နတ်ရွာစံသည်မှာ ခုနစ်ရက်ရှိပြီဖြစ်၍ သမီးတော် သီဝလိဒေဝီ တစ်ပါးသာ ကျန်ခဲ့သဖြင့် မင်းလောင်းရှာဖွေရန် ဖုဿရထားကို စေလွှတ်ကြသည်။ ရထားသည် မင်းသားအိပ်စက်ရာ ကျောက်ဖျာ၌ဆိုက်၍ မင်းသားကို နန်းတော်သို့ ခေါ်ဆောင်သွားသည်။ ထို့နောက် မင်းသား ရာဇပလ္လင်၏ ခေါင်းရင်းဘက်ကို ပြနိုင်ခြင်း၊ လေးတော်တင်နိုင်ခြင်း၊ ရွှေအိုးတစ်ဆယ့်ခြောက်လုံးကို ဖော်ပေးနိုင်ခြင်းတို့ကြောင့် ဘုန်းကံရှင်မှန်းသိ၍ နန်းတင်ကြသည်။ တစ်နေ့သော် မင်းကြီးသည် သရက်ဥယျာဉ်သို့ ထွက်ရာမှ သံဝေဂရ၍ တောထွက်ကာ တရားကျင့်ပြီး နေလေသည်။

| | |
|---|---|
| ဇာတ်ပေါင်း။ | ။ မဏိမေခလာနတ်သမီး-ဥပ္ပလဝဏ်။ ယခင်ဘဝမယ်တော်၊ ခမည်းတော်များ-ယခုမယ်တော်၊ခမည်းတော်များ။ မဟာဇနကမင်းကြီး-ဗုဒ္ဓ။ |
| အနှစ်ချုပ်။ | ။ လုံ့လဝီရိယအကျိုးကား ဘယ်အခါမှ အလဟဿမဖြစ်။ |

http://www.dhammadownload.com



# ၅၄၀။ သုဝဏ္ဏသာမဇာတ်

## သစ္စာတရား၏အကျိုးကြီးမားပုံ

### ပစ္စုပ္ပန်ဝတ္ထု

ဗာရာဏသီပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်များ စုဝေးကြစဉ် သူဌေးသား ရဟန်းတစ်ပါးသည် ဆင်းရဲသွားသောမိဘများအား ရဟန်းအဖြစ်ဖြင့်ပင် ဆွမ်းခံ၍လုပ်ကျွေးသည်ကို ရဟန်းတို့ ကဲ့ရဲ့ကြသောအခါ မြတ်စွာဘုရားက မိမိလည်း ရှေးရှေးဘဝက ရဟန်းအဖြစ်နှင့် မိဘများအား လုပ်ကျွေးခဲ့ဖူးပုံကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ဗာရာဏသီပြည်အနီး မြစ်ကမ်းတစ်ဖက်ရှိ တံငါရွာသူကြီးတစ်ဦး၏သား ဒုကူလကို အခြားတံငါသည် ရွာသူကြီးတစ်ဦး၏သမီး ပါရိကာနှင့် နှစ်ဖက်မိဘတို့ ကတိရှိသည့်အတိုင်း လက်ထပ်ပေးကြသည်။

ဒုကူလနှင့် ပါရိကာတို့သည် ပါရမီရှင်များပီပီ အိမ်ထောင်မှုကို စက်ဆုပ်၍ တောထွက်ကာ ရသေ့ဝတ်နေကြသည်။ သိကြားမင်းက ရသေ့တို့သည် တစ်နေ့နေ့တွင် မျက်စိကွယ်မည်ကို သိသဖြင့် လုပ်ကျွေးမည့် သားသမီးရစေရန် ပါရိကာ၏ချက်ကို လက်ဖြင့် သုံးသပ်စေရာမှ သားတော် သုဝဏ္ဏသာမကို ဖွားမြင်ခဲ့သည်။

တစ်နေ့တွင် ဒုကူလနှင့်ပါရိကာတို့ တောင်ပို့တစ်ခု၌ မိုးခိုနေရာ မြွေအခိုးမှုတ်သဖြင့် မျက်စိကွယ်ကြရသည်။ သားသုဝဏ္ဏသာမက လိုက်လံရှာဖွေ၍ ကျောင်းသို့ ခေါ်လာပြီး ဆက်လက်လုပ်ကျွေးပြုစုသည်။

တစ်နေ့သော် သုဝဏ္ဏသာမသည် သမင်များနှင့်အတူ ရေခပ်ဆင်းရာ တောကစား ထွက်လာသော ဗာရာဏသီပြည့်ရှင် ပီဠိယက္ခမင်းက လူလော၊ နတ်လော၊ နဂါးလောဟု သိလိုစိတ်ကြောင့် မြားဖြင့် ပစ်လိုက်သည်။ သုဝဏ္ဏသာမသည် မြားထိ၍ လဲကျသွားသည်။ မင်းကြီးက ပြေးသွားလျက် အကျိုးအကြောင်း မေးမြန်းသည့်အခါ မျက်မမြင်မိဘများကို လုပ်ကျွေးနေကြောင်း သိရ၍ စိတ်မကောင်းဖြစ်သွားသည်။ သုဝဏ္ဏသာမကမူ မြားဆိပ်ကြောင့် မေ့မြောသွားသည်။

ထိုအခါ ရှေးခုနစ်ဘဝက သုဝဏ္ဏသာမ၏ မိခင်ဖြစ်ဖူးခဲ့သော ဗဟုသုန္ဒရီနတ်သမီး ရောက်လာ၍ မင်းကြီးအား သုဝဏ္ဏသာမ၏ မိဘများထံ သွားရောက်လုပ်ကျွေးရန် တိုက်တွန်းစေလွှတ်သည်။ မိဘများထံရောက်လျှင် မင်းကြီးက အကြောင်းစုံပြောပြ၍ ဒုကူလနှင့်

http://www.dhammadownload.com



ပါရိကာတို့ကို သုဝဏ္ဏသာမရှိရာသို့ ခေါ်ဆောင်လာခဲ့ရာ မိဘများက ငိုကြွေးကြသည်။ တစ်ဦးစီလည်း သစ္စာတိုင်တည်ကြသည်။ နတ်သမီးကလည်း သစ္စာတိုင်တည်သည်။ ထိုအခါ သုဝဏ္ဏသာမလည်း အကောင်းပကတိ ပြန်ဖြစ်သွားကာ မိဘများလည်း မျက်စိမြင်သွားကြသည်။ ထို့နောက် သုဝဏ္ဏသာမက အားလုံးတို့အား တရားဟောပြောသည်။

**ဇာတ်ပေါင်း။** ။ ပိဠိယက္ခမင်း-အရှင်အာနန္ဒာ။ ဗဟုသုန္ဒရီနတ်သမီး-ဥပ္ပလဝဏ်။ သိကြားမင်း-အနုရုဒ္ဓါ။ ဒုကူလ-အရှင်မဟာကဿပမထေရ်။ ပါရိကာ-ဘဒ္ဒကာပိလာနီ ထေရီ။ သုဝဏ္ဏသာမ-ဗုဒ္ဓ။

**အနှစ်ချုပ်။** ။ သစ္စာနှုတ်သီး မန္တန်ကြီးကား သေပြီးသော်မှ ရှင်ပြန်ရ၏။

---

# ၅၄၁။ နေမိဇာတ်

## ငရဲခန်းနှင့်နတ်ဘုံများကို မြင်တွေ့ခဲ့ရသူ

### ပစ္စုပ္ပန်ဝတ္ထု

တစ်နေ့ညချမ်းတွင် မြတ်စွာဘုရားသည် ရှေးဘဝသံသရာက မင်းဖြစ်ခဲ့ဖူးသော နေရာ အရပ်သို့ ရောက်သော် ပြုံးတော်မူ၏။ ပြုံးတော်မူရသည့်အကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်ထား၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရှေးအခါ၌ ဝိဒေဟရာဇ်တိုင်း မိဓိလာပြည်တွင် မဃဒေဝမင်းမျိုးတို့ မင်းပြုကြသည်။ ထိုမင်း၏ သားမြေးအစဉ်တို့သည် မိမိ၏ဦးခေါင်းပေါ်၌ ဆံဖြူတစ်ချောင်းမြင်လျှင် တောထွက်ကြသည်။ ဗြဟ္မာ့ပြည်ရောက် မဃဒေဝမင်းကြီးသည် ထိုမင်းမျိုးတွင် သန္ဓေယူကာ နေမိမင်းသားအဖြစ် ဖွားမြင်လာလေသည်။

အရွယ်ရောက်၍ မင်းဖြစ်သော် ဒါနကမြတ်သလော၊ သီလကမြတ်သလောဟူသော ပြဿနာကို မဖြေနိုင်ဖြစ်နေရာ သိကြားမင်းက သီလကမြတ်ကြောင်း လာရောက်ရှင်းပြသည်။ ထို့နောက် သိကြားမင်းပြန်၍ တာဝတိံသာပြည်ရောက်လျှင် နေမိမင်းကြီး

http://www.dhammadownload.com



အကြောင်းကို သုဓမ္မာသဘင်၌ ပြောပြရာ နတ်အပေါင်းက နေမိမင်းကြီးကို ဖူးမြင်လိုကြောင်း တောင်းပန်သဖြင့် နတ်ပြည်သို့ ပင့်ဆောင်သည်။

မာတလိနတ်သားသည် နေမိမင်းကြီးအား ငရဲပြည်မှ ဖြတ်သန်းခေါ်ဆောင်ရာ ကြိမ်ပိုက်ချောင်း ငရဲ၊ ခွေးကျားကြီး ငရဲ၊ မီးတောက် ငရဲ၊ မီးကျီးတွင်း ငရဲ၊ သံအိုး ငရဲ၊ ပြာပူမြစ် ငရဲ၊ လက်နက် ငရဲ၊ ဦးစောက်ကျ ငရဲနှင့် လက်ပံတော ငရဲဘုံများကို ဖြတ်သန်းသွားရလေသည်။ ငရဲသားတို့သည် သူတို့အကုသိုလ်အလျောက် ခံစားရပုံများကို နေမိမင်းကြီးအား မာတလိနတ်သားက ရှင်းပြသည်။

ထို့နောက် ရထားဖြင့် ကောင်းကင်ခရီးနှင်လေရာ တောင်စဉ်ခုနစ်ထပ်သို့ မရောက်မီ နတ်တို့၏အမျိုးမျိုးသောဗိမာန်တို့ကို ဖြတ်သန်းရ၍ မည်သည့်ကောင်းမှု ပြုခဲ့၍ မည်သို့ခံစားရပုံများကို မာတလိနတ်သားက မင်းကြီးအား ရှင်းပြသည်။

ထို့နောက် သိကြားမင်းက ကြာမြင့်သဖြင့် အမြန်လာရန် မာတလိနတ်သားကို ခေါ်ယူသောကြောင့် စတုမဟာရာဇ်နတ်ဘုံကိုဖြတ်ကာ တာဝတိံသာနတ်ဘုံ သိကြားမင်းထံ ရောက်ရှိလေသည်။ ထို့နောက် မင်းကြီးသည် နတ်ပရိသတ်အား ဒါန၊ သီလအကျိုးများကို ဟောပြောကာ လူ့ပြည်သို့ ဆင်းသက်ခဲ့ပြီး လူအများကို ပြန်ပြောင်းပြောပြသည်။ တတိယ အရွယ်ရောက်၍ ဆံဖြူတစ်ချောင်းမြင်လျှင် တောထွက်တော်မူသည်။

ဇာတ်ပေါင်း။ ။ သိကြားမင်း-အနုရုဒ္ဓါ။ မာတလိနတ်သား-အရှင်အာနန္ဒာ။ မယ်တော်-မဟာမာယာဒေဝီ။ နေမိမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဆန်းကြယ်သောအရာတို့တွင် ကံတရား၏အကျိုးပေးသည် အဆန်းကြယ်ဆုံးဖြစ်သည်။

---

## ၅၄၂။ မဟာဥမင်္ဂ(မဟောသဓာ)ဇာတ်

### ပညာဖြင့်အောင်စေနိုင်သူ

**ပစ္စုပ္ပန်ဝတ္ထု၊**

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ရဟန်းတော်တို့ စုဝေးမိကြစဉ် မြတ်စွာဘုရား၏ ပညာပါရမီတော်ကို ချီးမွမ်းတော်မူကြရာမှ ရှေးကာလကပင် ပညာရှိခဲ့ဖူးခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု**

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိမိလာပြည့်ရှင် ဝိဒေဟရာဇ်မင်းကြီး၌ သေနက၊ ပက္ကုသ၊ ကာမိန္ဒနှင့် ဒေဝိန္ဒဟူ၍ အမတ်ကြီးလေးဦးရှိသည်။ မြို့တော်အနီး ပါစီနယဝ မဇ္ဈဂုံးရွာ၌ သိရိဝဍ္ဎ သူဌေးနှင့် သုမနာဒေဝီတို့မှ သားတစ်ယောက် ဖွားမြောက်ရာ မဟောသဓာဟု အမည်ပေးကြသည်။ မင်းကြီးသည် အိပ်မက်အရ အရပ်ရပ်တွင် ပညာရှာစေရာ ကလေးဘဝ မဟောသဓာ ကြီးကြပ်ဆောက်လုပ်သည့် ဇရပ်ကို တွေ့မြင်ရလေသဖြင့် မဟာသဓာကို စောင့်ကြည့်ကြသည်။

မဟောသဓာကား ဉာဏ်ပညာထူးခြားလှ၍ အမဲသား ချီသွားသော စွန်ကိုလိုက်၍ ခြောက်လှန့်ပေးခြင်း၊ နွားခိုးသူကို ဖော်ထုတ်ပေးခြင်း၊ လည်ရွဲခိုးမှု၊ ချည်ထွေးခိုးမှု၊ သားလုမှုနှင့် မယားလုမှုတို့ကို စီရင်ဆုံးဖြတ်ပေးနိုင်ခြင်း၊ ရထားခိုးမှု၊ ရှားလုံးတံ အရင်းအဖျားဖော်မှု၊ ဦးခေါင်းခွံ ခွဲခြားမှု၊ မြွေဖိုမြွေမ ခွဲခြားမှု၊ မင်းကြီး၏ ကြက်ပြဿနာ၊ ရေကန်ပြဿနာနှင့် မြည်းပြဿနာများကိုလည်း ဖြေရှင်းပေးနိုင်ခဲ့သည်။

မဟောသဓာအား မင်းကြီး၏ မိဖုရား ဥဒုမ္ဗရဒေဝီက ကောက်ယူမွေးစားခဲ့သည်။ အရွယ်ရောက်လျှင် ဥတ္တရာယဝမဇ္ဈဂုံးရွာမှ အမရာနှင့် လက်ထပ်ပေးကြသည်။ မဟောသဓာက ပညာသာ၍ မှူးမတ်များက ကုန်းချောသဖြင့် အကြိမ်ကြိမ်တိမ်းရှောင်ရပြီး ခက်ခဲသောပြဿနာပေါ်သည့်အခါ မဟောသဓာကိုသာ ရှာဖွေဖြေရှင်းနိုင်းရသည်။

ထိုအခါ ကပိလတိုင်း ပဥ္စာလရာဇ်ပြည် စူဠနီဗြဟ္မဒတ်မင်း၌ ကေဝဋ္ဋအမည်ရှိအမတ်တစ်ဦးရှိသည်။ ထိုမင်းမက ဝိဒေဟရာဇ်ပြည်ကို သိမ်းလိုသဖြင့် ဝိဒေဟရာဇ်မင်းအား သမီးတော်ပေးဆက်လိုကြောင်း ဖိတ်ကြားကာ ပွဲသဘင်၌ အဆိပ်ခတ်၍ သတ်ရန် စီစဉ်သည်။ မဟောသဓာက သူလျှိုမှတစ်ဆင့် အဖြစ်မှန်သိ၍ သူရဲတစ်ထောင်ကို လွှတ်ကာ အဆိပ်ပါအရက်အိုးများကို ခွဲပစ်စေသည်။ စူဠနီဗြဟ္မဒတ်မင်း စစ်ချီလာသော် မဟောသဓာသည် ကျေးသားအကူအညီဖြင့်သတင်းယူ၍ ဥမင်လိုဏ်ခေါင်းတူးကာ ပဥ္စာလရာဇ်မင်း၏ မိသားစုကို ဖမ်းထားသည်။ ပဥ္စာလရာဇ်မင်းက ဝိဒေဟရာဇ်ပြည်ကို ထပ်မံ ဝိုင်းရံသော်လည်း သူ၏ မိဖုရား၊ သားတော်နှင့် သမီးတော်များ ရန်သူ့လက်တွင်းရှိနေ၍ အရှုံးပေးလိုက်ရသည်။ မဟောသဓာလည်း ဆုလာဘ်များ ရရှိသည်။ နှစ်ပြည်ထောင်လည်း သင့်မြတ်သွားသည်။

**ဇာတ်ပေါင်း။** ။ **အမရာဒေဝီ-ရာဟုလာမယ်တော် ဗိမ္ဗာထေရီ။**

**သေနကအမတ်- အရှင်မဟာကဿပ။ ပက္ကုသ-အမ္ဗဋ္ဌလုလင်။**

http://www.dhammadownload.com



ကာမိနွအမတ်-ကူရုဓန္တပုဏ္ဏား။
ဇေဝိနွအမတ်-ဝိလောတိကလုလင်။ မဟောသဓာသုခမိန်-ဗုဒ္ဓ။
အနှစ်ချုပ်။ ။ပညာနှင့်တူသော အစွမ်းထက်သည့်အရာမရှိ။

---

# ၅၄၃။ ဘူရိဒတ္တဇာတ်

## သီလဆောက်တည်သူ နဂါးမင်း

### ပစ္စုပ္ပန်ဝတ္ထု

သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်တွင် ဥပုသ်သည် ဒါယကာတို့ ဥပုသ်ဆောက်တည်ပြီး မြတ်စွာဘုရားထံ တရားနာလာကြရာ ရှေးရှေးကလည်း ပညာရှိတို့သည် ဆရာမရှိဘဲလျက်ပင် စည်းစိမ်ကို စွန့်၍ ဥပုသ်ဆောက်တည်ပုံကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရှေးအခါက ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံစဉ် အိမ်ရှေ့အရာ ထားသော သားတော်သည် မင်းကြီးကို အန္တရာယ်ပြုမည်စိုးသောကြောင့် တောသို့ပို့လျက် ရသေ့ပြု နေစေသည်။ တစ်နေ့သောအခါ နဂါးပြည်မှ နဂါးမရောက်လာ၍ ရသေ့နှင့် သင့်မြတ်ကာ သား သာဂရနှင့် သမီးသမုဒ္ဒဇာတို့ ဖွားမြင်လာသည်။ ခမည်းတော်နတ်ရွာစံ၍ မင်းသား တိုင်းပြည်သို့ပြန်လာသော် နဂါးမကို မိဖုရားအဖြစ် စံမြန်းရန် ခေါ်သော်လည်း နဂါးမကား မလိုက်ဘဲ နဂါးပြည်သို့ ပြန်လေသည်။

ထိုအခါ လိပ်တစ်ကောင်သည် နဂါးပြည်သို့ ရောက်သွားပြီး သူ့ကိုသူ တမန်ဟု လိမ်လည်ပြောဆိုရာမှ ဓတရဋ္ဌနဂါးမင်းက တမန်ဟုဆိုသူလိပ်မှတစ်ဆင့် မင်းကြီး၏သမီး သမုဒ္ဒဇာကို တောင်းသည်။ သမုဒ္ဒဇာကို နဂါးမင်း၏တောင်းဆိုချက်အရ နဂါးပြည်သို့ ဆက်လေရာ သုဒဿန၊ ဒတ္တ၊ သုဘောဂ၊ အရိဋ္ဌဟူသော သားတော်လေးပါး ဖွားမြင်သည်။ သားတော်လေးပါး အရွယ်ရောက်လျှင် နဂါးပြည်ကို ငါးပိုင်းပိုင်း၍ အသီးသီးစံစေသည်။ ဒတ္တသည် ပြဿနာများဖြေနိုင်၍ ဘူရိဒတ် အမည်ရလေသည်။

ဘူရိဒတ်သည် သိကြားမင်းဖြစ်လိုသောကြောင့် ခွင့်ပန်ကာ ဥပုသ်စောင့်လေသည်။ ထိုအခါ ဗာရာဏသီပြည်အနီးနေ နေသာဒပုဏ္ဏားသားအဖကို နဂါးပြည်ခေါ်သွားလျက်

http://www.dhammadownload.com



ပြုစုထားသည်။ ပုဏ္ဏားပြန်လိုသော် ပတ္တမြားကိုပေးရာ ပုဏ္ဏားကမယူဘဲ ဗာရာဏသီသို့ ပြန်လေသည်။

တစ်နေ့တွင် ပုဏ္ဏားတစ်ယောက်သည် ရသေ့ထံမှ မန္တန်နှင့်တကွ အလမ္ပာယ် အတတ်ကိုရ၍ ဘူရိဒတ်၏ နဂါးမများ ပျော်စံရာသို့လာရာ နဂါးမများ ထွက်ပြေးကြသော်လည်း ပတ္တမြားကို ရလိုက်လေသည်။ ထိုသူ့ထံမှ ပတ္တမြားကို နေသာဒပုဏ္ဏားမြင်လျှင် ရလိုပြန်သဖြင့် ဘူရိဒတ်နဂါး၏ နေရာကို ပြလိုက်လေသည်။ ဘူရိဒတ်၏မယ်တော်နှင့် ညီတော်များက လိုက်ရှာသော် မတွေ့ရချေ။ အလမ္ပာယ်နောက်သို့ သုဒဿနလိုက်ရာ ဗာရာဏသီ နန်းရင်ပြင်၌ ပြန်တွေ့ရသည်။ သုဒဿနက ရသေ့အသွင်ဖြင့် ဘူရိဒတ်၏ နှမဝမ်းကွဲ အဇမုခီက ဖားယောင်ဆောင်ကာ ပုဏ္ဏားနှင့် အလောင်းအစားတိုက်ရာ ပုဏ္ဏားရှုံး၍ ဘူရိဒတ်ကို လွှတ်လိုက်ရသည်။ ဘူရိဒတ်နှင့် နဂါးများ နဂါးပြည်တွင် ပြန်၍ဆုံမိကြသည်။ ပုဏ္ဏားကို နဂါးပြည်သို့ ခေါ်ဆောင်သွားပြီး သုဘောဂက ယစ်ပူဇော်ခြင်းကို ချီးကျူးသဖြင့် ဘူရိဒတ်က အမြင်မှန်ရအောင် တရားဟောကြားသည်။

ဇာတ်ပေါင်း။ ။ အဇမုခီ-ဥပ္ပလဝဏ်၊ သုဒဿန-အရှင်သာရိပုတ္တရာ၊ သုဘောဂ-အရှင်မဟာမောဂ္ဂလာန်၊ အရိဋ္ဌ-သုနက္ခတ်၊ နေသာဒမုဆိုး-ဒေဝဒတ်၊ နဂါးမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ အဓိဋ္ဌာန်ဖြင့် ပါရမီဖြည့်ကြသည်မှာ ဘုရားအလောင်းတော်တို့၏ ဓမ္မတာ။

---

# ၅၄၄။ စန္ဒကုမာရဇာတ်

## အမှန်တရားကိုသာ စိုးရင်သူ

ပစ္စုပ္ပန်ဝတ္ထု

ဒေဝဒတ်သည် အဇာတသတ်မင်းကြီးထံ အကူအညီတောင်းလျက် လေးသမားလက်ရွေးစင် သုံးကျိပ်တစ်ယောက်ဖြင့် ဘုရားရှင်ကိုသတ်ရန် ကြံစည်သည်။ လေးသမားများသည် မြတ်စွာဘုရား၏ တရားတော်ကို နာကြားရ၍ ဒေဝဒတ်၏အကြံများ ပျက်ရမှုနှင့် စပ်လျဉ်းကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

http://www.dhammadownload.com



**အတိတ်ဝတ္ထု၊**

ရှေးအခါက ပုပ္ဖဝတီမည်သောဗာရာဏသီပြည်ဟောင်းတွင် ဝသဝတ္တိမင်းသား၏ သား မင်းပြုရာ ထိုမင်း၏သား စန္ဒကုမာရသည် အိမ်ရှေ့မင်း ဖြစ်လာသည်။ ထိုမင်း၌ ခဏ္ဍဟာလပုဏ္ဏားအမတ်ရှိရာ ထိုအမတ်သည် တရားဆုံးဖြတ်ရာ၌ လာဘ်စားလေ့ရှိကာ မမှန်မကန်လည်း ဆုံးဖြတ်လေ့ရှိသည်။

တစ်ခါတွင် မတရားသဖြင့်တရားရှုံးခဲ့ရသူတစ်ဦး၏ အမှုကို စန္ဒကုမာရက မှန်ကန်စွာ စီရင်ပေးရာ ခမည်းတော်မင်းကြီးက ပုဏ္ဏားအား ရာထူးချကာ စန္ဒကုမာရမင်းသားကို လွှတ်တက်စီရင်စေသဖြင့် ခဏ္ဍဟာလပုဏ္ဏားက အငြိုးဖွဲ့တော့သည်။

တစ်နေ့တွင် မင်းကြီးသည် တာဝတိံသာနတ်ပြည်သို့ရောက်လိုသဖြင့် ပုဏ္ဏားထံ အကြံတောင်းခံသောအခါ ပုဏ္ဏားက သားတော်လေးပါး၊ သမီးတော်လေးပါး၊ မိဖုရားကြီး လေးပါး၊ သူဌေးကြီးလေးဦး၊ ဆင်လေးစီး၊ မြင်းလေးစီး၊ နွားလားဥဿဘ လေးစီး တို့ဖြင့် ယဇ်ပူဇော်ရန် တိုက်တွန်း၍ ပူဇော်ရန် ပြင်ဆင်ထားသည်။

မင်းကြီး၏ မယ်တော် ခမည်းတော်နှင့် ပြည်သူပြည်သားတို့က စိတ်မချမ်းမသာ ဖြစ်ကြ၍ ဝင်ရောက်တောင်းပန်ကြသည်။ စန္ဒကုမာရမင်းသားကလည်း မိမိကို ပုဏ္ဏား ရန်ညှိုးဖွဲ့ရန် ကြံစည်ကြောင်း သိရသဖြင့် တရားဟောပြော တောင်းပန်သည်။ မင်းကြီး လည်း သနားပြီး အချို့ကို ပြန်လွှတ်လိုက်၊ တစ်ဖန် ပြန်၍ ဖမ်းလိုက်နှင့် အကြိမ်ကြိမ် စိတ်မတည်မကျ ဖြစ်နေသည်။

နောက်ဆုံး ယဇ်ပူဇော်မည့်သူအားလုံး ယဇ်တွင်းသို့ ဆောင်ယူလေသော် မိဖုရား ဂေါတမီက တောင်းပန်သော်လည်း မရပေ။ မင်းသားတို့၏လည်ကို ဖြတ်တော့မည့် ဆဲဆဲတွင် မင်းသား၏ အိမ်ရှေ့မိဖုရား စန္ဒာဒေဝီက သစ္စာပြု၍ နတ်အပေါင်းတို့ကို တိုင်တည်သဖြင့် သိကြားမင်းသိရ၍ ရဲရဲတောက် လှံတံကိုဝင့်လျက် ပုဏ္ဏားအား ခြိမ်းခြောက် လေသည်။ ထိုအခါမှ သတ်အံ့ဆဲဆဲလူနှင့် ဆင်မြင်းတို့ ချမ်းသာရာ ရကြသည်။ ပြည်သူ တို့က မင်းတို့ကိုဖယ်၍ စန္ဒကုမာရကို ထီးနန်းအပ်ကြရာ ခမည်းတော်အား အဝတ်အစား ထောက်ပံ့ကာ ဆက်လက်မင်းပြုလေသည်။

ဇာတ်ပေါင်း။ ။ အိမ်ရှေ့မင်းညီတော်များ-အရှင်မဟာကဿပ၊
ရှင်မဟာမောဂ္ဂလာန်။ အရှင်သာရိပုတ္တရာ။
မယ်တော်ဂေါတမီ-မဟာမာယာဒေဝီ။
စန္ဒာဒေဝီ-ယသော်ဓရာ။ စန္ဒကုမာရမင်းသား-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ သူတော်ကောင်းကို နတ်ကောင်းစောင်မမြဲ။

http://www.dhammadownload.com



# ၅၄၅။ နာရဒဇာတ်

## အမြင်မှန်ရသွားသူ

### ပစ္စုပ္ပန်ဝတ္ထု

တစ်နေ့တွင် ပုဏ္ဏားသူကြွယ်တို့က ဥရုဝေဠကဿပသည် မြတ်စွာဘုရား၏ တပည့်လော၊ မြတ်စွာဘုရားသည် ဥရုဝေဠကဿပ၏ တပည့်လောဟု သံသယဖြစ်ကြရာ ဥရုဝေဠကဿပက မိမိသာ ဘုရားရှင်၏တပည့်ဖြစ်ကြောင်း တန်ခိုးပြလျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

### အတိတ်ဝတ္ထု

ရှေးအခါက ဝိဒေဟရာဇ်တိုင်း မိထိလာပြည်၌အင်္ဂတိမင်းကြီးတွင် အဆင်းလှသော သမီးတော် ရုဇာဒေဝီရှိ၍ မင်းသမီးအား ဘုံခုနစ်ဆင့် ပြာသာဒ်၌ထားပြီး အလှူပေးရန် ဝ၁စ်လခွဲလျှင် တစ်ကြိမ်ကျ ဥစ္စာတစ်ထောင်ပေးသည်။

တစ်နေ့ မင်းကြီးသည် သာယာသော တန်ဆောင်မုန်းလပြည့်ညတွင် မည်သည့် အမှုကို ဆောင်ရွက်ရန် သင့်မည်ကို အမတ်တို့အား မေးရာ တရားဆွေးနွေးရန် အတွက် အလာတအမတ်ကြီးက တိတ္ထိတို့ထံ ဆည်းကပ်ရန် အကြံပေးသည်။ မင်းကြီး လည်း ကဿပတက္ကတွန်းကို ဆည်းကပ်ရာ အလှူသည် အကျိုးမရှိ၊ မီး၊ မြေ၊ ရေ၊ လေ၊ ချမ်းသာ၊ ဆင်းရဲ၊ အသက်တို့မြဲသည် စသည်ဖြင့် တက္ကတွန်းက ဟောပြောသည်။

မင်းကြီးလည်း သို့ဖြစ်လျှင် ကာမဂုဏ်စည်းစိမ်ခံစား၍ နေတော့မည်ဟု ဆုံးဖြတ်ကာ ပြည်အရေးကို အမတ်တို့အားလွှဲလျက် အလှူဇရပ်ကို ဖျက်ဆီးပြီး မိန်းမပျိုများကို အနိုင် အထက်သိမ်းယူ လေရာ ပြည်သူတို့ မကျေမနပ်ဖြစ်ကြသည်။ ထိုအကြောင်းကို သမီးတော် ရုဇာဒေဝီမင်းသမီးသိလျှင် ခမည်းတော်အား သူမိုက်တို့ကို ဆည်းကပ်သည်မှာ မှားကြောင်း၊ ကောင်းမှုအကျိုးကြောင့် စံရသကဲ့သို့ မကောင်းမှုအပြစ်ကိုလည်း ခံရမည်သာဖြစ်ကြောင်း၊ မိမိသည် အတိတ်ဘဝက ရွှေပန်းထိမ်သည်၏သားဖြစ်စဉ် သူတစ်ပါး သားမယားကို ပြစ်မှားမိခဲ့၍ ဘဝအဆက်ဆက် သင်းကွပ်ခံရပြီး မိန်းမအဖြစ် ခုနစ်ဘဝ ခံစားရမည်ဖြစ် ကြောင်း စသည်ဖြင့် အတိတ်ကို ပြောပြ၍ ဟောပြသော်လည်း ခမည်းတော်သည် အယူ များကို မစွန့်ဘဲနေလေသည်။

ထိုအခါ မင်းသမီးက မလျှော့ဘဲ တရားစောင့်သူတို့ လာရောက်ဟောပြောတော် မူပါလော့ဟု တိုင်တည်လျှင် နာရဒဗြဟ္မာသည် ရသေ့အသွင်ဖြင့် ကောင်းကင်မှ ဆင်းလာ

http://www.dhammadownload.com



လေသော် မင်းကြီးထိတ်လန့်၍ ထိုအကြောင်းကိုမေးမှ မိမိသည် ကောင်းမှုအကျိုးကြောင့် ရှာန်ပုံနိုင်ကြောင်းနှင့် တမလွန်လောက ရှိကြောင်းများကို ရသေ့ကဟောပြသည်။ ထို့နောက် ရုဇာမင်းသမီးကို ချီးမွမ်း၍ မိဖုရားအခြွေအရံ ပရိသတ်များကို ဆုံးမကာ ဗြဟ္မာ့ပြည်သို့ ပြန်လေသည်။ မင်းကြီးလည်း အမြင်မှန်ရသွားတော့သည်။

ဇာတ်ပေါင်း။ ။ ကဿပတက္ကတွန်း-သုနက္ခတ္တ။ ရုဇာမင်းသမီး-အရှင်အာနန္ဒာ၊ အင်္ဂတိမင်းကြီး-ဥရုဝေဠကဿပ။ အလာတအမတ်-ဒေဝဒတ်။ နာရဒဗြဟ္မာမင်း-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ဆရာကောင်းထံနည်းခံမှ အမြင်မှန်ရမည်။

---

## ၅၄၆။ ဝိဓုရဇာတ်

### နဂါးပြည်၌တရားဟောသော ဝိဓုရသူခမိန်

**ပစ္စုပ္ပန်ဝတ္ထု**

သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ ရဟန်းတော်တို့စုဝေးမိကြစဉ် မြတ်စွာဘုရား၏ထူးမြတ်သော ပညာတော်ကို ချီးမွမ်းပြောဆိုကြခြင်းနှင့်စပ်လျဉ်း၍ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးအခါက ကုရုတိုင်း ဣန္ဒပတ္တနဂိုရ်ပြည်တွင် ဓနဉ္စယကောရဗျမင်းကြီးစိုးစံစဉ် ထိုမင်းတွင် ဝိဓုရမည်သော ပညာရှိအမတ် သုခမိန်တစ်ယောက် ရှိသည်။

ဗာရာဏသီပြည်တွင် ပုဏ္ဏားသူကြွယ်လေးဦး ရဟန်းပြု၍ တရားအားထုတ်ရာ တစ်ယောက်က တာဝတိံသာ၌သိကြားမင်း၊ တစ်ယောက်က ဝရုဏနဂါးမင်း၊ တစ်ယောက်က ဂဠုန်မင်း၊ တစ်ယောက်က ဓနဉ္စယမင်း၏ သားတော် ကောရဗျမင်းတို့ ဖြစ်လာကြသည်။

ထိုလေးပါးတို့တွင် မည်သူ၏သီလက ပို၍ မြတ်သလဲဟု ပြဿနာဖြစ်၍ ဝိဓုရ အမတ်က ဆုံးဖြတ်ပေးခဲ့ရာမှ ဝိဓုရအမတ်သည် ထင်ရှားလာသည်။ ဝရုဏနဂါးမင်းက ပတ္တမြားကို ပေးခဲ့ပြီး နဂါးပြည်ပြန်သည်။ နဂါးမင်း၏ မိဖုရား ဝိမလာဒေဝီက ပတ္တမြားကို

http://www.dhammadownload.com



မေးရာမှ ဝိဓုရ၏ ပညာသတင်းကို ကြားသဖြင့် ဝိဓုရကိုပင် လက်ဆောင်ပေးရန် ပရိယာယ်ဖြင့် နာမကျန်းပြုပြီး ဝိဓုရ၏ နှလုံးသားကိုရမှ အသက်ရှင်မည့်အကြောင်း ပြောပြသည်။

ဝရုဏနဂါးမင်းလည်း သမီးဣရန္ဒတီကိုခေါ်၍ ဝိဓုရ၏နှလုံးသားကို ယူပေးနိုင်မည့် လင်ကို ရှာချေဟု စေခိုင်းလိုက်ရာ ဣရန္ဒတီသည် ကာဠမျက်စဉ်းတောင်ထိပ်၌ တေးဖွဲ့ စပ်ဆိုနေရာ ဝေဿဝဏ် နတ်မင်းကြီး၏တူ ပုဏ္ဏကမည်သော နတ်ဘီလူးစစ်သူကြီးသည် အစည်းအဝေးသွားနိုက် တွေ့မြင်၍ မိမိပင် ဝိဓုရ၏ နှလုံးသားကို ပေးယူမည်ဟု ဝန်ခံခဲ့သည်။ နဂါးမင်းကြီးကလည်း သဘောတူကာ တာဝန်ပေးလိုက်သည်။

ထို့နောက် ပုဏ္ဏကနတ်ဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီးကို ခွင့်တောင်းကာ ဝေပုလ္လတောင်ထိပ်မှ မနောဟရ ပတ္တမြားကို ထုတ်ယူလျက် လောင်းကြေးအဖြစ်ထားပြီး ကောရဗျမင်းကြီးနှင့် ကြွေအန်ကစားရန် စကားဆိုသည်။ မင်းကြီးက မိမိလောင်းကြေးအဖြစ် မိမိကိုယ်၊ မိဖုရားနှင့် ထီးနန်းမှအပ လိုရာယူရန် လောင်းကြေးပြုကာ ကြွေအန်ကစားကြလေသည်။

နောက်ဆုံး၌ ပုဏ္ဏကနိုင်၍ ဝိဓုရအမတ်ကိုတောင်းကာ မြင်း၏အမြီးတွင် ချည်ပြီး ခေါ်ဆောင်သွားသည်။ ကာဠတောင်ထိပ်တွင် ဝိဓုရကိုသတ်ပြီး နှလုံးကိုထုတ်ယူရန် အမျိုးမျိုး နှိပ်စက်ညှဉ်းပန်းသော် ဝိဓုရက အကြောင်းရင်းကို မေး၍ နဂါးမင်း၏မိဖုရား ဝိမလာဒေဝီက တရားကိုနာလိုကြောင်းသိသဖြင့် ပုဏ္ဏကကို တရားဟောပြသည်။ ပုဏ္ဏကက တောင်းပန်ပြီး နဂါးပြည်သို့ ပို့ပေး၍ ဝိမလာဒေဝီကို တရားဟောပြရာ ပုဏ္ဏကသည် ဣရန္ဒတီကို ရလေသည်။ ဝိဓုရကိုလည်း သိန္ဓောမြင်းနှင့်တင်၍ ဆုလာဘ်ပေးကာ မင်းကြီးထံ ပြန်ပို့လေသည်။

ဇာတ်ပေါင်း။ ။ ဝရုဏနဂါးမင်း-အရှင်သာရိပုတ္တရာ။
ဓနဉ္စယမင်း-အရှင်မောဂ္ဂလာန်။ သိကြားမင်း-အရှင်အနုရုဒ္ဓါ။
ကောရဗျမင်းကြီး-အရှင်အာနန္ဒာ။ ပုဏ္ဏကဘီလူး-အင်္ဂုလိမာလ။
ဝိမလာဒေဝီ-ခေမာဘိက္ခုနီ။ ဝိဓုရသုခမိန်-ဗုဒ္ဓ။

အနှစ်ချုပ်။ ။ ပညာရှိတို့စွမ်းဆောင်လျှင် မအောင်နိုင်သောအရာမရှိ။

http://www.dhammadownload.com



# ၅၄၇။ ဝေဿန္တရာဇာတ်

## သားမယားတို့ပင်လှူသောမင်း

**ပစ္စုပ္ပန်ဝတ္ထု**

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူ၍ ဆွေတော်မျိုးတော်တို့အား တန်ခိုးပြာဋိဟာပြလျက် ယဉ်ကျေးစေပြီးသော် ပေါက္ခရဝဿ မိုးကြီး ရွာချလာလေလျှင် သာကီဝင်မင်းတို့ အံ့ဩခြင်းဖြစ်ကြသဖြင့် ရှေးကလည်း ဆွေတော်မျိုးတော်တို့ စုံရာ၌ ပေါက္ခရဝဿမိုး ရွာခဲ့ဖူးခြင်းကို အကြောင်းပြုကာ ဤအတိတ်ဇာတ်ကြောင်းကို ဆောင်တော်မူသည်။

**အတိတ်ဝတ္ထု**

ရှေးအခါက သိဝိတိုင်း စေတုတ္တရာပြည်၌ သိဝိမင်းကြီး၏သားတော် သိဉ္စည်းမင်းသား အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏သမီး ဖုသတီဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းအပ်နှင်းခံရသည်။

မိဖုရားသန္ဓေရှိသောအခါ လှူဒါန်းလိုသော ချင်ခြင်းဖြစ်၍ အလှူဇရပ် ခြောက်ဆောင်ဆောက်ကာ နေ့စဉ်အသပြာခြောက်သိန်းဖိုးလှူသည်။ မိဖုရားက သားတော် တစ်ပါးဖွားမြင်ရာ ဝေဿန္တရာဟု အမည်မှည့်သည်။ ထိုနေ့တွင် ဆင်ဖြူတော်လည်း ရောက်လေသည်။

ဝေဿန္တရာမင်းသားသည် ငယ်စဉ်ကတည်းက အလှူအတန်းရက်ရော၍ မိမိလည်ဆွဲကို အကြိမ်ကြိမ် ချွတ်လှူဖူးသည်။ အရွယ်ရောက်လျှင် မဒ္ဒရာဇ်မင်း၏ သမီးတော် မဒ္ဒီဒေဝီနှင့် ထိမ်းမြားကာ ထီးနန်းစံရသည်။ မဒ္ဒီဒေဝီမှ သားတော် ဇာလီမင်းသားနှင့် သမီးတော် ကဏှာဇိန်တို့ ဖွားမြင်ကြသည်။

တစ်နေ့တွင် ကာလိင်္ဂပြည်၌ မိုးခေါင်၍ ဝေဿန္တရာမင်းထံ ဆင်ဖြူတော်ကို အလှူခံစေရာ ဝေဿန္တရာမင်းက လှူလိုက်သည်။ ပြည်သူတို့က အမျက်ထွက်၍ တိုင်းပြည်မှ နှင်ထုတ်ပေးရန် တောင်းဆိုကြသဖြင့် သိဉ္စည်းမင်းကြီးက ဝေဿန္တရာအား တိုင်းပြည်မှ နှင်ထုတ်ပေးသည်။ မယ်တော်က တောင်းပန်သော်လည်း မရချေ။

ဝေဿန္တရာမင်းကြီးသည် မဒ္ဒီဒေဝီ၊ သားတော်၊ သမီးတော်တို့နှင့်အတူ တိုင်းပြည်မှ ထွက်၍ သုဝဏ္ဏဂိရိတာလတောင်၊ ကောန္တိမာရမြစ်၊ ဟုဏ္ဏဝိနာလိဒဏ္ဍာရှာ၊ မန္ဒတိုင်း၊

http://www.dhammadownload.com



ဂန္ဓမာဒနတောင်၊ ဝေပုလ္လတောင်၊ ကေတုမတီမြစ်၊ နာလိကကျောက်တောင်၊ မုစလိန္ဒအိုင်တို့ကိုဖြတ်၍ ဝင်္ကပါတောင်သို့ ရောက်ရှိနေထိုင်ကာ ရသေ့ပြုနေသည်။

တစ်နေ့သော် ကလိင်္ဂတိုင်းမှ ဇူဇကာပုဏ္ဏားသည် မိန်းအတွက် ကျွန်ရရှိရန် ဝေဿန္တရာမင်း၏ သားတော် သမီးတော်တို့ကို အလှူခံ၍ ခေါ်သွားရာ မဒ္ဒီဒေဝီ သစ်သီးရှာရာမှ ပြန်ရောက်၍သိသော် ငိုကြွေးရှာသည်။ သိကြားမင်းက အခြားသူများအား လှူမည်စိုး၍ မဒ္ဒီဒေဝီကို အလှူခံကာ ပြန်အပ်သည်။ ဇူဇကာသည် ကလေးနှစ်ယောက်ကို ယူဆောင်လာစဉ် သိဉ္စည်းမင်းကြီး တွေ့မြင်၍ မြေးတော်များဖြစ်ကြောင်း သိရကာ အဖိုးအခပေးပြီး ရွေးယူသည်။ ဇူဇကာလည်း စားပိုးနှင့်၍ သေလေသည်။

သိဉ္စည်းမင်းကြီးသည် ဆင်ဖြူတော်လည်း ပြန်ရပြီဖြစ်၍ သားတော် ဝေဿန္တရာနှင့် မဒ္ဒီဒေဝီတို့ကို ပြန်ခေါ်ရန် ဝင်္ကပါတောင်သို့ လိုက်သွားပြီး ဆုံမိကြစဉ် ပေါက္ခရဝဿမိုးကြီး ရွာလေသည်။ ထို့နောက် ပြည်တော်သို့ ပြန်ကြ၍ ဆက်လက်မင်းပြုလေသည်။

ဇာတ်ပေါင်း။ ။ ဇူဇကာပုဏ္ဏား-ဒေဝဒတ်၊ သိကြားမင်း-အရှင်အနုရုဒ္ဓါ၊
သိဉ္စည်းမင်း-သုဒ္ဓေါဒနမင်းကြီး၊ ဖုသတီဒေဝီ-မဟာမာယာဒေဝီ၊
မဒ္ဒီဒေဝီ-ရာဟုလာမယ်တော်၊ ဇာလီမင်းသား-ရာဟုလာ၊
ကဏှာဇိန်-ဥပ္ပလဝဏ်၊ ဝေဿန္တရာမင်းကြီး-ဗုဒ္ဓ၊

အနှစ်ချုပ်။ ။ ဒါနစသည့်ပါရမီကိုအခြေခံလျှင် သမ္မောဓိဉာဏ်ကိုရမည်ကေန်၊

ဤတွင်
နိပါတ်တော်လာဇာတ်တော်
ငါးရာ့ငါးဆယ်အနှစ်ချုပ်
ပြီး၏

http://www.dhammadownload.com

# အက္ခရာစဉ်အညွှန်း


| စဉ် | ဘဝဖြစ်တော်စဉ် က | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၁။ | ကဏ္ဍဝါဟနမင်း | ၇။ | ကဏ္ဍဝါဟနဇာတ် | ... ၁၂ |
| ၂။ | ကုန်သည်ပညာရှိ | ၄၄။ | မကသဇာတ် | ... ၆၆ |
| ၃။ | ကုဒ္ဒါလပဏ္ဍိတ | ၇၀။ | ကုဒ္ဒါလဇာတ် | ... ၁၀၂ |
| ၄။ | ကုန်သည်ပညာရှိ | ၇၉။ | ခရဿရဇာတ် | ... ၁၂၄ |
| ၅။ | ကုန်သည်ပညာရှိ | ၈၉။ | ကုဟကဇာတ် | ... ၁၃၅ |
| ၆။ | ကြွေအန်သမား | ၉၁။ | လိတ္တဇာတ် | ... ၁၃၈ |
| ၇။ | ကြက်ဆူပင်စောင့် | ၁၀၉။ | ကုဏ္ဍပူဝဇာတ် | ... ၁၅၇ |
| ၈။ | ကြွက်မင်း | ၁၂၈။ | ဗိဠာရဝတဇာတ် | ... ၁၇၉ |
| ၉။ | ကြွက်မင်း | ၁၂၉။ | အဂ္ဂိကဘာရဒွါဇဇာတ် | ... ၁၈၀ |
| ၁၀။ | ကျောက်သွေးသမား | ၁၃၇။ | ဗဗ္ဗုဇာတ် | ... ၁၈၉ |
| ၁၁။ | ကျီးမင်း | ၁၄၀။ | ကာကဇာတ် | ... ၁၉၃ |
| ၁၂။ | ကျေးငှက် | ၁၄၅။ | ရာဓဇာတ် | ... ၂၀၀ |
| ၁၃။ | ကျေးသား(ရာဓ) | ၁၉၈။ | ရာဓဇာတ် | ... ၂၆၃ |
| ၁၄။ | ကျေးမင်း | ၂၅၅။ | သုကဇာတ် | ... ၃၂၅ |
| ၁၅။ | ကောရဗျမင်း | ၂၇၆။ | ဂရုဓမ္မဇာတ် | ... ၃၄၉ |
| ၁၆။ | ကျွဲမင်း | ၂၇၈။ | မဟိံသရာဇဇာတ် | ... ၃၅၅ |
| ၁၇။ | ကုန်သည် | ၂၈၈။ | မစ္ဆုဒ္ဒါနဇာတ် | ... ၃၆၇ |
| ၁၈။ | ကျီးမင်း(သုပတ္တ) | ၂၉၂။ | သုပတ္တဇာတ် | ... ၃၇၁ |
| ၁၉။ | ကုန်သည် | ၃၂၄။ | စမ္မသာဋကဇာတ် | ... ၄၁၂ |
| ၂၀။ | ကျေးသား(ရာဓ) | ၃၂၉။ | ကာဠဗာဟုဇာတ် | ... ၄၁၈ |
| ၂၁။ | ကုဏာလငှက်မင်း | ၃၄၁။ | ကဏ္ဍရီဇာတ် | ... ၄၃၃ |
| ၂၂။ | ကောရဏ္ဍိယပုဏ္ဏား | ၃၅၆။ | ကောရဏ္ဍိယဇာတ် | ... ၄၅၀ |
| ၂၃။ | ကုန်သည် | ၃၆၅။ | အဟိတုဏ္ဍိကဇာတ် | ... ၄၆၀ |
| ၂၄။ | ကြက်မင်း | ၃၈၃။ | ကုက္ကုဋဇာတ် | ... ၄၈၈ |
| ၂၅။ | ကျေးမင်း | ၄၂၉။ | မဟာသုဝဇာတ် | ... ၅၆၀ |
| ၂၆။ | ကျေးမင်း | ၄၃၀။ | စူဠသုဝဇာတ် | ... ၅၆၁ |

| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၂၇။ | ကြက်မင်း | ၄၄၈။ ကုက္ကုဋဇာတ် | ... | ၅၈၈ |
| ၂၈။ | ကုဏာလငှက်မင်း | ၄၆၄။ စူဠကုဏာလဇာတ် | ... | ၆၁၁ |
| ၂၉။ | ကျေးမင်း | ၄၈၄။ သာလိကေဒါရဇာတ် | ... | ၆၃၄ |
| ၃၀။ | ကျေးသား | ၅၀၃။ သတ္တိဂုမ္ဗဇာတ် | ... | ၆၅၉ |
| ၃၁။ | ကျေးသား(ဇမ္ဗုက) | ၅၂၁။ တေသကုဏဇာတ် | ... | ၆၈၆ |
| ၃၂။ | ကုသမင်း | ၅၃၁။ ကုသဇာတ် | ... | ၇၀၅ |
| | ခ | | | |
| ၁။ | ခွေးပညာရှိ | ၂၂။ ကုက္ကုရဇာတ် | ... | ၃၂ |
| ၂။ | ခါ | ၃၇။ တိတ္တိရဇာတ် | ... | ၅၃ |
| ၃။ | ခို | ၄၂။ ကပေါတဇာတ် | ... | ၆၃ |
| ၄။ | ခရုသင်းမှုတ်သူ | ၆၀။ သင်္ခဓမဇာတ် | ... | ၈၆ |
| ၅။ | ခြင်္သေ့မင်း | ၁၄၃။ ဝိရောစနဇာတ် | ... | ၁၉၇ |
| ၆။ | ခြင်္သေ့ | ၁၅၂။ သိဂါလဇာတ် | ... | ၂၁၀ |
| ၇။ | ခြင်္သေ့ | ၁၅၃။ သူကရဇာတ် | ... | ၂၁၁ |
| ၈။ | ခြင်္သေ့ | ၁၅၇။ ဂုဏဇာတ် | ... | ၂၁၇ |
| ၉။ | ခြင်္သေ့မင်း | ၁၇၂။ ဒဒ္ဒရဇာတ် | ... | ၂၃၄ |
| ၁၀။ | ခြင်္သေ့ငယ် | ၁၈၈။ သီဟကောတ္ထုဇာတ် | ... | ၂၂၂ |
| ၁၁။ | ခို | ၂၇၄။ လောလဇာတ် | ... | ၃၄၈ |
| ၁၂။ | ခို | ၂၇၅။ ရုစိရဇာတ် | ... | ၃၄၉ |
| ၁၃။ | ခိုမင်း | ၂၇၇။ ရောမကဇာတ် | ... | ၃၅၄ |
| ၁၄။ | ခိုးသူကြီး | ၂၇၉။ သတပတ္တဇာတ် | ... | ၃၅၆ |
| ၁၅။ | ခိုးသူကြီး | ၃၁၈။ ကဏဝေရဇာတ် | ... | ၄၀၃ |
| ၁၆။ | ခြင်္သေ့ | ၃၂၂။ ဒုဒ္ဒုဘဇာတ် | ... | ၄၀၉ |
| ၁၇။ | ခြင်္သေ့ | ၃၃၅။ ဇမ္ဗုကဇာတ် | ... | ၄၂၄ |
| ၁၈။ | ခို | ၃၇၅။ ကပေါတဇာတ် | ... | ၄၇၃ |
| ၁၉။ | ခို | ၃၉၅။ ပါရာဝတဇာတ် | ... | ၅၀၉ |
| ၂၀။ | ခြင်္သေ့ | ၃၉၇။ မနောဇဇာတ် | ... | ၅၁၂ |
| ၂၁။ | ခါပညာရှိ | ၄၃၈။ ဒဒ္ဒရဇာတ် | ... | ၅၇၂ |
| ၂၂။ | ခြင်္သေ့မင်း | ၄၈၆။ မဟာဥက္ကုသဇာတ် | ... | ၆၃၇ |

| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| | ဂ၊ ဃ | | | |
| ၁။ | ဂဠုန်မင်း | ၃၆၀။ သုဿောန္ဒီဇာတ် | ... | ၄၅၆ |
| ၂။ | ဂန္ဓာရမင်း | ၄၀၆။ ဂန္ဓာရဇာတ် | ... | ၅၂၇ |
| ၃။ | ဃဋပဏ္ဍိတ | ၄၅၄။ ဃဋပဏ္ဍိတဇာတ် | ... | ၅၉၄ |
| ၄။ | ဂဠုန်မင်း | ၅၁၈။ ပဏ္ဍရကနာဂရာဇဇာတ် | ... | ၆၈၁ |
| | င | | | |
| ၁။ | ငုံးပညာရှိ | ၃၃။ သမ္မောဒမာနဇာတ် | ... | ၄၈ |
| ၂။ | ငုံးငယ် | ၃၅။ ဝဋ္ဋကဇာတ် | ... | ၅၁ |
| ၃။ | ငှက်ပညာရှိ | ၃၆။ သကုဏဇာတ် | ... | ၅၂ |
| ၄။ | ငါးမင်း | ၇၅။ မစ္ဆဇာတ် | ... | ၁၁၁ |
| ၅။ | ငါး(မိတစိန္တိ) | ၁၁၄။ မိတစိန္တိဇာတ် | ... | ၁၆၀ |
| ၆။ | ငှက်မင်း | ၁၁၅။ အနုသာသိကဇာတ် | ... | ၁၆၁ |
| ၇။ | ငုံး | ၁၁၈။ ဝဋ္ဋကဇာတ် | ... | ၁၆၄ |
| ၈။ | ငှက်မင်း | ၁၃၃။ ဃတာသနဇာတ် | ... | ၁၈၅ |
| ၉။ | ငါးမင်း | ၂၃၆။ ဗကဇာတ် | ... | ၃၀၅ |
| ၁၀။ | ငှက် | ၃၂၁။ ကုဋိဒူသကဇာတ် | ... | ၄၀၈ |
| ၁၁။ | ငှက်မင်း | ၃၈၄။ ဓမ္မဓဇဇာတ် | ... | ၄၈၉ |
| ၁၂။ | ငုံးမင်း | ၃၉၄။ ဝဋ္ဋကဇာတ် | ... | ၅၀၈ |
| ၁၃။ | ငှက် | ၄၃၄။ စက္ကဝါကဇာတ် | ... | ၅၆၇ |
| ၁၄။ | ငှက်မင်း(ကုဏာလ) | ၅၃၆။ မဟာကုဏာလဇာတ် | ... | ၇၃၅ |
| | စ | | | |
| ၁။ | စူလသေဋ္ဌိသူဌွေး | ၄။ စူလသေဋ္ဌိဇာတ် | ... | ၆ |
| ၂။ | စည်တီးသမား | ၅၉။ ဘေရိဝါဒကဇာတ် | ... | ၈၅ |
| ၃။ | စူဠဓနုဂ္ဂဟပဏ္ဍိတ | ၈၀။ ဘီမသေနဇာတ် | ... | ၁၂၅ |
| ၄။ | စောင်းဆရာ | ၂၄၃။ ဂုတ္တိလဇာတ် | ... | ၃၁၁ |
| ၅။ | စပါးကုန်သည် | ၂၄၉။ သာလကဇာတ် | ... | ၃၁၈ |
| ၆။ | စဏ္ဍာလ | ၃၀၉။ ဆဝကဇာတ် | ... | ၃၉၁ |
| ၇။ | စက္ကဝါက်ငှက် | ၄၅၁။ စက္ကဝါကဇာတ် | ... | ၅၉၃ |
| ၈။ | စန္ဒကိန္နရာ | ၄၈၅။ စန္ဒကိန္နရီဇာတ် | ... | ၆၃၅ |
| ၉။ | စိတ္တသုခမိန် | ၄၉၈။ စိတ္တသမ္ဘူတဇာတ် | ... | ၆၅၄ |
| ၁၀။ | စန္ဒကုမာရမင်းသား | ၅၄၄။ စန္ဒကုမာရဇာတ် | ... | ၇၃၁ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| | **ဆ** | | | |
| ၁။ | ဆတ်မင်း | ၂၁။ ကုရုင်္ဂမိဂဇာတ် | ... | ၃၁ |
| ၂။ | ဆေးဆရာ | ၆၉။ ဝိသဝန္တဇာတ် | ... | ၁၀၁ |
| ၃။ | ဆင်မင်း | ၇၂။ သီလဝနာဂရာဇဇာတ် | ... | ၁၀၅ |
| ၄။ | ဆတ္တာသည် (ဆံပင်ရိတ်သမား) | ၇၈။ ဣလ္လိသဇာတ် | ... | ၁၂၁ |
| ၅။ | ဆင်ဖြူတော် | ၁၂၂။ ဒုမ္မေဓဇာတ် | ... | ၁၇၀ |
| ၆။ | ဆင်ဆရာ | ၁၈၂။ သင်္ဂါမာဝစရဇာတ် | ... | ၂၄၅ |
| ၇။ | ဆင်းရဲသားယောက်ျား | ၂၀၁။ ဗန္ဓနာဂါရဇာတ် | ... | ၂၆၆ |
| ၈။ | ဆင်မင်း | ၂၂၁။ ကာသာဝဇာတ် | ... | ၂၉၀ |
| ၉။ | ဆင်ဆရာ | ၂၃၁။ ဥပါဟနဇာတ် | ... | ၃၀၀ |
| ၁၀။ | ဆင် | ၂၆၇။ ကက္ကဋကဇာတ် | ... | ၃၄၂ |
| ၁၁။ | ဆင်မင်း | ၃၅၇။ လဋုကိကဇာတ် | ... | ၄၅၁ |
| ၁၂။ | ဆင်မင်း | ၄၅၅။ မာတုပေါသကဇာတ် | ... | ၅၉၈ |
| ၁၃။ | ဆတ်မင်း | ၄၈၂။ ရုရုမိဂဇာတ် | ... | ၆၃၀ |
| ၁၄။ | ဆဒ္ဒန်ဆင်မင်း | ၅၁၄။ ဆဒ္ဒန္တဇာတ် | ... | ၆၇၅ |
| | **ဇ** | | | |
| ၁။ | ဇုဏှဘုရင် | ၄၅၆။ ဇုဏှဇာတ် | ... | ၅၉၉ |
| ၂။ | ဇနသန္ဓမင်းကြီး | ၄၆၈။ ဇနသန္ဓဇာတ် | ... | ၆၁၄ |
| ၃။ | ဇဝနဟံသာမင်း | ၄၇၆။ ဇဝနဟံသဇာတ် | ... | ၆၂၂ |
| | **တ** | | | |
| ၁။ | တင်ကျီးငှက် | ၂၀၄။ ဝီရကဇာတ် | ... | ၂၇၀ |
| ၂။ | တရားသူကြီးအမတ် | ၂၁၈။ ကူဋဝါဏိဇဇာတ် | ... | ၂၈၅ |
| ၃။ | တက္ကသိုလ်မင်း | ၂၂၉။ ပလာယိတဇာတ် | ... | ၂၉၈ |
| ၄။ | တောအုပ်စောင့် | ၂၆၅။ ခုရပ္ပဇာတ် | ... | ၃၄၀ |
| ၅။ | တမာပင်စောင့်နတ် | ၃၁၁။ ပုစိမန္ဒ ဇာတ် | ... | ၃၉၃ |
| ၆။ | တောင်စောင့်နတ် | ၄၁၉။ သုလသာဇာတ် | ... | ၅၄၆ |
| ၇။ | တောစောင့်နတ် | ၄၇၅။ ဖန္ဒနဇာတ် | ... | ၆၂၁ |
| ၈။ | တက္ကာရိယလုလင် | ၄၈၁။ တက္ကာရိယဇာတ် | ... | ၆၂၈ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၉။ | တည်ပင်စောင့်နတ် | ၅၂၀။ ဂဏ္ဍတိန္ဒုကဇာတ် | ... | ၆၈၄ |
| ၁၀။ | တေမိယမင်းသား | ၅၃၈။ တေမိယဇာတ် | ... | ၇၂၃ |
| | ဒ | | | |
| ၁။ | ဒီသာပါမောက္ခဆရာကြီး | ၄၁။ လောသကဇာတ် | ... | ၃၉ |
| ၂။ | ဒီသာပါမောက္ခဆရာ | ၆၁။ အသာတမန္တဇာတ် | ... | ၈၇ |
| ၃။ | ဒီသာပါမောက္ခဆရာ | ၆၄။ ဒုရာဇာနဇာတ် | ... | ၉၄ |
| ၄။ | ဒီသာပါမောက္ခဆရာ | ၆၅။ အနဘိရတိဇာတ် | ... | ၉၆ |
| ၅။ | ဒီသာပါမောက္ခဆရာကြီး | ၇၁။ ဝရုဏဇာတ် | ... | ၁၀၄ |
| ၆။ | ဒီသာပါမောက္ခဆရာကြီး | ၉၇။ နာမသိဒ္ဓိဇာတ် | ... | ၁၄၆ |
| ၇။ | ဒီသာပါမောက္ခဆရာကြီး | ၁၁၉။ အကာလရာဝိဇာတ် | ... | ၁၆၅ |
| ၈။ | ဒီသာပါမောက္ခဆရာ | ၁၂၃။ နင်္ဂလီသဇာတ် | ... | ၁၇၁ |
| ၉။ | ဒီသာပါမောက္ခဆရာ | ၁၃၀။ ကောသိယဇာတ် | ... | ၁၈၁ |
| ၁၀။ | ဒီသာပါမောက္ခဆရာ | ၁၅၀။ သဉ္ဇီဝဇာတ် | ... | ၂၀၆ |
| ၁၁။ | ဒွန်းစဏ္ဍား | ၁၇၉။ သတဓမ္မဇာတ် | ... | ၂၄၁ |
| ၁၂။ | ဒီသာပါမောက္ခဆရာ | ၁၈၅။ အနဘိရတိဇာတ် | ... | ၂၄၈ |
| ၁၃။ | ဒီသာပါမောက္ခဆရာ | ၂၀၀။ သာဓုသီလဇာတ် | ... | ၂၆၅ |
| ၁၄။ | ဒီသာပါမောက္ခဆရာ | ၂၄၅။ မူလပရိယာယဇာတ် | ... | ၃၁၄ |
| ၁၅။ | ဒီသာပါမောက္ခဆရာ | ၂၅၂။ တိလမုဋ္ဌိဇာတ် | ... | ၃၂၁ |
| ၁၆။ | ဒီသာပါမောက္ခဆရာ | ၂၈၇။ လာဘဂရဟဇာတ် | ... | ၃၆၆ |
| ၁၇။ | ဒီသာပါမောက္ခဆရာ | ၃၃၈။ ထုသဇာတ် | ... | ၄၂၈ |
| ၁၈။ | ဒီသာပါမောက္ခဆရာ | ၃၅၃။ ဓောနသာခဇာတ် | ... | ၄၄၅ |
| ၁၉။ | ဒီယာဝုမင်းသား | ၃၇၁။ ဒီဃိတိကောသလဇာတ် | ... | ၄၆၆ |
| ၂၀။ | ဒီသာပါမောက္ခဆရာ | ၃၇၃။ မူသိကဇာတ် | ... | ၄၆၈ |
| ၂၁။ | ဒီသာပါမောက္ခဆရာ | ၄၁၀။ သောမဒတ္တဇာတ် | ... | ၅၃၄ |
| ၂၂။ | ဒွန်းစဏ္ဍား | ၄၇၄။ အမ္ဗဇာတ် | ... | ၆၂၀ |
| | ဓ | | | |
| ၁။ | ဓမ္မဓမ္မမည်သောပုရောဟိတ် | ၂၂၀။ ဓမ္မဓဇဇာတ် | ... | ၂၈၈ |
| ၂။ | ဓမ္မပါလမင်းသား | ၃၅၈။ စူဠဓမ္မပါလဇာတ် | ... | ၄၅၃ |
| ၃။ | ဓမ္မပါလသတို့သား | ၄၄၇။ မဟာဓမ္မပါလဇာတ် | ... | ၅၈၇ |
| ၄။ | ဓမ္မနတ်သား | ၄၅၇။ ဓမ္မဒေဝပုတ္တဇာတ် | ... | ၆၀၀ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| | န | | | |
| ၁။ | နွား | ၂၈။ နန္ဒိဝိသာလဇာတ် | ... | ၄၀ |
| ၂။ | နွားလားဥသဘ | ၂၉။ ကဏှဇာတ် | ... | ၄၁ |
| ၃။ | နွား(မဟာလောဟိတ) | ၃၀။ မုနိကဇာတ် | ... | ၄၂ |
| ၄။ | နွားလား | ၈၈။ သာရမ္ဘဇာတ် | ... | ၁၃၅ |
| ၅။ | နတ်သား | ၁၀၄။ မိတ္တဝိန္ဒကဇာတ် | ... | ၁၅၃ |
| ၆။ | နတ် | ၁၂၁။ ကုသနာဠိဇာတ် | ... | ၁၆၉ |
| ၇။ | နတ် | ၁၄၇။ ပုပ္ဖရတ္တဇာတ် | ... | ၂၀၂ |
| ၈။ | နဂါး | ၃၀၄။ ဒဒ္ဒရဇာတ် | ... | ၃၈၆ |
| ၉။ | နတ်သား | ၃၂၆။ ကက္ကာရုဇာတ် | ... | ၄၁၃ |
| ၁၀။ | နတ်သား | ၃၆၉။ မိတ္တဝိန္ဒကဇာတ် | ... | ၄၆၃ |
| ၁၁။ | နတ်သား | ၄၄၉။ မဋ္ဌကုဏ္ဍလီဇာတ် | ... | ၅၈၉ |
| ၁၂။ | နတ် | ၄၆၅။ ဘဒ္ဒသာလဇာတ် | ... | ၆၁၁ |
| ၁၃။ | နဂါးမင်း(စမ္ပေယျ) | ၅၀၆။ စမ္ပေယျဇာတ် | ... | ၆၆၄ |
| ၁၄။ | နဂါးမင်း(သင်္ခပါလ) | ၅၂၄။ သင်္ခပါလဇာတ် | ... | ၆၉၁ |
| ၁၅။ | နေမိမင်း | ၅၄၁။ နေမိဇာတ် | ... | ၇၂၇ |
| ၁၆။ | နဂါးမင်း | ၅၄၃။ ဘူရိဒတ္တဇာတ် | ... | ၇၃၀ |
| ၁၇။ | နာရဒဗြဟ္မာမင်း | ၅၄၅။ နာရဒဇာတ် | ... | ၇၃၃ |
| | ပ | | | |
| ၁။ | ပညာရှိရာပြတ်အမတ် | ၅။ တဏ္ဍုလနာဠိဇာတ် | ... | ၈ |
| ၂။ | ပညာရှိအမတ် | ၂၅။ တိတ္ထဇာတ် | ... | ၃၆ |
| ၃။ | ပညာရှိအမတ် | ၂၆။ မဟိဠာမုခဇာတ် | ... | ၃၇ |
| ၄။ | ပညာရှိအမတ် | ၂၇။ အဘိဏှဇာတ် | ... | ၃၈ |
| ၅။ | ပညာရှိယောက်ျား | ၄၆။ အာရာမဒူသကဇာတ် | ... | ၆၇ |
| ၆။ | ပုဏ္ဏားတပည့်လုလင် | ၄၈။ ဝေဒဗ္ဗဇာတ် | ... | ၆၉ |
| ၇။ | ပညာရှိမြို့သား | ၄၉။ နက္ခတ္တဇာတ် | ... | ၇၁ |
| ၈။ | ပဉ္စာဝုဓမင်းသား | ၅၅။ ပဉ္စာဝုဓဇာတ် | ... | ၇၉ |
| ၉။ | မျောက်မင်း | ၅၇။ ဝါနရိန္ဒဇာတ် | ... | ၈၂ |
| ၁၀။ | ပုရောဟိတ်ပုဏ္ဏား | ၈၆။ သီလဝီမံသကဇာတ် | ... | ၁၃၂ |
| ၁၁။ | ပညာရှိကုန်သည် | ၉၈။ ကူဋဝါဏိဇဇာတ် | ... | ၁၄၇ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၁၂။ | ပညာရှိအမတ် | ၁၀၈။ ဗာဟိယဇာတ် | ... | ၁၅၆ |
| ၁၃။ | ပရောဟိတ် | ၁၂၀။ ဗန္ဓနမောက္ခဇာတ် | ... | ၁၆၆ |
| ၁၄။ | ပုဏ္ဏားလုလင် | ၁၅၅။ ဂဂ္ဂဇာတ် | ... | ၂၁၄ |
| ၁၅။ | ပညာရှိအမတ် | ၁၅၈။ သုဟနုဇာတ် | ... | ၂၁၈ |
| ၁၆။ | ပုဏ္ဏားလုလင် | ၁၆၃။ သုသီမဇာတ် | ... | ၂၂၅ |
| ၁၇။ | ပုဏ္ဏား | ၁၇၄။ ဒုဗ္ဘိယမက္ကဋဇာတ် | ... | ၂၃၆ |
| ၁၈။ | ပညာရှိအမတ် | ၁၈၃။ ဝါလောဒကဇာတ် | ... | ၂၄၆ |
| ၁၉။ | ပညာရှိအမတ် | ၁၈၄။ ဂိရိဒတ္တဇာတ် | ... | ၂၄၇ |
| ၂၀။ | ပညာရှိအမတ် | ၁၈၆။ ဒဓိဝါဟနဇာတ် | ... | ၂၄၉ |
| ၂၁။ | ပဒုမမင်း | ၁၉၃။ စူဠပဒုမဇာတ် | ... | ၂၅၆ |
| ၂၂။ | ပညာရှိအမတ် | ၁၉၅။ ပဗ္ဗတူပတ္ထရဇာတ် | ... | ၂၆၀ |
| ၂၃။ | ပုဏ္ဏား | ၂၁၁။ သောမဒတ္တဇာတ် | ... | ၂၇၈ |
| ၂၄။ | ပုရောဟိတ် | ၂၁၄။ ပုဏ္ဏနဒီဇာတ် | ... | ၂၈၂ |
| ၂၅။ | ပုရောဟိတ် | ၂၁၆။ မစ္ဆဇာတ် | ... | ၂၈၄ |
| ၂၆။ | ပညာရှိအမတ် | ၂၂၃။ ပုဋဘတ္တဇာတ် | ... | ၂၉၂ |
| ၂၇။ | ပညာရှိအမတ် | ၂၂၆။ ကောသိယဇာတ် | ... | ၂၉၄ |
| ၂၈။ | ပုရောဟိတ်ပုဏ္ဏား | ၂၄၁။ သဗ္ဗဒါဌိဇာတ် | ... | ၃၀၉ |
| ၂၉။ | ပညာရှိယောက်ျား | ၂၄၂။ သုနခဇာတ် | ... | ၃၁၀ |
| ၃၀။ | ပညာရှိအမတ် | ၂၄၇။ ပါဒဥ္စလိဇာတ် | ... | ၃၁၆ |
| ၃၁။ | ပညာရှိယောက်ျား | ၂၆၈။ အာရာမဒူသကဇာတ် | ... | ၃၄၃ |
| ၃၂။ | ပုဏ္ဏား | ၂၈၀။ ပုဋဒူသကဇာတ် | ... | ၃၅၇ |
| ၃၃။ | ပုရောဟိတ်ပုဏ္ဏား | ၂၉၀။ သီလဝီမံသကဇာတ် | ... | ၃၇၀ |
| ၃၄။ | ပညာရှိအမတ် | ၃၂၀။ သုစ္စဇဇာတ် | ... | ၄၀၇ |
| ၃၅။ | ပုရောဟိတ်ပုဏ္ဏား | ၃၃၀။ သီလဝီမံသဇာတ် | ... | ၄၁၉ |
| ၃၆။ | ပညာရှိအမတ် | ၃၃၁။ ကောကိလဇာတ် | ... | ၄၂၀ |
| ၃၇။ | ပညာရှိအမတ် | ၃၃၃။ ပက္ကဂေါဓဇာတ် | ... | ၄၂၂ |
| ၃၈။ | ပညာရှိအမတ် | ၃၃၆။ ဗြဟာဆတ္တဇာတ် | ... | ၄၂၅ |
| ၃၉။ | ပုဏ္ဏားကြီး | ၃၅၄။ ဥရဂဇာတ် | ... | ၄၄၇ |
| ၄၀။ | ပညာရှိသူငယ် | ၃၆၈။ တစသာရဇာတ် | ... | ၄၆၂ |
| ၄၁။ | ပုရောဟိတ် | ၃၇၇။ သေတကေတုဇာတ် | ... | ၄၇၇ |

http://www.dhammadownload.com



# အက္ခရာစဉ်အညွှန်း


| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၄၂။ | ပန်းပဲလုလင် | ၃၈၇။ သူစိဇာတ် | ... | ၄၉၆ |
| ၄၃။ | ပုဏ္ဏားလုလင် | ၃၈၉။ သုဝဏ္ဏကက္ကဋဇာတ် | ... | ၄၉၉ |
| ၄၄။ | ပညာရှိအမတ် | ၃၉၆။ ကုက္ကုဇာတ် | ... | ၅၁၀ |
| ၄၅။ | ပုဏ္ဏား | ၄၂၂။ စေတိယဇာတ် | ... | ၅၅၁ |
| ၄၆။ | ပဒကုသလလုလင် | ၄၃၂။ ပဒကုသလမာဏဝဇာတ် | ... | ၅၆၃ |
| ၄၇။ | ပုဏ္ဏား | ၄၄၂။ သင်္ခဇာတ် | | ၅၇၈ |
| ၄၈။ | ပညာရှိသားငယ် | ၄၄၆။ တက္ကလဇာတ် | ... | ၅၈၅ |
| ၄၉။ | ပညာရှိအမတ် | ၄၆၂။ သံဝရဇာတ် | ... | ၆၀၇ |
| ၅၀။ | ပညာရှိလုလင် | ၄၆၇။ ကာမဇာတ် | ... | ၆၁၃ |
| ၅၁။ | ပညာရှိအမတ် | ၄၇၃။ မိတ္တာမိတ္တဇာတ် | ... | ၆၁၈ |
| ၅၂။ | ပုဏ္ဏားလုလင် | ၄၇၈။ ဒူတဇာတ် | ... | ၆၂၅ |
| ၅၃။ | ပုရောဟိတ်ပုဏ္ဏား | ၄၇၉။ ကာလိင်္ဂဗောဓိဇာတ် | ... | ၆၂၆ |
| ၅၄။ | ပုရောဟိတ် | ၄၈၇။ ဥဒ္ဒါလကဇာတ် | ... | ၆၃၈ |
| | **ဖ** | | | |
| ၁။ | ဖွတ်မင်း | ၁၃၈။ ဂေါဓဇာတ် | ... | ၁၉၁ |
| ၂။ | ဖွတ်မင်း | ၁၄၁။ ဂေါဓဇာတ် | ... | ၁၉၅ |
| ၃။ | ဖားညို | ၂၃၉။ ဟရိတမဏ္ဍူကဇာတ် | ... | ၃၀၆ |
| ၄။ | ဖွတ်မင်း | ၃၂၅။ ဂေါဓရာဇဇာတ် | ... | ၄၁၃ |
| | **ဗ** | | | |
| ၁။ | ဗြဟ္မဒတ်မင်းကြီး | ၁၄။ ဝါတမိဂဇာတ် | ... | ၂၃ |
| ၂။ | ဗာရာဏသီသူဌေး | ၄၇။ ဝါရုဏိဒူသကဇာတ် | ... | ၆၈ |
| ၃။ | ဗာရာဏသီမင်း | ၅၀။ ဒုမ္မေဓဇာတ် | ... | ၇၃ |
| ၄။ | ဗာရာဏသီသူဌေး | ၅၃။ ပုဏ္ဏပါတိဇာတ် | ... | ၇၇ |
| ၅။ | ဗာရာဏသီမင်း | ၆၂။ အဏ္ဍဘူတဇာတ် | ... | ၈၉ |
| ၆။ | ဗြဟ္မဒတ်မင်း | ၆၇။ ဥစ္ဆင်္ဂဇာတ် | ... | ၉၉ |
| ၇။ | ဗာရာဏသီသူဌေး | ၈၃။ ကာလကဏ္ဏိဇာတ် | ... | ၁၂၉ |
| ၈။ | ဗာရာဏသီသူဌေး | ၈၄။ အတ္ထဿဒွါရဇာတ် | ... | ၁၃၁ |
| ၉။ | ဗာရာဏသီသူဌေး | ၉၀။ အကတညုဇာတ် | ... | ၁၃၇ |
| ၁၀။ | ဗာရာဏသီသူဌေး | ၉၃။ ဝိဿာသဘောဇနဇာတ် | ... | ၁၄၁ |
| ၁၁။ | ဗြဟ္မဒတ်မင်းကြီး | ၁၀၀။ အသာတရူပဇာတ် | ... | ၁၄၉ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၁၂။ | ဗာရာဏသီသူဌေး | ၁၀၃။ ဝေရီဇာတ် | ... | ၁၅၂ |
| ၁၃။ | ဗာရာဏသီသူဌေး | ၁၂၅။ ကဋ္ဌဟာရကဇာတ် | ... | ၁၇၄ |
| ၁၄။ | ဗာရာဏသီသူဌေး | ၁၂၇။ ကလဏ္ဍုကဇာတ် | ... | ၁၇၈ |
| ၁၅။ | ဗြဟ္မဒတ်မင်း | ၁၅၁။ ရာဇောဝါဒဇာတ် | ... | ၂၀၈ |
| ၁၆။ | ဗာရာဏသီမင်း | ၁၉၁။ ရုဟကဇာတ် | ... | ၂၅၅ |
| ၁၇။ | ဗာရာဏသီမင်း | ၂၂၅။ ခန္တိဝဏ္ဏဇာတ် | ... | ၂၉၄ |
| ၁၈။ | ဗာရာဏသီမင်း | ၂၃၀။ ဒုတိယပလာယိတဇာတ် | ... | ၂၉၉ |
| ၁၉။ | ဗာရာဏသီမင်း | ၂၃၃။ ဝိကဏ္ဏဇာတ် | ... | ၃၀၂ |
| ၂၀။ | ဗာရာဏသီသူဌေး | ၂၃၈။ ဧကပဒဇာတ် | ... | ၃၀၆ |
| ၂၁။ | ဗာရာဏသီမင်း | ၂၄၈။ ကိံသုကောပမဇာတ် | ... | ၃၁၇ |
| ၂၂။ | ဗာရာဏသီမင်း | ၂၈၂။ သေယျဇာတ် | ... | ၃၆၀ |
| ၂၃။ | ဗာရာဏသီမင်း | ၃၀၂။ မဟာအဿာရောဟဇာတ် | ... | ၃၈၃ |
| ၂၄။ | ဗာရာဏသီမင်း | ၃၀၃။ ဧကရာဇဇာတ် | ... | ၃၈၅ |
| ၂၅။ | ဗာရာဏသီမင်း | ၃၂၇။ ကာကဝတီဇာတ် | ... | ၄၁၅ |
| ၂၆။ | ဗာရာဏသီမင်း | ၃၄၃။ ကုန္တိနီဇာတ် | ... | ၄၃၃ |
| ၂၇။ | ဗာရာဏသီမင်း | ၃၄၇။ အယကူဋဇာတ် | ... | ၄၃၉ |
| ၂၈။ | ဗာရာဏသီမင်း | ၃၄၉။ သန္ဓိဘေဒဇာတ် | ... | ၄၄၁ |
| ၂၉။ | ဗာရာဏသီမင်း | ၃၅၁။ မဏိကုဏ္ဍလဇာတ် | ... | ၄၄၄ |
| ၃၀။ | ဗာရာဏသီမင်း | ၃၅၅။ ဃဋဇာတ် | ... | ၄၄၉ |
| ၃၁။ | ဗာရာဏသီသူဌေး | ၃၆၃။ ဟိရီဇာတ် | ... | ၄၆၀ |
| | ဘ | | | |
| ၁။ | ဘုရားအလောင်းလုလင် | ၆၈။ သာကေတဇာတ် | ... | ၁၀၀ |
| ၂။ | ဘီလုံးငှက် | ၁၆၈။ သကုဏဂ္ဃိဇာတ် | ... | ၂၃၁ |
| ၃။ | ဘုရားအလောင်းလုလင် | ၂၃၇။ သာကေတဇာတ် | ... | ၃၀၆ |
| ၄။ | ဘောဇနသုဒ္ဓိကမင်း | ၂၆၀။ ဒူတဇာတ် | ... | ၃၃၄ |
| ၅။ | ဘလ္လာတိယမင်း | ၅၀၄။ ဘလ္လာတိယဇာတ် | ... | ၆၆၁ |
| | မ | | | |
| ၁။ | မဟိံသကမင်းသား | ၆။ ဒေဝဓမ္မဇာတ် | ... | ၁၀ |
| ၂။ | မဃဒေဝမင်း(ရဟန်း) | ၉။ မဃဒေဝဇာတ် | ... | ၁၄ |
| ၃။ | မျောက်မင်း | ၂၀။ နဠပါနဇာတ် | ... | ၂၉ |

http://www.dhammadownload.com



# အကျွရာစဉ်အညွှန်း


| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | စာမျက်နှာ |
|---|---|---|---|
| ၄။ | မဟာသီလဝမင်း | ၅၁။ မဟာသီလဝဇာတ် | ... ၇၄ |
| ၅။ | မဟာဇနကမင်းသား | ၅၂။ စူဠဇနကဇာတ် | ... ၇၇ |
| ၆။ | မျောက်မင်း၏သား | ၅၈။ တယောဓမ္မ ဇာတ် | ... ၈၃ |
| ၇။ | မဟာသုဒဿနစကြာမင်း | ၉၅။ မဟာသုဒဿနဇာတ် | ... ၁၄၃ |
| ၈။ | မင်းသားငယ် | ၉၆။ တေလပတ္တဇာတ် | ... ၁၄၄ |
| ၉။ | မဟာဗြဟ္မာ | ၉၉။ ပရောသဟဿဇာတ် | ... ၁၄၈ |
| ၁၀။ | မဟာဗြဟ္မာ | ၁၀၁။ ပရောသတဇာတ် | ... ၁၅၁ |
| ၁၁။ | မင်းသား | ၁၂၆။ အသိလက္ခဏဇာတ် | ... ၁၇၆ |
| ၁၂။ | မင်း | ၁၃၂။ ဘီရုကဇာတ် | ... ၁၈၄ |
| ၁၃။ | မဟာဗြဟ္မာကြီး | ၁၃၄။ ဈာနသောဓနဇာတ် | ... ၁၈၆ |
| ၁၄။ | မဟာဗြဟ္မာကြီး | ၁၃၅။ စန္ဒာဘဇာတ် | ... ၁၈၇ |
| ၁၅။ | မြွေနွေးမင်း | ၁၄၂။ သိင်္ဂါလဇာတ် | ... ၁၉၆ |
| ၁၆။ | မြွေနွေး | ၁၄၈။ သိင်္ဂါလဇာတ် | ... ၂၀၃ |
| ၁၇။ | မဟောသဓသေ့ခမိန် | ၁၇၀။ ကကဏ္ဍကဇာတ် | ... ၂၃၂ |
| ၁၈။ | မျောက်မင်း | ၁၇၇။ တိန္ဒုကဇာတ် | ... ၂၃၉ |
| ၁၉။ | မဟောသဓသေ့ခမိန် | ၁၉၂။ သိရိကာဠကဏ္ဏိဇာတ် | ... ၂၅၆ |
| ၂၀။ | မျောက်မင်း | ၂၀၈။ သုသုမာရဇာတ် | ... ၂၇၅ |
| ၂၁။ | မျောက်မင်း | ၂၁၉။ ဂရဟိတဇာတ် | ... ၂၈၇ |
| ၂၂။ | မျောက်(မဟာနန္ဒိယ) | ၂၂၂။ စူဠနန္ဒိယဇာတ် | ... ၂၉၁ |
| ၂၃။ | မျောက်မင်း | ၂၂၄။ ကုမ္ဘိလဇာတ် | ... ၂၉၃ |
| ၂၄။ | မဟာပိင်္ဂလမင်း၏သား | ၂၄၀။ မဟာပိင်္ဂလဇာတ် | ... ၃၀၇ |
| ၂၅။ | မြင်းကုန်သည် | ၂၅၄။ ကုဏ္ဍကကုစ္ဆိသိန္ဓဝဇာတ် | ... ၃၂၄ |
| ၂၆။ | မင်း(အာဒါသမုခ) | ၂၅၇။ ဂါမဏိစန္ဒဇာတ် | ... ၃၂၇ |
| ၂၇။ | မန္ဓာတုစကြာမင်း | ၂၅၈။ မန္ဓာတုဇာတ် | ... ၃၃၂ |
| ၂၈။ | မင်း | ၂၆၂။ မုဒုပါဏိဇာတ် | ... ၃၃၆ |
| ၂၉။ | မြင်း | ၂၆၆။ ဝါတဂ္ဂသိန္ဓဝဇာတ် | ... ၃၄၁ |
| ၃၀။ | မင်း | ၂၆၉။ သုဇာတဇာတ် | ... ၃၄၃ |
| ၃၁။ | မင်းဆရာ | ၂၈၄။ သိရိဇာတ် | ... ၃၆၃ |
| ၃၂။ | မင်း | ၂၈၉။ နာနာဆန္ဒဇာတ် | ... ၃၆၉ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၃၃။ | မျောက်မင်း | ၃၄၂။ ဝါနရဇာတ် | ... | ၄၃၃ |
| ၃၄။ | မဟောသဓပညာရှိ | ၃၅၀။ ဒေဝတာပဥှာဇာတ် | ... | ၄၄၃ |
| ၃၅။ | မဟောသဓပညာရှိ | ၃၆၄။ စန္ဒောပနကဇာတ် | ... | ၄၆၀ |
| ၃၆။ | မင်း | ၃၇၈။ ဒရီမုခဇာတ် | | ၄၇၉ |
| ၃၇။ | မျောက်မင်း | ၄၀၄။ ကပိဇာတ် | ... | ၅၂၄ |
| ၃၈။ | မျောက်မင်း | ၄၀၇။ မဟာကပိဇာတ် | ... | ၅၂၉ |
| ၃၉။ | မင်း | ၄၁၅။ ကုမ္မာသပိဏ္ဍိဇာတ် | ... | ၅၃၉ |
| ၄၀။ | မင်းသား | ၄၁၆။ ပရန္တပဇာတ် | ... | ၅၄၁ |
| ၄၁။ | မင်း | ၄၂၀။ သုမင်္ဂလဇာတ် | ... | ၅၄၇ |
| ၄၂။ | မင်း | ၄၂၁။ ဂင်္ဂမာလဇာတ် | ... | ၅၄၉ |
| ၄၃။ | မင်း | ၄၂၄။ အာဒိတ္တဇာတ် | ... | ၅၅၄ |
| ၄၄။ | မင်းသား(ဒီဃာဝု) | ၄၂၈။ ကောသမ္ဗိယဇာတ် | ... | ၅၆၀ |
| ၄၅။ | မင်း | ၄၄၅။ နိဂြောဓဇာတ် | ... | ၅၈၄ |
| ၄၆။ | မဟောသဓသေ့ခမိန် | ၄၅၂။ ဘူရိပဥှဇာတ် | ... | ၅၉၃ |
| ၄၇။ | မင်း | ၄၅၉။ ပါနီယဇာတ် | ... | ၆၀၃ |
| ၄၈။ | မဟောသဓသေ့ခမိန် | ၄၇၁။ မေဏ္ဍကပဥှဇာတ် | ... | ၆၁၆ |
| ၄၉။ | မဟာပဒုမမင်းသား | ၄၇၂။ မဟာပဒုမဇာတ် | ... | ၆၁၆ |
| ၅၀။ | မဟာကဥှန | ၄၈၈။ ဘိသဇာတ် | ... | ၆၄၀ |
| ၅၁။ | မာ်တင်္ဂ | ၄၉၇။ မာတင်္ဂဇာတ် | ... | ၆၅၁ |
| ၅၂။ | မဟောသဓသေ့ခမိန် | ၅၀၀။ သိရိမန္တဇာတ် | ... | ၆၅၆ |
| ၅၃။ | မင်းသား(သောမနဿ) | ၅၀၅။ သောမနဿဇာတ် | ... | ၆၆၂ |
| ၅၄။ | မဟောသဓသေ့ခမိန် | ၅၀၈။ ပဥှပဏ္ဍိတဇာတ် | ... | ၆၆၆ |
| ၅၅။ | မျောက်မင်း | ၅၁၆။ မဟာကပိဇာတ် | ... | ၆၈၀ |
| ၅၆။ | မဟောသဓသေ့ခမိန် | ၅၁၇။ ဒကရက္ခသဇာတ် | ... | ၆၈၁ |
| ၅၇။ | မဟာဗောဓိပရိဗိုဇ် | ၅၂၈။ မဟာဗောဓိပရိဗ္ဗာဇကဇာတ် | ... | ၆၉၈ |
| ၅၈။ | မဟာဇနကမင်း | ၅၃၉။ မဟာဇနကဇာတ် | ... | ၇၂၄ |
| ၅၉။ | မဟောသဓသေ့ခမိန် | ၅၄၂။ မဟာဥမင်္ဂ(မဟောသဓ)ဇာတ် | ... | ၇၂၈ |
| | ယ | | | |
| ၁။ | ယုန်ပညာရှိ | ၃၁၆။ သသပဏ္ဍိတဇာတ် | ... | ၄၀၀ |
| ၂။ | ယုဓဥှယ | ၄၆၀။ ယုဓဥှယဇာတ် | ... | ၆၀၅ |

| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| | ရ | | | |
| ၁။ | ရွှဲကုန်သည် | ၃။ သေရိဝါဏိဇဇာတ် | ... | ၅ |
| ၂။ | ရသေ့ | ၁၀။ သုခဝိဟာရိဇာတ် | ... | ၁၅ |
| ၃။ | ရုက္ခစိုးနတ် | ၁၃။ ကဏ္ဍိဇာတ် | ... | ၂၁ |
| ၄။ | ရသေ့ | ၁၇။ မာလုတဇာတ် | ... | ၂၆ |
| ၅။ | ရုက္ခစိုးနတ် | ၁၈။ မတကဘတ္တဇာတ် | ... | ၂၇ |
| ၆။ | ရုက္ခစိုးနတ် | ၁၉။ အာယာစိတဘတ္တဇာတ် | ... | ၂၈ |
| ၇။ | ရုက္ခစိုးနတ် | ၃၈။ ဗကဇာတ် | ... | ၃၄ |
| ၈။ | ရသေ့ | ၄၃။ ဝေဠုကဇာတ် | ... | ၆၅ |
| ၉။ | ရသေ့ | ၆၃။ တက္ကပဏ္ဍိတဇာတ် | ... | ၉၂ |
| ၁၀။ | ရသေ့ | ၆၆။ မုဒုလက္ခဏဇာတ် | ... | ၉၆ |
| ၁၁။ | ရသေ့ | ၇၃။ သစ္စံကိရဇာတ် | ... | ၁၀၇ |
| ၁၂။ | ရုက္ခစိုးနတ် | ၇၄။ ရုက္ခဓမ္မဇာတ် | ... | ၁၁၀ |
| ၁၃။ | ရသေ့ | ၇၆။ အသင်္ကိယဇာတ် | ... | ၁၁၂ |
| ၁၄။ | ရသေ့ | ၇၇။ မဟာသုပိနဇာတ် | ... | ၁၁၃ |
| ၁၅။ | ရသေ့ | ၈၁။ သုရာပါနဇာတ် | ... | ၁၂၇ |
| ၁၆။ | ရုက္ခစိုးနတ် | ၈၂။ မိတ္တဝိန္ဒကဇာတ် | ... | ၁၂၉ |
| ၁၇။ | ရသေ့ | ၈၇။ မင်္ဂလဇာတ် | ... | ၁၃၄ |
| ၁၈။ | ရဟန်း(အာဇီဝက) | ၉၄။ လောမဟံသဇာတ် | ... | ၁၄၂ |
| ၁၉။ | ရုက္ခစိုးနတ် | ၁၀၂။ ပဏ္ဏိကဇာတ် | ... | ၁၅၁ |
| ၂၀။ | ရုက္ခစိုးနတ် | ၁၀၅။ ဒုဗ္ဗလကဋ္ဌဇာတ် | ... | ၁၅၃ |
| ၂၁။ | ရသေ့ | ၁၀၆။ ဥဒဉ္စနီဇာတ် | ... | ၁၅၄ |
| ၂၂။ | ရုက္ခစိုးနတ် | ၁၁၃။ သိင်္ဂါလဇာတ် | ... | ၁၅၉ |
| ၂၃။ | ရသေ့ | ၁၁၇။ တိတ္တိရဇာတ် | ... | ၁၆၃ |
| ၂၄။ | ရသေ့ | ၁၂၄။ အမ္ဗဇာတ် | ... | ၁၇၃ |
| ၂၅။ | ရွှေဟင်္သာ | ၁၃၆။ သုဝဏ္ဏဟံသဇာတ် | ... | ၁၈၇ |
| ၂၆။ | ရုက္ခစိုးနတ် | ၁၃၉။ ဥဘတောဘဋ္ဌဇာတ် | ... | ၁၉၂ |
| ၂၇။ | ရသေ့ | ၁၄၄။ နင်္ဂုဋ္ဌဇာတ် | ... | ၁၉၉ |
| ၂၈။ | ရသေ့ | ၁၄၉။ ဧကပဏ္ဏဇာတ် | ... | ၂၀၄ |
| ၂၉။ | ရသေ့ | ၁၅၄။ ဥရဂဇာတ် | ... | ၂၁၃ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၃၀။ | ရွှေဒေါင်းမင်း | ၁၅၉။ မောရဇာတ် | ... | ၂၂၀ |
| ၃၁။ | ရသေ့ | ၁၆၁။ ဣန္ဒသမာနဂေါတ္တဇာတ် | ... | ၂၂၃ |
| ၃၂။ | ရသေ့ | ၁၆၂။ သန္ထဝဇာတ် | ... | ၂၂၄ |
| ၃၃။ | ရသေ့ | ၁၆၅။ နကုလဇာတ် | ... | ၂၂၈ |
| ၃၄။ | ရသေ့ | ၁၆၆။ ဥပသာဠှကဇာတ် | ... | ၂၂၉ |
| ၃၅။ | ရသေ့ | ၁၆၇။ သမိဒ္ဓိဇာတ် | ... | ၂၃၀ |
| ၃၆။ | ရသေ့ | ၁၆၉။ အရကဇာတ် | ... | ၂၃၂ |
| ၃၇။ | ရသေ့ | ၁၇၃။ မက္ကဋဇာတ် | ... | ၂၃၅ |
| ၃၈။ | ရသေ့ | ၁၇၅။ အာဒိစ္စုပဋ္ဌာနဇာတ် | ... | ၂၃၇ |
| ၃၉။ | ရသေ့ | ၁၈၀။ ဒုဒ္ဒဒဇာတ် | ... | ၂၄၂ |
| ၄၀။ | ရက္ခစိုးနတ် | ၁၈၇။ စတုမဋ္ဌဇာတ် | ... | ၂၅၁ |
| ၄၁။ | ရသေ့ | ၁၉၇။ မိတ္တာမိတ္တဇာတ် | ... | ၂၆၂ |
| ၄၂။ | ရသေ့ | ၂၀၃။ ခန္ဓဇာတ် | ... | ၂၆၉ |
| ၄၃။ | ရက္ခစိုးနတ် | ၂၀၅။ ဂင်္ဂေယျဇာတ် | ... | ၂၇၁ |
| ၄၄။ | ရသေ့ | ၂၀၇။ အဿကဇာတ် | ... | ၂၇၃ |
| ၄၅။ | ရက္ခစိုးနတ် | ၂၀၉။ ကုက္ကုဋဇာတ် | ... | ၂၇၆ |
| ၄၆။ | ရသေ့ကြီး | ၂၁၃။ ဘရုဇာတ် | ... | ၂၈၀ |
| ၄၇။ | ရက္ခစိုးနတ် | ၂၁၇။ သေဂ္ဂုဇာတ် | ... | ၂၈၅ |
| ၄၈။ | ရက္ခစိုးနတ် | ၂၂၇။ ဂူထပါဏဇာတ် | ... | ၂၉၅ |
| ၄၉။ | ရသေ့ | ၂၃၄။ အသိတာဘူဇာတ် | ... | ၃၀၃ |
| ၅၀။ | ရသေ့ | ၂၃၅။ ဝစ္ဆနခဇာတ် | ... | ၃၀၄ |
| ၅၁။ | ရသေ့ | ၂၄၄။ ဝီဂတိစ္ဆဇာတ် | ... | ၃၁၃ |
| ၅၂။ | ရသေ့ | ၂၄၆။ ဗာလောဝါဒဇာတ် | ... | ၃၁၅ |
| ၅၃။ | ရသေ့ | ၂၅၀။ ကပိဇာတ် | ... | ၃၁၉ |
| ၅၄။ | ရသေ့ | ၂၅၁။ သင်္ကပ္ပရာဂဇာတ် | ... | ၃၂၀ |
| ၅၅။ | ရသေ့ | ၂၅၃။ မဏိကဏ္ဍဇာတ် | ... | ၃၂၃ |
| ၅၆။ | ရသေ့ | ၂၅၉။ တိရိဋ္ဌဝစ္ဆဇာတ် | ... | ၃၃၃ |
| ၅၇။ | ရသေ့ | ၂၇၀။ ဥဒပါနဒူသကဇာတ် | ... | ၃၄၅ |
| ၅၈။ | ရက္ခစိုးနတ် | ၂၇၂။ ဗျဂ္ဃဇာတ် | ... | ၃၄၆ |
| ၅၉။ | ရသေ့ | ၂၇၃။ ကစ္ဆပဇာတ် | ... | ၃၄၇ |

http://www.dhammadownload.com



## အက္ခရာစဉ်အညွှန်း


| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | စာမျက်နှာ |
|---|---|---|---|
| ၆၀။ | ရသေ့ | ၂၈၁။ အဗ္ဘန္တရဇာတ် | ... ၃၅၈ |
| ၆၁။ | ရုက္ခစိုးနတ် | ၂၈၃။ ဝဍ္ဎကီသူကရဇာတ် | ... ၃၆၁ |
| ၆၂။ | ရသေ့ | ၂၈၅။ မဏိသူကရဇာတ် | ... ၃၆၅ |
| ၆၃။ | ရသေ့ | ၂၉၃။ ကာယနိဗ္ဗိန္ဒဇာတ် | ... ၃၇၃ |
| ၆၄။ | ရုက္ခစိုးနတ် | ၂၉၄။ ဇမ္ဗုခါဒကဇာတ် | ... ၃၇၄ |
| ၆၅။ | ရုက္ခစိုးနတ် | ၂၉၅။ အန္တဇာတ် | ... ၃၇၅ |
| ၆၆။ | ရုက္ခစိုးနတ် | ၂၉၈။ ဥဒုမ္ဗရဇာတ် | ... ၃၇၇ |
| ၆၇။ | ရသေ့ | ၂၉၉။ ကောမာရပုတ္တဇာတ် | ... ၃၇၈ |
| ၆၈။ | ရသေ့ | ၃၀၁။ စူဠကာလိင်္ဂဇာတ် | ... ၃၈၁ |
| ၆၉။ | ရုက္ခစိုးနတ် | ၃၀၇။ ပလာသဇာတ် | ... ၃၈၉ |
| ၇၀။ | ရသေ့ | ၃၁၀။ သေယျဇာတ် | ... ၃၉၂ |
| ၇၁။ | ရသေ့ | ၃၁၂။ ကဿပမန္ဒိယဇာတ် | ... ၃၉၄ |
| ၇၂။ | ရသေ့ | ၃၁၃။ ခန္တိဝါဒီဇာတ် | ... ၃၉၆ |
| ၇၃။ | ရသေ့ | ၃၁၄။ လောဟကုမ္ဘီဇာတ် | ... ၃၉၇ |
| ၇၄။ | ရသေ့ | ၃၁၉။ တိတ္တိရဇာတ် | ... ၄၀၆ |
| ၇၅။ | ရသေ့ | ၃၂၃။ ဗြဟ္မဒတ္တဇာတ် | ... ၄၁၀ |
| ၇၆။ | ရသေ့ | ၃၂၈။ အနနုသောစိယဇာတ် | ... ၄၁၆ |
| ၇၇။ | ရသေ့ | ၃၃၄။ ရာဇောဝါဒဇာတ် | ... ၄၂၃ |
| ၇၈။ | ရသေ့ | ၃၃၇။ ပီဌဇာတ် | ... ၄၂၇ |
| ၇၉။ | ရွှေဒေါင်းမင်း | ၃၃၉။ ဗာဝေရုဇာတ် | ... ၄၃၀ |
| ၈၀။ | ရသေ့ | ၃၄၆။ ကေသဝဇာတ် | ... ၄၃၇ |
| ၈၁။ | ရသေ့ကြီး | ၃၄၈။ အရညဇာတ် | ... ၄၄၀ |
| ၈၂။ | ရုက္ခစိုး | ၃၆၁။ ဝဏ္ဏာရောဟဇာတ် | ... ၄၅၈ |
| ၈၃။ | ရွှေဟင်္သာမင်း | ၃၇၀။ ပလာသဇာတ် | ... ၄၆၄ |
| ၈၄။ | ရသေ့ | ၃၇၆။ အဝါရိယဇာတ် | ... ၄၇၅ |
| ၈၅။ | ရသေ့ | ၃၈၀။ အာသင်္ကဇာတ် | ... ၄၈၃ |
| ၈၆။ | ရသေ့ | ၃၉၂။ သိင်္ဃပုပ္ဖဇာတ် | ... ၅၀၅ |
| ၈၇။ | ရုက္ခစိုးနတ် | ၄၀၀။ ဒဗ္ဘပုပ္ဖဇာတ် | ... ၅၁၆ |
| ၈၈။ | ရသေ့ | ၄၀၅။ ဗကဇာတ် | ... ၅၂၅ |

| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၈၉။ | ရသေ့ | ၄၀၈။ ကုမ္ဘကာရဇာတ် | ... | ၅၃၁ |
| ၉၀။ | ရုက္ခစိုးနတ် | ၄၁၂။ ကောဋသိမ္ဗလိဇာတ် | ... | ၅၃၆ |
| ၉၁။ | ရသေ့ | ၄၁၄။ ဇာဂရဇာတ် | ... | ၅၃၈ |
| ၉၂။ | ရသေ့ | ၄၁၈။ အဋ္ဌသဒ္ဒဇာတ် | ... | ၅၄၄ |
| ၉၃။ | ရသေ့ | ၄၂၃။ ဣန္ဒြိယဇာတ် | ... | ၅၅၃ |
| ၉၄။ | ရသေ့ | ၄၂၅။ အဋ္ဌာနဇာတ် | ... | ၅၅၅ |
| ၉၅။ | ရသေ့ | ၄၂၆။ ဒီပိဇာတ် | ... | ၅၅၇ |
| ၉၆။ | ရသေ့ | ၄၃၁။ ဟာရိတစဇာတ် | ... | ၅၆၁ |
| ၉၇။ | ရသေ့ | ၄၃၃။ လောမသကဿပဇာတ် | ... | ၅၆၅ |
| ၉၈။ | ရသေ့ | ၄၃၅။ ဟလိဒ္ဒိရာဂဇာတ် | ... | ၅၆၈ |
| ၉၉။ | ရသေ့ | ၄၃၆။ သမုဂ္ဂ ဇာတ် | ... | ၅၆၉ |
| ၁၀၀။ | ရုက္ခစိုးနတ် | ၄၃၇။ ပူတိမံသဇာတ် | ... | ၅၇၁ |
| ၁၀၁။ | ရုက္ခစိုးနတ် | ၄၃၉။ စတုဒ္ဒါရဇာတ် | ... | ၅၇၅ |
| ၁၀၂။ | ရသေ့ | ၄၄၀။ ကဏှဇာတ် | ... | ၅၇၇ |
| ၁၀၃။ | ရသေ့ | ၄၄၃။ စူဠဗောဓိဇာတ် | ... | ၅၈၀ |
| ၁၀၄။ | ရသေ့ | ၄၄၄။ ကဏှဒီပါယနဇာတ် | ... | ၅၈၂ |
| ၁၀၅။ | ရသေ့ | ၄၅၃။ မဟာမင်္ဂလဇာတ် | ... | ၅၉၃ |
| ၁၀၆။ | ရာမမင်း | ၄၆၁။ ဒသရထဇာတ် | ... | ၆၀၆ |
| ၁၀၇။ | ရသေ့ | ၄၇၇။ စူဠနာရဒဇာတ် | ... | ၆၂၄ |
| ၁၀၈။ | ရသေ့ | ၄၉၀။ ပဉ္စုပေါသထိကဇာတ် | ... | ၆၄၃ |
| ၁၀၉။ | ရွှေဒေါင်းမင်း | ၄၉၁။ မဟာမောရဇာတ် | ... | ၆၄၅ |
| ၁၁၀။ | ရုက္ခစိုးနတ် | ၄၉၂။ တစ္ဆကသူကရဇာတ် | ... | ၆၄၆ |
| ၁၁၁။ | ရသေ့ | ၄၉၆။ ဘိက္ခာပရမ္ပရဇာတ် | ... | ၆၄၉ |
| ၁၁၂။ | ရွှေဟင်္သာမင်း | ၅၀၂။ စူဠဟံသဇာတ် | ... | ၆၅၈ |
| ၁၁၃။ | ရသေ့ | ၅၁၁။ ကိံဆန္ဒဇာတ် | ... | ၆၇၀ |
| ၁၁၄။ | ရသေ့ | ၅၁၉။ သမ္ဗုလာဇာတ် | ... | ၆၈၂ |
| ၁၁၅။ | ရသေ့(သရဘင်္ဂ) | ၅၂၂။ သရဘင်္ဂဇာတ် | ... | ၆၈၇ |
| ၁၁၆။ | ရသေ့ | ၅၂၃။ အလမ္ဗုသာဇာတ် | ... | ၆၉၀ |
| ၁၁၇။ | ရသေ့ | ၅၂၆။ နိဠိနိကာဇာတ် | ... | ၆၉၄ |
| ၁၁၈။ | ရသေ့(သောဏ) | ၅၃၂။ သောဏနန္ဒဇာတ် | ... | ၇၀၈ |

| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | စာမျက်နှာ |
|---|---|---|---|
| | လ | | |
| ၁။ | လှည်းကုန်သည် | ၁။ အပဏ္ဏကဇာတ် ... | ၁ |
| ၂။ | လှည်းကုန်သည် | ၂။ ဝဏ္ဏုပထဇာတ် ... | ၃ |
| ၃။ | လှည်းကုန်သည်မှူးကြီး | ၅၄။ ကိံဖလဇာတ် ... | ၇၈ |
| ၄။ | လယ်သမား | ၅၆။ ကဉ္စနက္ခန္ဓဇာတ် ... | ၈၁ |
| ၅။ | လှည်းမှူးကြီး | ၈၅။ ကိံပက္ကဇာတ် ... | ၁၃၁ |
| ၆။ | လှံခုန်သမား | ၁၁၆။ ဒုဗ္ဗစဇာတ် ... | ၁၆၂ |
| ၇။ | လင်းတ | ၁၆၄။ ဂိဇ္ဈဇာတ် ... | ၂၂၆ |
| ၈။ | လယ်သမား | ၁၈၉။ သီဟစမ္မဇာတ် ... | ၂၅၃ |
| ၉။ | လှည်းကုန်သည်မှူး | ၂၅၆။ ဇရူဒပါနဇာတ် ... | ၃၂၆ |
| ၁၀။ | လှူဆိုးမိုလ် | ၂၇၉။ သတပတ္တဇာတ် ... | ၃၅၆ |
| ၁၁။ | လုလင် | ၃၀၅။ သီလဝိမံသနဇာတ် ... | ၃၈၇ |
| ၁၂။ | လှည်းကုန်သည်မှူး | ၃၆၂။ သီလဝိမံသဇာတ် ... | ၄၅၉ |
| ၁၃။ | လှည်းမှူးကြီး | ၃၆၆။ ဂုမ္ဗိယဇာတ် ... | ၄၆၀ |
| ၁၄။ | လင်းတမင်း | ၃၈၁။ မိဂါလောပဇာတ် ... | ၄၈၅ |
| ၁၅။ | လင်းတ | ၃၉၉။ ဂိဇ္ဈဇာတ် ... | ၅၁၅ |
| ၁၆။ | လင်းတမင်း | ၄၂၇။ ဂိဇ္ဈဇာတ် ... | ၅၅၉ |
| ၁၇။ | လက်သမားပညာရှိ | ၄၆၆။ သမုဒ္ဒဝါဏိဇဇာတ် ... | ၆၁၂ |
| ၁၈။ | လှည်းမှူးကြီး | ၄၉၃။ မဟာဝါဏိဇဇာတ် ... | ၆၄၆ |
| | ဝ | | |
| ၁။ | ဝိဒေဟမင်း | ၁၆၀။ ဝိနီလကဇာတ် ... | ၂၂၁ |
| ၂။ | ဝလာဟကမြင်း | ၁၉၆။ ဝလာဟကဿဇာတ် ... | ၂၆၁ |
| ၃။ | ဝက်(မဟာလောဟိတ) | ၂၈၆။ သာလူကဇာတ် ... | ၃၆၆ |
| ၄။ | ဝိသယှသူဌေး | ၃၄၀။ ဝိသယှဇာတ် ... | ၄၃၁ |
| ၅။ | ဝက်(မဟာတုဏ္ဍိလ) | ၃၈၈။ တုဏ္ဍိလဇာတ် ... | ၄၉၈ |
| ၆။ | ဝိဓုရပညာရှိ | ၄၁၃။ ဓူမကာရီဇာတ် ... | ၅၃၇- |
| ၇။ | ဝိဓုရ | ၄၄၁။ စတုပေါသထိကဇာတ် ... | ၅၇၈ |
| ၈။ | ဝိဓုရ | ၄၉၅။ ဒသဗြာဟ္မဏဇာတ် ... | ၆၄၈ |
| ၉။ | ဝိဓုရသုခမိန် | ၅၄၆။ ဝိဓုရဇာတ် ... | ၇၃၄ |
| ၁၀။ | ဝေဿန္တရာမင်း | ၅၄၇။ ဝေဿန္တရာဇာတ် ... | ၇၃၆ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| | သ | | | |
| ၁။ | သမင် | ၁၁။ လက္ခဏမိဂဇာတ် | ... | ၁၇ |
| ၂။ | သမင် | ၁၂။ နိဂြောဓမိဂဇာတ် | ... | ၁၈ |
| ၃။ | သမင် | ၁၅။ ခရာဒိယဇာတ် | ... | ၂၄ |
| ၄။ | သမင် | ၁၆။ တိပလ္လတ္ထမိဂဇာတ် | ... | ၂၅ |
| ၅။ | သိန္ဓောမြင်း | ၂၃။ ဘောဇာဇာနိယဇာတ် | ... | ၃၃ |
| ၆။ | သိန္ဓောမြင်း | ၂၄။ အာဇညဇာတ် | ... | ၃၅ |
| ၇။ | သိကြားမင်း | ၃၁။ ကုလာဝကဇာတ် | ... | ၄၄ |
| ၈။ | သူကြွယ်ပညာရှိ | ၃၉။ နန္ဒဇာတ် | ... | ၅၆ |
| ၉။ | သူဌေး | ၄၀။ ခဒိရင်္ဂါရဇာတ် | ... | ၅၇ |
| ၁၀။ | သူဌေး | ၄၅။ ရောဟိဏီဇာတ် | ... | ၆၇ |
| ၁၁။ | သစ်သူဌေး | ၁၃၁။ အသမ္ပဒါနဇာတ် | ... | ၁၈၃ |
| ၁၂။ | သမုဒ္ဒရာစောင့်နတ် | ၁၄၆။ သမုဒ္ဒကာကဇာတ် | ... | ၂၀၁ |
| ၁၃။ | သူဌေး | ၁၇၁။ ကလျာဏဓမ္မဇာတ် | ... | ၂၃၃ |
| ၁၄။ | သမုဒ္ဒရာစောင့်နတ် | ၁၉၀။ သီလာနိသံသဇာတ် | ... | ၂၅၄ |
| ၁၅။ | သိကြားမင်းပေးသောမင်း | ၁၉၄။ မဏိစောရဇာတ် | ... | ၂၅၉ |
| ၁၆။ | သူကြွယ် | ၁၉၉။ ဂဟပတိဇာတ် | ... | ၂၆၄ |
| ၁၇။ | သိကြားမင်း | ၂၀၂။ ကေဠိသီလဇာတ် | ... | ၂၆၇ |
| ၁၈။ | သမင် | ၂၀၆။ ကုရုင်္ဂမိဂဇာတ် | ... | ၂၇၁ |
| ၁၉။ | သစ်တောက်ငှက် | ၂၁၀။ ကန္ဒဂလကဇာတ် | ... | ၂၇၇ |
| ၂၀။ | သူတောင်းစား(နဋ) | ၂၁၂။ ဥစ္ဆိဋ္ဌဘတ္တဇာတ် | ... | ၂၇၉ |
| ၂၁။ | သိကြားမင်း | ၂၂၈။ ကာမနီတဇာတ် | ... | ၂၉၆ |
| ၂၂။ | သူဌေး | ၂၃၂။ ဝီဏာဝုဏဇာတ် | ... | ၃၀၁ |
| ၂၃။ | သူဌေးသား | ၂၆၁။ ပဒုမဇာတ် | ... | ၃၃၅ |
| ၂၄။ | သိကြားမင်း | ၂၆၄။ မဟာပနာဒဇာတ် | ... | ၃၃၉ |
| ၂၅။ | သိကြားမင်း | ၂၉၁။ သုရာဃဋဇာတ် | ... | ၃၇၀ |
| ၂၆။ | သမုဒ္ဒရာစောင့်နတ် | ၂၉၆။ သမုဒ္ဒဇာတ် | ... | ၃၇၆ |
| ၂၇။ | သရာဘင်္ဂရသေ့ | ၂၉၇။ ကာမဝိလာပဇာတ် | ... | ၃၇၇ |
| ၂၈။ | သိကြားမင်း | ၃၀၀။ ဝကဇာတ် | ... | ၃၇၉ |
| ၂၉။ | သစ်တောက်ငှက် | ၃၀၈။ သကုဏဇာတ် | ... | ၃၉၀ |

# အက္ခရာစဉ်အညွှန်း


| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | စာမျက်နှာ |
|---|---|---|---|
| ၃၀။ | သူဌေးသား | ၃၁၅။ သဗ္ဗမံသလာဘဇာတ် | ... ၃၉၉ |
| ၃၁။ | သူဌေးသား | ၃၁၇။ မတရောဒနဇာတ် | ... ၄၀၂ |
| ၃၂။ | သိကြားမင်း | ၃၄၄။ အမ္ဗဇာတ် | ... ၄၃၄ |
| ၃၃။ | သူကြွယ်(သုဇာတ) | ၃၅၂။ သုဇာတဇာတ် | ... ၄၄၄ |
| ၃၄။ | သမင်မင်း | ၃၅၉။ သုဝဏ္ဏမိဂဇာတ် | ... ၄၅၅ |
| ၃၅။ | သူဌေးသားငယ် | ၃၆၇။ သာဠိယဇာတ် | ... ၄၆၁ |
| ၃၆။ | သိကြားမင်း | ၃၇၂။ မိဂပေါတကဇာတ် | ... ၄၆၇ |
| ၃၇။ | သိကြားမင်း | ၃၇၄။ စူဠဓနုဂ္ဂဟဇာတ် | ... ၄၇၀ |
| ၃၈။ | သူဌေး | ၃၈၂။ သိရိကာဠကဏ္ဏိဇာတ် | ... ၄၈၆ |
| ၃၉။ | သမင်မင်း(နန္ဒိယ) | ၃၈၅။ နန္ဒိယမိဂရာဇဇာတ် | ... ၄၉၁ |
| ၄၀။ | သိကြားမင်း | ၃၈၆။ ခရပုတ္တဇာတ် | ... ၄၉၂ |
| ၄၁။ | သူဌေး | ၃၉၀။ မယှကဇာတ် | ... ၅၀၁ |
| ၄၂။ | သိကြားမင်း | ၃၉၁။ ဝိဇ္ဇာဓရဇာတ် | ... ၅၀၃ |
| ၄၃။ | သိကြားမင်း | ၃၉၃။ ဝိဃာသာဒဇာတ် | ... ၅၀၆ |
| ၄၄။ | သုဓနုလုလင် | ၃၉၈။ သုဓနုဇာတ် | ... ၅၁၃ |
| ၄၅။ | သေနကအမတ် | ၄၀၁။ ပဏ္ဏကဇာတ် | ... ၅၁၇ |
| ၄၆။ | သေနကသုခမိန် | ၄၀၂။ သတ္တုဘသ္တဇာတ် | ... ၅၁၉ |
| ၄၇။ | သုသီမမင်း | ၄၁၁။ သုသီမဇာတ် | ... ၅၃၅ |
| ၄၈။ | သိကြားမင်း | ၄၁၇။ ကစ္စာနီဇာတ် | ... ၅၄၃ |
| ၄၉။ | သိကြားမင်း | ၄၅၀။ ဗိဠာရကောသိယဇာတ် | ... ၅၉၀ |
| ၅၀။ | သိကြားမင်း | ၄၅၈။ ဥဒယဇာတ် | ... ၆၀၁ |
| ၅၁။ | သုပ္ပာရက | ၄၆၃။ သုပ္ပာရကဇာတ် | ... ၆၀၈ |
| ၅၂။ | သိကြားမင်း | ၄၆၉။ မဟာကဏှဇာတ် | ... ၆၁၅ |
| ၅၃။ | သိကြားမင်း | ၄၇၀။ ကောသိယဇာတ် | ... ၆၁၆ |
| ၅၄။ | သမင်မင်း | ၄၈၃။ သရဘမိဂဇာတ် | ... ၆၃၁ |
| ၅၅။ | သိကြားမင်း | ၄၈၉။ သုရုစိဇာတ် | ... ၆၄၁ |
| ၅၆။ | သာဓိနမင်း | ၄၉၄။ သာဓိနဇာတ် | ... ၆၄၇ |
| ၅၇။ | သိဝိမင်း | ၄၉၉။ သိဝိဇာတ် | ... ၆၅၅ |
| ၅၈။ | သမင်မင်း(ရောဟဏ) | ၅၀၁။ ရောဟဏမိဂဇာတ် | ... ၆၅၇ |
| ၅၉။ | သိကြားမင်း | ၅၁၂။ ကုမ္ဘဇာတ် | ... ၆၇၁ |

http://www.dhammadownload.com




| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၆၀။ | သမ္ဘဝပညာရှိ | ၅၁၅။ သမ္ဘဝဇာတ် | ... | ၆၇၈ |
| ၆၁။ | သုတသောမမင်းကြီး | ၅၂၅။ စူဠသုတသောမဇာတ် | ... | ၆၉၂ |
| ၆၂။ | သိဝိမင်း | ၅၂၇။ ဥမ္မာဒန္တီဇာတ် | ... | ၆၉၅ |
| ၆၃။ | သံကိစ္စရသေ့ | ၅၃၀။ သံကိစ္စဇာတ် | ... | ၇၀၃ |
| ၆၄။ | သိကြားမင်း | ၅၃၅။ သုဓာဘောဇနဇာတ် | ... | ၇၁၃ |
| ၆၅။ | သုတသောမမင်း | ၅၃၇။ မဟာသုတသောမဇာတ် | ... | ၇၁၈ |
| ၆၆။ | သုဝဏ္ဏသာမ | ၅၄၀။ သုဝဏ္ဏသာမဇာတ် | ... | ၇၂၆ |
| | **ဟ** | | | |
| ၁။ | ဟင်္သာမင်း | ၃၂။ နစ္စဇာတ် | ... | ၄၇ |
| ၂။ | ဟင်္သာငယ် | ၂၇၀။ ဥလူကဇာတ် | ... | ၃၄၄ |
| ၃။ | ဟင်္သာ | ၃၇၉။ နေရုဇာတ် | ... | ၄၈၂ |
| ၄။ | ဟတ္ထိပါလမင်းသား | ၅၀၉။ ဟတ္ထိပါလဇာတ် | ... | ၆၆၆ |
| ၅။ | ဟင်္သာမင်း | ၅၃၃။ စူဠဟံသဇာတ် | ... | ၇၁၁ |
| ၆။ | ဟင်္သာမင်း | ၅၃၄။ မဟာဟံသဇာတ် | ... | ၇၁၂ |
| | **အ** | | | |
| ၁။ | အမတ်ပညာရှိ | ၃၄။ မစ္ဆဇာတ် | ... | ၅၀ |
| ၂။ | အမတ်ပညာရှိ | ၉၂။ မဟာသာရဇာတ် | ... | ၁၃၉ |
| ၃။ | အမတ်ပညာရှိ | ၁၀၇။ သာလိတ္တကဇာတ် | ... | ၁၅၅ |
| ၄။ | အလီနစိတ္တမင်းသား | ၁၅၆။ အလီနစိတ္တဇာတ် | ... | ၂၁၅ |
| ၅။ | အမတ်ပညာရှိ | ၁၇၆။ ကဠာယမုဋ္ဌိဇာတ် | ... | ၂၃၈ |
| ၆။ | အိုးထိန်းသည် | ၁၇၈။ ကစ္ဆပဇာတ် | ... | ၂၄၀ |
| ၇။ | အသဒိသမင်းသား | ၁၈၁။ အသဒိသဇာတ် | ... | ၂၄၃ |
| ၈။ | အမတ်ပညာရှိ | ၂၁၅။ ကစ္ဆပဇာတ် | ... | ၂၈၃ |
| ၉။ | အနိတ္ထိဂန္ဓမင်းသား | ၂၆၃။ စူဠပလောဘနဇာတ် | ... | ၃၃၇ |
| ၁၀။ | အမတ်ပညာရှိ | ၃၀၆။ သုဇာတာဇာတ် | ... | ၃၈၈ |
| ၁၁။ | အမတ်ပညာရှိ | ၃၃၂။ ရထလဋ္ဌိဇာတ် | ... | ၄၂၁ |
| ၁၂။ | အမတ်ပညာရှိ | ၃၄၅။ ဂဇကုမ္ဘဇာတ် | ... | ၄၃၆ |
| ၁၃။ | အင္ဂိသေနရသေ့ | ၄၀၃။ အင္ဂိသေနဇာတ် | ... | ၅၂၂ |
| ၁၄။ | အမတ် | ၄၀၉။ ဒဠှဓမ္မဇာတ် | ... | ၅၃၃ |
| ၁၅။ | အကိတ္တိရသေ့ | ၄၈၀။ အကိတ္တိဇာတ် | ... | ၆၂၇ |

http://www.dhammadownload.com



# အကျွရာစဉ်အညွှန်း



| စဉ် | ဘဝဖြစ်တော်စဉ် | ဇာတ်အမှတ်နှင့်အမည် | | စာမျက်နှာ |
|---|---|---|---|---|
| ၁၆။ | အနိတ္တိဂန္ဓမင်းသား | ၅၀၇။ မဟာပလောဘနဇာတ် | ... | ၆၆၆ |
| ၁၇။ | အယောဃရပညာရှိ | ၅၁၀။ အယောဃရဇာတ် | ... | ၆၆၈ |
| ၁၈။ | အလီနသတ္တုမင်းသား | ၅၁၃။ ဇယဒ္ဒိသဇာတ် | ... | ၆၇၃ |
| ၁၉။ | အရိန္ဒမမင်းကြီး | ၅၂၉။ သောဏကဇာတ် | ... | ၇၀၁ |



**အကျွရာစဉ်အညွှန်း ပြီးပြီ။**